
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး ....ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ....ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ....ဒို့အရေး



# နက္ခတ္တရောင်ခြည်

နက္ခတ္တရောင်ခြည်

နက္ခတ္တရောင်ခြည်













လောကီပညာရသစုံမဂ္ဂဇင်း

F.1A.September, 2013.



www.burmeseclassic.com

www.burmeseclassic.com

# နှလုံးသွေးရောင်ခြည်

စာတည်းချုပ်
ဦးကျော်မိုးသိန်း

တာဝန်ခံစာတည်း
ဓမ္မဒေဝ

နယ်လှည့်အယ်ဒီတာ
အောင်ဇ(LL.B)၊ ကိုစိုးဆန်း၊
သန်းထွန်း (ဘားအံ)

ပါဠိ အယ်ဒီတာ
ဦးစံတင့်
(စေတနာ့ကာယ ဝေဒိအဘိဓမ္မဂရု၊ ဓမ္မာစရိယ)

ဥပဒေအကြံပေး
ဦးထွန်းစိန်
B.A(Myanmar), H.G.P, R.L(Advocate)

ပန်းချီဗိုလ်ပညာရှင်
ကိုတင်ဦး၊
တင်တင်နွယ်

မျက်နှာဖုံးပန်းချီ
မြတ်မင်းဟန်

ဖြန့်ချိရေးမှူး
ယဉ်ကျေးဝေ

ကွန်ပျူတာစာစီ
ပါရမီ ကွန်ပျူတာစာစီလုပ်ငန်း


အတွင်းဖလင်
ပါရမီ

နာယကကြီး
ဒေါက်တာ အောင်မိုး
M.B.B.S (Ygn)
ဒီ-ဘီ-ဖီ(တိုင်းရင်းဆေး)
M.Med.Sc (Pharmacology)
Advanced Pharmacokinetics
Training (London)
M.C.P.A. A.T.C.M
(Wuhan). D.M.A
Senior Fellowship of Aryuvedic
Medicine(India)

သာသနာ့အကျိုးဆောင်
တေလာသ ဆရာအောင်

တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ
အကြံပေး
ဒေါ်ဝတ်ရည်ဆွေ
B.Sc(Bot), Dip.T.Med.
ဦးဝင်းထိန်ကျော်
B.A(Philos), Dip.T.Med.,
T.L.R.M (INDIA)

အနောက်တိုင်း ဆေးကဏ္ဍ
အယ်ဒီတာ
ကိုကိုမောင်



ဆေးဝက်ပါသရာတော်ကြီး ဦးသုရိယ
(၁၀)နှစ်ကြိုး၌ ပျက်ချခဲ့သော
ကျွဲမှန်းတောင်စေတီတော်ကို
စာ-၅၄


ထုတ်ဝေသူ
ဦးခင်မောင်ဝင်း(၀၃၉၇၂)
နှလုံးသွေးရောင်ခြည်စာပေ
၅၃၃၊ ၂၉ လမ်း ရန်ကုန်မြို့။
အတွင်းနှင့်မျက်နှာဖုံးရိုက်
ဦးခင်မောင်ဝင်း(၀၅၃၃၄) ပါရမီအော့ဖ်ဆက်
အမှတ် ၅၈၃၊ ရန်ကြီးအောင်လမ်း
၅-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊
ရန်ကုန်မြို့။
မန္တလေးဖြန့်ချိရေး
နဂါးစာပေ
ရှမ်းတောင်ကြီး ဖြန့်ချိရေး
မိတ်ဆွေစာပေ (တောင်ကြီး)၊
ဝင်းနဒီစာပေဖြန့်ချိရေး(တောင်ကြီး)
မွန်ပြည်နယ်၊ ကရင်ပြည်နယ်ဖြန့်ချိရေး
ကျော်ကျော်စာပေ(မော်လမြိုင်)
ဖြန့်ချိရေး
ကျော်မိုးသိန်းစာပေ၊ ၂၃၃၊ ၂၉ လမ်း ရန်ကုန်မြို့။
ဖုန်း- ၀၁ ၂၄၂၂၈၄



ကြော်ငြာဌာနမှူး – ကိုတင်မောင်ရွှေး
မင်္ဂလာ မီးမွှားရေး ကြော်ငြာလုပ်ငန်း



၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ
အမှတ် ၃၂၆
အုပ်ရေ
၁၀၀၀
ငါးရာကျပ် (၅၀၀/-)
ဖုန်း-၀၁ ၂၄၂၂၄၄




F.18 September, 2013,

www.burmeseclassic.com



ဗိမာန်ဝါ နှုတ်တွင်းမှ ဘုဝတင်ဖြိုးဦးဆောင်း
ဆောင်းပျော်ဝင် အပိုင်း
တင်မေအောင်ရွှေနှင်းဝေ၏ တည်ရာ ... ➜ စာ-၄၂

ကျက်သရေကျက်ပြီး မေးမြန်းခိုင်းမှုတော
နှမ်းပါကိုင်း
ဘာမျှမထောက်တယ်ဆို ... ➜ စာ-၂၂




## ဗေဒ၏ကြုံခြင်းရောင်ခြည်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ် တောင်းမြွတ်သစ္စာဆေးခန်း ဆရာမဒေါ်စီစီ(တဆ-၀၃၈၂၅)၏ ဆီးချိုသွေးချိုရောဂါ ကာကွယ်စောင့်ရှောက်နည်းများ [မြောင်းမြ မောင်ယဉ်တင့်] ၁၂၅

## ပညာပေးရောင်ခြည်

တိုင်းရင်းဆေးပညာ ဆည်းပူးရာတွင် ဝဿနက္ခ သိထားအပ်သည့် ဓာတ်(၄)ပါးကို စိစစ်သောပညာ [ဦးမေသန်း] ၃၁

လူတိုင်းအတွက် တရုတ်မှီရာ
အိပ်မက်ရှင်းတမ်း (၄၂) [ထက်မင်းကျော်စွာ] ၁၃၄
တရုတ်ကြိုးထုံးပညာ (၈၂) [ဟူကျင်းဇီ] ၁၅၁
သင်္ကေတများ၏ ဘာသာစကား (၂၆) [ဟူကျင်းဇီ] ၁၈၉

## ဘာသာရေးရောင်ခြည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်အတွင်း ပန်းရန်တွက် ပန်းပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော်ဘဒ္ဒန္တဓေတိက(မွေ့စရိယ၊ ဝံ့ဗြွဓဂါပဏ္ဍိတ) ၏ လက္ခဏာတော်[ဆရာ ဦးခင်မောင်လင်း–B.Sc၊ ရွှေဘို] ၁၄၅
အလှကုန်ပစ္စည်း အရောင်းအဝယ်လုပ်ငန်းနဲ့ အကျိုးပေးနိုင်သလား [ဆရာကြီး ဦးအောင်မြင့်–ဥပဒေဘွဲ့] ၁၅၈
လက္ခဏာပဟေဠိ အဖြေညိုကြစို့ ၁၆၃
အိမ်ထောင်ရေး ကံကောင်းလေမလား[ဦးသော်ခင်–ဟသ်ာတ] ၁၇၃
တေးသံရှင် ဂီတစာဆို ကျောက်ပန်းတောင်းကျော်လွင်၏ လက်ဖဝါးပြင်မှ စိတ်ဝင်စားဖွယ်ရာများ ၁၈၅
သူ ဘယ်လိုလူစားလဲ [သန်းပညာ] ၂၁၉

## ပေါင်းစုံရောင်ခြည်

နဝရတ်ဗိုင်၊ ပန်းမွှေးတောင်နှင့် မဏ္ဍလာ စေတီတော် [မောင်စိမ်းတွေး–ထားဝယ်] ၂၅
စိမ်းရောင်စို တောင်ညိုမှိုင်းရီသည့် ဘာသာနာ့အောင်မြေ ဌာနေတိုင်းဆီသို့ (၆) [ထက်မင်းကျော်စွာ] ၅၇
တော်ကူး မဟာသတိပဋ္ဌာန်ရိပ်သာသို့ လေ့လာ ပူဇော်မှုခရီး(၂) [ဘုန်းကျော်စွာ–မြိုင်တက္ကသိုလ်] ၆၆
တံအခွင့် ပွင့်လင်းစေသည့် ပေါက္ကံဂူ [ဇင်ညီပေ] ၁၀၅
ဦးဖိုးနဘုရားမှာ အောင်ဆုပန်ပါ [နယ်လှည့်သုတေသီ ဦး] ၁၂၀

www.burmeseclassic.com


## အထူးဆောင်းပါးရောင်ခြည်

ဦးနိုးဆံတော်ရှင်စေတီနှင့် သမိုင်းစွမ်းအင်
ပူဇော်မှုအထူး(၁) [ထက်မင်းကျော်စွာ] ၉
သရေခြေတွေ့နေရသော သဘာဝဘေးဆိုးများမှ လွတ်ရန်
သူတော်စင်ကြီးများ၏ မိန့်မှာချက် [ဒေါ်မယ်ကြွင်-တိုင်း/ရေး] ၁၅
ရေနီတောင်စီလာ (သို့) ဗဟိုတောင်စီလာတောရသို့
လေ့လာပူဇော်မှု ခရီးစဉ်(၃) [စံထွန်းသော] ၄၃
အောင်အတိတ်ဆောင် သိင်္ဂနိတ်တောင်ရိုးဆီမှ
ပုထိုးစေတီ နေရာထူးများ (၁၃) [ထက်မင်းကျော်စွာ] ၈၁
မုံရွာမြို့မှ မဟာတရုတ်တာရှင် ဘုရားကျောင်းသို့ (၁)
[ဟုဂျင်းစီ] ၈၉
ကေလာသဖတောင်စောင်း သဗ္ဗမ္ဗသိတပူကျောင်းမှ
နေရာထူးများ (၁) [ခရီးသည် သုတေသီ] ၉၄
ထွက်ရပ်ပေါက်ပုဂ္ဂိုလ် မယ်ဝိဇ္ဇိရှင်၊ သိဒ္ဓိရှင်များအကြောင်း
[မင်းသစွာ] ၁၀၈
ဝိဇ္ဇာရှင်းတမ်း (၁) [စရဏ ဦးအောင်] ၂၈၉

## ကိုယ်တွေ့ရောင်ခြည်

တစ်ပွဲစား အမေယု [ဘုန်းပွင့်ထွန်း-မှန်ပြည်နယ်] ၁၀၂
ပရလောကသားတွေကို တကယ်မြင်လိုလျှင်
[အောင်ထက်-ရွာအနောက်မြို့တော်] ၂၃၉
မသေဆုံးမီက ထူးဆန်းသည့် လူဝင်စား
[ခင်မောင်လေး-ဓနိခါးမြေ] ၂၄၆
မြေပုံဆိုတာလား [စစ္စာမိုး-တောင်ငူ] ၂၅၅
ကြောင်ရက်ရှင်နှင့် သူ့အစွမ်းသတ္တိ [စလင်း ဦးကျော်] ၂၆၁
ဝိဇ္ဇာတိုင်းပြည်သို့ ရောက်ခဲ့ဖူးသူ [မျိုးတင့်-ညောင်လေးပင်] ၂၆၅

## ကျင့်စဉ်ရောင်ခြည်

ရွှေဘုန်းပွင့် ငွေဝင်အမိဋ္ဌာန်
[ဆရာကြီး ဦးအောင်မြိုင်-ဥပဒေဘွဲ့] ၇၀
မင်းမယောက်ျား ရာဇဝွှားများအတွက် နေထွက်နေဝင်
အဓိဋ္ဌာန်ကျင့်စဉ် [ဦးခင်မောင်သန်း-အ.မ.က၊ ပခန်းတန်း] ၈၆
ရွှေတောင်မဲ့ရှင် ဆရာတော်ကြီး ချီးမြှင့်သော
အရပ်ပုတီးစိပ်ကျင့်စဉ် [သန်းဦး-သုဝဏ္ဏ] ၁၂၉
နဝင်းသိဒ္ဓိဂုဏ်တော်ပုတီးစိပ်နည်း [မောင်ဗဟိန်း-အင်းတော်] ၁၄၉
မဟာနမက္ကာရ ဝဇ္ဇိရ အဓိဋ္ဌာန်ကျင့်စဉ်တော်ကြီး
[ကဝိသိရေမထီ] ၂၂၅

## အစီအရင်ရောင်ခြည်

သူရဿတီ မှော်သွင်းနည်း [စလင်း ဦးကျော်] ၁၃၁
ဘိုမ်အရပ် သွားမည်ဆိုလျှင် [အေးချမ်းအောင်-ရမည်းသင်း] ၁၃၄
ပြိုပ်ပြေမ်ပြေ ပန်းအိုးနှင့် စတုရန်းဓာတ်ဆင်အစီအရင်
[ခင်ထွန်း] ၁၃၉
ရောင်းကုန်ပစ္စည်းများ အရောင်းထွက်စေရန်
[မောင်ရင်ထွေး-မအူပင်] ၁၆၆
အလောင်းထမ်းမွေးခြင်းအတွက် ဤသို့ ယတြာပြုပါ
[ကိုစိုးဆန်း] ၁၉၂
နို့ညှပ်အိမ်နှင့် အစီအရင် [အောင်မိုးမြင့်-နေပြည်တော်] ၂၁၄
မြန်မာ့ရိုးရာ လာဘ်ရွှင်စေသည့်အစီအရင်
[ခရီးသည်သုတေသီ] ၂၅၆





တာပည့်တော်ကဲ့သို့ အဲ့အာရောက်ပါ
ကာပ်ရောက်နေသူတိုင်း
ဤစေတီတော်အား လှူဒါန်းမှုလက်ခြင်းဖြင့် ၈၁–၄၉

ဒီမ်ရွှေစွာ မသေသာပင် ဖိုက်ထားပြီး
ဒီမ်နှင့် မသေသာဝင်တို့အကြား
ကိုယ်ရဲကြီးပင် ဖိုက်ပေးလိုက်ရုံမျှဖြင့်… ၈၁–၅၉


BURMESE CLASSIC .com





www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကြီးစွန့်တဲ့ ခါတ်လုံးများ
လူတိုင်းကို စွန့်တာမဟုတ်ဘူး၊
တောင်းတိုင်းသဲ မရဘူး။ သူ စွန့်ချင်ရင် ☛ စာ-၁၇

ကျောက်တလားကြီး အနီးတစ်ဝိုက် ဝန်းပတ်လျက်
ဖွင့်လန်းသော တောင်ဇလပ်ပန်းသည်
တောင်ပေါ်မှ ဆင်းပြီး တောင်ခြေရောက်ရှင် ... ☛ စာ-၂၀



❒ အဂ္ဂိရတ်ရောင်ခြည် ❒

ကြေးဘော်သွပ် ပြဒါးနဲ့ ငရဲမီးခံလသမ်း
[ဦးတင်ဝင်း-ဂန္ဓီရသုတေသီ] ၁၇၁
ဆေးဖန်အကြောင်း သိကောင်းစရာ [ဦးသုမန-မိုးရိပ်] ၂၀၀
ထုံကျပြဒါး ရွှေသားအစစ်(၃) [ရွှေတောင် ခင်မောင်ကြည်] ၂၂၇

✻ ဂါထာမန္တန်ရောင်ခြည် ✻

ဖေးစွန်ပါ တောင်ပိုင်အဘိုး ကိုယ်ထင်ပြ၍
သင်ပေးသော လိုတရဂါထာ [ဆရာနေမျိုး-ဘီအေ] ၁၅၄
ကိုယ်တွေ့ပညာဥာဏ်ကောင်းစေသည့် ဂါထာတော်
[လှိုင်ဝင်းအောင်-ကျိုက္ကဆံ၊ အေးချမ်းသူတို့စံပျော်ရာ] ၁၆၄
ယန္တရားကို မန္တရားက နိုင်ရမည် [သမ္မုဋ္ဌ] ၁၇၉
လွယ်မောက်တောင် ရသေ့ကြီး ဘိုးတော်စီ
ရွတ်ပွားပူဇော်လေ့ရှိသည့်ဂါထာ [နေနီလင်း-ကောလင်း] ၂၀၂
ဘာမဆို အောင်ရမည် ဂါထာတော် [မင်းဘူး မြင့်မောင်] ၂၁၄

✻ ဆေးမြီးတိုရောင်ခြည် ✻

ရသာယနအားဆေး မှိုဝဲပေး [ကျော်-ရမည်းသင်း] ၁၀၄
ကြိမ်တောမြောင်သိမ်ကျောင်းဆရာတော်၏
ဆီးဝမ်းလေမှန်ဆေးနည်း [ဆေးသုတေသီ] ၁၃၀
ထိခိုက်မိ၍ အကြောထုံး၊ အကြောတင်၊ အကြော
ဖျက်သော ဖုံစည်းဆေး [နတ်မောက် ကောင်းမွန်မြင့်] ၁၅၂
အသံဝင် အသံပျောက်အတွက်ဆေး [မြေမိုးချစ်] ၁၅၇
ရှေးခေတ်သုံး လေငန်းအကြောပွင့်ဆေးနည်း
[သန်းထွန်းသိန်း-ဘားအံ] ၂၀၈
ဆီးချိုအတွက် ရှုံးပတီသီးအစွမ်း [မင်းမင်းဇော်(ခ)မိုးဇော်] ၂၁၅

◆ ဆေးဝါးဆေးနည်းရောင်ခြည် ◆

စိတ်ရောဂါကုဆေးနည်း [ဆေးသုတေသီတစ်ဦး] ၁၂၀
ဖောက်သန်းကင်း၍ ဆံပင်ပေါက်စေသော
မြန်မာ့ရိုးရာခေါင်းလိမ်းဆီ [အောင်အိုး-နတ်မောက်] ၁၂၇
သက်ရှည်ကျန်းမာ ဖန်ခါးဆေးကို စားပါ
[မောင်မောင်ကျော်] ၁၆၀
ဦးခေါင်းပူ၊ လည်ချောင်းပူ၊ ရင်ပူရောဂါပျောက်
ဆေးနည်းတစ်လက် [ခွန်သန်းထိုက်-ဒွေးသုခ] ၁၇၆
တောင်တန်းသာသနာပြုဆရာတော် ဦးဥတ္တမသာရ၏
လေဖြတ်ရောဂါ သွက်ချာပါဒရောဂါ ထုံနာကျဉ်နာရောဂါ
ပျောက်ဆေးနည်း [ဆရာဦးကျော်ဝင်း-စေပိုင်သူဆေးတိုက်] ၁၈၄
သေလုမြောနှင့်နီးစပ်သည့် လေဖြတ်လေဝန်းရောဂါအတွက်
ဥုံဆေးချက် [ကြူသင်း-ကျောက်ပန်းတောင်း] ၂၂၄

✻ ဂမ္ဘီရရောင်ခြည် ✻

ထူးကြီးအင်းမှ ဖြစ်ရပ်ဆန်းကြယ် [ကျော်ဇင်ဖြူ] ၂၈၂

✢ ထူးခြားသစ်ပင်ပန်းရောင်ခြည် ✢

ပဒေသာပင်နှင့် ကိုယ်ခံကြီး
[ဆရာကြီး ဦးအောင်မြင့်-ဥပဒေသ] ၇၉
ချစ်ရည်တူမှုစေသည့် ပွင့်တူရွက်တူ ဂမုန်းပန်း
[ထက်မင်းကျော်စွာ] ၁၆၁



www.burmeseclassic.com

www.burmeseclassic.com


[illegible]

အရုပ်ရှည်လိုသူ လူငယ်များအတွက် လမ်းညွှန်ပေးပါရစေ
[မောင်ပိုးဆောင်း-ဇိုက်ဦး] ၁၂၈

ထူးခြားပစ္စည်းရောင်ခြည်

အစွမ်းထက်မြက်သော ဝဠ္ဌိရ သိဒ္ဓိဝင် ပစ္စည်းနှစ်မျိုး
[ရေဘမြေကျော်ဝေ] ၂၂

ငါးပေါက် သစ်ကွင်း
[ကျော်သန်း-အကြီးတန်း လက်နှိပ်စက်] ၁၃၃

ကျောက်ဖိုကျောက်မနှင့် မိုးကြိုးစက်တွင်း [သုတထွန်း] ၂၄၅

[illegible]

သိုင်းပညာရှင် ဆရာကြီး မင်းယက္ခ၏ ဘဝအတွေ့
အကြုံများ (၁၉) [ဆရာကြီး မင်းယက္ခ-တိုက်ပွဲဝင်] ၁၉၃

ကျန်းမာရေးရောင်ခြည်

အကြောနှင့်ဆရာ ဆက်စပ်ပါ မြန်စွာ ပျောက်ကင်းမှု
[သွေးတိုးပြီး လေဖြတ်ချင် ဖြစ်လာသော်]
[ဦးလှညီမ်း-တံတားဦး အင်းဝ] ၉၅

အမျိုးသမီးအလှအပရောင်ခြည်

ရှောက်သို ထိုးစားရအောင် [အောင်မှတ်-မြစ်ရိုးတန်း] ၁၁၂
ငွေထည်ပစ္စည်းများ မည်းသွားသော်
[ခင်သန်းဝင်း-ပဲခွယ်ကုန်း] ၁၂၄

[illegible]

မဟာဘုတ်ရိုန်ခွင်နှင့် ကျေးဇူးရှင်ဆရာတော်ကြီးများ
(ညောင်တုန်းမြို့ ရွှေဟင်္သာတောရ ပဋ္ဌိတက္ကသိုလ်ကျောင်းတိုက်
တိုက်အုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တကုဏ္ဍဝံသာဘိဝံသ
အား ဂါရဝပြုပူဇော်ခြင်း) [သန်းပညာ] ၃၈
မိဖုရားကြီးဝူ [ပန်းချီထွန်းလှ-ရှေးဟောင်းသုတေသန] ၁၁၃
စိတ်ဝင်စားဖွယ်ကောင်းသော
ထိုးမြလက်မှတ်များအကြောင်း
[ဆရာကြီး ဦးအောင်မြိုင်-ဥပဒေဘွဲ့] ၁၈၂
နိုဘီလူးနှင့် ပတ်သက်၍ [နတ်မောက် လှမြင့်သစ်] ၁၉၆

[illegible]

လိပ်ခေါင်းနှင့် အနာမကျက်နိုင်က
ရှားစောင်းလက်ပပ်ကိုသုံးပါ [အာကာသ-သာစည်] ၁၆၈

[illegible]

ကျပင်းနွားနှင့် သတင်းစကား
[သိန်းမောင်-တီ/ကုဆရာဝန်] ၁၃၄
ကျွဲနွားဗဏ်ရာ ကုသဆေး [မောင်ရေမွှေး-နတ်မောက်] ၁၄၄






BURMESE CLASSIC .com

စာ-၃၃

စာ-၁၉၃



www.burmeseclassic.com



အလုပ်တက်တော်ကို နှုတ်ကလဲရွတ်
ရွတ်နေတဲ့အတိုင်း စိတ်ကလဲ ဖြတ်ရွှာနေကြရုံတို့
ရုပ်တော်ကို သတိသာရစေရင်...

စာ-၁၂၉


## ကြည်ညိုခြင်းရောင်ခြည်

နဂါးတွင်းရွာဦးမှ ဖောင်ပွဲနှင်းစေတီ [ထွေးမောင်] ၄၁

## ဓာတ်ရောင်ပြဲရောင်ခြည်

စစ်ကိုင်းတစ်ခွင် သမိုင်းဝင်စေတီများ၏ ဖောင်မြေနှင့် ရှိုးပူဇော် ဂါထာတော်များ(၇)
[အောင်ရွှေမြတ်-စစ်ကိုင်းတောင်] ၄၉

## ဗေဒအရောင်ခြည်

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ထီအတွက်
ရွှေချယ်ပါ ဏ္ဍဂဏန်း [ဆရာရဲထက်-သုတေသီ] ၁၀၄
၂၀၁၃ ခုနှစ်၊ စက်တင်ဘာလအတွက် ဓာတ်ကြီးငါးပါး
မိုးမိုးမှုနှင့် အောင်ဘာလေထီဆုငွေ [ထက်မင်းကျော်စွာ] ၂၃၂

## ရိုးရာမျိုးရေးရောင်ခြည်

စိုက်ပျိုးထားသော ပဲများ မပုပ်စေရန် [ကိုမောင်ကျော်လွင်] ၄၇

## အင်းအစမရောင်ခြည်

ရွှေတိုးငွေတိုး လာဘ်များစွာ တိုးစေသည့် အဆောင်
[ပညာကျော်] ၁၅၆
အစွမ်းထက် အရုပ်ခံ စမ၏ အတွေ့ထူး
[ဗိုလ်မင်း-မင်းလှ] ၂၀၁
အစွမ်းထက်သည့် ဘုရားလေးဆူ ပဋ္ဌာန်းအင်းတော်ကြီး
[ရာမြေ ကျော်ဝေ] ၂၀၄

## ပုဂ္ဂိုလ်ထူးရောင်ခြည်

ကျောက်ပေါက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ
အရှင်ဥတ္တမနှင့် ကြည်ညိုဖွယ်ရာ ဖြစ်စဉ်တော်
ဘဝဓမ္မလမ်း(၁) [ခင်ညိုငယ်] ၁၇
သံတွဲမြို့ လှေနံရွာမှ မပုပ်မသိုးသည့်
ဆရာတော်ကြီး ဦးသုဓာတ [မောင်လင်းနိုင်] ၃၃
ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင် တောင်ငူမြို့ရှိ
ဆိပ်ဖြူပင်သာသနာ့ရိပ်သာကျောင်း ပဓာန နာယက
သက်တော်ရှည် ဆရာတော်ကြီး အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ
သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကျော်သင်
ရွှေပြောင်းစံတော်မူခြင်းနှင့် ထူးခြားဖြစ်စဉ်များ
[မြမြဝင်း-တောင်ငူ] ၆၃

## ထူးခြားဆန်းကြယ်ရောင်ခြည်

ညဏ်စခန်း ရှာနိုင်လမ်းကိုတွဲ(၁)
[ရွှေတောင် ကြည်မောင်အေး] ၂၂၀
နဂါးမယ်တော်သိုက်တည်ရာ ရွှေနဂါးတို့ ပျော်သည့်မြေ
[ဆရာ ဦးရဲအောင်-သိပ္ပံလက်ထောက်
နက္ခတ္တဗေဒ၊ သင်္ချာဗေဒ] ၂၃၃
ဓာတ်ပုံဆရာဘဝ ဖြစ်ရပ်ဆန်းများ(၄)
[ရွှေကံမြေ ဖိုးကော] ၂၄၁
ဇင်းကျိုက်ကုလားမတောင်မှ ဖြစ်ရပ်ဆန်းများ
[ပန်းသစ်မွှန်-မိညွှ] ၂၆၇
ဖူးယားအင်းနှင့် တစ်ပွဲစား ဖိုးစိမ့် [ရဲရဲထွန်း-ကသဲဘ] ၃၀၂




ယက္ခ
မယ်တော်ကြီး
ထံမှ
စားစရာ
တစ်ခုကို
စွန့်ပယ်
ကျောင်းတိုက်
ဆွဲအား
လေးနက်ရွှင်အား
စားစေခြင်းဖြင့်...

စာ-၅၀



ပန်းအိုး
အောက်ခြေမှ
မြွေသို့များက
အရုပ်လေးများကနေမှ
ဆိုးကျိုး
အနှောင့်အယှက်များ
မျက်ပြယ်စေရန်...

စာ-၁၃၉

www.burmeseclassic.com


### ○ အထူးအကြံပြုရောင်ခြည် ○

အလောင်းတော်မွေးမြင်းနှင့်ပတ်သက်၍ သိသမျှ
တင်ပြပါရစေ [လှုသစ်လွင်-မြည်] ၁၆
ကျောက်အမြုတေ အသုံးဝင်ပုံကို သိရှိသူများမှ
ဖြေကြားပေးပါရန် [ကိုကျော်အောင်-စက်/လယ်၊ ငြိမ်း] ၁၅၃
သိပ္ပံမြောက်တဲ့ဆေး ဆောင်းပါးပါ ဆေးနည်းမှ
ကာလကဏ္ဍနှင့် တတိုး [အေးရွှေ-စီးကုန်း] ၂၀၆

### ✣ ဗိဇ္ဇာအမှုမှိုင်းရောင်ခြည် ✣

မြစ်သာရွာကြီးမှ အဘိုးဆရာကြီး ဦးတိုက်စီ(၂)
[နေဝန်းနီ] ၂၀၉
ကျွန်ုပ်နှင့် ရန်ကင်းရန်ရှင်း ဘဘမင်း(၁) [ပိုင်ဘုန်းကျော်] ၂၄၉

### နက္ခတ်ဗေဒင်ဟောစာတမ်းညွှန်ရောင်ခြည်

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလအတွင်း
ပုံရိပ်ရှင်တို့၏ ကံကြမ္မာ [ဟူဂျင်းဇီ] ၁၄၃
၂၀၁၃ ခုနှစ်၊ စက်တင်ဘာလအတွက်
ခုနစ်ရက်သားသမီး ဟောစာတမ်း [ဆရာ ရောင်ခြည်] ၁၉၈
၂၀၁၃ ခုနှစ်၊ စက်တင်ဘာလအတွင်း
လာဘ်လာဘရွှင်လန်းစေဖို့ [ထက်မင်းကျော်စွာ] ၂၆၄

### ★ မြန်မာ့ရိုးရာပညာရောင်ခြည် ★

အဌလက် ကြောတွက်နည်းနှင့်အဟော
[ကောင်းခန့်-သခွတ်မြေ၊ ဝက်လက်] ၁၁၈

### ◆ ကျန်းမာရေး ဆောင်းပါးရောင်ခြည် ◆

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ကျန်းမာရေးအတွက်
အကြံပေးချက်များ [ဟူဂျင်းဇီ] ၂၁၆

### ● ကြုံကြိုက်ရုပ်မှုန်ရောင်ခြည် ●

တောတို့၏ မာယာ [သံဃာဝင်း-ကြေး/မြေ ဝက်လက်] ၂၆၉
နဂါးနှင့် ရင်ဆိုင်တွေ့သူများ
[ရွှေမှော်မြေ မောင်ကြည်သိန်း] ၂၇၃
လူခြောက်ကလေးများ ကလဲ့စားချေတတ်သလား
[ချစ်ဆိုင်] ၂၇၇
အမွေလုတာ မကြိုက်တဲ့ သရက်ပင်ကြီး [လက်ပံနီ] ၂၈၁
ဝိညာဉ်စောင့်ရှောက်သော ကလေးများ [ဦးဇို-တမူး] ၂၈၅
ခြေ၏သဘော လက်၏မာယာ [ဝမ်း-စက်မှုတက္ကသိုလ်] ၂၈၈
ပရလောကမှ မိတ်ဆွေများ [ဇေယျကျော်-မြောက်ဒဂုံ] ၂၉၃
ကျွန်ုပ်နှင့် မယ်တစ်တောင် [ကိုကိုခန့်ချော-ကသာမြေ] ၂၉၅
သူတလေလား ဝိုးတဝါး [မောင်အေးကြူ-စီးပွားရေး] ၂၉၇
နတ်နှင့်နဂါး မလှည့်စားနှင့် [ခင်-စာသင်၊ ဇရာမြေ] ၃၀၁



ကောင်းသော
ဆုနှင့်
တစ်လုံး
တစ်ဝတည်း
မြည့်စေ
သတည်း
ဟူသော
ကမ္မည်းစာတမ်းပါ
ကျွမ်းရှင်အရှင်
ရုပ်တုကို...
စာ-၉၀





ချစ်လျက်နှင့်
ခွဲခွာ
နေရသော
ချစ်သူတို့
ပြန်လည်
ဆုံစည်းစေရန်
ဤဂမုန်းပန်းကို...
စာ-၁၆၁





ငါး၏
အစ်ကွင်း
အောင်ဟား
ဖြင်းကြောင့်
စည်သို့
အကျိုးရှူး
အလဲဗု
နေးရှင်...
စာ-၁၇၇







www.burmeseclassic.com

www.burmeseclassic.com

# ရိုးရိုးဆံတော်ရှင်

## စေတီတော်နှင့် သင်္ကြန်စွမ်းအင် ပူဇော်မှုအထူး ( ၁ )

ထက်မြင့်ကျော်စွာ



ရိုးရိုးဆံတော်ရှင် စေတီတော်

မော်လမြိုင်မြို့နယ်၊ ဖားအောက်ကျေးရွာအနီးတွင် ကိန်းဝပ်တော်မူသော ရိုးရိုးဆံတော်ရှင် စေတီတော်ကြီးသည် ဉာဏ်တော်အမြင့် (၁၀၂)တောင် (၁၅၃ ပေ) ရှိတော်မူရာ မော်လမြိုင်မြို့နယ်တွင်း ဉာဏ်တော် အမြင့်ဆုံးသော စေတီတော်ကြီး ဖြစ်သည်သာမက ပူဇနီယပွဲတော် ကျင်းပပူဇော်ချိန်မှာလည်း နေ့၊ လ ကမ္ဘာတည်ကြိုဟ်နှစ်ပါး၏ သင်္ကြံ အကူးအပြောင်းကာလ သင်္ကြန်စွမ်းအင်ကို အမှီပြု ပူဇော်လေ့ရှိကြောင်း ထူးခြားစွာ တွေ့ရှိရလေသည်။


မြန်မာပြက္ခဒိန် တွက်ရိုးအရ သူရိယနေမင်း၊ မိဿရာသီသို့ စတင် ဝင်ရောက်သော နေ့ရက်များတွင် သင်္ကြံ အကူးအပြောင်းကာလဖြစ်၍ သင်္ကြန်ရက်များဟု သတ်မှတ်သည်။ (၀) အံသာမှ (၂)အံသာ အတွင်းရက်များသည် သင်္ကြန် အကြို၊ အကျ၊ အကြတ်ရက်များ ဖြစ်ကြ၍ (၃)အံသာသို့ ရောက်လျှင် သင်္ကြန်အတက်နေ့ဟု သတ်မှတ်ကာ နှစ်သစ်သို့ ကူးပြောင်းသည်။

၎င်းသည်ကား ယေဘုယျ သတ်မှတ်ချက် ဖြစ်သည်။ ဥပမာ ၂၀၁၀ပြည့်နှစ် သင်္ကြန်ကာလ ဧပြီ(၁၅)ရက် သင်္ကြန်အကြတ်နေ့သည် မြန်မာသက္ကရာဇ် ၁၃၇၂ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၁၂)ရက်နေ့ဖြစ်၍ ဧပြီ (၁၆)ရက်၊ သင်္ကြန်အတက်နေ့သည် ၁၃၇၃ ခုနှစ် ဦးတန်ခူးလဆန်း (၁၃)ရက်နေ့ ဖြစ်လေသည်။

ထို့နောက် နှစ်ဆန်း (၁)ရက်နေ့၊ ဧပြီလ (၁၇)ရက်နေ့မှ စသဖြင့် နှောင်းနှစ် သင်္ကြန် အကြတ်နေ့အထိ ၁၃၇၃ ခုနှစ်ကာလ ဖြစ်လေသည်။

ရိုးရိုးဆံတော်ရှင်စေတီ ပူဇနီယပွဲတော်မှာ သင်္ကြန်အတက်၊ နှစ်ဆန်း (၁)ရက်၊ (၂)ရက်နေ့အထိ သုံးရက်တိုင်အောင် ကျင်းပ ပူဇော်လေ့ရှိကြသည်။ ကြိုဟ်သွားအရ တနင်္ဂနွေကြိုဟ် မိဿရာသီ (၃)အံသာမှ (၅) အံသာသို့ ဖြတ်သန်းချိန်၊ မြန်မာနှစ်ဦး ကာလ သုံးရက် ဖြစ်လေသည်။ ၎င်းသည်ကား

www.burmeseclassic.com





▲ မွှာဂုံတွင်းမှ ရုပ်ပွားတော်များ

ရှေးမွန်လက်ရာ နန်းကိုင်ရှင်တော့ ရုပ်ပွား(၂)ဆူ ▶

▼ စေတီအနောက်တက် အဓိက အဝင်မုခ်



တနင်္ဂနွေဂြိုဟ်ကို အမှီပြုသော အဦးအစပြု ပူဇော်ပွဲ ဖြစ်သည်။

ဒုတိယ ပွဲတော်ကာလကား တန်ဆောင်မုန်းလပြည့် နံနက် (အဖိတ်နေ့၊ လဆန်း ၁၄ ရက်နေ့ည) သန်းခေါင်ကျော်မှ သုံးချက်တီးချိန် စက်နာရီဖြင့် (၀၀း၀၀)နာရီမှ (၃း၀၀)နာရီ ကာလကို ရည်မှန်းပူဇော်သော ပူဇနီယပွဲတော် ဖြစ်သည်။ ဝေါဟာရအားဖြင့် ကမ္ဘာ့နက္ခတ် ပေါ်ထွန်းချိန်ဟု သတ်မှတ်သည်။

BURMESE CLASSIC .com

တနင်္ဂနွေဂြိုဟ် ပြိဿရာသီ ဗဟိုသို့ ရောက်ချိန်၊ တနင်္လာဂြိုဟ် သမသတ် မြင်ချိန် ဖြစ်သည်။ ဂမ္ဘီရစွမ်းအင် ကိန်းအောင်း၍ အပွားအစီး သိဒ္ဓိဆိုင်ရာ ကိစ္စများ ပြုလုပ်ဆောင်ရွက်သော ကာလ ဖြစ်သည်။

ထိုကာလတွင် မွန်ရိုးရာဓလေ့ ဖြစ်သော ရက်ကန်းခေတ်ပြိုင်ပွဲ ကျင်းပကာ မြတ်စွာဘုရားရှင်အား မသိုးသင်္ကန်း (နေ့ချင်းပြီး ရက်လုပ်သော သင်္ကန်း) ကပ်လှူပူဇော်ကြခြင်း ဖြစ်လေသည်။

ဤကာလသည် တနင်္လာဂြိုဟ် လမင်း၏ သန္တိ အကူးအပြောင်းကာလ ဖြစ်၍ လောကအတွက် ငြိမ်းအေးခြင်း၊ တည်မြဲခြင်း၊ ဇီဇ စွမ်းအင်ထူးများ ပေးစွမ်းသည့် အားအင်ပြည့်လျှမ်းသော သကြ်ာန္တိ သကြံန်ကာလ ဖြစ်ပေသည်။

## စေတီသမိုင်းအကျဉ်း

ဂေါတမမြတ်စွာဘုရားရှင် ရှစ်ဝါမြောက်တွင် လက်ာဒီပကျွန်း (သီဟိုဠ်)မှ မဟာနာဂလမြို့သို့ ဒေသစာရီ ကြွချီရောက်ရှိတော်မူရာ လူ, နတ်, ဗြဟ္မာ ပရိသတ်အား တရားရေအေး တိုက်ကျွေးတော်မူသည်။

ထိုအခါ တရားနာ ရောက်ရှိနေသော "မူလာစွေ"တောင်မှ လောကီစျာန်ရရသော "ဂေါန"နှင့် သုဂန္ဓနတ်သားတို့က မူလာစေ့တောင်တွင် [illegible]ဝစဉ် ကိုးကွယ်နိုင်ရန် ဆံတော်[illegible] အလှူခံ





www.burmeseclassic.com

www.burmeseclassic.com





◆ ရိုရိုးဗင် အမွှက်ဘာမဟာ



◆ ဆေးလောက်ကွင်းမှ
ဗိဿာရုပ်

◆ ရှေးဆေးလောက်ကြီး

◆ ဆေးလောက်ကွင်းမှ
ဗိဿာရုပ်



လျှောက်ထားရာ ဘုရားရှင်က ဆံတော် နှစ်ဆူ ချီးမြှင့်တော်မူသည်။

ရသေ့နှင့် နတ်သားတို့ ဆံတော်မြတ်များ ပင့်ဆောင်၍ နေရပ်သို့ ဈာန်ယာဉ်စီး၍ ပြန်ကြစဉ် ဗန္ဓုသာရ တောအုပ်အနီး ကုန်းတော်တွင် ခေတ္တ နားခိုကြသည်။ ထိုအခါ ဆံတော်တို့သည် ရောင်ခြည်ခြောက်ဖြာ ကွန့်မြူးပျော်စံသည်ကို ဖူးတွေ့ကြရလေသည်။


အတူတကွ ဖူးမြင်ရသော ဗန္ဓုသာရ တောစောင့်နတ်ကလည်း သဒ္ဓါအဟုန် ပွား၍ ဆံတော်တစ်ဆူကို ပူဇော်ရန် အဖန်ဖန် တောင်းခံသဖြင့် "ဂေါန"ရသေ့က သာသနာတော် အရှည် တည်တံ့ရေး အကျိုးမျှော်ကာ တစ်ဆူကို ပေးအပ်ခဲ့သည်။

နတ်မင်းလည်း အနီးချုပ်စပ်မှ လူ, နတ် ဒါယကာတို့ စုပေါင်း၍ ဆံတော်ကို စေတီတည် ဌာပနာပြု၍ ပူဇော်ကြသည်။ အလှူရှင် ရသေ့ကို



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



◆ သာသနာ ၂၃၀၀ ပြည့်နှစ် အထိမ်းအမှတ်စေတီ

အချို့၌ "ကျိုက်ခေါ်နှ" ခေါ်နှစေတီဟု တွင်သည်။ ရောင်ခြည်တော်ကွန့်မြူးတော်မူသဖြင့် **"ကျာလျားကို"** (ကျိုက်လျားကိုး)ဟုလည်း ခေါ်တွင်ကြသည်ဖြစ်ရာ (လျားကိုး)မှ (ရိုးကိုး)ဟူ၍ ပြောင်းလဲခဲ့ကြောင်း မွန်ပညာရှင်အချို့က ကောက်ချက်ပြုကြသည်။ လျးကို ဟူသော မွန်ဝေါဟာရသည် အရောင်အဝါ လင်းလက်ခြင်း = ရောင်ခြည်တော် ကွန့်မြူးခြင်းဟု အဓိပ္ပာယ်ရလေသည်။

ထိုမှ သာသနာ ၂၀၀ ပြည့်နှစ်ခန့်တွင် စေတီတော်အနီးရှိ နိဂုံးရွာမှ "မည" သူဌေးက ဉာဏ်တော်အမြင့်တိုးမြှင့်ကာ ပူဇော်မွမ်းမံခဲ့သည်။ ယင်းနောက် ရမ္မာပူရပြည့်ရှင် ဥဒိန္နမင်းကလည်း တတိယအကြိမ် ထပ်မံ ပြုပြင်ပူဇော်သည်။

စတုတ္ထအကြိမ် မွမ်းမံမှုအဖြစ် "သာကရ"နှင့် နှမတော် "နိမိတ္တ" သူဌေးမောင်နှမက အရှင်သီဃ၊ အရှင်သီရိ၊ အရှင်သီလ ဟူသော ဆရာတော်သုံးပါး ဦးဆောင်မှုဖြင့် ဆရာဒကာ (၅)ဦးက မွမ်းမံပူဇော်ခဲ့ရာ ယခု အခြေအနေအတိုင်း စေတီတော်မြတ်ကို ခံ့ညားစွာဖြင့် ဖူးမြော် ကြည်ညိုနိုင်ကြခြင်း ဖြစ်လေသည်။

ရိုးကိုးဆံတော်ရှင် သမိုင်းစာအုပ်ကို ဂေါပကအဖွဲ့ဝင် ဦးမောင်အေးက ဒါနပြုခြင်း ဖြစ်သည်။ သူကပင် ကုန်းတော်၏ အထောက်အပံ့ စွမ်းအင်များ ပြည့်စုံမှုကို ရှင်းပြပေးသည်။

## ကာရကစွမ်းအင်

"ရိုးကိုး"စေတီတော်ရင်ပြင် ဝန်းကျင်တွင် "ရိုးကိုး"ပင်များ ဝန်းရံ ပေါက်ရောက်နေခြင်း ဖြစ်သည်။ နှစ်ပေါင်းရာချီ သက်တမ်းရှိသည့် တောစိုးပင်ကြီးများ ဖြစ်ကြသည်။ ရိုးကိုးပင်မှာ အသီးဝါကလေးများသီး၍ အရွက်မှာ လူ၏လျှာပုံသဏ္ဍာန်ရှိလေရာ ထောက်ကြံ့အပင်ငယ်မျိုး ဖြစ်နိုင်ပေသည်။ **(ထောက်ကြံ့ အပင်ကြီးမျိုးမှာ အရွက်အလျား တစ်ပေကျော်၍ ဖြက် ၅ လက်မခန့် ရှိကြသည်။)** "ရိုးကိုး"ပင်ဟူသော ဝေါဟာရ၏ မြန်မာပြန် အဓိပ္ပာယ်ကို မသိရှိခဲ့ရပေ။ မွန်ဒေသိယ ဝေါဟာရ ဖြစ်ဟန်ရှိလေသည်။

ရိုးကိုးဆံတော်ရှင် စေတီကုန်းတော်ဝန်းကျင်တွင် ဝန်းရံ ပေါက်ရောက်နေသော ရိုးကိုးပင်များ မြင်တွေ့ရခြင်းကမူလ ပင့်ဆောင် တောင်းခံသူ တောစောင့်နတ်မင်း၏ ထောက်ပံ့မှု ကာရကစွမ်းအင်ကြောင့်ဟု ယူဆကြလေသည်။

## စေတီရင်ပြင်တော်သို့

ရိုးကိုးဆံတော်ရှင်စေတီအား ဖူးမြော်ကြည်ညိုရန်အတွက် မော်လမြိုင်ကျိုက္ခမီ ကားလမ်းအတိုင်းသွား၍ ဖာအောက်ကျေးရွာ အလွန်တွင် စေတီတော်သို့ အဝင်လမ်းခွဲ ရှိပါသည်။ လမ်းခွဲကလေးအတိုင်း (၂)ဖာလုံမျှ



www.burmeseclassic.com

www.burmeseclassic.com



◄ နှစ်ရှည် တောစိညောင်ပင် တစ်ပင်



ကုန်းတော်စောင့်ဘိုးဘိုး ►

ခရီးဆက်ပါက မော်လမြိုင်၊ ရေး ရထားလမ်းအကျော်တွင် စေတီတော်အား လှမ်း၍ ဖူးမြော်နိုင်လေသည်။

ကျယ်ဝန်းလှသော ရင်ပြင်တော် ပရိဝုဏ်နှင့် အဝင်မုခ်လေးမုခ်မှ ဝင်ရောက်နိုင်သည်။ အဓိက ဝင်ပေါက် အနေဖြင့် အနောက်ဘက်မုခ်ကို အသုံးပြုများသည်။ မော်လမြိုင်မြို့တွင်း ပြေးဆွဲသော အမှတ်(၈) လိုင်းကားဂိတ်ဆုံးရာလည်းဖြစ်သောကြောင့် လွယ်လင့်တကူ သွားရောက်နိုင်ပေသည်။

ရင်ပြင်တော်သို့ ဝင်ရောက်၍ စေတီတော်အား ဖူးမြော်ရာ ဉာဏ်တော် (၁၅၃)ပေ မြင့်မားသော စေတီကြီးကို အရံစေတီ (၅၃)ဆူနှင့်အတူ ဖူးတွေ့ရသည်။ အောက်ခြေ အုတ်ဖိနပ်ခံ၍ ရှစ်မြှောင့် ပစ္စယံသုံးဆင့်အထက် ခံ့ထည်သော ခေါင်းလောင်းမှောက် စေတီ ပေါက်ထားသည်။

အနောက်မုခ်အနီးရှိ ဝတ်တစ်ဆောင်တွင် ဂေါပကအဖွဲ့ဝင် ဦးမောင်အေးကို အခန့်သင့်စွာ တွေ့ရှိရသဖြင့် အကျိုးအကြောင်း ပြောဆိုမိတ်ဆက်ရာ စေတီသမိုင်း စာအုပ်ငယ်ကို လက်ဆောင်ပေးကာ သိလိုသမျှ ရှင်းပြ လမ်းညွှန်ပေးသည်။

## နှစ်ကျိပ်ရှစ်ဆူတန်ဆောင်း

စေတီတော်အား ဖူးမြော်ပြီးနောက် ရင်ပြင်တစ်ခို ကြည့်ညိုလှည့်လာကြည့်ရာ အနောက်တောင်ထောင့်တွင် ဓမ္မာရုံကြီးတစ်ဆောင်ကို တွေ့ရသည်။ နှစ်ကျိပ်ရှစ်ဆူတန်ဆောင်းဖြစ်ကာ တရားဟောကြား နာယူရာ ဓမ္မသာလာလည်းဖြစ်သည်။ တန်ဆောင်းအတွင်း ဘုရားခန်းတွင် ကြေးသွန်း တင်ပျဉ်ခွေ ရုပ်ပွားတော်ကြီး သုံးဆူနှင့်အတူ မတ်ရပ်တော် ရုပ်ပွားငယ် (၂၈)ဆူတို့ စံပယ်တော်မူကြသည်။

မတ်ရပ်တော်များ၏ အောက်ခြေ စမ္ပခဏ်တွင် မြတ်စွာဘုရားရှင် ဘွဲ့တော်နှင့် အလှူရှင်အမည်များ ကမ္ပည်းထိုးထားသည်။ နှစ်ကျိပ်ရှစ်ဆူ ပူဇော်ပွဲတွင် ဒေသစာရီ ကြွချီတော်မူသော ရုပ်ပွားတော်များ ဖြစ်ကြသည်။ ရှေးမှန်ပန်းပုဆရာတို့၏ လက်ရာဟန်ကို လေ့လာနိုင်သော ဆင်းတုတော်များ ဖြစ်ပေသည်။

## ရက်ကန်းစင်တန်ဆောင်း

ထိုမှ အရှေ့ဘက်ရှိ တန်ဆောင်းမှာ ရက်ကန်းခတ်ပြိုင်ပွဲ ကျင်းပရာ တန်ဆောင်းဖြစ်သည်။ နှစ်စဉ် တန်ဆောင်မုန်းလဆန်း (၁၄)ရက်၊ ည (၇)နာရီမှ စတင်ကာ ရက်ကန်းပြိုင်ပွဲ ကျင်းပသည်။ ရက်ကန်းစင်တစ်စင်တွင် ခတ်သူ အမျိုးသား တစ်ဦး၊ အမျိုးသမီး တစ်ဦး၊ အကူ သုံးဦး စုစုပေါင်း (၅)ဦး ပါဝင်ယှဉ်ပြိုင်ရသည်။

ယခု ပြီးစီးခဲ့သည့် ၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလ ပူဇနိယ ပွဲတော်ကာလ ရက်ကန်းစင်ပြိုင်ပွဲတွင် ရက်ကန်းစင် (၁၄)စင် ပါဝင် ယှဉ်ပြိုင်ခဲ့ကြသည်။ မွန်ပြည်နယ်ရှိ (မသိုးသင်္ကန်း ကပ်လှူကြသည့်) ရက်ကန်းပြိုင်ပွဲ ကျင်းပရာ စေတီများအနက် ပြိုင်ပွဲဝင် စင်ရေ အများဆုံး စေတီတော် ဖြစ်သည်။ မော်လမြိုင်၊ ကျိုက်သန်လန်



www.burmeseclassic.com

www.burmeseclassic.com

စေတီတော်၌ပင်လျှင် ယခုနှစ် ရက်ကန်းစင် (၄)စင်သာ ပါဝင်ခဲ့သည်ဟု သိရသည်။

ဆုအနေဖြင့် ပထမဆု (ကျား) ငါးသောင်းကျပ်နှင့် ဆုဖလား။ ပထမဆု (မ) ငါးသောင်းကျပ်နှင့် ဆုဖလား၊ ဒုတိယဆု (ကျား) လေးသောင်း၊ (မ) လေးသောင်း၊ တတိယဆု (ကျား, မ) သုံးသောင်းငါးထောင်ကျပ်စီ၊ စတုတ္ထဆု သုံးသောင်းကျပ်စီ၊ နှစ်သိမ့်ဆုအဖြစ် ရက်ကန်းတစ်စင်လျှင် ငါးထောင်ကျပ် ချီးမြှင့်ခဲ့သည်။


ပြိုင်ပွဲစည်းကမ်းကို ကြော်ငြာသင်ပုန်းတွင် ရေးသားထားသည်။

ယဉ်သွား (၄၈)သွား အသုံးပြုရန် ရက်ကန်းသည် ကျား,မ တစ်ဦးစီနှင့် အကူ သုံးဦး ပါဝင်ရမည်။ ရက်သားတစ်လက်မတွင် ချည်ပင်ရေ (၄၈)ပင် ပြည့်ရမည်။ အနားသတ် သေသပ်ရမည်။

အနား စုတ်ပြတ်ဖွာနေလျှင် တစ်လက်မအတွက် ပင်ရေကို လျှော့မှတ်အဖြစ် သတ်မှတ်သည်။ ချည်ပြတ်ခြင်း၊ ချည်ကျော်ခြင်း တွေ့ပါကလည်း တစ်လက်မအတွက် ပင်ရေကို လျှော့သည်။ ရက်ကန်းခတ်ချိန် (၁)နာရီအတွင်း ပြီးစီးအောင် (ရက်လုပ်) ခတ်ရမည် စသည် ပါဝင်လေသည်။


ပြိုင်ပွဲဝင်သူများသည် မိမိတို့ ရက်လုပ်မည့် ရက်ကန်းစင်ကို စိတ်ကြိုက် ပြုပြင် ယူဆောင်လာရ၍ ချည်ကိုမူ ပြိုင်ပွဲ ကျင်းပရေးအဖွဲ့က ထုတ်ပေးသည်။ ရပ်ဝေးမှ ပြိုင်ပွဲဝင်လိုသူများအတွက် ရွာအတွင်း၌ ရက်ကန်းစင်များစွာရှိသဖြင့် အဝေးမှ သယ်ဆောင်လာစရာ မလိုဟု သိရသည်။

တန်ဆောင်မုန်းလဆန်း (၁၄)ရက်မှ လပြည့်ကျော် (၁)ရက်နေ့အထိ သုံးရက်တိုင် စည်ကားစွာ ကျင်းပလေ့ရှိသော ဤ ပူဇနိယ ပွဲတော်ကာလသည် တနလ်ာင်္ဂြိုဟ် လမင်း ကိုယ်စားပြုသဖြင့် ရပ်နီးရပ်ဝေး ပရိသတ် များပြားသော်လည်း အေးချမ်းကြည်နူးဖွယ်ရာ ကောင်းလှသည်။



▲ ကျောင်းတော်မှတန်ဆောင်း

▼ တန်ဆောင်း အမြင်နံရံမှ ပန်းတော့လက်ရာအချို့



သကြိန်အတက်နေ့မှ စတင်သော ပွဲတော်ကာလမှာ သကြိန်ပွဲ၊ ရေပွဲဖြစ်၍ အပျော်လွန်သူများကြောင့် အထိအခိုက် ရှိသောကာလ ဖြစ်သည်။ စေတီဝန်းကျင်သာမက မော်လမြိုင်၊ ကျိုက္ခမိ အဝေးပြေးကားလမ်းတိုင်အောင် များပြားလှသော လူအုပ်ကြီးက တိုး၍ မပေါက်အောင် စည်ကားလှသည်။ အထူးသဖြင့် ပျိုရွယ်သူ ပရိသတ်က ပို၍များလေသည်။

---

ရှေ့လ ဆက်ဖတ်ပါရန်

**ထက်မင်းကျော်စွာ**



www.burmeseclassic.com

www.burmeseclassic.com



ယနေ့ ကြုံတွေ့နေရသော

# သဘာဝဘေးဆိုးများမှလွတ်ရန်

## သူတော်စင်ကြီးများ၏ မိန့်မှာချက်များ

ကျေးဖူးရှင်(မူလ) ရက္ကန်းစင်တောင် ဆရာတော်ကြီးမှလည်း မယ်ကြင် (၁၈)နှစ် သမီးခန့်မှစ၍ အိမ်ထောင်မပြုရန် အိပ်မက်ပေးခဲ့ပြီး (၂၉)နှစ်တွင် ပြန်လည် ဆုံတွေ့ခဲ့ပါသည်။

ဆရာတော်ကြီး မတ္တရာတွင် ရုပ်စွန့်ပြီး ရောဝတီတိုင်း ဒေသကြီးအတွင်း နှစ်(၄၀)နီးပါး လှည့်လည်ဘုရားတည်ခြင်း၊ ပဋ္ဌာန်းဆက်များနှင့် ဆုံတွေ့ခြင်း၊ သာသနာပြုခြင်း ပြုခဲ့ပါသည်။

မူလ ရက္ကန်းစင်တောင်(အဘိုးရက္ကန်း) ဘွဲ့ဖြင့် ပုသိမ်ကို ဗဟိုပြု၍ သာသနာ ပြုခဲ့ပါသည်။ ရက္ကန်းစင်တောင် ဆရာတော်ကြီးမှာ ပဒုမုတ္တရာဘုရား လက်ထက်တွင် မျောက်မင်းဘဝဖြင့် ဗျာဒိတ်ခံယူရင်း ဝိရိယမိက အလောင်းတော်ဘွဲ့ခံ ဘုရားဆုပန်ခဲ့ပါသည်ဟု ဆိုပါသည်။

သာသနာပြု သမီး မယ်သိုက်(ဒေါ်) မယ်ကြင်အား (၃၂)လုံး ဗောဓိပုတီးနှင့် ဆေးပေါင်းစုံပေးခဲ့ပါသည်။ အင်းပဝါ လည်း ပေးခဲ့ပါသည်။ မီးလောင်လျှင် လောင်ရာဘက်မှန်း၍ အင်းပဝါဖြင့် ဘုရားစင်ရှေ့တွင် ဝှေ့ယမ်းပေးရပါသည်။

ရွှေပြာ၊ ငွေပြာ၊ ပေါက်ဥဆေးနှင့် သွေးဆေး၊ ဣန္ဒာနီလာနှလုံးဆေးတို့ လည်း ပေးပါသည်။ ရွှေပြာကွမ်းရိုး တစ်တို့စားခြင်း၊ သနပ်ခါးလိမ်းရာတွင် ကွမ်းရိုးတစ်တို့ ထည့်လိမ်းခြင်းဖြင့် အသားအရေ နုပျိုပါသည်။ ချက်ချင်း အသားရောင် ဝင်းပလာပါသည်။

သွေးဆေးမှာ မန်ကျည်းစေ့ခန့် သောက်လျှင် နှလုံးငြိမ်ပြီး အိပ်ပါသည်။ တစ်ပတ်ခန့် အိပ်ရေးပျက်ခံနိုင်ပါသည်။ နှလုံးအလွန်ခုန်ပါက ဣန္ဒာနီလာနှလုံးဆေး မန်ကျည်းစေ့တစ်ဝက်ခန့်စားလျှင်ပင် နှစ်များစွာ ရင်တုန် ပျောက်ပါသည်။

၂၀၁၀ခုနှစ်၊ ဇန်နဝါရီလ (၅)ရက်နေ့တွင် အဘိုးယက္ကန်းရုပ် စွန့်သွားပါသော်လည်း ဆုတောင်းဆက်၊ ပဋ္ဌာန်းဆက်သားသမီးတို့အား ပြသခြင်း၊ အိပ်မက်ပေးခြင်း၊ မနောဓာတ်ပေးခြင်း ပြုပါသည်။

ယခုအချိန်အခါလို ကမ္ဘာကြီး၏ ရာသီဥတုဖောက်ပြန်ဆိုးဝါးမှု၊ လူသားတို့၏ ကြီးမားရှုံရာဖွယ် လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနများကား အလွန်ထူပြောလှသဖြင့် **ကျေးဖူးရှင် ရွှေပေါ်ကျွန်း (မူလ) ဆရာတော်ဘုရားကြီးမှ** ကမ္ဘာကြီးကို ချ,မည့် မ,မည့် နတ်မင်းကြီး(၁၅)ပါးကိုလည်း ဘိုးတော်သိကြားနှင့်အတူ ထည့်သွင်း မေတ္တာပို့သဖို့ မှာခဲ့ပါသည်။

အဘိုးရက္ကန်းမှလည်း အခြားသော သူတော်သူမြတ်များနည်းတူ...

ရတနာသုံးပါး၊
သရဏဂုံသုံးပါး၊
ငါးပါးသီလမြဲကြဖို့ မိန့်ပါသည်။

သာမညဲ ဆရာတော်ကြီး မှလည်း အမဲသားရှောင်ဖို့၊ "အမဲသား(ကျွဲ၊ နွား)စားက ငါတို့ စောင့်ရှောက်လို့ မရဘူး" ဟု မိန့်ဖူးပါသည်။ လယ်တီ(မူလ) ဆရာတော်ဘုရားကြီး၏ အမဲသား ရှောင်၍ ရွတ်ဆို သောဂါထာမှာ...

'ဥုံ လေးကျွန်း ဇမ္ဗူလေးဆူဘုရား လေး တံခါးကို လေးပါးစောင့်၏။
ဥုံ ဗုဒ္ဓံကာ၊ ဥုံ ဓမ္မံကာ၊ ဥုံ သံဃံကာ၊ သောဥ တ္တိ မာတာပီတ အာစရိယောကာ ဆရာကာ'

ဟု ရွတ်ရန် မိန့်ပါသည်။

မူလ ရက္ကန်းစင်တောင်(အဘိုး ရက္ကန်း)၏...

သရဏဂုံ(၃)ပါး (တစ်ပတ်စီ)၊
ဂုဏ်တော်ကိုးပါး (တစ်ပတ်စီ)
ပေါင်း (၃+၉=၁၂)ပတ် စိပ်နိုင်းပါသည်။ အလွန် ထူးပါသည်။

ဝိဇ္ဇာဆရာများနှင့် သူတော်သူမြတ်များကလည်း မေတ္တသုတ်၊ သိကြားမင်းသက်စောင့်ဂါထာ (ဝေဒါသာကု) ရွတ်နိုင်းပါသည်။ သည်းခံခြင်း၊ မေတ္တာပို့ခြင်း အဓိက လုပ်ရပါမည်။

ရရှိလာသော လူ့ဘဝကို တန်ဖိုးရှိစွာ သုံး၍ ကောင်းကျိုးအမြန် ရရှိကြပါစေ။

**ဒေါ်မယ်ကြင်**
*(တိုင်း/ရော)*



www.burmeseclassic.com

www.burmeseclassic.com





# အလောင်းထမ်းမွေးခြင်း

## နှင့် ပတ်သက်၍ သိသမျှ တင်ပြပါရစေ

၂၀၁၃ ခုနှစ်၊ မတ်လထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင်ပါသော ဆောင်းပါးရှင် **နတ်မောက် လှမြင့်သစ်**၏ ''အလောင်းထမ်းမွေးခြင်း'' ဟူသော ဆောင်းပါးကို မေလထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် **ညွန့်ဝင်း (နတ္တလင်း)**က **''အလောင်းထမ်းမွေးခြင်းနှင့် ပတ်သက်၍ သိသမျှ ဖြေလိုက်ပါသည်''** ဟူသည့် အဖြေပေးထားသည့် ဆောင်းပါးကို ဖတ်လိုက်ရသည်။

ထို့ပြင် ဆောင်းပါး၏ အဆုံး၌ **''ဤကဲ့သို့ အလောင်းထမ်းမွေးခြင်းကိစ္စရပ်များအတွက် ကုသိုလ်ကံမြင့် ယတြာ အစီအရင်များရှိပါက သိရှိသူသုတေသီပညာရှင်များမှ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ တစ်ဆင့် ရေးသားကြပါရန် မေတ္တာရပ်ခံအပ်ပါသည်''** ဟူသော ဦးကျော်မိုးသိန်း (စာတည်းချုပ်)၏စာကိုလည်း ဖတ်လိုက်ရသောကြောင့်...

ပညာလိုလားသော စာရှုသူအားလုံးတို့ ဉာဏ်ပညာပွင့်လန်း၍ ဗဟုသုတ ရရှိကြစေရန်အတွက် ရည်ရွယ်ကာ စာရေးသူ မျက်မြင်ကိုယ်တွေ့ကို ရေးသားတင်ပြလိုက်ပါသည်။

*   *   *

စာရေးသူ၏ ဆရာဖြစ်သာ နက္ခတ္တဗေဒင်ပညာရှင်ကြီး ဦးလှမြိုင်တွင် သား(၄)ယောက်၊ သမီး(၁)ယောက် ရှိသည်။ ဆရာကြီး၏ သမီး(၃)နှစ်အရွယ်တွင် ယတြာတစ်ခုကို အသုံးပြုခဲ့သည်။ ထိုယတြာအစွမ်းကြောင့် ဆရာကြီး၏သမီးမှာ ယခုအချိန်အထိ သက်ရှိထင်ရှား နေထိုင်နေလျက်ပင်။

ဆရာကြီး၏ သားသမီး(၅)ယောက်စလုံး သက်ရှိထင်ရှား ရှိနေပေမယ့် ဆရာကြီးနှင့် ဆရာကတော်တို့ ကွယ်လွန်သွားခဲ့သည်မှာ (၁၅)နှစ်ပင် ရှိနေခဲ့ပေပြီ။

ဆရာကြီး အသုံးပြုခဲ့သော ကုသိုလ်ကံမြင့်ယတြာမှာ သီလရှင်လေးအား အကျိုးအကြောင်းပြော၍ သမီးအား သီလရှင်လေးကို ရောင်းလိုက်ခြင်း ဖြစ်ပေသည်။ သီလရှင်လေးကလည်း လက်ခံ၍ ဝယ်ပြီးနောက်...

'ယခုအချိန်မှစ၍ ဤသမီးလေးသည် သီလရှင်လေးပိုင်သော သမီးဖြစ်ပေပြီ။ သို့သော်လည်း သာသနာ့ဘောင်နှင့် မအပ်စပ်သောကြောင့် သီလရှင်လေး၏ သမီးကို အကာကြီးတို့မှ အခကြေးငွေယူ၍ ပြန်လည် ထိန်းသိမ်း စောင့်ရှောက်ပေးထားပါ'

ဟု ပြော၍ ကလေးကို ပြန်လည် ပေးအပ်ခဲ့သည်။

တစ်လပြည့်တိုင်း ဆရာကြီး (ဦးလှမြိုင်)ထံသို့ သီလရှင်လေးလာတိုင်း ဆရာကြီးတို့ ဇနီးမောင်နှံတို့မှ ပေးလှူသော ဝတ္ထုငွေကို တစ်ဝက်ခွဲ၍ ကလေးကို စောင့်ရှောက်ထိန်းသိမ်းခအဖြစ် ပြန်လည်ပြီး စွန့်ခဲ့သည်။ အမြဲတမ်းပင် ဖြစ်သည်။

အထက်ပါ အကြောင်းအရာမှာ ဆရာကြီး မကွယ်လွန်မီက ပြောပြခဲ့သော အကြောင်းအရာများ ဖြစ်ပေသည်။ ယုံပါလို့တော့ အတင်းမတိုက်တွန်းပါ။ ကြုံလာလျှင် သုံးကြည့်ပါ။ လက်တွေ့ သိလာပါလိမ့်မည်။

*ပညာကို သေရွာသို့ ယူမသွားကြေး*

**ထူးသစ်လွင် (မြို့ဦး)**



www.burmeseclassic.com

www.burmeseclassic.com

# ကော့ပေါက်ဆရာတော်

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ

# အရှင်ဥတ္တမ နှင့်

## ကြည်ညိုဖွယ်ရာ ဖြစ်စဉ်တော် ဘဝခရီးလမ်း (၁)

စင်ဦးလယ်

### နိဒါန်း

ခရစ်နှစ် ၂၀၀၀ ပြည့်နှစ်ကာလက ဖြစ်သည်။ ပေါင်မြို့၊ ဇော်လေးပင်လမ်းနေ မိတ်ဆွေ ကိုစိုးဝင်းနှင့် စကားစပ်မိရာမှ "ကော့ပေါက်" ဆရာတော်ကြီးအကြောင်း စတင် ကြားသိခဲ့ရခြင်း ဖြစ်သည်။

'အခု ဘယ်ခရီးက ပြန်လာတာလဲ'

**'သံဖြူဇရပ်မြို့နယ်က အသက် (၁၀၃)နှစ် ရှိပြီဖြစ်တဲ့ ဝယ်ဝင်ကရာ ဆရာတော်ကြီး** ပူဇော်မှုခရီးက ပြန်လာတာပါ'

'မော်လမြိုင် ဆရာအတတ်သင်သိပ္ပံ (ယခု ပညာရေးကောလိပ်)ဝင်းထဲက ကော့ပေါက်ဆရာတော်ကြီးလဲ အခုဆိုရင် (၁၀၅)နှစ်ရှိပြီ။ ကျွန်တော်တော့ မကြာခဏ သွားဖူးဖြစ်တယ်။ ကုသိုလ်တော့ ရပါရဲ့ လိုချင်တဲ့ တခြားတစ်ခုက အခုအထိ မရသေးဘူး'

'ခင်ဗျားလိုချင်တာက ဘာများလဲ'

'ဆရာတော်ကြီးစွန့်တဲ့ ဓာတ်လုံးဗျား လူတိုင်းကို စွန့်တာမဟုတ်ဘူး။ တောင်းတိုင်းလဲ မရဘူး။ သူ စွန့်ချင်ရင် ဟိုးထောင့်စွန်းမှာ ကုပ်ကုပ်ကလေး မထင်မရှားရှိနေသူ ဖြစ်ပေမယ့် လက်ညှိုးထိုးခေါ်ယူပြီး စွန့်လေ့ရှိတယ်'

'ဓာတ်လုံးက ဘာသိဒ္ဓိတွေ မြောက်သတဲ့လဲ'



သက်တော်(၁၀၈)နှစ်အရွယ်က မှတ်တွေ့ရသော ကော့ပေါက်ဆရာတော်ပုံ

'လက်ခံရသူပေါ် မူတည်တယ်။ တချို့က သာသနာပြုလုပ်ငန်းတွေ အဆင်ပြေလာတယ်။ တချို့က စီးပွားရေး၊ အိမ်ထောင်ရေး၊ ကျန်းမာရေး စသဖြင့် အကျိုးခံစားရတာချင်း မတူကြဘူး။ ဆရာတော်က လုပ်ရေးပညာ





www.burmeseclassic.com

www.burmeseclassic.com



◆ သာသနဓဇာတကကျောင်း ဆရာတော် အရှင်ဓါနိတာစာရ

မှာ တစ်ဖက်ကမ်းခတ်တယ်လို့ ဆိုကြတယ်'

'ဒီအတိုင်းဆိုရင်တော့ သူတစ်ပါးရဲ့ စိတ်အကြံကို သိတယ်လို့ ယူဆရတယ်။ ကျွန်တော်လဲ ဖူးချင်မြင်ချင်ပါတယ်'

ဤသို့ဖြင့် မော်လမြိုင်မြို့၊ သံလွင်မြစ်ကမ်းနံဘေးရှိ မန္တလေးရပ်ကွက်၊ ဆရာအတတ်သင်ကျောင်းဝင်းအတွင်းရှိ ကော့ပေါက်ကျောင်းကလေးသို့ သွားရောက်ဖြစ်ခဲ့သည်။

ကျောင်းမှာ တစ်ပါးကျောင်းကလေးဖြစ်ကာ ခမည်းတော်,မယ်တော်တို့ နေထိုင်ခဲ့ကြရာ အိမ်ကလေးကို ဖျက်၍ ကျောင်းဆောက်ထားခြင်း ဖြစ်သည်။ ၁၉၄၆ ခုနှစ်မှ စတင် ဆောက်လုပ်ခဲ့သည်ဖြစ်ရာ အိုဟောင်းဆွေးမြည့်လာသောကြောင့် တပည့်ဒါယကာများက ကျောင်းကြီးရနိုင်အသစ် ဆောက်လုပ်လှူဒါန်းလိုသော်လည်း ခွင့်ပြုတော်မမူချေ။

မိဘများ၏ကျေးဇူးကို ဆပ်သည့်အနေဖြင့် ဤကျောင်းအိုကလေးတွင်သာ အသက်ထက်ဆုံး သီတင်းသုံးသွားလိုသည်ဟု မိန့်တော်မူလေသည်။

ထို့ကြောင့် လှေကား၊ ကုဋီ၊ ဆွမ်းချက်ဆောင် စသော အရေးကြီးသည့် အစိတ်အပိုင်းများကိုသာ အကြိမ်ကြိမ် ခွင့်တောင်းပြီးနောက် ပြုပြင် လှူဒါန်းခွင့်ရကြလေသည်။

ကျောင်းပေါ်သို့ ရောက်ရှိသောအခါ ဆွမ်းဘုဉ်းပေးချိန် ဖြစ်သောကြောင့် ဒါယကာပရိသတ် အတန်ငယ် များပြားစွာ တွေ့ရသည်။ ဆွမ်းဟင်းခွက်များ သုံးဆယ်ကျော်ခန့် တွေ့ရလျက် ဆရာတော်က ဆွမ်းဟင်းခွက်တိုင်းမှ အနည်းငယ်စီ စေ့ငုအောင် ခပ်ယူဘုဉ်းပေးတော်မူသဖြင့် ဆွမ်းကပ်သူဒါယကာများလည်း ကျေနပ်ဝမ်းမြောက်ကြသည်။

ဆွမ်းဘုဉ်းပြီးသောအခါ အုန်းနို့ (အုန်းသီးဆန်ဖတ်ကို အရည်ညှစ်ကာချက်ထားသည်။) သပိတ်တစ်လုံးစာမျှနှင့် ဓာတ်လုံးစိမ်ထားသော **"ရေအင်" (မော်လမြိုင် ဒေသိယဝေါဟာရ ဖြစ်သည်။ "မောင်းထောင်ချိုင့်"ကို "ရေအင်"ဟု ခေါ်တွင်ကြသည်။)** တစ်လုံးစာ လက်ဖက်ရည်ကြမ်းတို့ကို တစ်လှည့်စီ ကျိုက်၍ ဘုဉ်းပေးခြင်း၊ စကားပြောရင်းဖြင့် အားလုံး[illegible]သော အခါ ဆွမ်းကိစ္စပြီးလေပြီ





www.burmeseclassic.com

www.burmeseclassic.com

လာရောက်ဖူးမြော်သမျှ ပရိသတ် ဒါယကာအားလုံး ကျောင်းအောက် ပြန်ဆင်းကြရသည်။ တစ်နေ့တာ ဖူးမြော်ခွင့်ပေးသည့် အချိန်စေ့လေပြီ။ ကျောင်းကလေးပေါ်တွင် ဆရာတော် တစ်ပါးတည်းသာ ကမ္မဋ္ဌာန်း ကျင့်ကြံ ပွားများတော်မူလေသည်။

အုန်းနို့ကို ကျောင်းခေါင်းရင်းရှိ အုန်းပင်မှ အုန်းသီးကိုသာ ခူးယူ၍ ဆီပြန်အောင် ကျိုချက်ပေးရသည်။ အခြားအပင်မှ အုန်းသီးကို ကျိုချက် ကပ်လှူပါက ထိကိုင်ခြင်း မရှိပေ။ နှုတ်မှဖွင့်ဟပြောဆို၊ ပြစ်တင်ခြင်းမရှိသော်လည်း ဆရာတော်က အလို အလျောက် သိရှိနေကြောင်း ရိပ်မိကာ နောင်တွင် မကပ်ဝံ့တော့ဟု ကပ္ပိယက ပြောပြသည်။

သက်တော် တစ်ရာကျော်ပြီဖြစ်သောကြောင့် အုန်းနို့ဆီကို ဘုဉ်းပေးရန် မသင့်ကြောင်း ဆရာဝန်ကြီးများက လျှောက်ထားကြသော်လည်း **"ငါ ကျန်းမာပါတယ်"**ဟုသာ ပြန်ဖြေသည်ဆို၏။

ထိုသို့ အုန်းနို့နှင့် ရေနွေးကြမ်း ဘုဉ်းပေးနေစဉ်ကာလတွင် မိမိလာရင်းကိစ္စကို လျှောက်ထားရသည်။

'တပည့်တော် နက္ခတ္တရောင်ခြည် မဂ္ဂဇင်းက နယ်လှည့်အယ်ဒီတာပါ။ ဆရာတော့်အကြောင်း ဆောင်းပါး ရေးသား ပူဇော်လိုပါတယ် ဘုရား'

'ဟေ လွန်ခဲ့တဲ့ နှစ်,နှစ်ကပဲ မင်းတို့ မဂ္ဂဇင်းက "အောင်ဇ"ဆိုတာလာပြီး သွားပြီလေ။ ဒီကောင် ရေးလိုက်မှပဲ ငါ့ဘာသာ ဒီလောက်ကြီးကျယ်တဲ့ ပုဂ္ဂိုလ်ဆိုတာ သိရတော့တယ်'

ဆရာတော်က အားပါးတရ ရယ်မောတော်မူသည်။ ပြီးနောက်...

'ဒီလောက်တောင်လဲ မဟုတ်သေးပါဘူး။ ကဲ မင်းကကော ဘာလိုချင်သလဲ'

'လက္ခဏာတော်ပုံစံ ကူးချင်ပါတယ်။ ထေရုပ္ပတ္တိအကျဉ်းလဲ မိန့်ကြားပေးပါဘုရား'

ဆရာတော်က ကြည်ဖြူစွာပင် မိန့်ကြား ကူညီပေးတော်မူခဲ့သည်များကို ထိုစဉ်က နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာမျက်နှာများပေါ်တွင် ပူဇော်ဖော်ပြနိုင်ခဲ့လေသည်။

## မှတ်ဉာဏ်အားကောင်းသည့် ဆရာတော်

ဆရာတော်သည် သက်တော် တစ်ရာကျော်သော်လည်း ကျန်းမာရေး ကောင်းသကဲ့သို့ မှတ်ဉာဏ်လည်း အလွန်ကောင်းမွန်သည်။ ဤကဲ့သို့ လွန်ခဲ့သော နှစ်,နှစ်ကကိစ္စ မဆိုထားနှင့်။ ငယ်ရွယ်စဉ်က အဖြစ်အပျက်များကိုလည်း ပြန်လည် မိန့်ကြားတော်မူလေ့ ရှိသည်။

ကျိုက္ခရောမြို့၊ ပိန္နဲကုန်းရွာအနီးရှိ သီဟိုဠ်စမ်းတောရ ဆရာတော် ဦးကဥ္စနက သူ၏ အတွေ့အကြုံကို ဤသို့ ပြောပြခဲ့သည်။

'၁၉၈၀ ပြည့်နှစ်လောက်က အဂ္ဂိရတ်ကိစ္စတစ်ခုအတွက် ကော့ပေါက်ဆရာတော်ကြီးဆီသွားပြီး အကြံဉာဏ်တောင်းရတယ်။ ဆရာတော်ကြီးက တစ်ပါးကျောင်းမှာ စတင် သီတင်းသုံးကတည်းက လူသူပရိသတ် အဖူးအမြော်မခံဘူး။ အစပိုင်းမှာ ဆွမ်းခံထွက်တော့ ဆွမ်းဟင်းမရဘူး။ ဆွမ်းထမင်းကို ရေဆမ်းပြီး ဘုဉ်းပေးရတယ်။

တဖြည်းဖြည်းနဲ့ ဆရာတော်ကြီးရဲ့ သိက္ခာသမာဓိကို ကြည်ညိုပြီး ဆွမ်းပို့လာတဲ့အခါ ကပ္ပိယတစ်ဦးထားပြီး ဆွမ်းကပ်ရတယ်။ အပြင်လူနဲ့ စကားမပြောတော့ဘဲ တစ်ပါးတည်း ရှုမှတ်အားထုတ်တယ်။

အရေးတကြီးကိစ္စရှိရင် ကပ္ပိယက တစ်ဆင့် လျှောက်ထားတဲ့အခါ အဖူးအမြော်ခံပါတယ်။ "ကော့ပေါက်" ကျောင်းကလေးမှာ သီတင်းသုံးလို့ တစ်နှစ်လောက်အကြာ ၁၉၄၇ ခုနှစ်၊ မြန်မာနိုင်ငံ လွတ်လပ်ရေးရခါနီးအချိန် နိုင်ငံရေး မငြိမ်မသက်ဖြစ်ချေ့ မော်လမြိုင်မြို့လူထုလဲ အငြိမ်းဘေး




◆ အရှင်မာနိတာစာရသီတင်းသုံးရာ သုသာန်တွင်းမှ တဲကျောင်း



www.burmeseclassic.com

www.burmeseclassic.com



◆ ဇမ္ဗူအောစေတီတော်ကြီး

ဒုက္ခကြုံရတယ်။

အဲဒီအခါ ဆရာတော်က ဇာတိမွေးရပ် ကော့ပေါက်ရွာက ဆန်တွေ အကြွေးဝယ်ပြီး တုန်ကင်းလှေနဲ့ အပြည့်တင်လာပြီး မော်လမြိုင်မှာ ဝေငှပေးခဲ့တယ်။ တစ်ပါးတည်းနေပြီး ကျင့်ကြံပေမယ့် ဒီလိုအရေးကိစ္စတွေမှာတော့ တတ်နိုင်သမျှ အားပေး ကူညီတော်မူပါတယ်။

ဒါကို ကြားသိရတဲ့ ကျိုက္ခမီခရိုင်၊ မော်လမြိုင်မြို့ ဒုတိယကော်မရှင်နာရုံးက အင်္ဂလိပ်မြို့ပိုင် J.M Russel I.C.S ဂျေအမ်ရပ်ဆဲလ်(အိုင်စီအက်)က ဆရာတော်ရဲ့ မေတ္တာစေတနာတော်ကို လေးစားလို့ဆိုပြီး ဂုဏ်ထူးဆောင်မှတ်တမ်းကို ကိုယ်တိုင် ဆက်ကပ်လှူဒါန်းခဲ့ပါတယ်။

ကျုပ်တို့လို ကိုယ်ရေးကိုယ်တာ အရေးကြီးတဲ့ကိစ္စတွေလဲ ဖြေရှင်းပေးပါတယ်။ မီးကို ဘယ်လိုပေး၊ ဘယ်နှစ်အုပ်ထိုး စသဖြင့် ညွှန်ကြားတော်မူတယ်။ နောက်တော့ "**ဆယ်နှစ်ကြာရင်ပြန်လာ**"ဆိုပြီး သူ့အလုပ်သူ ဆက်လုပ်နေတော့တာပဲ။ ကျုပ်လဲ အလိုက်တသိနဲ့ ပြန်လာပြီး ညွှန်ကြားတဲ့အတိုင်း ဆက်လုပ်၊ ဆယ်နှစ်ပြည့်တော့ပြန်သွားတယ်။

ဆွမ်းဘုဉ်းချိန် ရောက်သွားတာ။ ဆွမ်းကိစ္စပြီးပြီလား၊ ဘယ်ကလာသလဲ ဘာကိစ္စလဲ စသဖြင့် တစ်ခွန်းမှ မမေးဘူး။ "**ပျားရည်ထဲထည့်စိမ် (၆)လပြည့်ရင် လိုရာသုံး**"လို့ပဲ တိုရှင်း မိန့်ကြားတော်မူပါတယ်။'

ကော့ပေါက် ဆရာတော်ကြီးသည် မန္တလေးရပ်ရှိ ကော့ပေါက်ကျောင်းခေါ် တစ်ပါးကျောင်းကလေးတွင် ၁၉၄၆ ခုနှစ် (သက်တော်-၆၁နှစ်အရွယ်)မှ စတင်ကာ တစ်ပါးတည်း ကျင့်ကြံအားထုတ်တော်မူကာ သက်တော်(၁၀၀)ပြည့်ချိန် ၁၉၉၅ ခုနှစ်တွင်မှ ဆွမ်းဘုဉ်းချိန်တွင် ပရိသတ် ဒါယကာအများကို ဖူးမြော်ခွင့်ပေးကာ မေးလျှောက် အကူအညီတောင်းသမျှကိုလည်း ဖြေကြားကူညီပေးတော်မူကြောင်း ဦးကဥ္စနက မိန့်ကြားတော်မူခဲ့သည်။

ကော့ပေါက် ဆရာတော်ကြီးသည် တစ်ကြိမ်တွေ့ဖူးသည်နှင့် နှစ်ကာလမည်မျှကြာမြင့်စေကာမူ အမည်နေရပ်တွေ့ဆုံခဲ့သော အချိန်၊ နာရီတို့သည် တိကျစွာ ထုတ်ဖော် ပြောကြားနိုင်

www.burmeseclassic.com

www.burmeseclassic.com

သည်ဟု သိရလေသည်။

### ကျေနပ်ဝမ်းမြောက်ရသူအချို့

ပေါင်မြို့ ရင်းငြိမ်ကျေးရွာမှ မောင်ကျော်မြင့်သည် ဆရာတော်၏ သီလဂုဏ်သီတင်း မွှေးရနံ့ကြောင့် သွားရောက်ဖူးမြော်ရန် အာသီသ ပြင်းပြစွာ ဖြစ်ပေါ်၏။

သို့သော် "ဆရာတော် ကျောင်း၌ ရှိပါ့မလား။ ရှိပါကလဲ ဖူးမြော်သူများပြားသဖြင့် တွေ့ဆုံမေးလျှောက်ခွင့် ရပါ့မလား"စသည်ဖြင့် တွေးတောပူပန်ကာ မတိုင်မီ တစ်ညလုံး အိပ်စက်၍ မပျော်နိုင်ဘဲ ဆရာတော်ကြီးအား မေတ္တာအထပ်ထပ် ပို့သနေမိသည်။

နောက်တစ်နေ့တွင် ကော့ပေါက်ကျောင်းသို့ သွားရောက်ရာ ကျောင်းပေါက်ဝရောက်သည်နှင့် **"ဟော လာခဲ့၊ တစ်ညလုံး မေတ္တာပို့နေတဲ့ကောင်"**ဟု ရင်းနှီးစွာဖြင့် ရှေ့တော်မှောက်သို့ ခေါ်ယူခြင်းခံရလေသည်။

ကဒါရပ်ကွက်နေ ကိုစန်းငွေကား အစိုးရဝန်ထမ်းဖြစ်သည့် အားလျော်စွာ ရုံးပိတ်ရက် တနင်္ဂနွေနေ့တွင် ကာကတစ်ငါးသုံးကောင်ကိုကောင်းစွာ ကြော်လှော်၍ ဆရာတော်အား ဆက်ကပ်ရန် သွားကြသည်။ ထိုစဉ်က သံလွင်မြစ်ကူး တံတား မရှိသေးသဖြင့် ဇက်-ဖဝ ရေယာဉ်ဖြင့် သံလွင်မြစ်ကို ဖြတ်ကူးရသည်။

သံလွင်မြစ်မှာ ရေစီးကြောင်း အခြေအနေ၊ ရာသီဥတုအခြေအနေအရ ပုံမှန်အချိန်ထက် ပို၍ ကြာမြင့်စွာ ခုတ်မောင်းရလေရာ ဆွမ်းချိန်မမီမည်ကို စိုးရိမ်မိသည်။ ထို့ကြောင့် ကိုစန်းငွေက...

'ဆရာတော်ကြီး တပည့်တော် သန့်ရှင်းသော ဝပ်ငွေဖြင့် ဆွမ်းကပ်ရန် ငါးများ ကြော်လာ



သာသနဓဇတကကျောင်း အဝင်မုခ်

ပါသည်။ ဘုဉ်းပေးတော်မူပါဘုရား'

ရည်မှန်းကန်တော့လေသည်။

ရေယာဉ်ကမ်းကပ်၍ အလျင်အမြန် သွားရောက်ရာ ကော့ပေါက်ကျောင်းသို့ (၁၁)နာရီ(၂၀)မိနစ်တွင် ရောက်ရှိသည်။ ဆရာတော်က **"လာကြဟော့ အဲဒီငါးကြော်ယူခဲ့ ဆွမ်းပွဲပြင်ကြ"** ဟု မိန့်တော်မူသည်။

ဆရာတော်သည် (၁၁)နာရီထိုးသည်နှင့် ကပ္ပိယအား ဆွမ်းပွဲပြင်ရန် စေခိုင်းလေ့ရှိသော်လည်း ဤနေ့တွင် (၁၁)နာရီကျော်သည့်တိုင် ဆွမ်းပွဲပြင်ရန် မိန့်ကြားခြင်း မရှိသဖြင့် အံ့သြနေသော ကပ္ပိယကြီးလည်း ထိုအခါမှပင် အဖြေပေါ်လေတော့သည်။

မိမိအား လိုက်ပါကူညီပေးသူ ကိုစိုးဝင်းမှာ ဆရာတော့်ထံမှ ဓာတ်လုံးစွန့်ရန် ဆန္ဒရှိ၏။ သို့သော် နှုတ်မှဖွင့်ဟတောင်းဆို လျှောက်ထားရန် မဆိုထားလင့် စိတ်တွင်းမှပင်လျှင် လျှောက်ထားမှုမရှိကြောင်း သိရသည်။ ထို့ကြောင့် ဤသို့ အကြံပေးမိသည်။

'ကျွန်တော် သွားလာနေရတဲ့ စာပေခရီးတစ်လျှောက်မှာ ထင်ရှားလှသိမျှားတဲ့ ဆရာတော်၊ မယ်တော်၊ သာသနာပြု ပုဂ္ဂိုလ်ကျော်တွေ အများကြီး ပါဝင်ပါတယ်။ အဲဒီအခါ မသွားမီအချိန်ကတည်းက မေတ္တာပို့အမျှဝေပြီး အဆင်ပြေစွာ လက်ခံတွေ့ဆုံခွင့်ပေးဖို့ လျှောက်ထားလေ့ရှိတယ်။

စိတ်တွင်းက ကြိုတင်လျှောက်ထားခဲ့သလို တကယ်ဆုံတွေ့ရတဲ့အခါ အဆင်ပြေတတ်ပါတယ်။ တချို့ ပုဂ္ဂိုလ်ထူးတွေကျတော့ မျက်နှာချင်းဆိုင် လျှောက်ထားပြောဆိုဖို့ အခွင့်မသာတဲ့အခါ စိတ်ထဲက လိုချင်တာ လျှောက်ထားပြီး မျက်နှာတော်ကို စေ့စေ့ကြည့် ဖူးမြော်တယ်။ အဲဒီအခါ လိုရာဆန္ဒပြည့်အောင် ဖြည့်ပေးတော်မူပါတယ်'

သို့ဖြစ်ရာ ကိုစိုးဝင်းလည်း မသွားမီ ညကပင် . ဆရာတော်အား ရည်မှန်း ကန်တော့လျက် အကျိုးသိဒ္ဓိ ပြီးမြောက်စေမည့် ဓာတ်လုံးရရှိလိုကြောင်း ကြိုတင်လျှောက်ထားဖြစ်ခဲ့သည်။


ရှေ့လ ဆက်ဖတ်ပါရန်

**ဖင်ညိုငယ်**



www.burmeseclassic.com

www.burmeseclassic.com



◆ ဂမ္ဘီရ(၂)ပေါက်သီးနှင့် ကျောက်မိုးကြိုးသွား

ရောမြေ ကျော်ဝေ

ဆေးစွမ်းထက်မြက်သော

# ဂမ္ဘီရ သိဒ္ဓိဝင် ပစ္စည်းနှစ်မျိုး

(၉-၂-၂၀၁၃)ရက်နေ့ တစ်နေ့၏ နေ့လယ်ခင်းတွင် စာရေးသူ၏ တပည့်ဖြစ်သူ မောင်ထွန်းထွန်းသည် ထူးဆန်းသော ဆေးဖက်ဝင် ဂမ္ဘီရပစ္စည်းနှစ်ခုဖြင့် ရောက်ရှိလာပါသည်။

မောင်ထွန်းထွန်းက စာရေးသူ၏ဇနီး ဒေါ်မြင့်မြင့်ဌေးအား...

'အစ်မ...ဆရာရှိလား။ ကျွန်တော် သိဒ္ဓိဝင်ပစ္စည်းနှစ်ခု ဆရာကျော်ကို ပြချင်လို့'

ဟု ပြောသောအခါ ဇနီးဖြစ်သူကလည်း...

'နင့်ဆရာဗိုကျော် အိမ်ခန်းထဲက သူ့စားပွဲမှာ စာရေးနေလေရဲ့'

ဟု ပြောပြီး စာရေးသူကို ကိုထွန်းထွန်း ရောက်နေသည့်အကြောင်း လှမ်းပြောပါသည်။

စာရေးသူကလည်း ရေးလက်စ ဆောင်းပါးတစ်ပုဒ်ကို ဖိုင်ထဲတွင်ညှပ်ပြီး ဧည့်ခန်း ထွန်းထွန်းရှိရာသို့ ထွက်လာခဲ့ပါသည်။ ထွန်းထွန်းက...

'ဆရာကျော် ဂမ္ဘီရပစ္စည်းလေးတွေကို ကြည့်စမ်းပါဦး။ ဆရာကျော် ကြည့်ပြီးမှ ဒီပစ္စည်းတွေ ဆေးဖက်ဝင်ပုံ၊ အသုံးပြုပုံကို ကျွန်တော် ပြောပြပါ့မယ်'

ဟု ပြောပြီး ပစ္စည်းများကို ပြသပါသည်။

'ထွန်းထွန်း မင်း ဒီကျောက်မိုးကြိုးသွားနဲ့ နှစ်ပေါက်ပါတဲ့ဟာ ဘယ်က ရသလဲ'

ဟု စာရေးသူမှ မေးသောအခါ ထွန်းထွန်းသည် ရယ်ဖြဲဖြဲဖြင့်...

'ဒီပစ္စည်းလေးတွေက ကျွန်တော့် ဦးလေး ဦးမင်းဌေးရဲ့ အမှတ်တရပစ္စည်းလေးတွေပါ။ ဦးလေးက ဆေးကုတယ်လေ။ ဂမ္ဘီရပညာတွေလဲ လိုက်စားပါတယ်။

သူ သေဆုံးမှ ကျွန်တော် အမွေရထားတဲ့ ပစ္စည်းလေးတွေပါ။ ဦးလေးက မသေခင် ဆေးကုသတဲ့ တိုင်းရင်းဆေးဆရာတစ်ယောက်ပါ။

ကျွန်တော် နံပါတ်(၁) ကျောက်မိုးကြိုးသွား အသုံးဝင်ပုံကို ပြောပြပါ့မယ်။ ဆရာလဲ ရေးမှတ်ထားပေါ့။ အကြောတက်သမားတွေကို ကျွန်တော် ကုပေးတာ (၄)ယောက်မြောက် ပျောက်ကင်းသွားပြီ။

ကျွန်တော်ကိုယ်တိုင်လဲ အကြော



www.burmeseclassic.com

www.burmeseclassic.com



မောင်ထွန်းထွန်းနှင့် ဂန္ဓာရပစ္စည်းများ

တက်ရင် **ဗုဒ္ဓ၊ ဓမ္မ၊ သံဃ** ရွတ်ပြီး ဝေဒနာတက်နေတဲ့ အကြောကို (၉) ကြိမ် အသွားနဲ့ ဖိနှိပ်ပြီးကုတာ လက်တွေ့ပျောက်ပါတယ်ဆရာ။

သက်တန့်တို့၊ ပေါင်တွင်းအကျိတ်တို့၊ မော်နာ (ခေါ်) အပူနာတို့ကို ဂုဏ်တော်(၉)ပါး ရွတ်ပြီး မိုးကြိုးသွားနဲ့ ဖိနှိပ်ပေးရင် ပျောက်ကင်းပါတယ်။

ဂုဏ်တော်ကိုတော့ (၉)ခေါက် မများအောင် ရွတ်ရသလို ဖိနှိပ်ရာမှာလဲ (၉)ခေါက်တိတိ ဖိနှိပ်ရပါတယ်။

ကျောက်မိုးကြိုးသွားက ဆေးဖက်ဝင်သလို အစွမ်းလဲ ထက်ပါတယ်။ အစွမ်းထက်တယ်ဆိုတာ တကယ် လက်တွေ့စမ်းကြည့်မှ ကျွန်တော်ကိုယ်တိုင် သိရတာပါ။

နံပါတ်(၂)အနေနဲ့ အပေါက်နှစ်ပေါက်ပါတဲ့ဝါး အသုံးပြုတဲ့ ဆေးကုနည်းကတော့ ကျွန်တော့် လက်တွေ့ မစမ်းသပ်ရသေးပါဘူး။ ကျွန်တော့် ဦးလေး ဆေးကုတုန်းက ပြောထားတာကို ကျွန်တော် မှတ်မိသလောက် ပြောပြပါ့မယ်။

မျက်စိနာ တိမ်သလ္လာ ဖုံးပြီး မျက်စိပြာ မျက်ခမ်းစွန်တဲ့သူတွေကို ဦးလေး ဦးမင်းဌွေး ကုပေးတာကတော့ ဂုဏ်တော်ရွတ်ပြီး ဆေးမီးခိုးနဲ့ မှုတ်တာ နှစ်ပေါက်ဝါးက အစွမ်းထက်တယ်လို့တော့ ပြောပါတယ်။

ဂုဏ်တော်က ဘယ်ဂုဏ်တော် ရွတ်ရမှန်းမသိလို့ နှစ်ပေါက်ဝါးကိုဆောင်ထားပေမယ့် ကျွန်တော် ဆေးမကုဝံ့ပါဘူး'

ဟု မောင်ထွန်းထွန်းက အရိုးခံ အမှန်အတိုင်း ပြောပြသလို စာရေးသူကလည်း ဂန္ဓာရသိဒ္ဓိဝင်ပစ္စည်းနှစ်မျိုးကို ဓာတ်ပုံရိုက်ပြီး **ဂန္ဓာရပစ္စည်း ဝါသနာပါသူ စာရှုသူ မိတ်ဆွေများနှင့် တိမ်သလ္လာကုသသည့် ဆေးမီးခိုးနှင့် ဂုဏ်တော်ကို သိသူများမှ ဤ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကြီးမှတစ်ဆင့်** ကျေးဇူးပြု၍ ဖော်ပြပေးပါရန် လေးစားစွာဖြင့် မေတ္တာရပ်ခံအပ်ပါသည်။

ဂန္ဓာရပစ္စည်းနှစ်ခု၏ အသုံးဝင်ပုံကို အိမ်တိုင်ရာရောက်လာပြီး ပြသပေးသော မောင်ထွန်းထွန်းကိုလည်း အထူးပဲ ကျေးဇူးတင်ပါသည်။

*ဘေးဘယာ ဝေးကွာကြပါစေ။*

**ရောမြေ ကျော်ဝေ**

---

**စာမျက်နှာ (၃၁)မှ အဆက်**

**ခင်ဗျာ'**

○ 'လက်ရှိ အသက်ကိုတည် (၇)နဲ့စား၊ အကြွင်းဟာ ဖော်ပြပါ ဓာတ်(၇)ပါးကို ဆောင်နေတဲ့ အားကောင်းနေတဲ့ ဓာတ်ပဲ။

တစ်ခါ ဒီအကြွင်းကို (၂)နဲ့ပေါင်း ရလာတာဟာ ပျက်နေတဲ့ ဓာတ်၊ ခိုက်နေတဲ့ ဓာတ်ပဲ'

▲ **'ဘယ်ဓာတ်က ဆောင်နေတယ်၊ တစ်နည်းပြောရရင် ဘယ်ဓာတ်က အားကောင်းနေတယ် ဆိုတာကိုကော ဘယ်လို ဆုံးဖြတ်ပါသလဲခင်ဗျ'**

○ '၁-ကြွင်းရင် ပထဝီဓာတ် အားကောင်းနေတယ်။ သူက ဦးဆောင်နေတာ။ ၂-ကြွင်းရင် အာပေါဆောင်နေတယ်။ ၃-ကြွင်းရင် တေဇောဆောင်နေတယ်။ ၄-ကြွင်းရင် ဝါယောဆောင်နေတယ်။ ၅-ကြွင်းရင် သည်းခြေ ဆောင်နေတယ်။ ၆-ကြွင်းရင် အပုပ်၊ အာဟာရဆောင်နေတယ်။ (၇)ကြွင်းရင် အာကာသ ဆောင်နေတယ်'

▲ **'အခုပြောခဲ့တဲ့ ဓာတ်တစ်မျိုးမျိုးက ဆောင်နေတယ်ဆိုရင် တခြားဓာတ်တွေ အားနည်းနေတယ်၊ ပျက်နေတယ်၊ ငုပ်နေတယ်ဆိုတဲ့ သဘောပဲလား ခင်ဗျ'**

○ 'မှန်ပါတယ်။ လူနာတစ်ယောက်ကို ဆေးကုသတဲ့အခါ ဓာတ်ရှာတဲ့အခါ အဓာတ်မသိဘဲ မဓာတ်ဘဲ ရောဂါတစ်ခုခုကို အမြစ်ပြတ်အောင် ကုသလို့ မရပါဘူး'

▲ **'ဟုတ်ကဲ့ ဆရာကြီးခင်ဗျား။ တန်ဖိုးရှိလှတဲ့ ဗေဒပညာ ဗဟုသုတတစ်ရပ်ကို ဆွေးနွေးပြောကြားပေးတဲ့အတွက် ကျွန်တော်များ မဂ္ဂဇင်းအဖွဲ့က အထူးပင် ကျေးဇူးတင် ဝမ်းမြောက်ရပါတယ်ခင်ဗျာ'**

**ဦးဖေသန်း**



www.burmeseclassic.com

www.burmeseclassic.com


ကြော်ငြာဆောင်းပါး




# ကျားမှန်လျှင် အားသန်ရအောင်
# ပြည်စိုး အမျိုးသားအားဆေးကိုဆောင်

အမှတ်တံဆိပ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင် TMR 009194(0814)

လိုင်စင်-၅/၂၀၁၀/တဆထလ/တိုး(၀၁၄၇၂)

"ကိုမင်းဝေပါလား. . . မရွှင်မလန်းနဲ့ စိတ်ပင်ပန်းလူပင်ပန်းဖြစ်နေပုံရတယ်"

"ဟုတ်တယ်ဗျာ. . . စိတ်သွားတိုင်းကိုယ်မပါဘဲ လိုရာဆန္ဒမပြည့်ဖြစ်နေတာ. . . ပွင့်ပွင့်လင်းလင်းပြောရရင် အမျိုးသားအားနည်းနေလို့ ဘယ်ဆေးစားပြီး ဘယ်ဆရာနဲ့ကုသရင်ကောင်းမလဲဆိုတာ အကြံပေးပါဦး"

"ရောဂါသိမှတော့ဆေးရှိပါတယ် ကိုမင်းဝေ. . . ကျွန်တော့်မိတ်ဆွေဆရာကြီး ဦးစံမြင့်က. . . ပြည်စိုးအမျိုးသားအားဆေး ထုတ်လုပ်နေတဲ့အပြင် အမျိုးသားအားနည်းရောဂါ (ပန်းညှိုးပန်းသေရောဂါ)၊ လိပ်ခေါင်းရောဂါ၊ လေငန်းလေဖြတ်ရောဂါတွေကို ဦးစားပေးကုသနေတာဗျ. . . ပြည်စိုးဆေးတိုက်ကို လမ်းညွှန်လိုက်မယ် ခင်ဗျား သွားလိုက်ပါလား"

"ခင်ဗျားရဲ့မိတ်ဆွေဆိုတော့ ခင်ဗျားပါမှ ပိုကောင်းတာပေါ့"

"ဒါဆို. . . ပြည်စိုးဆေးတိုက်ကို အခုပဲသွားကြရအောင်'

❀ ❀ ❀ ❀ ❀

"ကိုမင်းမြတ်မောင်ပါလား. . . မလာတာကြာလို့ သတိရနေတာ. . . ညီသည်လဲပါလာတာကိုး၊ ကဲ. . . ထိုင်ကြပါ"

"ဆရာ. . . ဒါ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ ကိုမင်းဝေပါ၊ စိတ်သွားတိုင်းကိုယ်မပါဘဲ အမျိုးသားအားနည်းနေလို့ ဆရာနဲ့ဆွေးနွေးပြီး အမျိုးသားအားဆေးလဲ လာဝယ်တာပါ"

"ကဲ. . . ကိုမင်းဝေ ဒီရောဂါကြောင့်တော့ သိပ်လဲစိုးရိမ်သောကမဖြစ်ပါနဲ့. . . ကျွန်တော် ပြောပြတာတွေကို နားထောင်ပြီး ခင်ဗျားခံစားနေရတဲ့အချက်တွေနဲ့ ကိုက်ညီမှုရှိမရှိသိမှ ပိုကောင်းတာပေါ့. . . အမျိုးသားအားနည်းရောဂါ ဖြစ်တတ်သူတွေဟာ (၁) မေထုန်မှုလွန်ကဲသူများ၊ (၂) သဘာဝမဟုတ်သောဟတ္ထမေထုန်ပြုသူများ၊ (၃) ကုန်ခန်းသွားသောသုက်ဓာတ်နဲ့ အင်အားများကို ဆေးဝါးဓာတ်စာနဲ့ ပြန်လည်မဖြည့်ဆည်းသူများ၊ (၄) အပျော်အပါးလိုက်စားသူများ၊ (၅) မြစ်ခြောက်နာရှိသူများ၊ (၆) သားကြောဖြတ်ထားသူများ၊ (၇) အဆုတ်ရောဂါရှိသူများ၊ (၈) လေဖြတ်ဖူးသူများနဲ့ လေငန်းရောဂါရှိသူများ၊ (၉) ဆီးချိုသွေးချိုရောဂါရှိသူများ၊ (၁၀) လိပ်ခေါင်းရောဂါရှိသူများ၊ (၁၁) အသက်အရွယ်ကြီးရင့်သူများ၊ ပန်းညှိုးပန်းသေရောဂါ ဖြစ်တတ်ကြပါတယ်၊ ပန်းညှိုးရောဂါခံစားနေရပြီဆိုရင် (၁) ခန္ဓာကိုယ်ဝနေသော်လည်း စိတ်ရောကိုယ်ပါ ရွှင်လန်းမှုမရှိခြင်း၊ (၂) မောပန်းလွယ်ခြင်း၊ (၃) အစားအသောက်ပျက်ခြင်း၊ (၄) ညဥ့်ဦးပိုင်းတွင် အိပ်ပျော်သော်လည်း တရေးနိုးလျှင် အိပ်မရတတ်ခြင်း၊ (၅)သတိမေ့လျော့တတ်ခြင်း စတဲ့လက္ခဏာတွေရှိနေတတ်ပါတယ်"

"ဟုတ်ပါတယ်ဆရာ. . . ဆရာပြောပြတဲ့အချက်အလက်အတော်များများနဲ့ ကိုက်ညီနေပါတယ်"

"ဒါဆိုရင် ပြည်စိုး အမျိုးသားအားဆေးကို ပုံမှန်သောက်သုံးပြီး အကြောပညာ၊ ဆေးပညာနဲ့ ကုသသွားမယ်ဆိုရင် ကိုမင်းဝေ ခံစားနေရတဲ့ အမျိုးသားအားနည်းရောဂါဟာ တဖြည်းဖြည်း သက်သာပျောက်ကင်းသွားမှာပါ"

"ပြည်စိုးအမျိုးသားအားဆေးက ဘယ်လိုရောဂါတွေ သက်သာပျောက်ကင်းစေပါသလဲဆရာ"

"ပြည်စိုးအမျိုးသားအားဆေးဟာ အိပ်နေစဉ် သုက်လွှတ်ခြင်း၊ သုက်အားနည်းခြင်း၊ သုက်လွှတ်မြန်ခြင်း၊ အကြောအားနည်းပြီး အကြောသန်စွမ်းမှုမရှိခြင်း၊ အမောမလုံခြင်း၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ခြင်း၊ အစဉ်သဖြင့် အားအင်နုံးချည့်သလို ခံစားရခြင်းများကို သက်သာပျောက်ကင်းစေပါတယ်"

ဆရာကြီး ဦးစံမြင့်နဲ့ တွေ့ဆုံဆွေးနွေးပြီး "ပြည်စိုးအမျိုးသားအားဆေး ဝယ်ယူရရှိနိုင်တဲ့နေရာတွေကတော့...

ဆေးထုတ်လုပ်ပင်ရင်း
အမှတ် (၂၅၁၉/ခ)၊ ဗညားဒလလမ်း၊
(၇၁) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)

ဆေးဖြန့်ချိရေး - ပြည်စိုး ဆေးကုဌာန
အမှတ် (၁)၊ ကျိုက္ကဆံဘုရားဝင်းတောင်ဘက်မုခ်၊
သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့




www.burmeseclassic.com

www.burmeseclassic.com



မျှားကာစေတီတော်မြတ်ကြီးအား ကြည်ညိုဖွယ် အဝေးမှ ဖူးတွေ့ရပုံ

မောင်ခင်မင်(ဓာနုဖြူ)? 

မှော်ခီးခင်ရွှေ (ထားဝယ်)

နဝရတ်အိုင်၊ ပန်းမွှေးတောင်နှင့်

# မျှားကာ စေတီတော်



ပန်းမွှေးတောင်ထိပ်မှ လှမ်းမြင်ရသော ကျွန်းပင်လယ်ရှုခင်း

နံနက် (၈)နာရီ အတိအကျ မော်တော်ဘုတ်ထွက်မည် ဆိုသော်လည်း (၉)နာရီကျော်သည့်တိုင်အောင် စက်က မနှိုးသေး။ လူစောင့် ကုန်စောင့်နှင့် အချိန်လင့်နေသည်။ ဤလမ်းဤခရီး၌ သည်လိုပင် ကြန့်ကြာတတ်သည်မှာ ရိုးနေပြီဟု ခရီးသွားတစ်ဦးက ညည်းညည်းညူညူ ပြောသည်။

ခြေဆန့်လက်ဆန့် ခဏတဖြုတ် အောက်ဆင်း လျှောက်လိုက်ချင်သည်။ သို့သော် ကိုယ်ဆင်းမှ မော်တော်ထွက်သွားလျှင် မော်တော်ပေါ် မိမိတစ်နေရာစာ ထိုင်ရာလေး ပျောက်သွားလျှင်ဟူသောအတွေးနှင့် မဆင်းဝံ့။

(၉)နာရီခွဲစွန်းစွန်း မော်တော်စက်နှိုးပြီ။ ဟော...အူယားဖားယား ပြေးတက်လာကြသူ မနည်းမနောပါလား။ မြိတ်ဆိပ်ကမ်းမှ မော်တော်ခွာလေပြီ။

စက်သံ လူသံ အသံဗလံ ပေါင်းစုံ ဆူဆူညံညံတို့နောက်တွင် ကျန်ရစ်ခဲ့ပြီ။

လူပြည့်ကုန်ပြည့် ကျပ်[illegible]တင်



www.burmeseclassic.com

www.burmeseclassic.com

ဆောင်လာသော မော်တော်သည် ပထော်ပထက်တောင်ကို နီးလိုက်ဝေးလိုက် ကွေ့ဝိုက်၍ လိုရာခရီးသို့ ဦးတည်နေသည်။ ကုလားကျွန်း၊ သန္တာကျွန်း၊ ကျွန်းဆင်းရဲ ကော့မွေးကျွန်းတို့ကို အစီအစဉ်အတိုင်း ဖြတ်သန်းလာသည်။

ခရီးတစ်လျှောက် ဝမ်းစာရှာ ငါးဖမ်းစက်လှေ ပဲ့ထောင်းကလေးများ အချို့ ရွက်တိုက်လျက်၊ အချို့လှော်တက်ခတ်လျက် ကျွန်းစုသွား မော်တော်ဘုတ် ဖြတ်သွားသောအခါ ရေလှိုင်းထသဖြင့် နိမ့်ချည်မြင့်ချည် လူးလိမ့်ကျန်ရစ်ရင်း လက်ပြ နှုတ်ဆက်နေသေးတော့သည်။

(၂)နာရီခန့်ကြာပြီးနောက်ကျွန်းစုမြို့အား လှမ်းမြင်ရသည်။ ကျွန်းစုမြို့နယ်သည် ကပ္ပလီပင်လယ်ပြင်အတွင်း ကျွန်းပေါင်း (၁၈၂)ကျွန်း ပါဝင်ဖွဲ့စည်းနေပြီး အကျယ်အဝန်းအားဖြင့် (၁၈၃၈ ဒသမ ၄၇၈) စတုရန်းမိုင်ရှိသည်ဟု မှတ်တမ်း တင်ထားသည်။

ကျွန်းစုဆိပ်ခံတံတားထိပ်၌ ရွှေရောင်ဝင်းဝင်း သံသရာအေးစေတီတော်အား မော်တော်ပေါ်မှ ကြည်ညိုဖူးမြော်မိသည်။

ဒီရေကျချိန်နှင့်ကြုံ၍ ဆိပ်ခံတံတားပေါ်တက်ရန် မလွယ်၊ မော်တော်အမိုးပေါ်မှ တံတားတိုင်ထောက်တိုင် ထိုမှ ကုန်းဘောင်သစ်သားပြား မတ်မတ်သို့ ကူးရသည်။ မော်တော်အလုပ်သမားလေးများ တွဲခေါ်သဖြင့် အဆင်ပြေ ဟန်ကျသွားသည်။

ကိုစိုးမြင့်(ဘဏ်)၊ ကိုအောင်ဇော်မိုး (လျှပ်စစ်)နှင့် စာရေးသူတို့က ခရီးဆက်ရဦးမည် ဖြစ်သည်။ ကျွန်တော်တို့ ခရီးကား နဝရတ်အိုင်၊ ပန်းမွှေးတောင်နှင့် မဋ္ဌုသကစေတီတော်သို့တည်း။

## နဝရတ်အိုင်

ကျွန်းစုမြို့မှ နဝရတ်အိုင်ရှိရာ ကတ္တ



ပန်းမွှေးတောင်အား သာယာလှပစွာ ဤသို့ အဝေးမှ မြင်တွေ့ရပုံ

နဝရတ်အိုင်နှင့် မြစိမ်းရောင်စေတီ



လူသို့ (၅)မိုင်ခရီး လမ်းကျဉ်းပြီး အကွေ့အကောက်များသည်။ ဆိုင်ကယ် တစ်စီးပြီးတစ်စီး ဘွားခနဲ ဘွားခနဲ။ ကတ္တရာပျောက်၍ ကျောက်ပေါ်မြေပေါ်နှင့် ချိုင့်ခွက်ထူသည်။ လမ်းဘေးဝဲယာ ရော်ဘာခြံကြီးများကို ဖြတ်လာရသည်။

လမ်းတွင် ကတန်ရွာ၊ ကတန်ရွာကား နယ်ချဲ့အင်္ဂလိပ်တို့ ရော်ဘာထုတ်လုပ်ရေးကို ဖောင်းပေးလုပ်ကိုင်ခဲ့သည့် ခြေရာလက်ရာများ ယခုထိ တွေ့မြင်ရသေးသည်။ KING ISLANDခေါ် ကျွန်းဘုရင်ကြီးတစ်ခုလုံးကို အခြေချအုပ်ချုပ်ခဲ့ရာနေရာဖြစ်သည်။ တစ်ခေတ်တစ်ခါက လေ့သမ္မန်တို့ ဝင်ထွက်ကုန်စည်ကူးစည်ကားသော်လည်း ယခု ချောင်းကော မြောင်းကောသာ ရှိတော့သည်။


ကတ္တလူရှာ အနောက်ယွန်းယွန်း၌ နဝရတ်အိုင်သည် ကျောက်တောင်ကြီး နှစ်လုံးကြားမှ ရာသီမပြတ် စီးဆင်းလာသော စိမ့်စမ်းဖြစ်သဖြင့် အေးမြကြည်






www.burmeseclassic.com

www.burmeseclassic.com



သစ်ရိုင်ဝါးရိုင် စိမ်းစိမ်းစိုစို နဝရတ်အိုင် စေတီငယ်တို့အား ဖူးတွေ့ရသည်

လှိုဏ်မြှောင်ဘောတောင်နှင့် အေးချမ်းငြိမ်သက်သော နဝရတ်အိုင်



လင်နေသည်။ ကျောက်သား ကျောက်ဆောင် ကျောက်လုံးကြီးများကို ဝါးလုံးထိုး ဝင်ဆောင့်တိုက်စားခြင်းကြောင့် ကျောက်ခုတင်၊ ကျောက်နံရံ ကျောက်ကမ်းပါးကြီးများ မတ်စောက်စွာ ဖြစ်တည်နေသည်။ နဂါးဝှက်အိုင်မှ ကာလရွေ့လျော၍ နှောင်းလူတို့က နဝရတ်အိုင်ဟုခေါ်ကြောင်း သိရသည်။

ရှေးအခါ ဇော်ဂျီတို့ ဆေးကြိတ်နေရာဟူ၍ သက်ကြီးစကား မှတ်သားရသည်။ ကျောက်ဆောင် ကျောက်လုံးကြီးများ၌ ဇော်ဂျီခြေရာ၊ ကျောက်ဒယ်အိုး၊ ကျောက်ခွက်၊ ကျောက်ဆုံ၊ ကျောက်မောင်းတို့ ရေးတေးတေး ကျန်နေသေးသည်ကို တွေ့ရသည်။

နဂါးတက်ကျောက်လုံး အောက်ခြေမှ အပေါ်သို့ စဥ့်အိုးပုံ အလယ်ဗဟို ခေါင်းပေါက်ကြီး တိုးလျှိုပေါက်ကာ အလင်းရောင်ကို မြင်ရသည်။ ကလေးငယ်တစ်ဦး တွယ်တက်နိုင်သည်။

နဝရတ်အိုင်သည် ယခင်က ဝါးတစ်ရိုက်နက်သည်။ ရွှေငွေရတနာပစ္စည်းများ မတော်တဆ ကျသွားလျှင် ပြန်ဆယ်ယူမရတော့ဟု ဆိုသည်။ မြစိမ်းရောင်စေတီအပါအဝင် စေတီငယ်ဆူ ကျောက်ဆောင် ကျောက်တုံးများပေါ် တည်ထားသည်။

တောရိပ်တောင်ရိပ် သစ်ရိပ်ဝါးရိပ် စိမ်းစိမ်းစိုနေသည်။ ဆေးဖက်ဝင်တစ်ပင် တိုင်မြနန်းနွယ် အပင်များကို အိုင်ဝန်း ကျင် အနှံ့အပြား အလေ့ကျပေါက်လျက် ရှိသည်ကို အံ့သြရသည်။

နဝရတ်အိုင်သို့ ဝင်ရာလမ်းတစ်ဖက်တွင် ကြက်တိုက် မုဆိုးကျော် ကရင်ဖိုးထော်တို့ ဖနီးမောင်နှံက တိုက်ကြက်အား လိုက်လံဖမ်းယူနေပုံ၊ ရသေ့သူတော်စင်တစ်ပါးနှင့် တွေ့ဆုံပုံ...

ရေအိုင်ဘက် လမ်းညွှန်ပုံ၊ ကျားကြီးနှင့်တွေ့ပုံ စသည်တို့ကို မုဆိုးကျော်မောင်နှံ၊ ကြက်၊ သူတော်စင်၊ ကျားရုပ်ထုများဖြင့် ပါးစပ်ရာဇဝင်လား၊ ဒဏ္ဍာရီလားမသိ။ အဝတ္ထုကရာဇဝင် အထောက်အထားမဲ့၍ ခြေရာကောက်ရန် အလှမ်းဝေးလေပြီ။ ရှေးဖြစ်ဟောင်းအောက်မေ့ဖွယ်ရာဟုသာ ဆိုရပါမည်။

## ပန်းမွှေးတောင်

ကတ္တလူမှ အရှေ့တောင်ဘက် တစ်မိုင်ခန့် သွားရသည်။ တောင်ခြေ၌ ဩဂုံသဏ္ဌာန် နတ်ရေကန်ခေါ် စမ်းပေါက်ငယ်ရှိသည်။ နွေမိုးဆောင်း ရေမခန်းသောကြောင့် တောင်ပေါ်သို့ ရေအတွက် စိတ်အေးရသည်။

သက္ကရာဇ်-၂၆၃ခုနှစ် (အေဒီ ၉၀၂) တွင် ကျိုက်မိုင်းမင်းဆက်တို့၏ ထောင့်ကွာမြို့(ကောသမ္ဗီ)တည်ပြီးနှစ်ပေါင်း(၂၂၀) မင်းဆက်(၄၉)ဆက် နောက်ဆုံးမင်းဗျန်စက္ကပိတ်အား မဏိစည်သူ တိုက်ခိုက် အောင်မြင်ပြီး ရှမ်းမင်းသမီးကထော်အိုးပါးနှင့် သင့်မြတ်ရာမှ သမီးတော်သုံးပါး ထွန်းကားသည်။

မြနန်းရှင်၊ မြနန်းနွယ်၊ မြသီတာဟူသော သမီးတော်များအနက် အလှဆုံး ဖြစ်သော မြနန်းနွယ်သည် မငြင်မရှား

www.burmeseclassic.com

နဂရဝဏ်ဆိုင်သို့ သွားရာလမ်း ▶

ကျေးတောသားတစ်ဦးနှင့် ရည်ငံသည်ကို မင်းတရားကြီး ရာဇမျက်မာန်ရှနယ်နှင်သည်။

မြနန်းနွယ်သည် အလုပ်အကျွေး (၅၀၀)နှင့်အတူ ရေကြောင်းသွားကတ္တူလှေကြီးဖြင့် ရွက်လွှင့်ခဲ့ရာ ဖောင်ဒွတ်အော်ချောင်းသို့ဝင်သည်။ သိကြားမင်းအိပ်မက်ပေးသဖြင့် မြနန်းနွယ်၏ ကြင်ယာတော်ကို မင်းမြောက်တန်ဆာဝတ်စားနှင့် ယာယီနန်းစိုက်ရန် နေရာအတွက် ငယ်ကျွန်(၉၆)ဦးနှင့်တကွ စေလွှတ်သည့်အခါ ပန်းမွှေးတောင်သို့ ရောက်ရှိသည်။

ဖောင်ဒွတ်အော်ချောင်း(ယခု–ထိန်ချောင်း)၊ ကတ္တူ(ယခု–ကတ္တလူ)၊ ကင်းတပ်(ယခု–ကတန်)၊ ကင်းပုန်း(ယခု–ကပ)စသော ရွာကြီးလေးရွာတည်ကာ အုပ်ချုပ်သည်။

မြနန်းနွယ်သည် သမီးတော်တစ်ပါး အသေမွေးဖွားရာမှ ယုတ်ညံ့သည်ဖြစ်၍ နန်းဆောင်၌ မကျေလည်မှုများပေါ်ပေါက်မည်စိုးရိမ်သောကြောင့် တိတ်တဆိတ် ကျောက်တလားပြုလုပ် မြှုပ်နှံထားခဲ့သည်။ အလျား(၈)တောင် အနံ(၄)တောင်ရှိသော ကျောက်တလားကြီးကို ပန်းမွှေးတောင်ပေါ် ယနေ့ထိ အထင်အရှား တွေ့ရှိရသည်။

ကျောက်တလားကြီး အနီးတစ်ဝိုက် ဝန်းပတ်လျက် ပွင့်လန်းသောပန်း(ဒေသအခေါ် တောင်ဇလပ်)သည် အလွန်မွှေးကြိုင်သင်းပျံ့သော ရနံ့ရှိကြောင်း၊ တောင်ပေါ်မှ ခူးပြီး တောင်ခြေရောက်လျှင် မွှေးရနံ့လုံးဝပျောက်သွားကြောင်း။



◀ ဒေသအခေါ် တောင်ဇလပ်ပန်းတောကြီး
(ကျောက်တလား အနီးအနားတွင် ပွင့်လန်းသည်)





ပန်းမွှေးတောင်ပေါ်မှ ရနံ့မွှေးကြိုင်သော
ဒေသအခေါ် တောင်ဇလပ်ပန်း
(တောင်ခြေရောက်လျှင် ရနံ့ပျောက်
ကွယ်ပြောက်သွားသည်) ▶



www.burmeseclassic.com

www.burmeseclassic.com



▲ ပန်းမွှေးတောင် မဥ္ဇူသကစေတီအနီးမှ ကျောက်တလားကြီး

▼ တောင်ခြေရှိ နတ်ရေကန်



လန်းလန်းဆန်းဆန်းပန်းများ ချက်ချင်းနွမ်းခြောက်ကုန်ကြောင်း ထူးဆန်း အံ့မခန်း ကြားရသည်။

ယင်းပန်းပင်မျိုးရအောင် မည်သို့ပင် လှုံ့လပြု စိုက်ပျိုးသော်လည်း မရှင်သန်ဟုလည်း ဆိုပါသည်။ ရှေးယခင်က ''ကျောက်တလားကြီး ဆက်ဆက် ပေါ် ဘုရားဖြစ်မယ်သူ လာလတ္တံ့''ဟူသော တပေါင်ပေါ်ခဲ့သည်။

## မဥ္ဇူသကစေတီတော်

ပန်းမွှေးတောင်ပေါ် ကျောက်တလားကြီးနှင့် ပေ(၁၅၀)အကွာ၌ မဥ္ဇူသက စေတီတော်ကို ကြည်ညိုဖူးမြော်ရသည်။ ဤစေတီတော် စတည်ခဲ့စဉ်က အဖြစ်အပျက်များမှာလည်း စိတ်ဝင်စားရပြန်ပါသည်။

ကောဇာ–၁၃၆၀၊ ပြာသိုလဆန်း(၄)ရက် စေတီတော်မြေသန့်မင်္ဂလာ သာသနာ့အလံ စိုက်ထူပြီးနောက် တစ်နာရီခန့်အကြာတွင် မြေသန့်နေရာ တောင်ထိပ်မှ တောင်တစ်ဝက်အထိ လေကြီး မိုးကြီး အခါမဲ့ တိုက်ခတ် ရွာသွန်းသည်။

ကျန်တောင်ခြေတစ်ဝက် နေပူလျက်ရှိသည်။ မိုးစဲပြီးနောက် စေတီတော် အနောက်တောင်ထောင့်အရပ် တောင်ဇလပ်ပန်းတောအတွင်းမှ **ဒက္ခိဏာသာခါပုံတော် ခြတောင့်ပို့ရုပ်ဆုရား ပေါ်ထွက်နေသည်**ကို ထူးဆန်းစွာ တွေ့ရပါသည်။

ကောဇာ ၁၃၆၀၊ ပြာသိုလဆန်း(၇)ရက် ရဟန်းတော် (၉)ပါးဖြင့် မြေနုပ်မင်္ဂလာတွင် ပန်းမွှေးတောင် မြည်ဟည်းသည်။

ကောဇာ–၁၃၆၀၊ တန်ခူးလဆုတ်(၁၀)ရက် စနေနေ့ စေတီတော် ပန္နက်ချ မင်္ဂလာတွင် မိုးသားတိမ်ညို အုံ့မှိုင်းပြီး လေပြည်လေညင်းအေး အဆက်မပြတ် တစ်သုန်သုန် တိုက်ခတ်သည်။

ကောဇာ–၁၃၆၁၊ တပေါင်းလဆန်း(၁၂)ရက် မြေတွင်းဌာပနာမင်္ဂလာတွင် လှည်းနွားသံ တကျွိကျွိ ကြားရသည်။

ကောဇာ–၁၃၆၅၊ တပို့တွဲလဆုတ်(၇)ရက် ကြာသပတေးနေ့ စေတီတော်ကြီးပြီးသည်။ ကောဇာ–၁၃၆၇၊ ကဆုန်လဆန်း(၇)ရက်၊ ရွှေထီးတော်တင် အောင်မြင်ပြီးစီးသည်။


ရွှေထီးတော်တင်မတိုင်မီ သုံးရက်လုံးလုံး တောင်ဇလပ်ပန်းနှင့် တောပန်းပေါင်းစုံ ပန်းရနံ့ ပန်းမွှေးတောင်တစ်တောင်လုံး မွှေးထုံသင်းပျံ့လျက် ရှိသည်။ ကျေးငှက်သာရကာ တောတိရစ္ဆာန်ပေါင်းစုံ၏ သာယာစွာ တွန်ကျူးသံ သောသောညံနေသည်။

ရွှေထီးတော်တင်လှူပြီး သံဃာတော်များ ဘုရားအနေကဇာတင်နေစဉ် လေ




www.burmeseclassic.com

www.burmeseclassic.com



▲ အကြွက်မုံ ခြတောင်ပို့ဘုရား ပေါ်ထွက်တော်မူရာနေရာအား ငုံ့ထားသည်
(နောင်တွင် အမှတ်သတိရစေရန်)

▼ ပန်းမွှေးတောင်ပေါ် မဥ္ဇူသကစေတီတော်



ပြင်းတိုက်ခတ်လာပြီး စေတီပေါ် မိုးနေသော ညောင်ကိုင်းကြီးများ ကျိုးကျကုန်သည်။ ရွှေထီးတော် ပတ်ပတ်လည်၌ ပျားကောင်ကလေးများ ဝဲပျံဖူးမြော်သည်။

အမျိုးသမီးတစ်ဦးက ရွှေမန်ကျည်းစေ့သုံးတောင့် လာရောက်လှူဒါန်းခြင်း၊ တောထွက်ရဟန်းတစ်ပါးက လက်စွပ်ကြီးကြီးတစ်ကွင်းနှင့် ကျောက်တစ်လုံး လှူဒါန်းခြင်းအတွက် ဌာပနာသွင်းနှံခဲ့သည်။

ရွှေထီးတော်တင်လှူပြီး တစ်လတွင် စေတီ ရင်ပြင်တော်အတွက် ညအချိန် ကျောက်တန်းစီနေစဉ် စေတီအရှေ့ မြောက်ထောင့် ကျောက်တုံးများ သယ်ယူနေသော အကျိုးတော်ဆောင် အဖွဲ့က အနောက်ဘက်အရပ်မှ လက်ခုပ်လက်ဝါးများတီးကာ ဝမ်းမြောက်ဝမ်းသာ အားရပါးရ ရယ်မောသံများကို ပြတ်ပြတ်သားသား ကြားကြရသည်။

မဥ္ဇူသက စေတီတော် တရားစခန်း ဖွင့်စဉ်ကလည်း ညတရားနာ သိမ်းချိန်တိုင်း လှပကျော့ရှင်းသော အမျိုးသမီးတစ်ဦး ထွက်ထွက်သွားသည်ကို ထင်ထင်ရှားရှား မြင်တွေ့ကြရသည်။

ကျွန်တော်တို့သည် နောင်လာနောင်သားများ အမှတ်သတိရှိစေရန် အမြော်အမြင်ကြီးစွာနှင့် ခြတောင်ပို့ဘုရား ပေါ်တော်မူနေရာကို ငုံ၍ ကိုးကွယ်ထားသော ဒက္ခိဏာသာခါ ဘုရားကို ဖူးကြသည်။

အပြန်လမ်းတွင် ဤပန်းမွှေးတောင်၌ တရားထိုင်၊ ဥပုသ်သီလ ဆောက်တည်ခဲ့သော ဦးသုဇာတ၏ မဥ္ဇူသက စေတီတော်မြတ်ကြီးအား ကန်တော့ပန်းဆင်ခဲ့သော ကဗျာအဖွဲ့အနွဲ့ကို ပြန်လည် အမှတ်တရ ရှိလာတော့သည်။

**မောင်စိမ်းထွေး**
**(ထားဝယ်)**



www.burmeseclassic.com

www.burmeseclassic.com

တိုင်းရင်းဆေးပညာ ဆည်းပူးရာတွင် ဂယနကာ သိထားအပ်သည့်

# ဓာတ် (၇) ပါးကို စိစစ်သောပညာ

ဦးဖေသန်း

၂၀၀၀ ပြည့်နှစ်က ရွှေးမီနောက်မီ တိုင်းရင်းသမားတော်ကြီး ဦးသံခဲ (၇၀)နှစ်ကို တွေ့ရတယ်ဆိုရင်ပဲ မေးစရာ၊ ဆွေးနွေးစရာတွေက ခေါင်းထဲ အစီအရီ ပေါ်ပေါက်လာခဲ့ပါတယ်။

မေးသရွေ့ကို ကျေနပ်လောက်အောင် အဖြေပေးနိုင်လို့ပါ။ အဆွေးနွေးခံလို့လဲ ဖြစ်ပါတယ်။

တိုင်းရင်းဆေးပညာကို မိမိတို့ထံ သင်ယူတဲ့နေရာမှာ ကျိုးကျိုးနွံနွံ လိုလိုချင်ချင် ကြိုးစားပမ်းစား အပင်ပန်းခံပြီး သင်ယူပါမှ ကျေနပ်သဘောကျလေ့ရှိကြတဲ့ ရှေးခေတ် တိုင်းရင်းသမားတော်ကြီးများဟာ ဆရာစား မချန်ဘဲ ပညာကုန် သင်ပေးလေ့ရှိကြောင်း သိရပါတယ်။

ဆရာကြီး ဦးသံခဲဟာ ရှေးခေတ် ဆရာကောင်းများနဲ့ တွေ့ကြုံဆည်းပူးခဲ့ရသလို ဖခင်ကြီးကိုယ်တိုင်က တိုင်းရင်းသမားတော်ကြီး ဖြစ်တဲ့အတွက် အထူးပဲ ကြိုးစားသင်ယူခွင့် ရရှိခဲ့ပါတယ်။

ရှေးက ဆရာ့ဆရာများ

အသိအမှတ်ပြုခဲ့သည့်

သမားကောင်းတစ်ဦးဖြစ်ရေး

လမ်းညွှန်

စာရေးသူ ဆရာကြီးကို ဂါရဝတရား ရှေ့ထားပြီး တွေ့ဆုံတဲ့အခါ ဖော်ပြပါ ခေါင်းစဉ် အကြောင်းရပ်ကို မေးမြန်းဖြစ်ခဲ့ပါတယ်။

ဆရာကြီးက...

'ရှေးက တိုင်းရင်းဆေးပညာကို သင်ယူပြီဆိုရင်...

"ဆောင်၊ ပျက်၊ ခိုက်၊ ဝုပ်၊ လွန်၊ ဆုံး၊ ချုပ်" ဝါစုဂ္ဂတ တတ်အောင်သင်(ဝီရိယစိုက်ပြီးသင်) "ဓာတ်မြေဆောင်လျက် တေဇောပျက် ခိုက်လျက်သည်းခြေတွင်"

လို့ အစရှိတဲ့ လင်္ကာကို နားလည် သဘောပေါက်အောင် သင်ယူကြရတယ်။

အရေးကြီးသော

ဓာတ်(၇)ပါး

ဒီဓာတ်(၇)ပါးကို အကြမ်းဖျင်းလောက်တော့ သိကြမှာပါ။

၁။ ပထဝီ၊
၂။ တေဇော၊
၃။ အာပေါ၊
၄။ ဝါယော၊
၅။ အရုပ်၊
၆။ သည်းခြေနဲ့
၇။ အာကာသတို့ပါပဲ'

အဲဒီနောက်တော့ စာရေးသူဘက်က မေးဖို့ရှိလာတဲ့အတွက် သမားတော်ကြီးနဲ့ စာရေးသူတို့ မေးမြန်းဆွေးနွေး ဖြစ်သွားကြပါတယ်။

▲ **'စောစောက ဆရာကြီး ပြောပြခဲ့တဲ့ လင်္ကာပါ သဘောကို ထပ်ပြီး ရှင်းပြပေးစေချင်ပါတယ်'**

◯ '**ဆောင်**ဆိုတာက ခန္ဓာကိုယ်ထဲက ဓာတ်တစ်မျိုးမျိုး အားကောင်းပြီး ရှေ့ဆောင်နေတာပါ။ **ပျက်**ကတော့ ရှင်းပါတယ်။ ဓာတ်တစ်ခုခု ပျက်နေတာပါ။

ဝုပ်က ဓာတ်တစ်ခုခု ခိုက်ရင် တခြားဓာတ်တစ်ခု ဝုပ်သွားလေ့ ရှိပါတယ်။

**လွန်**ဆိုတာက ဓာတ်တစ်ခုခု လွန်ကဲနေတာပါ။

**ဆုံး**ဆိုတာကတော့ ဓာတ်တစ်ခုခု ဆုံးရှုံးပျက်စီးနေတာ။

**ချုပ်**ဆိုတာက ဓာတ်တစ်ပါးပါး အလုပ် မလုပ်နိုင်ဘဲ ချုပ်ငြိမ်းနေတာပါ'

▲ **'ဘယ်ဓာတ် ပျက်နေတယ်ဆိုတာကို ရှာတဲ့ စမ်းသပ်တဲ့နည်း ရှိသလား**



ဓာတ် (၇)ပါးကို စိစစ်သည့်

ပညာရပ်အကြောင်း ရှင်းပြသည့် ဆရာကြီး ဦးသံခဲ


စာမျက်နှာ (၂၃) သို့

www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




တိုင်းရင်းဆေးဝါးမှတ်ပုံတင် **0412 YR 004687**

လိုင်စင် ၇/၂၀၀၈၊ တဆထလ (တိုး)-၁၃၁၂

အဆီကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့

# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက (စာနယ်ဇင်း) ၁၃၀/၀၁၁၁၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ။ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်။ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို **မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး** လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား။ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်။ ဂီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်။ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား'

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းလေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံမက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းကာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့။ ကျွန်တော်လည်း သုံးမယ်ဗျာ။ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိပေးနေပါပြီ။

ပင်ရင်း - **မုံရွာ-ဆရာမိုး** တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း

အမှတ်-၅၂/၃၅၆၊ ပေမာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၈၇၊ ၀၉-၅၁-၈၈၆၃၂

မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၁၁ လိုင်းခွဲ (၃၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ (၃၄၇)



www.burmeseclassic.com

www.burmeseclassic.com

သံတွဲမြို့ ဇလွန်ရွာမှ

# မပုပ်မသိုးသည့်

ဆရာတော်ကြီး

# ဦးသုဇာတ

မောင်လင်းခိုင်



သက်တော် (၈၈)၊ ဝါတော် (၆၈)
၁၉၈၄–ခု၊ ဖေဖော်ဝါရီလ (၂၅) ရက်နေ့တွင် ပျံလွန်တော်မူသော
(ဇလွန်–မဇေး) ဆရာတော် (ဦးသုဇာတ)

ကျွန်တော် ဇလွန်ရွာသို့ ရောက်ခဲ့ပါသည်။ ဇလွန်ရွာတွင် ပျံလွန်တော်မူပြီး မပုပ်မသိုးသော ဆရာတော် ဦးသုဇာတ ရှိနေသောကြောင့် ဖြစ်ပါသည်။

ဆရာတော် ပျံလွန်တော်မူခဲ့သည်မှာ **(၂၉)နှစ်မျှရှိခဲ့ပါပြီ။** ဆရာတော်၏ ရုပ်အလောင်းကား မပုပ်မသိုးဘဲ ယနေ့တိုင်ရှိနေဆဲ ဖြစ်ပါသည်။

ဇလွန်ရွာဆိုင်ရာ မြစ်ဝကျွန်းပေါ်ဒေသ ရေဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့ အနီးမှ ဇလွန်မြို့မဟုတ်ပါ။ သံတွဲမြို့မှ နာမည်တူ ဇလွန်ရွာ ဖြစ်ပါသည်။ ကျွန်တော်သည် ဆရာတော့် အကြောင်း ကြားသိပြီး ဆရာတော်ရှိရာသို့ သွားရောက်ချင်ခဲ့ပါသည်။

ဆရာတော် ပျံလွန်တော်မူစဉ်က ကျွန်တော် ရန်ကုန်တွင် ရှိနေခဲ့ပါသည်။ **၁၉၈၄ ခုနှစ်လောက်က** ဆရာတော် ပျံလွန်တော်မူခဲ့ပါသည်။ ကျွန်တော် အလုပ်မှ အနားယူပြီး ၂၀၁၀ ပြည့်နှစ်တွင် သံတွဲသို့ ရောက်ရှိခဲ့ပါသည်။

ဆရာတော်ရှိရာသို့ သွားမည်ဟု အကြိမ်ကြိမ် အားခဲခဲ့ပါသော်လည်း အခြေအနေ အရပ်ရပ် အကြောင်း အမျိုးမျိုးကြောင့် ဆရာတော် ပျံလွန်တော်မူရာသို့ မရောက်ရှိနိုင်ခဲ့ပါ။

၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလကျကာမှ အကြောင်းဆုံလာခဲ့သည်။ မိတ်ဆွေတစ်ဦး၏ အလုပ်ဌာနမှ ကားက လမ်းကြုံခေါ်လာသဖြင့် ရောက်ရှိခဲ့ပါတော့သည်။

ဆရာတော်၏ ကျောင်းတွင် ဦးကဝိနန္ဒဆိုသော ဦးပဥ္စင်းတစ်ပါး ကျောင်းထိုင်နေပါသည်။ ထိုဦးပဥ္စင်း ဦးကဝိသည် ကျွန်တော်နှင့် သိကျွမ်းရင်းနှီးသည့် ကိုယ်တော်တစ်ပါး ဖြစ်ပါသည်။

ဦးကဝိသည် ရန်ကုန်မှာ နေခဲ့ဖူးသည်။ ရန်ကုန် မရမ်းကုန်းမြို့နယ်၊ ကျောက်ရေတွင်း မြောက်ပိုင်းတွင် **"ဓမ္မသစ္စာဝိပဿနာကျောင်း"** ဟု


www.burmeseclassic.com

www.burmeseclassic.com

တည်ထောင်ပြီး ဦးကဝိ၏အစ်ကို ဦးကောသလ္လက တရားပြဆရာတော်အဖြစ် တာဝန်ယူကာ ဦးကဝိက တိုက်အုပ်အဖြစ် ကြီးကြပ်၍ ဝိပဿနာ တရားစခန်း ဖွင့်ခဲ့ပါသည်။

ကွယ်လွန်သွားခဲ့ပြီဖြစ်သော ဇာတ်မင်းသားကြီး ဦးအောင်မောင်းသည် ရဟန်းဝတ်၍ တရားထိုင်ခဲ့ဖူးပါသည်။ ကျွန်တော်က ၁၉၇၀ ပြည့်နှစ်တွင် ကျောင်းဝင်းထဲ၌ တစ်နှစ်မျှ နေခဲ့ဖူးပါသည်။

ယခုအချိန်တွင် ဆရာတော် ဦးကောသလ္လလည်း ပျံလွန်တော်မူသွားပြီဖြစ်၍ တရားစခန်းလည်း ရပ်ကာ ဦးကဝိလည်း ဇလွန်ရွာကြီးတွင် ကျောင်းထိုင်ဆရာတော် ဖြစ်နေခဲ့ပါပြီ။

ရွာကလူတွေသွားတိုင်း "အဲဒီကောင်ကို လွှတ်လိုက်ပါ" ဟု မှာတတ်သည်။ ရွာနှင့် ဇလွန်မှာ (၁၆)မိုင်မျှ ဝေးသည်။ ရန်ကုန်မှာကဲ့သို့ သွားရေလာရေးက မလွယ်ကူသဖြင့် ကြန့်ကြာနေခဲ့ပါသည်။ ယခုတော့ ကျွန်တော် အလွန်ရောက်ချင်လှသော ဇလွန်မြို့တော်သို့ ရောက်ရှိခဲ့ပါပြီ။

ကားပေါ်မှ ဆင်းသည်နှင့် လမ်းဘေးတွင် ဓမ္မသစ္စာကျောင်းအမည်ရှိ ကျောင်းကြီးက ထီးထီးမားမားတည်ရှိနေပါသည်။ ဦးကဝိတစ်ပါးတည်း ကျောင်းထိုင်နေပါသည်။

ကျောင်းကြီးက ရောမကျောင်းကြီး။ ကျောင်းဝင်းကြီးကလည်း အကျယ်ကြီး။ ကျွန်တော်နှင့် ဦးကဝိ ရှေးဟောင်းနှောင်းဖြစ်တွေ ပြောကြသည်။

ဦးကဝိမှာ ကျောက်လိပ်ကလေး တစ်လုံးရှိသည်။ ဖန်ဘူးနှင့် စိမ်ထားသည်။ ဆရာတော်ကြီးအား ဖူးဖို့ လာကြသည့် ဧည့်သည်တွေကလည်း ပြတ်သည်ဟုမရှိပါ။ ကားစင်းလုံးငှား၍ လာကြသည်။

ဧည့်သည့်လာတိုင်း ဦးကဝိကို ဦးတိုက်ကြသည်။ ဦးကဝိကလည်း ဧည့်သည်လာတိုင်း သူ့ကျောက်လိပ်ကလေးကို ထုတ်ပြလေ့ရှိသည်။

ကျွန်တော် ဦးကဝိကျောင်းမှဆင်း၍ မပုပ်မသိုးသည့် ဆရာတော် ဦးသုဇာတ ရှိရာ ကျောင်းဆောင်ကလေးသို့ သွားသည်။ ဆရာတော်၏ ရုပ်ကလာပ်တော်အား ဂူမှ ခေတ္တထုတ်၍ ကျောင်းထဲတွင် နေရာရွှေ့ထားသည်။ အလှူတစ်ခုရှိ၍ ဟုဆိုသည်။

မှန်ခေါင်းထဲတွင် လဲလျောင်းနေသည်ကို အနီးက ဖူးရသည်။ ဆံပင်မှာ ညှပ်ပြီးစ ဆံပင်ကဲ့သို့ တိုတိုကလေး။ အနက်နှင့်အဖြူမှာ ရောထွေးနေသည်။ အဖြူချည်လည်း မဟုတ်၊ အနက်ချည်လည်းမဟုတ် အဖြူနှင့် အနက် ရောထွေးနေသည်။

ခြေဖဝါး လက်ဖဝါးတို့မှာ ပြည့်ပြည့်ဝဝ မရှိတော့ဘဲ ပိန်ခြောက်နေသည်။ အရေခင်အဆင်းမှာ ခပ်မွဲမွဲ။ ဘိလပ်မြေကိုင်ပြီး နှစ်ကြာလာသောအခါ အရောင်ပြောင်းသွားတတ်သကဲ့သို့ အရောင်လွင့်ကာ ရေဟိုက်စားပါများသည့် ကျောက်ကဲ့သို့ အသွင်သဏ္ဌာန်ရှိနေသည်။

ကျွန်တော် ဆရာတော့်အကြောင်း သိချင်၍ ကျောင်းဒကာကြီးတစ်ဦးဖြစ်သည့် ဦးတင်အေးအား မေးကြည့်ပါသည်။ ဦးတင်အေးက သူသိသလောက် ပြောပြပါသည်။

'ဆရာတော်က ဒီကျောင်းကို ပျံလွန်တော်မူခါနီးမှ ရောက်လာတာ၊ တောကျောင်းမှာချည်းနေတာ၊ တရားအလုပ်ပဲ လုပ်နေတာ'

ဟု ပြောပါသည်။

'ကျောင်းရှေ့မှာ စေတီတစ်ဆူနဲ့ ဗောဓိပင်တစ်ပင်က ဆရာတော် တည်ခဲ့စိုက်ခဲ့တာပေါ့'

ဟု ဆရာတော့်အကြောင်း ပြောပြသည်။

'ဆရာတော်က အသီးအရွက်ဟင်း ကြိုက်တယ်။ **(ပျံလွန်တော်မူသွားသောဆရာတော်)** ကြိမ်ဖူးဆို အလွန်ကြိုက်တယ်၊ ကြိမ်ဖူးကို ရှာပြီးချက်ပေးရတယ်' **(ကြိမ်ဖူးမှာ လူတွေ သုံးနေကြသည့် ကြိမ်ပင်မှ ထွက်စအဖူး ဖြစ်ပါသည်။)**

ကျွန်တော်ပြန်ဖို့ ဦးကဝိကို သွားနှုတ်ဆက်ရသည်။

'အေး နောက်တစ်ခါ လာခဲ့ဦး။ နောက်တစ်ခါဆို တက်လူစိန်ပါခေါ်ခဲ့'

တက်လူစိန်မှာ ရန်ကုန်ကျောက်ရေတွင်းမှာ ရှိစဉ်က အတူနေခဲ့ဖူးသူဖြစ်သည်။ တက်လူက ကျန်းကျန်းမာမာဖြင့် ပြေးနိုင်လွှားနိုင်တုန်းဖြစ်၍ သူ့ကျောင်းကို စက်ဘီးဖြင့် ခဏခဏ ရောက်သည်။

'လာခဲ့ပါဦးမယ်'

ဟု ပြောပြီး ဦးချပြန်ခဲ့ရသည်။ ပြောသာပြောသည်၊ နောက်တစ်ခေါက် နောက်တစ်ကြိမ် ရောက်ဖို့ဆိုသည်မှာ အပြောလွယ်သလောက် အသွားခက်သည်။

'ငါ (၈၅)နှစ်ရှိပြီ ကျန်းမာတုန်းလာခဲ့'

ဟု ဆိုသည်။

'တင်ပါ့'

ဟု ပြောပြီး အပြန်ကားရှာဖို့ ကျောင်းပေါ်မှ ဆင်းခဲ့ရတော့သည်။

ကျွန်တော် ရောက်တုန်းရောက်ခိုက် တွေ့သိခဲ့ရသမျှ ဆရာတော့်အကြောင်း ကောက်ကြောင်းကလေး ဆွဲကြည့်မိပါသည်။ ကျောင်းဒကာကြီး ဦးတင်အေး ထမင်းစားသွားစဉ် လုမ်းပြောလိုက်ဘိ သကဲ့သို့…

**'ဆရာတော့်အကြောင်း ပြော**



www.burmeseclassic.com

www.burmeseclassic.com



သက်တော် (၈၄)၊ ဝါတော် (၆၀)
၁၉၈၄-ခု၊ အောက်တိုဘာ (၂၅) ရက်နေ့တွင် ပျံလွန်တော်မူသော
(ရွှေနံ-မဝေး) ဆရာတော် (ဦးသုဇာတ)

**ယ်ဆိုရင် တစ်နေ့လုံး၊ တစ်ညလုံး ပြောမကုန်ဘူးဗျ'**

မြင်တွေ့ သိသရသမျှကလေးနှင့် ပြည့်စုံလိမ့်မည်ဟု မထင်ပါ။ ဆရာ တော့်အကြောင်း ကိုယ်ရေးမှတ်တမ်း အုပ်ငယ်ကလေးတစ်အုပ် ရခဲ့သဖြင့် ထိုစာအုပ်ပါ အချက်အလက်တို့ကို ကိုးကားပြီး ဖြည့်စွက်ရေးရပါသည်။

ဆရာတော်မှာ တစ်ရွာတည်း၊ တစ်နေရာတည်းတွင် အမြဲ မနေဘဲ ရွှေ့ပြောင်းနေထိုင်သဖြင့် ဆရာတော် ရွှေ့ပြောင်းနေထိုင်သည့် ရွာတို့ကို အစဉ်အလိုက် ထည့်၍မရေးတော့ပါ။

ဆရာတော်၏ ကြိုးစားအားထုတ် သည့် တရားအလုပ် ပြီးမြောက်ခြင်းတို့ သာ မူလဖြစ်၍ တရားအလုပ်ကိုသာ အဓိကထား ရေးပါသည်။

ဆရာတော့်ကို **မြန်မာသက္ကရာဇ် ၁၂၆၆ ခုနှစ်၊ တော်သလင်းလဆန်း (၃)ရက်နေ့တွင်** ခမည်းတော် ဦးတာနီ၊ မယ်တော် ဒေါ်စိမ်းတို့မှ မွေးဖွားခဲ့ပါသည်။ မွေးချင်း(၅)ယောက်တွင် စတုတ္ထမြောက်ဖြစ်ပြီး ငယ်နာမည် မောင်စိန်ဖိုးဖြစ်ပါသည်။

အရွယ်ကလေး ရလာသောအခါ အတန်းကျောင်းမနေဘဲ ကိုရင်ဝတ်ခဲ့သည်။ သို့သော် ကိုရင်ဝတ်နှင့် မပျော်မွေ့သဖြင့် လူဝတ်လဲခဲ့ပြန်လေသည်။ အသက်(၁၇,၁၈)တွင် မိဘများနှင့် လယ်ယာကိုင်းကျွန်း အတူလုပ်ကိုင်ခဲ့သည်။

သို့သော် လူငယ်သဘာဝ အပျော်အပါးသို့ စိတ်ညွတ်ကာ မလုပ်ချင်၊ မကိုင်ချင် ဖြစ်နေခဲ့လေသည်။ မိဘတို့က ကြိမ်းမောင်း ပြောဆိုလာသောအခါ ရဟန်းဘောင်သို့ စိတ်ပြန်လည်ကာ ကိုရင်ဝတ်ပြန်လေတော့သည်။

ကိုရင်ဝတ်နှင့် အသက်(၂၀)ပြည့်သောအခါ ဦးသုဇာတအမည်ဖြင့် ၁၂၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၅)ရက်နေ့တွင် ပဉ္စင်းအဖြစ် ရောက်ရှိလေတော့သည်။ ပဉ္စင်းအဖြစ် ရောက်ရှိပြီး ဒကာ၊ ဒကာမတို့ အလိုဆန္ဒအရ တစ်ရွာတစ်ရွာသို့ ပြောင်းရွှေ့ကာ ကျောင်းထိုင်ခဲ့ရလေသည်။

ဒကာ၊ ဒကာမတို့က တောစပ် တောင်ကမူကလေးတစ်ခုတွင် ဝါး ကျောင်းကလေး ဆောက်လုပ်ပြီး ထိုကျောင်းကလေးတွင် တစ်ဝါဆိုခဲ့သည်။

ထိုမှတစ်ဖန် ကျောင်းကလေး၏ မြောက်ဘက် ကိုက်(၄၀)အကွာတွင် ဒုတိယအကြိမ် သစ်,ဝါးတို့ဖြင့် ကျောင်းဆောင် ဆောက်လုပ်လှူဒါန်းကြပြန်သဖြင့် ထိုသစ်သားကျောင်းကလေးတွင် (၅)ဝါမျှ ဆိုခဲ့ရသည်။

ထိုကျောင်းမှတစ်ဖန် **ကျားအိုဆိုသောရွာတွင်** ကျောင်းထိုင်ဘုန်းကြီး မရှိပြန်သဖြင့် ရှင်သုဇာတအား လာ ရောက်ပင့်ကြပြန်ရာ ဒကာ၊ ဒကာမတို့

www.burmeseclassic.com

အလိုသို့လိုက်၍ လက်ရှိကျောင်းတွင် ရနိုင်ပြည်နယ်၊ ရဲကျွန်းမှ ဦးပဥ္စင်းငယ် တစ်ပါးအား ကျောင်းလွှဲအပ်ပြီး ကျားအိုကျောင်းသို့လိုက်ကာ ကျောင်းထိုင်ရပြန်လေတော့သည်။

ကျားအိုကျောင်းတွင် သုံးဝါမျှဆိုပြီး ကမ္မဋ္ဌာန်းဘာဝနာတရားများ ပွားများအားထုတ်လိုစိတ် ပေါ်လာသဖြင့် လူသူမနီး ရွာနှင့် အတန်ငယ်လှမ်းသည့် တောစပ်ကလေးတွင် ကျောင်းတစ်ဆောင် ဆောက်လုပ်စေပြီး တစ်ပါးတည်း နေထိုင်ကာ (၂)မိုး၊ (၂)ဝါမျှ တရားအားထုတ်နေလေတော့သည်။

တရားအားထုတ်နေစဉ် မူလကျောင်းမှ လွှဲပြောင်းထားခဲ့သော ရဟန်းငယ် ပျံလွန်တော်မူသဖြင့် တောကျောင်းကို စွန့်ခွာကာ မူလ ဇလွန်ကျောင်းတွင် သီတင်းသုံးရပြန်လေတော့သည်။

ဇလွန်ကျောင်းတွင် လေးဝါမျှ သီတင်းသုံးနေစဉ် ချောင်းဖျားဟုခေါ်သော တောရွာကလေးတစ်ရွာတွင် အိမ်ခြေ(၁၅)အိမ်မျှရှိပြီး သံဃာမရှိသဖြင့် ဆရာတော်အား လာရောက်ပင့်ကြပြန်ရာ (၂)ဝါ၊ (၂)မိုးမျှ သွားရောက် ကျောင်းထိုင်ပြန်လေတော့သည်။

နောက်ထပ် (၃)မိုးမျှ ကြာအောင် အတူးနှင့် သံဒီတောရွာကလေးနှစ်ရွာအား ကျောင်းထိုင်ပေးရပြန်လေသည်။ ထိုသို့ သီတင်းသုံးနေစဉ် ရွာရှေးဆိုသော ရွာတွင်လည်း ကျောင်းထိုင်သံဃာမရှိပြန်သဖြင့် သုံးဝါမျှ ဝါဆိုခဲ့ရပြန်လေသည်။

ထိုမှတစ်ဖန် ဇလွန်ကျောင်းသို့ ပြန်ကြွလာခဲ့ပြန်သည်။ သက်တော်ကလည်း **(၅၁)နှစ်၊ ဝါတော်ကလည်း (၃၁)ဝါ** ရောက်လာချိန်တွင် တရားဘာဝနာ အားထုတ်လိုစိတ် ဖြစ်ပေါ်လာပြန်သဖြင့် ဇလွန်ရွာ၏မြောက်ဘက် စမ်းတောင်တွင် တောကျောင်းကလေး ဆောက်လုပ်ပြီး ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်း၍ တရားအားထုတ်တော်မူပြန်လေသည်။

တောကျောင်းကလေးတွင် လေးဝါမျှ သီတင်းသုံး အားထုတ်ပြီး အာနာပါနကမ္မဋ္ဌာန်းကို အထူးကြိုးစား အားထုတ်သည်။ ကေသာလောမာ စသော (၃၂)ကောဋ္ဌာသကို ပုတီးပတ် (၁၀၀၀) ရအောင် စိပ်ပြီးမှ ကျိန်းစက်သည်။

ထိုကဲ့သို့ အလွန် ကြိုးစားအားထုတ်သဖြင့် ကျန်းမာရေး ချို့ယွင်းလာခဲ့သည်။ သို့သော် ဆရာတော်မှာ တရားထူးတရားမြတ်ကိုမူ တွေ့ခဲ့ပေပြီဟု ဆိုပါသည်။ ပြောဆိုလာသည့် စကားများမှာလည်း ထူးခြားဆန်းပြားလာသည်။

ကျန်းမာရေးကို ဆေးကုသရင်း တရားအားထုတ်မှုကို မပြတ်လပ်စေဘဲ ကြိုးစားခဲ့သည်။ ကျန်းမာရေး ပြန်ကောင်းလာသောအခါ ရွာနှင့် (၂) ဖာလုံမျှဝေးသည့် တောစပ်ကလေးတွင် ကျောင်းကလေးတစ်ဆောင် ဆောက်လုပ်၍ တရားအားထုတ်ပြန်လေတော့သည်။

သည်တစ်ခါ ဆရာတော်သည် တရားအားထုတ်ရင်း တရားထူးတရားမြတ်များကို တွေ့ရှိခဲ့လေပြီ။ ဒကာ၊ ဒကာမများကလည်း မသိ။ ဆရာတော်ကလည်း သိအောင်မပြောပေ။ သို့သော် ဒကာ၊ ဒကာမတို့ကိုမူ စကားထူးပြောလေသည်။

'ဒကာတို့ ငါသေရင် မပုပ်မသိုးဘူး။ ငါ့ခန္ဓာကိုယ်ကို မီးလဲမရှို့နဲ့။ မြေမှာလဲ မမြှုပ်နဲ့။ ရေမှာလဲ မမျှောနဲ့။ အာရုံခြောက်ပါး တံခါး ခြောက်ပေါက်ကို ရည်ရွယ်ပြီး ဂူထဲမှာထည့်ထားကြ'

ဟု ပြောလေသည်။ ဒကာ၊ ဒကာမတို့က ဆရာတော်၏ ဆိုလိုရင်းကို မသိကြဘဲ ဆရာတော် ဘာကို ဆိုလိုပါလိမ့်ဟုသာ တွေးနေကြလေတော့သည်။

ဆရာတော်သည် **"ငါသေရင် မပုပ်မသိုးဘူး"**ဟု ပြောပြီးနောက် ဒကာ၊ ဒကာမတို့ လှူဒါန်းသမျှ ဆွမ်းမှအစ ဝတ္ထုအားလုံးတို့ကို ဆုတောင်းတစ်ခုအား လိုက်ဆိုစေပြီးမှ အလှူလက်ခံလေတော့သည်။

ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု။

ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု။

**မေ၊** အကျွန်ုပ်၏။ **ဣဒံပုညံ၊** ဤကောင်းမှုသည်။ **အာသဝက္ခယံ၊** ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝ တည်းဟူသော အာသဝေါတရား လေးပါးတို့၏ ကင်းရာကုန်ရာ ချုပ်ငြိမ်းရာဖြစ်သော မဟာအသင်္ခတဓာတ် မြတ်လှစွာသော နိဗ္ဗာန်ချမ်းသာကို။ **ဝဟံ၊** ရွက်ဆောင်နိုင်သည်။ **ဟောတု၊** ဖြစ်ပါစေသတည်း။

အရှင်ဘုရား... **မေ၊** အကျွန်ုပ်၏။ **ဣဒံပုညံ၊** ဤခဲဖွယ်ဘောဇဉ်ကို လှူဒါန်းရသည့်အတွက်။ **နိဗ္ဗာနဿ၊** ငြိမ်းနိဗ္ဗာန်၏။ **ပစ္စယော၊** အထောက်အပံ့သည်။ **ဟောတု၊** ဖြစ်ပါစေသတည်း။

ဤဆုတောင်းကို ဆရာတော် ပျံလွန်တော်မူသည်အထိ ဆိုနိုင်းခဲ့လေသည်။ ဆရာတော် တရားဟောသည့်အခါ ဒကာ၊ ဒကာမတို့၏ အကျင့်သီလ ကောင်းမွန်စေရေးအတွက် အမြဲပေး ကြားလေ့ရှိသည်။

'ဗုဒ္ဓရတနာအစစ်အမှန်၊ ဓမ္မရတနာအစစ်အမှန်၊ သံဃာ့ရတနာအစစ်



www.burmeseclassic.com

www.burmeseclassic.com

အမုန်တွေကို ယုံယုံကြည်ကြည်နဲ့ အမြဲဆည်းကပ်ကိုးကွယ်နေကြတဲ့ ဒကာ၊ ဒကာမတွေ အပါယ်ရောက်စေမယ့် မကောင်းမှုဒုစရိုက်တွေကို ရှောင်ကြဉ်ပြီး ကိုယ်ကျင့်တရား ကောင်းမွန်ဖို့ သီလတရားတွေ စောင့်ရှောက်ကြပါမှ အပါယ်ဘေးမှ လွတ်နိုင်ကြမယ်။ ကောင်းတဲ့ သုဂတိဘုံကို ရောက်နိုင်ကြမယ်'

ဆရာတော် ဝိပဿနာတရားတွေ ကြိုးပမ်းအားထုတ်နေသဖြင့် ဒကာကြီး ဦးစိန်ဆိုသူက လျှောက်ထားဖူးသည်။

'ဆရာတော်ဘုရား သောတာပတ္တိမဂ်ဉာဏ်ဆိုက်ဖို့ ဉာဏ်စဉ်တွေ အဆင့်ဆင့် တက်လိုက်ရတာ မလွယ်ပါလား ဘုရား'

ဟု လျှောက်ထားလေရာ ဆရာတော်က...

'ဒကာဦးစိန် ကောက်ရိတ်သမားတစ်ယောက် လက်ထဲမှာ ဆုပ်ထားတဲ့ ကောက်ပင်ကို တံစဉ်နဲ့ ဘယ်လိုဖြတ်လဲ'

'မှန်ပါဘုရား တစ်ခါတည်း ဖြတ်တာပါ ဘုရား'

'အေး...ဒီလိုပဲ'

ဟု မိန့်လေသည်။

ဆရာတော်သည် ဝိပဿနာတရားကိုသာ အထူးကြိုးစားအားထုတ်သည်။ ဆရာတော်၏ သက်တော်(၈၀)၊ ဝါတော်(၆၀) ပြည့်သောအခါ ဆရာတော်က ဒကာ,ဒကာမတို့ကို ဥပုသ်သီတင်းစောင့်သည့်အခါ အားလုံးရှေ့၌ ပြောပြသည်မှာ...

'လူ့ဟယ်ဆိုတာ သက်ရှိထင်ရှားရှိမှ လူ့ဒါန်းပူဇော်ရတယ်။ ငါသက်ရှိထင်ရှားရှိတုန်း လူ့ကြွ,ပူဇော်ကြ၊ သေပြီးမှ လူ့ချင်တယ်၊ ပူဇော်ချင်တယ်ဆိုလို့ မရတော့ဘူး။ ငါပျံလွန်ခဲ့ရင် ငါ့ရုပ်ခန္ဓာဟာ မပုပ်ဘူး။



မှန်ခေါင်းမှာထည့် ဂူလုပ်ပြီး အရုံ(၆)ပါးကို ရည်ရွယ်ပြီး အပေါက်(၆)ပေါက်ဖောက်၊ ဂူထဲမှာသွင်းထားကြ'

ဟု မှာကြားတော်မူသည်။

ဆရာတော်သည် သူ ပျံလွန်တော်မူမည်ကို ကြိုတင်သိသည်။ ဆရာတော်သည် ကမ္မဋ္ဌာန်းအလုပ် ပြီးမြောက်ခဲ့ပြီ။ သို့သော် ဒကာ,ဒကာမတို့အား **"ငါပြီးမြောက်ခဲ့ပြီ"**ဟု မည်သည့်အခါမှ မပြောခဲ့။ ပြောရကိုးထုံးစံလည်း မရှိခဲ့။ အရာရာကို ကြို၍ မြင်ခဲ့သိခဲ့လေပြီ။

ဒကာကြီးတစ်ယောက်သည် ငှက်ပျောသီး အထူးလိုအပ်နေသည်။ ရက်တရက်မှာ ငှက်ပျောသီးက ဘယ်မှာမှ ရှာမ၍ ဆရာတော်က ဒကာကြီးကို ခေါ်ပြီး...

'ဒကာ ရွာထဲမှာ ငှက်ပျောသီး ရှာမနေနဲ့ မရှိဘူး။ ဟိုက လယ်ကွင်းပါးက ငှက်ပျောပင်မှာ ငှက်ပျောသီး(၃)လုံး မှည့်နေတယ်။ သွားခူးချေ'

ဟု ပြောရာ ဒကာကြီးမှာ မယုံကြည်သဖြင့်...

'ဒီဆရာတော် ဘာတွေပြောနေလဲ မသိဘူး'

ဟု ဆိုကာ ရွာထဲတွင် ငှက်ပျောသီး လိုက်ရှာသည်။ ဘယ်မှ ရှာမရသောအခါ မယုံတရဲဖြင့် လယ်ကွင်းပါးကို သွားကြည့်ရာ ငှက်ပျောသီးနိုင်မှာ ငှက်ပျောသီး(၃)လုံး မှည့်နေသည်ကို တွေ့ရလေသည်။

'ဆရာတော် ဘယ်လိုသိပါလိမ့်။ ဘယ်သူ ပြောထားသလဲ'

ဟု တွေးနေမိသည်။ ဆရာတော်မှာ သမထဝိပဿနာအလုပ် ပြီးမြောက်သွားပြီမို့ သူတစ်ပါး၏ စိတ်ထဲနှင့် အပြင်လောကတွင် ဖြစ်ပျက်နေသည်တို့ကို သိမြင်နေလေသည်။

တစ်ခါက ဦးအုန်းမောင်ဆိုသူ ဒကာတစ်ယောက် ဆရာတော်ထံသွားပြီး အမေးပုစ္ဆာတစ်ခုသွားပြီး မေးမည်ဟု သွားလေသည်။ သူ မေးလိုသည်မှာ ဤသို့ဖြစ်သည်။

'မောင်ပခွင်းရယ် တပည့်တော်ဟာ ဝိပဿနာဘာဝနာပိုင်းဆိုင်ရာ စာပေတို့ကို လေ့လာဖတ်ရှုပါတယ်။ ဉာဏ်မီသလောက် ရုပ်နာမ်တွေအပေါ်မှာ ဤသည်ရုပ်၊ ဤသည်နာမ် ရုပ်နာမ်ဖြစ်ပျက်ကြောင်းတရားတို့ကို လေ့လာကြည့်မိပါတယ်။

တပည့်တော် တစ်ခု တွေးမိပါတယ်။ ဆရာတော်ကြီး လျောင်း,ထိုင်,ရပ်,သွား လေးပါးဣရိယာပုဒ်ကို ပြန်ကြည့်မယ်ဆိုရင် သမာဓိအား ကောင်းတာတော့အမှန်၊ ကြိုတင်သိမြင်မှုရှိတာမှာလဲ အမှန်ပင်။

သို့သော် ဆရာတော်မှာ ယခင်အခါများကဲ့သို့ သမထတွင်ပဲ နှစ်သက်နေရှာသလားလို့ သံသယဖြစ်လာသဖြင့် ဆရာတော်အား လျှောက်ဖြည့်ရင် ကောင်းမှာပဲ'

ဟု အကြံပေါ်လာပြီး ဆရာတော်ကြီးဆီ သွားခဲ့သည်။ ဆရာတော်ဆီရောက်၍ ဦးချကန်တော့သည်ဆိုရင် ဆရာတော်က...

'အုန်းမောင်'



www.burmeseclassic.com

www.burmeseclassic.com

'ဘုရား'

'မင်းက ဆရာလုပ်ပြီး အန်တုမယ် လာတာ ကိုးကွယ့်။ ပြန်ပေတော့'

ဟု မိန့်ကြားလိုက်ရာ ဒကာအုန်းမောင်မှာ ကြက်သေ့သေကာ အံ့သြ ထိတ်လန့်ပြီး...

'သူတစ်ပါးရဲ့စိတ်ကို ကြိုတင်သိနိုင်စွမ်းရှိတဲ့ ပုဂ္ဂိုလ်ပါတကား'

ဟု ဦးချပြီး ပြန်ပြေးလာခဲ့ရတော့သည်။

တစ်ခါတွင်လည်း ကျောင်းကပ္ပိယကြီး ဦးနီကို ခေါ်၍...

'ဟဲ့ ဦးနီ'

'ဘုရား'

'ဒီနေ့ ကျောင်းကို ညှော်သံဃာသုံးပါး ကြွလာမယ်။ ရှာထဲမှာ ဆွမ်းသွားစီစဉ်ချေ'

ဟု လွှတ်လိုက်သည်။ ကပ္ပိယဦးနီကလည်း ဆွမ်းစီစဉ်ပြီး အားလုံး အဆင်သင့် ဖြစ်နေကြပေပြီ။ နာရီကလည်း နံနက်(၁၀)နာရီထိုးတော့မည် ညှော်သံဃာသုံးပါး ကြွမလာသေးပါ။

ဆရာတော်အား အလုပ်အကျွေးပြုနေသည့် ဦးပဋင်း ဦးကဝိနန္ဒမှာ ဆွမ်းကိစ္စအားလုံး စီစဉ်ပြီးပြီ၊ ဆွမ်းတော်လည်း တင်ပြီးပြီ၊ ကြေးစည်ပင် ထိုးပြီးပြီ ဆရာတော်မှာ ဆွမ်းစားဆောင်ပေါ် ကြွမလာသေးပါ။

ကပ္ပိယ ဦးနီက...

'ဆရာတော် ဒီအချိန်ဆို အာဂန္တုသံဃာတွေ ကြွလာမယ် မထင်တော့ဘူး။ ဆွမ်းစားသာ ကြွပါတော့ဘုရား'

ဟု လျှောက်ထားရာ...

'ဟေ့... ဦးနီ ကဝိနန္ဒကို သွားပြောထား။ ဆွမ်းမစားနဲ့ဦးလို့'

ဟု နိုင်းလေတော့သည်။

ဆရာတော် ပြောသည့်အတိုင်း စောင့်ဆိုင်းနေရပါတော့သည်။ (၁၀) နာရီကျော်မှ ညှော်သံဃာသုံးပါး ကြွလာကြသည်။ လမ်းခရီးတွင် အခက်အခဲ ကြုံနေ၍ ကြန့်ကြာနေရသည်ဟု သိရသည်။

အားလုံးက အံ့သြကြရသည်။ ''ဆရာတော် ဘယ်လိုသိပါလိမ့်''ဟု မိမိကိုယ်ကို မိမိ အမေးပုစ္ဆာထုတ်ကြရသည်။ ဆရာတော့်နှုတ်မှမူ တစ်လုံးတစ်ပါဒမျှ ထုတ်ဖော်ပြောဆိုခြင်း မရှိခဲ့ပါ။

တော်သလင်းလပြည့်နေ့ ဥပုသ်နေ့တစ်နေ့၌ ဥပုသ်သည်များ ရှေ့တွင် ဒကာကြီးဦးစိန်အား အမေးပုစ္ဆာတစ်ခု မေးလေသည်။

**ဆရာတော်**။ ။'ဦးစိန် သောတာပန်ပုဂ္ဂိုလ်ကို မြင်ရင် သောတာပန် ပုဂ္ဂိုလ်လို့ သိနိုင်ပါ့မလား'

**ဦးစိန်** ။ ။'မသိနိုင်ပါဘုရား'

**ဆရာတော်**။ ။'အားလုံး ဒကာ၊ ဒကာမတွေ ကြားကြရဲ့လား'

**အများ** ။ ။'ကြားကြ ပါတယ် ဘုရား'

**ဆရာတော်**။ ။'ဒါဖြင့် သောတာပန်ပုဂ္ဂိုလ်က ငါ သောတာပန်ပုဂ္ဂိုလ်လို့ ပြောပါ့မလား'

**ဦးစိန်** ။ ။'မပြောပါဘူးဘုရား'

**ဆရာတော်**။ ။'အားလုံး ကြားကြရဲ့လား'

**အများ** ။ ။'ကြားပါတယ် ဘုရား'

**ဆရာတော်**။ ။'သကဒါဂါမ် ပုဂ္ဂိုလ်ကရော ငါ သကဒါဂါမ် ပုဂ္ဂိုလ်လို့ ပြောပါ့မလား'

**အများ** ။ ။'မပြောပါဘူးဘုရား'

**ဆရာတော်**။ ။'ဦးစိန် အနာဂါမ် ပုဂ္ဂိုလ်ကို မြင်ရင်ကော အနာဂါမ်ပုဂ္ဂိုလ်လို့ သိနိုင်ပါ့မလား

**အများ** ။ ။'မသိနိုင်ပါဘုရား'

**ဆရာတော်**။ ။'အနာဂါမ် ပုဂ္ဂိုလ်ကရော ငါ အနာဂါမ်ပုဂ္ဂိုလ်လို့ ပြောပါ့မလား'

**အများ** ။ ။'မပြောပါဘူးဘုရား'

**ဆရာတော်**။ ။'ဒါဖြင့် ရဟန္တာပုဂ္ဂိုလ်ကို မြင်ရင်ကော ဒါ ရဟန္တာပုဂ္ဂိုလ်လို့ သိနိုင်ပါ့မလား'

**အများ** ။ ။'မသိနိုင်ပါဘုရား'

**ဆရာတော်**။ ။'ရဟန္တာပုဂ္ဂိုလ် ကရော ငါ ရဟန္တာပုဂ္ဂိုလ်လို့ ပြောပါ့မလား'

**အများ** ။ ။'မပြောပါဘူးဘုရား'

**ဆရာတော်**။ ။'အေး... မပြောဘူးကွယ့်၊ အထက်ပုဂ္ဂိုလ်က အောက်ပုဂ္ဂိုလ်ကို မြင်နိုင်သိနိုင်ပေမယ့် အောက်ပုဂ္ဂိုလ်ကတော့ အထက်ပုဂ္ဂိုလ်ကို မမြင်နိုင် မသိနိုင်ဘူးကွယ့်။ ကဲ... ကဲ... အားလုံး သာဓုခေါ်ကြ'

ဆရာတော်သည် အရာရာကို ဥပေက္ခာပြုနိုင်သည်ဟု ဆိုလျှင် လွန်မည်မထင်ပါ။ ဆရာတော်သည် မကောင်းသော အနံ့အသက်တို့ကိုလည်း နံသည်စော်သည်ဟု မပြော၊ မညည်းမညူ အလွန်လျစ်လျူရှုနိုင်သည်။

တစ်ခါက ရွာတစ်ရွာတွင် ကိုယ်ဖောကိုယ်ရောင်၍ ကွယ်လွန်သူ၏ အသုဘတစ်ခုသို့ သွားရသည်။ တရားနာသော အခါ တစ်အိမ်လုံး ပုပ်စော်နံနေသည်။ ဆရာတော်က ဘာနံ့မှ မနံသလို တရားရှည်ကြီး ဟောလေတော့သည်။ အားလုံး သြချကြရသည်။ အာဂ



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ပါတကား။

ဆရာတော်သည် ကမ္ဘဋ္ဌာန်းကိစ္စပြီးပြီမို့ လူတောသူတောမှာလည်း မနေချင်။ တောရပ်တောကျောင်းတွင်သာ အနေများသည်။ ဆရာတော် ပျံလွန်တော်မူခါနီးမှ ဇလွန်ရွာကြီးသို့ ရောက်ရှိလာသည်။

ဆရာတော် ရောက်ရှိလာသဖြင့် ကြည်ညိုသူ ဒကာ၊ ဒကာမများ လာရောက်ကြသည်။ လှူဒါန်းပူဇော်ကြသည်။

ဆရာတော် မပျံလွန်မီ တစ်ပတ်အလိုတွင် သံတွဲမြို့မှ အရာရှိကြီးတစ်ဦးဖြစ်သော ဦးအောင်ထွန်းကြိုင်က တန်ဆောင်မုန်းလဆန်း (၅)ရက်နေ့တွင် ကထိန်ခင်းဖို့ လာရောက်လျှောက်ကြားသည်။

'ဆရာတော်ဘုရား တန်ဆောင်မုန်းလဆန်း(၅)ရက်နေ့မှာ ကထိန်ခင်းချင်လို့ပါဘုရား'

ဟု လျှောက်ထားရာ...

'ဒကာကြီး မီမယ်မထင်ဘူး'

'ဟင်... ဘာဖြစ်လို့လဲ ဆရာတော် တခြားသွားစရာရှိလို့လား၊ ဘယ်ကို ကြွမလို့လဲဘုရား'

ဟု မေးလျှောက်ရာ ဆရာတော်က မိုးပေါ်သို့ လက်ညှိုးထိုးပြလေသည်။ ဦးအောင်ထွန်းကြိုင်မှာ နားမလည်ရှာ။

ဆရာတော် ကျန်းမာရေး ချို့တဲ့လာသည်။ သံတွဲမြို့မှ ဆရာဝန်ကို သွားပင့်ရာ ဆရာဝန်မှာ လူနာ အရေးကြီးနေ၍ မလိုက်လာနိုင်ဘဲ တခြားဆရာဝန်တစ်ဦး ခေါ်လာသည်။

ဆရာဝန် ရောက်လာတော့ ဆရာတော်မှာ အိပ်ရာပေါ်ဝယ် ခွေခွေလေး ဖြစ်နေလေတော့သည်။ နှလုံးသွေးကို စမ်းကြည့်သောအခါ နှလုံးသွေးရပ်နေခဲ့ပေပြီ။



ဆရာတော် ပျံလွန်တော်မူသွားပြီဖြစ်၍ ဆရာတော်၏ အလောင်းအား နေရာအနည်းငယ် ရွှေ့ကာထားကြသည်။ ဆရာတော် ဘဝနတ်ထံ ပျံလွန်တော်မူသွားသော်လည်း ရုပ်မှာ ပျက်ယွင်းခြင်းမရှိ။ ပကတိအတိုင်း ရှိနေသည်။

လူသေလျှင် မိနစ်ပိုင်းအတွင်း တောင့်တင်း၍ အေးစက်သွားတတ်ကြသော်လည်း ဆရာတော်မှာ အိပ်နေသည့်အလား အသားအရေ ပျော့ပျောင်းစွာဖြင့် နွေးနေပေသည်။

မျက်နှာမှာ ချွေးသီးကလေးတွေ ထွက်နေသဖြင့် အမျိုးသမီး ဒကာမများက တဘက်နှင့် သုတ်ပေးကြသည်။ နှစ်ရက်မျှ ရှိသော်လည်း ခန္ဓာကိုယ်မှာ နွေးအိနေပြီး မျက်နှာမှာ ချွေးစီးကလေးများ ရှိနေဆဲဖြစ်သည်။

လဆန်း(၅)ရက်နေ့တွင် ကထိန်ကလည်း ရှိနေသဖြင့် ဆရာတော့်ရုပ်အလောင်းအား နေရာရွှေ့ကြရတော့သည်။ ရွှေ့မရွှေ့ လွန်ဆွဲကြရသေးသည်။ အလှူကြီးအတန်းကြီး လုပ်မည်ဖြစ်၍ ကျောင်းထဲတွင်ထား၍ မသင့်တော်ဟု ဆုံးဖြတ်ကာ နေရာပြောင်းကြရွှေ့ကြရတော့သည်။

၁၃၄၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၂)ရက်နေ့တွင် ဆရာတော် ဘဝနတ်ထံ ပျံလွန်တော်မူသွားခဲ့သည်။ ဆရာတော်က ဒကာကြီး ဦးအောင်ထွန်းကြိုင်ကို ပြောသလိုပင်။

'မီမယ်မထင်ဘူး ဒကာကြီးရဲ့'

ဟု ပြောခဲ့သည်မှာ မှန်နေပေတော့သည်။ တန်ဆောင်မုန်းလဆန်း (၅)ရက်တွင် ကထိန်ခင်းမည်။ (၅)ရက်မကျူးမီ (၂)ရက်နေ့တွင် ပျံလွန်တော်မူခဲ့သဖြင့် "မီမယ်မထင်ဘူး ဒကာကြီး" ဟု မိန့်ကြားခဲ့သည်မှာ မှန်ပေတော့သည်။

"ဘယ်ကို ကြွမလို့လဲဘုရား" ဟု မေးလျှောက်တော့ ကောင်းကင်ကို လက်ညှိုးထိုးပြသည်။ ဆရာတော်ကား ဘဝသံသရာ စက်ဝန်းကြီးထဲမှ လွန်မြောက်သွားခဲ့ပေပြီ။ သူ မှာခဲ့သလိုပင် အပေါက် (၆)ပေါက်ပါသည့် ဂူပြုလုပ်ပြီး မှန်ခေါင်းနှင့်ထည့်ကာ ကြည်ညိုကြသူ ဒကာ,ဒကာမများ ဖူးမြော်နိုင်ရန် ထားပေးရလေသည်။

ဆရာတော်ကြီး၏ မပုပ်မသိုးသည့် ရုပ်အလောင်းအား နေ့စဉ်နှင့်အမျှ ကားကြီးကားငယ်နှင့် လာရောက်ဖူးမြော်ကြသည်။ ဆရာတော်ကြီး၏ ဂုဏ်သတင်းကား ပျံ့မွှေးကြိုင်သင်း လျက်ရှိသည်။

ဆရာတော်ကြီးကို ရန်ကုန်ဘက်မှ လာရောက် ဖူးမြော်လိုကြပါက မြောက်ဥက္ကလာပ အောင်မင်္ဂလာ အဝေးပြေးဂိတ်မှ **ရခိုင်ပြည်နယ် ဒွါရဝတီကားများကို စီးလျက် (ဂွဘက်မှသွားသည့်ကားများ)** လိုက်ပါလာပြီးလျှင် ဇလွန်သို့ရောက်လျှင် ကျောင်းရှေ့တည့်တည့်တွင် ကားမှတ်တိုင်ရှိသည်။

ကားပေါ်မှဆင်းလျှင် "**မေ္ဘသစ္စာကျောင်း**"ဟု နဖူးစည်းစာလုံးကြီးနှင့်အတူ "**အကျင့်မခက် အသိခက်**" ဆိုသော ညွှန်ကြားချက်များကိုပါ တွေ့ရမှာဖြစ်ပြီး ဆရာတော်ကြီးအား ဝင်ရောက်ဖူးမြော်နိုင်ကြောင်း လမ်းညွှန်လိုက်ရပါသည်။

မောင်လင်းခိုင်



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

•••••••• ဆေးစွမ်းထက်မြက်ကြောင်း အကြွားမပို့တဲ့ ••••••••

# သမားအိုဆေးတိုက်

မှ ထုတ်လုပ်သော နန်းတွင်းလိမ်းဆေး၊ လေးဖက်နာဆေး၊ နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး



သီပေါမင်း ပါတော်မူပြီးနောက်နန်းတွင်းသမားတော်ကြီးများ မြို့နယ်အသီးသီးသို့ ပြန့်ကျဲရောက်ရှိခဲ့ကြရာ ဘီလူးကျွန်း၊ ကမာမွန်ရွာသို့ ရောက်ရှိခဲ့ကြသည့် နန်းတွင်း သမားတော်ကြီး ဦးပန္နဝ၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ်တော်လှန်ရေး ခေါင်းဆောင်ဆရာစံ (သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်းသမားစဉ် မူရင်းဆေးစွမ်းကောင်းတို့ကို **သမားတော်ကြီး ဦးနွယ်၏မြေး သမားတော်ကြီး ဦးတင့်လွင်(ငြိမ်း/ဗိုလ်ကြီး) ဇနီး ဒေါ်ကျင်သိန်း။ တိုင်းရင်းသမားတော် ဦးသန်းဇော်၊ ညီမဒေါ်ခင်ခင်ထွေး**တို့ အကြောင်းပြု ပေါင်းစုလျက် သမားအိုဆေးတိုက်မှ မြန်မာ့ဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက် ရှိပါသည်။

## သမားအို နန်းတွင်းလိမ်းဆေးကြီး

*[တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် ဝ၅၁ဝ YR ဝဝဝ၉၉၇]*

*[လိုင်စင်အမှတ် ၁၁/၂ဝဝ၈ တဆထလ တိုး(ဝ၁၂၁)]*

မြန်မာ့နန်းတွင်း အစဉ်အဆက် သုံးစွဲခဲ့သည့် လိမ်းဆေးဖြစ်ပြီး **ပရုတ်၊ မင်သော် စသည့် ဆေးပူများ မပါရှိသော** ဆေးအေးဖြစ်၍ ဘေးထွက်ဆိုးကျိုး လုံးဝ မပါရှိဘဲ အပူနာများကိုပါ သက်သာပျောက်ကင်းစေကြောင်း အာမခံသည့် လိမ်းဆေးတစ်လက်ဖြစ်သည်။

ပျောက်ကင်းစေသော ရောဂါများ

သမားအို နန်းတွင်းလိမ်းဆေးကြီးသည် အဆစ်၊ အမြစ်၊ အကြောရောင်/နာ၊ ကိုက်ခဲခြင်း၊ ဒူးနာ၊ ခါးနာ၊ လေးဖက်နာ၊ ဂေါက်နာ၊ ဇက်ထိုး၊ ခေါင်းအုံ၊ ခေါင်းကိုက်၊ ပန်းနာ၊ ရင်ကျပ်၊ နှာစေး၊ နှာပိတ်၊ ထိပ်ကပ်နာ၊ အရိုးကျိုး၊ အဆစ်လွဲ၊ အဆစ်ဟာ၊ ဒဏ်နာဖြစ်၊ လက်ကပ်ခြင်းနှင့် အပူလောင်ခြင်းများကို သက်သာ ပျောက်ကင်းစေပါသည်။

အသားပပ်ခြင်း၊ အသားကွဲခြင်း၊ ဝက်ခြံ၊ တင်းတိပ်၊ နေလောင်ကွက်များကို ညအိပ်ရာဝင်ချိန်၌ မျက်နှာအား ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောပြီးမှ ဆေးလိမ်း တစ်ရှူးကပ် အိပ်ပါ။

နေ့စဉ်ရက်ဆက် လိမ်းပေးခြင်းဖြင့်"**အသားအရေ ဖြူနု ချောမွတ်ပြီး မကြဲ့ဘူးအောင် အလှထူးစေသည့်**"ကမ္ဘာ့ ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။ မန္တလေးတောင်၊ ကျိုက်ထီးရိုးတောင်၊ ပုပ္ပါးတောင်ကဲ့သို့ အလေ့အကျင့်မရှိသော တောင်တက်ဘုရားဖူးခရီးသည်များ သုံးစွဲလျှင် ထုံကျဉ်ညောင်းညာ ကိုက်ခဲခြင်းများ သက်သာပျောက်ကင်းစေသည့်အပြင် ကျီးပေါင်းရောဂါဝေဒနာရှင်များ အသားထဲ စိမ့်ဝင်အောင် ညင်သာစွာ လိမ်းပေးခြင်းဖြင့်ကျီးပေါင်းရောဂါဝေဒနာများ အချိန်တိုအတွင်း သက်သာပျောက်ကင်းစေပါသည်။

## သမားအို လေးဖက်နာဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင် အမှတ် ဝ၃ဝ၉ YR ၃ဝ၆၃]*

လူတစ်ယောက်၏ခန္ဓာကိုယ်အား သိပ္ပံနည်းကျ သွေးစစ်ကြည့်ခြင်းဖြင့် **ယူရစ်အက်စစ်အလွန် များနေခြင်း၊ အေအက်စ်အို သီတာ ယူနစ်(၂ဝဝ)ထက် ရှိခြင်း၊ နောက်ဆုံး အာအေ စမ်းသပ်မှု၌ (+) အပေါင်းလက္ခဏာတွေ့ရှိခြင်း**စသည်ဖြင့် လေးဖက်နာရောဂါအဆင့်ဆင့်တို့ကိုသိရှိနိုင်ပေသည်။

**လေးဖက်နာရောဂါ၏ ဆက်နွှယ်ရောဂါများဖြစ်သော နှလုံး၊ သွေးတိုး၊ ဓီးယင်ရောဂါများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်သည့် ဆေးဖက်များ သမားအို လေးဖက်နာဆေးတွင် ထည့်သွင်း ဖော်စပ်ထားပါသည်။**

သမားအိုလေးဖက်နာဆေးတွင် သက်စောင့်ဆေးဖက်များ ပါရှိသည့်အတွက် ရာသီဥတုဒဏ်ခံနိုင်ပြီး တရားထိုင်သူများ၊ ယာဉ်မောင်းသူများ၊ စက်ချုပ်သမားများ၊ လက်နှိပ်စက်နှင့် ကွန်ပျူတာ အော်ပရေတာများ ဤဆေးကို မှန်မှန် စားသုံးသွားပါက ဆီး၊ ဝမ်း၊ လေမှန်ကန်ပြီး ကျန်းမာရေးနှင့် ညီညွတ်ကာ ကိုယ်လက်ပေါ့ပါး သွက်လက်စေပါသည်။

## သမားအို နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင် ဝ၃၁၁ YR ဝဝ၃ဝ၆၂]*

မြန်မာ့နန်းတွင်းသမားတော်ကြီးများ အသုံးပြုခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်သည်။ **နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ နှလုံးကျပ်ခြင်း၊ နှလုံးခုန်လွန်းခြင်း၊ မောပန်းခြင်း၊နှလုံးအားနည်းခြင်း၊ နှလုံးရောင်ခြင်းနှင့် နှလုံးရောဂါအမျိုးမျိုး**တို့ကို သက်သာပျောက်ကင်းစေပြီး စိတ်ဓာတ်ကို ကြည်လင် လန်းဆန်း၍ ဉာဏ်ရည်ထက်မြက်စေသော "**သတ္တဂုဏ်**"နှင့် ပြည့်စုံသော ဆေးကောင်းတစ်လက် ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းသူကျောင်းသားများနှင့် ရဟန်းသံဃာ အရှင်မြတ်များ စာမေးပွဲနီးသော အခါ၌ လည်းကောင်း၊ ပရိယတ္တိ၊ပဋိပတ္တိ ဝန်ဆောင်ရာ၌ လည်းကောင်း အစဉ်အလာအားဖြင့် အောင်မြင်စွာ သုံးစွဲခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

**ဆေးသုံးစွဲသူ ဝေဒနာရှင်များအနေဖြင့် ဆရာ ဦးသန်းဇော် (တဆ-ဝ၂၉၁၇) ဖုန်း-ဝ၉-၄၉၂၆၄၄ဝ၃ သို့ ဆွေးနွေး တိုင်ပင်နိုင်ပါသည်။**

**သမားအိုဆေးတိုက်**

အမှတ်(၄၇)၊ (၁၁၈)လမ်း၊ မင်္ဂလာဈေးအနီး၊

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၂၉ဝ၆၁ဝ အမြို့မြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



◆ တောင်ပင်အနီးမှ တတိယအောင်ပွဲနှင်းစေတီ

ငွေထူးအောင်

နဂါးတွင်းရွာဦးမှ

# အောင်ပွဲနှင်းစေတီ

မုံရွာမြို့နယ် နဂါးတွင်းကျေးရွာ အဝင် ရွာဦးထိပ်ရှိ ဆုတောင်းပြည့် စေတီဝင်းအတွင်း၌ **"တတိယ အောင်ပွဲနှင်းစေတီ"** ဟူသော ဘွဲ့ကမ္ပည်းထိုးထားသည့် စေတီငယ် တစ်ဆူကို ဖူးတွေ့နိုင်သည်။

ဤစေတီကား **၁၃၀၀ ပြည့်နှစ် ဝန်းကျင်က** သမထကမ္မဋ္ဌာန်း ကျင့်ကြံ အောင်မြင်ခဲ့သော **နဂါးတွင်းရွာဇာတိ ရသေ့ကလေး ဦးဇာဂရ၏ အထိမ်း အမှတ်စေတီ**ဖြစ်သည်။

ရသေ့ ဦးဇာဂရနှင့် ပတ်သက်၍ ဘန်စီရွှေမြင်တင်တောင်၊ ခွက်ဆေး ကန်တွင် သီတင်းသုံးတော်မူသော ဦးပဉ္ဇင်း ဦးဇာဂရက မိန့်ကြားခဲ့ခြင်း ဖြစ်သည်။

ရွှေမြင်တင်စေတီသို့ သွားရာ တောင်တက် စောင်းတန်းလှေကား၏ လက်ယာဘက်ကပ်လျက် ကုန်းထိပ် တွင် ပထမ အောင်ပွဲနှင်းစေတီရှိ၏။ ၁၃၀၁ ခုနှစ်တွင် တည်သောစေတီ ဖြစ်သည်။

ရသေ့ကလေး ဦးဇာဂရသည် ကိုလိုနီအစိုးရလက်ထက် ငွေပြေး အင်အားဖြင့် အာဏာပိုင်များကို သိမ်း သွင်းကာ ဆင်းရဲသား ပြည်သူများ အပေါ် မတရား အမြတ်ထုတ်နေကြ သည့် လူကုံထံများကို ရှုတ်ချပြောဆို လေ့ရှိသည်။ မတရား အမှုဆင်ကာ ဖိနှိပ်ညှဉ်းပန်းခြင်း ခံရသော ပြည်သူ လူထု ဆင်းရဲသားများဘက်မှ ရပ်တည် ကူညီပေးတတ်သည်။

ထို့ကြောင့် သူဌေး ဦးလှတင်က ရသေ့ကလေးအပေါ် မျက်မုန်းကျိုးကာ ရသေ့ကျောင်းနေ သီလရှင်တစ်ပါးနှင့် သားပုပ်လေလွင့် ပြောဆို သင်္ကန်းလွှင့်



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

ဦးလုတင်တွင် ချောမောလှပသော သမီးပျိုနှစ်ဦးရှိရာ ရသေ့ကလေးသည် သည်းမခံနိုင်သည့် အဆုံး...

'နင့်သမီးတွေ မြူဆွယ်တောင်မှ ကာမစိတ် မထကြွဘူး'

ဟု ပြောဆိုလေသည်။

ဦးလုတင်၏ သမီးနှစ်ယောက်လည်း ဒေါသအမျက် ချောင်းချောင်းထွက်ကာ နောက်ပါအင်အား စုဆောင်း၍ ရသေ့ကလေးကို လိုက်ရှာကြ၏။

ရွှေမြင်တင်စေတီ စောင်းတန်းအနီး ကုန်းစောင်းတွင် ကမ္မဋ္ဌာန်းထိုင်နေသည့် ရသေ့လေးကို တွေ့သောအခါ ဝိုင်း၍ရိုက်ကြသည်။ ဦးခေါင်းတစ်ခုလုံး သွေးချင်းချင်း နီလေလျှင် ရသေ့လေးက **"အောင်ပြီ အောင်ပြီ"**ဟု ကြွေးကြော်၍ ပထမအောင်ပွဲနှင်းစေတီ တည်၏။

ဦးလုတင်က ကျေချမ်းခြင်း မရှိသဖြင့် သူကြီးဦးလေးမောင်အား သိမ်းသွင်းကာ ရသေ့အား မတရား အမှုဆင် ဖမ်းဆီးစေသည်။ ပုလိပ်များလည်း အထက်အရာရှိ၏ စေခိုင်းချက်အရ သွားရောက်ရှာဖွေကာ တွေ့သောနေရာတွင် ရိုက်နှက်ဖမ်းဆီးကြသည်။

ရသေ့ကလေး သွေးထွက်သံယိုဖြစ်သောအခါ နေကျဲကျဲတောက်ပူနေသော ကောင်းကင်ပြင်ကြီးသည် ရုတ်တရက် အုံ့မှိုင်းသွားလေသည်။ ထိုအခါတွင်မှ ပုလိပ်များက ခွင့်လွှတ်ပါရန် ရှိခိုးတောင်းပန်ကြသည်။

ရသေ့လေးက...

'မိုးရိပ်ကြည့်ပြီး မင်းတို့က ခိုင်းတာလုပ်ရတာပဲ။ ပြန်နှင့်ကြပါ။ ငါ လိုက်ခဲ့ပါမယ်'

စေတီတွဲ့တော်ကျွည်း






စာမျက်နှာ (၄၆) သို့

www.burmeseclassic.com


www.burmeseclassic.com

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင် တောင်ငူမြို့ရှိ ဆီးဖြူပင်သာသနာ့ရိပ်သာကျောင်း
ဝဇာန နာယက သက်တော်ရှည် ဆရာတော်ကြီး အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ

# ဘဒ္ဒန္တ သူရိယ

ဘဝနတ်ကျောင်း ရွှေပြောင်းစံတော်မူခြင်းနှင့် ထူးခြားဖြစ်စဉ်များ

မြမြဝင်း
(တောင်ငူ)



▲ ခန္ဓာဝန်ချပြီး (၁၀)ရက်၌ ရုပ်ကလာပ်တော်အား ကြည်ညိုရစဉ်

▼ ခန္ဓာဝန်ချပြီး (၁၅)ရက်၌ ရုပ်ကလာပ်တော်အား ကြည်ညိုရစဉ်



စာရေးသူသည် ၂၀၁၂ ခုနှစ်၊ ဩဂုတ်လထုတ်၊ နက္ခတ္တရောင်ခြည် မဂ္ဂဇင်း အမှတ်(၃၁၃)၊ စာမျက်နှာ(၁၆၉) တွင် ဆီးဖြူပင်ဆရာတော်ကြီး အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသူရိယ၏ ထေရုပ္ပတ္တိနှင့် ဩဝါဒကထာကို မှတ်တမ်းတင် ရေးသား ပူဇော်ခဲ့ပါသည်။

ဆရာတော်ကြီးသည် တရားဟောခြင်း၊ တရားအားထုတ်ခြင်း စသည့် သာသနာပြုလုပ်ငန်းများကို လုပ်ဆောင်နေရင်း အစာအိမ်ဝေဒနာ ခံစားလာရသဖြင့် ရန်ကုန်မြို့၊ ရွှေဂုံတိုင် အထူးကုဆေးရုံကြီး၌ သမားတော်ကြီးများ၏ အထူးကုသ စောင့်ရှောက်မှုကို ခံယူနေရင်းမှာပင် ၁၃၇၄ ခုနှစ်၊ နတ်တော်လဆန်း(၁၄)ရက် (၂၇-၁၂-၂၀၁၂) ကြာသပတေးနေ့ ညနေ(၆)နာရီ (၁၀) မိနစ်အချိန်တွင် ခန္ဓာချုပ်ငြိမ်း၍ ဘဝနတ်ကျောင်း ရွှေပြောင်း စံတော်မူခဲ့ပါသည်။

"အရှည်မကြာ ဤခန္ဓာကား၊ တရားအစစ် ကိုယ်၌ဖြစ်သား၊ ပြန်စစ်နိုင်းလျော် ကျေးဇူးဆော်မှု၊ ကျူးကျော်ကုန်ခန်း ကျွမ်းကျွမ်းလဲ ဥဒ်နိုးမကျ လူမြင်နတ်ရပ်၊ ပုံတင်ထပ်လိမ့်"

ဟူသော ဝိဓူရပျို့လင်္ကာနှင့်အညီ သီလစသား ဂုဏ်ကျေးဇူးများသာ ကြွင်းကျန်ခဲ့ပြီး ရုပ်ခန္ဓာအသွင် ပျောက်ကွယ်ခဲ့ပါတော့သည်။

## အန္တိမဈာပန ဓမ္မပူဇာသဘင် ကျင်းပခြင်း

ဆီးဖြူပင်ဆရာတော်ကြီး သက်တော် (၁၀၄)နှစ်၊ သိက္ခာတော်(၈၄)ဝါ ဥတုရှေ့ ရုပ်ကလာပ်တော်၏ အန္တိမဈာပနာ ဓမ္မပူဇာသဘင်ကို ဆရာတော်ကြီး သီတင်းသုံးခဲ့သည့် ဆီးဖြူပင်ကျောင်းဝင်းအတွင်း၌ ကျင်းပရာ (၆-၁-၂၀၁၃) တနင်္ဂနွေနေ့တွင်



www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာအရှင်အရိယဓမ္မ (ဓမ္မာစရိယ ဝိနယဝိဒူ၊ B.Sc, M.A,Ph.D)မှ လည်းကောင်း၊

**(၇–၁–၂၀၁၃)** တနင်္လာနေ့တွင် အရှင်ဝိလာသဂ္ဂ (သာသနဇောတိကဓမ္မာစရိယ၊ မိုးကုတ်စွယ်တော်ရိပ်သာ)မှ လည်းကောင်း၊

**(၈–၁–၂၀၁၃) အင်္ဂါနေ့တွင်** အရှင်ဝိစိတ္တသာရ(သုဓမ္မာပရိယတ္တိ ပထမကျော်) အသောကာရုံစာသင်တိုက်မှ လည်းကောင်း၊

**(၉–၁–၂၀၁၃) ဗုဒ္ဓဟူးနေ့တွင်** ဘဒ္ဒန္တသုပါကဏ္ဏာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ ရွှေဘိုကြီးစာသင်တိုက်နှင့် **(၁၀–၁–၂၀၁၃) ကြာသပတေးနေ့**တွင် ဒေါက်တာအရှင်ဉာဏိဿရ Ph.D,D.Lit၊ သီတဂူ ကမ္ဘာ့ဗုဒ္ဓ တက္ကသိုလ်တို့မှ လည်းကောင်း၊

ညစဉ် (၇)နာရီမှ (၁၀)နာရီအချိန်ထိ (၅)ညတိုင်တိုင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို လာရောက်ကြည်ညိုကြသော ရဟန်းရှင်လူ ဒါယကာ, ဒါယိကာမအပေါင်းတို့အား ဟောဖော်ညွှန်ပြပေးရာ တရားတော်နာ ညဉ့်ပရိသတ်တို့မှာ ကျောင်းဝင်းကျောင်းပြင် ပြည့်လျှံလျက် ကြည်ညိုနာယူကြကြောင်း တွေ့ရှိရပါသည်။

## ဆရာတော်ကြီး ရုပ်ကလာပ်တော်၏ ထူးခြားမှုများ


ဆရာတော်ကြီးသည် ဝိပဿနာကျင့်ကြံအားထုတ်မှု စရဏကြောင့် ဥတုဇရုပ်ကလာပ်တော်မှာ အနံ့ထွက်ခြင်း၊ ပုပ်ပွခြင်း၊ အရည်ထွက်ခြင်း အလျှင်းမရှိဘဲ ခန္ဓာကိုယ်မှာ ပျော့ပျောင်းနေကြောင်း၊ လက်မြှောက်ခြင်း၊ ခြေထောက်များ ကွေးဆန့်ခြင်းတို့ ပြုလုပ်၍ ရကြောင်း သိရှိရပါသည်။

၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် (၁၄)ရက်(၁၁–၁–၂၀၁၃) သောကြာနေ့တွင် အန္တိမစျာပနသဘင် ဆင်ယင်ကျင်းပသောအခါ တပည့်ဒါယကာ, ဒါယိကာမများက ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား အချိန်ကြာမြင့်စွာ ကြည်ညို ပူဇော်လိုကြသဖြင့် မြို့နယ်သံဃနာယက ဆရာတော်ကြီး ဘဒ္ဒန္တပဏ္ဍာဝံသ မီးသင်္ဂြိုဟ်ခြင်းကို မပြုလုပ်လိုကြကြောင်း လျှောက်တင်ကြပါသည်။

ထိုအခါ မြို့နယ်သံဃနာယက ဆရာတော်ကြီးက...

"ဒီနေ့ဆိုရင် ဆရာတော်ဦးသုရိယ ခန္ဓာဝန်ချတာဟာ (၁၅)ရက်ရှိသွားပြီ၊ အနံ့ဆိုးထွက်တာတို့ ပုပ်ပွလာတာတို့ မရှိသေးတဲ့အတွက် အများပြည်သူတို့ ဖူးမျှော်ကြည်ညိုနိုင်ကြတယ်။ ယာယီစံကျောင်းတော်မှာ ထားရှိပူဇော်ကြ၊ ရုပ်ကလာပ်တော်က ဖောက်ပြန်လာရင် ဖောက်ပြန်သလို ထပ်ပြီး စီစဉ်ကြတာပေါ့"

ဟု အမိန့်ရှိသဖြင့် ယာယီစံကျောင်းတော်အတွင်း၌ (၂၄)နာရီ အစောင့်အရှောက်




◆ ခန္ဓာဝန်ချပြီး (၁၀၅)ရက်၌ ရုပ်ကလာပ်တော်အား ကြည်ညိုခြင်း

◆ အန္တိမစျာပန ဓမ္မပူဇာသဘင်၌ တရားဟောကြားသော ဆရာတော်များ



www.burmeseclassic.com



• ဆောက်လုပ်နေဆဲ ဓာတုစုံရူကျောင်းတော်

• ဆီးဖြူပင် သာသနာ့ဂိုဏ်းသာမဏီကြီး



လွှတ်ပေးထားပြီး တောင်ငူမြို့ (၁၄) ရပ်ကွက်ရှိ "တော်ဝင်အထူးကု ဆေးရုံ" မှ ဒေါက်တာဘဆွေကလည်း မကြာခဏ လာရောက်၍ ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား သန့်ရှင်းရေး ပြုလုပ်ပေးခြင်းဖြင့် ပူဇော်ကြောင်း သိရှိရပါသည်။

ဆရာတော်ကြီး ခန္ဓာဝန်ချသည့်မှာ ၁၃၇၄ ခုနှစ်၊ တပေါင်းလကွယ်နေ့၌ ရက်ပေါင်း(၁၀၅)ရက်ရှိပြီ ဖြစ်သောကြောင့် ရုပ်ကလာပ်တော်၌ **ဦးခေါင်းမှ ဆံပင်များ ရှည်လာခြင်း၊ လက်သည်း ခြေသည်းများ ရှည်ထွက်လာခြင်းနှင့် ကိုယ်သားကိုယ်ရေ ခန်းခြောက်ခြင်း စသည်** ထူးခြားမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း ဖူးတွေ့ရပါသည်။

ညည်းညူမရှိ မြဂတိနှင့်၊ သတိမမေ့ ချိန်နေ့သိပြန်၊ မျက်လန်ကြောဆွဲ၊ မရှိဘဲနှင့်၊ သေလည်းမတောင့်တင်း၊ ပုပ်နံ့ကင်းသည်၊ ကျိုးရင်း ဝိပဿနာတန်ခိုးတည်း။

## ဆရာတော်ကြီးအား
## အိပ်မက် မြင်မက်ခြင်း

ဆီးဖြူပင်ဆရာတော်ကြီး ဘဒ္ဒန္တ သူရိယ ပျံလွန်တော်မူပြီးနောက် ဆီးဖြူပင်ကျောင်းတိုက်၏ ကိစ္စအဝဝအား တာဝန်ယူရသော ဆရာတော် ဦးပဏ္ဍိစ္စမှ...

'ဆရာတော်ကြီးကို အိပ်မက် မြင်မက်ကြသူတွေက ဘုန်းကြီးထံလာပြီး လျှောက်တင်ကြတယ်။ နေ့ရက် အတိအကျတော့ ဘုန်းကြီးလဲ မမှတ်မိတော့ဘူး'

'မှန်ပါ့... မှတ်မိသလောက် အမိန့်ရှိပါဘုရား'

ဟု စာရေးသူမှ လျှောက်တင်သော အခါ ဆရာတော်ဦးပဏ္ဍိစ္စမှ အောက်ပါ အတိုင်း အိပ်မက်(၃)ကြိမ် မြင်မက်ကြကြောင်းကို အမိန့်ရှိပါသည်။

**(၁) ဆီးဖြူပင်ဆရာတော်ကြီး၏ မြေးဖြစ်သူ ဦးသန်းနိုင်ဦး (တောင်ငူ နည်းပညာတက္ကသိုလ် နည်းပြ) ၏ အိပ်မက်ထဲတွင်...**

ဦးသန်းနိုင်ဦး၏ညီဖြစ်သူ ကိုနေလင်းအောင်သည် ဆရာတော်ကြီးအား ကျောပွတ်ပေးနေစဉ် ဆရာတော်ကြီးက **"မင်းတို့ ငါ့ကို ဘယ်လိုထားကြမှာတုန်းဗျာ"**ဟု မေးရာ မြေးဖြစ်သူ ကိုနေလင်းအောင်မှ ပြန်လည် ဖြေကြားနိုင်ခြင်း မရှိသေးခင် အိပ်မက်မှ ရုတ်တရက် လန့်နိုးခဲ့ရပါသည်။

**(၂) တောင်ငူမြို့နေ ဒါယကာ ဦးအေးလွင်၏သမီး မူတူးမ (အိမ်နာမည်)၏ အိပ်မက်ထဲတွင်...**

မူတူးမက ဆရာတော်ကြီးအား "အဘ"(အချို့က ရင်းနှီးသူများက "အဘ"ဟု ခေါ်ကြပါသည်။) "အဘ ပျံလွန်တော်မူတာကို သမီးတို့မှာ ငိုလိုက်ရတာ အဘရယ်"ဟု ပြောသော အခါ ဆရာတော်ကြီးက ရယ်မောပြီး **"ငါ မသေပါဘူးဟ"**ဟု ပြောပါသည်။



www.burmeseclassic.com

www.burmeseclassic.com

**(၃) တောင်ငူမြို့နေ ဒါယိကာမ ဒေါ်မာမာဌေး၏ သမီးနှစ်ယောက်ရှိသည့်အနက် သမီးအငယ်လေး၏ အိပ်မက်ထဲတွင်...**

ဆရာတော်ကြီးရုပ်ကလာပ် စံတော်မူသော ခေတ္တစံကျောင်းတော်၏ မှန်တံခါး လေးဖက်စလုံးမှာ ရုတ်တရက် အလိုအလျောက် ကွဲထွက်ပြီး စံကျောင်းတော် ပွင့်သောအခါ ဆရာတော်ကြီး၏ မြေးဖြစ်သူ ဦးသန်းနိုင်ဦးနှင့် ကိုနေလင်းအောင်တို့ ညီအစ်ကိုနှစ်ယောက်က မြင်တွေ့သွားပြီး "ဟာ အဘမသေဘူးကွ" ဟု အားရဝမ်းသာဖြင့် ပြောဆိုကြပြီး ကျောင်းတိုက်ပေါ်သို့ ပင့်ဆောင်လာသည်ဟူ၍ပင် ဖြစ်ပါသည်။

ဆီးဖြူပင်ဆရာတော်ကြီး **သက်တော်(၁၀၄)နှစ်၊ သိက္ခာတော်(၈၄)ဝါ**၏ ဥတုဇရုပ်ကလာပ်တော်မှာ ပုပ်နံ့ကင်းပြီး ခုတင်ထက်တွင် ကျိန်းစက်နေသကဲ့သို့ရှိသဖြင့် အများပြည်သူတို့ အချိန်ကြာမြင့်စွာ ကြည်ညိုပူဇော်နိုင်ရန်အတွက် ထာဝရစံဂူကျောင်းတော်ကို ဆီးဖြူပင် သာသနာ့ရိပ်သာအနီး၌ပင် ဆောက်လုပ်နေဆဲ ဖြစ်ပါသည်။

---

ဆရာတော်ကြီး အမြဲဆုံးမတော်မူ

သော ဩဝါဒတရားတော်

---

တရားရှာ ကိုယ်မှာ၊ ကိုယ်မှာရှာရင် နှာသီးဖျားနဲ့ ဗိုက်မှာရှာ တန်းတွေ့တာပဲဗျာ။ နှာသီးဖျားမှာ လေဝင်လိုက်ထွက်လိုက်နဲ့ ဝင်တိုင်းထွက်တိုင်း နှာသီးဖျားကို တိုးတိုးပြီး ထိထိသွားတဲ့ သဘောလေးကို ထိတယ်,ထိတယ်လို့ ထိသွားတဲ့သဘောလေးကို မှတ်...

မှတ်တိုင်း,မှတ်တိုင်း လောဘ, ဒေါသ,မောဟ ပါးသွားလားဗျာ။ အဲဒီကိလေသာကို ပယ်သတ်တာ၊ မှတ်တိုင်းမှတ်တိုင်း ကိလေသာတွေ သေတယ်။

ငါးမိနစ်ရရင် ငါးမိနစ်မှတ်၊ တစ်ဆယ့်ငါးမိနစ်ရရင် တစ်ဆယ့်ငါးမိနစ်မှတ်၊ နာရီဝက်ရရင် နာရီဝက်မှတ်၊ တစ်နာရီရရင် တစ်နာရီမှတ် အဲဒါကိုယ့် တွက်ပဲဗျာ။

နောက်တစ်ဖန် တစ်နေ့မှာ (၂၄) နာရီ ရှိတယ်။ (၁၀)နာရီ အလုပ်လုပ်ဦး။ (၁၀)နာရီ အိပ်လိုက်ပါဦး။ (၄)နာရီကျန်တယ်။ အလုပ်မအားလို့ အိပ်ရေးမဝလို့ အကြောင်းမပြနဲ့။ ကိုယ့်အတွက် (၄) နာရီ ကျန်တယ်။ (၄)နာရီကို အချိန်ပြည့် မလုပ်နိုင်ရင်တောင် တစ်နေ့ကို (၁)နာရီ အချိန်ပြည့် အားထုတ်ပါ။ အဲဒါကိုယ့်အတွက်ပါပဲဗျာ။

စာရှုသူ ဓမ္မမိတ်ဆွေ သူတော်ကောင်းတို့အနေဖြင့် ပုဂ္ဂိုလ်ထူး သက်တော်ရှည် ဆီးဖြူပင်ဆရာတော်ကြီး အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသူရိယ ရုပ်ကလာပ်တော်၏ ထူးခြားမှုများအား ကြည်ညိုလိုပါက **ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ သဖန်းပင်ကျေးရွာအုပ်စု၊ ဆီးဖြူပင်ကျေးရွာထိပ်ရှိ ဆီးဖြူပင်သာသနာ့ရိပ်သာ ခေတ္တစံကျောင်းတော်သို့** လာရောက်၍ ဖူးမြော်ကြည်ညို ပူဇော်နိုင်ပါကြောင်း ဖိတ်ခေါ် နိုးဆော် တိုက်တွန်းအပ်ပါသည်။

*သဒ္ဓါ၊ သီလ၊ ဓာဂ၊ ပညာ ဤလေးဖြာ လိုရာဆန္ဒ ပြည့်ကောင်းတည်း။*

မြမြဝင်း(တောင်ငူ)

---

စာမျက်နှာ (၄၂)မှ အဆက်

ဟု ဆို၏။

ပုလိပ်များ ပြန်သွား၍ ဌာနသို့ရောက်သောအခါ စားပွဲတွင်ထိုင်နေသော ရသေ့ကလေးကို မြင်ကြရသည်။ ရသေ့ကလေးအရှေ့ရှိ လက်ဖက်ရည် ခွက်သည်ပင် အေးစက်နေကြောင်း တွေ့ကြရသည်။ အရာရှိလည်း ရသေ့အား တောင်းပန်ကာ ပြန်လွှတ်ပေးလိုက်သည်။

ရသေ့ကလေး ပြန်လွှတ်လာကြောင်း ကြားရသဖြင့် သူကြီးဦးလေးမောင်သည် ကြောက်ရွံ့ကာ နေအိမ်တံခါးကိုပိတ်၍ အတွင်းမှမင်းတုပ်ကန့်လန့်ချထားလေသည်။

ရသေ့က ခြေဖြင့် ကန်ကျောက်ဟန် ချိန်ရွယ်လိုက်သည်နှင့် အတွင်းမှ မင်းတုပ် အလိုအလျောက် ပြုတ်ကျလေသည်။ တံခါးပွင့်သွားသော်လည်း ရသေ့က အိမ်တွင်းမဝင်ဘဲ လှည့်ပြန်ခဲ့လေသည်။

ထိုနှစ် ၁၃၀၃ ခုနှစ်တွင်ပင် အရိုက်ခံရသောနေရာ၌ **ဒုတိယအောင်ပွဲနှင်းစေတီ**ကိုတည်သည်။ ပထမအောင်ပွဲ နှင်းစေတီ၏ အထက် ရွှေမြင်တင် စောင်းတန်းနံဘေးတွင် တည်ရှိ၏။

၁၃၀၅ ခုနှစ်သို့ ရောက်သောအခါ မိမိဓာတိ နဂါးတွင်းရွာ ဆုတောင်းပြည့် စေတီဝင်း ဇာာမိညောင်ပင်အနီး၌ **တတိယအောင်ပွဲနှင်းစေတီ** တည်ကာ မိမိကိုယ်ကို **နိဗ္ဗိန္ဒဓာဂရ**ဟု ဘွဲ့မည်မှည့်သည်။ **စေတီတော်ကြီး ပြီးစီးသည့်နောက် မကြာမီ ရသေ့ဦးဓာဂရ ပျံလွန်တော်မူသည်။**

ဤ အောင်ပွဲနှင်းစေတီကလေးကား မဝေးလှသော အတိတ်တစ်ချိန်က သမထကမ္မဋ္ဌာန်း ကျင့်ကြံပေါက်မြောက်မှုအတွက် သာဓကပြုသော စေတီတော် ဖြစ်ပေသည်။

ရသေ့အား ပြစ်မှားကြသည့် သူဌေးသမီးနှစ်ဦးအနက် တစ်ဦးသည် ကြေးသွန်းလုပ်ငန်းသုံး ကြေးအရည်ကျိုသည့် မီးဖိုကြီးအတွင်း ခုန်ချသေဆုံး၍ ကျန်တစ်ဦးမှာ မစင်ဘင်ပုပ်များ စား၍သေဆုံးခဲ့ကြောင်း ရွှေမြင်တင် ကုန်းတော်တွင် တစ်ပါးကျောင်းဖြင့် တရားအားထုတ်နေတော်မူသည့် ဦးပဠင်း အရှင်ခေမာဝုစက မိန့်တော်မူလေသည်။

**[ရသေ့ကလေး ဦးဓာဂရ သမထတရား ကျင့်ကြံအားထုတ်ပုံ နည်းစနစ်များကို လေ့လာသိမှတ်ခွင့် မရခဲ့ပါ။ သိရသမျှ မိန့်ကြားပေးကြသည့် ရွှေမြင်တင်တောင် ဦးပဠင်းနှစ်ပါးအား ကျေးဇူးတင် ဂါရဝပြု အပ်ပါသည်။]**

ထွေးမောင်



www.burmeseclassic.com

www.burmeseclassic.com



စိုက်ပျိုးထားသော

# ပဲပင်များ မဟုံစေရန်

ကျွန်တော်သည် တောင်သူတစ်ယောက် ဖြစ်ပါသည်။ မိရိုးဖလာဖြစ်သော ကိုင်းလုပ်ငန်းကို လုပ်ကိုင်လာခဲ့ပြီး ယခုအချိန်မှာ ကျွန်တော်သည် ကျန်းမာရေးမကောင်း၍ အလုပ်မှ အနားယူနေရပါသည်။

နွေလရာသီ ကိုင်းလုပ်ငန်းများ သိမ်းပြီးချိန်ဖြစ်၏။ တစ်နေ့တွင် ရွာထဲမှ တူဖြစ်သူ မောင်ညိုတစ်ယောက် အိမ်သို့ အလည်လာခိုက်မှာ ကျွန်တော်က...

'မင်း ဒီနှစ် ကိုင်းလုပ်ငန်း ဖြစ်ထွန်းအောင်မြင်ရဲ့လား'

'မအောင်မြင်ပါဘူး ဦးရယ်။ စိုက်ခင်းထဲက ပဲပင်တွေ ဟုံသွားကြလို့ အသီးအပွင့်တွေ အ,ပြီး မျိုးစားပဲစားတောင် မရလိုက်ဘူး။ နောင်နှစ်တွေမှာလဲ ဒီနှစ်လို ဟုံမှာစိုးရတယ်။ အပင်တွေ ဟုံရင်လဲ ဘယ်လိုမှ မလုပ်တတ်ဘူး ဖြစ်နေတယ်။

မောင်ညိုက ညည်းညည်းညူညူနှင့် ပြောလာ၍ စိတ်မကောင်းဖြစ်မိပါသည်။ ကျွန်တော်တို့ဒေသရှိ စိုက်ပျိုးလုပ်ကိုင်စားသောက်သည့် မြေသည် နုန်းတင်မြေနုမြေဖြစ်၍ သဘာဝမြေဆီဩဇာဓာတ်ရှိသော မြေများ ဖြစ်၏။ ရွာသားများသည် ထိုမြေများမှာ ထွန်ယက် စိုက်ပျိုးနေကြခြင်း ဖြစ်သည်။

'မင်းစိုက်ခင်းမှာ ပဲပင်မဟုံအောင် ငါအကြံပြုမယ်။ လာမယ့်နှစ်ကျရင် ငါပြောတဲ့အတိုင်း လုပ်ကြည့်ကွာ'

'ပြောပြပါလား ဦးရယ်၊ ဦး အကြံပြုတာကို လုပ်ကြည့်ရမှာပေါ့'

'ဒီလိုကွာ ကိုင်းမြေကို ထွန်ယက်ပြီးလို့ ပဲမျိုးတွေကို မြောင်းဖွဲ့ပြီး မစိုက်မီမှာ သီးညှပ်အဖြစ် ချဉ်ပေါင်၊ မုန်လာ၊ ဆူးပန်း စတဲ့မျိုးစေ့တွေကို ထယ်ရေးကြောင်းထဲ ထည့်ကြဲထားရမယ်။

ကြဲပြီးရင် မြောင်းဖွဲ့ပြီး ကိုယ်စိုက်မယ့် ပဲမျိုးကို စိုက်ပေါ့။ အချိန်ရောက်လို့ စိုက်ခင်းထဲက ပဲပင်တွေ အသီးအပွင့် ဝင်ကြတော့မယ့်အချိန်မှာ အခင်းထဲမှာ ကြဲထားတဲ့ ချဉ်ပေါင်၊ မုန်လာ၊ ဆူးပန်းတွေလဲ နုတ်ယူလို့ရတဲ့ အပင်အရွယ်တွေ ရောက်နေပြီလေ။

အခင်းထဲမှာ မျိုးပြန်ခံယူဖို့ မျိုးပင်တွေ ချန်ထားပြီး အပင်တွေကို နုတ်စားရောင်းစားလို့ ရတာပေါ့။

အဲဒီလို လုပ်နိုင်းတဲ့ အကြောင်းရင်းကတော့ ပြောရမယ်ဆိုရင် ကိုယ်စိုက်ပျိုးတဲ့မြေက မြေဆီဩဇာကလဲ ကောင်း၊ ရာသီဥတုကလဲ ကောင်းနေတဲ့အချိန်မှာ စိုက်ထားတဲ့အပင်တွေ မသီးမပွင့်နိုင်ဘဲ အပင်လုပ်ပြီး ဟုံတတ်တဲ့သဘော ရှိကြတယ်။

အဲဒီအပင်တွေ စားသုံးတဲ့ မြေဆီအာဟာရတွေကို တခြားအပင်တွေနဲ့ ဝေခြမ်းပြီး မျှစားရမယ်ဆိုရင် သူတို့စားသုံးရတာ အလွန်အကျွံ မဖြစ်တော့ဘဲ အပင်တွေ မဟုံနိုင်ကြတော့ဘူးပေါ့ကွာ။ အပင်မဟုံတော့ အသီးအပွင့်တွေ အားနဲ့အင်နဲ့ ထွက်လာနိုင်တာပေါ့။

ငါ လုပ်ခဲ့တုန်းကဆိုရင် စိုက်ခင်းတွေထဲမှာ သီးညှပ်အဖြစ် စားသုံးပင်တွေကို အမြဲ ထည့်ကြဲခဲ့တယ်။ စိုက်ခင်းထဲက စိုက်ပင်တွေ အပင်လုပ်တယ်၊ ဟုံသွားတယ်ဆိုတာ မရှိခဲ့ဘူး။ ငါ အကြံပြုသလို လုပ်ပေတော့ကွာ'

ကျွန်တော်က ပြောပြရာ တူဖြစ်သူ မောင်ညိုတစ်ယောက် သဘောကျ နှစ်သက်သွားပုံရသည်။

'ဟုတ်တယ် ဦးပြောတာ ဖြစ်နိုင်တယ်။ လာမယ့်နှစ်ကျရင် ဦးပြောသလို စိုက်ခင်းထဲမှာ သီးညှပ်ထည့်စိုက်ရတော့မှာပဲ'


မောင်ညိုမှာ ကျွန်တော်ပြောပြသည်ကို လက်ခံယုံကြည်ပြီး လက်တွေ့ပြုလုပ်မည့်သူ ဖြစ်သည်။ ကျွန်တော်နှင့် အချိန်အနည်းငယ်ကြာမျှ စကားပြောဆိုကြပြီးနောက် တက်ကြွရွှင်လန်းစွာနှင့် ပြန်သွားပါတော့သည်။

ကိုမောင်ကျော်လှိုင် (မအူပင်)



www.burmeseclassic.com

www.burmeseclassic.com



အဘယစေတီကုန်းမျက်နှာဘုရားအား ဖူးမြော်ရပုံ

# စစ်ကိုင်းတစ်ခွင် သမိုင်းဝင်စေတီများ

## ၏ အောင်မြေနှင့် ဂုဏ်ပုဒ်ဂါထာတော်များ (၇)

အောင်မြင့်မြတ်
(စစ်ကိုင်းတောင်)



အဘယစေတီတော်အား ရင်ပြင်တော် တနော်ထွေးတောင်မှ ဖူးမြော်ရပုံ

### အဘယစေတီတော်

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။** *[၃-ကြိမ်ရွတ်ဆိုပါ။]*

ဒုတိယမင်းခေါင် သုရာဇေန၊
ကာရိတံ အဘယစေတိယံ။
ယံ ထူပံ အဘယဝှယံ၊
ဝန္ဒာမိ အတိ သက္ကစ္စံ။
သဗ္ဗရောဂံ ဝိနာသန္တံ၊
ခေမေသု ဒေတု မေ ဝိနေ။

www.burmeseclassic.com





◆ အဘယစေတီမှ မြင်တွေ့ရသော မယ်ယက္ခညီအစ်မပုံနှင့် သင်ပုတ်ပလ္လင်

◆ အဘယစေတီမှ ယက္ခမယ်တော်ကြီးအား အနီးကပ်တွေ့မြင်ရပုံ

ခက်ခဲသော ပါဠိအသံထွက်

| | |
|---|---|
| **ဝုယံ** | = ဝုဒ္ဓယံ |
| **ဝန္ဒာမိ** | = ဝန်ဒါမိ |
| **သက္ကစ္စံ** | = သက်ကစ်စံ |
| **သဗ္ဗ** | = သပ်ဗ |

မြန်မာပြန်

**ဒုတိယမင်းခေါင် သုရာဇေန၊** အင်းဝပြည့်ရှင် ဒုတိယမင်းခေါင်ဘုရင်သည်။

**အဘယစေတီယံ၊** အဘယဘွဲ့တော်ရှိ စေတီတော်မြတ်ကြီးကို။

**ကာရိတံ၊** တည်ထားအပ်ပါပေ၏။

**ယံ ထူပံ အဘယဝှယံ၊** အကြင် အဘယ စေတီတော်မြတ်ကြီးကို။

**အဟံ၊** ''……''ဟု နာမ သမုတ် အကျွန်ုပ်သည်။

**[မှတ်ချက်။ ။''……''နေရာတွင် မိမိအမည် ထည့်ဆိုရန်]**

**ဝန္ဒာမိ အတိ သက္ကစ္စံ၊** ရိုကျိုးစွာ ရှိခိုးကန်တော့ပါသည်။

**သဗ္ဗရောဂံ၊** အလုံးစုံသော ရောဂါဝေဒနာကို။

**ဝိနာသနံ၊** ဖျက်ဆီး ချေဖျက်တော်မူ၍။

**ခေမေသု ဒေတု မေဇိနော၊** တပည့်တော်အား ကျန်းမာချမ်းသာပါစေခြင်းအလို့ငှာ ပေးသနား ချီးမြှင့်တော်မူပါဘုရား။

ဘုရားတည်နှစ်

သက္ကရာဇ် ၈၅၃ ခုနှစ်။

ဘုရားဒါယကာ

ဒုတိယ အင်းဝမင်းခေါင်။

တည်နေရာ

ထူပါရုံဘုရား ဒါယကာ ဘိုးတော်နရပတိ၏ ကန္နားတော်နေရာတွင် တည်ထားလေ၏။ ထိုတည်နေရာမှာ ငါးထပ်ကြီးဘုရား၏ အနောက်ဘက် ကနားတော်ရပ်ကွက် ဖြစ်လေ၏။

ပွဲတော်ရက်

နှစ်စဉ် တန်ဆောင်မုန်း လပြည့်ကျော် (၈)ရက်နေ့။

အောင်မြေနေရာ

စေတီတော်လိုဏ်အတွင်း ဘုရားရှင်၏ ရှေ့တော်ဖြစ်၏။





www.burmeseclassic.com

www.burmeseclassic.com



▲ မဟာစည်ဆုံကြီးစေတီရှိ နတ်လပ်များအားမြင်တွေ့ရပုံ

▼ မဟာစည်ဆုံကြီးစေတီ ရင်ပြင်တော်အတွင်းရှိ ကြေးစည်စင်၊ စည်တော်စင်၊ ကြေးမောင်းစင်များအား တွေ့မြင်ရပုံ





www.burmeseclassic.com

www.burmeseclassic.com

အဆောင့်အရှောက်

ယက္ခမယ်တော်ကြီး ဖြစ်သည်။

ထူးခြားချက်

ဒုတိယမင်းခေါင်သည် ဘိုးတော်နရပတိအား နှုတ်ဝစီအားဖြင့် ပြစ်မှားပြောဆိုမိလေ၏။ ပြစ်မှားမိသည့်၏ အခိုက်မှာပင် ရုတ်တရက် ဆွံ့အရောဂါ ဝေဒနာ ခံစားရလေတော့၏။

နှုတ်ဝစီအားဖြင့် စော်ကားမှုကြောင့် ဆွံ့အရောဂါခံစားရကြောင်း၊ ပညာရှင်များ၏ လျှောက်တင်အသိပေးခြင်းကို လက်ခံရရှိသောအခါ အပြစ်ကြွေးကျေစေရန် ဘိုးတော်နရပတိ၏ ကန္နားတော်နေရာ၌ အပြစ်ပြေစေတီ တည်ထားကိုးကွယ်လေ၏။

ထိုစေတီကို "**ရတနာမဏိ**"ဟူ၍ ဘွဲ့တော်သမုတ်လေ၏။ စေတီပြီးမြောက်လေသော် အောက်ပါအတိုင်း သစ္စာအဓိဋ္ဌာန် ပြုလေတော့၏။


'အကျွန်ုပ်သည် ဤရတနာမဏိ စေတီတော်ကို တည်ထားပါ၏။ ဤကောင်းမှုကံကြောင့် ကိလေသာရောဂါ ကင်းဝေးရာမှန် ပြည်နိဗ္ဗာန်သို့ လျင်မြန်စွာ မျက်မှောက်ပြုရပါစေသား'

'အထူးအားဖြင့် တပည့်တော်နှင့်တကွ တပည့်တော်ကဲ့သို့ ဆွံ့အရောဂါ ကပ်ရောက်နေရသူတိုင်း ဤစေတီတော်အား လှူဒါန်းခြင်းဖြင့် "ဆွံ့အရောဂါဝေဒနာဆိုး"မှ လွတ်မြောက်ကြပါစေသား"

ဟူ၍ သစ္စာအဓိဋ္ဌာန် ပြုလေ၏။

ဒုတိယမင်းခေါင်သည်လည်း ဆွံ့အရောဂါ ဝေဒနာဘေးမှ ချက်ချင်း ပြီးပျောက်ကင်းလေတော့သည်။

ထိုအကြောင်းတရားကို ရှေ့ရှု၍ ဘုရားဒါယကာ ဒုတိယမင်းခေါင်က မူလ"**မဏိရတနာ**"ဟူသောဘွဲ့တော်အပြင် "**အဘယစေတီ၊ ဘေးကင်းစေတီ**"ဟု ဘွဲ့အမည်တစ်မျိုးတို့၍



◆ မဟာစည်ပုံကြီးဘုရား မုခ်ဦးကြီးအား
ရှေ့သို့ မုံရွာလမ်းမကြီးနောက်ခံဖြင့် မြင်တွေ့ရပုံ


◆ မဟာစည်ပုံကြီးဘုရား၏ ထောင့်လေးထောင့်မှ
တွေ့မြင်ရသော ပင်းယခေတ် ခြင်္သေ့ကြီး





www.burmeseclassic.com

www.burmeseclassic.com



◆ မဟာဗိသက်ရှစေတီတော်ကြီးအား ရှုမြင်ရပုံ

◆ မဟာဗိသက်ရှစေတီမုခ်ဦးကြီးအား ရှေးအစဉ်အလာအတိုင်း အနုပညာလက်ရာမြောက်စွာ တည်ဆောက်ထားပုံ



ပူဇော်လေ၏။

အထက်အဖြစ်အပျက်ကို သက်သေထား၍ "နှုတ်ဆွံ့ရောဂါဝေဒနာ" ခံစားရသော ကလေးများအတွက် "**ဤအဘယစေတီတော်၌ ကိန်းဝပ်စံပယ်တော်မူသော မြတ်စွာဘုရားအားဆွမ်း၊ ခဲဘွယ်၊ ဘောဇဉ်၊ ရေချမ်း၊ ဆီမီးအလင်းတိုင်များ ဆက်ကပ်လှူဒါန်းခြင်း၊ ကြေးစည်၊ ခေါင်းလောင်းထိုး၍ အမျှဝေခြင်း၊ ဆုတောင်းခြင်း ပြုကြရလေ၏။**

အင်္ဂါထောင့်ရှိ ယက္ခမယ်တော်ကြီးအားလည်း စားဖွယ်ရာသစ်သီးမျိုးစုံ၊ မုန့်ပဲသရေစာ အစုံအလင်ဖြင့် အလှူဒါနပြု၍ ဆုတောင်းကြရလေ၏။

ဆုတောင်းပြီးသော် ယက္ခမယ်တော်ကြီးထံမှ ကလေး စားစရာ တစ်ခုခုကို တွန့်ယူတောင်းခံ၍ ဆွံ့အဝေဒနာရှင်အား စားစေခြင်းဖြင့် ဝေဒနာပျောက်ကင်း ချမ်းသာလေ၏။

နယ်အဝေးမှဖြစ်စေ၊ မည်သည့်ဒေသမှမဆို လာရောက်ကြသော ဝေဒနာရှင်များအား ဒေသခံများမှ မေတ္တာဖြင့် ကူညီ စောင့်ရှောက်ပေးလျက် ရှိနေပါသည်။ ဂန္ဓာရီပုဂ္ဂိုလ်များနှင့် သစ္စာအဓိဋ္ဌာန်ပြုကြသော သူတော်ကောင်းများအတွက် နှုတ်ဆိတ် စောင့်ထိန်းခြင်း၊ မေတ္တာဖြန့်ကြက်ခြင်း



www.burmeseclassic.com

www.burmeseclassic.com

ဖြင့် အထူးထား ဆောင်ရွက်အားထုတ်သင့်သော နေရာထူး ဖြစ်ပါ၏။

## မဟာစည်းခုံကြီး စေတီတော်

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။** ***[၃-ကြိမ်ရွတ်ဆိုပါ။]***

သီဟပတိ သုရာဇေန၊
ကာရိတံ မဟာရွှေစည်းခုံ စေတီယံ။
နာနာဓာတုဟိ ဌပေတွာ၊
ဝန္ဒေ စေတီယံ မဟန္တံ။

ခက်ခဲသော ပါဠိအသံထွက်

**ဌပေတွာ = ထပစ်တဝါ**
**ဝန္ဒေ = ဝန်ဒေ**
**မဟန္တံ = မဟန်တံ**

မြန်မာပြန်

**သီဟပတိ သုရာဇေန၊** ဇေယျာပူရ စစ်ကိုင်းရွှေပြည် မင်းဘုရင်သည်။

**နာနာဓာတုဟိ၊** အထူးထူးသော ဓာတ်တော် မွေတော်တို့ဖြင့်။

**ဌပေတွာ၊** ဌာပနာတော်မူ၍။

**မဟာရွှေစည်းခုံ စေတီယံ၊** အကြင်မဟာရွှေစည်းခုံ စေတီတော်မြတ်ကို။

**ကာရိတံ၊** တည်ထားသမှု ကိုးကွယ်ခြင်း ပြုအပ်ခဲ့လေပြီ။

**မဟန္တံ၊** ကြီးကျယ်မြင့်မြတ်သော။

**တံ၊** ထိုမဟာရွှေစည်းခုံ စေတီတော်မြတ်ကြီးကို။

**အဟံ၊** "......"ဟု နာမ သမုတ်အကျွန်ုပ်သည်။

**[မှတ်ချက်။ ။"......"နေရာတွင် မိမိအမည် ထည့်ဆိုရန်]**

**ဝန္ဒေ ဝန္ဒာမိ၊** ရှိသေသမှု အာရုံပြု၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

ဘုရားတည်နှစ်

သက္ကရာဇ် ၇၁၄ ခုနှစ်။



❀ ဒီပင်္ကရစေတီတော်ကြီး၏ အဝီဝတောင်မှ တာမဲ့ဆရာတော်ကြီး၏ 'အောင်မြေသိမ်'

ဘုရားဒါယကာ

ဓမ္မရာဇာ သီဟသူရ ဆင်ဖြူသခင် မင်းကြီး၏ မြေးတော် သီဟပတိဘွဲ့ခံ မင်းပြောက်ကြီး။

တည်နေရာ

စစ်ကိုင်းတောင်၏ အနောက်ဘက် ပါရမီရပ်ကွက် အလယ်ဗဟိုတွင် တည်ရှိသည်။

ပွဲတော်ရက်

နှစ်စဉ် တပေါင်းလပြည့်နေ့။

အောင်မြေနေရာ

ထီးတော်ရုံနေရာ။

အစောင့်အရှောက်

ဗုဒ္ဓစည်းဖြစ်၍ သာသနာတော်စောင့်နတ်မင်း ဖြစ်လေ၏။

ထူးခြားချက်

ဘုရားဒါယကာ သီဟပတိဘွဲ့ခံ မင်းပြောက်ကြီးခေါ် မင်းပြန်မင်းကြီးသည် စစ်ကိုင်းမင်းဆက်၏ သတ္တမမြောက် နောက်ဆုံးမင်းတစ်ပါးဖြစ်၏။

မင်းပြောက်ကြီးသည် အခြားသော မင်းများကဲ့သို့ မိဖုရားအများအပြား သုံးဝ မရှိဘဲ အသခ်ယာစောနွန်းမင်း၏ သမီးတော် စိုးမင်းကိုယ်တော်ကြီးသာ



www.burmeseclassic.com

www.burmeseclassic.com

လျှင် တစ်ပါးတည်းသော မိဖုရားကြီး အဖြစ် သက်ဆုံးတိုင် လက်တွဲ၍ နန်းတက်လေ၏။

မိဖုရားကြီးကိုယ်တိုင်လည်း စေတီတော်များစွာ တည်ထားတော်မူလေ၏။

ဤ မဟာရွှေစည်းခုံကြီးအား ရှေးရှေးသော ရွှေစည်းခုံတို့ထက် သာလွန်ကောင်းမွန် ခမ်းနားစွာ ထူးထူးကဲကဲ တည်ဆောက်ထားလေ၏။

စေတီတော်ကြီး၏ တတိယ ပစ္စယံ ထောင့်(၄)ထောင့်တွင် ပွင့်တော်မူပြီးသော ဘုရားလေးဆူကိုယ်စား ကိုယ်ပွား စေတီရံ (၄)ဆူ ပူဇော်ထားပါ၏။

ဒုတိယပစ္စယံနှင့် ပထမပစ္စယံတွေမှာတော့ထောင့်လေးထောင့်ထက်ဝယ် ကာလသာ အိုးများ၊ ကြာပန်းအိုးများကို ဘုရားဖူးကြည်ညိုသူများ၏ အကျိုးစီးပွား တိုးပွားချမ်းသာပါစေကြောင်းနှင့် ကျန်းမာကြစေရန်အလို့ငှာ ရည်ရွယ်ထားရှိလေ၏။

တာဝတိံသာနတ်စည်းစိမ် ရယူလိုသူ ဒကာ ဒကာမများအတွက် အထက်ပစ္စယံသို့ တက်ရောက် လှူဒါန်းပူဇော်နိုင်သော နတ်မုန့်၊ နတ်လမ်း၊ နတ်လှေကား (၄)စင်းကိုလည်း အထူးကုသိုလ်ယူနိုင်ကြပေ၏။

ဖိနပ်တော် ထောင့်(၄)ထောင့်၌ ဖင်နှစ်ခွနှင့် ရှေးဟောင်းခြင်္သေ့ကြီးများကို အတိမာန်တက်ကြွဖွယ် တည်ဆောက်ထားလေ၏။

သီတဂူဆရာတော်ကြီး၏ ဓမ္မဒါနဖြစ်သော ဓမ္မစကြာကြေးသွန်းရုပ်ပွားတော်ကြီးအား ရွှေရောင်လင်းလက်ဝင်းပစွာ အားပါးတရ ဖူးမြင်နိုင်လေ၏။

အခြားသော စေတီပုထိုးများတွင် မြင်တွေ့ရလေ့မရှိသော...

၁။ ခေါင်းလောင်းစင်
၂။ ကြေးစည်စင်



◆ မဟာဒီပင်္ကရစေတီတော်ကြီးအတွက် ရွှေ့ပြောင်းပေးခဲ့ရသော ရှေးဟောင်းစေတီတော်(၂၀)အား မှန်းဆ ရေးဆွဲထားပုံ

◆ ဒီပင်္ကရ အာရုံခံအတွင်းမှ လက်ရာမြောက် ပန္နဝင်ပန်းချီကားများအား ရှုမြင်ရပုံ



၃။ ကြေးမောင်းစင်
၄။ စည်တော်စင်

များ လှပခန့်ညားစွာ စေတီတော်ကြီး၏ အဆောင်အယောင်အဖြစ် မြင်တွေ့နိုင်လေ၏။

ခရီးသွား ဂန္ဓာရီပုဂ္ဂိုလ်များသည် လည်းကောင်း၊ ဘုရားဖူးခရီးစဉ်မှ သူတော်ကောင်းများသည်လည်းကောင်း၊ အဓိဋ္ဌာန်ကျင့်စဉ် အားထုတ်လိုကြသော သူတော်စင်အပေါင်းတို့သည် လည်းကောင်း မဖြစ်မနေ ရောက်ရှိဖူးမြော်အားထုတ်သင့်သော စေတီထူးဖြစ်လေ၏။

## ဒီပင်္ကရ စေတီ

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။** *[၃-ကြိမ်ရွတ်ဆိုပါ။]*

ဒီပင်္ကရ ဗုဒ္ဓဂုဏံ၊
အဟံ ဝန္ဒာမိ။
ဓေယျံ ပိယံ ဓနံ နဘယံ၊
အကာလိကော ဝိပစ္စတု သိဒ္ဓိ၊



www.burmeseclassic.com

www.burmeseclassic.com

ခက်ခဲသော ပါဠိအသံထွက်

**ဒီပင်္ကရ** **= ဒီပင်ကရ**

**ဗုဒ္ဓဂုဏံ** **= ဗုတ်ဓဂုဏံ**

**ဝိပစ္စတုသီဒ္ဓိ = ဝိပစ်စတုသိတ်ဒိ**

မြန်မာပြန်

**ဒီပင်္ကရ ဗုဒ္ဓဂုဏံ၊** လောကတစ်ခွင်၌ ထွန်းလင်းတောက်ပစေသော ဒီပင်္ကရာမည်သော ဇာတ်ပေါင်းစုစေတီတော်မြတ်ကြီး၏ ဂုဏ်တော်ကို။

**အဟံ၊** တပည့်တော်သည်။

**ဝန္ဒာမိ၊** ရှိခိုးပါဘုရား။

**မေ၊** ''......''ဟု နာမ သမုတ် အကျွန်ုပ်သည်။

**[မှတ်ချက်။ ။''......''နေရာတွင် မိမိအမည် ထည့်ဆိုရန်]**

**ဇေယျံ၊** အလုံးစုံသော အောင်မြင်ခြင်း ဖြစ်ပါစေ။

**ပီယံ၊** လုံးစုံများစွာ သတ္တဝါတို့၏ ကြင်နာချစ်ခင်လေးမြတ်ခြင်း ရရှိပါစေ။

**ဓနံ၊** ဥစ္စာစည်းစိမ် ကြီးပွားတိုးတက်ပါစေ။

**နဘယံ၊** ဘေးရန်ကင်းကွာ ချမ်းသာရပါစေ။

**အကာလိကော ဝိပစ္စတုသိဒ္ဓိ၊** အချိန်မရွေး အခါမလင့် ကာလမကူး အကျိုးထူး ခံစား စံစားရပါစေသောဝ်။

ဘုရားတည်နှစ်

ကောဇာသက္ကရာဇ် ၄၅၀ မှ ၁၂၄၇ ခုနှစ်အတွင်း တည်ထားခဲ့သော စေတီအဆူ(၂၀)အား သက္ကရာဇ် ၁၃၃၅ခုနှစ်တွင် စုပေါင်း၍ အသစ်တည်ထား၏။

ဘုရားဒါယကာ

ထိုစဉ်က အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်လှမြင့်ဆွေ ဦးဆောင်၍ ဒကာအများ စုပေါင်းကောင်းမှု။



◆ မဟာဒီပင်္ကရစေတီတော်၏ အနောက်ဘက် အင်းစပ်မှ အလောင်းစည်သူမင်းကြီး၏ ပေါင်းတော်ဦးစေတီအား ဖူးမြင်ရပုံ

◆ မဟာဒီပင်္ကရနယ်မြေအား စောင့်ရှောက်သော ရွှေကျွန်းမောင်နှမ၏ ယော်နန်း



တည်နေရာ

တပ်မ (၃၃) ဂေါက်ကွင်းဂိတ်နှင့် မျက်နှာချင်းဆိုင် အဝေးပြေးလမ်းမ အနောက်ဘက်။

ပွဲတော်ရက်

နှစ်စဉ် နတ်တော်လပြည့်နေ့။

အောင်မြေနေရာ

အဂ္ဂိထောင့် ဗားမဲ့သိမ်နေရာ။

အစောင့်အရှောက်

ရွှေကျွန်းပင် နတ်မောင်နှမ။

ထူးခြားချက်

စေတီတော်ကြီးပုံဟန်မှာ ပုဂံခေတ်၊ အင်းဝခေတ်၊ ကုန်းဘောင်ခေတ်နှင့် ရတနာပုံခေတ် ပုံဟန်အနုပညာ (၄) မျိုးဖြင့် ဗိသုကာဆရာကြီး ဦးမြဝင်း မှ ထူးခြားစွာ ပုံဖော်ထား၏။

မြန်မာနိုင်ငံ တစ်နံတစ်လျားတွင် မတွေ့နိုင်သော ရှေးဟောင်းအနုပညာ မြောက် မုခ်ဦးကြီးကို ခိုင်မာခံ့ညားစွာ တွေ့မြင်နိုင်လေ၏။

လမ်းမကြီးနှင့် မဝေးလှကင်းသော

စာမျက်နှာ (၆၃) သို့




www.burmeseclassic.com

www.burmeseclassic.com

စိမ်းရောင်စို တောင်ညိုမြိုင်းရိုသည့်

# သာသနာ့အောင်မြေ ရှာနေတုံးဆီသို့ (၆)

ထက်မြင့်ကျော်စွာ



ဦးသုရိယ (၁၀)နှစ်ကြိုး၍ ပန့်ကောက်ဆွဲသော ကျွဲနှုန်းတောင်စေတီ

ယခင်လမှ အဆက်

## တောင်ညိုတောင်ထက် စေတီများ

တောင်တက် ကားလမ်းအနီး တည်ရှိသော ခြသေ့်နှစ်ကောင်ရံမုခ်ဦးမှ လှေကားအတိုင်း တက်ခဲ့ရာ လက်ဝဲဘက်တွင် အောက်စက်တော်ရာ တန်ဆောင်းကို တွေ့ရသည်။ အနည်းငယ် တက်ပြီးသောအခါ ငါးမျက်နှာ အုတ်တိုက်ခံစေတီကို ဖူးမြင်ရသည်။

မုခ်ယောင်ငါးခုရှိ၍ ငါးမျက်နှာ ဂင်းပိတ်ပုံစံဖြစ်ကာ အထက်၌ ခေါင်းလောင်းမှောက်စေတီ ပေါက်ထားသည်။

ငါးမျက်နှာပဍ္ဍဂံကို အခြေခံကာ စေတီများမှာ ပုဂံဒေသမှလွဲ၍ အတွေ့အမြင်နည်းသောပုံစံဖြစ်ရာ ထူးခြားတန်ဆာဆင် ပူဇော်မှု ဖြစ်သည်။ ရှေးစေတီဖြစ်ကြောင်း အနီးရှိ ကျောင်း၌ သီတင်းသုံးသည့် ဦးပဍ္ဍင်းက ပြောပြသည်။

ထိုမှ အတန်ငယ်လှမ်းသော အမြင့်တစ်နေရာ၌ အထက်စက်တော်ရာ တန်ဆောင်းကိုလည်း မြင်ရသည်။ ဆရာတော်ဦးဓမ္မိက ဦးဆောင် ထုလုပ်ပူဇော်ထားခြင်းဖြစ်ကာ ခြေတော်ရာမှာ ပုံတောင်းပုံသဏ္ဍာန် ပူဇော်မှုဖြစ်သည်။

မြန်မာဘုရင်ခေတ် နောက်ဆုံးသာသနာပိုင်နှင့် ကိုလိုနီခေတ် ပထမဦးဆုံးသော သာသနာပိုင် ဖြစ်တော်မူသည့် **"တောင်တော်သာသနာပိုင်"** ဆရာတော် အရှင်မာလာလင်္ကာရ လက်ထက်တော်က အသိအမှတ်ပြုခဲ့သော ခြေတော်ရာ စက်လက္ခဏာပုံစံမှာ ဖနောင့်တော် အလယ်ဗဟိုတွင် မုနိန္ဒဇလပ်ပန်းပုံဖော်၍ ခြေဖဝါးအနားစွန်းပတ်လည်နှင့် ခြေဖဝါးအဖျားပိုင်းတို့တွင် စက်လက္ခဏာ(၁၀၈)ကွက် သရုပ်ဖော်ထားသည်။

ယခု ခြေတော်ရာကား ခြေဖဝါး အလယ်တွင် ပုံတောင်းပုံသဏ္ဍာန် အကွက်ဖော်ကာ စက်လက္ခဏာ(၁၀၈) ဝန်းရံထားသောပုံစံ ဖြစ်သည်။

ခြေဖဝါး အနားစွန်းပတ်လည်တွင်ကား ဘုရားရှင်နုစဉ်ကာလ ဘေးမသီရန်မခခဲ့သော ဖြစ်စဉ်တော်(၁၃၆)ဘဝကို ဆိုင်ရာသတ္တဝါရုပ်ပုံများနှင့် သရုပ်ဖော်ထားလေသည်။

ဆရာတော် သီတင်းသုံးရာ ပင်မ



www.burmeseclassic.com

www.burmeseclassic.com


ကျောင်းဆောင်သည့် ကျွဲပုန်းတောင်ထက် တည်ရှိသည်။ ဘုရားရှင် အလောင်းတော်ဘဝ ဘေးရန်မခသည့် (၁၃၆)ဘဝ၌ ကျွဲမင်း(၈)ဘဝလည်း ပါရှိလေရာ ဤသာသနာ မြေသည်လည်း ဘေးရန်ကင်းပကာ ဘေးမဲ့ ကုန်းတော်မြေအဖြစ်ရည်ညွှန်း ပူဇော်ခြင်းလည်း ဖြစ်ဟန်ရှိလေသည်။

ခြေတော်ရာ ' 'ပါဒ'' စေတီကို ''ပုံတောင်း''ပုံစံ ပူဇော်ထားခြင်းဖြစ်ရာ နံ့တူထပ်၍ မြတ်သော အစုအဖွဲ့ ဝဂ္ဂုတ္တမ သဘောဆောင်သည့်အပြင် ဦးဓမ္မိကဘွဲ့၏ နံတော်စနေကို ဆပွတ်ကြာသပတေးဖြင့် ထောက်ပံ့ပေးထားသဖြင့် ဆရာတော်၏ သာသနာပြုလုပ်ငန်းများ အောင်မြင်၍ အဓွန့်ကြာ တည်မြဲရေးအတွက် ကာရကအင်အားများ ပေးစွမ်းလေသည်။

## ရှင်ပင်ပေါင်းလဲနှင့် ဆရာတော်၏ အောင်မြေဌာန

အထက်စက်တော်ရာ တန်ဆောင်း၏ ကပ်လျက် အရှေ့ဘက်ကုန်းမြင့်၌ လျောင်းတော်မူ ရုပ်ပွားတော်ကြီးတစ်ဆူကို ဂန္ဓကုဋိတန်ဆောင်းနှင့်တကွ ဖူးမြင်ရသည်။ ရှေးနှစ်ပေါင်းများစွာကပင် ကိန်းဝပ်တော်မူ၍ မူလ ကောင်းမှုရှင်ကို မသိရပေ။

ခြေတော်ရင်း တန်ဆောင်းထောင့်တွင် ယက္ခညီနောင်ရုပ်ထုနှစ်ခု သွန်းလုပ်ထားသည်။ အကြောင်းရင်းကို စုံစမ်း၍ မရခဲ့ပါ။



ကျွဲပုန်းစေတီ လိုဏ်အဝင်တံခါး

ပုဂံခေတ် ပေါင်လောင်ရှင်မဟာကဿပ မွမ်းမံသော စေတီများတွင် ဘီလူးညီနောင်ရုပ်တု တွေ့ရမြဲဖြစ်သော်လည်း ထိုအရှင်မြတ် မွမ်းမံခဲ့သည့် ထင်ရှားသောစေတီ(၃၇)ဆူ စာရင်းတွင် မြစိမ်းတောင်ညိုဒေသ ပါဝင်ခြင်း မရှိသဖြင့် သီခြားနောက်ခံ အကြောင်း ရှိပေမည်ဟု ယူဆဖွယ်ရှိသည်။

လျောင်းတော်မူ ရုပ်ပွားတော်ကြီးမှာ အရှေ့သို့ ဦးခေါင်းပြုသော ရှင်ပင်ပေါင်းလဲ လျောင်းတော်မူဖြစ်လေရာ ဘဝအခြေအနေ တိုးတက်မြင့်မားရေးအတွက် ကုသိုလ်ပြု ဆုတောင်းနိုင်ကြလေသည်။

လျောင်းတော်မူ တန်ဆောင်း အထက်နားတွင် အဘဦးချစ်မောင် ပြောပြခဲ့သည့် ကံ့ကော်ပင်ကြီးကို တွေ့ရသည်။ သက်တမ်းရှည်ကြာသဖြင့် ပင်စည်မကြီးခွေးမြည်းကာ ညောင်ပင်ပျိုတို့ ဝင်၍ ပေါက်ရောက်နေကြရာ ကံ့ကော်ကိုင်းအချို့ကိုသာ မြင်တွေ့ရသည်။

ဤကံ့ကော်ပင်ရင်းရှိ တဲကျောင်းကလေးတွင်ဆရာတော် ဦးဓမ္မိကသည် (၁၃၃၂ ခုနှစ်က) ပထမဆုံးအကြိမ် သမထ တရားထူး ပေါက်မြောက် အောင်မြင်ခဲ့ကြောင်း သိရပေသည်။

အထိမ်းအမှတ် ကမ္ပည်းတိုင် ထားရှိပါက နောင်လာနောက်သားများအတွက် အကျိုးများ လိမ့်မည်ဟု ယူဆမိသည်။

ထိုကံ့ကော်ပင်၏ မျက်နှာချင်းဆိုင် ဆင်ခြေလျှောတွင် ထည်ဝါသော ကျောင်းကြီးတစ်ဆောင်ကို တွေ့ရသည်။ တောင်ညိုဆရာတော် ဦးကောသလ္လသီတင်းသုံးရာကျောင်းဖြစ်ကာ ယခုအခါ သီတင်းသုံးသည့် သံဃာမရှိကြောင်း သိရှိရသည်။

ဦးဓမ္မိကသည် တောင်ညိုဆရာတော် ဦးကောသလ္လထံမှ ခွင့်ပန်ကာ မြစိမ်းတောင်နှင့် တောင်ညိုတောင် နှစ်ခုပေါင်းလျက် ကုန်းတော်မြေတစ်ခုလုံးအား မြစိမ်းတောင်ညို သာသာနာမြေအဖြစ် စုစုစည်းစည်း တည်ရှိစေခဲ့သည်။

## ဓာတ်ပေါင်းစုစေတီ

ထိုမှ စောင်းတန်းအတိုင်း ဆက်တက်ခဲ့ရာ မိကျောင်းပုံစံ တောင်ညိုတောင်၏ မြီးစွန်းထိပ်တွင်တည်ထားသော ဓာတ်ပေါင်းစုစေတီကို ဖူးတွေ့ရ





www.burmeseclassic.com

www.burmeseclassic.com

သည်။

မြစိမ်းတောင်ညို ကုန်းတောင်မြေတွင် ထုထည် ဥဏ်တော် အကြီးမြင့်ဆုံးစေတီဖြစ်ကာ ရှေးကောင်းမှုရှင်တို့ တည်ထားပူဇော်ခဲ့၍ ဂမ္ဘီရ ဆရာစံ၊ ဆေးဝက်ပါ ဆရာတော်ဦးသူရိယ၊ မြစိမ်းတောင်ညို သာသနာပြု (ပထမ) ဆရာတော် ဦးခမ္မိကတို့ ခေတ်အဆက်ဆက် မွမ်းမံ ပြုပြင်ခဲ့ကြသည်။

ယခု ဆရာတော်ဦးဝေပုလ္လ လက်ထက်တွင် ကိုယ်လုံးတော်ပြည့် ရွှေစစ်သင်္ကန်း ကပ်လှူခဲ့ကြောင်း သိရသည်။

လေးထောင့်ပစ္စယံသုံးဆင့် အထက်ခေါင်းလောင်းမှောက်စေတီ ပေါက်ကာ ပစ္စယံထောင့်စိုက်စေတီ လေးဆူနှင့် ပစ္စယံလယ်စေတီလေးဆူ စုစုပေါင်း အရံ စေတီ(၈)ဆူ ဝန်းရံထားသည်။

သီတင်းကျွတ်၊ တန်ဆောင်မုန်းလများတွင် ဤစေတီတော်ကြီးအား ဆီမီးပူဇော်ပွဲ ကျင်းပလေ့ ရှိသည်။ ဦးခမ္မိက ရှိစဉ်ကာလက ဆရာတော်ကိုယ်တိုင် ကျောက်မီးပုံးများနှင့် ဖယောင်းဆီမီး ထွန်းညှိကာ ပစ္စယံအပြည့် ကပ်လှူပူဇော်ခဲ့သည်။ ယခုအခါ လျှပ်စစ်မီးသီးများဖြင့် ပူဇော်ကြောင်း သိရှိရသည်။

ကိုလိုနီခေတ်ကာလ အေဒီ ၁၉၃၀ ပြည့်ခန့်တွင် ကမ္ဘာ့စီးပွားရေး ပျက်ကပ်သည် မြန်မာနိုင်ငံသို့ ကူးစက်လာရာ ဆန်စပါးဈေးနှုန်း မကြုံဘူးလောက်အောင် ကျဆင်းသွားသည်။ စပါးထုတ်လုပ်သော တောင်သူလယ်သမားများ ဒုက္ခရောက်နေချိန်တွင် ကိုလိုနီအစိုးရက လယ်သမားများအပေါ် သက်ညှာခြင်းမရှိဘဲ အခွန်များ အတင်းအကျပ် ကောက်ခံခဲ့သည်။

ထို့ကြောင့် မခံမရပ်နိုင်ဖြစ်လာကြသော တောင်သူလယ်သမားတို့သည် ဆရာစံ၏ ဦးဆောင်မှုဖြင့် (၂၂-၁၂-



ကျွဲနှစ်မီးစေတီ လိုဏ်တွင်းဘုရားနှစ်ဆူ

၁၉၃၀)၁၂၉၂ ခုနှစ်၊ ပြာသိုလဆန်း (၄)ရက်နေ့တွင် တောင်သူလယ်သမား အရေးတော်ပုံကြီး ပေါ်ပေါက်လာသည်။

ယင်း မတိုင်မီကာလများတွင် ဆရာစံသည် ဤဓာတ်ပေါင်းစုစေတီ ရင်ပြင်တွင် (၄၉)ရက်အဓိဋ္ဌာန် ကမ္မဋ္ဌာန်းဆောက်တည်ကာ အောင်မြေနင်းခဲ့သည်။ ထို့နောက် **"အလံတိုင်"** တောင်တွင် **"ဗုဒ္ဓရာဇာ"** စေတီတည်ပြီးမှ အရေးတော်ပုံ စတင်ခဲ့ရာ ပွဲဦးထွက် အောင်ပွဲများ ရရှိခဲ့သည်ဟု ပြောပြကြသည်။

ဓာတ်ပေါင်းစုစေတီ အရှေ့ဘက် ကပ်လျက်တွင် တန်ဆောင်းတစ်ခုရှိ၍ အတွင်း၌ တင်ပျဉ်ခွေရုပ်ပွားတော် လေးဆူ ပူဇော်ထားသည့် အုတ်ပလ္လင်ကြီးကို တွေ့ရသည်။

ဆရာစံ အောင်မြေနင်းခဲ့သော နေရာတွင် ဦးခမ္မိကက ပလ္လင်တည်၍ ရုပ်ပွားများ ပူဇော်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ရုပ်ပွားတော်လေးဆူ အနက် အနောက်ဘက် (ဓာတ်ပေါင်းစုစေတီကြီးဘက်) မျက်နှာမူသော ရုပ်ပွားတော်မှာ ဥဏ်တော်အမြင့်ဆုံးဖြစ်၍ **"ဆုတောင်းပြည့်ဘုရား"** ဟု ကမ္ပည်းထိုးထားသည်။

အနည်းငယ် ယိုယွင်းသည်များကို ပြန်လည် မွမ်းမံထားသဖြင့် ခေတ်လက်ရာ ရောစွက်နေသော်လည်း ပုဂံခေတ်ကာလ ရုပ်ပွားတော်ဖြစ်နိုင်ကြောင်း သုတေသီတို့ မှတ်ချက်ပြုသည်ဟု ဆရာတော်ဦးဝေပုလ္လက မိန့်ကြားတော်မူခဲ့သည်။

ဤရုပ်ပွားတော်နှင့် ဓာတ်ပေါင်းစုစေတီတို့မှ တန်ခိုးပြဋ္ဌိဟာပြ၍ ရောင်ခြည်တော် ကွန့်မြူးသည်ကို မကြာခဏ ဖူးတွေ့ရလေ့ရှိကြောင်း သဲဖြူရွာသားများက ပြောပြကြသည်။

## ပုဂံခေတ်က ဆေးဗိဿာ

ဘုရားလေးဆူ ပူဇော်ထားသော တန်ဆောင်း၏ မြောက်ဘက်ကပ်လျက်တွင် ဘိုးတောင်ညိုရုပ်တု ရှိသည်။

**ဘိုးတောင်ညို**သည် ပုဂံခေတ် စုက္ကတေးမင်းလက်ထက် နန်းတွင်းသမားတော်ကြီးဖြစ်ကာ မင်းဒဏ်သင့်သဖြင့် အောက်ပြည်အောက်ရွာသို့ ထွက်ပြေးပုန်းရှောင်ခဲ့ရာ ဤဒေသ



www.burmeseclassic.com

www.burmeseclassic.com



ကျွဲနှိုးစေတီလိုဏ်မှ လက်ရာထူးခြားသော ရုပ်ပွားတစ်ဆူ

တွင် မိုခိုနေထိုင်၍ ဆေးဝါးအတတ်ကို ဆက်လက် ဆည်းပူးရာမှ ပါရဂူမြောက် တစ်ဖက်ကမ်းခပ်၍ ဆေးဝိဇ္ဇာအဖြစ်သို့ ရောက်ရှိသည်ဟု ဆိုကြသည်။

နောက်ခံနံရံတွင် ပုဂံဘုရားပုထိုးရှုမျှော်ခင်းကို ရေးဆွဲထားကာ “**ဆေးဝိဇ္ဇာကြီး ဘိုးတောင်ညို**”ဟု ကမ္ပည်းတင်ထားသည်။ ဘိုးတောင်ညိုရုပ်တုဝဲယာတွင် ဆရာတော်ဦးခမ္မိက၏ တင်ပျဉ်ခွေရုပ်တုတစ်ခုစီ ပူဇော်ထားသည်။

ကျန်းမာရေးကိစ္စများ အခက်အခဲကြုံတွေ့ရပါက ဘိုးတောင်ညိုနှင့် ဆရာတော်ဦးခမ္မိကတို့အား တိုင်တည်လျှောက်ထားကာ ဝေဒနာ သက်သာပျောက်ကင်းနိုင်သည်ဟု ယုံကြည်ကြသည်။

မိမိတို့ သောက်သုံးနေရသောဆေးဝါးများ အစွမ်းထက်စေရန်လည်း ဆေးကျုံးသိဒ္ဓိ တင်လေ့ ရှိကြကြောင်း သိရသည်။

ဘိုးတောင်ညို တန်ဆောင်း၏ လက်ယာတွင် မတ်ရပ်ရုပ်တုတော် တစ်ခုရှိကာ ပလ္လင်ခြေ၌ “**ဆေးဝက်ပါ ဆရာတော်ဦးသူရိယ**”ဟူ၍ ကမ္ပည်း ထိုးထားသည်။ မြစိမ်းတောင်ညိုကို ဦးခမ္မိကထက် အလျင်ရောက်ရှိကာ ဘုရားစေတီများ ပြုပြင်မွမ်းမံခဲ့သော ဆရာတော်ဖြစ်သည်။

## မိကျောင်းဘုရား

တောင်ညိုတောင်၏ အရှေ့ဘက် အစွန်း မိကျောင်းဦးခေါင်းနေရာတွင် ပါးစပ်ဟနေသော မိကျောင်းတစ်ကောင် အထက်စေတီတစ်ဆူ တည်ထား သည်။ စေတီအခြေ ကြာပလ္လင်တွင် သကျမုနိစေတီ ၈–၉–၁၉၈၉ ဟူသော စာတမ်းတွေ့ရသည်။

ဒေသခံတို့က **မိကျောင်းစေတီ မိကျောင်းဘုရား**ဟု ခေါ်ကြသည်။ မိကျောင်း၏ ဟထားသော ခံတွင်းအား လိုဏ်ဂူပြုလုပ်ကာ အတွင်း၌ ရုပ်ပွား ငယ်တစ်ဆူ ပူဇော်ထားသည်။ စေတီ ကမ္ပည်းကျောက်စာကို တွေ့ရသည်။

ဤသကျမုနိစေတီတော်ကို ၁၃၅ ခုနှစ်၊ တော်သလင်းလဆန်း(၃)ရက် စနေနေ့တွင် ဆရာတော်ဦးခမ္မိက ဦးကောသလ္လနှင့် ဂေါပကလူကြီးများ ပန္နက်ရိုက်ကာ တော်သလင်းလဆန်း (၁၀)ရက်နေ့တွင် စတင်တည်ဆောက် ခဲ့သည်။ တန်ဆောင်မုန်းလဆုတ်( ရက်နေ့တွင် ထီးတော်တင်လှူပြီး ကြောင်း မှတ်တမ်းပြုထားလေသည်

မိကျောင်းပုံစေတီနှင့် ဓာတ်ပေါင်း စေတီကြားတွင် သိမ်တစ်ဆောင်ရှိက ရှေးခေတ်ရဟန္တာများ သမုတ်ခဲ့သည် သိမ်ဖြစ်ကြောင်း သိရသည်။

မူလအဆောက်အအုံများ ယိုယွ ပျက်စီးသဖြင့် ဦးခမ္မိကလက်ထ တော်တွင် သိမ်နိမိတ်ငုပ်မှအ အသစ်လဲလှယ် ပြုပြင်တည်ဆောက် ရသည် ဆို၏။ သိမ်အတွင်း ဘုရား

www.burmeseclassic.com

www.burmeseclassic.com

၌ ဓမ္မစက္ကမုဒြာရုပ်ပွားတော်နှင့် ပဉ္စဝဂ္ဂီ ရုပ်တုများ ပူဇော်ထားသည်။

သိမ်အနီး ကုန်းတော်စောင်း၌ ကျောင်းငယ်တစ်ကျောင်းရှိရာ ထိုကျောင်း၌ သီတင်းသုံးသော ကိုရင်ကြီးက ဖိတ်မန္တကပြုသဖြင့် ခေတ္တဝင်ရောက်ကာ အမောဖြေကြသည်။

ကျောင်းခေါင်းရင်းဘက်တွင် ဆရာတော် ဦးဓမ္မိကပုံတော်နှင့် ဘုရားဖူး ဖိတ်ကြားသောလက်ကမ်းကို ချိတ်ဆွဲထားသည်။ လက်ကမ်းမှာ အဘဦးချစ်မောင် ရွတ်ပြသည့်အတိုင်း ဖြစ်သော်လည်း **"မြစ်ကြီးရောဆန်လို့ အညာပြန်ကိုရွှေဘုန်း"**ဟူသော စာသားအရောက်တွင် **"ဒီပါအေးမြစစ်ကိုင်း မဟာဖောင်းစက်ကော့"**ဟူသော စကားကို လက်သည်းကွင်းခတ်၍ ထည့်သွင်းထားလေသည်။ တောင်ညိုမရောက်မီကာလ ပညာဆည်းပူး သီတင်းသုံးခဲ့သော နေရာဒေသအမည်များ ဖြစ်ပါသည်။

## တောင်ဖြောင့်တောင်

ထို့နောက်တွင် မိကျောင်းဦးခေါင်းစွန်းမှ မြေလမ်းအတိုင်း ဆင်းသက်ကာ မြောက်ဘက်သို့ လျှောက်ခဲ့ကြရာ အနည်းငယ်အကြာတွင် တောင်ဖြောင့်သို့ ရောက်သည်။

တောင်ဖြောင့် တောင်ထက်တွင် စေတီတစ်ဆူ ကိန်းဝပ်တော်မူရာ အောက်ခံလိုဏ်တိုက်မကို ငါးကြီးတစ်ကောင် ပတ်ခွေထားဟန် ပြုလုပ်ထားသဖြင့် **ငါးဘုရား**ဟု ခေါ်ကြသည်။

လိုဏ်မှာ အရှေ့လှည့်မုခ် ပါဝင်၍ မုခ်အတွင်း စေတီကမ္ပည်းကျောက်စာရှိသည်။ စေတီဘွဲ့တော်မှာ **"အဝေရာသကျမုနိ"**ဖြစ်၍ ၁၃၅၀ ပြည့်နှစ်၊



ကျွဲပုန်းမယ်တော်ရုပ်တု

တော်သလင်းလဆန်း(၁၄)ရက်၊ စနေနေ့တွင် အုတ်မြစ်ချကာ တန်ဆောင်မုန်းလဆုတ်(၁)ရက်နေ့တွင် ထီးတော်တင်လှူကြောင်း၊ တောင်ညိုဆရာတော် ဦးကောသလ္လနှင့် ဓမ္မမေတ္တာ သာသနာပြု ဆရာတော်ဦးဓမ္မိကတို့အား အမှူးထား၍ တပည့်ဒါယကာများ ကောင်းမှုပြုကြောင်း ဖော်ပြထားသည်။

တောင်ညိုမှ မိကျောင်းခံစေတီနှင့် ဤ ငါးရုပ်ခံ စေတီနှစ်ဆူစလုံးအား စနေနေ့တွင် ပန္နက်ချ၊ စနေနေ့တွင် အုတ်မြစ်ချ၍ တန်ဆောင်မုန်းလပြည့် (၁)ရက်၌ ထီးတော်တင်လှူကြောင်း သတိပြုမိလေသည်။

ငါးရုပ်မှာ **"ငါးကြီးအာနန္ဒာ"**ဟု စာတန်းထိုးထား၍ လိုဏ်မုခ်ဝ လက်ယာဘက်၌ ဦးခေါင်းပြုကာ လက်ဝဲဘက်တွင် အမြီးရှိသည်။ ရင်ပြင်တော်မှာ အတန်ငယ် ကျယ်ဝန်း၍ အရံတံတိုင်း ခတ်ထားလေသည်။

စေတီတော်၏ အနောက်တောင်ထောင့်အနီး ကုန်းလျှောထိပ်တွင်ရုပ်



www.burmeseclassic.com

www.burmeseclassic.com

တစ်ဆောင်ရှိကာ ဥပုသ်သည် အချို့ ဝိုင်းဖွဲ့ စကားပြောနေကြသည်ကို မြင်ခဲ့ရသည်။

## ကျွဲပုန်းတောင်

ငါးဘုရားခေါ် ''အဝေရာသကျမုနိ'' စေတီကိန်းဝပ်ရာတောင်ဖြောင့်တောင်မှ ပြန်လာပြီးနောက် တောလမ်းကလေးအတိုင်း အနောက်တောင်ဘက်သို့ ကွေ့ဝိုက်လျှောက်ခဲ့ကြရာ ကျွဲပုန်းတောင်ထိပ် **ကျွဲပုန်းစေတီကုန်းတော်**သို့ ရောက်ရှိသည်။


ပင်မ ကျောင်းဆောင်နှင့်ကပ်လျက် အရှေ့ဘက် ကုန်းထိပ်စွန်း၌ စံပယ်တော်မူသော ကျွဲပုန်းစေတီမှာ လေးထောင့်တိုက်မအထက် ရှစ်မြှောင့်ပစ္စယံခံကာ ခေါင်းလောင်းမှောက်စေတီပေါက်ထားသည်။

လေးထောင့်တိုက်မ လေးဖက်လေးတန်တွင် အဝိုင်းပုံ မှန်ပေါင်သုံးခုနှင့် ဝင်ပေါက်တစ်ခု ဖောက်ထားသည်။ ဝင်ပေါက်မှာ မြောက်ဘက်သို့ မျက်နှာပြုထားသည်။

ဤမှုသာမက အထက်စေတီ ပတ်လည် ဝန်းရံထားသော မှန်ရောင်များတွင်လည်း အဝိုင်းပုံလိုဏ်များချည်းသာ တွေ့မြင်ရသည်။

ရည်ရွယ်ချက်ကို မသိရသော်လည်း အဝိုင်းပုံသဏ္ဌာန်မှာ အဆုံးအစမရှိခြင်း အနန္တသဘော ဆောင်သည်ဖြစ်ရာ မြစိမ်းတောင်ညို သာသနာမြေအတွက် ကောင်းမွန်သော ကာရကအကူအညီများ ပေးစွမ်းပါသည်။

ဤစေတီကို **အောင်စကြာ ဆုတောင်းပြည့်စေတီ**ဟု ဘွဲ့မည်ကာပ်လှူထားကာ ဒေသခံများက ကျွဲပုန်းတောင်ထက် ကိန်းဝပ်သဖြင့် ကျွဲပုန်းစေတီဟု ခေါ်ကြသည်။ တိုက်မ အပြင်ဘက် အနောက်ဘက်မျက်နှာတွင် စေတီကမ္ပည်းရှိရာ **၁၃၃၂ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့တွင်** အုတ်မြစ်ချတည်ဆောက်၍ တပို့တွဲလပြည့်နေ့တွင် ပြီးစီး အောင်မြင်ကြောင်း ဖော်ပြထားသည်။



▲ ကျွဲပုန်းစေတီ

## ရင်ပြင်ထောဝိုက်စေတီ

ဤတွင် မြစိမ်းတောင်ညိုဆရာတော် ဦးကောသလ္လနှင့် ရန်ကုန် ရွှေဟင်္သာတောရ ဦးဓမ္မိကတို့အား အမှူးထား၍ တပည့်ဒါယကာများ လှူဒါန်းသည်ဟု ပါရှိသည်။

ဆရာတော်ဦးဓမ္မိကက မိမိထက် ဝါကြီး၍ တောင်ညိုတွင် အရင်သီတင်းသုံးနှင့်သော ဦးကောသလ္လအား မြစိမ်းတောင်ညိုဆရာတော်ဟူ၍ ဂါရဝပြုဖော်ပြထားခြင်း ဖြစ်သည်။

၁၃၂၂ ခုနှစ်က ဆေးဝက်ပါ ဆရာတော် ဦးသူရိယသည် (၁၀၈)ပါး ရှင်ပြုပွဲမှ ရိတ်ပယ်ထားသော ရှင်လောင်းများ၏ ဆံပင်တို့ကို စုစည်းကာ ပိန္နဲတိုင်စိုက်လျက် **''ဒီနေရာမှာ စေတီတည်မယ်၊ နောက် ကိုးနှစ်၊ ဆယ်နှစ်ကြာမှ စနေသားက ဦးဆောင်ပြီး တည်လိမ့်မယ်''** ဟု မိန့်ကြားခဲ့သော စေတီဖြစ်လေသည်။

မြစိမ်းတောင်ညို သာသနာပြုခရီးအဦးအစ စေတီအဖြစ် ဆရာတော် ဦးဓမ္မိက ဦးဆောင်တည်ဆောက်သောစေတီ ဖြစ်သည်။

စေတီလိုဏ်အတွင်း၌ ရှေးရုပ်ပွား ဆင်းတုတော်များ ပူဇော်ထားရာ သွန်းလုပ်မှုလက်ရာဟန် ထူးခြားသော ရုပ်ပွားအချို့ကို မှတ်တမ်းပြု တင်ပြလိုက်ပါသည်။

လိုဏ်အတွင်း၌ ပုဆစ်ဒူးတုပ်လျက် လက်အုပ်ချီထားသော ကျွဲပုန်းမယ်တော်ရုပ်ထုကိုလည်း တွေ့ရသည်။ ဤတောင်သည် အလောင်းတော် ကျွဲမင်းဘဝ ဘေးရန်ကင်းစေရန် ခိုလှုံခဲ့သောတောင်ဖြစ်ရာ အလောင်းတော် ကျွဲမင်း၏ မယ်တော်ရုပ်ထားရှိခြင်း ဖြစ်သည်။

စေတီတော်၏ တောင်ဘက်တွင် ဆောက်လုပ်စ အုတ်တိုက်တစ်ဆောင်တွေ့ရကာ ကျွဲပုန်းမယ်တော် ကွန်းဆောင် ဖြစ်ကြောင်း သိရသည်။

## ရွှေလ ဆက်ဖတ်ပါရန်

ထက်မင်းကျော်စွာ



www.burmeseclassic.com

www.burmeseclassic.com

စာမျက်နှာ (၅၆)မှ အဆက်



◆ မဟာဇီယက်ရာဘုရား အနောက်ဘက်တွင်ရှိသော အနုပညာမြောက်လှသော မုစလိန္ဒာ နဂါးမင်းနှင့် ရုပ်ပွားတော်ကို ဖူးမြင်ရပုံ

ကြောင့် ရွှေ့ပြောင်းခဲ့ရသော စေတီတော်အဆူ(၂၀)မှ ဌာပနာပစ္စည်းများ၊ ရုပ်ပွားတော်များ၊ ဓာတ်တော်မွေတော်များ၊ (၂၈)ဆူရုပ်ပွားတော်များ၊ ဓာတ်ပြာအိုးများ၊ ကြေးကမ္ဗဝါများ၊ အင်းပုရပိုက်များ၊ ဓာတ်ခန်းအသုံးအဆောင်ပစ္စည်းများ၊ ဓာတ်လုံးများကို သီးခြားစီစနစ်တကျ ဌာပနာထားပါသည်။

စေတီတော်၏ရင်ပြင် အဂ္ဂိထောင့်တွင် **ဗားမဲ့သိမ်နှင့် အောင်မြေ** တည်ရှိလေ၏။ စေတီတော်၏ တောင်ဘက်တွင် **ဓမ္မစကြာရုပ်ပွားတော်ကြီး**ကို ဖူးမြင်နိုင်၏။

စေတီတော်၏ စနေထောင့်တွင် ညောင်ပင်ခြေရင်း၌ သုဇာတ သတို့သမီး၏ ယာဂုဆွမ်းကပ်လှူပုံကိုသက်ရှိအလား မြင်တွေ့နိုင်လေ၏။

ယင်း၏အရှေ့ဘက်၌ ဗောဓိပင်နှင့် ငြိုပ်မြေနှံပြေရုပ်ပွားတော်များကို ဖူးတွေ့နိုင်၏။

ရင်ပြင်တော်၏ အနောက်ဘက်အင်းစပ်တွင် အသက်ဝင် လှုပ်ရှားနေဟန်ရှိသော မုစလိန္ဒာနဂါးမင်းကြီးနှင့် မြတ်စွာဘုရားရှင်ကို ကြည်ညိုနိုင်လေ၏။

စေတီတော်ရင်ပြင်၏ တနင်္ဂနွေထောင့်တွင် ဗားမဲ့ဆရာတော်ကြီး သီတင်းသုံးခဲ့ရာ နေရာတော်အထိမ်းအမှတ်အဖြစ် ဗားမဲ့တပည့်များမှ ဗားမဲ့စေတီတစ်ဆူ တည်ထားလှူကိုရှိနေပါပြီ၊

ဒီပင်္ကရစေတီတော်ကြီး၏ အနောက်ဘက် အင်းရေစပ်တွင် အလောင်းစည်သူမင်းကြီး၏ ဖောင်တော်ဦးစေတီတော်နှင့် ရှေးဟောင်းရေတွင်းကိုလည်း တွေ့ရှိဖူးမြင်နိုင်ကြလေ၏။

စေတီတော်မြတ်ကြီး၏ အရှေ့ဘက်အာရုံခံအတွင်း၌ အင်းဝခေတ်လက်ရာ ရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဝင်ပန်းချီကားများကို အားပါးတရ ဖူးမြင်ကြည်နူးဖွယ်ရာ တွေ့ရှိနိုင်ကြလေ၏။

ဤစေတီတော်မြတ်ကြီးမှာ...

- ◆ အင်းပညာ
- ◆ ဓာတ်ပညာ
- ◆ မန္တန်ပညာ

ပညာသုံးရပ်အား ကြိုးစားအားထုတ်ကြသော ပုဂ္ဂိုလ်များအတွက် အထူးအထောက်အပံ့ ရရှိနိုင်သော နေရာထူးဖြစ်လေ၏။

**အောင်ရွှေမြတ်**
***(စစ်ကိုင်းတောင်)***



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

••••••••• ဆေးစွမ်းထက်မြက်ကြောင်း အကြွားမပိုတဲ့ •••••••••

# သမားအိုဆေးတိုက်

မှ ထုတ်လုပ်သော နန်းတွင်းလိမ်းဆေး၊ လေးဖက်နာဆေး၊ နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး



သီပေါမင်း ပါတော်မူပြီးနောက် နန်းတွင်းသမားတော်ကြီးများ မြို့နယ်အသီးသီးသို့ ပြန့်ကျဲရောက်ရှိခဲ့ကြရာ ဘီလူးကျွန်း၊ ကမာမွန်ရွာသို့ ရောက်ရှိခဲ့ကြသည့် နန်းတွင်း သမားတော်ကြီး ဦးပန္နဝ၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ်တော်လှန်ရေး ခေါင်းဆောင်ဆရာစံ (သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်းသမားစဉ် မူရင်းဆေးစွမ်းကောင်းတို့ကို **သမားတော်ကြီး ဦးနွယ်၏မြေး သမားတော်ကြီး ဦးတင့်လွင်(ငြိမ်း/ဗိုလ်ကြီး) ဇနီး ဒေါ်ကျင်သိန်း၊ တိုင်းရင်းသမားတော် ဦးသန်းဇော်၊ ညီမဒေါ်ခင်ခင်ထွေး**တို့ အကြောင်းပြု ပေါင်းစုလျက် သမားအိုဆေးတိုက်မှ မြန်မာ့ဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက် ရှိပါသည်။

## သမားအို နန်းတွင်းလိမ်းဆေးကြီး

*[တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် ဝ၅၁ဝ YR ဝဝဝ၉၉၇]*

*[လိုင်စင်အမှတ် ၁၁/၂ဝဝ၈ တဆထလ တိုး(ဝ၁၂၁)]*

မြန်မာ့နန်းတွင်း အစဉ်အဆက် သုံးစွဲခဲ့သည့် လိမ်းဆေးဖြစ်ပြီး **ပရုတ်၊ မင်သော် စသည့် ဆေးပူများ မပါရှိသော** ဆေးအေးဖြစ်၍ ဘေးထွက်ဆိုးကျိုး လုံးဝ မပါရှိတဲ့ အပူနာများကိုပါ သက်သာပျောက်ကင်းစေကြောင်း အာမခံသည့် လိမ်းဆေးတစ်လက်ဖြစ်သည်။

ပျောက်ကင်းစေသော ရောဂါများ

သမားအို နန်းတွင်းလိမ်းဆေးကြီးသည် အဆစ်၊ အမြစ်၊ အကြောရောင်/နာ၊ ကိုက်ခဲခြင်း၊ ဒူးနာ၊ ခါးနာ၊ လေးဖက်နာ၊ ဂေါက်နာ၊ ဇက်ထိုး၊ ခေါင်းအုံ၊ ခေါင်းကိုက်၊ ပန်းနာ၊ ရင်ကျပ်၊ နာစေး၊ နာပိတ်၊ ထိပ်ကပ်နာ၊ အရိုးကျိုး၊ အဆစ်လွဲ၊ အဆစ်ဟ၊ ဒဏ်နာဖြစ်၊ လက်ကပ်ခြင်းနှင့် အပူလောင်ခြင်းများကို သက်သာ ပျောက်ကင်းစေပါသည်။

အသားပပ်ခြင်း၊ အသားကွဲခြင်း၊ ဝက်ခြံ၊ တင်းတိပ်၊ နေလောင်ကွက်များကို ညအိပ်ရာဝင်ချိန်၌ မျက်နှာအား ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောပြီးမှ ဆေးလိမ်း တစ်ရှူးကပ် အိပ်ပါ။

နေ့စဉ်ရက်ဆက် လိမ်းပေးခြင်းဖြင့်"**အသားအရေ ဖြူနု ချောမွတ်ပြီး မကြုံဘူးအောင် အလှထူးစေသည့်**"ကမ္ဘာ့ ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။ မန္တလေးတောင်၊ ကျိုက်ထီးရိုးတောင်၊ ပုပ္ပါးတောင်ကဲ့သို့ အလေ့အကျင့်မရှိသော တောင်တက်ဘုရားဖူး ခရီးသည်များ သုံးစွဲလျှင် ထုံကျဉ်ညောင်းညာ ကိုက်ခဲခြင်းများ သက်သာပျောက်ကင်းစေသည့်အပြင် ကျိုးပေါင်းရောဂါဝေဒနာရှင်များ အသားထဲ စိမ့်ဝင်အောင် ညင်သာစွာ လိမ်းပေးခြင်းဖြင့်ကျိုးပေါင်းရောဂါဝေဒနာများ အချိန်တိုအတွင်း သက်သာပျောက်ကင်းစေပါသည်။

## သမားအို လေးဖက်နာဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင် အမှတ် ဝ၃ဝ၅ YR ၃ဝ၆၃]*

လူတစ်ယောက်၏ခန္ဓာကိုယ်အား သိပ္ပံနည်းကျ သွေးစစ်ကြည့်ခြင်းဖြင့် **ယူရစ်အက်စစ် အလွန် များနေခြင်း၊ အေအက်စ်အို သီတာ ယူနစ်(၂ဝဝ)ထက် ရှိခြင်း၊ နောက်ဆုံး အာအေ စမ်းသပ်မှု၌ (+) အပေါင်းလက္ခဏာ တွေ့ရှိခြင်း**စသည်ဖြင့် လေးဖက်နာရောဂါအဆင့်ဆင့်တို့ကို သိရှိနိုင်ပေသည်။

**လေးဖက်နာရောဂါ၏ ဆင့်ပွားရောဂါများဖြစ်သော နှလုံး၊ သွေးတိုး၊ ဆီးယဉ်ရောဂါများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်သည့် ဆေးဖက်များ သမားအို လေးဖက်နာဆေးတွင် ထည့်သွင်း ဖော်စပ်ထားပါသည်။**

သမားအိုလေးဖက်နာဆေးတွင် သက်စောင့်ဆေးဖက်များ ပါရှိသည့်အတွက် ရာသီဥတုဒဏ်ခံနိုင်ပြီး တရားထိုင်သူများ၊ ယာဉ်မောင်းသူများ၊ စက်ချုပ်သမားများ၊ လက်နှိပ်စက်နှင့် ကွန်ပျူတာ အော်ပရေတာများ ဤဆေးကို မှန်မှန် စားသုံးသွားပါက ဆီး ဝမ်း၊ လေမှန်ကန်ပြီး ကျန်းမာရေးနှင့်ညီညွတ်ကာ ကိုယ်လက်ပေါ့ပါး သွက်လက်စေပါသည်။

## သမားအို နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင် ဝ၃၁၁ YR ဝဝ၃ဝ၆၂]*

မြန်မာ့နန်းတွင်းသမားတော်ကြီးများ အသုံးပြုခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်သည်။ **နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ နှလုံးကျပ်ခြင်း၊ နှလုံးခုန်လွန်းခြင်း၊ မောပန်းခြင်း၊နှလုံးအားနည်းခြင်း၊ နှလုံးရောင်ခြင်းနှင့် နှလုံးရောဂါအမျိုးမျိုး**တို့ကို သက်သာပျောက်ကင်းစေပြီး စိတ်ဓာတ်ကို ကြည်လင် လန်းဆန်း၍ ဉာဏ်ရည်ထက်မြက်စေသော "**သတ္တဂုဏ်**"နှင့် ပြည့်စုံသော ဆေးကောင်းတစ်လက် ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းသူကျောင်းသားများနှင့် ရဟန်းသံဃာ အရှင်မြတ်များ စာမေးပွဲနီးသော အခါ၌လည်းကောင်း၊ ပရိယတ္တိ,ပဋိပတ္တိ ဝန်ဆောင်ရာ၌ လည်းကောင်း အစဉ်အလာအားဖြင့် အောင်မြင်စွာ သုံးစွဲခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

**ဆေးသုံးစွဲသူ ဝေဒနာရှင်များအနေဖြင့် ဆရာ ဦးသန်းဇော် (တဆ-ဝ၂၉၁၇) ဖုန်း-ဝ၉-၅၉၂၆၄၄ဝ၃ သို့ ဆွေးနွေး တိုင်ပင်နိုင်ပါသည်။**

**သမားအိုဆေးတိုက်**

အမှတ်(၄၇)၊ (၁၁၈)လမ်း၊ မင်္ဂလာဈေးအနီး၊

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း ၂၉၀၆၃၀ အမြို့မြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကျော်စွာ (မြိုင်တက္ကသိုလ်)

◆ သာသနာ့သဘင်၌ မဟာစည် ဆရာတော် တက်ရောက်ပုံ မှတ်တမ်း

# ဖော်ကျူး မဟာသတိပဋ္ဌာန်ရိပ်သာသို့

## လေ့လာပူဇော်မှုခရီး (၂)

**ယခင်လမှ အဆက်**

ဟူ၍ နှစ်ကြိမ်တိုင်အောင် မိန့်တော်မူသည်။

စကြံကျောင်းလေး ပေါ်၌ ယောဂီရှင်းသွားသည်နှင့် မျက်နှာတော်ညှိုးငယ်သွားကာ ခံစားရခက်သည့် ဝေဒနာ ကျိတ်မှိတ်ခံ တရားရှုမှတ်သည်။

ထိုနေ့တွင် ဝေဒနာ ပိုမို ပြင်းထန်လာသဖြင့် ကြိုးစား၍ ရှုမှတ်သည်။ ထို ကာလအတွင်း "**ဟေး... ဟေး နေကြဦး။ ငါ့အမျိုးတွေ လာကြဦးမယ်။ လူစုံတဲ့အထိ စောင့်ပါဦး**"ဟု သုံးကြိမ်မျှ မိန့်ကြား၏။ မည်သူ တစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရချေ။

ည(၆)နာရီတွင် သံဃာတော်များ လာရောက်၍ ပရိတ်တရား ပူဇော်ရွတ်ဖတ်သည်ကို ငြိမ်သက်စွာ နာယူသည်။ (၈)နာရီတွင် ဒါယကာများအား တရားမှတ်ရန် ဓမ္မာရုံသို့ စေလွှတ်ကာ တရားဆက်မှတ်ရာ (၉)နာရီခန့်တွင် အိပ်မောကျသွားသည်။

ထိုအခါ ပြတင်းပေါက်မှာ အလင်းရောင်လုံးကြီး ဝင်ရောက်လာကာ ဆရာတော်၏ ကိုယ်ခန္ဓာပေါ်၌ အတန်ကြာ ထွန်းလင်းနေပြီး ပျောက်ကွယ်သွားသည်ကို ပြုစုနေသူ ဦးဓမ္မစာရက မြင်တွေ့ရသည်။

သန်းခေါင်ကျော်တွင် ပြန်လည်နိုးထ၍ တရားဆက်မှတ်ကာ အရုဏ်ဆွမ်းကပ်သောအခါ ကြက်ဥပြုတ်ရည်သာ ဘုဉ်းပေးသည်။ ထို့နောက် သတင်းမေးလာသော သမီးဒေါ်တင်ရွှေအား...

'လူပြည့်ရင် သင်္ဘောထွက်မယ်။ သင်္ဘောထွက်တော့ လှိုင်းတွေပုတ်လို့ သမီးတို့ မူးကြလိမ့်မယ်။ အန်ကြလိမ့်မယ်။ အန်တာကို သူများမြင်ရင် ရွံကြလိမ့်မယ်။ အဲဒီတော့ မအန်မိအောင် ကိုယ်ကိုယ့်ကိုယ် ထိန်းသိမ်းကြနော်'





www.burmeseclassic.com

www.burmeseclassic.com

ဟု မှာကြားသည်။

ဆရာတော်မရှိသည့်နောက် ပရိဒေဝမီး တောက်လောင်ကြမည်ကို ရည်ညွှန်းခြင်း ဖြစ်၏။

ထို့နောက် ယောဂီများ လာရောက်ဖူးမြော်သည့်အခါ **"ဝိပဿနာတန်ခိုး"**လက်ဘက်ကို တိုင်ပေးသည်။ ဆရာဝန်များက အလွန်အားနည်းနေသဖြင့် ပရိသတ်လက်မခံတော့ဘဲ တံခါးပိတ် နားနေရန် လျှောက်သောအခါ **"ဒကာတို့ မတားကြနဲ့၊ ပရိသတ် ကျေနပ်အောင် ဖူးကြပါစေ"**ဟု မိန့်ကြားသည်။


ထိုနေ့ကား ဆရာတော် ပျံလွန်တော်မူမည့်နေ့ ဖြစ်သည်။ ပျံတော်မူခါနီးထိ သတိမလွတ်ကြောင်း အောက်ပါပြယုဂ်က သက်သေခံ၏။

မန္တလေးမှ ဦးမဏ္ဍလသည် တရားအားထုတ်ပြီး၍ နေရပ်ပြန်ရန် နှုတ်ဆက်သောအခါ ဒေါ်တင်ရွှေက... "အဖေဘုရားညွှန်ပြတဲ့ တရား အားထုတ်နည်းမှာ အများပါရင်လဲ အားမနာတမ်း ညွှန်ပြပေးပါ"ဟု လျှောက်ထားရာ ဦးပဥ္စင်းက...

'အားလုံးကောင်းပါတယ်။ တစ်ခုတော့ ရှိတယ်။ ဆရာတော်က ဖောင်းတာက ရုပ်၊ ပူတာက ရုပ်၊ သိတာနာမ်၊ မှတ်တာဉာဏ်လို့ တရားချပေးတယ်။ မှတ်တာက ဉာဏ်မဟုတ်ဘဲ မှတ်တာလဲ နာမ်လို့ပဲ ဆိုရမယ်'

ထို့နောက် ဒေါ်တင်ရွှေက ခမည်းတော်ထံ သွားရောက် လျှောက်ထားသည်။

'ဟေ...ဟုတ်လား။ ဘုန်းကြီးဆိုလိုတာ သူသဘောမပေါက်ဘဲကိုး။ ရိုးရိုးမှတ်သားတာ သညာနာမ် ဟုတ်ပါတယ်။ ဘုန်းကြီးဆိုလိုတာက နာမ်က ဉာဏ်ကို ကူးပြောင်းဖို့ ပြောတာ၊ မှတ်သိစိတ်ကို အခြေခံပြီး တရားသဘောကို ထိုးထွင်းသိတာဉာဏ် ဖြစ်တယ်။



◆ ပျံလွန်မီ တစ်ရက်အလိုက ရိုက်ကူးထားသော ထော်ကူးဆရာတော် ဦးနန္ဒိယပုံတော်

ဒီလို ထိုးထွင်းသိမှတ်စေချင်လို့ မှတ်တာဉာဏ်လို့ ချပေးခြင်း ဖြစ်တယ်။ တရားသဘောကို ထိုးထွင်းသိမှ တရားအမြွေရတယ်လို့ ဆိုနိုင်တယ်'

ဟူ၍ ရှင်းပြတော်မူသည်။

ဆွမ်းဘုဉ်းချိန်တွင် ကော်ဖီတစ်ခွက်သာ ဘုဉ်းပေးပြီးနောက် ရောက်လာသမျှ ယောဂီများ အဖူးအမြော်ခံသည်။ ယောဂီရှင်းသော် တရားမှတ်၏။

ထိုနေ့က ဝေဒနာ အလွန်ပြင်းထန်သဖြင့် ညနေ(၆)နာရီ ပရိတ်ပူဇော်ချိန်တန်သော်လည်း သံဃာများ စကြံကျောင်းပေါ် မတက်ဝံ့ကြချေ။

'ဟဲ့...သံဃာတွေ ပရိတ်တရား မပူဇော်ကြသေးဘူးလား'

ဟု ကိုယ်တိုင်မိန့်မှ တက်ရောက်ပူဇော်ကြသည်။ ပရိတ်ဆုံးလျှင် လေးတွဲစွာ သာဓုခေါ်ပြီးနောက် တရားကိုသာ တွင်တွင် ရှုမှတ်သည်။

(၇)နာရီကျော်သောအခါ မျှော်လင့်




www.burmeseclassic.com

www.burmeseclassic.com

ချက် ကင်းမဲ့ပြီဖြစ်ကြောင်း သိရသည့် ဆရာဝန်နှစ်ဦးက ဒါယကာများ နှစ်သိမ့်စေခြင်းငှာ ဆေးထိုးပေးရန် ပြင်စဉ်...

'ငါ့ဒူးတွေ ကွေးပေးကြစမ်း'

ဟု နိုင်းသဖြင့် ကိုယ်တစောင်း အနေအထားသို့ ပြုပြင်ပေးကြသည်။ ထိုကာလတွင်ပင် ချွေးသီးချွေးပေါက် ထွက်နေသော်လည်း ကြည်လင်သော မျက်နှာတော်ဖြင့် ခန္ဓာဝန်ချတော်မူသည်။ ထိုအခါ ကျောင်းခြေရင်းနံရံတွင် ချိတ်ထားသော ရှေးဟောင်းနာရီသည်လည်း ရပ်တန့်သွား၏။ **(၇)နာရီ (၄၈)မိနစ်** ဖြစ်လေသည်။



◆ ပထမထေရာထောက် ဗိမာန်

## ထေရုပ္ပတ္တိအကျဉ်း

တော်ကူးတောရ သတိပဋ္ဌာန်ကျောင်းကို စတင်တည်ထောင်ခဲ့သော ဆရာတော်ဦးနန္ဒိယ လျှောင်းလျှာမောင်ထွန်းရီကို ၁၂၅၂ ခုနှစ်၊ ဝါခေါင်လဆုတ်(၃)ရက် စနေနေ့၌ မုဒုံမြို့နယ်၊ တော်ကူးကျေးရွာနေ ဦးလူကလေး၊ ဒေါ်ဖွားကျုံတို့မှ မွေးဖွားခဲ့သည်။

မွေးချင်းမောင်နှမ (၇)ဦးအနက် တတိယမြောက် ဖြစ်သည်။ သူငယ်ဘဝတွင် ဖခင်နှင့်အတူ လယ်ယာလုပ်ကိုင်၍ (၁၅)နှစ်အရွယ် ရှင်သာမဏေဝတ်၍ စာသင်သည်။ ထိုနှစ်တွင်ပင် ဖခင်ကွယ်လွန်သဖြင့် လူဝတ်လဲကာ မိခင်ကို လုပ်ကျွေးသည်။

အသက်(၁၉)နှစ်တွင် တော်ကူးရွာ ကျောက်ရစ်ကျောင်း ဆရာတော် ဦးကေတုနှင့် လိုက်ပါ၍ သီဟိုဠ်(သီရိလင်္ကာ)မြတ်စွယ်တော်ကို ဖူးမြော်သည်။ အပြန်တွင် တော်ကူး ကျောက်ရစ်ကျောင်း၌ ရဟန်းဘောင်သို့ ဝင်ရောက်၍ ဝိနည်း၊ သဂြိုဟ်ကျမ်းများ လေ့လာသည်။

သို့သော်လည်း နိုကိုးရာမဲ့ မိခင်ကို သနားသဖြင့် တစ်ဝါအရတွင် လူထွက်ကာ လယ်ယာလုပ်သည်။ (၂၅)နှစ်တွင် တံခွန်တိုင်ရွာသူ မသင်းကြူနှင့် အိမ်ထောင်ကျကာ သမီး မတင်ရွှေ တစ်ယောက် ထွန်းကားသည်။

လောကီ၌ ကျင်လည်ပြီးနောက် (၅၅)နှစ်အရွယ် ၁၃၀၇ ခုနှစ်တွင် ရဟန်းဘောင်သို့ တတိယအကြိမ်နှင့် နောက်ဆုံးအကြိမ်အဖြစ် အပြီးအပိုင် ဝင်ရောက်နိုင်ခဲ့သည်။ ဦးနန္ဒိယဘွဲ့မည်ရရှိ၏။

ရဟန်းဘဝတွင် (၁၅)နှစ်တိုင်အောင် သမထကမ္မဋ္ဌာန်းကို ကြိုးစားရှုမှတ်သည်။ ဝိပဿနာကို ကူးပြောင်းရန်ဖြစ်သော်လည်း မည်သို့ပြောင်းရမည်ကို မသိချေ။

ထိုအချိန်တွင် ဦးနန္ဒိယသည် ပေါင်ကြောဆွဲရောဂါ၊ မူးဝေသောရောဂါ၊ မုတ္တနာနှင့် နှင်းခူရောဂါများ ပြင်းထန်စွာ ခံစားနေရသည်။ ထို့အပြင်လည်း ရောဂါအမည်မဖော်နိုင်သည့် အပြင်းဖျားသောဝေဒနာကို ထပ်ဆင့်ခံစားရသည်။ သမားတော်များ ကြိုးစားကုသသော်လည်း မပျောက်၊ ဆေးသုဉ်း၊ နဝင်းသုဉ်းဟု သတ်မှတ်ကြသည်။

လေးလကြာမျှ အလူးအလဲ ခံစားနေရပြီးနောက် ၁၃၁၂ခုနှစ်၊ တပေါင်းလဆန်း(၉)ရက်နေ့ ရောက်သောအခါ မဟာစည်ဆရာတော်ကြီး၏ နည်းနိဿယအတိုင်း ဝိပဿနာတရား ပြသပေးသည့် မော်လမြိုင်မြို့ မဟာသတိပဋ္ဌာန်ကျောင်းသို့ သွားရောက်ကာ တရားရှုမှတ်သည်။

ရောဂါဝေဒနာများကြောင့် ထိုင်၍ မမှတ်နိုင်၊ ရပ်လျက် ရှုမှတ်ရသည်။ တစ်ခါတစ်ရံ လျှောင်းလျက်မှတ်သည်။ တစ်နာရီကြာသည့် ဣရိယာပုတ်ဖြင့် ရှုမှတ်ရသည်ကို အားမရသဖြင့် (၆) နာရီကြာသည်အထိ ကြိုးစားရှုမှတ်သည်။

သုံးလမျှ အားထုတ်ပြီးသောအခါ နှင်းခူရောဂါမှလွဲ၍ ကျန်ရောဂါများ အံ့ဩဖွယ် ပျောက်ကင်းသွားသည်။ ဆက်လက် အားထုတ်ရာ နှင်းခူရောဂါလည်း ပျောက်ကင်းသွား၏။

မော်လမြိုင် မဟာသတိပဋ္ဌာန်ကျောင်းတွင် နှစ်နှစ်၊ သံဖြူဇရပ်တွင် (၁)နှစ်၊ ကော့ကရိတ်တွင်(၂)နှစ်



www.burmeseclassic.com

www.burmeseclassic.com

တရားပြသ သီတင်းသုံးပြီးနောက် ၁၃၂၇ ခုနှစ်၊ ကဆုန်လဆန်း (၁၃)ရက်နေ့တွင် ဇာတိ တော်ကူးရွာရှိ ဆွေမျိုးများ လှူဒါန်းသည့် ဝါးကျောင်းကလေးသို့ ပြောင်းရွှေ့လာခဲ့သည်။

တော်ကူးရွာထိပ်ရှိ နှစ်ကေခန့်ရှိသော ရော်ဘာခြံကို ကျောင်းအဖြစ် ဝယ်ယူလှူဒါန်းခြင်းဖြစ်ကာ ထိုအချိန်မှစတင်ကာ **"တော်ကူး မဟာသတိပဋ္ဌာန်ကျောင်း"** ပေါ်ပေါက်ခဲ့လေသည်။

## သတိပဋ္ဌာန်ဆေးရုံတော်

ဆရာတော်ဦးနန္ဒိယက "တော်ကူး မဟာသတိပဋ္ဌာန်ကျောင်း"ဟု တောရအမည်ပေးထားလင့်ကစား ရွာနီးချုပ်စပ်မှလူများက သတိပဋ္ဌာန်ဆေးရုံတော်ဟု ခေါ်ကြသည်။

ဆေးရုံဆေးကုဌာနများမှ လက်လွှတ်လိုက်ရသောရောဂါ၊ မပျောက်ကင်းသောလူနာ မြောက်မြားစွာတို့သည် ဤရိပ်သာတွင် ဝိပဿနာတရားအားထုတ်နေစဉ် ထူးခြားစွာဖြင့် ရောဂါဝေဒနာများ ပျောက်ကင်းသွားသောကြောင့်ဖြစ်သည်။

မူးဝေခြင်း၊ လေထိုးလေအောင့်၊ ထုံကျဉ်ကိုက်ခဲခြင်း၊ ဝမ်းတွင်းအကျိတ်အလုံးဖြစ်ခြင်း၊ ရေဖျဉ်းစွဲခြင်း၊ ချောင်းဆိုးရင်ကျပ်ပန်းနာ၊ နှလုံးတုန် ရင်ခုန်သွေးတိုးရောဂါ၊ ကျောက်ကပ်ရောဂါ၊ လိပ်ခေါင်းရောဂါ၊ မုတ္တနာ၊ ခါးနာခါးကိုက်၊ စိတ္တဇဝေဒနာနှင့် ကင်ဆာရောဂါ စသည့် ရောဂါဝေဒနာရှင်မျိုးစုံတို့ သက်သာပျောက်ကင်းသွားသည်များကို ဆရာမင်းတင်မွန်က အကျယ်တဝင့် ရေးသားသော စာအုပ်ကို ယခုအခါ တော်ကူးရိပ်သာတွင် ဝယ်ယူဖတ်ရှုနိုင်လေသည်။

ယင်းတို့အနက်မှ ထူးခြားသော ဝေဒနာတစ်ခုကို တင်ပြပါမည်။ ကမ္မဋ္ဌာန်း ဆောက်တည်သောအခါ သွန်သင်ညွှန်ပြ ပဲ့ထိန်းပေးမည့် ဆရာမရှိပါက ထင်ရာထင်၊ မြင်ရာမြင်ဖြင့် စိတ်ဓာတ် ချောက်ချားသွားသည်ကို မကြာခဏ တွေ့ကြရသည်။

အရပ်စကားဖြင့် တရားပေါက်သွားသည်။ တရားနည်းမမှန်ပါ၍ စိတ္တဇဝေဒနာဖြစ်သွားသည်ဟု ဆိုကြသည်။ မိမိ၏ ပတ်ဝန်းကျင်တွင်လည်း ထိုကဲ့သို့ ပုဂ္ဂိုလ်များ အတန်များများ တွေ့ရသည်။ ထိုကဲ့သို့ ဝေဒနာကို တော်ကူးဆရာတော်၏ တရားရှုမှတ်နည်းက ကုစားပေးနိုင်လေသည်။

မုဒုံမြို့နယ်၊ ကလော့သော့ကျေးရွာမှ အသက်(၆၅)နှစ် အရွယ်ရှိသော ဒေါ်ခက်သည် ကမာဝက်ရွာ မဟာစည်ရိပ်သာခွဲတွင် ဝိပဿနာတရား ရှုမှတ်ခဲ့သည်။ ခင်ပွန်းဖြစ်သူက ဘာသာခြားဖြစ်လေရာ အခွင့်သာခိုက် ဝိပဿနာတရားကို အားကြိုးမာန်တက် ကြိုးစားရှုမှတ်သည်။

ထိုအခါ ထိတ်လန့်ဖွယ် နိမိတ်ထင်လာသဖြင့် စိတ်ချောက်ချားသွားသည်။ သူစိမ်းများကို မတွေ့လို၊ မျက်နှာချင်းမဆိုင်မဝံ့ပါ။ သံဃာများကို မြင်ပါကလည်း ထိတ်လန့်နေသည်။

သို့သော် သူ၏ ပင်ကိုစိတ်ထားကတရားကို ရှုမှတ်လိုနေသည်။ သို့ဖြင့် ရိပ်သာဆရာတော်က တော်ကူးဆရာတော်ထံ ခေါ်ဆောင်သွားရန် ဒေါ်ခက်၏ သားသမီးများကို အကြံပေးသည်။

တော်ကူးဆရာတော်က ရိပ်သာဓမ္မာရုံတွင် ဒေါ်ခက်အား နေရာပေးကာ သားသမီးများ ဝိုင်းရံလျက် ရှုမှတ်စေသည်။

'ဒိုယိကာမကြီး... မကြောက်နဲ့နော်။ ဘုန်းကြီး မေတ္တာပို့ပေးမယ်။ ကြောက်စိတ်ပေါ်လာရင် ကြောက်တယ်... ကြောက်တယ်လို့ တွင်တွင် မှတ်ပါ'

ရှုမှတ်၍ နေသားကျလာသောအခါ ဒေါ်ခက်၏ အလျားချထားသော လက်နှစ်ဖက်မှာ ဟန်ပါပါ လှုပ်ရှားလာကာ အငြိမ့်သမလက်ပမာ ငြိမ့်ညောင်းစွာ ကလေသည်။

ဆရာတော်က ဒေါ်ခက်ဆွေမျိုးများအား သတိပေးသည်။

'ဘာမှစိတ်မပူကြနဲ့။ တရားသဘောပဲ။ ကချင်တာ ကပါစေ။ ပြီးရင် ဒီအဆင့်ကကျော်သွားလိမ့်မယ်။ သူ့သတိရလာရင် ဒီအကြောင်းတွေ မပြောကြနဲ့နော်'

ဒေါ်ခက်သည် သုံးရက်တိုင်တိုင် ထိုသို့ဖြစ်ပြီးနောက် ငြိမ်သွား၏။ စိတ်ချောက်ချားမှုများလည်း ပျောက်ကွယ်ကာ လူကောင်းတစ်ယောက်အဖြစ် ဝိပဿနာတရားကို အနှောင့်အယှက်ကင်းစွာ ရှုမှတ်သွားနိုင်လေသည်။

ဝိပဿနာရှုမှတ်ခြင်းဖြင့် လည်ပင်းကြီးရောဂါ၊ ဒူလာရောဂါ၊ မီးယပ်ရောဂါ၊ ဝက်ရူးပြန်ရောဂါ၊ အကြောသေ၊ အကြောညှပ်၊ သွက်ချာပါဒ၊ လေဖြတ်နာများအစ ပျောက်ကင်းသွားကြသည်။

ဆရာတော်ကြီး ကိုယ်တိုင်လည်း သက်တော်(၉၅)နှစ်အဝင် ၁၃၄၆ ခုနှစ်၊ တော်သလင်းလက လေဖြတ်ခဲ့ဖူးသည်။ ဝိပဿနာရှုမှတ်ခြင်းဖြင့် နှစ်နှစ်နီးပါးမျှအကြာတွင် ပကတိအတိုင်း ပြန်လည် ကောင်းမွန်ကာ ယောဂီများအား တရားပြနိုင်ခဲ့သည်။

ထို့ကြောင့်ပင်လျှင် ရွာသားများက "တော်ကူးသတိပဋ္ဌာန် ဆေးရုံတော်" ဟု ခေါ်ဆိုကြခြင်း ဖြစ်လေသည်။ **(ရောဂါဝေဒနာဖြစ်စဉ်၊ အညီနေရပ်များနှင့်တကွ အကျယ်သိလို**



www.burmeseclassic.com

www.burmeseclassic.com



▲ မူလဆရာတော်၏ အရိုးတော်ခေတ်များ။

ပါက ဆရာမင်းတင်မွန် ရေးသားသော"တော်ကူးဆရာတော်နှင့် ထူးဆန်းစွာရောဂါပျောက်ခြင်းများ"စာအုပ်တွင်လေ့လာဖတ်ရှုနိုင်ပါသည်။)

မဟာစည် ဆရာတော်ကြီးဦးသောဘဏကလည်း မဟာစည် ပဋိပတ္တိသာသနာဝင်စာအုပ်စာမျက်နှာ (၄၅၈)တွင်...

'ဆရာတော် ဦးနန္ဒိယသည် ဖိစီးစွဲကပ်နေသော အကြီးအကျယ်ရောဂါများကို ရှုမှတ်ခြင်းဖြင့်ပင် လုံးဝပျောက်ကင်းစေနိုင်သဖြင့် မိမိထံသို့ရောက်လာကြသော ရောဂါရှင်တို့အားလဲ အကြီးအကျယ်ရောဂါတို့ကို ပျောက် ကင်းသည့်တိုင်အောင် အပြင်းအထန်အားထုတ်ရှုမှတ်စေသည်။

ထိုသို့ ရှုမှတ်စေခြင်းဖြင့် ရောဂါပေါင်းများစွာပင် ပျောက်ကင်းသွားကြောင်း သိရသည်။ ထို့ပြင် ဆရာတော်သည် တစ်နေ့လုံး၊ တစ်ညလုံး ရပ်လျက် မလှုပ်မယှက် အားထုတ်နေနိုင်သည်ဟူ၍ လည်းကောင်း၊ လျောင်းနေရင်လဲ ညဦးမှ မနက်အထိ မကွေးမဆန့် မလှည့်တဲ့ မလှုပ်ရှားတဲ့ သစ်တုံးများ ချထားတိသကဲ့သို့ ငြိမ်သက်စွာ ရှုမှတ်နေသည်ဟူ၍ လည်းကောင်း မြို့ဝ သတိပဋ္ဌာန် ဆရာတော်ထံမှ ကြားသိရသည်'

ဟူ၍ ချီးကျူးရေးသားထားလေသည်။ တော်ကူးဆရာတော် ဦးနန္ဒိယကိုယ်တိုင်လည်း...

'ဘုရားပေးတဲ့ ဝိပဿနာတရားဆေးဟာ အစွမ်းထက်ဆုံးဆေးပါပဲ။ ရောဂါ(၉၆)ပါးလုံး ပျောက်ကင်းစေနိုင်တယ်ဆိုတာ ဘုန်းကြီးရဲ့ကိုယ်တွေ့ပဲ။ ကင်ဆာရောဂါထက် ဆိုးတဲ့ တစ်သံသရာလုံး စွဲကပ်လာတဲ့ ဒိဋ္ဌိရောဂါဆိုးကြီးကိုတောင် အမြစ်ပြတ်အောင် ပျောက်ကင်းစေနိုင်တယ်။

သတ္တဝါတို့ကို ဘဝအဆက်ဆက် ဆင်းရဲပူပန်လောင်ကျွမ်းစေခဲ့တဲ့ ကိလေသာ အညစ်အကြေးများကိုလဲ အနုသယပါ မကျန်ရစ်အောင် ပယ်ရှားပစ်နိုင်တယ်။ ပြီးတော့ ဒီဘဝမှာတင် အငြိမ်းချမ်းဆုံးချမ်းသာကို ပေးစွမ်းနိုင်တယ်။ ဒါကြောင့် ဝိပဿနာ ဓမ္မောသဓဆေးကြီးကို အမြဲမပြတ် မှီဝဲကြပါ'

ဟူ၍ အမြဲအစဉ် တိုက်တွန်းတော်မူလေ့ရှိလေသည်။

ဖူးမြော်ရသမျှ

ထို့နောက်တွင် ဦးပဥ္စင်းများဦးဆောင်မှုဖြင့် ရိပ်သာဝင်းအလယ်တွင် စံပယ်တော်မူသော စေတီတော်အား သွားရောက် ဖူးမြော်သည်။

*ရှေ့လ ဆက်ဖတ်ပါရန်*

**ဘုန်းကျော်စွာ**
*(မြိုင်တက္ကသိုလ်)*


## စာရှုသူ သုတေသီနှင့် ပါသနာရှင်များသို့...

မိမိတို့ဒေသရှိ ဆရာတော်ကြီးများ ပုဂ္ဂိုလ်ထူးကြီးများ၏ မိမိတို့သာသိပြီး သမိုင်းမဝင်သော ဖြစ်ရပ်များကို ရေးသားပေးပို့နိုင်ကြပါပြီ။

ဤသို့ ရေးသားပေးပို့ခြင်းဖြင့် ကွက်လပ်ဖြစ်နေသော၊ အများမသိသော ဖြစ်ရပ်များကို မှတ်တမ်းတင်ပြီး ဖြစ်သွားပါမည်။ ဤကုသိုလ်ထူးကြီးကို ပါဝင်မှတ်တမ်းတင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

*လေးစားစွာဖြင့်...*

ဦးကျော်မိုးသိန်း
စာတည်းချုပ်

www.burmeseclassic.com

# ရွှေဘုန်းပွင့် ငွေဝင်အဓိဋ္ဌာန်

သရော်ကြီးဦးအောင်မြင့်
(ဥပဒေတွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

ငွေအမြန်ဆုံးဝင်ဖို့ ငွေဝင်ကောင်းဖို့ ကျွန်ုပ်၏ကိုယ်တွေ့ အဓိဋ္ဌာန်ဝင်နည်း တစ်မျိုး ဖြစ်ပါသည်။

အဓိဋ္ဌာန်ဝင်သည့်နေရာမှာ ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်၊ ရွှေဘုန်းပွင့်စေတီတော်၏ သောကြာ အရပ်ရင်ပြင်ရှိစက်တော်ရာတန်ဆောင်း အတွင်းမှ အောက်ပါ ရုပ်ပွားတော်(၃) ဆူရှေ့တွင် ဖြစ်သည်။

၁။ ရွှေဘုန်းပွင့်အဓိဋ္ဌာန်ဘုရား။
၂။ ဆန္ဒပြည့်ငွေဝင်ဘုရား။
၃။ ရွှေဘုန်းပွင့်အဓိဋ္ဌာန်ယကြာအောင်ဘုရား

အဓိဋ္ဌာန်ဝင်သော အချိန်မှာ ညပိုင်း ဖြစ်သည်။ (ကျွန်ုပ်က နေ့ဘက်တွင် လုပ်ငန်းလုပ်ကိုင်သူဖြစ်၍ ညဘက်ကို အဓိဋ္ဌာန်ဝင်ခြင်း ဖြစ်သည်။ အကယ်၍ ညဘက်လုပ်ငန်း လုပ်ကိုင်သူဖြစ်ပါက နေ့ဘက် ဘယ်အချိန်မဆို အဓိဋ္ဌာန် ဝင်နိုင်ပါသည်။)

အဓိဋ္ဌာန်ဝင်သောနေ့မှာ **မိမိမွေးနေ့၊ အပြင်မိတ်နေ့၊ ဓာတ်မိတ်နေ့တို့**




◆ ရွှေဘုန်းပွင့် အဓိဋ္ဌာန်ဘုရား။

| | | | | |
|---|---|---|---|---|
| **တနင်္ဂနွေဖွားအတွက်** | ➪ | တနင်္ဂနွေ၊ | ကြာသပတေး၊ | စနေ |
| **တနင်္လာဖွားအတွက်** | ➪ | တနင်္လာ၊ | ဗုဒ္ဓဟူး၊ | ကြာသပတေး |
| **အင်္ဂါဖွားအတွက်** | ➪ | အင်္ဂါ၊ | သောကြာ၊ | ဗုဒ္ဓဟူးည |
| **ဗုဒ္ဓဟူးဖွားအတွက်** | ➪ | ဗုဒ္ဓဟူး၊ | တနင်္လာ၊ | သောကြာ |
| **ကြာသပတေးဖွားအတွက်** | ➪ | ကြာသပတေး၊ | တနင်္ဂနွေ၊ | တနင်္လာ |
| **သောကြာဖွားအတွက်** | ➪ | သောကြာ၊ | အင်္ဂါ၊ | ဗုဒ္ဓဟူး |
| **စနေဖွားအတွက်** | ➪ | စနေ၊ | ဗုဒ္ဓဟူးည၊ | တနင်္ဂနွေ |
| **ရာဟုဖွားအတွက်** | ➪ | ဗုဒ္ဓဟူးည၊ | စနေ၊ | အင်္ဂါ |

ဖြစ်ရာ ကျွန်ုပ်မှာ တနင်္ဂနွေသားဖြစ်၍ တနင်္ဂနွေ၊ ကြာသပတေး၊ စနေ တစ်ပတ်မှာ ( )ကြိမ် အဓိဋ္ဌာန်ဝင်ပါသည်။ အောက်ပါဇယားကို ကြည့်ပါ။

* * *

အဓိဋ္ဌာန်ဝင်ပုံမှာ **"ရွှေဘုန်းပွင့် အဓိဋ္ဌာန်ဘုရား"** ရှေ့တွင် အောက်ပါ



www.burmeseclassic.com

www.burmeseclassic.com



▲ ဆန္ဒပြည့်ငွေဝင်ဘုရား




▲ ရွှေဘုန်းပွင့် အဓိဋ္ဌာန် ယတြာအောင်ဘုရား

ဂါထာတော်ကို (၁၀၈)လုံးဖြင့် ပုတီး(၃)ပတ် စိပ်ရသည်။

* * *

| | |
|---|---|
| …ထိ မေ သရဏံ အညံ | ➪ [ပုတီး ၁-လုံးချ] |
| …ဒ္ဓေါ မေ သရဏံ ဝရံ | ➪ [ပုတီး ၁-လုံးချ] |
| …တေန သစ္စ ဝဇ္ဇေန | ➪ [ပုတီး ၁-လုံးချ] |
| …ဟောတု မေ လာဘာဝဍ္ဎနံ | ➪ [ပုတီး ၁-လုံးချ] |

ထို့နောက် **"ဆန္ဒပြည့်ငွေဝင်ဘုရား"**ရှေ့တွင် အောက်ပါ ဂါထာတော်ကို ပုတီး(၃)ပတ် စိပ်ရသည်။

* * *

| | |
|---|---|
| …ထိ မေ သရဏံ အညံ | ➪ [ပုတီး ၁-လုံးချ] |
| …မ္မော မေ သရဏံ ဝရံ | ➪ [ပုတီး ၁-လုံးချ] |
| …တေန သစ္စ ဝဇ္ဇေန | ➪ [ပုတီး ၁-လုံးချ] |
| …ဟောတု မေ လာဘာဝဍ္ဎနံ | ➪ [ပုတီး ၁-လုံးချ] |

နောက်ဆုံးအဖြစ် **"ရွှေဘုန်းပွင့် အဓိဋ္ဌာန် ယတြာအောင်ဘုရား"** ရှေ့တွင် အောက်ပါ ဂါထာတော်ကို ပုတီး (၃)ပတ် စိပ်ရသည်။

* * *

| | |
|---|---|
| နတ္ထိ မေ သရဏံ အညံ | ➪ [ပုတီး ၁-လုံးချ] |
| သံဃော မေ သရဏံ ဝရံ | ➪ [ပုတီး ၁-လုံးချ] |
| ဧတေန သစ္စ ဝဇ္ဇေန | ➪ [ပုတီး ၁-လုံးချ] |
| ဟောတု မေ လာဘာဝဍ္ဎနံ | ➪ [ပုတီး ၁-လုံးချ] |

ပုတီးစိပ်ပြီးလျှင် ရွှေဘုန်းပွင့်စေတီတော်ကို မိမိမွေးနံ့ အရပ်,ထောင့်မှစ၍ လက်ယာရစ်(၃)ပတ်လှည့်၍ မေတ္တာပို့ခြင်း၊ အမျှဝေခြင်းပြုရသည်။ (၃)ပတ်ပြည့်သည့်အခါ မိမိမွေးနံ့အရပ်ထောင့်တွင် ထိုင်၍ ဦးချရှိခိုးပြီး ငွေဝင်ဖို့ကိစ္စ လိုရာဆုတောင်းပြီး ပြန်ပါ။

အဓိဋ္ဌာန်ဝင်သော နေ့များတွင် ဘုရားအလှူခံပုံး တစ်ခုခုမှာ အလှူငွေ မိမိ သဒ္ဓါပေါက်သမျှ (သို့မဟုတ်) တတ်စွမ်းသမျှ ထည့်ဝင် လှူဒါန်းပေးခြင်း၊ မွေးနံ့ အရပ်,ထောင့်မှာ ဖယောင်းတိုင်,အမွှေးတိုင် လှူဒါန်းခြင်း၊ ရုပ်ပွားတော်များရှေ့မှာ ပန်း,ရေချမ်း ကပ်လှူခြင်းတို့ကို အဆင်ပြေသလို လုပ်နိုင်ပါသည်။

*စာဖတ်သူများ လက်တွေ့ လုပ်ကြည့်ပါ။*

*အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...*

ဆရာကြီး ဦးအောင်မြိုင်
*(ဥပဒေဘွဲ့)*
လက္ခဏာဗေဒင်ပညာသုတေသီ



www.burmeseclassic.com

www.burmeseclassic.com

► ကြော်ငြာဆောင်းပါး ◄

မှတ်ပုံတင် - ၀၁၁၄၅/၀၁၈၇၃၆ လိုင်စင် ၇၂၀၁၁၊ တအထလတိုး (၁၃၁၂)

## နှလုံးရောဂါ ကင်းဝေးအောင်

# မုံရွာဆရာမိုး အမှတ်တံဆိပ်

# အမောလုံ နှလုံးအားဆေးကိုဆောင်

" ဆရာကိုယဉ်တင့်နဲ့ တွေ့ချင်နေတာ အတော်ပဲ။ ခုတလော အသက်ရှူကျပ်ပြီး မောတယ်ဗျာ။ ညဘက်လည်း အိပ်မပျော်ဘူး။ တစ်ခါတစ်ရံ နှလုံးနေရာက အောင့်တယ်။ ကိုယဉ်တင့်က တိုင်းရင်းဆေး သုတေသီဆိုတော့ ကျွန်တော့်ရဲ့ ဝေဒနာကို ဆန်းစစ်ပါဦး "

" ကိုချစ်ဆွေ ခံစားနေရတာ နှလုံးရောဂါပါ။ နှလုံးရောဂါဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်လေးပါး ညီညွတ်မျှတအောင် နေထိုင်စားသောက်မှုမရှိတဲ့အတွက် ဖြစ်ရတဲ့ရောဂါပါ။ အထူးသဖြင့် စိတ်ကြောင့် ဖြစ်ရတာများပါတယ်။ လောဘ၊ ဒေါသ၊ မောဟ လွန်ကဲတဲ့သူတွေ ပရိဒေဝမီးတောက်လောင်ပြီး နှလုံးအိမ်ကို လောင်မြိုက်တဲ့အတွက် နှလုံးရောဂါဖြစ်စေတာပါ "




" နှလုံးရောဂါဟာ စိတ်ကြောင့်ဖြစ်ရတယ်ဆိုတာ လက်ခံပါတယ်။ ဆက်ပြောပါဦး "

" နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှကာလပတ်လုံး နေ့၊ ညမပြတ် အလုပ်လုပ်ရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့်စက်ယန္တရားတစ်ခုပါ။ နှလုံးရောဂါ ခံစားနေရတာမသိဘဲ သန္နိပါတ်နှလုံးရောဂါဖြစ်လာပြီဆိုရင် ညဘက် အိပ်မပျော်ခြင်း၊ မူးခြင်း၊ မောခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပူခြင်း၊ အသက်ရှူကျပ်မောခြင်း၊ နှလုံးနေရာမှ အောင့်ခြင်း၊ ခြေဖျားလက်ဖျားအေးခြင်း၊ ဘယ်သူ့မှ စကားမပြောဘဲ စကားပြောသံကြားရခြင်း(စိတ်မှ ထင်မှတ်ခြင်း)၊ နှလုံးနေရာမှာ အပ်နဲ့ထွသလို နာကျင်ခြင်း၊ လက်သည်းခွံအရောင်မမှန်ခြင်း၊ လက်သည်းများပြာ နမ်းလာခြင်း၊ အိပ်နေရင်း ကယောင်ကတမ်းပြောခြင်း၊ သွေးစမ်းကြည့်ပါက သွေးတိုးမမှန်ခြင်း၊ နှလုံးနေရာ အောင့်နေခြင်း၊ တစ်ကိုယ်လုံး အေးစက်နေခြင်း၊ လေးလံနေခြင်းစတဲ့ လက္ခဏာတွေ ဖြစ်တတ်တယ် ကိုချစ်ဆွေ "

" ကိုယဉ်တင့် ပြောခဲ့တဲ့ နှလုံးရောဂါလက္ခဏာတွေထဲက ကျွန်တော် ခံစား နေရတဲ့ အချက်သုံးမျိုးနဲ့ တူတယ်ဗျ။ ဒါဆို ဘာဆက်လုပ်ရမှာလဲ "

" ကိုချစ်ဆွေ ခံစားနေရတာ ဘယ်လောက်ကြာပြီလဲ။ ဖြစ်တာ မကြာသေးဘူးဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပြီး ရောဂါ သက်ကြာရင်တော့ ဆေးရုံဆေးခန်းပြရမှာပေါ့ "

" ကျွန်တော် ခံစားနေရတာ ဆယ်ရက်၊ ဆယ့်ငါးရက်လောက်ပဲ ရှိသေးတယ် "

" ဒါဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပါတယ် "

" သက်သာပျောက်ကင်းဖို့ဆိုရင် ဘယ်ဆေးစားရင် ကောင်းမယ်ဆိုတာ ကိုယဉ်တင့် ညွှန်ပြပေးပါဦး "

" သမားတော်ကြီး မုံရွာဆရာမိုး ကိုယ်တိုင် ကုသအောင်မြင်ခဲ့တဲ့ **မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံနှလုံးအားဆေး** သောက်ရင် ကိုချစ်ဆွေ ခံစားနေရတဲ့ နှလုံးရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် "

" ဒါဆို မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးသောက်မယ်ဗျာ။ ဆေးအညွှန်းကို သိပါရစေ "

" ကဲ ကိုချစ်ဆွေ နားထောင်ပြောပြမယ်။ အညွှန်းက နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ ရင်ညွန့်၌ စူး၍ အောင့်ခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူကျပ်ခြင်း၊ သွေးတိုးခြင်း၊ ကျောနှင့်ရင် ညှပ်အောင့်ခြင်း၊ နှလုံးတုန်ရင်ခုန်မောပန်းနွမ်းနယ်ခြင်း၊ နှလုံးအားနည်းခြင်း၊ ရောင်ခြင်း၊ အနည်းငယ်လှုပ်ရှားရုံဖြင့် မောပန်းခြင်း၊ ချွေးထွက်လွန်၍ နှလုံးခုန်မမှန် မောပန်းခြင်း၊ မူးဝေခြင်း၊ ဝိတ်ဖိစီးမှုများ၍ အိပ်မပျော်၊ စားမဝင်၊ စိတ်မကြည်ခြင်း၊ အားအင်ကုန်ခမ်းစိတ်မရွှင်လန်းခြင်းတို့အတွက် သုံးစွဲနိုင်တယ်တဲ့ "

" ကိုယဉ်တင့် ညွှန်မှတော့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားတိုးဆေးဟာ ဆေးစွမ်းကောင်းတစ်လက်ဖြစ်တာ သေချာတယ်။ သောက်မယ်ဗျာ။ အဲဒီဆေးကို ဘယ်ဆိုင်တွေမှာ ဝယ်ရင်ရနိုင်မှာလဲ "

" အဆီကျ၊ အကြောပြေ၊ ဆီး၊ ဝမ်း မှန်စေတဲ့ မုံရွာဆရာမိုးရဲ့ ရောက်တစ်လုံး ဝမ်းမှန်ဆေးဟာ တိုင်းသိပြည်ကျော်ဖြစ် ပြီးသားမို့ အထူးညွှန်းစရာမလိုတဲ့ ဆေးဖြစ်ပြီး ခုအသစ်တဖန် ထုတ်လုပ်လိုက်တဲ့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးကိုလည်း မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် ဝယ်ယူရရှိနိုင်ပါတယ်။ ကဲ ကိုချစ်ဆွေ ယုံယုံကြည်ကြည် သောက်ကြည့်လိုက်စမ်းပါ။ ခင်ဗျား ခံစားနေရတဲ့ နှလုံးရောဂါဝေဒနာဟာ သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် "

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံး ဖြန့်ချိပေးနေပါပြီ။

ပင်ရင်း

**မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

အမှတ်-(၅၂/၁၅၆) မေဓာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊

ရန်ကုန်မြို့။ ဖုန်း၀၁-၆၉၁၀၈၇၉ ၊ ၀၉-၅၁၈၈၆၃၂

**ပြောင်းဖြူ မောင်ယဉ်တင့်**



www.burmeseclassic.com

www.burmeseclassic.com



● တောင်ဖီလာ တည်ဟန်

စဝ်လွန်းသာ

ရေနီတောင်ဖီလာ (သို့မဟုတ်)

# မဟိုတောင်ဖီလာတောရသို့

လေ့လာပူဇော်မှုခရီးစဉ် (၃)

**ယခင်လမှ အဆက်**

ရှုပ်ကလာပ်တော်အား မှန်ခေါင်းချွင်းကာ ခုတင်ထက် ပူဇော်ထားသည်မှ သိရသော်လည်း ငှက်ချေးခံအောက်မြင်ကွင်းမှာ မှောင်မည်းနေသည့်အပြင် ပြတင်းအထက် ကာထားသော မှန်မှာလည်း အရောင်ပါ အရိပ်နှင့် မှန်ချပ်ဖြစ်သောကြောင့် ရုပ်ကလာပ်တော်ကို ထင်ရှားစွာ မတွေ့ချေ။

သို့ဖြစ်၍ အခြားပြတင်းတစ်ခုအနီး ချဉ်းကပ်ကာ တံခါးချပ်ထောင့်စွန်း အနည်းငယ် ပွဲပေါက်နေသော နေရာမှ အခန်းတွင်းသို့ ထပ်ကြည့်ပြန်သည်။ ရုပ်ကလာပ်တင်သည့် ခုတင်ခြေရင်း ပိုင်းနှင့် ပိတ်ထားသော အခန်းတံခါးမကိုသာ တွေ့ရလေသည်။


ထိုအပေါက်ငယ်ကို အနည်းငယ် ချဲ့ထွင်ကာ အခန်းတွင်းမြင်ကွင်းကို ကြည့်မြင်နိုင်သော်လည်း "ငါခွင့်မပြုဘဲ မဖွင့်ပါနှင့်" ဟူသော ဆရာတော်၏ မိန့်မှာချက်ကို အလေးထားသောအားဖြင့် မကြိုးစားဖြစ်ခဲ့ချေ။

## သိမ်ကျုန်းတော်

ထို့နောက်တွင် ဆရာတော်ကျောင်း၏ ခေါင်းရင်းဘက် တောင်တက်လှေကားအတိုင်း တက်ရောက်ကြရာ သိမ်တစ်ဆောင်ကို မြင်ရသည်။ ရှေးသိမ်တော်ဖြစ်ကာ အဆောက်အအုံမှာ ဆရာတော် ပျံလွန်တော်မူပြီးမှ မွမ်းမံပြုပြင်ခြင်းဖြစ်ကြောင်း သိရသည်။

သိမ်၏ ခေါင်းရင်းဘက် မြောက်

www.burmeseclassic.com







လပ်တွင် မုန်လေးမုန်နှင့် အရံစေတီလေး ဆူပါ စေတီငယ်တစ်ဆူ စံပယ်တော်မူ သည်။ ပေါက်စေတီဘွဲ့မည်ရှိကြောင်း သိရသည်။

'ဆရာတော် ပျံလွန်တော်မူပြီး (၅) နှစ်လောက်အကြာ (လွန်ခဲ့သော နှစ် နှစ်ဆယ်ခန့်) ဘိုးတော်ပေါက်ဆိုတဲ့ ဒါယကာ တည်ဆောက်ပူဇော်လို့ ပေါက်စေတီ တွင်ပါတယ်။ အဲဒီစေတီ တည်တုန်းက ပါလာကြတဲ့ ပရိသတ်ထဲ က တချို့က ကုန်းတော်မှာ ကြက်ဥ ကြော်ကြတယ်။

ချက်ချင်းပဲ ကျားရောက်လာလို့ ဒရောသောပါး ပြေးဆင်းကြရတယ် အမေကြီး(ဒေါ်ဝံသစာရီ)တို့က ပြောပြ တောင်ဖီလာ တောကျောင်း သက် သတ်လွတ် နယ်မြေဖြစ်ကြောင်း သိ ပြီး ကန်တော့ပွဲထိုး တောင်းပန်မှ ဆက် တည်ခွင့်ရကြတယ်'

ဦးကျော်မြင့်က ရှင်းပြခြင်းဖြစ်သည် သိမ်ကုန်းတော်၏ မြောက်ဘက် တောင်ကုန်းထက်တွင် ဆုတောင်းပြည့် စေတီကို ဖူးမြင်ရသည်။ ဆရာတော် မရှိသည့် နောက်ပိုင်း တည်ဆောက် ခြင်းဖြစ်ကြောင်း သိရသည်။

## အမေကြီး နေကာသိုက်။ အောင်မြင်ရာ တောင်ကုန်း ကျောက်ဖြာ

သိမ်ကုန်းမှ အရှေ့မြောက်ထောင့် ယွန်းယွန်း တောင်ကုန်းတွင် စေတီ တစ်ဆူ၏ ရွှေသင်္ကန်းရောင် တဝင်းဝင်း ကို သစ်ပင်များအကြား ဖူးတွေ့ရသည် ဦးကျော်မြင့်က…

'အဲဒါ ဆရာတော်ကြီး နောက်ဆုံး






F.10B. September, 2013

www.burmeseclassic.com

www.burmeseclassic.com





◄ တောင်ကုန်းထက်မှ ဆုတောင်းပြည့်စေတီ

လွှမ်းစေတီအနီးမှ ရဟန်းတော်ရုပ်တု ►

သွားတဲ့စေတီ လွှမ်းစေတီလို့ ဘွဲ့မည်ပေး သွားတယ်'

ဟု ဆိုသည်။

တောင်ကုန်းထက်သို့ သွားရောက်ကြည့်ရှုရာ လွှမ်းစေတီကို တံခွန်တိုင်နှစ်ခုနှင့်အတူ ဖူးတွေ့ရသည်။ စေတီအခြေထောင့်စွန်း အပြင်ဘက်ကပ်လျက်တွင် သံဃာတစ်ပါး တရားကျင့်ကြံ ရှုမှတ်နေဟန်ရုပ်တု ရှိသည်။ ဆရာတော်ကြီးကိုယ်တိုင် မိမိကိုယ်ကို ရည်ညွှန်းပြုလုပ်ခဲ့သည်ဟု ယူဆကြလေသည်။

ဤစေတီ တည်ပြီးနောက် ဆရာတော်သည် ခန္ဓာဝန်ချတော်မူသဖြင့် ဆရာတော်အား လွှမ်းဆွတ်အောက်မေ့ဖွယ်ရာ ဖူးတွေ့နိုင်သော စေတီဟု ရည်ညွှန်းဟန် ရှိလေသည်။

လွှမ်းစေတီကုန်းတော်နှင့် မနီးမဝေး ကုန်းမြင့်ထက်ရှိ ကျောက်ဆောင်ကြီးတစ်ခု၏ ညီညာသော မျက်နှာပြင်ပေါ်၌ ဗောဓိညောင်ပင်တစ်ပင် ဝေဆာစွာ ပေါက်ရောက်နေသည်။ ဦးကျော်မြင့်က ဤသို့ ပြောပြသည်။

'အဲဒီညောင်ပင်ပေါက်နေတဲ့ နေရာဟာ ဆရာတော်ရဲ့မအကြီး ဒေါ်ဝံသစာရီ နေကသိုဏ်း အောင်မြင်ခဲ့တဲ့ နေရာပါ။ ဆရာတော်ကြီးရဲ့ အနီးကပ်သွန်သင်မှုနဲ့ နေကသိုဏ်းကို ကျင့်ကြံအောင်မြင်ပြီးတဲ့ အချိန်မှာ မြေလျှင်လှုပ်ပြီး ကျောက်ဖြာကြီး ကွဲအက်သွားတယ်။

အက်ကြောင်းထဲက တစ်လံလောက် အမြင့်ရှိတဲ့ ညောင်ပင်ကြီး ထိုးထွက်လာတာပဲ။ ဒါနဲ့ အထိမ်းအမှတ်နေရာအဖြစ် ညောင်ပင်အောက် ကျောက်ဆောင်နံဘေးမှာ လိုဏ်ကမ္ဗဋ္ဌာန်းဆောင် ဆောက်ပြီး စေတီငယ်တစ်ဆူ ပူဇော်ထားပါတယ်'

ကျောက်ဆောင်ထက်သို့ သဘာဝကျောက်လှေကားထစ်များမှ တက်ရောက်နိုင်သည်။ ကျောက်ဆောင်ပေါ်ရောက်၍ ညောင်ပင်ကို လှမ်းကြည့်ရှုရာ နှစ်ပေါင်း(၃၀)နီးပါး ကြာမြင့်ပြီ ဖြစ်သောကြောင့် ကြီးမားဝေဆာသော ညောင်ပင်အဖြစ် တွေ့ရသည်။ အရွက်များမှာ မျက်နှာပြင်နှင့် ကျောဘက်တွင်ပါ ချောမွေ့နေသည့် ဗောဓိညောင်အစစ် ဖြစ်ပေသည်။

ထိုကျောက်ဖြာထက်မှ လွှမ်းစေတီနှင့် အနီးဝန်းကျင်ကို ထင်ရှားစွာ မြင်တွေ့ရသည်။

'လွှမ်းစေတီ မတည်ခင်က စေတီအရာကုန်းတော်မှာ ဝိဇ္ဇာဇော်ဂျီ တပသီတို့ ဆေးကြိတ်ကြတာ တွေ့ရတတ်တယ်။ ဒါပေမယ့် အနားသွားခွင့် မရှိပါဘူး။ ဒီနေရာကနေ ကြည့်နေပြီး သူတို့ ထွက်သွားမှ ချန်ထားခဲ့ကြတဲ့ ဆေးအကျန်တွေ ယူလို့ရတယ်'

'တကယ်လို့ အနားသွားမိရင် ဘယ်လို ကြုံရတတ်သလဲဆရာ'

'ပျောက်ခြင်းမလှ ပျောက်သွားတယ်'

'ဆေးအကျန်တွေဆိုတော့ နည်းနည်းပါးပါးပဲ ရမှာပေါ့'

'မဟုတ်ဘူး။ ကြည့်နေတဲ့လူဦးရေနဲ့ လောက်ငအောင် ချန်ရစ်ထားတတ်ပါတယ်။ အမေကြီး နေကသိုဏ်းကျင့်တုန်းက တစ်နှစ်လောက် မျက်စိကွယ်သွားတာ ဝိဇ္ဇာဆေးနဲ့ပဲ ပြန်မြင်ခဲ့တယ်။

'ဆေးညွှန်းဆေးသုံးကော သိနိုင်မလား'

ပထမံဆေးတွေနဲ့ ပန်းပေါင်း၊ နံ့သာ၊ မြေဖြူစတာနဲ့ ပွားယူပြီး ဉာဏ်ရှိသလို သုံး။ မိမိစောင့်ထိန်းတဲ့သီလနဲ့ကတိ



www.burmeseclassic.com

www.burmeseclassic.com



◆ လှမ်းစေတီ

သစ္စာ ဆန္ဒမှန်ကန်မှုတို့နဲ့ ပေါင်းစပ်ပြီးသုံးရင် အင်မတန် စွမ်းပါတယ်။

ကျောက်ဖြာထက်တွင် ခေတ္တနားနေကြစဉ် ကျောက်သားပြင်ကို လေ့လာကြည့်ရာ ထူးခြားသောချိုင့်ခွက်အရေးအကြောင်းများက အက္ခရာ စာလုံးသဏ္ဌာန် ဖြစ်တည်နေသည်ကို သတိပြုမိသည်။

ညောင်ပင်ကြီးမရှိမီ အမေကြီ
နေကာသိုက်းရှုစဉ်က ဤကျောက်ဖြာ

ဆရာတော်ရဲ့ တပည့်ရင်းတစ်ဦးဖြစ်သူ ဦးကျော်မြင့် ◆



◆ အမေကြီး နေကာသိုက်အောင်မြင်ရာ ကုန်းတော်မြင့်ကွင်း





www.burmeseclassic.com

www.burmeseclassic.com





◆ (ဒေါ်ဝံသစာရီ)အမေကြီး နေကသိုဏ်းရှုရာ ကျောက်ဆောင်

ကျောက်ဆောင်ထိပ်မှ အမှတ်အသား စာလုံး ◆

◆ လျှပ်လွှမ်းရာမှ ထိုးထွက်လာသော ညောင်ပင်



သည့် အရိပ်အကာကင်းမဲ့၍ နေကသိုဏ်းအတွက် အလွန် ကောင်းမွန်သော နေရာဖြစ်ကြောင်း သတိပြုမိသည်။ နောက်ဆုံးတွင် အုတ်ခဲတစ်လုံးတွေ့ရသဖြင့် စာလုံးအနားသတ်မျဉ်းပေါ်က မှတ်တမ်းပြုနိုင်ခဲ့လေသည်။

ကျောက်ဆောင်နှင့် လွှမ်းစေတီကုန်းတော်မှ ပြန်ဆင်းလာသောအခါ သိမ်ကုန်းတော်၏ နောက်ခံ တောင်ဖီလာတောင်ကြီးကို လှမ်းခြုံမှတ်တမ်းပြုနိုင်ခဲ့သည်။ အရှေ့ဘက်အခြမ်းတွင် ကျောက်ထုတ်လုပ်မှုကြောင့် တောင်ကတုံးဖြစ်နေသည်ကို ထင်ရှားစွာတွေ့ရလေသည်။

## အမေကြီး ဒေါ်ဝံသစာရီ

သိမ်ကုန်းတော်မှ ပြန်ဆင်းကာ ပင်မကျောင်း၏အရှေ့ဘက်သို့ ထွက်ခဲ့ကြရာ တံတားတစ်ခုကို ကျော်ဖြတ်ရသည်။ လွန်ခဲ့သော ဆယ်နှစ်ကျော်ကာလခန့်အထိ ရေမပြတ်စီးဆင်းခဲ့သော တောင်ဖီလာချောင်းကို ကျော်ဖြတ်နိုင်ရန် ဆက်သွယ်ထားသော တံတားဖြစ်သည်။ ယခုအခါ ရေသွားရေလာမရှိ၊ တောင်ကြားလျှိုမြောင်ဖြစ်နေသည်ကို တွေ့ရသည်။

တံတားတစ်ဖက်တွင် ဒေါ်ဝံသစာရီ နေထိုင်သော ဇရပ်ဆောင်တည်ရှိသည်။ ဇရပ် အပြင်မျက်နှာစာ၌ ကျွဲခေါင်းတစ်ခု ချိတ်ဆွဲထားသည်။ ဦးချိုအဖျားစွန်းနှစ်ဖက် အကွာအဝေးမှာ (၅)ပေခန့်ရှိသည့် ကျွဲကြီးဖြစ်သည်။

ဆရာတော်ရှိစဉ်က တောင်ဖီလာဝန်းကျင်သည် ကျားမြွေ ကျွဲစသည့် တောတိရစ္ဆာန်အပေါင်း အေးချမ်းစွာခိုလှုံကြရာ ဘေးမဲ့တောကြီး ဖြစ်သည်။ ဒေသခံ မုဆိုးများကလည်း ဤဝန်းကျင်ကို ရှောင်လွှဲ၍ အမဲလိုက်ကြသည်။

ရှေ့လ ဆက်ဖတ်ပါရန်

**စံထွန်းသာ**



www.burmeseclassic.com

www.burmeseclassic.com

# မဟာဘုတ်ချိန်ခွင်နှင့်

သန်းပညာ

ကျေးဇူးရှင် ဆရာတော်ကြီးများ

ညောင်တုန်းမြို့၊ ရွှေဟသာ်တောရ
ပါဠိတက္ကသိုလ်ကျောင်းတိုက်
တိုက်အုပ်ဆရာတော်
အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ
ကုက္ကုဋ္ဌသာတိဝံသအား
ဂါရဝပြု ပူဇော်ခြင်း

ဆရာတော်သည် **၁၂၈၁ ခုနှစ်၊ ကဆုန်လဆန်း(၆)ရက်နေ့တနင်္ဂနွေနေ့**တွင် မွေးဖွားရာ မဟာဘုတ်အရ ၀–ကြွင်းမဟာဘုတ်ပိုင်ရှင် ဖြစ်ပါတယ်။

* * *

| | | |
|---|---|---|
| | ၄ | |
| ၆ | ၂ | ၅ |
| ၃ | ၀ | ၁ |

ဆရာတော်သည် တနင်္ဂနွေသား ဖြစ်တဲ့အတွက် ပုတိဖွားလဲ ဖြစ်ပါတယ်။

ဒါကြောင့် ကျမ်းအလိုအရကတော့ ကုန်းလမ်းခရီး၊ ခြေကျင်ခရီးသွားရတဲ့ မြို့ရွာတွေမှာ မွေးဖွားရတတ်ပြီး ငယ်စဉ်မှာ အနာရောဂါ မကင်းတတ်ခြင်း၊ အငိုအရယ်များခြင်း၊ စိတ်ကောက်တတ်ခြင်း၊ စိတ်ဆိုးတတ်ခြင်း၊ မိမိလိုရာ မရရင် ဆူဆူပူပူ လုပ်တတ်ခြင်း၊ ပျော်ပွဲအားကစားပွဲများ ဝါသနာပါတတ်ခြင်း၊ လှပဆန်းကြယ်သော အရာဝတ္ထုများကို မြတ်နိုးခြင်း၊ စပ်သော ပူစပ်သော အရသာများကို ကြိုက်တတ်ခြင်းတို့ ရှိပါမယ်။

**၆–ကြာဂြိုဟ်သည် အထွန်းအိမ်မှာ ရပ်တည်နေတဲ့ အတွက်** မကြာခဏ ခရီးကြွရခြင်း၊ တရားဟောရခြင်းများ ရှိတတ်ပါတယ်။ အသံဖြင့် ဆောင်ရွက်ရသော လုပ်ငန်းများနဲ့ အကျိုးပေးသန်ပါတယ်။



အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကုက္ကုဋ္ဌသာတိဝံသမထေရ်

သို့ရာတွင် သော ကြာဂြိုဟ်(အထွန်း) နဲ့ တနင်္ဂနွေဂြိုဟ်(ပုတိ)တို့ ပက္ခဖြစ်သဖြင့်...

- ✻ လုပ်ငန်းတွင် အပြိုင်အဆိုင် ပေါ်ပေါက်ခြင်း၊
- ✻ စည်းလုံး ပျက်ပြားရခြင်း၊
- ✻ စိတ်ဝမ်းကွဲရမှုလဲ ရှိတတ်ပါတယ်။

**၁–နွေဂြိုဟ်သည် ပုတိအိမ်မှာ ရပ်တည်နေသဖြင့်** နေရာဌာန ပြောင်းရွှေ့ရခြင်းများ ကြုံတွေ့ရပါမယ်၊ တစ်မြို့တစ်ရွာ၊ တစ်နယ်တစ်ကျေးမှာ အောင်မြင်မှုတွေ၊ ကြီးပွားတိုးတက်မှုတွေ ကြုံရပါမယ်။

**၀–နေဂြိုဟ်သည် ဘင်္ဂအပျက်အိမ်မှာ ရပ်တည်နေတဲ့အတွက်...**

တပည့်တပန်းများရဲ့ အကျိုးကို ခံစားရခဲပါတယ်။ ၀,နေ အပျက်အိမ်တွင် ရပ်တည်လျက်ရှိသောကြောင့် ယားနာဝေဒနာများနဲ့ အရေပြားဝေဒနာများ ခံစားရတတ်ပါတယ်။

၂–လာဂြိုဟ် ငွေကြေးဂြိုဟ်သည် သိုက်ဂြိုဟ်ဖြစ်တဲ့ ငွေကြေးနဲ့ပတ်သက်ပြီး အလှူခံရ လွယ်တတ်သော်လည်း ရာဇအိမ်မှ ၅တေးနဲ့ ပက္ခမိတဲ့အတွက် ခေမာရန်ဓာတ်ကျစေတဲ့အတွက် ငွေကြေးဆိုင်ရာ အခက်အခဲများ ကြုံတွေ့ရခြင်း တွေ့ရတတ်ပါတယ်။

အင်္ဂါဂြိုဟ်သည်...

မရဏအိမ်တွင် ရပ်တည်နေတဲ့ အတွက် စိတ်အကျဉ်းအကျပ်ကြုံတွေ့ရ

စာမျက်နှာ (၈၈) သို့



www.burmeseclassic.com

www.burmeseclassic.com

# ပဒေသာပင်နှင့် ကိုယ်ရံကြီး

အိမ်ရှေ့မြေလွတ်ရှိပါက သဘော်ပင်၊ ကွမ်းသီးပင်၊ အုန်းပင်၊ မာလကာပင်၊ သံပရာပင် စသည်ဖြင့် အသီးများ ဆယ့်နှစ်ရာသီ သီး၍ ပဒေသာပင်လို အသီးများ အပွင့်လိုက်၊ အခိုင်လိုက် ဖြစ်သော သီးပင်စားပင်များ စိုက်ပျိုးထားခြင်းဖြင့် ထိုအိမ်မှာ ငွေဝင်လာဘ်ရွှင် အဆင်ပြေကံကောင်း စီးပွားတိုးတက်ကြောင်း နက္ခတ္တရောင်ခြည် မဂ္ဂဇင်းတွင် ကျွန်ုပ် ဆောင်းပါးတစ်ပုဒ် ရေးသားခဲ့ဖူးပါသည်။


ထိုဆောင်းပါး နက္ခတ္တရောင်ခြည် မဂ္ဂဇင်းတွင် ပါရှိပြီးနောက် မကြာမီမှာပင် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၌ပင် ဆောင်းပါးရှင်တစ်ဦးက သူ့ကိုယ်တွေ့အရ အိမ်ရှေ့မှ ပဒေသာပင်ကပ် မစိုက်သင့်ကြောင်း ကျန်းမာရေး၊ စီးပွားရေး၊ အလုပ်အကိုင်တို့ အညံ့အပျက် ကြုံတတ်ကြောင်း ဆောင်းပါးတစ်ပုဒ် ရေးသားပါရှိလာခဲ့သည်။

ကျွန်ုပ် နေအိမ်မှာ ပေ(၄၀) × (၆၀) မြေကွက်အပြည့်နီးပါး ဆောက်လုပ်ပြီး ခြံအပြည့် ကာထားသည်။ အိမ်ရှေ့ တံစက်မြိတ်မှ (၆)ပေခန့်အကွာမှာ ကွမ်းသီးပင်၊ သံပရာပင်၊ မာလကာပင်များ စိုက်ပျိုးထားသည်။

ခြံစည်းရိုးနှင့် (၆)ပေမျှသာ အကွာ ကပ်လျက် စိုက်ပျိုးထားခြင်းဖြစ်ပြီး အသီးများ အခိုင်လိုက်၊ အပွင့်လိုက် ပဒေသာပင်ကဲ့သို့ သီးနေသည်မှာ (၁၀)နှစ်ခန့် ကြာပြီဖြစ်ပါသည်။

အလုပ်အကိုင်ကောင်း၊ အိမ်ထောင်ရေးအဆင်ပြေ၊ သာယာပျော်ရွှင်၊ ကျန်းမာဘေးကင်း၊ ငွေဝင်လာဘ်ရွှင် စီးပွားတိုးတက်ကြောင်း ကိုယ်တွေ့ဖြစ်ပါသည်။ အညံ့အပျက် သိပ်မကြုံရပါ။

တစ်ခုတော့ ပြောရန် ကျန်ရှိပါသည်။ ကျွန်ုပ်၏ အိမ်ရှေ့ ခြံစည်းရိုးနား ကပ်လျက်(၃)ပေခန့် အကွာတွင် ကိုယ်ရံကြီးပင်ကြီးများ ဘယ်ခြမ်းမှာ တစ်ပင်၊ ညာခြမ်းမှာ တစ်ပင် စိုက်ပျိုးထားသည်။ အိမ်နှင့် ပဒေသာပင် ကြားမှာ ကိုယ်ရံကြီးပင် ရှိနေခြင်း ဖြစ်ပါသည်။



ပန်းပွင့်နေသော ကိုယ်ရံကြီးပင်

ကိုယ်ရံကြီးပင်မှာ ဘေးဥပဒ် အကာအကွယ် ပေးသော အပင်ဟု ဂမုန်းကျမ်း အချို့မှာ ဖတ်ရှုရဖူးပါသည်။

ထို့ကြောင့် အိမ်ရှေ့မှာ ပဒေသာပင် စိုက်ထားပြီး အိမ်နှင့်လည်း ကပ်နေသည်ဆိုပါက ဘေးအန္တရာယ်အတွက် စိုးရိမ်ပြီး ခုတ်ပစ်၊ နုတ်ပစ်ရန် မလိုပါ။

အိမ်နှင့် ပဒေသာပင်တို့၏ ကြားမှာ ကိုယ်ရံကြီးပင် စိုက်ပေးလိုက်ရုံနှင့် အဆင်ပြေသွားပါလိမ့်မည်။ ("လိုလျှင်ကြံဆ နည်းလမ်းရ"၊ "မသိသူ ကျော်သွား သိသူဖော်စား")

*အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...*

ဆရာကြီး ဦးအောင်မြိုင် (ဥပဒေ...)
လက္ခဏာဗေဒင်ပညာသု...သီ



www.burmeseclassic.com

www.burmeseclassic.com



# အာရုံကြောရောဂါနှင့် အစာအိမ်ရောဂါအတွက်

# မိုးဦးပန်း

အမှတ်တံဆိပ်

## ဆေးစွမ်းကောင်းနှစ်လက်




"ကိုမင်းမြတ်မောင်နဲ့ ကိုဇော်ရဲနိုင်တို့ ဘယ်က လှည့်လာကြတာလဲ"

"တပေအကြောင်းလည်း ဆွေးနွေးရင်း ကျွန်တော်တို့နှစ်ယောက် ခံစား နေရတဲ့ ဝေဒနာအတွက် တိုင်းရင်းဆေးသုတေသီဖြစ်တဲ့ ဆရာကိုယဉ်တင့်နဲ့ တိုင်ပင်ပြီး ဆေးဝါးကောင်း လမ်းညွှန်ပေးဖို့ပါ"

"ဆရာတို့နှစ်ယောက်က ဘယ်လိုဝေဒနာတွေ ခံစားနေရလို့လဲ"

ကိုမင်းမြတ်မောင်က "အခုတလော ဖက်ကြောတွေထိုး... နောက်ကြော တွေ တက်ပြီး ခေါင်းတွေ မူးဝေပြီး... စိတ်ထဲ မကြည်မလင်ဖြစ်နေတယ်...သတိ တွေလည်း မေ့လျော့တယ်...ခြေလက်တွေလည်း ထုံ ကျင်နေတယ်ဗျာ..."

ကိုဇော်ရဲနိုင်က "ကျွန်တော်ကတော့ စားတဲ့အစာလည်း မကြေဘူး... ရင်ထဲတောင့် တင်းပြီး အောင့်လည်း အောင့်တယ်... လေချဉ်လည်း တက်ပြီး ဝမ်းလည်း မကြာခဏ ပျက်တယ်"

"ဆရာကိုမင်းမြတ်မောင်က အာရုံကြောရောဂါဖြစ်နေပြီး... ကိုဇော်ရဲ နိုင်က အစာအိမ်ရောဂါခံနေပြီလို့ ပြောရမှာပဲ"

"ဒါ ကျွန်တော်တို့ ဘာဆေးသောက်ရင် ကောင်းမယ်...ဆိုတာ ညွှန်ကြား ပေးပါဦး"

"လွန်ခဲ့တဲ့ တစ်နှစ်က...ကျွန်တော်ကိုယ်တိုင် အဲဒီရောဂါနှစ်မျိုးစလုံး ခံစားနေရတာ... မြောက်ဥက္ကလာပမြို့နယ်က မိုးဦးပန်းဆေးတိုက်ကို ရောက် တော့... ဆရာ ဦးကံအေးနဲ့တွေ့ပြီး သူကိုယ်တိုင်ထုတ်တဲ့ အာရုံကြောဆေးနဲ့ အစာအိမ်ရောဂါဆေးကို သောက်ကြည့်စမ်းပါလို့ ပြောတာ... အဲဒီ ဆေးတွေကို သုံးစွဲခဲ့လို့... ဆီး... ဝမ်း... လေ မှန်ပြီး မှတ်ဉာဏ်တွေလည်းကောင်း... ကိုယ် လက်လည်း ပေါ့ပါးသွက်လက်နေတာ ဆရာတို့အမြင်ပဲ..."

"ဆရာ...ကိုယဉ်တင့်ပြောတဲ့ မိုးဦးပန်း ဆေးတိုက်က ထုတ်တဲ့ အာရုံ ကြောဆေးနဲ့ အစာအိမ်ဆေးသောက်မယ်ဗျာ... အဲဒီဆေးတွေ မသောက်မီ... ဆေးရဲ့ အာနိသင်တွေကို သိချင်ပါတယ်... ဆေးညွှန်းကို ပြောပြပါဦး"

"ဆေးအညွှန်းတွေကို မပြောမီ ... ဆေးထုတ်လုပ်တဲ့ ဆရာ ဦးကံအေး (မန္တလေးတိုင်းရင်းဆေး ဒီပလိုမာ - အမှတ်စဉ် ၁၂ ဆင်း)၊ ဆေးခန်းမှူးဘဝနဲ့... အင်းပူမြို့၊ မအူပင်မြို့၊ ကျိုက်လတ်မြို့၊ လှည်းကူးမြို့တွေက... အာရုံကြောရောဂါ ဝေဒနာရှင်တွေ... အစာအိမ်ရောဂါဝေဒနာရှင်တွေကို ကုသအောင်မြင်ခဲ့တဲ့ ဆေးမို့ ရောဂါဝေဒနာရှင်တွေ တောင်းဆိုချက်အရ ထုတ်လုပ်ဖြန့်ချိတဲ့ဆေးပါ။ ကျွန်တော်သွားလေရာဆောင်တဲ့ဆေးမို့ အညွှန်းတွေလည်း ပါတယ်။ ကြားချင် ရင်... နားဆင်ကြပါ။ အာရုံကြောဆေးအညွှန်းကတော့... ခေါင်းအုံ၊ ခေါင်းကိုက် ခြင်း၊ ဖက်ကြောတက်... ဖက်ကြောထိုးခြင်း၊ မျက်ရိုးကိုက်... မျက်ကြောထိုးခြင်း၊ မေးရှဲ့ပါးရှဲ့ခြင်း၊ လျှာလေးအာလေးခြင်း၊ ခန္ဓာကိုယ်လေးလံထိုင်းမှိုင်းခြင်း၊ အကြွေးအဆန့် အထိုင်အထအားနည်းခြင်း၊ ခြေလက်များ ထုံကျဉ်ခြင်း၊ လေငန်း လေဖြတ်ခြင်း၊ နာတာရှည်ရောဂါခံစားနေရခြင်း၊ စိတ်မကြည်မလင်ဖြစ်ခြင်း၊ အာရုံကြောအားနည်းခြင်း၊ ကိုယ်ရောစိတ်ပါ ပင်ပန်းနွမ်းနယ်ခြင်း၊ အိပ်မပျော် ခြင်း၊ မူးဝေခြင်း၊ သွေးတိုးရောဂါ၊ သွေးချိုဆီးချိုရောဂါနှင့် ငှင်းရောဂါ နောက် ဆက်တွဲဆိုးကျိုးများအတွက် သင့်လျော်သော ဆေးဖြစ်ပါသည်...တဲ့၊ အစာအိမ် ရောဂါသောက်ဆေးအညွှန်းကတော့... အစာမကြေခြင်း၊ ရင်ပြည့်ရင်ကယ်ဖြစ် ခြင်း၊ ရင်ထဲတောင့်တင်းနေခြင်း၊ အစာအိမ်အချဉ်ပေါက်ခြင်း၊ အနာဖြစ်ခြင်း၊ ရောင်ခြင်း၊ အောင့်ခြင်း၊ လေချဉ်တက်ခြင်း၊ လေပူတခြင်း၊ လေနာရောဂါစွဲကပ် ခြင်း၊ မိမိနှင့် တတ်မတည့်သော အစားအစာများ စားမိ၍ ခန္ဓာကိုယ် ယားယံခြင်း၊ အဖုအပိမ့်ထခြင်း၊ အစာအဆိပ်ဖြစ်၍ ဗိုက်နာခြင်း၊ ဝမ်းသွားခြင်း၊ အော့အန်ခြင်း၊ ဝမ်းဗိုဝမ်းရောင်ဖြစ်ခြင်း၊ မကြာခဏ ဝမ်းပျက်ခြင်း၊ အစားအသောက် အမှား မခံခြင်း စသော အစာအိမ်နှင့် အူလမ်းကြောင်းရောဂါအတွက် သင့်လျော်သော ဆေးဖြစ်ပါသည်... တဲ့၊ ဤဆေးသည် အစာအိမ်ဆေး၊ အစာကြေဆေး၊ အစာ ဖျက်ဆေး... အခြေကျော် ဆေး ၄ မည်ရ မဟာဆေးတော်ကြီးဖြစ်လျက် - စား သုံးသူကြပြီး များသူချွေတဲ့ ဆေးစွမ်းကောင်းတစ်လက်ပဲ..."

"တိုင်းရင်းဆေး သုတေသီဖြစ်တဲ့ ဆရာ ကိုယဉ်တင့်ကိုယ်တိုင် သုံးစွဲနေ တဲ့ ဆေးစွမ်းကောင်းနှစ်လက်ဖြစ်တဲ့အတွက် ကျွန်တော်တို့ ယုံယုံကြည်ကြည် သုံးစွဲကြမယ်ဗျား ဒါဖြင့် ဘယ်ဆိုင်တွေမှာ ဝယ်ယူရရှိနိုင်သလဲဆိုတာ လမ်းညွှန် ပါဦး"

"အမြို့မြို့ရှိ မြန်မာဆေးမျိုးစုံ ဆိုင်တိုင်းမှာ ဝယ်ယူရရှိနိုင်ကြောင်းပါ"




## မိုးဦးပန်း ဆေးတိုက်

အမှတ် ၇၄၃၊ ဘုမ္မာ ၅ လမ်း၊


(ဈ) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၉၄၅၀၀၂၃၂၈၀



www.burmeseclassic.com

www.burmeseclassic.com



နေတောင်နှင့် ဘုရားများ

ထက်မြင့်ကျော်စွာ

အောင်အတိတ်ဆောင်

# သိကနိုက်တောင်ကြီးခေါင်မှ

ပုထိုးစေ... ...း (၁၁)

ယခင်လမှအဆက်

၃။ အရှင်သောဏထေရ်  ရဟန္တာ၊ အရှင်ဥတ္တရထေရ်  ရဟန္တာတို့ သုဝဏ္ဏဘူမိ သထုံပြည်သို့ ကြွလာတော်မူရာတွင် ပါဝင်သော **အရှင်နိဏာသဝထေရ် ရဟန္တာ၊**

၄။ အရှင်သောဏထေရ်  ရဟန္တာ၊ အရှင်ဥတ္တရထေရ်  ရဟန္တာတို့ သုဝဏ္ဏဘူမိ သထုံပြည်သို့ ကြွလာတော်မူရာတွင် ပါဝင်သော **အရှင်ဝိတရာဂထေရ် ရဟန္တာ၊**

၅။ အရှင်သောဏထေရ်  ရဟန္တာ၊ အရှင်း ... ရဟန္တာင သုဝဏ္ဏဘူမ သထုံပြည်သို့ ကြွလ တော်မူရာတွင် ပါဝင်သော **အရှင်အရဟံထေရ် ရဟန္တာ**ဟူ၍ တွေ့ရသည်။

သာသနာသက္ကရာဇ် ၂၃၅ ခုနှစ်တွင် သထုံသို့ သာသနာပြု ကြွလာကြသော ရဟန္တာများ ပူဇော်ထားခြင်းဖြစ်သည်။ သောဏထေရ်နှင့် ဥတ္တရထေရ်တို့မှာ တူညီသော်လည်း နောက်ပါရဟန္တာသုံးပါးမှာ  အနည်း..သ် ထူးခြားနေသည်။

**ဦးအောင်မြင့်အောင် ရေးသော ရွှေစာရံစေတီ  သမိုင်းစာအုပ် စာမျက်နှာ (၁၅၄)တွင်...**

'သာသနာသက္ကရာဇ် ၂၃၅ ခုနှစ်၌ အရှင်သောဏမထေရ်၊ အရှင်ဥတ္တရမထေရ်နှင့် နောက်ပါဖြစ်သော  အရှင်အနုရုဒ္ဓမထေရ်၊ အရှင်တိဿဂုတ္တမထေရ်၊ အရှင်သောမယမထေရ် ကျော်ငါးပါးသော ရဟန္တာကြီးတို့သည် မိမိတို့ တာဝန်ကျသော သုဝဏ္ဏဘူမိတိုင်းသို့ သာသနာပြုရန် ကြွလာကြသည်' ဟူ၍ ဖော်ပြထားရှိသည်။

**သာသနာရေးဝန်ကြီးဌာန ဗုဒ္ဓ ဘာသာ တရားတော် အထောက်အထားပြန်း အဆင့် စာမျက်နှာ (...)တွင်**





www.burmeseclassic.com

www.burmeseclassic.com

လည်း…

'သုဝဏ္ဏဘူမိ (ခေါ်) ရာမညတိုင်း သထုံမြို့တော်သို့ သာသနာတော်နှစ် ၂၃၅ ခုနှစ်တွင် ထေရဝါဒဗုဒ္ဓသာသနာတော် စတင်ရောက်ရှိလာသည်။ အရှင်သောဏ၊ အရှင်ဥတ္တရ၊ အရှင်အနုရုဒ္ဓ၊ အရှင်တိဿဂုတ္တ၊ အရှင်သောဏောယမထေရ် ငါးပါးတို့သည် သာသနာပြုရန် သုဝဏ္ဏဘူမိ သထုံပြည်သို့ ကြွတော်မူသည်'

ဟူ၍ ဖော်ပြထားလေသည်။

သို့ဖြစ်ရာ ဤသို့ နောက်ပါရဟန္တာ ဘွဲ့တော် ကွဲလွဲနေခြင်းမှာ (ပုဂံခေတ်) ရှင်အရဟံ (ခေါ်) အရှင်ဓမ္မဒဿီ စသည်ဖြင့် ဘွဲ့မည်တစ်ခုထက် ပို၍ တွင်ရစ်ခြင်းပေလော။ သုတေသီများ အတွက် စိတ်ဝင်စားဖွယ် ဖြစ်ပေသည်။

ထိုရဟန္တာများ၏ မတ်တတ်ပုံတော်များကိုလည်း ကျောင်းတော်ဝင်း ပရိဝုဏ်အတွင်း ထောင့်လေးထောင့်တွင် သီးသန့်တန်ဆောင်းကိုယ်စီဖြင့် ဖူးတွေ့နိုင်ကြသည်။ ဘွဲ့မည်များကိုလည်း ရေးမှတ်ထားသည်။

စဦး ကြီးကြပ်သူ ရသေ့ကြီး ဦးခန္တီ၏ ပုဆစ်ဒူးတုပ် ရှိခိုးနေဟန်ရုပ်တုကိုလည်း အရှေ့တောင်ထောင့်ရှိ အရှင်ဥတ္တရတန်ဆောင်းအနီး သီးသန့်အုတ်တိုက်ဖြင့် ထားရှိလေသည်။ ပရိဝုဏ် ထောင့်လေးထောင့်၌ ရဟန္တာလေးပါးစီနှင့် တောင်စူးစူးအရပ်၌ ရှင်အရဟံ စုစုပေါင်းငါးပါး၊ တန်ဆောင်း ငါးခု တွေ့ရသည်။

'ဤရဟန္တာထေရ်ငါးပါးတို့အား ပန်း,ဆီမီး, ရေချမ်း ကပ်လှူခြင်း၊ ဆွမ်းကပ်လှူခြင်း၊ ရေသပ္ပာယ်ခြင်းတို့ကို ယုံကြည်သဒ္ဓါ ထက်သန်စွာ ပြုစုပါက မိမိတွင် ကျရောက်လျက်ရှိသော အခက်အခဲများမှ ကင်းလွတ်ခြင်း၊ ရောဂါအန္တရာယ် အသွယ်သွယ်တို့ ပျောက်ကွယ်စေခြင်း တန်ခိုးဂုဏ်နှင့်ပြည့်စုံသည်။ မထေရ်မြတ်တို့အား ဖူးမြော်ကြသော ပုဂ္ဂိုလ်တို့ ပူပင်သောက ပယ်ခွာ ချလျက် အေးချမ်းသာယာမှုတို့ အမှန်ပင် ခံစားကြရပါသည်'

ဟူ၍ မွန်ပြည်နယ်တွင်းရှိ တန်ခိုးကြီးဘုရားများစာတမ်း (ညွှန်းပြီး) စာမျက်နှာ (၃၁၀)၌ ဖော်ပြထားလေသည်။



ပန်းပုအလုပ်ရုံတန်ဆောင်း

## ရဟန္တာသိမ်တော်ကြီး

စန္ဒကူးကျောင်းတော်မှ အနောက်ဘက်သို့ ထွက်လာပါက ရဟန္တာ ကျောက်တိုက်ဝင်းအတွင်း ရောက်ရှိသည်။ အဝင်မုခ်ဝအနီး လက်ဝဲဘက် တောင်ဘက်တွင် ရဟန္တာသိမ်တော်ကြီးကို တွေ့နိုင်သည်။

မြတ်စွာဘုရားရှင်နှင့် နောက်ပါ ရဟန္တာ (၅၀၀)တို့ သမုတ်တော်မူခဲ့သော သိမ်တော်ဖြစ်၍ ရဟန္တာသိမ်တော်ကြီးဟု ယနေ့တိုင် တွင်သည်။ သိမ်ပတ်လည် အနီးအနားရှိ ခြံမြေများ၏ အခွန်ပြေစာတွင် **ရဟန္တာမြို့တော်ကွင်း**ဟု ယနေ့တိုင် သုံးစွဲလျက်ရှိကြောင်း သိရသည်။

၁၂၈၅ ခုနှစ်တွင် ရသေ့ကြီး ဦးခန္တီက အာရာမ်တံတိုင်းများနှင့် အခြားသော သာသနိက အဆောက်အအုံများ မွမ်းမံဆောက်လုပ်ကာ ရဟန္တာကျောင်းဆရာတော် ဦးဇဝနက ဆက်လက်ထိန်းသိမ်းခဲ့သည် ဆိုလေသည်။ အဆက်ဆက် မွမ်းမံထိန်းသိမ်းမှုကြောင့် သိမ်တော်ကြီးကို အပျက်အစီးမရှိ ပကတိအတိုင်း လေ့လာကြည်ညိုနိုင်ပေသည်။

## ရဟန္တာခြေတော်ရာ

ရဟန္တာသိမ်တော်ကြီးအတွင်း ဝင်ရောက်လေ့လာ ကြည်ညိုပြီးနောက် ရတနာသုံးပါးကို ရိုသေစွာ ရှိခိုး၍ ဗုဒ္ဓသာသနာ အဓွန့်ရှည်ကြာ၍ ရောင်ဝါနေသို့ လင်းစေကြောင်း ဆုတောင်းခဲ့သည်။


ထို့နောက် မြောက်ဘက်ရှိ ရဟန္တာခြေတော်ရာ တန်ဆောင်းသို့ သွားရောက်ဖူးရပြုသည်။ တန်ဆောင်းနဖူးစည်းတွင် **'အရဟံမထေရ်၏ ခြေတော်ရာ'**ဟု ကမ္ပည်းတင်ထားသည်။ ရှင်အရဟံထေရ် ပုဂံသို့ မကြွမီ ကဝံ အုတ်ပေါ်တွင် ချထား ချီးမြှင့်ခဲ့သော ခြေတော်ရာဖြစ်၍ ဆရာတော် အဆက်





www.burmeseclassic.com

www.burmeseclassic.com





◆ တိုင်တစ်ထောင် ကျောင်း

တိုင်တစ်ထောင်ကျောင်းမှ ရုပ်ပွားတော် ▶

ဆက် ထိန်းသိမ်းခဲ့ကြသည်။

ရဟန္တာကျောင်းဆရာတော် ဦးဇဝန လက်ထက်၌ လူများ ရေလောင်းပူဇော် ခြင်းဖြင့် ဂဝံမြေ နူးပျော်ပျက်စီးမည့် ဘေးမှ ကာကွယ်ရန် ကွန်ကရစ်ဖြင့် မွမ်းမံပြုပြင်ခဲ့သည်။

လက်ယာဘက် ခြေတော်ရာဖြစ်၍ အလျားတောင်ဆုပ်ခန့် ရှိသည်။ သထုံမှ ဗုဒ္ဓသာသနာကို မြန်မာနိုင်ငံအနှံ့ ပြန့်ပွားစေရန် ကြိုးစားခဲ့သည့် ကျေးဇူး ကြီးမားသော ရဟန္တာမထေရ်၏ ခြေတော်ရာဖြစ်ရာ ပူဇော်သူ များလှပါ သည်။

**ပတ်ဝန်းကျင်ကျေးရွာရှိ တောင်သူ လယ်သမားများသည် မိုးခေါင်သော နှစ်တွင် ခြေတော်ရာအား ရေလောင်း ပူဇော်ခြင်း၊ မိုးများလွန်းပါက ခြေတော်ရာ တွင် မီးထွန်းပူဇော်ခြင်းတို့ဖြင့် ရေကြီး ခြင်း၊ မိုးခေါင်ခြင်းတို့ကို ကာကွယ် တားဆီး ဖြေဖြောင်းပေးနိုင်သည်ဟု ခိုင်မြဲ သော ယုံကြည်မှုရှိကြသည်ဟု သိရ သည်။**

တန်ခေါင်းရွေ့ မြေကွက်ငယ်တွင် ပန်းမန်များ စိုက်ပျိုးထားသဖြင့် ခြေတော်ရာ ဖူးမြော်ကြသူတို့အတွက် စိတ်ကြည်နူးမှု ပေးစွမ်းသောနေရာ ကလေး ဖြစ်သည်။

## ရွှေဆံတော်စေတီ

သထုံတောင်တန်း တစ်လျှောက် လေ့လာကြည့်ရှုနိုင်သော စေတီပုထိုး နေရာထူးများအနေဖြင့် နေမိန္ဒရတောင် ၌ အဆုံးသတ်ကာ မြောက်ဘက် တောင်စွယ်ဖြစ်သော အလံတစ်ရာ တောင်မှာ တောင်စဉ်ဆက်ထားသော လမ်း မရှိချေ။

ထို့ကြောင့် နေမိန္ဒရတောင်နှင့် နီးကပ်ဆက်စပ်နေသော ကန်တော် မဂ်လာ၊ သုရဲကောင်းဗိမာန်၊ ရဟန္တာ တိုက် စသည့် လမ်းသင့်သော နေရာ ထူးများကို ဆက်လက်ဖော်ပြခြင်း ဖြစ် သည်။

ရဟန္တာတိုက်မှ မြောက်ဘက်ကပ် လျက်လမ်းအတိုင်း အနောက်ဘက် သို့ (၁၅)မိနစ်ခန့်သွားပါက ရွှေဆံတော် စေတီကြီးကို ဖူးမြော်နိုင်သည်။ ရွှေဆံ တော်စေတီမှ ကိုက်အနည်းငယ်အကွာ တွင် သထုံ–ရန်ကုန် ကားလမ်းကည် ရှိရာ သထုံတောင်တန်း၏ မြောက် ဘက်အစွယ်ဖြစ်သော '**အလံတစ်ရာ သာသနာ့မြေ**'သို့ အလွယ်တကူ သွား ရောက်နိုင်ပေသည်။

ရွှေဆံတော်စေတီကား ရွှေစာရံ စေတီတော်၏ မြောက်ဘက် မဇ္ဈိမတာ (၂၅၀)၊ နန်းတော်ကုန်း၏ အနောက် မြောက်ထောင့် တာ (၅၀)အကွာတွင် ကိန်းဝပ်တော်မူလေသည်။ သထုံမြို့ ပေါ်တော်မူရပ်ကွက်အတွင်း ကျရောက် ပါသည်။

## စေတီသမိုင်းအကျဉ်း

ရွှေဆံတော်စေတီ သမိုင်းအကျဉ်း ကို အနောက်ဘက် အာရုံခံတန်ဆောင်း မျက်နှာကြက်၌ ပန်းချီဆွဲ၍ ကမ္ပည်းစာ နှင့်တကွ ဖော်ပြထားသည်။

သုဝဏ္ဏဘူမိမြို့တည် သီဟမဓ္ဓ ရာဇာ (ခေါ်) သူရိယစန္ဒာမင်း (နေလ နှစ်ပါးစုံသော အချိန်၌ မွေးသောမင်း) ၏ သမီးတော် ဖုံသီးက တောင်းပန် လျှောက်ထားသဖြင့် ဘုရားရှင်ဆံတော် နှစ်ဆူ စွန့်လှူခဲ့သည်။ ထိုဆံတော် နှစ်ဆူကို ဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီး



www.burmeseclassic.com

www.burmeseclassic.com

သည့်နောက်တွင် အရှင်တိဿ ဦးဆောင်သော ရဟန္တာ (၅၀၀)တို့က ဌာပနာပြုကာ စေတီ တည်ထားကိုးကွယ်ခဲ့သည်။

ထိုစေတီကို သာသနာ ၉၉၃ ခုနှစ်တွင် ရှင်မဟာဗုဒ္ဓဃောသနှင့် ရဟန္တာ (၅၀၀)တို့က ဒုတိယအကြိမ် မွမ်းမံပြုပြင်၍ စေတီကုန်းတော်ကို သာရကလျာဏီသိမ်အဖြစ် သမုတ်တော်မူခဲ့သည်။ ထို့ကြောင့် သာရကလျာဏီစေတီဟုလည်း ခေါ်တွင်ကြသည်။

ကောဇာ ၁၂၄၉ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် အဘိုးဝိသုဒ္ဓ (ရဟန်းတော်) ဦးဆောင်ကာ ရွှေဆံတော်စေတီကို ဉာဏ်တော်အမြင့် (၁၁၉) ပေသို့ တိုးမြှင့်မွမ်းမံခဲ့ရာ ယခုတွေ့မြင်ရသော စေတီကြီး ဖြစ်သည်။

စေတီပူဇနီယပွဲတော်ကို နှစ်စဉ် တန်ဆောင်မုန်းလဆုတ် (၁)ရက်နှင့် (၂)ရက်နေ့များ၌ ကျင်းပခဲ့ရာ ဂေါ်စရဂါမ် ကျေးရွာရပ်ကွက်(၂၀)ကျော်မှ ပဒေသာပင်များ၊ ပူဇော်ဖွယ်များ၊ မသိုးသင်္ကန်းများ ဆက်ကပ်ကြသည်။ ဝန်းကျင်တစ်ပိုက် အစည်ကားဆုံးဖြစ်သော ပူဇနီယပွဲတော်ကြီး ဖြစ်သည်။

မသိုးသင်္ကန်းများ ပင့်ဆောင်ရာတွင် အဖွဲ့လိုက် ပါဝင်သော အမျိုးသမီးများက သင်္ကန်းတော်ကို အလျားလိုက်ဖြန့်ကာ တရုတ်နဂါးလှည့်သကဲ့သို့ စီတန်းပင့်ဆောင်လာလေ့ ရှိသည်မှာလည်း ထူးခြားသော မြင်ကွင်းတစ်ခု ဖြစ်သည်။

ဘုရားရှင်အား ပူဇော်ဖွယ်များ ကပ်လှူပြီးနောက် ပင့်ဖိတ်ထားသော ကျောင်းပေါင်း(၁၂၀)မှ ပင့်သံဃာများအား ဆွမ်းကြီးလောင်းလှူကြသည်။ စာရေးတံမဲချ၍ ပဒေသာပင်များ



● သမျှဒွေတာန်ဆောင်း

ကျောင်းအလိုက် ဆက်ကပ်ကြသည်။ ပျော်ပွဲရွှင်ပွဲ၊ အငြိမ့်ကဇာတ်အပြင် လက်ဝှေ့ပွဲများလည်း စည်ကားစွာ ကျင်းပလေ့ရှိသည်။ နယ်ချဲ့အင်္ဂလိပ် အစိုးရလက်ထက်က တရားဝင် ပွဲမိန့်ခွင့်ပြုသော ဂေဇက်ဝင်ဘုရားကြီးဖြစ်ကြောင်း သိရသည်။

စေတီတော်မှာ အောက်ခြေအုတ်ခုံအထက် ဖရုံမြောင့်ပစ္စယံ ငါးထပ်တင်ကာ ခေါင်းလောင်းမှောက်စေတီ ပေါက်ထား၍ ခံ့ထည်လှသည်။ အုတ်ခုံစွန်း စေတီပတ်လည်တွင် အရံစေတီများ ဝန်းရံထားသည်။

## ပုံတော်စေတီ

စေတီတော်အား ဖူးမြော်ဝတ်ပြုပြီးနောက် ရင်ပြင်တစ်ခွင် လှည့်လည်ကြည့်ရာ တနင်္ဂနွေထောင့်တွင် ပုံတော်စေတီ (ခေါ်) စံပြုသည့် နောင်တော်ကြီးစေတီကို တွေ့ရသည်။ စေတီတော်ကြီးအတွက် စံပြုပုံတော်ဖြစ်သော ဤစေတီသည် တနင်္ဂနွေထောင့်တွင် ကိန်းဝပ်ခြင်းအားဖြင့် ရွှေဆံတော်၊ သာရကလျာဏီ စသည့် ဘွဲ့ပညတ်စနေ၊ မြို့တော်သထုံ၏ ပညတ်နံစနေအရ ဂဟပတိအရပ်တွင် တည်ရှိနေသည်။

စပါးကျီကြ သိုလှောင်ရုံထားရာ အရပ်ဖြစ်ရာ စိုက်ပျိုးရေးအဓိက အားပြုသော ဂေါ်စရဂါမ် ဆန်ရေစပါးပေါများ၍ စီးပွားဖြစ်ထွန်းကာ ဤကဲ့သို့ ကြီးကျယ်သော အလှူအတန်းပေးနိုင်ကြခြင်း ဖြစ်သည်ဟု ကောက်ချက်ချမိသည်။

## ရဟန္တာတန်ဆောင်း

စေတီရင်ပြင် စနေထောင့်တွင်ကားအုတ်တိုက် ဝတ်ကျောင်းတစ်ဆောင်ရှိ၍ အတွင်း၌ စေတီသို့ မျက်နှာမူလျက် လဲလျောင်းနေသော ရဟန္တာရုပ်တုကို ဖူးတွေ့ရသည်။ **ရှင်မဟာဗုဒ္ဓဃောသ ရဟန္တာအရှင်မြတ်ပုံတော် ဖြစ်သည်။**


သာသနာနှစ် ၉၉၃ ခုနှစ်တွင် ရွှေဆံတော်စေတီကို ဒုတိယအကြိမ် မွမ်းမံကုသိုလ်ပြုခဲ့သည်။ မကျန်းမမာဖြစ်တော်မူစဉ် စေတီတော်သို့ မျက်နှာမူကာ လဲလျောင်းနေသည့် ပုံတော်ဟု ကမ္ပည်းထိုးထားသည်။

မြန်မာပိဋကတ် စာဆိုသမိုင်းတွင်



www.burmeseclassic.com

www.burmeseclassic.com



◆ သမ္မုဇ္ဇေဝတီနှင့် ဂုပ်ပွားတော်များ

နေတစ်ဆူ၊ လတစ်ဆူပမာ ထင်ရှားခဲ့သော ရှင်မဟာဗုဒ္ဓဃောသမထေရ် မြတ်၏ ကျေးဇူးဂုဏ်ကြောင့် ပိဋကတ်သုံးပုံကို မာဂဓဘာသာဖြင့် လေ့လာနိုင်သကဲ့သို့ အရှင်မြတ်၏ ပိဋကတ်သုံးပုံ အဋ္ဌကထာဋီကာ အဖွင့်ကျမ်းများကြောင့် ဘုရားဟော ပိဋကတ်သုံးပုံ၏ အရသာကို ခံစားနိုင်ခြင်းဖြစ်သည်။

သာသနာနှစ် ၉၅၆ခုနှစ်တွင် သီဟိုဠ်နိုင်ငံ အနုရာဓမြို့ရှိ မဟာဝိဟာရကျောင်း၌ အရှင်သံဃပါလထေရ်ကြီးထံ ချဉ်းကပ်၍ ပိဋကတ်တော် ကူးယူခွင့် တောင်းပန်ခဲ့သည်။

မထေရ်ကြီးက ရှင်ဗုဒ္ဓဃောသ၏ အရည်အချင်းကို သိလို၍ သီလေပတိဋ္ဌာယ အစရှိသော စာလေးကြောင်းပါ ဂါထာနှစ်ပုဒ်ကို ပေးပြီး အကျယ်ဖွင့်ဆိုရေးသားရန် စေခိုင်းလေသည်။

ထိုဂါထာနှစ်ပုဒ်ကို ဖွင့်ဆိုသည့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာကျမ်းကို တစ်ညတည်းဖြင့် စီရင်ရေးသားတော်မူသည်။

ထို့အပြင် သံကွန်ချာဖြင့် အုပ်ထားသော ပိဋကတ်တော်များကို အဓိဋ္ဌာန်ဖြင့် ဖွင့်နိုင်က ကူးယူခွင့် ပေးမည်ဆို၍ လက်အုပ်ချီ အဓိဋ္ဌာန်ပြုရာ သံကွန်ချာ ပွင့်သွားသဖြင့် ရေးကူးခွင့်ရသည်။

ရှင်ဗုဒ္ဓဃောသမထေရ် ရေးကူးပြီးသောအခါ နတ်တို့ ဝှက်ထားသဖြင့် နောက်နှစ်ကြိမ် အလွတ်ရေးနိုင်းသည်ကို ရေးသားပေးရသည်။ ပြီးသည့်အချိန်တွင် ပိဋကတ်သုံးစောင်အား တိုက်ဆိုင်ကြည့်ရာ ကွဲလွဲမှုမရှိ အလုံးစုံ တူညီနေကြောင်း တွေ့မြင်ကြရသည်။

ထိုအခါ သီဟိုဠ်(သီရိလင်္ကာ) သံဃာတို့သည် မဖြစ်စဖူး ထူးကဲအံ့ဖွယ် မြင်တွေ့ကြရသဖြင့် 'မေတ္တေယျဘုရားအလောင်းတော်ကြီး လာပြီ' ဟု တစ်ပြိုင်နက် ကြွေးကြော်ကောင်းချီးပေးကြလေသည်။ ပိဋကတ်သုံးပုံ ပါဠိတော်နှင့်တကွ သီဟိုဠ်ဘာသာ အဋ္ဌကထာစာပေတို့ကိုပါ ကူးယူခွင့် ပြုလိုက်ကြသည်။

အရှင်မြတ်၏ ဝိသုဒ္ဓိမဂ်ကျမ်းနှင့် နမက္ကာရ ဘုရားရှိခိုးတို့မှာ ဗုဒ္ဓသာသာဘာဝင်တို့အလယ်တွင် မရှိးနိုင်အောင် တန်ခိုးကြီးလှသည်။ နမက္ကာရဂါထာမှာ ဘုရားရှင်ဂုဏ်တော်ကို ကဗျာဆန်ဆန် ရေးဖွဲ့ထား၍ သာယာနာပျော်ဖွယ် ရှိသည်။

လွန်စွာခေတ်မီ၍ ယနေ့တိုင် ထင်ပေါ်ကျော်ကြားပြီး ခေတ်အမီဆုံး ကမ္ဘာ့ဂန္ထဝင် ကဗျာနှင့်ပင် ယှဉ်နိုင်ကြောင်း ပညာရှင်တို့ အညီအမျှ အသိအမှတ်ပြုကြသည်။

ရွှေလ ဆက်ဖတ်ပါရန်

ထက်မင်းကျော်စွာ



www.burmeseclassic.com

www.burmeseclassic.com

**'မင်းခယောကျ်ား ကမ်းနားသစ်ပင်'**ဆိုသည့် စကားပမာအရ မင်းထံ ခစားပြီး အမှုတော် ထမ်းရွက်ကြသည့် ပုဂ္ဂိုလ်များအတွက် အန္တရာယ်ကင်းရအောင်၊ ဘေးရန်ကင်းဝေးရအောင် ကောင်းကျိုးချမ်းသာ ရစေသောငှာ ဆောင်ရွက်နိုင်သည့် အဓိဋ္ဌာန်ကျင့်စဉ်တစ်ခုလည်း ဖြစ်ပါသည်။

ဤကျင့်စဉ်သည် **ဥဒေါင်းမင်းဂါထာ**အား အထူး အထွတ်တင်ပြီး ရွတ်ဖတ်သရဇ္ဈာယ် ပူဇော်ရသည့် နည်းစဉ်လည်းဖြစ်သည်။

ဥဒေါင်းမင်းဂါထာကို **မောရသုတ်** ဟုခေါ်ကြောင်း လူတိုင်း သိကြပြီး ဖြစ်ပါသည်။ ဤဂါထာကို ဘုရားအလောင်းတော် ဥဒေါင်းမင်းဘဝက နံနက် နေထွက်ချိန်၌တစ်ခါ၊ ညနေ နေဝင်ချိန်၌တစ်ခါ ရွတ်လေ့ရှိကြောင်း မှတ်သားဖူးသည်။

ဤသို့ တစ်နေ့မပျက် ရွတ်ဖတ်သဖြင့် အနှစ်(၇၀၀)ပတ်လုံး ဘေးရန်ရှင်းပြီး ချမ်းသာစွာ နေထိုင်ခဲ့ရပါသည်။

သို့သော်လည်း ဥဒေါင်းမင်းကြီးသည် သတိတစ်ချက် လွတ်ကင်းပြီး ဥဒေါင်းမ၏ မာယာကာမဂုဏ်နှံ့တွင်း သက်ဆင်းပြီး သကာလ အကြံသမား မုဆိုး၏ ကျော့ကွင်းသို့ သက်ရောက်လျက် အကျဉ်းအကျပ် ဆင်းရဲဒုက္ခများ ကြုံတွေ့ခဲ့ရလေသည်။

သတိဟူသည် ပိုသည်မရှိ လိုအပ်သည်သာဖြစ်ကြောင်း ထင်ရှားသည့် သာဓကတစ်ခုဟု ဆိုချင်သည်။

ထို့ကြောင့်လည်း အကျဉ်းအကျပ် ဥပဒ်အန္တရာယ်အသွယ်သွယ် ဘေးရန်အထွေထွေတို့မှ ကင်းဝေးရလေအောင် မင်းထံခစား ပုဂ္ဂိုလ်များ ရွတ်ဖတ်ပူဇော်သင့်ကြောင်းကို မောရသုတ်အညွှန်းလက်ာ၍...



မင်းခယောကျ်ား

# ရာဇဖွားများအတွက် နေထွက်နေဝင်

အဓိဋ္ဌာန်ကျင့်စဉ်

ဦးခင်မောင်သန်း (အ.ဖ.က၊ ပခန်းတာန်း)

'ရာဇမျိုးဟန် ဒေါသထန်၍ ဘေးရန်အပြင် သံခြေချင်းနှင့် ကြိုးကွင်းဗန္ဓ တွေ့လေကမူ မောရသုတ်ပင် ပရိတ်စင်ကို ကြည်လင်ရိုကျိုး ရှိခိုးပြုလျက် နေထွက်ရွတ်တုံ ဆင်လော့'

ဟု ဖော်ပြပြီး နည်းပေးညွှန်ပြထားပါသည်။

ထို့ကြောင့်...

မင်းခယောကျ်ား ရာဇဖွားများအတွက် ဘေးရန်ကင်းအောင်၊ ရာထူးဌာနန္တရ တိုးတက်ခိုင်မြဲစေအောင်၊ နေရာကောင်း, ဌာနကောင်းရအောင် အကြီးအကဲဖြစ်ရအောင်၊ အထွတ်အထိပ်သို့ ရောက်ရလေအောင် ဥဒေါင်းမင်းဂါထာကို အနည်းဆုံး နံနက်တစ်ကြိမ်၊ ညချမ်း၌တစ်ကြိမ် ရွတ်ဖတ်ပူဇော်သင့်သည်။

အထူးအားဖြင့်...

ဆင်စီးမြင်းရံဘုရားရှေ့တွင် အလင်းတိုင်၊ ရေချမ်း၊ ပန်း၊ နံ့သာတိုင်များ ကပ်လှူပူဇော်ပြီး၊ သရဏဂုံ ဆောက်တည်ပြီး၊ သီလခံယူပြီး မေတ္တာပို့ခြင်း၊ အမျှဝေခြင်းနှင့် **'နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ'**ဘုရားရှိခိုးကို သုံးကြိမ် ဦးစွာ ပြုဖွယ်ရာများ ဆောင်ရွက်ပြီး စိတ်ကြည်လင်မှုကို ဖြစ်စေပြီးလျှင် ယုံယုံကြည်ကြည်ဖြင့် ဥဒေါင်းမင်းဂါထာကို ရွတ်ဆိုပူဇော်ပြီး ဆုတောင်းနိုင်ကြကြောင်း အကြံကောင်း ပေးလိုက်ပါသည်။

ဤတွင်...

လောကီပညာရပ်ဆိုင်ရာ အဓိဋ္ဌာန်ကျင့်စဉ်များ ဆောင်ရွက်ရာ၌ လိုအပ်



www.burmeseclassic.com

www.burmeseclassic.com

သော အကျိုးကို ပြီးစေသောဂုဏ် အာစရိယဝါဒအရ...
၁။ အချိန်မှန်စေခြင်း၊
၂။ နေရာမှန်စေခြင်း၊
၃။ အကျင့်မှန်စေခြင်း *[ဂါထာတစ်ခု တည်းသာ စွဲစွဲမြဲမြဲရွတ်ခြင်း]*
၄။ ဆုတောင်းမှန်ခြင်း

ဆိုသည့် မှန်လေးမှန်သည် အရေး ကြီးသည်။

ထို့ကြောင့်လည်း ဥဒေါင်းမင်းဂါထာကို နံနက်တစ်ကြိမ်၊ ညနေချမ်းတစ်ကြိမ် ရွတ်ဆိုပူဇော်ရာ၌ အချိန်မှန်စေရန်အတွက် **ဝိဇ္ဇာဒိပ္ပဆရာကြီး၏ သုတမဉ္ဇရီကျမ်း (စာမျက်နှာ-၁၆၀) လာ နေထွက်နေဝင် အချိန်ပြဇယား**ကို ဖော်ပြပေးလိုက်ပါသည်။

**နေထွက်နေဝင်အချိန်ပြဇယား**

* * *

| လစဉ် [မြန်မာ၊ အင်္ဂလိပ်] | နေထွက် | | နေဝင် | |
|---|---|---|---|---|
| | နာရီ | မိနစ် | နာရီ | မိနစ် |
| တန်ခူးလ( ဧပြီ) | ၆ | ၀၀ | ၆ | ၀၀ |
| ကဆုန်လ( မေလ) | ၅ | ၅၀ | ၆ | ၁၀ |
| နယုန်လ( ဇွန်) | ၅ | ၄၀ | ၆ | ၂၀ |
| ဝါဆိုလ( ဇူလိုင်) | ၅ | ၃၆ | ၆ | ၃၀ |
| ဝါခေါင်လ(ဩဂုတ်) | ၅ | ၄၀ | ၆ | ၂၀ |
| တော်သလင်းလ (စက်တင်ဘာလ) | ၅ | ၅၀ | ၆ | ၁၀ |
| သီတင်းကျွတ်လ (အောက်တိုဘာလ) | ၆ | ၀၀ | ၆ | ၀၀ |
| တန်ဆောင်မုန်းလ (နိုဝင်ဘာလ) | ၆ | ၁၀ | ၅ | ၅၀ |
| နတ်တော်လ (ဒီဇင်ဘာ) | ၆ | ၂၀ | ၅ | ၄၀ |
| ပြာသိုလ( ဇန်နဝါရီ) | ၆ | ၃၀ | ၅ | ၃၀ |
| တပို့တွဲလ (ဖေဖော်ဝါရီ) | ၆ | ၂၀ | ၅ | ၄၀ |
| တပေါင်းလ( မတ်လ) | ၆ | ၁၀ | ၅ | ၅၀ |



ဥဒေါင်းမင်းဂါထာ ရွတ်ဆိုရာ၌ နေ့သားအလိုက် ဂြိုဟ်သက်အတိုင်း ရွတ်ဆိုကြရန်ဖြစ်ပါသည်။ တနင်္ဂနွေသားသမီးများသည် တစ်နေ့လျှင် နံနက်(၆)ခေါက်၊ ညနေ(၆)ခေါက် ရွတ်ရန်ဖြစ်သည်။

ထို့အတူ...

- ✤ တနင်္လာသားသမီးများသည် တစ်နေ့လျှင် (၁၅)ခေါက်၊
- ✤ အင်္ဂါသားသမီးများသည် (၈) ခေါက်၊
- ✤ ဗုဒ္ဓဟူးသားသမီးများသည် (၁၇) ခေါက်၊
- ✤ ကြာသပတေး သားသမီးများသည် (၁၉)ခေါက်၊
- ✤ သောကြာ သားသမီးများသည် (၂၁)ခေါက်၊
- ✤ စနေသားသမီးများသည် (၁၀) ခေါက်

ရွတ်ဖတ်ပူဇော်ရမည်။ ဖမ္မူဒီပါ လက်ယာတောင်ကျွန်း ဖြစ်သောကြောင့် သပြေပန်းကို လှူဖြစ်အောင် လှူရမည်။

ဤသည်ကား နေ့စဉ်မပျက် ဝတ်ထားလျက် ပူဇော်ကန်တော့ရသော နည်းစဉ်ဖြစ်ပါသည်။ အကြောင်းကိစ္စ ကြီးငယ်ရှိခဲ့လျှင် **ဆင်စီးမြင်းရံ ဘုရားရှေ့မှောက်၌** မိမိ၏ မွေးလ တစ်လလုံး ရွတ်ဖတ်ရန် အဓိဋ္ဌာန်ပြုရမည်။

**အထူးအဓိဋ္ဌာန်ဖြင့် ဆောင်ရွက်လျှင်...**

- ✦ ဆင်စီးမြင်းရံဘုရား ရှေ့မှောက်တွင် ဆောင်ရွက်ပါ။
- ✦ အညွန့်ပန်းနှင့် သပြေပန်းများ လှူပါ။
- ✦ နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် (၉) ခေါက် စီရွတ်ပါ။
- ✦ မေတ္တာပို့ပါ။
- ✦ ဆုတောင်းပါ။

**နေ့သားအလိုက် လှူရမည့် အညွန့်ပန်းများ**

* * *

| နေ့သား | အညွန့်ပန်း | | အောင်သပြေပန်း |
|---|---|---|---|
| တနင်္ဂနွေ | ကုံကော်ညွန့် | ၆ | ၉-ညွန့် |
| တနင်္လာ | စွယ်တော်ညွန့် | ၁၅ | |
| အင်္ဂါ | ရွက်လှပန်း | ၈ | |
| ဗုဒ္ဓဟူး | ပျဉ်းမညွန့် | ၁၇ | |
| ကြာသပတေး | သီးညွန့်၊ သီဟိုဠ် | ၁၉ | |
| သောကြာ | ဝိတောက် | ၂၁ | |
| စနေ | အုန်းညွန့် | ၁၀ | |

**နံနက်ပိုင်း နေထွက်ချိန် ရွတ်ရမည့်ဂါထာ**

❑ ဥဒေတယံ စက္ခုမာ ဧကရာဇာ၊
ဟရိဿ ဝဏ္ဏော ပထဝိပ္ပဘာသော။
တံ တံ နမဿာမိ၊
ဟရိဿဝဏ္ဏံ ပထဝိပ္ပဘာသံ။
တယာဇ္ဇ ဂုတ္တာ ဝိဟရေမု ဒိဝသံ။

❑ ယေ ဗြာဟ္မဏာ ဝေဒဂူ သဗ္ဗ ဓမ္မေ၊
တေ မေ နမော တေ စ မံ ပါလယန္တု။
နမတ္ထု ဗုဒ္ဓါနံ, နမတ္ထု ဗောဓိယာ၊
နမော ဝိမုတ္တာနံ, နမော ဝိမုတ္တိယာ။
ဣမံ သော ပရိတ္တံ ကတွာ၊
မောရော စရတိ ဧသနာ။

**နမော့ဗုဒ္ဓါရောင်ခြည်ပါ ဂူစင်းစရ**

www.burmeseclassic.com

www.burmeseclassic.com

**မှတ်ချက်** ။ ။ ပါဠိအနက်ကို သိလိုလျှင် ပရိတ်ကြီး(၁၁)သုတ် စာအုပ်များတွင် ကြည့်ရှုနိုင်ပါသည်။

ညနေပိုင်း နေဝင်ချိန်

ရွတ်ရမည့်ဂါထာ

❑ အပေတယံ စက္ခုမာ ဧကရာဇာ၊
ဟရိဿ ဝဏ္ဏော ပထဝိပ္ပဘာသော။
တံ တံ နမဿာမိ၊
ဟရိဿဝဏ္ဏံ ပထဝိပ္ပဘာသံ။
တယာဇ္ဇ ဂုတ္တာ ဝိဟရေမု ရတ္တိံ။
❑ ယေ ဗြာဟ္မဏာ ဝေဒဂူ သဗ္ဗ ဓမ္မေ
တေ မေ နမော, တေ စ မံ ပါလယန္တု။
နမတ္ထု ဗုဒ္ဓါနံ, နမတ္ထု ဗောဓိယာ၊
နမော ဝိမုတ္တာနံ, နမော ဝိမုတ္တိယာ။
ဣမံ သော ပရိတ္တံ ကတွာ၊
မောရော ဝါသ မကပ္ပယီ။

**မှတ်ချက်** ။ ။ ပါဠိအနက်ကို သိလိုလျှင် ပရိတ်ကြီး(၁၁)သုတ် စာအုပ်များတွင် ကြည့်ရှုနိုင်ပါသည်။

ဤသည်ကား...

မင်းခယောက်ျား ရာဇဖွားများအတွက် **နေထွက်နေဝင် အမိဋ္ဌာန်ကျင့်စဉ်** ဖြစ်ပါသည်။

ဘုရားစေတီများ၌ သွားရောက်အားထုတ်ရန် အခက်အခဲရှိခဲ့လျှင် မိမိတို့အိမ်၌ ဆောင်ရွက်ရန်ဖြစ်သည်။

သို့ရာ၌ ဆင်စီးမြင်းရံဘုရားပုံတော်တစ်ပုံကို အိမ်၌ ပင့်ဆောင်ပြီး ဆောင်ရွက်ရမည်။

မိမိတို့ နှစ်သက်အားရုံကျသော ဆင်စီးမြင်းရံ ဘုရားပုံတော်တစ်ပုံ (သို့မဟုတ်) ရုပ်ပွားတော်ကို ရှာဖွေဝယ်ယူပြီး အဓိဋ္ဌာန်ပြု ဆောင်ရွက်နိုင်ကြောင်း စေတနာကောင်း များစွာဖြင့် ရေးသားတင်ပြလိုက်ပါသည်။

*သင်၏ဘဝ သာယာပါစေ။*

**ဦးခင်မောင်သန်း**
*(အ.မ.က၊ ပခန်းတန်း)*

---

စာမျက်နှာ (၇၈)မှ အဆက်

တတ်ပါတယ်။ ကျန်းမာရေး မကောင်းတဲ့အခါများတွင် အထူး သတိထားရမှာကတော့ ဆေးဂရုစိုက်ပြီး ဆင်ခြင်သောက်သင့်ပါတယ်။ ဘာကြောင့်လဲဆိုရင်...

❖ ဆေးစားမှားခြင်း၊
❖ အစာအဆိပ်သင့်ခြင်း၊
❖ အစွယ်ရှိသော သတ္တဝါများကြောင့် ဥပဒ်ကြုံရခြင်း၊
❖ ချွန်ထက်သောအရာကြောင့် ဥပဒ် ကြုံရခြင်း၊
❖ ဆီးဝေဒနာခံစားရခြင်း။
❖ မျက်စိဝေဒနာခံစားရခြင်း၊
❖ သွေးထွက်သံယိုဖြစ်ခြင်းတို့ ရှိတတ်ပါတယ်။

**၅–တေး (ကြာသပတေးဂြိုဟ်)သည် ရာဇအိမ်မှာ ရပ်တည်နေတဲ့အတွက်...**

❂ ပညာရေးဆိုင်ရာ လုပ်ငန်းများ အောင်မြင်ခြင်း၊
❂ ပညာရေးဆိုင်ရာ ဘွဲ့တံဆိပ်များရခြင်း။
❂ ပညာထူးချွန်ခြင်း၊
❂ ဘဝအခြေအနေ တိုးတက်မြင့်မားစေခြင်း။
❂ အကြီးအကဲ ဦးစီးခေါင်းဆောင် ဖြစ်ရခြင်း၊
❂ ဆရာသမားဖြစ်ရခြင်း
တို့ပါပဲ။

ကျေးဇူးရှင်ဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရာဘိဝံသထေရ်အား ပူဇော်ဂါရဝပြုလိုက်ရပါသည်။

*အေးပါစေ၊ အောင်ပါစေ။*

သန်းပညာ

---

စာ
မု
ပို
ကို
တ...

ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
အမှတ် ၂၃၃၊ (၂၉)လမ်း၊
ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း–၀၁ ၂၄၂၁၄၅။



www.burmeseclassic.com

www.burmeseclassic.com



▲ ဘုရားကျောင်း မုခ်ဦး

မုံ့ဒိုမြို့မှ

# မဟာကာရုဏာရှင်

## ဘုရားကျောင်းသို့ (၁)

ဟုဂျင်းဇီ

တော်ကူး ကျေးရွာမှ အပြန်၊ မုံ့ဒိုမြို့သို့ ရောက်သောအခါ ကျောင်းတုန်းက သူငယ်ချင်းများကို သတိရသဖြင့် မြို့တွင်း ဝင်ရောက် ရှာဖွေကြည့်သည်။

ပြောင်းရွှေ့သွားသည်၊ ကွယ်လွန်သွားသည်စသည်ဖြင့် တစ်ဦးတလေမှ မတွေ့ရသောကြောင့် လွန်ခဲ့သောနှစ် (၃၀)ကျော်၊ မုံ့ဒိုမြို့တွင် ကျင်လည်ခဲ့ရာ နေရာများအား နှုတ်ခွန်းဆက်သကာ ကန်ကြီးစေတီအား ဝင်ရောက် ဖူးမြော်သည်။

ထို့နောက် အရှေ့တောင်ထောင့် ယွန်းယွန်းတွင်ရှိသော **"မဟာကာရုဏာရှင်" ဘုရားကျောင်း**သို့ သွားရောက် ပူဇော်ဖြစ်သည်။

### ခန်းမထွင်းဝယ်

နဂါး၊ ဇာမနီရုပ်များ တန်ဆာဆင်ထားသည့် အမိုးကော့ချွန်နှင့် ဘုရားကျောင်းခန်းမအတွင်း ဝင်ရောက်သွား

▼ မဟာကာရုဏာရှင် ဘုရားကျောင်းတော်





www.burmeseclassic.com

www.burmeseclassic.com



▲ ခန်းမလယ်မှ သကျမုနိ ရုပ်ပွားတော် နှင့် အထက်မှ ကရုဏာအဟုန် ကမ္ဘာလုံးပြုံ ပွဲနှံ့ပါစေ စာတန်း လက်ယာဘက်မှ ကွမ်ရင်အရှင်ရုပ်တု ▶

သောအခါ နံရံ၊ အလယ်ဗဟို ပလ္လင်ထက်၌ တင်ပျဉ်ခွေ ရုပ်ပွားတော်တစ်ဆူ ဖူးတွေ့ရသည်။ ခေတ်ပေါ်လက်ရာ ထုဆစ်ဟန်ဖြင့် ကျောက်ဖြူသား ရုပ်ပွားတော် ဖြစ်သည်။

တရုတ်ဗုဒ္ဓဘာသာ အယူအဆတွင် မြတ်စွာဘုရားများအနက် ရှီကျားမုနိ (Shì Jiā Mù Ni) သကျမုနိ ရုပ်ပွားတော် (ယခု ဖူးတွေ့ရသော ရုပ်ပွားတော်) အောမီထွောဖော (É Mí Tuó Fó) အမိတာဘ ရုပ်ပွားတော်နှင့် မိလဲ့ဖော (Mǐ Lè Fó) အရိမေတ္တေယျ ရုပ်ပွားတော်တို့ကို ပူဇော်မှုများပါသည်။

အရိမေတ္တေယျ ရုပ်ပွားတော်မှာ ပြုံးချိုသော မျက်နှာတော်က နွေးထွေးမှု ကရုဏာတရားကို ရည်ညွှန်း၍ စူဖြိုးသောဝမ်းဗိုက်က သုခနှင့် မေတ္တာများ ပေးစွမ်းခြင်း ဖြစ်သည်။

အမိတာဘ ရုပ်ပွားတော်မှာ အမိတ္တအာဘာမှ ဆင်းသက်သော ဝေါဟာရ ဖြစ်၍ တုနှိုင်း၍မရသော (တန်ခိုးအာနုဘော်) အရိပ်အာဝါသ၊ တစ်နည်းအားဖြင့် ရေတွက်ခြင်းငှာ မစွမ်းသာသော ဂင်္ဂါဝါဠု သဲစုမက ပွင့်တွန်းတော်မူပြီးသော မြတ်စွာဘုရား အဆူဆူ၏ ဘုန်းတန်ခိုးတော် အနန္တကို ရည်ညွှန်း ပူဇော်ခြင်း ဖြစ်သည်။

သကျမုနိ မြတ်စွာဘုရားကား ဘဒ္ဒကမ္ဘာတွင် စတုတ္ထမြောက် ပွင့်တွန်း တော်မူပြီးသော ဂေါတမ ဘုရားရှင်ကို ရည်ညွှန်းပူဇော်ခြင်းဖြစ်ကာ ရင်ဘတ် တော်တွင် (卐)စကြာအမှတ်အသား ဝမ့်ဇိရ် (Wàn Zì) ကို တန်ဆာဆင် ပူဇော်လေ့ရှိကြသည်။

ရှေးယခင်က ဤဘုရားကျောင်းတွင် စကြာ (ခေါ်) မုနိဒ္ဓဇလာပ်ပန်း ပါဝင်သော သကျမုနိ ရုပ်ပွားတော်တစ်ဆူ စံပယ် တော်မူခဲ့သော်လည်း ခေတ်ကာလ ကြာရှည်၍ ပျက်ယွင်း ပျောက်ဆုံးသွား

www.burmeseclassic.com




▲ တောင်းတဲ့ဆုရဲ့ တစ်လုံးတစ်ဝတည်း ပြည့်ပါစေ စာတမ်း

ကွမ်ရင်ပုံ မူလပန်းချီကား ▶



သဖြင့် ယခု ရုပ်ပွားတော်ကို ပူဇော်ထားဟန် တူလေသည်။

လက်ယာဘက်လက်တော် ပလ္လင်ခြေထိလျက် တိုင်တည်ဟန် ဘူမိဖဿမုဒြာ ရုပ်ပွားတော်အား မှန်ကျောင်းဆောင် အလုံပိတ်လျက် ပူဇော်ထားသဖြင့် အလင်းပြန်ကာ အရောင်မလွှမ်းစေရန် အောက်ခြေမှ ပင့်ရိုက် ပူဇော်ခဲ့ရသည်။

ထိုမှ လက်ယာဘက်တွင် ကွမ်ရင် အရုပ်ရုပ်တု ပူဇော်ထားသည်။ ကြွေသား ရုပ်တုတော်မှာ နှောင်းခေတ် ကောင်းမှုရှင်တို့၏ ကုသိုလ် ဖြစ်ကာ စမ္ပဓာတ်တွင် (有求必應) **ယိုချိုးပိယိင့်** (Yǒu Qíu Bì Yìng) တောင်းသောဆုနှင့် တစ်လုံးတစ်ဝတည်း ပြည့်စေသတည်းဟူသော ကမ္ပည်းစာတမ်းကို တွေ့ရသည်။

ရုပ်တုအထက် နောက်ခံနံရံတွင် ကွမ်ရင်အရှင်ပန်းချီကားကို ရေးဆွဲပူဇော်ထားသည်။ အနီးအပါးတွင် "နဲကျား" (Né Jiā) နှင့် **"ဟုန်ဟိုင်း"** (Hóng Hái)ဟူသော သူငယ်တော်နှစ်နှစ်ပါးရုပ်ပုံလည်း ပါဝင်သည်။

ကွမ်းဗောဓိသတ္တအဖြစ်သို့ မရောက်

▼ အောက်ခြေ ထောင်ပုံပန်းချီကား



▼ လက်ဝဲဘက် ရည်းတော်ထိန်း နတ်မင်းပုံ ပန်းချီကား






www.burmeseclassic.com

www.burmeseclassic.com





◆ တေးပွဲနံဘေးမှ မြူးပုံ

◆ လက်ဝဲအောက်မှ ငှက်ပုံ ပန်းချီကား

မီ ဘိက္ခုနီ "မြောက်ရှမ့်" ဘဝတွင်ပင် အကူအညီ ပေးခဲ့ကြသော သာဝက နတ်နှစ်ပါး ဖြစ်သည်။ ကွမ်ရင်ရုပ်တု အခြေ နံရံ၌ "ရှန်းရွှေ" Shān Shǔi (ခေါ်) တောင်နှင့်ရေ (တောတောင်ရှုခင်း) ပန်းချီကားကို ရေးဆွဲထားသည်။ မည်သည့် အကြောင်းကြောင့်ဟူ၍ မသိရ၊ တောင်ပုံနှင့် သမင်တစ်ကောင် သာပါရှိ၍ ရေတံခွန် (သို့မဟုတ်) စမ်းချောင်းနေရာတွင် အဖြူသားချည်း ချန်လှပ်ထားလေသည်။

ထိုပုံတွင် မှတ်သားထားသော စာတမ်းအရ (癸卯)"ကွေးမောင်နှစ်" Gǔi Mǎo Year တွင် လှူဒါန်းသည်ဟု မှတ်သားရသည်။ ထိုသက္ကရာဇ်မှာ ခရစ်နှစ် ၁၉၁၅ ခုနှစ်၊ ၁၉၆၅ ခုနှစ်တို့နှင့် ကိုက်ညီသည်။ မုဒုံမြို့နေ အသက် (၈၀)ကျော် လူကြီးသူမအချို့က မိမိတို့ မမွေးမီကပင် ဤဘုရားကျောင်း ရှိနေပြီဖြစ်ကြောင်း ပြောပြသဖြင့် ၁၉၁၅ ခုနှစ်ဟု မှတ်ယူဖွယ် ရှိလေသည်။

တရုတ် ဗုဒ္ဓဘာသာ အယူအဆတွင် ကွမ်ရင်အရှင်သည် နိဗ္ဗာန်သို့ ခိုဝင်နိုင်သော်လည်း လောကသားအားလုံးကို နိဗ္ဗာန်သောင်သို့ တက်လှမ်းနိုင်ရန် ကယ်ဆယ် ကူညီလိုသဖြင့် ဘုရားလောင်း ဗောဓိသတ္တအဖြစ်သာ ခံယူလျက် ရုပ်သွင် (၁၀၈)မျိုး ဖန်ဆင်းကာ ဒုက္ခရောက်သူတို့အား ကယ်တင်ပေးတော်မူသည် ဆို၏။

ဘွဲ့မည် အပြည့်အစုံကား အဝလောကိတေသွာရ လောကနာထ ဗောဓိသတ္တ Avaloki Tasuara Lokanata Boddisattra ဟူ၍ ဖြစ်သည်။ "**ကွမ်း**" Guān သည် ကြည့်ရှုခြင်း၊ ယင်း Yīn သည် လောကဖြစ်ရာ "**ကွမ်ရင်**"သည် လောကကို ကြည့်ရှုစောင့်ရှောက်သူ၊ လောကနာထဟု အတိုကောက် ခေါ်ဝေါ်ခြင်း ဖြစ်သည်။


သာသနာ ၈၅၄ ခုနှစ် (AD ၃၁၀ ပြည့်နှစ်)တွင် တရုတ်ဘာသာသို့ ပြန်ဆိုသော သဒ္ဓမ္မ ပုဏ္ဍရိကသုတ်၊ အဝလောကိတေသွာရ ဗောဓိသတ္တအခန်းတွင် ရုပ်သွင်ဖန်ဆင်းမှု (အများဆုံး ဖန်ဆင်းလေ့ရှိသောရုပ်သွင်) (၃၂)မျိုး ရှိကြောင်း ပြဆိုသည်။

၁။ ဗုဒ္ဓအသွင်၊
၂။ ပစ္စေကဗုဒ္ဓ၊
၃။ သာဝက၊
၄။ ဗြဟ္မာမင်း၊
၅။ သိကြားမင်း၊
၆။ သိဝနတ်၊
၇။ မဟာသိဝနတ်၊
၈။ နတ်စစ်သူကြီး၊
၉။ ကုဝေရနတ်၊
၁၀။ စူဠရာဇာ၊
၁၁။ သက်ကြီးအတိုးအို၊
၁၂။ ကုလပတိ၊
၁၃။ မှူးမတ်၊
၁၄။ ပုဏ္ဏား၊
၁၅။ ဘိက္ခု၊
၁၆။ ဘိက္ခုနီ၊
၁၇။ ဥပါသကာ၊
၁၈။ ဥပါသိကာ၊
၁၉။ အသွားအို၊
၂၀။ ကုလပတိ၏ဇနီး၊
၂၁။ မှူးမတ်ကတော်၊
၂၂။ ပုဏ္ဏေးမ၊
၂၃။ လုလင်ပျို၊
၂၄။ လုံမပျို (ကညာပျို)၊




www.burmeseclassic.com

www.burmeseclassic.com



▲ ထိပ်ပြတ်နှင့် အဝင်ဝ၏ လက်ဝဲဘက်စာတိုင်



▲ အဝင်ဝ လက်ယာဘက်စာတိုင်

၂၅။ နတ်၊
၂၆။ နဂါး၊
၂၇။ ယက္ခ၊
၂၈။ ဂန္ဓဗ္ဗ၊
၂၉။ အသုရာ၊
၃၀။ ဂဠုန်၊
၃၁။ ကိန္နရာ၊
၃၂။ မဟောရဂ၊
၃၃။ မနုဿ၊
၃၄။ အမနုဿ၊
၃၅။ ဝေဇ္ဇိန်ကိုင်နတ်

ဟူ၍ ရုပ်သွင်(၃၅)မျိုး ဖော်ပြထားသော်လည်း ရုဋ္ဌရာဇာ၊ အဘိုးအဘွား ဘုံ ကူလပတိ၊ မှူးမတ် စသည်တို့မှာ မနုဿ။ ယက္ခ၊ ဂဠုန် စသည်တို့မှာ အမနုဿဖြစ်လေရာ အမှတ်စဉ် (၃၃) နှင့် (၃၄)ကို ပယ်နိုင်သည်။

အမှတ်စဉ် (၃၅)၊ ဝေဇ္ဇိန်ကိုင်နတ်သည် သိကြားမင်းကို ရည်ညွှန်းရာ ယင်းကိုလည်း ပယ်ပါက (၃၂)မျိုး ဖြစ်လေသည်။

**(ဤရုပ်သွင် (၃၂)မျိုးကို ဦးရည်စိန် ရေးသားသော ရန်ကုန် ကွမ်းရင်ဘုရားကျောင်း နှစ်တစ်ရာ့ခြောက်ဆယ်ပြည့် အထိမ်းအမှတ်စာစောင်မှ ထုတ်နုတ် တင်ပြပါသည်။ ယင်းစာစောင်၌ စ,ဦးတည် စ ရန်ကုန်မြို့အကြောင်းနှင့် ပတ်သက်၍လည်း မှတ်သားဖွယ်ရာ တွေ့ရသည်။**

**ခရစ်နှစ် ၁၇၅၅ ခုနှစ်တွင် အလောင်းမင်းတရားသည် မြန်မာနိုင်ငံ တောင်ပိုင်းကို စုစည်းတည်ထောင်ရာ ဒဂုံမြို့ကို ရန်ကုန်ဟု ပြောင်းလဲသမုတ်၍ မြို့သစ်တည်၏။ ရန်ကုန်မြို့၏ အကျယ်အဝန်းမှာ အရှေ့သို့လားသော် ယခု သိမ်ဖြူလမ်း၊ အနောက်သို့လားသော် ယခု လမ်း(၃၀)၊ မြောက်သို့လားသော် ယခု ကုန်သည်လမ်းနှင့် တောင်သို့လားသော် လှိုင်မြစ် ဖြစ်သည်ဟူ၍ ဖော်ပြထားလေသည်။)**

လက်ဝဲဘက် နံရံတွင် "**စည်းကမ်းထိန်း**" နတ်မင်းရုပ်ပုံ ရေးဆွဲ ပူဇော်ထားသည်။ လက်ယာဘက်တွင် မှတ်တမ်း ကမ္ပည်းလိပ်ကို ပိုက်ထားသည်၊ ကွမ်းရင်အရှင်အား ပူဇော်ကာ သားသမီး ပဋိသန္ဓေ နှုတ်ငုံရရှိရေး ဆုပန်နိုင်သည်၊ ဇာတိသဘော ဆောင်သည်။

စည်ကမ်းထိန်း နတ်မင်းကား လူ ၁၀ သက်တမ်းစေ့နေနိုင်ရေး၊ [...]




www.burmeseclassic.com

www.burmeseclassic.com



◆ တာဆွဲလက်ယာမှ တည်ထောင်သည့် ရက်စွဲ



◆ တာဆွဲ လက်ဝဲဘက်မှ အလှူရှင် ကမ္ပည်း

ရှည်ကျန်းမာရေးအတွက် ဆုပန်လေ့ ရှိကြသည်။

နတ်မင်းကြီးက လူ့ဘဝတစ်လျှောက် ပြုခဲ့သော ကောင်းမှု၊ မကောင်းမှုကို မှတ်တမ်းပြုထားသည်။ ထိုမှတ်တမ်းအရ ဘဝနိဂုံးချုပ် ကွယ်လွန်သောအခါ၌ နတ်ဘုံ၊ ငရဲဘုံ စသည်ဖြင့် လားရာ ညွှန်ပြ ပို့ဆောင်ပေးရသည်။ မြန်မာ့အယူအဆအရ ယမမင်းနှင့် ဆင်တူပါသည်။

ယမမင်းက မရဏာနိုင်ငံသို့ ရောက်လာသူကို အပြစ်ဒဏ် စီရင်ပေးရသည်။ စည်းကမ်းထိန်းနတ်မင်းကား ကုသိုလ်ရှင်ကို ကောင်းကင်ဘုံ၊ နတ်ဘုံသို့ ပို့ဆောင်နေရာပေးကာ အကုသိုလ်ရှင်အား ငရဲဘုံသို့ ပို့ဆောင် အပြစ်ခံယူစေလေသည်။

ရုပ်ပုံ၏အောက် စင်မြင့်ထက်၌ မီးလှဲဖော့ အရိမေတ္တေယျ ရုပ်ပွားတော်ကို ဖူးတွေ့ရသည်။ နတ်ဒေဝတာ၏ အောက်တွင် ဘုရား(အလောင်းတော်) ရုပ်တုရုပ်ပွား မြင်ရသဖြင့် စုံစမ်းကြည့်ရာ ထုံးဓလေ့ မကျွမ်းကျင်သူတို့ နေရာအထား မှားယွင်းမှုသာဖြစ်ကြောင်း သိရှိရသည်။

ထိုစင်မြင့်၏ အောက်ခြေနံရံတွင် **"ဟွားနျောင်"** Huā Niǎo (ခေါ်) ကျေးငှက်မာလာ ရှုခင်းပန်းချီကား ရှိသည်။ **"ဟွား"**သည် ပန်းဖြစ်၍ **"နျောင်"**သည် ငှက်ဖြစ်သည်။

ပန်းနှင့်ငှက်ဟု တိုက်ရိုက် အဓိပ္ပာယ်ရရှိ၍ ပန်းများ၊ ကျေးငှက်များ လွတ်လပ်မြူးထူး ပွင့်လန်းနေပုံ သဘာဝရှုခင်းတစ်မျိုး ဖြစ်သည်။ ဤပုံတွင်လည်း ပန်းများမရှိ အဖြူရောင်ပြင်ကြီးသာ ရှိလေသည်။

## အခြား အဆင်တန်ဆာများ

သကျမုနိ ရုပ်ပွားတော် စံပယ်ရာ ကျောင်းဆောင် နဖူးစည်းတွင် ကမ္ပည်းစာလေးလုံး တွေ့ရသည်။ (慈航普度) ဆီးရ်ဟန်ဖူတု Cí Háng Pǔ Du ဟူ၍ ဖြစ်သည်။ (မြတ်စွာဘုရား သို့မဟုတ် ကွမ်ရင်အရှင်၏) မဟာကရုဏာတော်သည် ကြီးငယ်မဟူ၊ အယုတ်အလတ် အမြတ်မရွေး၊ လူသားအားလုံးအပေါ်၌ တစ်ပြေးညီ တစ်သားတည်း ထားရှိတော်မူသည်ဟု အဓိပ္ပာယ်ရလေသည်။

ရှေ့လ ဆက်ဖတ်ပါရန်

ဟူကျင်းဇီ



www.burmeseclassic.com

www.burmeseclassic.com

# အကြောနှင့် ဆရာ ဆက်စပ်ပါ

မြန့်စွာပျောက်ကင်းမှု

ဦးလှမြင့် (တံတားဦး-အင်းဝ)
အကြောပညာရှင်

## သွေးတိုးပြီး လေဖြတ်ချင် ဖြစ်လာသော်

ကျွန်တော် မန္တလေးမြို့ (၃၈)လမ်း၊ (၈၂x၈၃)ကြား၌ ဆေးခန်းဖွင့်လျက်ရှိရာ အသက်(၅၀)ကျော် (၆၀)နီးပါးခန့် အမျိုးသားတစ်ဦး ရောက်ရှိလာပြီး...

'ဆရာ ကျွန်တော့် ခြေထောက်တွေ ထုံနေတယ်။ အောက်ပိုင်းတွေကလဲ လေးပြီး၊ လမ်းသွားရတာလဲ ခြေထောက်တွေက ထုံပြီး အဆင်မပြေဘူး ဆရာ'

လို့ ပြောတော့ ကျွန်တော်မှာ အဲဒီဝေဒနာရှင်အား တစ်နာရီခန့် အကြောများကို ပြုပြင်ပေးပြီးနောက် ဝေဒနာရှင်အား လမ်းလျှောက်ခိုင်းပြီး...

'ခင်ဗျား စောစောကလိုခြေထောက်တွေ ထုံသေးသလား၊ လမ်းလျှောက်ရတာလဲ လေးသလား'

လို့ မေးရာ...


'အထုံလဲ နည်းနည်းသက်သာတယ်။ ခြေထောက်တွေ လေးနေတာလဲ တော်တော်ပေါ့သွားတယ်'

လို့ ပြောပါတယ်။

'အခုချက်ချင်းတော့ သက်သာရုံသက်သာမယ်။ (၃)ရက်ဆက်တိုက် အကြောပြုပြင်ပြီး ဆောင်ရန်၊ ရှောင်ရန်များ လိုက်နာမယ် ဆိုရင်တော့ အတော်သက်သာသွားမှာ'

လို့ ဝေဒနာရှင်အား ပြောတော့ ဝေဒနာရှင်က...

'ကျွန်တော် ဆရာခိုင်းတဲ့အတိုင်း လိုက်နာမှာပါ။ ကျွန်တော် ဘာရောဂါဖြစ်တာလဲ'



၁။ ဝမ်းခေါင်းသွေးအိမ်ကြော

လို့ မေးတော့...

'ခင်ဗျားက သွေးတိုးပြီး လေဖြတ်ချင်လို့ပဲ။ အဲဒါကြောင့် ခြေထောက်တွေ ထုံမယ်၊ ကျဉ်မယ်၊ အောက်ပိုင်းတွေ လေးနေမယ်။ သွေးတိုးရောဂါဖြစ်စမှာ သိဖို့မလွယ်ဘူး။ သာမန်မူးဝေ၊ ဇက်ကြောထိုး၊ နောက်ကြောတက်၊ ကိုယ်လက်လေးလံတာတွေနဲ့ ရောနေတတ်ပါတယ်။ ဒါ့ကြောင့်လဲ အမှူမဲ့ အမှတ်မဲ့နေတာ များပါတယ်။

'သွေးတိုးရောဂါ အတော်အတန် ခရီးရောက်သွားပြီဆိုရင်တော့ လေဖြတ်တာ၊ ဦးနှောက်သွေးကြောပြတ်တာ၊ လေငန်းဖြစ်တာတွေ ဖြစ်တော့တာပဲ'

လို့ ကျွန်တော်က ပြောတော့မှ ဝေဒနာရှင်က...

'သွေးတိုးရောဂါဆိုတာ "ဝ"တဲ့ သူတွေ ဖြစ်တာမဟုတ်လား။ ပိန်တဲ့သူတွေ မဖြစ်ဘူးလို့ သူများတွေက ပြောကြတယ်'

လို့ ပြောတော့ ကျွန်တော်က...

'သွေးတိုးရောဂါဆိုတာ ပိန်ပိန်ဝဝ သွေးတိုးရောဂါဖြစ်မယ်ဆိုရင် ဖြစ်နိုင်တာချည်းပဲ။ သွေးတိုးရောဂါဆိုတာ ခန္ဓာကိုယ်အနှံ့မှာ ရှိတဲ့ သွေးကြော လေကြောထဲကို လှည့်ပတ်နေတဲ့ သွေးတွေကို တွန်းပို့တဲ့ ဖိအားအရှိန် သို့အစ်သည်ထက် တိုးလာတာဖြစ်တယ်။

အဲဒီသွေးတွေကို သွားလာနိုင်ဖို့အတွက် ဝါယောဓာတ်ဆိုတဲ့ လေဓာတ်လိုပါတယ်။ အဲဒီ ဝါယော၊ လေဓာတ် ဖောက်ပြန်ပြီး မမှန်မကန်ဖြစ်လာလို့ သွေးတိုးရောဂါဖြစ်လာတယ်။ ဝါယောဓာတ်နဲ့ပတ်သက်ပြီး ဗဟုသုတအဖြစ် ပြောရရင် (၆)မျိုး ရှိပါတယ်။

၁။ အူတွင်းအောင်းစေတဲ့လေ၊
၂။ အစာအိမ်တွင်းအောင်းတဲ့လေ၊
၃။ အထက်ကိုဆန်တဲ့လေ၊



www.burmeseclassic.com

www.burmeseclassic.com

၄။ အောက်ကိုဆန်တဲ့လေ၊
၅။ ခန္ဓာကိုယ်အနှံ့အပြား ပျံ့နှံ့လှုပ်ရှား
စေတဲ့လေ၊
၆။ ထွက်သက်ဝင်သက်လေ
တို့ ဖြစ်ပါတယ်။


အခုလို သွေးတိုးရောဂါဖြစ်လာပြီဆိုရင် အူအတွင်းအောင်းတဲ့လေ၊ အစာအိမ်အတွင်းအောင်းတဲ့လေ၊ အထက်ကိုဆန်တဲ့လေတွေ အားကောင်းလာပြီး ကျန်တဲ့ လေသုံးမျိုးကျတော့ အင်အားချည့်နဲ့ သွားပါတယ်။

လက္ခဏာကတော့...

အထက်ကိုဆန်တဲ့ လေအားတွေကောင်းတဲ့အတွက် အခိုးတွေ အထက်ကို တက်ခြင်း၊ ခါးအထက်ပိုင်း ချွေးထွက်လွန်ခြင်း၊ ခေါင်းချွေးထွက်ခြင်း၊ ခေါင်းမူးစေခြင်း၊ ဇက်လေးခြင်း၊ မျက်စိကြည့်၍မကောင်းခြင်း၊ မျက်စိဝေခြင်း၊ နားယားခြင်း၊ နှာခေါင်းပိတ်ခြင်း၊ ပါးစပ်အနံ့အသက် မကောင်းခြင်း၊ အထိုင်အထ မူးရိပ်ရိပ်ဖြစ်ခြင်း၊ ဝမ်းချုပ်ခြင်း၊ အစာမကြေခြင်း၊ နှလုံးခုန်မမှန်ခြင်းစတဲ့ လက္ခဏာတွေ ဖြစ်ပါတယ်။

အအေးသီတဓာတ်တွေ ဖွဲ့စည်းလာရင်တော့ နောက်ကြောတက်မယ်၊ ကိုယ်ခန္ဓာတစ်ကိုယ်လုံး အကြောတက်ပြီး လေးလံလာမယ်။ စိတ်အားငယ်ပြီး စိတ်တိုခြင်းတွေ ဖြစ်လာမယ်။

ဒီထက် တစ်ဆင့်တက်ရင်တော့ အင်္ဂါ၊ မင်္ဂါ၊ နှသာရိဝါတလို့ခေါ်တဲ့ ကိုယ် အင်္ဂါအနှံ့ လျှောက်တဲ့ လေအားနည်းလာတာမို့ ခြေလက်တွေ လေးလံပြီး ခြေလက် မသယ်ချင် ဖြစ်လာပြီးနောက် ခြေလက်လေဖြတ်တာတို့၊ မျက်နှာတစ်ခြမ်းသေတာတို့ ဦးနှောက်ကြောပြတ်ပြီး သေဆုံးရတာတို့




၁။ မိလ္လာကြော
၂။ မောက်ကြော
၃။ ပါဒရက်ဗဟိုကြော
၄။ သလုံးမိုးနိုကြော
၅။ သလုံးမောင်းထိပ်ကြော

ဖြစ်လာနိုင်ပါတယ်။

ဒါတွေဟာ အခိုးတွေက သွားရိုးသွားစဉ် ဦးခေါင်းက ခြေထောက်ကို မစုန်ဘဲ အထက်ကိုဆန်တဲ့အဲတွက် ပြန်ဆန်လို့ ဖြစ်ရတာပဲ။

အခုလို လေဓာတ်တွေ ဘာကြောင့် မမှန်မကန်ဖြစ်ရခြင်းဆိုတဲ့ အကြောင်းအရင်းကို ရှာတော့ အဓိက အကြောင်းအရင်းကတော့ သီတတေဇောလို့ ခေါ်တဲ့ အအေးဓာတ်ကြောင့် ဖြစ်တာများပါတယ်'

လို့ ကျွန်တော်က ဝေဒနာရှင်အား အခုလို ရှင်းပြပါတယ်။ အဲဒီ ဝေဒနာရှင်ကလဲ ကျွန်တော် ညွှန်ကြားသလို

(၃)ရက်ဆက်တိုက် လာပြီး အကြောပြုပြင်တော့ ဝေဒနာရှင်အား သက်သာပျောက်ကင်းပါသလားလို့ မေးတော့ အဲဒီဝေဒနာရှင်မှ သက်သာကြောင်း ပြောသဖြင့် ဝေဒနာရှင်များ၊ ဝါသနာရှင်များ အသုံးပြုနိုင်ရန်အတွက် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ အကြောပြုပြင် နှိပ်ကွက်များကို ရုပ်ပုံကားချပ်နဲ့တကွ ဖော်ပြလိုက်ပါတယ်။

၁။ **မောင်းထိပ်ကြော** ။ ။ ယင်းအကြောကို ဖိဖိပြီး ဖွပေးပါ။
*(၅-မိနစ်ခန့်သာ)*

၂။ **သလုံးမိုးနိုကြော** ။ ။ ယင်းအကြောကို တံတောင်ဆစ်ဖြင့် ဖိထောက်၍ အကြိမ်ကြိမ် ပြုလုပ်ပါ။ *(၅-မိနစ်ခန့်သာ)*

၃။ **ပါဒရက်ဗဟိုကြော** ။ ။ ယင်းအကြောကို တံတောင်ဖြင့် ဖိဖိပြီး လှိမ့်ပေးပါ။

၄။ **မောက်ကြော** ။ ။ ယင်းအကြောကို တံတောင်ဖြင့် ဖိဖိပြီး လှိမ့်ပေးပါ။

၅။ **မိလ္လာကြော** ။ ။ ယင်းအကြောကို တံတောင်ဖြင့် ဖိဖိပြီး ဖွပေးပါ။

၆။ **ဝမ်းခေါင်းသွေးအိမ်ကြော** ။ ။ ယင်းအကြောကို လက်ဖြင့် ဖိဖိပြီး ဖွပေးပါ။

**မှတ်ချက်**

ခြေဖဝါးမှစ၍ ပေါင်းရင်အထိ ဖြည်းညင်းစွာ အကြောဖြေပေးပါ။

အဲဒီနည်းအတိုင်း အကြောပြုပြင်ပေးရင် ထုံပြီးလေးနေတဲ့ ရောဂါများ ပျောက်ကင်းချမ်းသာပြီး သွေးတိုးလဲ အမှန်တကယ် ပျောက်ကင်း သက်သာစေနိုင်ပါတယ်။

ဦးလှငြိမ်း *(တံတားဦး-အင်း…)*
အကြောပညာရှင်



www.burmeseclassic.com


www.burmeseclassic.com

ကေလာသဖတောင်စောင်း

# သဒ္ဓမ္မသီတဂူကျောင်း မှ

နေရာထူးများ (၁)

ခရီးသည်ဘုတေသီ



ခတ်ပေါင်းစု ပတ္တမြားစေတီ

ဘီးလင်းမြို့နယ် ကေလာသဆံတော်ရှင် စေတီကုန်းတော်မှ မြောက်ဘက် ကေလာသဖစေတီ တောင်တက် ကားလမ်းအတိုင်း ကွေ့ဝိုက်သွားကာ ကုန်းတော်အရှေ့ဘက် တောင်စောင်းသို့ ဆင်းသက်ကြည့်ပါက ဆရာတော် ဦးပညာသုခ သီတင်းသုံးရာ သဒ္ဓမ္မသီတဂူကျောင်းသို့ ရောက်ရှိပေမည်။

ကျောင်းသို့အဝင် တောင်ကြားလှေကားလမ်းကိုခွ၍ ဆောက်ထားသော ချောက်ကူးတံတားအဆုံး၌ ခတ်ပေါင်းစု ပတ္တမြားစေတီကို ဖူးတွေ့ရသည်။ ဆူးလေစေတီပုံစံတူ တည်ဆောက်ထားကာ ၁၃၅၂ ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် စတင် အုတ်မြစ်ချလျက် ၁၃၅၃ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် ထီးတော် တင်လှူပူဇော်ခဲ့ကြောင်း သိရသည်။

စေတီတော်အား ဦးခိုက်ကြည်ညိုပြီးနောက် ဆက်လာခဲ့ရာ တောင်ကြားလမ်းကျဉ်းကလေး၌ ဆင်ခြေလျှောစောက်များကို အမာခံ အုတ်မြစ်ချကာ ဆောက်လုပ်ထားသည့် ကျောင်းဆောင်များကို တွေ့ရသည်။

အဆောက်အအုံ တည်ရှိပုံမှာ ဘီးလင်းမြို့နယ်၊ မြင်သာတောင်ထိပ် ကျောင်းဆောင်များနှင့် ဆင်တူ၍ ရန်ကုန်မြို့ တရုတ်တန်းမှ စစ်ကြို့ခေတ်လက်ရာ အဆောက်အအုံများကို မြင်တွေ့ရသကဲ့သို့ ခံစားမိသည်။


တောင်စောင်း၊ တောင်ခါးပန်းအဆင့်ဆင့်တွင် မြေညှိဆောက်လုပ်ထားရသဖြင့် အမြင့်ဆုံး အဆောင်ပြတင်းမှ လှမ်းကြည့်လျှင် အောက်ခြေအမိုးအထပ်ထပ်ကို လားရာပုံစံ စုံလင်စွာ မြင်တွေ့နိုင်ပေသည်။


ဆရာတော် ဦးပညာသုခအား ဖူးတွေ့ လျှောက်ထားသောအခါ အရက်သမရွာ ဝေပုလ္လတောင် ဘုန်းဘုရားကြီး၏ ထေရုပ္ပတ္တိစာအုပ်ကဲ့သို့ ဒေသဆိုင်ရာ ရှားပါးစာအုပ်အချို့ ငှားရမ်းဖတ်ရှုခွင့်ပေးသဖြင့် တိုက်ကုလား တောင်ခရီးအတွက် အထောက်အကူ



www.burmeseclassic.com

www.burmeseclassic.com





▲ တောင်ထိပ်ရှိ ပဒ္ဒမြားစေတီကုန်းတော်

သဒ္ဓမ္မသီတဂူကျောင်းမုခ်ဦး ▶

▼ ကျောက်ကူတံတားရှည်



ဖြစ်စေခဲ့သည်။

## အထူးအောင်မြေ

ဤ သဒ္ဓမ္မသီတဂူကျောင်းတော် ဌာနတွင် လိုဏ်ဥမင်များစွာ တည်ရှိလျက် ရဟန်းရှင်လူ ပုဂ္ဂိုလ်ထူးများစွာ ကျင့်ကြံအောင်မြင် ပေါက်မြောက်ခဲ့ကြသည့် အောင်မြေနေရာထူးဖြစ်ကြောင်း သိရသည်။ ဆရာတော်က ခန်းနေ ဦးပဥ္စင်းတစ်ပါးကို တောင်လှေကား ပြုပြင်မွမ်းမံနေရာမှ လှမ်းခေါ်ယူကာ ထူးခြားသော နေရာများကို လိုက်လံပြသပေးစေသည်။

## ခြသေ့်ဂူ

ကျောင်းမြေတောင်ဘက် ကုန်းစောင်း တောင်ခါးပန်းတွင် ရှိသည်။ ရှေးခေတ်က သီဟရသေ့ ကျင့်ကြံအားထုတ်ခဲ့ဖူးသော ဂူဖြစ်၍ သီဟဂူဟု ခေါ်တွင်ရာမှ ခြသေ့်ဂူ ဟူ၍ ပြောင်းလဲလာကြောင်း မိန့်ကြားသည်။

တောင်ထိပ်စွန်းတွင် စေတီငယ်တစ်ဆူရှိကာ သီဟဂူစေတီဟု ဘွဲ့မည်တွင်သည်။ လိုဏ်ဂူသို့ လူတစ်ရပ်ကျော်ခန့်ရှိသော ကျောက်နံရံမှ တွယ်၍ဆင်းရသည်။ ဂူရှေ့မြေပြင်ငယ်မှ လက်ယာဘက်တွင်း အလျားမှောက် ဝင်လေမှ ဂူအတွင်းသို့ ရောက်သည်။ မိုးလေလုံ၍ ရာသီဥတုဒဏ် ခံနိုင်ရည်ရှိသော ကမ္မဋ္ဌာန်းဂူဖြစ်ရာ အနှောင့်အယှက်ကင်းစွာ ပွားများအားထုတ်နိုင်လေသည်။ ရုပ်တုရုပ်ပွား ဖူးတွေ့ရခြင်း မရှိပါ။ လူတစ်ယောက် ကောင်းစွာထိုင်၊ လျောင်း၊ သိတင်းသုံး နေနိုင်အောင် ကျယ်ဝန်းပါသည်။

အဆင်းသာ ခက်သော်လည်း ပြန်တက်သောအခါ ကျောက်တုံးများကို အားပြုကာ တစ်လှမ်းချင်း ခြေကန်တက်ရသဖြင့် အဆင်ပြေပါသည်။ သစ်သားလှေကား ထားရှိသော်လည်း ဝန်းကျင်မှ ကလေးသူငယ်များ ဆော့





www.burmeseclassic.com

www.burmeseclassic.com



▲ သီဟဂူစေတီ

▼ သီတဂူဆရာတော်ကြီး ဦးဉာဏိဿရ



ကစားကြသဖြင့် ပြန်လည်သိမ်းဆည်းထားသည်ဟု သိရသည်။

ခြသေ့ဂူအထက် စေတီကုန်းတော်ကလေးမှ အရှေ့ဘက်ရှိ ဒိုးယွန်းတောင်၊ ကျိုက်ဒေးယျံစေတီ၊ ဖောင်တော်ဦးစေတီ၊ တိုက္ကလားစေတီတို့ကို လှမ်းမြင်ရသကဲ့သို့ တောင်ဘက်တွင်ကား ဒိုးခလွန်းတောင် ကေလာသစေတီ အရှေ့မြောက်ဘက်ဆင်ခြေလျှောတို့ကို မြင်တွေ့နိုင်လေသည်။

**'ခြသေ့လည်ပြန်'** ဟူသော ဝေါဟာရမှာ လင်္ကာစမ်းနည်း တစ်မျိုးကို ညွှန်းသည်။ နောက်ဆုံးအပိုဒ်မှ ကာရန်ကိုနင်းကာ ရှေ့သို့ဆက်၍ စပ်ဆိုဖွဲ့နွဲ့ခြင်း ဖြစ်သည်။ ဤခြသေ့ဂူသည်လည်း မိမိတို့ ပြုပြီးရပြီးသော ကုသိုလ်ကောင်းမှုတို့ကို နှလုံးသွင်းကာ ပရစေတနာဖြင့် ကြည်နူးဝမ်းမြောက်လျက်မုဥ္စစေတနာဖြင့် ပစ္စုပ္ပန်ဘာဝနာ၊ သီလ၊ ဒါန ကုသိုလ်အမှုကို အားဖြည့်ပြုကျင့်နိုင်သော နေရာတစ်ခု ဖြစ်ပေသည်။

## မုံသူတော်ဂူ

ပင်မကျောင်းဆောင်၏ မြောက်ဘက်တွင် ရှိသည်။ အတန်ပင် ကျယ်ဝန်း၍ အတွင်း၌ တင်ပျဉ်ခွေရုပ်ပွားတော်တစ်ဆူနှင့် ပဥ္စဝဂ္ဂီငါးပါးရုပ်တုများ၊ ရှင်သီဝလိ၊ ရှင်ဥပဂုတ်နှင့် ရသေ့နှစ်ပါး၊ ဝတ်ဖြူစင်ကြယ်နှင့် တစ်ဦးရုပ်တုများ ပူဇော်ထားသည်။ ရှေ့အဆက်ဆက် ပါရမီဖြည့်ကျင့်ပေါက်မြောက်ခဲ့သောဂူ ဖြစ်သည်။

သံဝိဇ္ဇာ အောင်သစ္စာ ပဏ္ဍိရသေ့အင်းဝိဇ္ဇာ အရှင်ခန္ဒာဇာတိ(ဂ)တွင် ကျင့်ကြံပြီးနောက် ပုပ္ပါးတွင် အောင်မြင်



www.burmeseclassic.com

www.burmeseclassic.com

ခဲ့သည်။)၊ ပြဒါးဝိဇ္ဇာ အရှင်ဇာဂရတို့ အပြင် ရှေးက အောင်မြင်ခဲ့သော ပုဂ္ဂိုလ်များစွာ ရှိခဲ့သည်။

ဦးဇာဂရသည် မုံရွာဇာတိဖြစ်၍ မုံသူတော်ဂူဟူ၍ နောက်ဆုံး မှတ်တမ်းပြုရာ ပုဂ္ဂိုလ်အားစွဲ၍ ခေါ်ဆိုခြင်းဖြစ်ကြောင်း သိရသည်။

တောင်ခါးပန်းတွင် ရှိသဖြင့် ကွေ့ပတ်သွားရသော တောင်စောင်းလမ်းကလေးမှာ မြေထိန်း ကမ်းပါးနံရံဖို့၍ တန်ဆောင်း၊ ကျောင်းဆောင်များ ဆောက်လုပ်ထားသဖြင့် ယခင်ကကဲ့သို့ သက်စွန့်ဆံဖျား စိတ်ဖိစီးမှု မရှိဘဲ လွယ်ကူစွာ သွားလာနိုင်လေသည်။


တောချုံအတိပြီးသော ဤနေရာကို ရခိုင်ရသေ့ကြီးက စတင်ပျိုးထောင်ခဲ့ကာ ယခုလက်ရှိ ဆရာတော်လက်ထက်တွင် စည်ကားမြိုင်ဆိုင်သော သာသနိက အဆောက်အအုံများ ပေါ်ထွန်းလာခြင်း ဖြစ်သည်။

မုံသူတော်ဂူမှာ ပညတ်နံ့ဂြိုဟ်သက် အရ ၅ တေး + ၆ ကြာ + ဝ.နေ = ၁၉ + ၂၁ + ၁၀ = ၅၀ ရသည်။ အမိုပြု တည်ရှိရာ သီတဂူကျောင်းကား ၆ ကြာ + ဝ.နေ + ၂ လာ = ၂၁ + ၁၀ + ၁၅ = ၄၆ ရသည်။ နှစ်ရပ်ပေါင်းလျှင် ၅၀ + ၄၆ = ၉၆။ (၉၆)ပါးသော ရောဂါဝေဒနာများအတွက် သစ္စာအဓိဋ္ဌာန်ပြု အားထုတ်နိုင်သော ဌာနဖြစ်၏။ **(ကျောင်းတိုက်မှာ ''သဒ္ဓမ္မသီတဂူ''ဟူ၍ ဖြစ်သော်လည်း ''သီတဂူ''ဟုသာ ခေါ်ဆို၍ ဦးပညာသုခအားလည်း ''သီတဂူဘုန်းကြီး''ဟု သိရှိကြလေသည်။)**



▲ ဟော်ပါသသွယ် စောင်းတန်းများ

▼ ဆေတီဘာနီမှ သိဒ္ဓိရုပ်များ



## ဆေးကျောက်ပျဉ်

မုံသူတော်ဂူမှ စောင်းတန်းလှေကားအတိုင်း ဆင်းသက်ကာ တောင်ဘက်သို့ ကွေ့ဝိုက်လာခဲ့ကြရာ မြေသားဆင်ခြေလျှော တစ်နေရာကို အင်္ဂတေလှေကားထစ်များ ပြုလုပ်နေကြသည့် ကိုရင် သုံး, လေးပါးကို တွေ့ရသည်။ ဆေးကျောက်ပျဉ်သို့ သွားမည်ဖြစ်ကြောင်း သိရသောအခါ သူတို့လည်း မရောက်ဖူးသဖြင့် လိုက်ပါလာကြသည်။


ခန်းနေဦးပဥ္စင်းမှာ ဤလုပ်ငန်းခွင်၌ အလုပ် လုပ်နေစဉ် ဆရာတော်ခေါ်ယူတာဝန်ပေးသဖြင့် လမ်းညွှန်ကူညီခြင်း ဖြစ်သည်။ ဦးပဥ္စင်းက မြက်ခုတ်ဓားမကြီးတစ်လက် ထမ်းလာသဖြင့် တောချုံများအကြားလမ်းထွင်သွားရမည်ဟု သဘောပေါက်မိသည်။

မကြာမီ တောင်ကမ်းပါးစောက်ကြီးတစ်ခုကို ချုံရှင်း၍ ဆင်းခဲ့ကြသည်။ မတ်စောက်လှသော်လည်း သစ်ပင်ငယ်အချို့ ပေါက်ရောက်နေသဖြင့် ဖြည်းဖြည်းချင်း အားကိုးဆုပ်ကိုင်ကာ



www.burmeseclassic.com

www.burmeseclassic.com



◆ သီဟာဂူတွင်းမြင်ကွင်း

▼ သီဟာဂူအဝင်



ဆင်းသက်ရသည်။

ဝေဟင်လွင့်လွင့် ကမ်းပါးစွန်းနေရာ ဖြစ်သည်။ သစ်ပင်သစ်ရွက်များက မျက်ကွယ်အဖြစ် အတန်ငယ်ရှုပ်ထွေးနေသဖြင့် အောက်သို့ မမြင်ရ။ စိတ်ဖိစီးမှု သက်သာရာရသည်။ ဦးပဋ္ဌင်းမှာ သွားလာနေကျ ဖြစ်သော်လည်း အဆက်မပြတ် ရွာသွန်းခဲ့သော မိုးကြောင့် မြေလိုက်ပါဖို့သိပ်ထားသောကြောင့် ရုတ်တရက် ရှာ၍မတွေ့ရချေ။

မိမိမှာ သစ်ကိုင်းခြောက်တစ်ခုကို တောင်ဝှေးပြုကာ သတိဖြင့် ဆင်းသော်လည်း အောက်ခံမြေပွကြောင့် အလဲလဲအပြိုပြို ဖြစ်နေရာ ကိုရင်ကြီးတစ်ပါးက ထိန်းပေးရသည်။

'ဖြည်းဖြည်း သတိထားဆင်းဒကာ။ ချောက်နက်တယ်'

ပိုင်းဝန်းတူးဆွကာ ချုံများ၊ မြေသားများ ဖယ်ရှားရာ မိနစ် (၂၀)ခန့်အကြာတွင် ဆင်ခြေလျှော ကျောက်ဖျာနှင့် ချိုင့်ခွက်ကို တွေ့ရတော့သည်။ **ဆေးကြိတ်ကျောက်ပျဉ်ပေတည်း**။ ထိပ်ဝအချင်း တစ်ထွာခန့်၊ အနက် လက်ငါးလုံးခန့် ရှိပေမည်။

ဆေးပညာအလိုအရ တောတွင်းသဘာဝအလျောက် တွေ့ရသော ကျောက်ပြားကျောက်ခွက်ကို တောကျောက်ပျဉ်ဟုခေါ်၍ ဝိဇ္ဇာဓရနယ ဆေးများ ဖော်စပ်ရာတွင် အသုံးပြုသည်။ တည်နေရာ နေရာဒေသ၏ သမိုင်းနောက်ခံ ထူးခြားမှုအရ ဆိုင်ရာ အစွမ်းထက်သော ဆေးမည်များ ဖော်စပ်နိုင်သည်။

ဤနေရာကား ရသေ့ရှစ်သောင်းဆရာအပေါင်းတို့ တောမိုကျင့်ကြံအားထုတ်ရာနေရာ ဖြစ်လေရာ သစ္စာဆိုတိုင်တည်၍ စားကောင်းသော(စား၍ရသော) အပွင့်၊ အသီး၊ အရွက်များ ထုထောင်းလျက် ဆေးစွမ်းထက်မြက်သော ဆေးဖုံများအဖြစ် အသုံးပြုနိုင်သည်။

ကိုရင်တစ်ပါးက သင်းပိုင်ကြားလိမ်ထားသော ကွမ်းယာကို ဆေးကျောက်ပျဉ်တွင်ထားလျက် မျက်စိမှိတ်အာရုံပြုနေသည်။ သမ္မာဒေဝ လောကပါလ သာသနာ့ပါလနတ်များအား တိုင်တည်၍ ရောဂါဝေဒနာ ကင်းရှင်းလျော့ပါးစေရန် ဆုတောင်းခြင်း ဖြစ်ပေမည်။

မိမိတို့ မှီဝဲနေကျ ဆေးဝါးများကို ဤကျောက်ပျဉ်တွင် တင်ထား၍ သိဒ္ဓိတင်ပါက(ဆရာ၊ ရသေ့၊ သမ္မာဒေဝတို့အား တောင်းပန်လျှောက်ထားခြင်း) ဆေးစွမ်း ပို၍ ထက်မြက်သည်ဟု ယုံကြည်ကြလေသည်။

ရှေ့လ ဆက်ဖတ်ပါရန်

**ခရီးသည်သုတေသီ**



www.burmeseclassic.com

www.burmeseclassic.com

# တစ်ပွဲစား အမေယု

ဘုန်းပွင့်ထွန်း (မွန်ပြည်နယ်)

လောကကြီး၌ ထူးထူးခြားခြား တကယ့်ဖြစ်ရပ်ဆန်းများ ရှိနေကြသည်။ ပြောလျှင် မယုံကြည်နိုင်စရာ ကိစ္စများဖြစ်သည်။ သို့သော်လည်း ကိုယ်တွေ့မကြုံရသေး၍ မယုံခြင်းသာ ဖြစ်သည်။ ကိုယ်တွေ့ ကြုံသူတို့က လက်တွေ့မို့ ယုံကြည်ကြသည်။

ယုံကြည်ခြင်း၊ မယုံကြည်ခြင်းနှင့်ပတ်သက်၍တော့ အထူးမပြောလိုတော့။ ယခု ရေးသားတင်ပြမည့်အကြောင်းအရာကတော့ အမှန်ပင်ဖြစ်ပါသည်။

ကျွန်တော် ဘီးလင်းမြို့သို့ ရောက်ရှိသောအခါ **ဘီးလင်းမြို့မှ (၇)မိုင်ခန့် ကွာဝေးမည့် ကျောက်ရေတွင်းရွာမှ အနာပေါက်ကု ဆရာ ဦးတင်မြင့်**နှင့် ရင်းနှီးခွင့်ရသည်။


ကျောက်ရေတွင်းရွာမှ ဘီးလင်းမြို့သို့ မြင်းလှည်းဖြင့် ဈေးတက်ဝယ်လေ့ရှိသည်။ ဆရာ ဦးတင်မြင့်၏ ဖိတ်ခေါ်ချက်ကြောင့် ကျောက်ရေတွင်းရွာသို့ လိုက်သွားခဲ့သည်။

ကိုတင်မြင့်ဆီသို့ ရောက်ရှိသောအခါ ကိုတင်မြင့်၏ ခြံထဲမှာ စိုက်ပျိုးထားသော ပရဆေးပင်အမျိုးမျိုးကို တွေ့ရှိရသည်။ ထို့ကြောင့် ထိုဆေးပင်တို့၏ အမျိုးအမည်နှင့် ဆေးအသုံးကို မေးမြန်းကြည့်သည်။

အခြားသော ဖော်စပ်သုံးစွဲလွယ်မည့် ကိုယ်တိုင်သုံး ဆေးနည်းလေးတွေကိုလည်း မေးမြန်းသည်။ စကားစပ်မိစပ်ရာပြောရင်း **တစ်ပွဲစားအမေယု**၏အကြောင်း ရောက်သွားသည်။

ကိုတင်မြင့်က ရွာအနောက်ပိုင်းမှာ အမေယုနန်းရှိသည်။ စိတ်ဝင်စားလျှင် သွားကြည့်ရန် လိုက်ပို့ပေးမည်ဟု ပြောသည်။

**ကျွန်တော်က အမေယုဆိုတာ ဘာလဲဟု မေးကြည့်သောအခါ ကိုတင်မြင့်က မဟုတ်ကြောင်း၊**



တစ်ပွဲစားအမေယုနန်းနှင့် သစ်ပင်ကြီး

**ဤကျောက်ရေတွင်းရွာမှာ မွေးဖွား ကြီးပြင်း နေထိုင်ခဲ့သူဖြစ်ကြောင်း ပြောသည်။**

'ဒါဆိုရင် အဲဒီ အမေယုအတွက် ဘာဖြစ်လို့ နတ်နန်းသဘောမျိုး ပြုလုပ်ထားပေးရသလဲ၊ အမေယုရဲ့

www.burmeseclassic.com

www.burmeseclassic.com

အကြောင်း ပြောပြပေးပါ'

ဟု တောင်းဆိုရာမှ ကိုတင်မြင့်က ဖြစ်စဉ်အစအဆုံးကို ပြောပြသည်။

အမေယုသည် ကိုတင်မြင့်၏ အမေဘက်မှ တော်စပ်ခြင်းဖြစ်သည်။ ကိုတင်မြင့်၏ အမေသည် အမေယု၏ မြေးဖြစ်ပြီး ကိုတင်မြင့်မှာ မြစ်တော်စပ်သည်။

**အမေယုကိုတော့ ကိုတင်မြင့် မမြင်ဘူးပါ။ ကိုတင်မြင့် လူမှန်း သိတတ်ကတည်းက အမေယုနန်းက ရှိနေပြီး ဖြစ်သည်။**

အမေယုသည် အရပ်အမောင်း ကောင်းသည်။ မျက်နှာ ချိုပြုံးသည်။ တစ်ရွာလုံးက အမေယုနှင့် ကင်းသူ တစ်ယောက်မှမရှိ။ အမေယုကို အားကိုးကြသည်။ ယုံကြည်ကြသည်။ **အမေယုသည် အရပ်လက်သည် တစ်ဦးဖြစ်သည်။**

ကိုယ်ဝန်ဆောင်များ မီးဖွားဖို့ လူတစ်ယောက် လူ့လောကထဲ ချောချောမောမော ရောက်ရှိဖို့ဆိုလျှင် အမေယုပါမှ ပြီးသည်။ အမေယု မီးဖွားပေးလျှင် အဖိတ်အစဉ်မရှိ။ အခက်အခဲမရှိ။ အလွယ်တကူ မွေးဖွားကြ၍ တစ်ရွာလုံးက အမေယုဟော့ဟုဆိုလျှင် အားကိုး ယုံကြည်လျက် ပြောတိုင်းဆိုတိုင်း ပြီးသည်။

အမေယုမှာ ကလေး မီးဖွားသည့် ဘက်၌ ပါရမီအထုံပါသည်။ ထိုစဉ်က ကျောက်တစ်လုံးရွာမှာ အိမ်ခြေ ငါးသယ်ကျော် တစ်ရာဝန်းကျင်မျှသာ ရှိသေးသောအချိန် ဖြစ်သည်။

အမေယုသည် နံနက်စောစောထ၍ ဆွမ်းချက်ခြင်း။ ဆွမ်းကပ်ခြင်း၊ ဆွမ်းလောင်းခြင်း အလုပ်ကို နေ့စဉ် ဝတ်မပျက် ပြုလုပ်သည်။ ထူးခြားသည်မှာ အမေယုသည် အများအနာ ရောဂါဟူ၍ တစ်ကြိမ်မျှ မရှိပေ။ အိပ်ရာထဲ လဲနေသည်ဟူ၍ မရှိပေ။

အမေယု သေမည့်သေတော့ အသက် (၈၅)နှစ်အရွယ်ကျမှ ဆွမ်းလောင်း ဆွမ်းကပ်နေရင်း ရုတ်တရက် သေဆုံးသွားခဲ့သည်။ ယခုခေတ် လူတို့ကတော့ လေဖြတ်၍ သေသည်ဟုသာ ပြောကြမည်။

အမေယုသည် ဘာဝေဒနာမှ မခံစားရဘဲ ရုတ်တရက် သေဆုံးခြင်းအတွက် ကံကောင်းသည်ဟု ပြောကြသည်။ အမေယုကလည်း အသက်ရှင်စဉ်က မကောင်းတာ ဘာတစ်ခုမှ မပြုလုပ်ခဲ့ပေ။

အမေယုကတော့ သေဆုံးသွားပြီဖြစ်၍ ဘဝ အေးငြိမ်းသွားပြီ ဖြစ်သည်။ သို့သော်လည်း ကျောက်တစ်လုံးရွာမှာတော့ မအေးငြိမ်းပါ။ ထိုစဉ်က လက်သည်ဆို၍ အမေယုတစ်ဦးတည်းသာ ရှိသည်။ အမေယု သေဆုံးသွားပြီဆိုသောအခါ ကိုယ်ဝန်ဆောင်များ မွေးဖွားရန်အတွက် လက်သည်မရှိ ဖြစ်ရသည်။

နောက်ဆုံးတွင် မီးဖွားမည့်ကိစ္စကြုံလျှင် အမေယုကို သတိမရဘဲ မနေကြပေ။ အရပ်လက်သည်မရှိ၍ မီးဖွားသည့်ကိစ္စ၌ သူတတ်သလို၊ ငါနားလည်သလို ဝိုင်းဝန်းကူညီမွေးဖွားကြရာ၌ အမေယုကို ပွဲပေးတောင်းပန် အကူအညီတောင်းကြသည်။

**ထိုသို့ ပွဲပေးတောင်းပန် အကူအညီတောင်းလျှင် ကလေးမှာ လွယ်လင့်တကူ မွေးဖွားလေသည်။**

ထိုမှစကာ ကလေးမီးဖွားတိုင်း အမေယုကို ယုံကြည်စွာ ပွဲပေးတောင်းပန် အကူအညီတောင်းလေ့ ရှိလာကြသည်။ **အမေ့နန်းအတွက် သတ်သတ်မှတ်မှတ် ပူဇော်နိုင်ရန် နန်းစင်ကို ဆောက်ထားပေးကြပြီး ပန်းကပ်၊ ရေကပ်၊ ဆွမ်းကပ် လုပ်လာကြသည်။**

ယခုထက်တိုင် ကျောက်တစ်လုံးရွာ အရပ်လက်သည်များမှ အမေယုကို ပွဲပေးပြီးမှ လုပ်ရသည်။ အမေယုသည် သေသွားပြီးသည့်တိုင် ကလေးမီးဖွားရာ၌ တစ်ပွဲစား ရှိနေခဲ့သည်။

အချို့က လာဘ်လာဘ ရွှင်ရန်၊ အနှောင့်အယှက်ကင်းရန် အမေယုနန်းမှာ သွားတောင်းပန်တတ်ကြသေးသည်။ ရွာ၌ နတ်ကလျှင်လည်း အမေယုကိုပါ တစ်ပွဲပေးကြသည်။

ဤတွင် စဉ်းစားစရာအချက်မှာ အမေယုသည် ကွယ်လွန်ခဲ့ပြီ။ အမေယု ကွယ်လွန်ခဲ့သည်မှာ နှစ်ပေါင်းတစ်ရာခန့်ရှိပြီ။ အမေယုသည် အမေယု ပြုခဲ့သော ကံ,ကံ၏အကျိုးကြောင့် သံသရာခရီးကို လှည့်နေပြီ။

သို့မဟုတ်ပါက အမေယုသည် ဝိညာဉ်ဘဝဖြင့် အမေယုသန်ရာ မီးဖွားခြင်းကိစ္စအား အမေယုကို ပွဲပေးအကူအညီ တောင်းလျှင် လိုက်လုပ်ပေးနေသည်လား ဆိုသည်ကိုမူ စဉ်းစားစရာ ကောင်းနေပါသည်။

အချို့ နေရာဒေသတို့မှာလည်း သေပြီးနောက် တစ်ပွဲစားရနေသူတို့ အကြောင်း ကြားဖူးသည်။

မုဆိုးအလုပ်ဖြင့် လုပ်ကိုင်ရင်း သေဆုံးပြီးနောက် ထိုတောတောင်၌ အမဲလိုက်တော့မည်ဆိုလျှင် **ထိုသေဆုံးသော မုဆိုးကြီးအား တစ်ပွဲစား အမြဲပေးရသည်။** ထိုသို့ တစ်ပွဲစား ပေးမှ အနှောင့်အယှက် မရှိဘဲ အမဲရသည်။

**အရပ်ဒေသအသီးသီး၌ အမေယုကဲ့သို့ သေဆုံးပြီးနောက်ပိုင်း၊ သူ့နယ်ပယ်နှင့်သူ တစ်ပွဲစား ရရှိနေသူတို့ ရှိနေကြပေဦးမည်ဟု စာရေးသူတင်ပြရင်း ထူးဆန်းသော ဘီးလင်းမြို့နယ်၊ ကျောက်တစ်လုံးရွာမှ တစ်ပွဲစား အမေယု၏အကြောင်းကို သိရှိ၊ ကြားမှုရန် စာရေးသူတင်ပြလိုက်ရပါသည်။**

တစ်ပွဲစား အမေယုအကြောင်း ပြောပြသော **ဘီးလင်းမြို့နယ်၊ ကျောက်ရေတွင်းရွာမှ ဦးတင်မြင့်အား** ကျေးဇူးတင်ပါသည်။

ဘုန်းပွင့်ထွန်း(မွန်ပြည်နယ်)



www.burmeseclassic.com

www.burmeseclassic.com

ကာမသားတွေဆိုတော့ ရသာယန အားဆေးကိုလည်း သိသင့်လှပေသည်။ လူသားမျိုးနွယ် ပြန့်ပွားရေး၊ ကျန်းမာသန်စွမ်းရေးအတွက် ကျား၊မ တိုင်း တာဝန်ရှိနေကြသည်။

အချို့ အိမ်ထောင်ရေး အဆင်မပြေမှုများ၊ ဖောက်ပြားမှုများသည် ကာမဂုဏ်ကိစ္စကို ပေါ့ပေါ့တန်တန် သဘောထားကြခြင်း၊ လေစားဂရုစိုက်ရမှန်း မသိခြင်းတို့ကြောင့်လည်း ဖြစ်ကြရသည်။

မိဘများ ကျန်းမာသန်စွမ်းကြပါမှ သားသမီးများအားလုံး၊ မြန်မာတစ်နိုင်ငံလုံး၊ မျိုးဆက်တစ်ခုလုံး ကျန်းမာသန်စွမ်းပြီး ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်ပါသည်။

မြန်မာဝက်နှင့် နိုင်ငံခြားဝက်၊ မြန်မာနွားနှင့်နိုင်ငံခြားနွား ကွာခြားပုံကို နှိုင်းယှဉ်ကြည့်ပါက မျိုးဆက်၏ အရေးကြီးပုံကို တွေ့မြင်ရမည် ဖြစ်ပါသည်။

# ရသာယနအားဆေး

နှင်းဆီ



အချို့က ရသာယနဆေးဆိုသဖြင့် ဤဆေးသောက်ပြီး ကာမဂုဏ်တွေ သောင်းကျန်းနေမည်။ ရိုင်းစိုင်းမည်ဟု ထင်ကောင်း ထင်တတ်ကြပါသည်။

အမှန်မှာ ခွန်အားတိုးပွားစေသောဆေးဖြစ်၍ ဤဆေးကိုသောက်ထားလျှင်အမျိုးဘာသာသာသနာအကျိုးကို ပို၍ပင် ထမ်းဆောင်နိုင်ပါသည်။

ခွန်အားပြည့်နေလျှင် ကောင်းမှုမှန်သမျှ အလုပ်များကို ပြုလုပ်နိုင်မည်ဖြစ်ရာ ခွန်အားပြည့်ဆေးကို တင်ဆက်လိုက်ပါသည်။ ဆရာ ဦးဝင်းမြင့်၏ ဆေးတစ်လက်ဖြစ်ပါသည်။

ခွေးလေးယားစေ့မျာ ကို သန့်ရှင်းစွာ ပြုလုပ်၍ ထောပတ်နှင့် လှော်ရမည် (သို့မဟုတ်) ကြော်ရမည် အမှုန့်ဖြစ်အောင် ထောင ၍နွားနို့နှင့်သောက်ရသည်

နွားနို့ဖန်ခွက် (၁)ခွက် ၌ ဆေးမှုန့် လက်ဖက်စာ ဇွန်းသေး (၁)ဇွန်းထည့်၍ တစ်နေ့လျှင် (၁)ကြိမ် (၃)ကြိမ်အထိ လိုအပ်သလို သောက် နိုင်ပါသည်။

• ခွန်အားပြည့်ဝ ကျန်းမာဝဖြိုး ကာမ အားတိုးစေသောဆေးဖြစ်၍ လက် မလွတ်တမ်း ဆောင်ထားသင့်ပါသည်

*ကျန်းမာကြပါစေ။*

**ကျော် (ရမည်းသင်း)**

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ



## အတွက် ရွေးချယ်ပါ ဤဂဏန်း

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ(၁)ရက်နေ့တွင် ဖွင့်လှစ်မည့် အောင်ဘာလေထီဖွင့်ပွဲတွင် ထွက်ပေါ်လာနိုင်သည့် ထီဂဏန်းတွဲများအား အောက်ပါအတိုင်း တွက်ချက်ဖော်ပြအပ်ပါသည်။

| | |
|---|---|
| **အကြိမ်** | ၂၉၆ |
| **စက်တင်ဘာလ** | ၉ |
| **ခုနှစ်** | ၂၀၁၃ |
| | ၂၃၁၈ = ၁၄= ၅ |

**အကြိမ်၊ လ၊ ခုနှစ်** ဂဏန်းများအား တစ်လုံးတည်းဖြစ်အောင် ပေါင်းပါက (၅) ဂဏန်းရသည်။ သို့ဖြစ်၍ ၂၊ ၃၊ ၅၊ ၈၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

အထူးသဖြင့် ရှေ့ဂဏန်းများကို ၃၊ ၅၊ ၈၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

ဥပမာ

| စ...ဆုံး | စ...ဆုံး | စ...ဆုံး | စ...ဆုံး |
|---|---|---|---|
| ၃...၂ | ၅...၂ | ၈...၂ | ၉...၂ |
| ၃...၃ | ၅...၃ | ၈...၃ | ၉...၃ |
| ၃...၅ | ၅...၅ | ၈...၅ | ၉...၅ |
| ၃...၈ | ၅...၈ | ၈...၈ | ၉...၈ |
| ၃...၉ | ၅...၉ | ၈...၉ | ၉...၉ |

မှတ်ချက် ။ ။ (...)ကွင်းအတွင်းတွင် ၂၊ ၃၊ ၅၊ ၈ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

"**အကြိမ်**"ဂဏန်းမပါဘဲ "**လ**"ဂဏန်းနှင့် "**နှစ်**"ဂဏန်းကိုသာ ပေါင်းပါက (၉ + ၂+ ၀+ ၁ +၃) = ၁၅= ၆ ရသည်။ သို့ဖြစ်၍ "၆"ဂဏန်းကိုလည်း ပစ်ပယ်၍ မရပါ။

သို့ပါ၍...



| စ... | ဆုံး | | | | | |
|---|---|---|---|---|---|---|
| ၃... | ၂၊ | ၃၊ | ၅၊ | ၆၊ | ၈၊ | ၉ |
| ၅... | ၅၊ | ၆၊ | ၈၊ | ၉၊ | ၂၊ | ၃ |
| ၈... | ၈၊ | ၉၊ | ၂၊ | ၃၊ | ၅၊ | ၆ |
| ၉... | ၉၊ | ၂၊ | ၃၊ | ၅၊ | ၆၊ | ၈ |

ဤလတွင် **ကြာသပတေးနှင့် သော** ကြာသားသမီးများ ထီကံပွင့်နေပါသည်။

သို့ဖြစ်၍ မိမိတို့ဒေသရှိ ဗောဓိညောင် ပင် တစ်ပင်အောက်ကို (၃)ရက်တိ သန့်ရှင်းရေးလုပ်ပေးပါ။ ထို့နောက် အနီးဆုံး စေတီ ရင်ပြင်တော်ကို ဆက်လက်၍ သန့်ရှ ရေး လုပ်ပေးပြီး မိမိမွေးနံ့ အရပ်၊ ထောင့်တွ မေတ္တာသုတ်ကို သက်စေ့ (၃)ရက်တိတိ ရွ ပွား ပူဇော်ပေးပါ။

အထက်ပါ အဓိဋ္ဌာန်အောင်မြင်ပြီးပါ မိမိပတ်ဝန်းကျင်ရှိ သက်ကြီးရွယ်အိုများအ ဆေးဝါး၊ အာဟာရ တတ်နိုင်သမျှ လှူဒါ ပေးပြီး ထီကံစမ်းရန်ဖြစ်သည်။

အထူးဂဏန်း

✦ ၂၃၅၅၆၉ ✦ ၉၈၈၅၃၅ ✦ ၂၆

*ထီကံ ပွင့်ပါစေ။*

**ဆရာရဲထက် (သ...သီ)**



www.burmeseclassic.com

www.burmeseclassic.com



သထုံ မြသပိတ်တောင် စေတီမုခ်ဦး

ကံအခွင့် ပွင့်လင်းစေသည့်

စင်သိုက်

# ပေါက္ကံဂူ



ပုဂံပြည်မှ စစ်သူရဲလေးဦးသည် သုဝဏ္ဏဘူမိ သထုံပြည်အား လုပ်ကြံရာတွင် သူရဲကောင်းဗျတ္တ၏အကူအညီဖြင့် အောင်မြင်လေသည်။

သာသနာပြုမထေရ် အရှင်သောဏ၊ ဥတ္တရ ဦးဆောင်သော မဟာန္တာ(၅)ပါးအဖွဲ့မှ ရှင်အရဟံသည်လည်း ပုဂံပြည်သို့ ကြွရောက်၍ သာသနာပြုသည်။

သို့သော် ဗုဒ္ဓကိုယ်စား ဓမ္မရတနာဖြစ်သော ပိဋကတ်သုံးပုံအား ပင့်ဆောင်မည့်အရေးတွင် ကျဆုံးပြီးသော သူရဲကောင်းဗျတ်ဝိက လုံခြုံသောနေရာတွင် သိုဝှက်ထားခဲ့လေသဖြင့် အခက်ကြုံကြရလေသည်။

သူရဲကောင်းဗျတ္တက မရီးတော်ဒိုစာအား စည်းရုံးကာ ပိဋကတ်တော်

ရုပ်တော်မူအာနီမှ ဖူးတွေ့ရသော မြသပိတ်စေတီတော် ➧



www.burmeseclassic.com

www.burmeseclassic.com





◆ အချိုးအကွေ့ ကလေးများဖြင့် လှပသော ပေါ်ဝွံ့ဂူလမ်း

◆ ဂူထိပ်မှ ကြေးသွန်းကိုယ်တော်နှင့် အဓိဋ္ဌာန်ဝင် ရုပ်ပွားတစ်ဆူ

များ စံပယ်ရာကို စုံစမ်းလေရာ မဒို့တ
က...

'ဤနေရာအား အတိုင်ပြည့်ရှင်မှ လွဲ၍
မည်သူတစ်ဦးကိုမျှ မပြောပါ။ ပြောမိက
တစ်ဝဂ္ဂအတွင်း အစာရေစက်၍ အသေ
ဆိုးကြုံရပါစေဟု ကတိကျိန်စာပြုမိလေပြီ'
ဟု ဖြေလေသည်။

သာသနာတော် အရှည်တည်ေ
အတွက် သံသရာအရေး ငဲ့ကွက်ပါရန်
အတန်တန် နားချလေမှ ယန္တရားစက်
ခလုတ် တပ်ဆင်ထားသော ကျောက်ဂူ
တွင်းမှ ပိဋကတ်တော်များအား ဖူးမြော်
ခွင့် ပြုလေသည်။

သို့သော် ပြည်ကြီးရတနာ လျှို့ဝှက်
ချက်အား ဖော်ထုတ်သဖြင့် ဖခမည်
တော် မြို့ဝန် ဦးအိုကိုယ်တော်
မြသပိတ်တောင်တန်း တစ်နေရာ




◆ ချောက်ကမ်းပါးစွန်းမှ ပေါ်ဝွံ့ဂူလမ်း



www.burmeseclassic.com

www.burmeseclassic.com



◆ ပေါက္ကံ့ဂူ၏ တည်နေရာ



ပေါက္ကံ့ဂူတွင် ကံပွင့်လင်းခဲ့သည့် အဘွား မွေးနန္ဒီ(၈၀ နှစ်၊ မိုးကုတ်ဓမ္မရိပ်သာ၊ သထုံ) ◆

ကျောက်ဂူအတွင်းသွင်း အစာရေ ဖြတ်၍ အဆုံးစီရင်လေသည်။

မအိုစာသည် မြတ်သော ကုသိုလ်ကို နှလုံးသွင်း၍ အုတ်တစ်ချပ်စာ လွတ်ထားသော လေသာပေါက်ကိုပင် အလုံပိတ်စေကာ တရားဘာဝနာ စီးဖြန်းကာ ဘဝအကူးအား ရင်ဆိုင်လေသည်။

ဤသည်ကို ရည်ရွယ်၍ ကံပွင့်ပေါက်မြောက်သောနေရာ "**ပေါက္ကံ့ဂူ**"အား နှောင်းလူတို့က ဥစ္စာပစ္စည်း ပွားများစေရာ "**ပုဂံဂူ**"ဟူ၍ ခေါ်ဝေါ်ခဲ့ကြလေသည်။

သထုံမြို့အား ဆီးမိုးနေသော မြသပိတ်တောင် စေတီတော် တောင်တက်လမ်းမှ ထက်ဝက်ခန့်တွင် (၂၇) တောင် ရပ်တော်မူစေတီရှေ့ လမ်းအတိုင်း တောင်နာမောင်း လျှောက်သွားပါက သတ္တ သတ္တာဟ ဆင်းတုတော်များ၊ ထိုမှ သူရဿတီရုပ်တုယင်းမှ ကျော်လွန်၍ ဆဋ္ဌမသတ္တာဟ ဘန်ဆောင်းအနီး တောင်ဆင်းလမ်းအဆုံးတွင် အဆိုပါ ပေါက္ကံ့ဂူသို့ ရောက်ရှိလေသည်။

သာသနာပြု ပါရမီရှင်

မအိုစာ၏ ရတနာသုံးပါးအား ကြည်ညို စိတ်ဖြင့် ကြုံတွေ့အံ့သော သေခြင်းတရားကို ရဲဝံ့ရင်ဆိုင်ခဲ့ရာ သာသနာ့အာဇာနည်စိတ်ဓာတ် မှတ်ကျောက်ဖြစ်သော ဤ ပေါက္ကံ့ဂူတွင် လက်တွေ့ကျင့်ကြံကာ အကျိုးထူးများ ခံစားရသည့် **မိုးကုတ် ဓမ္မရိပ်သာမှ ဒေါ်မွေနန္ဒီ (၈၀)နှစ်**က အောက်ပါအတိုင်း ပြောပြခဲ့သည်။

'အဘွားရဲ့ သားပဥ္စင်းက သက်တော်(၄၀)၊ သာသနာပြု ဘုရားတည်ရာမှာ အဘွားလဲ ကုသိုလ်ပါဝင်လိုတာကြောင့် အဲဒီပေါက္ကံ့ဂူတွင်း ဝင်ပြီး သာသနာပြု ရဟန်းမယ်တော်အဖြစ် ဝတ္ထုငွေကြေးများ ပါဝင်ရရှိနိုင်စေဖို့ အဓိဋ္ဌာန်ပြုတယ်။ အဲဒီဂူမှာ နေ့စဉ် ရက်ဆက်ဆိုသလို အဓိဋ္ဌာန်ဝင်ကြသူ မပြတ်ရှိနေလေတော့ စိတ်ရှည်လက်ရှည် စောင့်ဆိုင်းပြီး ရက်ရှည် အဓိဋ္ဌာန်ဝင်ရသကွယ့်။

ဝေနေယျအားလုံးအပေါ် တူညီသော မေတ္တာထားရခြင်းဆိုတဲ့ သိက္ခာပုဒ်အပါအဝင် နဝင်္ဂသီလ (၉)ပါး သီလကို မကျိုးမပြောက်၊ မပေါက်မကြားအောင် အားထုတ်ခဲ့ရာမှာ နောက်ဆုံးတော့ လုံ့လအကျိုး၊ ရတနာသုံးပါး တန်ခိုးအာနုဘော်တို့ကြောင့် ပေါက်မြောက် အောင်မြင်ခဲ့ပါတယ်။ သားတော်ကြီးရဲ့ သာသနာပြုလုပ်ငန်းစဉ်မှာ အဘွား အလှူခံရရှိငွေ (၁၂) သိန်းတိတိ ပါဝင်နိုင်ခဲ့ပြီးပြီကွယ်။ ကံအခွင့်အလမ်းတို့ ပေါက်မြောက် ပွင့်လန်းရာ နေရာအမှန်ပါပဲ'

သီလရှင်ကြီး အဘွားမွေနန္ဒီအား နှုတ်ဆက်ကာ ရပ်တော်မူအနီးမှ ပေါက္ကံ့ဂူသို့ သွားရောက်ကြရာ အတက်အဆင်း၊ အကွေ့အဝိုက်ကလေးများဖြင့် အလွန်လှပသော နေရာကလေးဖြစ်ကြောင်း တွေ့ရလေသည်။

မိုးတွင်းအခါ တသွင်သွင် စီးဆင်းဟန်တူသော ရေတံခွန်နံရံဘေး ချောက်ကမ်းပါးနံရံတွင် ပဓာတိ

 စာမျက်နှာ (၁၁၁) သို့

www.burmeseclassic.com

www.burmeseclassic.com



မင်းသစ္စာ

# ထွက်ရပ်ပေါက်ပုဂ္ဂိုလ်

## သိဒ္ဓိရှင် မဟိဒ္ဓိရှင်များအကြောင်း

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် စာမျက်နှာ (၂၉၈)တွင် တင်ပြခဲ့သည့် ထွက်ရပ်ပေါက်ပုဂ္ဂိုလ် သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင်များအကြောင်း ဆက်လက်တင်ပြရလျှင် မဟိဒ္ဓိရှင်၊ သိဒ္ဓိရှင်ပေါက်ဆရာကြီးများနှင့် ဝိဇ္ဇာ၊ ဝိဇ္ဇာမိုရ်များသည် **ဘဝ ဘဝက ဆွေမျိုးတော်စပ်ခဲ့ကြသည့် သံယောဇဉ်ကြောင့် စောင့်ရှောက်ကြခြင်း မဟုတ်ဘဲ အတိတ်ဘဝနှင့် ပစ္စုပ္ပန်ဘဝ၌ ဖြည့်ကျင့်ဆည်းပူးခဲ့သော သီလ၊ သမာဓိ၊ ပညာတို့ကြောင့်သာ စောင့်ရှောက်ကြခြင်းဖြစ်၏။**

ထွက်ရပ်ပေါက်ပုဂ္ဂိုလ်တို့၏ အတွင်းတယည့်ဖြစ်ရန်ကား သီလ၊ သမာဓိ၊ ပညာတို့ကို အထူးစင်ကြယ်စွာ ဖြည့်ကျင့်ရန် လိုအပ်ပါ၏။

မဟိဒ္ဓိပညာ အစစ်အမှန်ကို ကျင့်ကြံအားထုတ် ရရှိသူတိုင်း စုန်း၊ ကဝေ၊ ဖော်ဂနီ၊ ဖော်ဂနက်၊ နိမ့်ကျသည့် လောကီပညာရှင် စသည့် အမှောင့်ပယောဂ အမျိုးမျိုးကို နိုင်နင်းစွာ ကုစားနိုင်၏။ ကျွန်ုပ်လည်း စမ်းသပ်ကုသဖူး၏။ အခက်အခဲမရှိ ကုသပေးခဲ့ဖူးပါသည်။ သို့သော် ဆရာသခင်က...

'သူယုတ်မာတို့နဲ့ မတွေ့ချင်နဲ့၊ သူယုတ်မာတွေနဲ့တွေ့ရင် သူတော်ကောင်းတရား ပျက်ကြရတယ်'

ဟု ဆုံးမသဖြင့် အမှောင့်ပယောဂကုခြင်းသည် သူတစ်ပါး၏ ဒုက္ခအား ကယ်တင်ခြင်းဖြစ်၍ ကုသိုလ်ကောင်းမှု ရရှိသော်လည်း **ပယောဂ ကုနိုင်ရုံမျှဖြင့် မဟိဒ္ဓိပညာ၏ လမ်းဆုံး မဟုတ်သကဲ့သို့ မဟိဒ္ဓိပညာ၏ အဓိက ရည်ရွယ်ချက်လည်း မဟုတ်ကြောင်း**ကို ကျွန်ုပ် သိခွင့်ရခဲ့ပါ၏။

ကျွန်ုပ်နှင့် တွေ့ကြုံခဲ့ရသည့် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ၊ ဝိဇ္ဇာ၊ ဝိဇ္ဇာမိုရ်များ၊ နတ်မင်းကြီးများ၊ ဘိုးဘိုးကြီးများ၏ အမည်နာမအချို့ကို ကျွန်ုပ် မှတ်သားထားမိသမျှ ဖော်ပြပါမည်။

ဖော်ပြရခြင်း၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတွင် ထွန်းကားလျက်ရှိသော ထေရဝါဒဗုဒ္ဓဘာသာသည် စစ်မှန်သော ဗုဒ္ဓ၏ အယူဝါဒ၊ ဗုဒ္ဓဝါဒဖြစ်ကြောင်း၊ ဗုဒ္ဓ ဟောကြားတော်မူသော သမထ၊ ဝိပဿနာ တရားစစ် တရားမှန်များကို ကျင့်ကြံအားထုတ်သူမှန်သမျှ **ပုဂ္ဂိုလ်မရွေး၊ လူမျိုးမရွေး၊ လောကီ**



www.burmeseclassic.com

www.burmeseclassic.com

**လောကုတ္တရာ နှစ်ဖြာအရာ၌ ခေတ်အဆက်ဆက် ပေါက်ရောက်အောင်မြင်ခဲ့ကြသည်များကို သိစေလို၍** ကျွန်ုပ်၏ ကိုယ်တွေ့ဖြင့် အများပြည်သူများအား သက်သေပြခြင်း ဖြစ်ပါသည်။

မဟိဒ္ဓိရှင်၊ သိဒ္ဓိရှင်များသည် ရှင်တော်မြတ်ဘုရား ဟောကြားတော်မူသော **တရားတော်များနှင့် ဆန့်ကျင်၍၊ သွေဖည်၍ အယူဝါဒ ဖောက်ပြန်သော အကျင့်ကို တီထွင်ကျင့်ကြံနေနေကြခြင်း မဟုတ်ပါ။** ရှင်တော်မြတ်ဘုရား ဟောကြားတော်မူသော သမထ၊ ဝိပဿနာ တရားများကို သညာသိမှ ပညာဉာဏ်သိဖြစ်အောင် ကျင့်ကြံပွားများ အားထုတ်နေကြပါသည်။

မိမိတို့ ကျင့်ကြံပွားများ သိရှိခဲ့သမျှသော သမထ၊ ဝိပဿနာဆိုင်ရာ ကိုယ်တွေ့တရားများကို ပါရမီအားလျော်စွာ တွေ့ဆုံသင့်သည့် ပုဂ္ဂိုလ်များအား ဟောကြားသွန်သင်ဆုံးမလျက် **မဂ်ဖိုလ်နိဗ္ဗာန် ရရှိရေးဟူသော သံသရာစက်ရဟတ်မှ လွတ်မြောက်ရေးလမ်းကို ညွှန်ပြခေါ်ဆောင်နေကြသည့် အာစရိယ ဆရာသခင်များ** ဖြစ်ကြကြောင်းကိုလည်း အထူးသိကြစေလို၍ ဖြစ်ပါ၏။

### ကျွန်ုပ် တွေ့ခဲ့ရသည့် ဆရာသခင်များနှင့် ပုဂ္ဂိုလ်များ

ရှင်အဇ္ဇဂေါဏ၊ ရှင်မထီးဆရာတော်၊ ဆရာတော် ခင်ကြီးပျော်၊ ဝိဇ္ဇာမယိဒ္ဓိဆရာတော်၊ သုညဂါမဆရာတော်၊ မဏာရဇ္ဇဒီပဆရာတော်၊ ဝိဇ္ဇာမယဆရာတော်၊ ဈာနလာဘီဆရာတော်၊ ဆုကြီးပန်ဆရာတော်၊ ဗားမဲ့ဆရာတော်၊ ဗားဂရာဆရာတော်၊ သီလဝါဆရာတော်၊ ပညာစက္ကဆရာ



တော်၊ ဓမ္မစက္ကဆရာတော်၊ မနောစက္ကဆရာတော်၊ မနောမယိဒ္ဓိဆရာတော်။

ပညာမဟိဒ္ဓိဆရာတော်၊ ဝိပဿနာဓူရဆရာတော်၊ ထွင့်ခေါင်ဆရာတော်၊ မနေဒွါရဆရာတော်၊ တောင်ဖီလာဆရာတော်၊ ရက်ကန်းစင်တောင်ဆရာတော်၊ ရေယဉ်ဆရာတော်၊ သခါရိကဆရာတော်၊ နိဝရဏဆရာတော်။

မေတ္တာရေစင်ဆရာတော်၊ ယောဇနဆရာတော်၊ ပညာဓမ္မဆရာတော်၊ ဓာတုဗလဆရာတော်၊ အောင်ဓမ္မသိဒ္ဓိဆရာတော်၊ သစ္စပါလဆရာတော်၊ ဘိုးတော်ဦးဝါယမ၊ ဘိုးတော်ဦးပေါက်ဆိန်၊ ဇောတိပါလဆရာတော်၊ မဟာဂန္ဓာရီဆရာတော်၊ ဝိပဿနာဓူရဆရာတော်၊ ပညာသိဒ္ဓိဆရာတော်၊ ရွှေခေါင်းတောင်ဆရာတော် ***(ကချင်ပြည်နယ်၊ အင်းတော်ကြီး ချောင်းဝရွာ၌ သီတင်းသုံးခဲ့သော ဆရာတော် ဦးဝိမလဖြစ်ပြီး ကောလင်းမြို့ ခမောက်တောင်တော်၌ ကျင့်ကြံအားထုတ်ကာ ချောင်းဝရွာမှာပင် ထွက်ရပ်သို့ မြန်းကြွသည်ဟု သိခဲ့ရ၏။)***

သစ္စပါလမဟိဒ္ဓိရှင် ဘိုးမင်းရာဇာ၊ အဘခေါင်၊ ပထမံဘိုးဘိုးအောင်၊ ဘဘမင်း။ မေတ္တာပါလမဟိဒ္ဓိရှင်၊ ဝိဇ္ဇာမယမဟိဒ္ဓိရှင်၊ ဆေးဝိဇ္ဇာချုပ်၊ ဆေးပုံဝိဇ္ဇာ၊ ဆေးမင်းဝိဇ္ဇာ၊ ဆေးသုံးဝိဇ္ဇာ၊ ဆေးပေါင်းဝိဇ္ဇာ၊ ဆေးစုဝိဇ္ဇာ၊ ဆေးကျော်ဝိဇ္ဇာ၊ ဆေးဝါးဝိဇ္ဇာ၊ ဓာတုစိန္တမယဆေးဝိဇ္ဇာ၊ စိန္တာမယဆေးဝိဇ္ဇာ၊ ဆေးသုခ္ခိက ဆေးဝိဇ္ဇာ၊ ပထမံဆေးဝိဇ္ဇာကြီး၊ ဆေးဝိဇ္ဇာကြီး။

အာဂျင်တာဝိဇ္ဇာ(အိန္ဒိယလူမျိုး)၊ ဗောဓိဓမ္မဝိဇ္ဇာ၊ လားမားဝိဇ္ဇာ(တိဗက်လူမျိုး)၊ ရှင်တိုဝိဇ္ဇာ(ဂျပန်လူမျိုး)၊ ပိုထိလတလုပ်ဘိုးတော်(တရုတ်လူမျိုး)၊ သမထဝိဇ္ဇာ၊ စမဝိဇ္ဇာချုပ်၊ စမ္မဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ ဗေဒဝိဇ္ဇာ၊ ဓာတုဝိဇ္ဇာ၊ ဝိဇ္ဇာဗလဝိဇ္ဇာ၊ ဂန္ဓာရီဝိဇ္ဇာ၊ အာဋ္ဌာကပ္ပဝိဇ္ဇာ၊ စုလမန်ဝိဇ္ဇာ၊ ပညာဒီပဝိဇ္ဇာ၊ မန္တန်ဝိဇ္ဇာ၊ နေမိန္ဒကဝိဇ္ဇာကြီး၊ သံသေဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ ပီယဝိဇ္ဇာ။

ရသေ့ရှင်ပျံ၊ တောပျော်ရသေ့၊ ရသေ့ဦးအောင် (ခေါ်) ဆံရှည်ရသေ့၊ ရသေ့ဦးခန္တီ၊ ရသေ့သူတော်၊ ကုမာရရသေ့။

ဝိဇ္ဇာမယဆေးဝိဇ္ဇာဂိုဏ်း၊ မန္တန်မယဆေးဝိဇ္ဇာဂိုဏ်း၊ ဂန္ဓာရဝိဇ္ဇာဂိုဏ်း၊ ဝိပဿနာဓူရဝိဇ္ဇာဂိုဏ်း၊ ပီယဝိဇ္ဇာဂိုဏ်း၊ မဟာဂန္ဓာရီဝိဇ္ဇာဂိုဏ်း၊ ဂမ္ဘီရဝိဇ္ဇာဂိုဏ်း၊ မနောဓာတုဝိဇ္ဇာဂိုဏ်း၊ ဆေးမင်းမဟာဝိဇ္ဇာဂိုဏ်း၊ ဆေးမုံးရှင်ပျံဝိဇ္ဇာဂိုဏ်း၊ ဂန္ဓာလရာဇ်ဝိဇ္ဇာဂိုဏ်း၊ ဂန္ဓာရီဆေးဝိဇ္ဇာဂိုဏ်း၊ တေဇောပထမံဝိဇ္ဇာဂိုဏ်း၊ ပညာကုသလဝိဇ္ဇာဂိုဏ်း၊ မဟိဒ္ဓိစက္ကဝိဇ္ဇာဂိုဏ်း၊ ဂန္ဓလောကဝိဇ္ဇာဂိုဏ်း၊ ဝိဇ္ဇာမဟာတ္တကဝိဇ္ဇာဂိုဏ်း၊ စမသိဒ္ဓိဝိဇ္ဇာဂိုဏ်း၊ ဓာတုဝိဇ္ဇာဂိုဏ်း၊ လောကီယဝိဇ္ဇာဂိုဏ်း၊ မနောဓမ္မဝိဇ္ဇာဂိုဏ်း၊ ဇေယျသိဒ္ဓိဝိဇ္ဇာဂိုဏ်း။

စဘိုးဘိုး၊ ခမောက်တောင်ဘိုးဘိုး၊ ရွှေတိဂုံဘိုးဘိုး၊ ကျိုက်ခေါက်ဘိုးဘိုး၊ ကျိုက်ထီးရိုးဘိုးဘိုး၊ သန်လျင်ဘိုးဘိုး၊ ခမဲပြင်ဘိုးဘိုး၊ မန္တလေးတောင်ဘိုးဘိုး၊ ရေတံခွန်တောင်ဘိုးဘိုး (မန္တလေး)၊ ရန်ကင်းတောင်ဘိုးဘိုး (မန္တလေး)၊ အောင်ပင်လယ်ဘိုးဘိုး (မန္တလေး)၊



www.burmeseclassic.com

www.burmeseclassic.com

သိုက်ချုပ်ဘိုးတော်***(ကျွန်ုပ် မှတ်သားမိသမျှသာ။)***

အသူရိန်နတ်မင်းကြီး၊ ပေါမဝန္တာနတ်မင်း၊ သုမင်္ဂလာနတ်မင်း၊ ရုက္ခနတ်မင်း၊ လောကဒီပံနတ်မင်း၊ သစ္စာဒီပံနတ်မင်း၊ စတုဂီရိနတ်မင်း၊ သံသုမာနတ်မင်း၊ သုဘောဓမ္မနတ်မင်း၊ ကုသလဓမ္မနတ်မင်း၊ ပေါမာဂီရိနတ်မင်း၊ ဒေဝဩသဓနတ်မင်း၊ ဝိသကြုံနတ်သား၊ အင်းလေးစောင့်နတ်မင်း၊ အင်းတော်ကြီးဒေသစောင့်နတ်မင်း၊ နဂါးတို့အားအစိုးရသောနတ်မင်း၊ သမုဒ္ဒရာစောင့်နတ်မင်း၊ ဒေဝရက္ခိတနတ်မင်း၊ ပုပ္ပါးတောင်ပိုင်၊ စစ်ကိုင်းတောင်ပိုင်၊ တန့်ကြည့်တောင်,တောင်ပိုင်၊ ဖိုးဝင်းတောင်,တောင်ပိုင်၊ ဖိုးဦးတောင်,တောင်ပိုင်၊ ကျောက်ဆည်တောင်ပိုင်နတ်မင်းများ ဖြစ်ကြပါသည်။

**နတ်မင်းကြီးများသည် မဟာဗိန္ဒာကျင့်စဉ်အား ချီးမြှင့်အားပေးရုံမျှသာ မဟုတ်ဘဲ ကြွရောက်ကြခြင်းဖြစ်ပြီး တောင်ပိုင်နတ်မင်းများမှာ ကျင့်ကြံအားထုတ်ရာနယ်မြေဒေသအရ အထူးဂရုပြုရမည့် ပြဿနာကိစ္စများကို သိရှိရန် ကြွရောက်သတိပေးကြခြင်း ဖြစ်ပါသည်။ ပုဂ္ဂိုလ်များ ကြွရောက်သည့်အခါတိုင်း အမည်နာမကို ထုတ်ဖော်ပြောပြလေ့ ရှိသဖြင့်သာ ကျွန်ုပ် မှတ်တမ်းတင်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။**

ဝိဇ္ဇာရှစ်သောင်း ဆရာပေါင်းဟု အဆိုရှိသဖြင့် ကျွန်ုပ်တွေ့ခွင့်ရပြီး မှတ်မိသမျှ မှတ်တမ်းတင်ထားသော ပုဂ္ဂိုလ်တို့ကို ကြည့်ခြင်းအားဖြင့် ကျွန်ုပ်မတွေ့ရသေးသော ပုဂ္ဂိုလ်များ မည်မျှရှိမည်ကိုလည်း သိနိုင်ကြပါ၏။ စစ်ကိုင်းတောင်ရိုး **ပတ္တမြားစေတီ၌** ကျင့်ကြံအားထုတ်စဉ်က…

'ငါသည် မကြာမီက ပေါက်ရောက်ခဲ့သော ဝိဇ္ဇာတစ်ပါးဖြစ်သည်။ သိရှိရန် ကြွရောက်ချီးမြှင့်ခြင်းဖြစ်သည်'



ဟု မိန့်ကြားပြီး ပြန်ကြွသွားပါသည်။ **"ကျင့်ရင် ပေါက်ရောက်ကြစမြဲ"** ဟု အားပေးချီးမြှင့်လို၍ ကြွရောက်ခြင်းဖြစ်ကြောင်း ကျွန်ုပ် မှတ်ယူမိပါ၏။ ဤသည်ကို ကြည့်ခြင်းအားဖြင့် ကျင့်ကြံပေါက်ရောက်ဆဲ ပုဂ္ဂိုလ်များ၊ ပေါက်ရောက်အောင်မြင် လတ္တံ့သော ပုဂ္ဂိုလ်များ မည်မျှ ရှိမည်ကိုလည်း မှန်းဆသိနိုင်ကြပါ၏။

မဟာဗိန္ဒာကျင့်စဉ်တစ်ခု၌ ဆရာသခင်မှ…

'နန္ဒမူလိုဏ်ဂူ၌ သီတင်းသုံးပြီးနေတော်မူကြသည့် ရှင်မဟာယသသမထေရ် အမှူးရှိသော ရဟန္တာအရှင်သူမြတ်တို့အား ရည်မှန်း၍ ဖူးမြော်ကန်တော့လေ'

ဟု မိန့်ကြားသဖြင့် သက်တော်ထင်ရှား ရဟန္တာအရှင်သူမြတ်တို့အား ကြည်နူးဝမ်းသာစွာဖြင့် မနောကြည်စွာ အာရုံယူဦးချ ကန်တော့ခဲ့ရသဖြင့် ဆန္ဒာဓိပတိ၊ ဝီရိယာဓိပတိ၊ စိတ္တာဓိပတိ၊ ဝီမံသာဓိပတိတည်းဟူသော ပဋ္ဌာန်းဒေသနာတော်ပါ အဓိပတိပစ္စယော တရားတော်အရ ကျင့်ကြံအားထုတ်ရာ၌ အဓိပတိတင်၍ ကျင့်ကြံနိုင်ပါလျှင် အထွတ်အထိပ်သို့ ရောက်ကြသည့် ရဟန္တာပုဂ္ဂိုလ်ထူးများပင် ပေါ်ထွန်းနိုင်သော သာသနာတွင်းကာလ မဟုတ်ပါလော။

မဟာဗိန္ဒာရှင် သိဒ္ဓိရှင်များသည် ဘာသာစကား အမျိုးမျိုးကို တတ်ကျွမ်းကြ၏။ အထက်ဖော်ပြပါ ပုဂ္ဂိုလ်များထဲမှ အာဂျင်တာဝိဇ္ဇာသည် ကြွရောက်လာသည့် အခါတိုင်း မဟာဗိန္ဒာကျင့်စဉ်နှင့် ပတ်သက်၍လည်းကောင်း၊ သမထဝိပဿနာဆိုင်ရာ တရားများကို ဟောကြားသည့်အခါ၌ လည်းကောင်း၊ အင်္ဂလိပ်ဘာသာ စကားဖြင့် ဟောပြောလေ့ရှိပြီး တစ်ခါတစ်ရံမှသာ မြန်မာဘာသာဖြင့် ပြောလေ့ ရှိပါသည်။

အာဂျင်တာဝိဇ္ဇာသည် ပထမဦးဆုံး ကြွရောက်စဉ်က **အိန္ဒိယနိုင်ငံ မဒရပ်မှ ကြွရောက်လာကြောင်းနှင့် ပန်ဂျပ်ဒေသမှ ထွက်ရပ်ပေါက်ခဲ့ကြောင်း** တို့ကို အသိပေးမိန့်ကြားဖူးပါသည်။

ပိုထိလာဘိုးတော် (တရုတ်လူမျိုး)၊ လားမားဝိဇ္ဇာ(တိဗက်လူမျိုး)၊ ရှင်တိုဝိဇ္ဇာ(ဂျပန်လူမျိုး)တို့ကမူ မြန်မာဘာသာစကားဖြင့်သာ ပြောလေ့ ရှိပါသည်။ **အဘခေါင်လည်း အင်္ဂလိပ်ဘာသာဖြင့် တစ်ကြိမ်သာ မိန့်ကြားဖူးပြီး** အများအားဖြင့် မြန်မာဘာသာဖြင့်သာ ပြောလေ့ရှိသည်။

ဤနေရာတွင် အလျဉ်းသင့်၍ **ကချင်ပြည်နယ် အင်းတော်ကြီးဒေသရှိ ရွှေမဥ္ဇူ ရေလယ်ဘုရားအကြောင်းကို** ထွက်ရပ်ပုဂ္ဂိုလ် ရွှေဒေါင်းတောင် ဆရာတော်မှ ကျွန်ုပ်အား မိန့်ကြားခဲ့သော စကားအတိုင်း တင်ပြလိုပါသည်။

'အတိတ်သေ လွန်ခဲ့သော နှစ်ပေါင်းများစွာက အင်းတော်ကြီးနယ်ရှင်သည် တန်ခိုးကုဒ္ဒိပါဒ်အားဖြင့်လည်း ကြီး၏။ ဟန်မာနအားဖြင့်လည်း ခက်ထန်၏။ ၎င်း၏ အင်းထဲသို့ အမိုက်တစ်စုံတစ်ရာ ကျသည်ရှိသော် သည်းမခံ၊ လှိုင်းလေများဖြင့် ပုတ်ခတ်၍ ကမ်းပေါ်သို့ တင်၏။ ထိုအချိန်က အကျင့်သီလ သမာဓိနှင့် ပြည့်စုံသော ရဟန်းတစ်ပါး



www.burmeseclassic.com

www.burmeseclassic.com

သည့် အဓိဋ္ဌာန်စခန်းဝင်ရန်အတွက် အင်းကြီး အလယ်သို့ လှေငယ်ဖြင့် ဖြတ်ကူး၏။ အင်းတော်ကြီးနယ်ရှင်မှ လှိုင်းလေများ ပြင်းထန်စွာ တိုက်ခတ်လျက် ဖျက်၏။

ထိုအရာကိုလည်း ထိုရဟန်း၏ သီလ သမာဓိဖြင့် အောင်နိုင်ခဲ့၏။ ထို့ပြင် မရပ်သေး အငှားကောင်းကင်တစ်ခုလုံး မှောင်အတိရှုလျက် ဖျက်ပြန်၏။ ထိုအရာကိုလည်း ထိုရဟန်း၏ သီလ၊ သမာဓိဖြင့် အောင်မြင်ခဲ့ပြန်၏။

ထိုရဟန်း အဓိဋ္ဌာန်အောင်မြင်ခဲ့သော နေရာတွင် နောင်တွင် သဲသောင် ပေါ်ထွန်းခဲ့၏။ သဲသောင်ပေါ်ထွန်းခဲ့သော ထိုအောင်မြေနေရာ၌ စေတီ တည်ထားကိုးကွယ်ကြခြင်းဖြင့် နောင်တွင် ရွှေမဥ္ဇူစေတီ ဖြစ်ပေါ်လာခြင်း ဖြစ်၏။ ဤမျှဆိုလျှင် သင့်ပြီ"

ဟု မိန့်ကြားကာ ပြန်လည်ကြွသွားပါသည်။ **ယခုအခါ အင်းတော်ကြီး နယ်ရှင်မှာ ခက်ထန်ကြမ်းတမ်းခြင်း မရှိတော့ဘဲ ရွှေမဥ္ဇူဘုရားကြီးအား အစဉ် စောင့်ရှောက်လျက်ရှိကြောင်းနှင့် ဘုရား၊ တရား၊ သံဃာ ရတနာ သုံးပါးကို ကြည်ညိုလေးမြတ် ပူဇော်နေပြီဖြစ်ကြောင်း။** နောင်တွင်မှ ကျွန်ုပ် ကျင့်စဉ်တစ်ခု၌ သိခွင့်ရခဲ့ပါကြောင်း တင်ပြရင်း ကျွန်ုပ်၏ တင်ပြချက်များကို ခေတ္တ ရပ်နားခွင့်ပြုပါရန်နှင့်...။

ကျွန်ုပ် အဓိဋ္ဌာန်ကျင့်စဉ် ဝင်ခဲ့ရသော နေရာဒေသများ၊ ဆရာသခင်များ၊ ဟောကြားသော သမထ၊ ဝိပဿနာ ဆိုင်ရာ ဟောပြောချက်များ၊ အခြား သိခွင့်သိထိုက်သည်များကိုလည်း ကျွန်ုပ်၏ ကိုယ်တွေ့ မဟာဗိုဒ္ဓိကျင့်စဉ်မှတ်တမ်းများအရ **မှတ်မိသမျှ** ***(အထူးလျှို့ဝှက်ကျင့်စဉ်များမှအပ)*** အလျဉ်းသင့်သလို တင်ပြသွားပါဦးမည် ဖြစ်ပါကြောင်း။

***ဗုဒ္ဓသာသနာ ရောင်ဝါ ထွန်းလင်းပါစေ။***

***ဆရာသခင်များအား ဦးညွှတ်လျက်...***

မင်းသစ္စာ

**နေရပ်လိပ်စာ မပါဘဲ၊ ဆောင်းပါးစာမူသာ ပေးပို့သော "မင်းသစ္စာ"အမည်ခံ ကျင့်စဉ်ရေးသားပုဂ္ဂိုလ်ခင်ဗျာ...**

ထွက်ရပ်ပေါက်နှင့် ဝိဇ္ဇာလောကအကြောင်း အတိုင်းအတာတစ်ခုထိ အကျွမ်းဝင် သိရှိမည်ဟု ယုံကြည်ပါသည်။ သို့ဖြစ်၍ နောင်လာနောက်သား ကျင့်စဉ်စခန်းပုဂ္ဂိုလ်များအတွက် **ဆောင်ရန်၊ ရှောင်ရန်၊ သိရန်များကို** တတ်နိုင်သမျှ ရေးသားပေးပို့ ပါရမီဖြည့်ဆည်းပေးပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

*လေးစားစွာဖြင့်...*

ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတိုက်
အမှတ် ၂၃၃၊ (၂၉)လမ်း၊ ပန်းဘဲတန်းစာတိုက်၊ ရန်ကုန်မြို့။

စာမျက်နှာ (၁၀၇)မှ အဆက်

ကျောက်သားအား ထွင်းဖောက် တည်ရှိသည့် ပေါက္ကံ့ဂူကလေးသည် အကျယ်(၅)တောင်ခန့် လူတစ်ရပ်ချောင်ချောင်ချိစွာ သွားလာနိုင်လောက်အောင် မြင့်သည်ကို တွေ့ရသည်။

ဂူနံရံတွင် ဉာဏ်တော်(၅)ပေခန့် ရှိသော ကြေးသွန်းကိုယ်တော်တစ်ဆူ စံပယ်နေသည်ကို ဖူးတွေ့ရသည်။ ရှေ့တော်မှောက်တွင် ရဟန်းတစ်ပါး ပုတီးစိပ်ပွားများနေသည်ကို မြင်ရသည်။

ဂူ၏ လက်ယာဘက်နံရံကား မအိုစာဘာဝ လွတ်မြောက်ရာ ဂူငယ် အပိတ်ဖြစ်ကြောင်း သိရှိရသည်။ ဂူ အနီး လက်တစ်ဖောင်ခန့်အမြင့်ရှိ ကျောက်နံရံတွင် အုတ်တစ်ချပ်ပမာဏရှိသော အလုံပိတ် တွင်းချိုင့်ငယ်ကို တွေ့ရသည်။ မအိုစာ၏ အဓိဋ္ဌာန်နှင့် သတ္တိထူးကို ကိုယ်စားပြုသော အလုံပိတ်လိုက်သည့် လေဝင်ပေါက်ငယ် ဖြစ်လေသည်။

ဂူအတွင်း၌ ကျင့်ကြံနေသော ဦးပဉ္စင်း၏ ပုတီးသံ တချောက်ချောက်ကိုသာ ကြားရ၍ ပကတိငြိမ်သက်နေပေသည်။

ဂူအတွင်းရှိ ဆင်းတုတော်ရှေ့တွင် ရှိုးကန်တော့စဉ် မိုတ်ထားသော မျက်ကြည်လွှာပေါ်၌ ထုံးဖွေးဖွေး စေတီပုထိုးများ၊ ရွှေသက်နုံးရောင် ပြောင်ပြောင်လက်လက်ဖြင့် ဆင်းတု၊ ရုပ်ပွားတော်များအား မဆုံးနိုင်အောင် ဖူးမြင်ရလေသည်။

အတူလိုက်ပါလာသော ကိုမင်းဇော်၊ ကိုဝင်းမြင့် စသည့် ဘုရားဖူးများလည်း ဤသို့ပင် ခံစားတွေ့မြင်ရကြောင်း ပြောပြကြသည်။


အကယ်ပင် ကံအခွင့်ပေါက်မြောက် ပွင့်လင်းစေသော ပေါက္ကံ့ဂူ(ပုဂံ့ဂူ)ပင်တည်း။

လောကီ၊ လောကုတ် အခက်အခဲ အကျပ်အတည်းများမှ ရုန်းကန်နေကြရသည့် ပုထုဇဉ်၊ သူတော်စင်ပုဂ္ဂိုလ်အပေါင်းတို့အတွက် ကျင့်ကြံပေါက်မြောက် အောင်မြင်ဖွယ် နိမိတ်ထူးများရရှိသည့် ပေါက္ကံ့ဂူအား အခါအခွင့်သင့်ပါက သွားရောက်သင့်လှပေသည်။

ဇင်ညိုငယ်


www.burmeseclassic.com

www.burmeseclassic.com



# ရှောက်ယို

ထိုးစားရအောင်

လခစားဝန်ထမ်းဖြစ်တဲ့ ကျွန်တော်တို့ မိသားစုဟာ လခအပြင် အပိုဝင်ငွေရရှိဖို့ နည်းလမ်းမျိုးစုံ လုပ်ကိုင်ခဲ့ရပါတယ်။ အဆင်ပြေလိုက်၊ မပြေလိုက်နဲ့ ရှိခဲ့တယ်။ ခုတော့ ဝန်ထမ်းအလုပ်လဲ မပျက်၊ သားသမီးတွေလဲ အိုးမကွာ အိမ်မကွာ ကျောင်းစရိတ်လဲ ရှာရင်း တစ်ပိုင်တစ်နိုင် အလုပ်ကလေး ရရှိခဲ့ပါတယ်။

အဲဒီအလုပ်ကတော့ ရှောက်ယိုထိုးပြီး ရောင်းချတဲ့အလုပ်ပါ။ စားသောက်ကုန်ပစ္စည်းတစ်ခုဟာ စားချင်စဖွယ်၊ အန္တရာယ်မရှိ၊ ကျန်းမာရေးကောင်း၊ စေတနာထား ရောင်းချစားသောက်ရင် အကျိုးပေးပါတယ်။

ကျွန်တော့်ရဲ့ အိမ်ခြံထဲမှာ ရှောက်ပင်ငါးပင် ရှိပါတယ်။ ရာသီမှန်၊ မြေမှန်၊ ဆေးဝါးမှန် ပြုပြင်ပေးမှုကြောင့် အသီးများစွာ တင်ပါတယ်။ အလုံးများကို ဖောက်သည်နဲ့ ခူးရောင်းနေရင်းမှ တစ်နေ့ ဇနီးဖြစ်သူမှ လက်ဆောင်ပေး၍ရသော ရှောက်ယိုကို ရေနွေးဖြင့်မြည်းရင်း မိမိခြံမှ ကုန်ကြမ်း ရှောက်သီးများ ကုန်ချောအဖြစ် ခုလို ယိုမျိုးထိုးပြီး ရောင်းချရရင်ဆိုတဲ့ အတွေးဝင်ခဲ့ပါတယ်။

ဒီအတွေးကို အကောင်အထည်ဖော်ဖို့ စိတ်ရင်းမှန်ဖြင့် ညွှန်ပြကူညီပေးသော **ညီငယ် ကျော်ဌေးဦး(ငှက်ကြီး)**တို့ လင်မယားကို မှတ်တမ်းပြု ကျေးဇူးတင်ရပါတယ်။

အနည်းငယ် ပြုလုပ်ပုံဖြင့် အချိုးအစား ထည့်နိုင်ရန် တင်ပြလိုက်ပါတယ်။

ရှောက်သီး မနုမရင့် အရည်သွက် (၁၀)လုံးကို ထက်ခြမ်းခွဲ၍ အရည်ညှစ်ပါ။ ညှစ်ပြီးသား အခွံအတွင်း အဖြူမှုင်များ ခွာထုတ်ပစ်ပါ။ အခွံများကို တစ်လက်မ၊ နှစ်လက်မ အရှည်နဲ့ မီးခြစ်ဆံသာသာအရွယ် ဓားဖြင့် လှီးထားပါ။ (ရေမဆေးပါနှင့်။)

ရေနွေးကျိုရာ၌ ရှောက်ခွံမြုပ်ရုံ ချိန်ဆပြီး ကျောက်ချဉ် မန်ကျည်းစေ့ နှစ်စေ့ခန့်နှင့် ကွမ်းစားထုံး ကွမ်းသီးလုံးခန့် ထည့်၍ကျိုပါ။

ဆူပွက်လာရင် လှီးထားသော ရှောက်ခွံများ ထည့်မွှေ၍ အဖုံး ပြန်အုပ်ပါ။ ရေနွေး ပြန်ဆူလာရင် ရှောက်ခွံအဆန်လေးများ ကြည်လဲ့လဲ့ ဖြစ်လာပါက ဆန်ခါထဲထည့် ရေအေးလောင်း၍ စစ်ထားပါ။ အအေးမြန် လေသလပ်အောင် နှစ်ခါလောက် မွှေနှောက်ပေးပါ။

သကြား (၁၀)ကျပ်သားကို ရှောက်ရည်နဲ့ရောပြီးကျိုပါ။ ဆားအနည်းငယ် ထည့်ပါ။ ပျစ်ချွဲလာရင်တော့ စစ်ထားသော ရှောက်ခွံများထည့်၍ သမအောင် မွှေပါ။

အစေးပေါက်၍ စေးလုံးလာရင် လင်ပန်း (သို့မဟုတ်) ပလတ်စတစ်စပေါ် ပြန်သွန်ပြီး အအေးခံပါ။ အဝါနုရောင် ကြည်လဲ့လဲ့နဲ့ ရာသီမရွေး စားချင်စဖွယ် ရပါပြီ။ အချိုကြိုက်၊ အချဉ်ကြိုက်ကိုတော့ သကြားချိန်ထည့်ပါ။

အောင်မှတ်(မြစ်ရိုးတန်း)



www.burmeseclassic.com

www.burmeseclassic.com




# မိဖုရားကြီးဂူ

ရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ် ဒေသဖြစ်သော ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့တွင် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန ဦးစီးဌာနမှ ရှေးဟောင်း အဆောက်အအုံ၊ ဘုရား၊ ပုထိုးများကို နှစ်စဉ်လိုလို ထိန်းသိမ်း မွမ်းမံလျက် ရှိပါသည်။

ထိုသို့ ထိန်းသိမ်းမွမ်းမံလျက် ရှိသည့်ထဲမှ ယခုနှစ်တွင် **မိဖုရားကြီးဂူတော်**ကိုလည်း ထိန်းသိမ်းမွမ်းမံနေပါသည်။

မိဖုရားကြီးဂူတော်ကို မြောက်ဦးမြို့ နန်းတော်ရာကုန်း၏ အရှေ့ဘက် တစ်မိုင်ခန့် ပေ (၅၀)သာသာ မြင့်သော မြို့ရိုးတံတိုင်း တောင်ကုန်းပေါ်တွင် တွေ့ရှိနိုင်ပါသည်။ ကိုးသောင်းပုထိုးတော်ကြီး၏ အနောက်ဘက် ဘုရားအုပ်စေတီတော်ကြီး၏ အရှေ့မြောက်ဘက်တွင် ကျရောက်ပါသည်။

ဤမိဖုရားကြီးဂူတော်ကို ကိုးသောင်းပုထိုးတော်ကြီး၏ ကောင်းမှုရှင် ဘုရင်မင်းဒိုက္ကာ (မင်းတိက္ခာ)၏ မိဖုရားခေါင်ကြီး စောသန္တာက မြန်မာသက္ကရာဇ် ၉၁၅ ခုနှစ်(ခရစ်နှစ် ၁၅၅၃ ခုနှစ်)တွင် တည်ထားကိုးကွယ်ခဲ့ကြောင်း မြောက်ဦးမြို့ ထင်ရှားသော ဘုရားများသမိုင်းက ဆိုပါသည်။

မိဖုရားကြီး စောသန္တာ လှူဒါန်းခဲ့သော ဂူဖြစ်သောကြောင့်လည်း မိဖုရားကြီးဂူဟူ၍ ခေါ်တွင်ခြင်းဖြစ်သည်ဟု သိရှိရပါသည်။

မိဖုရားကြီးဂူကို ထိန်းသိမ်းမွမ်းမံမှုပြုမိ တောရှင်း၊ သန့်ရှင်းရေး လုပ်ကိုင်သောအခါ အောက်ပါ **ပုံ(က)** အတိုင်း တွေ့ရှိရပါသည်။

* * *ပုံ(က)

လိုဏ်ဂူတော်၏ အပြင်ဘက် အောက်ခြေ အရှေ့ အနောက် အရှည် ပေ(၃၀)ခန့် တွေ့ရှိရပါသည်။ အရှေ့ဘက်သို့ ထိုးထွက်သွားသော မုခ်အထွက် အရှည်မှာလည်း (၇)ပေရှိပါသည်။ ဂူအပြင် ဖောင်းလုံး အပေါ်ပိုင်း ခါးလယ်လောက်တွင် (၂၇)ပေ ရှိပါသည်။

ဂူအပြင် တောင်မြောက် အောက်ခြေ အကျယ်မှာ (၂၄)ပေရှိပြီး ဖောင်းအထက် ခါးလယ်အကျယ်မှာ (၂၁)ပေခန့် ရှိပါသည်။ ဂူတော်အမြင့်မှာ (၁၃)ပေခန့် ကျန်ရှိပါသေးသည်။

အပေါ်ပိုင်းလိုဏ်ဂူတော် ခေါင်မိုးတော့ မတွေ့ရှိရတော့ပါ။ ပြိုပျက်နေသော ဂူနံရံသာ ကျန်ရှိနေသည်ကို တွေ့ရှိရပါသည်။ ဂူတော်တစ်ခုလုံးကို သဲကျောက်တုံး၊ သဲကျောက်ခဲများဖြင့် တည်ဆောက်ထားခဲ့သည်ကို တွေ့ရှိရပါသည်။

ဂူတော်အရှေ့ရင်ပြင်တွင် အချင်း (၇)လက်မ၊ မြေပေါ်အမြင့် (၃)ပေခန့် ရှိ၍ ရင်ပြင်တွင် စိုက်ထူထားသော သိမ်တိုင်ကိုလည်း တွေ့ရှိရပါသည်။

များသောအားဖြင့် ရခိုင်ပြည်နယ် စေတီပုထိုးဟောင်းများတွင် အဆောက်အအုံနှင့် ရင်ပြင်တော်တစ်ခုလုံးကို သိမ်သမုတ်ပြီး ထားခဲ့သည်များကို လေ့လာတွေ့ရှိရပါသည်။

**ပုထိုးသိမ်၊ ဂူသိမ်၊ စေတီသိမ်**ဟုပင် ခေါ်ဆိုရမည့် အနေအထားမျိုး တွေ့ရှိရပါ၏။

ဂူရင်ပြင်တော် အရှေ့မြောက်ဘက်ထောင့် မဟာရံတံတိုင်းနားတွင် အမြင့် (၅)လက်မ၊ အချင်း (၁၀)လက်မခန့်ရှိပြီး ဖောင်းရစ်သုံးဆင့်ပါသော ကျောက်ဆစ်လက်ရာ အစိတ်အပိုင်း လေးခုကိုလည်း တွေ့ရှိရပါသည်။

အလယ်တွင် တွင်းပေါက်ဖြင့် တွေ့ရှိရပါသည်။ သိုက်ဆရာများ လက်ချက်



www.burmeseclassic.com

www.burmeseclassic.com

ကြောင့် ဌာပနာတိုက်ခန်းမှ ထွက်ကျလာသော ဓာတ်တော်အိုးအစိတ်အပိုင်း (သို့မဟုတ်) ဂူတော်၏ အညွန့်ဖြစ်မည်ဟု ယူဆဖွယ် ရှိပါသည်။

ဂူတော်ရှေ့ ရင်ပြင်တွင်လည်း အမြင့်(၁)ပေ၊ အချင်း(၁၁)လက်မခန့်ရှိ သိမ်တိုင်ထိပ်လိုလို ကျောက်လုံး တစ်လုံးကိုလည်း တွေ့ရှိရပါသေးသည်။

လိုဏ်ဂူတော်ထဲတွင်လည်း အောက်ပါ ပုံ(ခ) ဆင်းတုတော်နှင့် ပလ္လင်တော်ကို ရှေးမူအတိုင်း သဲကျောက်မာဖြင့် ထွင်းထုထားသည်ကို တွေ့ရှိရပါသည်။

* * *ပုံ(ခ)




လိုဏ်ဂူတော်ထဲမှ တွေ့ရှိရသော ဆင်းတုတော်ကြီး၏ ဉာဏ်တော်အမြင့်မှာ (၁၀)ပေ၊ ပခုံးစွန်းနှစ်ဖက် အကျယ် (၅)ပေခန့်နှင့် ဒူးစွန်းနှစ်ဖက် အကျယ် (၈½)ပေခန့် ရှိသည်ကို တိုင်းထွာတွေ့ရှိရပါသည်။

**ဤပုံ(ခ)** ကျောက်ဆင်းတုတော်ကြီးကို မူလ လှူဒါန်းခဲ့သော ကုသိုလ်ရှင်က တစ်ဆူလုံး ရွှေသင်္ကန်းအစစ်ကို ကပ်လှူခဲ့ဟန် တူပါသည်။ ယခုလက်ရှိ အခြေအနေအထိ ရွှေမှုန်နှင့် သစ်စေးများ ကပ်ကျန်နေသေးသည်များကို တွေ့ရှိရပါသည်။

ဘုရားဆင်းတုတော်ကြီး၏ ဦးတော်ရှိ နဖူးသင်းကျစ်တော်မှာ သေးသေးပြားပြားလေးသာ တွေ့ရှိရပါသည်။ နဖူးသင်းကျစ်တော်အပေါ်ပိုင်း ဦးတော်တစ်ခုလုံးကို ပိန္နဲစုများအဖြစ် ပုတီးလုံးများနှင့် တန်ဆာဆင်အသုံးပြုထားသည်ကို ဖူးတွေ့ရပါသည်။

မျက်နှာတော်ရှိ မျက်လုံးနှစ်ဖက်စလုံးမှာ ဖောက်ထားသည်ကို တွေ့ရှိရပါသည်။ လက်ဝဲဘက် နားတော်အပေါ်ပိုင်း ပဲ့နေ၏။ နားတော်နားခွက်ထဲမှ အရေးအကြောင်းများမှာ ပကတိ လူ့သဘာဝအတိုင်းပင် ဖူးတွေ့ရပါသည်။ လိုင်းရစ်လည်း သုံးရစ်တွေ့ရှိရပါ၏။

ဆင်းတုတော်ကြီး၏ သင်္ကန်းဝတ်ဆင်ထားပုံမှာ သင်္ကန်းစကို ရှေ့သို့ ခွချပြီး သင်္ကန်းရစ်ကို နို့ဖုံးအောင် အရစ်ဖော်ထားပါသည်။ ခါးတွင် အတွင်းမှ သင်းပိုင်အလိပ်ပုံသဏ္ဌာန်မို့၍ပေါ်လွင်အောင် ဖော်၍ ထွင်းထု ဝတ်ဆင်ထားပါသည်။

ခြေတော် လက်ဝဲ၊လက်ယာတွင် သင်းပိုင်အနားစ အရစ်လို ခြေချင်းဝတ်လောက်တွင် တစ်ဖက်တစ်ရစ် တွေ့ရှိရပါသည်။ ဆင်းတုတော်ကို နှောင်းခေတ်ကာလတွင် ဒုတိယအကြိမ် မွမ်းမံခဲ့သည်ဟု ယူဆဖွယ် ရှိပါသည်။

အက်ကွဲနေသည့် နေရာများကို ဘိလပ်မြေဖြင့် ကြားသိပ်ထားသည်များကို တွေ့ရှိရပါသည်။

ဘုရားဆင်းတုတော် တစ်ဆူလုံးကို ကျောက်တုံးတစ်တုံးတည်းဖြင့် ထုဆစ်ထားသည် ဆိုသော်လည်း လက်ယာဒူးစွန်း၌ ကျောက်နည်းနည်း မပြည့်၍ အံစွပ် ထုဆစ်ထားသည်ကိုလည်း တွေ့ရှိရပါသည်။

ဘုရားမှာ အလွန်ကြည်ညိုဖွယ်ကောင်းပြီး အလွန်လက်ရာမြောက်လှပါသည်။ ဆင်းတုတော်၏ မျက်နှာတော်နှင့် ခန္ဓာကိုယ်တော်ကို လေးမြို့ခေတ်ဟန်ယူ၍ ထုဆစ်ခဲ့သည်ဟု ယူဆဖွယ် ရှိပါသည်။


မိဖုရားကြီး စောသန္တာမှာ လေးမြို့ခေတ် ဆင်းတုတော်ပုံစံကို သဘောကျ၍ လေးမြို့ခေတ်ပုံစံအတိုင်း ထုဆစ်လှူဒါန်းခဲ့ဟန် တူပါသည်။ ဆင်းတုတော်၏ မုဒြာအမျိုးအစားမှာ **ပဖင်မုဒြာအမျိုးအစားပင်** ဖူးတွေ့




www.burmeseclassic.com

www.burmeseclassic.com

ပုံ(ဂ)



ပုံ(ဃ)



မိဖုရားကြီးဂူပန္နက်ပုံ ♦

နိုင်ပါသည်။

ဘုရားရင်ခွင်တော်ပေါ်တွင် အမြင့် (၁)ပေခန့်၊ အကျယ်(၉½)လက်မခန့် ရှိ ဦးတော်ကျိုးတစ်လုံး၊ ပလ္လင်ပေါ်တွင် အမြင့် (၁)ပေ(၅)လက်မ၊ ပခုံးစွန်း (၉)လက်မ၊ ဒူးစွန်း(၁)ပေ(၃)လက်မ ရှိ ဘုရားငယ်တစ်ဆူနှင့် အမြင့် (၉) လက်မ၊ ပခုံးစွန်း (၅)လက်မ၊ ဒူးစွန်း (၆½)လက်မခန့်ရှိ ဦးတော်မဲ့ ဘုရား တစ်ဆူကိုလည်း တွေ့ရှိရပါသေးသည်။

* * *ပုံ(ဂ)

ပုံ(ဂ)မှာ မူလ လက်ရှိကျောက်ဆစ် ပလ္လင်တော်ကို ဒီဇိုင်းထုတ်ထားသော ကြာပလ္လင်တော် ဒီဇိုင်းလက်ရာ ဖြစ်ပါသည်။ ဆင်းတုတော်နှင့် ပလ္လင်တော်မှာ တစ်ဆက်တည်းလိုလိုပင် ဖူး တွေ့နိုင်ပါသည်။

ကြာပလ္လင်တော် အမြင့်မှာ (၄)ပေ (၅)လက်မခန့်ရှိပြီး ပလ္လင်တော်အပေါ် တောင်မြောက်အကျယ် (၁၀½)ပေ၊ ပလ္လင်တော်အောက်ခြေ တောင် မြောက်အကျယ် (၁၁)ပေခန့်နှင့် ပလ္လင် တော်၏ အရှေ့အနောက် အကျယ် (၈½)ခန့် တိုင်းထွာတွေ့ရှိရပါသည်။

မြောက်ဦးခေတ်တွင် ဤကြာပလ္လင် လက်ရာမျိုး ရှားပါးလှပါ၏။ လက်ရာ သည်းအလွန်ကောင်းပါသည်။ ပလ္လင် တော်ကို အပေါ်စီးကကြည့်လျှင် ကြိုက် သဏ္ဌာန် မြင်တွေ့နိုင်ပါသည်။

ကြာပလ္လင်တော်၏ ဖွဲ့စည်းပုံမှာ အပေါ်ဆုံးမျက်နှာပြင် အနားများကို လုံးထားပါသည်။ ယင်းအောက်မှ အလယ်တွင် မြောင်းကလေးတစ်ခုစီ ပါသော ကြာဖတ်ငယ်ကလေးများဖြင့် တန်ဆာဆင်ထားပါသည်။

ကြာဖတ်ငယ်ကလေးများ အောက်မှ ဖောင်းလုံးလေးနှစ်ဆင့်၊ ဖောင်းလုံးလေး နှစ်ဆင့်အောက်မှ ကြာလန် အကြီး၊ အငယ်များဖြင့် ကစားထားပါသည်။

ကြာလန်ကြီးများမှာ နှစ်ထပ် ကြာဖတ်ပုံသဏ္ဌာန် တွေ့ရှိရပါ၏။ ကြာဆုံ ခါးလယ်ပိုင်းကို ဖောင်းလုံး အငယ် အကြီး၊အငယ်များဖြင့် ကစား အသုံးပြု ဖွဲ့စည်းထားပါသည်။ ပြီးမှ ကြာမှောက် အကြီး၊အငယ်နှင့် ဖောင်းသုံးဆင့် ခံထားသည်ကို တွေ့ရှိ ရပါသည်။

ကြာမှောက် အကြီး၊အငယ်တွင် အကြီးကို နှစ်ထပ်ကြာဖြင့် ဖွဲ့စည်း အသုံးပြုထားသည်ကို တွေ့ရှိရပါ သည်။ ဤပလ္လင်လက်ရာမျိုးမှာ စံပြု ထိုက်သော လက်ရာမျိုးပင် ဖြစ်ပါ သည်။ ရှေးခေတ်ပညာရှင်များကို လေးစားကြည်ညိုမိပါ၏။

* * *ပုံ(ဃ)

**ပုံ(ဃ)သည်** လက်ရှိမိဖုရားကြီး ဂူတော်၏ အောက်ခြေပန္နက်ပုံ ဖြစ်ပါ သည်။ အောက်ခြေကို စတုဂံပုံသဏ္ဌာန် တွင် အရှေ့ဘက်သို့ မုခ်အထွက်ဖြင့် ဖွဲ့စည်း တည်ဆောက်ထားသော ပုံသဏ္ဌာန် တွေ့ရှိရပါသည်။

မြောက်ဦးခေတ် ဂူတော်ပုံစံများတွင် များသောအားဖြင့် စတုဂံပုံစံမျိုး တွေ့ရှိ ရသည်က များပါသည်။ ဂူတော်ပန္နက် ၏ အတွင်းလိုဏ် အရှေ့အနောက် အကျယ် (၁၈)ပေ၊ တောင်၊မြောက် အကျယ်(၁၂)ပေ၊ အရှေ့ဘက်သို့ ထိုးထွက်သွားသော မုခ်အောက်ခြေ အတွင်း အရှည် (၁၃)ပေခန့်စီ ရှိပါ သည်။

လိုဏ်ဂူတော်နံရံ အောက်ခြေအထူ (၅)ပေခန့် ရှိသည်ကို တိုင်းတာတွေ့ရှိ ရပါသည်။ မုခ်ထွက်ပေါက်အကျယ် (၃½)ပေခန့် ရှိပါသည်။

* * *ပုံ(င)


**ပုံ(င)**မှာ မိဖုရားကြီးဂူတော်ကို ပြုပြင်မွမ်းမံ တည်ဆောက်ပြီးစီးသွား သောအခါ တွေ့မြင်ရမည့် မိဖုရားကြီး ဂူ ဘေးမှမြင်ရပုံကို ဆွဲထားသောပုံ ဖြစ်ပါသည်။


လက်ရှိအခြေအနေ ကျန်ရှိနေသေး သော ပုံ(က)ကို အခြေခံ၍ ရေးဆွဲ ထားခြင်းဖြစ်ပါသည်။ ကျန်ရှိနေသေး သော လိုဏ်ဂူတော်တွင် အပေါ်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com




● မိဖုရားကြီးဂူကို ဘေးမှ မြင်ရပုံ

မတွေ့ရှိနိုင်တော့ပေ။

**ပုံ(င)တွင်** တွေ့ရှိရသော အပေါ်ပိုင်းပုံစံကို မြောက်ဦးခေတ်လယ်မှ မယ်တော်ကြီးဂူပုံစံ အပေါ်ပိုင်းကိုယူ၍ ရေးဆွဲထားခြင်းဖြစ်ပါသည်။

မယ်တော်ကြီးဂူတော်သည် ရတနာမာန်အောင်စေတီတော်ကြီး၏ အနောက်တောင်ထောင့်တွင် ကပ်လျက်ရှိပါသည်။

**ပုံ(င)**ဂူတော်အမြင့်မှာ အောက်ခြေမှ အပေါ်ဖောင်းအထိ (၁၃)ပေ၊ အပေါ်ဖောင်းမှ ထိပ်ဆုံးထိ (၇)ပေ စုစုပေါင်း အမြင့်ပေ (၂၀)ခန့် ရှိပါလိမ့်မည်။ ဂူတော် ပင်မအောက်ခြေအကျယ် (၃၀)ပေနှင့် မုခ်အပြင် အကျယ်(၇)ခန့် ရှိပါသည်။ မုခ်ဦး တုရင်တိုင်ထိပ် (၁၆)ပေ ရှိပါသည်။

ဂူတော်အပြင်ဘက်ကို အောက်ခြေတွင် ဖောင်း၊ မို့ချော၊ ဖောင်းလုံးများဖြင့် ဖွဲ့စည်းမွမ်းမံထားပါ၏။ ဂူနံရံအလယ်လောက်တွင် အလင်းပေါက် တောင်,မြောက် တစ်ဖက်တစ်ပေါက် ထည့်ထားသည်ကို တွေ့ရှိရပါ၏။

အပေါ်ပိုင်းကို ဖောင်းလုံး၊ မို့ချောများဖြင့် အဆင့်ဆင့် ဖွဲ့စည်းတည်ဆောက်သွားသည်ကို တွေ့ရှိရပါလိမ့်မည်။ မုခ်ထွက်အရှေ့ဘက် မျက်နှာပြင်အောက်ခြေကို လေးထောင့်ဖောင်း၊ မို့ချော၊ လိုင်သီးတို့ဖြင့် တန်ဆာဆင်ထားပါသည်။

လိုဏ်ဂူတော်အတွင်းထဲ မုခ်အထွက်တွင် ဂူတော် မူလ တည်ဆောက်ခဲ့စဉ်ကာလက တပ်ဆင်ခဲ့သော ကျောက်တံခါးကွင်းကြီး တစ်ဖက်တစ်ကွင်းကိုလည်း ယခုထိ တွေ့မြင်နိုင်ပါသေးသည်။ လိုဏ်ဂူတော်မှာ ရိုးရှင်းခိုင်ခံ့စွာ တည်ဆောက်ခဲ့သောပုံစံမျိုး ဖြစ်ပါသည်။

* * *ပုံ(စ)

**ပုံ(စ)မှာ** မိဖုရားကြီးဂူတော်နှင့် မဟာရံတံတိုင်း ပန္နက်ပုံစံဖြစ်ပါသည်။ ဂူတော် တည်ဆောက်ထားသော ကုန်းတော်တစ်ခုလုံးကို မဟာရံတံတိုင်းဖြင့် လေးဖက်လေးလံ ကာရံထားသည်ကို တွေ့ရှိရပါသည်။

လက်ရှိအခြေအနေတွင် မဟာရံတံတိုင်းမှာ ကျောက်တုံးများ ဖရိုဖရဲ ပြန့်ကြဲပြီး ပန္နက်ရာလောက်သာ တွေ့ရှိနိုင်ပါသည်။ လိုဏ်ဂူတော်မှ အရှေ့, အနောက် (၃၃)ပေခန့်စီ မဟာရံတံတိုင်းထိ ရင်ပြင်တော် ကျယ်ဝန်းပါသည်။ တောင်,မြောက်ထိ ရင်ပြင်တော် အကျယ်မှာလည်း (၂၇)ပေခန့်စီ ရှိပါသည်။

မဟာရံတံတိုင်းတွင် အရပ်လေးမျက်နှာစလုံး တက်လမ်းလှေကားများ ရှိလိမ့်မည်ဟု ခန့်မှန်းရပါသည်။ တောင်ဘက်နှင့် အရှေ့ဘက်တို့တွင် မဟာရံတံတိုင်းနှင့်ဆက်၍ တက်လမ်းလှေကားများ သေချာစွာ တွေ့ရှိရပါသည်။

မြောက်ဘက်နှင့် အနောက်ဘက်တွင် ခန့်မှန်းခြေ လှေကားသာ ဖြစ်ပါသည်။ သေချာစွာ တွေ့ရှိရသော လှေကားများမှာ အကျယ် (၇)ပေ၊ အရှည်(၁၀)ပေခန့်စီ ရှိကြပါသည်။ မဟာရံတံတိုင်းတော်အထူမှာ (၄)ပေခန့် ရှိပါသည်။


လိုဏ်ဂူတော် တည်ဆောက်ထားသော တောင်ကုန်း၏ အရှေ့ဘက်တောင်ခြေရင်းတွင် သိမ်တိုင်တစ်တိုင် စိုက်ထူထားသည်ကို တွေ့ရှိရပါသည်။ သိမ်တိုင်မှာ မြေပေါ်အမြင့် (၂[illegible])ပေ၊ အချင်း(၁)ပေခန့် ရှိပါသည်။


မိဖုရားကြီးဂူတော် တည်ဆောက်စဉ်ကတည်းကပင် စိုက်ထူခဲ့သော သိမ်တိုင်လား၊ ယခုမှ စိုက်ထားသော သိမ်တိုင်လား ဆိုသည်ကို တူးကြည့်လျှင် သိနိုင်ဖွယ် ရှိပါသည်။ လိုဏ်ဂူတော်နှင့် မဟာရံတံတိုင်းမှ [illegible]ကျသွားသော ကျောက်[illegible]ကျောက်ခဲ



www.burmeseclassic.com

www.burmeseclassic.com





◄ မိဖုရားကြီးဂူ ဖြတ်ပိုင်းပုံ

ဂူတော်ရှေ့မြင်ပုံ ►

တချို့မှာ တောင်အောက်ခြေ ဘေး ပတ်ဝန်းကျင်တွင် ပြန့်ကျဲနေပါသည်။

လိုဏ်ဂူတော်၏ အရှေ့တောင်ဘက် မဟာရံတံတိုင်းအပြင်ဘက် (၅)ပေခန့် အနိမ့်လောက်တွင် ကျောက်ပုံယံ တစ်ပုံကို တွေ့ရှိရပါသည်။ ဘုရားကျိုး နှင့် ကျောက်ပလ္လင် အပိုင်းအစများ တွေ့ရပါ၏။ မိဖုရားကြီးဂူတော်၏ အရံ ဘုရားတစ်ဆူ ဖြစ်လိမ့်မည်ဟု ယူဆရ ပါသည်။

ကျောက်ပုံထဲမှ တွေ့ရှိရသော ဘုရားကျိုးတစ်ဆူ ဒူးစွန် အကျယ်(၃) ပေခန့်၊ ခါးဆစ်အထိ အမြင့် (၁)ပေ၊ ခါးတော်အချင်း (၁၀)လက်မခန့် ရှိပါ သည်။ ပလ္လင်တော်၏ ပုံသဏ္ဌာန်မှာ လည်း ကြာပလ္လင်ဖြစ်မည်ဟု ယူဆရ ပါသည်။

အကျယ်(၁)ပေ၊ အမြင့်(၈)လက်မ၊ အထု (၁)ပေခန့်ရှိသော ကြာမှောက် ကြာပလ္လင် တစ်ပိုင်းတစ်စကို တွေ့ရှိရပါ သည်။ ကြာနှစ်ထပ် ကြာပွင့်ဖတ်နှင့် ကြာသေးပွင့်ဖတ်ကို ကြားညှပ် အသုံး ပြုထားပါသည်။ ကြာဖတ်ကို ထက်,အောက် ဖောင်းလုံးဖြင့် ညှပ် ထားပါ၏။

နောက်ထပ် အပိုင်းအစတစ်ခုမှာ ပလ္လင်တော် ခါးလယ်မှ အပိုင်းအစဟု ထင်ရပါသည်။ အကျယ် (၁၀)လက်မ၊ အထု (၅)လက်မ၊ အမြင့်(၅)လက်မ ခန့် ကျောက်တုံးပေါ်တွင် ကြာဖတ် ကလေးများကို အပေါ်,အောက် ညှပ် ထည့်ပြီး အလယ်တွင် ဖောင်းပြားကြီး တစ်ခုခံကာ အသုံးပြုထားပါသည်။

ကျန် ကျောက်တုံးတစ်တုံးမှာလည်း တြိဂံနှစ်ထပ် အနားသတ်ပုံသဏ္ဌာန် ရွှေလုံး(ပုတီးလုံး)များဖြင့် တန်ဆာဆင် ထားသည်ကို တွေ့ရှိရပါသည်။ အကျယ် (၁)ပေ(၄)လက်မ၊ အမြင့် (၅)လက်မ၊ အထု (၁၁)လက်မခန့် ရှိပါသည်။ ပလ္လင်တော်အပေါ် အနား သတ် ကျောက်ဆစ်လက်ရာ ဖြစ်မည်ဟု ယူဆရပါသည်။

ဤအရံဘုရား ကျောက်ပုံယံထဲ တွင် အုတ်ကြွပ်ပြားများလည်း တွေ့ရှိရ ပါ၏။ ချိတ်ပါသော အုတ်ကြွပ်ပြားများ ဖြစ်သည်။ ကိုးသောင်းပုထိုးတော်ကြီး ကဲ့သို့ အုတ်ကြွပ်ဖြင့် မိုးခဲ့လေသလား ဟု စဉ်းစားဆင်ခြင်ဖွယ် ရှိပါသည်။ ကိုးသောင်းပုထိုးတော်နှင့် တစ်ခေတ် တည်း ပြိုင်တည်ခဲ့သော အဆောက် အအုံများလည်း ဖြစ်ပါသည်။

မိဖုရားကြီးဂူတော်မှာ အေဒီ (၁၆) ရာစု မြောက်ဦးခေတ် စံထားလိုက်သော ဂူတော်ကြီး ဖြစ်ပါသည်။ ဆင်းတုတော် နှင့် ပလ္လင်တော်မှာလည်း လေးမြို့ခေတ် လက်ရာကို အခြေခံ ထွင်းထုတည် ဆောက်ထားသောကြောင့် အလွန် လက်ရာမြောက်ပြီး ကြည်ညိုဖွယ် ကောင်းလှပါ၏။

မိဖုရားကြီး စောသန္တာ၏ ကောင်းမှု တော်ကို ထပ်မံ သာဓုခေါ်လိုက်ရပါ သည်။

'သာဓု သာဓု သာဓု'

***ကျေးဇူးရှင် မိဘ၊ ဆရာသမားများကို ဦးထိပ်ပန်ဆင် ကန်တော့လျက်...***

> **ပန်းချီထူးလှ**
> ***(ရွှေဟောင်း၊ သုတေသန)***

မှတ်ချက်

မြောက်ဦးမြို့ ထင်ရှားသော ဘုရား သမိုင်းနှင့် ကိုယ်တိုင်ကွင်းဆင်းမှုကို အခြေခံ၍ ဤဆောင်းပါးကို ရေးပါ သည်။



www.burmeseclassic.com

www.burmeseclassic.com

ကောင်းဒိန် (သခ္ချာမြေ) ဝက်လက်

# အဌလက်စကြာ

## တွက်နည်းနှင့် အဟော

မြန်မာ့ရိုးရာဗေဒင်ပညာ၌ မွေးနံ ဂြိုဟ်တို့ကိုမူတည်၍ မဟာဘုတ်သက်ရောက်ဂြိုဟ်စား စသဖြင့် တွက်နည်း ဟောနည်းပေါင်း များစွာရှိ၏။

ယခု ကျွန်ုပ်လေ့လာ၍ တင်ပြမည်ဖြစ်သော "**အဌလက်စကြာ**"တွက်နည်းသည်လည်း မွေးနံ သက်ရောက်ဂြိုဟ်စားတို့ကို ကိန်းညှိ ထပ်ဆင့်၍ တွက်ယူရသော နည်းတစ်နည်း ဖြစ်ပါသည်။

ထိုနည်းနှင့် တွက်ကြည့်လိုသူအတွက် ဝါသနာရှင်သည် ပထမဦးစွာ အဌလက်အိမ်နှင့် ဂြိုဟ်စား သက်ရောက်ဂြိုဟ်သက်တို့ကို ကျွမ်းကျင်စွာ သိထားရပါမည်။

**ဂြိုဟ်နေရာအရပ် ဂြိုဟ်သက်နှင့် အဌလက်အိမ်တို့ကို အောက်တွင် ရေးပြပါမည်။**

* * *

၁။ **ဒနွေဂြိုဟ်သည် အရှေ့မြောက်ထောင့်တွင်နေ၍ ဂြိုဟ်သက် (၆)နှစ်**
၂။ **၂လာဂြိုဟ်သည် အရှေ့အရပ်တွင်နေ၍ ဂြိုဟ်သက် (၁၅)နှစ်**
၃။ **ဒုဂါဂြိုဟ်သည် အရှေ့တောင်ထောင့်တွင်နေ၍ ဂြိုဟ်သက် (၈)နှစ်**
၄။ **ဗုဟူးဂြိုဟ်သည် တောင်အရပ်တွင်နေ၍ ဂြိုဟ်သက် (၁၇)နှစ်**
၅။ **စနေဂြိုဟ်သည် အနောက်တောင်ထောင့်တွင်နေ၍ ဂြိုဟ်သက် (၁၀)နှစ်**
၆။ **၅တေးဂြိုဟ်သည် အနောက်အရပ်တွင်နေ၍ ဂြိုဟ်သက် (၁၉)နှစ်**
၇။ **ရာဟုဂြိုဟ်သည် အနောက်မြောက်ထောင့်တွင်နေ၍ ဂြိုဟ်သက်(၁၂)နှစ်**
၈။ **ဖြကြာဂြိုဟ်သည် မြောက်အရပ်မှာနေ၍ ဂြိုဟ်သက် (၂၁)နှစ်**

အထက်ပါတို့သည် ဂြိုဟ်တို့၏ တည်နေရာနှင့် ဂြိုဟ်သက်အသီးသီး ဖြစ်ပါသည်။

အဌလက်အိမ်ဆွဲပြပါမည်။

တစ်ဖက်တွင် ရေးဆွဲပြထားသော

| | | |
|---|---|---|
| ၁/၆ | ၂/၁၅ | ၃/၈ |
| ၆/၂၀ | | ၄/၁၇ |
| ၈/၁၂ | ၅/၁၉ | ၀/၁၀ |

### အဌလက်အိမ်တွင် ဂြိုဟ်တို့နှင့် ဂြိုဟ်သက်တို့ တည်နေပုံ

အဌလက်အိမ်တွင် အထက်ဂြိုဟ်တို့ ဖြစ်ပြီး အောက်မှာ ၎င်းဂြိုဟ်သက်တို့ဖြစ်ပါသည်။ **((၀)သုညကို စနေဂြိုဟ်ဟုယူပါသည်။)**

ဂြိုဟ်အသီးသီးတို့ ရပ်တည်ရာအရပ်နှင့် ဂြိုဟ်သက်တို့ကို သိကျွမ်းပြီဆိုလျှင် ပထမ သက်ရောက်တွက်နည်းကို အရင်တွက်ယူရပါမည်။

သက်ရောက်တွက်နည်း

သက်ရောက်ဂြိုဟ် တွက်ရန်အတွက် တွက်လိုသူ၏ရောက်သက်ကို တည်ပြီး(စ)နှင့် စားပါ(လဒ်မလို) အကြွင်းကို အဌလက်အိမ်တွင် မိမိမွေးနံဂြိုဟ်မှစ၍ လက်ယာရစ်ထောက်ပါ။ ကျရောက်ရာအိမ်ရှိ ဂြိုဟ်သည် သက်ရောက်ဂြိုဟ်ဖြစ်၏။

***(သက်ရောက် အဟောသည်လည်း သီးသန့်ရှိပါသည်။)***

ဒုတိယအနေနှင့် ဂြိုဟ်စားကိုတွက်ရပါမည်။

ဂြိုဟ်စားတွက်နည်း


ဂြိုဟ်စားတွက်နည်းမှာ **မိမိရောက်သက်ကိုတည်ပြီး အဌလက်အိမ် မွေးနံဂြိုဟ်သက်မှစတင်၍ ကျန်ဂြိုဟ်သက်အသီးသီး လက်ယာရစ် လှည့်နုတ်ပါ။ မနုတ်လောက်ရာ ဂြိုဟ်သည် မိမိ၏စားဂြိုဟ် ဖြစ်ပါသည်။** *(ဂြိုဟ်စားအဟောလည်း သီးသန့်ရှိပါသည်။)*

**(ရှင်းလင်းစွာသိရှိရန် နောက်ပိုင်းတွင် နမူနာအဖြစ် လက်တွေ့တွက်ပြပါမည်။)**

ဂြိုဟ်သက် သက်ရောက် ဂြိုဟ်စားတို့ကို သိပြီဆိုလျှင် ယခုဆက်လက်ပြီး "အဌလက်စကြာ"တွက်နည်းကို ရေးပါမည်။

အဌလက်စကြာ တွက်နည်း(လေ့)ဟာ

အောင်သာလှ၊ ငနေသစ်၊ ...ရှစ်တောင်၊






www.burmeseclassic.com

www.burmeseclassic.com

ရောက်အောင်ထိုး၊ တိမ်မိုးသာ၊ မြစ်ညာဝ၊
ရောက်လွယ်အောင်၊ သောင်ဖွေးဖွေး၊ အဌ
လက်အိမ်တွင်ရေး။

အဌလက်အိမ်တွင် အထက်ပါ လင်္ကာအတိုင်း ၁နွေအိမ်မှ အစပြု၍ လက်ယာရစ်ချရာတွင် အောက်ပါ အတိုင်း တွေ့ရမည်ဖြစ်၏။




အဌလက်စကြာပုံ

အထက်ပါ အဌလက်အိမ်တွင် ဂြိုဟ်နေပုံတို့ကိုသိပြီဆိုလျှင် အောက်ပါတွက်နည်းကို ဆက်လက်ကြည့်ပါ။


တွက်နည်း

တွက်လိုသူ၏ မွေးနံဂြိုဟ်သက်၊ ဂြိုဟ်စား ဂြိုဟ်သက်၊ သက်ရောက်ဂြိုဟ်သက် စသည့် သုံးမျိုးလုံးကိုပေါင်းပါ။

ထိုသို့ပေါင်းပြီးလျှင် (၈) နှင့်စားပါ။ (လဒ်မလို) စားကြွင်းအတိုင်း (သက်ရောက်တွက်သကဲ့သို့) မိမိမွေးနံဂြိုဟ်အိမ်မှ လက်ယာရစ်ထောက်ပါ။ ကျရောက်ရာအိမ်မှ အဟောတို့ကို အောက်တွင်ဆက်လက်၍ ဖတ်ကြည့်ပါ။

အဌလက်စကြာအဟော

○ **၁နွေအိမ်သို့ကျသော်**... ၄ဟူး ဗြဲကြာဂြိုဟ်တို့ တွေ့သောကြောင့် အကြီးအကဲ မိကြီးဖိတွေးရောက် မုဆိုးမ ရောက်လျှင် အငြင်းအခုံ ဖြစ်ရတတ်၏။ ထိုသို့မဖြစ်လျှင် အခြေနှစ်ချောင်းဝင် မည်။ အရှေ့မြောက် အနောက်တောင်



ကဝင်လျှင် လက်မခံနှင့် မီးကိန်း၊ ခိုး ကိန်းရှိသည်။

○ **၂လာအိမ်သို့ကျသော်**... စနေ ဗြဲကြာနှင့် တွေ့သောကြောင့် အကြီးအကဲ ကြောင့် မိမိမှာ စိတ်အနှောင့်အယှက် ဖြစ်မည်။ ယာယီကိန်းရှိ၍ ပြောင်းရ ရွှေ့ရ ခရီးမကြာခဏ ထွက်ရတတ်၏။ သူတစ်ပါး အဖျက်ရှိ၍ သတိပြုပါ။

○ **၃ဂါအိမ်သို့ကျသော်**... စနေရာဟု ဂြိုဟ်တို့နှင့်တွေ့သောကြောင့် နတ်စုန်း တစ္ဆေနှောင့်ယှက်၊ အစာမကြေ လေ ရောဂါရတတ်၊ သွေးနာဖြစ်တတ်၏။ ဆွံ့သော၊ အသော အစွေအစောင်းသူ တို့ ဖျက်ဆီးတတ်၏။ သမီးငါးယောက် တွင် နှစ်ယောက်က ခွဲခွာသွားတတ်၏။

○ **၄ဟူးအိမ်သို့ ကျရောက်သော်**... ၁နွေ စနေတွေ့သောကြောင့် ရာဟု အရပ်သို့ ပြောင်းရွှေ့ရတတ်၏။ အရှေ့ တောင်၊ အနောက်မြောက်အရပ်ကို ရှောင်ပါ။ ပြဿနာ တွေ့ရတတ်၏။ အခြေလေးခု အရှေ့မြောက်ကဝင်မည်။ အနောက်တောင်မှ အနီရောင်၊ အနက် ရောင်ပစ္စည်းဝင်လျှင် လက်မခံပါနှင့်။

○ **စနေအိမ်သို့ ကျရောက်လျှင်**...
၂လာ ဗြဲကြာ တွေ့သောကြောင့် ခရီးယာယီရှိသည်။ အကြီးအကဲမှ အနှောင့်အယှက်ဝင်တတ်၏။ အခြား နေရာသို့ အပြောင်းအရွှေ့ရှိသည်။ အဖျားအနာ ဖြစ်တတ်သည်။

○ **၅တေးအိမ်သို့ ကျရောက်လျှင်**... ၃ဂါ ၄ဟူး တွေ့သောကြောင့် အနာ ရောဂါဖြစ်တတ်၏။ လူဝင်ကိန်းရှိသည်။ လူနှစ်ယောက်မှ ဖျက်ဆီးတတ်၏။ အတွင်းရန်ရှိ နာတာရှည်ရောဂါသည် ရှိတတ်၏။ စိတ်လက်မကြည်သာ ခိုး ကိန်း၊ မီးကိန်း တွေ့ရတတ်သည်။

○ **ရာဟုအိမ်သို့ ကျရောက်လျှင်**... ၄ဟူး၁နွေနှင့်တွေ့သောကြောင့် လေ ရောဂါ ဦးခေါင်းကိုက်ခဲသောရောဂါ ရတတ်၏။ လူပုဂ္ဂိုလ်တစ်ဦး ဝင်တတ် သည်၊ စိတ်လက်မကြည်သာ ဖြစ်တတ် ၏။ နာတာရှည်ရောဂါ ဖြစ်တတ်သည်။ မီးကိန်း၊ ခိုးကိန်း ကြုံရတတ်သည်။

○ **ဗြဲကြာအိမ်သို့ ကျရောက်လျှင်**... ၅တေးနှစ်ခု တွေ့မည်ဖြစ်၍ မြောက် အရပ်မှာ လာဘ်ရမည်။ မုဆိုးမနှစ် ယောက် ဝင်လာကိန်းရှိ၏။ လက်မခံနှင့်၊ စကားအရှုပ်အရှင်း ဖြစ်တတ်သည်။

အထက်ပါ အဟောတို့သည် အကျဉ်း မျှသာဖြစ်၍ အိမ်ရှင်ဂြိုဟ်နှင့် ရောက် လာသော ဂြိုဟ်တို့၏ မိတ်ရန်ဖြစ်သည် ကိုလည်းကောင်း ဂြိုဟ်တို့၏ ပရိယာယ် ကိုသော် လည်းကောင်း အကျယ်သဖြင့် ဝေဖန်ကာ ဟောပြောနိုင်ပါသည်။

အဌလက်စကြာ သက်ရောက် သည့် တစ်နှစ်တာအတွက်ဖြစ်၍...

"**အောင်စံအဝင်သာဘင်အလယ် ရွှေဝစက်မှာ ခပ်သိမ်းသာ**"ဆိုသည့် အလင်္ကာအတိုင်း ကျရောက်ရာ နှစ်စ အလယ် အဆုံး လပိုင်းတို့ကို ပိုင်းဖြတ် ၍ ဟောနိုင်ပါသည်။

ဥပမာ။ ။ ၁၃၄၂ခု ကဆုန် လပြည့်ကျော် (၇)ရက် ၂လာသား ကို နမူနာအဖြစ် တွက်ပြပါမည်။

၁၃၇၅–ခု၊ သီတင်းကျွတ်လပြည့်



www.burmeseclassic.com

www.burmeseclassic.com

**နေ့၌ တွက်ကြည့်မည်ဆိုပါစို့...**

**၁၃၄၂-ခု၊ ကဆုန်လပြည့်ကျော် (၇)ရက်မွေးသူသည်** တွက်၍ ကြည့်သော ၁၃၅၉-ခု၊ သီတင်းကျွတ်လပြည့် နေ့၌ သူ၏အသက်သည် **(၁၃)နှစ်နှင့် (၄)လ၊ (၁၅)ရက်ရောက်ပြီဖြစ်၍** (၁၄)နှစ်နှင့် သက်ရောက်တွက်ရာ ...

၈ ÷ ၁၄ - ၄ (မလို)

၁၂
၂ = အကြွင်း

| | မွေးနံ | +သက်ရောက် |
|---|---|---|
| ၁ | ၂ | ၃ |
| ၆ | | +ဂြိုဟ်စား ၄ |
| ၈ | ၅ | ၀ |

အဌလက်အိမ်

၂ခုကြွင်းကို မွေးနံ ၂လ်ာမှစ၍ ထောက်ရာ ၃ဂ်ါအိမ် သက်ရောက်ဖြစ်ပါသည်။

ဂြိုဟ်စားတွက်ပုံ

| | | |
|---|---|---|
| ၂လ်ာသားရောက်သက် | = | ၁၄ နှစ် |
| မွေးနံ ၂လ်ာဂြိုဟ်သက် | = | -၁၅ နှစ် |
| | | ၁၉ |
| ၃ဂ်ါဂြိုဟ်သက် | = | -၈ |
| | | ၁၁ |
| ၄ဟူးဂြိုဟ်သက် | = | -၁၇ မနုတ်လောက်၍ ၄ဟူးဂြိုဟ်စား ဖြစ်ပါသည်။ |

အဌလက်စကြာအတွက်

| | | |
|---|---|---|
| မွေးနံဂြိုဟ်သက် | = | ၁၅နှစ် |
| သက်ရောက်ဂြိုဟ်သက် | = | ၈နှစ် |
| ဂြိုဟ်စားဂြိုဟ်သက် | = | ၁၇ |
| စားကိန်း | ၈ ÷ | ၄၀ - ၅(မလို) |
| | | ၄၀ |
| | | ၀ (သုညကို ရှစ်ခွင်ယူသည်။) |

**အကြွင်း(၀)ဖြစ်သဖြင့်** မွေးနံ ၂လ်ာ အိမ်မှ စကြာကိန်းတွင် ထောက်ကြည့်ရာ ၁-နေ့အိမ်သို့ ရောက်နေပြီဖြစ်ကြောင်းကို တွေ့ရပါသည်။

***သုနက္ခတ္တ ကောင်းသောနက္ခတ်နှင့်ကြုံ၍ ကောင်းကျိုးသုခ ရရှိကြပါစေ။***

***ကောင်းခန့် (သခွတ်မြေ)***
***ဝက်လက်***

၁၃၁၂ ခုနှစ်တွင် နန္ဒမူလိုဏ်ဂူတွင်းထားရှိသော ဝါးချက်ဆရာတော်၏ ပုရပိုက်မှ ဘိုးမင်းခေါင် ကူးယူပေးသော ဆေးနည်းဖြစ်သည်ဟု ဆရာဦးကျော်ညွန့်က ပြောပြသည်။

စိတ်ဝေဒနာရှင်များအား ကုသရန် ဖြစ်၍ ငွေကြေးတောင်းခံခြင်း မပြုရ။ သုရာမေရယနှင့် ကာမေသု ကံနှစ်ပါး ထိန်းသိမ်းကာ ကုသပေးရသည်။

**"ပင်၊ ကုံ၊ ကြံ၊ ငါး၊ ဆတ်၊ ဘုံ၊ များ"**ခုနစ်မျိုး ပါဝင်သည်။

| | |
|---|---|
| ပင်လယ်ငှက်သိုက် | (၁)ကျပ်သား။ |
| ကုံကုမံ | (၁)ကျပ်သား။ |
| ကြံသွေး | (၁)ကျပ်သား။ |
| ငါးကြီးအနံ့ဖတ် | (၁)ကျပ်သား။ |
| ဆတ်ချိုနု | (၁)ကျပ်သား။ |
| ဘုမ္မရာဇ | (၃)ကျပ်သား။ |
| ပျားရည် | (၁)ကျပ်သား။ |

**၁၂၈ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**

# စိတ်ရောဂါကု

ဆေးနည်း

**[ဘုမ္မရာဇ(၃)ကျပ်သား၊ ကျန်(၁) ကျပ်သားစီ]**



ပျားရည်မှ လွဲ၍ ကျန်ဆေးမည်များ အမှုန့်ပြု၊ ပျားရည်နှင့် တေကာ **ကတိုး** သင့်အောင်ထည့်၊ ကြွေအုပ်တွင် လုံအောင် ပိတ်ပြီးနောက် ပေါင်းရသည်။

ဆေးကျက်လောက်သောအခါ တစ်ခါကျွေး ရွေးကြီး(၂)ရွေးစား။ နံနက်၊ ညနှစ်ကြိမ် ကျွေးရသည်။ ရက်အနည်းငယ်အတွင်း သိသာ၏။

စိတ်ဝေဒနာရှင်များသည် ဓာတ်ချုပ်ကာ စမြင်းခံလေ့ရှိသည်။ ထို့ကြောင့် ဝမ်းနုတ်ဆေးကို အောက်ပါအတိုင်း ဖော်စပ်ရသည်။

မန်ကျည်းမှည့် (၃)ကျပ်သား။

**ပွေးကိုင်း၊ ထန်းလျက်၊ ပျားရည်၊ အလိုကျူ၊ ကြွေပုပ်၊ ဆားပုပ်၊ ရှိန်းရှိန်းဆား စသည် (၇)မျိုး** (၁)ကျပ်သားစီ ရော၍ လူနာအင်အားကို ကြည့်ကာ တိုက်ကျွေးရသည်။

**အပူကြောင့်ဖြစ်သော စိတ်ဖောက်ပြန်ခြင်းအတွက်...**

| | |
|---|---|
| ကုံကုမံ | (၈)ပဲ |
| ကျောက်သွေး | (၁)ကျပ်သား |
| စစ်ကလင်းသကြားဆီ | (၁)ကျပ်သား |

ရောလျက် တစ်နေ့တစ်ကြိမ် (၄)ရွေးခန့် တိုက်ကျွေးရသည်။

ဤဆေးသည် မောပန်းခြင်း၊ မူးဝေခြင်း၊ အားအင်နည်းပါးခြင်း၊ နှလုံးရောဂါ ဝေဒနာရှင်များအတွက်ပါ အကျိုးရှိစေသော ဆေးဖြစ်သည်ဟု ဆိုလေသည်။

**(ပျော်ဘွယ်မြို့မရပ်မှ ဆရာကြီးဦးကျော်ညွန့် ဇီဝိတဒါနပြုသော ဆေးနည်းများ ဖြစ်သည်။)**

**ဆေးသုတေသီတစ်ဦး**

www.burmeseclassic.com

www.burmeseclassic.com

အဓိဋ္ဌာန်မာသ ပြည့်ဝသော နောက်ဆုံးနေ့တွင် ဆရာဦးမောင်မောင်သွင်နှင့် အမှတ်မထင် ဆုံတွေ့လိုက်ရသည်။

ဆရာသည် မော်လမြိုင်တက္ကသိုလ် ရူပဗေဒဌာနမှ ကထိကဆရာတစ်ဦးဖြစ်ကာ နက္ခတ္တဗေဒနှင့် အင်္ဂဝိဇ္ဇာပညာရပ်များအား ဝါသနာအလျောက် ဆည်းပူး လေ့ကျက်ထားသူလည်း ဖြစ်သည်။

'အဓိဋ္ဌာန် အောင်မြင်တဲ့နေ့မှာ အောင်ဓာတ်ယူပြီး ဦးဖိန်စေတီမှာ အောင်နိမိတ်ထူတာ အကောင်းဆုံးပေါ့'

'အင်္ဂဝိဇ္ဇာသဘောအရ ပြောတာလား ဆရာ'

'အင်းလေ... မောင်ရင်က အင်္ဂါသားဆိုတော့ ''စစ်''ကစပြီး အင်္ဂဝိဇ္ဇာတိုင်ထူကြည့်ပါလား။


* * *

၀
၄
၁
၃
၆
၂
၅

ကိုင်း...စနေက တိုင်ထိပ်ရောက်နေတယ်။ အောင်နိမိတ်ယူတဲ့အခါ အင်္ဂါ၊ စနေတွဲပြီး ဦး ဖိ+နစေတီမှာ ဆုတောင်းပန္နက်ထူတာ မသင့်ပေဘူးလား'

'သိပ်ကောင်းပါတယ် ဆရာ၊ တခြားနေ့သားတွေအတွက်ကော အဆင်ပြေပါ့မလား'

'အင်္ဂါသားမို့ ဦးဖိန်သွားတာ မဟုတ်ဘူး။ အင်္ဂါဂြိုဟ်ရဲ့ ပရိယာယ်ကိုက အတိုက်အခိုက် ကိုယ်စားပြုဂြိုဟ်နိုကြီးပဲ။ အတိုက်အခိုက် မရှိဘဲ အောင်မြင်မှု ဖြစ်မလာဘူး။ ဒါကြောင့်



ရင်ပြင်တော်မှ ဖူးမြင်ရသည့် ဖိန်မော်အောင်စေတီ

နယ်လှည့်ဘုရားဖူးတစ်ခေါက်

# ဦးဖိန်ဘုရားမှာ


အောင်ဆုပန်ပါ

အောင်ဓာတ်အတွက် အင်္ဂါကိုတည်ပြီး အမြင့်ဆုံး ပဉ္စမဂြိုဟ်စနေနဲ့ တွဲသုံးကြတာပေါ့'

'ဆရာပြောတော့မှ သတိရတယ်၊ ဦးဖိန်ဘုရားသမိုင်းမှာ အောင်ဓာတ်ဆင် အောင်မြင်ခဲ့ရတဲ့အကြောင်းပါ'

'ဟုတ်တယ်... မဟာသက္ကရာဇ် ၁၁၁ ခုနှစ်၊ ဘုရားရှင် (၈)ဝါအရမှာ ရာမညတိုင်းကို ဒေသစာရီ ကြွလာ

www.burmeseclassic.com





◆ စေတီတော်မှ သံလွင်မြစ်၊ ဘီလူးကျွန်း
နောက်ခံနှင့် ရှင်ဥပဂုတ္တတန်ဆောင်း

◆ မြောက်ဘက်နံရံ တောင်ရိုးလမ်းမှ
ဖူးတွေ့ရသော ဇိနမာရ်အောင်စေတီ

◆ ၁၂၉၃ ခုနှစ်တွင် ဒေါ်မယ်ငြိမ်ကောင်းမိသားစု
လှူဒါန်းခဲ့သော ခေါင်းလောင်း



တော့ နာဂဝီသတောင်တန်းပေါ် သီတင်းသုံးနေတဲ့ ဣသိဇိနရသေ့ကို ဆံတော်(၇)ဆူ ပေးသနားခဲ့တယ်။ (၇)ရက်သားသမီးတို့အတွက် ရန်အပေါင်း အောင်မြင်စေရာ အောင်မြေစေတီအဖြစ် **"ဇိနမာရ်အောင်"** စေတီတည်ခဲ့တယ်။

ခေတ်အဆက်ဆက် မင်းနဲ့ ပြည်သူတို့ မွမ်းမံ ထိန်းသိမ်းခဲ့ကြပြီး ကောဇာသက္ကရာဇ် ၁၂၄၆ ခုနှစ်မှာ ရသေ့ကြီး ဦးဇိနမှ တစ်ဖန် မွမ်းမံတည်ထား ပြန်တယ်။ စေတီအပြီးသတ်ဖို့အတွက် ပါရမီပဋ္ဌာန်းဆက် လိုအပ်နေတာကြောင့် နှောင့်နှေးခဲ့ရတယ်။

၁၂၄၇ ခုနှစ်ရောက်တော့ ရွှေကျောင်းဒါယကာ ဦးမိုး၊ ဇနီးဒေါ်မယ်ငြိမ်ကောင်းတို့ ကုသိုလ်စေတနာပေါင်းစည်းပြီး အဆင်ပြေ ချောမွေ့စွာ တည်ဆောက် မွမ်းမံနိုင်ခဲ့တယ်။

၁၂၅၄ ခုနှစ်မှာ ကျောက်စာထူ ရေစက်ချ အောင်မြင်ခဲ့တယ်။

အဲဒီမှာ ဒါယိကာမကြီး "ဒေါ်မယ်ငြိမ်ကောင်း"ကို အစွဲပြု အောင်မြင်ရတယ်လို့ ဆိုတယ်။ ဇိနသသမာရ်ငါးပါး အောင်မြင်တဲ့စေတီအတွက် မယ်ငြိမ်ကောင်း=ကြာသပတေး+ တနင်္လာ ပဋ္ဌာန်းတွဲလို့ အောင်ဓာတ်ယူ အောင်မြင်ခဲ့တာကွယ်'

ဆရာ့အား နှုတ်ဆက်ကာ မော်လမြိုင်တောင်ရိုးတစ်လျှောက် လျှောက်လာခဲ့ရာ လှပသာယာသော မော်လမြိုင်မြို့ရှုခင်းနှင့် သံလွင်မြစ်၊ ဘီလူးကျွန်းမြေတို့ကို တစ်မျှော်တစ်ခေါ် လှမ်းမြင်ရလေသည်။

မကြာမီပင်လျှင် ဦးဇိနကုန်းတော်ရှိ ဇိနမာရ်အောင် စေတီတော်ကြီးအား ငွားငွားစွင့်စွင့် ဖူးတွေ့ရတော့သည်။ မြောက်ဘက်စောင်းတန်းမှ တက်သင့် ဝင်ရောက်သွားရာ အေးမြသော သစ်






www.burmeseclassic.com

www.burmeseclassic.com



တောင်ဘက် အာရုံခံတန်ဆောင်းတွင်းမှ ရုပ်ပွားတော်



တောင်ဘက်မုခ်မှ ဒေါ်မယ်ငြိမ်ကောင်း၏ ကောင်းမှုကမ္ပည်းကျောက်စာ

ပိုမျိုးများကြောင့် နေပူခရီးတွင် အပန်းပြေရသည်။

စေတီအား လက်ယာရစ်ပတ်ကာ ကြည့်ညိုပြီးနောက် ဒေါ်မယ်ငြိမ်ကောင်း၏ ကောင်းမှုကမ္ပည်း ကျောက်စာရှိရာ တောင်ဘက်မုခ် တန်ဆောင်းသို့ သွားရောက်၍ စေတီတော်အား ဖူးမြော်ရသည်။

ရှေးမွန်ပိသုကာလက်ရာ ဖြစ်သော (၁)မြှောင့်ပုံ အမိုးထွတ်ရှိသော အာရုံခံတန်ဆောင်းတော်အတွင်း၌ ဉာဏ်တော် (၁၅)ပေခန့် ရှိသည့် တင်ပျဉ်ခွေ ရုပ်ပွားတော်နှင့် ရပ်တော်မူ ရုပ်ပွားတော် အများအပြား သီတင်းသုံး စံပယ်တော်မူကြသည်။ ရှေးနှစ်(၁၀၀) ကျော်မှ ကျောက်ဆစ် ပန်းတော့ လက်ရာများ ဖြစ်ကြလေသည်။

အောင်ဆုပန်၊ အမျှဝေရန်

ရှေးဦးပြုဖွယ် ပုဗ္ဗကိစ္စများ ပြုလုပ်ဆောင်ရွက်ပြီး၍ မိမိကိုယ်တိုင် ပွတ်ခွေထားသော ခရေသားပုတီးအား ထုတ်ယူလိုက်စဉ် ဂေါပကလူကြီးဖြစ်ဟန်တူသော အသက်(၇၅)နှစ်ခန့်ရှိ အဘိုးအိုတစ်ဦးက စေတနာထား၍ အကြံပေးသဖြင့် ကျေးဇူးတင် သာဓုခေါ်ခဲ့ရသည်။

'လူကလေး အလုပ်(ကမ္မဋ္ဌာန်း)ပြီးတဲ့အခါ အင်္ဂါထောင့်က ခေါင်းလောင်းကို (၉)ချက်တိတိ ထိုးပြီး ဝေနေယျအပေါင်းကို အမျှဝေ။ သမ္မာဒေဝအပေါင်းကို တိုင်တည်ဆုပန်ပါ' ဟူသော စကားပင် ဖြစ်သည်။

သို့ဖြင့် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း ဂါထာတစ်ထောင် စီးဖြန်းကာ ပြုပြီး ပြုဆဲ ကောင်းမှုတို့အား (၃၁)ဘုံ၌ ကျင်လည်ကြကုန်သော ဝေနေယျအားလုံးအား အမျှပေးဝေလိုက်သည်။ ထို့နောက် အင်္ဂါထောင့်မှ ခေါင်းလောင်းရှိရာသို့ သွားရောက်ရာ...



www.burmeseclassic.com

www.burmeseclassic.com


**၁၂၉၃ ခုနှစ်တွင် ဦးမိုး၊ ဒေါ်မယ် ငြိမ်ကောင်းနှင့် သမီး မခင်မွှန်တို့** လှူဒါန်းထားကြောင်း ကမ္ပည်းစာအရ သိရှိရလေသည်။

သို့ဖြင့် ကုသိုလ်အဖွဲ့တာဝအား မိဘ ဆရာသမားနှင့်တကွ ဝေနေယျ အားလုံးတို့အား မိမိနှင့်ထပ်တူ အမျှရ ကြပါစေကြောင်း ဒေမ အမျှပေးဝေ ကာ ခေါင်းလောင်းအား (၉)ချက်ထိုး သည်။

သမ္မာဒေဝများအားလည်း ရည်မှန်း ကာ အဓိဋ္ဌာန်ရက်ပြည့်မြောက် အောင် မြင်ကြောင်း တိုင်တည်ပြီးနောက် စိတ် နှလုံးကြည်လင်စွာ ထွက်ခွာလာခဲ့လေ သည်။

ထို့နောက် စနေထောင့်ရှိ ရှင်ဥပဂုတ္တ ကျောင်းဆောင်သို့ဝင်ရောက် ကန်တော့ ကာ မြောက်တက်စောင်းတန်းအတိုင်း ပြန်လည်ဆင်းသက်ခဲ့ရာ စောင်းတန်း ထိပ်အရောက်တွင် (၁၀)နှစ်ကျော် ဝေး ကွာခဲ့ရသော ကျောင်းသားဘဝ၊ အဆောင်နည်းပြဖြစ်သူ ဆရာတစ်ဦး နှင့် ဓမ္မမိတ်ဆွေအဖြစ် ပြန်လည် တွေ့ ဆုံကြရလေသည်။

ဆရာ့ကျေးဇူးဖြင့် လောကီ၊ လောကုတ္တရာ တိုးတက် စည်ပင်စေ




ကြောင်း တရားကောင်းများ လိုက်နာ ကျင့်ကြံခွင့်ရခဲ့သည်ဖြစ်ရာ...

အောင်စာတ်ယူ အောင်ဆုပြည့်ရာ ဗိုနမာရ်အောင်စေတီအား ရည်မှန်း ဦးခိုက်ကာ ရှင်တော်ဗုဒ္ဓ၏ ဂုဏ် အပေါင်းအား ကြည်ညိုမဆုံး ဖြစ်ရလေ သည်။

**မော်လမြိုင်မြို့သို့ ရောက်ရှိခိုက် အောင်ဆုယူရန် ဦးဖိနစေတီသို့ သွားလိုပါက ရုံးကြီး၊ ဆေးရုံကြီး မှတ်တိုင် ဦးဖိနဘုရားလမ်းအတိုင်း ကုန်းတော်ဆီသို့** တက်ရောက်နိုင်ကြ ပေသည်။

**နယ်လှည့်သုတေသီတစ်ဦး**

(၁-၃-၂၀၁၃)နေ့က စာရေးသူတို့ ကျောင်းအုပ်ဆရာမကြီးမှ ငွေကြယ်သီး ငါးလုံးကို အမှတ်တရအဖြစ် ပေးလိုက် ပါသည်။ ဆရာမကြီးပြော၍ ငွေကြယ် သီးများဟု လက်ခံလိုက်ရသော်လည်း အရောင်မှာ အမည်းရောင် ဖြစ်နေပါ သည်။

ဆရာမကြီးမှ သူမနှင့် ငွေထည် ပစ္စည်း မတည့်၍ မည်းသွားရခြင်းဖြစ် ကြောင်းနှင့် ငွေကို ပြန်၍ဖြူအောင် လုပ်သောနည်းကို သိသောသူအား မေး၍ ပြုလုပ်ရန် မှာလိုက်ပါသည်။

နောက်နေ့ နေ့လယ်ပိုင်းတွင် အဒေါ် ဝမ်းကွဲတစ်ယောက် အိမ်အလည်လာ ရာ ငွေကြယ်သီးများကို ပြမိပါသည်။

## ငွေထည်ပစ္စည်းများ

မည်းသွားသော

ထိုအခါမှ **အိမ်သုံးဆားအနည်းငယ်** ယူနိုင်ပြီး ကြယ်သီးများကို ပွတ်တိုက် ပါသည်။

ထို့နောက် ကြယ်သီးများကို **ထုံးရည်ထဲတွင် စိမ်ထားစေပါသည်။**



ထိုအခါ မည်းနေသော ကြယ်သီးလေ များသည် အဖြူရောင်သို့ တခဏ အတွင်း ပြောင်းသွားသည်ကို အံ့သြ တွေ့ရပါသည်။

ထို့ကြောင့် စာရှုသူများ၏ အိမ် ငွေထည်ပစ္စည်းများ မည်းနေပါက **အိမ်သုံးဆားဖြင့် ပွတ်တိုက်ပေးပြီး ထုံးရည်တွင် စိမ်ပေးပါက မူ အဖြူရောင်(ငွေအရောင်)ဖြစ်လာမည် အကြောင်း** စာရေးသူ၏ လက်တွေ့ မြင်တွေ့ရသော အဖြစ်ကို စေတနာ အရင်းခံ၍ ရေးသားလိုက်ရပါသည်။

**ခင်သန်းဝင်း (ပဲခူး-ကျုံး)**



www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ကောင်းမြတ်သစ္စာဆေးခန်း

# ဆရာမ ဒေါ်စီစီ

(တဆ-၀၃၈၂၅)နှင့် တွေ့ဆုံဆွေးနွေးခဲ့သော

# ဆီးချိုသွေးချိုရောဂါ

## ကာကွယ်စောင့်ရှောက်နည်းများ

မြောင်းမြ
မောင်ယဉ်ဝင့်

ဆီးချိုသွေးချိုရောဂါဟာ ကမ္ဘာနဲ့အဝန်း ဖြစ်ပွားနေပြီး လုံးဝပျောက်ကင်းအောင် ကုသနိုင်တဲ့ရောဂါ မဟုတ်ဘဲ ဆီးချိုသွေးချို ရောဂါကျဆေးတွေနဲ့ ထိန်းထားနိုင်တဲ့ရောဂါ ဖြစ်ပါတယ်။

ဆီးချိုသွေးချိုရောဂါဟာ သက်တမ်းကြာလာတာနဲ့အမျှ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ လေဖြတ်ရောဂါတွေနဲ့ ယှဉ်တွဲ ဖြစ်လာနိုင်ပါတယ်။ စားသောက်မှု နေထိုင်မှုပုံစံတွေကို ဂရုမပြု အလေးမထားဘဲ စနစ်တကျ ကုသမှုမခံရင် နောက်ဆက်တွဲရောဂါတွေ ဝင်ရောက်နိုင်ပါတယ်။

အစားအသောက်အနေအထိုင် ဆင်ခြင်ပြီး ဆေးကုသမှုတွေကို စနစ်တကျ လိုက်နာရင် ဆီးချိုသွေးချို ရောဂါရှင်တွေဟာ တခြား သာမာန်လူတွေလိုပဲ ကျန်းကျန်းမာမာနဲ့ လူ့ဘဝမှာ သက်တမ်းစေ့ နေထိုင်နိုင်ပါတယ်။

အဲဒီ ဆီးချိုသွေးချိုရောဂါရဲ့ ကာကွယ်စောင့်ရှောက်နည်းတွေကို ဆွေးနွေးဖို့ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်မှာရှိတဲ့ ဆရာမဒေါ်စီစီကို သွားရောက် တွေ့ဆုံခဲ့ပါတယ်။

သိပ္ပံဆေးပညာအမြင်နဲ့ တိုင်းရင်းဆေးပညာအမြင်တို့ကို ပေါင်းစပ်ဆွေးနွေး ပြောကြားပေးခဲ့တဲ့ ဆရာမ ဒေါ်စီစီဟာ ဓမ္မဝိဇ္ဇာဆရာကြီး ဦးဘိုးကောင်းနဲ့



▲ ဆရာမဒေါ်စီစီ တဆ-၀၃၈၂၅

ဆရာကြီးဦးမြတ်စံ(ပွင့်ဖြူ)တို့ရဲ့ တပည့်၊ ဆရာကြီး ဦးလှအောင်(မင်းလှ)ရဲ့ တပည့်ရင်း ဖြစ်ပါတယ်။ ဆေးကုသက် နှစ်(၂၀)ကျော်ရှိနေပြီဖြစ်တဲ့ ဆရာမဒေါ်စီစီနဲ့ တွေ့ဆုံဆွေးနွေးမေးမြန်းခဲ့သမျှ ပြန်လည် တင်ပြလိုက်ပါတယ်။

❒ **"ဒီတစ်ပတ် ဆရာမနဲ့ ဆွေးနွေးမှာကတော့ ဆီးချိုသွေးချိုရောဂါ ကာကွယ်စောင့်ရှောက် ကုသနည်းတွေကို ဆွေးနွေးမှာ ဖြစ်ပါတယ်။**

**ဆရာမရဲ့ ဆေးကုသက် နှစ်(၂၀) ကျော် အတွေ့အကြုံအရ ကုသခဲ့တဲ့ ဆီးချိုသွေးချိုရောဂါရဲ့ အမျိုးအစားကို တိုင်းရင်းဆေးပညာအမြင်နဲ့ သိပ္ပံဆေးပညာရှင်များရဲ့ အမြင်များကို ပေါင်းစပ်ပြီး ပြောကြားပေးပါဦး"**

○ "ဆီးချိုသွေးချိုရောဂါကို သိပ္ပံဆေးပညာရှင်များရဲ့အမြင်နဲ့ တိုင်းရင်းဆေးပညာရှင်တို့ရဲ့ အမြင်များကို ပေါင်းစပ်ပြောရရင် ဆီးချိုသွေးချိုရောဂါမှာ အမျိုးအစား(၁)နဲ့ အမျိုးအစား (၂)ဆိုပြီး (၂)မျိုးရှိပါတယ်။

ဆီးချိုသွေးချိုအမျိုးအစား (၁)ဟာ အသက်(၄၀)အောက် ငယ်ရွယ်သူတွေ ဖြစ်တတ်ပြီး ဆီးချိုသွေးချို အမျိုးအစား (၂)ကတော့ အသက်(၅၀)အထက်တွေမှာ ဖြစ်တတ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

အသက်(၄၀)အောက် ဖြစ်တတ်တဲ့ အမျိုးအစား (၁)ဆီးချိုသွေးချိုရောဂါကို သိပ္ပံဆေးပညာရှင်များက (Juvemile Diabeles Mellitus)လို့ ခေါ်ပါတယ်။ ရောဂါကို ကုသတဲ့အခါ ဟော်မုန်း အင်ဆူလင် လိုအပ်လေ့ ရှိတဲ့အတွက် (Insulim Dependent Mellitus) အင်ဆူလင်အပေါ် မှီတည်နေတဲ့ ဆီးချိုသွေးချိုရောဂါလို့ သုံးစွဲပါတယ်။

အသက်(၅၀)အထက် ဖြစ်တတ်တဲ့ ဆီးချိုသွေးချိုရောဂါကို (Adult type) လို့ ခေါ်ပါတယ်။ ရောဂါကို ကုသတဲ့အခါ အင်ဆူလင်မလိုအပ်ဘဲ သောက်ဆေးများကိုသာ အဓိကထား ကုသရတဲ့အတွက် (Non Insuliın Dependent Diabetes Mellitus)လို့ ခေါ်ပါတယ်'

❐ **'ဆီးချိုရောဂါ ရှိ/မရှိ ဘယ်လို သိနိုင်ပါသလဲ ဆရာမ'**

❍ 'သွေးတွင်း သကြားဓာတ်အဖြေဟာ ၈၀ နဲ့ ၁၀၀mg/dl ကြားမှာ ရှိသင့်ပါတယ်။ ၁၁၀ နဲ့ ၁၂၅mg/dl ကြားမှာရှိရင် ဆီးချိုရောဂါအတွက် သံသယ ရှိနေပါပြီ။ ဒါထက် ပိုများလာပြီဆိုရင်တော့ ဆီးချိုရောဂါရှိနေပြီလို့ သိနိုင်ပါတယ်'

❐ **'ဘယ်လိုလူတွေမှာ ဆီးချိုသွေးချို ဖြစ်နိုင်ခြေ ပိုများပါသလဲ ဆရာမ'**

❍ 'ဘယ်လိုလူတွေမှာ ဆီးချိုရောဂါ ဖြစ်နိုင်ခြေ ရှိသလဲဆိုရင် မိဘမျိုးရိုးဗီဇမှာ ဆီးချိုရောဂါရှိရင် သားသမီးများမှာ ဆီးချိုရောဂါ ဖြစ်နိုင်ပါတယ်။

❋ အသက်အရွယ်အလိုက် ခန္ဓာကိုယ်အလေးချိန်ရှိရမှာထက် (၂၀)ရာခိုင်နှုန်း ပိုများရင် ဆီးချိုရောဂါဖြစ်နိုင်သလို အဝလွန်သူများ သို့မဟုတ် ဝမ်းဗိုက်ပူသူများ ဆီးချိုရောဂါ ဖြစ်နိုင်ပါတယ်။

❋ အသက်ကြီးလာတာနဲ့အမျှ ဆီးချိုရောဂါဖြစ်နိုင်ခြေ ပိုများပါတယ်။

❋ အရက်အလွန်အကျွံ သောက်ရင်လဲ ဆီးချိုရောဂါဖြစ်နိုင်ခြေ ပိုများပါတယ်။

❋ ကောင်းတဲ့ ကိုယ်လက်စထရော အဆင့် ၃၅mg/dlထက် နည်းရင် သို့မဟုတ် ထရိုင်ဂလစ်စရိုက်အဆင့် ၁၅၀mg/dlထက် ပိုမြင့်မားရင် ဆီးချိုရောဂါ ဖြစ်နိုင်ခြေ ပိုများပါတယ်။

အထူးသဖြင့် အသက်(၅၀)ကျော်လာရင် ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်လေးပါးအနက် ကံ သမုဋ္ဌာန်နဲ့ အာဟာရသမုဋ္ဌာန်နှစ်ပါးကို စနစ်တကျ နေထိုင်စားသောက်မှု မရှိသူတွေ ဆီးချိုသွေးချိုရောဂါ ဖြစ်နိုင်ခြေ ပိုများပါတယ်'

❐ **'ဆီးချိုရောဂါရှင်များ ကျောက်ကပ်ကို ထိခိုက်မှုတွေရှိတာ သိရပါတယ်။ ကျောက်ကပ်ထိလာပြီဆိုရင် ဘယ်လို လက္ခဏာမျိုးတွေ တွေ့ရပါသလဲ ဆရာမ'**

❍ 'ဆီးချိုရောဂါ သက်တမ်းကြာလေလေ ကျောက်ကပ် ထိခိုက်မှုရှိလေလေပါပဲ။ အထူးသဖြင့် ဆီးချိုရောဂါ သက်တမ်း (၇)နှစ်နဲ့ (၁၀)နှစ်ကျော်ရင် ကျောက်ကပ် ထိခိုက်မှုဖြစ်တာတွေ့ရှိရပါတယ်။

ကျောက်ကပ်ထိခိုက်မှု ရှိလာရင် သွေးထဲမှာ အနည်ပါလာပါတယ်။ သွေးလဲ တိုးလာပါတယ်။ တစ်ကိုယ်လုံးလဲ ဖောရောင်လာတတ်ပါတယ်။ အဲဒီ လက္ခဏာတွေ ပြလာတတ်ပါတယ်'

❐ **'ဆီးချိုရောဂါရှင်တွေ ကျောက်ကပ်ထိခိုက်လာရင် ဘယ်လိုဝင်ခြင်း နေထိုင်စားသောက်ရမယ်ဆိုတာ ဆက်ပြီး ပြောပြပေးပါဦး'**

❍ 'ဆီးချိုရောဂါရှင်တွေ ကျောက်ကပ်ထိခိုက်လာပြီဆိုရင် အသားကို နည်းနည်းလျှော့စားရပါမယ်။ ရေလဲလျှော့သောက်ရပါမယ်။ ကျောက်ကပ်က အလုပ်မလုပ်နိုင်တော့လို့ ဆီးသွားနည်းတဲ့အချိန်မှာ ရေများများ သောက်ရင် ကျောက်ကပ်က အလုပ်ပိုမလုပ်နိုင်တာကြောင့် ရေသောက်များလေ ဆီးသွားနည်းလေဖြစ်ပြီး ဖောရောင်လာတတ်ပါတယ်'

❐ **'ဆီးချိုသွေးချိုရောဂါဖြစ်ခဲ့ လက္ခဏာများကို သိပါရစေ ဆရာမ'**

❍ 'ဆီးချိုသွေးချိုရောဂါ ဖြစ်ခဲ့ လက္ခဏာတွေကတော့ ဆီး မကြာခဏသွားခြင်း၊ မကြာခဏရေငတ်ခြင်း၊ အမြဲတမ်း ဆာလောင်မွတ်သိပ်ခြင်း၊ ပုံမှန်အစားအစားသော်လဲ ကိုယ်အလေးချိန် ကျဆင်းသွားခြင်း၊ အကြောင်းမရှိဘဲ မူးဝေမောပန်းခြင်း၊ အနာပေါက်ခြင်း၊ အနာပေါက်ပြီး ထိခိုက်ရှနာမှုဖြစ်လျှင် အနာပျောက်ခဲ ကျက်ခဲခြင်း၊ ခန္ဓာကိုယ် ယားယံခြင်း။

အထူးသဖြင့် ကျား/မ လိင်အင်္ဂါ တစ်ဝိုက် ယားယံခြင်း၊ ခြေလက်ထုံကျဉ်ခြင်း၊ မျက်စိမှုန်ခြင်း၊ အမြင်အာရုံဝေဝါးခြင်း၊ ငယ်ငယ်ရွယ်ရွယ်နဲ့ အတွင်းတိမ်ဖြစ်ခြင်း၊ အာရုံကြော အားနည်းခြင်း၊ အရေပြားတွင် အဖု၊ အပိန့် အနီစက်များ ထွက်ခြင်း၊ ပန်းသေ/ပန်းညိုး ဖြစ်ခြင်းစတဲ့ လက္ခဏာတွေ ဖြစ်လာတတ်ပါတယ်'

❐ **'ဆီးချိုသွေးချိုရောဂါကြောင့် ဖြစ်နိုင်တဲ့ နောက်ဆက်တွဲ ရောဂါများကိုလဲ ဆက်ပြီး ပြောပြပေးပါဦး'**

❍ 'ဆီးချိုသွေးချိုရောဂါကြောင့် ဖြစ်နိုင်တဲ့ နောက်ဆက်တွဲ ရောဂါတွေကတော့ နှလုံး၊ သွေးကြော၊ မျက်လုံး၊ ကျောက်ကပ်နဲ့ အာရုံကြောစတာတွေ ထိခိုက်မှု ရှိနိုင်ပါတယ်။

ဆီးချိုရောဂါရဲ့ နောက်ဆက်တွဲဆိုးကျိုးတွေဖြစ်တဲ့ အမြင်အာရုံထိခိုက်တာ၊ ကျောက်ကပ်ပျက်စီးတာ နှလုံးနဲ့ လေဖြတ်ရောဂါတွေ ဖြစ်နိုင်သလို အာရုံအားနည်းတာအပြင် ခြေထောက်မှာလဲ အနာမျိုးစုံ ဖြစ်နိုင်ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com

❒ **'ဆီးချိုသွေးချိုရောဂါရဲ့ ကုထုံးကိုလဲ ဆက်ပြီး ပြောပြပေးပါဦး'**

○ 'ဆီးချိုသွေးချိုရောဂါရဲ့ ကုထုံးကတော့ ရောဂါရှင်ကို အပူကြောင့်ဖြစ်တဲ့ ဆီးချိုရောဂါလား၊ အအေးကြောင့်ဖြစ်တဲ့ ဆီးချိုရောဂါလားဆိုတာ လေ့လာဆန်းစစ်ရပါတယ်။

အပူကြောင့်ဖြစ်တဲ့ ဆီးချိုရောဂါရှင်ကို သင့်လျော်တဲ့ အအေးဆေးနဲ့ အစားအစာတိုက်ကျွေးပြီး အအေးကြောင့်ဖြစ်တဲ့ ဆီးချိုရောဂါရှင်ကို သင့်လျော်တဲ့ အပူဆေးနဲ့ အစားအစာကို တိုက်ကျွေး ကုသရပါတယ်။

အဲဒီနောက် ဆီးချိုရောဂါရှင်ဟာ နှလုံးထိခိုက်မှု ရှိ/မရှိ၊ သွေးတိုးရောဂါ ရှိ/မရှိကိုလဲ ဆက်ပြီးဆန်းစစ်ရပါတယ်။ နှလုံး သို့မဟုတ် သွေးတိုးရောဂါများ ရှိခဲ့ရင် နှလုံးနဲ့ပတ်သက်တဲ့ ဆေး၊ သွေးတိုးနဲ့ ပတ်သက်တဲ့ ဆေးတွေကို အချိန်ကန့်သတ်ခွဲခြား တိုက်ကျွေးရပါတယ်။

အထူးသဖြင့် ကျောက်ကပ်အားဆေးကိုလဲ တွဲဖက်ပေးရပါတယ်၊ အများအားဖြင့် ဆီးချိုရောဂါရှင်တွေဟာ ကျောက်ကပ်ထိခိုက်မှုရှိတာ များပါတယ်။

အဲဒီ ဆီးချိုရောဂါရှင်ကို သေသေချာချာလေ့လာပြီး သွေးထဲမှာ အနည်ပါလာရင် သင့်လျော်တဲ့ အသားကိုနည်းနည်းသာ ကျွေးရပါတယ်၊ သွေးတိုးကျဆေး၊ ဆီးချိုထိန်းဆေးတွေနဲ့ တွဲဖက်ကုသရပါတယ်။

ကျောက်ကပ် အလုပ်လုပ်နိုင်ခြေနည်းတဲ့အတွက် ရေကိုလဲ လျှော့သောက်စေပါတယ်။ ရေများများသောက်ပေမယ့် ဆီးသွားနည်းတဲ့အတွက် ဖောရောင်လာတတ်ပါတယ်။

ဆီး၊ ဝမ်း၊ သွေး၊ လေကို ထိန်းသိမ်းပြီး အစားအသောက် အနေအထိုင် ဆေးဝါးကုသမှုကို စနစ်တကျ လိုက်နာရင် ဆီးချိုသွေးချိုရောဂါရှင်ဟာ သာမန်လူတွေလို ဘဝမှာ သက်တမ်းစေ့ နေထိုင်သွားနိုင်မှာ ဖြစ်ပါတယ်'

❒ **'အခုလို ဆီးချိုသွေးချို ရောဂါရဲ့ ဗဟုသုတအကြောင်းအရာများ ကိုလိုလိုရင်းရင်း ပြောပြပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ဆရာမ'**

○ ဆရာမဒေါ်စီစီနဲ့ ဆက်သွယ်နိုင်တဲ့ လိပ်စာကတော့...


**ဆရာမ ဒေါ်စီစီ**

**ကောင်းမြတ်သစ္စာတိုင်းရင်းဆေးခန်း**

**အောင်မင်္ဂလာကျောင်းတိုက်**

ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်

(ရှမ်းလမ်းတာတာဆီဆိုင်ရှေ့) ရန်ကုန်မြို့။

ဖုန်း - ၀၉ ၅၁၃၁၆၄၃၊ ၀၉ ၅၁၀၈၆၀၉၊ ၀၁ ၅၂၄၇၇၈။

**ဆေးခန်းဖွင့်ရက်** ☞ **အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး။**


**မြောင်းမြ မောင်ယဉ်တင့်**

---

ကျွန်တော်၏မိတ်ဆွေ ကိုဝင်းထက်မှာ ငှက်ဖျားဖြစ်ခဲ့ဖူးပြီး ဆေးပြင်းများ ...ရ၍ ထိုးရရာမှ ရောဂါပျောက်သွားပြီး ...နောက် ဘေးထွက်ဆိုးကျိုးအဖြစ် ဆံပင်များ ကျွတ်ကျကုန်ပါသည်။ လွန်ခဲ့သော သုံးနှစ်က ဖြစ်သည်။

ယခုအခါ ကိုဝင်းထက်မှာ ဆံပင်များ ...ည်းနက်သန်မာပြီး ထူထဲစွာ ပြန်ပေါက်...ွက် ရှိပါသည်။

တစ်နေ့ ကိုဝင်းထက်နှင့် လက်ဖက်...ည်ဆိုင် အတူထိုင်ရင်း စကားစပ်မိရာ ...သူ့ဆံပင်များ ယခုကဲ့သို့ ပြန်ပေါက်...ာပုံ ပြောပြပါသည်။

'ကိုယ့်အဖြစ်က ငှက်ဖျားရောဂါကို ...နောက်တိုင်း စားဆေး၊ ထိုးဆေးတွေ... ပျောက်ကင်းခဲ့ရတယ်။ တစ်ခါ အဲဒီ ...ဆေးတွေကြောင့် ဆံပင်ကျွတ်၊ ခေါင်း

ဖောက်, သန်းကင်း၍ ဆံပင်ပေါက်စေသော

# မြန်မာ့ရိုးရာ ဒေါင်းလိပ်ဆီ



ပြောင်တာကို အရှေ့တိုင်းမြန်မာ့ဆေးနည်းနဲ့ ဆံပင်ပြန်ပေါက်ခဲ့တာကွ။

တိုင်းရင်းမြန်မာ ဆေးဆရာကြီး ဦးနိုင်ဝင်းရဲ့ ကျေးဇူးပေါ့ကွာ။ မယုံတစ်ဝက်ယုံတစ်ဝက် လုပ်ခဲ့တာပါ။ ဒါအမှန်အတိုင်း ပြောတာ။

ဒီလိုကွ...ငါတို့လယ်ထဲက ကြိတ်မှန်ရွက်အစို တစ်ဆယ်သား၊ ကွမ်းရွက်အစို တစ်ဆယ်သား၊ ပဒ္မကာနီသီး တစ်ဆယ်သား ညက်အောင် ကြိတ်ရတယ်။

ပြီးရင် နှမ်းနက်ဆီ ဆယ့်ငါးကျပ်သား ရောမွှေပြီး ထားရတယ်။

ငါးရက်ရှိရင် လိမ်းလို့ရပြီ။ သုံးလလောက် လိမ်းပေးရင် ဆံပင်တွေ ပြန်ပေါက်လာတာပဲ။ ခြောက်လမှာ ဦးခေါင်းရေအေးမြ ဖောက်, သန်းကင်းပြီး ဆံပင်တွေ ထူထူမည်းမည်း ပေါက်လာတာပဲကွာ။

ပဒ္မကာနီသီးက ပရဆေးဆိုင်တွေမှာ ဝယ်လို့ရတယ်ဟေ့'

**အောင်အိုး (နတ်မောက်)**



www.burmeseclassic.com

www.burmeseclassic.com

# အရပ်ရှည်လိုသူ

## လူငယ်များအတွက် လမ်းညွှန်ပေးပါရစေ



ကျွန်တော်သည် အရပ်ပုသူ လူငယ်တစ်ဦးဖြစ်သကဲ့သို့ အရပ်ရှည်လိုသူတစ်ဦးလည်းဖြစ်ပါသည်။ ကျွန်တော်နှင့် သက်တူရွယ်တူ လူငယ်များအကြားတွင် သူတို့က ရှည်ပြီး ကျွန်တော်က ပုသောကြောင့် ကျွန်တော့်မှာ သိမ်ငယ်ရပါသည်။

ကျွန်တော့်မိသားစုတွင်ကျွန်တော့် အဖေက အရပ်ရှည်၍ အမေက ပုပါသည်။ အမေ့မျိုးရိုးမှာ အပုမျိုးရိုး ဖြစ်ပါသည်။ အမေ့အဖေ(ကျွန်တော့်အဘိုး)လည်း အတော်ပုပါသည်။ အမေ့မျိုးရိုးလိုက်၍လော မပြောတတ်။ ကျွန်တော်ပါ အရပ်မထွက်တော့ဘဲ တန့်နေပါတော့သည်။

သို့သော် ယောကျ်ားလေးများသည် အသက်(၂၀) မကျော်သေးမီကာလအတွင်း အရပ်ရှည်အောင် ပြုလုပ်၍ ရနိုင်သေးသည် ဆိုသောကြောင့် ကျွန်တော်သည် Appeton teen grow, Mega teen grow, Ovaltime စသည့် အရပ်ရှည်မည်ဟု ကြော်ငြာထားသော အားဆေး ဆေးမှန်သမျှ ဝယ်သောက်ရပါသည်။

ထိုသို့ ကာလကြာရှည်စွာ သောက်သော်လည်း မထူးခြားသောကြောင့် စိတ်ပျက်မိပါသည်။ သို့ရာတွင် ကံကောင်းစွာဖြင့် နည်းပေးလမ်းပြမည့်သူ ပေါ်လာပါသည်။ ထိုသူက ကျွန်တော့်အား...

'မင်းဆေးသောက်ရုံနဲ့တော့ ဘာမှ ထူးခြားမှာမဟုတ်ဘူးကွ။ ခန္ဓာကိုယ်ကလဲ အရပ် ဆန့်ထွက်လာအောင် လေ့ကျင့်ခန်းတစ်မျိုး ကူပေးလုပ်ပေးရတယ်။

ဥပမာဆိုရင် Ring barဆွဲတာတို့ ရေကူးတာတို့ပေါ့ကွာ။ အဲ ဒါပေမယ့် အလွယ်ကူဆုံး လေ့ကျင့်ခန်းတစ်ခုရှိတယ်။ လွယ်သလောက်လဲ ထိရောက်မှုရှိတယ်'

ဟု ပြောပြခဲ့ပါသည်။

**ထိုသူ၏ လေ့ကျင့်ခန်းမှာ...**

- ❖ မိမိ၏ လက်နှစ်ဖက်ကို အပေါ်သို့ ဆန့်ထုတ်ပါ။ **(ကျောရိုး၊ ခါးရိုးများပါ ဆန့်နေပါစေ။)**
- ❖ ထိုအဆန့်အတိုင်းပင် (၁၀)မိနစ်ခန့်နေ၍ လေဝင်လေထွက် ပြုလုပ်ရင်း စိတ်ထဲမှ **'ငါ၏အရပ်သည် ယနေ့မှစ၍ တစ်လက်မ ရှည်ထွက်လာပြီ'**ဟု ဆိုပါ။
- ❖ ထိုအဆန့်အတိုင်း ခြေဖျားထောက်၍ (၁၀)မိနစ်ခန့်နေပါ။ ပြီးလျှင် ခုနက ရွတ်ခဲ့သော စာသားကို လေဝင်လေထွက်ပြုလုပ်ရင်း ဆိုပါ။
- ❖ ထို့နောက် ထိုအဆန့်အတိုင်း ခြေဖျားထောက်၍ ချွေးဒီးဒီးကျသည်အထိပြေးပါ။

အထက်ပါ လေ့ကျင့်ခန်းများ မှန်မှန်ပြုလုပ်ပါက အရပ်အမှန်တကယ်ရှည် ဆန့်ထွက်လာပါမည်။ ယင်းအပြင် ခန္ဓာကိုယ် ပေါ့ပါးစေသည့် အကျိုးတစ်ခုကိုပါ ပူးတွဲရရှိစေပါမည်။

**ယင်းလေ့ကျင့်ခန်း ပြုလုပ်နေစဉ် ကာလအတွင်း အမြဲတမ်း ခါးကို မတ်မတ်ဆန့်ပါ။ အိပ်လျှင်လည်း ကျောဆန့်အိပ်ပါ။ မကွေးအိပ်ပါနှင့်။**

လေ့ကျင့်ခန်း၏ အကျိုးအာနိသင် အပြည့်အဝ ရရှိစေဖို့အတွက် **နည်းစနစ် မှန်ရပါမည်။ အချိန်မှန်ရပါမည်။** သို့မှသာ ထူးခြားပါလိမ့်မည်။

ဘဝတူ လူငယ်များအတွက်မို့ စေတနာဖြင့် တင်ပြရခြင်း ဖြစ်ပါသည်။ ထို့ကြောင့် "တကယ်လုပ်ပါ။ အဟုတ် ဖြစ်သည်"ဟု မှာကြားပါရစေ။

*မေတ္တာဖြင့်...*

**မောင်မိုးဆောင်း (ဒိုက်ဦး)**



www.burmeseclassic.com

www.burmeseclassic.com




◄ မဲ့ရှင် ဆရာတော်ကြီး

သန်းဦး (သုပဏ္ဏ)

ရွှေတောင် မဲ့ရှင်ဆရာတော်ကြီး ချီးမြှင့်သော

# အရဟံပုတီးစိပ်ကျင့်စဉ်

ကျေးဇူးတော်ရှင် ရွှေတောင်မဲ့ရှင် ဆရာတော်ကြီး ချီးမြှင့်သော အရဟံ ပုတီးစိပ်ကျင့်စဉ်တစ်မျိုးကို ရေးပြော လိုပါတယ်။

ဆရာတော်ကြီးက...

'ဗုဒ္ဓရဲ့ဂုဏ်တော်တွေကို အဖန်ဖန် အထပ်ထပ် သတိရနေခြင်းဟာ "ဗုဒ္ဓါနုဿတိ"ပဲ။ ထိုသတိကို မိမိရဲ့ စိတ်အစဉ်မှာ မပြတ်တမ်း သာ ဖြစ်နေရင် ထုံမွှမ်းထားနိုင်ရင် ဗုဒ္ဓါနုဿတိ ဘာဝနာ ဖြစ်တော့တာပဲ။

အရဟံဂုဏ်တော်ကို နှုတ်ကလဲရွတ်၊ ရွတ်နေတဲ့အတိုင်း စိတ်ကလဲ မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်ကို သတိသာရနေရင် အဲဒီ အချိန်ဟာ ဗုဒ္ဓါနုဿတိဘာဝနာ ပွားများနေ ချိန်ပေါ့။ ဒါကို ဗုဒ္ဓါနုဿတိဘာဝနာကမ္မဋ္ဌာန်း လို့လဲ ပြောနိုင်လိမ့်မယ်။ လွယ်ကူတဲ့ ကမ္မဋ္ဌာန်းပေမယ့် အလွန် အကျိုးများလွန်း တယ်။

ကမ္မဋ္ဌာန်းဆိုတာ "ကမ္မဋ္ဌာန"လို့ ဆိုတယ်။ မြန်မာလိုကတော့ ကမ္မဋ္ဌာန ဆိုတာ ဘာဝနာအလုပ်ရဲ့ တည်ရာ ပေါ့။ ကမ္မဘာဝနာအလုပ်ရဲ့ ဌာနတည် ရာ ခေါ်တယ်ပေါ့'

ကမ္မဋ္ဌာန်းမှာတော့ သမထကမ္မဋ္ဌာန်း နဲ့ ဝိပဿနာကမ္မဋ္ဌာန်းဆိုတာ ရှိတယ်။ သမထကမ္မဋ္ဌာန်း လုပ်ရင်တောင် စိတ် တည်ကြည်ပြီး ကိလေသာ အပူတွေကို ငြိမ်းစေတဲ့အကျိုး လက်ငင်းရတယ် လေ၊ လောကီကောင်းကျိုးတွေ ရတယ်၊ မဟုတ်လား။ လောကုတ္တရာလမ်း အတွက်လဲ အထောက်အပံ့ ဖြစ်တယ် လေ။

မဟာဂန္ဓာရုံဆရာတော်ကြီး မိန့်ဖူး တာရှိတယ်၊ တို့ကြားဖူးတာပါ။ ထမင်း ကို မှန်မှန်စားသလို ကမ္မဋ္ဌာန်းအလုပ် ကိုလဲ မှန်မှန် ကြိုးစားရမယ်တဲ့။

ထမင်းတောင် မစားချင်ဘဲ စားရင် မမြိန်ဘူး ဒါပေမယ့် စားရင်းစားရင်း မြိန်လာတယ် ကမ္မဋ္ဌာန်းအားထုတ်သူလဲ စိတ်အေးသာ





www.burmeseclassic.com

www.burmeseclassic.com

ထက်ထက်သန်သန် အားထုတ် နောက် ပီတိဖြစ်လာအောင် အာရုံထင်လာမ ကြိုးစားကြည့်ကြစမ်းပါ။ အကျိုးမနည်းပါဘူး ဗျာ'

ဟူ၍ ညနေခင်း ဩဝါဒများတွင် မိန့်ကြားဖူးပါတယ်။

ကျွန်ုပ်အနေဖြင့် အရဟံဂုဏ်တော်ကို (၁၀၈)လုံးပုတီးဖြင့် အောက်ပါ အစီအစဉ်ပြု၍ အဓိဋ္ဌာန်ထားစိပ်ဖူးခဲ့ပါတယ်။ များစွာသော အကျိုးကျေးဇူးများ ရရှိခဲ့တာ ကိုယ်တွေ့ဖြစ်ပါတယ်။


* * * ——————→

ကျွန်တော်က အင်္ဂါသားဖြစ်တာကြောင့် အင်္ဂါထောင့်မှာ စတင်ပါတယ်။ (၁၀၈)လုံး ပုတီးဖြင့် (၉)ပတ် စ,စိပ်ပါတယ်။ ပြီးမှ အစဉ်အတိုင်း ဆက်စိပ်ပါတယ်။ တစ်ထောင့်မှာ (၉)ပတ်စီ၊ နောက်ဆုံး အင်္ဂါမှာပြန်ဆုံးတာကြောင့် (၉)ဌာန ဖြစ်သွားပါတယ်။

(စ)အင်္ဂါ → ဗုဒ္ဓဟူး → စနေ → ကြာသပတေး → ရာဟု → သောကြာ → တနင်္လာ → တနင်္ဂနွေ → အင်္ဂါ(ဆုံး)

စုစုပေါင်း (၈၁)ပတ် ဖြစ်ပါတယ်။

တစ်ရက်ပဲ တတ်နိုင်တတ်နိုင် ဝင်သင့်ပါတယ်။ အနည်းဆုံး တစ်လ တစ်ကြိမ် လုပ်ကြည့်စေချင်ပါတယ်။ အထူးအနေဖြင့် တစ်ကြိမ်ဝင်(၉)ရက်




လုပ်နိုင်ပါက အလွန်ကောင်းပါတယ်။

ယခုအချိန်အခါဟာ ဗုဒ္ဓရဲ့ သာသနာတော်ကြီး လုံးလုံး မကွယ်သေးဘဲ တရားတော် အစစ်အမှန်များ ထင်ထင်ရှားရှား ရှိနေပါသေးတယ်။

ဤကာလ ဤအချိန်အခါမှာ သူတော်ကောင်းတိုင်း အခွင့်ထူး ရနေ ချိန် ဖြစ်ပါတယ်။ ကျန်ရှိနေသေးတဲ့ လက်ကျန် အခွင့်ကောင်းကို လက် မလွှတ်စတမ်း စိတ်ဓာတ်သွင်း၍ အခြေခံမှစကာ ကျင့်ပွား အားထုတ် သင့်ကြပါတယ်။

အရဟံဂုဏ်တော် ပုတီးစိပ် အကျိုး များကတော့ လုပ်ကြည့်မှ သိလာပါ လိမ့်မယ်။

**သန်းဦး(သုဝဏ္ဏ)**

---

ကြိမ်တောမြောင် သိမ်ကျောင်း ဆရာတော်၏

# ဆီးဝမ်းလေမှန်ဆေးနည်း



**ကနစိုစေ့ကို နွားနို့နှင့်ကျိုပါ။(ကနစိုစေ့မှုန့် ငါးကျပ်သားလျှင် နွားနို့စစ် တစ်ပိသာနှုန်း)** ပွက်ပွက်ဆူလျှင် **အုန်းရည်**(နွားနို့နှင့် အခြင်တူ) ထပ်ထည့်ကျိုပါ။ ဆူလာလျှင် မီးမှျဉ်းမှျဉ်းဖြင့် မတူးမခြစ်စေရန် ကျိုပါ။

ထက်ဝက်ကျန်လျှင် **အခြောက်လှန်းထားသော ဆင်တုံးမနွယ်မှုန့် (၅၀)ကျပ်သား** ထည့်၍ ခန်းအောင်ကျိုပါ။

စေးပျစ်လာသောအခါ **ဆားပုပ် (၅)ကျပ်သား၊ ပရုတ်(၅)ကျပ်သား** ရော၍ တေပါ။

အိပ်ရာဝင်ခါနီးတွင် တစ်ဇွန်း (ကော်ဖီဇွန်း) ပုံမှန်စားပေးပါက ဆီး, ဝမ်း,လေမှန်၍ ကျန်းမာပျော်ပါးစေသည်ဟု သိရသည်။

**တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်၊ ကြိမ်တောမြောင်ကျေးရွာ သိမ်ကျောင်းဆရာတော် အရှင်အာဒိစ္စဝံသ** ကိုယ်တိုင်သုံးစွဲ ဒါနပြုသောဆေး ဖြစ်လေသည်။

ဆေးသုတေသီ



www.burmeseclassic.com

www.burmeseclassic.com



စလင်း ဦးကျော်

# သူရဿတီမှော်သွင်းနည်း

၁၃၂၂ ခုနှစ်တွင် ဦးပဥ္စင်း ဦးသီဟ သည် ပညာရည်နို့ သောက်စို့ရန် အလို့ငှာ ပခုက္ကူမြို့ စာသင်တိုက်ကြီးတွင် စာဝါလိုက်နေပါသည်။ ဝါတော်မှာ (၄) ဝါသာ ရှိပါသေးသည်။ လူငယ်ပီပီ ...ချမ်းလိုစိတ် ရှိသည်။ စွန့်စားလိုသည်။ ...တစ်ပါး မလုပ်ရဲ၊ မသွားရဲသည်ကို ...ပ်ချင်စိတ်၊ သွားလိုစိတ်ရှိသည်။ မှုလ ...ကိုကပင် သတ္တိရှိသည်။ ဂမ္ဘီရပညာ များကို ဝါသနာပါသည်။ လိုက်စားပါ သည်။

တစ်နေ့မှာ စာဝါလိုက်ဖက် သူငယ်ချင်း ဦးပဥ္စင်းတစ်ပါးအနား ရောက်လာ သည်။

'ဦးသီဟ ဒီမှာကြည့်စမ်း စိတ်ဝင်စား ...ပဲ **"သူရဿတီမှော်သွင်းနည်း"** ... အဲဒီမှော်အောင်ရင် ဉာဏ်ကောင်း မယ်၊ စာကျက်ရင် ရလွယ်မယ်။ ပီယ သိဒ္ဓိ၊ လာဘသိဒ္ဓိ၊ မေနသိဒ္ဓိတွေ အောင် မယ်ဆိုပဲ'

ဦးသီဟသည် သူငယ်ချင်း ဦးပဥ္စင်း ထံမှ စာအုပ်ကလေးကို ယူကြည့်လိုက် သည်။

---

**သူရဿတီမှော်သွင်းနည်း**

---

ယင်းပြုလုပ်ပုံမှာ မြောက်ဘက် အရပ်သို့ မှုခ်ဝလှည့်သော တန်ဆောင် ဘုရားအတွင်း ည(၁၀)နာရီအချိန် အရောက်သွားပါ။ ဘုရားရှင်အား ဆီမီး ဖယောင်းတိုင်ထွန်းညှိ ပူဇော်ပါ။ ဘုရား ရှင်ထံ ငါးပါးသီလခံယူပါ။ သတ္တဝါ အပေါင်းကို မေတ္တာပို့ အမျှပေးဝေပါ။

ပြီးလျှင် ဘုရားရှင် ရှေ့တော်၌ ငုတ်တုတ်ထိုင်ပါ။ မီးသွေးလင်ဥကို ခဲတံ ဖြင့် "က"ကို ရေးပါ။ "က"ကို ရေးရာ ၌ အောက်ပါဂါထာကို ရွတ်ဆိုရေးရပါ မည်။ ရေးပုံမှာ "က" စ,ရေးချိန်တွင် ဂါထာကို စဆိုရပြီး "က"ရေး၍ ဆုံး လျှင် ဂါထာဆိုခြင်း ပြီးဆုံးရမည် ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

သည်။ ရေးခြင်းနှင့် ရွတ်ဆိုခြင်း ကိုက်ညီရမည် ဖြစ်သည်။ ဂါထာမှာ...

'ပိဋကတ္တယ သမ္ပုဏ္ဏံ သဗ္ဗသဒ္ဒိ သုခါ
ဇိတ္တဂွေ မေ နီသိဒိတွာ မန္တာရေတု သူရဿ
တီ'

ဖြစ်ပါသည်။

**ဥပမာ** ပထမနေ့တွင် ပြုလုပ်တော့မည်ဆိုလျှင် အောက်ပါအတိုင်း ဆို၍ ရေးရပါမည်။

"က" **ပိဋကတ္တယ သမ္ပုဏ္ဏံ သဗ္ဗသဒ္ဒိ သုခါဝဟံ၊ ဇိတ္တဂွေ မေ နီသီဒိတွာ မန္တာရေတု သူရဿတီ** "က" ဤကဲ့သို့ဆို၍ ရေးပြီးလျှင် မီးသလင်းဥပေါ်မှ "က"အက္ခရာကို ယင်းဂါထာဖြင့် (၃၇)အုပ်စုတ်ပါ။(မန်းပါ)။

(၃၇)အုပ်ပြည့်လျှင် "က"အက္ခရာအောက်မှ မီးသလင်းဥကို ဓားဖြင့် ပါးပါးလှီးယူပါ။ "က"အက္ခရာပါသော မီးသလင်းအလွှာကလေးကို အောက်ပါဂါထာဖြင့် (၇)အုပ် ထပ်မံစုတ်ပါ။ ပြီးလျှင် ဝမ်းထဲသို့ မျိုချပါ။

ဒုတိယနေ့တွင် တစ်ဝဂ္ဂဘုရားသို့ အထက်ပါအချိန် အရောက်သွားပါ။ ယခင်နေ့အတိုင်း ငါးပါးသီလ ခံယူပါ။ မေတ္တာပို့ပါ။ အမျှပေးဝေပါ။ ငုတ်တုတ်ထိုင်ပြီး မီးသလင်းဥကို ခဲတံဖြင့် ရေးပါ။

ဒုတိယနေ့တွင် ပြုလုပ်တော့မည်ဆိုလျှင် အောက်ပါအတိုင်း ရေးရပါမည်။ "ခ" ပိဋကတ္တယ သမ္ပုဏ္ဏံ သဗ္ဗသဒ္ဒိ သုခါဝဟံ၊ ဇိတ္တဂွေ မေ နီသီဒိတွာ မန္တာရေတု သူရဿတီ "ခ"ဟု ရေးရပါမည်။

ထိုသို့ နောက်နေ့များတွင် ဂ၊ ဃ၊ င၊ စ၊ ဆ၊ ဇ၊ ဈ၊ ည၊ ဋ၊ ဌ၊ ဍ၊ ဎ၊ ဏ၊ တ၊ ထ၊ ဒ၊ ဓ၊ န၊ ပ၊ ဖ၊ ဗ၊ ဘ၊ မ၊ ယ၊ ရ၊ လ၊ ဝ၊ သ၊ ဟ၊ ဠ၊ အံ အထိ အက္ခရာတစ်လုံးကို တစ်ရက်ကျ အစဉ်အတိုင်း (၃၃)ရက် ပြုလုပ်ရပါမည်။ အောင်မြင်ပြီးစီးပါက သူရဿတီမှော်အောင်မြင်သည် မည်ပါသည်။

အထက်ပါအတိုင်း ပြုလုပ်ရာ၌ ရက်မပျက်ရပါ။ အက္ခရာ မထပ်ရပါ။ အက္ခရာ မကျော်ရပါ။ အချိန်ကို တိကျရမည် ဖြစ်ပါသည်။

အထက်ပါ ကျင့်စဉ်အောင်မြင်ပါက ဉာဏ်ကောင်းခြင်း၊ စာကျက်၍ ရလွယ်ခြင်း၊ ပီယသိဒ္ဓိ၊ လာဘသိဒ္ဓိ၊ ဓနသိဒ္ဓိများ အောင်မြင်ပြီး ထူးခြားမှုဖြစ်လာပါလိမ့်မည်။

အထက်ပါစာများကို ကြည့်ပြီး ဦးသီလ သူရဿတီမှော်သွင်းလိုသော ဆန္ဒပေါ်လာသည်။ ဒါမှ စာကျက်ရလွယ်မည်၊ ဉာဏ်ထက်မြက်လာမည်ဟု ထင်မြင်မိသည်။

ဦးပဥ္စင်းဦးသီဟ လက်တွေ့ စမ်းသပ်ပါတော့သည်။

ဦးပဥ္စင်းသည် မီးသလင်း၊ ခဲတံ၊ ဓားပါးပါးတစ်ချောင်း၊ ဖယောင်းတိုင်၊ မီးခြစ်၊ ဓာတ်မီးတို့ကို အဆင့်သင့် စုဆောင်းထားသည်။ စာသင်တိုက်မှ (၄)ဖာလုံခန့်ဝေးသော သီဟိုဠ်ရှင်ဘုရားအနီးရှိ တစ်ဝဂ္ဂဘုရားသို့ ည(၁၀)နာရီ အရောက်သွားသည်။

တစ်ဝဂ္ဂဘုရားအတွင်းတွင် လျှပ်စစ်ဖန်သီးတစ်လုံး မီးလင်းနေသည်။ ဦးသီဟသည် ဖယောင်းတိုင်ကို မီးထွန်းညှိပြီး တစ်ဝဂ္ဂဘုရားရှင်အား မီးပူဇော်ပါသည်။

ငုတ်တုတ်ထိုင်လျက် မီးသလင်းဥကို ဘယ်ဘက်လက်နှင့် ကိုင်ကာ ညာဒူးထိပ်ပေါ် တင်လိုက်သည်။ ခဲတံကို ညာဘက်လက်နှင့် ကိုင်ပြီး မီးသလင်းဥအပေါ် ရေးပါသည်။

"က"ပိဋကတ္တယ သမ္ပုဏ္ဏံ သဗ္ဗသဒ္ဒိ သုခါဝဟံ၊ ဇိတ္တဂွေ မေ နီသီဒိတွာ မန္တာရေတု သူရဿတီ "က"ဟု စရေး
သည်မှ ဆုံးသည်တိုင် "က"အက္ခရာ
နှင့် ဂါထာကို ကိုက်ညီအောင် ရေးပါ
သည်။

ယင်းဂါထာနှင့် (၃၇)အုပ်မန်းသည်
ဓားဖြင့် မီးသလင်းဥကို "က"အက္ခရာ
ပါအောင် အောက်မှ ပါးပါးလှီးသည်
ယင်း"က"အက္ခရာပါသော မီးသလင်း
ဥအလွှာကလေးကို အထက်ပါဂါထာ
နှင့်ပင် (၇)အုပ်စုပ်ပြီး မျိုချလိုက်ပါ
သည်။

ထိုသို့ ပြုလုပ်ပြီးလျှင် တစ်နေ့အဖို့
အောင်မြင်၍ တစ်ဝဂ္ဂဘုရားမှာ ကျောင်း
တိုက်သို့ ဓာတ်မီးထိုးကာ ပြန်ခဲ့သည်
ထိုအချိန်က သီဟိုဠ်ရှင်ဘုရားနှင့်
စာသင်တိုက်(ကျောင်း)တို့ အကြားတွင်
အိမ်ခြေအနည်းငယ်သာရှိသည်။ သီဟိုဠ်
ရှင်ဘုရားအနီးအနားတွင် ဝေမာနိက
ပြိတ္တာ(ဥစ္စာစောင့်)များ အလွန်ပေါသည်
ပြောကြသည်။

ထိုသို့ အစောင့်အရှောက်များ ပေါ
သော်လည်း ဦးသီဟ မကြောက်တတ်
ပါ။ ဤကဲ့သို့ "က"မှ အစဉ်အတိုင်း
တစ်နေ့လျှင် အက္ခရာတစ်လုံးကျ ရေး၍
မျိုချခဲ့ရာ (၁၇)ရက်မြောက် "ထ" ကျနေ
သာနေ့ပင် ရောက်ခဲ့ပေပြီ။ ယခင်နေ့
များကဲ့သို့ ဦးသီဟသည် မီးသလင်းဥကို
ခဲတံဖြင့်ဖြင့် "ထ"အက္ခရာကို ရေးလိုက်
သည်။

ဂါထာဖြင့် (၃၇)အုပ်စုပ်သည်
ပြီးလျှင် "ထ"အက္ခရာအောက်မှ
မီးသလင်းဥကို ဓားနှင့် ပါးပါးလှီးလိုက်
သည်။ လှီးရသော "ထ"အက္ခရာပါ
သော မီးသလင်းအလွှာကို ဂါထာနှင့်
(၇)အုပ် ထပ်မံစုပ်သည်။ ရွတ်ပြီး
မျိုချလိုက်ပါသည်။

ထိုသို့ မျိုချစဉ် နောက်ကျောဘက်
တစ်ဝဂ္ဂအဝဆီမှ တဖျပ်ဖျပ်နှင့်



www.burmeseclassic.com

www.burmeseclassic.com

အတွင်းသို့ လာနေသော ခြေသံကို ကြားလိုက်ရပါသည်။ ဦးပဥ္စင်း ဦးသီဟ စိတ်မလုံ ဖြစ်လာသည်။
နောက်သို့ သမင်လည်ပြန် ကြည့်လိုက်ရာ
လား... လား
မမျှော်လင့်သော
အရာတစ်ခုကို တွေ့လိုက်ရသည်။



မမျှော်လင့်သော အရာဆိုသည်မှာ (၁၈)နှစ်ပတ်ဝန်းကျင်ရှိ ချောမောလှပသော မိန်းမပျိုကလေးတစ်ယောက် ဖြစ်နေသည်။ မိန်းမပျိုကလေးသည် ဦးပဥ္စင်းနောက်မှ ရပ်လျက်နေသည်။ ကိုယ်ကလေးကို ရှေ့သို့ညွတ်ကာ ငုံ့ကြည့်နေသည်။

"ဦးပဥ္စင်း ဘာလုပ်နေတာလဲ" ဟု စုံစမ်းလိုသောအသိဖြင့် ငုံ့ကြည့်နေခြင်းဖြစ်သည်။ ဦးပဥ္စင်းနှင့် မိန်းမပျိုကလေးတို့ မျက်နှာချင်း ဆုံမိကြသည်။ မိန်းကလေးသည် ပြုံးချိုသော မျက်နှာထားဖြင့် နှုတ်ဆက်သယောင် ဖြစ်နေပါသည်။

ဦးသီဟသည် မေတ္တာဆိုသည်မှာ မှန်ပမာန ဆိုသည့်အတိုင်း မိန်းမပျိုကလေး၏ အပြုံးကြောင့် ဦးသီဟ ပြန်လည် ပြုံးပြမိပါသည်။ သို့သော် အသိစိတ်က လက်လွှတ်မသွားပါ။ ငါက ရဟန်း။ သူက မာတုဂါမ ဖြစ်နေသည်။ နှစ်ယောက်တည်းလည်း ဖြစ်နေပြန်သည်။ အချိန်ကလည်း ညအချိန် ဖြစ်နေသည် စသည်ဖြင့် တွေးမိလိုက်လျှင်ပဲ ချက်ချင်းပင် ပါလာသော ဓာတ်မီး မိသာလင်ဥ၊ ဓား မီးခြစ်တို့ကို ရှေ့သို့ပြန်လှည့်ကာ ကောက်ယူလိုက်သည်။

ထို့နောက် စာသင်တိုက်(ကျောင်း). သို့ ပြန်ရန် ဂူပေါက်ဝသို့ ပြန်လှည့် ကြည့်လိုက်သည်။ မိန်းမချောကလေးကို မတွေ့ရတော့ချေ။ အလာတုန်းက ခြေသံ ကြားရသော်လည်း အပြန်တွင် ခြေသံမကြားရပါ။ ရုတ်ခြည်း ပျောက်ချက်သားကောင်းလှသည်။ အတော် ထူးခြားနေပါသည်။

ဦးသီဟသည် အရာရာကို သိလိုစူးစမ်းလိုသော ရဟန်း ဖြစ်သည့်အတိုင်း အနီးအနားတွင် ရှာဖွေကြည့်မိသည်။ သို့သော် မိန်းမချောကလေး ပျောက်ချက်သားကောင်း။ ဦးသီဟ သဘောပေါက်သွားပါပြီ။ ပင်ကိုကပင် စိတ်မြန်ကိုယ်မြန် ဖြစ်သည့်အတိုင်း ဓာတ်မီး အလင်းရောင် မှိန်မှိန်ကလေး ကိုထိုးကာ သုတ်ခြေတင်လာခဲ့ပါသည်။

ခြေလှမ်းတိုင်း သက်နိုးက တမြန်းမြန်းနှင့်ပါ။ ခဏကြာသောအခါ ဦးသီဟ အရာဝတ္ထုတစ်ခုကို ခလုတ်တိုက်မိရာ လဲကျမသွားအောင် ကိုယ်အရှိန်ကို ထိန်းလိုက်ရသည်။

ဓာတ်မီး အလင်းမှိန်မှိန်ကလေးနှင့် အရာဝတ္ထုကို ထိုးကြည့်ရာ လူ တစ်ယောက် လဲနေခြင်းဖြစ်သည်။ လမ်းမကြီးကို ကန့်လန့်ဖြတ်လဲနေခြင်း ဖြစ်သည်။

ဦးသီဟသည် အမူးသမား လမ်းမှာ တုံးလုံးလဲနေတာလား၊ ငါ့ရဲ့လုပ်ငန်းကို အဖျက်ဝင်နေတာလား စသည့် မေးခွန်းများ ခေါင်းထဲဝင်လာသည်။ ဦးပဥ္စင်း စာသင်တိုက်သို့ အမြန်ဆုံး သုတ်ခြေတင်ခဲ့ပါသည်။

စာသင်တိုက်ရောက်မှ ဇောချွေးများကို သုတ်သည်။ အမောအပန်းဖြေသည်။ ဦးပဥ္စင်းဦးသီဟ ပြန်လည် စဉ်းစားသည်။ တစ်ဝဂူဘုရားအတွင်းသို့ ဝင်လာသော မိန်းမချောကလေးသည် သူ၏ ရည်စားနှင့် ချိန်းထား၍ လာခဲ့ခြင်းလော။ တစ်ဝဂူဘုရားနှင့် နေအိမ်များသည် အတော်ဝေးကွာလျက် ရှိသည်။

ဒါကြောင့် လူမိန်းကလေးတော့ မဖြစ်တန်ရာ။ ရုတ်ခြည်းပျောက်ချက်သားကောင်းလှသည်။ ဒါဖြင့်လျှင် သူရဿတီ မော်သွင်းခြင်းနှင့် ဆိုင်သော မမြင်အပ်သော အမျိုးသမီးလေးပင်လော၊

သို့မဟုတ် ဘုရားခန်းအတွင်းရှိသော ဘုရားဌာပနာပစ္စည်းများကို စောင့်ရှောက်သော ဥစ္စာစောင့်ပင်လော၊ ဦးပဥ္စင်း ဦးသီဟသည် လောပေါင်းများစွာဖြင့် ယနေ့အထိ စဉ်းစားမရ ဖြစ်နေပါတော့သည်။

**မှတ်ချက်။ ။ ဆရာကြီး ဦးသိန်းဖေ (အင်းပုတ်ရွာ)၏ တွေ့ကြုံခဲ့ရသော ဖြစ်ရပ်မှန်ကလေး ဖြစ်ပါသည်။ ဆရာကြီး၏ ခွင့်ပြုချက်ဖြင့် စာဖတ်ပရိသတ်ကြီးအား တင်ပြလိုက်ခြင်း ဖြစ်ပါသည်။ ဆရာကြီးဦးသိန်းဖေအား ဤစာစုဖြင့် ဂါရဝပြုလိုက်ပါသည်။**

*ဗဟုသုတနှင့် ပြည့်စုံကြပါစေ။*

စလင်း ဦးကျော်



www.burmeseclassic.com

www.burmeseclassic.com

လူတိုင်းအတွက် တရုတ်ရိုးရာ

# အိပ်မက်ရှင်းတမ်း (၇၂)

ထက်မြင့်ကျော်စွာ







❂ အိမ်အသုံးအဆောင် ပစ္စည်းများကို မြင်မက်ပါက...

ကောင်းသတင်း ကြားရမည့်နိမိတ်ဖြစ်သည်။

✤ **အိမ်ထောင်ဦးစီးက မြင်မက်လျှင်...**

စီးပွားရေး ငွေကြေးဆိုင်ရာ သတင်းကောင်း ကြားရတတ်သည်။

✤ **အိမ်ရှင်မက မြင်မက်လျှင်...**

မင်္ဂလာသတင်း စေ့စပ်ကြောင်းလမ်းမှုသတင်းများ ကြားရဖွယ်ရှိသည်။

✤ **လူပျိုက မြင်မက်လျှင်...**

အလုပ်အကိုင်အတွက် ဝမ်းမြောက်ဖွယ် သတင်းများ ကြားရလိမ့်မည်။

✤ **အပျိုက မြင်မက်လျှင်...**

နှလုံးသားရေးဆိုင်ရာ သတင်းကောင်း ကြားရမည်။

✤ **ကုန်သည်က မြင်မက်လျှင်...**

ဈေးကွက် ဝယ်လက်အသစ်အတွက် ဝမ်းသာစရာသတင်း ကြားရတတ်သည်။

✤ **တောင်သူလယ်သမားက မြင်မက်လျှင်...**

လယ်ယာမြေဆိုင်ရာ အခွင့်အရေးများအတွက် ဝမ်းမြောက်ရဖွယ် ရှိသည်။

✤ **ဥစ္စာပျောက်စဉ် မြင်မက်ပါက...**

မကြာမီ သတင်းရမည်။

✤ **လူပျောက်စဉ် မြင်မက်ပါက...**

မြန်မကြာ ဆက်သွယ်လာမည်။

✤ **ခရီးသွားစဉ် မြင်မက်ပါက...**

လမ်းညွှန်မှု ရရှိမည်။

✤ **နာမကျန်းဖြစ်စဉ် မြင်မက်ပါက...**

ဆေးဝါး သတင်းကောင်းများအတွက် သတင်းကြားရမည်။

✤ **စာမေးပွဲဖြေထားသူက မြင်မက်လျှင်...**

အောင်သတင်း ကြားရမည်။

❂ အသုံးမတည့်သည့် အိမ်အသုံးအဆောင်ပစ္စည်းများ (ဥပမာ လျှပ်စစ်မီးမရှိသည့်နေရာတွင် လျှပ်စစ် အသုံးအဆောင်ပစ္စည်းများ။ အိမ်ခန်းနှင့် အဆမတန် ကြီးမားဝန်လေးသည့် အိမ်ထောင်ပရိဘောဂများ။ မိန်းမသားမရှိသည့် အိမ်တွင် အမျိုးသမီးသုံးပစ္စည်းများ စသည်)ကို မြင်မက်ပါက နစ်နာဆုံးရှုံးမှုများ ကြုံတွေ့ရကိန်း ရှိသည်။

✤ **အိမ်ထောင်ဦးစီးက မြင်မက်လျှင်...**

စီးပွားအလုပ်အကိုင် ကျဆင်းတတ်သည်။

✤ **အိမ်ရှင်မက မြင်မက်လျှင်...**

နေအိမ်ဂေဟာသို့ သူခိုးဓားပြ ချဉ်းကပ်နိုင်သည်။

✤ **အိမ်ထောင်မရှိသူ လူပျိုက မြင်မက်လျှင်...**

မျိုးဆွယ်လိမ်ညာတတ်သော မိန်းမများနှင့် တွေ့ကြုံရတတ်သည်။

✤ **အိမ်ထောင်မရှိသူ အပျိုက မြင်မက်လျှင်...**

သွားပုပ်လေလွင့် ပြောဆိုရှုတ်ချခြင်း ခံရဖွယ်ရှိသည်။

✤ **စာမေးပွဲဖြေထားသူက မြင်မက်လျှင်...**

မျှော်မှန်းထားသလောက် အောင်မြင်မှုမရနိုင်ပါ။

✤ **နေထိုင်မကောင်းစဉ် မြင်မက်ပါက...**

ရောဂါဝေဒနာ တိုးပွားတတ်သည်။

✤ **ကုန်သည်က မြင်မက်လျှင်...**

ကုန်ပစ္စည်းများ လေလွင့်ပျောက်ဆုံးနိုင်သည်။

✤ **တောင်သူလယ်သမားက မြင်**



www.burmeseclassic.com

www.burmeseclassic.com

မက်လျှင်...

ကောက်ပဲသီးနှံ အထွက်နည်း၍ ဈေးကောင်းမရ ကြုံရဖွယ် ရှိသည်။

✤ **ဆရာဝန်ဆေးသမားက မြင်မက်လျှင်...**

နေထိုင်ရာ ရပ်ကွက်ဒေသ၌ ကူးစက်ရောဂါ၊ ကပ်ရောဂါ ဖြစ်ပွားတတ်သည်။

✤ **ခရီးသွားစဉ် မြင်မက်က...**

ရည်မှန်းချက် မအောင်မြင်၊ ခရီးမဆုံးမီ လှည့်ပြန်ရကိန်း ရှိသည်။

✤ **ပစ္စည်းပျောက် လူပျောက်စဉ် မြင်မက်က...**

ပြန်မရနိုင် မရောက်နိုင်တော့ပြီ။

✤ **နေအိမ်ရပ်ရွာနှင့် ဝေးကွာသော နေရာ၌ ရောက်နေစဉ် မြင်မက်ပါက...**

ပြည်တော်ပြန်ခရီး အခက်အခဲ ကြုံမည်။

◎ အိမ်အသုံးအဆောင်ပစ္စည်းကို မြင်မက်ပါက ဝေးလံသောအရပ်ဒေသနှင့် ဆက်ဆံရောက်ရှိခြင်းကို ဖော်ပြသည်။

✤ **အိမ်ထောင်ဦးစီးက မြင်မက်လျှင်...**

ရပ်ဝေးသို့ သွားရောက်ကာ စီးပွားဥစ္စာ ရှာဖွေလုပ်ကိုင်ရကိန်း ရှိသည်။

✤ **အိမ်ထောင်ရှင်မ ဇနီးသည်က မြင်မက်လျှင်...**

ရပ်ဝေးမြေခြားမှ လက်ဆောင်ပစ္စည်း၊ သတင်းစကားအဆက်အသွယ် ရရှိမည်။

✤ **ကုန်သည် ရောင်းဝယ်သူက မြင်မက်လျှင်...**

ဝေးလံသော နိုင်ငံရပ်ခြားဒေသသို့ ကုန်စည် ကူးသန်းရောင်းဝယ်ရကိန်း ကြုံမည်။

✤ **တောင်သူလယ်သမားက မြင်မက်လျှင်...**

နိုင်ငံရပ်ခြားမှ စိုက်ပျိုးနည်းစနစ်



သီးနှံ၊ မျိုးစေ့များကြောင့် ပိုမို၍ အကျိုးဖြစ်ထွန်းမည်။

✤ **လူငယ် လူလင်ပျိုက မြင်မက်လျှင်...**

ရပ်ဝေးနေရာမှ အလုပ်ခေါ်စာ ရရှိမည်။

✤ **လုံမပျိုက မြင်မက်လျှင်...**

မတွေ့မမြင်းဘူးသည့် သူစိမ်းနှင့် ဖူးစာဆုံရဖွယ် ရှိသည်။

✤ **ကျန်းမာရေး ယိုယွင်းနေသူက မြင်မက်လျှင်...**

မမျှော်လင့်သော ဆေးဝါးကုထုံးများကြောင့် ရောဂါဝေဒနာ သက်သာပျောက်ကင်းနိုင်သည်။

✤ **ပစ္စည်းပျောက်စဉ် မြင်မက်ပါက...**

ဝေးလံသောနေရာသို့ ရောက်သွားပြီ။

✤ **လူပျောက်စဉ် မြင်မက်လျှင်...**

ခရီးရှည် ထွက်သွားခြင်း ဖြစ်သည်။

✤ **ခရီးသွားစဉ် မြင်မက်ပါက...**

ခရီးစဉ် ရှည်ကြာတတ်သည်။

✤ **အချုပ်အကျဉ်းကျနေသူက မြင်မက်လျှင်...**

ဝေးလံသော အခြားတစ်နေရာသို့ ပြောင်းရွှေ့ခြင်း ခံရကိန်းရှိသည်။ သို့သော် ခံစားခွင့်များ ပိုမိုရရှိမည်။

✤ **စာမေးပွဲဖြေထားစဉ် မြင်မက်ပါက...**

မမျှော်လင့်ဘဲ အောင်မြင်တတ်သည်။

◎ သူတစ်ပါး၏ အိမ်အသုံးအဆောင် ပစ္စည်းများ လေလံတင် ရောင်းချနေသည်ကို မြင်မက်ပါလျှင် ငွေကြေးကြောင့် ကိုယ် စိတ်ဒုက္ခ ကြုံရကိန်း ရှိသည်။

✤ **အိမ်ထောင်ဦးစီးက မြင်မက်ပါက...**

ငွေရှင်ကြေးရှင်နှင့် ရန်ငြိုးဖွဲ့ အမုန်းပွားခြင်း ကြုံရတတ်သည်။

✤ **အိမ်ရှင်မက မြင်မက်လျှင်...**

ငွေကြေးအခက်အခဲ ကြုံရကိန်း ရှိသည်။

✤ **လုလင်ပျိုက မြင်မက်လျှင်...**

ငွေကြေးချမ်းသာသူ အိမ်ထောင်ရှင်မိန်းမနှင့် ငြိစွန်းတတ်၏။

✤ **လုံမပျိုက မြင်မက်ပါက...**

ငွေဖြင့် မတရားသိမ်းပိုက်ခြင်း ခံရဖွယ် ရှိသည်။

✤ **ကုန်သည်က မြင်မက်လျှင်...**

ငွေကြေးအားကောင်းသော စီးပွားပြိုင်ဘက် ပေါ်ပေါက်နိုင်၏။

✤ **တောင်သူလယ်သမားက မြင်မက်လျှင်...**

စိုက်ပျိုးစားရိတ် ငွေကြေးများနှင့် ပတ်သက်၍ စိတ်သောက ကြီးမားတတ်သည်။

✤ **နာမကျန်းဖြစ်စဉ် မြင်မက်ပါက...**

ဆေးဖိုးဝါးခနှင့် အထွေထွေကုန်ကျငွေများကြောင့် ရှိရင်းဝေဒနာ တိုးပွားဖိစီးနိုင်သည်။

✤ **အမှုတပေါင် ရင်ဆိုင်ရစဉ် မြင်မက်ပါက...**

အမှုဆိုင်ဘက်က ငွေကြေးအင်အားဖြင့် တစ်ဖက်သတ် အနိုင်ယူခြင်း



www.burmeseclassic.com

www.burmeseclassic.com

ခံရဖွယ်ရှိသည်။

✤ **အချုပ်အကျဉ်းကျနေသူ အခက်အခဲပြဿနာ ရင်ဆိုင်နေရသူက မြင်မက်လျှင်...**

ငွေကြေးအကျပ်အတည်း ကြီးမားစွာ ကြုံရကိန်း ရှိသည်။

✤ **ပစ္စည်းပျောက်စဉ် မြင်မက်ပါက...**

ဆုံးရှုံးသော ပမာဏ များပြားတတ်သည်။

✤ **လူပျောက်ပါက...**

ငွေကြေးကုန်ကျများစွာ ရှာဖွေစုံစမ်းရဖွယ် ရှိသည်။

✤ **စာမေးပွဲဖြေထားသူ မြင်မက်လျှင်...**

ဝါဏိဇ္ဇဗေဒ၊ ဘောဂဗေဒဘာသာရပ်များ၌ အခက်အခဲကြုံရကိန်းရှိသည်။

❂ အိပ်အသုံးအဆောင်ပစ္စည်းများ အစီအစဉ်မကျ ပရမ်းပတာ ရှုပ်ပွေနေသည်ကို မြင်မက်ပါက...

✤ **အိမ်ထောင်ဦးစီးဖြစ်လျှင်...**

ဇနီးသည် အဖျားအနာရောဂါ ရတတ်သည်။

✤ **အိမ်ရှင်မက မြင်မက်ခြင်း ဖြစ်ပါက...**

ဖခင်ကျန်းမာရေး ချို့ယွင်းနိုင်သည်။

✤ **လုလင်ပျိုက မြင်မက်လျှင်...**

အခြွေအရံ လျော့ပါးတတ်သည်။

✤ **လုံမပျိုက မြင်မက်ပါက...**

လူတကာ အရေးမပူ လျစ်လျူပြုခြင်း ခံရကိန်း ရှိသည်။

✤ **ကုန်သည်က မြင်မက်ပါက...**

ငွေကြေးအရင်းအနှီး ဆုံးရှုံးနိုင်သည်။

✤ **တောင်သူလယ်သမားက မြင်မက်လျှင်...**

ကောက်ပဲသီးနှံ အထွက်နည်းမည်။

✤ **ကျောင်းသူ ကျောင်းသားက မြင်မက်လျှင်...**



ပညာရေးတွင် တစ်ပွဲတိုး၊ အလွယ်လမ်းလိုက်မိသဖြင့် ဆုံးရှုံးမှု ကြုံရတတ်သည်။

✤ **နာမကျန်းဖြစ်သူက မြင်မက်လျှင်...**

ဆေးတိုးဆေးစား မှားယွင်း၍ ရောဂါတိုးနိုင်သည်။

✤ **ပစ္စည်းပျောက်စဉ် မြင်မက်က...**

အထင်မှား၍ ယိုးစွပ်မိသဖြင့် အမှုပွေရတတ်သည်။

✤ **ခရီးသွားစဉ် မြင်မက်ပါက...**

လမ်းမှား၍ ကြန့်ကြာနိုင်သည်။

❂ အိပ်အသုံးအဆောင်ပစ္စည်းများ ထုပ်ခွဲရောင်းချရသည်ဟု မြင်မက်လျှင်...

✤ **အိမ်ထောင်ရှင် ဇနီးသည် ဖြစ်ပါက...**

ဇနီးမောင်နှံ သဘောထားကွဲလွဲကာ မသင့်မမြတ်ဖြစ်ကိန်း ကြုံတတ်၏။

✤ **အိမ်ထောင်ဦးစီးက မြင်မက်လျှင်...**

လုပ်ဖော်ကိုင်ဖက်များနှင့် စကားများရဖွယ်ရှိ၏။

✤ **လုလင်ပျိုက မြင်မက်ပါက...**

ပြောစကား ဆိုစကား အရာမထင် အထီးကျန်ဆန်နေမည်။

✤ **လုံမပျိုက မြင်မက်လျှင်...**

ပျင်းရိငြီးငွေ့ဖွယ် အချိန်ကုန်ရတတ်သည်။

✤ **ကုန်သည်က မြင်မက်လျှင်...**

စီးပွားပြိုင်ဆိုင်ဘက် ပေါ်များတတ်သည်။

✤ **တောင်သူလယ်သမားက မြင်မက်ပါက...**

ကောက်ပဲသီးနှံများ ဈေးနှိမ်ခြင်း ခံရဖွယ်ရှိ၏။

✤ **အချုပ်အကျဉ်း ကျနေသူက မြင်မက်လျှင်...**

အဖျားအနာရောဂါ ရနိုင်သည်။

✤ **ပစ္စည်းပျောက်စဉ် မြင်မက်ပါက...**

မိတ်ဆွေရင်းချာများနှင့် ငြင်းခုံရတတ်သည်။

✤ **ကိုယ်ဝန်ဆောင်စဉ် မြင်မက်ပါက...**

ကိုယ်ဝန်ဆောင်ဝေဒနာ မအီမသာဖြစ်ခြင်းများ ပြင်းထန်စွာ ခံစားရဖွယ်ရှိသည်။

✤ **ခရီးသွားစဉ် မြင်မက်ပါက...**

သူတစ်ပါး အထင်အမြင် လွဲမှားခြင်း ခံရကိန်းရှိသည်။

✤ **ကျောင်းသူ ကျောင်းသားက မြင်မက်လျှင်...**

စိတ်ရှုပ်ထွေးကာ မှတ်ဉာဏ် ထိုင်းမှိုင်းနေတတ်သည်။

✤ **စေ့စပ် ကမ်းလှမ်းခြင်းအတွက် ပြင်ဆင်နေစဉ် မြင်မက်ပါက...**

ပြောဆိုဆွေးနွေးမှုများ သဘောတူညီမှု မရနိုင်ချေ။

✤ **လူပျောက်စဉ် မြင်မက်ပါက...**

စိတ်အခန့်မသင့်သဖြင့် ထွက်သွားခြင်း ဖြစ်၏။

✤ **အမှုတပေါင် ရင်ဆိုင်ရစဉ် မြင်မက်ပါက...**

ကျေအေးပြေလည်မှုရရန် မလွယ်ကူပါ။

**ထက်မင်းကျော်စွာ**



www.burmeseclassic.com

www.burmeseclassic.com



# ဘုမ္မိအရပ် သွားမည်ဆိုလျှင်

အေးချမ်းအောင်
(ရမည်းသင်း)

'ကိုယ့်ရဲ့ ဘုမ္မိအရပ်ကို ငွေကြေးကိစ္စနဲ့ပဲ ဖြစ်ဖြစ် မဖြစ်မနေ အခြား အကြောင်း တစ်ခုခုနဲ့ သွားရတော့မယ်ဆိုရင် ဘာတွေ ဆောင်၊ ဘာတွေ ရှောင်သွားရမလဲ ဆရာကြီး'

ဗေဒင်ဆရာကြီး ဦးမင်းဖြူကို ကျွန်တော် သိလိုသော ဘုမ္မိအရပ်၏ ဆိုးကျိုးများ မကျရောက်အောင် ရှောင်လွှဲသွားနိုင်သည့်နည်း မေးလိုက်ခြင်း ဖြစ်သည်။

'ကိုအောင်ဝင်းက ဗေဒင်ပညာ သင်ယူပါဆိုတော့ အကြောင်းအမျိုးမျိုးနဲ့ ရှောင်လွှဲနေတာ။ စူးစမ်းလေ့လာတော့ စိတ်ဝင်စားရာက သိချင်ပြီ မဟုတ်လား။

ဘာပဲဖြစ်ဖြစ် စိတ်ဝင်စားပြီဆိုရင် ဲ တတ်မြောက်ဖို့ သိပ်မဝေးတော့ပါဘူးလေ။ ခုလို မေးတာကိုက ဗေဒင်ပညာကို တစ်မျိုးသင်ယူခြင်းပဲပေါ့'

ဟု ပြောရင်း ဆရာကြီးက ကြေးကွမ်းအစ်ကြီးထဲမှ ကွမ်းရွက်များ ထုတ်ကာ ကွမ်းယာလေသည်။ ပြီးမှ...

'ရှေးဆရာကြီးတွေ၊ ပညာရှင်တွေက အယူအဆအမျိုးမျိုး ရှိကြတယ်။ ပညာရှင် တစ်ဦးနဲ့တစ်ဦး အယူအဆတော့ တူချင်မှ တူကြမယ်။ အဲဒါနဲ့ ပတ်သက်ပြီး ဆရာကြီးအနေနဲ့ သူတိုင်း နားလည်လွယ်တဲ့နည်းကို ပြောပြမယ်။

ဘုမ္မိအရပ်ရဲ့ ဆိုးကျိုးတွေနဲ့ ပတ်သက်ပြီး ပြောရရင် ကိုယ့်ရဲ့ ဆိုးကျိုးအရပ်ဟာ မကောင်းတဲ့အမှိုက်၊ အညစ်အကြေး စွန့်တဲ့ အရပ်ဖြစ်တယ်။ ဘုမ္မိအရပ်ကို စီးပွားရှာရင် စီးပွားရှာလို့ မရဘူး။

ဘုမ္မိအရပ်ရဲ့ ဆိုးကျိုးကြောင့် အဲဒီအရပ်ကို သွားရောက်နေထိုင် လုပ်ကိုင်သူဟာ စီးပွားရှာလို့ အဆင်မပြေရုံမက လူမှုရေးကျန်းမာရေးပါ ထိခိုက်စေတာမို့ ကိုယ့်ရဲ့ ဘုမ္မိအရပ်ဟာ အကျိုးမဲ့ အရပ်လို့ သိနေရမယ်။ မသိလို့ လုပ်နေရင် ရှိတဲ့စီးပွား ပျက်သွားနိုင်တယ်။

ထို့အတူပဲ လူမှုပေါင်းသင်း ဆက်ဆံရေးမှာလဲ ဘုမ္မိအရပ်မှာ ရှိနေတဲ့သူတွေ၊ နောက်ဆုံးကွယ် ကိုယ့်ရဲ့ တစ်အူထုံ့ဆင်း ညီရင်းအစ်ကို မောင်ရင်းနှမတွေ ဖြစ်နေပါစေ ကိုယ့်ကို အကျိုးမပြုဘူး။ ဘယ်သောအခါမှ အကူအညီ မျှော်လင့်မထားနဲ့။

နောက် ဘုမ္မိအရပ်မှာ ရှိနေတဲ့သူကို ငွေကြေးအနေနဲ့ဖြစ်ဖြစ်၊ စီးပွားအရာနဲ့ပဲဖြစ်ဖြစ် ဆက်ဆံလုပ်ကိုင်ခြင်းပြုရင် ကိုယ့်အတွက် နောင်တနဲ့သောက နောက်ဆုံးမှာ ရလိမ့်မယ်။ မကောင်းတဲ့ အမှိုက်အညစ်အကြေး၊ မကောင်းတာတွေ စွန့်ပစ်တဲ့ အရပ်က ဝင်ရောက်လာမယ့် လာဘ်လာဘကို စဉ်းစားသာကြည့် ဘယ်လိုကောင်းနိုင်ပါ့မလဲ။

ကြောက်စိတ်ဆိုတာ ကြောက်စရာလို့ အသိစိတ်ကြောင့် ကြောက်တာ။ ထို့အတူပဲ ကြောက်ရခြင်းဟာလဲ အကြောင်းကြောင်းသော အားနည်းခြင်းကြောင့် စိတ်က ကြောက်ရမယ်လို့ ကြောက်ခိုင်းခြင်းကြောင့် ကြောက်တာပဲ။

ဥပမာကွယ် ကိုယ့်ကို အန္တရာယ်ပြုမယ့် သတ္တဝါတစ်ကောင်ကောင်နဲ့ တွေ့ရင် ကိုယ့်ကို ရန်ပြုမှာစိုးလို့ ရှောင်ပုန်းသွားလို့ ရနိုင်ပေမယ့် မျက်စိနဲ့ မမြင်တွေ့ရဘဲနဲ့ ကိုယ့်ကို ဒုက္ခပေးမယ့် အန္တရာယ်တွေကျတော့ ကြောက်ချိန်တောင် မရလိုက်ဘဲနဲ့ မမြင်နိုင်တဲ့ ကံကြမ္မာဆိုးကျိုးတွေကို ရှောင်ပုန်းဖို့ ဘယ်လိုလုပ်မလဲ။

မြင်သာတဲ့ အန္တရာယ်ကို ကြည့်ရှောင်ရသလို မမြင်သာတဲ့ ကံကြမ္မာကိုတော့ ဉာဏ်ပညာနဲ့ ရှောင်ကြရတာပေါ့။ တို့ဗုဒ္ဓဘာသာဝင်တွေဟာ ဗုဒ္ဓဘာသာအဖြစ် ခံယူကြတာ ဘုရားရှင်ဟောကြားတဲ့ ကံ,ကံရဲ့အကျိုးကို ယုံကြည်လို့ ကိုးကွယ် ဆည်းကပ်ကြတာပဲ မဟုတ်လား။





www.burmeseclassic.com

www.burmeseclassic.com

ဘုရားရှင်ကို ယုံကြည် ကိုးကွယ်ကြတာ မမြင်ရနိုင်တဲ့ သံသရာနဲ့ ကံကြမ္မာကို ကြောက်လို့ မကောင်းတဲ့ဘေးဆိုး ရန်အန္တရာယ်အမျိုးမျိုးက လွတ်ကင်းအောင် ဘုရားရှင်ရဲ့ အဆုံးအမအတိုင်း လိုက်နာကျင့်ကြံတာပဲ မဟုတ်လား။

ဒီလိုပဲပေါ့...မကောင်းတဲ့ ဘေးဆိုး၊ ရန်ဆိုး၊ အန္တရာယ်ဆိုး အမျိုးမျိုးက လွတ်ကင်းအောင် ပရိတ်၊ ဂါထာ၊ မန္တန်တွေ ရွတ်ပွားပူဇော်တော့ မမြင်ရတဲ့ ရန်အန္တရာယ်တွေက လွတ်ကင်းကြတယ်။

အခုလဲ ကိုအောင်ဝင်းမေးတဲ့ ဘုမ္မိအရပ်ကို အကြောင်းအမျိုးမျိုးနဲ့ သွားရတော့မယ်ဆိုရင် ရှေ့တန်းကို စစ်တိုက်ထွက်တဲ့ စစ်သားတစ်ယောက်လို စွန့်စားသွားရတာပဲ။

အနန္တငါးပါးဖြစ်တဲ့ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ ဆိုတာတွေဟာ ဘုရားနဲ့ တစ်ဂိုဏ်းတည်းထား ကိုးကွယ်ကြတာဖြစ်လို့ ဘုမ္မိအရပ်ကို သွားရတော့မယ်ဆိုရင် ကိုယ့်မိခင်ရဲ့ ထဘီအထက်ဆင်စလေးကို ဆောင်ပြီးတော့ ဘုမ္မိအရပ်ဖြစ်တဲ့ ဥပမာ တနင်္ဂနွေသားဖြစ်ရင် သူ့ရဲ့ ဘုမ္မိအရပ်ဟာ မွေးနံဂြိုဟ်ရဲ့ လေးခွင်မြောက်ဖြစ်တဲ့ တောင်အရပ်ဖြစ်လို့ ဗုဒ္ဓဟူးဂြိုဟ်မင်းကြီးရှိတဲ့ တောင်အရပ်ကို မျက်နှာမူပြီးတော့ ဂြိုဟ်မင်းကြီးကို ဦးစွာ မေတ္တာပို့သရမယ်။ အဲဒီနောက် တောင်အရပ်မှာ ရှိနေကြတဲ့ သတ္တဝါဝေနေယျ အပေါင်းကို မေတ္တာပို့ရမယ်။

"ဗုဒ္ဓဟူးဂြိုဟ်မင်းကြီးနဲ့အတူ တောင်အရပ်မှာ ရှိနေကြတဲ့ သတ္တဝါဝေနေယျတို့ရဲ့ မေတ္တာခံယူ၊ ယင်းမေတ္တာအဟုန်ကြောင့် ဘုမ္မိအရပ်ဖြစ်သော တောင်အရပ်မှ ကျွန်ုပ်အပေါ် ကျရောက်လာမယ့် ဘေးရန်တို့ ဖယ်ရှားခြင်း



ဖြစ်ပါစေသား။ ကျွန်ုပ် လုပ်ဆောင်ရမယ့် ကိစ္စအဝဝ အောင်မြင်ရပါစေ"

လို့ ဆုတောင်း။

အဲဒီလို မေတ္တာခံယူပြီးတော့ ဘုရားရှင်ထံမှာ ငါးပါးသီလ ခံယူ၊ သရဏဂုံသုံးပါးကို သက်စေ့ ရွတ်ပွားပူဇော်ရမယ်။

ရှောင်ရမှာတွေကတော့ ဘုမ္မိအရပ်မှာ ရှိနေတဲ့ စောစောက ပြောတဲ့ တနင်္ဂနွေသားဆိုရင် တောင်အရပ်မှာ ရှိနေတဲ့ ဗုဒ္ဓဟူးသား၊ ဗုဒ္ဓဟူးနံပါတဲ့ နာမည်ရှင်တွေနဲ့ ပြောဆိုဆက်ဆံရာမှာ အထူး သတိထားရမယ်။

ဗုဒ္ဓဟူးနံဖြစ်တဲ့ ရှေ့ ဝတ်ဆင်သွားခြင်းကို ရှောင်ရမှာ ဖြစ်သလို ဗုဒ္ဓဟူးနံဖြစ်တဲ့ ဝက်သားစားသောက်ခြင်းက လုံးဝ ရှောင်ရမယ်။

နောက် ဘုမ္မိအရပ်မှာ ရှိနေစဉ် ကာလ တစ်လျှောက်လုံး၊ လာဘ်လာဘအရာမှာ ဆောင်ရတဲ့ ရဟန္တာအရှင်သီဝလိဂါထာကို ရွတ်ပွားပူဇော်နေရမယ်။ ရှင်သီဝလိဂါထာ များစွာရှိပေမယ့် ဒီဂါထာကို ရွတ်ပွားပူဇော်နေထိုင်ရမယ်'

ဟု ပြောကာ ကျွန်တော့်ကို ရှင်သီဝလိဂါထာ ရေးမှတ်ခိုင်းပါလေသည်။

'တစ်နည်းအားဖြင့် ယတြာချေတယ်လို့ ပြောရင်လဲ ရတာပေါ့ကွယ်'

ကျွန်တော် ရေးမှတ်ထားသော ရှင်သီဝလိဂါထာတော်မှာ...

---

ရှင်သီဝလိဂါထာတော်

---

သီဝလိယော မဟာလာဘော
မယသိသော ဒိနေ ဒိနေ
သုခံလာဘော။
ဗဟိမမ ပီယံပီယံ ဘန္တေ
သီဝလိနာမ တိသုလောကေသု
အာဂတော ဒေဝတာ ပူဇိတော
ယေဝတ္တနွာစ ဒေဝါစ
ကုဒ္ဒိနေဝ အဟံဘန္တေ
အနာထော ကမ္မန္တော
ကုစံမေ ဒေဟိ
သုခံ ဇီဝိတံ
သဥဒ္ဒကျော ပမုစ္စေယျ
ကုတ္တိယောဝါ ပူရိသောဝါ
ဒုရေပသန္တိစ သဒ္ဒိဟောန္တု
ပီယံ မမ။

**အနက်အဓိပ္ပာယ်**

၁။ **သီဝလိယော**၊ ရှင်သီဝလိထေရ် အရှင်မြတ်ကြီးအား။ **မဟာလာဘော**၊ များပြားစွာသော လာဘ်ကြီးသည် ရပေ၏။ **မေ**၊ အကျွန်ုပ်၏။ **သီသော**၊ ဦးခေါင်းထက်၌။ **ဒိနေ ဒိနေ**၊ နေ့တိုင်း နေ့တိုင်း။ **တိဋ္ဌာတု**၊ တည်ပါစေသတည်း။

၂။ **ဘန္တေ**၊ အရှင်သူမြတ်ဘုရား။ **ဗဟိ**၊ ကြွရောက်တော်မူပါလော့။ **မမ**၊ အကျွန်ုပ်အား။ **သုခံ**၊ ချမ်းသာသုခ ပြည့်စုံခြင်းကို လည်းကောင်း။ **လာဘော**၊ လာဘ်ရခြင်းကိုသော် လည်းကောင်း။ **ပီယံ–ပီယံ**၊ ချစ်ခြင်းမေတ္တာကိုသော် လည်းကောင်း။ **ဒေဟိ**၊ ပေးသနားတော်မူပါ။

၃။ **တိသုလောကေသု**၊ လူ၊ နတ်၊ ဗြဟ္မာတည်းဟူသော သုံးပါးသော





www.burmeseclassic.com

www.burmeseclassic.com

# ဂြိုဟ်ပြေနံပြေ ပန်းအိုးနှင့်

စတုရန်းဓာတ်ဆင်အစီအစဉ်

ခင်လွန်း

အမြင့်မြို့ ရန်အောင်မင်္ဂလာကျောင်းမံဘုရား သိမ်တင်းသုံးတော်မူရာ ဂန္ဓကုဋိတိုက်တော်အတွင်း ဘုရားခန်းအနီးတွင် အမြင့် လေးပေနီးပါးခန့်ရှိသော ပန်းအိုးကြီးတစ်လုံးဖြင့် ပန်းများ ဝေဝေဆာဆာ ကပ်လှူထားသည်ကို တွေ့ရသည်။

ပန်းအိုး၏ လည်တိုင်ပတ်လည်တွင် ၁၂၉၉ ခုနှစ်၌ လှူဒါန်းကြောင်း အလှူရှင်အမည်များနှင့်တကွ ကမ္ပည်းထိုးထားသည်။ ဆရာတော် ဦးဝါယမိန္ဒအား မေးလျှောက်ကြည့်သောအခါ ရှေးခေတ်ကာလ ဂြိုဟ်ပြေနံပြေ စီစဉ်ပူဇော်သည့် ပန်းအိုးဖြစ်ကြောင်း သိရသည်။

ပန်းအိုး၏ ဝမ်းဗိုက်ပတ်လည်၌ ခုနစ်နေ့ဂြိုဟ်မင်းတို့ ဆိုင်ရာအရုပ်များ စီးနင်းထားပုံ သရုပ်ဖော်ထားသည်။ ရာဟုအထိမ်းအမှတ် ဟိုင်းဆင်လည်း ပါဝင်ရာ အရုပ်(၈)ခုဖြစ်သည်။

ပန်းအိုးအခြေကို ရှစ်မြှောင့် အနားကွပ်ကာ ထောင့်များ၌ ပန်းအိုးငယ်တစ်လုံးစီ (၈)လုံး တပ်ဆင်ထားသည်။ အောက်ခြေတွင် ခြသေ့်လေးကောင် ခံထားလေသည်။

မိမိတို့ အလိုရှိရာကိစ္စအတွက် မြန်မာ့ရိုးရာ မဟာဘုတ်နည်းအတိုင်း '**အောင်၊ လံ၊ ထူ၊ စစ်၊ သူ၊ ကြီး၊ ဒွိ**'ဟူ၍ စတုရန်းဓာတ်ဆင်ကာ ဆိုင်ရာအရှက်၊ အညွှန့်၊ အသားများ ဆောင်ယူလုပ်ကိုင်ရသည်။

**ဥပမာ** ။ ။ လှည်းအရောင်းထွက်သိုပါက **'လံထူ'**အရ စနေနံ **ဒန်း၊ သန်း၊ ဓနိ** စသည်တို့၏ အညွှန့်၊ အရွက်၊ ပန်း၊ အသားတို့ကို စနေဂြိုဟ်ဒေါင်းအနီးရှိ ပန်းအိုးငယ်တွင် ထည့်သွင်း ကပ်လှူရသည်။



ဂြိုဟ်ပြေနံပြေပန်းအိုးကြီး

လှည်းရောင်းရာတွင် ယင်းအရွက်အညွှန့်ကို အဆောင်ပြုသွားရသည်။ စနေသားသမီးတစ်ဦးကိုလည်း အဖော်အဖြစ် ခေါ်သွားရသည်။




www.burmeseclassic.com

www.burmeseclassic.com



◆ ပန်းဆိုးတာဝင်နေရာမှ အင်္ဂါဂြိုဟ်မင်းပုံ

◆ ဗုဒ္ဓဟူးဂြိုဟ်မင်းပုံ





www.burmeseclassic.com

www.burmeseclassic.com



အောက်ခြေပန်းအိုးငယ်များ

အလားတူပင်...

* * * ⟶

စသည်ဖြင့် စတုရန်းနံ၏ **အရွက်၊ အညွန့်၊ ပန်း၊ အသား** စသည်ကို ဆိုင်ရာနေ့နံရုပ်တွင် ကပ်လျှုအဆောင်လည်း ပြုရလေသည်။

ပန်းအိုးအောက်ခြေမှ ခြသေ့်များက အရပ်လေးမျက်နှာမှ ဆိုးကျိုး အနှောင့်အယှက်များ ပျက်ပြယ်စေရန် ရည်ညွှန်းကာကွယ်ပေးထားခြင်း ဖြစ်သည်။

ခြသေ့်သည် မြန်မာ့ထုံးဓလေ့အရ အောင်မြင်မှုကို ပေးစွမ်းသော ကေသရာဇာ ခြသေ့်မင်း ဖြစ်သည့်အပြင် **'ခြသေ့်'** ဟူသော ပညတ်က **'သောက'** ဟူသော အတွင်းရန်ဂြိုဟ်တွဲ ဖြစ်နေသည်။ ဥစ္စာလို၍ ရန်ဂြိုဟ်ဆောင်ထား

| | | | |
|---|---|---|---|
| ❖ ကြာသပတေးကိစ္စ အောင်မြင်လိုပါက | **ပွဲ-အောင်** | = | တနင်္ဂနွေနံ |
| ❖ သောကြာကိစ္စ အောင်မြင်လိုပါက | **သူ-ကြီး** | = | တနင်္လာနံ |
| ❖ စနေကိစ္စ အောင်မြင်လိုပါက | **ထူ-စစ်** | = | အင်္ဂါနံ |
| ❖ တနင်္ဂနွေကိစ္စ အောင်မြင်လိုပါက | **အောင်-လံ** | = | တနင်္ဂနွေနံ |
| ❖ တနင်္လာကိစ္စ အောင်မြင်လိုပါက | **ကြီး-ပွဲ** | = | ကြာသပတေးနံ |
| ❖ အင်္ဂါကိစ္စ အောင်မြင်လိုပါက | **စစ်-သူ** | = | သောကြာနံ |

ခြင်းဖြစ်သည်။

အတွင်းရန်ဂြိုဟ်တွဲ လေးခုဖြစ်သော **မဿ၊ သောက၊ အင်းဝ၊ ရာဇာတို့**

| | | | | |
|---|---|---|---|---|
| **မဿ** | = စနေ | + ကြာသပတေး | =(ဂြိုဟ်သက်အရ) | ၁၀ + ၁၉ = ၂၉ |
| **သောက** | = သောကြာ | + တနင်္လာ | =(ဂြိုဟ်သက်အရ) | ၂၁ + ၁၅ = ၃၆ |
| **အင်းဝ** | = တနင်္ဂနွေ | + ဗုဒ္ဓဟူး | =(ဂြိုဟ်သက်အရ) | ၆ + ၁၇ = ၂၃ |
| **ရာဇာ** | = ရာဟု | + အင်္ဂါ | =(ဂြိုဟ်သက်အရ) | ၁၂ + ၈ = ၂၀ |

၌...

* * *



www.burmeseclassic.com

www.burmeseclassic.com



● ရန်အောင်မင်္ဂလာဆရာတော် ဦးဝိပုလသိန္ဒ



● အင်္ဂါဒြသိမ့်တစ်ကောင်

ဂြိုဟ်သက်အရ **'သောက'** သောကြာ၊ တနင်္လာ ဂြိုဟ်တွဲသာလျှင် (၃၆) ပါပနဝင်း ရ၏။ ပါပနဝင်း၏ စွမ်းအင်မှာ ထက်မြက်ခြင်း၊ တက်ကြွခြင်း၊ ပြောင်းလဲစေခြင်းသဘော ဆောင်သဖြင့် လိုရာကိစ္စအတွက် အောင်မြင်စေရန် အထောက်အပံ့ ဖြစ်စေပေသည်။

ဤကဲ့သို့ ပန်းအိုးမရှိစေကာမူ မိမိတို့ ရပ်ရွာရှိ လူအများ ကိုးကွယ်သည့်စေတီ ပုထိုးတွင် ဤအစီအစဉ်အတိုင်း ပြုလုပ်နိုင်ကြပါသည်။

ဥပမာ တိုက် ရောင်းလိုသည် ဖြစ်ပါက **'ထူစစ်'**အင်္ဂသားတစ်ဦးကို အဖော်အဖြစ် ခေါ်သွားကာ စေတီတော်၏ အရှေ့တောင်ထောင့် အင်္ဂါဂြိုဟ်တိုင်မှ နေ၍ ဆီး(ဖီး)၊ ဖွန်၊ ညောင် တစ်ခုခု၏ အညွှန့်၊ အရွက်၊ ပန်း၊ အသားကို ယူ၍ ကပ်လှူပါ။

တိုက်ရောင်းဝယ်ရာတွင်လည်း ဆီး(ဖီး)၊ ဖွန်၊ ညောင် အညွှန့်၊ အရွက်၊ ပန်း၊ အသားကို အဆောင်ပြုပါက အောင်မြင်လိမ့်မည်ဟု သိရပေသည်။

**ခင်ထွန်း**

ဓာမျက်နှာ (၁၃၈)မှ အဆက်

လောကသို့၊ **အာဂတော**၊ ကြွရောက်တော်မူလာသော။ **သီဝလိ နာမံ**၊ အရှင်သီဝလိ အမည်ရှိသော မဟာထေရ် အရှင်သူမြတ်အား။ **ဒေဝတာ**၊ နတ်အပေါင်းတို့သည်။ **ပူဇိတောဃေဝ**၊ ပူဇော်သက္ကာယ ပြုကြကုန်သည်သာ ဖြစ်သတည်း။

၄။ **ဣဒါနေဝ**၊ ဤ ယခုအချိန်အခါ သမယတွင်။ **အနာထောကမွေ့နှော**၊ ကိုးကွယ်ရာ ကင်းမဲ့စွာ တည်ရှိနေသော။ **အဟံ**၊ အကျွန်ုပ်သည်။ **သဗ္ဗဒုက္ခ**၊ အလုံးစုံသော ဆင်းရဲ ဒုက္ခအပေါင်းမှ။ **ပမုစ္စေယျ**၊ လွတ်မြောက်ရာ ရလိုပါ၏။

**ဘန္တေ**၊ အရှင်သူမြတ်ဘုရား။ **မမ**၊ အကျွန်ုပ်အား။ **ဣန္ဒာစ**၊ သိကြားမင်းသည်လည်းကောင်း။ **ဒေဝါစ**၊ နတ်တကာတို့သည် လည်းကောင်း။ **သုခံ**၊ ချမ်းသာအပေါင်းတို့ကိုသော် လည်းကောင်း။ **ဣစ္ဆံဇိဝိတံ**၊ ဤအသက်ရှည်ခြင်းကိုသော်လည်းကောင်း။ အနာမဲ့ခြင်းကို လည်းကောင်း။ **ဒေဟိ**၊ ပေးသနားတော်မူပါလော့။

၅။ **ဒုရေစ**၊ ဝေးလှစွာသော အရပ်၌ ရှိကြကုန်သော။ **ဣတ္ထိယောဝါ**၊ မိန်းမအပေါင်းတို့သည် လည်းကောင်း။ **ပုရိသောဝါ**၊ ယောကျ်ားအပေါင်းတို့သည် လည်းကောင်း။ **မမ**၊ အကျွန်ုပ်အား။ **ပသန္နံစ**၊ မြင်ကြကုန်သည် ရှိသော် သဒ္ဒါယိုဖိတ် စိတ်အဟုန်ဖြင့်။ **မမ**၊ အကျွန်ုပ်အား။ **ပီယံ**၊ ချစ်ခြင်းမေတ္တာသည်။ **ဟောန္တု**၊ ဖြစ်ပေါ်ကြပါကုန်စေသတည်း။

**အေးချမ်းအောင်**
**(ရမည်းသင်း)**



www.burmeseclassic.com

www.burmeseclassic.com



၂၀၁၃ ခုနှစ်၊
စက်တင်ဘာလအတွင်း
ပုံရိပ်ရှင်တို့၏

# ကံကြမ္မာ

ဟူကျင်းဇီ (Hu Jin Zhi)



✣ ကြွက်နှစ်ဖွား

စီးပွားရေးအခက်အခဲ ကြုံရကိန်းရှိသဖြင့် ဂရုတစိုက် စီမံခန့်ခွဲဆောင်ရွက်ပါ။ လောင်းကစား၊ ကံတိုက် လုပ်ငန်းများနှင့် ပတ်သက်၍လည်း ငွေကြေးအကုန်အကျ များပြားနေတတ်သည်။

ထိခိုက်၊ ခမောက်၊ ဦးထုပ် ပျောက်ဆုံးနိုင်သည်။ အဆုတ်နှင့်ပတ်သက်သော ဝေဒနာများ ကြိုတင် စစ်ဆေးကာကွယ်ပါ။



✣ နွားနှစ်ဖွား

အတွေ့အကြုံသစ်၊ အမြင်သစ်များ တွေ့မြင်နိုင်ကြသောကာလ ဖြစ်သည်။ မိခင်ဘက်မှ ဆွေမျိုးသားချင်းများ အတွင်း သာရေးနာရေးကိစ္စ ပေါ်ပေါက်၍ လူအားငွေအား စိုက်ထုတ် ကူညီပေးရတတ်သည်။

ရောဂါဝေဒနာများ ဖြစ်ပေါ် ခံစားရပါက ဆေးထိုးဆေးစား မှားတတ်သဖြင့် သတိပြု ဆင်ခြင်ပါ။



✣ ကျားနှစ်ဖွား

နှလုံးသားရေး မျက်နှာစာတွင် မျက်နှာပွင့်လန်းသော ကာလ ဖြစ်သည်။ အရွယ်လွန်များပင် သံယောဇဉ် အသစ်အဆန်းကလေး များ ကြုံရဖွယ် ရှိသည်။

အမည်ကောင်းသတင်း ကျော်စော၍ အလုပ်ခွင်နှင့် ပတ်ဝန်းကျင်တွင် အရေးကိစ္စများအတွက် ဦးဆောင် ဦးရွက် ပြုလုပ်ပေးရကိန်း ရှိသည်။ အိမ်၊မြေ ဝင်တတ်သည်။



✣ ယုန်နှစ်ဖွား

အကြံအစည်အချို့ အောင်မြင်လိမ့်မည်။ လွင်ပြင်ကျယ် ဒေသများသို့ သွားရောက်ရတတ်သည်။ ကြွေထည်မြေထည်ပစ္စည်း များနှင့် ဆက်နွှယ်၍ အကျိုးအမြတ် ရရှိနိုင်သည်။

မရွှေ့မပြောင်းနိုင်သော ပစ္စည်းများ နှင့်ပတ်သက်၍ အချေအတင် ပြောဆိုရကိန်းရှိသည်။ စားကောင်းသောက် ဖွယ် လက်ဆောင်ရတတ်သည်။



✣ နဂါးနှစ်ဖွား

ဉာဏ်ပညာနှင့် ပတ်သက်၍ နှိမ့်ချပြောဆိုခြင်း ခံရတတ်သည်။ ပြောစကားဆိုစကား မအောင်မြင်သည့်ကာလဖြစ်ရာ မိမိနှင့် မသက်ဆိုင်သည့် ကိစ္စများ၌ စေတနာပို၊ စွက်ဖက်ခြင်း သတိထား ရှောင်ကြဉ်ပါ။

မိခင်၏ ကျန်းမာရေးအတွက် စိုးရိမ်ပူပန်ရကိန်းရှိသည်။ ဆူး၊ ငုတ်၊ သစ်ဝါး အချွန်များ ထိရှမှုကြောင့် သွေးထွက်သံယို ဖြစ်နိုင်သည်။



✣ မြွေနှစ်ဖွား

မိတ်ဆွေသင်္ဂဟများနှင့် ပရဟိတကိစ္စများကြောင့် ကိုယ်ပိုင်ဗာဟီရကလေးများ ပျက်ကွက် လစ်ဟာတတ်သည်။ လျှပ်စစ် အသုံးအဆောင်ပစ္စည်းများ ဝင်ကိန်းရှိသည်။

ကျန်းမာရေးကောင်းမွန်၍ ခံစားနေရသော အာဂန္တုဝေဒနာများ သက်သာပျောက်ကင်းသွားလိမ့်မည်၊ မင်းစိုးရာဇာများနှင့် ရင်းနှီးခင်မင်ခွင့်ရနိုင်သော ကာလဖြစ်သည်။



✣ မြင်းနှစ်ဖွား

အခက်အခဲပြဿနာများ ပျောက်ပြယ် ကင်းရှင်းသောကာလ ဖြစ်သည်။ စိတ်သွားတိုင်းကိုယ်ပါ၍ လိုရာဆန္ဒများ ပြည့်ဝလိမ့်မည်။

ဖန်ထည်မှန်ထည်ပစ္စည်း၊ စားဖိုဆောင်သုံးပစ္စည်းများ ဝင်ကိန်းရှိသည်။ အိမ်ဂေဟာသို့ ဂုဏ်သရေရှိသော ဧည့်ကောင်းစောင်ကောင်းများ ရောက်လာနိုင်သည်။



✣ ဆိတ်နှစ်ဖွား

စိတ်ချမ်းမြေ့ဖွယ် ဣဋ္ဌာရုံမြင်ကွင်းဖြစ်ရပ်များ မြင်တွေ့ရဖွယ်ရှိသည်။ လေ့လာမှတ်သားထားသော နှုတ်မှု၊ လက်မှု အသိအတတ်ပညာများကြောင့် တိုတိုထွာထွာ လာဘ်လာဘများ ဝေဝေဆာဆာ ရှိနေမည်။

အသည်းနှင့်ပတ်သက်သည့် ရောဂါများ ကြိုတင်စစ်ဆေး ကာကွယ်ပါ။ အဝတ်အထည် ဝင်တတ်ပါသည်။



✣ မျောက်နှစ်ဖွား

လုပ်ငန်း၊ ရာထူးများ တိုးတက်မြင့်မားနိုင်သည်။ တန်ဖိုးကြီးမားသော အမွေအနှစ်များ ခံစားရတတ်သည်။

ဩဇာတိက္ကမ ပြည့်ဝ၍ မိတ်ဆွေများ



www.burmeseclassic.com

www.burmeseclassic.com

၏ပြဿနာများ၌ ခုံသမာဓိလူကြီးအဖြစ် ပါဝင် ဖျန်ဖြေပေးရကိန်း ရှိသည်။ စကားပြောစက် Hand Setများ လက်ဆောင် ရတတ်သည်။



✣ ကြက်နှစ်ဖွား

လုပ်ကိုင်သမျှ အဆင်မပြေ၊ လွဲမှားချွတ်ချော်မှုများသောကာလ ဖြစ်သည်။ လုပ်ငန်းခွင်တွင် ပေါ့ဆမှုကြောင့် မလိုလားအပ်သောအဖြစ်များ တွေ့ကြုံရတတ်သည်။

စိတ်အလိုလိုက်ခြင်းကြောင့် ပြဿနာများ ပေါ်ပေါက်နိုင်သည်။ ဆိုးဆေးနှင့် အဖျော်ယမကာတို့ကြောင့် ဖြစ်ပွားသောဝေဒနာများ သတိထားသင့်သည်။



✣ ခွေးနှစ်ဖွား

စီးပွားလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းမည်။ အေးချမ်းသော ကျေးလက်ဒေသများသို့ သွားရောက်ကာ လူမှုရေး စီးပွားရေး အကျိုးအမြတ်များ ရရှိနိုင်သည်။

အခြွေအရံ ကူဖော်လောင်ဖက် ရရှိတတ်သည်။ မျက်စိနှင့်ပတ်သက်သော ဝေဒနာများ သက်သာပျောက်ကင်းသွားလိမ့်မည်။



✣ ဝက်နှစ်ဖွား

ငွေကြေးအတန်အသင့် ပြည့်စုံနိုင်သည်။ ငွေအစုအပုံလိုက် ရကိန်းမရှိသော်လည်း ရိက္ခာထောက်ပမာ ဖူလုံလောက်ငသောပမာဏကို ပိုင်ဆိုင်ခွင့်ရမည်။

နေအိမ်ရှိ ခြံ့၊ကြွက်၊ပုရွက် ပိုးမွှားအဖျက်အဆီးများ လျော့ပါးသွားမည်။ ယာဉ်ရထားဝင်တတ်သည်။ အမျိုးသားများမှာ ကြင်ယာပါ ဝင်ကိန်း ရှိပါသည်။

ဤလတွင် ကံကြမ္မာနိမ့်ပါးသူတို့သည် ဗုဒ္ဓဟူးနေ့တွင် နံနက်ပိုင်းတွင် သောက်တော်ရေ ငါးခွက်ကို နေအိမ်ရှိ မြတ်စွာဘုရားရှင်အား ကပ်လှူပါ။ လိုရာ ဆုတောင်းပါ။

ညနေပိုင်းတွင် စွန့်ယူ၍ ဒုန်း၊ ထန်းပေ၊ ကွမ်းသီးကဲ့သို့ အပင်တွင် လောင်းပါ။ ကံအဆိုးတရား ပါပစ္စမ်းအင်များ စီးဆင်းလျော့ပါး၍ ကောင်းကျိုးသုခ ခံစားနိုင်ကြပါလိမ့်မည်။

*ကြံဆောင်သမျှ*
*အောင်မြင်ကြပါစေ။*

ဟူဂျင်းဇီ

# ကျွဲနွားဒဏ်ရာ

ကုသဆေး

ကျွဲ၊နွားတွေမှာ ထိခိုက်ဒဏ်ရာ ရတတ်ပါတယ်။ အလုပ်ခွင်မှာ ထိခိုက်ဒဏ်ရာရတတ်သလို သူတို့အချင်းချင်း ငှေ့ရာကနေ ဦးချိုနဲ့တိုးမိပြီး စုတ်ပြဲပေါက်ကွဲ ဒဏ်ရာရတတ်ပါတယ်။

အဲဒီလို ဒဏ်ရာအနာတရ ရပြီဆိုရင် အမြန် ဆေးထည့် ကုသပေးရပါ့မယ်။ ဘာလို့လဲဆိုရင် မလိုလားအပ်တဲ့ အင်းဆက်ပိုးတွေဝင်ပြီး အနာမှာ ပိုးလောက်တတ်၊ ပုပ်စော်နံဆိုသလို ကြီးမားလာတတ်ပြီး အသက်ဆုံးရှုံးသည်အထိ ဖြစ်တတ်လို့ပါပဲ။

ကျွဲ၊နွား ထိခိုက်ဒဏ်ရာအတွက် **နတ်မောက်မြို့နယ်၊ စည်သာရွာက အဘဦးတင်မောင်ရဲ့ ရိုးရာလိမ်းဆေးနည်း**ဟာ အထိရောက်ဆုံးနဲ့ အမြန်ဆုံး သက်သာပျောက်ကင်းတာ သိရတဲ့အတွက် ရေးသား တင်ပြအပ်ပါတယ်။

ထင်းတစ်ထောင်၊
နှမ်းတစ်ထောင်၊
နနွင်းရွှေဝါရောင်



လို့ မှတ်သားရပါတယ်။

**"ထင်းတစ်ထောင်"** ဆိုတာ မီးခိုခေါင်မိုးမှာ ကပ်နေတဲ့ ကျပ်ခိုးမည်းမည်းများ ဖြစ်ပါတယ်။

**"နှမ်းတစ်ထောင်"**"ဆိုတာ နှမ်းနက်ဆီစစ်စစ်ပါ။

**"နနွင်းရွှေဝါရောင်"**ကတော့ ရှင်းပါတယ်။ ဆန့်မှုန့်လွတ် နနွင်းမှုန့်စစ်စစ် ဖြစ်ပါတယ်။

ဆေးအမည်သုံးမျိုးကို တစ်ကျပ်သားစီ ရယူပြီး ရောဖျော်ပေးပါ။ ကျွဲ၊နွားရဲ့ ထိခိုက်ဒဏ်နာကို **နဘူးရွက်ပြုတ်ရည် ဒါမှမဟုတ် လက်ဖက်ခြောက်ဖန်ဖန်ပြုတ်ရည်နဲ့ ခပ်နွေးနွေးမှာ သန့်စင်အောင် ဆေးကြောပေးပြီး** ဆေးကို မိမိရရ လိမ်းပေးပါ။

တစ်ကြိမ်လိမ်းရုံနဲ့ ပျောက်သွားတတ်သလို နှစ်ရက်၊ သုံးရက်၊ နှစ်ကြိမ်၊ သုံးကြိမ် ထိလဲ လိမ်းရတတ်ပါတယ်။

ဘေးထွက်ဆိုးကျိုး မရှိဘဲ လက်တွေ့ ပျောက်ပါတယ်။ စာရေးသူ ကိုယ်ပိုင်နွားကို လက်တွေ့သုံးခဲ့ပြီးမှ ရေးသား တင်ပြလိုက်တာပါ။

*ကြီးပွား တိုးတက်ကြပါစေ။*

(မောင်ရေမွှေး (နတ်မောက်))



www.burmeseclassic.com

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အတွင်းပဒ်ရပ်ကွက်
ပဒ်ပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော်

# ဘဒ္ဒန္တ ဇောတိက

ဓမ္မာစရိယ ဂန္ထဝါစကပဏ္ဍိတ၏ ဩဝါဒ၊ လက္ခဏာတော်

* ဆရာ ဦးခင်မောင်လင်း
(*B.Sc*–ရွှေဘို)
(လက္ခဏာ မဟာဘုတ် သုတေသီ)

ဆက်ရှပ်ခွဲ

## ဖွားမြင်တော်မူခြင်း

ဆရာတော်သည် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ကနီမြို့နယ်၊ ကျွန်းပင်အိုင်အုပ်စု၊ တောင်နီကျေးရွာနေ ခမည်းတော် ဦးညိုမောင်၊ မယ်တော် ဒေါ်ဆန်းခင်တို့မှ ၁၃၂၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၆) ရက် အင်္ဂါနေ့ ည (၆း၁၅) နာရီအချိန်တွင် ဖွားမြင်တော်မူခဲ့သည်။

ဦးဆယ်ရွှေ၊ ဦးဆယ်ငွေ၊ ဦးဆယ်ဝေ၊ ဦးစာငွေ၊ ဒေါ်စာချစ်၊ ဒေါ်စာရွှေ၊ ဦးထွေးပို စသည့် မွေးချင်း (၇)ယောက်အနက်မှ ဒုတိယ သားရတနာ ဖြစ်လေသည်။

## လောကီပညာ သင်ကြားခြင်း

ဆရာတော်လောင်းလျာသည် (၅) နှစ်သားအရွယ်မှစ၍ မုံရွာခရိုင်၊ ကနီမြို့နယ်၊ ကျွန်းပင်အိုင် အခြေခံပညာ မူလတန်းကျောင်းတွင် ဆရာမကြီး ဒေါ်ချယ်၊ ဆရာကြီး ဦးအောင်ပို၊ ဆရာကြီး ဦးအောင်ချို၊ ဆရာမကြီး ဒေါ်ခင်နက်တို့ထံတွင် စတုတ္ထတန်း အောင်မြင်သည်အထိ သင်ယူခဲ့သည်။

## လောကုတ္တရာပညာ သင်ကြားခြင်း

ဆရာတော်သည် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ကနီမြို့နယ်၊ ကျွန်းပင်အိုင်စု၊ တောင်နီကျေးရွာ မဟာခဿာရာမကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကုသလ မြို့နယ် သံဃနာယက အကျိုးတော်ဆောင် (ရွှေကျင်) တိုင်းသံဃာ့ဝန်ဆောင်]၊ ကံတော ဆရာတော် ဘဒ္ဒန္တဩဘာသ (အုပ်စု သံဃနာယက အကျိုးတော်ဆောင်)၊ မဟာဗောဓိဆရာတော် ဘဒ္ဒန္တ ဣန္ဒောဘာသ (မြို့နယ် သံဃနာယက ဒုတိယ ဥက္ကဋ္ဌ)တို့ထံ၌ သတ်ပုံကျမ်း၊ သံပေါက်ကဗျာများ၊ အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း၊ နမက္ကာရ၊ လောကနီတိ၊ ပရိတ်ကြီး၊ ကစ္စည်း သဒ္ဒါကြီးစသော လောကုတ္တရာ စာပေများကို သင်ယူတော်မူခဲ့သည်။

## ရှင်သာမဏေပြုခြင်း

၁၃၄၀ပြည့်နှစ် ကဆုန်လပြည့်ကျော် (၈)ရက် သောကြာနေ့တွင် မဟာခဿာရာမကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကုသလကို ဥပဇ္ဈာယ်ပြုပြီး မိဘနှင့်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်ဇောတိက ဘွဲ့တော်ဖြင့် ရှင်သာမဏေ ပြုခဲ့သည်။



* ပဒ်ပရိယတ္တိ စာသင်တိုက်၊ ပဓာနနာယက
ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဇောတိက


## ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း

၁၃၄၇ ခုနှစ်၊ တပို့တွဲလပြည့် တနင်္လာနေ့ နေ့လယ် (၂း၁၅)နာရီ အချိန်တွင် မဟာခဿာရာမကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကုသလကို ဥပဇ္ဈာယ်ပြုပြီး တောင်နီရွာနေ ဒေါ်အုန်းကြည်၊ ရန်ကုန်မြို့နေ ဦးချစ်သိန်း (အကောက်ခွန်)၊ ဒေါ်ဝင်းကြည် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းဘာဝ



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com






သို့ ရောက်တော်မူခဲ့သည်။

**ပရိယတ္တိစာပေများ သင်ယူ ဆည်းပူး တော်မူခြင်း**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မဟာဇောတိကာရာမ ပါဠိတက္ကသိုလ် စတုတ္ထနာယကဆရာတော် ဘဒ္ဒန္တစန္ဒာသိရီ (နိုင်ငံတော် ဩဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု)၊ ပဥ္စမနာယက ဆရာတော် ဘဒ္ဒန္တကဝိန္ဒ (နိုင်ငံတော် ဩဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု)၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တကုန္ဒောဘာသ (သာသနဓဇ သိရီပဝရ ဓမ္မာစရိယ)၊ မုံရွာမြို့ ပေပင်တောင်ကျောင်းဆရာတော် ဘဒ္ဒန္တအာလောက (ဓမ္မာစရိယ)၊ ပေပင်မြောက်ကျောင်း ဓမ္မပါရဂူ ပါဠိတက္ကသိုလ် ဆရာတော် ဘဒ္ဒန္တပညာဝံသ (အဂ္ဂမဟာ ဂန္ထဝါ ကပဏ္ဍိတ)။

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အောင်စေတီစာသင်တိုက် ဆရာတော် ဘဒ္ဒန္တမေဃိန္ဒ (သာသနဓဇ သိရီပဝ ဓမ္မာစရိယ၊ နိုင်ငံတော် ဗဟိုသံဃ ဝန်ဆောင်)၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တကုန္ဒက (သာသနဓဇ ဓမ္မ စရိယ၊ ဝိနယပါဠိပါရဂူ အဘိဓမ္မ ပါဠိပါရဂူ)၊ အလုံမြို့နယ် အောင်မင်္ဂလာ ပါဠိတက္ကသိုလ်ကျောင်းတိုက် တိုက်အုပ် ဆရာတော် ဘဒ္ဒန္တဇာဂရိယ (သာသ ဓဇ ဓမ္မာစရိယ)၊ အင်းစိန်ရွာမ ပရိယတ္တိ စာသင်တိုက် နာယက ဆရာ တော် ဘဒ္ဒ နန္ဒဝံသ (နိုင်ငံတော် ဩဝါဒ စရိယ၊ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ အင်းစိန် မြို့နယ် သုဓမ္မာဂိုဏ်းချုပ် ဂဏာစရိယ ဂဏပါမောက္ခ တိုက်အုပ် ဆရာတော် ဘဒ္ဒ တိလောကာဘိဝံသ (အနေကဂ္ ကာရက၊ အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော် သံဃမဟာနာယက တွဲဖက် အကျ တော်ဆောင်) စသည့် ဆရာတော်များ ထံ၌ ပါဠိ ပထမပြန် ငယ်, လတ်, ကြီ တန်းများနှင့် ဓမ္မာစရိယတန်းဆိုင်ရာ ပါဠိတော် အဋ္ဌကထာ ဋီကာများကို သင်ကြား တတ်မြောက်တော်မူခဲ့သည်

**ပရိယတ္တိစာပေများ သင်ကြား ပို့ချခြင်း**

၁၃၅၇ ခုနှစ်တွင် အင်းစိန်ရွာ




www.burmeseclassic.com

www.burmeseclassic.com

ပရိယတ္တိစာသင်တိုက် ဆရာတော်ကြီး ဘဒ္ဒန္တနန္ဒဝံသ၏ ချီးမြှောက်မှုဖြင့် ကျေးလက်ဒေသ သာမန်အဆင့်သာရှိသော ပဒံကျောင်းကို ပဒံ ပရိယတ္တိစာသင်တိုက်အဖြစ် ပြောင်းလဲဖွင့်လှစ်ခဲ့ပြီး စာသင်သား သံဃာ (၁၈၀) ကျော်တို့အား အခြေခံစာဝါများနှင့် ငယ်, လတ်, ကြီး ဓမ္မာစရိယဆိုင်ရာ စာဝါများကို ပို့ချတော်မူခဲ့သည်။

## သာသနာရေး ဆောင်ရွက်ခြင်း

ဆရာတော်သည် သံဃာတော် (၁၈၀)ကျော်တို့အား အခါအားလျော်စွာ သြဝါဒ ချီးမြှင့်ခြင်း၊ ဆွမ်း, သင်္ကန်း,




ကျောင်း, ဆေး ပစ္စည်းလေးပါးတို့ဖြင့် ချီးမြှောက်ခြင်း။ အနီးပတ်ဝန်းကျင်ရှိ ဒါယကာ, ဒါယိကာမတို့အား တရားဟော တရားပြပေးခြင်း။

၁၉၉၆ ခုနှစ်မှ ၂၀၀၄ခုနှစ်ထိ လှိုင်သာယာမြို့နယ် ဝိနည်းဓိုရ်၊ တိုင်းဝိနည်းဓိုရ်၊ မြို့နယ်သီးခြားဝိနည်းဓိုရ်၊ မြို့နယ် သံဃာ့ဝန်ဆောင်၊ ၁၉၉၉ ခုနှစ်မှ ၂၀၀၆ ခုနှစ်ထိ လှိုင်သာယာမြို့နယ် ဂိုဏ်းပေါင်းစုံ သံဃနာယက အဖွဲ့ကြီးမှ ကြီးမှူးကျင်းပသော သာသနာ့နုဂ္ဂဟ မြို့နယ်စာမေးပွဲ ဖြစ်မြောက်ရေးကော်မတီ တွဲဖက် အတွင်းရေးမှူးတာဝန်။

၂၀၀၀ ပြည့်နှစ်မှစ၍ ယနေ့ထိ ဒုတိယ ပထမပြန် ကြီးကြပ်ရေးတာဝန်၊ ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၇ ခုနှစ်တိုင် ပဒံရပ်ကွက် သံဃာ့အကျိုးတော်ဆောင်၊ ၂၀၀၇ ခုနှစ်တွင် သံဃာ့အဖွဲ့အစည်း ရွေးချယ်ပွဲကြီး၌ မြို့နယ်သံဃနာယကအဖွဲ့ဝင်၊ ကျောင်းသားကျောင်းသူများအား ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်း သြဝါဒါစရိယ၊ ပဒံမြေ ပညာဒါန သြဝါဒါစရိယ၊ အတွင်းပဒံရပ်ကွက် မြစိမ်းရောင် ကိုးနဝင်း စေတီတော်မြတ်ကြီး၊ မြအေးကြည် စေတီတော်မြတ်ကြီး၏ သြဝါဒါစရိယ။

လှိုင်သာယာ မြို့နယ်လုံးဆိုင်ရာ တစ်ဆုပ်ဆန် အလှူတော်အသင်းကြီး၏ သြဝါဒါစရိယ၊ ၁၃၆၈ ခုနှစ်တွင် ပဒံ ပရိယတ္တိစာသင်တိုက်ကြီးအတွင်း၌ အားလုံးချမ်းသာရ စေတီတော်အား



www.burmeseclassic.com

www.burmeseclassic.com

ဦးဆောင် တည်ထားကိုးကွယ်ခြင်း၊ ဆရာတော်၏ ဇာတိမြေတွင် ရှေးဟောင်း ဆင်များရှင်စေတီတော်အား ပြုပြင်ခြင်း။

၁၉၉၄ ခုနှစ်၊ အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက် မဟာနာယက ဆရာတော်ကြီး ဘဒ္ဒန္တနန္ဒဝံသ၏ လမ်းညွှန်မှုဖြင့် ပန်းဘဲတန်းမြို့နယ် ဦးမောင်လေး၊ ဒေါ်ကြုပ် မိသားစုမှ လှူဒါန်းသော ရှေးဟောင်းဘုရားများနှင့် ဂန္ဓကုဋိတိုက်တွင်းရှိ ရုပ်ပွားတော်မြတ်များအား ပြုပြင်မွမ်းမံခြင်း၊ စာသင်သား သံဃာတော်များအား ပစ္စည်းလေးပါးဖြင့် အမြဲချီးမြှောက်ခြင်း၊ ပဒ်ပရိယတ္တိစာသင်တိုက်တွင်းရှိ သာသနိကအဆောက်အအုံများကို မွမ်းမံခြင်း၊ အသစ်တည်ဆောက်ခြင်း စသည်ဖြင့် ဆောင်ရွက်ခဲ့လေသည်။

---

ဩဝါဒ

---

❖ ကံဆိုတာ အလုပ်ပါ။
❖ အလုပ်ကောင်းလျှင် ကံကောင်း၏။
❖ အလုပ်မကောင်းလျှင် ကံ,မကောင်းပါ။
❖ ကောင်းတာကြံ၊ မှန်တာလုပ်၊ ဟုတ်တာပြော၊ ထိုသဘောညီလျှင် သူတော်စင်၊
❖ အကြောင်းကောင်းလျှင် အကျိုးကောင်းမည်။
❖ အကြောင်းမကောင်းလျှင် အကျိုး မကောင်းပါ။
❖ ကောင်းတာဖြစ်ချင်ရင် ကောင်းတာလုပ်ပါ။
❖ မကောင်းတာဖြစ်ချင်ရင် မကောင်းတာလုပ်ပါ။
❖ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မည်၊
❖ မကောင်းတာလုပ်ရင် မကောင်းတာဖြစ်မည်။

**လက္ခဏာတော် လေ့လာချက်**

❒ ဘယ်,ညာလက်သန်းသည်**အတွင်းဘက်သို့** ယိုင်နေပါတယ်။ *(၁)*

အနေအေးခြင်း၊ သိုသိုသိပ်သိပ်နေခြင်း၊ အကင်းပါးခြင်းရဲ့ ပြယုဂ်ပါ။

❒ အသက်လမ်းကြောင်းနဲ့ ဉာဏ်လမ်းကြောင်း **အစသည် ကွာဟလျက်** ရှိပါတယ်။ *(၂)*

မိမိကိုယ်ကို ယုံကြည်ခြင်း၊ ဆုံးဖြတ်ချက်ပြတ်သားခြင်း၊ ပြောခဲ့ဆိုရဲ လုပ်ရဲကိုင်ရဲရှိသည့် သတ္တိမျိုးရှိခြင်း၊ တီထွင်ဉာဏ်ရှိခြင်း၊ သင်လွယ်မြင်လွယ် တတ်လွယ်ခြင်းရဲ့ ပြယုဂ်ပါ။

❒ စနေဂြိုဟ်ခုံတွင် **အခက်အလက်များ ဖြာထွက်လျက်ရှိသော ကံသစ်ပင်**ကို တွေ့ရပါတယ်။ *(၃)*

ဒါကြောင့်လဲ စာသင်တိုက်ကြီးရဲ့ဦးစီးနာယကဖြစ်လာရခြင်းပါပဲ။ သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းနားဆိုတဲ့စကားလိုပါပဲ။ အများရဲ့ အားထားမှီခိုရာ ဖြစ်ရတာပါတယ်။

❒ အဖူးအညွှန့်ဖြင့် အဆုံးသတ်ထားသော **အောင်မြင်ရေးလမ်းကြောင်းကို** ဘယ်,ညာ တနင်္ဂနွေဂြိုဟ်ခုံမှာ တွေ့ရပါတယ်။ *(၄)*

အောင်မြင်ရေးလမ်းကြောင်း ဖြစ်သောကြောင့် အောင်မြင်မှု၊ ဧနဉ္စတ္တပြည့်စုံမှု၊ လူသိများကျော်ကြားမှု၊ ပျော်ရွှင်ချမ်းမြေ့ရမှု စသည့် အကျိုးတရားကို ပေးပါတယ်။ ဘွဲ့ထူးဂုဏ်ရမှုနဲ့လဲ ဆိုင်ပါတယ်။

ယယ်ယယ်ရွယ်ရွယ်နဲ့ အကြီးအကဲ ခေါင်းဆောင်ဖြစ်ရခြင်း ပါ,ပါတယ်။ အဆောက်အအုံကောင်းကောင်း ပြည့်ပြည့်စုံစုံ နေရခြင်းနဲ့လဲ ဆိုင်ပါတယ်။ ခြုံပြောရရင် မိမိရဲ့ အလိုဆန္ဒ ဟူသမျှ အောင်မြင်မှုရစေမယ့် ပြယုဂ်ပါပဲ။

❒ ဘယ်,ညာ စတုဂံလွင်ပြင်တွင် **စတုဂံကွက်များ** တွေ့ရပါတယ်။ *(၅)*

ဒါကတော့ အိုးအိမ်တိုက်တာ ခြံမြေ ပိုင်ဆိုင်ရမှုနဲ့ ဆိုင်ပါတယ်။ ဗိမာန်သကော်တ ပါပဲ။

❒ ဘယ်,ညာ **သောကြာဂြိုဟ်ခုံ ကျယ်ဝန်းပြီး** အားကောင်းပါတယ်။ *(၆)*

ဒါကတော့ ကျန်းမာရေးကောင်းခြင်း၊ ကြည်ညိုသူပေါ်စေခြင်း၊ တာဝန် ကြီးကြီးမားမား ထမ်းဆောင်နိုင်ခြင်း၊ သနားကြင်နာတတ်ခြင်း၊ စည်းစိမ်ဥစ္စာ ခိုင်မြဲစေခြင်းရဲ့ ပြယုဂ်ပါ။

❒ **အသက်လမ်းနဲ့ ကံလမ်း နီးကပ်**နေပါတယ်။ *(၇)*

ဒါကတော့ ဘာသာ သာသနာစိတ် ပြင်းထန်ခြင်းနဲ့ သံယောဇဉ်ကြီးခြင်းရဲ့ ပြယုဂ်ပါ။

❒ သောကြာဂြိုဟ်ခုံကနေ **တနင်္လာဂြိုဟ်ခုံဆီသို့ သွားသော မျဉ်းကွေး**ကို တွေ့ရပါတယ်။ တနင်္လာလမ်းကြောင်းလို့ ခေါ်ပါမယ်။ *(၈)*

ဒါကတော့ ဆီးနဲ့ ကျောက်ကပ်ဆိုင်ရာ ဝေဒနာ ညွှန်ပြပါတယ်။

❒ ဗုဒ္ဓဟူးဂြိုဟ်ခုံတွင် **မျဉ်းမတ်များ** ပါတယ်။ *(၉)*

ဒါကတော့ ဆေးစွမ်းထက်ခြင်း၊ ဂါထာမန္တန် ပရိတ်အစွမ်းထက်စေခြင်း၊ ဝတ္ထုကြေးငွေ အလှူခံရလွယ်ခြင်းရဲ့ ပြယုဂ်ပါပဲ။ ဆေးပညာကို ဝါသနာထုံပါမယ်။

❒ အသက်လမ်းကြောင်းက တိုးတက်လမ်းသည့် **ကြာသပတေးဂြိုဟ်ခုံ**ကို ဦးတည်နေပါတယ်။ *(၁၀)*

ဒါကတော့ ဘဝအခြေအနေ တိုးတက်လာမှုအတွက် ကြံဆခြင်းနဲ့ ဘဝအခြေ တိုးတက်မြင့်စေခြင်းရဲ့ ပြယုဂ်ပါ။

***သင်၏ဘဝ ချမ်းမြေ့သာယာ ရှိပါစေ။***

**ဆရာ ဦးခင်မောင်လင်း**
***(B.Sc-ရှေ့ဘို)***
**(လက္ခဏာ မဟာဘုတ် သုတေသီ)**



www.burmeseclassic.com

www.burmeseclassic.com

# နဝင်းသိဒ္ဓိရက်တော်

မောင်ဖိုးသိန်း
(အင်းတော်)

## ပုတီးစိပ်နည်း

စာရေးသူသည် ဤပုတီးစိပ်နည်းကို ရေးသားတင်ပြလိုသည်မှာ ကြာခဲ့ပြီ ဖြစ်ပါသည်။ ၂၀၀၀ ပြည့်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ထီးချိုင့်မြို့နယ်သို့ ကြီးကြပ်ရေးမှူး အင်းတော်အ.ထ.က ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ဝေနှင့်အတူ စာမေးပွဲ ရုံးအဖွဲ့တွင် လိုက်ပါဆောင်ရွက်စဉ်က ထီးချိုင့်မြို့နေ ဘကြီးဦးဘကြည်၏ မှတ်စုစာအုပ်မှ ရရှိခဲ့ပါသည်။

ရေးသားတင်ပြရာတွင် အကြောင်းအရာ အချက်အလက် ကွင်းဆက်များမှာ သာမန်ပုတီးစိပ်နည်းစနစ်နှင့် မတူညီ၍လည်း ဖြစ်ပါသည်။

စာဖတ်သူများ နားလည်စေခြင်းအလို့ငှာ အောက်ဖော်ပြပါအတိုင်း ရေးသားတင်ပြသွားမည်ဖြစ်ပါသည်။

* * *

| | | |
|---|---|---|
| **တနင်္ဂနွေဂြိုဟ်သက်(၆)နှစ်**<br>ပုဗ္ဗေါ (၆)ပတ်<br>ဝေဒါသာကု (၆)ပတ် | **တနင်္လာဂြိုဟ်သက်(၁၅)နှစ်**<br>သုဂတော (၁၅)ပတ်<br>ဒိဝါတပတိ (၁၅)ပတ် | **အင်္ဂါဂြိုဟ်သက်(၈)နှစ်**<br>သမ္မာသမ္ဗုဒ္ဓေါ (၈)ပတ်<br>အင်္ဂေါဟမသို့ဇေဗ္ဗော,သေဗ္ဗော(၈)ပတ် |
| **သောကြာဂြိုဟ်သက်(၂၁)နှစ်**<br>ဝိဇ္ဇာစရဏသမ္ပန္နော (၂၁)ပတ်<br>ပထဝီဗလသုန္ဒရီ (၂၁)ပတ် | **ကိတ်ဂြိုဟ်သက်(၁၀)နှစ်**<br>ဘဂဝါ (၁၀)ပတ်<br>ယံဒုန္နိမိတ္တံ (၁၀)ပတ် | **တနင်္ဂနွေဂြိုဟ်သက်(၁၇)နှစ်**<br>အနုတ္တရောပုရိသဒမ္မသာရထိ (၁၇)ပတ်<br>နမောလေးချက် (၁၇)ပတ် |
| **ရာဟုဂြိုဟ်သက်(၁၂)နှစ်**<br>သတ္ထာဒေဝမနုဿာနံ (၁၂)ပတ်<br>နာညတြ (၁၂)ပတ် | **ကြာသပတေးဂြိုဟ်သက်(၁၉)နှစ်**<br>လောကဝိဒူ (၁၉)ပတ်<br>ဒုက္ခပတ္တာ (၁၉)ပတ် | **စနေဂြိုဟ်သက်(၁၀)နှစ်**<br>အရဟံ (၁၀)ပတ်<br>စခပဝ (၁၀)ပတ် |

ကိတ်ဂြိုဟ်သက်မှာ ရှေးပညာရှင်များ စနေနေ့၏ နေ့မွန်းတည့်မှ နောက်ပိုင်းကို ကိတ်ဂြိုဟ်အဖြစ် သတ်မှတ်ပါသည်။ အချို့ပညာရှင်များကမူ တနင်္လာနေ့ မွန်းတည့်နောက်ပိုင်းကို သတ်မှတ်ကြပါသည်။

သို့သော် စနေနေ့ကိုသာလျှင် မွန်းတည့်နောက်ပိုင်းကိတ်ဟု အများသတ်မှတ်ကြသဖြင့် ကိတ်ကို (၁၀)နှစ် ဂြိုဟ်သက်ဟု သတ်မှတ်ကြောင်း ဘကြီးက ပြောပြပါသည်။ ဘုရားဂုဏ်တော် (၉)ပါးနှင့်လည်း ကိုက်ညီသွားပါသည်။

ရာဟုမှာမူ ဗုဒ္ဓဟူးနေ့ မွန်းလွဲပိုင်းနောက်ပိုင်းကို ရာဟုဟူ၍ သတ်မှတ်ပါ



သည်။

**(၁) နေ့နဝင်း ရှာပုံစနစ်ကို တင်ပြပါမည်။**

တနင်္ဂနွေသည် ဗေဒင်ပညာအရ (၁)ဟု သတ်မှတ်ပါသည်။ ရာဟုသည် (၈)ဖြစ်သဖြင့် (၁)နှင့် (၈)ပေါင်းက (၉)ရပါသည်။

နေ့အရ နဝင်းရှာနည်း ဖြစ်ပါသည်။ ဗုဒ္ဓဟူးနေ့ မွန်းလွဲပိုင်းနောက်ပိုင်း မွေးဖွားသူ ရာဟုသားအဖို့ နေ့နဝင်းမှာ တနင်္ဂနွေ(၁) နှင့် ရာဟု (၈)ပေါင်းလျှင် (၉)ရမည် ဖြစ်ပါသည်။ ရာဟုသားအဖို့ နေ့နဝင်းရပါသည်။

ကျန်နေ့သားများ တနင်္ဂနွေနှင့် ရာဟုကို မှီး၍ သိပါလော။

**နေ့သားအလိုက် နေ့ဂဏန်းများ...**

(၁) တနင်္ဂနွေ ၁
(၂) တနင်္လာ ၂
(၃) အင်္ဂါ ၃
(၄) ဗုဒ္ဓဟူး ၄
(၅) ကြာသပတေး ၅



www.burmeseclassic.com

www.burmeseclassic.com

(၆) သောကြာ ၆
(၇) စနေ ၇
(၈) ရာဟု ၈
(၉) ကိတ်နေ့ ၉

နေ့သားအလိုက် နေ့ဂဏန်းများကို ကြည့်ပြီး ပေါင်းလျှင် (၉)ဖြစ်ပါက နေ့အလိုက် နဝင်းရရှိပါမည်။ ကိတ်နေ့မှာမူ မူလကတည်းက (၉)ဖြစ်သဖြင့် မည်သည့်နေ့ဂဏန်းနှင့်မျှ ပေါင်းရန် မလိုကြောင်း ဘကြီးက ရှင်းပြပါသည်။

**(၂) ဂြိုဟ်သက်အရ နဝင်းကို ဆက်လက် တင်ပြပါမည်။**

**ဥပမာ။** ။ တနင်္ဂနွေဂြိုဟ်သက်မှာ (၆)နှစ် ဖြစ်ပါသည်။ ရာဟုဂြိုဟ်သက်မှာ (၁၂)ဖြစ်ပါသည်။ ဂြိုဟ်သက်နှစ်ခု ပေါင်းလျှင် (၁၈)ရပါသည်။ အဆိုပါ (၁၈)ကို ပြန်ပေါင်းပါက (၉)ရပါသည်။

ကျန်နေ့သားများ၏ ဂြိုဟ်သက်ကို တနင်္ဂနွေနည်းတူ ကြံကြပါလေ။

**(၃) အိမ်ထောင်မိတ်ဖက် နဝင်းရှာနည်း**

အိမ်ထောင်မိတ်ဖက် နဝင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။ "**ဥသာ၊ စိန်ပန်း၊ ဒန်းလှ၊ ကိုရှာ**" ဖြစ်ပါသည်။ အိမ်ထောင်မိတ် ဖြစ်ပါသည်။

"**ဥ**"သည် တနင်္ဂနွေနံဖြစ်၍ တနင်္ဂနွေဂြိုဟ်သက်မှာ (၆)နှစ်ဖြစ်ပါသည်။ "**သာ**"သည် သောကြာနံဖြစ်၍ သောကြာဂြိုဟ်သက်မှာ (၂၁)နှစ်ဖြစ်ပါသည်။ တနင်္ဂနွေဂြိုဟ်သက်နှင့် သောကြာဂြိုဟ်သက်တို့၏ အသက်များ ပေါင်းလျှင် (၂၇)ရမည် ဖြစ်ပါသည်။ (၂၇)ကို ပြန်ပေါင်းပါက (၉)ရမည် ဖြစ်ပါသည်။

ကျန်အိမ်ထောင်ဖက် မိတ်ဖက်အရ နဝင်းရှာပုံကို တနင်္ဂနွေနည်းတူ အဖြေရှာ တွက်ကြည့်ကြပါ။

ရှင်းပါက စာမျက်နှာများသည့်အတွက် စာမျက်နှာငဲ့စေလိုခြင်းငှာ ချန်ထားရခြင်း ဖြစ်ပါသည်။

ပုတီးစိပ်နည်းကို ပြောပါမည်။

တနင်္ဂနွေသားအဖို့ တနင်္ဂနွေနေ့မှာ ပုတီးစ,စိပ်မည်ဆိုပါက ဂြိုဟ်သက်အရ ဇယားတွင် ပါဝင်သော ဂုဏ်တော်များမှ စ,စိပ်ရပါမည်။

(၁) ဗုဒ္ဓေါဂုဏ်တော် ပုတီး(၆)ပတ်၊ ဝေဒါသာကု,ကုသာဒါဝေ (၆)ပတ် စိပ်ပါ။ တနင်္ဂနွေနေ့အတွက် ပြီးပြီ ဖြစ်ပါသည်။

(၂) **တနင်္လာနေ့တွင်မူ** သုဂတော ဂုဏ်တော်ပုတီး (၁၅)ပတ်၊ ဒိဝါ တပတိအာဒိစ္စော (သဗ္ဗဗယျ မင်္ဂလာဂါထာ) (၁၅)ပတ်စိပ်ပါ။

(၃) **အင်္ဂါနေ့တွင်မူ** သမ္မာသမ္ဗုဒ္ဓေါ ဂုဏ်တော်(၈)ပတ်၊ အဂ္ဂေါဟမသ္မိ လောကဿ, ဇေဋ္ဌောဟမသ္မိ လောကဿ၊ သေဋ္ဌောဟမသ္မိ တို့ကို ပုတီး(၈)ပတ်စိပ်ပါ။

(၄) **ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းတွင်မူ** အနုတ္တရောပုရိသ ဒမ္မသာရထိ ဂုဏ်တော်(၁၇)ပတ်၊ နမော လေးချက် စီးပွားတက်ကို (၁၇) ပတ် စိပ်ပါ။

(၅) **ဗုဒ္ဓဟူးနေ့ မွန်းတည့်နောက်ပိုင်း** စိပ်ပါက သတ္ထာဒေဝမနုဿာနံ ဂုဏ်တော်(၁၂)ပတ်နှင့် နာညတြ ဗောဓ္ဈာတပသာ၊ နာညတြိန္ဒြိယ သံဝရာ၊ နာညတြသဗ္ဗနိဿဂ္ဂါ သောတ္ထိံပဿမိပါဏိနံကို (၁၂) ပတ် စိပ်ပါ။

(၆) **ကြာသပတေးနေ့တွင်မူ** လောကဝိဒူဂုဏ်တော် (၁၉)ပတ်နှင့် ဒုက္ခ, ပ္ပတ္တာစ နိ,ဒ္ဒုက္ခာ၊ ဘယ,ပ္ပတ္တာစ နိဗ္ဘယာ၊ သောက,ပ္ပတ္တာ စ နိသောကာ၊ ဟောန္တု သဗ္ဗေပိ ပါဏိနောကို (၁၉)ပတ် စိပ်ပါ။

(၇) **သောကြာနေ့တွင်မူ** ဝိဇ္ဇာစရဏ သမ္ပန္နောဂုဏ်တော် (၂၁)ပတ်နှင့် ပထဝီပလသုန္ဓရီ သဗ္ဗညုဗောဓိ မဏ္ဍလံ၊ အချေယျံ မာရသေနံ၊ ဇယောဇယတု မင်္ဂလံ (၂၁) ပတ် စိပ်ပါ။

(၈) **စနေနေ့နံနက်ပိုင်းတွင်မူ** အရဟံ ဂုဏ်တော် (၁၀)ပတ်နှင့် စက္ခုမာစရ မာစိဏ္ဏော၊ ဓမ္မညူ ဓမ္မ သာမိကော၊ ဗလူပေတော ဗလ ဒဋ္ဌော၊ ဝရဒေါ ဒေတု မေ ဝရံ (၁၇)ပတ် စိပ်ပါ။

(၉) **စနေနေ့ မွန်းလွဲနောက်ပိုင်းတွင်မူ** ဘဂဝါဂုဏ်တော်(၁၀)ပတ်နှင့်...

ယံဒုန္နိမိတ္တံ အဝ,မင်္ဂလဉ္စ ယောစာ,မနာပေါ
သကုဏဿ သဒ္ဒေါ။
ပါပဂ္ဂဟော ဒု,ဿုပိ နံ အ,ကန္တံ
ဗုဒ္ဓါနုဘာဝေန၊ ဓမ္မာ နုဘာဝေန၊
သံဃာနုဘာဝေန ဝိနာသမေန္တု

*[(၁၀)ပတ် စိပ်ပါ။]*

တနင်္ဂနွေသားသမီးအဖို့ (၇)ရက်စိပ်ပြီး ဖြစ်ပါသည်။ ကျန်နေ့သားများ တနင်္ဂနွေသားကို မှီး၍ ဂြိုဟ်သက်ဇယားအတိုင်း မိမိနေ့နံအရ လက်ယာရစ် စိပ်ပါလေ။ (၄၉)ရက် (၃)ကြိမ် စိပ်ပြီးပါက ကြံသမျှ ပြီးလိုရာဆန္ဒများ အောင်မြင်လာပါမည်။

ပုတီးစိပ်ပါက အနည်းဆုံး ငါးပါးသီလဆောက်တည်ပြီး ကျင့်ကြံပွားများ အားထုတ်ပါလေ။ ပါရမီ၏ အနုအရင့် မိမိတို့၏ သမာဓိပေါ် အခြေခံ၍ လောကီအစီးပွား အောင်မြင်မှုများ ရရှိပါမည်။

*အာယု ဝဏ္ဏော သုခံ ဗလံ*


| |
|---|
| **မောင်ဗဟိန်း (အင်းတော်** |



www.burmeseclassic.com

www.burmeseclassic.com


ပုံ-၁



ပုံ-၂


ပုံ-၃


ပုံ-၄

# တရုတ် ကြိုးထုံးပညာ (၈၂)

ဟူကျွင်းဇိ


ပုံ-၅

ယခင်လမှ အဆက်

အခြေခံ ကြိုးထုံးနည်း(၈၂)

ကြက်ဖကလေး


Xiǎo Gōng Jī (ရှောင်ကုန်းကျီး)

တရုတ်ရိုးရာ ဇာတိပုံရိပ်(၁၂)ခုတွင် ကြက်ပုံရိပ်ကို မိသားစုအပေါ် ခင်တွယ်သူအဖြစ် အသိအမှတ်ပြုကြသည်။

ယခု လေ့လာမည့် ကြက်ဖကလေး ပုံစံ ကြိုးထုံးနည်းမှာ သာမန်အိမ်ခန်း အလှဆင်ခြင်း၊ မွေးနေ့လက်ဆောင် ပေးခြင်းတို့ထက် ကိုယ်ဝန်ဆောင် မိခင်အတွက် နေအိမ်ကို ခင်တွယ်၍ မိဘကျေးဇူးဆပ်နိုင်သည့် သားကောင်း ရတနာ မွေးဖွားပါစေဟု မင်္ဂလာ ဆုတောင်းလက်ဆောင်အဖြစ် ပိုမို အသုံးဝင်သည်။

ကောင်းသောနိမိတ်ဆောင်သည့် ဤကြိုးထုံးနည်းကို...

ပုံ(၁) တွင်"**ထွမ်းကျင်**"ကြိုးထုံး နည်းဖြင့် စတင်ထားသည်။ [**ထွမ်းကျင်** ကြိုးထုံးနည်းကို တရုတ်ကြိုးထုံးပညာ (၇၉)၌ ကြည့်


ပုံ-၆



www.burmeseclassic.com

ပါ။]

ပုံ(၂) တွင် **"မြွေသွား"**ချည်နည်းဖြင့် ဆက်၍ခ ျည်ထုံးသည်။ **[မြွေသွားချည်နည်း=တရုတ်ကြိုးထုံးပညာ/၇၉]**

ပုံ(၃) မြွေသွားချည်နည်းဖြင့် (၆)ကြိမ်မျှ ဆက်၍ ချည်ပါ။

ပုံ(၄) ခေါင်းနှင့် လည်ပင်းအတွက် အနေတော်ရရှိပါက ထွမ်းကျင်ကြိုးချည်နည်းဖြင့် ထပ်ချည်ပါ။

ပုံ(၅) ဝမ်းဗိုက်နှင့် အမြီးအတွက် ဂန္ဓမာပန်းချည်နည်းကို သုံးပါ။ **[ဂန္ဓမာပန်းချည်နည်းကို တရုတ်ကြိုးထုံးပညာ (၇၁)တွင် ကြည့်ပါ။]**

ပုံ(၆) ခြေပိုင်းအတွက် မြွေသွားချည်နည်းဖြင့် အဆုံးသတ်ပါ။

မင်္ဂလာနိမိတ်ဆောင် ကြက်ဖကလေး ရရှိပါပြီ။

ကြက်ဖကလေးပုံစံ ကြိုးထုံးကို ကိုယ်ဝန်ဆောင် မိခင်အတွက်သာမက မင်္ဂလာမောင်နှံများ၊ ကြင်စဦးဇနီးမောင်နှံများ၊ ချစ်သက်တမ်း၊ အိမ်ထောင်သက်တမ်း ကြာရှည်သော်လည်း သားသမီး မထွန်းကားသေးသော သို့တည်း မဟုတ် သားယောက်ျားလေး မမွေးဖွားသေးသော မောင်နှံများအတွက်လည်း သားကလေးမွေးရန် နိမိတ်ကောင်း ဆောင်၍ လက်ဆောင်ပေးတတ်ကြသည်။

မိမိ၏ချစ်သူ၊ ဇနီးမယားကိုလည်း **"သားသားလေး မွေးပေးပါနော်"**ဟု ယုယတံ့တင် ချစ်ကျီစယ် တိုးလျှိုးသော အားဖြင့် လက်ဆောင်ပေးကြသည်။

တရုတ်ထုံးစလေ့အရ သားယောက်ျားမွေးဖွားခြင်းသည် မိမိနှင့် ဘိုးဘေး အစဉ်အဆက်များ၏ မျိုးနွယ်ဆက်မပြတ်တော့ပြီဟု ဝမ်းမြောက်ဝမ်းသာ ကြိုးဝါးကျူးရင့်လေ့ရှိကြသော ကြောင့် ဖြစ်ပေသည်။

**ဟူဂျင်းဖီ**

---

ထိခိုက်မိ၍ အကြောထုံး၊ အကြောတင်၊ အကြောမျက်သော်

# ဒုံဝည်းဆေး

(၂၂-၁၀-၂၀၀၅)နေ့၊ နံနက်(၈) **နာရီခန့်** ကျွန်တော် စာရေးနေစဉ် အိမ်နီးချင်း ဦးမောင်ကျော် ရောက်လာသဖြင့် အိမ်အောက် ဆင်းတွေ့လိုက်ရပါသည်။

'ဟာ ကိုမောင်ကျော် ဘာများလဲဗျ'

'ဘာရမလဲကွာ မနေ့က မင်း တူတော်မောင် ဖော်ကြီး ဘောလုံးကန်တာ ခြေထောက်ခိုက်မိပြီး အကြောတင်နေလို့ ခုမနက် မထောက်နိုင်ဘူး။ ရေလဲ မထမ်းနိုင်တော့ဘူး။ အဲဒါ မင်းဝိုင်းထဲမှာ **ဆီပ်ဖူးပင်**ရှိမလားလို့ လာတောင်းတာ'

'ဆီပ်ဖူးပင် မရှိဘူးဗျ။ ရန်အောင်မြင် ရပ်ထဲက ကိုခင်လတ်အိမ်မှာ ရှိတယ်လို့ကြားတယ်။ ဘာလုပ်ဖို့လဲ'

'အဲဒီ ဆီပ်ဖူးတစ်ပင်လုံး နုတ်ပြီး ပွတ်ပါး ညက်အောင်ထောင်းပြီး ထောပတ်နဲ့နယ်ပြီး အကြောတင်,အကြောထုံးတဲ့ အပေါ်အုံပြီး စည်းပေးထားရင် နောက်နေ့ဆို ရောဂါ သက်သာပျောက်တာပဲကွ'

'ဟုတ်လား တော်တော်စွမ်းတဲ့ နည်းပဲဗျ'

'နေဦးကွ မင်းမှာ **မိဿလင်ရော မရှိဘူးလား'**

'ပေါပါတယ်ဗျာ။ ဟော အုန်းပင်ကျင်း နားမှာ မိဿလင်ဥတွေ ကြိုက်သလောက် တူးယူပါဗျာ'


'နေရာကျလိုက်လေကွာ ရန်အောင်မြင်ထဲ သွားစရာ မလိုတော့ဘူး။ အဲဒီမိဿလင်ဥ (၅)ကျပ်သားကို ဆား(၁)ကျပ်သားလောက်နဲ့ ရောထောင်းပြီး အုံစည်းပေးရင်လဲ အကြောထုံး, အကြောမျက်တာ,တင်တာ သက်သာ ပျောက်ကင်းတယ်။ ငါ တူးသွားမယ်ကွာ'

ပြောပြောဆိုဆိုပင် ဦးမောင်ကျော်သည် ဝမ်းသာစွာဖြင့် သူ့သား ဖော်ကြီး ခြေထောက် အကြောတင်ခြင်းအတွက် မိဿလင်ဥများ တူးယူသွားပါတော့သည်။

**နတ်မောက် ကောင်းမွန်မြင့်**



www.burmeseclassic.com



# ကျောက်အမြုတေ

အသုံးဝင်ပုံကို သိရှိသူများမှ ဖြေကြားပေးပါရန်

တစ်ခါတစ်ရံမှာ မထင်မှတ်တာတွေနဲ့ ဖြစ်ရပ်ဆန်းတွေကို လောကကြီးမှာ တွေ့ကြုံရတတ်ပါတယ်။ တစ်လောက ရောက်တာကြာပြီဖြစ်တဲ့ ကိုင်းချောင်းရွာမှ ကျွန်တော့်မိတ်ဆွေရှိတဲ့ ကိုခင်မောင်ဌေး+မခင်ဖြိုးညွန့်တို့ဆီကို အလယ် ရောက်တော့ ကျောက်ထုလုပ်သားတစ်ဦး ကျောက်ထုပြီး မထင်မှတ်ဘဲ ကျောက်သားထဲမှ ယခု ဖော်ပြပါပုံအတိုင်း ကျောက်အမြုတေကို ကျွန်တော့်အား ပြသလာပါတယ်။

ကျွန်တော်လဲ ထိုက်သင့်ငွေပေးပြီး ဝယ်ယူခဲ့ပါတယ်။ ဓာတ်ပုံဆရာ ကိုမြတ်မိုးကိုအပ်ပြီး နားလည်သူရှိက အကြောင်းကြားရန် ကြားပြီး ပြောတော့ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကို ပို့ပြီး ပြသရန် တိုက်တွန်းသဖြင့် **ယခုမဂ္ဂဇင်းမှ ကြားသိနားလည်သော ဆရာအပေါင်းမှ အသုံးပြုပုံနှင့် မည်သို့မည်ပုံ အသုံးပြုရမည့်အကြောင်း**ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ တစ်ဆင့် ပြန်ကြားပေးပါရန်...။

ကိုကျော်အောင် *(စက်/လယ်-ငြိမ်း)*



www.burmeseclassic.com

www.burmeseclassic.com

ဒေးစွန်ပါတောင်ပိုင်အဘိုး
ကိုယ်ထင်ပြ၍ သင်ပေးသော

# လိုတရဂါထာ

သရာရနေမျိုး
(တီအော)



ပဲခူးတိုင်းဒေသကြီး၊ ဘုရားကြီးမြို့နယ်၊ ဝမ်းဘဲအင်းကျေးရွာမှ အနောက်ဘက်(၃)မိုင်လောက်တွင် ဒေးစွန်ပါ ဆံတော်ရှင်စေတီ တည်ရှိပါသည်။ ဒေးစွန်ပါ သိုက်သမိုင်းရုပ်ရှင်ကားကြောင့် မြန်မာတစ်နိုင်ငံလုံး ဒေးစွန်ပါတောင်အကြောင်း၊ ဒေးစွန်ပါ ဆံတော်ရှင်စေတီအကြောင်း ကြားဖူးသိဖူးသူများကြပါသည်။

အမှန်တကယ်လည်း ထူးခြားဆန်းကြယ်သော အကြောင်းတရားများစွာရှိပါသည်။ အနယ်နယ်အရပ်ရပ်မှ လာရောက် ဘုရားဖူးသူများနှင့် နေ့စဉ် စည်ကားလှပါသည်။ အထက်ပုဂ္ဂိုလ်ပိုင်းဆိုင်ရာမှ **"အလယ်မှပွါးဆိုတာ ဒေးစွန်ပါတောင်"**ဟု မိန့်ဆိုချက်များ ရှိပါသည်။ ဒါကြောင့်လည်း "သိုက်ပေါင်းစုံရာ ဒေးစွန်ပါ, အင်းပေါင်းစုံရာ ဒေးစွန်ပါ" ဆိုတာ ယုံမှားသံသယဖြစ်စရာ မရှိပါ။

၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့ည (၁၀)နာရီတွင် ဒေးစွန်ပါဆံတော်ရှင်စေတီ၏ တနင်္ဂနွေထောင့်တွင် ညလုံးပေါက် အဓိဋ္ဌာန်ဝင်မည်ဟု အဓိဋ္ဌာန်တင် ဘုရားဝတ်ပြု မေတ္တာပို့ပြီး ဝင်လေရှူသွင်းရင် အရဟံ၊ ထွက်လေရှူထုတ်လျှင် ဗုဒ္ဓေါဟု ရှုမှတ်၍ သတိကပ်ရင်းအားထုတ်နေလိုက်သည်။

ပွဲလွှင့်မည်ဟုထင်လျှင် ခပ်ပြင်းပြင်းလေး ရှူလိုက်၊ ဘေးပတ်ဝန်းကျင်အသံများထံ စိတ်ရောက်တော့မည်ဆိုလျှင် အသက်ခပ်ပြင်းပြင်းရှူ၍ ရှုမှတ်လိုက်နှင့် တည်ငြိမ်မှုကို သတိမြဲအောင် ကပ်ထားလိုက်လေသည်။

မိမိရှေ့မှာ ချထားသောနာရီမှ (၁၂) နာရီထိုးပြီဟူသော အသံပေးခေါင်းလောင်းသံကြားမှ ရှုမှတ်မှုကို ဖြည်းဖြည်းချင်းရပ်ပြီး မေတ္တာ လိုက်လိုက်လဲလဲ ပို့လွှတ်နေလိုက်သည်။ ပြီးမှ မျက်လုံးကို ဖြည်းဖြည်းချင်းဖွင့်ပြီး စေတီတော်ကို ဖူးမြော်နေလိုက်စဉ် ဘယ်ဘက် (၄)လံအကွာလောက်က မိန်းကလေးများမှ သာဓုခေါ်သံကို သံပြိုင်ဆိုသလိုကြားလိုက်ရ၍ ဦးခေါင်းကို ဖြည်းဖြည်းချင်း လှည့်ကြည့်လိုက်မိသည်။

သူတို့ကလည်း ကျွန်တော့်ဘက်ကိုကြည့်၍ ပြုံးနေကြသည်။ အားလုံးတန်းစီ၍ ရပ်ပြီး လက်အုပ်ချီထားကြလေသည်။ စုစုပေါင်း (၇)ယောက်လောက်ရှိမည်ဟု ထင်ရပြီး ရှေ့ဆုံးမှ မိန်းကလေးမှာ အဖြူရောင်ဝမ်းဆက်နှင့်ဖြစ်ပြီး အသက်ကို ခန့်မှန်းကြည့်လျှင် (၁၇, ၁၈, ၁၉)နှစ်အရွယ်ခန့် ရှိမည်ထင်ရသည်။

ရှေ့ဆုံးမှ မိန်းကလေးပြန်လှည့်ထွက်လိုက်လျှင် အဝါရောင်ဝမ်းဆက်နှင့် ဒုတိယမိန်းကလေး ပြုံးပြနေပြီး ရှေ့ဆုံးမှ အဖြူရောင်ဝတ် မိန်းကလေးမီးရောင်အောက်တွင် ပျောက်ကွယ်လေသည်။

ထိုနည်းအတိုင်း တစ်ယောက်ပြီးတစ်ယောက် ပြန်လှည့်ထွက်တိုင်း ပျောက်ကွယ်နေသဖြင့် ကျွန်တော်လည်း တအံ့တသြဖြစ်နေပြီး သတိထား၍ မိမိ





www.burmeseclassic.com

www.burmeseclassic.com

ပေါင်ကို ညာလက်နှင့် လိမ်ဆွဲကြည့်လိုက်မိသေးသည်။

ထိုအချိန်တွင် နောက်ဆုံး အနက်ရောင်ဝမ်းဆက်နှင့် မိန်းကလေး ပြန်လှည့်ထွက်ပြီး မကွယ်ပျောက်ခင် သမင်လည်ပြန်တစ်ချက် ပြန်ကြည့်နေသည်။ ပြီးမှ တစ်လှမ်း၊ နှစ်လှမ်း၊ သုံးလှမ်းရောက်မှ ဖျတ်ခနဲ မီးရောင်အောက်တွင် လုံးဝ ပျောက်ကွယ်သွားသည်ကို ထင်ထင်ရှားရှား တွေ့ရလေသည်။

ကျွန်တော့်စိတ်ထဲမှာလည်း ဘဝင်မကျ ဖြစ်နေစဉ် ညာဘက်မှ လူရိပ်လိုလိုတစ်ခုရှိသဖြင့် ခပ်စောင်းစောင်း မော့ကြည့်လိုက်ရာ အရပ်(၆)ပေခန့်ရှိ မည်ဟု ထင်ရသည်။ လူပုံခပ်တောင့်တောင့် ဘယ်လက်တွင် တောင်ဝှေးကိုင်ပြီး ညာလက်က စိပ်ပုတီးကြီး ကိုင်ထားသော ပိတ်ဖြူစင်ကြယ်ဝတ် ဦးပေါင်းအဖြူနှင့် အဘိုးကြီးတစ်ယောက်ကို တွေ့လိုက်ရသည်။

အဘိုးကြီးကလည်း ကျွန်တော့်ဘက်ကို ပြုံးပြုံးကြီးကြည့်ပြီး...

'အဘိုးသမီးလေးတွေပါ၊ ဘာမှ စိတ်ထဲ မထားပါနဲ့။ ကံကြုံလို့ ဆုံရတာပါ'

အံ့သြစရာကောင်းတာက သူ့နှုတ်က လှုပ်ရုံလေးကို ကျွန်တော့်နားထဲမှာ အကျယ်ကြီး ကြားနေရပါတယ်။

အဘိုးကြီးရှိတဲ့ ညာဘက်ကို လှည့်မည်ပြုရာ ကျွန်တော့်ခန္ဓာကိုယ်တစ်ခုလုံး ရုတ်တရက် လှည့်မရဖြစ်နေပြီး ရင်ထဲမှာ လှပ်ခနဲ ဖြစ်သွားပါတယ်။ ထိုအချိန်မှာပဲ အဘိုးကြီးက...

'အဲဒီအတိုင်းပဲနေပါ ဘာမှမဖြစ်ပါဘူး'

ကျွန်တော်လဲ စိတ်ကိုတင်း၍...

'အဘိုးက ဘယ်သူလဲ'

'တောင်ပိုင်ကြီးပါ'

ကျွန်တော့် အတွေ့အကြုံများအရ တောင်းရမည့် အကြောင်းတရားများဆီ စိတ်ရောက်သွားပြီး...

'အဘိုး ကျွန်တော်နေတဲ့ ပဲခူးမြို့ကို လိုက်ပါ စောင့်ရှောက်ပါ'

'အဘိုးက ဒီဒေးစွန်ပါတောင်က ဆံတော်ရှင်စေတီမှာ စောင့်ရှောက်ရတာ ဆရာနေမျိုးရဲ့'

'ဟာ'

ကျွန်တော် အံ့သြရပြန်ပြီ၊ အံ့သြခြင်း စိတ်ကို ချက်ချင်း ဖြေဖျောက်ပြီး...

'ဆရာလုပ်တဲ့သူနဲ့ ထိုက်တန်တဲ့ ဓာတ်လုံး၊ ဆေးတောင့်၊ အင်းစမ၊ ဂါထာတစ်ခုခု ချီးမြှင့်ပါအဘိုး'

'အေး...အေး ဓာတ်လုံး၊ ဆေးတောင့်၊ အင်းစမတွေက ဘုရားကို သစ္စာပြု လှူဒါန်းထားကြတာ ပေးလို့ မရဘူး သားရဲ့။ မင်းရဲ့အကျင့်စရဏကို ချီးမြှောက်တဲ့အနေနဲ့ အဘိုး အမြဲရွတ်တဲ့ ဂါထာတစ်ပုဒ် သင်ပေးလိုက်မယ်။ လိုရာဆန္ဒပြည့်ဝပါတယ်။ ကဲ... လိုက်ဆိုပေတော့ **အဇ္ဇတံ အာဒိ ကတွာ အဟံ အဓွေဝါသိ ကောတိ ဓာရေထ** ရပြီလား'

'မရသေးဘူး အဘိုး'

'သေသေချာချာ လိုက်မှတ်ဆို'

အနည်းဆုံး (၁၀)ခေါက်လောက် ဆိုမိသွားမှ ကျွန်တော် အလွတ်ရသွားပါသည်။

'ဟုတ်ကဲ့အဘိုး ရသွားပြီ'

'အသက်အောင့်ပြီး (၇)အုပ်ရွတ်ပါ။ ရန်သူမျိုး(၅)ပါးဘေးကြုံရင် နေထွက်ရာကို မျက်နှာပြု ခြေစုံရပ်ပြီး ရွတ်၊ ဘုရားဝတ်ပြုပြီးတိုင်း ဒီဂါထာကို ရွတ်ရင် ရန်အပေါင်းကို နိုင်တယ်၊ ရတနာ(၇)ပါးလိုချင်ရင် နေထွက်တာကို ကြည့်ပြီးရွတ်၊ နေ့တိုင်း လာဘ်လာဘလိုချင်ရင် နေမထွက်ခင် သပြေညွန့်ကိုကိုင်ပြီး ရွတ်ပေတော့'

'ကျေးဇူးကြီးလှပါတယ် အဘိုး။ ဦးခိုက် ကန်တော့ပါရစေ'

'သားရဲ့ရှေ့တည့်တည့်က ဆံတော်ရှင်စေတီကို မျက်စိထဲကနေ မနောအိမ်ထဲဝင်အောင် ဦးညွတ်ပြီးသာ ကန်တော့လိုက်ပါ...ကန်တော့လိုက်...ကန်တော့လိုက်'

အဘိုးအသံအဆုံးမှာ ရှေ့မှဆံတော်ရှင်စေတီကို လက်စုံမိုး၍ ကန်တော့လျက်သား ဖြစ်နေလေသည်။

ဆံတော်ရှင်စေတီကို ဦးသုံးကြိမ်ချ၍ ကန်တော့ပြီး အဘိုးရှိရာဘက်သို့ လှည့်ကြည့်လိုက်ရာ တောင်ပိုင်အဘိုးကို မတွေ့ရတော့ဘဲ သင်းပျံ့မွှေးကြိုင်သော ရနံ့သာလျှင် နှာခေါင်းထဲတွင် ထင်ထင်ရှားရှား ရနေလေသည်။ ကျွန်တော့်စိတ်ထဲ၌လည်း နိုးကြားတက်ကြွသလို ခံစားနေရပါတော့သည်။ ဒေးစွန်ပါတောင် တောင်ပိုင်အဘိုး သင်ပေးခဲ့သောဂါထာကို တင်ပြရင်း...

## လိုတရဂါထာ

"အဇ္ဇတံ အာဒိ ကတွာ အဟံ အဓွေဝါသိ ကောတိ ဓာရေထ"

အနက်

**အဇ္ဇတံ**၊ ယနေ့ကို။ **အာဒိံကတွာ**၊ အစပြု၍။ **အဟံ**၊ တပည့်တော်ကို။ **အဓွေဝါသိ ကောတိ**၊ အတွင်းနေတပည့်ကြီးအရင်းဟူ၍။ **ဓာရေထ**၊ မှတ်တော်မူကြပါဘုရား။

*(ဤ လိုတရဂါထာတော် ပါဠိအနက်ကို နဂ္ဂုဏ္ဏရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာ ဆရာကြီး ဦးစံတင့်(စတုနိကာယကောဝိဒ၊ ဝိနယ ဓရ၊ ဓမ္မာစရိယ)မှ ပြန်ဆိုပေးပါသည်။)*

**သရာနေမျိုး(ဘီအေ)**




www.burmeseclassic.com

www.burmeseclassic.com

# ရွှေတိုးငွေတိုး

## လာဘ်များစွာတိုးစေသည့် အဆောင်



ပညာကျော်

တစ်နေ့သ၌...

ကျွန်ုပ်တို့၏ စာပိုင်းပေပိုင်း စကားဝိုင်းတွင် စုံစီနဖာအကြောင်းအရာများစွာကို ပြောဖြစ်ကြပါသည်။ ထိုစကားဝိုင်းသည် အစပထမကတော့ ပေါ့ပေါ့ပါးပါးအကြောင်းများကိုသာ ဆွေးနွေးဖြစ်ကြပါသည်။ စကားအရှိန်ရလာတော့ ဆွေးနွေးသောအကြောင်းအရာတို့မှာလည်း နက်နဲလာပါတော့သည်။

ကျွန်ုပ်တို့ စကားဝိုင်းထဲမှ တစ်ယောက်က ကျွန်ုပ်တို့လူမျိုး၏ ဆေးပညာအကြောင်းနှင့် ဝိဇ္ဇာဓရဂမ္ဘီရအကြောင်းတို့ကို ပြောပြလေ၏။ ကိုယ်ပိုင်ယဉ်ကျေးမှုဖြင့် လူမှုအဖွဲ့အစည်းတစ်ရပ်ကို ထူထောင်ပြီး နေလာခဲ့သည့်အတိုင်း လွန်စွာ နက်နဲသောပညာရပ်များကို တတ်သိနားလည်ခဲ့သည်ဟု ဆိုပါသည်။

BURMESE CLASSIC .com

ကျွန်ုပ်တို့ ကိုးကွယ်အားထားသည့် ဘာသာမှာလည်း ထေရဝါဒဗုဒ္ဓဘာသာအပေါ် အခြေခံထားပြီး ဆေးပညာတွင်လည်း ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောဟု လေးပါးသော ဓာတ်ကြီးများကို အခြေခံထားပြီး ခန္ဓာကိုယ်၏ (၃၂)ပါးသော အင်္ဂါအစိတ်အပိုင်းတို့မှ သွေး၊ သည်းခြေ၊ လေ၊ သလိပ်တို့၏ အားရှိအားမဲ့ အလွန်အနဲ့ စသည်တို့ကို သုံးသပ်ပြီး ဆေးဝါးဖော်စပ်ကုသပေးပြီး လူသားတို့၏ ကျန်းမာရေးကို စောင့်ရှောက်ခဲ့ကြပါသည်။

တစ်ဖက်ကလည်း ဝိဇ္ဇာဓရဂမ္ဘီရပညာဖြင့်လည်း လူသားများ၏အကျိုးကို များစွာ အထောက်အကူပေးပြီး စောင့်ရှောက်ခဲ့သော ပညာတစ်ရပ်လည်း ဖြစ်ပါသည်။

သို့အတွက်လည်း "**ဆေးကောင်းလျှင် တစ်ခွက်၊ အင်းကောင်းတော့ တစ်ကွက်**" ဟု ဆိုထုံးပြုခဲ့ရသည်အထိ မှတ်တိုင်ထူထားနိုင်ခဲ့ပါသည်။

စကားဝိုင်းမှ မိတ်ဆွေတို့၏ တိုက်တွန်းချက်အရ ကျွန်ုပ်လေ့လာပြီး ဖြတ်သန်းခဲ့သည့် ခရီးလမ်းပေါ်မှ အတွေ့အကြုံကို ကျွန်ုပ်အနေဖြင့် အင်းပညာအကြောင်း တစ်နည်းပြောရလျှင် ဝိဇ္ဇာဓရဂမ္ဘီရပညာအကြောင်းကို ပြောဖြစ်ခဲ့ပါသည်။

အင်းပညာရပ်တွင် အင်း၊ အိုင်တို့ဖြစ်ပါသည်။ အင်းမှာပင် ဓာတ်အင်းများ၊ စမအင်းများ၊ ဓာတ်စမများ၊ ဗျည်းစမများတို့အပြင် အင်းများ၊ စမများဖွဲ့စည်းထားသည့် အိုင်များ ပါဝင်ပြန်ပါသည်။

ထိုအင်းပညာရပ်နှင့်ပင် ကျန်းမာရေး စီးပွားရေး၊ ပညာရေး အကာအကွယ် စသည်တို့အတွက် အသုံးပြုခဲ့ကြသည့် အထောက်အထားများပင် ရှိနေခဲ့ပါသည်။

တစ်နည်းပြောရလျှင် သိဒ္ဓိ၏ လာဘသိဒ္ဓိ၊ မေနသိဒ္ဓိ၊ ကာယသိဒ္ဓိ စသည်တို့ကိုပင် အင်းပပညာနယ်မှာ လူသားတို့အတွက် အကျိုးပြုခဲ့သော ပညာတစ်ရပ်ပင် ဖြစ်ပါတော့သည်။ အံ့သြဖွယ် အင်းတစ်ကွက်သည် သိဒ္ဓိ အထူးပြီးမြောက်ခြင်းကြောင့် ဖြစ်ပါသည်။

* * *

ထိုအင်းသည် ဂါထာကို အင်းဆ
အဖြစ် ထည့်သွင်းရသော ဂါထာအ
ဖြစ်ပါသည်။ တစ်နည်းပြောလျှင် ဗျည်
အင်းဟုလည်း ပြောနိုင်ပါသည်။ ယ
အင်းမှာ "ဖုဋ္ဌဿ" အင်းဟု ခေါ်
သည်။ အင်းဆန်ဂါထာမှာ အောက်ပါ
အတိုင်းပင် ဖြစ်ပါသည်။

ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ
ကမ္ပတိ။ အ,သောကံ ဝိ,ရဇံ ခေမံ။

ထိုအင်းကို စီမံမည်ဆိုလျှင် (၅)ကွ
ပတ်လည်၊ (၂၅)ကွက် အင်းပေါင်
ဦးစွာ သားရပါမည်။ ထို(၂၅)ကွက် အ
ပေါင်ကွက်တွင် ဂါထာပါဋ္ဌိစာလုံး (၂
လုံးသာပါရှိ၍ အလယ်ကွက် တစ်ကွ
ကို ကွက်လပ်ထားရှိရပါသည်။ ထို
ကွက်လပ်တွင် မိမိ၏ အလိုဆန္ဒအတို
ဖြည့်သွင်းနိုင်ကြပါသည်။

ဥပမာ။ ။ မိမိ၏ မွေးနံ၊ မိမိနှစ်သက်
ရာ သင်္ကေတတို့ကို ထည့်ရန်ပင် ဖြစ်
သည်။

ထိုအင်းကို မြင်းသွားဖြင့် အင်းဆ

ဖုဋ္ဌဿစေအင်း

| | | | | |
|---|---|---|---|---|
| ဖု ၁ | က ၁၄ | စိ ၉ | ဝိ ၂၀ | ဿ ၃ |
| မံ ၂၄ | ကံ ၁၉ | ဋ္ဌ ၂ | မ္ပ ၁၅ | တ္တံ ၁၀ |
| န ၁၃ | ဟိ ၈ | | လော ၄ | ရ ၂၁ |
| သော ၁၈ | ခေ ၂၃ | ဓ ၆ | ယ ၁၁ | တိ ၁၆ |
| မ္မေ ၇ | ဿ ၁၂ | အ ၁၇ | ဇံ ၂၂ | က ၅ |

www.burmeseclassic.com

www.burmeseclassic.com

ဖြည့်သွင်းရပါသည်။ မြင်းသေမြင်းသွား အကိုက်လည်သွားရန် မလိုပါ။ အစနှင့် အဆုံးစကားလုံးတို့ အဝင်အထွက် ကပ်လျက်နေခြင်းကပင်လျှင် ဝိသေသလက္ခဏာတစ်ရပ်ပင် ဖြစ်ပါသည်။

ထိုဖုဋ္ဌသသအင်းကို မိမိကိုယ်တိုင်ကိုယ်ကျ အင်းဆန်သွင်းခြင်း မြင်းသွားအင်းကစားလိုသော ဆန္ဒရှိကြသော စာချစ်သူ မိတ်ဆွေများအတွက် လွယ်လင့်တကူ အင်းဆန်ပါဠိကို ဖြည့်သွင်းနိုင်ကြရန်အတွက် တစ်ပါတည်း အင်းဂဏန်းအသွား ရေးသွင်းထားပါသည်။ ထို့ပြင့် အခြားတစ်ကွက်တွင် အင်းဂဏန်းဖြင့် ရေးသွင်းပြထားပါသည်။

* * *

အင်းဂဏန်းဖြင့်
နမူနာပြထားသော အင်းကွက်ပုံစံ



ထိုဖုဋ္ဌသသအင်းသည် ဝန်ထမ်းများအားလုံး (အလုပ်ရုံစက်ရုံနှင့် ကုမ္ပဏီများ၊ အစိုးရဝန်ထမ်းများ) ဆောင်ထားခြင်းဖြင့် လုပ်ဖော်ကိုင်ဖက်မှ ချစ်ခင်ကြခြင်း၊ အကြီးအကဲတို့၏ ချစ်ခင်မှုကို ခံစားရမည် ဖြစ်ပါသည်။

ထိုအင်းကို ဆောင်ထားသောသူသည် ဝစီသစ္စာထိုက်အောင်(ဝစီကံကို လုံခြုံအောင်ထိန်းသိမ်း) ထိန်းသိမ်းစောင့်ရှောက်ရမည် ဖြစ်ပါသည်။

လုပ်ငန်းသေးဖြစ်သော ခေါင်းရွက်ဗျပ်ထိုးဈေးသည်များမှ စတင်ပြီး အိမ်ဆိုင်၊ စတိုးဆိုင်ကြီးများနှင့် မတ်ကက်များအထိ ထိုအင်းကို စီမံပြီး မြင့်မြတ်ရာနေရာတွင် ထားရှိသင့်ပါသည်။

**အင်းစီမံလိုလျှင်.:.**

၁။ နေ့ကောင်းရက်မြတ် တစ်ရက်ကို စပါ။

၂။ နံကာအချောစား [အစိမ်းရောင်၊ အပြာနုရောင်]တစ်မျိုးကို ရွေးချယ်ပါ။

၃။ စနစ်တကျ အင်းပေါင်သားပါ။

၄။ အင်းဆန်ဂါထာကို အမှားအယွင်း မရှိအောင် ရေးသွင်းပါ။

၅။ အောက်ပါဂါထာဖြင့် သိဒ္ဓိတင်ပါ။

**သိဒ္ဓိတင်ရန် ဂါထာများ...**

ဗုဒ္ဓသိဒ္ဓိ၊ ဓမ္မသိဒ္ဓိ၊ သံဃသိဒ္ဓိ၊ သဗ္ဗသိဒ္ဓိ သိဒ္ဓိအစုစုကို သိကြားဝင်၍ခို၊ အလိုရှိတိုင်း အောင်စေသောဝ်၊ ပြီးစေသောဝ်။

*[(၇)ခေါက် ရွတ်ဖတ်ပေးပါ။]*

ဖုဋ္ဌသသဂါထာတော် (၁၀၀၀)စေ့အောင် ရွတ်ဖတ်ပူဇော်ပေးရန် ဖြစ်ပါသည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း စီမံဆောင်ရွက်ပြီးသည်နှင့် မိမိနှစ်သက်သလို ဆောင်ထားခြင်း၊ အလုပ်ရုံးခန်းများ၊ ဆိုင်များတွင် ထားရှိနိုင်ကြပြီဖြစ်ကြောင်း အသိပေးလိုက်ရပါတော့သည်။

[မိမိကိုယ်တိုင် အင်းစီမံရန် ခက်ခဲကြသူများအနေဖြင့် မိတ္ထူကူးဆိုင်များတွင် မိမိနှစ်သက်ရာ အရွယ်အစားအတိုင်း ပုံစံထုတ်ယူပြီး ယူနိုင်ပါသည်။ သိဒ္ဓိတင်ကိစ္စကိုတော့ ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ***စာရေးသူ***]

ထိုအင်းကို ဆောင်ခြင်းဖြင့် ရွှေတိုး၊ ငွေတိုး၊ စီးပွားဥစ္စာလာဘ်လာဘတို့ လွန်စွာ တိုးပွားလာသဖြင့် လုပ်ငန်းခွင်မ,တည် ဖြည့်တင်းတိုးချဲ့ခြင်း၊ လှူတန်းခြင်း အပြင်ဘဏ်များသို့ပင် ငွေပင်ငွေရင်း စုဆောင်းနိုင်ကြမည်ဟုသာ အသိပေးလိုက်ရပါတော့သည်။

***ပညာတိုးပွား၍ အကျိုးများကြပါစေ။***

ပညာကျော်

# အသံဝင် အသံပျောက် အတွက်ဆေး

ထွက်လာပါလိမ့်မည်'

နတ်မောက်မြို့နယ်၊ **ရှောက်ပင်ကျေးရွာသို့ ရောက်ရှိစဉ်** ဆရာဦးကောင်းစိန် အသုံးပြုနေသော ဆေးနည်းကို ကျေးဇူးပြု ပြောပြသည်ကို အသံဖမ်းယူခဲ့ပြီး ရေးသား တင်ပြလိုက်ပါသည်။

မြေမိုးချစ်



◆ တိုင်းရင်းဆေး ဆရာ ဦးကောင်းစိန်

ရေချိုးမှားခြင်း၊ အပူမိခြင်း၊ အဆီအစားမှားခြင်းတို့ကြောင့် စကားပြောလျှင် **အသံမထွက်ဘဲ အသံဝင်၊ အသံပျောက်** ဖြစ်တတ်ပါသည်။

'ထိုသို့ အသံဝင်လျှင် ကြက်ဥတစ်လုံးကို ဖောက်ခွဲပြီး အဝါနှစ်ကို ဖယ်ပါ။ သေးအကာရည် အဖြူရည်ကို ယူပြီး သံပရာသီးတစ်လုံး အရည်ညှစ်ထည့်၊ သကြားဖြူ နည်းနည်းထည့်ခေါက်ပြီး သမလျှင် သောက်သုံးပေးပါ။ နှစ်နာရီခြား တစ်ကြိမ်,သုံးကြိမ်ထိ ဆက်လက် ပြုလုပ်သောက်ပေးပါ။ မကြာမီ အသံ




www.burmeseclassic.com

www.burmeseclassic.com

# အလှကုန်ပစ္စည်း

## အရောင်းအဝယ်လုပ်ငန်းနဲ့ အကျိုးပေးနိုင်သလား

ဆရာကြီးဦးအောင်မြင့်
(ဥပဒေတွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ





ယခုဖော်ပြပေးလိုက်တဲ့ ဘယ်လက်ဖဝါးပုံစံပိုင်ရှင်က ရန်ကုန်မြို့မှ **အသက်(၂၂)နှစ်အရွယ်** မိန်းမပျိုလေးတစ်ဦး ဖြစ်ပါတယ်။

**"က"အက္ခရာနဲ့** ညွှန်ပြထားတာကတော့ လက်ညှိုး၊ လက်ခလယ်၊ လက်သူကြွယ်၊ လက်သန်းဆိုတဲ့ လက်ချောင်းများရဲ့ထိပ်ဟာ ခပ်ချွန်ချွန်ပုံစံမျိုး ဖြစ်နေတယ်။

ဒါဟာ အနုပညာဆန်သောလုပ်ငန်း ပစ္စည်းများနဲ့ အကျိုးပေးနိုင်တဲ့ပင်ကိုဗီဇ ဖြစ်ပါတယ်၊ အလှအပ၊ အနုအရွတွေကို ချစ်ခင်နှစ်သက်မြတ်နိုးတတ်သူ ဖြစ်တယ်။

**"ခ"အက္ခရာနဲ့** ညွှန်ပြထားတာဟာ လက်ညှိုးလက်ချောင်းရဲ့ အရင်းပိုင်းဟာ ပြည့်ဖြိုး ဖောင်းကြွနေခြင်း ဖြစ်ပါတယ်။

* * *






www.burmeseclassic.com

www.burmeseclassic.com

အဲဒီသင်္ကေတဟာ စီးပွားရေးလုပ်ငန်း ကျွမ်းကျင်ထူးချွန်တဲ့ ပင်ကိုဗီဇကို ဖော်ပြပါတယ်။

**"ဂ"အက္ခရာနဲ့** ညွှန်ပြထားတာကတော့ လက်သူကြွယ်အောက် တနင်္ဂနွေဂြိုဟ်ခုံပေါ်မှာ **အောင်လံသင်္ကေတ** ထင်ရှားနေခြင်း ဖြစ်ပါတယ်။

အောင်မြင်ကျော်ကြား လူသိများ ချမ်းသာကြီးပွားစေနိုင်တဲ့ ကံကြမ္မာကို ဖြစ်ပေါ်စေနိုင်တယ်။

**"ဃ"အက္ခရာနဲ့** ညွှန်ပြထားတာဟာ တနင်္လာဂြိုဟ်ခုံအပေါ်ဘက်ပိုင်းမှာ **ကြိုးကွင်းမွေ့တစ်ခု** ရှိနေခြင်း ဖြစ်ပါတယ်။ အဲဒီသင်္ကေတဟာ တနင်္လာဂြိုဟ်ခုံကို ပိုပြီး အားကောင်းစေပါတယ်။


* * *




အမျိုးသမီးကြိုက် အသုံးအဆောင်ပစ္စည်း ရောင်းဝယ်ခြင်း ထုတ်လုပ်ဖြန့်ဖြူးခြင်း လုပ်ငန်းမျိုးတွေနဲ့ ကြီးပွားအောင်မြင်သူတွေမှာ တွေ့ရှိရတတ်ပါတယ်။

**"င"အက္ခရာနဲ့** ညွှန်ပြထားတာဟာ **အသက်လမ်းကြောင်း အောက်ခြေ သောကြာဂြိုဟ်ခုံအစပ်မှာ ငါးကြင်းမြီးသင်္ကေတရှိခြင်း** ဖြစ်ပါတယ်။

* * *




ဒီသင်္ကေတဟာ မြန်မာနိုင်ငံတွင်း မိမိဇာတိ မိဘမောင်နှမတို့နဲ့ နီးတဲ့နေရာမှာ မြို့ကြီးပြကြီးမှာ နေထိုင်လုပ်ကိုင်ရခြင်း။ ဆိုင်ကြီး၊ ကုမ္ပဏီကြီး၊ လုပ်ငန်းကြီးမှာမှ လုပ်ကိုင်ရခြင်း အိုးဇာတာကောင်းခြင်းတို့ ဖြစ်စေတတ်တယ်။

အဲဒီသင်္ကေတ(၅)ခုကို ပေါင်းစပ်စဉ်းစားမယ်ဆိုရင် ရန်ကုန်လို မြို့ကြီးမှာ အလှကုန်ပစ္စည်းရောင်းဝယ်တဲ့ ဆိုင်လုပ်ငန်း တည်ထောင်လုပ်ကိုင် အောင်မြင်ကြီးပွားနိုင်ကြောင်း အဟောထုတ်ပေးရမှာသာ ဖြစ်ပါတယ်။

***အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...***

**ဆရာကြီးဦးအောင်မြိုင်**
*(ဥပဒေဘွဲ့)*
**လက္ခဏာဗေဒင်ပညာသုတေသီ**

စာမျက်နှာ (၁၆၀)မှ အဆက်

ဖွာရှိုက်လိုက်ပြီး...

'ကျွန်တော် မှီဝဲတဲ့ ဆေးနည်းကို ပြောပါ့မယ်ဗျာ။ ဦးမောင်မောင်ကျော့က်လဲ မဂ္ဂဇင်းကို ရေးပို့ပါ။ ဒီ ဆေးနည်းကို အလိုရှိလို့ မှီဝဲလိုသူတွေရှိရင်လဲ အဆင်ပြေတာပေါ့ဗျာ'

တကယ်တော့ ဒီဆေးနည်းက ကျွန်တော့်ရဲ့ မိဘဘိုးဘွားတွေရဲ့ လက်စွဲဆေးနည်းပါပဲ။ ကျွန်တော့်ရဲ့ မိဘနှစ်ပါးနဲ့ အဘိုးအဘွားတွေ အားလုံး သားစဉ်မြေးဆက်ဆိုသလို ဒီဆေးနည်းကို ဖော်စပ်ပြီး မှီဝဲသုံးစွဲကြတာ အားလုံးဟာ အသက်(၇၀)ကျော် (၈၀)အထိတိုင်အောင် ကျန်းမာပြီး အသက်ရှည်ကြပါတယ်။

ဒါကြောင့် ဖန်ခါးသီးနဲ့ ဖော်စပ်တဲ့ ဆေးကို သက်ရှည်ကျန်းမာဆေးလို့ ခေါ်တာပါ။ အခုဆိုရင် **ကျွန်တော်ရဲ့ အသက်(၇၃)နှစ်ရှိပါပြီ။ ကျွန်တော် နှစ်စဉ် ပြကွဲရွှေအရှေ့တောင်၊ အနောက်တောင်ကို တစ်ရက်တည်းနဲ့ နှစ်တောင်စလုံး တက်နိုင်တာ** ဒီဆေးအစွမ်းကြောင့်ပေါ့ဗျာ'

ဟု ပြောပြပါသည်။ ဦးကျော်စိုး ပြောပြသည့် ဆေးနည်းမှာ...

ဖန်ခါးသီးများကို အစေ့မပါအောင် ထုတ်ပြီး အသားများကို အမှုန့်ကြိတ် လိုက်ပါ။ အမှုန့်ကြိတ်ပြီးသော ဖန်ခါးသီးအမှုန့်လေးများမှာ ပန်းနုရောင် ဖြစ်သွားပါမည်။

ဖန်ခါးသီးမှုန့် (၁၅) ကျပ်သား
ပျားရည်စစ်စစ် (၁) ပုလင်း
ထောပတ် (၂၅) ကျပ်သား

တို့ကို သမအောင် ရောမွှေပါ။ ပြီးလျှင် နေပြင့် (၇)ရက် ချက်ပါ။ နေ့စဉ် ညအိပ်ရာဝင်ချိန်၌ **လက်ဖက်စားဇွန်း တစ်ဇွန်းမှ နှစ်ဇွန်းအထိ** စားသုံးပါ။

ဤကဲ့သို့ နေ့စဉ်မှန်မှန် စားသုံးပါက သက်ရှည် ကျန်းမာကြမည် ဖြစ်ပါကြောင်း ရေးသား တင်ပြလိုက်ရပေသတည်း။

**မောင်မောင်ကျော့က်**



www.burmeseclassic.com

www.burmeseclassic.com

မောင်မောင်ကျော်

သက်ရှည်ကျွန်းမာ

# ဖန်ခါးဆေးကို စားပါ

မြစ်သားမြို့နယ် ပြက္ခရွေတောင် တောင်ကြီးပွဲတော်အား နှစ်စဉ် သီတင်းကျွတ်လဆန်း (၁၁)ရက်နေ့မှ သတင်းကျွတ် လပြည့်နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလာခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပေပြီ ဖြစ်သည်။


ပြက္ခရွေတောင် မောနားကျောင်းတိုက် ပရိဝုဏ်အတွင်းရှိ ပြက္ခရွေတောင်ပိုင် အရှင်မင်းနှစ်ပါး၏ ချိုးရေတော်သုံးသည့် ရက်မှာလည်း နှစ်စဉ် သီတင်းကျွတ်လဆန်း (၁၁)ရက်နေ့ နံနက်(၁၀)နာရီအချိန် ဖြစ်ပါသည်။

တောင်ပိုင်မင်းနှစ်ပါး (တောင်ပြုံးမင်းနှစ်ပါး)၏ ချိုးရေတော်သုံးသည့် သီတင်းကျွတ်လဆန်း (၁၁)ရက်နေ့ မတိုင်မီ သီတင်းကျွတ်လဆန်း (၁၀)ရက်နေ့ကတည်းကပင် အနယ်နယ်အရပ်ရပ်မှ နတ်ယုံကြည်ကြသူများနှင့် ဘုရားဖူးများသည် ပြက္ခရွေတောင် မောနားနန်းရင်းသို့ တဖွဲဖွဲ ရောက်ရှိလာကြပေသည်။

ဤသို့ ရောက်ရှိလာကြသူများ အနက် မိတ္ထီလာမြို့ ချည်စက်နယ်မြေ သဲတောလေးရပ်ကွက်တွင် နေထိုင်သော ဦးကျော်စိုး (အငြိမ်းစား)နှင့် ဒေါ်တင်လှ မိသားစုတို့သည်လည်း နှစ်စဉ် မပျက်မကွက် လာရောက်ကြမြဲ ဖြစ်ပေသည်။

ဦးကျော်စိုး (အငြိမ်းစား)သည် ကျွန်ုပ်တို့ မိသားစုနှင့် မိတ်ဆွေရင်းလည်းဖြစ်၊ လုပ်ဖော်ကိုင်ဖက်လည်း ဖြစ်၊ အစ်ကိုကြီးသဖွယ်လည်း ဖြစ်ပါသည်။

တောင်ပိုင် အရှင်မင်းနှစ်ပါး၏ နန်းရင်းဖြစ်သောပြက္ခရွေတောင်မောနားသို့ရောက်တိုင်း ဦးကျော်စိုးတို့ မိသားစုသည် ပြက္ခရွေအရှေ့တောင်နှင့်ပြက္ခရွေအနောက်တောင် စွယ်တော်ရှင် ဘုရားများအား ဖူးမြော်ပြီးမှ မိတ္ထီလာသို့ ပြန်ကြစမြဲ ဖြစ်သလို **ပြက္ခရွေ တောင်ခြေ**



**မြသုခရွာတွင် နေထိုင်သူ ကျွန်ုပ်၏** နေအိမ်သို့လည်း ခေတ္တ ဝင်ရောက်နားခိုစမြဲ ဖြစ်ပါသည်။

ယခုနှစ်တွင်လည်း ဦးကျော်စိုးတို့ မိသားစုသည် ကျွန်ုပ်၏နေအိမ်သို့ ထုံးစံအတိုင်း ခေတ္တခဏ ဝင်ရောက်နားခိုကြပါသည်။

ထိုစဉ် ဦးကျော်စိုး၏ မြေးငယ်တစ်ယောက်သည် ကျွန်ုပ်အိမ်ဝိုင်းထဲရှိ ဖန်ခါးပင်မှ ဖန်ခါးသီးများကို ကောက်ယူပြီး အိမ်ထဲသို့ဝင်လာသည်ကို မြင်လိုက်ရသော ဦးကျော်စိုးက...

'ဟာ ဖန်ခါးသီးတွေပါလား။ ငါ့မြေး ဘယ်က ရလာတာလဲ'

ဟု မေးလိုက်ရာ ဦးကျော်စိုး၏ မြေးငယ်က...

'ဘဘကျောက်တို့ အပင်က ကောက်လာတာပါ ဘိုးဘိုး'

ဟု ပြန်ပြောပါသည်။

ထိုအခါ ဦးကျော်စိုးက ယင်း၏ မြေးထံမှ ဖန်ခါးသီးတစ်လုံး ယူစားရင်း...

'ဦးမောင်မောင်ကျော် ဒီ ဖန်ခါးသီးက သက်ရှည်ဆေးဗျ။ ခင်ဗျားတို့ ကျွန်တော်တို့ မိတ္ထီလာမှာဆိုရင် ရှားပါးပစ္စည်းပဲဗျ'

ဟု ပြောပါသည်။

ဦးကျော်စိုး၏စကားကို ကြားလိုက်ရသော ကျွန်ုပ်ကလည်း...

'အစ်ကိုကြီး ဖန်ခါးသီးကသက်ရှည်ဆေးဟုတ်လား။ ကျုပ်ရဲ့အိမ်ဝိုင်းထဲမှာ ဖန်ခါးပင်နှစ်ပင်တောင် ရှိတယ်ဗျ။ နှစ်စဉ် ဖန်ခါးသီးတွေကို ဆုတောင်းပြည့် မောနားကျောင်းတိုက်ဆရာတော်ကို လှူနေကျပါ။ ဆရာတော်က ဆေးအဖြစ် မှီဝဲတာတော့ သိရတယ်။

အစ်ကိုကြီး ပြောသလို သက်ရှည်ဆေးဆိုတာတော့ မသိဘူးဗျာ။ ဆေးနည်းလေးလဲ ပြောပြပါဦးဗျာ။

အစ်ကိုကြီးရဲ့ ဆေးနည်းကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကို ဖတ်ရှုကြတဲ့ စာချစ်သူတွေ အားလုံးအတွက် ဆေးမြီးတိုလေး ရေးပို့ရတာပေါ့'

ဟု ပြောလိုက်ပါသည်။

ဦးကျော်စိုးသည် သောက်လက်စ ဒူးယားစီးကရက်ကို အားပါးတရ

(စာမျက်နှာ (၁၅၉) သို့)



www.burmeseclassic.com

www.burmeseclassic.com



◆ ပွင့်တူရွက်တူဂမုန်းပန်းပင်

ထက်မြင့်ကျော်စွာ

ချစ်ရည်တူမျှစေသည့်

# ပွင့်တူရွက်တူ ဂမုန်းပန်း

ချုံပင်၊ ပင်နိမ့်မျိုးဖြစ်သော ပွင့်တူရွက်တူဂမုန်းပန်းသည် အစိမ်းရောင်အရွက်များ ရှက်လွှဲထွက်ကာ ရွက်ကြော ထင်ရှား၏။ အရင်းပိုင်း အဖျားချွန်သော ပုံသဏ္ဌာန်ရှိသည်။

ပင်စည်အောက်ခြေပိုင်းတွင် အရွက်များ ပတ်လည်ပေါက်ရောက် ထွက်ရှိကာ ပင်စည်အထက်ပိုင်းကိုင်းများတွင် စိမ်းဝါရောင် အဖူးများ ထွက်လေ့ရှိသည်။

လုမ္ဗိနီအင်ကြင်းပန်း အဖူးနှင့် ဆင်ဆင်တူ၏။ အရွက်နှင့် အဖူးများအကြား တောက်ပသည့် အနီရောင်ရှိသော ပွင့်ယောင်ရွက်ယောင်များ ပတ်လည်ပါရှိသည်။

အမှတ်မထင် ကြည့်လိုက်ပါက စိမ်းဝါရောင် အဖူးများကို သေချာစွာ မမြင်ရဘဲ အစိမ်းရောင်ရွက်များအထက် အနီရောင်ပွင့်ချပ်ကြီးများ တန်ဆာဆင်ထားသည့်ပမာ လှပစွာ မြင်တွေ့နိုင်ပေသည်။

**အရင်းပိုင်း အဖျားချွန်သော အရွက်များက ပင်စည်တွင် ရှက်လွှဲထွက်ကြသော်လည်း လုံးဝမွှားမုံ့ အရင်းအဖျားချွန်သော ပွင့်ယောင်ရွက်ယောင်များက တည်တစ်နေရာတည်းကို ဖော်ပြ၍ ထော်လည် အပြိုင်ပြာထွက်လျှက် ရှိကြသည်။**

အဖူးများနှင့် ယှဉ်ပါက အရွက်ပမာ ဖြစ်၍ အရွက်များနှင့် ယှဉ်ပါက အပွင့်ပမာရှိသောကြောင့် **ပွင့်တူရွက်တူဂမုန်း** ဟု ခေါ်ခြင်းဖြစ်သည်။

ဤ ပွင့်တူရွက်တူဂမုန်းပန်းပင်ကို ချစ်မှုရေးရာကိစ္စများတွင် နိမိတ်ကောင်းယူ၍ စိုက်ပျိုးလေ့ရှိကြသည်။ စိတ်တူကိုယ်တူ ချစ်ရည်တူမျှသူတို့သည် အပေးအယူညီမျှသူများ၊ အပြန်အလှန် ဖြည့်ဆည်းထောက်ပံ့နေသူများဖြစ်ကြသည်။

တစ်ခါတစ်ရံ အယူသမားဖြစ်၍ တစ်ခါတစ်ရံ အပေးသမား ဖြစ်ရသည်။ တစ်သမတ်တည်း သတ်မှတ်၍ မရပေ။


အပေးချည်း သို့မဟုတ် အယူချည်းသာ ရှိနေပါက ကြာရှည်လက်တွဲ ပေါင်းဖက်ရန် မဖြစ်နိုင်တော့ချေ။ ထို့ကြောင့်ပင် ပွင့်တူရွက်တူဂမုန်းက ချစ်ရည်တူမျှခြင်း နိမိတ်ဆောင်ခြင်း ဖြစ်သည်။

စိတ်တူကိုယ်တူ ဆိုရာ၌ စိတ်သည်



www.burmeseclassic.com

www.burmeseclassic.com



အရွက်စိမ်း အနီရောင် မှုန့်လွှက်နှင့် အပါရောင်အမွှာ

ခန္ဓာကိုယ်အတွင်းသန္တာန်ကို ညွှန်း၍ ကိုယ်သည် ခန္ဓာကိုယ်ပြင်ပသဏ္ဍာန်ကို ညွှန်း၏။ **ကိုယ်ရောစိတ်ပါ ပေါင်းစပ်၍ရသူ**ဟု ဆိုကြသည်။

ဝေဒရှုထောင့်မှ ဆန်းစစ်ပါက **"ပွင့်တူရွက်တူ"**မှ **"အပွင့်"**နှင့် **"အရွက်"**သည် **"ရေဘူး"** ဓာတ်ရန်ဆောင်သည်၊ **"စိတ်တူကိုယ်တူ"**မှ **"စိတ်နှင့်ကိုယ်"**တို့ကား **"စံကူး"**ဓာတ်ရန် ပင်ဆောင်သည်။ ဓာတ်တူနံတူ ဆေးဖက်ယူလျှက် နံတူသတ်က **"အဓသေ"**ရခြင်းဖြစ်သည်။ **"ရန်"** သဘောအရ **"အဓသေ"**ရခြင်း သည် **"ရန်"ငြိမ်းခြင်းအနက်** ဆောင်လေသည်။

ပွင့်တူရွက်တူဂမုန်းပန်းကို အဆောင်ပြုရာတွင် ချစ်ရည်တူမျှသော ချစ်ခြင်းတွင်...

**'တဏှာပေမ'**ဟူသော ထောင့်ဝါးရာအချစ် ဇနီးမောင်နှံနှစ်ဦးအချစ်...

**'ဂေဟာပေမ'**ဟူသော မောင်နှမ, သားအမိ, သားအဖတို့၏ အချစ်တို့အတွက် ရည်မှန်းစိုက်ပျိုးနိုင်သည်။

**မေတ္တာပေမ**ဟူသော သတ္တဝါတိုင်းကို မခွဲခြား၊ မပိုမလျော့သော ချစ်ခြင်းအတွက်မူ **မဇ္ဈေရ၊ အဘိဇ္ဈာ၊ မိစ္ဆာဒိဋ္ဌိ**ဟူသော မနောဒုစရိုက် ကင်းမဲ့သဖြင့် ရက္ခလောက၏ အထောက်အပံ့ အကူအညီကို မျှော်ကိုးရန် မလိုတော့ပေ။

ဂျိုဂမုန်းပန်းကို ရပ်ဝေးမြေခြားတစ်နေရာတွင် စီးပွားဥစ္စာ ရှာဖွေနေသော အိမ်ထောင်ဖက် အိမ်သူအိမ်သား သားသမီး မြေးမြစ်များအတွက် တစ်နယ်ရပ်ဝေးတွင် လုပ်ကိုင်စားသောက်မှု ဖြစ်ထွန်း၍ ပြည်တော်ပြန်မျက်နှာပန်း လှပစေရန် ရည်မှန်းဆုတောင်း စိုက်ပျိုးနိုင်ပါသည်။

အိမ်ထောင် မိသားစုအတွင်း ချစ်ခင်စည်းလုံးညီညွတ် ဝိဝါဒကွဲလွဲမှုများ ပပျောက်စေခြင်း၊ **တစ်ယောက်တစ်နယ်စီ ခွဲခွာနေရသော်ငြား သံယောဇဉ် အကြွင်းအကျန်ဖြင့် ပြန်လည်ပေါင်းထုပ်ခြင်း၊ ချစ်လျက်နှင့် ခွဲခွာနေရသော ချစ်သူတို့ ပြန်လည်ဆုံစည်းစေခြင်း** စသည်တို့အတွက် နေအိမ်မျက်နှာစာတွင် ထားရှိကာ ရေလောင်းပေါင်းသင် ပြုစုသင့်ကြောင်း မဟာလယ်တီတိုက်မှ အရှင်သီလာစာရက မိန့်မြွက်တော်မူလေသည်။ စိမ်း,ဝါ,ရောင်စုံဖြာချိန်တွင် ပျော်ရွှင်စရာ သိ... ဂေဟာ ဖြစ်လာပါလိမ့်မည်။

ပွင့်တူရွက်တူဂမုန်းပန်းကို ချောင်ဦးမြို့နယ်၊ တောကျောင်းကျေး... လယ်တော်ရာဘုရား ကျောင်းဝင်းအတွင်း ရှင်သန်ပွားစည်းလျက် မြင်တွေ့၍ ဓာတ်ပုံမှတ်တမ်း ပြုခဲ့ပါသည်။


ထက်မင်းကျော်ဇွာ

www.burmeseclassic.com

သရက်ကြီး ဦးအောင်မြင့် (ဥပဒေတွဲ့) လက္ခဏာဗေဒင်ပညာသုတေသီ

# လက္ခဏာပဟေဠိ

## အဖြေညှိကြစို့




ယခုလအတွက် ဖော်ပြပေးလိုက်သော ဘယ်လက်ဖဝါးပုံစံ ပိုင်ရှင်မှာ အသက်လေးဆယ်ဝန်းကျင် အမျိုးသမီးတစ်ဦး ဖြစ်ပါသည်။

လက္ခဏာပုံစံကို သေချာစွာ ကြည့်ရှုလေ့လာ စစ်ဆေးပြီးမှ အောက်ပါမေးခွန်းများကို ဖြေဆိုကြည့်ပါ။

၁။ အသက်တိုနိုင်လား။ ရှည်နိုင်လား။

၂။ ဩဇာမဲ့သူလား။ ဩဇာရှိသူလား။

၃။ ဆင်းရဲ နွမ်းပါးသူလား။ ချမ်းသာပြည့်စုံသူလား။

မိမိတို့၏ အဖြေများကို အကြောင်းပြချက်နှင့်တကွ သီးခြားစာရွက်လွတ်တွင် ရေးမှတ်ပြီးမှ ပဟေဠိအဖြေများနှင့် ညှိနှိုင်းပါက လက္ခဏာပညာသုတ တိုးပွား ရရှိနိုင်ပါသည်။

ပဟေဠိ အဖြေများကို စာမျက်နှာ( ၁၆၅ )တွင် ကြည့်ရှုပါရန်။



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တွေ့

# ဟူဟူကျက်ကောင်းစေသည့်

ဂါထာတော်



ဆရာ လှိုင်ဝင်းအောင်
(ကျိုက္ကစံ၊
အေးချမ်းသူတို့စံပျော်ရာ)

တောင်ဥက္ကလာပမြို့နယ် (၁၁)ရပ်ကွက်ရှိ ရွှေမြင့်မိုရ် ဆရာရွှေ (အေးချမ်းသူတို့စံပျော်ရာ)၏ အိမ်တွင် ဘုန်းကြီးငါးပါးကို ဝါဆိုသင်္ကန်းကပ်လှူသောနေ့ဖြစ်၏။

အပြန်တွင် ကားမစီးတော့ဘဲ ကျွန်ုပ်တို့အုပ်စု စကားတပြောပြောနှင့် လမ်းလျှောက်ပြန်လာခဲ့ကြသည်။

ကျိုက္ကစံဘုရားအနီး ကျောက်တော်ဘုရားနားအရောက်တွင် ကျွန်ုပ်တို့၏နောက်မှ "ကလင် ကလင် ကလင်"ဟု စက်ဘီး၏ ဘဲလ်သံကြောင့် လှည့်ကြည့်လိုက်မိရာ ကျွန်ုပ်၏တပည့် တင်အေးဖြစ်နေသည်ကို တွေ့လိုက်ရ၏။

ထိုအခါ တင်အေးက...

'ဆရာတို့ ဘယ်က ပြန်လာကြတာလဲ'

'တို့ ရွှေမြင့်မိုရ်ဆရာရွှေအိမ်က ပြန်လာတာ၊ မင်းကော ပျောက်နေတာကြာပြီ။ ဘယ်ရောက်နေတာလဲ'

'ကျွန်တော် မော်လမြိုင်ကို ပြန်နေတာပါဆရာ'

'အခု မင်း ဘယ်ကိုသွားမလို့လဲ'

'ဆရာ့ဆီကို တမင်လာတာပါ။ သမီးကြီး ဝသုန်သင်းက ဘွဲ့ယူပြီးပြီ။ အခု သမီးက ဝန်ထမ်းအလုပ်တစ်ခုအတွက် စာမေးပွဲဝင်ဖြေရမယ်။ ဒီအင်တာဗျူးစာမေးပွဲ အောင်သွားရင် ဦးစီးအရာရှိဖြစ်မှာဆိုတော့ သူ့ဘဝ ရှေ့ရေးအတွက် စိတ်အေးရတာပေ့ါ ဆရာရယ်။

ဒါပေမယ့် ခက်နေတာက သမီးက ဉာဏ်ထိုင်းတယ်။ ဖွဲ၊ လုံ့လ၊ ဝီရိယတော့ အပြည့်ရှိတယ်။

ဒါပေမယ့် စာကျက်တဲ့နေရာမှာ အခုကျက်ပြီး တော်ကြာနေ ပြန်မေ့နေလို့ ဘယ်လိုယတြာတွေ၊ အစီအရင်တွေလုပ်ရင် ကောင်းမလဲဆိုတာ သိချင်လို့ လာမေးတာပါဆရာ'

'ဒီကိစ္စအတွက် ယတြာချေစရာ မလိုပါဘူး တင်အေးရာ။ ငါ ဂါထာတစ်ပုဒ် ပေးလိုက်မယ်။ ဒီဂါထာကို မင်းသမီး အင်တာဗျူး မဖြေခင် တစ်နေ့ကို (၄၅)ခေါက် ရွတ်ပွားခိုင်းပါ။

ဒီဂါထာက ကျောင်းသူကျောင်းသားတွေသာမက မည်သည့်စာမေးပွဲ အင်တာဗျူးမဆို ဖြေဆိုအောင်မြင်တဲ့ ဂါထာတော် ဖြစ်တယ်။

မ,တစ်လုံးကျေ တောင်တွင်းဆရာတော် ခင်ကြီးဖျော် ဘုရားရှိခိုးတဲ့အခါ ဒီဂါထာကို ထည့်ပြီး အမြဲရွတ်ဆိုလေ့ရှိတယ်လို့ ကျမ်းများက ပြဆိုထားတယ်။

ငါ့ရဲ့ တူနဲ့တူမတွေက စာတော်ကြတယ်။ ဒါပေမယ့် စာမေးပွဲဖြေဆိုပြီဆိုရင် ကျက်ထားတဲ့ စာတွေ မေ့နေလို့ တက္ကသိုလ်ဝင်တန်း (၂)နှစ် ဆက်ကျတယ်။

ဒါကြောင့် ငါလဲ ဒီဂါထာတော်ကို ယုံကြည်စွာနဲ့ ရွတ်ဆိုခိုင်းတာ မေ့တာတွေပျောက်ပြီး ဉာဏ်များလဲ ပြန်ကောင်းလာပြီး စာမေးပွဲတွေ အားလုံးအောင်ကုန်ကြပြီ။ ကဲ တင်အေး ငါပြောတာကို မင်းယုံရဲ့လား'

'ယုံပါတယ် ဆရာ'

ယုံတယ်ဆိုရင် ဒီဂါထာကို ရေး...လိုက်'

'ဟုတ်ကဲ့ ဆရာ'

တိက္ခ ဂမ္ဘီရ ပဉ္စော စ၊
ဟာသာ တိဇ ပညဝါ။
ဘူရိ နိဗ္ဗေဓ ပဉ္စော စ၊
သဗ္ဗ ပဉ္စ ဝိသဇ္ဇနော။

ခက်ခဲသော ပါဠိအသံထွက်

| | |
|---|---|
| **တိက္ခ** | = တိတ်ခ |
| **ဂမ္ဘီရ** | = ဂမ်ဘီရ |
| **ပဉ္စောစ** | = ပင်ဉ္စောစ |
| **ပညဝါ** | = ပင်ညဝါ |
| **နိဗ္ဗေဓ** | = နိပ်ဗေဓ |
| **သဗ္ဗ** | = သပ်ဗ |
| **ပဉ္စ** | = ပင်ည |
| **ဝိသဇ္ဇနော** | = ဝိသစ်ဇနော |

**အနက်**

**တိက္ခ ဂမ္ဘီရ ပဉ္စော စ၊** ထက်မြ... နက်နဲသော ပညာနှင့် ပြည့်စုံသ... လည်းကောင်း။

**ဟာသာ တိဇ ပညဝါ၊** ရွှင်လ... လျှင်မြန်သော ပညာရှိ... လည်းကောင်း။

**ဘူရိ နိဗ္ဗေဓ ပဉ္စော စ၊** မြေ...



www.burmeseclassic.com

www.burmeseclassic.com

အထုနှင့်တူသော ထိုးထွင်းသော ပညာနှင့် ပြည့်စုံခြင်းသည် လည်းကောင်း။

**သဗ္ဗ ပဥ္စ ဝိသဇ္ဇနော၊** ခပ်သိမ်းသော အမေးပြဿနာတို့ကို ဖြေဆိုနိုင်ခြင်းသည် လည်းကောင်း။

**ဘဝေ၊** ဖြစ်ရပါလို၏။

'ကဲ တင်အေး မင်းသမီးကို အနက်အဓိပ္ပာယ်ကအစ အကုန်ကျက်မှတ်ဖို့ ပြောလိုက်'

ကျွန်ုပ်၏ စကားအဆုံးတွင် တင်အေးမှ...

'သမီးဖြေလို့ အောင်သွားရင် ဆရာ့ကို လာကန်တော့ပါ့မယ်'

ဟု ပြောပြီး ပြန်သွားလေရာ သတည်း။

နောက်တစ်လအကြာတွင် အမျိုးသမီးငယ်တစ်ယောက် ကျွန်ုပ်ဆိုင်သို့ ရောက်လာပြီး ဤသို့ စကားစ,လိုက်၏။

'ဆရာ သမီးက ဦးတင်အေးရဲ့ သမီးပါ။ အခု သမီး အင်တာဗျူး အောင်လို့ အလုပ်ရပြီ။ မနက်ဖြန် ဖောင်ကြီးမှာ သင်တန်း သွားတက်ရမှာပါ။ ဆရာ့ရဲ့ကျေးဇူးကြောင့် သမီးအောင်တာပါ'

ဟု ပြောဆိုပြီး ရွှေကသစ်လုံးချည်တစ်ထည်ဖြင့် ထိုင်ကန်တော့လေတော့၏။

ပြီးလျှင် သမီးငယ်မှ...

'ဖေဖေ အခု တောင်ငူကို အရေးတကြီးကိစ္စရှိလို့ သွားတယ်။ အပြန်မှ ဆရာ့ဆီကို လာတွေ့ပါလိမ့်မယ်'

ဟု ပြောဆိုကာ ပြန်သွားလေ၏။

ဒါကြောင့် စာရှုသူများ၊ ဝါသနာရှင်များ၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ပရိသတ်များ ပညာဉာဏ် ပွင့်လင်းစေရန်အတွက် ဤဂါထာတော်ကို ဓမ္မဒါန ပြုလိုက်ပါ၏။

**ဆရာ လှိုင်ဝင်းအောင်**

***(ကျိုက္ကစံ၊ အေးချမ်းသူတို့စံပျော်ရာ)***


စာမျက်နှာ (၁၆၃)မှ အဆက်

**လက္ခဏာပဓေယျ အဓိပ္ပါယ်များ**

**၁။ အသက်ရှည်နိုင်သည်။**

အဘယ်ကြောင့်ဆိုသော် အသက်လမ်းကြောင်း၏ အတွင်းဘက်မှာ အရံအသက်လမ်းက ရှည်လျား ထင်ရှားအားကောင်းစွာ ရှိနေခြင်းကြောင့် ဖြစ်သည်။ ထို အရံအသက်လမ်းကြောင်းမှာ အရွယ်တင် နုပျိုသန့်စွမ်း ကျန်းမာ အသက်ရှည်ခြင်းတို့အတွက် အထောက်အပံ့ကောင်း ဖြစ်ပါသည်။ "က" အကွက်ရာ။

* * *




**၂။ သြဇာရှိသူ ဖြစ်သည်။**

အဘယ်ကြောင့်ဆိုသော် လက်ခလယ်အောက် စနေဂြိုဟ်ခုံပေါ်မှာ သန်လျက်သင်္ကေတရှိခြင်းကြောင့် ဖြစ်သည်။

သန်လျက်သင်္ကေတမှာ ရာထူး သြဇာရှိခြင်း၊ တိုးတက်မြင့်မားခြင်းကို ဖြစ်စေသည်။ မင်းစိုးရာဇာ အလုပ်မျိုးနှင့် အကျိုးပေးသလို ကိုယ်ပိုင်လုပ်ငန်းမှာလည်း လုပ်ငန်းရှင်၊ ကုမ္ပဏီပိုင်ရှင်၊ စက်ရုံ,အလုပ်ရုံပိုင်ရှင် စသည်တို့ ဖြစ်စေနိုင်သည်။ **"ခ" အကွက်ရာ။**


* * *




**၃။ ချမ်းသာပြည့်စုံသူ ဖြစ်သည်။**

လက်ချောင်းများမှာ အရင်းပိုင်း ဖောင်းကြွပြီး အဖျား သေးချွန်ခြင်း၊ လက်သူကြွယ် လက်ချောင်းထိပ်မှာသာ ခရုပတ်ဗွေရှိပြီး အခြား လက်ချောင်းထိပ်ဖျားများမှာ ကျော့ကွင်းဗွေရှိခြင်းတို့ကြောင့် ဖြစ်သည်။ ထိုအချက်မှာ ငွေကြေးဥစ္စာ ချမ်းသာပြည့်စုံသူများတွင်သာ တွေ့ရနိုင်သည်။

* * *




*လက္ခဏာပညာသုတ တိုးပွားကြပါစေ။*

*အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...*

**ဆရာကြီး ဦးအောင်မြိုင်**

**(ဥပဒေဘွဲ့)**

**လက္ခဏာဗေဒင်ပညာသုတေသီ**



www.burmeseclassic.com

www.burmeseclassic.com

# ရောင်းကုန်ပစ္စည်းများ

အရောင်းထွက်စေရန်



မောင်ရင်မြွေး
(မအူပင်)

ကျွန်တော့်အမျိုးသမီးအား မိသားစု စားဝတ်နေရေး အဆင်ပြေရန်အတွက် ဆန်နှင့် မီးသွေးကို ကျွန်တော့်အိမ်ရှေ့မှာပင် ရောင်းချစေခဲ့ပါသည်။

ထိုကုန်ပစ္စည်းများ ရောင်းချစတစ်ရက်၊ နှစ်ရက်မျှသာ ဈေးရောင်းချမှု အဆင်ပြေခဲ့သော်လည်း နောက်ပိုင်းရက်များတွင် ဈေးဦးပင် မပေါက်တော့ဘဲ အရောင်းအဝယ် ထိုင်းနေပါတော့သည်။

ကျွန်တော့်အမျိုးသမီးလည်း သူရောင်းနေသော ရောင်းကုန်များ မရောင်းရ၍ ရင်းနှီးထားရသော ငွေကြေးများအတွက် ပူပင်သောကရောက်နေရပါသည်။

မိသားစု စားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရန် အကြံပေး၍ ရောင်းချစေခဲ့သူ ကျွန်တော့်ကိုလည်း 'ရှင်အကြံပေးကောင်းလို့ အခုအရင်းတောင် ပြန်ရပါ့မလား' ဟူသော မျက်နှာထားနှင့် တကြည့်ကြည့် လုပ်နေပါသည်။

ထိုအခက်အခဲများ ဖြစ်ပွားနေချိန်၌ ကျွန်တော်၏ ဘကြီးသည် ရွာမှ မြို့သို့ အလုပ်ကိစ္စတစ်ခုဖြင့် ရောက်လာပြီး အလုပ်ကိစ္စက ညအိပ်လုပ်ကိုင်ရမည်ဖြစ်၍ ကျွန်တော့်အိမ်တွင် တည်းခိုဖို့ ရောက်ရှိလာပါသည်။

ကျွန်တော့်အိမ်ရှေ့တွင် ဖလုံကြီးနှင့် ထည့်ထားသော ဆန်နှင့် ဆန်ကာဖြင့် ထည့်ထားသော မီးသွေးပိသာထုပ်များကို ကြည့်ပြီး...

'မောင်အောင်မြင် မင်းတို့လင်မယားတွေ မလုပ်ဘူးတဲ့ အလုပ်တွေ လုပ်နေကြပါလား၊ ဈေးတွေဘာတွေ ရောင်းလို့ပါလားကွ၊ ကြည့်လဲလုပ်ကြပါကွာ'

'ဘကြီးက ကြည့်လဲလုပ်လို့ ပြောပေမယ့် ကျွန်တော့် လုပ်အားခနဲ့ မိသားစု စားဝတ်နေရေး အဆင်မပြေလို့ အပိုဝင်ငွေလေးရအောင် ဈေးရောင်းနေတာ အဘရေ'

ဟု ဘကြီး၏ အမေးစကားကို ကျွန်တော်က ရှင်းပြ ပြောဆိုလိုက်သည်နှင့် ဘကြီးက...

'မောင်အောင်မြင့် မင်းတို့ အရောင်းအဝယ်က အဆင်မပြေလို့လားကွ၊ ငါကတော့ မင်းတို့ အရောင်းအဝယ် အဆင်မပြေနိုင်ဘူးလို့ အတပ်ကို ပြောလိုက်ချင်တယ်ကွ'

ကျွန်တော်က ဘကြီးဖြစ်သူ၏ ပြောစကားများက အံ့သြစရာတွေဖြစ်နေ၍ ကျွန်တော်က...

'ဘကြီးက ကျွန်တော်တို့ အရောင်းအဝယ် အဆင်မပြေတာ ဘယ်လိုလုပ်သိတာလဲဗျ'

'အေး မင်း နားလည်အောင် ဘကြီးမင်းကို ပြောပြမယ်ကွ၊ နေရာတစ်ခုမှာ အတူနေကြတဲ့ လူနှစ်ယောက် ရန်ဖြစ်လို့ မတည့်ရင် တစ်ဦးက ထွက်သွားရတယ်မဟုတ်လား၊ အဲဒီသဘောပဲကွ၊ မင်းတို့ ရောင်းချနေတဲ့ ကုန်ပစ္စည်းတွေက တစ်ခုနဲ့တစ်ခုက မတည့်တဲ့ ရန်ဘတ်ကျတဲ့ ကုန်ပစ္စည်းတွေ ဖြစ်နေမှ ထွက်သွားကြမှပေါ့။

အခု မင်းဟာက '**အောင်ပ၊ ကုလားဆွေသား၊ တော်ရင်း မိတ်ဖက်ခြင်း**' ဆိုတဲ့ မိတ်ဖက်ဖြစ်နေတဲ့ ဆန်နဲ့မီးသွေးတွဲရောင်းတော့ ဘယ်လို လုပ်ရောင်းထွက်မလဲကွယ့်'

'ဒါဆို ကျွန်တော်က ဆန်နဲ့ မီးသွေးတွဲမရောင်းရရင် ရောင်းကုန်တွေ အရောင်းထွက်အောင် ဘယ်လိုလုပ်ရောင်းရမှာလဲဗျ'

ကျွန်တော့် အမေးစကားကြောင့် ကျွန်တော့်ဘကြီးက...



www.burmeseclassic.com

www.burmeseclassic.com

'တို့မြန်မာ လောကီပညာတွေမှာ မိတ်ဖက်နဲ့ ပတ်သက်တဲ့ လင်္ကာတွေ ရှိသလို ရန်စာတ်နဲ့ ပတ်သက်တဲ့ လင်္ကာတွေလဲရှိတယ်ကွ၊ မင်းက ဥပမာကွာ ဆန်ရောင်းမယ်ဆိုရင် **'ဦးညို၊ ခေမာ၊ သုတ၊ ဝေရီ ရန်စီစီ'** ဆိုတဲ့အတိုင်း ရန်ဖက်ဖြစ်တဲ့ **ဦးညို ဆန်နဲ့ အုန်းသီး** တွဲရောင်းမှ ရန်စာတ်ကျပြီး ကုန်ပစ္စည်းတွေ တစ်ခုနဲ့တစ်ခု ရန်ဖြစ်ပြီး မြန်မြန် အရောင်းထွက်သွားမှာပေါ့ကွာ၊ မီးသွေးကို ရောင်းမယ်ဆိုရင်လဲ သုတဆိုတဲ့ ရန်စာတ်ကျအောင် မီးသွေးနဲ့ ထင်းကို တွဲရောင်းရမယ်'

ဟု ကျွန်တော့်ဘကြီးက ရှင်းပြပြောဆိုလိုက်၍ ကျွန်တော်လည်း မှတ်သားထားလိုက်ပြီး နောက်တစ်နေ့၌ ဆန်နှင့်အုန်းသီး၊ မီးသွေးနှင့် ထင်းတို့ကို **'ဦးညို၊ ခေမာ၊ သုတ၊ ဝေရီ၊ ရန်စီစီ'** ဆိုသော ကမ္ဘာရန်စာတ်နှင့်အညီ တွဲဖက်ရောင်းချခဲ့ပါသည်။

ကျွန်တော့်ဘကြီး ပြောသည့် လောကီနည်းဖြင့် ထိုအချိန်မှစ၍ ယနေ့တိုင် ကျွန်တော်တို့ ကုန်ရောင်းချခဲ့ရာ အံ့ဩဖွယ်ကောင်းလောက်အောင် ရောင်းချနေရပါသည်။

ထိုအစီအရင်ဖြင့် ရောင်းကုန်များ အရောင်းထွက်အောင် နည်းပေးခဲ့သူ ကျွန်တော့်ဘကြီးကိုလည်း ကျေးဇူးတင်မဆုံး ဖြစ်နေရပါသည်။

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်များလည်း မိမိတို့ကုန်ပစ္စည်းများ အရောင်းထွက်လိုလျှင် ကျွန်တော်၏ ဘကြီးပြောသည့် **'ဦးညို၊ ခေမာ၊ သုတ၊ ဝေရီ၊ ရန်စီစီ'**ဆိုသည့် ကမ္ဘာရန်ဖက်လင်္ကာဖြင့် ချိန်ဆ၍ ရောင်းကုန်ပစ္စည်းများ ရောင်းချကြပါက ရောင်းကုန်ပစ္စည်းများ သွက်လက်စွာ အရောင်းထွက်ကြလိမ့်မည်ဟု တိုက်တွန်းရေးသားအကြံပြုအပ်ပါသည်။

**မောင်ရင်ထွေး(မအူပင်)**

စာမျက်နှာ (၁၆၈)မှ အဆက်

သော်လည်း ပို၍သာ ဆိုးလာသဖြင့် ဆေးရုံတက် ခွဲစိတ်ဖြတ်ထုတ်ခဲ့ရသည်။

ကိုအောင်မြင့် ဆေးရုံက ဆင်းခဲ့သော်လည်း အနာမကျက်သလိုလိုနှင့် ရှင်းရှင်းပျောက်သွားသည်မရှိဘဲ ဆေး လိမ်းဆေးသောက် လုပ်နေခဲ့ရသည်။ ကြာတော့ အိုကင်ဆာများ ဖြစ်နေသလားအထိ ပူပင်သောက ရောက်လာကာ မူလက ဝိုဝိုပြည့်ပြည့် ရှိနေသော ကိုအောင်မြင့်တစ်ယောက် ပိန်ကျသွားခဲ့သည်။

စာရေးသူလည်း ဒေါ်သိန်းသန်းထံမှ သိရှိခဲ့ရသော ရှားစောင်းလက်ပပ်ဆေးနည်းကို တစ်ဆင့်ပြောပြကာ သောက်ခိုင်းကြည့်ပါသည်။ ရှားစောင်းလက်ပပ်ခပ်သင့်သင့်ကို ရေပြောင်အောင် ဆေးကာ အဖျားပိုင်းပယ်ပြီး လက်တစ်ဝါးခန့် ယူပါသည်။

ထို့နောက် အပေါ်ခွံအောက်မှ ပျစ်တွဲတွဲအရည်များအား လက်ဖက်ရည်ပန်းကန်အောက်နက်နက်ထဲ တစ်ကြိမ်သောက်ရန်အတွက် တစ်ဝက်ခန့် ဖွန်းနှင့်ခြစ်ချရ၏။

ရှားစောင်းလက်ပပ်အနှစ်များကို ထန်းဖိုဦးထန်းလျက်တစ်လုံးနှင့် ရောမွှေကာ တစ်နေ့တစ်ကြိမ်မှ နှစ်ကြိမ်အထိ နံနက်၊ည သောက်ခိုင်းပါသည်။

ဆေး၏အရသာမှာ သောက်ရဆိုးအောင် ခါးသီးခြင်း မရှိသော်လည်းဖွန်းနှင့် ကော်မရအောင် ပျစ်ချွဲချွဲရှိနေသည်။ ထို့ကြောင့် တစ်ခါတည်း မော့သောက်လိုက်သည်က အကောင်းဆုံး ဖြစ်၏။

ကိုအောင်မြင့်လည်း ထိုရှားစောင်းလက်ပပ်ဆေးအား နေ့စဉ် မှီဝဲလာခဲ့ရာ **သိသိသာသာ သက်သာပျောက်ကင်းလာကြောင်း** တွေ့ရသဖြင့် သိသူများ ဆော်စားနိုင်ရန် ရေးသားတင်ပြလိုက်ရပါသည်။

**ကျန်းမာအတိ ချမ်းသာရှိပြီး ကဝိပညာ ထွန်းတောက်ကာနှင့် လောကသာသနာ နှစ်ဖြာအလှ သယ်ပိုးနိုင်ကြပါစေ။**

**အာကာသ (သာစည်)**

စာမူပို့လိုက...

ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
အမှတ် ၂၃၃၊ (၂၉)လမ်း၊
ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း-၀၁ ၂၄၂၅၇



www.burmeseclassic.com

www.burmeseclassic.com



◆ မသေသေးပေဘူးဆိုသော ဆေးဖက်ဝင် ရှားစောင်းလက်ပပ်ပင်များ

လိပ်ခေါင်းနှင့် အနာမကျက်နိုင်က

# ရှားစောင်းလက်ပပ်

ကို သုံးပါ

ဘုကလေး (သာစည်)

စာရေးသူတို့ အညာဒေသတွင် ရှားစောင်းလက်ပပ်ပင်များကိုသဘာဝပေါက်ပင်များအဖြစ် ပေါများစွာ တွေ့ရသည်။ အချို့က အိမ်ဝိုင်းခြံစည်းရိုးများတွင် လည်းကောင်း၊ မြေအိုးကြီးများနှင့် လည်းကောင်း စိုက်ပျိုးထားကြသည်။ မိုးရေ အရနည်းသော အပူပိုင်းဒေသတွင် ပေါက်ရောက်ပြီး အပူဒဏ်ကို ကြံ့ကြံ့ခံနိုင်သော အပင်ဖြစ်သည်။

ရှေးအခါကပင် မီးယပ်၊ ဒူလာ၊ နူနာရောဂါများအတွက် ရှားစောင်းလက်ပပ်ပင်ကို ထန်းလျက်၊ မန်ကျည်း၊ အုန်းသီးဆန်တို့နှင့် ရောနှောချက်ကာ ဆေးဝါးအဖြစ် ယနေ့အထိ မှီဝဲကြဆဲရှိသည်။

အချို့အရွယ်မတိုင်မီ မျက်စိမွဲနေသူများ၊ မျက်စိဒဏ်ရာရထားသူများသည်ပင် ရှားစောင်းလက်ပပ် အနည်းငယ်အား အလယ်မှခြမ်းပြီး ပျစ်ချွဲချွဲဘက်ကို အသုံးပြု၍ မျက်စိကို အုပ်ထားပေးရုံနှင့် တစ်လ၊ နှစ်လအတွင်း ပြန်ကောင်းနိုင်သည်ဟု ဆိုကြသည်။

တစ်နေ့တွင် စာရေးသူ အလုပ်ကိစ္စတစ်ခုဖြင့် မိတ္ထီလာမြို့သို့ ရောက်ခဲ့ရာ အစ်မအရင်းသဖွယ် ခင်မင်ရင်းနှီးနေသော ဒေါ်သိန်းသန်းထံ ဝင်ခဲ့၏။ ဒေါ်သိန်းသန်းက...

'ငါ့မောင် နောက်တစ်ခါလာရင် မင်းတို့ဘက်မှာ ပေါတယ် ပြောတယ်။ ရှားစောင်းလက်ပပ်ပင် နည်းနည်းယူခဲ့ပါဦး'

ဟု မှာပါသည်။

ရှားစောင်းလက်ပပ်ပင်အား ဘာကြောင့် မှာရသည်ကို စာရေးသူက မေးကြည့်ရာ...

'ငါ့မောင်ကလဲ အစ်မတယ်ဘက်ရင်သားကင်ဆာဖြစ်တာ ဆေးရုံတက်ပြီး ဖြတ်ထုတ်လိုက်ရတယ်။ ဖြတ်ထုတ်လိုက်ရလို့ ပြီးရောလားမှတ်တယ်။ အနာမပျောက်နိုင်ဘဲ ဖြစ်နေလို့ ဆေးရုံဆေးခန်း စုံနေတာ ပျောက်တယ်မရှိဘူး။ ဆေးတွေ့ချိန်တော့ ရှားစောင်းလက်ပပ် စားမှပဲ ပျောက်တော့တယ်'

ဟု ပြောပါသည်။

စာရေးသူလည်း ရှားစောင်းလက်ပပ်ပင် ဆေးဖက်ဝင်နေသည်ကို တစ်ရပ်ကွက်တည်းနေ ကိုအောင်မြင့်၏ ရောဂါအား သတိရမိပြီး မှီဝဲသုံးစွဲပုံအသေးစိတ်အား မေးမြန်းခဲ့ရပါ၏။

စာရေးသူတို့ရပ်ကွက်နေ ကိုအောင်မြင့်မှာလည်း အသက်(၃၅)နှစ်အရွယ်ခန့်ကစပြီး ဘယ်ဘက်တင်ပါးခွက် မခံသာအောင် ကိုက်ခဲနေရာ သောက်ဆေး လိမ်းဆေး အမျိုးမျိုးစုံအောင်သုံးခဲ့သည်။

အနည်းငယ် သက်သာသလိုရှိကာ တင်ပါးခွက်နေရာမှ မကြာခဏဆိုသလို နာကျင်ကိုက်ခဲမြဲ ရှိနေရာ ကြာတော့ ထိုင်ထမဟန် သွားလာရန်ပင် ခက်လာတော့၏။

ထို့နောက် **လိပ်ခေါင်းရောဂါ စွဲကပ်လာပြီး** လက်လှမ်းမီသမျှ လိမ်းဆေးသောက်ဆေးများနှင့် ကုသ

စာမျက်နှာ (၁၆၇) သို့

www.burmeseclassic.com

# မဟာဘုတ်ချိန်ခွင် နှင့်

## ကျေးဇူးရှင် ဆရာတော်ကြီးများ

သန်းပဒ္မာ

ရန်ကုန်တိုင်းဒေသကြီး၊
အင်းစိန်မြို့နယ်၊ ဖျော့ကန်
ဝိဇ္ဇူးပရိယတ္တိစာသင်တိုက်
ပဓာန နာယကဆရာတော်
မဟာသဒ္ဓမ္မဇောတိကဓဇ
ဘဒ္ဒန္တ သုနန္ဒအား
ဂါရဝပြု ပူဇော်ခြင်း

ဆရာတော်ကို ၁၃၀၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် (၇)ရက်၊ သောကြာနေ့တွင် ဖွားမြင်တော်မူရာ မဟာဘုတ်အရ (၀)ကြွင်း မဟာဘုတ်ပိုင်ရှင် ဖြစ်ပါတယ်။

လေ့လာကြည့်ပါ။

* * *

| | | |
|---|---|---|
| | ၄ | |
| ၆ | ၂ | ၅ |
| ၃ | ၀ | ၁ |

**၀-ကြွင်း မဟာဘုတ်**

အင်္ဂါဂြိုဟ်(၃-ဂါ)ဟာ မရဏအိမ်မှာ စံတည်နေတဲ့အတွက် စိတ်နဲ့ ဆက်သက်ပြီး အနိုက်နေရာမှာ ရောက်ရှိနေတာ ဖြစ်ပါတယ်။

သို့ပါ၍...

မရဏရဲ့သဘော ကောင်းလွန်း၊ ဆိုးလွန်းတဲ့ သဘာဝကို ဆောင်ပါတယ်။ ဒါကြောင့် မဟာဘုတ်ပိုင်ရှင်ရဲ့ စိတ်ဟာ ကောင်းတဲ့အခါ အလွန်ကောင်းပြီး သဲည်းခံစိတ်၊ စာနာစိတ်၊ သနားစိတ် ဖြစ်တတ်သလို စိတ်အလိုနဲ့ မတိုက်ဆိုင်တဲ့ အခါမျိုးမှာတော့ ဒေါသထွက်ခြင်း၊ ကြမ်းတမ်းစွာပြောခြင်း စိတ်နောက်ကိုယ်ပါ ဖြစ်တတ်ပါတယ်။ ခန့်မှန်းရခက်တဲ့ သဘောပါပဲ။ အထူး စိုးမိုးတာကတော့ ဒေါသစိတ်ပါပဲ။ ပြတ်သားတဲ့ စိတ်ပါပဲ။



ဖျော့ကန် ဝိဇ္ဇူး ပရိယတ္တိစာသင်တိုက်
ပဓာန နာယက၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သုနန္ဒ

တစ်ဖန်...

**တနင်္လာဂြိုဟ်(၂-လာ)ဟာ သိုက်ဂြိုဟ် ဖြစ်တဲ့အတွက်...**



www.burmeseclassic.com

www.burmeseclassic.com

- ✶ ငွေကြေးနဲ့ ပတ်သက်ပြီး ကြောင့်ကြရမှု နည်းပါးခြင်း။
- ✶ သန္ဒိတရားကောင်းခြင်း။
- ✶ ဝတ္တုပစ္စည်း အလှူခံရလွယ်ခြင်း။
- ✶ လူမုန်းတန်းယည့်သူ ပေါ်များခြင်း။
- ✶ ငွေကြေး စုဆောင်းမိခြင်း။
- ✶ မိခင်ရဲ့ အကျိုးကို ခံစားရခြင်း။
- ✶ ခရီးကောင်း ကြုံရခြင်း

စတဲ့ ကောင်းတဲ့သရုပ်များကို ဖြစ်စေပါမယ်။

**ကြာသပတေးဂြိုဟ် (၅–တေး) ဟာ ရာဇအိမ်မှာ ရပ်တည်နေတဲ့ အတွက်...**

- ✪ ပညာရေးလုပ်ငန်းများ အထူးအောင်မြင်ခြင်း။
- ✪ လူမှုရေးလုပ်ငန်း၊ ပရဟိတလုပ်ငန်းများ ဆောင်ရွက်အောင်မြင်ခြင်း။
- ✪ ပရိယတ္တိ စာသင်တိုက်ကြီးရဲ့ ဦးစီးခေါင်းဆောင်ဖြစ်ရခြင်း။
- ✪ ကူညီမယ့် ထောက်ပံ့မယ့် ဓမ္မမိတ်ဆွေများ ရှိစေခြင်း။
- ✪ ဆရာကောင်းများရဲ့ ပညာအမွေကို ဆက်ခံရခြင်း။
- ✪ သာသနာပြု ဘွဲ့တံဆိပ်တော်ရခြင်း

တို့ကို ဖြစ်စေပါမယ်။

**သောကြာဂြိုဟ် (၆–ကြာ)ဟာ အထွန်းအိမ်၌ ရပ်တည်နေတဲ့အတွက် အကျိုးပြုဆုံး၊ အားအထားရဆုံး ဂြိုဟ်ကောင်းတစ်ခု ဖြစ်ပါတယ်။ သောကြာဂြိုဟ်က စကား၊ ခရီး၊ ကာမဂုဏ် စသည်ကို အဓိက ကိုယ်စားပြုထားတဲ့အတွက်...**

- ✸ စကားအရာ၌ အောင်မြင်ခြင်း။
- ✸ ခြွေရံပရိသတ် ပေါ်များစေခြင်း။
- ✸ ခရီးကောင်း ကြုံရခြင်း။
- ✸ ကြည်ညိုသူ ပေါ်များခြင်း။
- ✸ စည်းစိမ်ဥစ္စာ ပြည့်စုံစေခြင်း

တို့ ဖြစ်စေပါမယ်။

သို့ရာတွင် သောကြာဂြိုဟ်(၆–ကြာ) နဲ့ တနင်္ဂနွေဂြိုဟ်(၁–နွေ)တို့ဟာ အထွန်းနဲ့ ပုတိ ဖြစ်တဲ့အတွက် ပ... မိပါတယ်။

(၆–ကြာ)နဲ့ (၁–နွေ)ဟာ အိမ်ထောင် မိတ်ဖြစ်ရာ လုပ်ငန်း ဆောင်ရွက်တိုင်... မှာ မတည်ငြိမ်မှု၊ ပျက်ပြားမှု၊ ခက်... မှုများ ကြုံတွေ့ရတတ်ကြောင်း တင်ပြ... ရင်း ဂါရဝပြု ပူဇော်အပ်ပါတယ်။

*အေးပါစေ၊ အောင်ပါစေ*

**သန်းပညာ**

---

# ရေစီးကမ်းပြိုရောဂါ

ဤနည်းလေး သုံးကြည့်ပါ



ရေစီးကမ်းပြိုရောဂါအတွက် ပိန်းအရိုင်းပင်မှ အရိုးတံများကို ညာလက်ခလယ်ဆစ်နဲ့ (၇)ဆစ် တိုင်းဖြတ်ပါ။ ဖြတ်ထားသော ပိန်းရိုးပိုင်းလေးများကို မီးရှို့ပြာချပြီး အမှုန့်ပြုလုပ်ပါ။

ထို့နောက် ကျောက်ချဉ်အနေတော်ကိုလည်း မီးအပူပေးထားတဲ့ သွပ်ပြားပေါ်မှာတင်ပြီး အပူပေးပါ။ မကြာမီ အချိန်တွင်း ကျောက်ချဉ်ပွလာပါလိမ့်မည်။ ကျောက်ချဉ်ပွလာတဲ့အခါ အအေးခံပြီး အမှုန့်ပြုပါ။

ပိန်းရိုးပြာနဲ့ ကျောက်ချဉ်မှုန့်ကို ဆတူရောစပ်ပြီး သွားဖုံးအခြေမှာ မကြာခဏ သိပ်ပေးပါ။ မကြာမီ ရေစီးကမ်းပြိုရောဂါ သက်သာပျောက်ကင်းသွားမည် ဖြစ်ပါသည်။

ဤစာမှုဖြင့် ကိုယ်တိုင်အသုံးပြုခဲ့ပြီး ကိုယ်တွေ့ပျောက်ကင်းခဲ့ကြောင်း ဆေးနည်းပေးခဲ့သော **ရေးမြို့နယ် အစင်စံပြကျေးရွာ "စွန်းလွန်းဂူ ဓမ္မယောသက"**ကျောင်းမှ **ဦးဉာဏဓဇ**အား အထူး ကျေးဇူးတင်ရှိပါသည်။

*လောကုတ် လောကီနှစ်လီ အကျိုးပွား*
*တိုးစည်ပင် နိုင်ကြပါစေဟု ထာဝစဉ် ဆန္ဒပြုလျက်...*

**မိုးစက်အဏ္ဏဝါ (ရောဝတီ)**



www.burmeseclassic.com

www.burmeseclassic.com

ကြေး ဘော် သွပ် ပြဒါး ခဲ

# ငရဲမီးခံလမ်း

ဦးတင်ဝင်း
(ဂမ္ဘီရသုတေသီ)



ယခုအခါ တိတိကျကျ မှန်မှန်ကန်ကန် ပညာရပ်လေးများ ဝေငှပေးချင်ပါတယ်။ စားလမ်းစဥ်လေးများ စုံစုံလင်လင် ရေးသားတင်ပြပါမယ်။

* * *

| | | | | | | |
|---|---|---|---|---|---|---|
| သွပ် | ⇨ | ငရဲမီးခံ | ⇨ | အပျော့အပျဥ်း | ⇨ | တူရိုက်နန်းဆွဲ |
| ကြေး | ⇨ | ငရဲမီးခံ | ⇨ | အပျော့အပျဥ်း | ⇨ | တူရိုက်နန်းဆွဲ |
| ဘော် | ⇨ | ငရဲမီးခံ | ⇨ | အပျော့အပျဥ်း | ⇨ | တူရိုက်နန်းဆွဲ |
| ပြဒါး | ⇨ | ငရဲမီးခံ | ⇨ | အပျော့အပျဥ်း | ⇨ | တူရိုက်နန်းဆွဲ |
| ခဲ | ⇨ | ငရဲမီးခံ | ⇨ | အပျော့အပျဥ်း | ⇨ | တူရိုက်နန်းဆွဲ |

ဓာတ်(၅)မျိုး ငရဲမီး အပျော့အပျဥ်း ခံနေမှတော့ ဘာလိုသေးလဲ၊ ကြိုက်ရာလမ်း တက်ကြပေါ့။ အလေးချိန် တိတိကျကျ၊ မီးပေးမီးယူ တိတိကျကျ မှန်ကန်မှသာလျှင် ဓာတ်စစ်ဓာတ်မှန်ကို ရရှိပါလိမ့်မယ်။

ဉာဏ်စဥ်သာလျှင် အဓိက ကျပါသည်။ ဘယ်ဓာတ်နဲ့ ဘယ်ဓာတ် ပေါင်းစပ်၍ထိုး ဖြစ်မလာရင် ကုန်မယ်။ အဲဒီကုန်တဲ့အထဲမှာ အမှားအမှန် အဖြေမြင်ရှာ၊ အင်မတန် ပျော်စရာကောင်းပါတယ်။

ဓာတ်ကလေးတွေ မီလာလျှင် အင်မတန်ချစ်စရာကောင်းပါတယ်။ ငရဲမီး ခံပြီး အပျော့အပျဥ်း တူရိုက်နန်းဆွဲခံရင် ပို၍တောင် ပျော်ပါ၏။

အဂ္ဂိရတ် ထိုးသူတိုင်း မီးတွေ့ရင် နေနိုင်၊ ဓာတ်ရနံ့လေးတွေနဲ့ မီးသွေးခိုးနံ့လေးတွေ ရှူရှိုက်နေရရင် ဖိုသမားတိုင်း အကျေနပ်ကြီး ကျေနပ်နေကြတာ။

ဓာတ်လမ်းစဥ်လေး မထိုးခင် အရင် စဥ်းစား၊ ဘယ်ဓာတ်နဲ့ ဘယ်ဓာတ်၊ ဘယ်ဥစ္စာနဲ့ဘယ်ဥစ္စာ အစပ်အဟပ် တည့်အောင် စိတ်ကူးထဲမှာ ရှာကြပါ။ စိတ်ကူးနဲ့ထိုးပြီးမှ အလုပ်စခန်းကို ဝင်ကြပါ။

တော်တော်လေး နှစ်ပေါင်းများစွာ လေ့လာလိုက်စား၊ ကိုယ်တွေ့လဲ ထိထိရောက်ရောက် ထိုးလာခဲ့တဲ့ ပညာရပ်များကို တစ်ခုချင်း တင်ပြပေးပါမယ်။

ကျွန်တော်တို့ အဂ္ဂိရတ်ပညာမှာ ကြီးငယ်မဟူ ကြီးတဲ့သူဆီမှာ ပညာရသလို၊ ငယ်သူတွေဆီမှလဲ ပညာတွေ ရပါတယ်။

ကျွန်တော် အဂ္ဂိရတ်ပညာကို သံလမ်းစဥ်က စ,တက်ခဲ့သူပါ။ ကျွန်တော် သံလမ်းကို သိပ်သဘောကျတယ်။ နောက်ပိုင်း သံဓာတ်လုံးနဲ့ လုံကျင်းလမ်းကို တင်ပြရေးသားပေးပါဦးမယ်။

စားလမ်း လုပ်ရတ်လမ်းစဥ်မှာ သံသံဆီ မပါရင် စားလမ်းစဥ် မအောင်မြင်ပါဘူး။ ရွှေဟာ သံသာလျှင် အဓိက ကျပါတယ်။ ကျင်းလုံပေါက်တဲ့ သံဓာတ်လုံးကောင်းတစ်လုံး ရအောင် ထိုးထား၊ ဆောင်ထားသင့်ပါတယ်။

ဘယ်ဓာတ်ပဲထိုးထိုး သံလုံ့ခွံနဲ့ ထည့်၍ ကျင်းပြီးမှ လိုရာကိစ္စကို ဆောင်ရွက်သင့်ပါတယ်။ "သံ"မီးဟာ "ရွှေ"မီးနဲ့ အတူတူပါပဲ။

ကဲ လမ်းစဥ်တွေ စ,လိုက်ကြစို့။ လက်လွတ် စားလမ်းစဥ်ပါ။

## ကြေး ငရဲမီးခံ

ပထမကြေးကို ချေးချွတ်ကြစို့။ ကြေးကို ရဲနေအောင် မီးဖုတ်ပါ။ ပြီးရင် ဆေးဒန်း အမှုန့်ထောင်းထည့်ထားသော ခွက်ထဲသို့ ထိုးနှစ်လိုက်ပါ။ ကြေးမှာ ကပ်နေသော အမှုန့်ချေးများ တူနဲ့ရိုက်ခွာပါ။ သုံးကြိမ်လောက်။

ကြေးသန့်သန့် ရပါတယ်။ ကြေးနီ



www.burmeseclassic.com

www.burmeseclassic.com

တစ်မတ်သား ဖြတ်ယူ၍ လုံပက်လေးခုတွင် ကန့်တစ်မတ်သားစီ အမှုန့်ကြိတ်၍ ထည့်ထားပါ။

ကြေးနီ တစ်မတ်သားကို အရည်လင်အောင်ကျိုပါ။ ပြီးရင် လုံခွက်တစ်ခုတွင် လောင်းချပါ။ ထိပ်တင်းခဲသွားသော် ညှပ်ဖြင့်ညှပ်၍ ကန့်လုံခွက်ထဲ အသာတင်ပေးလိုက်ပါ။ ပျော်ပြီး အောက်ဆင်းသွားမယ်။ ဆယ်ယူ၍ တူနဲ့ ရိုက်ခွာပါ။

နောက် ကြေးပြန်ကျို၊ ယင်းနည်းအတိုင်း (၄)ကြိမ်ပြည့်အောင် ပြုလုပ်ပါ။ ပြီးရင် ကြွေပန်းကန်ထဲသို့ ငရဲမီး ထည့်၍ ယင်းကြေးကို ကျွေးလိုက်ပါ။ စားသွားပါလိမ့်မည်။ အနက်အမှုန့်များကို ငရဲမီးထဲတွင် တွေ့ရပါလိမ့်မယ်။ ယင်း အနက်အမှုန့်များကို ပြန်ကျိုသောအခါ နီရဲနေသော ဓာတ်သားရပါသည်။ ယင်းဓာတ်သည် ငရဲမီးခံသော ဓာတ်သားအပျော့အပျဉ်း ဆိုက်ပါသည်။

## သွပ် ငရဲမီးခံ

ဘော်တစ်မတ်၊ သွပ်တစ်မတ် တွဲ၍ ထိုးပါ။ ပြီးရင် ဆေးဒန်းထည့် ဖဝက်သာအုပ်၍ထိုး၊ ဟင်းရိုင်းထည့် ဖဝက်သာအုပ် ဆွဲထိုးပါ။ ရလာသော ဘော်၊ သွပ်ဓာတ်ကို ရေထည့်၊ ငရဲမီး ထည့်၍ ကျွေးလိုက်ပါ။

မနက်မိုးလင်းလျှင် သယံတွေ ထပြီး တဖိတ်ဖိတ် အရောင်တောက်ပသော ဓာတ်စုတစ်ခု တွေ့ရပါလိမ့်မည်။ ယင်းကို ပြန်ကျိုလိုက်သောအခါ ငရဲမီးခံ ဓာတ်သား ရရှိပါလိမ့်မည်။


## ဘော် ငရဲမီးခံ

ဘော် တစ်ကျပ်သားကို ကျို၊ ဆေးဒန်းအမှုန့်ထဲသို့ လောင်းချလိုက်ပါ။ နောက် ဆေးဒန်းအသစ်ထဲသို့ ပြန်လောင်းချပါ။ ဆေးဒန်း အသစ် သုံးကြိမ်စေ့အောင်လောင်းပါ။

ပြီးရင် ယင်းဘော်ကို ခဲနဲ့တွဲ၍ ချက်ထိုး ထိုးလိုက်ပါ။ ခဲချော်ပေါက်ပြီး ဘော်လေး တင်ကျန်ခဲ့ပါမယ်။ ယင်းဘော်ကို ငရဲမီးနဲ့ ချက်ထုတ်လိုက်သော် အဖြူ အပျော့ ငရဲမီးခံဓာတ်သား ရရှိပါလိမ့်မည်။

## ပြဒါး ငရဲမီးခံ

* * *




သွပ် သုံးကျပ်သားကို အရည်ကျိုပါ။ ထိပ်တင်းရင် ပြဒါးတစ်ကျပ်သား အသာတင်လိုက်ပါ။ အေးမှ ခွာယူ၊ ပြဒါးခဲ တစ်ကျပ်သားတိတိ ရပါလိမ့်မယ်။

လုံသေးအလုံးတွင် ပြဒါး (၁)ကျပ်သားထည့်၍ ဇော်ပိတ်ပါ။ နောက်ထပ် လုံကြီးတစ်ခုတွင် ယင်း ပြဒါးလုံငယ်ကို ထည့်၍ ခဲတစ်ဆယ်သား အရည်ကျို၍ ယင်းလုံငယ်ဘေးနားမှာ ကပ်၍ လောင်းချပါ။ ပြီးရင် ပုံတွင် ပြထားသည့်အတိုင်း လုံဖုံး၍ ဇော်မံပြီး ခဲပျော် သွပ်ပျော် မီးလေးဖြင့် အသာတင်ထားလိုက်ပါ။

(၇)ရက်စေ့သော် လုံကိုခွဲ၍ ဓာတ်သားကို ခွဲယူလိုက်သောအခါ ဖြူဖွေးနေသော ငရဲမီးခံ ဓာတ်သားစစ်စစ်ကို ရရှိပါလိမ့်မယ်။

## ခဲ ငရဲမီးခံ

ပထမ...

ခဲတစ်ဆယ်သားကို ပြာရိုက်ပါ။ နီ... နေအောင် ရိုက်ပါ။ နီရဲသော ခဲနီပြာ... ထဲသို့ ငရဲမီးထည့်၍ ပြာထပ်ရိုက်ပါ။ ငရဲမီးထည့်၍ သုံးကြိမ်ရိုက်ပေးပါ။

ခဲသည် မကောင်းသော ဓာတ်မှု... သမျှ အားလုံးကိုစားတယ်။ ငရဲမီး... ရောစပ်ထားသော ပြာဆိုရင် ပြောစရာ... မရှိတော့ပါ။ အင်မတန်ကောင်းသော ဓာတ်ပြာဖြစ်ပါတယ်။

လုံသစ်တစ်ခုတွင် နာ တစ်ကျပ်... သား ထည့်၍ သူ့အပေါ်မှ ပြာသိပ်၍ မီးပြင်းပြင်းထိုးချပါ။ အအေးခံ၍ ခွဲလိုက်... သော် နာသည် လုံးချော၍ တင်း... သော၊ လုံမကပ်သော နာငရဲမီး... အသား ရပါတော့တယ်။

ယင်းကို ဘော်ကပ်၊ ကြေးကပ်၍ ငရဲမီး ချပ်သောအခါ ကျလာသော... အနက်အမှုန့်များကို ပြန်ကျိုလိုက်သော... အခါ အပျော့အပျဉ်း ငရဲမီးခံ ဓာတ်သား... တစ်ခု ရရှိပါလိမ့်မယ်။

အဂ္ဂိရတ်မိတ်ဆွေ အပေါင်းအသင်း... များအားလုံး ယင်းလမ်းစဉ်လေးများ... တိတိကျကျ ထိုးကြည့်ကြစေ... မိတ်ဆွေတို့။ အားလုံး...

အံ့အားသင့်စွာ...

ငရဲမီးခံ အသားများ ရရှိပါကြောင်း... ထပ်လောင်း ပြောလိုက်ပါရစေ။

*မြန်မာ့အဂ္ဂိရတ် ကမ္ဘာသို့ လွှမ်း... မည်။*

**ဦးတင်ဝင်း**
**(ဂန္ဓီရသုတေသီ)**

www.burmeseclassic.com

www.burmeseclassic.com

ကြည့်ပါ။

(၁)အရ...

ကြာသပတေးဖြိုဟ်ခုံမှာ မျဉ်းမတ်တစ်ကြောင်း(သြဇာလမ်း) ပါတယ်။

ဒါကတော့ အိမ်ထောင်ကျ ကံကောင်းစေတတ်တဲ့ အမှတ်အသားပါ။

(၂)အရ...

သောကြာခါးပတ် တွေ့ရတယ်။

ဒါကတော့ စိတ်ခံစားမှု ပြင်းထန်စေတဲ့ အမှတ်အသားပါ။

(၃)အရ...

အသက်လမ်း၊ နှလုံးလမ်း၊ ဉာဏ်လမ်း သုံးချောင်းဆုံကာ တြိဂံသင်္ကေတ ဖြစ်နေတယ်။

ဒါကတော့ အိမ်ထောင်ရေးသောက တွေ့ရတတ်တဲ့ အမှတ်လက္ခဏာပါ။

(၄)အရ...

အသက်လမ်းနဲ့ ကံလမ်း နီးကပ်နေတယ်။

ဒါကတော့ သံယောဇဉ်ကြီးခြင်းရဲ့ အမှတ်သင်္ကေတပါ။


ကဲ... ဒါတွေကို ခြုံငုံသုံးသပ်ရင်ဖြင့် သိနိုင်လောက်ပါပြီ။

*ပရံ ရက္ခန္တော အတ္တာနံ ရက္ခတိ။*

**ဦးသော်ခင် (ဟသ်ာတ)**

# အိမ်ထောင်ရေး ကံ

ကောင်းလေးလေး






www.burmeseclassic.com

www.burmeseclassic.com



◆ နွားတစ်ကောင် ဆေးကုရန် စမ်းသပ်စစ်ဆေးနေစဉ်

# ကျပင်းနွားနှင့်

သတင်းစကား

ဝိန်းအောင်
(တိ/ကု ဆရာဝန်)

## နွား အပူရှပ်၊ အအေးမိ ရောဂါ ဖြစ်သော်

၁။ ကျွန်တော် ကျပင်းစား ဟိုးရှေးတုန်းက...

"သားချစ်တော့ ကျပင်း၊ သမီးချစ်တော့ စလင်း"

လို့ ရာဇဝင်စကားများ အရ ရှေးမြန်မာဘုရင်များက သားကို ကျပင်းစား အဖြစ်လည်းကောင်း၊ သမီးကို စလင်းစားအဖြစ် လည်းကောင်း မှန့်ဖိုးများ အဖြစ် ဆုတော်များ ချခဲ့တယ်လို့ သုတေသီ မှတ်တမ်းများမှ ဖတ်ဖူး၊ မှတ်ဖူး၊ တစ်ဆင့်စကားကြားဖူးနားဝ ရှိခဲ့ပါတယ်။

ကျပင်းဟာ ဟိုးရှေးတုန်းက မြို့တစ်မြို့ ဖြစ်ခဲ့ပေမယ့် ကျွန်တော် မ.ဆ.လ (ပါတီကောင်စီ)ခေတ်တွင် ကျပင်းကျေးရွာအုပ်စု အဆင့်မှာပဲ ရွာကြီးတစ်ရွာအဖြစ် ရပ်တည်လျက် ရှိပါတော့တယ်။ ကျပင်းကျေးရွာအုပ်စုအတွင်း ကျပင်းတောင်၊ ကျပင်းမြောက်၊ နေပူကန်၊ ကုက္ကိုတန်းနဲ့ မြောင်းဖျားရွာဆိုပြီး ရွာ(၅)ရွာနဲ့ ဖွဲ့စည်းထားပါတယ်။

ကျွန်တော် တိရစ္ဆာန်ဆေးကုသရေးနဲ့ မွေးမြူရေးဦးစီးဌာန ကျေးရွာအုပ်စု ဦးစီးဌာနမှူးအဖြစ် တာဝန်ထမ်းဆောင်တော့ ဆင်ဖြူကျွန်းမြို့နယ်ခွဲအတွင်း ကျပင်းကျေးရွာအုပ်စု ပါဝင်လို့ ကျွန်တော် ကျပင်းစား ဖြစ်ရပါကြောင်း ပါခင်ဗျား။

၂။ ကျွန်တော်နှင့်ကျပင်းမြောက်ရွာနွား

နွေ့မိုး့ဆောင်း ရာသီဥတုအပြောင်း နွေဥတုမှ မိုးဥတုသို့အဝင် နေပူလိုက်၊ မိုးရွာလိုက် ကာလတစ်ခုတွင် တပည့်ကျော် မောင်သန်းထွန်းဝင်း(ကြက်ခြေပြာသင်တန်းဆင်း)နဲ့အတူ စက်ဘီးကိုယ်စီ စီး၍ ကြိုတင်ခရီးစဉ်အတိုင်း ကျပင်းမြောက်ရွာသို့ နွားကာကွယ်ဆေးထိုး ရောက်ခဲ့ပါတယ်။

ကျေးရွာကောင်စီ ဥက္ကဋ္ဌထံ သတင်းပို့ကောင်စီစာရေး ကိုဘိုသန်းရဲ့ အကူအညီနဲ့အတူ တစ်နှစ်တစ်ကြိမ် နွားထောင့်သန်းရောဂါ ကာကွယ်ဆေးနဲ့ ခြောက်လတစ်ကြိမ် နွားပေါင်ပုပ်၊ လက်ပုပ်ရောဂါ ကာကွယ်ဆေးများ ထိုးပြီး ရုံးစိုက်ရာ ဆင်ဖြူကျွန်းသို့ပြန်ဖို့ စီစဉ်နေပါတယ်။

ထိုစဉ် နွားပိုင်ရှင် ကိုထွေးဆိုသူက ကိုချော(သင်းကွပ်၊ ချိုဖြတ်ပြီးစ) တစ်မိုးဝင် နွားလေးတစ်ကောင် နေမကောင်းလို့ မဖြစ်မနေ ဆရာ လိုက်ကြည့်စေချင်ကြောင်း၊ ဆေးကုပေးစေလိုကြောင်းနဲ့ ပျောက်ရင်လဲပျောက်၊ မပျောက်ရင်လဲ ဘယ်တတ်နိုင်မတုန်း၊ သတ္တဝါတစ်ခု ကံတစ်ခုပေါ့လို့ ဖိတ်ခေါ်ပါတော့တယ်။

နွားပိုင်ရှင်ရဲ့ဘကြီး ဦးဖိုးလုံးအိမ် နွားတင်းကုပ် ရောက်လျှင်ရောက်ခြင်း နွားရောဂါဖြစ်စဉ်ကို မေးမြန်းတော့ လွန်ခဲ့တဲ့ (၄)ရက်.(၅)ရက်တုန်းက ရုတ်တရက် စခြင်း ဝေဒနာ ခံစားရ ကြောင်း။ ကျင့်ခိုင်းထွန်ယက်ရေး အပြန်



www.burmeseclassic.com

www.burmeseclassic.com

အိမ်နွားစာကျွေးဖို့အချ ကာတုန်ကယင်ဖြစ်ပြီး အသားများ တဆတ်ဆတ်တုန်လာ၍ ရွာမှ နတ်ကတော် ပြောစကားအရ အောင်နိုင်နတ်ဖမ်းတယ်ဆိုလို့ အောင်နိုင်နတ် ပူဇော်ပသခဲ့ကြောင်း…

ဒုတိယ ခြေလက်ထော့နဲ့ ထော့နဲ့နဲ့ထောင့်သန်းနာဆိုလို့ ထောင့်သန်းစောင်ချမ်းဆိုပြီး စောင်ချမ်းကိုင်းခက်နဲ့ ဘယ်ပြန်ညာပြန် ခြေလက်များကိုရိုက်ပြီးကြောင်း၊ တတိယနေ့ ခြေလက်များ ကွေးဆန့်၍မရ တုပ်ကွေးနာလေးဖက်နာ မြေကိုင်တယ်ဆိုပြီး ထွန်ယက်ခဲ့တဲ့ မြေကွက်ကို မြေဇာကျွေးပြီးကြောင်း…

စတုတ္ထနေ့ ပြင်းထန်စွာ ဝေဒနာခံစားရပြီး ခြေလက်မထိန်းနိုင်တဲ့အတွက် တက်နာ၊ တုန်နာ၊ ယိုင်နာဖြစ်ပြီး ဝပ်ရာက မထနိုင်ကြောင်း ဗိန္ဒောကုသနည်း အနေအထား ဖြစ်စဉ်များကိုပြောပြပါတယ်။

နောက်ဆုံး အရပ်ဆရာ(ရမ်းကု)ကဖြူနီ၊ ဝါ ထိုးဆေးများ (နိုဘယ်ဂျင်၊ ဘီတွဲ၊ ဘားပလက်) တစ်မျိုးတစ်လုံးစီ(၃)လုံး ထိုးပေးခဲ့တာလဲ မသက်သာတဲ့အကြောင်း ခရေစေ့တွင်းကျ ပြောပြပါသေးတယ်။

ကျွန်တော်လဲ နားကြပ်ဖြင့် အသက်ရှူနှုန်း၊ သွေးခုန်နှုန်းများနဲ့ သာမိုမီတာဖြင့် အပူချိန်များကို စမ်းသပ်စစ်ဆေးပြီး ရောဂါ မှန်းဆချက်ယူတော့ အပူရှပ်အအေးမိရောဂါလို့ ဆုံးဖြတ်ပြီး၊ နောက်ဆက်တွဲ ရေမတိုက် အစာမကျွေးတဲ့အတွက် အားပြတ်ပိန်ချုံးနေကြောင်း သုံးသပ်တွေ့ရှိရပါတယ်။

အထက်ပါသဏ္ဌာန် လက္ခဏာဖြစ်စဉ်များအရ ရှေးဦးစွာ တောအရက်(ထန်းလျက်ချက်) ခပ်ပြင်းပြင်း



ငှက်ပျောဖူး ပုလင်းတစ်ဝက်ခန့်၊ ပျားရည်စစ်စစ် လက်ဖက်ရည်ကြမ်းပန်းကန်တစ်လုံးနဲ့ ရှောက်သီးတစ်လုံး ထက်ခြမ်းခွဲ၍ ရှောက်ရည်ညှစ်ထည့်ပြီး တိုက်ပါတယ်။

ဒုတိယ ရေကျက်အေး နှစ်မြူသုံးမြူခန့် ထန်းလျက် ဆယ်လုံးခန့်နဲ့ရေဖျော်တိုက်ကျွေးပါတယ်။ နောက်ဆုံးအားဆေးချိုရည် ဗိုက်တာမင်ဆိုယူရှင်း၊ တိရစ္ဆာန်သုံး(ဘီပီအိုင်) (၅၀၀)စီစီဝင်ပုလင်းကြီးကို အကြောဆေး ဒရွတ်သွင်းတဲ့အတွက် ပန်းသတင်းလေညှင်းဆောင်၊ လူ့သတင်း လူချင်းဆောင်သကဲ့သို့ မသေကောင်း မပျောက်ကောင်း နွားကျန်းမာရေး ကောင်းသွားလို့ ကျပင်းနွားနဲ့ သတင်းစကားကောင်းခဲ့ကြောင်း ရေးသားတင်ပြရပါတယ်။

၃။ ရောဂါဖြစ်နွားနဲ့ အကြံပြုစကား

နောက်တွင် အထက်ဖော်ပြပါ ကာလနေရာ၊ ဒေသအလိုက် ရောဂါသဏ္ဌာန် လက္ခဏာများအရ ခေါ်ဆိုတဲ့ အောင်နိုင်နတ် ဖမ်းစားနာ၊ ထောင့်သန်းနာ၊ တုပ်ကွေးနာ၊ လေးဖက်နာ၊ တက်နာ၊ တုန်နာ၊ ယိုင်နာလို့ ခေါ်သော **နွားအပူရှပ် အအေးမိရောဂါ ဖြစ်ပါက…**

**ရှေးဦးပြုစု စောင့်ရှောက်ကုသနည်းများမှာ…**

**ဖြစ်လျှင်ဖြစ်ခြင်း…**

✦ သီးခြား ခွဲထားပါ။ မိုးလုံလေလုံ အဆောက်အအုံ တင်းကုပ်တွင်ထားပါ။ လေစိမ်းတိုက် မခံပါနဲ့။ ဂုန်နီအိတ် (သို့မဟုတ်) စောင်ခြုံထားပါ။

✦ မီးဖို၍ နွေးမှိုင်းတိုက်ပါ။

✦ နွား ကြီး၊ လတ်၊ ငယ် ခန္ဓာကိုယ်အရွယ်အစားအလိုက် တောအရက်ဦးရည် ငှက်ပျောဖူးတစ်ဝက်ခန့်ကို ပျားရည်စစ်စစ် လက်ဖက်ရည်အကြမ်းပန်းကန်တစ်လုံး၊ ရှောက်သီးတစ်လုံး ထက်ခြမ်းခွဲ၍ ရှောက်ရည်ညှစ်ထည့်ပြီး ရောစပ်တိုက်ပါ။

✦ ဝမ်းချုပ်ပါက လက်ဖြင့် နှိုက်ထုတ်ဝမ်းချူပေးပါ။

✦ ဘယ်ဘက်အစာအိမ် လေပြည့်ဖောင်းပါက စားသုံးဆီ အာတာဝက်တိုက်ပါ။

✦ ရေကျက်အေး အလုံအလောက်ထားပေးပါ။ ***(ရေစိမ်းလုံးဝ မတိုက်ပါနဲ့)***

✦ **အထူးမှာကြားချက်**

နတ်ကတော်၊ ဗိန္ဒော၊ အရပ်ဆရာ(ရမ်းကု)များနဲ့ မကုရန်၊ နီးစပ်ရာ တိရစ္ဆာန်ဆေးကုဆရာ၊ ဆရာဝန်များရဲ့ ညွှန်ကြားချက်၊ ကုသချက်များကို လိုက်နာရန် စေတနာကောင်းနဲ့ အကြံပြုစကား ပါးလိုက်ပါကြောင်း ရေးသားတင်ပြရပါတယ်။

"သဗ္ဗေသတ္တာ အဝေရာ"

"သတ္တဝါများ ရောဂါဘယ ကင်းပါစေ"

ကွယ်လွန်ကြရှာပြီဖြစ်သော…

❖ ဘကြီးဦးဖိုးလုံး၊

❖ ကိုထွေး၊

❖ မောင်သန်းထွန်းဝင်းတို့ကို အမှတ်တရ

**သိန်းမောင်**
***(တိ/ကု ဆရာဝန်)***



www.burmeseclassic.com

www.burmeseclassic.com

# ဦးခေါင်းပူ လည်ချောင်းပူ







## ရင်ပူရောဂါပျောက် ဆေးနည်းတစ်လက်

အဆိုပါ ရောဂါမျိုးသည် ရောဂါကြီး မဟုတ်သော်လည်း ဆေးတွေ့ခဲသောရောဂါမျိုးဖြစ်သည်။ ဤရောဂါ ဖြစ်ရခြင်းမှာ နေပူမီးပူ၌ အနေများခြင်းနှင့် ပူစပ်ဖန်သော အရသာတို့ကို တစ်ဖက်သတ် အစားများပြီး ခန္ဓာကိုယ်၌ ဥဏှတေဇောဓာတ် အကျဉ်းကျ၍ အထက်သို့ဆောင်ပြီး ဦးခေါင်းပူ၊ လည်ချောင်းပူ၊ ရင်ပူစသည်တို့ ဖြစ်ကြရပါသည်။ အလွန် ခံရခက်သော ရောဂါလည်း ဖြစ်ပေသည်။

မည်သို့ပင်ဆိုစေ အနာသိက ဆေးရှိရမည် ဆိုသည့် စကားအတိုင်း ယင်းရောဂါအတွက် ပျောက်ကင်းချမ်းသာသော ဆေးနည်းကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်တို့အား စေတနာမေတ္တာရှေ့ထား၍ တင်ပြပေးပါမည်။

**ဆေးနည်းမှာ...**

- ✤ ကင်ပွန်းရွက်ကြမ်း (၁)ပိဿာ
- ✤ မန်ကျည်းရွက်ကြမ်း (၁)ပိဿာ
- ✤ ဆိပ်ဖလူးရွက် (၁)ပိဿာ

အဆိုပါ ဆေး(၃)မျိုးကို **ရေအေး(၆)ပိဿာနှင့် (၁)ပိဿာ အရည်တင်အောင်** ချက်ရပါမည်။ ပြီးလျှင် ဆေးဖတ်များ ဆယ်ထုတ်ပစ်ရပါမည်။

ထို့နောက် ဤဆေးရည်ထဲတွင် **ပျားရည်၊ ထန်းလျက်၊** ကြံသကာ၊ **ရှားစောင်းလက်ပပ်အနှစ်တို့ကို (၅၀)ကျပ်သားစီ** ချိန်၍ထည့်ပြီး မီးမျှဉ်းမျှဉ်းနှင့်ချက်။

ယင်းပြင် ဤချက်ဆေးထဲ၌ **အမှုန့်ကြိတ်ပြီးသော နံ့သာနီ၊ နံ့သာဖြူ၊** ကြံ့သွေး(ကြံ့သွေးမရနိုင်က ကျွဲသွေး **ထည့်နိုင်ပါသည်။) ဤဆေး(၅)မျိုး (၁)ကျပ်သားစီနှင့် ဇာတိပ္ပိုလ်သီး၊ လေးညှင်း၊ စမုန်မျိုး(၅)ပါး (၁၀)ရွေးစီတို့ကို** စုပေါင်း၍ ဆေးကျက်ခါနီးမှ ခတ်၊ နာနာမွှေပြီး မီးဖိုပေါ်မှချ၊ အေးသောအခါ ဖန်ပုလင်းနှင့် သိမ်းထားပါ။

ဤဆေး၏ အကျိုးအာနိသင်များမှာ ခြေက အပူတက်၍ ဦးခေါင်းသို့ ရောက်သည်ကိုလည်းကောင်း၊ ဦးခေါင်းပူခြင်း၊ မျက်စိပူခြင်း၊ လည်ချောင်းပူခြင်း၊ ရင်ပူခြင်း၊ မျက်စိကျိန်းစပ်ခြင်း၊ ကိုက်ခဲနာကျင်ခြင်း၊ မျက်စိမှုန်ဝါးခြင်းတို့ကိုလည်းကောင်း၊ အိပ်၍မပျော် စား၍ မမြိန်ခြင်း၊ ပင်ပန်းမူးဝေခြင်းတို့ကို လည်းကောင်း ပျောက်ကင်းချမ်းသာစေပါသည်။

ဤချက်ဆေး၏ အမည်ကို ရှေးဟောင်းဆေးကျမ်းတစ်ဆူ၌ **'ဥဏှ ဥဒ္ဓရိသိဒ္ဓိ'**ဟူ၍ အမည်ပေးထားလေ၏။ မြန်မာလို နားလည်လွယ်အောင် ဘာသာပြန်ရလျှင် **''အပူလွန်ကဲသော ရောဂါများကို အပြီးတိုင် အမြစ်ပြတ်ပျောက်ကင်းစေသောဆေး''**ဟူ၍ အဓိပ္ပာယ်ရပါသည်။

ထို့ကြောင့် အထက်ပါရောဂါများအပြင် အပူလွန်ကဲသော ရောဂါမှန်သမျှ သောက်သုံးရန် သင့်လျော်သော ဆေးဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

**ဆေးသောက်သုံးရန် ပမာဏမှာ ညအိပ်ရာဝင် ဟင်းစားဇွန်း(၁)ဇွန်းခန့် ရေအေးနှင့်သောက်ပါ။**

*သဗ္ဗေသတ္တာ သုခိတာ ဟောန္တု*

**ခွန်သန်းထိုက်(ဒွေးသုခ)**



www.burmeseclassic.com

www.burmeseclassic.com

# ငါးပေါက်သစ်ကွင်း

ကျော်သန်း
(အကြီးတန်း လက်နှိပ်စက်)

ကျွန်တော် တာဝန်ထမ်းဆောင်လျက်ရှိသော ရုံးတွင် ညနေပိုင်း (၄း၃၀)နာရီအချိန်တွင် ရုံးစာများလက်နှိပ်စက်ရိုက်ပြီး၍ ရုံးဆင်းမည်အပြုတွင် လုံခြုံရေးဌာနစိတ်မှ ကိုငြိမ်းဆောင် ရောက်ရှိလာပြီး ငါးပေါက်ပါသော သစ်ကွင်းတစ်ခုအကြောင်း ပြောလာပါသည်။

ကိုငြိမ်းဆောင်မှ...

'ကိုကျော်သန်း ကျွန်တော့်အစ်မအိမ်မှာ အပေါက်ငါးပေါက်ပါတဲ့ သစ်ကွင်းတစ်ခု ရရှိထားတယ်။ ခင်ဗျား လိုက်ကြည့်မလား'

ကျွန်တော်မှ...

'ဟုတ်ရဲ့လားဗျာ၊ ကျွန်တော် ဒီနေ့ထိ ဒီအသက်အရွယ်တွင်ခါမှ တွေ့လဲ မတွေ့ဘူး၊ မြင်လဲ မမြင်ဘူးတဲ့ ဒီလိုသစ်ကွင်းကတော့ ပိုမိုထူးခြားမှု ရှိမှာပဲ။ တကယ်လို့ ရောင်းရင် လက်ဖက်ရည်ဖိုး ငါးထောင်ကျပ် ပေးမယ်ဗျာ'

ဟု မမြင်ရသေးမီ ကျွန်တော် စကား စ,ထားလိုက်ပါသည်။

ဒီလို သစ်ကွင်း ဘယ်က ရတာလဲ၊ တောထဲတောင်ထဲက ရတာလား။ ဂမ္ဘီရ ပစ္စည်းဆိုတာ ထိုက်မှရတာ ဖြစ်သောကြောင့် စိတ်ဝင်စားသွားသဖြင့် ကိုငြိမ်းဆောင် ခေါ်သဖြင့် အိုးဘိုတောင်ရပ်ကွက် သူ၏အစ်မအိမ်သို့ လိုက်သွားခဲ့ပါသည်။

သူ၏အစ်မအိမ် ရောက်ရှိလျှင် သူ၏အစ်မအိမ်သား ကိုညွန့်အောင် (ခေါ်) ကိုတုပ်နှင့် တွေ့ရပါသည်။ ကိုတုပ် [illegible]လည်း ကျွန်တော်တို့သစ်စက်မှ လုပ်ဖော်ကိုင်ဖက်ဖြစ်၍ ရင်းနှီးနေသူ



ငါးကွင်းပါသော သစ်ကွင်း

ဖြစ်ပြီး ယခုအခါ အငြိမ်းစားယူထားသူ ဖြစ်ပါသည်။

ကျွန်တော်မှ...

'ကိုတုပ်အိမ်မှာ အပေါက်ငါးပေါက်တဲ့ သစ်ကွင်းရှိတယ်ဆိုလို့ လာကြည့်တာ'

ကိုတုပ်မှ သစ်ကွင်းထားသည့် နေရာသို့ပြ၍ ကြည့်လိုက်သောအခါ မီးဖိုဘေးတွင် ထောင်ထားသည်ကို တွေ့ရှိရပါသည်။ ကျွန်တော် အံ့သြသွား

www.burmeseclassic.com



◆ စာရေးသူတို့အိမ်တွင် ဆောင်ထားသည့် သစ်တုံး



◆ ကိုတုပ်နှင့်သစ်ကွင်း

ကာ...

'မီးဖိုဘေးမှာ ဘာကြောင့် ထားသလဲ'

ဟု မေးသောအခါ ကိုတုပ်မှ...

သစ်ကွင်းသည် မီးကွင်းကြောင်းနှင့် လာဘ်လာဘ အဆောင်ကောင်းကြောင်း၊ ကြားဖူးနားဝရှိသဖြင့် မီးဖိုဘေးတွင်ထားကြောင်း ပြောလာပါသည်။

ထိုအခါ ကျွန်တော်မှ...

'ဒီသစ်ကွင်းက ထူးခြားဆန်းကြယ်တယ်။ သစ်ကွင်းကို တရော်ကင်ပွန်းနဲ့ စင်ကြယ်စွာ ဆေးကြောပြီး အိမ်အဝင်ပေါက်ဘေး အမြင့်တစ်နေရာတွင် ဆောင်ထားပေးပါက အကျိုးထူးများ တွေ့ကြုံရလိမ့်မယ်'

ဟု ပြောပြပါသည်။

ထိုအချိန်တွင် ကိုတုပ်အိမ်သား ဒေါ်ခင်မြိုင် ရောက်ရှိလာပါသည်။ ကျွန်တော်မှ...

'ငါးပေါက်သစ်ကွင်း ဘယ်က ရရှိတာလဲ'

ဟု မေးသောအခါ ဒေါ်မြိုင်မှ...

အိမ်တွင် ထမင်းချက် အသုံးပြုရန်အတွက် ထင်းရှာဖွေရာတွင် သစ်စက်မြောက်ဘက် စည်းရိုးဘေးတွင် မထင်မှတ်သော သစ်ကွင်းပါသော ထင်းချောင်းကြီး ရရှိခဲ့ကြောင်း၊ အိမ်သို့ယူလာပြီး မီးဖိုထင်းအဖြစ် ခုတ်ဖြတ်နေစဉ်တွင် ကိုတုပ်မှ ရောက်ရှိလာပြီး ထင်းချောင်းကြီးအား မြင်သွားရာ ထူးခြားသော သစ်ကွင်းကလေးများ ပါရှိသဖြင့် ဆက်လက်ခုတ်ထစ်ခြင်းမှ တားလိုက်ပြီး သစ်ကွင်းသည် မီးကွင်းကြောင်းနှင့် လာဘ်လာဘအဆောင်ကောင်းကြောင်း ကြားသိရသဖြင့် အဆောင်အဖြစ် ဆောင်ထားခြင်းဖြစ်ကြောင်း ပြောပြပါသည်။ သစ်ကွင်းရရှိသည်မှာလည်း လပိုင်းလောက်သာ ရှိသေးကြောင်း ပြောပြပါသည်။

ကျွန်တော်မှ **"ငါးပေါက်သစ်ကွင်း ဆောင်ထားခြင်းကြောင့် မည်သို့ထူးခြားပါသေးလဲ"**ဟု မေးလျှင် ဒေါ်ခင်မြိုင်မှ စ,ရောက်ရှိလာစဉ်က ရပ်ဝေးကုမ္ပဏီတစ်ခုတွင် တာဝန်ထမ်းဆောင်နေသော သားဖြစ်သူ နေမကောင်း ဖြစ်နေကြောင်း ဖုန်းဖြင့် အကြောင်းကြားသည့် အချိန်တွင် ဒီသစ်ကွင်းကြောင့်လောဟု ဒွိဟသံသယဖြစ်မိကြောင်း၊ မကြာမီ ပြန်လည် ကျန်းမာလာကြောင်းနှင့် ကုမ္ပဏီမှ လစာလည်း တိုးမြှင့်ကြောင်း


(စာမျက်နှာ (၁၈၁) သို့)
www.burmeseclassic.com

www.burmeseclassic.com

# ယန္တရားကို မန္တရားက

**နိုင်ရမည်**



ယန္တရား ဆိုသည်မှာ ယနေ့ သိပ္ပံခေတ်၏ စက်မှုနည်းပညာနှင့် ထုတ်လုပ်နေသော ခေတ်မီလက်နက်ဆန်းများကို ဆိုခြင်းဖြစ်သည်။ မန္တရား ဆိုသည်ကတော့ မြတ်ဗုဒ္ဓ၏ နှုတ်တော်ထွက်ဂါထာမန္တန် ပရိတ်တော်များကို ဆိုလိုပါသည်။

တစ်ခါက စာရေးသူသည် ကျွန်းလက်တောရွာမှ ဆွေမျိုးပရိသတ်များနှင့် မြန်မာနိုင်ငံအနှံ့ ဘုရားဖူးထွက်ရာ မန္တလေးမြို့ မဟာမြတ်မုနိဘုရားကြီးအနီးတွင်ရှိသော ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းတွင် တည်းခိုရန် ရောက်ခဲ့သည်။

မိမိနှင့် သိကျွမ်းရင်းနှီးသော ဘုန်းတော်ကြီးကျောင်းများ မရှိသောကြောင့် အာသောကရာမတိုက် (ခေါ်) ကျောင်းတိုက်ကြီး အတွင်းသို့ဝင်၍ ဆရာတော်ဟု ထင်ရသော ရဟန်းတော်ကြီးထံပါးတွင် တည်းခိုခွင့် တောင်းခဲ့ပါသည်။

ထိုဆရာတော်ကြီးသည် စာပေကျမ်းဂန်များကို ရေးသားပြုစုနေသော မေတ္တာရှင် ဦးဇနကာဘိဝံသဆိုသော ဆရာတော်ကြီး ဖြစ်နေပါသည်။ ဆရာတော်ကြီး စာရေးသူနှင့်အဖွဲ့ (၁၀)ဦးတို့ကို အေးဆေးစွာ နေထိုင်တည်းခိုခွင့်ပြုခဲ့ရုံမက နွေးထွေးပျူငှာ ညှို့ခံကျွေးမွေးခဲ့သည်ကို တစ်သက်တာ မေ့မရနိုင်အောင် ရှိပါသည်။

ဆရာတော်ကြီးထံသို့ စာရေးသူတို့အဖွဲ့ သွားရောက်ကန်တော့ကြသောအခါ ဆရာတော်ကြီးက ကိုယ်တော်တိုင် ရေးသားပြုစုထားသော **ပေတဝတ္ထုများစာအုပ်တစ်အုပ်နှင့် 'ယန္တရားကို မန္တရားကနိုင်ရမည်'** ဆိုသော မေတ္တာကျင့်စဉ်စာရွက်ကို ပေးဝေခဲ့ပါသည်။

ထိုအချိန်မှစ၍ စာရေးသူ၏ နှလုံးသားတွင် 'ယန္တရားကို မန္တရားက နိုင်ရမည်'ဆိုသော စကားအသုံးအနှုန်းသည် စွဲထင်ကျန်ရစ်ခဲ့သည်။ နှစ်ပေါင်း (၂၅)နှစ်ကျော်သည့်တိုင် မမေ့နိုင်သေးပါ။

ယနေ့ခေတ်တွင် ယန္တရားများသည် အစွမ်း အလွန်ထက်လာသည်။ စက်မှုနယ်ပယ်တွင် စက်ယန္တရားအမျိုးမျိုး တီထွင်ပြုလုပ်သကဲ့သို့ လူသတ်လက်နက်အမျိုးမျိုးဖြစ်သော အနုမြူအက်တမ်၊ နူကလီးယား စသောလက်နက်များကို အပြိုင်အဆိုင် ထုတ်လာသည်။

ထိုလက်နက်ဆန်း ယန္တရားများမှာ လောဘ၊ ဒေါသ၊ မောဟတို့ကို အခြေခံ၍ ထုတ်လုပ်ကြခြင်း ဖြစ်ရာ ထိုလက်နက်တို့နှင့် တွဲဖက်ပါလာသော သဘာဝဘေးဒဏ်များ ကျရောက်ခြင်း၊ ငတ်မွတ်ခေါင်းပါးခြင်း၊ ရောဂါကပ်ဆိုးများ ဖြစ်ပေါ်ခြင်းတို့ဖြင့် ကမ္ဘာကြီးသည် လူမမာကြီးသဖွယ် ဖြစ်လာသည်။

ဤယန္တရားခေတ်ကြီး၏ ဆိုးကျိုးများကို မည်သို့ တုံ့ပြန်ကာကွယ်ကြပါမည်နည်း။ ထိုမေးခွန်းကို ဖြေဆိုပြရာတွင် မြတ်ဗုဒ္ဓ၏ နှုတ်ကပါဠိတော်များဖြစ်သည့် မန္တရားအတတ်ကို စာရေးသူသည် ဗုဒ္ဓဘာသာပီပီ အားကိုးတွေးတောမိခဲ့ပါသည်။

ယန္တရားကို မန္တရားက နိုင်ရမည်ဟု ပညာရှိ သူတော်ကောင်းကြီးများက



www.burmeseclassic.com

www.burmeseclassic.com

ဆိုခဲ့သည် မဟုတ်ပါလော။

မြတ်ဗုဒ္ဓ၏ ဂုဏ်တော်၊ စက်ပရိတ်တော်များသည် အနိုင်းမဲ့ တန်ခိုးစွမ်းအင်များကို ဖြစ်စေနိုင်ကြောင်းကို စာရေးသူ အကြွင်းမဲ့ ယုံကြည်ပါသည်။

ထိုအနန္တ၏ စွမ်းအင်တော်တို့ကို ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် စာရေးသူကဲ့သို့ ယုံကြည်အားကိုးကြမည်ဟု ယူဆမိပါသည်။

ထိုပရိတ်တော် ဂါထာတော်များစွာတို့တွင်ယနေ့ခေတ်ကာလနှင့် ဆီလျော်သော လက်နက်ဆန်း(ယန္တရား)တို့ကို အန်တုနိုင်သော ဂါထာ(၄)ပုဒ်ကို တင်ပြလိုပါသည်။

ထိုဂါထာ (၄)ပုဒ်မှာ မဟာဗုဒ္ဓဝင်စတုတ္ထတွဲတွင် ပါဝင်ပါသည်။ အကျယ်ကို သိလိုပါမူ (ထိုကျမ်းတော်ကြီးတွင် လေ့လာနိုင်ပါသည်။) ထိုဂါထာ(၄)ပုဒ်ကို မဟာဝုဓ လက်နက်ကြီး(၄)ဂါထာဟု ခေါ်ပါသည်။

**ထိုလက်နက်တို့မှာ သိကြားမင်း၏ ဝဇိရ်လက်နက်၊ ဝေသဝဏ်နတ်မင်းကြီး၏လုံတံ(သံတင်းပုတ်၊ ချွန်းတောင်း) လက်နက်၊ ယမမင်းကြီး၏ မျက်စောင်းလက်နက်နှင့် အာဠာဝကဘီလူးမင်း၏ ဘွဲ့ဖြူလက်နက်တို့ဖြစ်သည်။**

ကမ္ဘာ့အင်အားကြီး နိုင်ငံများတွင် ဖော်ပြပါ ခေတ်မီဆန်းပြားသော စွမ်းအားပြင်း လက်နက်ကြီးများ မည်ကဲ့သို့ပင် ထုတ်လုပ်နေပါသော်လည်း ထိုယန္တရားတို့သည် မဟာဝုဓ လေးဂါထာဖြစ်သော လက်နက်ကြီးလေးပါးကို အန်တုဖက်ပြိုင်၍ မရနိုင်ပါ။

ဘေးဟူသမျှ ရန်ဟူသမျှကို အောင်မြင်စေရန် လက်နက်ကြီးလေးဂါထာ (မဟာဝုဓ)ကို နှုတ်တက်ရွရွ နေ့စဉ်နံနက်,ည ရွတ်ဆိုပူဇော်သင့်ကြပါ



သည်။

အနာနှင့် ဆေး တည့်အောင်ပေးထားသော ဂါထာတော်ကြီး ဖြစ်ပါသည်ဟု မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မလှိုင်မြို့နယ် ရွှေပေါ်ကျွန်းစေတော်ဝင် ဇေယျသိဒ္ဓိမွေ့ညာဏိက ဆရာတော်ကြီး သက်ရှိထင်ရှားရှိစဉ်က မိန့်တော်မူခဲ့ပါသည်။

ထိုဂါထာပါ စာရွက်စာတန်းများကိုလည်း အများပြည်သူဝေနေယျတို့အတွက် ဖြန့်ဝေခဲ့ပါသည်။ ခေတ်ဆိုးအခါဆိုးကြီးများကို ဤဂါထာကို ရွတ်ဖတ်သရဇ္ဈာယ်ကြရင်း ဖြတ်ကျော်ကြဖို့ အထူး တိုက်တွန်းတော်မူခဲ့ပါသည်။

၁။ သိကြားမင်း၏ ဝဇိရ်လက်နက်

သက္ကဿ ဝဇီရ ဝုဓာ၊
ယထာ သိနေရု မတ္ထကေ။
ပဟာရေယျ ဝိဇ္ဇုတေဇံ၊
သဗ္ဗထဒ္ဓံ ဝိဇေယျကံ။
(အချို့ပိုဒ်၌ "ဝုဓ"လည်း ရှိသည်။)

ခက်ခဲသော ပါဠိအသံထွက်

**သက္ကဿ** = သက်ကတ်သ
**မတ္ထကေ** = မတ်ထကေ
**ဝိဇ္ဇု** = ဝိတ်ဈု
**တေဇံ** = တိဇေံ
**သဗ္ဗထဒ္ဓံ** = သပ်ဗထတ်ဓံ

**အနက်**

**သက္ကဿ၊** နတ်ပြည်ခြောက်ထပ်နတ်ရပ်ကို အစိုးရသော သိကြားမင်း၏။ **ဝဇီရာဝုဓာ ဝဇီရာဝုဓေန၊** ဝရဇိန်လက်နက်ဖြင့်။ **သိနေရုမတ္ထကေ၊** ရှစ်သောင်းလေးထောင် အမြင့်ဆောင်သည့် တောင်တို့သနင်း မြင်းမိုရ်မင်း၏ ထိပ်ထက်၌။ **ပဟာရေယျ၊** အကယ်၍ ပုတ်ခတ်ငြားအံ့။ (ဝါ) အကယ်၍ ပစ်လွှတ်ငြားအံ့။ **ဝိဇ္ဇုတေဇံယထာ၊** ဖောက်ထွင်းနိုင်သကဲ့သို့။ **ဇေံတထာ၊** ပမာထားမှု ထို့အတူသာလျှင်။ **သဗ္ဗထဒ္ဓံ၊** ကြမ်းတမ်းသူအားလုံးကို။ **အဟံ၊** ငါသည်။ **ဝိဇေယျကံ၊** အောင်မြင်ရစေသား။

၂။ ဝေသဝဏ်နတ်မင်း၏လုံတံလက်နက်

ဝေဿဝဏ္ဏဿ ဂဒါဝုဓာ၊
ယထာ ဆိန္ဒေ ယက္ခသီသံ။
တထေဝ မာရဝိသယံ၊
ဆေတွာ မေ ဟောတု ဝိဇယော။

ခက်ခဲသော ပါဠိအသံထွက်

**ဝေဿဝဏ္ဏဿ** = ဝစ်သဝန်ဏတ်သ
**ဆိန္ဒေယက္ခ** = ဆိန်ဒေယက်ခ
**ဆေတွာ** = ဆစ်တဝါ

**အနက်**

**ဝေဿဝဏ္ဏဿ၊** ဝေဿဝဏ်နတ်မင်း၏။ **ဂဒါဝုဓာ ဝဒါဝုဓေန၊** ချွန်းတောင်း လက်နက်ဖြင့်။ **ယက္ခသီသံ၊** ဘီလူးအထောင်တို့၏ ဦးခေါင်းကို။ **ဆိန္ဒေ ဆိန္ဒတိယထာ၊** ဖြတ်နိုင်သကဲ့သို့။ **တထေဝ၊** ထိုနည်းထားယူ အလားတူသာလျှင်။ **မာရဝိသယံ၊** မာရ်မင်း၏ အရာကို။ **ဆေတွာ** ဖြတ်၍။ **မေ၊** အကျွန်ုပ်၏။ **ဝိဇယော၊**



www.burmeseclassic.com

www.burmeseclassic.com

ရန်သူတို့ကို အောင်ခြင်းသည်၊ **ဟောတု၊** ဖြစ်ပါစေသတည်း။

၃။ ယမမင်း၏ မျက်စောင်းလက်နက်

ယမကာသ နေတ္တာ ဝုဓေန၊
ကုမ္ဘဏ္ဍာနံ ယထာ နသော။
တထေဝ မဟာဝုဓေန၊
ပရသ ဟောတု မေ ဇယော။

ခက်ခဲသော ပါဠိအသံထွက်

| | |
|---|---|
| **ယမကာသ** | = ယမကာတ်သ |
| **နေတ္တာ** | = နစ်တာ |
| **ကုမ္ဘဏ္ဍာနံ** | = ကုမ်ဘန်ဒါနံ |
| **ပရသ** | = ပရတ်သ |

**အနက်**

**ယမကာသ၊** ယမမင်း၏။ **နေတ္တာဝုဓေန၊** မျက်စောင်းလက်နက်ဖြင့်။ **ကုမ္ဘဏ္ဍာနံ၊** ကုမ္ဘဏ္ဍနတို့၏။ **နသော ယထာ၊** အိုးကင်းပူ၌ လှော်အပ်သော နှမ်းကဲ့သို့။ **တထေဝ တထာဝေ၊** ထို့အတူသာလျှင်။ **မဟာဝုဓေန၊** ငါ၏ ခန္တီမေတ္တာတည်းဟူသော လက်နက်ဖြင့်။ **ပရသ၊** သူတစ်ပါးကို။ **မေ၊** ငါ၏။ **ဇယော၊** ဘေးအတန်တန် ရန်အဝဝ ဟူသမျှကိုအောင်ခြင်းသည်။ **ဟောတု၊** မုချမသွေ ဖြစ်ပါစေသတည်း။

၄။ အာဠာဝကဘီလူး၏ဘွဲ့ဖြူလက်နက်

အာဠာဝကာသ ဒုဿာ ဝုဓေန၊
ယထာ သဗ္ဗံဝ ဘိန္ဒတိ။
တသာ မဟာ နုဘာဝေန၊
သဒါ ဟောတု ဇယော မမ။

ခက်ခဲသော ပါဠိအသံထွက်

| | |
|---|---|
| **အာဠာဝကာသ** | = အာလာဝကာတ်သ |
| **ဒုဿာ** | = ဒုတ်သာ |
| **သဗ္ဗံဝ** | = သပ်ဗံဝ |
| **ဘိန္ဒတိ** | = ဘိန်ဒတိ |
| **တသာ** | = တတ်သ |

**အနက်**

**အာဠာဝကာသ၊** အာဠာဝက ဘီလူးမင်း၏။ **ဒုဿာဝုဓေန၊** ဘွဲ့ဖြူလက်နက်ဖြင့်။ **သဗ္ဗံဝ၊** အလုံးစုံသော အရာဝတ္ထုအားလုံးကို။ **ဘိန္ဒတိယထာ၊** ကွဲပြိုပျက်စီးစေသကဲ့သို့။ **တသာမေ၊** ထိုငါ၏။ **မဟာနုဘာဝေန၊** ကြီးကျယ်မြင့်မြတ်သော အစွမ်းသတ္တိ အာနုဘော်ကြောင့်။ **သဒါ၊** စက္ကန့်မိနစ်မလပ် ဗီဇနာ ပြန်ခရာမျှ မှန်စွာမယိမ်း အခြင်းခပ်သိမ်း။ **မမ၊** ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးလီ စုံညီပြည့်ဝ သမူဟကြောင့် နာမသမုတ် အကျွန်ုပ်၏။ **ဇယော၊** ရန်သူဟူသမျှကို အောင်ခြင်းသည်။ **ဟောတု၊** မုချမသွေ ဖြစ်ပါစေသတည်း။

ဤ မဟာဝုဓလေးဂါထာကို လေးလေးစားစားနှင့် ကြိမ်ဖန်များစွာ ရွတ်ဆိုပူဇော်ကြခြင်းဖြင့် ယန္တရားခေတ်ကို မန္တရားအတတ်ဖြင့် ဖြတ်ကျော်တော်မူနိုင်ကြပါစေဟု ဆန္ဒပြုရပါသည်။

*မေတ္တာစိတ်နှင့်...*

**သမ္ဗုဒ္ဓ**

စာမျက်နှာ (၁၇၈)မှ အဆက်

ကြားသိရပါသည်။

နောက်ပိုင်းတွင် အိမ်တွင် အစစအရာရာ အဆင်ပြေချောမွေ့လာသဖြင့် ယင်းနောက်ပိုင်းတွင် သစ်ကွင်းကို အိမ်ပေါ်တစ်နေရာတွင် ထားရှိဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဝယ်သူလာလျှင် ရောင်းမည်မဟုတ်ကြောင်း ပြောပါသည်။

ကျွန်တော်မှလည်း...

'ကျွန်တော့်မှာလဲ သစ်တံခါးနဲ့ သစ်ကွင်း အဆောင်ထားရှိပါတယ်။ ကျွန်တော်ကတော့ ညစဉ်ညတိုင်းမှာ မြတ်စွာဘုရားရှေ့မှောက်တွင် ဖမ္မကြော၊ ပရိတ်ကြီး(၁၁)သုတ်၊ ပဋ္ဌာန်းပါဠိတော်နဲ့ ပထဝီဇယမန္တန်၊ အခြားသော ဂါထာတော်များကို ပွားများပူဇော်ပါတယ်။

အဆောင် ပိုင်ဆိုင်ထားပြီးရင် ငါးပါးသီလစောင့်ထိန်း၊ အနန္တောအနန္တငါးပါးကို မမေ့ပါနဲ့။ ယခု ငါးပေါက်သစ်ကွင်းဆိုတော့ ပိုမို ထူးခြားပါလိမ့်မယ်။ ကျွန်တော်ကတော့ ဉာဏ်မမီဘူး။ ကျွန်တော့်ရဲ့ သစ်တံခါး စီမံပုံအဆင့်ဆင့်ကိုတော့ ကျွန်တော့်အတွက် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတိုက်က လက်ဆောင်ရတဲ့ ၂၀၁၂ ခုနှစ်၊ ဖွန်လထုတ်တွင် တွေ့ရှိရတဲ့ နက္ခတ္တရောင်ခြည် မဂ္ဂဇင်း အမှတ် (၃၁၁)၊ စာမျက်နှာ (၁၀၂) ဇော်ကြီး(ကဿာ)ရဲ့ "ကြုံဖူးသမျှ အထွေထွေ သစ်တံခါးတွက် **အဖြေ**"အတိုင်း ပြုလုပ်ပုံအဆင့်ဆင့် စီမံကာ ဆောင်ရွက်ထားလျက် ရှိပါတယ်။ သစ်တံခါးနဲ့ ပတ်သက်တဲ့ အဖြေကိုတော့ လေ့လာကြည့်ဖို့ မိတ္တူကူးပေးလိုက်မယ်။

ကိုတုပ်ရဲ့ ငါးပေါက်သစ်ကွင်း သိဒ္ဓိအဆင့်ဆင့် တင်ပုံကိုတော့ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကို မေးမြန်းပြီးမှ အဖြေများ ရရှိလာမှသာ သိဒ္ဓိတင်နိုင်ပုံ အကြောင်းကို လာရောက်ပြောပြမှာကို စောင့်နေပေဦးတော့ ကိုတုပ်ရေ'

**ကျော်သန်း**
*(အကြီးတန်း၊ လက်နှိပ်စက်)*



www.burmeseclassic.com

www.burmeseclassic.com


ဆရာကြီးဦးအောင်မြိုင်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

စိတ်ဝင်စားဖွယ်ကောင်းသော

# ထိုးမြဲလက်မှတ်များ အကြောင်း

၁။

* * *



ယခုလအတွက် **နံပါတ်(၁)**နေရာမှာ ဖော်ပြပေးလိုက်သော ထိုးမြဲလက်မှတ်ပိုင်ရှင်မှာ **အသက်(၅၅)နှစ်ဝန်းကျင်** စီးပွားရေးလုပ်ငန်းရှင် အမျိုးသားတစ်ဦး ဖြစ်သည်။

"**သိန်းစိုး**"ဆိုသော နာမည်နှစ်လုံးတွဲကိုလက်မှတ်ထိုးထားခြင်းဖြစ်သည်။ လက်မှတ်သင်္ကေတကို ကြည့်လျှင် ဘယ်ဘက်သို့ နည်းနည်းယိုင်နေသည်ကိုတွေ့ရသဖြင့် ကြိုးစားသလောက်၊ ပင်ပန်းသလောက် အကျိုးမခံစားတတ်သေးဟု ယူဆနိုင်သည်။

သူ့မှာ လက်ဝဲဆန်သော၊ ဆန့်ကျင်ဘက်ပြုလိုသော၊ အတိုက်အခံလုပ်လိုသော ပင်ကိုယ်စိတ်ဓာတ်မျိုးလည်း ရှိနိုင်သည်။


လက်မှတ်၏ အပေါ်ဘက်မှာရော လက်မှတ်အောက်ဘက်မှာပါ တူညီသောသင်္ကေတတစ်စုံစီ ရှိနေ၍ အလုပ်အကိုင် စီးပွားရေးတို့မှာ အယှဉ်အပြိုင်ဝါသနာပါသလို အယှဉ်အပြိုင်လည်း များတတ်သည်။



ထို့ပြင် အိမ်ထောင်ရေးမှာလည်း မယား ပြိုင်ယူခြင်းမျိုး၊အိမ်ထောင်ရေး ရှုပ်ထွေးခြင်းမျိုး ဖြစ်တတ်၍ မိသားစုသာယာပျော်ရွှင်မှုကို ထိခိုက်စေနိုင်သည်။

**၁၃၂၀ပြည့်၊ ဝါဆိုလ၊ သောကြာနေ့ဖွားဖြစ်၍** မူလမဟာဘုတ်ခွင် နာမက္ခရတိုင်စဉ်၊ ဝုဒ္ဓိအစဉ်တို့ ချကြည့်လျှင် အောက်ပါအတိုင်း တွေ့ရမည်။

* * * *(နံပါတ်-၁)*




သောကြာသိုက်ဖွားဖြစ်၍ သောကြာအစ အင်္ဂါအဆုံး၊ အပြင်မိတ်ဂြိုဟ်တွဲ **သိုက်+အထွန်း**၊ ဣဋ္ဌ+ဣဋ္ဌ နာမက္ခရတိုင်စဉ်မှန်၊ ဝုဒ္ဓိမှား၊ ဘုမ္မိဂြိုဟ်တွဲ နာမည်မျိုး ဖြစ်နေသည်။


နာမည် အထိုက်အလျောက်ကောင်းသည်။ လက်မှတ်တွဲထိုးလို့ရသည်။ လက်မှတ်သင်္ကေတ ပြုပြင်နိုင်လျှင် ပိုကောင်းလာပါမည်။ ကျွန်ုပ်သဘောအရဆိုလျှင် ဘုမ္မိဂြိုဟ်တွဲ နာမည်ကို တွဲမထိုးဘဲ "**သိန်း**"တစ်လုံးတည်း လက်မှတ်ထိုးလျှင် ပိုမိုထူးခြားကောင်းမွန်နိုင်သည်။ လက်မှတ်အောက်က မျဉ်းမသားရပါ။

* * *

**(ထိုးမြဲလက်မှတ်နမူနာ)**




**မြန်မာလို**



**အင်္ဂလိပ်လို**

၂။

* * *



ယခုလအတွက် **နံပါတ်(၂)**နေရာမှာ ဖော်ပြပေးလိုက်သော ထိုးမြဲ



www.burmeseclassic.com

www.burmeseclassic.com


လက်မှတ်ပိုင်ရှင်မှာ အသက်(၆၀)နှစ် ဝန်းကျင်ရှိ စီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးတစ်ဦး ဖြစ်ပါသည်။

"**ဖင်ဝေငွေး**"ဆိုသော နာမည်ကို လက်မှတ်တွဲထိုးထားခြင်း ဖြစ်သည်။ လက်မှတ်သင်္ကေတမှာ ခွက်မှောက်သင်္ကေတကြီး ထင်ရှားနေသဖြင့် ငွေရှာ ဘယ်လောက်ကောင်းကောင်း ငွေထွက် ဒလဟောဖြစ်နိုင်၍ ငွေမစုဆောင်းမိတတ်ပါ။

ထို့ပြင် ဘဝမှာ ဝမ်းနည်းပူဆွေးဖွယ်ရာများ မကြာခဏ ကြုံရတတ်သည်။ လက်မှတ်၏ နောက်ဆုံးမှာ ထောင်လိုက်မျဉ်း ပိတ်ထားသော သင်္ကေတကြောင့် လုပ်ငန်းများ အတားအဆီး အပိတ်အပင်ခံရခြင်း၊ မမျှော်လင့်ဘဲ တိုးတက်မှုများ ရပ်ဆိုင်းသွားခြင်း၊ အိမ်ထောင်ရေး ပြိုကွဲခြင်းများ ဖြစ်တတ်သည်။

**၁၃၁၅ခု၊ ဝါခေါင်လ** အင်္ဂါသမီး ဖြစ်၍ မူလမဟာဘုတ်ခွင်၊ နာမက္ခရတိုင်၊ ဝုဒ္ဓိအစဉ်တို့ ချကြည့်လျှင် အောက်ပါအတိုင်း တွေ့ရမည်။


* * * **(နံပါတ်-၂)**




အင်္ဂါ အဓိပတိဖွားဖြစ်၍ အင်္ဂါအစ နေအဆုံး နာမည်မှာ **အဓိပတိ+**ဘိကုဋ္ဋ+အနိဋ္ဌ၊နာမက္ခရတိုင်စဉ်များ၊ များ ဖြစ်သည်။ နာမည်ညံ့သဖြင့် လက်မှတ် တွဲမထိုးသင့်ပါ။ "**ငွေး**" ကိုမသုံးဘဲ "**ဖင်ဝေ**"နှစ်လုံးတွဲသာ ထိုးလျှင် **အင်္ဂါ+ဗုဒ္ဓဟူး** အဓိပတိ+ရာဇ၊ မွေးနံကို အညွန့်အုပ် နာမက္ခရတိုင်စဉ်မှန် ဝုဒ္ဓိမှန် ဖြစ်သွားပါမည်။ ထိုးမြဲလက်မှတ် သင်္ကေတကောင်း အောင်ပါ ပြုပြင်ထိုးသင့်သည်။

* * *

**(ထိုးမြဲလက်မှတ်နမူနာပုံစံ)**




**မြန်မာလို** **အင်္ဂလိပ်လို**

လက်မှတ်အောက်က မျဉ်းမသားရပါ။ အညွန့်နေရာမှာ ပွင့်ဖတ်(၃)ခုပါသော ပန်းပွင့်သင်္ကေတထည့်ပါ။ ငွေအိတ်သင်္ကေတကိုတော့ မိမိလုမည် ထင်သလို ပုံသဏ္ဌာန် အရွယ်အစား ဆွဲနိုင်သည်။

၃။

* * *




မိန်းမပျိုလေးတစ်ဦး ဖြစ်ပါသည်။

"**ခင်ဆွေဝင်း**" ဆိုသော နာမည်(၃) လုံးကို လက်မှတ်တွဲထိုးထားခြင်း ဖြစ်သည်။ လက်မှတ်ပုံသဏ္ဌာန်မှာ အညွန့်ထုတ်ခြင်း ရှည်လွန်းသည်။ ဘယ်ကိုစွမဆို အဖျားရှူးသွားတတ်သည်။

**မြန်မာသက္ကရာဇ် ၁၃၄၈ ခုနှစ်၊ ကဆုန်လမွေး၊ တနင်္လာသမီးဖြစ်၍** မူလမဟာဘုတ်ခွင်၊ နာမက္ခရတိုင်၊ ဝုဒ္ဓိအစဉ်တို့ ချကြည့်လျှင် အောက်ပါအတိုင်း တွေ့ရှိရမည်။

* * * **(နံပါတ်-၃)**




ယခုလအတွက် **နံပါတ်(၃)**နေရာမှာ ဖော်ပြပေးလိုက်သော ထိုးမြဲလက်မှတ်ပိုင်ရှင်မှာ **အသက်(၂၅)နှစ် ဝန်းကျင်** ဘွဲ့ရ အလုပ်ရှာနေဆဲ

တနင်္လာ ရာဇဖွားဖြစ်သဖြင့် တနင်္လာအစ ဗုဒ္ဓဟူးအဆုံး အငြိမ်မိတ်

www.burmeseclassic.com

ကြိုပ်တွဲနှင့် နာမည်ပေးထားရာ **ရာဇ+ဘဂ်၊** ဣဋ္ဌ+အနိဋ္ဌ၊ နာမက္ခရတိုင်စဉ်မှာ။ ဝုဒ္ဓိမှန်နာမည် ဖြစ်သည်။ အကောင်းနှင့်အညံ့ ရောနေသည်။ နာမည်အပြည့်အစုံ လက်မှတ်မထိုးသင့်ပါ။

နာမည်နောက်ဆုံးစာလုံး "**ဝင်း**"ကို ဖြုတ်၍ "**ခင်ဆွေ**"နှစ်လုံးကိုသာ လက်မှတ်တွဲထိုးလျှင် မွေးနံပေါ်အညွန့်အုပ်၊ ရာဇ+အထွန်း၊ နာမက္ခရတိုင်စဉ်မှန်၊ ဝုဒ္ဓိမှန် ဖြစ်သွားမည်။

မြန်မာလိုထိုးလျှင် "**ခင်ဆွေ**"နှစ်လုံးတွဲထိုးပြီး အင်္ဂလိပ်လို လက်မှတ်ထိုးလျှင် "**ဆွေ**"တစ်လုံးတည်း ထိုးပါ။

* * *

**(ထိုးမြဲလက်မှတ်နမူနာပုံစံ)**



မြန်မာလို



အင်္ဂလိပ်လို

အညွန့်နေရာတွင် ပွင့်ဖတ်(၂)ခုပါသော အသည်းပုံထည့်ပါ။ လက်မှတ်အောက် ငွေအိတ်သင်္ကေတအောက်မှာ မျဉ်းမသားပါနှင့်။

ဤမျှနှင့်သာ ကျေနပ်နိုင်ကြပါစေ...

*အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...*

ဆရာကြီး ဦးအောင်မြိုင်
*(ဥပဒေဘွဲ့)*
လက္ခဏာဗေဒင်ပညာသုတေသီ

---

တောင်တန်းသာသနာပြု
ဆရာတော် ဦးဥတ္တမသာရ၏

# လေဖြတ်ရောဂါ သွက်ချာပါဒရောဂါ

## လေငန်း ထုံနာ၊ ကျဉ်နာ ရောဂါပျောက်ဆေးနည်း



ရှောက်သီးသုံးလုံး၊ သံပရာသီးတစ်လုံး လေးစိတ်ခွဲ အလုံးမပျက်စေရ။ မြေအိုး၊ ဒန်အိုး သန့်ရှင်းရမည်။ အိုးသန့်သန့်တွင် ဖိုခုံလောက်ဆိုင်၍တင် သံပရာသီးတစ်လုံး ထက်ခြမ်းခွဲ၊ အလုံးမပျက်စေနှင့်၊ အလယ်တည့်တည့် ထည့်။

ဆားတစ်ကျပ်သားဖြူး။ ထန်းလျက်နှစ်ဆယ့်ငါးကျပ်သား ထုချေ၍ ဖြူးထည့်၊ ရေကို ရှောက်သီး မြုပ်သည်ထိထည့်၊ မီးဖိုပေါ်တင်၍ချက်။

အဖုံးအုပ်ထား၊ တစ်ပွက်ကောင်းကောင်း ဆူသောအခါ ပျားရည်တစ်ဆယ်ကျပ်သား လောင်းထည့်၊ ဇွန်းကြီးဖြင့် ညင်ညင်သာသာ မွှေပေးပါ။

နောက်တစ်ပွက်ဆူက နှမ်းဆီတစ်ဆယ်ကျပ်သားထည့်၊ ဇွန်းနှင့် ညင်ညင်သာသာမွှေ၊ နောက်တစ်ကြိမ်ကောင်းကောင်းဆူက . ထောပတ်တစ်ဆယ်ကျပ်သားထည့်။

ရှောက်သီးအားလုံး နူးနပ်ကျေပြီးက အိုးကို ခွင်မှချ။ အကယ်၍ အနပ်လိုသေးလျှင် ရေလုံလောက်အောင် ထပ်ထည့်၊ ဆေးချက်ပြီးက ခြောက်ကပ်မနေစေရ။ ဇွန်းကော်၍ ရနေရမည်။

မီးဖိုပေါ်မှချ၍ အအေးခံထားပြီး အေးသော် ဖန်ဘူးမှာထည့်၊ လုံအောင်ပိတ်ထားပါ။ ဤဆေးတစ်ဖုံသည် ရောဂါသည် တစ်ဦးအတွက်သာ ဖြစ်သည်။

### စားသုံးနည်း

နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် မောက်မောက် ဟင်းသောက်ဇွန်းကြီးနှင့် တစ်ဇွန်းစားပါ။ ဆေးသောက်သည့်အခါ ရေနွေးကိုသာ သောက်ပါ၊ ရေအေးမသောက်ရ။

### ပျောက်ကင်းသော ရောဂါများ

လေဖြတ်၊ ကိုယ်တစ်ပိုင်းသေ၊ ကိုယ်တစ်ခြမ်းသေ၊ လေငန်းစွဲ၊ ခြေလက်မလှုပ်ရှားနိုင်သူ၊ ခြေထုံ၊ လက်ထုံ၊ ခေါင်းထုံ၊ ထုံနာ၊ ကျဉ်နာ ပျောက်မည်။ အကယ်၍ ရောဂါရှင်းရှင်းမပျောက်ပါက အထက်ပါအတိုင်း ဆေးနှစ်ဖုံ၊ သုံးဖုံ ဖော်စားပါ။

### ထုံနာ၊ ကျဉ်နာအတွက် ဓာတ်

ဆန်လုံးတီး ရေခန်းချက်စား သုံးလအတွင်း သက်သာပျောက်ကင်းမည်။

**(ဆရာတော်ကြီး သက်တော်ထင်ရှားရှိစဉ်က ဖြန့်ဝေတော်မူသော ဆေးညွှန်းစာရွက်မှ ကူးရေးသား ဒါနပြုအပ်ပါသည်။)**

ဆရာဦးကျော်ဝင်း
*စေပိုင်သူဆေးတိုက် (ကလေးမြို့)*



www.burmeseclassic.com

www.burmeseclassic.com

တေးသံရှင် ဂီတစာဆို

# ကျောက်ပန်းတောင်း ကျော်လှိုင်

၏ လက်ဖဝါးပြင်မှ စိတ်ဝင်စားဖွယ်ရာများ




▲ အဆိုတော် ကျောက်ပန်းတောင်း ကျော်လှိုင်

ဆရာကြီးဦးအောင်မြင့်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

ညာလက်ဖဝါးပြင်ကို စတင်လေ့လာကြည့်ပါ။

လက်သန်းအောက် ဗုဒ္ဓဟူးဂြိုဟ်ခုံပေါ်မှာ ထင်ရှားရှည်လျား အားကောင်းတဲ့ **ထောင်လိုက်မျဉ်းပြိုင်(၂)ကြောင်း**ကို တွေ့ရတယ်။ **(က)**အက္ခရာနဲ့ ညွှန်ပြထားပါတယ်။

* * *




ဗုဒ္ဓဟူးဂြိုဟ်ခုံကို အားကောင်းစေတဲ့ သင်္ကေတဖြစ်ပါတယ်။ အသံကောင်းခြင်း၊ အသံဆိုင်ရာလုပ်ငန်းဖြစ်တဲ့ အဆိုတော်လုပ်ငန်း အောင်မြင်ခြင်းကို ဖြစ်စေတယ်။


**လက်သန်းထိပ် ပထမဆစ်ဟာ အတွင်းကို ကွေးပြီး လက်သူကြွယ်ဘက်ကို ယိုင်နေတယ်။** ဗုဒ္ဓဟူးလက်ချောင်းရဲ့ ထူးခြားမှု ဖြစ်ပါတယ်။

ဒါဟာ အဆိုပညာမှာရော၊ အတီးအမှုတ် ဂီတပညာမှာပါ ထူးချွန်ထက်မြက်စေပါတယ်။ ဂီတအနုပညာ ပါရမီကောင်းရှိပြီး အောင်မြင်မှုရရှိစေပါတယ်။ (ခ)အက္ခရာနဲ့ ညွှန်ပြထားတယ်။

လက်သူကြွယ်အောက် တနင်္ဂနွေဂြိုဟ်ခုံပေါ်မှာ **ရှည်လျား အားကောင်းတဲ့ အောင်မြင်ရေးလမ်းကြောင်း**တွေ့ရတယ်။ **ကမ္ဘလမ်း အသက်(၃၀)ခန့်မှ စတင်ခွဲထွက်လာပြီး လက်သူကြွယ် ခြေရင်းအထိ ရောက်နေတယ်။**

အထူးသဖြင့် နှလုံးလမ်းကြောင်း အပေါ်ဘက်မှာ အဖျက်လမ်းကြောင်း လုံးဝကင်းစင်နေတယ်။ **(ဂ) အက္ခရာနဲ့** ညွှန်ပြထားပါတယ်။

* * *





အဲဒီအောင်မြင်ရေးလမ်းကြောင်းကြောင့် လက္ခဏာရှင်ရဲ့ အသက်( ၃၀ )ဝန်းကျင်ခန့်မှ စတင်ပြီး အောင်မြင်တိုးတက် ထင်ပေါ်ကျော်ကြားမှုတွေ ဆက်တိုက်ရရှိပါမယ်။

အသက်ကြီးပိုင်းမှာလဲ အနုပညာလုပ်ငန်းများနဲ့ အထူးအောင်မြင်ကျော်ကြား ဝွင်ကောင်းခြင်း ဖြစ်နိုင်ပါသေးတယ်။ ယခင်ကထက်ပိုပြီး ကံကောင်းနိုင်တယ်။

အထူးသဖြင့် အသက် (၅၅)နှစ်မှ (၆၅)နှစ်လောက်အထိ ကာလအတွင်း အနုပညာလုပ်ငန်းတွေ လုပ်ကိုင်အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားခြင်း ဖြစ်နိုင်ပါတယ်။

လက်သူကြွယ်အောက်၊ တနင်္ဂနွေဂြိုဟ်ခုံပေါ်မှာ **ထင်ရှားတဲ့ အောင်မြင်ရေးလမ်းကြောင်းကြီး အနီးမှာ ထောင်လိုက်မျဉ်းတိုလေး (၂) ကြောင်း** ခပ်ရေးရေးပေါ်နေတယ်။ **(ဃ)အက္ခရာနဲ့** ညွှန်ပြထားပါတယ်။

* * *




အဲဒီသင်္ကေတဟာ ငွေကြေး အစုအပုံ ရတ်တရက် ရရှိခြင်း၊ ထီဆုကြီးပေါက်ခြင်း တို့ကို ဖြစ်စေနိုင်ပါတယ်။ *(ပြီးခဲ့တဲ့၂၀၀၂*



www.burmeseclassic.com


www.burmeseclassic.com

ခုနှစ်နဲ့ ယခု ၂၀၀၃ အတွင်းမှာ ထီဆု
ငယ်(၁၂)ကြိမ်ခန့် ပေါက်ခဲ့ပြီးကြောင်း
သိရတယ်။)

အသက်(၅၈)၊ (၅၉)၊ (၆၀)ဆိုတဲ့ (၃)နှစ်အတွင်းမှာ ငွေအစုအပုံ ရရှိခြင်း၊ ထီဆုကြီးပေါက်ခြင်း ဖြစ်နိုင်တယ်။

ကာယလမ်းကြောင်း အတွင်းဘက်မှာ အရံလမ်းကြောင်း ထင်ရှား အားကောင်းစွာ ရှိတယ်။ **(င)အက္ခရာနဲ့** ညွှန်ပြထားပါတယ်။


* * *





ဒီသင်္ကေတဟာ မိတ်ဆွေကောင်းပေါများခြင်း၊ ခြွေရံပြည့်စုံခြင်း၊ ပရိသတ်များကို ဆွဲဆောင်ညှို့ယူဖမ်းစားနိုင်ခြင်း ရှိပါမယ်။

လက်ဖဝါးကို **အလယ်က ထက်ခြမ်းခွဲထားသလို လက်ကောက်ရစ်ပေါ်မှ စတင်ထွက်တဲ့ ကမ္ဘလမ်းကြောင်း (ထီးရိုး)ဟာ သစ်ပင်သဏ္ဍာန် အခက်အလက်များ ဖြာထွက်နေတယ်။ (စ)အက္ခရာနဲ့** ညွှန်ပြထားပါတယ်။

* * *




ဒီသင်္ကေတဟာ အလုပ်အကိုင် အောင်မြင်တိုးတက်ခြင်း၊ ငွေကြေးဥစ္စာပစ္စည်း ဝင်ရောက်ရရှိခြင်း၊ ကြိုးစားမှုများစွာ အကောင်အထည်ပေါ်ခြင်း၊ အလိုဆန္ဒပြည့်ဝခြင်းတို့ကို ဖြစ်စေပါတယ်။




အယှဉ်အပြိုင်တို့ကိုလဲ အနိုင်ရစေတယ်။

ကမ္ဘလမ်းကြောင်း (ထီးရိုး)ရဲ့ အောက်ခြေမှာ **အမြစ်ဥသင်္ကေတ တွေ့ရတယ်။ (ဆ)အက္ခရာနဲ့** ညွှန်ပြထားပါတယ်။

* * *





ဒီသင်္ကေတဟာ မြို့ကြီးပြကြီးမှာ လုပ်ကိုင်နေထိုင်ရခြင်း၊ လုပ်ငန်းကြီးများ တည်ထောင်ဦးဆောင် လုပ်ကိုင်အောင်မြင်ခြင်း၊ သက်ကြီးပိုင်း အိုဟာတာကောင်းခြင်းတို့ကို ဖြစ်စေပါမယ်။

ဉာဏလမ်းဟာ **တနင်္လာဂြိုဟ်ခုံဘက် ခပ်ကွေးကွေး** အဆုံးသတ်ပြီး **ကမ္ဘလမ်းပေါ်မှာ ဖြစ်ပေါ်နေတဲ့ အောင်လံကြီး**ဟာ ဉာဏလမ်းအဆုံးပိုင်းမှာ **တြိဂံသင်္ကေတ** ဖြစ်ပေါ်စေပါတယ်။ **(ဇ)အက္ခရာနဲ့** ညွှန်ပြထားပါ



www.burmeseclassic.com

www.burmeseclassic.com





တယ်။

* * *



ဉာဏ်ရည်ထက်မြက်ခြင်း၊ စိတ်ကူးစိတ်သန်းကောင်းခြင်း၊ အတွေးအခေါ်ကောင်းခြင်း၊ အရေးအသားကောင်းခြင်း၊ ဘာလုပ်လုပ် အောင်မြင် ကံကောင်းခြင်းတို့ကို ဖြစ်စေနိုင်ပါတယ်။

ဘယ်လက်ဖဝါးပြင်ကို လေ့လာကြည့်တဲ့အခါ **လက်ဖဝါးဟာ ကြီးမား ကျယ်ပြန့်ပြီးခဝ် ဝိုင်းဝိုင်းပုံ** ဖြစ်နေတယ်။ **(ဈ) အကွရာနဲ့** ညွှန်ပြထားတာကိုကြည့်ပါ။





* * *

ဒီသင်္ကေတဟာ ပျော်ပျော်နေတတ်ခြင်း၊ လုံ့လဝီရိယကြီးမားခြင်း၊ မဖြစ်မနေကြိုးစားလုပ်ကိုင်တတ်ခြင်း၊ ဖွဲ့ကောင်းခြင်းစတဲ့ အချက်များနဲ့ပြည့်စုံ ပါမယ်။

ဟာဒယလမ်း (နှလုံးလမ်းပေါ်)က ထွက်တဲ့ **အောင်မြင်ရေးလမ်းဟာ လက်သန်းနဲ့ လက်သူကြွယ်ကြားမှာ ကြာဖူးသဏ္ဌာန်နဲ့** အဆုံးသတ်ပါတယ်။ **(ည)အကွရာနဲ့** ညွှန်ပြထားပါတယ်။

* * *





ဗုဒ္ဓဟူးဂြိုဟ်ခုံနဲ့ တနင်္ဂနွေဂြိုဟ်ခုံ တို့ကို ပေါင်းစပ် အားကောင်းစေပါတယ်။

ဒါကြောင့် အသံပိုင်းဆိုင်ရာလုပ်ငန်းဖြစ်တဲ့ ဂီတအနုပညာနဲ့ အောင်မြင်ကျော်ကြားရခြင်း ဖြစ်ပါတယ်။

လက်ညှိုးနဲ့ လက်ခလယ်ကြားမှာ **သန်လျက်သင်္ကေတ** ရှိပါတယ်။ **(ဋ)အကွရာနဲ့** ညွှန်ပြထားပါတယ်။

* * *




ဩဇာအရှိန်အဝါရှိခြင်း၊ စီမံအုပ်ချုပ်ကွပ်ကဲခေါင်းဆောင်ရခြင်းကို ဖြစ်စေပါမယ်။

လက်ညှိုးအောက် ကြာသပတေးဂြိုဟ်ခုံ ဖောင်းကြွပြီး ကာယလမ်းကြောင်းအစဟာ ရည်မှန်းချက်လမ်းကြောင်းအဖြစ် လက်ညှိုးအောက်မှ စတင်ပါတယ်။ **(ဌ)အကွရာနဲ့** ညွှန်ပြ




www.burmeseclassic.com

www.burmeseclassic.com

ထားပါတယ်။

＊＊＊




ရည်မှန်းချက် ကြီးမားခြင်း၊ ပညာဗဟုသုတ ပြည့်စုံခြင်း၊ ဆရာသမားဖြစ်ခြင်း၊ ရှေ့ဆောင် သင်ပြမှုကောင်းခြင်း၊ ဂုဏ်သိက္ခာရှိခြင်း ဆိုတဲ့ အချက်များနဲ့ ပြည့်စုံပါမယ်။

တေးသံရှင် ဂီတစာဆို ကျောက်ပန်းတောင်းကျော်လွင်ကို ကျောက်ပန်းတောင်းမြို့နယ်၊ အိမ်အိုရွာမှာ အဘ ဦးရိန်၊ အမိဒေါ်ခင်တို့မှ **(၁၈-၉-၁၉၄၅) အင်္ဂါနေ့မှာ မွေးဖွားခဲ့တယ်။**

အသက် (၅)နှစ်အရွယ်မှာ ရန်ကုန်ကို ပြောင်းရွှေ့ရောက်ရှိလာတယ်။ (၁၉၅၉/၆၀)ခုနှစ်မှာ မယ်ဒလင်တီးပညာကို ဆရာ ဘိုကလေးတင့်ဆွေထံက စတင် သင်ယူခဲ့ပါတယ်။

၁၉၆၂ ခုနှစ်မှစပြီး မြန်မာ့အသံမှာ ဆရာ ဘိုကလေးတင့်ဆွေရဲ့ အသံလွှင့်တီးဝိုင်းဖြစ်တဲ့ **"တေးမွန်ထံတျာ"** ကာလပေါ်အဖွဲ့မှာ **"ခေတ်မဆန်ချင်ပါနဲ့ လေးခင်ရယ်"**သီချင်းကို ရေးသားသီဆို အသံလွှင့်ခဲ့တယ်။ ပထမဆုံးသီချင်းဖြစ်ပါတယ်။ အဲဒီတုန်းက **တေးသံရှင် လှဆက်လေး** အမည်နဲ့ ဖြစ်ပါတယ်။

၁၉၇၃ ခုနှစ်မှစပြီး ရောင်းတမ်းဓာတ်ပြားလောကမှာ တေးသံရှင် ကျောက်ပန်းတောင်း ကျော်လွင် အမည်နဲ့ အောင်မြင်ကျော်ကြားခဲ့တယ်။

၁။ စိန်နားကပ်ကြီးကို ချစ်မှာလား။
၂။ ရွှေကျီး မပေးနဲ့။



☙ အဆိုတော်
ကျောက်ပန်းတောင်း ကျော်လွင်

၃။ ပြားတဲ့ဟာကပြား၊ ဖောင်းတဲ့ဟာကဖောင်း။
၄။ လေမျိုးရှစ်ဆယ်။
၅။ ချစ်တစ်နေ့ မုန်းတစ်နေ့။
၆။ မောင်ပေါက်ကျိုင်းရဲ့ ချစ်တဲ့သူ။

စတဲ့ ဓာတ်ပြားများဟာ အနုပညာအောင်မြင်မှုမှတ်တိုင် စိုက်ထူနိုင်ခဲ့ပါတယ်။ ဆရာရင်းဖြစ်တဲ့ **ဂီတစာဆို မောင်ကြေးမုံရဲ့** လက်ရာများ ဖြစ်ပါတယ်။

မြန်မာ့အသံမှာ သီဆိုဓာတ်ပြား ရခဲ့တဲ့ ဆရာ မောင်ကြေးမုံရေးတဲ့ သီချင်းများမှာ...

၁။ ဖိုးယာယာရဲ့ အလှတောမှာ။
၂။ အလွမ်းမပ ပန်းမပ

တို့ဖြစ်ပြီး အထူးရေပန်းစားခဲ့တယ်။

**ဂီတစာဆို ကိုငွေခဲ**ရေးတဲ့...

၁။ မြူးယိမ်းစိမ်းစိမ်း။
၂။ သစ္စာထားတဲ့ မေတ္တာသမား။
၃။ ပြောလိုက်ပါ ဗုက်ညိုပြာ။

စတဲ့ သီချင်းများလဲ တေးချစ်သူ ပရိသတ်များ ကြိုက်နှစ်သက်ခဲ့[...] တယ်။

ကိုယ်တိုင်ရေး၊ ကိုယ်တိုင်သီဆိုခဲ့တဲ့ ဓာတ်ပြားသီချင်းများလဲ အပုဒ်(၁၀၀ နီးပါး အောင်မြင်ခဲ့ပါတယ်။

၁၉၇၃ ခုနှစ်မှာ ရွှေစင်တေး ကာလပေါ်အဖွဲ့ကို ခေါင်းဆောင်တည်ထောင် ဖွဲ့စည်းပြီး (၇)ကြိမ် အသံလွှင့်ခဲ့တ[...] **ဓာတ်ပြား(၅၆)ချပ်** ရခဲ့ပါတယ်။

ကိုယ်တိုင်ရေးဆို အောင်မြင်ခဲ့တဲ့ ဓာတ်ပြားရသီချင်း အပုဒ်(၄၀)ခန့်ရှိ[...] ဂီတစာဆိုအဖြစ် ရေးသားအောင်မြင်[...] တဲ့ **ဓာတ်ပြားရသီချင်း အပုဒ်(၉၀) ခန့် ရှိပါတယ်။**

ဒါ့အပြင် **ရောင်းတမ်းဓာတ်ပြား (၆)ချပ် ဆိုခဲ့တယ်။**

၁။ ဟိုကောင်မလေး ညိုတိုတို၊
၂။ ကြိုးကြိုးချိတ်၊
၃။ မမုန်းမေ၊
၄။ ရက္ခပဒေချစ်မမ၊
၅။ ဂီတနက်သန် တေးပုလဲများ

ဆိုတဲ့ စီးရီးတို့လဲ သီဆိုခဲ့ပါတယ်။

အားကစား လိုက်စားမှုအဖြစ် ၁၉၇၂ ခုနှစ်မှ ၁၉၈၃ ခုနှစ်အထိ တပ်မတော်ရေ ခြင်းလုံးလက်ရွေးစင် ဖြစ်ခဲ့တယ်။ ဆုများ ရခဲ့တယ်။ (၇)နှစ် ဆက်တိုက် တံခွန်စိုက်ဆုဖလား ရခဲ့ တယ်။

၁၉၇၈/၇၉ ခုနှစ်တို့မှာ တိုင်းနဲ့ပြည်နယ် ခြင်းလုံးခတ်ပြိုင်ပွဲမှာ ရန်ကုန်တိုင်းဒေသကြီး လက်ရွေးစင်အဖြစ် ပါဝင်ခဲ့တယ်။ ဆုများ ရခဲ့တယ်။

၁၉၇၉ ခုနှစ် အမျိုးသားတံခွန်စိုက် ခြင်းလုံးခတ်ပြိုင်ပွဲမှာ တပ်မတော် လက်ရွေးစင်ဖြစ်ခဲ့တယ်။ တံခွန်စိုက် ဆုဖလား ရခဲ့တယ်။

ယခုနောက်ပိုင်း တပ်မတော်နေ့

စာမျက်နှာ (၁၉၀) သို့



www.burmeseclassic.com

www.burmeseclassic.com

# ပုံဆောင်တော်များနဲ့

ဘာသာစကား (၂၆)

ဟုဂျင်းဇီ

## ကွင်း



စက်ဝိုင်းပမာ ဆက်စပ်ထားသော ကွင်းပုံသင်္ကေတကို ဆိုလိုသည်။ ယင်းသည် စဉ်ဆက်မပြတ် ရှိခြင်းနှင့် အလုံးစုံ လွှမ်းခြုံခြင်း၏ သင်္ကေတဖြစ်သည်။ နယ်ပယ်ဒေသ အသီးသီး အရာရာတိုင်းဟု သဘောရသည်။

ထို့အပြင် နှစ်ပါးဂဟေဆက် လက်ထပ်ထိမ်းမြားခြင်းနှင့် အဆုံးအစ မရှိ ထပ်ကာထပ်ကာ အဖန်တလဲလဲ ဖြစ်ပေါ်နေသည့် အချိန်စက်ဝိုင်းကို လည်း ရည်ညွှန်းသော အမှတ်အသား ဖြစ်သည်။

တစ်ခါတစ်ရံ တိရစ္ဆာန်များ၏ ပုံသင္ကေတန်ဖြင့်လည်း အမှတ်အသား ပြုကြသည်။ ဥပမာ မြွေ (သို့မဟုတ်) ငါးရှဉ့်တစ်ကောင် မိမိ၏ အမြီးကို ကိုက်နေသည့်ပုံစံမျိုးဖြစ်သည်။

တစ်ခါတစ်ရံတွင်မူ ဂျော်မက်ထရီ (ဂျီသြမေတြီ)ဆိုင်ရာ အခြေခံဂဏန်း ခြေများဖြင့်လည်း ရေးသားကြသည်။ ၈, ၂၀, ၃၂ ကဲ့သို့ဂဏန်းများဖြစ်ကြသည်။

သံချိန်းကြိုးတွင် တစ်ခုနှင့်တစ်ခု ဆက်စပ် တွယ်မှီနေကြသော သံကွင်း များသည်ကား ထူးခြားသော အဓိပ္ပာယ် ဆောင်ယူသည်။

**ဂျူပီတာ**(Jupiter)သည် **ဟာကြူ လီ** (Hercules)အား **ပရိုမီသီးယပ်စ်** (Pro-metheus)ကို ကယ်တင်ရန် ခွင့် ပေးတော်မူသည်။ ဟာကြူလီသည် **ကော့ကေးဆပ်**(Caucasus) တောင် တန်းရှိ တောင်ထွတ်တစ်ခုတွင် သံချိန်း ကြိုးတစ်စကို ချည်နှောင်၍ အခြား တစ်ဖက်ကို မိမိကိုယ်အား သိုင်းဖွဲ့ချည် နှောင်လေသည်။

**အဓိပ္ပာယ်ကား** မိမိ လုပ်သင့်လုပ် ထိုက်သည့် အလုပ်တာဝန်ကို မိမိကိုယ် တိုင် ခံယူလုပ်ဆောင်ခြင်း ဖြစ်၏။

ထို့ကြောင့် သံချိန်းကြိုးမှ သံကွင်း သည် ကိုယ်ပိုင်အသိဖြင့် မိမိ လုပ်သင့် လုပ်ထိုက်သည်ဟု ယူဆထားသော ဘဝပေးတာဝန်ကို မိမိကိုယ်ခန္ဓာအား စွန့်လွှတ်အနစ်နာခံကာ တာဝန်ယူ ဆောင်ရွက်ခြင်း၏ သင်္ကေတဟု အဓိပ္ပာယ် ဖွင့်လေသည်။

အခြား ပုံသင်္ကေတန်တစ်ခုကား **မီးကွင်း**ဖြစ်သည်။ **သီဝ**(Shiva)သည် မီးကွင်းကို လှည့်ပတ်၍ ကခုန်ကာ စကြဝဠာကကြီးကို ဖန်တီးသည်ဆို၏။ ထိုမီးကွင်းကား ဂြိုဟ်နက္ခတ်များ လှည့်လည်သည့် ဆယ့်နှစ်လရာသီခွင် စက်ဝန်းကို ရည်ညွှန်းလေသည်။

ထိုစက်ဝန်းတွင် **ပြုသူနှင့်အပြုခံရ သူ (လွှမ်းမိုးခြယ်လှယ်ခြင်းနှင့် တွန်းလှန်ခြင်း)**တို့ ထက်ဝက်စီ ပါဝင် ဖွဲ့စည်းထား၏။

လူတစ်ဦးချင်း၏ ပုဂ္ဂလဓိဋ္ဌာန်ဆိုင် ရာ ဘဝနေမှုနှင့် စကြဝဠာဆိုင်ရာ ဖြစ်စဉ်နှစ်ခုစလုံး ပါဝင်သည်။ ဖန်ဆင်း ခြင်းဖြင့် ဖျက်ဆီးခြင်း ဖြစ်စဉ်များ ဆိုင်ရာ ဘဝစက်ဝန်းကို ညွှန်ပြခြင်း လည်းဖြစ်၏။

တစ်ချိန်တည်းမှာပင် အလျှံတညီး ညီး တောက်လောင်နေသော မီးကွင်း သည် အဆုံးအစမရှိသော တွေးခေါ် မြော်မြင်မှုနှင့် လူသာမန်တို့ ရှင်းလင်း သိသာမှု မရှိသည့် နက်နဲသော အသိ ဉာဏ်ပညာဆိုင်ရာ ပွင့်လင်းမှုတို့ကို လည်း ဖော်ညွှန်းသည့် သင်္ကေတဖြစ် သည် ဆိုလေသည်။

## ပွဲလမ်းသဘင်အခမ်းအနား



ဘာသာရေးဆိုင်ရာ ထုံးဓလေ့ဆိုင် ရာ အခမ်းအနား ပွဲသဘင်များ၊ ဂုဏ်ပြု ပွဲ၊ မင်္ဂလာဧည့်ခံပွဲ၊ ရှင်ပြုနားသ အလှူ အတန်း၊ လူမှုရေး၊ ဘာသာရေးဆိုင်ရာ အခမ်းအနား ပွဲသဘင်များအားလုံးကို ဆိုလိုသည်။

ပွဲလမ်းသဘင် အခမ်းအနားသည် မွမ်းမံပြင်ဆင်မှုဆိုင်ရာ အလှအပနှင့် ဆက်နွှယ်နေသောသင်္ကေတဖြစ်သည်။

အခမ်းအနား အစီအစဉ်များသည် တစ်ခုပြီးတစ်ခု ဖြည်းလေး ညက်ညော စွာ ဆက်စပ်ကျင်းပ ပြောင်းလဲနေရ သည်ဖြစ်ရာ နက္ခတ်တာရာများ မိမိတို့ ပတ်လမ်းအတိုင်း ရွေ့လျားပြောင်းလဲ နေသကဲ့သို့ စည်းဝါးကျ ဟန်ချက်ညီ ပြောင်းလဲပုံချင်း ဆင်တူနေသည်။

သို့ဖြစ်လေရာ ပွဲလမ်းသဘင် အခမ်း အနားသည် အင်အားစုများ စုပေါင်း ပါဝင်စည်းလုံးခြင်း၊ အပေးအယူ ဟန် ချက်ညီစွာ စည်းဝါးတကျ ရွေ့လျား ခြင်း၊ စိတ်သဘောထား ခံယူချက်များ နီးစပ်တူညီခြင်းတို့ကို ကိုယ်စားပြု သည်ဟု ဖွင့်ဆိုလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## မြစ်



မြစ်သည် အချိန်နှင့် သဘာဝဆိုင်ရာ ဖန်တီးမှု စွမ်းအင်များနှင့် ဆက်စပ်နေသည့် သင်္ကေတတစ်ခုဖြစ်သည်။ ဤသင်္ကေတသည် နှစ်,နှစ်ဖက်ဖြင့် သဘောတရားနှစ်ခုကို တစ်ပြိုင်တည်း ဖော်ပြ၏။

လက်တစ်ဖက်တွင် စိုက်ပျိုးမြေနှင့် မြေဆီဩဇာများကို ကိုင်စွဲကာ၊ အခြားတစ်ဖက်တွင်မူ မည်သို့မျှ ပြန်လည်မရရှိနိုင်တော့သည့် ကုန်လွန်သွားသော အချိန်နှင့် ပျောက်ဆုံးခြင်း၊ တိမ်ကောပျက်ပြယ်ခြင်းတို့၏ အကျိုးဆက်များကို ကိုင်စွဲထားလေသည်။ **(မြစ်၏ စီးဆင်းပုံအရ ပရိယာယ်၊ မာယာများသည်ဟု ဆိုလိုဟန်ရှိသည်။)**

## ကျောက်တုံးကျောက်ဆောင်



တရုတ်လူမျိုးတို့က ကျောက်တုံးကျောက်ဆောင်ကို ထာဝရတည်မြဲခြင်း၊ ကျစ်လျစ်မာကျောခြင်း၊ ရိုးသားဖြောင့်မတ်ခြင်းတို့အတွက် ကိုယ်စားပြုသင်္ကေတဖြစ်သည်ဆို၏။

အထွေထွေသော ခိုင်လုံမြဲမြံစေသည့် ကိစ္စများတွင် အသုံးပြုလေ့ရှိကြသည်။ ဥပမာ ကျောက်စာမော်ကွန်းကမ္ပည်းတိုင်များ၊ ကျောက်မျက်တံဆိပ်တုံးများဖြစ်သည်။

ထုံးဓလေ့အယူအဆ အားလုံးလိုလိုပင် နတ်ဘုရားများ၏ နေအိမ်ဗိမာန်အား ကျောက်တုံးများဖြင့် ဖန်တီးတန်ဆာဆင်ထားလေ့ ရှိကြသည်။

**ကော့ကေးရှန်း** လူမျိုးတို့သည် ကမ္ဘာကြီး၏ ကနဦးအစတွင် အရာရာတိုင်းအား ရေက လွှမ်းမိုးထားသည်။ ထိုအချိန်တွင် မဟာဖန်ဆင်းရှင်နတ်ဘုရားသည် သူ၏ ကျောက်တုံးဗိမာန်အတွင်း၌ စံမြန်းလျက်ရှိလေသည်ဟု ယူဆကြသည်။

ကျောက်တုံး ကျောက်ဆောင်များသည် လူသားတို့၏ မှီတွယ်ရာ၊ လူသားများ နေထိုင်ရှင်သန်မှုအတွက် အခြေခံ အရင်းအမြစ်ဖြစ်သည်ဆို၏။

ကျောက်တုံး ကျောက်ဆောင်တို့သည် ဆီးနှင်း,မိုးနှင့် အပူချိန် ပြောင်းလဲမှုများ(ရာသီဥတု ပြောင်းလဲမှု)များကြောင့် အစိတ်စိတ်အမြွှာမြွှာ ကွဲကြေသွားကာ မြေဆီမြေနှစ်များ ဖြစ်လာသောအခါ ကောက်ပဲသီးနှံများနှင့် လူသားတို့ဘဝရှင်သန်ရေးအတွက် အဓိကမိခင်အင်အားစုများ ဖြစ်လာကြသည်။

ထို့ကြောင့် ကျောက်တုံးကျောက်ဆောင်ကို လူသားဘဝ ရှင်သန်ရေးအတွက် အရင်းအမြစ်သင်္ကေတဖြစ်ကြောင်း ဖွင့်ဆိုကြခြင်း ဖြစ်လေသည်။

**လျှို့ဝှက်နက်နဲသော စိတ်တန်ခိုးဣဒ္ဓိပါဒ်ဆိုင်ရာ (Mystic)သင်္ကေတ** အယူအဆအနေဖြင့် ကျောက်တုံးကျောက်ဆောင်သည် အစိုင်အခဲဖြစ်ခြင်းနှင့် ပေါင်းစည်းခြင်း၏ သင်္ကေတဖြစ်သည်ဟု ဆိုကြသည်။

## အိမ်ခန်း



အိမ်ခန်းကို ပြတင်းပေါက်နှင့်တကွ ယှဉ်တွဲပါဝင်စေကာ သင်္ကေတပြုလေ့ ရှိကြသည်။ ပြတင်းပေါက် ဖွင့်ထားသော အိမ်ခန်းသည် **ဖြစ်တန်စွမ်းရှိသော၊ နားလည်သဘောပေါက်နိုင်သော၊ ဖြတ်သန်းသွားလာ၍ရသော (ပြတင်းမှတစ်ဆင့် အပြင် သို့မဟုတ် ပတ်ဝန်းကျင်သို့ ဖြတ်သန်းသွားလာနိုင်ခြင်း)** သဘောသဘာဝများနှင့် အတူ ပေါင်းစည်းဆက်သွယ်နိုင်သော အဓိပ္ပာယ်ကိုလည်း ဖော်ညွှန်းတတ်ကြသည်။

အကယ်၍ ပြတင်းပေါက် ပိတ်ထားသော၊ လိုက်ကာကန့်လန့်ချထားသော အိမ်ခန်းဆိုပါက အထက်ပါသော တရား ဖွင့်ဆိုချက်များ၏ ဆန့်ကျင်ဘက် အဓိပ္ပာယ်ကို ဆောင်ယူ၏။

အလားတူပင် ယင်ဖို မသန်းသော သူ အပျိုစင် အရောအနှောမရှိ သန့်စင်ခြင်း စသည့် အဓိပ္ပာယ်ကိုလည်း ကောက်ယူနိုင်သည်။

ဆိုက်ဘေးရီးယန်း လူမျိုးများက **'မှောင်မိုက်နေသော သံမဏိအိမ်'** ဟု သုံးနှုန်းလေ့ရှိရာ၌ **ပြတင်းမရှိ (သို့မဟုတ်) ပြတင်းပေါက် ပိတ်ထားသော** အလင်းမရှိသည့် အိမ်ခန်းဟု ဆိုလိုသည်။

စိုးရိမ်ကြီးသော ခမည်းတော်မင်းကြီးက သမီးတော်အား တသီးတခြား စံမြန်းစေခြင်း၊ အစောင့်အကြပ် အထိန်းအကွပ် ထူထပ်စွာဖြင့် နေထိုင်စေခြင်းကို ရည်ညွှန်းသည်။

ယင်းသည် **အဖုံးပိတ်ထားသော ရေဘူးနှင့်** ဆင်တူသည်။ **အဖုံးပိတ်ထားသောရေဘူး**(Vase with lid) သည် တရုတ်ဗုဒ္ဓဘာသာ အယူအဆ တွင် ရတနာရှစ်ပါး အပါအဝင်ဖြစ်သော **ရတနာရေဘူး**(Bão Píng)(ပေါင်ဖျိုန်း)



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်။

အလုံးစုံသော အတွေးအခေါ် အယူအဆကို ရည်ညွှန်းလျက် ယင်းတွင် ထပ်မံ ဖြည့်စွက်စရာ မလိုတော့ဟုဆို၏။ သို့မဟုတ် မွေးဖွားသည့် အချိန်မှ စတင်၍ ကွယ်လွန်သည့်တိုင်အောင် ကာလအတွင်းရှိ အမြင့်မားဆုံးသော အောင်မြင်မှုစွမ်းရည်ဟုလည်း ဖွင့်ဆိုထားသည်။

ထို ပိတ်ထားသော ရေဘူးသည် အဖုံးဖွင့်ထားသောအခါ အထက်ပါ ဖွင့်ဆိုချက်နှင့် ဆန့်ကျင်ဘက် အဓိပ္ပာယ်သို့ သက်ရောက်၍ ပြတင်းပေါက်ဖွင့်ထားသော အိမ်ခန်းနှင့် အလားသဏ္ဍာန်တူလေသည်။

## ကြိုး



သံချိန်းကြိုးနှင့် သဘောချင်းဆင်တူသည်။ ကြိုးသည် ချည်နှောင်ခြင်းနှင့် ဆက်စပ်ခြင်းတို့၏ ယေဘုယျသင်္ကေတဖြစ်သည်။ ကြိုးကို ထုံးချည်ထားခြင်းဖြင့် ရှေးအီဂျစ်လူမျိုးတို့က လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ အမည်ကို ဖော်ပြသောသပြုကြသည်။

ကြိုးထုံးပုံစံအရ လူတစ်ယောက်၏ အမည်၊ မျိုးရိုးအမည် စသည်တို့ကို ခန့်မှန်းသိရှိနိုင်သည်။ ကြိုးထုံးယူရာ၌ အထုံးအဖုများအပြင် လေးကိုင်း၊ ဒရုံ၊ ခါးပတ် စသည်ဖြင့် အဆင်တန်ဆာအမျိုးမျိုးကိုလည်း အသုံးပြုဖော်ပြတတ်ကြသည်။

**ငွေရောင်အထုံး** (သို့မဟုတ်) ငွေရောင်ငွေထည် ပစ္စည်းလေးများ ဆင်မြန်းထားပါက '**အလွန်တရာနက်ရှိုင်းစွာ**'ဟု ဖိသေသပြုခြင်းဖြစ်သည်။

နှလုံးသားအတွင်းမှ မိမိ၏ အတွင်းသန္တာန် စိတ်ရင်းစေတနာမှ နက်နက်နဲနဲ လှိုက်လှိုက်လှဲလှဲ ရှိခြင်းကို ဖော်ပြသည်။

အကြောင်းသော်ကား **အလယ်ဗဟို**(Centre)ကို **ငွေနန်းတော်**(Silver Place)ဟု သုံးနှုန်းတတ်သောကြောင့် ဖြစ်သည်ဆို၏။

## နှင်းဆီပန်း



ပြည့်စုံခြင်း၊ အောင်မြင်ပြီးစီးခြင်း အထိမ်းအမှတ်ဖြစ်သည်။ နှင်းဆီပန်း၏ အရောင်နှင့် ပွင့်ဖတ်အရေအတွက်များအရလည်း အထူးပြု ခွဲခြားနိုင်သေးသည်။

ဥပမာအားဖြင့် အဖြူရောင်နှင်းဆီသည် ပကတိသဘောဆောင်ခြင်း၊ အပြာရောင်နှင်းဆီသည် **ဖြစ်နိုင်ခြေမရှိ**=စိတ်ကူးယဉ်ဆန်ခြင်း၊ ရွှေရောင်နှင်းဆီ (သို့မဟုတ်) ရွှေဖြင့် ပြုလုပ်ထားသော နှင်းဆီသည် ပြီးပြည့်စုံသော အောင်မြင်မှု စသည်ဖြင့် အဓိပ္ပာယ်ဖော်ကြသည်။

ပွင့်ဖတ်အရေအတွက် ခုနစ်ဖတ်ပါဝင်ပါက ခုနစ်ရက်၊ ခုနစ်လ၊ ခုနစ်ဦး စသည်တို့ကို ရည်ညွှန်း၍ ရှစ်ဖတ်ပါဝင်သော နှင်းဆီပန်းသည် '**ပြန်လည်ရှင်သန်ခြင်း**'အသစ်တစ်ဖန် သက်ဝင်တက်ကြွလာခြင်း စသည်ဖြင့် ကောက်ချက်ပြုကြလေသည်။

ဟူဂျင်းဖီ

စာမျက်နှာ (၁၈၈)မှ အဆက်

တေးသီချင်းပြိုင်ပွဲ၊ အရေးပြိုင်ပွဲမှာပါ ပါဝင်ယှဉ်ပြိုင်ပြီး အထူးဆုများ ရခဲ့တယ်။

ပြည်ထဲရေးဝန်ကြီးဌာန၊ မူခင်းကျဆင်းရေးနဲ့ သတင်းထုတ်ပြန်ရေးကော်မတီက ကျင်းပတဲ့ တေးသီချင်းပြိုင်ပွဲမှာ ပါဝင်ရေးသား သီဆိုယှဉ်ပြိုင်ခဲ့တာ ပထမဆု၊ ဒုတိယဆုများ ရခဲ့တယ်။

**ဘဝတစ်လျှောက်လုံး အရက်မသောက်၊ ဆေးလိပ်မသောက် ရှောင်ခဲ့တဲ့အတွက် အသံပျက်ခြင်း မရှိပါဘူး။ အသက်ကြီးပေမယ့် အသံကြည်လင်နေဆဲ ရှိပါတယ်၊ နေ့စဉ် နံနက်တိုင်း သရဂမ ပုတီး(၃)ပတ်စိပ်ခြင်း၊ [illegible] မှန်မှန်လုပ်ခဲ့တယ်။**

ရှေ့ရည်ရွယ်ချက်ကတော့ ယခင် အောင်မြင်ခဲ့တဲ့ တေးသီချင်းကောင်းများကို ပြန်လည်ရွေးချယ် သီဆိုပြီး ဗီစီဒီရိုက်ဖို့ စီစဉ်ထားပါတယ်။

ဒါ့အပြင် ဗီဒီယို၊ ရုပ်ရှင်ဒါရိုက်တာ ပညာရပ်များ ဆည်းပူးပြီး ဒါရိုက်တာလုပ်ငန်း လုပ်ကိုင်ဖို့ကိုလဲ စိတ်ကူးထားပါတယ်။

ဂီတအနုပညာနယ်မှာ အောင်မြင်ကျော်ကြားနိုင်သလားဆိုတာ သီချင်းရင်သင့်ရဲ့ လက်ဖဝါးပြင်နဲ့ ယခု ဖော်ပြခဲ့တဲ့ ကျောက်ပန်းတောင်းကျော်လွင်ရဲ့ လက်ဖဝါးပြင်တို့ကို တိုက်ဆိုင်ကြည့်ပေတော့။

*လက္ခဏာပညာသုတ တိုးပွားကြပါစေ*

*အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...*

ဆရာကြီး ဦးအောင်မြိုင်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ



www.burmeseclassic.com

www.burmeseclassic.com



# အလောင်းထမ်းမွေးခြင်း အတွက်

ဤသို့ ယကြာဖြူပါ



**လွန်ခဲ့သော နှစ်ငါးဆယ်ခန့် ကာလ...**

အဘွား(အမေ၏မိခင်)သည် ဈေးဝယ်ရန် လာသည့်အခါတိုင်း ဈေးရှေ့ရှိ ကျွန်တော်တို့အိမ်သို့ ဝင်ရောက်လေ့ရှိသည်။

ကျွန်တော်တို့အတွက် အုန်းထမင်းချိုး၊ မာလကာသီး စသည့် စားစရာကလေးများလည်း ယူလာတတ်သလို ရှေးဟောင်းနှောင်းဖြစ်များလည်း ပြောပြတတ်သည်။

အဘွားသည် သီပေါမင်း၏ အပါးတော်မြဲ အမတ်ငယ်တစ်ဦးဖြစ်သော ဦးဖေခင်၏သမီး ဖြစ်လေရာ နန်းဓလေ့အကြောင်း၊ မြန်မာမှုရှေးအယူအဆများ အကြောင်းလည်း ပြောပြတတ်သည်။

တစ်နေ့တွင် ကျွန်တော်တို့အတွက် ထူးဆန်းသော စကားတစ်ခွန်းကို ကြားရ၏။

'သားတို့ အစ်မငယ် မမွေးခင်က အဘွားမှာ ခြံထဲညောင်ပင်ကြီးက ရက္ခစိုးဆီမှာ ဆုတောင်းလိုက်ရတာ။ သမီးမိန်းကလေး မွေးပါစေလို့'

'ဘာဖြစ်လို့လဲ အဘွား'

'ယောကျ်ားလေး မွေးခဲ့ရင် ဘူးစင်ထမ်းဖြစ်သွားမယ်။ သားလေးယောကျ်ားဖြစ်သွားတော့ ဘူးစင်( အလောင်းစင် )ထမ်းပြီး သင်္ချိုင်းမှာ ပျက်စီးတတ်တယ်လို့ ရှေးမြန်မာ အယူအဆရှိသကွယ်။ အောက်နယ်( စစ်တောင်းမြစ်တောင်ပိုင်းဒေသများ )မှာတော့ အစွဲအလမ်းမရှိကြပါဘူး'

ကျွန်တော်တို့ မိသားစုတွင် အစ်မကြီးတစ်ဦး၊ အစ်ကိုသုံးဦးနှင့် အစ်မငယ်တစ်ဦး ရှိလေရာ အစ်မငယ် မမွေးမီ အဘွား၏ စိုးရိမ်စိတ်ကို ပြောပြခြင်းဖြစ်သည်။

'တကယ်လို့ ယောကျ်ားလေး မွေးခဲ့ရင် ဘယ်လိုလုပ်မလဲ အဘွား'

'အဲဒါဆိုရင် အိမ်ရှေ့မှာ ခေါင်ရန်းပန်းစိုက်ပေးရတယ်'

'ဟင် ခေါင်ရန်းပန်းက မသာပန်းမဟုတ်ဘူးလား'

ဟု အစ်ကိုကြီးက မေးလိုက်ခြင်းဖြစ်သည်။ ကျွန်တော့်ထက် (၁၂)နှစ်မျှကြီးသူဖြစ်ရာ လောကထုံးဓလေ့အကြောင်း ကောင်းစွာသိနေပြီဖြစ်သည်။

'မဟုတ်ဘူးသားရဲ့၊ ရှေးခေတ်က အာဏာသားတွေ ရာဇဝတ်သားကိုကွပ်မျက်ဖို့ တစပြင်ကို ခေါ်လာတဲ့အခါ နားမှာ ခေါင်ရမ်းပန်း ပန်ထားရင် မိဖုရားခေါင်ကြီးဆီကို အသနားခံလို့ရတယ်။

မိဖုရားခေါင်ကြီးက သနားတော်မူလို့ ခေါင်းရမ်းလိုက်ရင် သတ်မိန့် ပယ်ဖျက်ပြီး လွတ်ငြိမ်းချမ်းသာခွင့်ရသကွယ်။ ဒါကြောင့် ခေါင်းရမ်းပန်းလို့ခေါ်ကြတာပဲ။ (ယခုခေတ်တွင် ခေါင်ရန်းဟူ၍ ရေးသားကြသည်။)

အလောင်းစင်မှာ ခေါင်ရန်းပန်းတွေ ဆင်ရတာက နောင်ဘဝ လူဖြစ်လို့ ဥပဒ္ဒေဒကကံမျိုး ကြုံလာရင် မိဖုရား ခေါင်ကြီး ခေါင်းရမ်းသလို သေဘေး လွတ်ကင်းပြီး ကုသိုလ်ဆက် သလောက် နေခွင့်ရအောင် နိမိတ် ကောင်းယူပြီး အလှဆင်တာပဲ။

ဒါကြောင့် အိမ်ရှေ့မှာ ခေါင်ရန်းပန်း စိုက် ထားလိုက်ရင် ဘူးစင်ထမ်းအဖြစ်က ဝေယျာဝစ္စထမ်းဖြစ်ပြီး ဆိုးကျိုးတွေ ပျော တာပေါ့'

ဒုမင်္ဂလာကိစ္စဖြစ်သော ဘူးစ (အလောင်းစင်) ထမ်းခြင်းအဖြစ် သုမင်္ဂလာကိစ္စဖြစ်သော နားသမင်္ဂလာ ထိမ်းမြားမင်္ဂလာ စသည်တို့၌ သ သမီးနင်းသည့် ဝေယျာဝစ္စထမ်းအဖြ ပြောင်းလဲသွားသည်ဟု ဆိုလို သည်။

**(နက္ခတ္တရောင်ခြည်မဂ္ဂဇင်း အမှ (၃၂၀)နှင့် အမှတ်(၃၂၂)တို့တွ ပါရှိသော အလောင်းထမ်းမွေးခြင် ဆောင်းပါးများကို ဖတ်ရှု၍ ဤစာ ကို ရေးသားပါသည်။)**

**ကိုစိုးဆန်း**



www.burmeseclassic.com

www.burmeseclassic.com

# ဆရာကြီး မင်းယကု

၏ ဘဝအတွေ့အကြုံများ

( ၁၉ )

ဆရာကြီးမင်းယကု
(တိုက်ပွဲဝင်)



ယခင်လမှ အဆက်

'ရပါတယ် ဆရာရယ်၊ ကျွန်တော်
ဒီလို ဝတ်ရတာပဲ
အားရတယ်။ ဒီလို
တ်ပြီးလာတာ ကြာပါပြီ။
ာမှ မဖြစ်ပါဘူး။
ိတ်ချစမ်းပါ ဆရာရယ်'

ဟု ပြောလိုက်ပါသေးသည်။

သိုင်းသင်တန်းဆင်းပွဲတွင် သိုင်းသင်တန်းဆင်း က်မှတ်များကို မော်လမြိုင်ကျွန်းမြို့နယ် ည်သူ့ရဲတပ် ဖွဲ့စခန်းမှူး ကို [မြို့နယ် သိုင်းဆပ် ကော်မတီ ဥက္ကဋ္ဌ (လက်ဝှေ့ချန်ပီယံ၊ အာရှကော့)] က ချီးမြှင့်ပေးပါသည်။

စခန်းမှူး ဇေကိုမှာ စာရေးသူနှင့် င်မင်ရင်းစွဲရှိသူဖြစ်၍ သူ့အား အကူ ညီ တောင်းရပါသည်။ မော်လမြိုင် ျွန်းမြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့ ုပ်ချုပ်ရေးမှူး ဦးကြည်မြင့်(စာရေးသူ ှင့် ရန်ကုန် ဝ/သ တက္ကသိုလ်တွင် ို်မာစာဖြင့် ဝိဇ္ဇာဘွဲ့ အတူတူယူခဲ့သူ ဖြစ်ပြီး သိုင်းတပည့်ဖြစ်သူ)နှင့် မော်လမြိုင်ကျွန်းမြို့နယ် မြို့နယ် ်ဂျင်နီယာ ဦးထွန်းငွေတို့လည်း က်ရောက်အားပေးကြပါသည်။ သူ ို့က အစိုးရမော်တော်ဖြင့် လာရောက် ကြခြင်း ဖြစ်ပါသည်။

လက်မှတ်ပေးပွဲပြီးတော့ သိုင်းပညာ ုပ်ပြပွဲ အစီအစဉ် ဖြစ်ပါသည်။ ျသင်သိုင်းသင်တန်းမှ သိုင်းသင် န်းဆင်းများကလည်း သူတို့ တ်မြောက်ထားသော သိုင်းပညာ ရပ်များကို အသီးသီး ပြကြသည်။ ကျေးရွာလူထုကြီးကလည်း ကိုယ့်တူ၊ ကိုယ့်သားများ၏ သိုင်းသင်တန်းဆင်း ပွဲဖြစ်၍ လက်ခုပ်သံ တဖြောင်းဖြောင်း ဖြင့် အားပေးကြသည်။

ဆရာတော် ဦးကောအဖွဲ့မှ ဆရာ ချစ်တင်နှင့် ဆရာမျိုးမြင့်တို့ ဦးဆောင် သော သိုင်းသရုပ်ပြအဖွဲ့ကလည်း လေ့ကျင့်ထားသော သိုင်းပြကွက်များ ကို ပြသကြသည်။ ပရိသတ်ကြီးက လည်း လက်ခုပ်သံ တဖြောင်းဖြောင်း ဖြင့် အားပေးကြသည်။

စာရေးသူကလည်း ဓားတစ်လက် သိုင်းကစားကွက်၊ ဓားနှစ်လက်သိုင်း ကစားကွက်နှင့် တုတ်ရှည်သိုင်း ကစားကွက်တို့ကို ကစားပြသည်။ ဒီလို နှင့် ဆရာချစ်တင်နှင့် ဆရာထွေး သောင်းတို့၏ ပြကွက်သို့ ရောက်ရှိ လာပေပြီ...

'ဆရာဦးချစ်တင်နဲ့ ဆရာဦးထွေးသောင်းတို့ရဲ့ ပလောင်ရိုးရာ ကြိုးဆက်တုတ်သိုင်း (ခေါ်) ခွမ့်ဟောကပ်နဲ့ လုံရှည်တိုက်ကွက်ဖြစ်ပါတယ် ခင်ဗျား'

ဟူသော ကြေညာသံကို လော်စပီ ကာမှ ထွက်ပေါ်လာပါသည်။ ကြေညာ သံ ဆုံးသည်နှင့် ဇာတ်စင်တစ်ဖက် ထိပ်မှ ဆရာချစ်တင်က ထွက်လာပြီး ခွမ့်ဟောကပ် တစ်ကိုယ်တော် ကွက် ပျောက်ကစားကွက်ကို ကျွမ်းကျင်စွာ ကစားပြပါသည်။

ဆရာထွေးသောင်းကလည်း ဇာတ် စင်တစ်ဖက်မှ ထွက်လာပြီး လုံရှည် သိုင်းကို ကျွမ်းကျင်စွာ ကစားပြပါ သည်။ မိမိတို့ ဆွဲကိုင်သော လက်နက် တို့ကို အသီးသီး ကျွမ်းကျွမ်းကျင်ကျင် လှပစွာ ကစားပြပြီးသည်နှင့် နှစ်ဦးသား တိုက်ခိုက်ယှဉ်ပြိုင်ရန် ရင်ဆိုင်လိုက်ကြ ပါသည်။





www.burmeseclassic.com

www.burmeseclassic.com

လှံရှည်သမားက ထိုးသည်၊ အရိုးဖြင့် ရိုက်သည်။ ခွမ့်ဟော့ကပ်သမားက သံကြိုးဖြင့် ခံသည်၊ တုတ်တိုနှစ်ချောင်းဖြင့် ရိုက်သည်၊ တားသည်၊ ဖယ်သည်။ နှစ်ယောက်သား အပြန်ပြန်အလှန်လှန် တိုက်ကြသည်။

ကြည့်ရသူများမှာတော့ အသည်းတယားယား ရင်တလှပ်လှပ်။ စာရေးသူပင် သူတို့နှစ်ယောက်၏ ပြကွက်ကို ကြည့်ပြီး ရင်မောနေသည်။ စိုးရိမ်နေမိသည်။ အဆင်မှ ပြေပါ့မလား၊ ချော်များသွားမလား၊ မှားများသွားမလား၊ ရှောရှောရှူရှူနှင့် ပြီးသွားပါ့မလား ဟူသော စိုးရိမ်စိတ်တို့က လွှမ်းကဲနေပါသည်။

တပည့်တို့၏ ကစားကွက်ကို ဆရာတစ်ယောက်အနေဖြင့် စိတ်အေးလက်အေး ထိုင်မကြည့်နိုင်ပါ။ အသည်းတယားယား ရင်တမမဖြင့် ကြည့်နေရပါသည်။

ဆရာ ချစ်တင်ကလည်း ကြိုးကြိုးစားစား အပင်ပန်းခံ လေ့ကျင့်ထားမှန်း သိသာပါသည်။ ကစားကွက်များကို စည်းကိုက်ဝါးကိုက် မမှားဘဲ ကစားနိုင်ပါသည်။

စာရေးသူ၏ ကစားကွက်အတိုင်း လျှင်လျှင်မြန်မြန် သပ်သပ်ရပ်ရပ် ကစားနိုင်ပါသည်။ စာရေးသူ (မင်းယက္ခ)၏ ကိုယ်ပွားဟုပင် ပြောနိုင်ပါသည်။

ဆရာထွေးသောင်းနှင့် တွဲဖက်ညီနေပါသည်။ သရုပ်ပြ တိုက်ကွက်များတွင် တစ်ယောက်တည်း တော်နေ၊ ကောင်းနေ၍ မရပါ။ နှစ်ယောက်ကစားလျှင် နှစ်ယောက်စလုံး မှန်မှ၊ စည်းဝါးကိုက်မှ ရသည်။

သုံးယောက် ကစားလျှင် သုံးယောက်လုံး ကောင်းမှ၊ မှန်မှ ရပါ



သည်။ အခုပွဲတွင် ဆရာချစ်တင်နှင့် ဆရာထွေးသောင်းတို့မှာ အတွဲညီညီ ပြသနိုင်ကြပါသည်။

တိုက်ကွက်အရ နောက်ဆုံးအခန်းတွင် ခွမ့်ဟော့ကပ်သမား(ဆရာချစ်တင်)က ဆရာထွေးသောင်း ထိုးလိုက်သော လှံသွားကို သံကြိုးဖြင့် ဘေးသို့ ကာထုတ်လိုက်ပြီး ထိုသံကြိုးဖြင့်ပင် လှံကို တုပ်နှောင်ပြီး ဆွဲပစ်လိုက်ရသည်။

လှံရှည် လွင့်ထွက်သွားသောအခါ လှံရှည်သမားက ခြေဖြင့် ခတ်ကန်လိုက်ရာ ခွမ့်ဟော့ကပ်သမားက သံကြိုးဖြင့် ကန့်လန့်ခံ တားလိုက်ရသည်။

ထို့နောက် လက်သီးဖြင့် ထိုးလိုက်ရာ ခွမ့်ဟော့ကပ် အလယ်သံကြိုးဖြင့် (ကြိုးကို ဒေါင်လိုက်ထောင်၍) တားကာလိုက်ပြီး လှံရှည်သမား၏ လည်ပင်းကို သံကြိုးဖြင့် ရစ်ပတ်၍ ဖမ်းသတ်သောအကွက် ဖြစ်ပါသည်။

ထို့နောက် လှံရှည်သမား၏ တံကောက်ခွက်ကို ခြေဖြင့် ဆောင့်နင်း၍ လည်ပင်းကို တင်းတင်းဆွဲပြခြင်းဖြင့် အသေသတ်ပြသော ပြကွက်ဖြစ်၍ လက်ခုပ်သံ တဖြောင်းဖြောင်းဖြင့် သဘောကျသောပြကွက် ဖြစ်သည်။

လည်ပင်းကို သံကြိုးဖြင့် ဆွဲရစ်သတ်ခံရသော လှံရှည်သမားကလည်း လက်ကားရား၊ ခြေကားရားဖြ… ဆန့်ငင်ဆန့်ငင်ဖြင့် အကယ်ဒမီ… ဖြင့် သေပြသောကြောင့် ထိုပြကွက်ကို လူကြိုက်များလှသည်။ ပြပွဲပြီးသည်နှ… ထောမနာပြုကြမည်၊ ချီးကျူးကြမည်… လူအထင်ကြီးမည်။ ဂုဏ်ရှိပေ… တကား။

ခုတော့… ခုတော့ ထင်သလို ဖြ… မလာ။ မှန်းချက်နှင့် နှမ်းထွက် မကိုက် ဖြစ်ရသည်။

ဆရာထွေးသောင်းက လှံဖြင့် ထိုးသတ်လိုက်သည်နှင့် ဆရာချစ်တင်က ခွမ့်ဟော့ကပ် အလယ်သံကြိုးဖြင့် တားဖယ်လိုက်ပြီး ထိုသံကြိုးဖြင့်ပင် လှံကို တုပ်နှောင်ပြီး ဆွဲပစ်လိုက်သည်။ လှံရှည်သည် ဇာတ်ခုံတစ်ဖက်ထောင့်သို့ ရောက်ရှိသွားသည်။

ဒီအထိ အမှားအယွင်းမရှိ သပ်ရပ်ကောင်းမွန်နေဆဲ။ နောက်ဆုံး တိုက်ကွက် အသားရယူမည့် ပြကွက်လာပြီ။ နှစ်ယောက်သား မျက်နှာချင်းဆိုင်၍ ခုခံကာကွယ်ရန် အသင့်ပြင်ထားကြသည်။ တစ်ယောက်ကိုတစ်ယောက် အလွတ်မပေးတမ်း ကျားချောင်း ချောင်းနေကြသည်။

ဆရာထွေးသောင်းက ခြေစုံဖြင့် ခတ်ကန်လိုက်သည်။ ဆရာချစ်တင်က ခွမ့်ဟော့ကပ် အလယ်ဆက် သံကြိုးကို တင်းတင်းဆွဲ၍ ကန့်လန့်ခံလိုက်သည်။ ဆရာထွေးသောင်းက လွတ်ဟာနေသော မျက်ခွက်ကြီးကို ညာဖြောင့်လက်သီး ပစ်သွင်းလိုက်သည်။

ဆရာချစ်တင်က သူ၏ ညာလက်ကောက်ဝတ်ကို ခွမ့်ဟော့ကပ် အလယ်ဆက် သံကြိုးဖြင့် ဒေါင်လိုက်ကာထားပြီး ညာဘက်မှ ကိုင်ထားသော တုတ်တိုကို သူ့ခေါင်းနောက်…



www.burmeseclassic.com

www.burmeseclassic.com

ကျော်၍ လည်ပင်းကို ရစ်ပတ်လိုက်ကာ ဘယ်တုတ်စ၊ ညာတုတ်စကို တင်းတင်း ဆွဲလိုက်ပါသည်။

သံကြိုးမှာ လည်ပင်းဆီသို့ မရောက်သွားဘဲ ဆရာထွေးသောင်း၏ ပါးစပ်ထဲသို့ ရောက်သွားပါသည်။ ဝင်လာသော သံကြိုးကို ပါးစပ်အပြင်သို့ ရောက်ရန် အတင်းဆွဲထုတ်နေရပါသည်။

မြင်းကို ဇက်ကြိုးဆွဲထား၍ မြင်းမှာ ပါးစပ်ကြီးပြဲပြီး ယက်ကန်ယက်ကန် ဖြစ်နေသလို ဆရာထွေးသောင်းမှာလည်း ပါးစပ်ကြီးပြဲပြီး တအားအား အော်ရင်း ရုန်းကန်နေရပါသည်။

ဆရာချစ်တင်ကတော့ ဒါတွေကို မသိပါ။ သူက ကြိုးကို တင်းတင်းဆွဲပြီး ပရိသတ်ဘက်ကို လှည့်ပြလိုက်ရာ... လှည့်နေစဉ်အတွင်း သူ၏ခါးမှ ဖဲဘောင်းဘီအနက်ကြီးမှာ ခါးပတ်အောက်မှ လွတ်သွားပြီး ရုတ်တရက် လျှောခနဲ ကျွတ်ကျသွားရာ ပရိသတ်ကြီးမှာလည်း ဟာခနဲ အော်လိုက်ရာ ဘဝါးဝါး တဟားဟား ရယ်မောနေကြသဖြင့် 'ဟေ့ ဟေ့ ကားလိပ်ချလိုက်၊ ကားလိပ်ချလိုက်' ဟု ကသောကမျော ပြောလိုက်ရုံမှတစ်ပါး အခြား မရှိပါပြီ။ **[ဆရာ ဦးချစ်တင်ရေ အမှန်တရားတွေ ဖွင့်ချမိတဲ့အတွက် ခွင့်လွှတ်ပါလို့ တောင်းပန်ရင်း...]**

## မြင်းကချောင်းကျေးရွာ သိုင်းပြပွဲ အမှတ်တရ

စာရေးသူ(မင်းယက္ခ)သည် ၁၉၇၄ ခုနှစ်တစ်ဝိုက်က ရောဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့ပေါ်ရှိ ကန္တာရကျောင်းဆရာတော် ဦးကောဦးကောသလ္လ)၏ ဖိတ်ကြားချက်အရ နှစ်စဉ်နှစ်တိုင်း မော်လမြိုင်ကျွန်းမြို့



ပေါ်နှင့် ကျေးရွာအုပ်စုများတွင် သိုင်းသင်တန်းများ သွားရောက် ပေးခဲ့ဖူးကြောင်း ယခင်ဆောင်းပါးတွင် တင်ပြခဲ့ပြီး ဖြစ်ပါသည်။

ယခု တင်ပြမည့် အကြောင်းအရာမှာ မော်လမြိုင်ကျွန်းမြို့နယ်၊ မြင်းကချောင်းကျေးရွာတွင် ကျေးရွာဆယ့်တစ်ရွာ စုပေါင်း၍ ပြည်ထောင်စုနေ့ အထိမ်းအမှတ် သိုင်းပြပွဲနှင့် ပဒေသာကပွဲ ကျင်းပစဉ်က အဖြစ်အပျက် ဖြစ်ပါသည်။

မော်လမြိုင်ကျွန်းမြို့နယ် ထိုစဉ်က ကောင်စီလုံခြုံစီမံဥက္ကဋ္ဌ ဦးစံငြိမ်း၏ မေတ္တာရပ်ခံချက်အရ မြင်းကချောင်းကျေးရွာကြီးတွင် ကျေးရွာအုပ်စု (၁၁)စု စုပေါင်း၍ ပြည်ထောင်စု အထိမ်းအမှတ် ပွဲကြီး ကျင်းပပြုလုပ်မည် ဖြစ်သည်။

ပထမပိုင်းတွင် သိုင်းပြပွဲ အစီအစဉ်ဖြစ်ပြီး ဒုတိယပိုင်းအစီအစဉ်တွင် ကျေးရွာပေါင်းစုံမှ ယိမ်းအကများ၊ ကရင်ဒုံးအကများ၊ ပဒေသာကပွဲများ၊ တေးသီချင်းများ ပါဝင်ပါသည်။ ဇာတ်စင်ကြီးထိုး၍ ခမ်းခမ်းနားနား ကပြမည် ဖြစ်ပါသည်။ သိုင်းပြပွဲကို တစ်နေရာတွင် ပြသမည် ဖြစ်ပါသည်။

သိုင်းပြပွဲအတွက် ဇာတ်စင် ပြုလုပ်ထားပုံမှာ ဖြစ်ကတတ်ဆန်း နိုင်လှပါသည်။ ကတ္တရာပုံး(စည်ပိုင်း)များအပေါ်တွင် သစ်သားဆင့်တန်းများတင်၍ သစ်သားဆင့်တန်းများ အပေါ်မှ (၆လက်မ × ၁လက်မ) သစ်သားပြားများကို ခင်းထားခြင်း ဖြစ်ပါသည်။

သံရိုက် မထားပါ။ ပျဉ်ပြားအစွန်းချင်း ထပ်၍ ခင်းထားပါသည်။ ယင်းပျဉ်ပြားအပေါ်မှ တာလပတ်ကို ခင်းထားပါသည်။ အလွန်ပင် အန္တရာယ်များသောဇာတ်စင် ဖြစ်ပါသည်။

သိုင်းပညာ ပြသမည့်သူများမှာ များများစားစား မရှိပါ။ စာရေးသူ(ဆရာမင်းယက္ခ)နှင့် တပည့်ကြီး ဆရာထွေးသောင်းတို့ နှစ်ယောက်သာ ပြသမည့်သူ ရှိပါသည်။

ပြသမည့် သိုင်းဆရာနှင့် သိုင်းအဖွဲ့များကို ဖိတ်ကြားသော်လည်း လာရောက် စာရင်းမပေးကြပါ။ ထို့ကြောင့် နည်းနည်းနှင့် ကျဲကျဲ ဝိုင်းရပါတော့သည်။ စာရေးသူ(မင်းယက္ခ)က တတ်သမျှ၊ မှတ်သမျှ ပညာရပ်တို့ကို အစီအစဉ် (၁၈)ခုဖြင့် တင်ပြခဲ့ပါသည်။

ဆရာ ထွေးသောင်းက ဓားတစ်လက်သိုင်း၊ ဓားနှစ်လက်သိုင်း၊ တစ်ကိုယ်တော်ပြကွက်များနှင့် စာရေးသူနှင့် (ဘာတစ်ပြန်၊ ကျားတစ်ပြန် ဗန်တိုတိုက်ကွက်)တို့ကို ပြသခဲ့ပါသည်။

စာရေးသူက ရှမ်းကြီးသိုင်း၊ ရှမ်းတရုတ်သိုင်း၊ မြောက်ပိုင်းရှမ်းသိုင်း၊ သိုင်းပြောင်းပြန်၊ ပအိုဝ်းသိုင်း၊ ပလောင်တိုင်းရင်းသားရိုးရာသိုင်း၊ ဗန်းမော်သိုင်း စသည့် သိုင်းပညာရပ်တို့၊ တုတ်၊ ဓား၊ လက်၊ လှံ၊ ကြိုး စသည့် လက်နက် (၅)မျိုးတို့ကို ကစားပြခဲ့ပါသည်။ လွန်စွာပင်ပန်းပြီး တာဝန်လည်း ကြီးလှပါသည်။

ရှေ့လ ဆက်ဖတ်ပါရန်

**ဆရာကြီး မင်းယက္ခ**
***(တိုက်ပွဲဝင်)***



www.burmeseclassic.com

www.burmeseclassic.com



နတ်မောက် လှမြင့်သစ်

# နို့ဘီလူးနှင့်

ပတ်သက်၍

'**နို့ဘီလူး**'ကို သိဖူးကြားဖူးသူများ ရှိသလို မသိဘူး၊ မကြားဘူးသူများလည်း များစွာရှိပါသည်။ စာရေးသူမှာ ကြားဖူးသိဖူးထားသော်လည်း ဂဃနဏ မသိခဲ့သည်မှာ အမှန်ပင် ဖြစ်ပါသည်။

စာရေးသူ၏ မိတ်ဆွေ ဦးမင်းဆွေမှ နို့ဘီလူးနှင့် ပတ်သက်၍ သူ သိကြုံခဲ့ရသမျှ ပြောပြ၍ ဗဟုသုတ ဖြန့်ဝေတင်ပြလိုက်ပါသည်။

'နို့ဘီလူးဆိုတာ လူမှာရော၊ တိရစ္ဆာန်မှာပါ ရှိတတ်တယ်ဗျ။ ဒီလိုဗျာ။ မိခင်က ရင်သွေးရတနာ ဖွားမြင်တယ်။ ဖွားမြင်တဲ့အခါမှာ နို့ရည်တိုက်ကျွေးတယ်။ ဒါ သဘာဝဓမ္မတာပဲလေ။

ဒါပေမယ့် အဲဒီရင်သွေးဟာ မိခင်နို့စို့လေ ရောဂါရလေ ဖြစ်လာတယ်။ များများစို့လေ ကျန်းမာရေးချူချာ၊ ဝမ်းလျှော၊ ပိန်ချုံးနဲ့ နောက်ဆုံးမှာ ဘာရောဂါရယ်လို့ ပြောပြမရ ရှာဖွေမရတဲ့ဖြစ်ပြီး အဲဒီ ရင်သွေးဟာ ဆုံးပါးသွားတတ်တယ်ဗျ'

'ဒါဆိုရင်ဗျာ နို့ဘီလူးဖြစ်နေတဲ့ မိခင်မှာ ရင်သွေးကို ရှင်သန်အောင် ဘယ်လို မွေးမြူစောင့်ရှောက်ရမလဲ'

'ကျွန်တော့်အတွေ့အကြုံ ပြောရမယ်ဆိုရင် ကျွန်တော့်ကြီးတော်တစ်ယောက်ဟာ နို့ဘီလူးပဲဗျ။ ပထမ သားလေးမွေးတယ်။ ဖွားဖက်တော်ကာလဲ မရဏာဖွားလေ။ မိခင်ကလဲ နို့ဘီလူးဖြစ်နေတော့ မွေးစကစပြီး ချူချာလိုက်တာ။ တစ်ဆွေလုံး တစ်မျိုးလုံးကို သဲသဲလှုပ် ပြုစုရတယ်။ ဆေးတွေဝါးတွေလဲ စုံလို့ပေါ့ဗျာ။

ဒါပေမယ့် သုံးလသားအရွယ်မှာ
ကလေးဟာ နို့စို့ရင်းကို ဆုံးပါးသွား
ရတယ်။ သားဦးမှာ ရှုံးနေတ
ကြီးတော်ဟာ ငိုလို့မဆုံးပေါ့ဗျာ
ငိုလွန်းလို့ ကြီးတော်မှာ
မီးယပ်ခေါင်းကိုက်ရော
စွဲလို့ တော်တော်
ဆေးကုယူခဲ့ရသေးတယ်
ဒီလိုနဲ့ နောက် နှစ်,နှစ်ကျော် သုံးနှ
လောက်ရှိတော့ ကြီးတော်ဟာ သမီး
လေးတစ်ယောက် မွေးဖွားပြန်တယ်
နှစ်လသမီးအရွယ်ထိ ကလေးဟာ
ကျန်းကျန်းမာမာလေးပဲ။

နှစ်လကျော် သုံးလလောက်စပြီ
ကလေးဟာ ဝမ်းပျက်ဝမ်းလျှော
ဖြစ်လာတယ်။ ကလေးပါရဂူဆီ
ပြတယ်။ မြန်မာဆရာများထံလဲ ရော
တယ်။ ဝမ်းပျက်ဝမ်းလျှော ကလေးမှ
ဖြစ်နေတာဟာ မိခင်က အစာ
မဆင်ခြင်လို့ဆိုပြီး ကြီးတော်မှာ အစာ
ရှောင်ရတာလဲ မနည်းဘူး။ ထမင်း
ဆမ်း ဆားဖြူးလောက်နဲ့ ပြီးတာ
များတယ်။

နှစ်ပတ်,သုံးပတ်အတွင်းမှာ ကလေး
ကလဲ ပိန်ချုံးကျသွားတယ်။ ကြီးတော်
မှာလဲ အရိုးပေါ် အရေတင် ဆိုသ
ပိန်သွားလိုက်တာများဗျာ။ အဲဒီ သမီး
လေးဟာလဲ အဖတ်မတင်ပါဘူး။ ငါး
ကျော်,ခြောက်လထဲမှာ ဆုံးပါးသွား
တယ်ဗျာ။

အဲဒီလိုဖြစ်ပြီး တစ်နှစ်ကျော် နှစ်,နှ



www.burmeseclassic.com

www.burmeseclassic.com

ကျော်လောက်မှာ တတိယကိုယ်ဝန်ကို ကြီးတော် ဆောင်ထားတဲ့အချိန် ရွာက အဘွား ဒေါ်ရွှေရည် ရောက်လာတယ်။

"ဟဲ့ သန်းမေ နင့်မှာ သားသမီးမွေးပြီး အဖတ်မတင်ဖြစ်နေတယ် ကြားလို့ ငါလာခဲ့တာအေ့။ ညည်းနို့ဟာ နို့ဘီလူးများ ဖြစ်နေသလားယဲ့။

ဒီတစ်ခါ သားသမီးမွေးရင် ညည်းနို့ကို မတိုက်နဲ့။ နွားနို့နဲ့ ဆိတ်နို့ ဒါမှမဟုတ် အခြား မိခင်တစ်ယောက်ကို အဟာရ ထောက်ပံ့ပေးပြီး နို့တိုက်ခိုင်းဟေ့။ ဒါဆိုရင် အဖတ်တင်လိမ့်မယ်"

လို့ ပြောတယ်ဗျ။ ကျွန်တော်လဲ အဲဒီမှာ နို့ဘီလူးဆိုတာကိုစပြီး ကြားဖူးတာပဲ။ ဟုတ်မှုဟုတ်ရဲ့လား၊ မိခင်တိုင်းဟာ ရင်သွေးကိုချစ်တဲ့ မေတ္တာစိတ်ကြောင့် အနီရောင်သွေးသားက နေ အဖြူရောင်နို့ရည်အဖြစ် ပြောင်းလဲပြီး နို့ချိုတိုက်ကျွေးကြတာပဲ။

ဒီနို့ရည်ကြောင့် ရင်သွေးသေရ၊ ပျက်စီးရတယ်။ နို့ဘီလူးလို့ခေါ်တယ် ဆိုတာ မယုံသလိုပါဘဲ။

ဒါပေမယ့် ရှေးထုံးလဲ မပယ်နဲ့ ဆိုသလို လူကြီးသူမ စကားကို နားထောင်တဲ့ အနေနဲ့ ကြီးတော်ဟာ တတိယ မြောက်မွေးဖွားတဲ့ ရင်သွေး သားလေးကို မွေးစကစပြီး အခြားမိခင်တစ်ယောက်ကို အိမ်မှာခေါ် ကျွေးမွေး စောင့်ရှောက်ခဲ့ပြီး သူ့နို့ကို လုံးဝ မတိုက်ဘဲ အဲဒီမိခင်ရဲ့နို့ကိုပဲ တိုက်ကျွေးစေခဲ့တယ်။

တကယ်ပဲလား။ တိုက်ဆိုင်ခဲ့တာလား မဆိုနိုင်ဘူးဗျ။ အဲဒီရင်သွေးသားလေးဟာ တစ်လပြီးတစ်လ ဝဝ ကစ်ကစ် သန်မာထွားကျိုင်းပြီး လူလား မြောက်လာခဲ့တယ်။ အခုဆိုရင် အဲဒီ သားဟာ အသက် လေးဆယ်ကျော် ရောက်လို့ သူဌေးတစ်ဦးတောင် ဖြစ်နေပြီဗျ။

မွေးမိခင်ကိုရော နို့ချိုကျွေး မိခင်ကိုပါ လစဉ် ထောက်ပံ့ကန်တော့နေပါတယ်။ ကြီးတော်မှာလဲ အဲဒီ သားရတနာမွေးပြီး နောက်ထပ် သားသမီး မပေါ်ပေါက်တော့ဘူးဗျ။ ကျွန်တော် လက်တွေ့ သိမြင်ခဲ့ရတဲ့ အတွေ့အကြုံပါပဲ။ အဲဒီတော့ ကိုလှမြင့်သစ်ရော နို့ဘီလူးဆိုတာ ကြားဖူး သိဖူးသလား'

'ကြားတော့ကြားဖူးတယ်။ လက်တွေ့တော့ မသိဘူး၊ မတွေ့ဖူးဘူးဗျ'

'နောက် ကျွန်တော်ကိုယ်တိုင် နွားမကြီးတစ်ကောင်မှာ တွေ့ဖူးသေးတယ်။ ပထမနွားလေးတစ်ကောင် မွေးတယ်။ ဖြစ်ထွန်းပါတယ်။ ဒုတိယ နွားမလေး မွေးတော့ ဆယ့်ငါးရက်, အရက် နှစ်ဆယ်လောက်ကို နို့စို့ပြီး နွားမလေး ဝမ်းလျှောပြီး သေသွားတယ်။ တခြားနွားတွေကို ဝမ်းလျှောရောဂါ ကူးစက်မှာစိုးလို့ သေချာကျင်းတူးပြီး မြေမြှုပ်ရတယ်။

တတိယနွားလေးမွေးတော့ နွားမကြီးက သူ့ရင်သွေးကို လုံးဝ နို့မတိုက်ဘူး။ ကန်လွှတ် ဝှေ့လွှတ်တယ်ဗျ။ ကျွန်တော်လဲ ဘာလုပ်ရမှန်းမသိဖြစ်ပြီး အဘကို သွားခေါ်ပြီး ပြတယ်။ အဘက ရောက်လာပြီး...

"ကဲ မင်းနွားမ ညှပ်သွင်းစမ်း ညှပ်သွင်းပြီး နို့ရည်ညှစ်စမ်း"

ဆိုပြီး ခိုင်းတာနဲ့ အကျဉ်းခြံထဲ ညှပ်သွင်းပြီး နွားနို့နှစ်ပန်းကန်လောက် ညှစ်ယူတယ်။ အဘက တစ်ငုံ,ငုံပြီး ထွီခနဲ ထွေးလိုက်တယ်။ ပြီးတော့...

"မင်း ဒီနွားနို့ သောက်ကြည့်စမ်း"

ဆိုတာနဲ့ ကျွန်တော်လဲ တစ်ငုံလောက်ငုံလိုက်တယ်။ ဟာ...ဖူးခနဲဆို ထွေးထုတ်လိုက်ရတယ်ဗျ။ ဘာလို့လဲ ဆိုတော့ နွားနို့ဟာ ချိုဆိမ့်မနေဘဲ ခါးငန်နေလို့ပဲဗျ။ အဘက ပြောတယ်။

"မင်းနွားမ သွေးသားပြောင်းလဲပြီး နို့ခါးနို့ငန်ဖြစ်နေပြီ။ တချို့ နွားမတွေ ဆိုရင် နို့ချဉ်ဖြစ်နေတတ်သေးတယ်။ နို့ဘီလူးလို့ ခေါ်တာပေါ့ကွာ။

သူ့နို့ကို စို့ရင် သူ့ကလေး ရောဂါဖြစ်မှာကို သိပြီး နို့မတိုက်တာ၊ နို့စို့မခံတာကွ။ မကြာခဏ နွားနို့ဝယ်ပြီး နွားလေးကို တိုက်ပေးပေါ့ကွာ"

လို့ ဆိုပြီး ပြန်သွားတယ်။

ကျွန်တော့်မှာ အဲဒီနွားလေးကို တခြား နွားနို့ ဝယ်ဝယ်ပြီး ငါးလ, ခြောက်လ လောက် တိုက်ကျွေးပြုစုခဲ့ရတယ်ဗျ။ နွားလေး ရှင်သန်ပါတယ်။ နောက်ပိုင်း မြက်ချိုမြက်နုလေးတွေ ရှာဖွေစဉ်းကျွေး ရတာပေါ့ဗျာ။

အဲဒီမှာပဲ နို့ဘီလူးဆိုတာ ခါးသက်သက်၊ ငန်ကျိကျိ ချဉ်တင်တင် အရသာ ရှိတတ်တယ်လို့ ကျွန်တော် လက်တွေ့ သိခဲ့ရတယ်။ နို့ဘီလူးရဲ့ သဘာဝက သွေးသားအပြောင်းအလဲ အစား အသောက်ကြောင့်လဲ ပြောင်းလဲဖြစ်တတ်တယ်လို့ ယူဆသိခဲ့ရတယ်ဗျ'

ကျွန်တော်၏ မိတ်ဆွေ ကိုမင်းဆွေ ပြောပြသမျှ အတွေ့အကြုံ ဗဟုသုတ ဖြစ်ပါသည်။ **နို့ဘီလူးနှင့် ပတ်သက်၍ သိဖူး,ကြားဖူး,ကြုံဖူးသူများ၊ သုတေသီများ၊ ဆရာသမားများ အနေဖြင့် ပိုမို ကျယ်ပြန့်သော အသိ ဗဟုသုတများကို ဆက်လက်ရေးသား တင်ပြပေးပါရန်** လေးစားစွာ မေတ္တာရပ်ခံပါသည်။

***ဗဟုသုတ တိုးပွား၍ အကျိုး ကျေးဇူး များပါစေ။***

**နတ်မောက် လှမြင့်သစ်**



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ (၁)ရက်မှ (၃၀)ရက်နေ့အထိ
ခုနှစ်ရက်သားသမီးများအတွက်

# ဟောစာတမ်း

ဆရာ ရောင်ခြည်

## တနင်္ဂနွေ

**စီးပွားရေး** ။ ။ လုပ်ငန်းများ တိုးတက်အောင်မြင်မည်။ ငွေဝင်ကောင်းမည် အင်္ဂါနံပစ္စည်းများနှင့် ပတ်သက်၍ မစွန့်စားပါနှင့်။

ဆန်၊ ဆီ၊ ဆေး၊ ဆား ပစ္စည်းများ ဈေးအပြောင်းအလဲ အတက်အကျ မြန်မည်။ သတိဖြင့် လုပ်ကိုင်ပါ။ လုပ်ငန်းဆိုင်ရာ ခရီးထွက်ရမည်။

**ဝန်ထမ်းရေးရာ** ။ ။ အလုပ်အကိုင်များ အဆင်ပြေမည်။ အထက်လူကြီးများနှင့် အဆင်ပြေမည်။ စာရင်းနှင့်ပတ်သက်၍ အထူးသတိထားပါ။ စာရင်းမှားခြင်း ဖြစ်တတ်၍ အထူး သတိထားပါ။

**အိမ်တွင်းရေး** ။ ။ အိမ်ထောင်ဖက် အလုပ်အကိုင်ကောင်း၍ ငွေဝင်ကောင်းမည်။ သားသမီးနှင့် ပတ်သက်၍စိတ်ပူပန်ရတတ်သည်။ ခရီးထွက်ရမည်။ ငွေဝင်မည်။

**အချစ်ရေး** ။ ။ အချစ်ရေး အဆင်ပြေမည်၊ အိမ်ထောင်ပြုရန် အချိန်ကောင်းကိုစောင့်ပါ။ စိတ်ညစ်စရာများ ပေါ်လာလျှင် အောင့်အည်းသည်းခံပါ။

**ပညာရေး** ။ ။ ပညာရေး ကံဇာတာတက်သောကာလဖြစ်သည်။ နိုင်ငံခြားသို့ သွားရောက်၍ ပညာသင်ယူနိုင်သောကာလဖြစ်သည်။

**ကျန်းမာရေး** ။ ။ ကျန်းမာရေး အနည်းငယ်ညံ့မည်။ ဆီးရောဂါ ဖြစ်တတ်၍ နားလည်တတ်ကျွမ်းသော ဆေးဆရာနှင့် တိုင်ပင်ကုပါ။

**ဆောင်ရန်ရက်များ** ။ ။ ၁၊ ၃၊ ၆၊ ၉၊ ၁၁၊ ၁၄၊ ၁၇၊ ၁၉၊ ၂၂၊ ၂၅၊ ၂၇၊ ၃၀။

**ရှောင်ရန်ရက်များ** ။ ။ ၂၊ ၄၊ ၇၊ ၁၀၊ ၁၂၊ ၁၅၊ ၁၈၊ ၂၀၊ ၂၃၊ ၂၆၊ ၂၈။

**ထီထိုးရန်ရက်များ** ။ ။ ၃၊ ၅၊ ၈၊ ၁၁၊ ၁၃၊ ၁၆၊ ၁၉၊ ၂၁၊ ၂၄၊ ၂၇၊ ၂၉။

**ထီထိုးရန်ဂဏန်းများ** ။ ။ ၁၊ ၃၊ ၆၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်အယောင်** ။ ။ မိမိအိမ်တွင် မြတ်စွာဘုရားဆင်းတုတော်၊ ပုံတော်၊ ဓာတ်ပုံတော်တစ်ခုခုကို ကိုးကွယ်ပါ။ အန္တရာယ်ကင်းရှင်း၍ ချမ်းသာခြင်းနှင့် ပြည့်စုံမည်။

## တနင်္လာ

**စီးပွားရေး** ။ ။ ငွေကြေး အရောင်းအဝယ်ကိစ္စများ၊ ငွေထည်ပစ္စည်းများ အရောင်းအဝယ်ကောင်းမည်။ ခရီးသွားလုပ်ငန်းများ ဖောက်သည်များများရမည့်ကာလ ဖြစ်သည်။

ဆန်၊ ဆီ၊ ဆေး အင်္ဂါနံပစ္စည်းများ အရောင်းအဝယ်ကောင်းမည့်ကာလဖြစ်သည်။ အကျိုးအမြတ်များမည်။

**ဝန်ထမ်းရေးရာ** ။ ။ အလုပ်အကိုင် လုပ်ကိုင်ရာ အဆင်မပြေမှု အနည်းငယ်ရှိပါသည်။ မိမိအထက်လူကြီးက အလုပ်နှင့်ပတ်သက်၍ အပြစ်တင်မှုများရှိမည်။ သတိထား လုပ်ကိုင်ပါ။

**အိမ်တွင်းရေး** ။ ။ ငွေရေးကြေးရေး ပြည့်စုံသော်လည်း အိမ်တွင်းရေး အဆင်မပြေမှုလေးများနှင့် တွေ့နိုင်သည်။

**အချစ်ရေး** ။ ။ အချစ်ရေး အဆင်ပြေမည်။ အိမ်ထောင်ပြုရန် အချိန်ကောင်းသာ စောင့်နေပါတော့။

**ပညာရေး** ။ ။ ပညာရေးတွင် ကြိုးစားရလိမ့်မည်။ ကြိုးစားလျှင် အောင်မြင်မည်။

**ကျန်းမာရေး** ။ ။ လေထိုးလေအောင့် ရင်ဘတ်နာဖြစ်တတ်၍ အစားအသောက်ကို အထူးဂရုစိုက်စားပါ။

**ဆောင်ရန်ရက်များ** ။ ။ ၃၊ ၅၊ ၈၊ ၁၁၊ ၁၃၊ ၁၆၊ ၁၉၊ ၂၁၊ ၂၄၊ ၂၇၊ ၂၉။

**ရှောင်ရန်ရက်များ** ။ ။ ၄၊ ၆၊ ၉၊ ၁၂၊ ၁၄၊ ၁၇၊ ၂၀၊ ၂၂၊ ၂၅၊ ၂၈၊ ၃၀။






**ထီထိုးရန်ရက်များ** ။ ။ ၂၊ ၅၊ ၇၊ ၁၀၊ ၁၃၊ ၁၅၊ ၁၈၊ ၂၁၊ ၂၃၊ ၂၆၊ ၂၉။

**ထီထိုးရန်ဂဏန်းများ** ။ ။ ၃၊ ၅၊ ၈၊ ၀ ဂဏန်းများများ ပါအောင် ရွေးချယ်ပါ။

**အဆောင်အယောင်** ။ ။ သရက်သီးမှည့် (၆)လုံး သို့မဟုတ် ထန်းသီးဆန်(၁၀)ခုကို ဘုန်းတော်ကြီး တစ်ပါးပါးအား ဆက်ကပ်လှူဒါန်းပါ။

## အင်္ဂါ

**စီးပွားရေး** ။ ။ ဆန်၊ ဆီ၊ ဆေး၊ ဆေးဝါးပစ္စည်းများ အရောင်းအဝယ်ကောင်းမည်။ လျှပ်စစ်ပစ္စည်း၊ ပလတ်စတစ်ပစ္စည်းများ အလုပ်ဖြစ်မည်။ အမြတ်အစွန်းများမည်။ ဝါးများ ဈေးကောင်းရမည်။ လုပ်ငန်းများ အဆင်ပြေမည်။

**ဝန်ထမ်းရေးရာ** ။ ။ လုပ်ငန်းအောင်မြင်မှုကြောင့် ဆုငွေရရှိမည် ချီးကျူး ဂုဏ်ပြုခံရမည်။

**အိမ်တွင်းရေး** ။ ။ အိမ်တွင်းရေး အဆင်ပြေနေရာမှ ငွေသုံးစွဲမှုနှင့်ပတ်သက်၍ သဘောထား ကွဲတတ်သည်။ သားသမီးများ၏ ပညာရေး၊ စီးပွားရေး ကောင်းပါသည်။

**အချစ်ရေး** ။ ။ အချစ်ရေးကိစ္စ အဆင်မပြေ ဖြစ်ရတတ်သည်။ အချစ်ရေးနှင့် ပညာရေးတွင် ပညာရေးကို ဦးစားပေးရလိမ့်မည်။

**ပညာရေး** ။ ။ ပညာရေးကို အတော်ကြိုးစားရလိမ့်မည်။ အချစ်ရေး ပြဿနာကြောင့် ပညာရေး ထိခိုက်မည်။

**ကျန်းမာရေး** ။ ။ ဝမ်းဗိုက်အောင့်သောရောဂါ၊ ဝမ်းဗိုက်နာသောရောဂါ ဖြစ်တတ်သည်။

**ဆောင်ရန်ရက်များ** ။ ။ ၃၊ ၆၊ ၈၊ ၁၁၊ ၁၄၊ ၁၆၊ ၁၉၊ ၂၂၊ ၂၄၊ ၂၇၊ ၃၀။

**ရှောင်ရန်ရက်များ** ။ ။ ၄၊ ၇၊ ၉၊ ၁၂၊ ၁၅၊ ၁၇၊ ၂၀၊ ၂၃၊ ၂၅၊ ၂၈။

**ထီထိုးရန်ရက်များ** ။ ။ ၂၊ ၅၊ ၈၊ ၁၀၊ ၁၃၊ ၁၆၊ ၁၈၊ ၂၁၊ ၂၄၊ ၂၆၊ ၂၉။

**ထီထိုးရန်ဂဏန်းများ** ။ ။ ၃၊ ၆၊ ၈၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်အယောင်** ။ ။ ဆောင်ရွက်ရန် ပြောဆိုရန် ကိစ္စရှိလျှင် ခရေပန်း(၂၃)ပွင့်ကို ဘုရားတွင် ကပ်လှူပူဇော်ပါ။ ခရေပန်း မရလျှင် ခရေညွန့် (၆)ညွန့် သို့မဟုတ် (၂၃)ညွန့်ကို ဘုရားတွင် ကပ်လှူပူဇော်ပါ။

## ဗုဒ္ဓဟူး

**စီးပွားရေး** ။ ။ အိုးအိမ်အရောင်းအဝယ်လုပ်ငန်းများ ရောင်းအားကောင်းမည်။ ကိုယ်စားလှယ်လုပ်ငန်း၊ အကျိုးဆောင်လုပ်ငန်း၊ ပွဲစားလုပ်ငန်း၊ ရှေ့နေလုပ်ငန်းများ ကောင်းမည်။

**ဝန်ထမ်းရေးရာ** ။ ။ အလုပ်အကိုင်များ အဆင်ပြေမည်။ ခရီးသွားရလျှင် မအောင်မြင်၊ အကျိုးမရှိသောခရီး ဖြစ်မည်။

www.burmeseclassic.com

www.burmeseclassic.com





**အိမ်တွင်းရေး။** ။ အိမ်တွင်းရေး သာယာမည်။ သားသမီးများ၏ ကံဇာတာ တက်သောကာလ ဖြစ်သည်။

**အချစ်ရေး။** ။ အချစ်ရေးတွင် လူကြီးမိဘများ၏ သဘော မတူမှုကြောင့် ပျက်ရတတ်သည်။ အထူးသဖြင့် မိမိချစ်သူ၏ ဖခင်ကို တလေးတစား ဆက်ဆံပါ။

**ပညာရေး။** ။ ပညာရေး ကံကောင်းသောကာလဖြစ်သည်။ မိမိသင်ယူလိုသော ပညာကို သင်ယူပါ။ အောင်မြင်မှု ရရှိပါလိမ့်မည်။

**ကျန်းမာရေး။** ။ မိန်းမများ ဓမ္မတာသွေးနှင့် ပတ်သက်သည့် ရောဂါ၊ ယောကျ်ားများတွင် သွေးနှင့် ပတ်သက်သောရောဂါတို့ ဖြစ်တတ်သည်။

**ဆောင်ရန်ရက်များ။** ။ ၂၊ ၅၊ ၉၊ ၁၁၊ ၁၄၊ ၁၈၊ ၂၀၊ ၂၃၊ ၂၇၊ ၃၀။

**ရှောင်ရန်ရက်များ။** ။ ၃၊ ၆၊ ၁၀၊ ၁၂၊ ၁၅၊ ၁၉၊ ၂၁၊ ၂၄၊ ၂၈။

**ထီထိုးရန်ရက်များ။** ။ ၄၊ ၇၊ ၈၊ ၁၁၊ ၁၃၊ ၁၆၊ ၁၇၊ ၂၀၊ ၂၂၊ ၂၅၊ ၂၆၊ ၂၉။

**ထီထိုးရန်ဂဏန်းများ။** ။ ၂၊ ၅၊ ၉၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ။** ။ စိန်ပန်း(၈)ခက် သို့မဟုတ် စံပယ်(၈)ကုံးကို အိမ်ရှိဘုရားတွင် ကပ်လှူပူဇော်ပါ။ အရေးကိစ္စရှိလျှင် စံပယ်ပန်း(၈)ပွင့်ကို အိတ်ထဲထည့် ဆောင်သွားပါ။

## ကြာသပတေး

**စီးပွားရေး။** ။ မြေအရောင်းအဝယ်ကိစ္စများ အောင်မြင်ဖြစ်ထွန်းမည်။ ယာဉ်ကားလုပ်ငန်းများ၊ အရောင်းအဝယ်များ အမြတ်များမည်။ ခရီးသွားလုပ်ငန်းများ ဖောက်သည်သစ်များ၊ ခရီးစဉ်သစ်များ ရရှိမည်။ အလှကုန်လုပ်ငန်းများ အမြတ်များမည်။

**ဝန်ထမ်းရေးရာ။** ။ ဂုဏ်သိက္ခာ ကျဆင်းစရာ ကိစ္စများ ပေါ်ပေါက်လာတတ်သည်။ သတိထားပါ။

**အိမ်တွင်းရေး။** ။ ငွေရေးကြေးရေးလည်း အဆင်ပြေ၍ အိမ်တွင်းရေးလည်း အဆင်ပြေပါလိမ့်မည်။

**အချစ်ရေး။** ။ အချစ်ရေးတွင် အဆင်ပြေမည်။ ချစ်သူအပေါ်တွင် မလိမ်ပါနှင့်။ သစ္စာရှိပါ။

**ပညာရေး။** ။ ပညာရေးတွင် အောင်မြင်သောကာလဖြစ်၍ သင်ယူလိုသော ပညာရပ်များ၊ သင်တန်းများကို သင်ယူပါ။ အောင်မြင်မည်။

**ကျန်းမာရေး။** ။ အရိုးအဆစ်များ နာကျင်ကိုက်ခဲတတ်၍ နားလည်တတ်ကျွမ်းသော သမားတော်နှင့် ကုသပါ။

**ဆောင်ရန်ရက်များ။** ။ ၃၊ ၇၊ ၉၊ ၁၂၊ ၁၆၊ ၁၈၊ ၂၁၊ ၂၅၊ ၂၇၊ ၃၀။

**ရှောင်ရန်ရက်များ။** ။ ၄၊ ၈၊ ၁၀၊ ၁၃၊ ၁၇၊ ၁၉၊ ၂၂၊ ၂၆၊ ၂၈။

**ထီထိုးရန်ရက်များ။** ။ ၅၊ ၆၊ ၁၁၊ ၁၄၊ ၁၅၊ ၁၈၊ ၂၀၊ ၂၃၊ ၂၄၊ ၂၇၊ ၂၉။

**ထီထိုးရန်ဂဏန်းများ။** ။ ၃၊ ၇၊ ၉၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ။** ။ ကိစ္စပြဿနာရှိလျှင် ဆောင်ရွက်ရန်ကိစ္စရှိလျှင် လူကြီးများကို ကော်ဖီနှင့် ကိတ်မုန့် ကျွေးမွေးပါ။ သို့မဟုတ် လက်ဆောင် တစ်ခုခုပေးပါ။ အစစ အရာရာ အောင်မြင်လိမ့်မည်။

## သောကြာ

**စီးပွားရေး။** ။ အလှကုန်ပစ္စည်းများ၊ အသင့်ချုပ်ပြီး အဝတ်အထည်များ ရောင်းအားဝယ်အားကောင်းမည်။ အကျိုးအမြတ်များမည်။ ဆေးဝါးထုတ်လုပ်ရေး၊ ရောင်းဝယ်ရေးလုပ်ငန်းများ အမြတ်များမည်။ လျှပ်စစ်ပစ္စည်းများ ပလတ်စတစ်ပစ္စည်းများ အရောင်းအဝယ်ကောင်းမည်။

**ဝန်ထမ်းရေးရာ။** ။ အလုပ်တွင် ပြဿနာပေါ်တတ်၍ အထူးသတိထား လုပ်ကိုင်ပါ။ စာရင်းအင်းနှင့် ပတ်သက်တတ်သည်။

**အိမ်တွင်းရေး။** ။ အိမ်တွင်းရေးတွင် အိမ်ထောင်ဖက် ကျန်းမာရေး ညံ့တတ်သည်။ အလုပ်အကိုင်များ ကျဆင်းရတတ်သည် သားသမီးများ အိမ်မှထွက်သွားတတ်သည်။

**အချစ်ရေး။** ။ အချစ်ရေးကတော့ အောင်မြင်လျက် ရှိသည် ချစ်သူပိုင်းဝိုင်းလည်နေသော ကာလဖြစ်၍ အရွေး မမှားဖို့တော့လိုသည်။

**ပညာရေး။** ။ ပညာရေးတွင် ကြိုးစားသည်ထက် ပို၍ အောင်မြင် နိုင်သောကာလ ဖြစ်သည်။ နိုင်ငံခြားပညာတော် သင်ကိစ္စ ကြိုးစားကြည့်ပါ။

**ကျန်းမာရေး။** ။ ဦးခေါင်းမူးဝေခြင်း၊ ဦးခေါင်းကိုက်ခြင်း ရောဂါဝေဒနာကို ခံစားရတတ်သည်။

**ဆောင်ရန်ရက်များ။** ။ ၄၊ ၇၊ ၉၊ ၁၃၊ ၁၆၊ ၁၈၊ ၂၂၊ ၂၅၊ ၂၇၊ ၃၀။

**ရှောင်ရန်ရက်များ။** ။ ၅၊ ၈၊ ၁၀၊ ၁၄၊ ၁၇၊ ၁၉၊ ၂၃၊ ၂၆၊ ၂၈။

**ထီထိုးရန်ရက်များ။** ။ ၂ ၃ ၆ ၁၁ ၁၂ ၁၅ ၁၈ ၂၀ ၂၁ ၂၄ ၂၇ ၂၉၊

**ထီထိုးရန်ဂဏန်းများ။** ။ ၄၊ ၇၊ ၉၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ။** ။ ဝမ်း,ရှင် မကောင်းဖြစ်တတ်သည်။ လောလောဆယ် ဝက်သား မစားပါနှင့်။ ဝမ်းနုတ်ဆေးများ မစားပါနှင့်။

## စနေ

**စီးပွားရေး။** ။ စီးပွားရေးတွင် အဆင်ပြေသလိုလိုနှင့် ငွေရေးကြေးရေး တွင် အခက်အခဲ အကျပ်အတည်း တွေ့ရတတ်သည်။ စာအုပ်စာပေ ထုတ်ဝေရေးလုပ်ငန်းများ မျှော်မှန်းသလောက် မအောင် မြင်နိုင်သေးပါ။

**ဝန်ထမ်းရေးရာ။** ။ လုပ်ငန်းအတွက်သုံးရန် ငွေကြေးများ အထက်မှ အချိန်မီ ချမပေး၍ အခက်အခဲတွေ့ရတတ်သည်။

**အိမ်တွင်းရေး။** ။ အိမ်တွင်းရေး သာယာမည်။ ငွေကြေးအခက်အခဲ အကျပ်အတည်းကို ခံနိုင်ရည်ရှိလျှင် ဘာပြဿနာမှ မဖြစ်ပါ။ သားသမီးတို့၏ ပညာရေး၊ စီးပွားရေး ကောင်းမည်။

**အချစ်ရေး။** ။ အချစ်ရေးမှာ အခက်အခဲတွေ့ရတတ်သည်။ ငွေရေးကြေးရေး ကိစ္စကြောင့် မျှော်လင့်ရည်မှန်းချက်များ လွဲသွားတတ်သည်။

**ပညာရေး။** ။ ခရီးဝေးတွင် ပညာသင်ကြားရကိန်းရှိနေ၍ ငွေရေးကြေးရေး တတ်နိုင်လျှင် နိုင်ငံခြားတွင် ပညာသွားသင်နိုင်ပါသည်။

**ကျန်းမာရေး။** ။ ခြေထောက်တွင် ထိခိုက်ဒဏ်ရာရတတ်သည်။ အသွားအလာ အနေအထိုင် သတိပြုပါ။

**ဆောင်ရန်ရက်များ။** ။ ၂၊ ၄၊ ၆၊ ၉၊ ၁၃၊ ၁၅၊ ၁၈၊ ၂၂၊ ၂၄၊ ၂၇၊ ၃၀။

**ရှောင်ရန်ရက်များ။** ။ ၃၊ ၅၊ ၇၊ ၁၀၊ ၁၂၊ ၁၄၊ ၁၆၊ ၁၇၊ ၁၉၊ ၂၀၊ ၂၃၊ ၂၅၊ ၂၈။

**ထီထိုးရန်ရက်များ။** ။ ၄၊ ၆၊ ၈၊ ၁၁၊ ၁၃၊ ၁၅၊ ၁၈၊ ၂၁၊ ၂၄၊ ၂၆၊ ၂၉။

**ထီထိုးရန်ဂဏန်းများ။** ။ ၂၊ ၄၊ ၆၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ။** ။ သဲအိုးထဲတွင် ချက်လှ(၄)ညွှန့်၊ စွယ်တော်(၃)ညွှန့်ထိုး၍ ဘုရားတင်ပါ။ ဖယောင်းတိုင်(၅)တိုင်၊ အမွှေးတိုင်(၅) တိုင် ထွန်းညှိပူဇော်ပါ။

*ကျန်းမာ ချမ်းသာကြပါစေ။*

**ဆရာ ရောင်ခြည်**



www.burmeseclassic.com

www.burmeseclassic.com



# ဆေးဒန်းအကြောင်း

သိကောင်းစရာ

ဆေးဒန်းအကြောင်းကို လွန်ခဲ့သော ရှစ်နှစ်ခန့်ကပင် ရေးသား ဖော်ပြပေးခဲ့ဖူးပါသည်။ ထိုသို့ ရေးသားဖော်ပြရာ၌ **ရွှေဖွက်ချော်နှင့် ဖမ်းသောနည်း**ကိုသာ ဦးစားပေး၍ ရေးသားခဲ့ပါသည်။

ထိုဆောင်းပါးများကို ပြန်ကြည့်ကြမည်ဆိုပါလျှင် ဝါသနာရှင်များ တွေ့ကြရမည်ဖြစ်ပါသည်။ ထို ဖမ်းနည်းနှင့် ဆေးဒန်းကို ဖမ်းလာခဲ့ရာ ကောင်းသော ကြံဆချက်များ ထွက်၍လာပါတော့သည်။

ထိုကဲ့သို့ တွေ့ရှိလာသော ကြံဆချက်များကို ထပ်မံ၍ ဝါသနာရှင် အပေါင်းတို့အတွက် ရေးသားဖော်ပြပေးလိုက်ပါသည်။

ဖွက်ချော်နှင့် ဆေးဒန်းဖမ်းပုံ ဖမ်းနည်းကို ထပ်မံ၍ နည်းစနစ်ကျစေရန် ရေးသား ဖော်ပြပေးလိုက်ပါသည်။

ဆေးဒန်း တစ်ဆယ်သားဆိုလျှင် ဖွက်ချော်ကလည်း တစ်ဆယ်သား၊ ယမ်းစိမ်းက ငါးကျပ်သား ရော၍ ထောင်းပါ။ ဆေးဒန်းကို သီးခြားအမှုန့်ပြုပြီးမှ သုံးမျိုး ရောထောင်းပါ။

ဆေးဒန်း ဖမ်းတော့မည်ဆိုပါလျှင် လုံကို ဂရိုက်ဖိုဒ်လုံနှင့် ဖမ်းပါ။ ဂရိုက်ဖိုဒ်နံပါတ်နှစ် လုံတစ်လုံး ဆိုပါလျှင် ဆေးဒန်း နှစ်ဆယ်သားအထိ ဖမ်း၍ရပါသည်။

ဖမ်းတော့မည်ဆိုလျှင် ဂရိုက်ဖိုဒ်လုံကို ဖုံးအုပ်၍ လုံကို ရဲလာအောင် မီးပေးပါ။ လုံရဲလာသောအခါကျမှ သုံးမျိုး ရောထောင်းထားသော အမှုန့်များကို ဖွန်းနှင့် နှစ်ခါ,သုံးခါလောက် ခပ်၍ကြည့်ပေးပါ။ ပြီးလျှင် အဖုံးပိတ်ပြီး ချော်အရည်ဖြစ်အောင် မီးပေးပါ။

ထိုသို့ မီးပေးရာ၌ မျက်နှာပြင်က ဗျစ်ချွဲကျပ်ပိတ် ဖြစ်နေပါလျှင် ယမ်းစိမ်း မန်းကျည်းတစ်စေ့ခန့် ပစ်ထည့်ပြီး သံဂေါက်နှင့် ဖိချပေးပါက အရည်ပျော်ကာ ကော်စေးကဲ့သို့နေမည်။

ထိုသို့ ကော်စေးကဲ့သို့ ဖြစ်လာသော ချော်များကို သံဂေါက်နှင့် ရစ်ဆွဲပြီး ရေခွက်တွင် နှစ်၍ သံဂေါက်ကို ခါချပေးပါ။ ချော်များ ကုန်သွားပါလျှင် အောက်က ဆေးဒန်းပြဒါးမှာ ရေများ ဆီများကဲ့သို့ သွက်ပြီး ကြည်နေသည်ကို ဝါသနာရှင်များ တွေ့ကြရမည် ဖြစ်ပါသည်။

သုံးမျိုး ရောထောင်းထားသော အမှုန့်များကို ခပ်ထည့်လိုက်၊ မွှေ၍ ရစ်ထုတ်လိုက်နှင့် ပြုလုပ်လာရာ နံပါတ်နှစ် လုံတစ်လုံးဆိုလျှင် ဆေးဒန်းနှစ်ဆယ်သားအထိ ဖမ်း၍ရပါတော့သည်။

အရေးကြီးသော အချက်မှာ ပျစ်တွဲနေသော ချော်များ ကုန်စင်သွားအောင် ရစ်ထုတ်ဖို့ အရေးကြီးပါသည်။ ထိုကဲ့သို့ နေပါလျှင် ဆေးဒန်းမှာ မိပြီး မီးခံနေပါပြီ။

လုံကို အအေးခံ၍ အေးပြီဆိုလျှင် သစ်သားတုံးပေါ်မှာ လုံကို မှောက်ခေါက်ချပါက ဓာတ်သားမှာ အလုံးလိုက် ထွက်၍လာပါတော့သည်။ လုံကို ခွဲပစ်စရာ မလိုပါ။

ဤမျှဆိုလျှင် ဆေးဒန်းဖမ်းပုံဖမ်းနည်းကို သဘောပေါက်လောက်ပါသည်။ ဤကဲ့သို့ ဖမ်းပြီးပြီဆိုလျှင် သံဖိရပါသည်။

သံဖိတော့မည်ဆိုလျှင် နို့စိမ်းဘူးခွံသံကို နုပ်နုပ်ကိုက်ပြီး ဂရိုက်ဖိုဒ်လုံနှင့်ပင် ဆေးဒန်းအခဲ အနည်းငယ် ပေါက်၍ဖျော်ပါ။ အရည်ဖြစ်သောအခါ ယမ်း လက်ချားနှင့် သံကို မျက်ချေး ရှင်းပစ်ပါ။

မျက်ချေး ကုန်သွားက ဖမ်းထားသော ဆေးဒန်းကို အမှုန့်ထောင်းပြီး ဖွန်းနှင့် နည်းနည်းချင်း ခပ်ထည့်ပေးပါ။ တစ်နာရီ ကျော်ကျော်လောက်ဆိုလျှင် ရပါပြီ။

အေးသောအခါ သံက အပေါ်မှ တစ်ထပ်၊ ဆေးဒန်းက အောက်က တစ်ထပ် နေပါတော့သည်။ ဤကဲ့သို့ နေရာ၌ ဗဟုသုတဖြစ်စေခြင်း အကျိုးငှာ လုပ်ကွက်တစ်ခုကို ရေးသားဖော်ပြပေးလိုက်ပါမည်။

ထိုသို့ ထိပ်ဆောင်းဖြစ်နေသော သံကို မုန့်ညက်နေအောင် ထောင်းပြီး ယမ်း၊ လက်ချား အနည်းငယ်ကူကာ ချော်ဖြစ်အောင် ထိုးပြီး ဆေးဒန်းပြန်နှစ်ထိုးသွားပါက ဆေးဒန်းမှာ အလိုလို ငရဲခံ၍ လာပါတော့သည်။

အကယ်၍ ပြန်နှစ်မထိုးချင်ဘူး ဆိုပါလျှင် ရေတာဘက် သုံးကြိမ်လောက် ခါပေးပါ။ ထိုအခါ ဆေးဒန်းသား အလွန် စင်ကြယ်ပြီး လက်ချားချော် ကြည်နေပါတော့သည်။

ဦးသုမန(မစိုးရိမ်)



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ် အရဟံဂုဏ်တော်စမကို ရရှိခဲ့သည်မှာ နှစ်အတော် ကြာခဲ့ပါပြီ။ စာအုပ်စာပေများတွင်လည်း အရဟံဂုဏ်တော်စမ အစွမ်းထက်မြက်ခြင်းကို ဖတ်ခဲ့ဖူးပါသည်။ သို့သော် လက်တွေ့အသုံးချမှု တစ်ကြိမ်တစ်ခါမှ မရှိပါ။

၂၀၁၁ ခုနှစ်၊ မတ်လတွင် ကိစ္စတစ်ခုဖြင့် ရှမ်းပြည်နယ်၊ သီပေါမြို့သို့ ရောက်ခဲ့သည်။ တစ်ကြိမ်တစ်ခါမှ မရောက်ဘူးသော နေရာဒေသဖြစ်၍ သီပေါ၊ လားရှိုးမြို့နယ်များတွင် ထင်ရှားသော ဘာသာရေး စေတီဘုရားများကို ဖူးမြော်ခွင့် ရရှိခဲ့ပါသည်။


သီပေါမြို့နယ်တွင် ထင်ရှားသော သမိုင်းဝင် ဘော်ကြိုမုဒ္ဒောစေတီတော်ကြီးနှင့် သာယာလှပသော တောင်တန်းများနှင့်အတူ ဒုဋ္ဌဝတီမြစ်ကို မြင်တွေ့ရသည်မှာ ပန်းချီကားတစ်ချပ်ကို ကြည့်ရှုရသည်သလို သာယာအေးမြလှပါသည်။

စာရေးသူနှင့်အတူ ဗိုလ်မှူးခွန်မိုးအောင်၏ဖခင် ဦးမျိုးမြင့်အောင်၊ ဒေါ်အေးတို့ (၂)ဦးသည်လည်း အတူပါဝင်ကြပါသည်။ စာရေးသူတို့သည် သီပေါမြို့ ဗိုလ်မှူး ခွန်မိုးအောင်၏ ယောက္ခမဖြစ်သော ဒေါ်ဝါဝါတို့တိုက်အိမ်တွင် တည်းခိုကြရပါသည်။

ဒေါ်ဝါဝါတို့မိသားစုအားလုံး သဘောထား ကောင်းကြသလို ဧည့်ဝတ်ကျေပွန်ကြပါသည်။

တစ်နေ့ ညပိုင်းတွင် ဒေါ်အေးတစ်ယောက် ခေါင်းမူးခေါင်းနောက် ဖြစ်နေ၍ အိပ်ရာက မထနိုင် ဖြစ်နေသဖြင့် ဦးမျိုးမြင့်အောင်က စာရေးသူ အိပ်ခန်းဘက်သို့ ရောက်လာပြီး...

'ဆရာဗိုလ် ကျုပ်ဇနီး ခေါင်းမူးနောက်နောက် ဖြစ်နေလို့ ခဏလောက် လိုက်ကြည့်ပေးပါဦး'



ဗိုလ်မြင်း
(မင်းလှ)

# အစွမ်းထက် အရဟံစမ ၏ အကျိုးထူး

ဟု ခေါ်ရာ စာရေးသူမှ လိုက်သွားသည်။

စာရေးသူမှ...

'ဟော့ ဒေါ်အေး ဘယ်လိုနေသေးလဲ'

ဟု မေးရာ...

'ခေါင်းထူမရဘူး ဖြစ်နေတယ်။ ခေါင်းထူလိုက်တာနဲ့ မတရားမူးတာ။ ခါတိုင်း ဒီလိုတစ်ခါမှ မဖြစ်ခဲ့ဖူးပါဘူးရှင်'

ဟု ပြန်ပြောသောအခါ ဦးမျိုးမြင့်အောင်က စိုးရိမ်စိတ်ဖြင့်...

'ဆေးခန်းသွားပြရင် ကောင်းမယ်ထင်တယ်ဗျာ'

ဟု ပြောရာ စာရေးသူက...

'ဒီလိုလုပ်ပါ ကိုမျိုး၊ ကျုပ် ရေမန်းတစ်ခွက် တိုက်ကြည့်မယ်။ မသက်သာရင် ဆေးခန်းသွားပြကြတာပေါ့'

ဟု ပြောလိုက်သည်။

စာရေးသူ စာရွက်သန့်သန့်တွင် အရဟံဂုဏ်တော်စမပုံတစ်ခုကို ရေးဆွဲလိုက်ပါသည်။ ယင်း စမပုံစာရွက်ကို ခေါင်းမူးနေသော ဒေါ်အေး၏ ဦးခေါင်းတွင်တင်၍ အရဟံဂုဏ်တော်နှင့် ဒေါ်အေး၏သက်စေ့ (၅၂)ခေါက် ရွတ်ဖတ်မန်းလိုက်သည်။ ပြီးလျှင် အရဟံစမပုံစာရွက်ကို ရေသန့်သန့်တွင် စိမ်၍ သောက်ခိုင်းလိုက်ပါသည်။

ဦးခေါင်းကိုလည်း ထိုရေနှင့် (စုတ်) ပက်ဖျန်းပေးလိုက်ပါသည်။ (၁၅)မိနစ်ခန့်အကြာ ဒေါ်အေးတစ်ယောက် သက်သာ ပျောက်ကင်းသွားပါသည်။

ဦးမျိုးမြင့်အောင်က...

'ဆရာဗိုလ်ကို ကျေးဇူးတင်ပါတယ်ဗျာ၊ ကျုပ်လဲ ညဘက်ဖြစ်နေတော့ စိုးရိမ်စိတ်နဲ့ ဘာလုပ်ရမှန်းမသိ ဖြစ်နေတာ ခုမှ စိတ်အေးတော့တယ်ဗျာ'

ဟု ဦးမျိုးမြင့်အောင်နှင့် ဒေါ်အေး



 စာမျက်နှာ (၂၀၃) သို့

www.burmeseclassic.com

www.burmeseclassic.com

# လွယ်မောက်တောင်ရသေ့ကြီး ဘိုးတော်စီ

## ရွတ်ဖွားပူဇော်လေ့ရှိသည့်ဂါထာ

ရေနီလင်း
(ကောလင်း)



ဗုဒ္ဓာဇဗ္ဗ ထီးတော်အောင် ဘိုးတော်စီ

ရသေ့ကြီး ဘိုးတော်စီသည် ကောလင်းမြို့နယ် လွယ်မောက်တောင်ရှိ သေလာပဗ္ဗတ လွယ်မောက်တောင် စေတီတော်မြတ်ကြီးအပါအဝင် ဘုရား စေတီ၊ ကျောင်း၊ ကန်၊ ဇရပ် စသည့် သာသနာရေးရာတို့နှင့် ပတ်သက်၍ တည်ထား ပြုပြင်မွမ်းမံခြင်းများစွာတို့ဖြင့် သာသနာပြုခဲ့သည်မှာ ရသေ့သူတော်စင် ပုဂ္ဂိုလ်မြတ်ကြီးတစ်ပါး ဖြစ်ပါသည်။

လွယ်မောက်တောင် စေတီတော်မြတ်ကြီးကို ဝေနေယျသတ္တဝါအပေါင်းတို့ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းချမ်းသာကြစေရန်နှင့် ကပ်ကြီး(၃)ပါးကို ကျော်နင်းနိုင်ကြစေရန် ရည်စူးအဓိဋ္ဌာန်ပြု၍ တည်ထား ကိုးကွယ်တော်မူခဲ့ခြင်းဖြစ်သည်။

သာသနာပြုရသေ့ကြီး ဘိုးတော်စီ၏ အဓိဋ္ဌာန်ပြု ကျင့်ကြံအားထုတ်မှုများကြောင့် လွယ်မောက်တောင်တော် တစ်ခွင်တွင် ဗုဒ္ဓသာသနိက အဆောက်အအုံများသည် အောင်မြင်ပြီးမြောက်ခဲ့ရပါသည်။

ထို့ကြောင့်ပင် လွယ်မောက်တောင်တော်၏ ပထမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို ၁၃၀၆ ခုနှစ်၊ တပေါင်းလဆန်း(၉)ရက်နေ့တွင် စတင် ကျင်းပနိုင်ခဲ့ပြီးလျှင် ကျောင်းပေါင်း (၅၀၀)၊ သံဃာတော်ပေါင်း (၅၀၀)တို့အား ဆွမ်းတော်ကြီး လောင်းလှူပူဇော်နိုင်ခဲ့သည်။

သာသနာပြုပုဂ္ဂိုလ် ရသေ့ကြီး ဘိုးတော်စီမှာ ၁၃၂၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း(၁၂)ရက်နေ့တွင် လောကီ သိဒ္ဓိစခန်းသို့ ကြွမြန်းစံလွန်တော်မူခဲ့ပါသည်။

ရသေ့ကြီး ဘိုးတော်စီသည် သက်ရှိထင်ရှားရှိတော်မူစဉ်အခါက သာသနာရေးရာ အောင်မြင်စေကြောင်း နည်းလမ်းကောင်းများစွာကို လက်စွဲပြု အဓိဋ္ဌာန်များဖြင့် ကျင့်ကြံအားထုတ်ခြင်းများ ပြုလုပ်ခဲ့သည်။

ထိုသို့ ရသေ့ကြီး ဘိုးတော်စီလက်စွဲပြု ကျင့်ကြံအားထုတ်လေ့ရှိသည်များအနက် **စမကြီးလေးလုံးဂါထာ (သို့မဟုတ်) ဓာတ်ကြီးလေးပါးဂါထာ (သို့မဟုတ်) စ-ဓ-ဗ-ဝဂါထာသည်** အထင်ကရ ဖြစ်လေသည်။

ထိုဂါထာတော်သည် မှုကွဲအမျိုးမျိုးရှိရာ မူရင်းနှင့် မြန်မာပြန်အကျဉ်း အကျယ်တို့ကို စာဖတ်ပရိသတ်များအတွက် ထပ်မံဖော်ပြလိုက်ပါသည်။

စက္ခုမာ စရ မာစိဋ္ဌော၊
ဓမ္မညူ ဓမ္မ သာမိကော၊
ဗလူပေတော ဗလဓရော(ဒွေ)
ဝရဒေါ ဒေတု မေ ဝရံ(ဗယံ)

မြန်မာပြန်အကျဉ်း

**စက္ခုမာ၊** မံသပညာ နှစ်ဖြာသော စက္ခုနှင့် ပြည့်စုံတော်မူထသော။ **စရ** စရဏတရား တစ်ဆယ့်ငါးပါးကို **မာစိဋ္ဌော၊** အမြဲမပြတ် လေ့ကျင့်တော်မူအပ်ပြီးသော။ **ဓမ္မညူ၊** တရားအားလုံး သိမ်းကျုံး သိမြင်တော်မူပြီးထသော။ **ဓမ္မသာမိကော၊** တရားပိုင်ရှင် ဖြစ်တော်မူပေထသော။

**ဗလူပေတော၊** ဉာဏ်တော်အင်အား ဆယ်ပါးနှင့်လည်း ပြည့်စုံတော်မူပေထသော။ **ဗလဓရော၊** ကိုယ်တော်အင်အား ဆယ်ပါးကိုလည်း ဆောင်တော်မူပေထသော။ **ဝရဒေါ၊** မြင့်မြတ်သမှု နိဗ္ဗာန်ဆုကိုလည်း ပေးတော်မူတတ်သော မြတ်စွာဘုရားသည်။ **မေ** အကျွန်ုပ်အား။ **ဝရံ၊** ကောင်းကျိုးအစုစုမြတ်သောဆုကို။ **ဒေတု၊** လျင်စွာမနေပေးသနားတော်မူပါ အရှင်ဘုရား။

မြန်မာပြန်အကျယ်

**စက္ခုမာ၊** လောကသုံးထပ်ဘုံသုံးရပ်ကို နှံ့စပ်ကုန်စင်၊ သိမြင်လေကြ





www.burmeseclassic.com

www.burmeseclassic.com

စက္ကူငါးပါး၏ အရှင်ဖြစ်တော်မူထသော။ **အာစရမာစီဇ္ဈော၊** ရှေးရှေးဘုရားနောင်တော်များနှင့် အခြားပုံနည်းတူ ထပ်ပွားအကျင့်မြတ်များကို မရပ်မနားလေ့ကျင့်တော်မူနိုင်ထသော။ **ဓမ္မညူ၊** ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ် ကိုးထပ်အင်္ဂါ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် မြားမြောင်လှစွာ တရားရတနာကို သေချာပိုင်နိုင် ကိုယ်တော်တိုင် သိမြင်တော်မူနိုင်ထသော။ **ဓမ္မသာမိကော၊** သောင်းတိုက်သတ္တဝါ ခေါင်းစိုက်ရာအစစ် ဓမ္မရာဇ်မှန်ကူ သယမ္ဘူတရားမင်းလည်း ဖြစ်တော်မူထသော။

**ဗလူပေတော၊** ကြီးကျယ်ခွန်အား စွမ်းပကားနှင့် ပြည့်စုံလေငြား ဆယ်ပါးသော အားတော်လည်း ရှိတော်မူထသော။ **ဗလဒဠ္ဓော၊** မြင်းမိုရ်မေရု နှိုင်းတုမမီ ဂုဏ်ရည်ထက်သန် မြဲမြံခိုင်ခံ့တည်တံ့သော အားတော်လည်း ရှိ တော်မူထသော။ (**ဗလဓရော၊** ကိုယ်တော်အင်အား ဆယ်ပါးကိုလည်း ဆောင်တော်မူထသော။) **ဝရဒေါ၊** လတ်တလောလက်ငင်း ချက်ချင်းခဏ ချမ်းသာလိုက ဆင်းရဲကင်း၍ လူမင်း, နတ်မင်း, ဗြဟ္မာမင်းတို့ထက် ဆထက်လွန်ကျူး နိဗ္ဗာန်တည်းဟူသော ဆုထူးမြတ်ကို ပေးသနားတော်မူနိုင်ထသော။

**ဗုဒ္ဓေါ၊** ဒုက္ခ, သမုဒယ, နိရောဓနှင့် မဂ္ဂတစ်ဖြာ လေးသစ္စာကို ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် သိမြင်တော်မူနိုင်ထသော မြတ်စွာဘုရားသည်။ **မေ၊** နိဗ္ဗာန်ရောက်ရန် ရည်သန်အားထုတ် နမ်ရုပ်အစုသာဖြစ်သော ဘုရားတပည့်တော်အား။ **ဇယံ၊** သိမ်းစမ, ထိန်းစမ, ထွက်စမ, ဝင်စမတည်းဟူသော စမလေးဖြာ အောင်ဆုရတနာ အောင်မင်္ဂလာ အောင်ချမ်းသာကို။ (**ဝရံ၊** ကောင်းကျိုးအစုစု မြတ်သောဆုကို။) **ဒေတု၊** ရာဟုလာ သားပမာထား၍ သနားငဲ့ညှာ ပေးသနားတော်မူပါအရှင်ဘုရား။

ထိုဂါထာတော်မြတ်ကို ရသေ့ကြီးဘိုးတော်စီသည် ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ခြင်း၊ ပုတီးစိပ်ခြင်း၊ လက်စွဲပြုရာတွင် တစ်ခုအပါအဝင် ဖြစ်ခဲ့ခြင်းတို့ကြောင့် သာသနာ့ရေးရာနှင့် လောကီကိစ္စ အဝဝတို့တွင် သိဒ္ဓိအမျိုးမျိုး ပြီးစီးအောင်မြင်ခဲ့ရသည်ဟု ဆိုပါသည်။

ဤဂါထာသည် လောကီသိဒ္ဓိလမ်းတွင် သုံးသော အခြေခံစမကြီးဖြစ်ပြီး လောကုတ္တရာကိစ္စများ၌လည်း အကျိုးများသည်။ နေ့စဉ်ရွတ်ဖတ်၊ ပုတီးစိပ်၊ လက်စွဲပြုခြင်းတို့ဖြင့် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်း၊ ရောဂါ, ကပ်ရောဂါအပေါင်း ကင်းစင်ခြင်း၊ စိတ်လေလွင့်မှုကင်းစင်ခြင်း၊ ဦးခေါင်းမကြည်လင်မှု မကင်းစင်ခြင်း၊ တွေဝေမှု ကင်းစေခြင်း၊ လောင်မြိုက်နေသော မီးများမှ ကင်းဝေးခြင်း၊ စိတ်အလိုဆန္ဒများ ပြည့်စုံခြင်း၊

အခေါက်တစ်ထောင်ရွတ်ပြီး ပုတီးစိပ်ပါက အန္တရာယ်ကင်းခြင်း၊ စီးပွားလာဘ်လာဘ တိုးတက်ခြင်း၊ ကြံသမျှအောင်၍ လုပ်သမျှကိစ္စ ပြီးစီးခြင်း၊ အကန့်အသတ် အတိုင်းအဆမရှိ အသာဆုံး အမြတ်ဆုံးသော အကျိုးကို ရရှိပြီး မဂ်ဖိုလ်နိဗ္ဗာန်အထိ အကျိုးရရှိနိုင်ကြောင်း သိရပေသည်။

**နေနီလင်း (ကောလင်း)**

စာမျက်နှာ (၂၀၁)မှ အဆက်

တို့ ကျေးဇူးတင်စကား ပြောပြီးသော အခါ စာရေးသူက...

'နောက်နောင် ဒီလို ခေါင်းမူးခေါင်းကိုက်ဖြစ်ပေါ်ရင် ဒီအရဟံဂုဏ်တော် စမပုံကို ရေးဆွဲပြီးသောက်ပါ'

ဟု ပြောဖြစ်ခဲ့ပါသည်။

**အရဟံစမရေးဆွဲနည်း**

ပထမဦးစွာ စာရွက်သန့်သန့်တွင် ''အ''ကို အရင်ရေးရမည်။ ပြီးလျှင် ''ရ''ကို ရေးပါ။ နောက်ပြီး ''အ''နှင့် ''ရ''ကိုငုံပြီး ''ဟ''ကိုရေး သေးသေး တင်လိုက်၊ အရဟံစမပုံပြီးပြီ။

ဒီဂုဏ်တော်နှင့် ခေါင်းမူးသူ သက်စေ့ ဦးခေါင်းပေါ်တင်၍ ရွတ်မန်း၊ ရေစိမ်၍သောက်၊ အနည်းငယ် ဦးခေါင်းကို (စတီ)ပက်ဖျန်းပါ။

* * *



'ဒီစမပုံကို ကြေးပြား၊ ငွေပြားသန့်သန့်တွင် ရေးဆွဲပြီး ကလေးသူငယ်များကို ဆွဲပေးထားရင် ကလေးသူငယ် ရောဂါ ပျောက်ပါတယ်။ မကောင်းသော မိစ္ဆာတွေလဲ မကပ်ရောက်နိုင်ဘူး'

ဟု ပြောပြီး ဦးမျိုးမြင့်အောင်တို့ ဇနီးမောင်နှံကို စမပုံ ရေးဆွဲနည်းကိုပါ သင်ကြားပေးလိုက်ပါသည်။

စာရှုသူများလည်း အကြောင်းအရာဖြစ်ပေါ်ပါက ယုံကြည်စွာ ရေးဆွဲပြီး သုံးစွဲနိုင်ကြပါစေရန် စေတနာဖြင့် ဖြစ်မှန်အကြောင်းအရာကို အခြေခံ၍ ရေးသားဖော်ပြအပ်ပါသည်။

***အနာသိလျှင် ဆေးရှိသည်။ အားလုံး ကျန်းမာချမ်းသာကြပါစေ။***


**ဗိုလ်မင်း (မင်းလှ)**



www.burmeseclassic.com

www.burmeseclassic.com

***




အစွမ်းထက်သည့်

# ဘုရားလေးဆူပဋ္ဌာန်း အင်းတော်ကြီး

ရောမြေ ကျော်ဝေ



၁။ ဟေတုပစ္စယော၊
၂။ အာရမ္မဏပစ္စယော၊
၃။ အဓိပတိပစ္စယော၊
၄။ အနန္တရပစ္စယော၊
၅။ သမနန္တရပစ္စယော၊
၆။ သဟဇာတပစ္စယော၊
၇။ အညမညပစ္စယော၊
၈။ နိဿယပစ္စယော၊
၉။ ဥပနိဿယပစ္စယော၊
၁၀။ ပုရေဇာတပစ္စယော၊
၁၁။ ပစ္ဆာဇာတပစ္စယော၊
၁၂။ အာသေဝနပစ္စယော၊
၁၃။ ကမ္မပစ္စယော၊
၁၄။ ဝိပါကပစ္စယော၊
၁၅။ အာဟာရပစ္စယော၊
၁၆။ ဣန္ဒြိယပစ္စယော၊
၁၇။ ဈာနပစ္စယော၊
၁၈။ မဂ္ဂပစ္စယော၊
၁၉။ သမ္ပယုတ္တပစ္စယော၊
၂၀။ ဝိပ္ပယုတ္တပစ္စယော၊
၂၁။ အတ္ထိပစ္စယော၊
၂၂။ နတ္ထိပစ္စယော၊
၂၃။ ဝိဂတပစ္စယော၊
၂၄။ အ,ဝိဂတပစ္စယောတိ။

ဘုရားလေးဆူ ပဋ္ဌာန်းအင်းတော်ကို ပုံတွင် ပြထားသည့်အတိုင်း ရေးဆွဲပြီး အင်းကွက်ချပါ။ ဘုရားလေးဆူကို သတ်မှတ်ထားသော စက်ဝိုင်းကွက်တွင် အစဉ်လိုက် ထည့်သွင်းရေးသားပါ။

ထို့နောက် အတွင်းပိုင်းအကွက်များတွင် ၂၄ ပစ္စည်းကို ရွတ်ပြီး (၁)မှစ၍ အစဉ်လိုက် အကွက်မှန်စွာ (၂၄)အထိ ဂဏန်းရေးသွင်းပါ။

ထို အင်းဆန်ရေးသွင်းရာတွင် ကတ္တူ စက္ကူပြား၊ ရွှေ၊ ငွေ၊ ခဲ၊ ဘော်၊ ကြေးပြား စသည့် မိမိတို့ ကြိုက်နှစ်သက်ရာဖြင့် အဆောင်အင်းကို စီမံနိုင်ပါသည်။

အင်း၏ အကျိုးကျေးဇူးကား...

၁။ ရန်သူမျိုးငါးပါးတို့ဘေးမှ လုံခြုံ၏။
၂။ မိစ္ဆာပယောဂဘေးတို့မှ ကင်းဝေး၏။
၃။ ဆရာတစ်ဆူအဖြစ် ရှင်ရှိသေလူရှိသေ ခံရခြင်း။
၄။ သားရဲတိရစ္ဆာန်တို့ဘေးမှလည်း ကင်းဝေး၏။
၅။ အစာရေစာ ရွှေငွေဥစ္စာပစ္စည်းနေ ဖြိုးကြွယ်ဝခြင်း။
၆။ အခြွေအရံပေါ်များခြင်း။
၇။ ဘုရားလေးဆူ ကာရံထားသဖြင့် နတ်တို့ စောင့်ရှောက်ခြင်းကို ခံရ

**အင်းကိုစီမံပြီး ဆောင်လိုသူ သည်...**

- ❖ ဗုဒ္ဓဘာသာဝင်တစ်ဦး ဖြစ်ရမည်။
- ❖ ကံ(၅)ပါးကို လုံခြုံသောသူ ဖြစ်ရမည်။
- ❖ မိဘဆရာသမားတို့၏ ဂုဏ်ကျေးဇူးကို အမြဲနှလုံးသွင်းထားသူ ဖြစ်ရမည်။
- ❖ အင်းဆောင်မည့်သူသည် မိမိ၏ မွေးနေ့ နံနက် (၉)နာရီအချိန်တွင် တန်ခိုးကြီးဘုရားတစ်ဆူတွင် သိဒ္ဓိတင်ရမည်။
- ❖ စိန်ဖူးတော်မှ စိန်ရောင် တဝင်းဝင်းဖြင့် ထိန်ဝင်းတောက်ပပြီး ရောင်ခြည်တော်လွှတ်သည့်အလား ဖူးမြင်ရပါက အလွန်တန်ခိုးထက်၍အကျိုးထူးပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

- ❖ ဝိဇ္ဇာရုစ်သောင်းတို့နှင့် ထက်လူ ပုဂ္ဂိုလ်တို့၏ မ,စခြင်းကိုလည်း ခံစားရပါမည်။
- ❖ ဤအင်းကို ကိုင်ဆောင်သူသည် မြင့်သည်ထက် မြင့်အောင် စိတ်ထား ဖြူစင်စွာထားဖို့ လိုပါသည်။
- ❖ အဆောင်အင်းသည် ခရီးသွားသူ တို့အတွက် မိမိနှင့် တစ်ပါးတည်း ရှိနေရမည်။

ခရီးမသွားလိုသူတို့အတွက် မိမိအိမ်ရှိ ဘုရားကျောင်းဆောင်ပေါ်တွင် ဗုဒ္ဓရုပ်ပွားတော်အောက်တွင် ထားရှိရမည်။

လူအချို့က ဘုရားစင်ဟု ခေါ်ဆိုကြခြင်းကို အထက်ပုဂ္ဂိုလ်တို့က လက်မခံပါ။ ဘုရားဟူသည် ကျောင်းနှင့်သာ စံထိုက်ပါသည်။

စင်နှင့်ထားခြင်းမှာ နတ်များအတွက်သာလျှင် ဖြစ်သည်။ ထေရဝါဒ ဗုဒ္ဓဘာသာဝင် ဆရာတော်ကြီးများ၏ ဆိုမိန့် အမှာရှိခဲ့သည်မှာ ဘုရား,တရား, သံဃာဟူသော ရတနာသုံးပါးသာလျှင် ကိုးကွယ်ရာထိုက်၏။ နတ်များကို ကိုးကွယ်ခြင်းထက် ပူဇော်ပသခြင်းသည် ဒါနမြောက်နိုင်သော်လည်း ရတနာသုံးပါးနှင့် မိဘဆရာတို့ကို အစဉ်ဦးခိုက်ပူဇော်ရှိခိုးသူတို့လောက် ဒါနမမြောက်ပေ။

လူသားတို့အတွက် အနန္တောအနန္တငါးပါးသာလျှင် ဦးခိုက်ပူဇော်ရာ အမှန်ပင် ဖြစ်ပေသည်။ ဤအင်းအကြောင်း၏ တန်ခိုးထက်ပုံ၊ ပြုလုပ်ပုံ ပြုလုပ်နည်းကို ဦးပဥ္စင်းကြီး ဦးကုမာရက ပြောပြသည်မှာ...

'ဒကာကြီး ဒီအင်းကို ဦးပဥ္စင်း အဆောင်အဖြစ် ကိုယ်နဲ့မကွာ ထားရှိပြီးကတည်းက ကျောင်းမှာ ဆွမ်းကွမ်းကိစ္စ မပူပင်ရဘူး။ ဝတ္ထုငွေကြေး လှူသူတန်းသူလဲ ပေါ်များတယ်။

ဘုရားလေးဆူ ပဋ္ဌာန်းအင်းဆိုတော့ အလိုလို သိဒ္ဓိပြည့်နေတာပေါ့။ ဦးပဥ္စင်းကိုယ်တွေ့ အင်းစီမံနေတဲ့အချိန်က အဖြစ်ကလေးကို ပြောပြဦးမယ်။ ထူးဆန်းတဲ့အကြောင်းကလေးပါ။

ဦးပဥ္စင်းမွေးနေ့ မနက်(၉)နာရီ အချိန်မှာ အင်းကို စီရင်တာပါ။ စီရင်တာကတော့ ငွေနန်းပြားကလေးနဲ့ပါ။ ဘုရားရှေ့မှာ ဦးပဥ္စင်း၂၄ ပစ္စည်းရွတ်ပြီး အင်းကို စီရင်တယ်။

စီရင်တဲ့နေရာမှာ ပထမ အမွှေးတိုင် (၉)တိုင်ထွန်း၊ သောက်တော်ရေ (၉) ခွက် ကပ်ပြီး ပန်း(၉)ပွင့်ကို လှူတယ်။ လှူတဲ့ပန်းက ဂန္ဓမာပန်းဖြူပွင့်တွေပါ ဒကာကြီး။

ဦးပဥ္စင်း အလင်း ဖယောင်းတိုင်(၉)တိုင်ကို ဒုတိယအကြိမ်မှာ မီးပူဇော်နေတုန်း ကြည်လင်ပြတ်သားတဲ့အသံနဲ့ အမိန့်ပေးသံလိုလို ဦးပဥ္စင်း နောက်ကျောဘက်က ကြားလိုက်ရတယ်။

"အေး...ထွန်း...ရဲရဲထွန်း"

လို့ ပြောပြီး အသံလဲ ပျောက်သွားတယ်။

ကျုပ်လဲ ဦးပဥ္စင်းတစ်ပါးပါးက နောက်တယ်လို့ ထင်ပြီး လှည့်တောင် မကြည့်ပါဘူး။ အင်းကိစ္စ စီမံနေတော့ အဖျက်အဆီး ပယောဂဆိုတာရှိတတ်တယ်လေ။

ဒါပေမယ့် တစ်ခုတော့ရှိတယ်၊ ကျုပ်ကျောင်းက ဦးပဥ္စင်းတွေက ဆွမ်းခံကြွကြတယ်လေ။ ကျောင်းမှာဆို ကျုပ်နဲ့ ကျောင်းထိုင်ဆရာတော်ကြီး (၁)ပါးပဲ ရှိကြတာပါ။

ဆရာတော်ကြီးကလဲ ကျုပ်နေတဲ့ သိမ်ကျောင်းကို မလာတတ်ပါဘူး။ ကျုပ်အထင်နဲ့ ပြောရရင်တော့ အထက်ပုဂ္ဂိုလ်တွေ ကျုပ်အနားမှာ ရှိတယ်လို့ အဲဒီအချိန်မှာ ထင်လိုက်မိတယ်။

ကျုပ်က ခရီးခဏခဏ ထွက်တတ်တဲ့ ပုဂ္ဂိုလ်ဆိုတော့ ဒီအဆောင် အင်းရှိမှ ဖြစ်မယ်လို့ ယုံကြည်ထားတယ်လေ။

ဂမ္ဘီရပညာ,ဂမ္ဘီရစာပေတွေ လိုက်စားနေတဲ့ ကျုပ်အဖို့ အထူးလိုအပ်တာပေါ့'

ဟု ဦးပဥ္စင်းကြီးဦးကုမာရက ဘဝင်မမြင့် အကြွားမပိုတဲ သူ့ကိုယ်သူ နှိမ်ချ၍ ပြောခြင်းမှာ အလွန်အဖိုးတန်သော စကားတစ်ခွန်းဟု စာရေးသူ ထင်မှတ်မိလေသည်။

ဦးပဥ္စင်းဦးကုမာရ၏ ကိုယ်တွေ့အဆောင် **"ဘုရားလေးဆူ ပဋ္ဌာန်းအင်းတော်ကြီး"**ကို စာရေးသူသည် ဦးပဥ္စင်းပြောပြသည့်အတိုင်း ကူးယူရေးသားပြီး အင်းဝါသနာရှင်များအတွက် စေတနာမေတ္တာများစွာဖြင့် ရေးသားဖော်ပြလိုက်ပါသည်။ **(ဗားမဲ့အင်းတော် တန်ခိုးကျော်သည့် အင်းဟုလည်း ခေါ်ဆိုကြပါသည်။)**

**ရောမြေ ကျော်ဝေ**



www.burmeseclassic.com

www.burmeseclassic.com

သိဒ္ဓိမြောက်တဲ့ဆေး ဆောင်းပါးပါ ဆေးနည်းမှ

# ကာလကဏ္ဍီနှင့်ကတိုး

ဘိုးရွှေ(ဗီးကုန်း)



၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလထုတ်၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာ(၂၆၄)၌ **"သိဒ္ဓိမြောက်တဲ့ဆေး သိသူများမှ ဖော်ပြပေးစေချင်"**ဆိုသည့် ခေါင်းစဉ်ဖြင့် စာရေးသူ **'လက်ပံနီ'**ရေးသော သိဒ္ဓိဝင်ဆေးတောင့်နှင့် ပတ်သက်သည့် ဆေးအကြောင်းကို စာရေးသူမှ လေ့လာသိရှိသမျှ မေတ္တာစေတနာဖြင့် တူမျှနိုင်သည်ဟု ထင်သည့် နည်းလေးများထဲမှ စိစစ်ရွေးချယ်၍ ရေးသားတင်ပြခဲ့ပါသည်။

စာရေးသူ ပြန်လည်တင်ပြသည့် ဆောင်းပါးလေးကို ၂၀၁၃ ခုနှစ်၊ အမှတ်(၃၂၂)၊ မေလထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကြီး၌ ဖော်ပြပါရှိခဲ့ပါ၏။

စာရေးသူ တင်ပြရေးသားခဲ့သော သိဒ္ဓိမြောက်တဲ့ဆေး ဆောင်းပါးပါ ဆေးနည်း၌ **ကာလကဏ္ဍီနှင့်ကတိုး** ဆေးမည်နှစ်မျိုး ပါရှိခဲ့ပါသည်။

ဆေးနည်းအပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

သျှိုသုံးပါးနှင့် အရာအားလုံးကို

အောင်မြင်စေနိုင်သော

သိဒ္ဓိဝင်ဆေးဖော်စပ်နည်း

၁။ သရဖီဝတ်ဆံ
၂။ ကံ့ကော်ဝတ်ဆံ၊
၃။ ကြာမျိုးငါးပါးဝတ်ဆံ၊
၄။ အကျော်၊
၅။ ကံ့ကုမံ၊
၆။ မြတ်လေးပွင့်၊
၇။ နံ့သာဖြူ၊
၈။ ကရမက်၊
၉။ ကန့်ပလူ၊
၁၀။ ကတိုး၊
၁၁။ နနွင်းနက်၊
၁၂။ ကာလကဏ္ဍီ

ယင်း(၁၂)မျိုးကို...

- **တနင်္ဂနွေဆန်းသောလ၌ သရဖီဝတ်ဆံ**ကိုယူ၊
- **တနင်္လာဆန်းသောလ၌ ကံ့ကော်ဝတ်ဆံနှင့် ကြာမျိုးငါးပါးဝတ်ဆံ**ကိုယူ၊
- **အင်္ဂါဆန်း**သောလ၌ **အကျော်နှင့် ကံ့ကုမံ**ကိုယူ၊
- **ဗုဒ္ဓဟူးဆန်း**သောလ၌ **မြတ်လေးပွင့်**ကိုယူ၊
- **ကြာသပတေးဆန်း**သော လ၌ **နံ့သာဖြူနှင့် နနွင်းနက်**ကိုယူ၊
- **သောကြာဆန်း**သော လ၌ **ကရမက်နှင့် ကတိုး**ကိုယူ၊
- **စနေဆန်း**သောလ၌ **ကန့်ပလူနှင့် ကာလကဏ္ဍီ**ကိုယူ...

ဟူ၍ လေ့လာ တွေ့ရှိခဲ့သည့်အတိုင်း သိဒ္ဓိဝင်ဆေးတောင့် ဖော်စပ်ပုံ **ပထမဆင့်၌** ဆေးစုရန် ပါရှိခဲ့ပါသည်။

သို့သော် စာရေးသူ၏ အားနည်းချက်ကြောင့် **ကတိုးနှင့် ကာလကဏ္ဍီ**ကို ဖော်ပြရာ၌ မပြည့်မစုံ ဖြစ်ခဲ့ရသဖြင့် စာရှုသူများမှ ထင်သာမြင်သာ ရှိပါရန်နှင့် ဆုံးဖြတ်နိုင်ပါရန် ဆေးနည်းတွင် ပါရှိသော ကတိုးနှင့် ကာလကဏ္ဍီတို့ကို ထပ်မံတင်ပြလိုက်ပါသည်။

စာရေးသူ တင်ပြခဲ့သော သိဒ္ဓိမြောက်သည့်ဆေး ဆောင်းပါးပါ ဆေးနည်း၌ အားလုံးမှာ ရုက္ခမူများသာ ဖြစ်ပါသည်။ သစ်ပင်တို့၏ အသီး၊ အပွင့်၊ အနှစ်၊ ဥတို့ ဖြစ်ပါသည်။

ပထမဦးစွာ ကတိုးကို တင်ပြပါ မည်။

ကတိုးမှာ **အသားကတိုး၊ သစ်ကတိုး**ဟူ၍ နှစ်မျိုးရှိပါသည်။ **အသားကတိုးဆိုသည်မှာ** ကတိုးကောင်တို့၏ ခန္ဓာကိုယ်အတွင်း အိပ်လိုက် တည်ရှိနေသော ကတိုးကို ဆိုလိုပါသည်။ **သစ်ကတိုးဆိုသည်မှာ** သစ်ပင်မှ ဖြစ်သော ကတိုးကို ဆိုလိုခြင်းဖြစ်ပါသည်။ **ကတိုးကြောင်သိုမှာ** ဤဆေးနည်း၌ အကျုံးမဝင်၍ မတင်ပြတော့ပါ။

ယခု ဤဆေးနည်းပါ ကတိုးမှာ နေ့အလိုက်စုသော ဆေး၌ သောကြာဆန်းသောလ၌ ကရမက်နှင့် ကတိုးကိုယူဟူ၍ ကရမက်နှင့်တွဲ ပါရှိသည့်အတွက် သစ်ပင်မှဖြစ်သော ကတိုးကိုသာ ဆိုလိုပါသည်။ အဘိုး၏ လက်ရေးမူ၌လည်း ထိုသို့ပင် ရေးသားဖွင့်ဆိုခဲ့ပါ၏။

သစ်ကတိုးတွင်လည်း...



www.burmeseclassic.com

www.burmeseclassic.com

၁။ သစ်ကတိုး၊
၂။ သက်ရင်းကတိုး၊
၃။ တွင်းနက်ကတိုး

ဟူ၍ သုံးမျိုးရှိပြီး ဤနေရာ၌ အဘိုးက မည်သည့် ကတိုးပင်ဖြစ်စေ ဤဆေးဖော်စပ်ရာ၌ အားလုံး အကျုံးဝင်သည်ဟု အဆိုရှိခဲ့ပါသည်။ သို့သော် သစ်ကတိုး ရခဲ့ပါမူ ပိုမိုကောင်းမွန်ကြောင်းလည်း မှတ်ချက်ပြု ရေးသားခဲ့ပါသည်။

ဒုတိယ ကာလကဏ္ဍီကို ဆက်လက် တင်ပြပါမည်။

**ကာလကဏ္ဍီဆိုသည်မှာ** ဂမုန်းပေါင်း(၁၀၀၀)ပါ ဂမုန်းတစ်မျိုး၏ အမည် ဖြစ်ပါသည်။

**ထို ကာလကဏ္ဍီဂမုန်း၌လည်း...**

၁။ လူကာလကဏ္ဍီ၊
၂။ ဆင်ကာလကဏ္ဍီ၊
၃။ မြင်းကာလကဏ္ဍီ

ဟူ၍ (၃)မျိုး ရှိပြန်ပါသည်။

၁။ **ဂမုန်း လူကာလကဏ္ဍီသည်** အရွက်မှာ ကြက်သွန်ဖြူရွက်ကဲ့သို့ ရှိပြီး ခေါင်းတွင် လုံ့ရာကဲ့သို့ ကြက်ခြေအရာ ရှိသည်ဟု ဆိုပါသည်။

၂။ **ဂမုန်း ဆင်ကာလကဏ္ဍီသည်** ကား ဆေးတစ်လုံးရွက်ကဲ့သို့ အရွက် နီမြန်းပြီး အရွက်ကြောမှာ စိမ်း၍ ခေါင်းက ဖားကဲ့သို့ရှိကာ အတက်က သရက်ကင်းနှင့်တူသည်ဟု ဆိုပါသည်။

၃။ **ဂမုန်း မြင်းကာလကဏ္ဍီသည်** ကား အရိုး အရွက် အကြော နီမြန်း၍ တစ်ဖက်က စိမ်း၏။ တစ်ဖက်က သရက်ကင်းနှင့် သဏ္ဍာန်တူ၏။

ဤဂမုန်းမျိုးတို့သည်ကား ဒန်(ကြေး)ကိုလည်း ဖြူစေ၏။ ရာဇကုဏ္ဍီ၊ သဗ္ဗသျှိ ကောင်း၏ဟု ဆိုပါသည်။ သင်းပုံ့သော အမွှေးကိုလည်း ဆောင်ကြောင်း ပြခဲ့ပါသည်။

သို့ကြောင့် သျှိသုံးပါးသိဒ္ဓိဝင်ဆေးကြီး ဖော်စပ်ရာ၌ အားလုံး ဖော်စပ်နိုင်ကြောင်း၊ ထိုဂမုန်းသုံးပါးလုံး အကျုံးဝင်ကြောင်း အဘိုး၏မူ၌ တွေ့ရသည့်အတိုင်း ၂၀၁၃ ခုနှစ်၊ မေလထုတ်၊ အမှတ်(၃၂၂) နက္ခတ္တရောင်ခြည်မဂ္ဂဇင်းစာ (၂၂၁)ပါ "သိဒ္ဓိမြောက်တဲ့ဆေးသိသူများမှ ဖော်ပြပေးစေချင်" ဆောင်းပါးပါ ကတိုးနှင့် ကာလကဏ္ဍီအကြောင်းကို ဖြည့်စွက်၍ ရှာဖွေတင်ပြလိုက်ပါသည်။

**မှတ်ချက်** ။ ။ ထိုဆေးကို ပထမဆင့်၊ ဒုတိယဆင့် စုံလင်စွာ စုဆောင်းပြီးသည်နှင့် တန်ဆောင်းမုန်းလပြည့်ညကြယ်, လ, နက္ခတ်တာရာ စုံသည့်ကာလ၌ ကျောက်ပျဉ်၌ ထိုနေ့၏ နံပေါ်အင်းကို ရေးကာ မန္တန်ရွတ်ဆို၍ ဆေးကြိတ်ရမည်ဟု အဘိုး၏ လက်ရေးမူပါအတိုင်း ရေးသားတင်ပြခဲ့သော်လည်း နံပေါ်အင်းကို မသိပါ။

ရိုးသားစွာ ဝန်ခံရပါလျှင် စာ၌ တွေ့ရှိသည့်အတိုင်း ဆေးနည်းကို ပညာဒါန ပြုလို၍ ရေးသားခြင်းသာ ဖြစ်ပါသည်။ သို့အတွက် **အင်းနှင့် ပတ်သက်၍ တတ်သိပညာရှင်များမှ** ဤ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှပင် ပြန်လည် ဖော်ပြပေးပါရန် မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

ဤဆေးကို ကြိတ်စဉ်၊ သွေးစဉ်၌ အအေးဓာတ်ဖြစ်သော ရေနှင့်သာ ကြိတ်ရ၊ သွေးရမည် ဖြစ်ပါ၏။

***အားလုံး လိုအင်ဆန္ဒ အပေါင်းနှင့် ပြည့်ဝကြပါစေ။***

**အေးရွှေ (ဇီးကုန်း)**

စာမျက်နှာ (၂၀၈)မှ အဆက်

ဘုန်းတော်ကြီးများကို တစ်နှစ်တစ်ခါ ဆေးလှူဒါန်းပါသည်။

'ဆေးနည်းကတော့ မခက်ပါဘူး။ နနွင်းခါး (၁၀)ကျပ်သား၊ ဆင်တုံးမနွယ် (၁၀)ကျပ်သား၊ တောင်မုရိုးခေါက် (၁၀)ကျပ်သား၊ နွားမြေရင်း (၃)ကျပ်သား၊ ဆားလှော်(၃)ကျပ်သားတို့ ဖြစ်ပါတယ်။

ဆေးဖော်နည်းကတော့ နနွင်းခါး၊ ဆင်တုံးမနွယ်၊ တောင်မုရိုးခေါက်တို့ကို စဉ်းပြီး နေပူလှန်းထားရပါတယ်။ နွားမြေရင်းကိုလဲ နေပူလှန်းထားရင် ကောင်းပါတယ်။ ခြောက်ရင်တော့ သံဆုံ သန့်သန့်ကလေးထဲမှာထောင်း၊ နောက်ဆုံးမှ ဆားလှော်ကို ထည့်ရပါတယ်။

ပြီးရင်တော့ အလုံးကလေးတွေ လုံးထားပြီး ပထမနေ့မှာ (၅)လုံး၊ ဒုတိယနေ့မှာ(၅)လုံး၊ တတိယနေ့မှာ (၅)လုံး ပျားရည်ဖွန်းဝက်လောက်နဲ့ ရောပြီး သောက်ပါ။

ခြေလက်တွေ ထုံကျဉ်နေရင်တော့ (တစ်လ)လောက်သောက်ရင် လေငန်းသွေးကြောပိတ်တဲ့ရောဂါ သက်သာပျောက်ကင်းပါတယ်'

ဟု ဦးစံဝင်းမှ စာရေးသူအား ပြောပြပါသည်။

မည်သည့်ရောဂါ ဝေဒနာမဆိုဖြစ်ပြီးမှ ကုသခြင်းထက် ကြိုတင်ကာကွယ်ခြင်းက ပို၍ထိရောက်မှုရှိပါသည်။ သို့ပါ၍ စာဖတ်သူ သူတော်သီများ ဖတ်ရှုလေ့လာသုံးစွဲနိုင်ရန် တင်ပြအပ်ပါသည်။

*အနန္တမေတ္တာများဖြင့်...*

**သန့်ထွန်းသိန်း (ဘားအံ)**



www.burmeseclassic.com

www.burmeseclassic.com

သန်းလွန်းဦး
(ဘားအံ)

ရွှေးခေတ်သုံး

# လေငန်းအကြောပွင့်ဆေးနည်း





▲ လေငန်းအကြောပွင့်ဆေးမည်များကို ဗျိုသို့ဝန်းပြင် ထည့်၍ နေပူလှန်းရသည်

▼ လေငန်းရောဂါဆေးနည်း ဖော်ပြနေသော ဦးစံတင်နှင့် ဒေါ်စောညွှန့်

လေငန်းရောဂါ ဖြစ်လာလျှင် သွေးကြောလေကြောများ ပိတ်၍ လူ့ခန္ဓာကိုယ် ခြေ၊ လက်တို့ လှုပ်ရှား၍ မရနိုင်တော့ဘဲ အိပ်ရာထဲတွင် လှဲနေရတတ်ပါသည်။

ထိုလေငန်းရောဂါကို စာရေးသူကိုယ်တိုင်လည်း ခံစားလာခဲ့ဖူးသည်။ ရောဂါဖြစ်နေစဉ်အတွင်း အိပ်ရာထဲတွင် လဲနေပြီး စကားပြော၍မရ၊ စိတ်ကသာ လှုပ်ရှားနိုင်သည်။ ခြေ၊ လက်တို့က လှုပ်ရှား၍မရ လူ့အဖြစ်ရှုံးကာ စိတ်အား အလွန်ငယ်စရာကောင်းလှပါသည်။

ထိုလေငန်းရောဂါကို ခန္ဓာကိုယ်တွင်း မဝင်ရောက်လာနိုင်အောင် သဘာဝ တိုင်းရင်းဆေးမြီးတိုများဖြင့် ကာကွယ်နိုင်ပါသည်။

လေငန်းရောဂါ စတင် ဖြစ်လာပုံများကလည်း တစ်မျိုးထူးခြားလှပါသည်။ ရောဂါဖြစ်လာတော့မည်ဆိုပါက စားပြီးလျှင် အိပ်ချင်လာသည်။ ခြေလက်တို့ နာကျင်ကိုက်ခဲတတ်သည်။ ဦးခေါင်း၊ မူးဝေတတ်သည့် အရိပ်လက္ခဏာများ ဖြစ်ပေါ်လာပြီး သွေးကြောလေကြောများ ပိတ်ကာ သတိမေ့လျော့တတ်ပါသည်။

စာရေးသူသည် အထက်ဖော်ပြပါ လေငန်းရောဂါကို လွန်ခဲ့သော (၁၅)နှစ်ခန့်က ဖြစ်ခဲ့သည်။ ထိုရောဂါ မဖြစ်ရအောင် ကာကွယ်နိုင်သည်။ ကာကွယ်နိုင်သည့်ဆေးများလည်း ရှိသည်။

ထိုဆေးနည်းများ ရရှိနိုင်ရန် သထုံမြို့ ကျိုက်ကဲ့ကျေးရွာ နန်းတောင်းလေးရပ်ကွက်နေ ဦးစံတင်၊ ဒေါ်စောညွှန့်တို့ထံ လေငန်းရောဂါ ကာကွယ်နည်း ဆေးအညွှန်းများ သွားရောက်ယူကာ ဖော်ပြအပ်ပါသည်။

ဆေးနည်းပေးသော ဦးစံတင်ဇနီး ဒေါ်စောညွှန့်တို့မှာ ဆေးကုစားသ[illegible] တော့ မဟုတ်ပါ။ ဘိုးစဉ်ဘောင်[illegible] က ရရှိထားသော ဆေးနည်းက[illegible] သာဖြစ်ပါသည်။ ထိုဆေးကလေး[illegible]

စာမျက်နှာ (၂၀၇) သို့



www.burmeseclassic.com

www.burmeseclassic.com

မြစ်သာရွာကြီးမှ

# အဘိုးအရေကြီး ဦးတိုက်စီ (၂)

ရှေ့ဝန်ထိုက်



**ယခင်လမှ အဆက်**

ထိုနှစ်ဦး၏ ကူညီစောင်မမှုများကြောင့်လည်း သူ ယခုကဲ့သို့ ထွက်ရပ်ခန်း မြန်းခဲ့ရကြောင်း၊ ထိုသူနှစ်ဦးကို ပြန်လည် စောင့်ရှောက်ရမည့် တာဝန်သူ့မှာရှိကြောင်း၊ ထိုသူနှစ်ဦးမှာ တစ်ဦးက ယခုခေါ်လာသည့် မြစ်သာရွာမှ မောင်တိုက်စီဖြစ်ပြီး ကျန်တစ်ယောက်ကတော့ ကျောင်းဝလေးရွာမှ မောင်ညွန့်စိန်ဖြစ်ကြောင်း ရှင်းပြလေ၏။

မှတ်ချက် ။ ။ ကျောင်းရွာလေး ရွာမှ မောင်ညွန့်စိန်အကြောင်းကိုမူ အမှတ်(၃၀၈)၊ စာ (၂၉၉) ၂၀၁၂ ခုနှစ်၊ မတ်လထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၌ "တာပွန်တိုက်နှင့် ကျောင်းဝလေးရွာမှ ပုဂ္ဂိုလ်နှစ်ဦး



www.burmeseclassic.com

www.burmeseclassic.com

၏ ကျင့်စဉ်နှင့် ဘဝဖြစ်ရပ်ဆန်း'' ဟူသော အမည်ဖြင့် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

ထိုသို့ ရှင်းပြပြီးနှင့် မောင်တိုက်စိကို...

'ငါ့သားက ပါရမီရှိပြီးသားပဲ။ ဒီနေ့ ဒီအချိန်ကစပြီးအဘငါ့သားကိုလောကကြီးမှာ ''ကဝိ''တစ်ဆူဖြစ်ပြီး အဘလိုပဲဖြစ်အောင်၊ အဘနဲ့ အတူနေနိုင်အောင် ပညာတွေသင်ကြားပေးမယ်'

ဟု ဆိုကာ ဓာတ်အတတ်၊ ဆေးအတတ်၊ နက္ခတ်အတတ်၊ အင်းအတတ် စသော ခက်ခဲနက်နဲသည့် ဂမ္ဘီရအတတ်တို့ကို စတင် သင်ကြားပေးလေ၏။

မောင်တိုက်စိလေးကလည်း တိုင်းရက်သည့်ပက္ကလာ မိုးရွာသည်နှင့် အဆင်သင့် ဆိုသလို သူ့ဝါသနာပါရာ၊ သူ လေ့လာလိုက်စားလိုသော ပညာရပ်များ ဖြစ်သဖြင့် အားကြိုးမာန်တက် သင်ယူလေသည်။

ဤလိုနှင့် ညနေဆည်းဆာ ရောက်လာသည်။ နေကို ကြည့်လိုက်တော့ နေဝင်တော့မည်မို့ မောင်တိုက်စိ သူ လွှတ်ခဲ့သည့် ကျွဲတွေ၊ နွားတွေသွင်းချိန်ဖြစ်ကြောင်း သတိထားလိုက်မိ၏။ သို့ကြောင့် ဝတ်ဖြူဝတ်အဘအား အမျှားခေါ်သလိုပင်...

'ဘ နေဝင်တော့မယ် ကျွန်တော် ကျွဲတွေ၊ နွားတွေ သွင်းရဦးမယ်'

ဟု ပြောလိုက်သည်။

ထိုအခါ ဝတ်ဖြူဝတ်အဘက...

'အေး အေး ပြန်ဦး၊ နောက်နေ့တွေလဲ သားကို လာခေါ်မယ်။ သား ဝိဇ္ဇာဓရအတတ်တွေ ပေါက်မြောက်အောင် သင်ရပေမယ်'

ဟု ဆိုလေ၏။

တကယ် ပြန်ရမည်ဆိုတော့



မောင်တိုက်စိ ဘယ်အရပ်ပြန်ရမှန်း မသိ၊ ဘယ်လို ပြန်ရမှန်းမသိနှင့် စိတ်ညစ်သွား၏။ သူ လာခဲ့ရသည့် ခရီးက ခက်ခက်ခဲခဲ မဟုတ်လား၊ သို့ကြောင့် မောင်တိုက်စိ ခေါင်းကို တဖျင်းဖျင်း စုံကုတ်နေမိ၏။

'ဘာလဲ ငါ့သား ဘယ်ပြန်ရမှန်း၊ ဘယ်လို ပြန်ရမှန်းမသိလို့ စိတ်ညစ်နေလား၊ မညစ်ပါနဲ့ကွာ၊ အဘ ရှိပါတယ်'

ဝတ်ဖြူဝတ်အဘက ပြောပြောဆိုဆို မောင်တိုက်စိအနား လျှောက်လာကာ...

'ကဲ ကဲ ငါ့သား သားရဲ့ ရွာလေးကို အာရုံပြုလိုက်'

ဟု ဆိုလိုက်လေသည်။ မောင်တိုက်စိ ရွာလေးနှင့် သူပုတီးစိပ်ရာ သစ်ပင်ကြီးနှင့် တောင်ပို့ကြီးကို အာရုံပြုလိုက်စဉ်ပင် အံ့သြဖွယ်ရာ ထိုတောင်ပို့ကြီးသို့ သူ ချက်ချင်းပြန်ရောက်ခဲ့လေ၏။

ထိုစဉ် မောင်တိုက်စိလည်း အိပ်ရာမှ နိုးလာသူတစ်ယောက်လို ဖြစ်သွားသည်။ သူ့အဖြစ်တွေ၊ သူတွေ့ကြုံခဲ့ရတာတွေ အားလုံးကိုလည်း ပြန်စဉ်းစားကြည့်နေမိသည်။ အိပ်မက်လား တကယ့်အဖြစ်လားဆိုသည်ကိုလည်း သူ မစဉ်းစားတတ်အောင် ဖြစ်သွားသည်။

* * *

ဤလိုနှင့် ရက်ကလေးတွေ ကြာမှန်းမသိ ကြာလာသည်။ သူ့အဖြစ်တွေကိုလည်း သူယုံရခက်ခက်၊ မယုံရခက်ခက် ဖြစ်နေသည်။ သူ့အဖြစ်ကယခင်ရက်ကလိုပင် အားကောင်းမောင်းသန်လူကြီးက နေ့စဉ် ကျားကြီးစီးပြီးလာခေါ်သည်။ ပင်လယ်ကမ်းခြေလိုက်ပို့သည်။ ကမ်းခြေ၌ လောင်းလှေလေးနှင့် လှေလော်သားနှစ်ယောက်က လာကြိုသည်။ မျက်စိတစ်မှိတ်အတွင်း ပင်လယ်ကြီး၏ တစ်ဖက်ကမ်းရောက်သည်။

သူရောက်သည်နှင့် ကျောက်ဆောင်ကြီးပေါ်ထိုင်၍ သူ့ကို ကြိုနေသူ ပိန်ပိန်ပါးပါး လူကြီးတစ်ဦးက ဝတ်ဖြူဝတ်အဘဆီ ခေါ်ခဲ့၏။ အဘက သူနှင့်တွေ့သည်နှင့် ဝိဇ္ဇာဓရအတတ်တွေကိုသင်ပေးသည်။ ညနေ ကျွဲတွေ၊ နွားတွေသွင်းချိန်တွင် သူ ကျွဲ၊နွားကျောင်းရာအရပ် အာရုံပြုလိုက်သည်နှင့် ပြန်ရောက်သည်။ ထိုစဉ် အိပ်မက် မက်သလိုခံစားရ၏။

တကယ်တော့ သူ့အဖြစ်တွေကအိပ်မက်တွေလိုလို၊ တကယ်လိုလိုယုံရခက်ခက်၊ မယုံရခက်ခက် ဒါပေမယ့် အဘ သင်ပေးသည့် ဝိဇ္ဇာဓရအတတ်တွေကိုတော့ သူ တကယ်တတ်လာ၏။

သို့ကြောင့် သူတတ်လာသည့် ပညာများကို တကယ်ဟုတ်,မဟုတ် စမ်းသပ်ကြည့်ရန် ဆုံးဖြတ်လိုက်လေသည်။ ထိုသို့ ဆုံးဖြတ်ပြီးသည့်အတိုင်းလည်း တစ်ခုချင်း၊ တစ်ကန့်ချင်း သူ့ပညာများကို စမ်းသပ်ခဲ့လေ၏။

**ဥပမာ** နေသာချိန် မိုးကိုအုံ့စေခြင်း၊ မိုးကိုရွာစေခြင်း၊ မိုးရွာနေစဉ် ချက်ချင်းနေသာစေခြင်း၊ မှောင်သည့်အချိန်လင်းစေခြင်း၊ လင်းသည့်အချိန်မှောင်စေခြင်း၊ မြစ်ထဲ၌ ရေပေါ်တင်ပျဉ်ခွေ၍ လိုရာအရပ်သွားခြင်း၊ မြွေသတ္တဝါ

www.burmeseclassic.com

များကို ခေါ်ခြင်း၊ ပြန်စေခြင်း၊ မကျန်းမမာသူ လူနာများကို(သေမည်ဟု ထင်ရသူများကိုပင်) ဆေးဝါးကုသ၍ ပျောက်ကင်းချမ်းသာစေခြင်း စသည်တို့အပြင် လူတစ်ယောက်ကို မနက်ဖြန်(အနာဂတ်)ကာလ ဘာဖြစ်မည်ကို အတပ်ဟောပြောခြင်းတို့ ဖြစ်လေသည်။



မောင်တိုက်စီ ပြုလုပ်သမျှ အောင်မြင်၍ မောင်တိုက်စီ ပြောသမျှလည်း အားလုံးမှန်ကန်သဖြင့် ငယ်စဉ်ကပင် သင်းနေသော မောင်တိုက်စီ၏ ဂုဏ်သတင်းမှာ တစ်မုဟုတ်ချင်း ပိုမိုကျော်စောခြင်း ဖြစ်သွားလေတော့၏။

ပတ်ဝန်းကျင်၌ မောင်တိုက်စီ၏ ဂုဏ်သတင်းက အုတ်အော်သောင်းတင်း ဖြစ်နေပေ၏။ သို့ကြောင့် မောင်တိုက်စီ၏အိမ်၌ အနာဂတ်အတွက် သိလို၍ လာရောက်မေးမြန်းသူများ ဆေးဝါးကုသသူများနှင့် တိုးမပေါက်အောင် ရှိလေသည်။ သို့ကြောင့်ပင် မောင်တိုက်စီဘဝမှ ဆရာကြီးဘဝသို့ ချက်ချင်း ရောက်ခဲ့လေ၏။

မောင်တိုက်စီကလည်း ပရအကျိုးသယ်ပိုးဆောင်ရွက်ရင်း တစ်ဖက်ကလည်း အတ္တအကျိုးအတွက် ပုတီးစိပ်ခြင်း၊ မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းခြင်း၊ တရားထိုင်ခြင်း၊ အာယုဝဍ္ဍန ရသာယနဆေးများ စီမံဖော်စပ်မှီဝဲခြင်း၊ အင်းကစားခြင်း၊ အဂ္ဂိရတ်ကစားခြင်း စသည့် အလုပ်များကို အချိန်မှန်မှန် ပြုလုပ်ခဲ့ပေ၏။ သူ့လုပ်ငန်းကိုလည်း အပျက်မခံခဲ့ပေ။

သို့သော် အချို့က မောင်တိုက်စီကို မယုံကြည်ကြချေ။ မောင်တိုက်စီ၏ ဂုဏ်ပုဒ်တို့ကိုလည်း အမျိုးမျိုးပြစ်တင်ဝေဖန် ရှုတ်ချကြလေသည်။ မောင်တိုက်စီကမူ လုံးဝ ဂရုမထားဘဲ သူလုပ်ရမည့် လုပ်ငန်းတို့ကိုသာ အစဉ်တစိုက် လုပ်ခဲ့သည်။ မည်သူ့အပေါ်မှလည်း မေတ္တာမပျက်ခဲ့။

တစ်နေ့တွင် သူ့ကို မယုံကြည်ဘဲ မနာလိုဝန်တိုဖြစ်နေသူတစ်စု ရောက်လာသည်။

* * *

'ဆရာရယ် ကျွန်တော့်ညီလေး ပါးစပ်ထဲ(ပါးစောင်)မှာ အကျိတ်ဖုကြီး ဖြစ်နေလို့ ဆရာ့ဆီ ကုရအောင် လာခဲ့တာပါ။ ဆရာ့ကို အားကိုးပါတယ်'

တစ်ယောက်က သူနှင့်အတူ ပါလာသည့် ပါးစောင်တွင် အဖုကြီးနှင့်လူငယ်တစ်ယောက်ကို ပြ၍ ပြောလိုက်သည်။ ထိုအချိန်က မောင်တိုက်စီအိမ်၌ လူစုံနေသဖြင့် လူအများလည်း ထိုပါးစောင်မှ အဖုကြီးနှင့် လူငယ်နှင့် ရောက်လာကြသော လူတစ်စုကို မောင်တိုက်စီ မည်သို့ ကုပေးမည်ကို သိလိုကြသဖြင့် ဝိုင်းအုံကြည့်နေကြ၏။

'ဒါက ကိစ္စမရှိပါဘူး။ ဒီကနေပြန်သွားလို့ လမ်းရောက်ရင် ထွေးထုတ်လိုက် ပျောက်သွားမှာပါ'

မောင်တိုက်စီက ပြုံးရွှင်စွာနှင့် ထိုလူတစ်စုကို ပြောလိုက်သည်။

'ဟာ ဆရာကလဲ အဲဒီလို ထွေးထုတ်ရုံနဲ့ ပျောက်မှဖြင့် ဆရာ့ဆီ ဘယ်လာပါ့မလဲ၊ နောက်ပြီး အနာလေး ဘာလေးလဲ ဘာနာဆိုတာ ပြောပြပါဦးတော့'

'အဲဒီအနာက ကိစ္စမရှိပါဘူးဗျာ'

မောင်တိုက်စီက ထပ်ပြောလိုက်သည်။

'ဒါဆို ဘာက ကိစ္စရှိသလဲ၊ အနာထက် ဘာကိစ္စက ပိုအရေးကြီးလို့လဲ'

'ခင်ဗျားတို့က ချောင်းတစ်တန်၊ မြောင်းတစ်တန် လာခဲ့ကြရတာ၊ နောက် နာရီဝက်လောက်ကြာရင် ခင်ဗျားတို့ ဖြတ်လာခဲ့တဲ့ ချောင်းတွေ မြောင်းတွေ မိုးကြီး အကြီးအကျယ်ရွာပြီး ရေလျှံလိမ့်မယ်။ အချိန်မရဘူး ခုပြန်ကြ၊ နောက်မှဆို လှေငှားပြန်နေရဦးမယ်'

မောင်တိုက်စီ၏ စကားအဆုံး၌ ထိုလူတစ်စုက...

'ဟာ အခုလို နွေခေါင်ခေါင်ကြီးများ ချောင်းတွေ မြောင်းတွေ လျှံအောင်မိုးရွာမယ်၊ ရေကြီးမယ်ဆိုလား ဒါဆိုလဲ ရွာစမ်းပါစေဗျာ'

ဟု မယုံမကြည်နှင့် ခပ်ရွဲ့ရွဲ့ပြောကာ သဘောကျစွာ ဟားတိုက်ရယ်ကြလေသည်။ လက်ခုပ်လက်ဝါးတီး၍လည်း လှောင်ကြလေသည်။

'ဟား ဟား ဟား ဟား ဟား ဟား ဟား ဟား ဟား'

ထိုသူတို့တစ်စု၏ ရယ်မောသံက ကျန်ပရိသတ်များကိုပါ လွှမ်းမိုးသွားသည်။ သူတို့က ရယ်မောရုံမကဘဲ နွေခေါင်ခေါင်ကြီးများ ရေလျှံအောင် မိုးရွာမယ်ဆိုလို့ဟုလည်း မကျေမနပ်နှင့် အထင်သေး အမြင်သေး ပြောကြလေသည်။

မောင်တိုက်စီကတော့ ထိုလူတစ်စုအား မည်သည့်စကားဆိုမျှ မဆိုတော့ဘဲ သူ လုပ်စရာရှိသည့် အခြားလူနာများကုသော လုပ်ငန်းကိုသာ ဆက်လက် လုပ်ဆောင်နေလေတော့၏။ ဆေးကုသည်ဆိုရာ၌လည်း ပျောက်စေ



www.burmeseclassic.com

www.burmeseclassic.com

ဆိုသည့် စကားမှလွဲ၍ သူ၌ အခြားမည်သည့်ဆေးဝါးမျှတော့ မရှိပေ။ သူ၏ လက်ကိုင်ဆေးမှာ ရေနှင့် နှုတ်သာဖြစ်၏။

ထိုလူစုလည်း လှောင်ပြောင်ရယ်မောရင်း ရွာထိပ်ဆီ ထွက်သွားကြသည်။ သူတို့ ထွက်သွားပြီး မကြာမီပင် အရပ်လေးမျက်နှာမှ မိုးသားတိမ်လိပ်များ အလိပ်လိပ်ထ အုံ့မှိုင်းတက်လာပြီး မှောင်အတိ ဖြစ်သွားသည်။

ထိုအချိန်တွင်ပင် လျှပ်ရောင်များ တဝင်းဝင်း တလက်လက် လင်းလက်ကာကာ မိုးထစ်ချုန်းသံများ တဝုန်းဝုန်း တဒိုင်းဒိုင်းနှင့်အတူ ခွေခေါင်ခေါင်နွေလယ်ကြောင်တောင်ကြီး၌ မိုးကြီးက မိုးသီးမိုးပေါက်ကြီးများနှင့်အတူ တဝေါဝေါ သည်းထန်စွာ ရွာချလိုက်လေသည်။

ထိုအခါ မောင်တိုက်စီသည် ရွာထိပ်ဘက်သို့ ကဲကြည့်ရင်း...

'စောစောက မိတ်ဆွေတွေကို တစ်ယောက်လောက် ကပျာကယာ သွားခေါ်လိုက်ကြဗျား။ သူတို့ မိုးခိုနေတဲ့ ကုက္ကိုပင်ကြီး မကြာခင် မိုးကြိုးပစ်လိမ့်မယ်'

ဟု ပြောလိုက်သည်။ မောင်တိုက်စီ၏ စကားဆုံးသည်နှင့် လူနာရှင်၏ အစ်ကိုတစ်ယောက်က ရေထဲမိုးထဲ ပြေးထွက်သွားပြီး ထိုလူစုကို ကုက္ကိုပင်ကြီး မိုးကြိုးပစ်တော့မည်ဟု မောင်တိုက်စီကပြောကြောင်း ပြော၍ ပြန်ခေါ်ခဲ့လေသည်။

ထိုလူစုလည်း ခွေခေါင်ခေါင် မိုးကြီးသည်းထန်စွာရွာ၍ ချောင်းတွေမြောင်းတွေ ရေလျှံမည်ဟု မောင်တိုက်စီ ပြောသည့်အတိုင်း ဆိုင်းမဆင့် ဗုံမဆင့် ရုတ်တရက် မိုးကြီးရွာချလိုက်သဖြင့် မောင်တိုက်စီအား အထင်မသေးရဲတော့ဘဲ အိမ်သို့ ပြန်လိုက်ခဲ့ကြ၏။



သူတို့ အိမ်ရောက်လောက်သောအချိန်တွင် သူတို့မိုးခိုခဲ့ကြသော ကုက္ကိုပင်ကြီးကို မိုးကြိုးပစ်ချသံ ကြားလိုက်ကြရ၏။

'ဂျုန်း ချလွမ် လွမ် လွမ်လွမ် လွမ်လွမ် ဝုန်းဝုန်း'

မိုးကြိုးပစ်သံကြီးနှင့်အတူ ရေအိုးတန်းလုံးလောက်ရှိသည့် ကုက္ကိုပင်ကြီးနှင့် ထိုအကိုင်းအောက်ဘက်ရှိ ပင်စည်ကြီး မြေကြီးအရောက် ပဲအက်ကွဲထွက်သွားကို လှမ်းမြင်လိုက်ကြရသည်။

ထိုအခါ မောင်တိုက်စီကို မယုံကြည်သဖြင့် ပြက်ရယ်ပြုသူ၊ သိက္ခာချရန်လာခဲ့ကြသူတို့ လူစုသည် မောင်တိုက်စီကို အလွန် လေးစားသွားသည်။ သူတို့ကိုယ်သူတို့ မှားမှန်းလည်း သိသွားကြသည်။ သို့ကြောင့် မောင်တိုက်စီအား...

'ဆရာရယ် ကျွန်တော်တို့ အမှားတွေကို ဝန်ချပါတယ် ခွင့်လွှတ်ပါ'

ဟု တောင်းပန်လိုက်ကြသည်။

'အားလုံးကို ခွင့်လွှတ်ပါတယ်ဗျား။ ဘယ်လိုမှ သဘောမထားပါဘူး'

မောင်တိုက်စီကလည်း သူတော်ကောင်းပီပီ ခွင့်လွှတ်ကြောင်း ပြန်ပြောလိုက်လေ၏။

ထိုအချိန် သူတို့အထဲမှ စောစောက ပြခဲ့သည့် ပါးစောင်တစ်ဖက်တွင် အ... ကျိတ်ကြီးနှင့် လူငယ်က ရှေ့တိုး... သည်။ ထို့နောက် လူတောထဲ၌ သူ... အဖုအကျိတ်ကြီးကို ထွေးထုတ်လိုက်... လေသည်။

ထိုလူငယ်လေးကိုကြည့်ပြီး အားလုံး... ဟာခနဲဖြစ်သွားကြသည်။ အကြောင်း... မှာ **"အနာက အရေးမကြီးပါဘူး။ ထွေးထုတ်လိုက်ရင် ပျောက်သွားမှာ... ပါ"**ဟု မောင်တိုက်စီ ပြောခဲ့သလိုပင် ယင်းလူငယ်လေး၏ ပါးစပ်ထဲမှ... လောက်စာလုံးခန့် ကွမ်းသီးလေး ထွက်... ကျလာသောကြောင့် ဖြစ်သည်။

* * *

ကာလ ကြာလာသည်နှင့်အမျှ မောင်တိုက်စီ၏ ပညာများက ပို၍... ရင့်ကျက်လာသည်။ အဝတ်ဖြူဝတ်... အဘကလည်း တစ်ခါတစ်ရံ ကိုယ်တိုင်... ပေါ်,ပေါ်လာပြီး ဆုံးမဩဝါဒများနှင့် အကျင့်စရဏများတို့နှင့် ပတ်သက်၍ လမ်းညွှန်မှုများ ပေးလေ၏။

ဝတ်ဖြူဝတ်အဘကို ကိုယ်တိုင် ထင်ရှားစွာ တွေ့ရတော့ အဘနှင့် တွေ့ခဲ့စဉ်ကာလများက အိပ်မက်ဆန်ဆန် ဖြစ်သော်လည်း အိပ်မက်မဟုတ်နိုင်ကြောင်း သူ တွေးမိလာ၏။ သူက ထိုအကြောင်းများ အဘကို မေးသည်။ သို့သော အဘက ပြုံးပြီး...

'လောကကြီးက ဆန်းတယ် ငါ့သား။ တစ်ခါတစ်ရံမှာ လောကကြီးမှာ ကြုံတွေ့ကြရတဲ့ အဖြစ်အပျက်တွေက စိတ်ကူးယဉ်တာတွေထက် ဆန်းတယ်ကွယ်'

ဟုသာ ပြန်ပြောလေသည်။ အဘ အဖြေထဲ၌ တကယ်ဟုတ်,မဟုတ် မပါရှိခဲ့ပေ။ နောက်တော့လည်း မောင်တိုက်စီက ဘာမှ မမေးတော့ဘဲ အဘ ညွှန်ကြားသမျှတွေကိုသာ ကျင့်...



www.burmeseclassic.com

www.burmeseclassic.com

လာခဲ့လေ၏။

ဤလိုနှင့် ဆရာလေး မောင်တိုက်စိ ဘဝမှ ဆရာကြီး ဦးတိုက်စိ၊ ဘဆရာကြီး ဦးတိုက်စိ၊ ဘိုးဆရာကြီး ဦးတိုက်စိ အဖြစ် တစ်ဆင့်ပြီးတစ်ဆင့် ပြောင်းလဲလာခဲ့သည်။ အသက်အားဖြင့်လည်း (၉၀)တွင်းသို့ပင် ချင်းနင်းဝင်ရောက်ခဲ့ပြီဖြစ်၏။

ထိုနယ်တစ်ဝိုက်၌ ဘိုးဆရာကြီး ဦးတိုက်စိ၏ ဂုဏ်သတင်း ပို၍ပို၍ အသက်ကြီးလေ သင်းလေဖြစ်သည်။ အချို့ အခက်အခဲနှင့် ရင်ဆိုင်နေရသူများဆိုလျှင် ဘိုးဆရာကြီးကို သွားရောက် ကန်တော့၍ အကျိုးအကြောင်း တင်ပြလိုက်သည်နှင့် အောင်မြင်ချောမောသွားကြသည်ဟုပင် ဆိုကြ၏။

အဘိုးဆရာကြီး၏ ဇနီးသည် ဘိုးဆရာကြီး ဝတ်ဖြူအဘနှင့် စတင်ဆုံတွေ့ခဲ့သော အချိန်မှစ၍ အဘိုးဆရာကြီး၏ ဆန္ဒအရ အပြဟ္မစရိယသိက္ခာပုဒ်ကို စောင့်ရှောက်ထိန်းသိမ်းကြရင်း နောက်ပိုင်း၌ ရေခင်း၌ သီလရှင်ဝတ်သွားသဖြင့် ဘိုးဆရာကြီး တစ်ဦးတည်းသာ ရွာနောက်ဘက်ရှိ ကြခတ်ဝါးတောကြီးထဲ၌ ဇရပ်ခပ်သေးသေး တစ်ဆောင် ဆောက်၍နေသည်။

သားတစ်ယောက်၊ သမီးတစ်ယောက် ရှိသော်လည်း သူတို့နှင့်အတူတူမနေ သူတစ်ဦးတည်းသာ နေသည်။ အချိန်ရတိုင်း ပုတီးစိပ်သည်။ တရားထိုင်သည်။ ဖိုထိုးသည်။ အင်းကစားသည်။

တစ်လတစ်ကြိမ် သားသမီးမြေးမြစ်များ အပါအဝင် ရွာသူရွာသားတို့က အဘိုးဆရာကြီး ဦးတိုက်စိကို ကန်တော့ကြသည်။ ထိုသို့ ကန်တော့ရန် သွားကြတိုင်း ဘိုးဆရာကြီးက ဇရပ်လေး၌ နှစ်ယောက်,သုံးယောက် ဖြစ်နေတတ်သည်။ မည်သူ ဘိုးဆရာကြီးမှန်း မသိအောင် ဖြစ်နေတတ်ကြသည်။ နောက်ဆုံး အားလုံးကို ကန်တော့၍ ပြန်ခဲ့ကြရသည်။

တစ်နေ့ ဘိုးဆရာကြီး သူ၏ဇရပ်လေးမှ ပျောက်သွားသည်။ သူ မည်သို့မည်ပုံဖြစ်သွားသည်ကို မည်သူမျှ မသိလိုက်ကြသော်လည်း ဘိုးဆရာကြီး ဇရပ်မှ ထွက်သွားပြီး နောက်တစ်ရက်ကျော်၌ ထိုဇရပ်လေးသို့ ရေခင်း၊ မိုးညို၊ ကနောင်၊ မြန်အောင်မြို့တို့နှင့် ကြို့ပင်ကောက်၊ ဇီးကုန်း၊ နတ္တလင်းမြို့များမှ အဘိုးဆရာကြီးအား ကြည်ညိုကြသူအချို့နှင့် ကျေးရွာအသီးသီးမှ ဘိုးဆရာကြီး၏ သားတပည့်၊ မြေးတပည့်တို့ ရောက်လာကြသည်။

ထိုသူတို့အားလုံး ပြောစကားများ၌ သူတို့ကို ဆရာကြီးက သူ ခရီးရှည်ထွက်တော့မည် ဖြစ်သည့်အတွက် လာရောက်နှုတ်ဆက်ကြောင်း၊ တစ်ရက်ကျော်၌ သူ့ဇရပ်ကလေးသို့ လာ၍ ဆရာတော်၊ သံဃာတော်များ ပင့်ဖိတ်ဆွမ်းကပ်လှူကာ “**ဘိုးဆရာကြီးနှင့် အလိုရှိတိုင်း တွေ့ရပါလို၏**”ဟု ဆုတောင်းကြရန်အကြောင်း မိန့်ကြား နှုတ်ဆက်ရင်း သူမရှိသည့်နောက် ငါးဝတ်သီလကို ခါးဝတ်ပုဆိုးသို့ မြဲဖို့မှာကြားသွားကြောင်း ပြောကြလေ၏။

ထိုသူတို့အားလုံးထံသို့ အဘိုးဆရာကြီး ရောက်ရှိနှုတ်ဆက်ခဲ့သည့်အချိန်မှာ **၁၉၇၅ ခုနှစ်၊ တပေါင်းလဆန်း (၉)ရက်၊ (၉)နာရီတိတိအချိန်ဖြစ်သည်။**

ထိုအချိန်၌ အဘိုးဆရာကြီးသည် သားတပည့်၊ မြေးတပည့်များရှိရာ အနယ်နယ် အရပ်ရပ်သို့ တစ်ပြိုင်တည်း၊ တစ်ချိန်တည်း၊ တစ်နာရီတည်း၌ ရောက်ခဲ့ကြောင်း ညီညီညာညာ ပြောကြားခဲ့ကြလေသည်။

**[ဘိုးဆရာကြီး ဦးတိုက်စိ အကြောင်း ပြောပြပေးသည့် ဦးသောကြာအား ကျေးဇူးတင်ရှိပါ၏။]**

**နေဝန်းနီ**

**စာရှုသူ၊ သူတော်သီ၊ ဝါသနာရှင်များသို့ ...**

မိမိတို့ အရပ်ဒေသရှိ ရှေးယခင်ကာလနှင့် ယခုကာလ ဝိဇ္ဇာဓရပုဂ္ဂိုလ်များ၊ ကျင့်စဉ်စခန်း ပြီးမြောက်သွားသူများ၊ ကျင့်ဆဲပုဂ္ဂိုလ်များ၏အကြောင်း၊ သူတို့ဘဝ၊ သူတို့၏ကျင့်စဉ်၊ သူတို့၏စခန်းများအကြောင်းကို မခြွင်းမချန် ဖော်ပြရေးသားပေးပို့ကြပါရန်နှင့် ထိုပုဂ္ဂိုလ်ထူးများ၏ သမိုင်းမဝင်သေးသော မှတ်တမ်းများကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ တစ်ဆင့် ရေးသားဖော်ပြပေးကြပါရန် တိုက်တွန်းတောင်းခံအပ်ပါသည်။

*လေးစားစွာဖြင့်...*

ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း




www.burmeseclassic.com

www.burmeseclassic.com

# ဘာမဆို အောင်ရမည်

မင်းဘူး မြင့်အောင်

## ဂါထာတော်



ဤဂါထာတော်အား ပူဇော်ရန် ကျွန်တော့်အား ဓမ္မဒါနအဖြစ် ပေးအပ်ခဲ့သော **ဆရာဦးအောင်စိုး (အောင်စိုးမြိုင်)**အား ဦးစွာပထမ ပူဇော်ကန်တော့အပ်ပါသည်။

ဆရာကြီး ဦးအောင်စိုးဆိုသူမှာ ကျောက်တန်းကျေးရွာ မင်းဘူးမြို့၏ မရှိမဖြစ် အရေးပါ အရာရောက်သူ တစ်ဦးဆိုလျှင် မမှားပါ။ ဆရာဦးအောင်စိုးသည် မိုက်ခွက်နှင့်တွေ့လျှင် ထမင်းမေ့ဟင်းမေ့ အငတ်ခံပြီး အသံကောင်းကောင်းဖြင့် ရပ်ရေးရွာရေးများတွင် အလှူခံအဖွဲ့တွင် လည်းကောင်း၊ မင်္ဂလာဆောင် ဘိသိက်ဆရာအဖြစ် လည်းကောင်း ကျရာနေရာမှ ဘက်ပေါင်းစုံ အားကိုးရသူ ဖြစ်ပါသည်။

ဆရာကြီး ဦးအောင်စိုးသည် တရားဟောရာတွင် သူ့အချိန်နှင့်သူ၊ အဆင်ပြေအောင်၊ သဘောပေါက်အောင် သာဓကလေးများဖြင့်၊ ဇာတ်နိပါတ်တို့ဖြင့် ဟောပြောပြီး အလှူခံပေးသောကြောင့် ဘုန်းတော်ကြီးများမှလည်း အထူး အားကိုးကြပါသည်။

ကျောက်တန်း ကျေးရွာတွင် ဘုန်းတော်ကြီး (၄)ကျောင်း ရှိပါသည်။ ယင်း ဘုန်းတော်ကြီးကျောင်း (၄) ကျောင်းအတွက် ဆရာကြီး ဦးအောင်စိုးမှ နေ့စဉ် သံဃဒါနဆွမ်းလောင်းအသင်းအား စတင် တာဝန်ယူ၍ လစဉ်လတိုင်း ကုသိုလ်ရေး ဝတ်မပျက်ဘဲ ဆွမ်းဒါနအလှူတော်ရှင်၊ ထာဝရဆွမ်းပဒေသာပင် စိုက်ထူ လှူဒါန်းမည့် အလှူရှင်များ ပေါ်ပေါက်လာစေရန် ဟောပြော၍ စည်းရုံးနိုင်ခဲ့သောကြောင့် အသင်းကြီးမှာ ယနေ့အထိ ရပ်တည်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ဗုဒ္ဓဘာသာဝင်များ သာမကဘဲ ဘာသာခြားများပါ စည်းရုံးနိုင်သောကြောင့် အထူး လေးစားမိပါသည်။ ဆရာကြီးဦးအောင်စိုးမှာ အသက်(၇၀) ကျော်(၈၀)ထိအောင် နေထိုင်သွားခဲ့သော်လည်း အနာရောဂါဟူ၍ မတွေ့ရဘဲ ဇရာသဘော မလွန်ဆန်နိုင်သောကြောင့်သာ လူကြီးရောဂါကြီးဖြင့် သေဆုံးခဲ့ရသော်လည်း ယနေ့ထက်တိုင် မမေ့နိုင်ခဲ့ပါ။

ဆရာကြီး ဦးအောင်စိုးမှာ တရားဟောရာတွင် အသက်ကြီးသော်လည်း တရားများကို မမေ့သောကြောင့် အထူး အံ့ဩမိပါသည်။

'ဘကြီးရယ် ကျွန်တော်တို့များ ဘကြီးအသက်အရွယ်သာ ရောက်ရင် မလွယ်ဘူး။ ခု ဒီအရွယ်နဲ့တောင် မတရား မေ့မေ့နေတာ ဘကြီးအရွယ်သာ ရောက်ခဲ့ရင်တော့ သွားပြီ'

ဟု ကျွန်တော်မှ ပြောသောအခါ ဘကြီးမှ...

'ငါ့တူ မပူပါနဲ့ မင်း မှတ်ဉာဏ်တွေလဲ ကောင်းမယ်၊ အရာရာလဲ အောင်မြင်စေရမယ်။ ဘုရားရဲ့လက်နက်ကို ဘကြီးပေးမယ်။ ယုံယုံကြည်ကြည်နဲ့ ရွတ်ဖတ်ပူဇော်ပါ။ မှတ်ဉာဏ် အထူးကောင်းစေရမယ်။ ငွေရေးကြေးရေးတွေပါ ပြေလည်စေရမယ်'

ဟု အာမခံရဲရဲဖြင့် ပေးသွားသော... ကြောင့် ကျွန်တော်သည် ယုံကြည်... ဖြင့် ပူဇော်ခဲ့သောကြောင့် ယခင်... သုံး,လေး,ငါးခါဖြင့် မမှတ်မိခဲ့သော... များအား ယခုရွတ်ဖတ် ပူဇော်ပြီးသော... အခါ တစ်ခါစွဲစွဲမြဲမြဲ မှတ်ထားလိုက်... နောက် ပြန်တွေ့သောအခါ အ... မှတ်မိလာခဲ့သောကြောင့် ဤဂါ... တော်အား ကျောင်းသားကျောင်း... များအတွက် အထူး သင့်လျော်သော... ကြောင့် ဓမ္မပူဇာအဖြစ် တင်ပြအပ်... သည်။

'ဘကြီး ဒီနေ့ အလှူခံထွက်ဖို့ရှိတယ်... ဒီဂါထာတော်ကို (၉)ခေါက် ပုံမှန် အိပ်... အိပ်ရာထ ဝတ်မပျက် ပူဇော်ခဲ့တယ်၊ ... ဉာဏ်မမေ့ဘဲ ကိုယ်ပြောတာ အော... တယ်၊ အစားအသောက် မရှားပါဘူး။ ပူ... တာလဲ လွယ်တယ်၊ မခက်ဘူး။ အာ... တည်တယ်။

မိမိရဲ့စိတ်မှာ ပူဇော်ပါများလာရင်တော့... တင်နိုင်တွေဟာ မြင်လာမယ်။ စိ... ထင်တာတွေ ဖြစ်လာမယ်'

ဟု ဘကြီးပြောသည့်အ... "တကယ် မှန်ပါတယ်၊ တက... ကောင်းပါတယ်"ဟု "ကိုယ့်... ကိုယ်ချဉ်တယ်" ပြောတာထက်... ကိုယ်တိုင် လက်တွေ့ကျင့်... ထုတ်ကြည့်ကြပါဟု တိုက်တွန်း...



www.burmeseclassic.com

www.burmeseclassic.com

ပေးချင်ပါသည်။

မကောင်းမှု အလုပ်အား တိုက်တွန်းအားပေးခြင်းထက် ကောင်းသော အလုပ်၊ ကောင်းသောအပြောတို့ကို တိုက်တွန်းအားပေးခြင်းသည် မင်္ဂလာတစ်ပါး ဖြစ်ပါသည်။

ထို့ကြောင့် ဘကြီးဦးအောင်စိုး အောင်ပွဲခံ ပူဇော်ခဲ့သော ဤဂါထာတော်သည် ကျွန်တော်သည်လည်း ဘကြီးဦးအောင်စိုး နည်းတူ ထပ်ဆင့်ဆောက်ခံနိုင်ပါသောကြောင့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ တစ်ဆင့် တင်ပြအပ်ပါသည်။

## ဘာမဆို အောင်ရမည်

ဆန္ဒဝတော ကိ နာမ ကမ္မံ န သိဇ္ဈတိ။
ဝီရိယဝတော ကိ နာမ ကမ္မံ န သိဇ္ဈတိ။
စိတ္တဝတော ကိ နာမ ကမ္မံ န သိဇ္ဈတိ။
ပညဝတော ကိ နာမ ကမ္မံ န သိဇ္ဈတိ။

အနက်အဓိပ္ပာယ်

**ဆန္ဒဝတော၊** ပြင်းပြသော အလိုဆန္ဒရှိသောသူအား။ **ကိံနာမ၊** အဘယ်မည်သော။ **ကမ္မံ၊** အမှုကိစ္စဟူသမျှသည်။ **နသိဇ္ဈတိ၊** မပြီးစီးဘဲ ရှိနိုင်ပါအံ့နည်း။ **သိဇ္ဈတိဧဝ၊** မုချအမှန် ကေန် ပြီးစီး အောင်မြင်ရမည်သာတည်း။

**ဝီရိယဝတော၊** လွန်ကဲသော လုံ့လဝီရိယရှိသူအား။ **ကိံနာမ၊** အဘယ်မည်သော။ **ကမ္မံ၊** အမှုကိစ္စဟူသမျှသည်။ **နသိဇ္ဈတိ၊** မပြီးစီးဘဲ ရှိနိုင်ပါအံ့နည်း။ **သိဇ္ဈတိဧဝ၊** မုချအမှန် ကေန် ပြီးစီး အောင်မြင်ရမည်သာတည်း။

**စိတ္တဝတော၊** ထက်သန်သော စိတ်ရှိသူအား။ **ကိံနာမ၊** အဘယ်မည်သော။ **ကမ္မံ၊** အမှုကိစ္စဟူသမျှသည်။ **နသိဇ္ဈတိ၊** မပြီးစီးဘဲ ရှိနိုင်ပါအံ့နည်း။ **သိဇ္ဈတိဧဝ၊** မုချအမှန် ကေန် ပြီးစီး အောင်မြင်ရမည်သာတည်း။

**ပညဝတော၊** ထက်မြက်သော ပညာရှိသူအား။ **ကိံနာမ၊** အဘယ်မည်သော။ **ကမ္မံ၊** အမှုကိစ္စဟူသမျှသည်။ **နသိဇ္ဈတိ၊** မပြီးစီးဘဲ ရှိနိုင်ပါအံ့နည်း။ **သိဇ္ဈတိဧဝ၊** မုချအမှန် ကေန် ပြီးစီး အောင်မြင်ရမည်သာတည်း။

**မင်းဘူး မြင့်မောင်**

## ဆီးချို အတွက် ရုံးပတီသီးအစွမ်း



ဆီးချို့သွေးချိုရောဂါသည် ယနေ့ မျက်မှောက်ခေတ်တွင် ရေပန်းစားလှပါသည်။ ဆီးချိုရောဂါနှင့်ပတ်သက်၍ ဆေးနည်းပေါင်း များလှပါသည်။

ကျွန်တော်သည်လည်း ဆီးချိုသမားတစ်ယောက် ဖြစ်ပါသည်။ ဆီးချိုရောဂါသည် လုံးဝ ပျောက်ကင်းချမ်းသာသွားခြင်းမရှိပါ။ ထိန်းရုံပဲ ထိန်းထားနိုင်သည်ဟု အနောက်တိုင်းဆေးပညာအရ သိရပါသည်။

သို့သော် ဆေးမြီးတိုနည်းတစ်ခုကမူ အတော်သက်သာပါသည်။ ဘေးထွက်ဆိုးကျိုးလည်း မရှိပါ။ ထို့ကြောင့် ဘဝတူ ဆီးချိုသမားများအတွက် ဆေးနည်းအား တင်ပြလိုက်ရပါသည် ခင်ဗျား...

ရုံးပတီသီးတောင့်လေးများအား ထိပ်ကို ဖြတ်ပါ၊ အောက်ပိုင်းကိုလဲ ဖြတ်ပါ။ ထို့နောက် သွားကြားထိုးတံဖြင့် ဖောက်ပါ။ ဆိုလိုသည်မှာ ရုံးပတီသီး အချွဲကို လိုချင်၍ ဖြစ်ပါသည်။

တစ်ခါသောက်မည်ဆိုလျှင် ရုံးပတီသီး (၃)တောင့်အား ခွက်တစ်ခုထဲသို့ ရေကျက်အေးဖြင့် စိမ်ထား၍ နောက်တစ်နေ့ နံနက်တွင် သောက်ပါ။

ကျွန်တော်ဆိုလျှင် ဘာမှ မစားမီ သွေးဖောက်၍ ကြည့်လျှင် (၂၇၀)ဖြစ်၍ နေ့လယ် ထမင်းစားပြီး သွေးဖောက်၍ကြည့်လျှင် (၃၆၀)လောက်ထိ တက်သည်။

ရုံးပတီသီး သောက်သည့်အချိန်မှ စ၍ (၁၂၀)နှင့် (၁၅၀)လောက်ထိ ကျသွားပါသည်။ သို့သော် (၁)လလောက်သောက်မှသာ သိသာပါသည်။ ကျွန်တော် ရေးသမျှသည် ဘဝတူ ဆီးချိုသမားများ သက်သာလျှင် ရေးရကျိုးနပ်ပါသည်။ ကျေးဇူးတင်ပါသည်။

**မင်းမင်းဇော်(ခ)ဖိုးဇော်**



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ

# ကျန်းမာရေး အတွက် အကြံပေးချက်များ

| ပုံရိပ် | ဝမ်းတွင်း အင်္ဂါ | အရောင် | ဂဏန်း | စားဖွယ် | အရပ် | မိတ်ဖက် | ကူညီသူ | ကံပွင့်နေ့ | အာရုံ |
|---|---|---|---|---|---|---|---|---|---|
| ကြွက် | အူမ | ရွှေဝါ | ၇ | ဆန် | အနောက် | ကြက်, မြွေ, နွား | ကြာသပတေးသားသမီး | သောကြာနေ့ | ဂန္ဓာရုံ |
| နွား | သည်းခြေ | အစိမ်းရင့် | ၄ | ဂျုံ | အရှေ့တောင် | မြွေ, ကြက်, နွား | တနင်္ဂနွေသားသမီး | ကြာသပတေးနေ့ | စက္ခုအာရုံ |
| ကျား | သည်းခြေ | အစိမ်းရင့် | ၄ | ဂျုံ | အရှေ့တောင် | နဂါး, ကြွက်, မျောက် | တနင်္ဂနွေသားသမီး | ကြာသပတေးနေ့ | စက္ခုအာရုံ |
| ယုန် | နှလုံး | အနီ | ၉ | မြောင်း | တောင် | မြင်း, ခွေး, ကျား | ဗုဒ္ဓဟူးသားသမီး | အင်္ဂါနေ့ | သဒ္ဒါရုံ |
| နဂါး | ဆီးအိမ် | အပြာ | ၁ | ပဲအမျိုးမျိုး | မြောက် | ကြွက်, နဂါး, မျောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူးနေ့ | သောတာရုံ |
| မြွေ | ကျောက်ကပ် | အပြာ | ၁ | ပဲအမျိုးမျိုး | မြောက် | ကြွက်, နဂါး, မျောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူးနေ့ | သောတာရုံ |
| မြင်း | အဆုတ် | အဖြူ | ၆ | ဆန် | အနောက်မြောက် | ဝက်, ယုန်, ဆိတ် | ကြာသပတေးသားသမီး | တနင်္ဂနွေနေ့ | ဂန္ဓာရုံ |
| ဆိတ် | အစာအိမ် | အညို | ၈ | ကောက်ညှင်း | အရှေ့မြောက် | ခွေး, မြင်း, ကျား | တနင်္လာသားသမီး | စနေနေ့ | ရသာရုံ |
| မျောက် | အစာအိမ် | အညို | ၈ | ကောက်ညှင်း | အရှေ့မြောက် | နွား, ကြက်, မြွေ | တနင်္လာသားသမီး | စနေနေ့ | ရသာရုံ |
| ကြက် | အသည်း | အစိမ်းနု | ၃ | ဂျုံ | အရှေ့ | ယုန်, ဆိတ်, ဝက် | သောကြာသားသမီး | ကြာသပတေးနေ့ | စက္ခုအာရုံ |
| ခွေး | သရက်ရွက် | မြေဝါ | ၂ | ကောက်ညှင်း | အနောက်တောင် | ဆိတ်, ယုန် | စနေသားသမီး | တနင်္လာနေ့ | သဒ္ဒါရုံ |
| ဝက် | သရက်ရွက် | မြေဝါ | ၂ | ကောက်ညှင်း | အနောက်တောင် | မျောက်, နဂါး, ကြွက် | စနေသားသမီး | တနင်္လာနေ့ | သဒ္ဒါရုံ |

* * *

ဤလတွင် **ကြွက်နှစ်ဖွား၊ နဂါးနှစ်ဖွားနှင့် ကြွက်နှစ်ဖွားတို့** ကျန်းမာရေး ချချာနေတတ်သည်။ ဤလ အကြံပေးချက်ဇယားတွင် ကြွက်နှစ်ဖွားတို့အတွက် စံပြု၍ ရှင်းပြပါမည်။

**ကြွက်နှစ်ဖွားတို့သည်** အူမနှင့် ပတ်သက်သော ဝေဒနာများ သတိထားပါ။ ရွှေဝါရောင်နှင့် (၇)ဂဏန်းတို့ ကံပွင့်ကံကောင်းစေပါသည်။ ဆန်ဖြင့် ပြုလုပ်သော စားဖွယ်များနှင့် သင့်လျော်သည်။

အနောက်အရပ်သို့ ခရီးသွားခြင်း၊ ထိုအရပ်မှ ဆေးဝါးသမားကောင်း တွေ့ခြင်းတို့ကြောင့် ကျန်းမာရေး တိုးတက် ကောင်းမွန်နိုင်သည်။ ကြွက်



နှစ်ဖွား၊ မြွေနှစ်ဖွား၊ နွားနှစ်ဖွားတို့ မိတ်ဖက်များ ဖြစ်ကြသည်။

အရေးကိစ္စ ပေါ်ပေါက်ပါက ကြာသပတေးသားသမီးက ကူညီပေး နိုင်သည်။ သောကြာနေ့ နေ့ကောင်း နေ့မြတ် ဖြစ်သည်။ နှစ်သက်ဖွယ်အနံ့ ဂန္ဓာရုံကြောင့် ကျန်းမာရေးကို ပိုမို ပြည့်စုံစေနိုင်သည်။

**ကျန်နှစ်ဖွားတို့ ဤအတိုင်း ကောက်ချက်ချကြပါ။**

***အာရောဂျ ဆုလာဘ်နှင့် ပြည့်ဝကြပါ စေ။***

ဟူဂျင်းဇီ *(Hu Jin Zhi)*



www.burmeseclassic.com

www.burmeseclassic.com

# နို့ညှပ်အိမ်

## နှင့် အစီအရင်

အောင်ဆိုးမြင့်
(နေပြည်တော်)

လောကကြီးမှာ အလွန်ထူးဆန်းတာတွေ များစွာရှိပါတယ်။ မယုံဘူးဆိုတာလဲ မကြုံဘူးလို့ ပြောတာလို့ပဲ ပြောရမှာပါပဲ။ ကျွန်တော်တို့ မိသားစုမှာလည်း မကြုံဘူးခင်ကတော့ မယုံခဲ့ဘူးပေါ့။

'အခု ကြုံခဲ့တော့မှပဲ ဟိုလူ ကယ်ပါဦး၊ ဒီလူ ကူညီပါဦးနဲ့ ဆရာစုံ၊ သမားစုံနဲ့ ကြိုးစားလိုက်ကြတာ၊ ရှာဖွေလိုက်ကြတာ မထူးခြားတဲ့အပြင် ငွေကုန်၊ အချိန်ကုန်နဲ့ စီးပွားပျက်၊ အိမ်ထောင်ပျက်လုလု အခြေအနေကို ရောက်နေပါပြီ။ ဆရာလဲ ဆရာ့ပညာနဲ့ ကူညီနိုင်ရင် ကူညီပါဦး။ ကျွန်တော့်မှာတော့ ကယ်သူမဲ့နေရပါပြီ'

ဟု မျက်နှာငယ်လေးနှင့် ပြောလိုသည့် သူကတော့ တစ်ချိန်က ကျွန်ုပ်၏ ညီငယ်လို သားသမီးလို နေထိုင်ခဲ့ဖူးသူ ဘပည့်ကျော် တင်လှိုင်ဝင်းပင်ဖြစ်ပါသည်။

ထို မောင်တင်လှိုင်ဝင်းမှာ လူငယ်ဖြစ်ပေမယ့် စာရိတ္တ အလွန်ကောင်းပါသည်။ ကျောင်းပညာရေးမှာလည်း ပထဝီဘာသာရပ်နှင့် ဘွဲ့ရပြီးသူ ဖြစ်သလို ယခုလည်း သစ်ကုန်သည်တစ်ဦး ဖြစ်ပါသည်။

နေပြည်တော် လယ်ဝေးမြို့နယ်ထဲမှ ရွာကြီးတစ်ရွာတွင် နေထိုင်သော တောင်သူကြီး လယ်ပိုင်၊ ယာပိုင် တောသူဌေးဟု ခေါ်နိုင်လောက်သည့် မိဘနှစ်ပါး၏ သားအငယ်ဆုံး ဖြစ်ပါသည်။

သို့နှင့် တင်လှိုင်ဝင်းတစ်ယောက် အိမ်ထောင်ကျခဲ့ပါသည်။ မိန်းကလေးကလည်း စီးပွားရေးနားလည်သူဆိုတော့ စီးပွားတက်ခဲ့ကြသလို နေပြည်တော်လယ်ဝေးမြို့ပေါ်မှာလည်း အိမ်နှင့်ခြံ ဝယ်ယူ၍ အခြေချ နေထိုင်ခဲ့ပါသည်။



ပြဿနာက ထိုအိမ်ဝိုင်းတွင် ပြောင်းရွှေ့နေထိုင်ချိန်မှစ၍ စီးပွားရေးကောင်းသော်လည်း အကုန်များလာ၏။ ဥပမာ ငွေတစ်သောင်း ဝင်နေသောနေ့တွင် အနည်းဆုံး ဆိုင်ကယ်ကျွတ်နှင့် တာရာကွဲသွား၍ အသစ်ပြန်လဲလိုက်ရသည်မှာ ဝင်ငွေအပြင် အိတ်ထဲက ငါးထောင်စိုက်လိုက်ရ၏။

ဤကဲ့သို့ အသေးအဖွဲလေးများတွင်မက မိန်းမကျန်းမာရေးမကောင်း၍ ဆေးရုံတက်ရ၊ ဆေးရုံမှာ တိတိကျကျ ရောဂါရှာမရ စသည်စသည်ဖြင့် စိတ်ချမ်းသာမှု မရှိတော့ပါ။ အိတ်ပေါက်နှင့် ဖားကောက်နေရသလိုပါ။

အိမ်ထောင်ရေးကလည်း ချစ်လွန်းလို့ ယူထားမိ၍သာ တော်တော့သည် တကျက်ကျက်နှင့် မျက်နှာချင်းဆိုင်မရလောက်အောင်ပင် ပြဿနာရှာဆိုသလို ဖြစ်နေရပါသည်။

အနောက်တိုင်းဆေး၊ တိုင်းရင်းဆေး ဓာတ်ဗေဒင်၊ ပယောဂဆရာ စသည်ဖြင့် သူပြောကိုယ်ပြော လမ်းညွှန်သမျှ လုပ်ကြည့်ပါသည်။ ဘာသာရေးမှာလည်း ဗုဒ္ဓဘာသာဝင်များ ဖြစ်သည့်အားလျော်စွာ မမေ့လျော့ကြပါ။

သို့သော်...

၁။ ဝင်ငွေထက် ထွက်ငွေများခြင်း၊
၂။ အိမ်ထောင်ရေး မပြေလည်ခြင်း၊
၃။ အမြဲတမ်း စိုးရိမ်စိတ်နှင့် စိတ်ချမ်းသာမှု မရှိခြင်း၊
၄။ ဘာလုပ်လုပ် အတိုက်အခံအနှောင့်အယှက် ကြုံတွေ့ရခြင်း၊
၅။ ကျန်းမာရေး မကြာခဏ ချို့ယွင်းခြင်းများ ကြုံတွေ့နေရပါသည်။

ကျွန်ုပ်လည်း တင်လှိုင်ဝင်း၏ ရင်ဖွင့်သံကို အလိုက်အထိုက် လိုက်လျောစွာ နားထောင်နေမိပါသည်။ သူ၏ ပြောစကားတွေထဲမှာ ကျွန်ုပ်၏ အတွေ့အကြုံအရ သူတို့ အသစ်ဝယ်ယူလိုက်သော အိမ်နှင့်ဝိုင်းကို သံသယ ရှိမိပါ၏။


အိမ်တိုက်၊ ဝိုင်းတိုက်၊ ပယောဂတိုက်များရှိကလည်း ပြေပျောက်အောင် အထက်လမ်း ဆရာများနှင့် အမျိုးမျိုးစမ်းသပ်ကုသပြီးပြီဆို၍ ဒါလည်း မဖြစ်နိုင်ပေ။

နောက်ဆုံးတွင် တင်လှိုင်ဝင်းနှင့် စကားပြောရင်း၊ မေးမြန်းရင်းမှ သူဝယ်ခဲ့သော အိမ်မှာ နို့ညှပ်အိမ်ဖြစ်နေပါတော့၏။ သူ့အိမ်၏ အရှေ့ဘက်အိမ် အနောက်ဘက်အိမ်မှာ ညီအစ်မအရင်းနှစ်ယောက်ပိုင် အိမ်များဖြစ်နေပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com




တစ်နည်းအားဖြင့် တင်လှိုင်ဝင်း အိမ်မှာ ညီအစ်မအရင်းနှစ်ယောက်၏ အိမ်နှစ်အိမ်ကြား ရောက်နေသည်ကို တွေ့ရပါတော့သည်။

ကျွန်ုပ်မှ...

'နို့ညှပ်အိမ်ဆိုတာ ခိုက်တတ်ပါတယ်။ မင်းပြောသလိုလဲ စီးပွားရေး၊ လူမှုရေး၊ အိမ်ထောင်ရေးတွေ ပျက်ပြားတတ်ပါတယ်။ ဒါပေမယ့် နည်းသိရင်တော့ အလွယ်လေးပါ'

ဟု ပြောလိုက်မိပါသည်။

ဖိဖိအိမ်သည် နို့ညှပ်အိမ်ဖြစ်ပါက လိုအပ်သော အစီအရင်အတွက် အိမ်(သို့မဟုတ်) တိုက်ပုံစံ တတ်ပုံနှစ်ပုံနှင့် ကြခတ်ဝါးတစ်ထွာခန့် နှစ်ဖက်ချွန်(၄)ချောင်း လိုအပ်မည်ဖြစ်ပါသည်။ အိမ် (သို့မဟုတ်) တိုက်ပုံစံမှာ တတ်ပုံကွန်ပျူတာမှ ထုတ်သော ပုံများကို အသုံးပြု၍ ရပါသည်။

ဖိဖိအိမ်မှာ အရှေ့အနောက် နို့ညှပ်ဖြစ်ပါက ဖိဖိအိမ်၏ အရှေ့ဘက်နံရံအပြင်၌ အိမ်တတ်ပုံတစ်ပုံ၊ အနောက်ဘက်နံရံ အပြင်ဘက်တွင် တတ်ပုံတစ်ပုံချိတ်ပါ။ တောင်နှင့်မြောက် နို့ညှပ်ဖြစ်ပါကလဲ တောင်ဘက်တစ်ပုံ မြောက်ဘက်တစ်ပုံ ကပ်ထားပေးပါ။

ပြောချင်တာက ဒီလိုတတ်ပုံကပ်ထားလိုက်ပါက အရှေ့ဘက်အိမ်နှင့် ဖိဖိအိမ်မှာ တစ်အိမ်ခြားသွားသလို အနောက်ဘက်အိမ်နှင့်လဲ တစ်အိမ် ခြားသွားသောကြောင့် နို့ညှပ်အိမ် မဖြစ်တော့ပါ။

ထို့အပြင် နို့ညှပ်ကြောင့် အခိုက်ရန်များကို တားမြစ်သည့်အနေဖြင့် ကြခတ်ဝါး တစ်ထွာခန့် နှစ်ချောင်းကို နှစ်ဖက်ချွန်၍ ကြက်ခြေခတ်အလယ်မှ ကြိုးချည်ထား၍ ကပ်ထားသော အိမ်ပုံနှင့် မလှမ်းမကမ်းတွင် ကြိုးနှင့် ဆွဲထားရပါမည်။

အရှေ့ဘက်နှင့် အနောက်ဘက် (သို့မဟုတ်) တောင်ဘက်နှင့် မြောက်ဘက်မှ မည်သည့် အခိုက်၊ မည်သည့် အဆိုးများ မလာနိုင်တော့ပါ'

ဟု တင်လှိုင်ဝင်းအား လုပ်ကိုင်ရမည့် အစီအရင်နှင့်တကွ သေချာစွာ မှတ်သားလုပ်ကိုင်နိုင်ရန် မှာကြားလိုက်ရပါတော့သည်။

အစီအရင်လုပ်ကိုင်ပြီးသည့် အချိန်မှစ၍ တင်လှိုင်ဝင်းတို့၏ မိသားစုမှာ စီးပွားရေး၊ လူမှုရေးများ အားလုံး အဆင်ပြေ၍ စိတ်ချမ်းသာမှုများ ရရှိသွားပါတော့သည်။

*စိတ်ထားကောင်းလျှင်*
*ကံကောင်းမည်။*

အောင်မိုးမြင့်
*(နေပြည်တော်)*

စာမူရှင်များသို့...

ပေးပို့သော

စာမူများကို

မူမှား

ထားကြပါရန်နှင့်

မရွေးချယ်ပါက

ပြန်လည်ပေးပို့မည်

မဟုတ်ပါကြောင်း

အသိ

ပေးအပ်ပါသည်။

*စေလေးစားစွာဖြင့်...*

နှလုံးလှရောင်ခြည်မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com

# သူ ဘယ်လိုလူစားလဲ




ကြည့်ပါ။

✦ **လက်မထိပ်ပိုင်း ပျော့ပျောင်းပြီး ကော့လန်နေတယ်။(က)**

ဒါကတော့ စိတ်အပြောင်းအလဲမြန်ခြင်း၊ စိတ်ဓာတ်မခိုင်ခံ့ခြင်းရဲ့ သင်္ကေတပါ။

✦ **ဉာဏ်လမ်းဟာ တနင်္လာဂြိုဟ်ခုံကို ကွေးညွတ်ဆင်းနေတယ်။ (ခ)**

ဒါကတော့ စိတ်ကူးယဉ်ခြင်း၊ အတွေးအတောများခြင်းရဲ့ သင်္ကေတပါ။

✦ **ဉာဏ်လမ်းဟာ အင်္ဂါဖိုလ် ဂြိုဟ်ခုံတွင် စ,ထားတယ်။ (ဂ)**

ဒါကတော့ ချေးများခြင်း၊ အစာကျယ်ခြင်းရဲ့ ပြယုဂ်ပါ။

ကဲ ဒါတွေကို ခြုံငုံသုံးသပ်ရင်ဖြင့်... သူ ဘယ်လိုလူစားလဲဆိုတာ သိလောက်ပါပြီ။

***အေးပါစေ၊ အောင်ပါစေ။***

သန်းပညာ



www.burmeseclassic.com

www.burmeseclassic.com

# ဉာဏ်စခန်း ရှာန်လမ်းကိုတဲ့...(၃)

ရွှေတောင်
ကြည်မောင်ဖြိုး



**ယခင်လမှ အဆက်**

ငွေးတောက်မြောင်ကျောင်းနဲ့ ကင်းကွာသွားတာ (၁၀)နှစ်ကျော်ပြီ၊ ကြာလှပေါ့။ ကျောင်းထဲကိုဝင်တဲ့ ဖိုးဟန်ကို ကျောင်းသားကျောင်းသူတွေ မသိကြဘူး။ ပုံမှန်ပဲ။ လှုပ်လှုပ်ရှားရှား မရှိကြဘူး။ စာသင်ကြားမှုအရှိန်အဟုန် မပျက်ဘူး။ ကောင်းဆဲ၊ ဆက်လက်ကောင်းဆဲ။ စာအံသံတွေကလဲ မစဲ။

ကျောင်းဝင်းထဲကို မော့ကြည့်လိုက်တော့ စံကျောင်းရှေ့မှာ ကျောင်းထိုင်ဆရာတော် စကြံလျှောက်နေတာ တွေ့ရတယ်။ ဖိုးဟန် ရှိခိုးဦးချကန်တော့တယ်။

'နွေခင်းကြီး အချိန်မတော် ပူပူလောင်လောင်ကြီး'

'တင်ပါ့ စက်ဘီးနဲ့ဆိုတော့ ခြေကျ... ထက်တော့ တော်ပါသေးရဲ့ဘုရား'

'စက်ဘီးနဲ့လဲ ပူတယ် ကျော... ဆရာ၊ နောင် ဒီအချိန်မျိုး ဘယ်တော့... ခရီးမသွားနဲ့၊ ပင်ပန်းလိုက်ပါဘိ'

'မှန်ပါ့ဘုရား၊ ဦးပဥ္စင်းလေ... ရှိလား ဘုရား'

'ရှိတယ်၊ နှစ်ဆောင်ပြိုင်... ကျောင်းပေါ်မှာ...'

ဖိုးဟန် ကျောင်းထိုင်ဆရာတော်... ဦးသုံးကြိမ်ချပြီး နှစ်ဆောင်ပြိုင်ကျော... ဘက်ဆီ ထွက်ခဲ့တယ်။ လှေကား... နေ ကျောင်းပေါ်တက်၊ ကျောင်းမ... ရဲ့ ခေါင်းရင်းဘက်ကို ဆက်လျှော... ဦးပဥ္စင်းလေးကို ရှာတယ်။

ဦးပဥ္စင်းလေးက နှစ်ဆောင်ပြိုင်... ကျောင်းမကြီး အရှေ့ဘက်ဆုံးအ... တောင်ဘက် ပြတင်းပေါက်နား... ကပ်ပြီး ကျိန်းတယ်။ ခုတင်ဘေး... ကြိမ်ကုလားထိုင်ကြီးတစ်လုံး ရှိတ... ကြိမ်ကုလားထိုင်ကြီးပေါ်မှာ ထို... သီတင်းသုံးတတ်တယ်။ မြောက်ဘ... ပြတင်းပေါက်အနားမှာ ငုတ်တုတ်... ကုလားထိုင်တစ်လုံး ရှိတယ်။ အဲဒီ... လဲ ထိုင်နေတတ်တယ်။

ဦးပဥ္စင်းလေးနဲ့ အတူနေခဲ့တဲ့ (၅)... အတွင်း ဦးပဥ္စင်းလေး နေ့ခင်း... မနက်ခင်းတွေမှာ ကျိန်း...တယ်... တာ ဖိုးဟန် မမြင်ဖူးဘူး။ ညဘ...



www.burmeseclassic.com

www.burmeseclassic.com

မှာလဲ မီးမထွန်းရတော့ ဘယ်အချိန် ကျိန်းစက်တော်မူသလဲ မသိပြန်ဘူး။

အအိပ်အနေ နည်းတော်မူတယ်။ အိပ်တယ် မရှိဘူးလို့ပဲ ဖိုးဟန်သိတယ်။ ဒီထက် ပိုမသိဘူး။ ညှံ့လိုက်တဲ့ဖိုးဟန်။ အလကားကောင် ငဖျင်း။

တစ်ခုတော့ရှိတယ်။ ကျောင်းကြီး အပေါ်ထပ် တစ်ခုလုံးရဲ့ ပြတင်းပေါက်တွေအားလုံး တံခါးပိတ်ထားလေတော့ ညဘက်ဆိုရင် မှောင်မည်းနေတာဘာမှ မမြင်ရဘူး။

ငဖျင်းကြီး မောင်ဖိုးဟန် ကျောင်းမကြီးအပေါ်ထပ်မှာ ဦးပဥ္စင်းလေးကိုရှာတယ်။ မတွေ့ဘူး။ ကြိမ်ကုလားထိုင်ကြီးပေါ် သီတင်းမသုံးဘူး။ ငုတ်တုတ်ထိုင်လေးပေါ်မှာ မရှိဘူး။ ရှာလိုက်ရတာ ခေါင်းကိုမူးလာတာပဲ။ ဘယ်လိုလဲ...

ဦးပဥ္စင်းလေးနေတဲ့ အခန်းက ပြတင်းပေါက် (၂)ပေါက် ဖွင့်ထားတယ်။ ငုတ်တုတ်ထိုင်ဘေးက ပြတင်းပေါက် ဖွင့်ထားတယ်။ နေ့ခင်းကြီး လင်းလင်းချင်းချင်းကြီး။ ဖိုးဟန် (၅)နှစ်တိတိနေခဲ့တဲ့ နှစ်ဆောင်ပြိုင်ကျောင်းမကြီး။ အပ်ချထားတာတောင် ရှာရင်တွေ့ရမယ့်နေရာ အခုတော့...

ဖိုးဟန် ကျောင်းပေါ်မော့ကြည့်တယ်။ ဘုံပေါက်ထားတဲ့ ကျောင်းမ။ မျက်နှာကြက် အပြည့်ပိတ်ထားတာ။ လေဝင်လေထွက် တစ်ပေခွဲပတ်လည် အပေါက် (၂)ပေါက် ရှိတယ်။

အပေါက်တိုင်း ပေါင်းလောင်းပေါက်တွေ မဟုတ်ဘူး။ လူတက်လို့မရအောင်ကို နှစ်တစ်လက်မ ကျွန်းသစ်တွေနဲ့ လက်ယှက်ထိုးရိုက်ပြီး ပိတ်ထားတာ။ ဘယ်သူမှဝင်လို့ မရဘူး။ ဘုံပေါ်ကိုတက်စရာ လှေကားကလဲ မရှိဘူး။



အပြေးအလွှား ရှာလိုက် ဖွေလိုက်ရတာ ဖိုးဟန်မှာ ဖတ်ဖတ်ကိုမောလို့ ပြတင်းပေါက်တိုင်း ငုံ့ငုံ့ကြည့်လိုက်ရတာ အောက်မှာက မြေပြင်ပဲရှိတယ်။ ဦးပဥ္စင်းလေးကို ဘယ်တွေ့မတုန်း၊ ဘယ်မှာတွေ့လို့တုန်း၊ ရှာလို့မရတော့ ဒေါသဖြစ်လာတယ်။ ဒါနဲ့ ကျောင်းအောက်ကို လှေကားကနေ ပြေးဆင်းသွားတယ်။ စကြံလျှောက်နေတဲ့ ဆရာတော်ဆီကို ရောက်တော့...

'ဦးပဥ္စင်း... ဦးပဥ္စင်းလေး ကျောင်းပေါ်မှာ ဘယ်မှာရှိလို့လဲ'

'ဟာ ကျောင်းဆရာ နောင်တော်ကြီး ဘယ်မှမကြွဘူး။ ကျောင်းပေါ်မှာပဲ ရှိတယ်'

'တပည့်တော် ကျောင်းပေါ်မှာ ရှာလိုက်ရတာ ခေါင်းနောက်နေပြီ ဘုရား၊ မတွေ့ဘူး'

'နှံ့နှံ့စပ်စပ် သေသေချာချာ ရှာသလား'

'တစ်ကျောင်းလုံး နှံ့နေပြီ၊ ဘယ်နေရာမှ မကျန်ဘူး'

'တယ်ခက်တာပဲ လာ'

ဦးပဥ္စင်းက ကျောင်းမကြီးဘက်ကို ဖိုးဟန်ကို ခေါ်သွားတယ်။ လှေကားခြေရင်းရောက်တော့...

'ဒီမှာ ဖိနပ်၊ ကျောင်းပေါ်မှာ ရှိကိုရှိတယ်။ တက်သွား'

ဦးပဥ္စင်း မိန့်ကြားသံအဆုံးမှာ ဖိုးဟန် ကျောင်းလှေကား ပထမအထစ်ကို နင်းတက်လိုက်တယ်။ ကျောင်းမကြီးပေါ် ရောက်တော့ မယုံနိုင်စရာဗျာ။ ဦးပဥ္စင်းလေးကို ကြိမ်ကုလားထိုင်ကြီးပေါ်မှာ ထိုင်နေတာ တွေ့ရတယ်။ ဖိုးဟန်မှာ အရူးကိုဖြစ်လို့။

'ဦးပဥ္စင်း တပည့်တော်ဖြင့် ရှာလိုက်ရတာဘုရား'

'ဘယ်မှ မသွားဘူး၊ ဒီမှာပဲ ရှိနေတာပဲ'

'ဟာ... ဘုရား'

အဖြစ်အပျက်ကိုတော့ ဖိုးဟန် ကိုယ်တွေ့ကြုံရပါပြီ။ ရှာမတွေ့ရလောက်အောင် မရှိတဲ့ အဖြစ်ကလေးကိုတော့ မောင်ဖိုးဟန် မသိရရိုး အမှန်ပါပဲခင်ဗျား။ ဆင်ခြင်နိုင်းဆ မသိရတဲ့ လူအ မောင်ဖိုးဟန်။

ကြည့်စမ်း ရှိန်းဆာယာ ပိုမောက်လို့ ကိုယ်ပျောက်နေပါပကော။ မသိချက်ကတော့ တစ်သက်စာ နာပြီ။ ပြုလို့မှ ပြုမှန်းမသိ။ မ,လို့မှ မ,မှန်းမသိ အပါဘိ မောင်ဖိုးဟန်။

မောင်ဖိုးဟန် အတန်တန် ပြန်စဉ်းစားလိုက်တော့ ဦးပဥ္စင်းလေးရဲ့ အောင်မြင်ပြီးစီးမှု သိဒ္ဓိတွေက အလိုလို အလျှိုလျှို ပေါ်လာတယ်၊ ကမ္ဘဋ္ဌာန်းတရား ပွားများအားထုတ်နေလို့ ညဘက်မှာ မီးမထွန်းစေချင်တာ၊ ဆွမ်းခံဝတ် မပျက်တာ၊ ဆင်မြန်းတဲ့ သင်္ကန်းကို အဆင့်ဆင့်အသုံးချသွားတာ၊ သာသနာမှာ ဝိနည်းက အသက်လို့ မိန့်မြွက်ခဲ့တာ...

ဆွမ်းတစ်နပ် အာဟာရအတွက် ကြောင့်ကြမှုကင်းတာ၊ မြတ်ဗုဒ္ဓ ဒေသနာတော်ကို အရှုတွေမှာ



www.burmeseclassic.com

www.burmeseclassic.com

နှုတ်ပဟမိန့်မြွက် အသံတော်ထွက်ခဲ့တာ၊ ပဋ္ဌာန်းကျမ်းမြတ် ဒေသနာကို တစ်ပါးစာမက သုံးပါးစာမျှ ရွတ်ဖတ်ပူဇော်ခဲ့တာ...

ဝါစဉ်ကြီးငယ် စိတ်ဝယ်မထား တစ်ပါးသောရဟန်း စိတ်ချမ်းသာမှုကို ရှေးရှုခဲ့တာ၊ ပညာဒါန လှူခဲ့သမျှ ဝတ္ထုငွေအသပြာ၊ ငန်းတော်ကျားမြွေ ရန်ကို ကေန်သိတာ၊ အုန်းမောင်းကို ခေါက်ခွင့်မပြု တားဆီးမှု အတန်တန်ရှိခဲ့တာ...

စီးပွားရေး ချွတ်ခြုံကျ ဆင်းရဲလှတဲ့ ဘဝကို သိတာ၊ ရတနာသုံးပါး မေ့ပျောက်ထားတာကိုသိတာ၊ ဆင်းရဲတွင်း နက်လှတဲ့ ဆွမ်းဒကာကို အသပြာငွေကြေး ပေးကမ်းချီးမြှင့် စွန့်ကြဲတာ... စတဲ့ တာ... တာတွေကို ထောက်ဆလို့...

မြင်စေချင်ရင် မြင်ရ၊ မမြင်စေချင်ရင် ကွယ်ပတဲ့ ရှိန်းဆာယာ ပိုမောက်လို့ ကိုယ်ပျောက်တာတွေကြောင့်...

'ဒါနဲ့ ကိုစိုးမြင့် ဒီပြင်ရော ဘာတွေ ထူးခြားသေးလဲ'

လို့ မေးလိုက်တော့ ပန်းခူးတဲ့ အကြောင်း ပြောပြတယ်။ ပန်းခူးတာက ပျံတော်မမူခင် (၇)ရက်လောက်က ဖြစ်ပွားခဲ့တာတဲ့။ ဝေးတောက်မြှောင် ဘုန်းကြီးကျောင်းမှာ ဘုန်းကြီးကျောင်းသားတွေက ညစာကို အိမ်မှာ ပြန်စားကြတာလဲ နေ့တိုင်း ကိစ္စ၊ နိစ္စဓူဝ။

အဲဒီနေ့ကလဲ ညနေဘက်မှာ ကျောင်းဝေယျာဝစ္စတွေ လုပ်ကိုင်ပြီးကြတာနဲ့ ကျောင်းသားတွေ အိမ်ပြန်ကြတာပေါ့။ ကျောင်းထိုင်ဆရာတော်ကလဲ ဝေးတောက်မြှောင်ရွာထဲက မယ်တော်ကြီးအိမ်ကို ကြွသွားတယ်။ ဆရာတော်လဲမရှိ၊ ကျောင်းသားတွေလဲ မရှိ၊ အပြင်လူဆိုတာလဲ နတ္ထိ။



ကျောင်းတစ်ကျောင်းလုံးမှာ ဦးပဉ္စင်းလေးတစ်ပါးတည်းပဲ ရှိတယ်။

နှစ်ဆောင်ပြိုင် ကျောင်းကြီးရှေ့က ရေတွင်းဘေးမှာ စိုက်ထားတဲ့ စံကားဝါပန်းပင်က အတောင် (၄၀)ကျော် (၅၀)လောက်မြင့်တယ်။ ပဒေသာပင်လို အောက်က ကားပြီး အပေါ်ကို ချွန်တက်သွားတဲ့အပင်။ ကျောင်းတစ်ကျောင်းလုံး ဘယ်သူမှ မရှိတဲ့အချိန် ဦးပဉ္စင်းလေးက ဘုရားလှူဖို့ စံကားဝါပန်းခူးတယ်။ ခူးတာက တံချူနဲ့ခူးတာ မဟုတ်ဘူး။

ရှာန်ပျံပြီး ခူးတာ။

ဦးပဉ္စင်းလေး ရှာန်ပျံပြီး ပန်းတွေ ခူးနေတုန်း ထမင်းစားပြီး ပြန်လာတဲ့ ကျောင်းသား (၃)ယောက်က ကျောင်းဝင်းထဲကို ဝင်လာကြတယ်။ အသက် (၇)နှစ်စီလောက်ပဲ ရှိကြတယ်။

မောင်...၊ မောင်...၊ မောင်...တို့ပဲ။ စကားတပြောပြောနဲ့ ကျောင်းထဲဝင်လာကြရင်း စံကျောင်းရှေ့က သရက်ပင်ကြီးအောက် အရောက်မှာ ဦးပဉ္စင်းလေး ရှာန်နဲ့ စံကားဝါပန်း ခူးနေတာကို မြင်ကြပါလေရော။ ကလေးတွေ ပြေးလာကြပြီး...

'ဦးပဉ္စင်းလေး လိမ့်ကျတော့မယ်'

'လှေကားလဲ မပါဘူး'

'မြန်မြန်ဆင်းပါ ဦးပဉ္စင်းလေးရဲ့'

တစ်ယောက်တစ်ပေါက် အော်ဟစ်ပြီး လျှောက်ကြပါလေရော။

ဦးပဉ္စင်းလေးက စံကားဝါပန်းခူးနေရာကနေ တဖြည်းဖြည်း နိမ့်နိမ့်နိမ့်နိမ့်ပြီး ဆင်းလာတယ်။ မြေပြင်မှာ ခြေချတယ်။ ကျောင်းသား(၃)ယောက်ကိုလဲ ဒီအကြောင်း ဘယ်သူ့မှ မပြောရဘူးလို့ နှုတ်ပိတ်ထားတယ်။ ကလေးတွေက ဦးပဉ္စင်းလေးကို ချစ်ကြောက်ရိုသေဆိုတော့ ဘယ်သူ့မှ ပြန်မပြောဘူး။ နှုတ်လုံကြတယ်။

ပန်းခူးတာနဲ့ ပျံတော်မူတာ (၇)ရက်ခြားတယ်။

ပျံတော်မူတော့ ဝိုင်းပြီးငိုနေကြတဲ့ ကျောင်းသားတွေထဲက ကျောင်းသား (၃)ယောက်က မျက်ရည်လည်ရွဲနဲ့ ပန်းခူးတဲ့အကြောင်းကို ပြောပြကြတာတဲ့။ ကလေးတွေက ကောင်းကင်မှာ ရှာန်ပျံတာ ဘယ်သိမှာတုန်း၊ ရှာန်နဲ့ ပန်းခူးတာ ဘယ်သိမတုံး။

မောင်ဖိုးဟန် အဲဒီအကြောင်းကို မသိတာ အမှန်ပါ။ ဝန်ခံပါတယ်။

ဦးစိုးမြင့် စကားဆုံးတော့ နောက် ထူးခြားတာတွေရော သိသေးသလား လို့ ဖိုးဟန်က မေးတယ်။ ဦးစိုးမြင့်က ဦးပဉ္စင်းလေးရဲ့ ကြံခင်းက ရဟန်းဒကာကြီး ဦးပဉ္စင်းလေးကို လျှောက်ထားတာတွေ ပြောပြတယ်။

ဖိုးဟန်ကလဲ ဦးပဉ္စင်းလေးနဲ့ ပတ်သက်လာရင် ဘာမဆို ကြားချင်နေတာ အတော်ပဲ။ ကြားချင်နေတာ ကြားရပေဦးမယ်။

ကြံခင်းက ဦးပဉ္စင်းလေးရဲ့ရဟန်း



www.burmeseclassic.com

www.burmeseclassic.com



ဒကာကြီးဆိုတာက ဦးပဥ္စင်းလေးရဲ့ ငယ်သူငယ်ချင်း။ ညီအစ်ကိုလဲ တော်တယ်။ ဝမ်းကွဲဆွေမျိုးတွေ။ ဦးပဥ္စင်းလေးထက် ငယ်တယ်။ ဒါပေမယ့် ဘာမဆို လျှောက်ရဲတင်ရဲတယ်။ တော်တော်ရင်းနှီးကြတယ်။

တစ်နှစ်ကို အနည်းဆုံး တစ်ခေါက် ဝေွးတောက်မြောင်ကို အရောက်လာတယ်။ ကန်တော့တယ်။ တန်ခူးလ တစ်ခေါက်၊ သီတင်းကျွတ်တစ်ခေါက် တစ်နှစ်ကို (၂)ခေါက်လာပြီး ကန်တော့တာလဲရှိတယ်။ အလှူအတန်း လုပ်ရင်လဲ ဦးပဥ္စင်းလေးကို မဖြစ်မနေ ပင့်တယ်။ ကြွရတယ်။

ဦးပဥ္စင်းလေးကို သိက္ခာထပ်ထားတဲ့ ကြံခင်းက ရဟန်းဒကာကြီးက လျှောက်တယ်။

'ဦးပဥ္စင်း ခုဆိုရင် သက်တော်လဲ (၆၀)ကျော်နားနီးနေပြီ။ ကြံခင်းမှာ ကျောင်းမထိုင်ဘဲ ဝေွးတောက်မြောင် ကျောင်းမှာလာပြီး သီတင်းသုံးနေတယ်။ ကြံခင်းမှာတုန်းကလဲ ကန်ကလေးတောရကျောင်းမှာ တရားစခန်းဝင်တယ်။

အခု ဝေွးတောက်မြောင်ကျောင်းကို ရောက်တော့လဲ မဟာသိုက်ကုန်းတောရ၊ ကန်တောရတို့မှာ တရားစခန်းဝင်တယ်။ ကျုံ့ကြံ့ကြိုးကုတ် အားထုတ်တော်မူတယ်။ နှစ်တွေလဲကြာပြီ။ ဘယ်လိုလဲ ဦးပဥ္စင်း တရားတွေ့ပြီလား'

အဲဒီလို လျှောက်မိတာက မနှစ်က သီတင်းကျွတ်လ။ အခုဆို နှစ်တစ်ပတ်လည် ပြောပါတော့။

'အဲသလို လျှောက်တော့ ဦးပဥ္စင်းလေးက ဘာပြန်အမိန့်ရှိသလဲ'

ဒကာ (၃)ယောက်လောက်က အားမလို အားမရ ဝိုင်းမေးကြတယ်။ ဖိုးဟန်ကတော့ မမေးပါဘူး။ နားစွင့်နေတယ်။

'နှုတ်တော်က ဘာတစ်ခွန်းမှ မဟာဘူးတဲ့ဗျ။ ကုလားထိုင်ပေါ်မှာ ထိုင်နေတာ တည်တည်ငြိမ်ငြိမ်ပဲ။ မျက်လွှာလဲ ချထားတယ်တဲ့'

'ဘာမှ ထပ်မလျှောက်ဘူးတဲ့လား'

'ဘယ်နေမလဲဗျာ၊ လျှောက်တယ်တဲ့။ လျှောက်တာမှ ဦးပဥ္စင်းရဲ့ ငယ်သူငယ်ချင်း ညီလေးက ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်း ရဟန်းဒကာပါဘုရား။ တပည့်တော်တို့က သိက္ခာထပ်ထားတဲ့ မြတ်ဗုဒ္ဓသားတော် ဦးပဥ္စင်းကို တရားရစေချင်လွန်းလို့ပါဘုရား။ တရားအကျိုး ခံစားရမှုကို မိန့်တော်မူပါဘုရားလို့ လျှောက်သတဲ့ဗျ။ တုတ်တုတ်တောင် မလှုပ်ဘူးတဲ့။ တုဏှိဘာဝေ ဆိတ်ဆိတ်နေတော်မူသတဲ့ဗျာ'

'ရဟန်းဒကာလဲ ဆိုသေး ဒါလေးတောင် ရအောင် မလျှောက်နိုင်ဘူးလား'

အသက် (၇၀)ကျော်လောက်ရှိတဲ့ အဘွားကြီးတစ်ယောက်က အပြစ်တင်သံ နှောလိုက်တယ်။

'လျှောက်ပါ့ဗျာ၊ ဦးပဥ္စင်း တရားပီတိခံစားရတာတွေကို ဒကာ၊ဒကာမတွေ သိကြရရင် သူတို့အတွက် အရမ်းကို အကျိုးရှိမယ် ဘုရား။ ဦးပဥ္စင်းကို အားကျပြီး တရားအားထုတ်ကြလိမ့်မယ်ဘုရား။ အမိန့်ရှိပါဘုရားလို့ လျှောက်ပြန်ရောတဲ့။ ဒါပေမယ့်လို့ ဦးပဥ္စင်းလေးကတော့ နှုတ်တော်ကမဟာဘူး'

'ဒါနဲ့ပဲ မင့်ရဟန်းဒကာက လက်လျှော့လိုက်ရောလား'

ဦးမောင်ဟန်ရဲ့ မေးလိုက်တဲ့ အသံ။ ဖိုးဟန်ကတော့ သိချင်နေတာပဲ ရှိတယ်။

'နှစ်ပေါင်းများစွာ တရားရှာတွေ့ပါပြီလားဘုရားလို့ ထပ်လျှောက် ပြန်တယ်'

ရဟန်းဒကာကြီးရဲ့ လျှောက်ထားချက် အသက်ပါလွန်းလို့ မောင်ဖိုးဟန် နှစ်နှစ်ခြိုက်ခြိုက် နားစိုက်လိုက်ရတယ်။

ဖိုးဟန် သိချင်လွန်းတဲ့ အဓိကအချက်၊ မသိသေးတဲ့ မြှုပ်ကွက်၊ ဖိုးဟန်မသိသေးတာကို သိတာလေးတွေနဲ့ယှဉ်ပြီး သိလိုက်ရမယ့်အချက်၊ သိဖို့လဲမလွယ် ခက်ခဲလှတဲ့အချက်၊ မလွဲမသွေ ကေန် ဖိုးဟန်သိရတော့မယ့် အချက်...

'ပြောစမ်းပါဟ မောင်စိုးမြင့်ရ... တကတည်း ဈေးကိုင်နေလိုက်တာ'

'ဦးပဥ္စင်းလေးက မျက်လွှာပင့်ပြီး ညာဘက်လက် လက်ညှိုးနဲ့ လက်ခလယ် (၂)ချောင်းကို ထောင်ပြလိုက်တယ်တဲ့'

'ဟေ... တကယ်'

'.....................'

**ရွှေတောင် ကြည်မောင်အေး**



www.burmeseclassic.com

www.burmeseclassic.com

သေလမ်းနှင့် နီးစပ်သည့်

# လေဖြတ်လေငန်းရောဂါ အတွက်

## ဤဆေးချက်


လွန်ခဲ့သော (၅)နှစ်ကျော်ကာလမှ ခင်မင်ခဲ့ရသူ ''ကိုရာမ''ဆိုသူ ရုတ်တရက် ရောက်ရှိလာခဲ့သလို သူမှ နှုတ်ဆက်ခြင်းများနှင့်ပင်...

'အတော်ပဲဗျာ အခု ခင်ဗျားဖတ်နေတဲ့ နက္ခတ္တရောင်ခြည် မဂ္ဂဇင်းအတွက် တိုင်းရင်းဆေးအကြောင်း ရေးစေချင်လို့ ကုန်ကြမ်း လာပေးတာပဲ'

''ကိုရာမ''မှာ ကျွန်ုပ် ဖတ်နေသည့် (၄/၂၀၀၉)လထုတ် နက္ခတ္တရောင်ခြည် မဂ္ဂဇင်းစာအုပ်ကို လှမ်းကြည့်ရှုရင်းက ပင် အထက်ပါကဲ့သို့ ပြောလိုက်သဖြင့် ကျွန်ုပ်မှာ ဝမ်းသာ စွာဖြင့် ကြိုဆိုလိုက်သလို အသင့်ရှိနေသော ဓာတ်ဘူးကို ချ၍ ရေနွေးတိုက်သည်နှင့် မြေပဲကြော်နှင့်ပါ ဧည့်ခံ ကျွေးမွေးလိုက်ပါသည်။

''ကိုရာမ''ဆိုသူမှာ ဖြူးအရှေ့ဘက် (၁၄ ၅)မိုင်ကွာ စစ်တောင်းမြစ်ဝှမ်းဒေသ (အုတ်ဖြတ်ကျေးရွာ)အထိ သင်ဖြူးဖျာ ရောင်းခဲ့သူဖြစ်ရာ ကရင်တိုင်းရင်းသား ကျေးရွာများအထိ ရောက်ရှိခဲ့ချိန် ကရင်တိုင်းရင်းသား အဘိုးကြီး(ဖထီး) စောသာထူးဆိုသူ ကရင်ဆေးဆရာကြီး တစ်ဦးထံမှ မြန်မာ တိုင်းရင်းဆေးတစ်ပုံ ရရှိခဲ့ရာ မြန်မာ တိုင်းရင်းဆေးဆရာကြီး ဦးဖြူဆွတ် (ကျောက်ပန်းတောင်း မြို့နယ်၊ သစ်တိန်းရွာ)ထံမှတစ်ဆင့် ရယူခဲ့ကြောင်း ပြော ပြပြီး ထိုသူ့မျက်မြင်မှာပင် လူနာ(၄)ဦး ပျောက်ကင်းခဲ့ ကြောင်းတို့ကို အသေအချာ ပြောပြပါတော့၏။

ပါဝင်သော ဆေးအမည်(ဆေးအမယ်)များမှာ အောက်ပါ အတိုင်းဖြစ်ပါ၏။ နေရာဒေသမရွေး ရရှိနိုင်ကြပါသည်။)



| | |
|---|---|
| ၁။ ငရုတ်ကောင်း | (၅)ကျပ်သား။ |
| ၂။ ချင်း(ဂျင်း) | (၁၀)ကျပ်သား။ |
| ၃။ ခံတက်ခေါက် | (၁၀)ကျပ်သား။ |
| ၄။ တောအရက်(ဆန်အရက်)ဦးရည် | (၂)ပုလင်း(ရေမရောရ) |
| ၅။ တောရှောက်ခါးသီး | (၅)လုံး |

တို့ ဖြစ်ကြပါသည်။

### ဆေးဖော်ဆေးစပ်ရန်

အမှတ်စဉ်(၁,၂,၃)မှ ပစ္စည်း(၃)မျိုးတို့ကို သန့်ရှင်းသော သံဆုံ (သို့မဟုတ်) စက်တွင် သေချာစွာ အမှုန့်ဖြစ်အောင် ကြိတ်ပါ။ အမှတ်စဉ် (၅)မှ တောရှောက်ခါးသီး(အရင့်)(၅)လုံး တို့ကို ပါးပါးလှီးပါ။

လုံခြုံသောဖန်အိုး (သို့မဟုတ်) ကြွေအိုးထဲတွင် တော အရက် (ဆန်အရက်) ဦးရည်(ရေနှင့် လုံးဝ ရေမရောသော အရက်ပြင်း)နှင့် (၃)ရက်တိတိ စိမ်ပါ။ နေလှမ်းထားပါ။ အ... လုံအောင်ပိတ်၍ နေလှမ်းရန် ဖြစ်ပါသည်။

### အသုံးပြုရန်

ဤဆေးချက်သည် ဘေးထွက် ဆိုးကျိုး (လုံးဝ)မ... လူးဆေး ဖြစ်ပါသည်။ ညာဘက်လက်နှင့် ဝေဒနာ... အထက်မှအောက်သို့ သပ်ချပါ။ အဝတ်သန့်သန့်နှင့် ပ... ထားပါ။ ရောဂါဖြစ်နေချိန် တစ်ရက်များမှ ဝက်သား မစား... စားချင်သပဆိုရင် ဆိတ်သားကိုဖြင့် စားနိုင်ပါ၏။

*ကြည်ဖြူစိတ်ထားဖြင့် ဖြူစင်ဝင်းပနိုင်ကြပါစေ။*

**ကြူသင်း**
*(ကျောက်ပန်းတောင်း)*

www.burmeseclassic.com

www.burmeseclassic.com



ကဝိသိရေမတ်

# မဟာနမက္ကာရ ဂမ္ဘီရ

## အဓိဋ္ဌာန်ကျင့်စဉ်တော်ကြီး

မဟာနမက္ကာရ ဆိုသည်မှာ ကြီးကျယ်မြင့်မြတ်သော ဘုရားရှိခိုးဟု အဓိပ္ပာယ်ကို ဆောင်ပါသည်။ မဟာနမက္ကာရဘုရားရှိခိုးသည်...

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

ဖြစ်သည်။ အက္ခရာအားဖြင့် (၁၈)လုံးရှိသော နဝင်းအောင် ဂါထာလည်းဖြစ်လေသည်။

စာတစ်လုံး ဘုရားတစ်ဆူဆိုသည့်စကားအံ့ရဆိုလျှင် '**နမောတဿ**'ကို (၁)ကြိမ်ရွတ်ဆိုလျှင် ဘုရားတစ်ဆယ့်ရှစ်ဆူဟု ဆိုရမည်ဖြစ်သည်။ ဘုရား (၁၈)ဆူ ပူဇော်ရာရောက်ကြောင်း ထင်ရှားပေသည်။

**ထိုနမောတဿ** ဘုရားရှိခိုးကို ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်က သိကြားမင်း၊ ဇာဏုသောဏိပုဏ္ဏား၊ ပသေနဒီကောသလမင်းကြီး၊ ဗြဟ္မာယုပုဏ္ဏားကြီး၊ ဓနဉ္စာနီပုဏ္ဏေးမ၊ အာရာမဒဏ္ဍာပုဏ္ဏား၊ ကရဏာပါလီပုဏ္ဏားတို့ မြတ်စွာဘုရားကို ရည်စူးပြီး ဥဒါန်းကျူးရင့်ကြောင်း သိရှိမှတ်သားဖူးသည်။

ဤနေရာ၌ တင်ပြလိုသည်က မဟာနမက္ကာရ ဂမ္ဘီရကျင့်စဉ်အဖြစ်...


**နမောတဿ**ကျင့်စဉ် တင်ပြလိုခြင်းဖြစ်သည်။

နမောတဿ ကျင့်စဉ်သည် ရတနာသုံးပါးကို အထွတ်တင်ထားသဖြင့် စေတီသဏ္ဌာန် ပုံဖော်ကြည့်လျှင် သုံးထောင့်တြိဂံကို တွေ့ရမည်။

ကြည့်ပါ။

* * * ⟶

တြိဂံ၏ စွမ်းအားကို အထူးပြောရန်လိုမည်မထင်ပါ။ ကျွန်ုပ်တို့ အမြတ်တနိုးကိုးကွယ်ကြသော စေတီများသည် တြိဂံပုံသဏ္ဌာန် ဖြစ်ခြင်းကြောင့်ဖြစ်သည်။ ထိုတြိဂံသဏ္ဌာန်စေတီကို အထွတ်တင်ပြီး အချိန်အား နံနက်၊ နေ့လယ်၊ ညနေချိန်ဟု ယူလျှင်




“**နမောတဿ**”ကျင့်စဉ်ကို အချိန်အားဖြင့် (၃)ကြိမ်၊ (၃)ခါ ရွတ်ဆိုရန် အဓိဋ္ဌာန်ပြုပုတီးစိပ်ရန် ရည်ညွှန်းပါသည်။

နံနက် နေထွက်ချိန် (၆း၀၀ မှ ၉း၀၀) နာရီတွင် ရွတ်ဆိုလျှင် ဣစ္ဆာသယ လိုရာဆန္ဒ ပြည့်ဝစေမည်။ နေ့လယ်ချိန် (၁၂း၀၀ မှ ၃း၀၀)နာရီတွင် ရွတ်ဆိုလျှင် အသိဉာဏ်ပညာကို ပွင့်လင်းစေမည်။ ညနေချိန် (၆း၀၀ မှ ၉း၀၀)နာရီတွင် ရွတ်ဆိုလျှင် အလုပ်အကိုင် စီးပွားတိုးတက်စေမည်။

ယခု တင်ပြမည့် နမောတဿ ကျင့်စဉ်ကို အဆင့်အားဖြင့် (၃)ဆင့် ခွဲခြားထားပါသည်။

**ပထမအဆင့်**တွင် နမောတဿကို နံနက်၊ နေ့လယ်၊ ညနေအားဖြင့် (၃) ကြိမ် (၁)ကြိမ်လျှင် ပုတီး(၃)ပတ်နှုန်းဖြင့် (၃)ကြိမ် (၉)ပတ် စိပ်ရမည်။ အဓိဋ္ဌာန်(၃)ရက် ဖြစ်သည်။

**ဒုတိယအဆင့်အနေဖြင့်** နမောတဿကို နံနက်, နေ့လယ်, ညနေအားဖြင့် (၃)ကြိမ်၊ (၁)ကြိမ်လျှင် ပုတီး(၆)ပတ်နှုန်းဖြင့် (၃)ကြိမ် (၁၈) ပတ် စိပ်ရမည်။ အဓိဋ္ဌာန်ရက်မှာ (၆) ရက် ဖြစ်သည်။

**တတိယဆင့်အနေဖြင့်** နံနက်၊ နေ့လယ်၊ ညနေအားဖြင့် နေ့စဉ်နေ့



www.burmeseclassic.com

www.burmeseclassic.com

(၃)ကြိမ်။ (၁)ကြိမ် ပုတီး(၉)ပတ်နှုန်းဖြင့် (၃)ကြိမ် (၂၇)ပတ်စိပ်ရမည်။ ရက်အားဖြင့် (၉)ရက် ဖြစ်ပါသည်။

ဤနည်းအားဖြင့် (၃)ကြိမ်ပြည့်အောင် အားထုတ်ရပါမည်။ '**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**' အကုန်ဆုံးမှ ပုတီးတစ်လုံးချသောနည်းဖြင့် စိပ်ရပါမည်။

* * *

## မဟာနမက္ကာရဂုဏ်တော်အဓိဋ္ဌာန်ကျင့်စဉ်

| ပထမဆင့် အဓိဋ္ဌာန်ကျင့်စဉ် | | | |
|---|---|---|---|
| အချိန် | ပုတီးစိပ်ရမည့်ဂါထာ | ပုတီးပတ် | ရက် |
| နံနက်(၆)နာရီ – နံနက်(၉)နာရီ | | ၃-ပတ် | |
| မွန်းတည့်(၁၂)နာရီ – မွန်းလွဲ(၃)နာရီ | နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ ***(ပုတီးတစ်လုံးချ)*** | ၃-ပတ် | ၃-ရက် |
| ညနေ(၆)နာရီ – ည(၉)နာရီ | | ၃-ပတ် | |
| **ဒုတိယဆင့် အဓိဋ္ဌာန်ကျင့်စဉ်** | | | |
| အချိန် | ပုတီးစိပ်ရမည့်ဂါထာ | ပုတီးပတ် | ရက် |
| နံနက်(၆)နာရီ – နံနက်(၉)နာရီ | | ၆-ပတ် | |
| မွန်းတည့်(၁၂)နာရီ – မွန်းလွဲ(၃)နာရီ | နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ ***(ပုတီးတစ်လုံးချ)*** | ၆-ပတ် | ၆-ရက် |
| ညနေ(၆)နာရီ – ည(၉)နာရီ | | ၆-ပတ် | |
| **တတိယဆင့် အဓိဋ္ဌာန်ကျင့်စဉ်** | | | |
| အချိန် | ပုတီးစိပ်ရမည့်ဂါထာ | ပုတီးပတ် | ရက် |
| နံနက်(၆)နာရီ – နံနက်(၉)နာရီ | | ၉-ပတ် | |
| မွန်းတည့်(၁၂)နာရီ – မွန်းလွဲ(၃)နာရီ | နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ ***(ပုတီးတစ်လုံးချ)*** | ၉-ပတ် | ၉-ရက် |
| ညနေ(၆)နာရီ – ည(၉)နာရီ | | ၉-ပတ် | |

***သင့်တင့်အောင် နှလုံးသွင်း၊ အရှုံးကင်းပါစေ။***

## ကဝိသိရောမဏိ

 စကားချပ်

၁။ ဦးသော်ဇင်–မဟာနမက္ကာရစေတီ တော်ဆောင်းပါး(စာမျက်နှာ ၁၁၀–၁၁၄)
[ဓာတိသဝေဒမဂ္ဂဇင်း၊ ၁၉၈၈ ခုနှစ်၊ မတ်လ၊ အမှတ်စဉ်–၄၃]

၂။ ကိုယ်ပိုင်မှတ်စုများ။



www.burmeseclassic.com

www.burmeseclassic.com



ရွှေတောင် ခင်မောင်ကြည်

# ထုံကျပြဒါး ရွှေသားအဝတ် (၃)

**ယခင်လမှ အဆက်**

မီးနားလိုက်တာက အပေါ်ဆုံးက မီးခဲမှာ ပြာကပ်လာတဲ့အထိပဲ။ မီးရဲ နေရာကညို၊ ညိုရာက ပြာအဖြူရောင် တက်လာတဲ့ အထိပေါ့။

ပြာတွေမှုတ်ထုတ်ပြီး ဖိုကြီးကို လှုပ်လိုက်တယ်။ ခပ်ဖြည်းဖြည်းလေး။ မီးသွေးလက်တစ်ဆုပ် ထပ်အုပ်တယ်။ ဖိုဆွဲတယ်။ မီးရဲလာတယ်။ မီးညီသွားပြီဆိုတော့ ရပ်လိုက်ပြန်ပြီ။ မီးခဲအပေါ် တစ်ထပ် ပြာကပ်တဲ့အထိ။

ငါနဲ့ မောင်ဘသောင်းတို့ အဲဒီမှာ ကောင်းကောင်း စိတ်ညစ်ကြတော့တာပဲ။

ဖိုကြီးလေးဆွဲလိုက်၊ မီးတင်လိုက်၊ မီးဝင်နေခိုက် ရပ်ထားလိုက်၊ နားနေတဲ့ အချိန် လက်ဖက်ကလေးစား၊ ရေနွေးလေးများသောက်လိုက်၊ သေးကလေး ပေါက်လိုက်...

စိတ်တွေ အိုက်လာတယ်။ တို့က မနားချင်ဘူး။ ဆက်တိုက်ဆွဲလိုက်ချင်တာ။ အခုတော့ကွာ ဆွဲလိုက်၊ နားလိုက် စိတ်မရှည်ဘူး။ စိတ်လဲ မပါဘူး။

ဆရာကြီးကတော့ အဲဒီလို နားချိန် တော်တော်များများမှာ လုံငှားဖုံးရိုက်တယ်။ လုံရိုက်တယ်။ လုံမြေနဲ့တယ်။ နှပ်တယ်။ မီးသွေးမှာ ကပ်နေတဲ့ သဲတွေကို ရေဆေးတယ်။ နေလှန်းတယ်။ ပြောင်းဖူးဖက် ဆေးလိပ်ကြီးကို သောက်၊ ညှပ်နဲ့သံဂေါက်ကိုပြင်၊ ဖိုခွင်ကို ကြည့်။

(၅)ကြိမ်မြောက် မီးတင်လို့ မီးဝင်ပြီးတဲ့အခါမှာတော့ လုံငှားဖုံးကို ဖွင့်ပြတယ်။ ချော်ပျော်နေပြီ။ နိမ့်လဲ နိမ့်ကျနေပြီ။ ဒုတ္တာနဲ့ လက်ချား ရောထားတဲ့ အမှုန့်တွေ ထပ်ထည့်။ လုံငှားဖုံးက်ုဖုံး။ မီးတင်ပြန်တယ်။ ခဏအကြာ ရပ်လိုက်ပြန်တယ်။

ဖိုကြီးကို မြန်မြန်ဆွဲတာလဲရှိတာပဲ။ မြန်မြန်ဆွဲရင် ဖားဖိုရဲ့ အောက်မေးက လှန်ရုံကလေးပဲ။ ဖားဖိုရဲ့ အပေါ်ဆုံးထပ်က (၂)လက်မ တစ်ဝိုက်လောက် မြင့်မြင့်တက်လိုက်၊ ပြန်ကျလိုက်။

မီးခဲတွေ ရဲရဲတောက်လာတာနဲ့ ဖိုကြီးကိုလွှတ်ပြီး မြှောက်လိုက်၊ ဆက်မဆွဲဘဲ ပစ်ထားလိုက် အကြိမ်ပေါင်းများစွာ။

မနက်နေထွက်စက ညနေ မှောင်တာရီလေးမှာမှ ပြီးတယ်။ အဲဒီလိုထိုးတာ (၃)ရက်တိတိပဲ။

တို့က စိတ်ကိုမပါတော့ဘူး။ အဖေ့ကို ကြောက်လို့သာ ငြိမ်နေကြရတာ[illegible]

(၄)ရက်မြောက်နေ့မှာတော့ [illegible]ကို ဖွင့်ပြတယ်။ ချော်တွေက ဒါ[illegible]ကျနေ



www.burmeseclassic.com

www.burmeseclassic.com

တယ်။ မီးမနာတော့ လုံက မနာဘူး။ အကောင်းကြီး ရှိသေးတယ်။ ဗိုထဲ ထည့် ထိုးပြန်တယ်။ မီးလျှံပဲ။

မီး(၅)အုပ် ထိုးအပြီးမှာတော့ လုံကို ဖွင့်ပြတယ်။ အပေါ်ကို ဆွဲတင်တယ်။ စိတ်အထင် စပါးလုံးတစ်လုံးစာလောက် ကလေး နည်းနည်းလေး။ ဖိုကို ဆက် ဆွဲပြန်တယ်။ မီးသွေးထည့်တယ်။ ဆွဲ တယ်။ ထည့်တယ်။

ဖိုခွင်တစ်ခုလုံး မီးဝိုင်းတာနဲ့ ပစ် ထားလိုက်ပြန်တယ်။

တော်တော်စိတ်ရှည်ရတဲ့ အလုပ်ပဲ။ မီးကို ချော့နေရတာ။ တဖော့ဖြည်း ညှင်း နာနာသွင်းနေရတာ။ ကြာလိုက် တာ။ စိတ်တိုစရာကြီး။ ပြီးတော့ နေ့တိုင်းအလုပ်ကြီး။

ဖုန်းဖုန်းနဲ့ ဖိုကိုဆွဲလိုက်၊ ပစ်ထား လိုက်။ မကြာမတင်မှာ တဖုန်းဖုန်းနဲ့ ပြန်ဆွဲလိုက်။ မီးနဲ့နှပ်ထားလိုက်။ နှပ်ထိုး ထိုးနေတာ။

မိုးလင်းနေထွက်က နေဝင်မိုးချုပ် အထိ ရပ်လိုက်၊ နားလိုက်၊ မီးကစားခဲ့ တာ (၅)ရက်ကြာပြီ။ ဆက်တိုက်။

(၆)ရက်မြောက်နေ့မှာတော့ စပြီး မီးတင်တာက လုံငှားဖုံးနဲ့ လက်တစ်လုံး မီးလျှံ။ မီး(၃)အုပ်အရမှာ ခဏရပ်ထား တယ်။ အပေါ်ယံမီးခဲ မညိုခင် ပြန်ဆွဲ တယ်။

မီး(၅)အုပ်မှာ တစ်ခါ အဲဒီလို လုပ် ပြန်တယ်။ မီးခဲညိုသွားတဲ့အထိ ထား တယ်။ ညိုတာနဲ့ လုံကို ဆွဲမြှောက် တယ်။ လုံငှားဖုံးနဲ့ နှာတိုက်အနေ အထား ရောက်သွားပြီ။

မြှောက်တက်လာတဲ့ လုံရဲ့လုံဖုံးကို ဖွင့်တယ်။ ကြည့်တယ်။ ချော်ပိပြီး ဝပ် နေတယ်။ နောက်တောက်တောက် အရည်လည်လို့။

လုံငှားဖုံး ပြန်ဖုံး။ ဖိုကြိုးကိုဆွဲ။



မီးရဲခနဲ တင်လိုက်ပြန်တယ်။ နှာတိုက်။ မီးလျှံမီးကြီး မီးစီးပြီးထိုးတယ်။

မီး(၃)အုပ် ကျသွားတော့ မီးရပ်ထား ပြန်တယ်။ လုံဖုံးကို ဖွင့်ကြည့်တယ်။ ချော်ငြိမ်တယ်။ ဓာတ်မလှုပ်ဘူး။ လုံဖုံး ပြန်ဖုံးပြီး လုံကို မြှောက်ပြန်တယ်။

နှုတ်ခမ်းတိုက်အနေအထား ရောက် သွားပြီ။ ဓာတ်ငြိမ်အောင် ကြာကြာပေး ထားတယ်။ အပေါ်ဆုံး မီးခဲညိုညို။

မီးအညိုမှာ ဖိုလေကိုမြှင့် မီးစုံကစား တော့တယ်။ ဥဏှုတေဇော၊ ပါစက တေဇော၊ ဒါဟတေဇော၊ ကောလီ တေဇော မီးပေါင်းစုံ လုံကိုထိလို့ ပြဒါးမိ ဖို့ ကြိုးစားတယ်။ ထိတယ်။ မိတယ်။

မီး(၂)အုပ်စီ၊ (၂)အုပ်စီ မီးစုံကစား ပြီး နှပ်,နှပ်ထားပြန်တယ်။ လုံကို မြှောက်,မြှောက်ပြီး နှပ်ထိုး,ထိုးလာ လိုက်တာ လုံခါးတိုက်အရောက် ညနေ နေဝင်ခါနီးပြီ။ မီးကိုရပ်လို့ နှပ်ထား လိုက်ပြီ။

(၇)ရက်မြောက်နေ့မှာတော့ မနေ့ ဖိုခွင်ထဲမှာ နှပ်ထားခဲ့တဲ့ လုံကို ညှပ်နဲ့ ဆွဲယူပြီးကြည့်လိုက်တော့ လုံက နာနေ ပြီ။ လုံအပေါ်ပိုင်း လုံရဲ့တစ်ဝက် မီးနာ ထားလို့ လုံသားကို မီးဟပ် ချော်ကပ်လို့ နေပြီ။ လုံအပြင်သားချော်။

လုံကို ခွဲလိုက်တော့ ဓာတ်က လုံ အတွင်းသားကို တိုးဝှေ့ထားလို့ လုံသား

က မွမွလေး၊ ဝါဝါလေး။

ဆတ်ခနဲ အခွဲမှာ လုံဖင်အောက်ပိုင်
ကွဲချက်က ဟက်ခနဲ။ နှုတ်ခမ်းသာ
အညီ။ နောက်တစ်လုံအတွက် လုံငှာ
ဖုံးကလေး။

ဓာတ်ကို ကိုင်ကြည့်လိုက်တော
လုံချော အတောင့်လိုက်။ ဘီလူးခေါ
မထ။ မို့မောက်မောက် မျက်နှာပြင်ပေါ
မှာ ကြေးဆီဝင်နေတယ်။ အမျှင်လိုက်
ကလေးတွေ။ ငါးသလောက်ဥပေါ်မှ
သွေးကြောမျှင်ကလေးတွေ ယှက်နေ
သလို အခက်အခက်။

ဓာတ်သားကို (၆)လက်မ ဖော
လုံအသစ်ထဲမှာထည့်၊ ချော်ပေါ
မဖုံးဘူး။ ဒုတ္တာလက်ချားမီးပေါက် ဖေ
ထားတဲ့အသစ်နဲ့ သိပ်,သိပ်ထည့်
လုံငှားဖုံး,ဖုံး။ နှာပေါက်အောက် လက်
တစ်လုံးအကွာမှာ မီးလျှံထိုးတယ်။

မီး(၅)အုပ်မှာ တစ်ခါ၊ မီး(၃)အုပ်မှ
တစ်ခါ အပေါ်ကို ဆွဲ,ဆွဲတင်တယ်
ဓာတ်ထွက်,မထွက်၊ ငြိမ်,မငြိမ် ချိန်ဆ
ပြီး ချော်သစ်ထပ်ထည့်လိုက်၊ မီးမြှင့်ထိ
လိုက် လုံခါးတိုက်။

လုံခါးတိုက်မှာ မီးကို ပြင်းလိုက်
ပျော့လိုက်၊ ကြမ်းလိုက်၊ ချော့လိုက်
မီးစုံကစားလိုက်တာ အကြမ်းအရှ
ကြီး။ ဝရုန်းသုန်းကား ဗရုန်းဗရင်း။

မီးပေးမီးယူမှန်မှန်နဲ့ ဓာတ်ကို နှ
စက်လိုက်တာ တစ်ရက်အပြည့်။


(၈)ရက်နေ့မနက် ဖိုခွင်ထဲကလုံကို
ထုတ်ပြီး ကြည့်တယ်။ လုံအပြင်မှာ
ချော်ဖွဲ့နေတယ်။ လုံသားကျက်ပြီး ပြ
တဲ့ချော်။ ပြောင်ပြီးဝင်းနေတာပဲ။ တော
တော်လေး မီးနာထားပြီ။

ဒီနေ့တော့ ဖိုခွင်မှာ လုံထား
ပြောင်းသွားပြီ။ လုံနှုတ်ခမ်းနဲ့အ
နှာတိုက်၊ လုံနှုတ်ခမ်းတိုက်ထားဖိုလေ
ညှင်းညှင်းနဲ့ မီးစလို့သွင်းတယ်။ မီးသွေ



www.burmeseclassic.com

www.burmeseclassic.com



(၃)အုပ်အထိ လေပြည်လေညင်း။

မီးသွေး (၄)အုပ်ကစပြီး မီးကို မြှင့်မြှင့်တက်ပြီး ကစားတယ်။ မီး(၇)အုပ်မြောက်မှာ မီးစီးထိုးတယ်။ မီးကြီးပြီ၊ ဒါဟမီး။ မီးပြင်းဆက်တိုက်။ မီးသွေးထည့်လိုက်၊ လုံလှည့်လိုက်၊ ညှပ်ကိုကိုင်လိုက်၊ ဂေါက်ချလိုက်။

မီးကိုနားလိုက်၊ ကစားလိုက်နဲ့ နေတောင်အတော်စောင်းသွားပြီ။ ဝင်ခါနီးတည်းတည်း။ လုံကို ဖိုခွင်ထဲမှာပဲ နှပ်ထားလိုက်တယ်။

နောက်နေ့မနက်မှာ လုံဟောင်းကို ထုတ်ပြီးခွဲ လုံအသစ် လဲလိုက်တယ်။

ခွဲလိုက်လဲလိုက် ထိုးလာလိုက်တာ (၁၂)ရက်မြောက်နေ့မှာတော့ ဓာတ်သားက ချော်ခွင်ကျွတ်ကျလာတယ်။ ဓာတ်သားကို ချော်မကပ်တော့ဘူး။ လုံချောင်တော့မယ်။ မကြာတော့ဘူးတဲ့။

(၁၃)ရက်၊ (၁၄)ရက် မီးလျှံကနေ ဓာတ်တိုက်အထိ ထိုးတယ်။

(၁၅)ရက်မြောက်နေ့မှာတော့ ဆရာကြီးက လုံကို လှုပ်ပြတယ်။ ဂလောက်ဂလောက် အသံကြားရတယ်။ လုံချောင်ပြီ၊ ဓာတ်ပထဝီဆိုက်ပြီ။

လုံချောင်တဲ့နေ့ကစပြီး လုံခြောက်ဖော်မံ အန္တောပိတ် မီးလျှံကစပြီး ထိုးတယ်။ လုံကို ဆွဲတင်တယ်။ မီးရပ်ထားတယ်။ ခဏနား။ မီးဆက်ကစားတယ်။ ဆွဲတင်လိုက်၊ မီးရပ်လိုက်နဲ့။

လက်တစ်လုံး မီးလျှံကနေ နှုတ်ခမ်းတိုက်၊ ခါးတိုက်၊ ဓာတ်တိုက်အရောက် မီးကစားတယ်။ ဖျတ်ခနဲ ဖျတ်ခနဲ မီးပြောင်း,ပြောင်းကစားတယ်။ ကောလီမီး။

ဖားဖိုလေးမှာ အနားမနေရဘူး။ ဖိုဆွဲလက်ကလဲ ဒလက်သဖွယ်။ ဆရာကြီးလက်ထဲမှာ ဖိုကလေး အသက်ထွက်မတတ်ပဲ။ မောဟိုက်ပန်းလို့ တရှူးရှူး တရှဲရှဲ။

(၁၆)ရက်ကစပြီး ဓာတ်သားကျစ်သွားတယ်။ အမှတ်မဲ့ကြည့်ရင် လျော့သွားသလား ထင်ရတယ်။ မလျော့ဘူး။ ဂနကတော့ အမှုန်ပဲ။ ပုံစံပြောင်းသွားတာ။

(၁၈)ရက်မှာတော့ ဓာတ်သားအရောင်ပါ ပြောင်းသွားတယ်။ ဓာတ်လုံးရဲ့ဖင်မှာ အဝါရည်ပတ် ဆိုင်းဖွဲ့နေတယ်။ ကွမ်းရက်သဖွယ် အသွယ်သွယ်ယှက် ခက်လို့။

ဆရာကြီးက ညှာလက်ထဲမှာ ဆုပ်ပြီး ဆ,ဆကြည့်တယ်။ သူပေးလို့ ကိုင်ကြည့်လိုက်တော့ တစ်နေတာပဲ။ အလေးချိန် ဂနစီးလိုက်တာ။

ဓာတ်လုံးတစ်လုံးလုံး ဆီဆွတ်ထားသလိုပြောင်။ အမှောင်ရိပ်တွေ ကပြဒါးဟိတ် ရိုးတိုးရိပ်တိပ် အရောင်တွေဖြာ။

လုံကို ကြည့်လိုက်တော့ လုံထဲမှာက ဓာတ်သားရဲ့ တေဇောဟိတ်ကြောင့် အဆီပြောင်လို့ဝင်း။ အလင်းတက်ထားတာက စပါးလုံးတစ်ထောက်လောက်။ ဖိတ်ဖိတ်တောက်။

(၁၉)ရက်လောက်မှာ ဓာတ်လုံးဖင်တစ်ခုလုံး အဝါရည်သန်း။ ဓာတ်လုံးရဲ့ အောက်ခြေ လုံထဲမှာ အမည်းရောင်အဖတ်နဲ့ အမှုန်ကလေးတွေ တွေ့ရတယ်။ လုံဖင်ရဲ့အတွင်း အောက်ခြေပတ်ပတ်လည်မှာ ကျနေတာ။ မလတွေတဲ့။

(၂၀)ရက်မှာ ဓာတ်လုံးအလယ်ထိ အဝါရည်ဝင်။ နီစပ်စပ်ကလေး။

(၂၁)ရက်မှာတော့ ဓာတ်လုံးထိပ်လင်းပြီး အဝါရည် ဖြန့်ခင်းထားတယ်။ ထက်,အောက်,အလယ် အရောင်မညီသေးဘူး။

အထက်ကဖျော့ အောက်ကအရင့်၊ အလယ်ကတော့ အသင့်အတင့်။ အလေးချိန် လျော့သွားတာလဲ အဆင့်ဆင့်။

ဓာတ်လုံးက အကာသားတွေ ကွာကွာထွက်လိုက်တာ။ အများကြီး ဓာတ်လုံးကြီးလဲ သေးသေးသွားပြီ။ ဓာတ်လုံးသေးသွားတော့ လုံကလဲ အသေးတွေကို သုံးလာတယ်။

ဓာတ်က ကောလီတော့ မကြေသေးဘူး။ လုံခြောက် ဖော်မံပြီး မီးထပ်တင်ရမယ်။

မီးရင့်လေ တေဇောဝင်လေ၊ တေဇောဝင်လေ၊ ဓာတ်ကျစ်လေ၊ ဓာတ်ကျစ်လေ၊ မလတွေ ထွက်လေ၊ ကလပ်စည်း စိပ်လေ၊ အရောင်ရင့်လေတဲ့။

'အဂ္ဂိရတ် ဓာတ်သားဆိုတာက အတုအပတဲ့။ တုပတယ်ဆိုတာ အစစ်ကိုတော့ မမီဘူးတဲ့။ တုအောင် လုပ်ရ



www.burmeseclassic.com

www.burmeseclassic.com

တဲ့ ကီစွကလဲ ခဲယဉ်းသတဲ့။ မတူမစပ် တူမှစပ်တဲ့။ မတူဘဲစပ် ခွဲထုတ်တတ်မှတဲ့။

အရောင်အသွေးကလဲ မနီးရိုးဆွဲလေးနေမှ။ အလေးအပေါ့ကလဲ ဂနညီပါမှ။ မတိမ်းမယိမ်းလေး။ အပျော့အပျဉ်းကလဲ တူရိုက်နန်းဆွဲခံပါမှတဲ့'

ဆရာကြီးက နားတဲ့တစ်ခဏမှာ ပြောပြောပြုရှာတယ်။ အဂ္ဂိရတ်ဗဟုသုတတွေ အများကြီး ရပါရဲ့။

ပြဒါးဓာတ်လုံးက ကိတ်ရောင်ဝင်လာလို့ (၂၂)ရက်မြောက်မှာ လုံခြောက်ဖော်မံလို့ ထိုးပြန်ပြီ။

လုံခြောက်၊ ဖော်မံ၊ မီးလျှံ တဖြည်းဖြည်းမြင့်၊ မီးရင့်၊ မီးစီး၊ မီးကြီး။ ဓာတ်တိုက်ထိုးပြီ။ မီးရောင်ကလဲ ပြနေပြီ။ အဝါရောင်ရင့်ရင့်မှာ အဖျားက ပန်းရောင်ပျော့ပျော့လေး ကွပ်လို့။ ကိတ်မွေးတော့မယ်။ မျိုးစေ့လေးတွေ ဝင်နေပြီ။

နောက်တစ်နေ့မှာ ဆရာကြီး ဖိုခွင်ထဲက လုံကို ထုတ်ပြီး လှုပ်ကြည့်တယ်။


ကန့်လန့်ကိုင်ထားတဲ့ လုံထဲက ဓာတ်သားဟာ လုံဖင်နဲ့ လုံနှုတ်ခမ်းကို အပြန်ပြန်အလှန်လှန် ပြေးပြေးပြီး ရိုက်တယ်။ ဂလောက်...ဂလောက်။

လုံကို တအားမှောက်ချလိုက်တော့ ဓာတ်သားက လုံဖုံးကို ဖောက်ပြီး ထွက်လာတယ်။ ကိုင်ကြည့်တော့ အပေါ်ဘက်မှာ ကြိုးတွေ ယှက်နေတယ်။ တစ်ထပ်ကြိုး ရိုးရိုးကြိုး။

ပေပေါ်ကိုတင် တူနဲ့ထုတော့ အက်ရာပေးတယ်။ ကလပ်စည်း စိပ်လာပေမယ့် တူရိုက်တော့ မခံသေး။ နန်းဆွဲဖို့တော့ ဝေး။

လေဖိုလေးကို တောင့်တနေပြီ ထင်ပါရဲ့။ ဆရာကြီး လေဖိုပြင်တယ်။

လေဖိုအမြင့်က တောင်ဆုပ် ထိပ်ဝ



ငါးလက်မအချင်း၊ နှုတ်ခမ်းထုက သုံးလက်မ၊ အောက်က ဖိုခုံလောက်ခံ အုတ်(၃)ခဲ၊ မြေပြင်အောက်ခြေ အလယ်ဗွေမှာ ကလပ်ကလေးကိုထား၊ သဲထူးခတ်။

ဓာတ်သားကို လုံထဲထည့်။ ဖော်မံ၊ အန္တောပိတ်၊ ကလပ်ကလေးပေါ်မှာ လုံကိုတင်၊ မီးဆင်၊ မီးသွေးထည့်လေနုလေအေး လေပြည်လေးနဲ့ စပြီး မီးကစား။

ခဝါမီးသွေး မီးပြင်းသလား မမေးနဲ့။ ပြင်းမှပြင်း။ တစ်နေ့လုံးမီး။ ဥဏှ၊ ပါစက၊ ဒါဟ၊ မီးစုံကောလီ မီးကြီးပြီပေါ့။ တွင်းပြင်နှစ်ဝ တေဇောခလို့။ တေဇောသွင်းပြီ။

မီးရောင်တက်တာက အဖျားဆွတ်ပန်းရောင်ပျော့။ လေနောဲ့လို့ မီးရောင်ပြတ်ပြတ်သွားတာက အဖြူရောင်ဖွေးဖွေး။ ဓာတ်ကလေးတော့ သနားစရာ မီးနှိပ်စက်တာ ခံနေရပြီ သူ့ခမျာ။

(၂၅)ရက်မြောက်နေ့မှာလဲ လေဖိုပဲ တစ်နေ့လုံးတင်။ ပေပေါ်တင် တူနဲ့ရိုက်။ အစေးအပတိုက်ကတော့ နည်းနည်းလိုသေး။ နှောင့်နှေးဖျာပါ မရှိရာ။ ကဲလာ နာလှည့်ကြစို့တဲ့။ ဆရာကြီးရဲ့ အဆိုအမိန့်စကား။

နာလှည့်မယ့်နေ့ (၂၆)ရက်မြောက်နေ့။ ဖားဖိုပြင်တယ်။ ဖိုခွင်ပြင်တယ်။ ဖိုခွင်ထဲကို ပြာထပ်သိပ်တယ်။ ညီအောင် ညှိပြီး ဖိတယ်။ ပိပိသွားတော့

အချင်း(၂)လက်မ လုံပက်ကို တင်
တယ်။ လုံပက်က နှုတ်ခမ်းထူထူ။

တစ်ပေါက်ဖိုနှာပေါက်ရဲ့ အောက်
ပိုင်းနဲ့ လုံပက်ရဲ့ နှုတ်ခမ်းအပေါ်ဘက်
က စပါးလုံးတစ်ထောက်အကွာ
အပေါ်အောက်တည့်တည့်။

လုံပက်ထဲကို ဓာတ်လုံးထည့်။ နာ
သန့်သန့် တစ်ကျပ်သား ဓာတ်လုံးပေါ်
ကိုတင်၊ လုံပက်ထက်ကြီးတဲ့ မီးသွေး
အကြီးကြီးတစ်တုံးကို ညှပ်နဲ့ဆွဲပြီး လုံ
ပက်ပေါ်မှာဖုံး၊ လုံပက်ကို အုပ်ပြီး မီး
ထားသလိုပဲ။

လုံပက်ရဲ့ ဘေးပတ်လည်မှာ ပန်း
မီးသွေးတွေထည့်၊ လုံပက်ပေါ်မှာ ဖုံး
ထားတဲ့ မီးသွေးတုံးကြီးနဲ့အညီ။ ပြီး
တော့ မီးဖိုချောင်က မီးကျီခဲတွေကို
မောင်ဘသောင်းကို သွားယူခိုင်းတယ်
အဲဒီ မီးကျီခဲတွေကို ပန်းပဲမီးသွေးတွေ
ပေါ်မှာ ဖြန့်တင်ပြီး ဖိုဆွဲတော့တာပဲ

မီးစွဲပြီ။ ဖိုကြိုးကို လက်မလွှတ်ဘူး
အားတိုက်အင်တိုက်ဆွဲတယ်။ မီးအား
က ရဲခနဲ ရဲခနဲ မီးရောင်တောက်
တောက်ပြီး တက်တက်လာတယ်
ဖိုခွင်မှာ မီးပိုင်းတာနဲ့ နာပေါက်တည့်
တည့်က မီးခဲလေးကို ညှပ်နဲ့ဆွဲမလိုက်
ပြီး တစ်ဖက်ဖိုခွင်နှုတ်ခမ်းပေါ်မှာ တင်
ပြီးကပ်လိုက်တယ်။

ဖိုနှာပေါက်ကနေ တက်လာတဲ့လေ
ဟာ အဆီးအတားမရှိ၊ ချက်လုံ လုံပက်
အပေါ်မှာ အုပ်ထားတဲ့ မီးခဲကြီးကို
တိုက်ရိုက်သွားထိုးတယ်။ နာလေထိ
မီးခဲကြီးက ထွက်လာတဲ့မီးက လုံပက်
ထဲမှာရှိတဲ့ နာကို တည့်တည့်သွားထိုး
ပြန်တယ်။ နာပျော်သွားပြီ။

သွက်သွက်ခါအောင်ကို အညှပ်
လည်နေပြီ။ လက်ယာရစ်လည်လိုက်
လက်ဝဲရစ်လည်လိုက် တချိန်
ပြောင်းပြောင်းပြီး လည်တယ်။



www.burmeseclassic.com

www.burmeseclassic.com

မကြာဘူး နာပျော်က ဓာတ်လုံးကို ကူးသွားတယ်။ ဓာတ်လုံး အရည်ပျော်ပြီ။ နာပျော်ရည်နဲ့ ဓာတ်သားပျော်ရည် ဘတစ်ပြန် ကျားတစ်ပြန် အနိုင်မခံ အရှုံးမပေး။ စစ်ခင်းနေကြပြီ။ နာကစား လိုက် ဓာတ်ပြုလိုက်။

နာချက်တဲ့ လုံပက်ထဲက နာနဲ့ ဓာတ် ပျော်နေပုံက ဘဲဥ၊ ကြက်ဥ မကျက် တကျက်ကြော်အတိုင်းပဲ။ ကွက်ကွက် ကွင်းကွင်း၊ မြင်းကွင်းပသာဒ။

လုံပက်အလယ်မှာ ဓာတ်ကပျော်ပြီး ဝင်းနေတယ်။ အလုံးလိုက်ကလေး။ ဝိုင်းဝိုင်းစက်စက်ကလေး။ သူ့ဘေးမှာ က နာပျော်ရည်။ အရည်လည်နေ တယ်။ ကြည်ပြီးဖွေးနေတယ်။ သူကလဲ အဝိုင်းတော့ အဝိုင်းပဲ။ မညီမညာ အဝိုင်း။ နူတ်ခမ်းအတွန့်လေးတွေနဲ့။ ခွေးသွားစိပ်သဖွယ်။

ဖိုကို ရပ်လိုက်တော့ စားနေလိုက် တာ။ ပြုပ်ပြုပ်ပြုပ်ပြုပ်နဲ့ ပလုံကလေး တွေတောင်စီလို့။ လေဥတွေဖောင်စီး။

ဓာတ်လုံးက ကြည့်နေရင်း သေး သေးသွားတယ်လို့ ထင်ရတယ်။

မီးသွေးခဲ အကြီးကြီးတစ်တုံး လုံပက်ပေါ်တင်လိုက်ပြန်ပြီ။ ဖိုလေကို သွင်းလိုက်ပြန်ပြီ။ နာပျော်ပြန်ပြီ။ ဓာတ် သဲပျော်ပြန်ပြီ။

နာသန့်သန့် တစ်ကျပ်သား ထပ် ထည့်လိုက်တယ်။ နာနဲ့ ထပ်ချက်ပြန် ပြီ။ စားပြန်ပါပြီ။

နာချော်တွေ ဓာတ်ကို ဖုံးသွားတော့ ကြိုးကို လက်ကလွှတ်။ ဖိုဆွဲတာရပ် ညှပ်ကလေးနဲ့ ဖိုခွင်မီးရဲရဲထဲက လုံပက် ကို ညှပ်ပြီးယူ ပူပူကြီးအတိုင်း သဲခွက် ထဲကိုချ။ အလိုချမ်းလို့ အေးစေ။

လုံပက်ပူတာ အေးသွားတော့ ဓာတ် သားပေါ်မှာ အညိုရင့်ရောင် မည်းပြာ ပြာ ဖုံးနေတယ်။ နာချော်တွေ အပေါ်



ဘက်က မည်းညိုရောင်။

လုံကို ရိုက်ခွဲလိုက်တော့ မည်းညို ရောင်အောက်က အစိမ်းရင့်ပုပ်ပုပ်။ သူ့အောက်က အဝါရင့်ကြမ်းကြမ်း။ နီညိုရောင်တွေလဲ သန်းနေတယ်။ အရောင်တွေရောပြီး ဖောက်နေတာပဲ ရှိတယ်။ အဝါရင့်ထဲမှာ အစိမ်းရင့် အစက်အပျောက်ကလေးတွေ။

ဓာတ်သားကို ချိန်ကြည့်တော့ (၂) ကျပ်ခွဲသားပဲ ရှိတော့တယ်။

ပြဒါးထွက်သွားတာရော၊ ဓာတ်ပြု ပြီးထွက်သွားတာရော၊ အညစ်အကြေး မလတွေ ကွာ့ကွာပြီး ထွက်သွားတာ ရော နည်းသေးလား။ လက်ကျန် ဘာရှိ တော့လို့တုံး။ နှမြောလိုက်တာ။

ဒါပေမယ့် အဆီအနှစ် ရွှေဖြစ်မယ့် ဗီဇမျိုးစေ့တွေ ချထားပြီ။

ဆရာကြီး ဘမြိုင်က ဓာတ်သားကို ဆတ်ခနဲ ကောက်ကိုင်ပြီး ပေပေါ်တင် တူနဲ့ထုတယ်။ ထုပုံက လက်လွှတ် စပယ် မဟုတ်ဘူး။ ဗိထုကလေး ထု တာ။

ထုလိုက်၊ အိခနဲ ပြားသွားလိုက် ပြား ပြားသွားလိုက်တာ။

ဘေးနှုတ်ခမ်းသားမှာတော့ ခွေး သွားစိပ်တွေ ဖြစ်မလာ။ ကွဲတဲ့အက်တဲ့ အရာမရှိ။ နာဆီအပြည့်ဝင်။ အပျော့ အပျဉ်း ဆိုက်ပေမယ့် စိတ်ကြိုက်တော့ မကျသေး။

နဝင်းကျေ(၂၇)ရက် လုံပက်ကို လက်လွှတ်လိုက်ပြီ၊ နာချက်လို့ ပြီးသွား ပြီ။ ဖောက်လုံဘက်ကို လှည့်တယ်။ ဖိုခွင်ထဲမှာ ဓာတ်သားတဆန့် ဖောက် လုံကို နာပေါက်နဲ့ဆို ခါးတိုက်အနေ အထားတည်တယ်။ လုံက ခုခေတ်ဆို နံပါတ်(၃)လုံလောက်ပေါ့။

လုံကိုတည် လုံငှားဖုံးကို မီးသွေး ထည့်၊ မီးဆင် မီးတင်ပြီး ထိုးလိုက် တယ်။

မီးတစ်အုပ်အကျမှာ လုံက အပူကြွ ပြီ။ မီးကလဲ ညီပြီ။ မီးသွေးတွေကို ဖယ်၊ လုံငှားဖုံးကို ညှပ်နဲ့ဆွဲဖွင့်၊ ယမ်း တစ်ကျပ်သားကို နည်းနည်းချင်း၊ နည်းနည်းချင်း လုံထဲကို ပစ်ပစ်ပြီး ထည့်လိုက်တယ်။

လုံထဲ ရောက်သွားတဲ့ယမ်းက တဖျစ်ဖျစ်မြည်ပြီး အရောင်ဖြာတက် လာတယ်။ ချော်ပါးလေးတွေက ခွင် လိုက်ကျ့ကျပြီး ဆင်း့ဆင်းသွားတယ်။ ချော်ဖွဲ့ပြီ။ ယမ်းချော်။

နောက် ယမ်းတစ်ကျပ်သား ပစ်၊ ပစ်ထည့်ပြီး ချော်ဖွဲ့ပြန်တယ်။

(၂)ကျပ်သားယမ်း ချော်ရည်လည် တော့ နာနဲ့လှည့်ထားတဲ့ ဓာတ်သား ကို ညှပ်နဲ့ညှပ် မီးအဝင်ယဉ်ဖို့ လုံအဝ ပေါ်မှာ ခဏတင်၊ မီးယဉ်တော့မှ ယမ်းချော် ပျော်ပျော်ထဲကို ထည့်လိုက် တယ်။ စွတ်ခနဲ မြုပ်သွားပြီ။ ပလုံလေး တွေစီလို့။

---

ရှေ့လ ဆက်ဖတ်ပါရန်

---

**ရွှေတောင် ခင်မောင်ကြည်**




www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလအတွက် ဓာတ်ကြီးငါးပါးစိုးမိုးမှုနှင့် အောင်ဘာလေ

# ထီ ဆုငွေ



ဤလတွင် ဖွင့်လှစ်မည့် အောင်ဘာလေထီဖွင့်ပွဲတွင် ဆုကြီးများနှင့် နီးစပ်စေရန်အတွက် ၆၊ ၉၊ ၈၊ ၄ ဂဏန်းခြေများကို ခ၊ င၊ ဏ၊ မ အက္ခရာတို့နှင့် တွဲဖက်ကံစမ်းသင့်သည်။ ဂဏန်းတွဲများ အလိုရှိပါက **၈၄၊ ၉၅၊ ၆၂** အတွဲများကို အားပြုပါ။

မွေးနှစ်အရ ကံစမ်းလိုပါက အောက်ပါအတိုင်း ရှာဖွေပါ။

* * *

တောင်အရပ်ရှိ ထီအရောင်းဆိုင်တွင် ရွေးချယ်ကံစမ်းပါ။ စပ်တူထိုးလိုလျှင် ဗုဒ္ဓဟူးသားသမီးနှင့် ပေါင်းစပ်၍ ထိုးပါ။ အင်္ဂါနေ့သည် နေ့ကောင်းနေ့မြတ်ဖြစ်သည်။

**ထီအရောင်းဆိုင်တည်ရာ ဌာနဗလအား ရယူလိုပါက** ရေကန်၊ မြစ်၊ ချောင်း၊ ကမ်းပါးရှိဆိုင်၊ လှေဆိပ်သင်္ဘောတွင် ဖွင့်လှစ်ထားသောဆိုင်၊ ရေစင်၊ ရေစက်၊ ရေဘုံဘိုင် စသည်

| မွေးနှစ် | လာဘ်ပွင့်အရောင် | ကံပွင့်ဂဏန်း | ကံပွင့်အရပ် | စပ်တူထိုးလျှင် | ကံပွင့်နေ့ |
|---|---|---|---|---|---|
| ကြွက် | ရွှေဝါ | ၇ | အနောက် | ကြာသပတေးသားသမီး | သောကြာ |
| နွား၊ ကျား | အစိမ်းရင့် | ၄ | အရှေ့တောင် | တနင်္ဂနွေသားသမီး | ကြာသပတေး |
| ယုန် | အနီ | ၉ | တောင် | ဗုဒ္ဓဟူးသားသမီး | အင်္ဂါ |
| နဂါး၊ မြွေ | အပြာ | ၁ | မြောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူး |
| မြင်း | အဖြူ | ၆ | အနောက်မြောက် | ကြာသပတေးသားသမီး | တနင်္ဂနွေ |
| ဆိတ်၊ မျောက် | အညို | ၈ | အရှေ့မြောက် | တနင်္လာသားသမီး | စနေ |
| ကြက် | အစိမ်းနု | ၃ | အရှေ့ | သောကြာသားသမီး | ကြာသပတေး |
| ခွေး၊ ဝက် | မြေဝါ | ၂ | အနောက်တောင် | စနေသားသမီး | တနင်္လာနေ့ |

ဤဇယားပါ ကံအခွင့်အလမ်းများအရ ထီကံစမ်းနိုင်သည်။ **ဥပမာ** ယုန်နှစ်ဖွားသည် လာဘ်ပွင့်စေရန် အနီရောင်ကို ဆောင်ပါ။ **ကံပွင့်ဂဏန်းမှာ (၉)ဂဏန်းဖြစ်သည်။**

ရေထွက်ရှိရာ နေရာအနီးရှိဆိုင်၊ အဖျော်ယမကာ အရောင်းဆိုင်များအနီးရှိဆိုင်၊ ရေချမ်းစင်၊ ရေသံနှင့်ဘူးများ ထားရှိသော ဆိုင်များတွင် ရွေးချယ်ကံစမ်းပါ။



**ထီကံမြှင့်ယတြာ** ပြုလိုပါက ဖျော်ရည်(၅)ဘူးကို အသက်အရွယ်ကြီးရင့်သူ အဘိုးအိုများအား လှူဒါန်းပါက လိုရာဆုတောင်းပါ။ ဗုဒ္ဓဟူးနေ့တွင် လှူဒါန်းသင့်သည်။ အဘိုးတစ်ဦးတည်းအားလည်း လှူဒါန်းနိုင်သည်။

ကံအကျိုး ပိတ်ပင်မှုများ၊ နှောင့်နှေးဖင့်နွဲခြင်းများ ပပျောက်ကာ ရရှိသော ငွေကြေးလာဘ်လာဘများ လွယ်လင့်တကူ ရရှိပိုင်ဆိုင်နိုင်ကြလိမ့်မည်။

***ဓာတ်ကြီးငါးပါး အကူအညီဖြင့် ထီကံထူးနိုင်ကြပါစေ။***

ထက်မင်းကျော်စွာ



www.burmeseclassic.com

www.burmeseclassic.com



သရော ဦးရဲအောင်
[သိပ္ပံလက္ခဏာ+နက္ခတ္တဗေဒ+သင်္ချာဗေဒ]

# နဂါးမယ်တော်သိုက်တည်ရာ

## ရွှေနဂါးတို့ ပျော်သည့်မြေ

၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ၊ အမှတ် (၁၁၆)၊ စာမျက်နှာ(၁၅၈)၊ နက္ခတ္တ ရောင်ခြည်မဂ္ဂဇင်းတွင် "**အမောက်နှင့်လား ရေနဂါး**"ဆောင်းပါး ပါလာပါသည်။

ဆောင်းပါးကို ပြန်လည်ဖတ်မိတော့မှ နဂါးနှင့် ပတ်သက်သော အကြောင်းအရာများ သတိရလာပါသည်။ သို့ဖြစ်၍ ဤဆောင်းပါးကို ထပ်မံရေးလိုစိတ် ဆန္ဒ ရှိလာပြီး ရေးမိခြင်းဖြစ်သည်။

ထိုစဉ်က ကျွန်ုပ်သည် ရန်ကုန်မြို့ တောင်ဥက္ကလာပ၊ အမှတ် (၁၂)ရပ်ကွက်တွင် နေထိုင်ပါသည်။ တောင်ဥက္ကလာပ မြို့နယ် အ.ထ.က(၂)တွင် အထက်တန်းပြဆရာအဖြစ် အမှုထမ်းနေရာမှ ဆေးပင်စင်ယူပြီး ဗေဒင်လက္ခဏာ ဟောပြောခြင်း၊ ကျူရှင်ပြခြင်းအလုပ်များ လုပ်ကိုင်နေပါသည်။

ကျွန်ုပ်၏ နေအိမ်နှင့် ငမိုးရိပ်ချောင်းမှာ နီးပါသည်။ ငမိုးရိပ်ချောင်းအနီးတွင် (၇)ဆူဘုရား တည်ရှိပါသည်။ ကျွန်ုပ်သည် "**၇"ဆူစက်ပရိတ်** ရွတ်စဉ်



www.burmeseclassic.com

www.burmeseclassic.com

ရွှတ်ဆို အဓိဋ္ဌာန်ပြုနေဆဲကာလ ဖြစ်ပါသည်။

(၇)ဆူပရိတ်အကြောင်း **ပါရမီမဂ္ဂဇင်း**တွင် (၂)လ ဆက်တိုက် ဖော်ပြပေးပါသည်။

ဤစက်ပရိတ်ကို နေ့စဉ် ရွှတ်ဆို ပွားများခြင်း၊ အဓိဋ္ဌာန်ပြုခြင်း၊ ဆောင်းပါးရေးသားခြင်းနှင့် ဤဆောင်းပါးများကို **ပါရမီမဂ္ဂဇင်း**တွင် အခန်းဆက် အဖြစ် ထည့်သွင်းဖော်ပြပေးနေရာ ကျွန်ုပ်သည် (၇)ဆူဘုရားရှိရာသို့ သွားလိုစိတ် ပြင်းပြလာပါသည်။

(၇)ဆူဘုရား၏ တည်ရှိရာ နေရာဒေသကား ယခင်အခါက ဤသို့ မဟုတ်။ ဖွံ့ဖြိုးစည်ကား တိုးတက်ခြင်း မရှိသေး။ ရေရှိုင်း၊ မြေရှိုင်းပင် ရှိနေသေး၏။ တောင်ဥက္ကလာပမြို့နယ် အမှတ်(၃၇) ကားဂိတ်အဆုံးနှင့်နီး၏။

အမှတ်(၃၇) ကားဂိတ်မှ ဆင်းသော် ကတ္တရာလမ်းဖြတ်ကူး။ ထိုမှ တစ်ဆင့် ငမိုးရိပ်ချောင်းဆီသို့ မျက်နှာမူလျက် ကျောက်စရစ်လမ်းလေးကို တွေ့မည်။ ကျောက်စရစ် လူသွားလမ်း အတိုင်း လိုက်သော် မကြာမီ ငမိုးရိပ်ချောင်းလေးနှင့် (၇)ဆူဘုရားများအား ဘွားခနဲ တွေ့မည်ဖြစ်၏။

(၇)ဆူဘုရားများတည်ရှိရာ ပရိဝုဏ် အဝန်းအဝိုင်းမှာ သိပ်ကျယ်လွန်းလှသည်မဟုတ်။ ဘုရားများတည်ရှိရာ မြေသာလျှင် ပြန့်ပြူးနေပြီး ကျန်မြေလွတ်များမှာ မညီညာ။ ဂလုံးဂလုတွေများ၏။ ခလုတ်ကန်သင်းတွေက ပေါ၏။ ပုဇွန်များ ကျစ်ထားသော ပုဇွန်ကျစ်စာခဲများလည်း ရှိ၏။

ဘုရားဝန်းကျင်၏ ဘေးတွင် ချုံများ၊ နွယ်များ၊ တောရိုင်းပင်များလည်း ရှိ၏။ တောရကျောင်း ဆောက်တည်ရာ



နေရာမျိုးဖြစ်၏။ ဆူညံမှုမရှိ၊ အေးချမ်း၏။ တိတ်ဆိတ်၏။ ဆိတ်ငြိမ်၏။ ပုတီးစိပ် တရားထိုင် ကမ္မဋ္ဌာန်းပွားများသူများနှင့် သင့်တော်သောနေရာ၊ အေးချမ်းမှု ရှိသောနေရာဖြစ်၏။

ဤကား ၁၉၈၈ ခုနှစ်ကာလ မတိုင်မီက အနေအထားဖြစ်၏။ ယခုအခါတွင် ထိုသို့ မဟုတ်တော့ပါတကား။ စာဖတ်သူများ သွားရောက်လေ့လာနိုင်ပါသည်။

ကျွန်ုပ် ရေးလိုသည့် ကာလမှာ ၁၉၈၈ မဖြစ်သေးသော၊ မရောက်သေးသောအခါဖြစ်၏။ တောင်ဥက္ကလာပမြို့နယ်မှာလည်း မဖွံ့ဖြိုးသေး၊ (၇)ဆူဘုရား ဝန်းကျင်မှာလည်း မဖွံ့ဖြိုးသေးသော အချိန်ကာလ ဖြစ်၏။

ကျွန်ုပ်သည် (၁၉၈၅–၁၉၈၆)ခုနှစ်တွင် ဆေးယပ်စင်ယူပြီး တောင်ဥက္ကလာပမြို့နယ်တွင်လည်းကောင်း၊ ရန်ကုန်မြို့ (၃၇)လမ်းတွင် လည်းကောင်း၊ ဗေဒင်ဟောပြောခြင်း၊ ကျူရှင်သင်ခြင်းများ ပြုနေဆဲကာလ ဖြစ်၏။

သို့သော် ၁၉၈၈ ခုနှစ် အရေးအခင်းများ ဖြစ်ပြီးနောက် ကျောင်းတွေပိတ်၊ ကျူရှင်တွေ ပိတ်သောအခါ ကျွန်ုပ်မှာ အလုပ်အားသွား၏။

ပုတီးစိပ် အဓိဋ္ဌာန်အလုပ်များစွာ လုပ်ရ၏။ ဆူးလေဘုရား၊ ကမ္ဘာအေးဘုရား၊ ကမ္ဘာအေးဘုရားအနီးရှိ ဂျိုးဖြူ ဘိုးဘိုးကြီးတည်သော စေတီ၊ ဘုရားများတွင် လည်းကောင်း သွားရောက် အဓိဋ္ဌာန် ဝင်နေဆဲကာလ ဖြစ်၏ ဤသို့ ပုတီးစိပ် အဓိဋ္ဌာန် များ ပြီးစီးချိန်တွင် (၇)ဆူ ဘုရားသို့ သွားလိုသောဆန္ဒ ပြင်းပြလာ၏။ (၇)ဆူ ဘုရားကား တောင်ဥက္ကလာပမြို့နယ်၏ သမိုင်းဝင် ဖြစ်၏။

သို့သော် ထင်ပေါ်ကျော်ကြားမှု မရှိ သေး။ လူမသိ၊ သူမသိ အနေအထား မှာပင် ရှိသေး၏။ အသွားအလာကျဲ၏ စည်စည်ကားကား မရှိသေး။

မသိသူကျော်သွား၊ သိသူဖော်စား သောအခါဖြစ်၏။ ထို့ကြောင့် သိသူများ သာလျှင် အရောက်အပေါက် ရှိ၏ လူသူပရိတ်သတ် မစည်ကား။ မရှုပ် ထွေးသောအချိန် ဖြစ်သောကြောင့် တရားဘာဝနာ ပွားလိုသူများနှင့် သဘောတွေ့၏။ ကိုက်၏။ အေးချမ်းမှု ရှာလိုသူများ၏ ပျော်မွေ့ဖွယ်နေရာ တစ်ခု ဖြစ်လာ၏။

ကျွန်ုပ်သည် (၇)ဆူစက်ပရိတ် များများရွှတ်ပူဇော်လာချိန်တွင် ဤ (၇)ဆူဘုရားသို့ သွားလိုစိတ် ပြင်းပြလာ ၏။ အထက်ပုဂ္ဂိုလ်များ၏ ညွှန်ကြားမှု ဖြစ်ကောင်းဖြစ်လာနိုင်၏။

(၇)ဆူပရိတ်အကြောင်း အနည်း ငယ် ပြောပြလိုပါသည်။ အကျယ်မှာ ပါရမီမဂ္ဂဇင်းတွင် ဖော်ပြထားပြီးဖြစ်၍ ဤမဂ္ဂဇင်းတွင် ရှာဖွေဖတ်ရှုနိုင်ပါ သည်။

(၇)ဆူ စက်ပရိတ်တော်ကြီးကို လယ်တီ ဆရာတော်ကြီးကိုယ်တိုင် ရေးသား စီကုံးတော်မူပြီး ကိုယ်တော် တိုင် တစ်နေ့ (၅)ကြိမ် ဘုရားရှိခိုး





www.burmeseclassic.com

www.burmeseclassic.com

တော်မူ၏။ မြတ်စွာဘုရား၏ ဂုဏ်တော်တွေ ဤမျှ ဘုန်းတန်ခိုးအာနုဘော်တွေ ကြီးမားထက်မြက်သော (၇)ဆူဘုရားများ၏ တန်ခိုးတော်၊ အာနုဘော်များမှာ ဆိုဖွယ်ရာမရှိ ဖြစ်မည်။

ကြီးမားသော ဘေးအန္တရာယ်မှ လွတ်မြောက်နိုင်ခြင်း၊ အသက်ရှည်ခြင်း၊ ကျန်းမာခြင်း၊ စီးပွားလာဘ်လာဘများ တိုးတက်စေနိုင်ခြင်း အစရှိသော အကျိုးထူးများ ရရှိနိုင်သည်။

(၇)ဆူသော မြတ်စွာဘုရားများမှာ...

၁။ ဝိပဿီမြတ်စွာဘုရား။
၂။ သိခီမြတ်စွာဘုရား။
၃။ ဝေဿဘူမြတ်စွာဘုရား။
၄။ ကကုသန်မြတ်စွာဘုရား။
၅။ ကောဏာဂမနမြတ်စွာဘုရား။
၆။ ကဿပမြတ်စွာဘုရား။
၇။ ဂေါတမမြတ်စွာဘုရားများဖြစ်၏။

ကမ္ဘာကပ်နှင့်ချီပြီး သက်တမ်းရှည်ကြသော ဗြဟ္မာကြီးများက ပွင့်တော်မူကြသော မြတ်စွာဘုရားကို မီလိုက်ကြ၏။

သုဒ္ဓါဝါသဘုံသို့ ဂေါတမဘုရားရှင်ကြွစဉ် ဝိပဿီ အစရှိသော ဘုရား (၇)ဆူတို့၏ တပည့်သာဝက ဗြဟ္မာများက ထိုဘုရားရှင်အသီးသီး အကြောင်းအရာများကို လျှောက်ထားခဲ့ကြ၏။

ထိုသို့ ဘုရား(၇)ဆူတို့၏ ရှေးအဖြစ်ကို ဟောပြောသော မဟာပဒါနသုတ္တန်အရ နောင်အခါ ဘုရား(၇)ဆူ ရှိခိုးသောအလေ့ ဖြစ်လာကြောင်း၊ အာဋာနာဋိယသုတ်မှာ ဝေဿဝဏ်နတ်မင်းကြီးက (၇)ဆူဘုရားကို ရှိခိုးကြောင်းလည်း တွေ့ရသည်။

(၇)ဆူ စက်ပရိတ်တော်အကြောင်း **၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလထုတ်၊ ပါရမီမဂ္ဂဇင်း အမှတ်စဉ် (၁၁၂)နှင့်၊ ၂၀၀၂ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် ပါရမီမဂ္ဂဇင်း အမှတ်စဉ်(၁၁၃)တို့တွင်** ဖတ်ရှုနိုင်ပါသည်။

ကျွန်ုပ်သည် (၇)ဆူစက်ပရိတ် ရွတ်ပွားပူဇော် အဓိဋ္ဌာန်ပြုသောကြောင့်လားမသိ (၇)ဆူဘုရားများတည်ရာ သွားချင်သော အာသီသ ပြင်းထန်လာ၏။

ဘုရားပရိဝုဏ်အတွင်း ထူးခြားသည်မှာ မြွေအနီလေးများ မကြာခဏ တွေ့ရခြင်းဖြစ်၏။ အချို့မှာ သေးငယ်သော်လည်း အချို့မှာ လက်မောင်းလုံး ခန့်ရှိ၏။

သူတို့၏ အရောင်အသွေးမှာ နီရဲနေပြီး အမောက်များ ပါနေခြင်းက ထူးခြားနေ၏။ လူများကို ဒုက္ခမပေး၊ အန္တရာယ်မပြုပါ။ ဟိုမှဒီမှ ဖြတ်သန်းသွားလာကြပြီး ပျောက်ကွယ်သွားကြ၏။

ဘယ်ကလာ၍ ဘယ်ကိုသွားမှန်းလဲမသိ။ ဘယ်နေရာတွင် ဝင်ရောက်ပျောက်ကွယ်မှန်းလဲမသိ။ ဘုရားဖူးပရိသတ်များအား ဒုက္ခမပေး၊ အန္တရာယ်မပြု အနှောင့်အယှက် မပေးခြင်းတို့က သာလျှင် တော်ပေသေး၏။

ဘုရား၏ ဂေါပကအဖွဲ့ဝင် (၅) ယောက်ခန့်ရှိ၏။ သူတို့၏ သီးသန့်နေရာလေးတွင် ထိုင်ရင်း အလှူငွေ



ကောက်ခံသူ၊ စာရင်းသွင်းသူ၊ ရေနွေးကြမ်း သောက်သူသောက်နေကြ၏။ အလွန်အေးချမ်းသောအဖွဲ့ ဖြစ်၏။

ဘုရားဖူးသူများ၊ အဓိဋ္ဌာန်ဝင်သူများကို လိုအပ်သမျှ ကူညီကြ၏။ ဖော်ရွေ၏။ နှုတ်ချိုသူများ ဖြစ်ကြ၏။ ပွင့်လင်း၏။ သဘောကောင်းကြ၏။

ကျွန်ုပ်ကို ဘုရားဖူး၊ ပုတီးစိပ်၊ အဓိဋ္ဌာန်ဝင်ရာ နေရာသို့ ပို့ပေးကြ၏။ ကျွန်ုပ်သည် ကြီးမားသပ္ပါယ်လှသော ကျောက်ဆင်းတုမြတ်စွာဘုရား၏ ရှေ့တွင် နေရာယူလိုက်၏။

ဘုရားပန်းအိုးကြီးများတွင် ပန်းများကား ဝေဝေဆာဆာရှိ၏။ ပရိတ်ရေ၊ ပရိတ်အိုး၊ တံခွန်၊ ကုက္ကားတို့မှာ အစီအရီ ရှိနေကြ၏။

ဤမျှ အလှမ်းဝေးသော၊ လူသူအရောက်အပေါက် နည်းလှသော ဘုရားများထံ သစ်သီး၊ ပန်း၊ ဆီမီး၊ တံခွန်၊ ကုက္ကား၊ မုလေးပွား စသည်တို့ အစီအရီ။ လာရောက်လှူဒါန်းသူ ပန်းကပ်၊ ဆီမီးကပ်သူများကား မည်သူများဖြစ်မည်နည်း။ ကျွန်ုပ်မှာ အတွေးအခေါ်များနောက်သို့ မျောပါနေ၏။

ဩော် မြတ်စွာဘုရား၏ တန်ခိုးတော်များမှာ အံ့သြဖွယ်ပါတကား။ ပန်း၊ ဆီမီး၊ တံခွန်၊ ကုက္ကား၊ သစ်သီး [illegible] လှူဒါန်းဆက်ကပ်သူများ၏ [illegible]တရား။



www.burmeseclassic.com

www.burmeseclassic.com

စေတနာကား သာဓုခေါ်စရာပါတကား။

ကျွန်ုပ်သည် နံနက် (၉း၀၀)နာရီတိတိတွင် စတင် အဓိဋ္ဌာန်ဝင်ပါသည်။ ကိုးနဝင်းကျေအောင် (၉)ရက် ဆောင်ရွက်ပါသည်။ ရှေးဦးစွာ **မေတ္တသုတ်**ကို စတင်ရွတ်ဆိုပါသည်။ ထို့နောက် **ခန္ဓသုတ်**ကို ရွတ်ဆိုပူဇော်ပါသည်။ အဘယ်ကြောင့် ခန္ဓသုတ်ကို ရွတ်ဆိုမိသည်လည်းမသိ။ သတိမထားမိပါ။

ခန္ဓသုတ်တွင် ပါဝင်သော အမှတ် (၆၀)ပုဒ်ကို ထပ်တလဲလဲ ဆိုမိ၏။

'ဝိရူပက္ခေဟိ မေ မေတ္တံ၊
မေတ္တံ ဧရာပထေဟိ မေ။
ဆဗျာပုတ္တေဟိ မေ မေတ္တံ၊
မေတ္တံ ကဏှာဂေါတမကေဟိ စ။

**အနက်အဓိပ္ပာယ်မှာ**

- **ဝိရူပက္ခနဂါးများ ချမ်းသာကြပါစေ။**
- **ဧရာပထနဂါးများ ချမ်းသာကြပါစေ။**
- **ဆဗျာပုတ္တနဂါးများ ချမ်းသာကြပါစေ။**
- **ကဏှာဂေါတမ နဂါးများ ချမ်းသာကြပါစေ။**

ဤသို့ ရွတ်ဆိုပူဇော်ပြီးသော် (၇) ဆူစက်ပရိတ်၊ ထို့နောက် သရဏဂုံ (၃၀) မန္တန် စသည်တို့ ဖြစ်ပါသည်။

အလွန် အေးချမ်းသော နေရာဖြစ်၍ အဓိဋ္ဌာန်အလုပ်နှင့် အံဝင်ခွင်ကျ ဖြစ်ပါသည်။ ကိုယ်စိတ်နှစ်ပါး အေးချမ်းသာယာပါသည်။

ငမိုးရိပ်ချောင်းဘက်ဆီမှ တက်လာသော ဝှေ့ပိုက်လာသည့် လေပြည်လေညင်းများမှာ အေးချမ်းလှ၏။ ငမိုးရိပ်ချောင်းအတိုင်း လှော်ခတ်လာသော တံငါသည်တို့၏လှေမှ လှေခတ်သံ၊ သီချင်းသံများကိုသာ မကြာခဏ ကြားနေရ၏။

လှေအဝေ့တွင် တရှိုးရှိုး တရှဲရှဲ မြည်နေသော ကိုင်းပင် ကျူပင်တို့၏



လှုပ်ရှားသံများ၊ လွင့်ကြွေလာသော ကိုင်းပွင့်ဖြူဖြူလေးများ တလိမ့်လိမ့် လွင့်မျောလာတတ်၏။

ထိုစဉ်အခါက ငမိုးရိပ်ချောင်း၏ ဟိုမှာဘက်ကမ်းမှာ အိမ်ခြေတွေမရှိ။ ပကတိဟင်းလင်းပြင်သာရှိ၏။ အတော် ဝေးဝေးမှာတော့ ရွာများ၊ အိမ်ခြေများ ရှိ၏။

ယခုအခါလို မြို့သစ်တွေ မရှိသေးပါ။ ပင်ကိုသဘာဝဖြစ်၏။ တောမြေတောဆန်သလိုပဲရှိ၏။ တောသဘာဝ တောအရိပ်အငွေ့များသာ ရှိသဖြင့် ပျော်မွေ့ဖွယ် ဖြစ်၏။

အဓိဋ္ဌာန်ဝင်ချိန်၊ ပုတီးစိပ်ချိန်တွင် စိတ်မတည်ငြိမ်ချိန်တွင် ဤသဘာဝလေးများကို ခံစားနေရ၏။ သို့သော် စိတ်တည်ငြိမ်ချိန်တွင်ကား ဤသဘာဝလေးများ ပျောက်ကွယ်သွားတော့သည်။

အဓိဋ္ဌာန်ဝင်သည့်နေရာမှာ ပျဉ်ခင်းထား၏။ ပျဉ်ချပ်များမှာ ထူထဲ၏။ မာကျော၏။ အခင်းပျဉ်မှာ ပြောင်ချောနေ၏။ ပြန့်ပြူးနေ၏။ အထူစားပျဉ်များဖြစ်၍ ခိုင်ခံ့၏။ ရွေ့လျားခြင်း၊ လှုပ်ရှားနိုင်ခြင်းမရှိချေ။

သို့သော် **"သရဏဂုံ(၃၀)မန္တန်"** ရွတ်ချိန်တွင် သစ်သားများသည် လှုပ်ရှားတတ်၏။ တစ်ခါတစ်ခံ...
အဆောက်အအုံကြီးတစ်ခုလုံး သိ...
ဖြစ်သွား၏။ လှုပ်ရှားသွား၏။ မိမိအ...
အား ပြန်ထိန်း၍ မျက်စိနှ...
ဖွင့်ကြည့်သော် ယိမ်းယိုင်မှုများ ရပ်...
၏။ ဤသို့သော ဖြစ်စဉ်များ မကြာ...
ကြုံရ၏။ သရဏဂုံ(၃၀)မန္တန် ရွတ်...
ဖြစ်၏။

တစ်ခါက ကျွန်ုပ်အိမ်တွင် ဤ...
ဖြစ်၏။ ဘုရားခန်းတွင်ရှိသော ကွပ်...
ပေါ်တွင် ထိုင်၍ သရဏဂုံ(၃၀)...
ရွတ်ဆိုပူဇော်၏။ ထိုအခါ ကျွ...
ထိုင်နေသော ကွပ်ပျစ်သည် ယိ...
နေ၏။ လှုပ်ယမ်းနေ၏။ အောက်...
တစ်စုံတစ်ယောက်က ကိုင်စွဲလှုပ်...
နေသလိုဖြစ်၏။ ဘာကြောင့် ဖြစ်...
မည်သူက လှုပ်သည်ကို ကျွန်ုပ် မ...

သရဏဂုံ(၃၀)မန္တန်၏ အစွမ်း...
ဤမျှပါတကားဟု အံ့ဩရ၏။ ...
အကြောင်း ထပ်မံရေးသားပါဦး...

ယခု(၇)ဆူဘုရားတွင် အဓိဋ္ဌာ...
နေစဉ် ဤသို့ပင် ဖြစ်၏။ မိမိ ထိုင်...
သော အောက်ခြေနှင့် အဆောက်...
ကြီးတစ်ခုလုံး ယိမ်းခါနေ၏။ လှုပ်...
နေ၏။ သိမ့်ခနဲ ဖြစ်သွား၏။

ဤသည်သာမက မိမိထိုင်ခုံအော...
ခြေပျဉ်ချပ်အား ကြီးမားသော ...
ခန္ဓာရှိသော သက်ရှိသတ္တဝါတစ်...
၏ အကြေးထူသော ကိုယ်ခန္ဓာ...
ပွတ်သပ်နေသောအသံ တရှိုးရှိုး ...
အသံကြားနေရပြီး ခန္ဓာကိုယ်...
သိမ့်သိမ့်တုန်သွား၏။

အနီးပတ်ဝန်းကျင်မှ မြွေတွ...
လိုလို၊ နွားခေါင်းမှုတ်သံလိုလို ကြ...
ရ၏။ ကျွန်ုပ်သည် ကြက်သီး...
ထသွား၏။ တုန်လှုပ်သွား၏။ ...
များပင် ထိုးထိုးထောင်ထောင် ဖြစ်...
လေသလားထင်ရ၏။



www.burmeseclassic.com

www.burmeseclassic.com

အဓိဋ္ဌာန်အလုပ်ကား ပြီးသွားလေပြီ။

သက်ရှိသတ္တဝါများ၊ (၃၁)ဘုံအတွင်းရှိ သတ္တဝါများအား မေတ္တာပို့ အမျှဝေသည်။

"သာဓု သာဓု သာဓု"ဟု ခေါ်သံ ကြားလိုက်ရ၏။

ကျွန်ုပ်သည် ဖျတ်ခနဲ ကြည့်လိုက်သော် နီညိုရောင် သင်္ကန်းဝတ် အသက်(၇၀)ခန့်ရှိ ရဟန်း ကြီးတစ်ပါးကို တွေ့လိုက်ရ၏။

ရဟန်းကြီးမှာ အသက်(၇၀)ခန့်ရှိပြီဖြစ်သော်လည်း အသားအရေမှာ ပြည့်တင်းနေ၏။ လက်တွင် ပုတီး တစ်ကုံး ကိုင်ထား၏။ ပုတီးလုံးများမှာ ပြောင်လက်နေ၏။ ချောမွေ့နေ၏။ မည်မျှ ရွတ်ဖတ်သရဇ္ဈာယ်ထားသည် မသိ။ ပြောင်ချောနေသော ပုတီးလုံးများကိုကြည့်၍ ခန့်မှန်းနိုင်၏။

ရဟန်းကြီးသည် ပြုံးရွှင်ချိုသာသောမျက်နှာထားဖြင့် ကျွန်ုပ်ကို ကြည့်၏။

'အဓိဋ္ဌာန် ကိုးရက်ပြည့်သွားပြီလားကွယ့်'

'မှန်ပါ့ ဘုရား'

'အင်း သာဓုကွယ်... သာဓု သာဓု အဓိဋ္ဌာန်တစ်ခု ပြီးပြည့်စုံဖို့ဆိုတာ မလွယ်ပေဘူးကွယ်။ စိတ်ဓာတ်လဲ ပြင်းထန်မှ၊ ခိုင်မာမှ၊ ဖြတ်သားမှ၊ စွဲမြဲ ယုံကြည်မှုလဲ ပြည့်စုံတာကွယ်'

'ဟုတ်ပါတယ်ဘုရား'

'အင်း မောင်ရင်ရဲ့ သရဏဂုံ(၃၀)မန္တန်က ထက်မြက်ပါပေ့ကွယ်။ အမျှဝေတာ ခံယူချင်တဲ့ သတ္တဝါတွေက များသကွယ်။

ယခု ဒီနေရာက "နဂါးမယ်တော်သိုက်" ရှိတယ်ကွယ်။ မောင်ရင် အဓိဋ္ဌာန်ပြီးလို့ အမျှဝေတာ သူတို့လဲ ရကြောင်း အသိပေးတာပါ။



မောင်ရင် အဓိဋ္ဌာန်ဝင်နေတဲ့ အောက် တည့်တည့်မှာ နဂါးမယ်တော်သိုက်ရှိတယ်။ နဂါးရဲ့ ကြီးမားတဲ့ကိုယ်ခန္ဓာနဲ့ မောင်ရင်ကို လှုပ်ပြလိုက်တာပါ။ မကြောက်ပါနဲ့ကွယ်။ အဓိဋ္ဌာန်ပြုပြီးတိုင်း အမျှဝေပါ။ မောင်ရင်နဲ့ နဂါးမယ်တော်သိုက်က ပဋ္ဌာန်းဆက် ရှိပါတယ်'

ရဟန်းကြီးသည် ပြောဆိုရင်းက ချာခနဲ လှည့်ထွက်သွား၏။

ကျွန်ုပ်သည် အဓိဋ္ဌာန်ပြီးချိန် ဘုရားပရိဝုဏ်အတွင်း ရဟန်းကြီးအား ရှာဖွေကြည့်၏။ သို့သော် မည်သည့်နေရာတွင်မှ မတွေ့တော့ပါ။

ကျွန်ုပ်သည်အဓိဋ္ဌာန်ပြီးမြောက်၍ ဝမ်းသာရ၏။

အောင်မြင်စွာ ပြီးမြောက်သွားသဖြင့်လည်း ကျေနပ်ရ၏။

ထို့အပြင်...

ရဟန်းကြီးတစ်ပါးကို ဖူးမြော်ရခြင်း၊ ရဟန်းကြီး၏ သာဓု၊ သာဓု၊ သာဓု ခေါ်ဆိုမှု ခံရခြင်း...

**[illegible] သရဏဂုံ(၃၀)မန္တန် ရွတ်ဖတ် အဓိဋ္ဌာန်ဝင်ခြင်း ကိုနေဝင်းကျော် ကိုရောက် အဓိဋ္ဌာန်ကို မည်သို့ သိပါသနည်း။ အဓိဋ္ဌာန်ပြီးမြောက်ချိန် မည်သည့်အရပ်ဒေသမှ ကြွရောက်လာပါသနည်း။**

**(၇)ဆူဘုရားတွင် နဂါးမယ်တော်သိုက်ရှိပုံ နဂါး၏ ကြီးမားသော အကြေးခွံထူသော ခန္ဓာကိုယ်ကြီးဖြင့် အဓိဋ္ဌာန်ပြုသော ထိုင်ခုံအား တိုးဝှေ့လှုပ်ရှားပြပုံ ကျွန်ုပ်နှင့် နဂါးမယ်တော်သိုက်တို့ ပဋ္ဌာန်းဆက်ရှိပုံ**

စသည်တို့အား ရဟန်းကြီးက မိန့်ဆိုသွား၏။ ထူးဆန်းလှ၏။

ဤပုဂ္ဂိုလ်ကား မည်သူနည်း မည်သည့်အတွက် ဤနေရာဒေသသို့ ရောက်လာပါသနည်း။ အဘယ်ကြောင့် ကျွန်ုပ်ကို မိန့်ဆိုသွားပါသနည်း။

ဩော် လောကတွင် မမြင်နိုင်သော မသိနိုင်သော ဝိဇ္ဇာများ၊ ပုဂ္ဂိုလ်များကား အနန္တပါတကား။ တရားအား ထုတ်သူ ဘာဝနာတရား ကျင့်ကြံသူများအား အကူအညီ အထောက်အပံ့ပေးရန် အသင့်ရှိနေကြပါတကားဟု ပီတိဖြစ်ရ၏။ ဝမ်းမြောက်ကျေနပ်အားရခြင်း ဖြစ်ရပါတော့သည်။

အဓိဋ္ဌာန် ပြီးမြောက်သည့်နေ့၏ ညတွင် ဤသို့ အိပ်မက် မက်တော့သည်။

တစ်ကိုယ်လုံး အစိမ်းရောင် ဝတ်ထားသော၊ ဦးခေါင်းတွင် ချွန်ထက်တောက်ပြောင်သော မကိုဋ်ကို ဆောင်းထားသည့် အသက်(၂၀)ခန့်ရှိ မိန်းမချောလေး တစ်ယောက်သည် ကျွန်ုပ်၏ရှေ့တွင် ဘွားခနဲ ပေါ်လာပါသည်။ မီးခိုးလိုလို၊ မြူခိုးလိုလို အငွေ့များ လွင့်စဉ်ပျောက်ကွယ်ပြီး ပြုံးရွှင်သော သူမကို တွေ့လိုက်ရပါသည်။

'မောင်ကြီး'

'ဗျာ'

'ညီမကို မှတ်မိရဲ့လား မောင်ကြီးရဲ့'



www.burmeseclassic.com

www.burmeseclassic.com

'မမှတ်မိတော့ပါဘူးကွယ်၊ မောင်ကြီးမှာ မှတ်သားဉာဏ်တွေ နည်းသွားပါပြီ'

'အင်း မှတ်သားဉာဏ်များ နည်းသွားအောင် ညီမတို့ ဖန်တီးပေးလိုက်တာပါ'

'ဘာကြောင့်လဲကွယ်'

'ဩော် မှတ်သားဉာဏ်တွေ ကောင်း၊ မှတ်မိတာတွေများတော့ ညီမတို့ကို သတိရပြီး ဘာသာရေး အလုပ်တွေ ဖြောင့်ဖြောင့် မလုပ်နိုင်မှာစိုးလို့ပါ'

'ဘာသာရေးအလုပ်များ အတော်အားရသွားပါပြီ။ သို့သော် စီးပွားရေးမှာ အောင်မြင်မှု မရသေးပါ။ ဘဝမှာ ရုန်းကန်လှုပ်ရှားရတာ ပင်ပန်းလှပါပြီ။ လူ့ဘဝနေရတာ ငြီးငွေ့ပါပြီကွယ်'

'လူ့ဘဝ ပြန်သွားရတဲ့အကြောင်းက ကုသိုလ်ရေး၊ ဘာသာရေး လုပ်ဖို့ပဲ မဟုတ်လား မောင်ကြီးရဲ့။ စီးပွားရေး တိုးတက်ဖို့ဆိုတာက နောက်နောင်ဘဝက အကြောင်းတွေလဲပါတယ်။ အခုဘဝမှာ လျှုဒါန်းတဲ့ ဒါနမှုလဲ ပါတယ်လေ မောင်ကြီးရဲ့'

'အင်း မောင်ကြီးက ဒါနမှုနည်းတယ်။ သီလမှုတော့ ပြည့်စုံပါပြီကွယ်'

'မောင်ကြီး အဓိဋ္ဌာန်စပြီးပြုချိန်မှ ယနေ့အထိ အန္တရာယ်မဖြစ်အောင် ကာကွယ်နေပါတယ်။ ဘာအန္တရာယ်မှ မဖြစ်စေရပါဘူး။ သို့သော် (၇)ဆူ ဘုရားနေရာက တဖြည်းဖြည်း စည်ကားလာပါတယ်။

လူအသွားအလာ အကူးအသန်းတွေလဲ များလာတော့ ညီမတို့လဲ သိုက်ပြောင်းတော့မယ်။ ဘယ်နေရာလဲဆိုတော့...

ဟိုဝေးဝေးမှာ ကြည့်စမ်း မောင်ကြီး။ သရေခေတ္တရာမြို့ကြီးလေ။ အဲဒီမှာက စေတီတွေ၊ ဘုရားတွေပေါ်တယ်၊ သိုက်



တွေပေါ်တယ်။ ရှေးမင်းများ မြို့တည်၊ နန်းတည်ခဲ့တဲ့ မြို့တော်ဟောင်းဖြစ်တယ်။ ညီမတို့လဲ အဘဘိုးဘိုးအမိန့်နဲ့ ပြောင်းရမှာပါ။ မောင်ကြီးလဲ ဘာသာရေးအလုပ်တွေ တိုးလုပ်ပါ။

သီလ၊ သမာဓိ၊ စရဏအားတွေ ကောင်းလာပြီး ဘဝအဆင့်တွေ တစ်ဆင့်ပြီး တစ်ဆင့်ချင်း တက်သွားမှာပါ။ နိဗ္ဗာန်မရောက်ခင်စပ်ကြား တစ်နေ့တော့ မောင်ကြီးတစ်ယောက် ညီမတို့ထံ ပြန်ရောက်လာဦးမှာပါ။ မျှော်နေမယ်နော် မောင်ကြီး'

'မောင်ကြီးဘဝလဲ ဒီလိုပဲ အဆုံးသတ်မှာလားကွယ်'

'ဟင့်အင်း မဟုတ်သေးဘူး မောင်ကြီးရဲ့၊ မကြာမီ ဒီနေရာတွေမှာ ဆူပူမှုအဓိကရုဏ်းတွေ၊ သွေးထွက်သံယိုတွေ ဖြစ်မယ်။ ဒီတော့ မောင်ကြီးလဲ စိတ်တွေပျက်ပြီး ဒီနေရာကို စွန့်ခွာမယ်။ မွေးရပ်ဒေသသို့ ပြန်ရောက်မယ်။ ညီမတို့နဲ့လဲ မနီးမဝေးမှာ အခြေချရလိမ့်မယ် မောင်ကြီးရဲ့'

'ဟင်... ဟုတ်လား'

ကျွန်ုပ်သည် အိပ်ရာမှ လန့်နိုးသွားပါသည်။

ယောင်ယမ်း အသံထွက်သွားသဖြင့် တစ်အိမ်လုံး လန့်နိုးသွားပါသည်။

ကျွန်ုပ်သည် အိပ်ရာမှ အသာအယာ ထပြီး ရေအေးအေးတစ်ခွက် သောက်ချလိုက်၏။ ခေါင်းများကြည့်လင်ရှင်းသန့်ရန် ဖြစ်၏။

အဘယ်ကြောင့် ဤအိပ်မက် မက်ရပါသနည်း။

ကျွန်ုပ်သည် **"နဂါးမယ်တော်သိုက်"**နှင့် မည်သို့ ပဋ္ဌာန်းဆက် ရှိပါသနည်း။ အိပ်မက်ပေးသူကား မည်သူနည်း။ နဂါးမယ်တော်ဆိုသူ ဖြစ်သလော။ မတွေးတတ်ပါ။ ဘာမှလည်း မှတ်မိခြင်းမရှိ။

မကြာမီ ဆန္ဒပြမှုတွေ၊ အဓိကရုဏ်းတွေ၊ သွေးထွက်သံယိုမှုတွေ၊ အဖမ်းအဆီးတွေ၊ အစိုးရအပြောင်းအလဲတွေ ဖြစ်လာ၏။

ကျွန်ုပ်သည် တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တွင် မပျော်ပိုက်တော့ပါ။ ကျူရှင်ခုံများသိမ်းဆည်း၊ ဗေဒင်လက္ခဏာဆိုင်းဘုတ်များ ဖြုတ်၍ မိမိဇာတိချက်ကြွေ မွေးရပ်မြေသို့ ပြန်လာခဲ့ပါတော့သည်။

ဇီးကုန်းမြို့၊ မြို့ရောက်အပြီးတွင် (၁၀)နှစ်ကျော်မျှ ဗေဒင်လက္ခဏာ ဟောပြောမှုများ ပြုလုပ်ဆောင်ရွက်အပြီး ယခုနေထိုင်သည့် **"မြဝတီမင်းကြီးလမ်း"**တွင် စာပေများ ရေးသားခြင်း၊ ဗေဒင်လက္ခဏာများ တွက်ချက် ဟောပြောပေးခြင်း၊ ဟောစာတမ်းများကို စာတိုက်မှ ပေးပို့ခြင်းများ လုပ်ကိုင်နေပါသည်။

နဂါးမယ်တော်သိုက်နန်းမှ နဂါးမယ်တော်၏ ကြိုတင် ဟောပြောချက်များမှာ တစ်သဝေမတိမ်း မှန်ကန်နေပါ၍ နောင်ကာလများတွင်လည်း မည်မျှမှန်ကန်မည်မသိ။ စောင့်ကြိုနေရမည်သာ ဖြစ်ပါကြောင်း...။

**ဆရာ ဦးရဲအောင်**
*[သိပ္ပံလက္ခဏာ+နက္ခတ္တဗေဒ...ချုပ်ဗေဒ]*

www.burmeseclassic.com



ဇော်လင်း
(ဖျာအနောက်မြို့တော်)

# ပရလောကသားတွေကို

## တကယ်မြင်လို့လျှင်

ပြီးခဲ့သည့် ၁၃၆၄ ခုနှစ်၊ သကြံန် မကျမီ အကြိုရက်က ဖြစ်သည်။ စာရေးသူနှင့် ခင်မင်ခဲ့သည့် မိတ်ဆွေဦးသန်းအောင်တစ်ယောက် ရန်ကုန်က ဧည့်သည်တစ်ဦးနှင့် စာရေးသူဆီကို အလည်ရောက်လာကြသည်။

စာရေးသူက လွန်ခဲ့သော (၁၈)နှစ်ခန့်ကပင် ဌာနတစ်ခုမှ အငြိမ်းစားယူခဲ့သူဖြစ်သည်။ စာရေးသူ၏ မိတ်ဆွေက ဧည့်သည်နှင့် မိတ်ဆက်ပေးပါသည်။

'ဒီမှာ ဆရာအောင် ဟောဒီ ဧည့်သည်က ဒေါက်တာစိုးပါ။ ဆရာစိုး၊ ဒါက ဆရာအောင်ပါ'

ဟု မိတ်ဆက်ပေးလိုက်သည့်အတွက် စာရေးသူနှင့် ဧည့်သည် ဒေါက်တာတို့ အပြုံးနှင့် အသိအမှတ်ပြုခဲ့ကြသည်။

စာရေးသူမိတ်ဆွေက ဧည့်သည် ဒေါက်တာနှင့် အညာမြေကို အလည်လာခြင်းဖြစ်သလို စီးပွားရေးလုပ်ငန်းများ လုပ်ရန် ရည်ရွယ်ကြောင်း၊ ပရဆေးစိုက်ခင်းများနှင့် ဆေးဥယျာဉ် ထူထောင်ရန် ဆန္ဒရှိကြောင်း ပြောပြပါသည်။

စာရေးသူကလည်း မိမိမှာ အငြိမ်းစားဖြစ်ပြီး မြန်မာဆေးလုပ်ငန်းနှင့် နက္ခတ်ဗေဒင်ဟောကြောင်း၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် စာရေးနေသူဖြစ်ကြောင်းပါ ပြန်လည် ပြောပြသည်။

ထို့နောက် စာရေးသူတို့သည် စာရေးသူ၏အိမ်နှင့် အတန်ဝေးသော "နဝရတ်"လက်ဖက်ရည်ဆိုင်သို့ သွား၍ အေးဆေးစွာ နေကောင်းမည့် စားပွဲတွင် နေရာယူပြီး လက်ဖက်ရည်သောက်ရင်း စကားဆက်ကြပါသည်။

စာရေးသူ၏ မိတ်ဆွေက စာရေးသူသည် အမှတ်(၃)ရပ်ကွက်၊ တမာတန်းတွင် "သာစည်ရိပ်သာ မဟာမင်္ဂလာကျောင်း"၏ ကျောင်းဒါယကာဖြစ်ကြောင်းနှင့် ဧည့်သည်ဒေါက်တာမှာလည်း ဗုဒ္ဓဘာသာဖြစ်ပြီး အလှူအတန်းတွင် သဒ္ဓါအားကောင်းသူဖြစ်ကြောင်း ပြောပြနေပြန်ပါတော့သည်။

ထိုစဉ် ဧည့်သည်ဒေါက်တာက စကားဆိုလာပါသည်။

'ဆရာ ဆောင်းပါးရေးချင်လဲ ရေးနိုင်အောင်ပေါ့လေ။ ကိုယ်တွေ့ဖြစ်ရပ်မှန်တစ်ခု ပြောပါရစေ'

ဟု ဆိုလာပါသည်။

စာရေးသူက လိုလားကြောင်း၊ စိတ်ဝင်စားမှုရှိကြောင်းနှင့် ဖြစ်စဉ်ဇာတ်ကြောင်း ပြောပြပါရန် တိုက်တွန်းလိုက်ပါတော့သည်။

ဧည့်သည်ဒေါက်တာက ဤသို့ ပြောပြခဲ့သည်။

'ကျွန်တော့်မိဘတွေက ဗုဒ္ဓဘာသာတွေ ဖြစ်သလို ကျွန်တော်လဲ ဗုဒ္ဓဘာသာပါ။ ဒီတော့ ကျွန်တော် စဉ်းစားကြည့်တယ်။ ငါဟာ မိဘက ဗုဒ္ဓဘာသာမို့ ဗုဒ္ဓဘာသာအဖြစ် ခံယူရမှုဟာ မလေးနက်ဘူး။ ဘုရားရှင်ကို ယုံကြည်ကိုးကွယ်မှုလဲ မနက်ရှိုင်းဘူး။ ဒီတော့ ဘုရားရှင်ကို မမှိန်မသုန် ဆည်းကပ်ချင်တယ်။ ဒီလို ဆည်းကပ်ကိုးကွယ်မှုတွေအတွက် လက်တွေ့ သိချင်မြင်ချင်တယ်။

**အဲဒီလို အမှန်အတိုင်း သိချင်မြင်ချင်မှုတွေအတွက်က ကနဦး မင်္ဂလာတရား မဟုတ်သေးဘူး။ ပထမဆုံး တွေ့ချင်မြင်ချင်တာက မဟာမြိုင်ဂူ ဆရာတော်တွေ ပုဂ္ဂိုလ်ထူးတွေ အထက်နတ်မင်းကြီးတွေ။ ဒီလမယ့် ငါ့အနေနဲ့ အလှူနိုင်နေတယ်။ အသိ၊ အကျွမ်းတို့ကြောင့် ကြားခဲ့တဲ့ ပုဂ္ဂိုလ်တွေကို မြင်ရဖို့ ဆက်ဆက်**



www.burmeseclassic.com

www.burmeseclassic.com

**နေမယ်။ ဒီတော့ အချိန်ဆုံး ပရလောက သားတွေကို မြင်ချင်လာတယ်။**

မြင်နိုင်အောင် အကျင့်တစ်ခုရဖို့ အတွက် နည်းလမ်းရှာမယ်ဆိုပြီး ဆရာ တော်တွေကို မေးမြန်း လျှောက်ထားခဲ့ ပါတယ်။

ဆရာတော်ကြီးတစ်ပါးက အမိန့်ရှိ ခဲ့တာက...

'ဒကာလေး တကယ် မြင်ချင်တွေချင်ရင် ဘုန်းကြီးခိုင်းတဲ့အတိုင်း အတိအကျ လိုက်နာ လုပ်ကိုင်ပါ။ ဒကာလေးရဲ့ ပါရမီအတိုင်း မြင်ရတွေ့ရပါလိမ့်မယ်'

လို့ အမိန့်ရှိပါတယ်။

ကျွန်တော်လဲ ဆရာတော်ကြီးရဲ့ လမ်းညွှန်ချက်အရ လိုက်နာလုပ်ကိုင်ခဲ့ ရမှာ **(၃)လကျော်လာတဲ့အခါမှာ** ကျွန်တော် မြင်တွေ့ချင်တာတွေ မျက် မြင်ကိုယ်တွေ့ မြင်ရပါတော့တယ်။

ကျွန်တော်တို့ အိမ်ဝိုင်းခြံက ကျယ် ဝန်းတယ်။ အိမ်ရဲ့ အနောက်ဘက် အခြမ်းမှာ နှစ်ရှည်သီးပင်များ စိုက်ထား တဲ့ ဥယျာဉ်နဲ့ မိသားစု စားသုံးဖို့ ရာသီအလိုက် စိုက်ခင်းများလဲ ရှိပါ တယ်။

ကျွန်တော်ကလဲ အတို့အမြုပ်ကြိုက် သူဖြစ်လို့ ညစာစားချိန်မှာ အတို့အရွက် ခူးဖို့ စိုက်ခင်းဘက်ကို ထွက်လာခဲ့ပါ တယ်။

နေဝင်ချိန်ဖြစ်လို့ မှောင်ရီတောင် သမ်းနေပါ ပြီ။ မမှောင်လင့်တဲ့ ကျွန်တော်တို့ ဝင်းခြံရဲ့ အရှေ့ဘက်သစ်ပင်ကနေပြီး မြောက်ဘက်မှာ ရှိတဲ့ သစ်ပင်ကို ဖြတ်ကူးသွားတဲ့ ယောက်ျား တစ်ယောက်ကို သဲသဲကွဲကွဲ မြင်တွေ့လိုက်ရ ပါတယ်။

စိတ်အထင် မဟုတ်ပါ။ အမှန်တကယ် မြင်တွေ့ရခြင်း ဖြစ်ပါတယ်။ ကျွန်တော် မြင်တွေ့ပုံကို အကုန်အစင် ပြောပြပါ ဦးမယ်။

**သစ်ပင်တစ်ပင်အောက်က ထွက်လာ ပြီး အခြားတစ်ပင်အောက် ရောက်သွား တဲ့အထိ သွားပုံဟန်ပန်မှာ လူတွေ လှမ်း တဲ့အတိုင်း လှမ်းပြီး လမ်းလျှောက်ပါတယ်။ မြောက်ဘက်ပြီး လမ်းမလျှောက်တော့ဘဲ ခုန်ကူးပြီး သွားပါတော့တယ်။**

**အကျီ လုံချည်ဝတ်ဆင်ပုံကို တိတိ ကျကျ မြင်တွေ့ရပြီး အသီးပုဂ္ဂိုလ်ရဲ့ မျက်နှာ ကို လုံးဝမမြင်ရဘူး။**

နောက်ရက်များမှာ ကျွန်တော် ဘယ် နေရာကို ရောက်ရောက် ပရလောက သားတွေကို တွေ့မြင်နေရပါတော့ တယ်။ ဒီတော့ ကျွန်တော် တကယ် ယုံလာပါပြီ။ ဘုရားရှင်နဲ့ ဘုရားရှင် ဟောကြားတဲ့ တရားတွေကို ပိုပြီး ယုံကြည်သဒ္ဓါ တိုးပွားလာခဲ့ရပါတော့ တယ်။

နောက်တော့ မြင်တွေ့ရဖန်များလာ တဲ့ အခါ မမြင်မတွေ့လိုတော့ကြောင်း ဆုတောင်းတာနဲ့ ရပ်ဆိုင်းသွားခဲ့ပါ တယ်။ ဒါဟာ ကိုယ်တွေ့ဖြစ်ရပ်မှန် ဖြစ်ပါတယ်'

မျက်မြင်တွေ့ရန် ကျင့်စဉ် အပြည့် အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

---

သစ္စာသီလဖြင့် ဆုတောင်းကျင့်စဉ်

---

- **နေ့စဉ် ဘုရားဝတ်ပြုစဉ်တွင် ငါးပါး သီလ ဆောက်တည်ရမည်။**
- **သစ္စာဝါဒအားလုံးကို မေတ္တာပို့သရ မည်။**
- **သစ္စာတိုင် ဆုတောင်းရမည်။**

ဆုတောင်းပုံမှာ...

'ဘုရားတပည့်တော်သည် သရဏဂုံ သီလ ကို ဆောက်တည်ခြင်း ငါးပါးသီလကို ဆောက်တည်ခြင်း နတ် လူ ပြိတ္တာ သတ္တဝါများ အားလုံး မေတ္တာပို့သခြင်းတို့ကို အမှန် ပြု လုပ်ခဲ့ပါသည်။

ဤမှန်သော သစ္စာစကားတို့ကြောင့် ဘုရား တပည့်တော်သည် ပရလောကသားတို့အား မျက်မြင်ကိုယ်တွေ့ အမှန်တွေ့ရ မြင်ရပါလို၏ ဘုရား'

✻ မေတ္တာသုတ်ကို (၁၀)ခေါက်ရွတ်ဖတ် ပူဇော် ရမည်။

မမြင်တွေ့လိုသောအခါတွင် အထက် ပါ သစ္စာတိုင် အတိုင်းဆိုပြီး **မမြင်တွေ့ လိုတော့ကြောင်း** ဆုတောင်းရန်ပင် ဖြစ်ပါသည်။

မှတ်ချက်

ပရလောကသားများကို နံနက် ဆည်းဆာနှင့် ညနေဆည်းဆာချိန်များ တွင် တိတိကျကျ မြင်တွေ့ရသည်ဟု ဆိုပါသည်။

ညွှန်သည့်ဒေါက်တာက...

'ကျွန်တော်ရဲ့ တကယ့်အဖြစ်မှန်ကို ဆရာအနေနဲ့ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း မှာ ဆောင်းပါးရေးမယ်ဆိုရင်လဲ ရေးပါ။ တကယ်တော့ ဗုဒ္ဓဝါဒ ဘုရားရှင်နဲ့ တရားတော်များကို လေးလေးနက်နက် ပိုမို ယုံကြည်မှုရှိစေလိုတဲ့ စေတနာပါ'

ဟု ဖြည့်၍ပင် ပြောလိုက်ပါသေး သည်။

ဒေါက်တာ၏ နိဂုံးစကားမှာ...

'မိသားစုတာဝန်ယူသည့် အချိန်ကျော်လွန် လျှင် သာသနာ့နယ်မှာ အေးချမ်းစွာ နေတော့ မည်'

ဟု အားရဝမ်းသာ ဆိုလိုက်ခြင်းပင် ဖြစ်ပါလေတော့သည်။

စာရေးသူအနေဖြင့် နက္ခတ္တရောင်ခြည် မဂ္ဂဇင်းဖတ်သူများ၊ လေ့လာသူများ၊ ဝါသနာရှင်များနှင့် အမှန်ကို သိလို၍ ကျင့်လိုသူများအတွက် ကာယကံရှင်၏ ခွင့်ပြုချက်အရ ဤစာစုကို ရေးသား လိုက်ရပါတော့သည်။

***အလိုဆန္ဒ ပြည့်ဝ ချမ်းသာကြပါစေ။***

**အောင်ထက်**
**(ရွာအနောက်မြို့တော်)**

www.burmeseclassic.com

www.burmeseclassic.com





# ဓာတ်ပုံဆရာဘဝ

## ဖြစ်ရပ်ဆန်းများ(၄)

ရွှေကံမြေ ဖိုးကေ

### ဓာတ်ပုံရိုက် ပူဇော်လို့ မရခဲ့တဲ့ ဆရာတော်ကြီး(၃)ပါး

'ဆရာကြီး ကျွန်တော် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ ဝတ္ထုလေးတွေ ရေးနေတယ်'

'ဘာဝတ္ထုတွေလဲ'

'ကိုယ်တွေ့ ဝတ္ထုလေးတွေပါ။ ကလောင်နာမည် ရွှေကံမြေ ဖိုးကေ နာမည်နဲ့။ ဪ ဒါထက် ဆရာကြီးက ရော နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ဖတ်ဖြစ်ရဲ့လား'

'ဆရာ လစဉ် ဝယ်ဖတ်ဖြစ်တယ်။ ဝတ္ထုခေါင်းစဉ်တွေကရော'

'စုံတော့စုံတယ်။ ခု လောလော ဆယ်တော့ ဓာတ်ပုံဆရာဘဝ ဖြစ်ရပ်ဆန်းများ(၁)က ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလထုတ်မှာပါပြီး (၂)ကတော့ ဖေဖော်ဝါရီလထုတ်မှာ ပါလာတယ်။ ဆရာကြီး သတိထားမိလား'

'ဪ အဲဒါ ကိုကျော်လေး(စာရေးသူ) ဝတ္ထုတွေလား'

'ဟုတ်ကဲ့'

'ဆရာ ကောင်းကောင်းသိတာပေါ့။ ဖတ်ဖြစ်တယ်'

'ဆရာ ယုံရဲ့လား'

'ခက်တော့ ခက်တယ်။ ဒါတွေက ကြုံဖူးတဲ့သူတွေမှ ယုံကြတာဆို တော့...'

'ပြောပါ ဆရာကြီး အားမနာပါနဲ့'

'ဆရာတစ်ယောက်တည်းရဲ့ အယူအဆအရတော့ ဆရာယုံပါတယ်။ တခြားသူတွေတော့ မသိဘူးနော်'

'ဒါဆို ဆရာ့ဘဝမှာ ကိုယ်တွေ့ ကြုံခဲ့ဖူးတယ်နဲ့ တူတယ်နော်'

'ဟုတ်တယ် ကိုကျော်လေး ဆရာ့ ဘဝမှာ ဓာတ်ပုံရိုက်ပူဇော်လို့ မရခဲ့တဲ့ ဆရာတော်ကြီး(၃)ပါး ဖူးခဲ့ရဖူးတယ်။ တစ်ပါးက ကိုယ်တိုင် ဖူးခဲ့ရပေမယ့် ဖြစ်ရပ်က တခြားလူတွေနဲ့။ ကျန်နှစ်ပါး ကတော့ ကိုယ်တိုင်ဖူး ကိုယ်တိုင်ကြုံခဲ့ ရတာ။ ပြောရင် ယုံမှာမဟုတ်ဘူး'

'ဟာ ရေငတ်တုန်း ရေတွင်းထဲ တော့ ကြုံပြီနဲ့တူတယ်'

'ဘာဖြစ်လို့လဲ'

'ဒီလိုပါ ဆရာကြီး ကျွန်တော့်ရဲ့ ဓာတ်ပုံဆရာဘဝ ဖြစ်ရပ်ဆန်းများ(၃) ကိုတော့ သိပ်မကြာသေးဘူး ပို့ထားတယ်။ (၄)ကို ဆက်ရေးချင်ပေမယ့် ကုန်ကြမ်းက ရှားနေတော့ တော်တော်နဲ့ မရေးဖြစ်တာကြာပြီ။

အခု တစ်ခါတည်း ခွင့်ပန်ပါရစေ။ တကယ်လို့ ဆရာကြီးအနေနဲ့ အပန်းမကြီးဘူးဆိုရင် ခုနကပြောခဲ့တဲ့ ဆရာကြီးရဲ့ ကိုယ်တွေ့ ဓာတ်ပုံဇာတ်လမ်းလေး(၃)ခုအကြောင်း ကျွန်တော့်ကို ပြောပြပေးစေချင်ပါတယ်။ ပြီးတော့ မဂ္ဂဇင်းမှာ သုံးခွင့်ပြုပါလို့'

'ရတာပေါ့ ခွင့်ပြုပါတယ်။ တကယ့်ဖြစ်ရပ်မှန်တွေပဲ'

'ကျေးဇူးတင်ပါတယ် ခင်ဗျာ'

ဒီလိုနဲ့...

* * *

တကယ်တော့ ကျွန်တော် မော်လမြိုင်မြို့မှာ တာဝန်ကျနေတာ ကြာပြီ။ (၆)နှစ်ထဲ ဝင်နေပြီ။ ဆေးကုမ္ပဏီတစ်ခုနဲ့ မန်နေဂျာ ဆိုပေမယ့် လဲ ခရီးတော့ မကြာခဏ ထွက်ရ တယ်။





www.burmeseclassic.com

www.burmeseclassic.com

မော်လမြိုင်မှာ ရုံးထိုင်တဲ့ ကုမ္ပဏီတွေရဲ့ သဘောသဘာဝအတိုင်း မွန်ပြည်နယ်နဲ့ ကရင်ပြည်နယ်တွေရဲ့ မြို့တော်တော်များများကို ပတ်ရတယ်။

မွန်ပြည်နယ်မှာဆိုရင် ပေါင်, မုဒုံ, ဖင်းကျိုက်, ရင်းငြိမ်, သထုံ, ကျိုက္ကော်, သိမ်ဆိပ်, ဘီးလင်း, ကျိုက်ထိုတစ်ကြော၊ နောက် မုဒုံ, သံဖြူဇရပ်, ရေးတစ်ကြော...

ပြီးတော့ ဘီလူးကျွန်းပေါ်က ချောင်းဆုံရွာလွှတ်၊ မုရစ်ကလေး၊ မုရစ်ကြီး။ တစ်ခါ ကရင်ပြည်နယ်ဆိုရင် ဘားအံ, လှိုင်းဘွဲ့, ရွှေဂွန်း, မြိုင်ကြီးငူ, ကမမောင်းတစ်ကြော၊ နောက် အိန္ဒူ, သာမည, ကျုံဒိုး, ကော့ကရိတ်, မြဝတီ တစ်ကြော အဲဒီလိုတွေ သွားရတာ။

အဲဒီထဲကမှ အဓိက သွားရတဲ့မြို့ကတော့ ကရင်ပြည်နယ်ရဲ့ မြို့တော် ဘားအံပဲ။ ဘားအံဆေးရုံက မော်လမြိုင်ပြီးရင် အကြီးဆုံးဆေးရုံပဲ။ ပြီးတော့ အထူးကုဆရာဝန်ကြီးတွေ လဲများတယ်။ အဲဒီထဲကမှ ခွဲစိတ်ဆရာဝန်ကြီး ဒေါက်တာ သန်းထွဋ်ဦးနဲ့ ကျွန်တော် အရမ်းရင်းနှီးကြတယ်။

ဆရာတောင်ငူကနေ ဘားအံကို ပြောင်းလာကတည်းက ကိုယ့်မိဘလို ပါပဲ။ ကျွန်တော် ဘားအံကို ရောက်ဖြစ်တဲ့အခါတိုင်း တည်းခိုခန်းမှာ အိတ်တွေ သွားထားပြီး ဆရာ့အိမ်မှာ အိပ်ဖြစ်တာ များတယ်။

အဲဒီလိုနေတာ ဆရာ့အကြောင်းတော့ ကျွန်တော် ကောင်းကောင်းသိတယ်။ ဆရာက ဘုရားတရားသမား။ ဒီထက် ပိုပြောရရင် ငါးပါးသီလ သိပ်လုံတယ်။ အလှူအတန်းလဲ ရက်ရောသလား မမေးနဲ့။ အလှူနဲ့လက် ပြတ်တယ်လို့ကို မရှိဘူး။

ဘယ်ဆေးကုမ္ပဏီဝန်ထမ်းပဲ သူ့ဆီ Promotionနဲ့လာတွေ့တွေ့ တရားဓမ္မတွေနဲ့ ဆုံးမလေ့ရှိတယ်။ အခုဆို ဆရာ့ အဆုံးအမတွေကြောင့် ကျွန်တော် ပဋ္ဌာန်း တရားတွေ ညတိုင်း ရွတ်ဖတ်နေတတ်ပြီ။



အခု ကျွန်တော် ပြောပြတော့မယ့် ဓာတ်ပုံဆရာဘဝ ဖြစ်ရပ်ဆန်းများ ဒါမှမဟုတ် ကျွန်တော် ရိုက်ယူလို့ မရခဲ့သော ဓာတ်ပုံများ(၄) အကြောင်းကို ဘားအံဆေးရုံကြီးက ခွဲစိတ်ဆရာဝန်ကြီး ဒေါက်တာသန်းထွဋ်ဦး ကိုယ်တိုင် ပြောပြခဲ့ခြင်း ဖြစ်ပါတယ်။

ဒီနေရာမှာ စာရေးသူဟာ သူ့နေရာက ဝင်ပြီး တင်ပြပေးသွားပါတယ်။ ကဲ စ,ကြစို့။

## ပထမအကြိမ် ရိုက်မရခဲ့သော ဓာတ်ပုံ (သို့မဟုတ်) ပထမဆုံး ဓာတ်ပုံရိုက်၍ ပူဇော်ခွင့် မရခဲ့သော ဆရာတော်

အဲဒီအချိန်တုန်းက ကျွန်တော် ရန်ကုန်ဆေးတက္ကသိုလ်(၁) IM. မှာ ဒုတိယနှစ်ကျောင်းသားပေါ့။ ပါပါ့ရဲ့ တပည့်တွေက ကလောဘက်မှာ ရှိကြတော့ ကျောင်းပိတ်တိုင်း သွားသွား လည်ဖြစ်တယ်။ ကလောကို ရောက်ပြီဆိုတာနဲ့ အင်းလေးဖောင်တော်ဦးကို ဖူးဖြစ်အောင် သွားဖူးတယ်။

အဲဒီကနေ တစ်ဆင့် စက်လှေနဲ့ သွားရင် (၄၅)မိနစ်လောက် သွားပြီး ရွှေဥဒေါင်းတောင် ဆရာတော်ကြီးဆီကို ဝင်ဖူးလေ့ရှိတယ်။ မှတ်မှတ်ရရ (၄)ကြိမ်လောက် ဖူး,ဖူးတယ်။

ဆရာတော်ကြီးဟာ အင်းလေး ဒေသတစ်ဝိုက်မှာတော့ တကယ့် တန်ခိုးကြီး ဆရာတော်ကြီးပေါ့။ အခု ကျွန်တော် ပြောပြတော့မယ့် အကြောင်းအရာတွေဟာ အဲဒီဒေသမှာ လူတိုင်း သိကြသလို တကယ်လို့ ကာယကံရှင် တွေဖြစ်ကြတဲ့ တောင်ကြီးက ကျားပျံ မရွှေဝါတို့ မိသားစုဝင်တွေ မေးကြည့် ရင်လဲ ရပါတယ်။

**၁၉၇၈ – ၁၉၇၉လောက်ကပေါ့။** တောင်ကြီးမြို့မှာ ကျားပျံဆေးလိပ်ခုံ ပိုင်ရှင် မရွှေဝါဆိုတာ လူတိုင်းသိကြတယ်။ တကယ့် ထိတ်ထိတ်ကြဲ အရမ်း ချမ်းသာတယ်။

တစ်နေ့တော့ ဆရာတော်ကြီး ကျောင်းမှာ အလှူလုပ်ကြရင်း ထုံးစံအတိုင်း နေ့ဆွမ်းကပ်တဲ့အချိန် ရောက်တော့ သူတို့ခေါ်လာတဲ့ တောင်ကြီးက နာမည်ကြီးဓာတ်ပုံဆရာနဲ့ ဆွမ်းကပ်တဲ့ ပုံတွေ၊ ဆရာတော်ကြီး ဆွမ်းဘုဉ်းပေး နေတဲ့ပုံတွေ အားရပါးရ ရိုက်တာ... ဓာတ်ပုံနဲ့ ပူဇော်ချင်တယ် ဆိုတာ့လဲ စိတ်ကြိုက်ကို ရိုက်တော့တာ။



www.burmeseclassic.com

www.burmeseclassic.com

ဒါနဲ့ အလှူပွဲပြီးလို့ တောင်ကြီးကိုလဲ ပြန်ရောက်ရော အမှောင်ခန်းထဲဝင် ဖလင်ဆေးပြီးလို့ ကြည့်လိုက်တော့ ဆရာတော်ကြီးကို ဆွမ်းကပ်နေတဲ့ပုံတွေ၊ ဆွမ်းဘုဉ်းပေးနေတဲ့ပုံတွေ တစ်ပုံမှ မပေါ်ဘူး။ ကျန်တဲ့ အမှတ်တရ ရိုက်ခဲ့တဲ့ အဲဒီအလှူက ပုံတွေ အားလုံး ပေါ်တယ်။ ကဲ ဘယ်လောက် ထူးဆန်းလဲ။ ဘာကြောင့် မပေါ်ရတာလဲ။

ဒုတိယအကြိမ် ရိုက်မရခဲ့သော

ဓာတ်ပုံ (သို့မဟုတ်)

ဒုတိယအကြိမ် ဓာတ်ပုံရိုက်၍

ပူဇော်ခွင့်မရခဲ့သော ဆရာတော်

ကျွန်တော် Final Part. လောက်ကပေါ့။ **မိတ္ထီလာမြို့ကနေ (၁၃)မိုင်လောက်ရှိတဲ့ သဲစုရွာမှာ တောင်ပုလု ဆရာတော်ကြီး** သီတင်းသုံးတယ်။ တစ်ခါတော့ ဆရာတော်ကြီးရဲ့ကျောင်းမှာ သိမ်နုတ်သိမ်သမုတ် အခမ်းအနားနဲ့ သွားကြုံပါလေရော။

သိမ်မျက်နှာပြင် ဇယားကွက်နဲ့ ထောင့်လေးထောင့်မှာကော အရှေ့၊ အနောက်၊ တောင်၊ မြောက် လေးဖက်လေးတန်မှာပါ သာသနာ့အလံတွေစိုက်၊ ရာဇမတ်ကာ၊ သဲဖြူခင်းပြီးတော့ ငှက်ပျောပင်၊ ကြံပင်တွေစိုက် သာသနာ့အလံ(စက္ကူအလံ)တွေကို ကြိုးနဲ့ သွယ်တန်းထားတယ်။ သိမ်မျက်နှာပြင် ဇယားကွက်ရဲ့ အလယ်ဗဟိုမှာတော့ ဘုရားဆင်းတုတော်ကို ရွှေထီးမိုးထားတာကိုလဲ တွေ့ရတယ်။

တကယ့်ကို ကြည်နူးစရာပဲ။ ဒါနဲ့ သွားလေရာ ပါလာတတ်တဲ့ ကင်မရာနဲ့ သိမ်နုတ်ကမ္မဝါစာရွတ်ချိန်၊ သိမ်သမုတ်ကမ္မဝါစာ ရွတ်ချိန်တွေမှာ ဆရာတော်ကြီးပါတဲ့ ပုံတွေကို အဓိကထားပြီး ရိုက်တော့တာပေါ့။ ကင်မရာဆိုလို့



အပေါ်စားမထင်နဲ့နော်။ Canon Camera အကောင်းစားနဲ့ ရိုက်တာ။

အံ့ဩစရာ သိပ်ကောင်းတယ်။ ကျွန်တော် ရန်ကုန်ပြန်ရောက်လို့ ကူးကြည့်တော့မှ ဆရာတော်ကြီးပါတဲ့ ဓာတ်ပုံတွေ တစ်ပုံမှ မပေါ်ဘူးဆိုတာ ကိုယ်တွေ့ ကြုံရတော့တယ်။ ဘာကြောင့်လဲ။

တတိယအကြိမ် ရိုက်မရခဲ့သော

ဓာတ်ပုံ (သို့မဟုတ်)

တတိယအကြိမ် ဓာတ်ပုံရိုက်၍

ပူဇော်ခွင့်မရခဲ့သော ဆရာတော်

ဒီတစ်ကြိမ်ပြောပြမယ့် ဆရာတော်ကတော့ မကြာသေးခင် ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာ (၂၇)ရက် ကြာသပတေးနေ့ ညနေ(၆)နာရီ (၁၀)မိနစ်မှာ ခန္ဓာဝန်ချသွားတဲ့ **တောင်ငူမြို့က ဇီးဖြူပင်ဆရာတော် ဘဒ္ဒန္တသူရိယပါ။**

တကယ်တော့ ကျွန်တော် ခွဲစိတ်အထူးကုဆရာဝန်ကြီးဖြစ်ပြီး ဝန်ထမ်းဘဝ မြန်မာနိုင်ငံရဲ့မြို့တွေက ဆေးရုံတွေမှာ လှည့်ပြီး တာဝန်ထမ်းဆောင်ခဲ့ရတယ်၊ ဒီလိုနဲ့ ဂန့်ဂေါမြို့ကနေ တောင်ငူမြို့ကို ၂၀၀၇ ခုနှစ်၊ ဇူလိုင်လမှာ ပြောင်းလာခဲ့တယ်။

ရောင်ရောက်ချင်း ဆရာတော်ကြီးကို စ.ဖူးရတယ်။ အဲဒီလို ဖူးရတဲ့အချိန်ကစ.လို့ ငါးပါးသီလကို ခါးဝတ်ပုဆိုးလို မြဲနေအောင် ထိန်းကျောင်းရင်း ဆရာတော်ကြီးထံမှာ ဆည်းကပ်ပြီး နေလာခဲ့တာ ဒကာရင်းလိုကို ဖြစ်ရော။

၂၀၁၀ ပြည့်နှစ် ဘားအံဆေးရုံကို ပြောင်းလာခဲ့တဲ့ အချိန်ထိ (၃)နှစ်တာကာလတစ်လျှောက် ကျောင်းကို (၆၃)ကြိမ်တိုင်တိုင် ရောက်ပြီး ဆရာတော်ကို ဖူးဖြစ်ခဲ့တယ်။ ဒါတောင် ဘားအံကို ရောက်ပြီးမှ ခန္ဓာဝန်မချခင် (၂)ကြိမ်နဲ့ပါဆို စုစုပေါင်း (၆၅)ကြိမ် ဖူးခွင့်ကြုံခဲ့ရတယ်။

ဆရာတော်ရဲ့မြေး ကပ္ပိယ နေလင်းအောင်ဆို ကျွန်တော့်ကို ခင်ရှာတယ်။ ခင်ဆို ကျွန်တော် ဆရာတော့်ကို ဖူးပြီးလို့ ပြန်မယ်ဆိုတာနဲ့…

'နေလင်းအောင်ရေ ဒကာကြီးတို့ကို ဆေးလုံးလေးတွေ ပေးလိုက်ပဦး'

လို့ ဆရာတော်က မိန့်ရင် နေလင်းအောင်က ဆေးယူပေးနေကျကိုး။ ဆေးလုံးဆိုတာက ပထမံဆေးလုံးလေးတွေကို ပြောတာ။

မှတ်မှတ်ရရ (၆၅)ကြိမ်မြောက် ရောက်တုန်းက…



www.burmeseclassic.com

www.burmeseclassic.com

'အရှင်ဘုရား တပည့်တော် ဆရာတော့်ကို ဖူးရတာ (၆၅)ကြိမ်ရှိပါပြီ ဘုရား'

လို့ ပြောတော့…

'အေး ဒကာကြီး ဘာတွေသိရပြီလဲ'

လို့ ပြန်မေးတယ်။

'ဓါးဆိုတာ မရှိ သူလဲမရှိ အထီးမရှိ အမမရှိ ယောက်ျားမရှိ မိန်းမ,မရှိ ပုဂ္ဂိုလ်မရှိ သတ္တဝါမရှိပါ ဘုရား'

ဆိုတော့…

'အေး ဟုတ်တယ် ဒကာကြီး။ ဒါဆို ဒကာကြီး သက္ကာယဒိဋ္ဌိကို ကောင်းကောင်းသိပြီ'

လို့ မိန့်တယ်။

မှတ်မှတ်ရရ ဆရာတော်ကြီးရဲ့ သက်တော်(၁၀၁)နှစ်ပြည့် မွေးနေ့မှာပေါ့။ အဲဒီတုန်းက ကျွန်တော် တောင်ငူမှာပဲရှိသေးတယ်။ ရန်ကုန်က မိသားစုကို လှမ်းခေါ်ပြီး ဆရာတော်ကြီးထံမှာ သင်္ကန်းပရိက္ခရာ (၁၀၈)စုံနဲ့ သံဃာတော်(၁၀၈)ပါးကို ရည်စူးပြီး လှူဖြစ်တယ်။ ကျွန်တော့်ရဲ့ လခ (၁၆)လစာ စုပြီး လှူခဲ့တာ (၃၉)သိန်းခွဲပိုး နီးပွားနသာ ပစ္စယောပေါ့။

ဆရာတော်ကြီးရဲ့ မွေးနေ့ဆိုတော့ စည်လိုက်တာလေ ' မပြောပါနဲ့တော့။ ရန်ကုန်က မင်းသား ရဲအောင်တို့၊ မို့မို့မြင့်အောင်တို့၊ လုအဥ္စလီတင့်တို့လို မင်းသားမင်းသမီးတွေပါ လာကြတော့ ပိုစည်သွားတာပေါ့။ ကျွန်တော်ကတော့ အပျော်ဆုံးဖြစ်မယ်ထင်တယ်။ ဘာလို့လဲဆိုတော့ ဇနီး နွယ်နွယ်အောင်ရယ်၊ သားသားရယ်၊ သမီးလေးရယ် အားလုံး စုပြီး လှူကြရတဲ့ အလှူကိုး။

ဒီနေရာမှာ လိုအပ်လို့ ထည့်ပြောရဦးမယ်။ ဆရာတော်ကြီးက သူ့ရဲ့ ထိုင်ခုံမှာထိုင်လို့ ဆရာတော်ကြီးနဲ့ တစ်တောင်လောက် အကွာမှာ



ကျွန်တော်ထိုင်ရတယ်။ ကျွန်တော့် မိသားစုကတော့ (၃)တောင်လောက် အကွာမှာ မင်းသားမင်းသမီးတွေနဲ့ ရောပြီး ထိုင်ကြရတယ်။

ကျွန်တော်က အနီးကပ်ဆုံးကနေ ဖူးရလို့ ဝမ်းသာပီတိတွေဝေလို့။ ကျွန်တော့်အမျိုးသမီးကလဲ ပါလာတဲ့ Sony Digital Cameraနဲ့ ဆရာတော်ကြီးရဲ့ ပုံတော်ကို ဓာတ်ပုံနဲ့ ပူဇော်ချင်လို့ တဖျပ်ဖျပ်ရိုက်လို့။ အနီးကပ် ရိုက်ရတယ်ဆိုတော့ စိတ်ကြိုက်ပေါ့။

ဆရာတော်ကြီးရဲ့ ပုံတော်ကို အားရပါးရ ရိုက်ပြီးတော့ စေတ္ယဒိသာကျွေးနေတဲ့နေရာတွေ၊ မဏ္ဍပ်ပုံတွေ၊ ဇရပ်ပုံတွေ၊ ဆီးဖြူပင်တွေ၊ အဝင်မုခ်ဦး အို စုံလို့ သူ လျှောက်ရိုက်နေလေရဲ့။ ဆရာတော့်ကျောင်းကို ဝင်လာပါပြီ ဆိုကတည်းက ရိုက်လာလိုက်တာ တစ်ကျောင်းလုံးကို နှံ့ရော။

အမယ် ဒီကင်မရာကလဲ လျှော့မတွက်နဲ့။ ၂၀၀၇ ခုနှစ်လောက်တုန်းက ပန်းဆိုးတန်းက ဝယ်ထားတာ။ ကောင်းမှကောင်း။ အဲဒီအချိန်တုန်းက ကာလတန်ကြေး ရွှေတစ်ကျပ်သားဖိုးလောက်ကျတယ်။ **"သုံးသိန်းခြောက်သောင်းကျပ်"**ပေါ့။

ဒီလိုနဲ့ မိသားစုတွေ ပျော်ပျော်ရွှင်ရွှင်နဲ့ ပြန်ခဲ့ကြ။ ကိုယ်ကတော့ တောင်ငူမှာ ကျန်ခဲ့။ သူတို့သားအမိတွေကတော့ ရန်ကုန်ပြန်ပေါ့။ ရန်ကုန်ရောက်ပြီး နောက်တစ်နေ့ည ဖုန်းဆက်လာတယ် ဇနီးသည်က…

'အစ်ကိုကြီး ကျွန်မ ဓာတ်ပုံတွေ ကူး… ဆရာတော်ကြီးပုံတွေ တစ်ပုံမှ မပေါ်… ကျွန်မ ကျောင်းအဝင်ကတည်းက ရိုက်… ခဲ့တဲ့ပုံတွေ ဆရာတော်ကြီးကို ဓာတ်ပုံရိုက်… တော့ ဆက်ရိုက်ခဲ့တဲ့ပုံတွေ အားလုံး … တယ်။ အဲဒီ ဆရာတော်ကြီးပုံတွေကို သီး… မပေါ်ဘူး ဖြစ်နေတာ'

သွားပြီ။ ကျွန်တော် သိလိုက်ပြီ… **ဒါ ဘာကြောင့်လဲ။**

* * *

ဓာတ်လမ်းရဲ့ နိဂုံးကို ရောက်… ပါပြီ။ ကျွန်တော် ဆရာကြီး ပြောပြခဲ့… အကြောင်းတွေကို ပြန်သုံးသပ်… ကျွန်တော်တို့ စကားဆက်ခဲ့ကြ… တယ်။

'ဟုတ်ပြီ ဆရာ၊ ဒါတွေက အတော်… လေးထူးဆန်းနေတယ်။ ပြီးတော… ဆရာတော်ကြီးတွေမှာပဲ လာဖြစ်နေ… သဘောပေါ့'

'ဟုတ်တယ် ကိုကျော်လေး ဆရ… ပြောချင်တာ အဲဒါပဲ။ ဒီဆရာတော်ကြီး… တွေဟာ သီလဂုဏ်၊ သမာဓိဂုဏ်… ပညာဂုဏ်နဲ့ ပြည့်စုံတယ်။ ဒီလိုပုဂ္ဂို… ထူး ပုဂ္ဂိုလ်မြတ် ဆရာတော်ကြီးတွေ… ခွင့်မတောင်းဘဲ ဓာတ်ပုံရိုက်ယူဖို့ဆို… မဖြစ်နိုင်ဘူး။ အဲဒါပဲ'

'ဟုတ်ကဲ့ပါဆရာ၊ ဒါဆို ဆရာ ခွင့်… တောင်းပြီးတော့ကော ရိုက်ခဲ့… သလား။ နောက်ပြီး ဒီလို ခွင့်တောင်း… ရိုက်တဲ့အခါ တကယ်ရော ဓာတ်… ပေါ်ခဲ့ဖူးသလားခင်ဗျာ။ ဒီလိုမေး… ကျွန်တော့်ကို တစ်မျိုးမထင်နဲ့နော်… ကျွန်တော်က စာရေးဆရာဆို… ကိုယ့်ပရိသတ်ကို တိတိကျကျ … လို့ပါ'

'ကောင်းပါတယ် ဒီမေးခွန်း…



www.burmeseclassic.com

www.burmeseclassic.com

ဆရာ ဖြေရမှာပေါ့။ အခုန ဆရာပြောခဲ့တယ်နော်၊ ဆရာတော်ကြီး သက်တော် (၁၀၁)နှစ်ပြည့်မွေးနေ့မှာ ရိုက်မရခဲ့တဲ့ ပုံတွေကို သက်တော် (၁၀၃)နှစ်ပြည့် မွေးနေ့မှာ ပြန်ရိုက်ယူဖို့ အခွင့်ကြုံခဲ့တယ်။

အဲဒီအချိန်က ဆရာ ဒီဘားအံမြို့ကို ရောက်နေပြီ။ ဆရာတော်ကြီးရဲ့ သက်တော်(၁၀၃)နှစ်ဆိုတော့ မိုရီယာမင်း (Moriamin) အားဆေးဘူး (၁၀၃)ဘူး လှူဖို့ ဆရာတာ့ဆီကို တစ်ခေါက် ရောက်ခဲ့ပြန်တယ်။

မိသားစုကတော့ ရန်ကုန်က လာကြ၊ ဆရာက ဒီကနေ ကားနဲ့သွား။ တောင်ငူမှာဆုံပြီး ဆရာတော့်ကျောင်းကို သွားကြတာပေါ့။ ဆရာတော်ကြီးကို ဆေးဘူးတွေ ကပ်မယ်လုပ်တော့...

''ဒကာကြီး ဘယ်နှဘူးလဲ''

လို့ မေးတယ်။

''(၁၀၃)ဘူးပါ ဘုရား''

ဆိုတော့...

''ဒါဆို နောက်တစ်ဘူး ထပ်ထည့်ပြီးလှူ''

လို့ ပြောတယ်။

တကယ်ဆို အခုမှ ပြန်စဉ်းစားမိတာပါ။ ဆရာတော်ကြီးက သူ ခန္ဓာဝန်ချမယ့်နှစ်ကို ကြိုပြီး ပြောလိုက်တာကိုး။ အဲဒီတုန်းကတော့ သဘော မပေါက်ပါဘူး။ ကဲ ထားတော့ ဒါနဲ့ ဆရာလဲ ဆရာတော်ကြီးကို ဆေးဘူး (၁၀၄)ဘူး ကပ်ပြီး...

"အရှင်ဘုရား တပည့်တော် ဓာတ်ပုံနဲ့ ပူဇော်ခွင့်ပြုပါ ဘုရား"

လို့ လျှောက်ထားပြီး ခွင့်ပန်လိုက်တယ်။ ပြီးတော့ အရင်အခေါက်က ပါလာတဲ့ Sonyကင်မရာနဲ့ပဲ ရိုက်ကြပေါ့။

ကိုကျော်လေး သတိထားမိလား၊ ဆေးရုံက ဆရာ့အခန်းထဲမှာ ချိတ်ထားတဲ့ဓာတ်ပုံ ဆရာ့မယေားသီရယ်၊ ဆရာရယ်၊ ဆရာတော်ကြီးနဲ့ တွဲရိုက်ထားတဲ့ ပုံ၊ အဲဒီပုံက ခွင့်တောင်းပြီး ရိုက်ယူခဲ့တဲ့ ပုံတွေထဲက တစ်ပုံပေါ့။ ဒါဆိုရင်တော့ ရှင်းလောက်ပါပြီနော်'

လို့ ပြောပြပါတယ်။

ဆိုတော့ တကယ့်ထေရ်ကြီးဝါကြီး ဆရာတော်ကြီးတွေကို ဓာတ်ပုံနဲ့ ပူဇော်မယ်လို့ ရည်ရွယ်ထားရင် အကောင်းဆုံးကတော့ ကြိုတင်ပြီး ခွင့်ပန်လျှောက်ထားကြပါလို့ အကြံပြုပါရစေ။

*ကြိုးစားလျက်...*

**ရွှေကံမြေ့ ဖိုးကေ**

# ကျောက်ဖိုကျောက်မ

## နှင့် မိုးကြိုးစက်ကွင်း

ကျောက်ဖို,ကျောက်မနှင့် ပတ်သက်၍ ကြားဖူးသော်လည်း မတွေ့မမြင်ဘူးခဲ့ပေ။ ကျောက်ဖိုကိုမူ သူငယ်ချင်း ကျောင်းဆရာ တစ်ဦးထံမှာ တွေ့ရှိခဲ့ရဖူးသည်။ ယခု တွေ့မည့်တွေ့တော့လည်းကျောက်ဖို,ကျောက်မ နှစ်စုံတောင် တွေ့ရှိလေ့လာခွင့် ရခဲ့သည်။

**ကျောက်ဖို,ကျောက်မ တစ်စုံမှာ** အတော်ငယ်သည်။ ကျောက်ဖိုမှာ အရှည် (၂)လက်မခွဲခန့်ရှိပြီး ကျောက်မ၏အဝန်းမှာ အပြင်(၆)လက်မ၊ အတွင်း(၄)လက်မခန့် ရှိသည်။

**ကျောက်ဖို,ကျောက်မ အကြီးတစ်စုံမှာ** ကျောက်ဖို အရှည် (၆)လက်မ၊ လုံးပတ် (၈)လက်မခန့်ရှိသည်။ ကျောက်မမှာမူ အဝန်း (၁၂)လက်မခွဲခန့် ရှိသည်။

ထို့အပြင် **မိုးကြိုးစက်ကွင်း**တစ်ခုကိုလည်း တွေ့ရှိရသည်။ အထက်ပါ ကျောက်ဖို,ကျောက်မနှင့် မိုးကြိုးစက်ကွင်းတို့အား ကိုယ်တိုင် မြင်တွေ့နိုင်ပါသည်။

အသုံးဝင်ပုံကို သိရှိလိုပါက ယင်းပစ္စည်းများကို ရှာဖွေစုဆောင်းထားသော နဂါးမာန်ဆရာကြီးထံ၌ သွားရောက်လေ့ လာနိုင်



ကျောက်ဖို ကျောက်မများ ရှော်ထုံးတစ်ခုလို



ကျောက်ဖို ကျောက်မနှင့် ကျောက်စက်ကွင်း

ကြောင်း၊ ထိုပစ္စည်းများနှင့်အတူ အခြားထူးခြားသော သဘာဝလွန်ပစ္စည်းများကိုလည်း နဂါးမာန်ဆရာကြီးထံ၌ တွေ့မြင်နိုင်ပါကြောင်း ရေးသားတင်ပြ လိုက်ရပေသည်။

**နဂါးမာန်ဆရာကြီးထံသို့ သွားရောက်လိုပါက ပဲခူးမြို့ ဈေးကြီးမှ အမှတ်(၃)ကားကို စီးသွားပါ။ အမှတ်(၃)ကားဂိတ်သည် မဟာကြီး ဘုရားမုခ်ဝတွင် ဂိတ်ထိုးပါသည်။ မဟာကြီး မုခ်ဝတိုင်၊ မဟာကြီးဘုရားကို တက်ပါ။**

**မဟာကြီးဘုရား၏ အနောက်ဘက် ကျောမှ မြစ်ထွက်လျှင် အဘိုးတလေး၀ ဆရာတော် တည်ထားသော အောင်စည်ယွန်းစေတီကို တွေ့ ရမည်။**

အောင်စည်ယွန်းစေတီ မရောက်မီ နဂါးမာန်ဆရာကြီး၏ **ဂမုန်းခြံ**ဟူသော ဆိုင်းဘုတ်ကို တွေ့ရှိရမည်။ ထိုဆိုင်းဘုတ်အတိုင်း ဝင်သွားပါက နဂါးမာန် ဆရာကြီးထံသို့ ရောက်ရှိမည် ဖြစ်ပေသည်။

**သုတထွန်း**



www.burmeseclassic.com

www.burmeseclassic.com

ခင်မောင်လေး
(ဖန်ခါးမြေ)

# မသေဆုံးမီက

ထူးဆန်းသည့်လူဝင်စား



ရေး၊ မေးဖြစ်အောင် မေးပေးပါဗျာ' ဟု **(ရွှေယုန်ညီနောင်) ဦးဆန်းမောင်**၏ ပြောပြချက်အရ ဤဖြစ်ရပ်အမှန် ဇာတ်လမ်းလေးအား ရေးသား၍ ဖြစ်နိုင်ခြေရှိသော သုံးသပ်ထင်မြင်ယူဆချက်အား အတွေ့အကြုံရင့်ကျက်သော ဆရာကြီးများထံ တင်ပြတောင်းခံလိုက်ရခြင်း ဖြစ်ပါသည်။

**၁၉၇၈–၇၉ ခုနှစ်**တွင် ဦးဆန်းမောင်သည် မြေတိုင်းစာရေးသင်တန်းသားဘဝဖြင့် လက်တွေ့ ကွင်းဆင်းတာဝန်ထမ်းဆောင်ရန် **ရွှေဘိုခရိုင်၊ တန့်ဆည်မြို့ (တဖယ်မြို့) အနောက်ဘက် (၄)မိုင် ခန့် ကွာဝေးသော ပကာရွာ(ဘကာရွာ)**တွင် တာဝန်ကျခဲ့ပါသည်။

ထိုသို့ တာဝန်ကျခဲ့စဉ် ဦးဆန်းမောင်တို့ စခန်းချရသော ဥက္ကဋ္ဌနေအိမ် ရုံးခန်းအနီးရှိ ဒေါ်ညွှန့်ဆိုသူ အသက်(၆၀)နှစ်ခန့် အမျိုးသမီးကြီးတစ်ဦးနှင့် သိကျွမ်းခင်မင်ခဲ့ရာ ဒေါ်ညွှန့်မှာ တစ်ကိုယ်ရေ တစ်ကာယ မုဆိုးမကြီးဖြစ်၍ ဒေါ်ညွှန့်၏ အိမ်မှုလုပ်ငန်းများကို အမြင်မတော်၍ ဝင်ရောက်ကူညီ လုပ်ကိုင်ပေးခဲ့ရာမှ မိသားစုကဲ့သို့ ခင်မင်ရင်းနှီး သံယောဇဉ်ဖြစ်သွားသည်။

စားအိမ်သောက်အိမ်အဖြစ် ဝင်ထွက်နေထိုင်လာခဲ့ရာမှ အနေနီးစပ်လေ သံယောဇဉ်ကြီးမားလေ ဖြစ်ခဲ့ရပါသည်။

ဖြစ်ရပ်မှန် သိသူများမှ
ဖြေကြားပေးကြပါရန်

မကွေးမြို့ မြို့မဈေးကြီးအတွင်း (ဒွေးကြီး)ခေါက်ဆွဲ၊ မုန့်ဟင်းခါး၊ ထမင်းသုပ်၊ အသုပ်စုံဆိုင်တွင် စာရေးသူ၏ဇနီးမှာ ဈေးကူရောင်းနေသူ ဖြစ်ပါသည်။ ဇနီးနှင့် ပတ်သက်၍ (ဒွေးကြီး)ခေါက်ဆွဲဆိုင်၏ တောင်ဘက်ကပ်လျက် (ရွှေယုန်ညီနောင်) လက်ဖက်နှင့်အခြောက်စုံ၊ ကုန်စုံဆိုင်ပိုင်ရှင် ဦးဆန်းမောင်နှင့် ခင်မင်ရင်းနှီးခဲ့ရပါသည်။

တစ်နေ့တွင် ဦးဆန်းမောင်မှ...

'စာရေးဆရာကို ကျွန်တော် မြေတိုင်းစာရေးသင်တန်းသားဘဝက ကြုံတွေ့ခဲ့ရတဲ့ မယုံကြည်နိုင်စရာ ခုတိုင် အဖြေရှာမရသေးတဲ့ (အလွန်ထူးဆန်းတဲ့) ဖြစ်ရပ်အမှန် ကိုယ်တွေ့ကြုံခဲ့ရတဲ့ ဇာတ်လမ်းလေးတစ်ပုဒ်ကို ပြောပြရဦးမယ်။

စာရေးဆရာက ထင်မြင်ယူဆချက် ပေးနိုင်ရင်လဲ ပေးပေါ့။ မပေးနိုင်ရင်တော့ စာရေးဆရာ စာရေးနေတဲ့ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကြီးက (ဂုဏ်ရှိဆရာကြီးတွေဆီ)ကို ထင်မြင်ယူဆသုံးသပ်ချက်ကို ကျွန်တော့်ကိုယ်စား မေးပေးပါဗျာ။

ကျွန်တော့်နည်းတူ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာရှုသူတွေလဲ စိတ်ဝင်စားကြလိမ့်မယ်လို့ ထင်ပါတယ်။ ရေးဖြစ်အောင်



www.burmeseclassic.com

www.burmeseclassic.com

**ဒေါ်ညွှန့်၏သမီး မစန်း**မှာ ပကာရွာနှင့် အနည်းငယ် အလှမ်းကွာဝေးသော ဆိတ်ချေးကူးရွာ (ဆိတ်ကျေးကူးရွာ) သားနှင့် အိမ်ထောင်ကျပြီး ထိုရွာ၌ပင် နေထိုင်ပါသည်။ မစန်းမှာ ကိုယ်ဝန်အရင့်အမာ နေ့စေ့လစေ့ဖြစ်နေ၍ မီးဖွားရန်အတွက် မိခင်ဒေါ်ညွှန့်အား ဆိတ်ချေးကူးရွာသို့ ခေတ္တလာနေရန် လူကြုံဖြင့် မှာကြားလာခဲ့ပါသည်။

သမီးဖြစ်သူ မစန်းထံသွားရန် ဒေါ်ညွှန့်သည် ယင်း၏ အသုံးအဆောင်ပစ္စည်းများ၊ အဝတ်အစား အနည်းငယ်တို့အား ဆွဲခြင်းဖြင့် ထည့်၍ ပကာရွာမှ ဆိတ်ကျေးကူးရွာသို့ နံနက်စောစော ထွက်သောကားဖြင့် လိုက်သွားခဲ့ပါသည်။

ဆိတ်ကျေးကူးရွာကားဂိတ် ရောက်ရှိစဉ် ကားစက်ရှိန်မသေဘဲ ကားပေါ်မှ ခုန်ဆင်းမိရာ ဝမ်းလျားထိုးလဲကျပြီး ကားနောက်ဘီးမှ ဒေါ်ညွှန့်၏ ဝဲဘက်ခြေဖမိုးအား နင်းမိခြင်းခံလိုက်ရကာ ဝဲဘက်ခြေချောင်းလေးများ ကျိုးကြေဒဏ်ရာရရှိလျက် သွေးထွက်လွန်ကာ သတိမေ့သွားသဖြင့် ရွှေဘိုမြို့ ဆေးရုံကြီးသို့ ပို့အပ်လိုက်ရပါသည်။

အသက်အရွယ်ကြီးရင့်သူဖြစ်၍ ဆေးရုံသို့ အချိန်မီ ရောက်ရှိခဲ့သော်လည်း (၂) ရက်၊ (၃)ရက်ဖြင့် သတိမရရှိဘဲ မေ့မြော၍ နေခဲ့ပါသည်။

ဒေါ်ညွှန့်ကားပေါ်မှ ခုန်အဆင်း၊ ကားကြိတ်မိ၍ ရွှေဘိုမြို့ဆေးရုံ၌ တင်ထားရသည့် အဖြစ်အပျက်အား မီးဖွားမြင်မည့် သမီးဖြစ်သူ မစန်းအား အသိမပေးဘဲ ထိမ်ဝှက်၍ ထားကြပါသည်။

ဒေါ်ညွှန့် ရွှေဘိုမြို့ဆေးရုံတွင် ဆေးကုသမှု ခံယူနေစဉ်အတွင်း ယင်း၏သမီး မစန်းမှာလည်း ဆိတ်ကျေးကူးရွာ နေအိမ်၌ သားယောကျ်ားလေးအား ကျန်းကျန်းမာမာဖြင့် မွေးဖွားနိုင်ခဲ့ပါသည်။

ထူးဆန်းသည်မှာ မစန်းမွေးဖွားသည့် သားယောကျ်ားကလေး၏ ဝဲဘက်ခြေဖမိုးနှင့် ခြေချောင်းလေးများ ကြေမွလျက် အကောင်းပကတိ ပါ၍မလာခြင်းပင် ဖြစ်ပါသည်။

ဒေါ်ညွှန့်မှာ ရွှေဘိုဆေးရုံတွင် တစ်လနီးပါး ဆေးကုသခံလျက် ကျောက်ပတ်တီးစည်း ကုသခဲ့သော်လည်း ဆေးရုံမှ ဆင်းသောအခါ **ဝဲဘက်ခြေထောက်မှာ မူလခြေထောက်ကဲ့သို့ ပကတိ မကောင်းမွန်တော့ဘဲ ထော့နင်း ထော့နင်း ဖြစ်ခဲ့ရပါသည်။**



နေ့ရက်များ ကုန်ဆုံး၍ အချိန်များကြာမြင့်လာကာ မစန်းမွေးဖွားခဲ့သော သားယောကျ်ားလေးပင် စကားပြောတတ် လမ်းလျှောက်တတ် အရွယ်ရောက်၍ လာခဲ့ပါသည်။ သို့သော် မစန်း၏ သားလေးမှာ လမ်းလျှောက်ရာတွင် သာမန်လူကောင်းများကဲ့သို့ မဟုတ်ဘဲ ဝဲဘက်ခြေထောက်မှာ ထော့နင်း ထော့နင်း ဖြစ်၍နေပါသည်။

ထိုကလေးအား မိဘများမှ အမည်နာမပေးထားသော်လည်း စကားပြောတတ်၍ နာမည်ဘယ်လိုခေါ်သလဲဟု မေးသောအခါ **မညွှန့်**လို့ ခေါ်ပါတယ်ဟုသာ ပြောပါသည်။ သားနာမည် မညွှန့် မဟုတ်ဘူး။ မောင်...လို့ ခေါ်တယ်ဟု မည်သို့ ပင်သင်သင် သင်၍ မရခဲ့ပါ။ ခေါ်၍လည်း မထူးပါ။ မညွှန့်ဟုသာ ပြောနေခဲ့ပါသည်။

သိတတ်လာသောအခါတွင်လည်း ယင်း၏ မိဘများနေထိုင်သည့်အိမ်မှာ သူ့အိမ် မဟုတ်ကြောင်း။ သူ့အိမ်က ဟို အဝေးကြီးမှာ ရှိတယ်။ အိမ်ပုံသဏ္ဌာန်ကမည်သို့ပုံ အနေအထားက မည်သို့ စသည်ဖြင့် အားလုံးပြောပြရာ ပကာရွာရှိ မစန်း၏မိခင် ဒေါ်ညွှန့်၏ နေအိမ်ပုံသဏ္ဌာန်ဖြင့် တူ၍နေသဖြင့် မိဘများ အံ့သြခဲ့ရကြောင်း။ ကလေး၏ရုပ်ရည်မှာလည်း အရွယ်ကြီးလာလေ အဘွားတော်စပ်သူ ဒေါ်ညွှန့်၏ ရုပ်ဖြင့် တူလာလေဖြစ်ကြောင်း ပြောပြပါသည်။

ထိုကလေး (၅)နှစ်သားခန့်အရွယ်သို့ ရောက်လာသောအခါ ယင်းမှာ မညွှန့် ဖြစ်ကြောင်း၊ မစန်းမှာ မိခင်(အမေ) မဟုတ်ဘူး။ ယင်း၏သမီးဟု ပြောပြော နေ၍ ဆိတ်ကျေးကူးရွာမှ ဒေါ်ညွှန့်နေထိုင်ရာ ပကာရွာသို့ ပထမဦးဆုံးအကြိမ် မိဘများမှ ခေါ်လာရာ ပကာရွာ ကားဂိတ်အရောက် ကားပေါ်မှ ဆင်းပြီး ရွာအတွင်းသို့အသွားတွင် မိဘဖြစ်သူ လူကြီးများမှ လမ်းမပြရဘဲ အဘွားတော်သူ ဒေါ်ညွှန့်နေအိမ်သို့ တန်းတန်းမတ်မတ် သွားရောက်နိုင်ခဲ့သည်။

ဒေါ်ညွှန့်နှင့်တွေ့သောအခါ သူ့နာမည်မညွှန့်ဖြစ်ကြောင်း။ နှင်ရယ် ငါရယ်နှင့် ဒေါ်ညွှန့်နေအိမ်ကို ထဲထဲဝင်ဝင်၊ နှံ့နှံ့စပ်စပ် မည်သည့်နေရာတွင် ဘာပစ္စည်းရှိသည်၊ ဘယ်နေရာမှာ ဘာထားသည်၊ မွေးချင်းက ဘယ်နှစ်ယောက်၊ နာမည်တွေက မည်သူမှအစ ဒေါ်ညွှန့်၏ မွေးချင်းမောင်နှမတစ်စု အရေအတွက်၊ အမည်၊ ဘယ်ရွာမှာ နေသည်မှအစ တစ်လုံးမကျန် မမှားမယွင်းပြောပြ၍ ထိုကလေးမှာ ဒေါ်ညွှန့် လူဝင်စားဟု တစ်ရွာလုံး၊ တစ်နယ်လုံး သတ်မှတ်ခဲ့ရကြောင်း (ရွှေယုန်ညီနောင်)ဦးဆန်းမောင်မှ ပြောပြခဲ့ပါသည်။

ဒေါ်ညွှန့်မှာ သမီးဖြစ်သူ မစန်း မီးဖွားရန် ပကာရွာမှ ဆိတ်ကျေးကူးရွာသို့ ကားဖြင့်လာစဉ် သူ၏စိတ်မှာ မစန်းထံ စိတ်ရောက်နေပြီး ကားပေါ်မှ အဆင်းလဲကျ၍ ကားကြိတ်မိပြီး ဒဏ်ရာရရှိသော ရွှေဘိုမြို့ဆေးရုံ၌ သတိမေ့မြောနေစဉ် ဒေါ်ညွှန့်၏ဝိညာဉ်မှာ ဒေါ်ညွှန့်သေမည်



www.burmeseclassic.com

www.burmeseclassic.com

အထင်ဖြင့် သမီးဖြစ်သူ မစန်းထံ ရောက်ရှိခဲ့၍ မစန်းမွေးဖွားခဲ့သော သားယောကျ်ားလေး၏ ဝဲဘက် ခြေထောက် ခြေချောင်းလေးများအကောင်းပကတိပါ၍မလာခြင်း။

ဒေါ်ညွှန့် ကျန်းမာလာသောအခါ ဝဲဘက်ခြေထောက် ထော့နင်းထော့နင်း ဖြစ်သွားသကဲ့သို့ မစန်း၏ သားယောကျ်ားလေးမှာလည်း လမ်းလျှောက်တတ်သော အရွယ်၌ ထော့နင်းထော့နင်း လမ်းလျှောက်နေခြင်း။

ကလေး၏အမည် မှည့်ထားသော်လည်း ထိုနာမည်ကို ခေါ်၍မရဘဲ သူ၏ အမည်(မညွှန့်)ဟုသာ ခေါ်ကြောင်း။ သားယောကျ်ားလေးဖြစ်ပါလျက် အမျိုးသမီးအမည်သာ ပြောနေကြောင်း။ မိခင်ဖြစ်သူ မစန်းအား ခေါ်ရာတွင် အမေဟု ခေါ်ရန် သင်ပြခဲ့သော်လည်း သင်၍မရဘဲ သမီး၊ သမီးဟုသာ ခေါ်ဆိုနေခြင်း။

ဒေါ်ညွှန့်၏ နေအိမ်ပုံသဏ္ဌာန်အား မမြင်ဘူးခင်ကပင် သိနေ၊ ပြောပြနေတတ်ခြင်း။ ပကာရွာသို့ ခေါ်စဉ် ဒေါ်ညွှန့်၏ နေအိမ်သို့ ယခင်က သွားဖူး လာဖူးသကဲ့သို့ တန်းတန်းမတ်မတ် သွားလာနိုင်ခြင်း။

ဒေါ်ညွှန့်၏ မွေးချင်းမိသားစုဝင်တို့အား ရေတွက်ပြ၍ နေထိုင်ရာရွာတို့ကိုပင် မမှားမယွင်း ပြောပြနိုင်ခြင်း။ ကလေး၏ ရုပ်ရည်မှာ ဒေါ်ညွှန့်ဖြင့် တူနေခြင်းတို့ကြောင့် ပကာရွာ၊ ဆိတ်ကျေးကူးရွာတို့တွင် **အသက်မသေဘဲ ဝင်စားသော လူဝင်စားအဖြစ်** သတင်းကြီးခဲ့ရကြောင်း ဦးဆန်းမောင်မှ ပြောပြခဲ့ပါသည်။

ထိုနယ်၊ ထိုဒေသ တစ်နယ်လုံးမှ လက်ခံ ယုံကြည်ခဲ့ကြသော်လည်း ဦးဆန်းမောင်အနေဖြင့်မူ လက်ခံယုံကြည်ရခက်ခက် ဖြစ်ခဲ့ရကြောင်း။ **ထိုကဲ့သို့ အဖြစ်မျိုး ဖြစ်နိုင်ပါ၏လော၊ လူသေဆုံးပြီးမှ ဝင်စားသော လူဝင်စားများအကြောင်းအား ကိုယ်တွေ့တွေ့ကြုံဖူးခြင်း၊ စာအုပ်စာပေများတွင် အထောက်အထား ခိုင်ခိုင်လုံလုံဖြင့် ဖော်ပြခဲ့၍ လက်ခံ ယုံကြည်နိုင်ခဲ့သော်လည်း** ဒေါ်ညွှန့်ကဲ့သို့ လူမသေ



ဘဲ လူဝင်စားဖြစ်ရခြင်းအကြောင်းကိုမူ ဖြစ်နိုင်၊မဖြစ်နိုင် လက်ခံယုံကြည်ရန် ခက်ခဲပါသည်။

သို့သော် ကိုယ်တွေ့မျက်မြင် ကြုံတွေ့ခဲ့ရ၍ ထိုကဲ့သို့ ဖြစ်ရပ်မျိုး အလားတူ **ကြုံဖူး၊မကြုံဖူး။ ဖြစ်နိုင်၊မဖြစ်နိုင် ထင်မြင်** ယူဆသုံးသပ်ချက်တို့အား စာရေးသူထံ မေးမြန်းခဲ့ပါသည်။

စာရေးသူမှ ကားကြိတ်နင်းမိ၍ ဒဏ်ရာရရှိပြီး သွေးလွန်သတိမေ့သွားခဲ့သော ဒေါ်ညွှန့်မှာ ကားကြိတ်နင်းခြင်း မခံရမီ သူ၏စိတ်၌ သမီးဖြစ်သူ မစန်း မီးဖွားမြင်မည့်ကိစ္စအား စိတ်စောနေသဖြင့် လည်းကောင်း၊ သတိမေ့မြောနေစဉ် ဒေါ်ညွှန့်၏ဝိညာဉ်မှာ ဒေါ်ညွှန့် သေဆုံးမည်ဟု ယူဆကာ သမီးဖြစ်သူ မစန်း၏ဝမ်း၌ ဝင်ရောက်တွယ်ကပ်မိ၍ မစန်းမွေးဖွားခဲ့သော ကလေးမှာ ဒေါ်ညွှန့်၏စိတ်၊ ဒေါ်ညွှန့်၏ ပုံသဏ္ဌာန်၊ ဒေါ်ညွှန့်၏ရုပ်ရည်နှင့် တူနေပြီး ဒေါ်ညွှန့် (လူဝင်စား) ဖြစ်နိုင်ခြေရှိကြောင်း။

ဒဏ်ရာရ သတိမေ့မြောနေသော ဒေါ်ညွှန့်၌မူ အခြားဝိညာဉ်တစ်ခုမှ အစားထိုး ဝင်ရောက်ပူးကပ်မိ၍ အသက်ပြန်ရှင်လာသူ ဖြစ်နိုင်ကြောင်း ရှင်းပြခဲ့ရာ ဦးဆန်းမောင်မှ…

'ဒေါ်ညွှန့် သတိပြန်ရလာတော့လဲ သူ့ မူလဝိညာဉ်မဟုတ်ခဲ့ရင် သူ့နဂိုအကြောင်းရင်းတွေကို မေ့သွားသူ ဖြစ်ရမှာပေါ့။ **ခုဖြစ်ရပ်က ဒေါ်ညွှန့် မသေမပျောက် သတိပြန်လည်လာတော့လဲ နဂိုမူလ ပင်ကိုစိတ် မပျောက်ဘူးဗျ။ သူ့ မူလဇီဇရိုက်အတိုင်းပဲ'**

ဟု ပြောပြခဲ့ပါသည်။

စာရှုသူများခင်ဗျား ထိုဖြစ်ရပ်အမှန်ဇာတ်လမ်းမှာ လွန်ခဲ့သော **(၂၆)နှစ်ခန့်က ရွှေဘိုခရိုင်၊ တန့်ဆည်မြို့နယ် (တဗေယ်မြို့နယ်)၊ ပကာရွာနှင့် ဆိတ်ကျေးကူးရွာတို့၌ ဖြစ်ပျက်ခဲ့သော ဖြစ်ရပ်အမှန်ဇာတ်လမ်း ဖြစ်ပါသည်။**

ဒေါ်ညွှန့်မှာမူ ယခု သေဆုံးသွားခဲ့ပြီ ဖြစ်သော်လည်း ဒေါ်ညွှန့်၏သမီး မစန်း နှင့် လူမသေဆုံးဘဲ လူဝင်စား ဖြစ်ခဲ့ရ သော မစန်း၏သား မညွှန့်(ခေါ်)မောင်ညွှန့် တို့မှာမူ ယခုထက်တိုင် အသက် ထင်ရှား ရှိကြပါသည်။

ထို့ပြင် လူဝင်စား မောင်ညွှန့်ပင် အိမ်ထောင်ကျ၍ သားသမီးများ ထွန်း ကားလျက် လူ့လောကဇာတ်ခုံကြီးပေါ် တွင် ဘဝတိုက်ပွဲဝင်လျက် ရှိပါသည်။

ထိုဖြစ်ရပ်အား ဦးဆန်းမောင်နည်းတူ ယင်းနှင့် မြေတိုင်းစာရေးသင်တန်း တစ်ပတ်စဉ်တည်း သင်တန်းသား(၂၀ဝ) အားလုံး သိရှိကြခြင်း ဖြစ်ပါသည်။ ထိ စဉ်က သင်တန်းသားများထဲမှ **အချို့မှာ မြေစာရင်းဌာနတွင် ယခု အရာရှိ အရာခံများအဖြစ် တာဝန်ထမ်းဆောင် ဖြစ်ကြောင်းကိုလည်း ပြောပြပါသည်။**

ဦးဆန်းမောင်(ရွှေယုန်ညီနောင်) သိ လို့၍ မေးမြန်းသုံးသပ်ခိုင်းသော လူမသေ ဘဲ ဝင်စားသည့် လူဝင်စားဖြစ်ရပ်ကို ဦးဆန်းမောင် နားလည်သဘောပေါက် အောင် စာရေးသူအနေဖြင့် ရှင်းလင်း မပြောပြနိုင်ခဲ့၍ **နားလည်တတ်ကျွမ်း သော၊ အတွေ့အကြုံရင့်ကျက်ပြီးဖြစ် သော အသိပညာရှင်၊ အတတ်ပညာ ရှင်ကြီးများမှ ရှင်းလင်းပြန်ကြားပေး နိုင်ပါရန် ကာယကံရှင်များ၏ ခွင့်ပြု ချက်ဖြင့် ဤဖြစ်ရပ်အမှန် ဇာတ်လမ်း သာဓကလေးကို ရေးသားဖော်ပြ လျက် ထင်မြင်သုံးသပ် ယူဆချက် အား တောင်းခံ တင်ပြလိုက်ရပါသည်။**

အရင်းခံ မေတ္တာ စေတနာဖြင့်…

ခင်မောင်လေး ([illegible]န်ဒါးမြေ)

www.burmeseclassic.com



ကျွန်ုပ်နှင့်

# ရန်ကင်းရန်ရှင်းဘာဘာမင်း(၁)

ဖိုးသာနိုးကျော်

[ ၁ ]

ကျွန်ုပ်သည် လွန်ခဲ့သော (၁၉၉၇-၉၈) ခုနှစ် ပတ်ဝန်းကျင်ကာလ၌ စား,ဝတ်,နေ,ရေး လွန်စွာ ကျပ်တည်း၍ အခက်အခဲ ဒုက္ခများနှင့် ရင်ဆိုင်နေရသောအချိန် ဖြစ်ပေသည်။

ကျွန်ုပ် ငယ်စဉ်ကလေးဘဝ အသက် (၁၁)နှစ်၊ (၁၂)နှစ်ခန့်မှစ၍ ဘုန်းကြီးကျောင်းတွင် နေခဲ့ရသူဖြစ်သောကြောင့် နေ့စဉ် ပရိတ်ကြီး၊ သမ္ဗုဒ္ဓေစသော ဘုရားရှိခိုးဂါထာတော်များကို နေ့စဉ် ရွတ်ဖတ် ပုတီးစိပ်လေ့ရှိပေသည်။

တစ်နေ့သ၌ ကျွန်ုပ်သည် ရွှေတိဂုံ ဘုရားအရှေ့ဘက်မုခ်ရှိ ဓမ္မစေတီ ဘုရားတွင် ပုတီးစိပ်၍ မေတ္တာပို့၏။ ဆုတောင်း၏။ အမျှဝေ၏။

ကျွန်ုပ်၏ ကိစ္စများပြီး၍ ဘုရားဝတ်ပြုပြီး ညာဘက်သို့ အလှည့်တွင် ကျွန်ုပ်၏ မိတ်ဆွေကြီး ကိုမူတူးအား တွေ့လိုက်ရ၏။ ယင်း ကိုမူတူးနှင့် ကျွန်ုပ်သည် နှစ်ပေါင်း အတန်ကြာ ဝေးကွာခဲ့၏။ ယခုမှ ပြန်တွေ့ခြင်းဖြစ်လေသည်။ ကျွန်ုပ်လည်း ဝမ်းသာအားရ...

'ကိုမူတူးဘယ်က ဘယ်လို ရောက်လာတာလဲ မတွေ့တာတောင် နှစ်အတော်ကြာပြီ'

ဟု ပြောမိ၏။

ထိုအခါ ကိုမူတူးသည် သူ အခု အိမ်ထောင်ကျနေပြီ ဖြစ်ကြောင်း၊ မြောက်/ဒဂုံ (၄၂)၌နေကြောင်း၊ စီးပွားရေးလုပ်ငန်းမှာ မော်ဘီမြို့အစွန်တွင် ကြက်မွေးမြူရေးလုပ်နေကြောင်း ပြောပြလေသည်။

ထို့နောက် ကိုမူတူးသည် ကျွန်ုပ်၏ အခြေအနေကို မေးလေ၏။ ကျွန်ုပ်လည်း ကျွန်ုပ်၏ ဘဝမှန်ကို လက်ရှိအနေအထားအတိုင်း ပြောပြမိလေသည်။

ထိုအခါ ကျွန်ုပ်၏ မိတ်ဆွေကြီး ကိုမူတူးသည် ကျွန်ုပ်အား သူတို့နှင့် အတူလိုက်နေရန် ခေါ်၏။ သူတို့ လင်မယားမှာ အသက်ကြီးမှ အိမ်ထောင်ကျ၍ ကလေးမရှိပါ။

သူတို့ လင်မယားနှစ်ယောက်တွင် နံနက်မိုးလင်းသည်နှင့် သူသည် မော်ဘီ ကြက်ခြံသို့ သွားရ၏။ လိုအပ်သည်များကို ညွှန်ကြားရ၏။ သူ၏ ဇနီးဖြစ်သူ ဒေါ်မြင့်မြင့်သန်းမှာ တောင်,ဒဂုံ စက်မှုဇုန်တွင် ရုံးတက်ရ၏။

ထို့ကြောင့် သူတို့သည် နေအိမ်မှာ ည ဘက်တွင်သာ ပြန်အိပ်သလိုဖြစ်ပြီး တစ်နေ့လုံး သော့ခတ်ထားရ၏။

သို့အတွက် ကျွန်ုပ် သဘောကျပါက နေထိုင်ရန် သူ၏ အိမ်ရှိရာ မြောက်,ဒဂုံသို့ ကျွန်ုပ်အား ခေါ်ဆောင်သွားလေတော့သည်။





www.burmeseclassic.com

www.burmeseclassic.com

## [ ၂ ]

ကျွန်ုပ်၏ မိတ်ဆွေကြီး နေထိုင်ရာ အိမ်ဂေဟာသည် မြောက်ဥက္ကလာပ အပိုင်းမှ ညာဘက်ကွေ၍ တံတားကြီး ကျော်ရ၏။ "ခေမာ"မှတ်တိုင်တွင် ဆင်းပြီး ဦးဝိစာရလမ်းအတိုင်း လျှောက်ရ၏။ ထိုမှတစ်ဖန် ဘယ်ဘက် ထပ်ချိုးရ၏။

ထိုမှ ရှေ့တည့်တည့် လျှောက်ရ၏။ လမ်းဆုံးလျှင် ကွင်းပြင်ကြီးရှိ၏။ ထိုကွင်းပြင်ကြီး၏ ရှေ့တည့်တည့်တွင် သူ၏အိမ်ရှိလေသည်။

ကျွန်ုပ်တို့နှစ်ယောက် ပြန်ဆုံတွေ့သည့်နေ့သည် မှတ်မှတ်ရရ တနင်္ဂနွေနေ့ဖြစ်၏။ ထို့ကြောင့် အိမ်ပြန်ရောက်သည့်အချိန်တွင် သူ၏ဇနီး ဒေါ်မြင့်မြင့်သန်းမှာ ရုံးပိတ်ရက်ဖြစ်၍ မီးဖိုချောင်တွင် ချက်ပြုတ်နေ၏။

ကျွန်ုပ်မိတ်ဆွေကြီး ကိုမှူတူးသည် အိမ်ရောက်သည်နှင့် သူ၏မိန်းမအား ခေါ်၏။ ကျွန်ုပ်နှင့် မိတ်ဆက်ပေး၏။ ကျွန်ုပ်၏ လက်ရှိအနေအထားကို ရှင်းပြ၏။ ကျွန်ုပ်အား သူတို့နှင့် အတူနေရန် ခေါ်လာကြောင်းပြော၏။

ကျွန်ုပ် အမှန်အတိုင်း ဝန်ခံရလျှင် ကိုမှူတူး သူ၏မိန်းမအား ရှင်းပြနေချိန်တွင် ကျွန်ုပ်၏ ရင်ထဲ၌ ကုလားဘုရားပွဲ လှည့်သလို တဒုန်းဒုန်း တဒိုင်းဒိုင်း ဖြစ်နေ၏။

ကျွန်ုပ် လာရောက် နေထိုင်သည်ကို သူ၏မိန်းမမှ သဘော တူမှတူပါ့မလား။

တချို့ ယောက်ျားကိုနိုင်သော မိန်းမများသည် ဧည့်သည် ရှိသည်၊မရှိသည်ကို ဂရုမစိုက်၊ သူတို့ ပြောလိုသည်ကို ဧည့်သည်ရှေ့ထားပြီး အားမနာတမ်း ပြောတတ်လေ့ ရှိသည်ကို ကျွန်ုပ် ကြုံတွေ့ခဲ့ရဖူးလေသည်။

ကျွန်ုပ်စိတ်ထဲမှ သမ္မုဒ္ဒေဂါထာကို ရွတ်နေမိ၏။ ကိုမှူတူးမှ ရှင်းပြပြီးချိန်တွင် သူ၏မိန်းမ ဒေါ်မြင့်မြင့်သန်းမှာ ကျွန်ုပ်ဘက်သို့ လှည့်ပြီး...

'ကျွန်မယောက်ျားရဲ့ မိတ်ဆွေဆိုတော့လဲ ကျွန်မရဲ့ မိတ်ဆွေပဲပေါ့။ ဒါနဲ့ ရှင်နာမည် ဘယ်လိုခေါ်လဲ'

ဟု မေး၏။ ကျွန်ုပ်မှလည်း...

'ကျွန်တော့်နာမည် "ပိုင်ဘုန်းကျော်"လို့ ခေါ်ပါတယ်'

ဟု ရိုရိုသေသေ လေးလေးစားစား ပြန်ဖြေလိုက်၏။

ထိုအခါ သူမမှ ကျွန်ုပ်အား...

'ပိုင်ဘုန်းကျော်အနေနဲ့ ကျွန်မတို့ လင်မယားနှစ်ယောက်နဲ့ ပျော်သလောက် နေနိုင်ပါတယ်။ ကျွန်မလဲ မနက်(၉း၀၀)နာရီ ထိုးတာနဲ့ ဦးဝိစာရလမ်းထိပ် ခေမာမှတ်တိုင်ကို ဖယ်ရီကားမီအောင် ပြေးရတယ်။

ညနေ မိုးချုပ်မှ ရုံးကနေ မြောက်ဥက္ကလာပ(၂)ဈေးဝင် ဈေးဝယ်၊ အိမ်ရောက်တော့ ည(၆း၀၀)နာရီ ကျော်ပြီ။ ခဏနား၊ ချက်ပြုတ်၊ တီဗွီကြည့်နဲ့ ည(၈း၀၀)နာရီလောက်မှ ညစာ ထမင်းစားဖြစ်ကြတယ်။

ကျွန်မတို့နဲ့ မိသားစုလို ရင်းရင်းနှီးနှီးနေပါ။ ကိုယ့်အိမ်လို သဘောထားပြီး လွတ်လွတ်လပ်လပ်နေပါ'

ဟု စိတ်ပါလက်ပါ လိုလိုလားလား ပြုံးရွှင်စွာဖြင့် ကျွန်ုပ်အား ပြောလိုက်လေတော့သည်။

## [ ၃ ]

ဤသို့ဖြင့် ကျွန်ုပ်သည် မိတ်ဆွေကြီး ကိုမှူတူးတို့အိမ်တွင် နေထိုင်လာခဲ့သည်မှာ (၅)လတင်းတင်း ပြည့်ပြီဖြစ်၏။ ရက်အားဖြင့် တွက်မည်ဆိုပါက တစ်လလျှင် ရက်(၃၀)နှင့် တွက်လျှင် ငါးလကို ရက်ပေါင်း(၁၅၀)ရှိပြီဖြစ်၏။

သူတို့ လင်မယားနှစ်ယောက်သည် ကျွန်ုပ်အပေါ် အားနာရလောက်အောင် လွန်စွာ ကောင်း၏။ ကျွန်ုပ်မှ သူတို့၏ အိမ်မှုကိစ္စများကို မနေနိုင်၍ ဝင်ရောက်လုပ်ကိုင်ပေးလျှင် လက်မခံပေ။ ကျွန်ုပ်အား တစ်စုံတစ်ရာမျှ လုပ်ခွင့်မပြုပေ။

ထို့ကြောင့် ကျွန်ုပ်မှာ နံနက်၊ နေ့လယ်၊ ညနေ ဖယားဆွဲပြီး သူတို့၏ အိမ်၌ အဓိဋ္ဌာန်ဝင်၏။

ကျွန်ုပ်၏ အဓိဋ္ဌာန်မှာ...

**ပထမ** ဘုရားရှိခိုး၏။ ငါးပါးသီလခံယူ၏။ သံသရာကြွေးချေ၏။ မြတ်စွာဘုရားအား ရုပ်,နာမ်(၂)ပါး လှူဒါန်း၏။ မေတ္တာပို့၏။ အဓိဋ္ဌာန်တင်၏။

ပြီးလျှင် ကျွန်ုပ်သည် (၁၀၈)လုံး ပုတီးကုံးဖြင့် သမ္မုဒ္ဒေဂါထာတော်ကြီးအား တစ်ပုဒ်လုံးဆုံးမှ ပုတီးတစ်လုံး ချကာ ပုတီးပတ် တစ်ပတ်ရအောင် စိပ်၏။ တစ်နေ့လျှင် (၃)ကြိမ် စိပ်၏။

တစ်ကြိမ် အဓိဋ္ဌာန်ဝင်လျှင် (၉)ရက်ဝင်၏။ ထိုကဲ့သို့ ကျွန်ုပ်သည် သူတို့လင်မယားနှစ်ယောက် နံနက် အိမ်မှထွက်သည်နှင့် ကျွန်ုပ်သည် အိမ်တံခါးချက်ထိုးပြီး ပုတီးစိပ်တော့၏။

ထိုကဲ့သို့ ကျွန်ုပ် ပုတီးအဓိဋ္ဌာန်(၉)ရက်(၉)ကြိမ် အောင်မြင်ပြီးသော တစ်ညတွင် လွန်စွာမှ ထူးဆန်းသော အိပ်မက် မြင်မက်လေတော့သည်။

## [ ၄ ]

ကျွန်ုပ်၏ မိတ်ဆွေကြီး ကိုမှူတူးတို့ လင်မယား နံနက် အိမ်မှ ထွက်သွားသည်နှင့် ကျွန်ုပ်သည် အိမ်တံခါးချက်ထိုးကာ ကျွန်ုပ်၏ အဓိဋ္ဌာန်ကျင့်စဉ် ပုတီးစိပ်တော့၏။

ကျွန်ုပ် ပုတီးစိပ်နေစဉ်တွင် လွန်စွာ မွှေးကြိုင်သော ရနံ့တစ်မျိုး ရှိလေ



www.burmeseclassic.com

www.burmeseclassic.com

သည်။ အမွေးတိုင်မှ မွှေးသော ရနံ့နှင့်လည်း မတူပေ။ ရေမွှေးရနံ့လည်း မဟုတ်ပေ။ စံကားဝါပန်းရနံ့နှင့်တူသည်ဟု စိတ်မှ ထင်မိလေ၏။

ကျွန်ုပ်၏ ကိစ္စများပြီးလျှင် ကျွန်ုပ်သည် မျက်စိဖွင့်လိုက်၏။ ဘုရားဝတ်ပြုအပြီး ထမည်အပြုတွင် ကျွန်ုပ်၏ ညာဘက်၌ အပေါ်ဖြူ၊ အောက်ဖြူနှင့် ထိုင်နေသော အသက်(၉၀)ခန့် အဘိုးအိုတစ်ဦးအား တွေ့ရှိရလေသည်။

အဆိုပါ အဘိုးအိုသည် ဆံပင်ကို သျှောင်ထုံးထား၏။ မုတ်ဆိတ်မွေးများမှာလည်း ဝမ်းဗိုက်ချက်အထိ ရှည်လျားနေပြီဖြစ်၏။ မျက်လုံး နှစ်လုံးမှာ လွန်စွာ စူးရှတောက်ပြောင်၏။ အဘိုးအိုသည် ကျွန်ုပ်အား ရင်းနှီးစွာ ပြုံးပြ၏။

ထိုအခါမှ ကျွန်ုပ်သည် သတိဝင်လာပြီး အိမ်တံခါးမကြီးအား ကြည့်၏။ တံခါးမကြီးသည် ကျွန်ုပ် ပုတီး စ,စိပ်စဉ်က ပိတ်ထားသည့်အတိုင်း ရှိ၏။

ကျွန်ုပ် စဉ်းစား၏။ တံခါးများလည်း အလုံပိတ်ထား၏။ ကျွန်ုပ်ရှေ့မှ အဘိုးအိုသည် မည်သို့ အိမ်တွင်းသို့ ဝင်ရောက်လာသနည်း။ ကျွန်ုပ် မတွေးတတ်အောင် ဖြစ်နေ၏။

အဘိုးအိုကို ကြည့်ရသည်မှာ ကျွန်ုပ်အား ရန်မူမည့်လက္ခဏာ မတွေ့ရ၍ အနည်းငယ် စိတ်အေးသွား၏။

ကျွန်ုပ်မှစ၍ အဘိုးအိုအား...

'အဘိုးက ဘယ်ကလဲ၊ ဘာကိစ္စနဲ့ ကျွန်တော့်ထံ ရောက်လာတာလဲ၊ ဘယ်လိုလုပ်ပြီး အိမ်ထဲကို ဝင်လာတာလဲ'

စသည်ဖြင့် ကျွန်ုပ်သည် အဘိုးအိုအား မေးခွန်းများ ဆက်တိုက် မေးလိုက်မိလေ၏။

ထိုအခါ အဘိုးအိုမှ...

'ငါ့မြေး သိချင်တာတွေကို အဘိုး



တစ်ခုချင်း ရှင်းပြမယ်ကွယ့်။ သေသေချာချာ နားထောင်'

ဟု ပြောလေ၏။

'ဟုတ်ကဲ့ ပြောပါ အဘိုး၊ အဘိုး ပြောတာတွေကို သေသေချာချာ မှတ်ထားပါ့မယ်'

ဟု ကျွန်ုပ်မှ လေးလေးစားစား ရိုရိုသေသေ ပြောလိုက်၏။

အဘိုးအိုသည် ကျွန်ုပ်၏ မျက်လုံး (၂)လုံးကြားရှိ တတိယမျက်လုံးရှိရာ နေရာသို့ စူးစိုက်ကြည့်ပြီး တစ်လုံးချင်း ပြောလေ၏။

အဘိုးအို၏ အသံသည် သံလိုက်ဓာတ်အပြည့်ပါ၏။ အဘိုးအို၏ စကားလုံးများသည် ကျွန်ုပ်၏ နှလုံးသားထဲသို့ တစ်လုံးချင်း ရောက်ရှိသွားလေတော့သည်။

'ငါ့မြေးရဲ့ မေးခွန်းတွေကို ဖြေရရင်...

**နံပါတ်(၁)**အဘိုး အခု ပုပ္ပါးကလာတာကွယ့်။

**နံပါတ်(၂)**ဘာကိစ္စနဲ့ ငါ့မြေးဆီ ရောက်လာတာလဲဆိုရင်...

ငါ့မြေး အချိန်တန်ပြီဖြစ်လို့ အဘိုး ရောက်လာရခြင်း ဖြစ်တယ်'

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်မှ...

'အချိန်တန်ပြီဆိုတာ ဘာကို ပြောတာလဲ အဘိုး'

ဟု မေးလိုက်လေ၏။ ထိုအခါ အဘိုးမှ...

'လိုရင်းကို အတိုချုပ် ပြောရရင် ငါ့မြေးဒီအိမ်မှာ ဆက်မနေနဲ့တော့၊ အိမ်နဲ့ နေခွင့်မရှိတော့ဘူး'

ဟု ပြောလေ၏။ ကျွန်ုပ်မှ...

'အဘိုးရယ် အိမ်နဲ့မနေလို့ ဘယ်မှာသွားနေရမှာလဲ၊ အခုတောင် ကျွန်တော့်မိတ်ဆွေကြီး ကိုမှူတူးကောင်းလို့ လူနဲ့တူအောင် အိုးနဲ့အိမ်နဲ့ နေ,နေရတာ။ ရန်ကုန်မှာ ဆွေမျိုးကလဲ မရှိဆိုတော့ နေရေးက အတော့်ကို ခက်တယ် အဘိုးရ'

ဟု ကျွန်ုပ်က ရှင်းပြမိလေ၏။

အဘိုးအိုသည် ပြုံးလျက် ကျွန်ုပ်အား...

'အဘိုး ဆိုလိုတာက ဒီလိုငါ့မြေးရဲ့... အိမ်နဲ့နေခွင့်မရှိဘူးဆိုတာ ငါ့မြေး ဂန္ဓာရီခရီး ထွက်ရမယ်။ ပုပ္ပါးတောင်ကလပ်ကို သွားပြီး လာမယ့် လဆန်း (၇)ရက်ကစပြီး လပြည့်နေ့အထိ (၉)ရက် အဓိဋ္ဌာန်ဝင်ရမယ်ကွယ့်။

အဓိဋ္ဌာန်ဂန္ဓာရီခရီး ထွက်ရမှာဖြစ်လို့ ငါ့မြေးဟာ အိုးအိမ်နဲ့ မနေရတော့ဘူး။ နိဗ္ဗာန်မလို့ခေါ်တဲ့ လောကစည်းစိမ်စွန့်ပြီး တောတောင်တွေမှာ လှည့်ပြီး အဓိဋ္ဌာန်တွေ ဝင်ရမယ်ကွယ့်။ အသေးစိတ်ကိုတော့ အဘိုးက ငါ့မြေးကို တဖြည်းဖြည်း ပြောပြတာပေါ့'

ဟု သေချာစွာ ရှင်းပြ၏။

**နံပါတ်(၃)** 'အဘိုးအနေနဲ့ ဒီလို တံခါးပိတ်ထားတဲ့ အိမ်လို မပြောနဲ့၊ ဘယ်လောက် ကာရံထားတဲ့ တံတိုင်းပဲဖြစ်ဖြစ်၊ အဘိုးအနေနဲ့ မခက်ဘူး။ အလွယ်လေးနဲ့ ဝင်နိုင်ထွက်နိုင်တယ်။ ဘယ်လောက်ဝေးတဲ့ ခရီးပဲဖြစ်ဖြစ် ခဏလေးနဲ့ ရောက်နိုင်တယ်။

အခုနေအခါမှာ ဒါတွေပြောလို့



www.burmeseclassic.com

www.burmeseclassic.com

လူလေး နားလည်ဦးမှာ မဟုတ်ဘူး။ အဲဒီတော့ အဘိုးခိုင်းတဲ့အတိုင်း လူလေးလုပ်ပါ'

ဟု ကျွန်ုပ်အား အမိန့်ပေးလေတော့၏။ ကျွန်ုပ်မှ...

'အဘိုးခိုင်းတာ လုပ်ဖို့ကတော့ မခက်ပါဘူး။ ဒါပေမယ့် ပုပ္ပါးသွားဖို့ လမ်းစရိတ် ကျွန်တော့်မှာ မရှိဘူး။ ပုပ္ပါးကို ရောက်ပြီပဲထား၊ ပုပ္ပါးမှာ အဓိဋ္ဌာန်(၉)ရက် ဝင်နေတဲ့အခါ တည်းခိုဖို့နေရာ၊ နေ့စဉ် ထမင်းစားဖို့ အတွက် စားစရိတ်ငွေ ကျွန်တော့်မှာ မရှိဘူး အဘိုး'

ဟု ကျွန်ုပ်မှ ဆင်ခြေတက်လေ၏။ ထိုအခါ အဘိုးမှ...

'လူလေး ဒါတွေ ဘာမှမပူနဲ့။ အခု လူလေးနေတဲ့ ရန်ကုန်ကနေ ပုပ္ပါး ရောက်ဖို့၊ ဟိုရောက်ရင် တည်းခိုဖို့၊ စားဖို့၊ အစစ အဆင်ပြေပြီး အဓိဋ္ဌာန် အောင်ဖို့ အဘိုးတာဝန်ထား။

လူလေးဘက်ကသာ ပုပ္ပါးတောင် ကလပ်မှာ အဓိဋ္ဌာန်(၉)ရက် မပြတ် ဖြစ်အောင် ဝင်ပါ့မယ်လို့ အဘိုးကို ကတိပေးပါ'

ဟု ကျွန်ုပ်အား အတင်းအကျပ် ချည်နှောင်လေတော့၏။

ကျွန်ုပ်လည်း စဉ်းစားမိလေ၏။ အစစအရာရာ ဒီအဘိုးအိုမှ "တာဝန်ခံတယ်။ အဆင်ပြေအောင် လုပ်ပေးမယ်" ဆိုတော့ ဟုတ်,မဟုတ် သိရအောင် ဆိုပြီး ကျွန်ုပ်သည် အဘိုးအိုအား...

'အားလုံး အဘိုးမှ ကူညီပေးမယ်ဆိုတော့ ကျွန်တော့်ဘက်က ငြင်းစရာ မရှိပါဘူး အဘိုးရယ်။ အဘိုးခိုင်းတဲ့ အတိုင်း ပုပ္ပါးကိုလာပြီး အဓိဋ္ဌာန် ဆက်ဆက်ဝင်ပါ့မယ်'

ဟု အဘိုးအား ကတိပေးလိုက်လေ



တော့သည်။

အဘိုးအိုသည် ကျေနပ် နှစ်ခြိုက်စွာ ပြုံးပြီး...

'ငါ့မြေး အောင်မြင်မှာပါ၊ အဘိုးသွားမယ်။ ပုပ္ပါးမှာ ပြန်ဆုံမယ်'

ဟု ပြောပြီး ကျွန်ုပ်ရှေ့မှ ရုတ်တရက် ပျောက်ကွယ်သွားလေရာ ကျွန်ုပ်လည်း အံ့သြပြီး ရုတ်တရက် အိပ်ရာမှ လန့်နိုး၍ မှန်ပြတင်းမှ အပြင်သို့ ကြည့်လိုက်ရာ အရုဏ်တက်နေပြီ ဖြစ်သည်ကို တွေ့လိုက်ရလေတော့သည်။

[ ၅ ]

ကျွန်ုပ်သည် ညက မက်ခဲ့သော အိပ်မက်အကြောင်းကို ပြန်စဉ်းစားနေမိ၏။ အမှန်တကယ် ပုဂ္ဂိုလ်တစ်ဦးဦးက ကျွန်ုပ်အား လာရောက်စေခိုင်းခြင်းလား၊ ဒါမှမဟုတ် လှိုင်ဝှက်ဆန်းကြယ် ဂမ္ဘီရစာအုပ်များဖတ်၍ စိတ်စွဲပြီး မက်ခြင်းလား ဝေခွဲမရ ဖြစ်နေ၏။

နောက်ဆုံးတွင် ကျွန်ုပ်သည် ပုဂ္ဂိုလ်များ၏ စေခိုင်းချက်မှန်ပါက လမ်းကြောင်းသည် အလိုအလျောက် ပေါ်လာလိမ့်မည်ဟု_စဉ်းစားမိလေသည်။ အခြေအနေ ပေးလာသည့်အတိုင်း လျှောက်ရန် ဆုံးဖြတ်လိုက်လေတော့သည်။

ညဘက် ကိုမှုတူး အိမ်ပြန်ရောက်သောအခါ ကျွန်ုပ် မက်ခဲ့သော အိပ်မက်အကြောင်းအား အသေးစိတ် ပြန်ပြောမိလေသည်။

ကိုမှုတူးသည် ကျွန်ုပ်ပြောသည်ကို သေချာနားထောင်၏။ ပြီးလျှင် သူက ပုပ္ပါးသွားဖို့အတွက် မပူရန် ကျွန်ုပ်အား ပြော၏။

ထိုအချိန်တွင် ဒဂုံ/မြောက်(၄၀)တွင် နေသော သူ၏ ညီဝမ်းကွဲတော်သူ မောင်ဇော်လင်းသည် စူပါကပ်ဟွန်ဒါ ဆိုင်ကယ်လေးစီး၍ ရောက်လာ၏။ ယင်း မောင်ဇော်လင်းသည် ကိုမှုတူး အား တွေ့လျှင်...

'ကိုတူးရယ် ကျွန်တော်လဲ အလုပ် တွေများပြီး မအားလို့ ခုမှ ကိုတူးဆီလာ နိုင်တယ်၊ အခု ကျွန်တော့်ကားလုပ်ငန်း က ငွေကြေးမြတ်စွန်းလို့ အစ်ကိုတို့ မိသားစု သုံးချင်တာ သုံးရအောင် လှူချင်လဲ လှူရအောင်ဆိုပြီး ငွေ(၁) သိန်း လာပေးတာ။

'ငါ့မှာ အကုန်ပြည့်စုံတယ်'' ဆိုပြီး တော့ မငြင်းပါနဲ့ ကိုတူးရယ်၊ ကိုတူး ကျွန်တော့်ရဲ့ ကိုယ်ပိုင်ငွေထဲက ကန်တော့တာပါ'

ဆိုပြီး ငွေထုပ်ကြီး ရှေ့ချကာ ထိုင် ကန်တော့လေ၏။

ကျွန်ုပ်၏ မိတ်ဆွေကြီး ကိုမှုတူး လည်း မောင်ဇော်လင်းအား ကျန်းမာ ချမ်းသာစေရန်၊ အလှူဒါယကာကြီး ဖြစ်ရန်၊ သာသနာပြုနိုင်ရန် ဆုမှ တသီကြီး ပေးလိုက်လေတော့သည်။

ထိုမောင်ဇော်လင်းသည် ကျွန်ုပ် တို့နှင့် (၁)နာရီခန့် စကားပြော ပြီးလျှင် အိမ်ကမိသားစု နောက်ကျ မျှော်နေလိမ့်မည်ဆိုပြီး သူ၏ ဆိုင်ကယ် လေးကိုစီး၍ ထွက်ခွာသွားလေတော့ သည်။

မောင်ဇော်လင်း ပြန်သွားသည်နှင့် ကျွန်ုပ်၏ မိတ်ဆွေကြီး ကိုမှုတူးမှ...

www.burmeseclassic.com

www.burmeseclassic.com

'ကဲ အိပ်မက်ထဲက အဘိုးအိုပေးနိုင်းလိုက်လို့ ကျုပ်ရဲ့ညီ မောင်ဇော်လင်းတော့ မလာစဖူး၊ မပေးစဖူး ငွေ(၁)သိန်းတောင် လာကန်တော့သွားပြီ။

အဲဒီတော့ ပုပ္ပါးသွားပြီး အဓိဋ္ဌာန်ဝင်ဖို့ လမ်းစရိတ်,စားစရိတ်အတွက် ငွေ(၂)သောင်း ယူသွား'

ဆိုပြီး ကျွန်ုပ်အား ငွေ(၂)သောင်း တိတိ ခွဲပေးလိုက်လေတော့သည်။

[ ၆ ]

ကျွန်ုပ်သည် ပုပ္ပါးတောင်ကလပ်သို့ သွား၍ အဓိဋ္ဌာန်ဝင်ရန်အတွက် လုံလောက်သောငွေကြေးကို ရရှိပြီးဖြစ်၏။ ထို့ကြောင့် နောက်နေ့တွင် ကျွန်ုပ်သည် စော်ဘွားကြီးကုန်းအဝေးပြေးကားဝင်းသို့ သွားပြီး ပုပ္ပါးသို့ မည်သို့သွားရမည်ကို စုံစမ်း၏။

ထိုသို့ စုံစမ်းရင်း ကျွန်ုပ်သည် ပုပ္ပါး–ဒဂုံဟု ဆိုင်းဘုတ်တပ်ထားသော ကားလက်မှတ်ရောင်းသော ဂိတ်သို့ ရောက်သွား၏။

အဆိုပါ ကားဂိတ်မှ လက်မှတ်ရောင်းကို ပုပ္ပါးသို့ သွားလိုကြောင်း ကျွန်ုပ်မှပြောရာ သူမှ ပုပ္ပါးသို့ သွားလိုလျှင် ပုပ္ပါး–ဒဂုံ အိပ်(စ်)ပရက်ကားစီး၍ ကျောက်ပန်းတောင်းတွင်ဆင်းပြီး ကျောက်ပန်းတောင်းမှ ပုပ္ပါးတောင်ကလပ်သို့ ဟိုင်းလတ်ကားလေးများ ပြေးဆွဲနေကြောင်း...

သို့ဖြစ်၍ ကျောက်ပန်းတောင်းသို့ ရောက်လျှင် ပုပ္ပါးသို့ ရောက်သလိုဖြစ်ကြောင်း၊ ကျောက်ပန်းတောင်းမှ လှမ်းခေါ်လျှင် ပုပ္ပါးမှ ကြားရမည်ဖြစ်ကြောင်း၊ အဲဒီလောက် နီးကြောင်း သူမှ ပြောပြီးလျှင် မနက်ဖြန်ထွက်မည့် ကားအတွက် ထိုင်ခုံနေရာရရန် တစ်ခါတည်း လက်မှတ်ဖြတ်သွားပါဟု ကျွန်ုပ်အား အကြံပြုလေ၏။



ကျွန်ုပ်လည်း ထိုင်ခုံဇယားကို တောင်း၍ကြည့်ပြီး "တဲ့ရော့"ပညာရပ်တွင်နိမိတ်ကောင်းသော ဂဏန်းဖြစ်သည့် နံပါတ်(၁၉)ကို ပေးပါဟု လက်မှတ်ရောင်းအား ပြောလိုက်၏။ သူသည် ကျွန်ုပ်၏ နာမည်ကို မေး၍ ဇယား၌ မှတ်၏။ ပြီးလျှင် ကျွန်ုပ်အား...

'ရန်ကုန်မှ ကျောက်ပန်းတောင်း ကားလက်မှတ်အတွက် (၁၄၀၀)ကျပ် ကျတယ်'

ဟု ပြောပြီး လက်မှတ်ကို ဖြတ်၍ ကျွန်ုပ်အား ပေးလိုက်၏။ ကျွန်ုပ်လည်း (၁၀၀၀)ကျပ်တန် (၂)ရွက် ထုတ်ပေးလိုက်ပြီး ပိုငွေကို လက်ဖက်ရည်ဖိုး ယူလိုက်ပါဟု ပြောလိုက်ရာ နွားနို့၊ သကြား၊ နို့ဆီ၊ ထောပတ်၊ ပျားရည်၊ ထန်းလျက် စသော အချိုဓာတ်များ ပေါင်းစပ်ထားသည့် ချို့,အီ,ဆိမ့်သော မျက်နှာဖြင့် ကျွန်ုပ်အား သွားများ ဖြဲပြလိုက်လေတော့သည်။

[ ၇ ]

ကျွန်ုပ်၏ မိတ်ဆွေကြီး ကိုမူတူးတို့ လင်မယား အိမ်ပြန်ရောက်၍ ညစာ ထမင်းစားပြီးချိန်တွင် ကျွန်ုပ်မှ ကိုမူတူးအား...

'ကိုတူး ကျွန်တော်တော့ ပုပ္ပါးသွားဖို့ ကားလက်မှတ် ဖြတ်ပြီးပြီ။ မနက်ဖြန် ညနေ(၅း၀၀)နာရီ စော်ဘွားကြီးကုန်း အဝေးပြေးဝင်းမှာ သွားစီးရမယ်'

ဟု ပြောလိုက်၏။

ထိုအခါ ကိုမူတူးမှ...

'ပုပ္ပါးက သစ်ပင်တောတောင် ပေါတော့ အေးတယ်။ အဲဒီတော့ ပုပ္ပါးရောက်ရင် ချမ်းနေလိမ့်မယ်။ ကျုပ်ရဲ့ ဆာဖာရီကုတ်ကို ယူသွား။ ဟိုရောက်တော့ ချမ်းတဲ့အခါ ဝတ်ရတာပေါ့'

ဟု ဆိုကာ သူကိုယ်တိုင်ထပြီး ဗီရိုဖွင့်ကာ ကုတ်အင်္ကျီကို ထုတ်၍ ကျွန်ုပ်အား ပေးလေသည်။

သူ၏ဇနီး ဒေါ်မြင့်မြင့်သန်းမှလည်း ပုပ္ပါးရောက်လျှင် ကျန်းမာရေး ဂရုစိုက်ရန်၊ ရေချိုးဆင်ခြင်ရန်နှင့် အကြောင်းကိစ္စရှိပါက သူမ၏ရုံးသို့ ဖုန်းဆက်အကြောင်းကြားပါဟု ကျွန်ုပ်အား သူတို့လင်မယားနှစ်ယောက်မှ တစ်ယောက်တစ်မျိုး မှာကြားလေတော့၏။

ကျွန်ုပ်လည်း သူတို့၏စကားအတိုင်း နားထောင်မည်ဖြစ်ကြောင်း သူတို့ စိတ်ချမ်းသာစေရန် ပြန်ပြောရလေတော့သည်။

ကျွန်ုပ်၏ ရင်တွင်း၌လည်း ကိုမူတူးတို့လင်မယားနှင့် နေလာသည်မှာ တစ်နှစ်ခန့် ကြာပြီဖြစ်၍ မိသားစုပမာ တစ်ဦးအပေါ်တစ်ဦး သံယောဇဉ်တွယ်တာနေမိပြီ ဖြစ်လေသည်။

တကယ်တမ်း ခွဲခွာရတော့မည် ဆိုသောအခါ ကျွန်ုပ်သည် ဝမ်းနည်းသလိုလို ရင်ထဲ၌ ဟာတာတာကြီး ဖြစ်နေ၏။

ကျွန်ုပ်၏ အိပ်မက်ထဲမှ အဘိုးအိုက ကျွန်ုပ်အား ဘာတွေဘယ်လို ညွှန်ကြားချက်ပေးဦးမည်မသိ။

ကျွန်ုပ်၏ မိတ်ဆွေကြီး ကိုမူတူးတို့ လင်မယားနှင့် ကျွန်ုပ်သည် ကံကြမ္မာ အခွင့်အခါသင့်သော အချိန်တွင် ပြန်လည် တွေ့ဆုံကြရလိမ့်မည်ဟု ကျွန်ုပ်



www.burmeseclassic.com

www.burmeseclassic.com

မျှော်လင့်မိလေတော့သည်။

သူတို့ လင်မယားနှစ်ယောက်မှာလည်း ကျွန်ုပ်ကဲ့သို့ပင် ခံစားကြရလိမ့်မည်ဟု ကျွန်ုပ် လုံးဝ ယုံကြည်ပါသည်။ ကျွန်ုပ်တို့(၃)ဦးသည် တစ်ညလုံး မအိပ်ဘဲ စကားများစွာ ပြောမိကြ၏။

ကျွန်ုပ်အား ဘယ်ပဲရောက်ရောက် သူတို့ထံ ဆက်သွယ်ဖို့ အကြိမ်ကြိမ်ပြော၏။ ကျွန်ုပ်မှလည်း ကတိပေး၏။ အချိန်မှာလည်း သန်းခေါင်ကျော်ပြီဖြစ်၏။

အားလုံးလည်း အိပ်ချင်နေပြီဖြစ်၍ မိမိတို့ အိပ်ရာသို့ဝင်ရန် နာရီကြည့်လိုက်ရာ နံနက်(၃း၀၀)နာရီတိတိ ရှိပြီဖြစ်သည်ကို တွေ့လိုက်ရလေတော့သည်။

[ ၈ ]

ပုပ္ပါး–ဒဂုံ ကားလက်မှတ်တွင် ယာဉ်ထွက်ချိန် ညနေ(၅း၀၀)နာရီဟု ရေးထား၏။ ထို့ကြောင့် ယာဉ်မထွက်မီ (၁)နာရီခန့် စောရောက်ရန် ကျွန်ုပ်သည် အိမ်မှ ညနေ (၃း၃၀)နာရီတွင် ထွက်၍ ဦးဝိစာရလမ်းထိပ် "ခေမာ" မှတ်တိုင်မှ (၄၉)ကား စောင့်၍ စီး၏။

"လမ်း၀"မှတ်တိုင်တွင် ဆင်းပြီး စော်ဘွားကြီးကုန်းရောက်သည့် ကားကို ပြောင်းစီးရ၏။ စော်ဘွားကြီးကုန်း ပုပ္ပါး–ဒဂုံ ကားဂိတ်သို့ ကျွန်ုပ် ရောက်သွားချိန်တွင် ညနေ (၄း၃၀)နာရီ ရှိပြီဖြစ်၏။

ကျွန်ုပ် ရောက်ချိန်တွင် ခရီးသည်များသည် မိမိတို့၏ နေရာအသီးသီးတွင် တက်ပြီး နေရာယူနေပြီဖြစ်၏။ ကျွန်ုပ်လည်း ကားကြီးပေါ်တက်၍ ခုံအမှတ်(၁၉)ရှာပြီး ထိုင်ခုံအပေါ်၌ရှိသော ပစ္စည်းတင်စင်ပေါ်သို့ ကျောပိုး အိတ်ကိုတင်ပြီး ထိုင်ခုံတွင် ထိုင်လိုက်၏။

ပုပ္ပါး–ဒဂုံ ကားကြီးမှာ (၅း၀၀)နာရီတိတိအချိန်တွင် အဝေးပြေးဝင်းမှ ပြည်လမ်းမကြီးအတိုင်း စတင် ထွက်ခွာလေတော့သည်။

ကျွန်ုပ်ထိုင်ခုံ၏ နံဘေးမှာ နံပါတ် (၂၀) ဖြစ်၏။ ထိုခုံတွင် ထိုင်နေသူမှာ ခေါင်းတုံးပြောင်အောင် ရိတ်ထားပြီး အပေါ်ဖြူ၊ အောက်ဖြူနှင့် လွှန်စွာကြီးသော ပေပုတီးကုံးကြီးကို လည်ပင်း၌ စွပ်ထားသော၊ လွှန်စွာဗိုက်ရွှဲ၍ အသားညိုသော ဖိုးသူတော်ကြီးတစ်ဦးအား တွေ့လိုက်ရလေ၏။

ဖိုးသူတော်ကြီးသည် ကျွန်ုပ်အား ပြုံးပြ၏။ ပြီးလျှင်...

'လူကလေး ကျောက်ပန်းတောင်း အထိလား'

ဟု မေး၏။ ကျွန်ုပ်လည်း...

'ဟုတ်ကဲ့ ဖိုးသူတော်ကြီး'

ဟု ဖြေလိုက်၏။ ထိုအခါ ဖိုးသူတော်ကြီးသည် ကျွန်ုပ်အား...

'ကျောက်ပန်းတောင်းကို အလည်သက်သက်ပဲလား။ တခြားဘယ်သွားဦးမှာလဲ'

ဟု ကျွန်ုပ်အား စပ်စုလေတော့၏။

ကျွန်ုပ်လည်း ဖိုးသူတော်ကြီးအား ကျွန်ုပ်၏ ထူးဆန်းသော အိပ်မက်အကြောင်းကို ပြန်ပြောပြ၏။ အိပ်မက်ထဲမှ အဘိုးအို၏ စေညွှန်မှုဖြင့် ယခု ပုပ္ပါးတောင်ကလပ်သို့သွားပြီး အဓိဋ္ဌာန်ဝင်မည်ဖြစ်ကြောင်း ပြောလိုက်၏။

ဖိုးသူတော်ကြီးက ကျွန်ုပ်အား ပုပ္ပါး၌ အဓိဋ္ဌာန်ဝင်သည် ကိစ္စနှင့် ပတ်သက်၍ သူ့အနေနှင့် အစစ အဆင်ပြေအောင် ကူညီပေးမည်ဖြစ်ကြောင်း၊ သူလည်း ဂန္ဓာရီလှည့်နေသူဖြစ်ကြောင်း၊ ယခု သာမညှ မြစောညီနောင်ဘုရားတွင် (၄၉)ရက် အဓိဋ္ဌာန်ပြီး၍ ပုပ္ပါးကို အဓိဋ္ဌာန်လာဝင်ခြင်းဖြစ်ကြောင်းနှင့်...

သူ၏ ဂန္ဓာရီခရီး အတွေ့အကြုံများ
ကို ကျွန်ုပ်အား ပြောပြလေရာ သူ
ပြောသမျှကို နားထောင်ရင်း လိုက်ပါ
လာခဲ့၏။

ညဥ့်သန်းခေါင်ကျော်တွင် အဝေး
ပြေးယာဉ်များ ရပ်နားရာ အင်းမ
"ဖိုးလမင်း" စားသောက်ဆိုင်ကြီး
ကားမှာ ခေတ္တ နားလေ၏။

ကျွန်ုပ်နှင့် ဖိုးသူတော်ကြီးသည်
ကားပေါ်မှ ဆင်း၍ ရေအိမ်သွား
မျက်နှာသစ်၏။ ထို့နောက် ဆိုင်ထဲသို့
ဝင်၍ ဖိုးသူတော်ကြီးသည် ရာသက်
ပန် သက်သတ်လွတ်နှင့် ဥပုသ်ယူထား
သည်ဟု ဆိုကာ လိမ္မော်အချိုရည်(၁)
ပုလင်း မှာသောက်၏။

ကျွန်ုပ်အား ကြိုက်ရာ မှာစားခိုင်း
ကျွန်ုပ်လည်း ဘူးသီးကြော်နှင့် မုန့်ဟင်း
ခါး(၁)ပွဲ မှာစား၏။ စားသောက်ပြီးလျှင်
ကျွန်ုပ်သည် စားပွဲထိုးလေးအား ခေါ်၍
ငွေရှင်းသည်ကို ဖိုးသူတော်ကြီးမှာ
လက်မခံဘဲ သူ၏ လွယ်အိတ်ပွကြီးထဲ
သို့ လက်နှိုက်လိုက်၏။

လက် ပြန်ထုတ်လိုက်သောအခါ
တွင် ငါးရာကျပ်တန် တစ်ရွက်ပါလာ
စားပွဲထိုးအား ငါးရာကျပ်တန်ပေးလိုက်
၏။ စားပွဲထိုးလေးမှ ပြန်အမ်းငွေကို
ဖိုးသူတော်ကြီးသည် သူ၏ လွယ်အိတ်
ပွကြီးထဲသို့ ပြန်ထည့်လိုက်၏။

ပြီးလျှင် ကျွန်ုပ်တို့နှစ်ဦးသည်
အိပ်(စ်)ပရက်ကားကြီးပေါ်သို့ ပြန်တက်
၏။ (၁၀)မိနစ်ခန့်ကြာလျှင် ကားပေါ်
တွင် လူစုံပြီဖြစ်၍ အဆိုပါ "ဖိုးလမင်း"
စားသောက်ဆိုင်ကြီးမှ ကားကြီးသည်
ကျောက်ပန်းတောင်းမြို့သို့ ဦးတည်က
ထွက်ခွာလာခဲ့လေတော့သည်။


**ရှေ့လ ဆက်ဖတ်ပါရန်**

**ပိုင်ဘုန်းကျော်**



www.burmeseclassic.com

www.burmeseclassic.com



# မြွေပျံ ဆိုတာလား

မေနှင်းဝို့
(တောင်ငူ)

စာရေးသူသည် ဤသတင်းကို ကြားသည်နှင့် မြွေပျံတွေရှိသည်ဆိုသော နေအိမ်သို့ ဆိုင်ကယ်လေးဖြင့် ရောက်ခဲ့ပါသည်။ အိမ်ရှင်က ပြောပါသည်။ သူ့မိသားစုနှင့်တကွ အိမ်နီးချင်းများပါ တွေ့ရှိခြင်းဖြစ်ကြောင်း၊ ရုတ်တရက် မမျှော်လင့်ဘဲ တွေ့ရှိခြင်းမို့ ကြောက်နေ၍ ဓာတ်ပုံရိုက်ဖို့ စိတ်တောင် မကူးမိပါကြောင်း ပြောပြပါသည်။

ပထမတစ်ရက်က မြွေပျံဓာတ်ပုံ မရသောကြောင့် စာရေးသူလည်း အားလျှော့ပြီး ပြန်ခဲ့ပါသည်။ သို့သော် မိမိနေအိမ်အရောက်တွင် စဉ်းစားမိခြင်းက ဤအဖြစ်အပျက်ကလေးမှာ ထူးခြားသည့် ဖြစ်ရပ်မှန်လေးပဲ၊ မြွေပျံဓာတ်ပုံမပါလည်း ကာယကံရှင်တွေ၏ ဓာတ်ပုံနှင့် ဖြစ်ပျက်သည့် နေရာလေးတွေကို ဓာတ်ပုံရိုက်ခွင့်တောင်းပြီး ရေးသားတင်ပြရလျှင် ကောင်းမှာပဲဟု တွေးမိပြီး ညီမလတ် မြမြဝင်းနှင့် တိုင်ပင်ကာ နောက်တစ်ရက် ညနေခင်းမှာ မောင်နှမနှစ်ယောက် ထပ်သွားဖြစ်ပါသည်။

သို့သော်လည်း စာရေးသူ၏ စိတ်ကူးက ဂျက်မတည့်ပြန်ပေဘူး။ ဘာကြောင့်လည်းဆိုတော့ ဒီအကြောင်းလေးတွေကို ရေးခွင့်ပြုသော်လည်း သူတို့က ဝန်ထမ်းတွေဖြစ်တာမို့ ဓာတ်ပုံအရိုက်မခံပါရစေနှင့်ဟု ဆိုလာသဖြင့် ဤဖြစ်ရပ်မှန်လေးကို ကာယကံရှင်တို့ ပြောပြသည့်အတိုင်း စာစီပြုရေးသား တင်ပြလိုက်ရပါသည်။

မြွေပျံတွေရှိတယ်ဆိုသော အိမ်ကလေးမှာ သုံးပင်ပတ်လည် အိမ်ကလေးဖြစ်ပြီး အိမ်မမှ ခြေရင်းဘက်က တစ်ဆင့်နိမ့် ဆောင်ကပ်ကလေးရှိပြီး မြေပြင်အထက် သုံးပေအကွာလောက် မြင့်ပါသည်။

သွပ်မိုး,ထရံကာ, မြေစိုက်တစ်ထပ် အိမ်ကလေး ဖြစ်ပါသည်။ ဆောင်ကပ်က မီးဖိုနှင့် ထမင်းစားခန်း ဖြစ်ပါသည်။

ထိုဆောင်ကပ်မှာ လှေကားတပ်ထားပါသည်။ အိမ်မ၏ ခေါင်းရင်းဘက်ထောင့်ခန်းက အိပ်ခန်း ဖြစ်ပါသည်။ ခန်းပွင့်က ခုနစ်ပေခန့် ရှိပါသည်။ သွပ်မိုး၏ အောက်မှာကပ်လျက် တန်းများထိုးထားပြီး ယင်းတန်းများပေါ်မှာ ပျဉ်ချပ်များ အရွယ်မျိုးစုံ စီခင်း၍ သွပ်မိုးအပူဒဏ် သက်သာရန် ထပ်ခိုးအနိမ့်ကလေး ပြုလုပ်ထားပါသည်။ ထပ်ခိုးနှင့် ကြမ်းပြင်က ရှစ်ပေလောက်ကွာ (မြင့်)ပါသည်။

၂၀၁၂ ခုနှစ်၊ စက်တင်ဘာလကုန်ပိုင်းလောက်မှာ ည(၈)နာရီအချိန်လောက်တွင် လင်းနို့တစ်ကောင်မှာ အိမ်နောက်ဘက် ပြတင်းပေါက်မှ အိမ်ထဲသို့ ပျံဝင်လာပါသည်။

လင်းနို့မှာ အိမ်ထဲတွင် နှစ်ပတ်, သုံးပတ်လောက် လှည့်ပျံနေရင်းက အိမ်နောက်ဖေးအခန်း အထက်ရှိ ထပ်ခိုးကြားထဲမှ မြက်လျှောမြွေ အငယ်စားလောက်ရှိသည့် စိမ်းဖန့်ဖန့်အရောင်ရှိသော မြွေပျံတစ်ကောင် ထွက်လာပြီး လင်းနို့နောက်ကို ပတ်လိုက်ပါတော့သည်။

မြွေပျံ၏ အတောင်ပံမှာ ခေါင်းပိုင်းရှိ နားပေါက်နေရာလောက်မှ တစ်ဖက်တစ်ခု ခပ်သေးသေး ထွက်ရှိနေခြင်းဖြစ်ပါသည်။ မြွေ၏ တောင်ပံနှစ်ဖက်မှာ လင်းနို့တောင်ပံလို အရေပြားတောင်ပံဖြစ်ပြီး နှစ်လက်မအရွယ်ခန့် ရှိပါသည်။

ထိုကဲ့သို့ လင်းနို့ကို အိမ်ထဲမှာ နှစ်ပတ်,သုံးပတ် ပတ်လိုက်နေသော မြွေပျံကို အိမ်သားများလည်း မမြင်ဘူးသဖြင့် ပထမတွင် မှင်တက်မိနေပြီး အံ့ဩလျက် ကြောင်ကြည့်နေကြရာမှ နောက်တော့ မြွေမှန်းသိသဖြင့် အန္တရာယ်ဖြစ်မှာ ကြောက်၍ အိမ်အောက်သို့ ဆင်းပြေးကြပါသည်။

ထိုညတွင် နေအိမ်မှာ မအိပ်ရဲကြသဖြင့် အိမ်ရှင်ဖြစ်သူ၏ ညီမအိမ်မှာ သွားအိပ်ကြရပါသည်။

ဤကဲ့သို့ တွေ့ရှိပြီး တစ်ပတ်ခန့်အကြာမှာ အိမ်ရှင်၏ သမီးဖြစ်သူသည် အစာအိမ်ရောဂါ ဖြစ်နေသဖြင့် နေအိမ်၏ အိပ်ရာထက်တွင် ခြင်ထောင်ထောင်ထားပြီး ဝေဒနာခံစားနေရစဉ် ည(၈)နာရီအချိန်လောက်မှာ ယခင်ကလိုပဲ လင်းနို့တစ်ကောင် ဝင်လာပြီး ခြင်ထောင်အထက်မှာ ပတ်ပျံနေပါ



www.burmeseclassic.com

www.burmeseclassic.com

သည်။

ထိုစဉ် နောက်ဘက်မှ ဝင်လိုက်လာသော ယခင်တွေ့ရှိသည့် မြွေပျံမှာ လင်းနို့နောက်ကို နှစ်ပတ်,သုံးပတ် လိုက်ပျံ(လိုက်ဖမ်း)နေရာက အိမ်ရှေ့ရှိ ခေါင်းရင်းပြတင်းပေါက်မှ ထွက်ပျံသွားကြပြီး နေအိမ်၏ မျက်စောင်းထိုးရှိ အခြားအိမ်ကြီး၏ နောက်ဖေး ပြတင်းပေါက်မှတစ်ဆင့် ထိုအိမ်ကြီးအတွင်းသို့ ဝင်သွားကြပါသည်။

ထိုအခြင်းအရာအားလုံးကို လူနာစောင့်ကြည့်နေကြသူများ ဖြစ်ကြသော ဖခင်,မိခင်နှင့် အဒေါ်,လူနာ မိန်းကလေးတို့အားလုံးက မြင်တွေ့ကြရသည်။ အပြင် တစ်ဖက်အိမ်သို့ ပျံဝင်သွားတာကိုလည်း ထိုတစ်ဖက်အိမ်မှ အိမ်သားတို့လည်း တွေ့ရှိခဲ့ကြရပါသည်။

နောက်တစ်နေ့မှာ အစာအိမ်ရောဂါဖြစ်နေသော သမီးကို ဆေးရုံမှာ ခွဲစိတ်ကုသလိုက်ရပါသည်။ ယခုအချိန်မှာတော့ သက်သာပျောက်ကင်းသွားပါပြီ။

ယခုလိုမျိုး မြွေပျံတွေ့ရှိမှုနှင့် ပတ်သက်၍ အိမ်ရှင်မိခင်က စာရေးသူကို "အကောင်းအဆိုး ဘယ်လိုရှိပါသလဲ" ဟု မေးပါသည်။ စာရေးသူက ဤလိုမျိုး အတောင်ပံနှင့် ပျံသည်ဆိုသော မြွေပျံမျိုး မတွေ့သိဘူးပါကြောင်း၊ အတောင်မပါဘဲ မြေကြီးမှာ ထောက်ခုန်ပြီး ပျံသည်ဆိုသော မြွေပျံမျိုးကိုသာ ဖတ်သိဖူးပါကြောင်း ပြောခဲ့ပါသည်။

သို့ပါ၍ စာရှုသူ သုတရှိသူများမှ **ဤလိုမျိုး အတောင်ပံဖြင့် ပျံသည်ဆိုသော မြွေပျံအကြောင်းကို** ဤ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ ဆက်လက်ရေးသားဖော်ပြပေးပါရန် မေတ္တာရပ်ခံ တင်ပြအပ်ပါသည်။

**စေန္ဒာမိုး** *(တောင်ငူ)*

မြန်မာ့ရိုးရာ

# လာဘ်ရွှင်စေသည့်

အစီအရင်





**စစ်ကိုင်းတောင်ရိုး၊ ကန်ကြွေ့အနီးရှိ ရွာလေးထပ်ကျောင်း ဆရာတော် ဦးပဏ္ဍိတအား** သွားရောက်ဖူးမြော်စဉ် ရွာလေးထပ် မူလကျောင်းတိုက်ကြီးအတွင်းမှ ထူးခြားသော ရုပ်တုတစ်ခုကို တွေ့ရှိရသည်။ မေးလျှောက်ကြည့်သောအခါ ဆရာတော်က...

'ကုန်းဘောင်ဆက်တုရင်တွေ လှူဒါန်းတဲ့ ပထမ ရွာလေးထပ်ဆရာတော်ကြီး ပြုလုပ်ထားတဲ့ အစီအရင်ပါ။ သောကြာသား ဖြစ်တာမို့ ပူးရုပ်ကို ငါးစားနေဟန် ပြုလုပ်ထားတယ်။ ငါးက တနင်္လာနံ ငွေကြေးကို ကိုယ်စားပြုတယ်။ ငွေကြေး(ဝတ္ထု) အခက်အခဲ မဖြစ်ရလေအောင် လူဝတ်ကြောင်တွေ အတွက်ဆိုရင် လာဘ်လာဘ ရွှင်လန်းစေအောင်ဆိုတဲ့ ရည်ရွယ်ချက်ပါ။

အောက်ခံခုံမှာ ကြာပင်ကြာရိုးတွေ ငါးကလေးတွေ ဝေဝေဆာဆာနဲ့ ရေကန်ရေပြင်သဏ္ဍာန် သရုပ်ဖော်ထားတယ်။ တကယ်ထိရောက်တဲ့ အစီအရင်ပါပဲ။ ရွာလေးထပ်ကျောင်းတိုက်ကြီး ပစ္စည်းလေးပါး အထောက်အပံ့ ပြည့်စုံစွာနဲ့ နှစ်ပေါင်းရာချီ တည်တံ့နေနိုင်တာကို ကြည့်ရင် သိသာပါတယ်'

ဟု မိန့်ကြားတော်မူလေသည်။ မိမိတို့၏ မွေးနေ့နံ တိရစ္ဆာန်အရ ငါးစားနေဟန် ထုလုပ်ဆောင်ထားကြခြင်းဖြင့် လာဘ်လာဘ ရွှင်လန်းခြင်းကို ရရှိနိုင်ပေသည်။

*(ရှင်းလင်း မိန့်ကြားပေးတော်မူသော ရွာလေးထပ်ကျောင်း ဆရာတော် ဦးပဏ္ဍိတအား ရှိသေစွာ ကန်တော့အပ်ပါသည်ဘုရား)*

ခရီးသည် သုတေသီ



www.burmeseclassic.com

www.burmeseclassic.com

# ဇင်းကျိုက် ကုလားမတောင်မှ

## ဖြစ်ရပ်ဆန်းများ

ပန်းသစ်ပွင့် (ရာမည)



သည့်ကာနေ့ခေတ် သည့် ထူးခြား ဆန်းကြယ်ခေတ်ဟု ဆိုလျှင် မှားနိုင်မည် မဟုတ်ပေ။ သာမန်လူတို့ သိနိုင်ဖွယ် ခဲယဉ်းသော ဉာဏ်ကို ဝိဇ္ဇာဉာဏ် ဂမ္ဘီရဆန်သည်ဟု ဆိုကြ၏။ ဂမ္ဘီရသိပ္ပ ဝိဇ္ဇာမရ လောကသည် တကယ်ပင် ထူးခြားဆန်းကြယ် လှပေသည်။

သာမန်လူတို့ သိနိုင်ဖွယ် ခဲယဉ်းသော ထူးခြားဆန်းကြယ် ဖြစ်ရပ်ဆန်းများသည် အနယ်နယ်အရပ်ရပ်၌ ရှိကြပါသည်။ ထိုအနယ်နယ် အရပ်ရပ်ထဲ၌ မြတ်စွာဘုရားဆံတော် တစ်ဆူ ကိန်းဝပ်တော် မူသော ဇင်းကျိုက် (ဂစ္ဆဂိရိ)တောင် မြတ်ကြီးပေါ်မှလည်း ဖြစ်ရပ်ဆန်းများစွာကို စာရေးသူ ရေးသားတင်ပြခဲ့ပြီး ဖြစ်ပါသည်။

ယခုတစ်ခါ ဇင်းကျိုက်(ဂစ္ဆဂိရိ) တောင်နှင့် တစ်ဆက်တည်း သွယ်တန်းနေသော ကုလားမတောင်တန်းပေါ်မှ ဖြစ်ရပ်ဆန်းများကို ရေးသားတင်ပြပေးပါမည်။ ကုလားမတောင်သည် အဘယ်ကြောင့် ကုလားမတောင်ဟု ခေါ်ရသနည်းဆိုတာ မေးဖွယ်ရာ စကား ရှိလာပါသည်။

မြန်မာနိုင်ငံအထဲ၌ ကုလားမတောင် နှစ်လုံးရှိပါသည်။ နောက်ထပ် တစ်လုံးမှာ ထိုင်းနိုင်ငံထဲ၌ ရှိပါသည်။ ယင်း ကုလားမတောင် သုံးလုံးသည့်ကား ဘယ်တောင်က အစစ်ဖြစ်သည်ဆိုတာကို ဝေခွဲမရ ခက်လှပေ၏။

ကရင်ပြည်နယ်၊ ဒေါနတောင်တန်းနှင့် တစ်ဆက်တည်း သွယ်တန်းနေသောတောင်ကို ကုလားမတောင်ဟု ခေါ်ဆိုကြောင်း သိရပြန်ပါသည်။ ယင်း ဒေါနတောင်တန်းနှင့် တစ်ဆက်တည်း တောင်ကို **"ကုလားမတောင်"**ဟု မြန်မာတစ်နိုင်ငံလုံး လူအများက သိထားကြ၏။

ထို တောင်ထိပ်တစ်နေရာ၌ ကုလားမပုံ ရုပ်တုတစ်ခုရှိကြောင်း ရှေးလူကြီးတို့၏ ပြောစကားများ ရှိခဲ့လေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထို့ကြောင့် ယင်းတောင်ကို ကုလားမတောင်ဟု ခေါ်ဆိုခဲ့ကြောင်း တွေးစရာရှိပါသည်။

တစ်ဖန် ကရင်ပြည်နယ်၊ မြဝတီမြို့၊ မဲ့ထောသလေးကျေးရွာမှ အဘိုး၊ အဘွားတို့ကလည်း ကုလားမတောင်ဆိုတာက ထိုင်းနိုင်ငံမှာရှိကြောင်း ပြောပြန်သည်။

အဘိုးအဘွားတို့၏ စကားအရ ယခု မြန်မာနှင့်ထိုင်းနယ်ကြားရှိ သောင်းရင်းမြစ်ရေသည် မြစ်ဖျားခံရာနေရာ၌ ကုလားမရုပ်တုပုံရှိသည်။

ကုလားမရုပ်တု၏ ပေါင်ကြားထဲမှ ရေများ တသွင်သွင် စီးကျကာ သောင်းရင်းမြစ်ရေ ဖြစ်လာရသည်ဟု ဆိုကြ၏။ **ထိုမြစ်ရေကို သူတော်စင်ပုဂ္ဂိုလ်များ၊ ဆရာလုပ်သူများ၊ အဆောင်ရှိသောသူများ လုံးဝ မသုံးကြောင်းသိရ၏။**

တစ်ဖန် ယင်းမြစ်ရေသည် ဟိုယခင်က (၇)နှစ်တစ်ကြိမ်၊ ယခု(၃)နှစ်တစ်ကြိမ် ရေနီများ ဆင်းသည်ဟု သိရ၏။ တပေါင်းလတွင်း၌ ဆင်းတတ်၏။ လကွယ်ညမျိုးသာ ဆင်း၍ တွေ့မြင်ကြသော လူများလည်း ရှိကြလေသည်။ ရေနီဆင်းသောနှစ်၌ မြဝတီမြို့တွင် ရေကြီးသည်။

အိမ်တွေပါ မြုပ်၍ တောင်ကုန်းပေါ်က ဘုန်းကြီးကျောင်းသို့ လူများခိုလှုံရပေ၏။ မြဝတီမြို့၊ မဲ့ထောသလေးကျေးရွာမှ အဘိုးအဘွားတို့၏ စကားမှာ စိတ်ဝင်စားစရာကောင်းလှ၏။ ရာဇဝင်ကို အတိအကျမသိရတော့ ဒဏ္ဍာရီဆန်ဆန်ဖြစ်နေပြန်၏။

ရှေးတုန်းက ရာဇဝင်တွင် စာတင်ခံရသော ကုလားမဦးရေ မည်မျှရှိသနည်းဟု မေးဖွယ်ရာ စကားရှိလာပြန်သည်။ တစ်ဖန် ဖင်းကျိုက်(ဂန္ဓဂိရိ)တောင်နှင့် တစ်ဆက်တည်း သွယ်တန်းနေသော တောင်သည်လည်း ရှေးတုန်းကပင် ကုလားမတောင်ဟု အမည်တွင်ထားပြန်၏။

ဖင်းကျိုက်ရွာ(ယခု ဖင်းကျိုက်မြို့)မှ အဘိုးအဘွားတို့၏ ပြောစကားများမှာ ယနေ့ထိတိုင် တိမ် မြုပ်သွားခြင်းမရှိ။ ဖင်းကျိုက်ရွာသူရွာ သားတိုင်းလိုလို ကုလားမအကြောင်းကို ပြောတတ်ကြလေသည်။ အဘယ်ကြောင့်ဆိုသော် **ကျောက်သင်္ဘောနှင့် ခြေရာတစ်ခု** ရှိနေခြင်းကြောင့်တည်း။

ဖင်းကျိုက်တောင်မှ ကုလားမရာဇဝင်မှာက အကျဉ်းချုပ်သာ သိကြ၏။ ရှေးစကားအရ အနောက်မဇ္ဈိမဒေသမှ အမည်မသိ ကုလားမတစ်ဦး သင်္ဘောဖြင့် မျောပါလာပြီး လှေဆိပ်ရောက်ခါနီးမှာ သင်္ဘောပျက်သဖြင့် သင်္ဘောကို ခြေကန်ဆွဲပြီးနောက် ရင်ကွဲနာကျကာ သေသွားသည်ဟု ဆိုကြလေသည်။

ယခုထိပင် ကုလားမခြေဖနောင့်ရာနှင့်သင်္ဘောမှာ အထင်အရှား ရှိနေပါသည်။ ကျန်ခြေရာတစ်ဖက်မှာ ဘယ်သို့သော နေရာ၌ ရှိသည်ဆိုတာ မသိ။

ကျောက်သင်္ဘောသည် ကုလားမဆွဲသောသင်္ဘောဖြစ်၏။ ဖနောင့်ရာမှာ သင်္ဘောကျောက်တုံးအပေါ် ကျောက်ဖျာ၌ ထင်နေသည်။ ယခင်က စပါး (၂၅)တင်းဝင်သည်။

ထို့ကြောင့် ကုလားမရုပ်အလောင်းကောင်သည် ယခု ဖင်းကျိုက်ရွာမှ ကုလားမတောင်ဖြစ်နေသည်ဟု ဆိုကြလေသည်။

ရန်ကုန်–မုတ္တမ ကားပေါ်ကပင် ကြည့်ကြည့်၊ ရထားပေါ်ကပင်ကြည့်ကြည့် တောင်တန်းကြီးမှာ မိန်းမတစ်ယောက် ပက်လက်အနေအထား အိပ်နေသကဲ့သို့ ပုံထွန်းနေလျက် ရှိပါသည်။

တောင်ဘက်သို့ ဦးခေါင်းပြုပြီး မြောက်ဘက်သို့ ခြေဆင်းထားလေ၏။ ဆံပင်ကို ဖားလျားဖြေချထားပုံ။

မည်ကဲ့သို့ပင် ကြည့်ကြည့်မိန်းမတစ်ယောက် ပက်လက်အနေထား အိပ်နေပုံသကဲ့သို့ပင်။ ယင်းကုလားမတောင်ထိပ်ပေါ်၌ ဟိုယခင်က ကုလားမရုပ်တုတစ်ရုပ်နှင့် ငရုတ်စိမ်းမိုးမျှော်ပင်၊ ရေကန်တစ်လုံးရှိလေသည်။

ကုလားမရုပ်မှာ မတ်တတ်အနေထားဖြစ်ပြီး ယင်း၏ ပေါင်ကြားထဲမှ ရေများ စီးယိုထွက်နေသည်။ ယင်းရေများသည် ရေကန်ထဲသို့ ဝင်၏။ ထိုရေကန်ထဲ၌ ငွေသားများစွာရှိပြီး





www.burmeseclassic.com

www.burmeseclassic.com

ယင်းငွေသားများကို ယူလျှင် တစ်ကိုယ်လုံး ယားသည်ဟု ဆိုကြသည်။ ရေကန်အမည်မှာ **ငွေယားကန်**ဟု ခေါ်သည်။

ငရုတ်စိမ်းမိုးမျှော်ပင်မှာ လူနှစ်ဖက်ခန့်မက ကြီးပြီး စားလျှင် အင်မတန်စပ်ကြောင်းသိရသည်။ ယခုခေတ်မှာတော့ ထိုအရာအားလုံး ပျောက်ကွယ်နေသည်။

အချို့သော ဝါးခုတ်မျှစ်ချိုးသူတို့ မျက်စိလည် လမ်းမှား၍ ကုလားမရုပ်တုနှင့်တကွ ငရုတ်စိမ်းမိုးမျှော်ပင်၊ ရေကန် (ငွေယားကန်)ကို တွေ့ခဲ့ရ၏။ နောက်နေ့ပြန်သွားလျှင် လုံးဝပင် ရှာမတွေ့တော့ပေ။ သို့သော် ထိုအရာအားလုံးသည် တကယ်ပင်ရှိကြောင်း သိရ၏။

အဘယ်ကြောင့်ဆိုသော် လွန်ခဲ့သော နှစ်ငါးဆယ်ခန့်က သက်န်းလှန်းတောင်စေတီမိုးကြိုးခ၍ ဝိဇ္ဇာဘုန်းကြီး ပြန်လည် ပြုပြင်ပြီးသောအခါ၌ ဒကာရင်းဖြစ်သော ဦးစံထွန်း၊ ဦးအောင်သိန်း၊ ဦးပိန် သူတို့ညီအစ်ကိုသုံးဦး ဂန္ဓာရီခရီးဖြင့် ကုလားမတောင်ထိပ်သို့ သွားကြ၏။ တောင်ထိပ်သို့ ရောက်သောအခါ ဝိဇ္ဇာဘုန်းကြီးမှ ပြောသည်။

ဤတောင်ထိပ်၌ ကုလားမရုပ်တုနှင့်ငရုတ်စိမ်းမိုးမျှော်ပင် ရေကန်(ငွေယားကန်) ရှိကြောင်းပြောလေ၏။ ထို့နောက် ယင်းနေရာသို့ ဒကာသုံးဦးအား ခေါ်သွား၍ ပြသည်။ ယင်းနေရာသည် လမ်းနှင့် သိပ်မဝေးလှ။

သို့သော်လည်း နောက်တစ်ခေါက် ဘုန်းကြီးမပါဘဲနှင့် ညီအစ်ကိုသုံးယောက် ထိုနေရာသို့ သွားကြ၏။ လုံးဝပင် ရှာမတွေ့ဘဲ ပြန်လာခဲ့ကြသည်။ ဝိဇ္ဇာဘုန်းကြီးမှာလည်း ခရီး



ထွက်မည်ဟု ဆိုကာ အဲဒီနှစ်အတောတွင်းကပင် ပျောက်သွားတော့၏။

နောက်ပိုင်း၌ ကုလားမတောင်ထိပ်ပေါ်သို့ လူအရောက်အပေါက် များလာကြသည်။ မကြာခဏ ကုလားမရုပ်တုနှင့် ငရုတ်စိမ်းမိုးမျှော်ပင်၊ ရေကန် (ငွေယားကန်)ကို မျက်စိလည်၍ တွေ့ကြသူတွေရှိ၏။ တချို့ဆို ကြွေကျနေသော ငရုတ်စိမ်းမိုးမျှော်သီးများ အိမ်သို့ ယူလာခဲ့ကြ၏။ ငရုတ်စိမ်းသီးမှာ အတော်စပ်သဖြင့် တစ်တောင့်ကပင် ပိုမတို့နိုင်ဟု သိရ၏။

ဤသို့နှင့် ဇင်းကျိုက် ကုလားမတောင်ထိပ်၌ အံ့သြစရာကောင်းလှသော ဖြစ်ရပ်ဆန်းများတစ်ချို့ တစ်ခါက ရှိခဲ့ပါပေ၏။

ယခုခေတ်မှာတော့ ယင်းကဲ့သို့သော ဖြစ်ရပ်ဆန်းကို ကြုံဖူးသူဆိုတာ တစ်စုံတစ်ယောက်မှပင် မရှိပေ။ ဇင်းကျိုက်ရွာမှ မိန်းကလေးတစ်ဦး အိပ်မက်ထူးရပုံမှာ ကုလားမတောင်နှင့် ဆက်စပ်နေသည်။

မိန်းကလေးမှာ ဗမာမိဘမှ မွေးဖွားပြီး ကုလားမရုပ်ပုံ ပေါက်နေ၏။ ငယ်စဉ်အခါက ညဘက် ကြယ်ပေါ်မှ ထမင်းစားခြင်း၊ တစ်ခါတစ်ရံ ငိုနေတတ်သည်။

တစ်နေ့ မိဘများ မသိခိုက်မှာ သူငယ်ချင်းတစ်စုနှင့် အိမ်သုံး ထင်းခုတ်ရန် ကျောက်သဘော်ပေါ်သို့ ရောက်ခဲ့သည်။ ထင်းခုတ်နေရင်းကပင် မိန်းကလေးမှာ မျက်ရည်တွေ တပေါက်ပေါက် ကျလာသည်။

သူငယ်ချင်းများက ဘာဖြစ်လာတာလဲဟု ဝိုင်းမေးကြသည်။ မိန်းကလေးက ဒီနေရာသည် သူမ နေဖူးသလိုလိုရှိကြောင်း၊ ပြီးတော့ မိဘမောင်နှမတွေကိုလည်း သတိရ၍ငိုမိကြောင်း ပြောသည်။

ကြာလာတော့ မိန်းကလေးမှာ ရယ်လိုက် ငိုလိုက် ဖြစ်လာတော့၏။ သူငယ်ချင်းတွေမှာလည်း မိန်းမသားတွေဖြစ်၍ ကြောက်နေကြ၏။ ထို့နောက် ထိုနေရာမှ အမြန်ဆုံးထွက်ခွာဖို့ သူမကို ဝိုင်း၍ ချော့မော့ပြောကြလေသည်။ မရ။ ဒီနေရာမှပင် သူမနေတော့မည်ဟု ပြောတော့သည်။

ထို့နောက် အဖော်မိန်းကလေးများက သူမကို အတင်းဆွဲဆင်းခဲ့ကြ၏။ ညောင်ကလာကာပင်အောက် ရောက်မှ သူမ၏စိတ်က ပုံမှန်ဖြစ်လာတော့သည်။ အဲဒီကတည်းကစပြီး သူမကို တောင်ပေါ်သို့ မပေးသွားတာ ယခုထိပင်ဖြစ်ပါသည်။

မကြာခင်ကာလက သူမ၏ အိပ်မက်ဆန်းမက်ပုံကို သူမ၏ အမေမှ တစ်ဆင့်ကြားခဲ့ရပါ၏။ အိပ်မက်ထဲ၌ သူမကို ဝတ်ဖြူစင်ကြယ်ဝတ်ထားသော ကုလားအဘိုးကြီးတစ်ဦးလာခေါ်သွားသည်။

သူမက ''ဘယ်သွားမလို့လဲ''ဟု မေးတော့ အဘိုးကြီးက ကုလားမတောင်ဘက်သို့ လက်ညှိုးထိုးပြ၏။ အဲဒီအချိန်မှာ သူမစိတ်ထဲ၌ ဘာ

www.burmeseclassic.com

ကြောင့်ရယ်မသိ အဘိုးကြီး ညွှန်ပြရာသို့ စိတ်ဝင်စားနေမိသည်။ ထို့ကြောင့် အဘိုးကြီးနောက်မှ လိုက်ခဲ့လေ၏။

ကုလားမခေါင်းဟု ခေါ်သောနေရာ အရောက်မှာ အဘိုးကြီးက သူမကို ကြည့်၍"လာလာသမီး"ဟု ခေါ်သည်။ သူမ ကြည့်လိုက်တော့ ဂူပေါက်တစ်ခု တွေ့လိုက်ရသည်။ ထိုဂူပေါက်ထဲသို့ အဘိုးကြီးက သူမကို ခေါ်သွား၏။

ဂူထဲတွင် ရွှေငွေရတနာပစ္စည်းတွေက တောင်ပုံရာပုံ သူမငေးကြည့်နေသည်ကို အဘိုးကြီးကရယ်၏။ ရှေ့သို့ ရောက်လာသောအခါ အင်မတန်ချောမောလှပသော ကုလားမမိန်းမပျို ခြောက်ယောက်ကို သူမတွေ့ရ၏။

သူမကို တွေ့သည်နှင့် မိန်းမပျို ခြောက်ယောက်မှာ ငိုကြီးချက်မဖြင့် သူမကို ပြေးဖက်ငိုကြသည်။ သူမစိတ်သည်လည်း တဖြည်းဖြည်းနှင့် ဝမ်းနည်းလာတော့သည်။ အဘိုးကြီးက သူမကို တစ်နေရာသို့ လက်ညှိုးထိုးပြ၏။

သူမ ကြည့်လိုက်တော့ အံ့ဩသွားသည်။ အဘိုးကြီး လက်ညှိုးထိုးပြသောနေရာ၌ သူမနှင့်ခွဲမရအောင်တူသော အရုပ်တစ်ရုပ်ကို တွေ့လိုက်ရသည်။ သူမအသေအချာကြည့်၏။ သူမ ရုပ်ပုံပင်။

ကုလားမပျို ခြောက်ယောက်ကလည်း သူမကို ငိုပြီး ပြောကြသည်။ သူတို့နှင့်သာ အတူပြန်နေဖို့အကြောင်း ခဏခဏပြောတော့ အဘိုးကြီးက ကြားမှ ဝင်ပြောသည်။ သူမမှာ သာသနာပြုဖို့ ရှိသေးကြောင်း ပြောပြီး သူမကို ရှေ့သို့ဆက်ခေါ်သွားပြန်သည်။ ဒီတစ်ခါ သူမရောက်နေသော နေရာက ဂူအတွင်း၌ မဟုတ်တော့။

မြေပြန့်တစ်နေရာဖြစ်နေ၏။ သစ်ပင်



ဝါးပင်ကြီးများ အုပ်ဆိုင်းထားသော တောင်ပေါ် မြေပြန့်ထိပ်တစ်နေရာ။ ရှေ့ကုန်းကမူထိပ်သို့ အဘိုးကြီးမှ လက်ညှိုးထိုးပြသည်။

ထိုကုန်းထိပ်ရောက်တော့ ဉာဏ်တော်အမြင့် ကိုးတောင်ခန့်ရှိသော စေတီတစ်ဆူနှင့် ကုလားမရုပ်တုကြီး တစ်ရုပ်ကို သူမ တွေ့ရသည်။

စေတီကို သူမ ဖူးမြော်ကြည်ညိုပြီးနောက် ထိုအဘိုးကြီးမှ ယင်းစေတီအတွက် သူမတို့ မောင်နှမတွေမှာ တာဝန်ရှိသည်ဆိုသော အကြောင်း ပြောရင်း သူမလည်း အိပ်ရာမှ ဆတ်ခနဲနိုးသွားကြောင်း သိရ၏။

**[ယင်းစေတီမှာ ရွှေဖြင့် ပြုလုပ်ထားသော စေတီဖြစ်ကြောင်း ကုလားမတောင်၌ တရားဓမ္မနှင့် မွေ့လျော်နေသော ပုဂ္ဂိုလ်တစ်ဦးမှ ပြောဖူးပါသည်။]**

ယခုဆိုလျှင် ကုလားမတောင်ထိပ်၌ ဗုဒ္ဓဘုရားရှင်၏ သာသနာထွန်းကားနေလျက် ရှိပါသည်။ တောင်ကုန်းမို့မို့ပေါ်မှ စေတီများက ကြည်ညိုစရာအတိ။

အဲဒီ တောင်ထိပ်မှာပင် ရင်းငြိမ်ရွာမှ အဓိဋ္ဌာန်လာဝင်သော ဆရာတော်တစ်ပါးနှင့် စာရေးသူ ဆုံပါသည်။ စာရေးသူက မသိသော အချက်အလက် ကုလားမအကြောင်းကို မေးမိပါသည်။

ဆရာတော်က မနေ့ညကပင် ကရင်တိုင်းရင်းသူလေးတစ်ဦးကို ကုလားမဝင်ပူးပြီး ပြောသည်ဟု သိရ၏။ သူမသည် ဒီတောင်မှာ စောင့်နေရသော အစောင့်ဖြစ်ကြောင်း၊ ပြီးတော့ သူမ၏ အသက်မှာ ထောင့်နှစ်ရာရှိပြီး ဖြစ်ကြောင်းပြောသည်။

ဆရာတော်မှ ဒီကုလားမတောင်ထိပ်တွင် ကုလားလူမျိုးများ မကျွတ်မလွတ်တာ အတော်ရှိသေးကြောင်း ပြောပြတာသိရ၏။

စာရေးသူ တင်ပြခဲ့သော ကုလားမတောင် အကြောင်းအရာနှင့် ပတ်သက်၍ ဘယ်တောင်က ကုလားမတောင်ဖြစ်ကြောင်းကို ဝေခွဲကြည့်ကြပါ။ ကုလားမတောင်၏ သမိုင်းနောက်ကြောင်းကို အတိအကျ သိထားသူများ ရှိပါက နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ ရင်ဖွင့်တင်ပြပေးပါဟု မေတ္တာရပ်ခံပါသည်။

စာဖတ်သူများ အနေဖြင့်လည်း ဖင်းကျိုက်ကုလားမတောင်ကို စိတ်ဝင်စား၍ စေတီများကို ဖူးမြော်ကြည်ညိုချင်ပါက နွေရာသီရောက်လျှင် လာရောက်ဖူးမြော်နိုင်ပါသည်။

လေပြည်က တဖြူးဖြူး ဂမုန်းပန်းရနံ့တို့က တသင်းသင်း ကျေးငှက်သာရကာတို့၏ သံချိုသံညင်းသံများက စိတ်ချမ်းမြေ့ဖွယ်ရာ ကောင်းလှ၏။ တစ်ခေါက်တစ်ခါဖြင့် လာခဲ့ကြပါဟု...။

**ပန်းသစ်မွှန် (ရာမည)**



www.burmeseclassic.com

www.burmeseclassic.com



စလင်း ဦးကျော်

# ကြောင်မျက်ရှင်နှင့်

သူ့အာစွမ်းသတ္တိ

အချိန်ကား ၁၉၉၈ ခုနှစ်၊ မတ်လအတွင်းက ဖြစ်ပါသည်။ စာရေးသူသည် ညီအစ်ကိုလို ခင်မင်ရင်းနှီးသော တောင်ရွာ ထန်းတောကျေးရွာမှ ကိုအောင်ဌေးနှင့် မန္တလေးမြို့ သွားကြပါသည်။

မန္တလာသို့ မရောက်သည်မှာ ကြာခဲ့ပေပြီ။ ထို့ကြောင့် နွေဦးပေါက်တွင် လယ်ယာလုပ်ငန်းတွေ ပါးနေချိန်ဖြစ်၍ ဘုရားဖူးရင်း အလည်သွားကြခြင်း ဖြစ်ပါသည်။

ပထမဦးစွာ မန္တလေးမြို့နှင့် ဧရာဝတီမြစ်တစ်ဖက်ကမ်းရှိ စစ်ကိုင်းမြို့နယ်၊ ခိုတောင် ချောင်းပေါက်ရွာသို့ သွားကြပါသည်။ ခိုတောင်ကျေးရွာနှင့် ချောင်းပေါက်ကျေးရွာတို့သည် ကပ်လျက်တည်ရှိသောကြောင့် ခိုတောင်ချောင်းပေါက်ရွာဟု ခေါ်ခြင်းဖြစ်ပါသည်။

အမှန်မှာ ခိုတောင်ကျေးရွာက တစ်ရွာ၊ ချောင်းပေါက်ကျေးရွာက တစ်ရွာဖြစ်ပါသည်။ ချောင်းပေါက်ကျေးရွာဟု ခေါ်ခြင်းမှာ ချောင်းပေါက်ကျေးရွာသည် ဧရာဝတီမြစ်အတွင်းသို့ စီးဝင်သော ချောင်းတစ်ခု၏ အဝအနီးတွင် တည်ရှိသောကြောင့် ချောင်းပေါက်ကျေးရွာဟု ခေါ်ကြောင်း သိရပါသည်။

ခိုတောင်ကျေးရွာမှာ တောင်ကမ်းပါးယံ စောင်းကြီးများတွင် သဘာဝလိုဏ်ခေါင်းအပေါက်ကလေး တွေ့ရှိပြီး ထိုလိုဏ်ခေါင်း အပေါက်ကလေးများထဲတွင် ခိုငှက်ကလေးများ အုံအလိုက်



www.burmeseclassic.com

www.burmeseclassic.com

ဖွဲ့ကာ နေကြပါသည်။

ထိုနိုင့်ကြက်ကလေးများ အုံဖွဲ့နေသော တောင်(ခိုတောင်)အနီးတွင် ရွာတည်ရှိသောကြောင့် ခိုတောင်ကျေးရွာဟု ခေါ်ကြောင်း သိရပါသည်။ ချောင်းပေါက်ကျေးရွာသို့ ရောက်လျှင် ကိုအောင်ဌေး၏ညီ ကိုကျော်အောင်၊ မစန်းဝင်းတို့ အိမ်တွင် တည်းခိုပါသည်။

ကိုကျော်အောင်သည် ရဟန်းလူထွက် (လူပြန်တော်)တစ်ယောက် ဖြစ်ပါသည်။ အလွန်ရိုးသားပြီး စိတ်သဘောထားဖြောင့်မတ်သူ ဖြစ်ပါသည်။ စကားပြောရာတွင် ယဉ်ကျေးသိမ်မွေ့ပါသည်။ ဘာသာရေးစာပေ ကျွမ်းကျင်တတ်မြောက်သလောက် သံဃာတော်များကို ကြည်ညို ကိုးကွယ်ပါသည်။

ချောင်းပေါက်ကျေးရွာ ရောက်ပြီး နှစ်ရက်အကြာမှာ စာရေးသူ၊ ကိုအောင်ဌေး၊ ကိုကျော်အောင်နှင့် ကိုညီကျော် (ကိုကျော်အောင်နှင့် မယားညီအစ်ကိုတော်သူ)တို့သည် ချောင်းပေါက်ကျေးရွာမှ မန္တလေးမြို့ ဂေါဝိန်ဆိပ်ကမ်းသို့ ကူးတို့စက်လှေနှင့် သွားကြပါသည်။

ဂေါဝိန်ဆိပ်ရောက်လျှင် လေးယောက်သား လိုင်းကားစီးကာ မဟာမြတ်မုနိဘုရားကြီးကို သွားရောက် ဖူးမြော်ကြပါသည်။ ဘုရားဖူးပြီးနောက် မန္တလေးစက်မှုမြို့သစ်သို့ ထပ်မံသွားကြပါသည်။

စာရေးသူတို့ ရောက်စဉ်က ယင်းစက်မှုမြို့သစ်ကလေးသည် ယခုကဲ့သို့ မစည်ကားသေးပါ။ စာရေးသူတို့သည် စက်မှုမြို့သစ်မှ ဦးကာစင်တိုက်သို့ သွားခြင်း ဖြစ်ပါသည်။ တိုက်သို့ရောက်လျှင် ဦးကာစင်ကို မတွေ့ပါ။ သူ၏ ဇနီးဒေါ်စန္ဒီကိုသာ တွေ့ရပါသည်။



တိုက်ကလေးသည် တစ်ထပ်တိုက်ကလေး ဖြစ်သည်။ တိုက်ထဲတွင် ရောင်စုံသဘော်ာဆေးဘူးများကို အမြောက်အမြား တွေ့ရပါသည်။ သဘော်ာဆေးများ ထုတ်လုပ်ရောင်းချဟန် တူပါသည်။

ဒေါ်စန္ဒီသည် အရပ် မနိမ့်မမြင့် ရှိသည်။ အသားဖြူပြီး မျက်လုံးမျက်ခုံး ကောင်းပါသည်။ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူပီပီ အပြောအဆို သိမ်မွေ့ပါသည်။ စကားပြော ရည်မွန်သည်။ တစ်ဖက်သားအား ဆွဲဆောင်မှုကောင်းပြီး လိပ်ပတ်လည်အောင် ရှင်းလင်းတတ်ပါသည်။

ဦးကာစင်တိုက်သို့ သွားကြခြင်းမှာ ကြေးဖြင့် ပြုလုပ်ထားသော အလေးများကို ပြဒါးရည်ထဲသို့ ချကြည့်ရန် ဖြစ်ပါသည်။ ပြဒါးရည်ထဲသို့ ယင်းအလေးမြုပ်သွားပါက ငွေကျပ် သိန်းချီရသည်ဟု သိရပါသည်။

စာရေးသူတို့တွင် ပါလာသော ကြေးအလေးရုပ်များမှာ ပဥ္စရူပအလေးရုပ်နှင့် ဟင်္သာရုပ်အကြီးအသေး (၁၅)ရုပ်ပါ ရှိပါသည်။ အလေးများကို ပြဒါးရည်ထဲသို့ ချကြည့်ရာ ဟင်္သာရုပ်အလေးများသည် ပြဒါးရည်ပေါ်တွင် ပေါလောပေါ်နေပါသည်။ **(ရေခွက်ကဲ့သို့ အမှိုက်ကလေးချကြည့်ပါက ရေပေါ်တွင် ပေါလောပေါ်သကဲ့သို့ ရှိနေပါသည်။)**

နှစ်ဆယ်သားခန့်ရှိသော ပဥ္စရူပအရုပ်အလေးကလေး တစ်ရုပ်ကို ပြဒါးရည်ထဲ ချကြည့်ရာ တစ်ဝက်မြုပ်၍ တစ်ဝက်ပေါ်နေပါသည်။ အလေးရုပ်တစ်ခုလုံး ပြဒါးရည်ထဲ မြုပ်မှသာလျှင် ဝယ်သည်ဟု ပြောပါသည်။

အလေးရုပ်များကို ပြဒါးရည်ထဲနှစ်ခ ငွေ(၉၀)ကျပ်ပေးရပါသည်။ ဒေါ်စန္ဒီက...

'နောက်လဲ ကြေးရုပ်,အလေးရုပ်တွေ ပြဒါးရည်ထဲ ချကြည့်ချင်ရင် လာခဲ့ကြပါ။ ပြဒါးရည်ထဲ အလေးတွေ မြုပ်ပါက ဝယ်မယ့်သူ(ဝယ်လက်)ကို ကျွန်မတို့ ခေါ်ပေးပါ့မယ်။ ဒါတွင်မကပါဘူး။ အစွမ်းထက်တဲ့ ပစ္စည်းဟူသမျှ ရောင်းလို့ ရပါတယ်။ ကျွန်မတို့ ကိုယ်တိုင် အရောင်းအဝယ်ဖြစ်အောင် ဝယ်လက်နဲ့ တွေ့ဆုံပေးပါ့မယ်'

ဟု ပြောပါသည်။

စာရေးသူ...

'အစွမ်းထက်တဲ့ ပစ္စည်းတွေဆိုတာ ဘယ်လိုပစ္စည်းတွေပါလဲ'

'အစွမ်းထက်တဲ့ပစ္စည်းတွေဆိုတာ ပြဒါးရည်မှာ မြုပ်တဲ့ပစ္စည်း၊ ကြေးနက်ခေါ် ခြစ်ပျောက်ကာယသိဒ္ဓိပြီးတဲ့ (ပီးယကူး သေနတ်၊ ကျည်ဆန်မထွက်၊ ပီးကွင်း ကျည်ဆန်ချော်တဲ့) ဒီ အမြှုတေ၊ ဝက်စွယ်ခေါင်းပိတ်၊ ဆင်မာန်စွယ် ကြေးမိုးကြိုးသွား၊ အဆောင်လက်ဖွဲ့ ကြောင် ကျောက်၊ ကြောင်အမြှုတေ၊ ကြောင်မျက်ရှင် စတဲ့ ဂုဏ်ရှိပစ္စည်းတွေပေါ့ ဆရာကြီးရာ'

ကြောင်မျက်ရှင်ဆိုလို့ စာရေးသူက စကားစပ်စုလိုက်ပါသည်။

'ကြောင်မျက်ရှင်ဆိုတာ ကက်ဆက်



www.burmeseclassic.com

www.burmeseclassic.com

တိပ်ခွေဇာတ်လမ်းထဲက ကြောင်မျက်ရှင်မျိုးကို ပြောတာလား'

'ဟုတ်ပါတယ် ဆရာကြီး'

'ဒါက ဇာတ်လမ်းထဲမှာပဲ တကယ် မရှိနိုင်ပါဘူး'

ဟု စာရေးသူက မတွေ့ဘူးလို့ မယုံသလို ပြောလိုက်ပါသည်။

'ဆရာကြီး မတွေ့ဘူးသေးဘဲကိုး။ တကယ်ရှိတယ်နော'

ဒေါ်စန္ဒီသည် ပြီးခဲ့သည့် တစ်လအတွင်းက အရောင်းအဝယ် ဖြစ်သွားသည့် ကြောင်မျက်ရှင်အကြောင်းကို အောက်ပါအတိုင်း ပြောပြပါသည်။


## ကြောင်မျက်ရှင် ရရှိပုံ

ကိုသန်းထိုက်သည် လယ်ကွင်းသို့ အလုပ်လုပ်ရန် အိမ်က ထွက်လာပါတယ်။ ရွာအပြင်ဘက် အမှိုက်သရိုက်များ စွန့်ပစ်ထားတဲ့ အမှိုက်ပုံကြီးအနီးကို ရောက်လာတယ်။ အမှိုက်ပုံရဲ့ဘေး ချုံပုတ်ပေါ်မှာ သတ္တဝါတစ်ကောင်သေလို့ ပစ်ထားတာကို တွေ့ရတယ်။

အသေကောင်ဟာ ချုံပေါ်မှာ တန်းလန်းကြီးဖြစ်နေတယ်။ ကိုသန်းထိုက် အသေအချာကြည့်တော့ သတ္တဝါရဲ့ ဦးခေါင်းဟာ ကြောင်ခေါင်း ဖြစ်နေတယ်။

ခန္ဓာကိုယ်ဟာ ကြွေမွနေပြီး ဦးခေါင်းက ပကတိအတိုင်း ရှိနေတယ်။ ဦးခေါင်းက မျက်လုံးများဟာလဲ ဖွင့်လိုက်ပိတ်လိုက်နဲ့ မျက်တောင်ခတ်နေတယ်။ ကိုသန်းထိုက်ဟာ ထူးခြားမှုကို မြင်တာနဲ့ ကြောင်သေကောင်ရဲ့ ဦးခေါင်းကို ယူလိုက်တယ်။

ဦးခေါင်းထဲမှာ ထူးခြားမှုတစ်ခု ရှိရမယ်လို့ ယူဆပြီး ဦးခေါင်းကို ထုခွဲကြည့်တယ်။ ကြောင်ရဲ့ခေါင်းထဲက ဂေါ်လီလုံး(ဖန်သီးလုံး)အရွယ် လုံးဝိုင်း



ချောမွေ့တဲ့ ပစ္စည်းကလေးကို တွေ့ရတယ်။

အဲဒီပစ္စည်းလေးဟာ ဖန်သီးလုံးကလေးလိုဟိုဘက်မှ ဒီဘက်သို့ အလင်းဖောက်မြင်ရတယ်။ ကိုသန်းထိုက်ဟာ အဲဒီပစ္စည်းကလေးကို အလင်းရောင်ဘက် ထားကြည့်တယ်။ အတွင်းမှာ ကြောင်ကလေးတစ်ကောင် ထိုင်နေတဲ့ သဏ္ဌာန်ကို တွေ့ရတယ်။

လက်ညှိုးနဲ့လက်မ ညှပ်ကိုင်ပြီး အထက်အောက်၊ ဘယ်၊ညာ လှည့်ကစားကြည့်တယ်။ ဘယ်လိုပဲကြည့်ကြည့် ကြောင်ရုပ်ကလေးဟာ ဇောက်ထိုး၊ ပက်လက်၊ မှောက်လျက်၊ စောင်းလျက်မဖြစ်ဘဲ ထိုင်လျက်သားကလေးပဲ ဖြစ်နေတယ်။ ဒီပစ္စည်းကလေးက ထူးခြားမှုရှိတယ်ဆိုပြီး သေတ္တာထဲ ထည့်သိမ်းထားလိုက်တယ်။

ကိုသန်းထိုက်မှာ သားကလေး တစ်ယောက် ရှိတယ်။ မူလတန်း ကျောင်းသားအရွယ်ပေါ့။ သားကလေးက ဒိုးပစ်တိုင်း ကစားချင်လို့ ဖန်သီးဒိုး ဝယ်ပေးပါဖို့ ပူဆာတယ်။

ကိုသန်းထိုက်ဟာ ကြောင်ခေါင်းထဲကရတဲ့ပစ္စည်း အလုံးကလေးကို ဒိုးပစ်ကစားဖို့ ပေးလိုက်တယ်။ သားကလေးဟာ သူ့သူငယ်ချင်းတွေနဲ့ ဒိုးပစ်တိုင်းကစားကြတယ်။ သူ့ဒိုးကလေးကို ဘယ်သူမှ မှန်အောင် မပစ်နိုင်ကြဘူးတဲ့။

ဘယ်လောက်ပဲ ဝေးဝေးနီးနီး မှန်အောင် မပစ်နိုင်ကြဘူးတဲ့။ ကိုသန်းထိုက် သားကလေးက အဲဒါကို သတိထားမိလာတယ်။ သူ့ဒိုးကလေးကို တုတ်ကလေးနဲ့ ရိုက်ကြည့်တယ်။ မရိုက်မိဘဲ လွဲချော်လို့ သာနေတယ်။ အဲဒီတော့ သူ့အဖေ ကိုသန်းထိုက်ကို ပြောတယ်။

'အဖေ၊ အဖေ... ဒီဒိုးလုံးကလေးကို အနော်တုတ်နဲ့ ရိုက်ကြည့်တယ်။ ဘယ်လိုမှ ရိုက်မရဘူး။ လွဲလွဲသွားတယ်'

ကိုသန်းထိုက်မှ...

'ဟေ...မဖြစ်နိုင်တာ သားရယ် မင်းထိအောင် မရိုက်တတ်လို့ နေမှာပါ'

'တကယ်ပြောတာ အဖေရိုက်ကြည့်ပါလား'

ကိုသန်းထိုက်သည် သားလက်ထဲမှ ဒိုးကလေးကို မြေပြင်ကို ချတယ်။ တုတ်နဲ့ ရိုက်ကြည့်တယ်။ ဘယ်လောက်ပဲ ရိုက်ရိုက် ဒိုးကလေးကို မရိုက်မိဘဲ လွဲချော်လို့သာနေတယ်။

ကိုသန်းထိုက်မှာ အတွေ့အကြုံဗဟုသုတရှိသူများထံ ချဉ်းကပ်ပြီး ပစ္စည်းကလေးရရှိပုံကို ပြောပြတယ်။ ပစ္စည်းကလေးရဲ့ အသုံးဝင်ပုံကို မေးမြန်းကြည့်တယ်။

တတ်သိ နားလည်သူများက ကြောင်မျက်ရှင်ဖြစ်ကြောင်း ပြောပြကြတယ်။ ကာယသိဒ္ဓိနဲ့ ပြည့်စုံနိုင်ကြောင်းကိုလဲ ပြောပြတယ်။

## ကြောင်မျက်ရှင်၏ အစွမ်းသတ္တိ

ဒေါ်စန္ဒီက ဆက်လက်၍...

'အခုပြောခဲ့တဲ့ ကြောင်မျက်ရှင်ကလေးကို တောရွာက ဒေါ်ပုတင်လို့ ခေါ်တဲ့ အမျိုးသမီးကြီးတစ်ယောက် ကျွန်မတို့တိုက်ကို ယူလာတယ်။

အလှူဒါနပြုချင်လို့ ရောင်းလို့



www.burmeseclassic.com

www.burmeseclassic.com

ကြောင်း ပြောပြတယ်။ အရောင်း အဝယ်ပြုလုပ်ရာမှာ ငွေကြေး မတတ်နိုင်လို့ ငွေမတင်နိုင်ကြောင်း ပြောပြတယ်။ ကြိုက်သလို စမ်းသပ်ကြည့်ပါ လို့လဲ ပြောတယ်။

ကျွန်မတို့လဲ ဝယ်လက်ကို ခေါ်ပြီး တွေ့ပေးတယ်။ ဝယ်လက်က ပစ္စည်း မြင်ရုံနဲ့ ကြိုက်သွားတယ်။ သေနတ်နဲ့ (၁၂)ချက်တိတိ ပစ်တယ်။ (၁၂)ချက် စလုံး လွဲချော်တယ်။ ဘယ်လိုမှ မှန်အောင် ပစ်လို့မရဘူး။ ပစ်တဲ့ လက်ဖြောင့်သမားတွေ လက်လျှော့ကြတယ်။

ဝယ်လက်က ကြေးဘယ်လောက်လဲ လို့ မေးတယ်။ ပစ္စည်းရှင် အဒေါ်ကြီး ဒေါ်ပုတင်က ကြေးမပြောပါဘူး။ "ဆရာကြီးတို့ သင့်အောင်ပေးပါ" လို့ တုံးလုံး လဲ ခံတယ်။

အဲဒီတော့ ဝယ်လက်က...

"အဒေါ်ရဲ့ ကြောင်မျက်ရှင်ကလေးကို ကျွန်တော်တို့ (၁၂)ချက်တိတိ သေနတ်နဲ့ ပစ်ခဲ့တယ်။ တစ်ချက်မှ မမှန်ဘူး။ ပစ္စည်းဟာ အပိတ်မဟုတ်ပါဘူး။ အလွဲလို့ ခေါ်ပါတယ်။ ကျွန်တော်တို့ တစ်ချက် ဆယ်သိန်းနှုန်းနဲ့ သိန်း (၁၂၀)ကျပ်တိတိ ပေးပါမယ်။ ရောင်းမယ် မဟုတ်လား"

အဒေါ်ကြီးဒေါ်ပုတင် သဘောတူလို့ သိန်း တစ်ရာ့နှစ်ဆယ်ကျပ်တိတိနဲ့ အရောင်းအဝယ် တည့်သွားပါတယ် ဆရာကြီး။ အဆောင်လက်ဖွဲ့တစ်ခုလဲ သေနတ်ပစ်တာ ကျည်ဆန်မထွက်လို့ (အပိတ်ဖြစ်လို့) ကျပ်သိန်း(၈၀)နဲ့ အရောင်းအဝယ် ဖြစ်ပြီးပါပြီ'

စာရေးသူက...

'အဆောင်လက်ဖွဲ့အပိတ်ကို ကျပ် သိန်း(၈၀)ပေးပြီး ကြောင်မျက်ရှင်အလွဲကို ကျပ် သိန်းတစ်ရာ့နှစ်ဆယ် ပေးတယ်ဆိုတော့ အပိတ်ပစ္စည်းဖြစ်တဲ့ အဆောင်လက်ဖွဲ့အတွက်ရတဲ့ ငွေကြေး အရမနည်းဘူးလား'

'ဆရာကြီးကလဲလေ ကြောင်မျက်ရှင် ဆိုတာ ပစ္စည်းကလဲ သန့်တယ်။ လူ... မသိကြတဲ့ သူ့ရဲ့ စွမ်းရည်သတ္တိတွေက... အများကြီး ရှိတယ်လေ။ ဒါကြောင့် ပိုရ... ပေါ့'

ဟု ဒေါ်စန္ဒီက ရှင်းပြပါသည်။

စာရေးသူတို့လည်း ဒေါ်စန္ဒီပြော... မှ ကြောင်မျက်ရှင်ဆိုတာ တကယ်ရှိ... အဟုတ်စွမ်းပါလားလို့ သိရပါတော့... တယ်။ အခုလို ပြောပြတာကို ဒေါ်စ... အား ကျေးဇူး အများကြီးတင်ပါကြော... ပြောဆိုပြီး ချောင်းပေါက်ကျေးရွာ... ပြန်ခဲ့ကြပါတယ်။

**မှတ်ချက်။ ။ ဦးကာစင်၊ ဒေါ်စ... ကိုသန်းထိုက်နှင့် ဒေါ်ပုတင် အမည်... များသည် လွှဲပြောင်းထားသော... အမည်များ ဖြစ်ပါသည်။**

***ဗဟုသုတ ပြည့်ဝကြပါစေ။***

**စလင်း ဦးကျော်**


စက်တင်ဘာလတွင်း တွေ့ကြုံဖြေရှင်းရဖွယ်ရှိသော ငွေကြေးကိစ္စအဝဝ အတွက် သောကနည်းပါး၍ နိုင်နင်းစွာ ဖြေရှင်းခန့်ခွဲနိုင်ပြီးလျှင် လာဘ်လာဘ များ လွယ်လင့်တကူ ရရှိစေရန် အလုံး သို့မဟုတ် အဝိုင်းပုံသဏ္ဍာန် ပစ္စည်း တစ်မျိုးမျိုးကို စွန့်ကြဲလှူဒါန်းရန် ဖြစ်သည်။ မိမိတို့ မွေးနှစ်အလိုက် အောက်ပါအညွှန်းတွင် ရှာဖွေကြည့်ပါ။

* * * ——→


**ဥပမာ ။ ။ ဝက်နှစ်ဖွားစာတာရှင်** သည် သစ်တော်သီး(၂)လုံး သို့မဟုတ် လမုန့်(၂)ခုကို တနင်္လာနေ့တွင် စနေ သားသမီးတစ်ဦးအား လှူဒါန်းကာ ငွေကြေးလာဘ်လာဘ ရွှင်လန်းစေကြောင်း သမ္မာဒေဝများထံ တိုင်တည် ဆုတောင်းနိုင်ပါသည်။

***လာဘ်လာဘ ရွှင်လန်းကြပါစေ။***

**ထက်မင်းကျော်စွာ**

**၂၀၁၃ ခုနှစ်၊ စက်တင်ဘာလအတွင်း**

# လာဘ်လာဘ



**ရွှင်လန်းစေဖို့**

| မွေးနှစ် | ခုရေ | အာရပ်မျက်နှာ | အလှူခံပုဂ္ဂိုလ် | လှူရန်နေ့ |
|---|---|---|---|---|
| ကြွက် | ၇ | အနောက် | ကြာသပတေးသားသမီး | သောကြာနေ့ |
| နွား၊ ကျား | ၄ | အရှေ့တောင် | တနင်္ဂနွေသားသမီး | ကြာသပတေး... |
| ယုန် | ၉ | တောင် | ဗုဒ္ဓဟူးသားသမီး | အင်္ဂါနေ့ |
| နဂါး၊ မြွေ | ၁ | မြောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူးနေ့ |
| မြင်း | ၆ | အနောက်မြောက် | ကြာသပတေးသားသမီး | တနင်္ဂနွေနေ့ |
| ဆိတ်၊ မျောက် | ၈ | အရှေ့မြောက် | တနင်္လာသားသမီး | စနေနေ့ |
| ကြက် | ၃ | အရှေ့ | သောကြာသားသမီး | ကြာသ... |
| ခွေး၊ ဝက် | ၂ | အနောက်တောင် | စနေသားသမီး | တနင်္လာနေ့ |




www.burmeseclassic.com

www.burmeseclassic.com



# စိတ္တတိုင်းပြည်သို့

ရောက်ဖူးခဲ့သူ

ချိုးတင့်
(ညောင်လေးပင်)

တစ်နေ့သ၌ ကျွန်ုပ်သည် ဒေးစွန်ပါ တောင်တော်ကြီးရှိ ရသေ့ ဦးဒီပ၏ ကျောင်းသင်္ခမ်းလေးသို့ ရောက်ရှိသွား လေ၏။ ရသေ့ဦးဒီပသည် ထုံးစံအတိုင်း သူ၏ ပြဒါးခတ်လုံးကို ဖားဖိုကြီးနှင့် အဂ္ဂိရတ်ထိုးလျက် ရှိသည်။

မီးတောက်မီးလျှံများကြားတွင် စိတ် ပါဝင်စားနေသော ဦးဒီပသည် ကျွန်ုပ် ၏ ချောင်းဟန့်လိုက်သံကြောင့် မှတ်တရက်လှည့်အကြည့်တွင် ကျွန်ုပ် ကို မြင်တွေ့သွားလေသည်။

'ဪ ဦးသက္ကကိုး၊ အတော်ပဲ ကျုပ်ရဲ့ ဒီနေ့အတွက် နောက်ဆုံးဖိုခွင် ပဲဗျ။ အခု ဖိုခွင်ဝင်နေတာ မီး(၇)အုပ် တောင် ရှိသွားပြီမို့ မီးအေးနဲ့ နှပ်ထား ရုံပဲ ရှိတော့တယ်'

ဟု ပြောဆိုပြီး သူ၏ ဖားဖိုကြီးကို ရှည်ရှည်မှန်မှန် ဆွဲနေရာမှ တဖြည်း ဖြည်းချင်း အရှိန်သတ်လေ၏။ လုံကို မီးညှပ်နှင့် ကျွမ်းကျင်စွာလှည့်ရင်း ဖိုတိုက်ထဲတွင်ပင် လုံကို အလိုလို အေးသွားစေရန် ထားလိုက်လေသည်။ ကျွန်ုပ်သည် ရသေ့ဦးဒီပကို ရှိသေစွာ ကန်တော့ လိုက်သည်။ ရသေ့ဦးဒီပသည် အနီး၌ရှိသော ကျွဲတညင်းပင် ကြီးအောက်ခြေ၌ရှိသော ဝါးကွပ်ပျစ်ပေါ်တွင် ကျွန်ုပ်ကို ထိုင်စေ ပြီး လာရင်းအကြောင်းကို မေးမြန်း စုံစမ်းလေသည်။

'ဦးရသေ့ကို သတိရတာတစ် ကြောင်း၊ တပည့်ရဲ့ သံခတ်လုံးလေး ကိုလဲ မီးရင့်အောင် ထိုးပေးဖို့ လာပို့ တာပါ။ သိတဲ့အတိုင်း တပည့်က အဂ္ဂိရတ်ကို ဝါသနာပါပြီး အခြေခံနေ က မမေးတာကြောင့် ဆက်မထိုးနိုင်



www.burmeseclassic.com

www.burmeseclassic.com

ဘူး ဖြစ်နေတယ်'

ဟု ရှင်းပြရလေသည်။ (လွန်ခဲ့သော နှစ် (၂၀)ကျော်က ကျွန်ုပ်သည် နိုင်ငံ့ ဝန်ထမ်းတစ်ဦး ဖြစ်နေ၍ အားလပ်ချိန် နည်းပါးလှပါသည်။)

'အေးလေဗျာ၊ လုပ်ပေးရမှာပေါ့ ဒကာကြီး သက္ကရယ်၊ ဒီဓာတ်လုံးဟာ ခင်ဗျားရဲ့ ဆရာတော် အောင်ချမ်းသာ ကိုယ်တော်ကြီးရဲ့ အမွေခံ မဟုတ်လား။ အတော်လေး ခရီးရောက်နေမင့်ကိုး။ မလုပ်မကိုင် တတ်ရင်တော့ ဆုံးရှုံးသွားနိုင်တယ်ဗျ။ အင်းလေ ကျုပ် မီးဆက်တက်ပေးပါ့ မယ်'

ဟု ပြောဆိုလေသည်။

ကျွန်ုပ်လည်း လည်ပင်းတွင် ရှိသေစွာ ဆွဲထားခဲ့သော ကတ္တီပါအိတ်ရှုံ့ ကလေးအတွင်းမှ သံဓာတ်လုံးကို ထုတ်၍ ဦးဒီပလက်သို့ ပေးအပ်လိုက်လေ၏။ လိုအပ်သည်များကို အသုံးပြုရန် ဝတ္တုငွေ နှစ်သောင်းကျပ်ကိုလည်း လှူဒါန်းလိုက်လေသည်။

ဦးဒီပနှင့် ကျွန်ုပ်သည် ကွပ်ပျစ်ပေါ်၌ ထိုင်လျက် ထိုနေ့က ဓာတ်လုံးတို့၏ သဘာဝများကြောင်း၊ ခက်ခဲနက်နဲသော ဂမ္ဘီရ ကျင့်စဉ်တော်များအကြောင်းတို့ကို ဆွေးနွေးခဲ့ကြသည်။

ရသေ့ဦးဒီပ တည်ခင်းကျွေးမွေးသော နံ့သာပုဂ္ဂက်ပျောသီးများကို သုံးဆောင်လိုက်၊ ဓာတ်ဘူးနှင့် နှပ်ထားသော ရေနွေးကြမ်း(လက်ဖက်ရည်)ကို သုံးဆောင်လိုက်နှင့် ဦးရသေ့ ပြောပြသော ဂန္ဓာရီခရီးလမ်းမှ ထူးဆန်းသော အကျင့်စခန်းတစ်ခုအကြောင်းကို နားထောင် မှတ်သားခဲ့ရပါတော့သည်။

* * *



'လောကကြီးဟာ အလွန်ဆန်းကြယ်တယ်။ တစ်ခါတစ်ခါတော့ ကျုပ်တို့ ဂန္ဓာရီသမားတွေဟာ ဒဏ္ဍာရီ ပုံပြင်တွေထဲကထက် ဆန်းပြားတဲ့ အတွေ့အကြုံတွေကို တွေ့ကြုံရတတ်တယ်။

ဒီလိုဗျို့ ကျုပ်ကို အဖေကြီး ဘိုးမင်းခေါင်က ဒေးစွန်ပါတောင်တန်းတစ်နေရာမှာရှိတဲ့ ရွှေစေတီမှာ အသက်လွတ်စားပြီး (၁၀)ရက်အဓိဋ္ဌာန် ဝင်ခိုင်းခဲ့တယ်ဗျ။

ကျုပ်က သက်သတ်လွတ်ပဲ စားနေသူဆိုတော့ အဖေကြီး ဘိုးမင်းခေါင် ဝင်ခိုင်းတဲ့ အဓိဋ္ဌာန်ကို လွယ်လွယ်ပဲ ဝန်ခံပြီး အဓိဋ္ဌာန်ဝင်ခဲ့တာပေါ့။

ခင်ဗျား ဒေးစွန်ပါတောင်တော်က တောင်မကြီးတစ်နေရာမှာ ရှိတဲ့ ရွှေစေတီကို ရောက်ဖူးတယ်မဟုတ်လား'

'ဟုတ်ကဲ့ ရောက်ဖူးပါတယ် ဦးရသေ့။ အဲဒီစေတီတော်ကို လွန်ခဲ့တဲ့ နှစ်(၆၀)ကျော်လောက်က ဒေးစွန်ပါ သာသနာပြုပုဂ္ဂိုလ်ကြီး အဘဦးဘိုးဦးက ပြန်လည် ပြုပြင်ခဲ့တာလေ၊ အဲဒီနားမှာ စေတီငယ်လေး ဂူခေါင်မိုးပေါ်မှာ ပေါက်ထားတဲ့ အဓိဋ္ဌာန်ဂူလေး တစ်ခု ရှိတယ်မဟုတ်လား'

'အေး ဟုတ်တယ်လေ အဲဒီ ရွှေစေတီပဲ။ လူသူ အရောက်အပေါက် နည်းပြီး အဲဒီဂူလေးထဲမှာ အဓိဋ္ဌာန် အောင်သွားတဲ့ သူတော်စင်၊ သူတော် ကောင်းတွေ အတော်များတယ်လို့ အဖေကြီး အောင်မင်းခေါင်က ပြောပြခဲ့ဖူးတယ်'

ကျွန်ုပ် မောင်သက္ကသည် ငယ်စဉ်အခါ ကလေးဘဝက ဒေးစွန်ပါ သာသနာပြုပုဂ္ဂိုလ် အဘ ဦးဘိုးဦး၏ စခန်းသို့ ဖခင်ကြီးနှင့် အကြိမ်ကြိမ် ရောက်ခဲ့ဖူးသည်။ ကျွန်ုပ်၏ ဖခင်ကြီးသည် အဘ ဦးဘိုးဦး၏ တိုက်တွန်းစေ ခိုင်းချက်အရ ထိုရွှေ စေတီအနီးရှိ ဂူကလေးတွင် အဓိဋ္ဌာန် စခန်းများ ဝင်ခဲ့သည်။

ကျွန်ုပ် ငယ်စဉ်က ဖခင်ကြီးနှင့်အတူ ထိုရွှေစေတီတော်သို့ လိုက်ပါခဲ့သည်များကို လွမ်းဆွတ်သတိရမိပါသေး သည်။ (ယခုအချိန်တွင် ကျွန်ုပ်၏ ဖခင်ကြီး ကွယ်လွန်ခဲ့သည်မှာ (၁၀)နှစ် ပင် ကျော်ခဲ့လေပြီ။)

'အဲဒီမှာ ကျုပ် အရဟံဂုဏ်တော် ပုတီးအဓိဋ္ဌာန် ဝင်ခဲ့တယ်။ တစ်နေ့မှာ အရဟံပုတီးပတ်ပေါင်း (၈၄၀)ရအောင် စိပ်ရတယ်။ ပုတီးလုံးပေါင်း (၈၄၀၀၀) ဆိုပါတော့ဗျာ။

ကျုပ်လဲ အဖေကြီး ပြောတဲ့အတိုင်း နေ့နေ့ညည ပုတီးစိပ်လာလိုက်တာ (၁၀)ရက်မြောက်တဲ့နေ့ နောက်ဆုံး ပုတီးပတ်ရဲ့ အရဟံဆိုပြီး တစ်လုံး တည်းချဖို့ ကျန်တဲ့အချိန် ရောက်လာ ခဲ့ပါလေရော'

ဦးရသေ့သည် ထိုနေရာတွင် ခေတ္တ နားပြီး ကျွန်ုပ်ကို ကြည့်လိုက်သည်။ ကျွန်ုပ်လည်း စိတ်ဝင်စားစွာဖြင့် ဦးရသေ့၏ စကားကို အာရုံစိုက်၍ နားထောင် နေမိသည်။

'အဲဒီလိုတုန်းမှာ တစ်စုံတစ်ယောက် ဟာ ကျုပ်ရဲ့ ဦးခေါင်း ဆံတုံး



www.burmeseclassic.com

www.burmeseclassic.com

(ဦးစွန်း)ကို လာကိုင်လိုက်တာကို ခံစားလိုက်ရတယ်'

'ကျုပ်ဟာ အဲဒီလို ခံရတာကို အံ့လဲ အံ့ဩမိတယ်။ မကျေမနပ်လဲ ဖြစ်မိတယ်။ တစ်စုံတစ်ယောက်က ကျုပ်ကို နှောင့်ယှက်ပြီလို့ ယူဆမိတယ်။ အမှန်ပြောရင်တော့ ကျုပ်ဟာ မကြောက်တတ်ဘူး။ ဒါပေမယ့် ဒေါသတော့ကြီးတယ်။ မာနလဲကြီးတယ် ဆိုပါတော့။

"ဟေ့ ငါ့ခေါင်းက ဦးစွန်းကို လာကိုင်တာ ဘယ်သူလဲကွ၊ ဘာနှောင့်ယှက်တာလဲ"

လို့ ကျုပ်က အော်ပြီး မေးလိုက်တယ်။ ကျုပ်ရဲ့ အော်သံဟာ ဂူရဲ့နံရံကိုပဲ တင်ရိုက်ပြီး ဟိန်းထွက်သွားတယ်။

ကျုပ်လဲ စိပ်လက်စပုတီးရဲ့ နောက်ဆုံးပုတီးပတ် နောက်ဆုံး ပုတီးလုံး အရဟံတစ်လုံးကို အာရုံမပြုမိတော့ဘဲ ပုတီးစိပ်တာကို ရပ်လိုက်မိတာပေါ့။

အင်း ခက်လိုက်တာဗျာ ကျုပ် အကြီးအကျယ် မှားသွားတယ်ဗျ။ ကျုပ်ရဲ့ မာနနဲ့ ဒေါသကို စမ်းသပ်လိုက်သူကတော့ ဘယ်သူမှ မဟုတ်ပါဘူးဗျာ။ ကျုပ်ရဲ့ဆရာသခင် အဖေကြီး ဘိုးမင်းခေါင်ကိုယ်တိုင်ပါပဲ။ ကျုပ်ဟာ ဟာခနဲ အာမေဋိတ်သံနဲ့အတူ အဖေကြီးကို လက်အုပ်ချီ ကန်တော့ပြီး ကပျာကယာ တောင်းပန်ရတာပေါ့။

အဖေကြီးက ဆေးပြင်းလိပ်ကြီးကို ခဲရင်းက နှုတ်ခမ်းမှာ ကိုက်ထားတဲ့ ဆေးပြင်းလိပ်ကြီးကို ထုတ်လိုက်တယ်။ ပြီးတော့...

"အိမ်း ငါ့သားကြီး မင်း အဓိဋ္ဌာန် ကသိုလ်တော့ ရသကွယ့်၊ အဓိဋ္ဌာန်ကတော့ မအောင်ဘူးဟေ့၊ ဒေါသနဲ့



မာနတရားဆိုတာက ငါ့သားကြီးရဲ့ အဓိဋ္ဌာန်ကို ချေမှုန်းလိုက်တဲ့ အတွင်းရန်သူတွေပဲကွ။

အေး မင်း ဆက်လုပ်ပါ။ သတိကြီးကြီးထားပါ။ အမှားရှိရင် အမှန်ရှိတယ်။ အမှောင်ပျောက်ရင် အလင်းရောက်တယ်။

အမှားတိုင်း မကောင်းတာတော့ မဟုတ်ဘူး။ အမှားဆိုတာ ခံယူတတ်သူအတွက် သင်ခန်းစာပဲ။ ပြီးတော့ အမှားဟာ အမှန်တရားအတွက်ပါ။ ပါရမီဖြည့်ပေးတာလို့ သဘောပေါက်ထား"

လို့ ပြောပါတော့တယ်။

"မင်း ဆက်ကြိုးစားပါ။ ဒီတစ်ခါ အဓိဋ္ဌာန်ကို ပိုပြီးတင်လိုက်၊ မင်းစီစဉ်ထားတဲ့ သက်သတ်လွတ်ကောက်ညှင်းထုပ်တွေလဲ ကုန်ပြီမဟုတ်လား။

အေး အဲဒီတော့ မင်း ဒီတောင်ဝန်းကျင်မှာ ရှိနေတဲ့ ကျွဲတညင်းနှ၊ ကံ့ကော်ညွန့်တွေနဲ့ သင့်လျော်ရာကို အာဟာရအဖြစ် သုံးဆောင်ပြီး မီးလွတ်(၁၀)ရက် အရဟံဂုဏ်တော် ကျင့်စဉ်ကို ဆက်ကျင့်ပေတော့"

လို့ ဆိုပြီး အဘလဲ ကျုပ်မြင်ကွင်းက ပျောက်ကွယ်သွားခဲ့ပါတော့တယ်။

ကျုပ်ဟာ ဖွဲကောင်းတဲ့ လူတစ်ယောက်ပါ။ အမှားကိုပြင်ဖို့ ဝန်မလေးပါဘူး။ အဖေကြီးရဲ့ အမိန့်ကို ဦးထိပ်ရွက်ပြီး အဓိဋ္ဌာန်ခရီး ဆက်ခဲ့ပါတယ်။ ဒုတိယအဓိဋ္ဌာန် အောင်တယ်ဗျ။

နောက်ဆုံးပိတ်ရက်မှာ နောက်ဆုံး ပုတီးစိပ် အရဟံဂုဏ်တော် ပုတီးတစ်လုံး ချပြီးတာနဲ့ ဆေးပြင်းလိပ်နံ့ ရတော့တာပဲ။

အဖေကြီးဟာ သူ့ထုံးစံအတိုင်း ဆံပင်ကုပ်ထောက်၊ တောင်ဝှေးတစ်ချောင်းနဲ့ ဝတ်နေကျ ဖျင်ကြမ်းတိုက်ပုံ ကွက်ထောက်ပုဆိုး ဝတ်လျက်သား ကျုပ်မြင်ကွင်းမှာ ဘွားခနဲ ပေါ်လာပါတော့တယ်။

"ငါ့သားကြီး မင်း ဖွဲကောင်းသားပဲ။ အဓိဋ္ဌာန်မြောက်ရင် စိတ်အကြံပေါက်သတဲ့ကွ၊ မင်းကြံစည်ထားတဲ့အတိုင်း ဝိဇ္ဇာတိုင်းပြည်ကို သွားချင်တဲ့ ကောင်ကို ဝိဇ္ဇာတိုင်းပြည် လိုက်ပို့ပေးရတော့မှာပေါ့ကွာ၊ ငါ့တောင်ဝှေးကို ကိုင်လိုက်ကွယ့်"

ကျုပ်ဟာ အဖေကြီးရဲ့ တောင်ဝှေးကို လှမ်းကိုင်လိုက်မိတယ် ဆိုရင်ပဲ အဖေကြီးက...

"မျက်စိမှိတ်လိုက်"

"မှိတ်လိုက်ပါပြီ"

"ပြန်ဖွင့်တော့"

ပြန်ဖွင့်လိုက်တာနဲ့ တစ်ပြိုင်တည်း ဝိဇ္ဇာတိုင်းပြည်ကို ကျုပ်ရောက်ခဲ့ရတယ်လေ။ ဘာမှ မကြာလိုက်ဘူး။

ဝိဇ္ဇာတွေကလဲ များလိုက်တာ၊ ရဟန်း, ဝိဇ္ဇာ, ရသေ့, ယောဂီ, လူသူတော် ဝတ်စားပုံအမျိုးမျိုးနဲ့ လူမျိုးစုံပဲ။ ယောကျ်ား,မိန်းမတွေ စုံနေပါရောလား။ **"ဝိဇ္ဇာရှစ်သောင်း ဆရာပေါင်း"**ဆိုတာ စာထဲမှာတင် ရှိတာမဟုတ်ဘူး။ တကယ်ကို ရှိနေတာပါ။

**နဂ္ဂဗ္ဗာရောင်ခြည်မဂ္ဂဇင်းမှ**

www.burmeseclassic.com

www.burmeseclassic.com



အဖေကြီး ဘိုးမင်းခေါင်က ကျုပ်ကို တစ်ခုတော့ မှာထားတယ်။ ဘာစကားမှ မပြောနဲ့တဲ့။ ကျုပ်လဲ မပြောပါဘူး။

ရွှေစေတီ၊ ငွေစေတီ၊ စိန်စေတီ၊ မြစေတီ၊ ပတ္တမြားစေတီ၊ ကျောက်စိမ်းစေတီတွေကို မြေကြီးနဲ့ မထိဘဲ အာကာသဟင်းလင်းပြင်မှာ အလွန်သပ္ပါယ်စွာ ကြည်ညိုဖူးတွေ့ရတယ်။

အာကာသနဲ့ ဝိဇ္ဇာတိုင်းပြည်ရဲ့ တည်နေရာကို တစ်ဆက်တည်းလိုလို ထင်မိတယ်။ အလွန် ထူးဆန်းလွန်းလို့ မှင်တက်မိသလို ဖြစ်နေမိတယ်။ ရုပ်ရှင်တော်မြတ်များဟာလဲ ရောင်ခြည်တော်ပန်း အုံ့မခန်း ဆိုသလို ထူးထွေဆန်းပြား ခမ်းနားတင့်တော်မူလွန်းပါတယ်။

ကျုပ်ဟာ ကြည်နူးလွန်းလို့ တစ်ကိုယ်လုံး ပီတိတွေ ဖုံးလွှမ်းနေလိုက်တာ လောကကြီးကို မေ့နေသလိုပါပဲ။

ဒီလိုတုန်းမှာ အဖေကြီးရဲ့ အသံတော်ကို ကြားမှပဲ သတိပြန်ဝင်လာပါတယ်။

"ငါ့သားကြီး မင်း အဓိဋ္ဌာန်ဝင်တာ **"ဝိဇ္ဇာဖြစ်ရပါလို၏"** လို့ ဆုမတောင်းခဲ့ဘဲ ဝိဇ္ဇာတိုင်းပြည်ကို ရောက်ဖူးရပါလို၏လို့ပဲ ဆုတောင်းခဲ့တာကိုးကွ။

မင်းရဲ့ ပါရမီကလဲ ဒီလောက်ပဲ ရှိသေးသကိုး။ အဲဒီတော့ ငါ့သားကြီးမင်း ဒေးစွန်ပါကို ပြန်ပြီး ပါရမီစခန်းဆက်လျှောက်ပေဦးတော့ကွယ်"

လို့ စိတ်မကောင်းဟန်နဲ့ မိန့်ကြားပါတယ်။

ကျုပ်လဲ ကျုပ်ရဲ့ ဆုတောင်းအမှားကို ပြန်သတိရပြီး နောင်တ ရမိပါတယ်။ နောင်တ ဆိုတာလဲ နောက်မှပဲရတတ်တဲ့ အမျိုးမို့ ဘာတတ်နိုင်တော့မှာလဲ။ အဖေကြီး ပြောသလို ပါရမီကလဲ ဒီလောက်ပဲပါတာ ဖြစ်မှာပေါ့ဗျာ။

"ကဲ ငါ့သားကြီး မင်းကို ငါ လိုက်ပို့ပေးရမလား၊ မင်းဘာသာမင်း ပြန်မလား"

လို့ မေးပါတယ်။

ကျုပ်ဆိုတဲ့ကောင် မောင်ဒီပဆိုတဲ့ ရသေ့ကလဲ ဘယ်ဘဝက ပါလာတဲ့ မာနတရားလဲ မသိပါဘူးဗျာ။ ဒီနေရာ (ဝိဇ္ဇာတိုင်းပြည်)ကို ရောက်လာတာ တောင်ဝှေးကိုင်ပြီး မျက်စိမှိတ်လိုက်ရုံနဲ့ ရောက်လာတာ။ ငါပြန်ရင်လဲ ခဏနေမှာပေါ့လို့ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးပြီး...

"သားကြီး ကိုယ်တိုင်ပဲ ပြန်ပါ့မယ်လေ အဖေကြီးရယ်။ လမ်းသာ ပြပေးပါ"

လို့ ပြောလိုက်မိတယ်။

အဖေကြီးက ကျုပ်ကို ပြုံးပြုံးကြည့်တယ်။ ပြီးတော့...

"အေး...အေး... ဒီလမ်းအတိုင်း သား ပြန်ပေတော့။ အခက်အခဲ တွေ့ရင်တော့ အဖေကြီးကို တ,လိုက်"

လို့ ပြောပြီး လမ်းပြပေးပါတယ်။

ကျုပ် လွယ်လွယ်လေးနဲ့ ပြန်ရောက်မယ်ထင်တဲ့လမ်းကို (၁)လလောက် ကြာကြာ အချိန်ယူပြီး ပြန်ခဲ့ရတယ်။ လမ်းခရီးမှာလဲ ချုံနွယ်ပိတ်ပေါင်း တောတောင် ချောက်ကမ်းပါးကြီးတွေ အင်းအိုင်ချောင်းမြောင်း ရေတံခွန်တွေကို ကျော်ဖြတ်ရတယ်။

ကျား၊ ဆင်၊ ခြင်္သေ့၊ မိကျောင်း တောခွေး၊ ဝံပုလွေ၊ မြွေကြီးတွေနဲ့ တိုးခဲ့ရပါတယ်။ ပြောရရင်တော့ မကုန်နိုင်ပါဘူး။

ကျုပ်ကတော့ အရဟံဂုဏ်တော်ကြီးကို ပွားထုံထားပြီး အဓိဋ္ဌာန်အောင်ခဲ့ဖူးသူဆိုတော့ အရဟံဆိုတဲ့ ဗုဒ္ဓဂုဏ်တော်မြတ်ကြီးကိုပဲ အခါမလပ် အာရုံကပ်ပြီး ခရီးဆက်ခဲ့ပါတယ်။

နောက်ဆုံးတော့ ကျုပ်နေတဲ့ ဒေးစွန်ပါတောင် အခု ခင်ဗျားရောက်နေတဲ့ ကျောင်းသခ်မ်းလေးဆီကို ပြန်ရောက်ခဲ့တာပါပဲ'

ဟု ပြောရင်း ကျွဲတညင်းပင်ကြီး အနီးမှာရှိနေသည့် တစ်ယောက်နေ ဝါးကျောင်းကလေးကို ညွှန်ပြပါတော့သည်။

ရှည်လျားစွာ စကားပြောခဲ့ရသော ရသေ့ဦးဒီပသည် သူ၏ နောက်ဆုံး စကားများ ပြီးဆုံးသွားသောအခါတွင် မောလျပင်ပန်းစွာ သက်ပြင်းရှည်ကြီး ချလိုက်ပါသည်။

သူ၏ မောလျပင်ပန်းစွာ ချလိုက်သော သက်ပြင်းရှည်ကြီးတွင် အ မာနတရားများ စီးမျောပျော်ဝင် ပျောက်ကွယ်သွားလေသော် ကောင်း လေစွတကားဟု ကျွန်ုပ် တွေးတော မိသည်။

မေတ္တာစိတ်နှင့်...

မျိုးတင့်(ညောင်လေးပင်)

ဝန်ခံချက် ။ ။ ဘဒ္ဒန္တ အရိယဝံ (ကချင်)၏ ကိုယ်တွေ့ မှတ်တမ်း ပါ ဦးတမောနဒကို ကြောင်း ရေးဖွဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



‘ကဲ…အားလုံး လှည်းထွက်ကြရအောင်ဟေ့ စုံကြပြီလား’

‘ဦးလေးခင်အောင် လှည်းတစ်စီးပဲ ကျန်တယ်၊ အားလုံးစုံပါပြီ ဘကြီးမိုးရဲ့’

‘တယ်… ဒီခင်အောင်ဆိုတဲ့ကောင် သွားနောက်စားနောက်၊ သေသူများ အရင်ဆိုတဲ့ ကောင်ပဲ။ အရက်ကလေး တမြမြနဲ့ အရက်ဖိုဝင်နေတာနေမှာပေါ့’

‘ဟော… ဟိုမှာလာနေပါပြီ ဘကြီးမိုးရဲ့’

‘အေး… ဒါဆိုလဲ သူ့လှည်း ရှေ့ဆုံးက မောင်းခိုင်း၊ သူက လမ်းကျွမ်းကျင်တယ်။ ငါ့လှည်းက နောက်ဆုံးက လိုက်မယ်။ ဒါမှ ထိန်းသိမ်းလို့ရမယ်။ ကဲ…အားလုံး သွားကြမယ်ဟေ့’

၁၉၈၀ ပြည့်နှစ်ဝန်းကျင် အညာဒေသ ရွာတစ်ရွာဖြစ်သည့် သခွတ်ပင်ရွာကလေး၏ ညနေဆည်းဆာအချိန်တွင် ရွာဦးကျောင်းအနီး မြေကွက်လပ်မှာ နွားလှည်း(၁၀)စီးခန့် စုဝေး၍ အရှေ့ ရူးရူး တောအုပ်ဆီသို့ အစီအရီ ထွက်ခွာသွားကြသည်။

၎င်းလှည်းတန်းမှာ အညာဒေသ၏ ချစ်စရာ့ထုံးတမ်းစဉ်လာအရ သူလှူတော့ ငါကူ၊ ငါလှူတော့ သူကူဆိုသည့် ဓလေ့အတိုင်း သားရှင်ပြုအလှူ ချက်ပြုတ်ရန်အတွက် ထင်းခုတ်သွားကြခြင်းဖြစ်သည်။

သက်ဝင်း
(ကြေး/မြေ)ဝက်လက်

# တောတို့၏ မာယာ



www.burmeseclassic.com

www.burmeseclassic.com

ယခုနှစ် ရွာတောင်ပိုင်းက မုဆိုးမ ဒေါ်မြခင်၏သား ကိုမိုးသီးနှင့် မညိုဆန်း တို့ ယခုနှစ် သီးနှံရိတ်သိမ်းပြီးချိန် ကောက်ကြီးတက် သားကို ရှင်ပြုမည်။ ကိုမိုးသီး၏ညီ ရွာဦးကျောင်းက ကိုရင်ကြီးကို ရဟန်းခံမည်။

ဒီအလှူအတွက် လိုအပ်မည့် ထင်းကို ဘကြီးမိုးဦးဆောင်ပြီး ရွာနှင့် (၆) တိုင် (၁၂)မိုင်ခန့်ဝေးသော တောအုပ်ဆီသို့သွား၍ အလှူအတွက် အလားတော် ထင်းများကို ခုတ်ကြမည်။ ဒီနေ့ ညနေ နေဝင်ရီတရောအချိန်လောက်မှ စ,ထွက်မည်။ ညသန်းခေါင်လောက် ထင်းခုတ်ရမည့်နေရာ ရောက်မည်။ နွားများကို အနားပေးရင်း ခေတ္တ တရေးတမော အိပ်ကြမည်။

နောက်နေ့ ဝေလီဝေလင်းကစ၍ ထင်းခုတ်ကြမည်။ လှည်းများ ထင်းပြည့်၍ နောက်တစ်နေ့ ညနေ နေဝင်ရီတရောအချိန် ရွာသို့ပြန်ကြမည်။ ညသန်းခေါင်လောက်ရွာသို့ ပြန်ရောက်မည်။

ဤကဲ့သို့ အစီအစဉ်မှာ ရွာမှ အလှူလှူတိုင်း ထင်းခုတ်ရာတွင် ဤအစီအစဉ်မှာ ထုံးစံဖြစ်သည်။ ထင်းခုတ်မည့်နေ့ နံနက်စာ၊ နေ့လယ်စာကိုတော့ ရွာမှ တစ်ခါတည်း ချက်ပြုတ်ခဲ့ကြသည်။ နွားများအတွက်ကတော့ ထင်းခုတ်သည့်နေရာနှင့် နီးစပ်ရာ စားကျက်ကောင်းရာသို့ ချည်နှောင် လံထားကြသည်။ ဤသည်မှာ သခွတ်ပင်ရွာ၏ ဓလေ့ထုံးတမ်းဖြစ်သည်။

* * *

'ဗျို့ ဘကြီးမိုး... ကျုပ်တို့ နားနေကြ ဖျောက်ဆိပ်ပင်ကြီး ရောက်ပြီဗျို့'

ရှေ့ဆုံးမှ လှည်းမောင်းသူ ကိုခင်အောင်မှ နောက်ဆုံးလှည်းမှ ဘကြီးမိုး ကြားနိုင်သည့်အသံနှင့် အသံပြုလိုက်



သည်။ ဘကြီးမိုးက...

'ရောက်ပြီဆိုရင်လဲ ဖျောက်ဆိပ်ပင်ကို လှည်းဝိုင်းပတ်ပြီး နွားဖြုတ်လိုက်ကြအောင်'

'သန်းခေါင်ကြက် အခုမှ တွန်တယ်၊ ဘကြီးမိုးရေ...သန်းခေါင်အတိ ရောက်တာပဲ'

'အေး...အေး... နွားတွေကိုလဲ သေချာချည်ကြဦး။ တော်ကြာ လွတ်သွားကြဦးမယ်။ ဟော့ ဝင်းကျော်... မီးဖိုကွာ၊ ရေနွေးအိုးတစ်လုံးတည်ပေး။ ငါ ရေနွေးသောက်ရင်း စောင့်မယ်။ မင်းတို့ အိပ်ကြပါ'

'ရေနွေးအိုး တည်စရာမလိုဘူး ဘကြီးမိုး။ ကျုပ် ဘကြီးမိုးအတွက် အိမ်က ဓာတ်ဘူးကြီးနဲ့ ရေနွေးနပ်လာခဲ့တယ်'

'ဒါဆိုလဲ ငါ့လှည်းဆီ ဓာတ်ဘူးယူခဲ့ကွာ။ ကဲ... အားလုံးအိပ်ကြတော့၊ ငါလဲ ရေနွေးသောက်ရင်း ပဌာန်းရွတ်ပြီး စောင့်ပါ့မယ်ကွာ။ ကဲ...အိပ်ကြ... အိပ်ကြ။ ဟိုကောင်ခင်အောင် ညနေက လက်ကျန်ပါတယ်ဆိုပြီး သိပ်သောက် မနေနဲ့ဦး။ မနက် အရက်နာကျပြီး မထနိုင်ဘဲ နေဦးမယ်'

'ဘကြီးမိုးကလဲ နည်းနည်းပါးပါး ပါဗျာ'

'မင်းပြောလိုက်ရင် ဒီအတိုင်းချည်းပဲ'

'ဝါသနာကို ဘကြီးမိုးရဲ့'

'နာပါ နာပါ သေအောင်သာ နာကွာ။ ကဲ တော်ပြီ အားလုံးအိပ်ကြတော့'

အားလုံး ငြိမ်သက်သွားသည်။ နွားများ စားမြုံ့ခတ်သည့်အသံ၊ တစ်ခါတစ်ခါ နွားများ ခြင်ကိုက်၍ နွားမြီးယမ်းသည့်အသံမှလွဲ၍ အားလုံး ဆိတ်ငြိမ်လျက်ရှိသည်။ ဘကြီးမိုးတစ်ယောက်တည်း ရေနွေးဓာတ်ဘူးမှ ရေနွေးကို တစိမ့်စိမ့် ငုံ့သောက်ရင်း ပဌာန်းဒေသနာတော်ကို ရွတ်ဖတ် ပူဇော်နေလေသည်။

* * *

'ဟော့... အားလုံးထကြတော့ဟေ့ မိုးလင်းပြီကွ။ နံနက်စောစောစာ ထမင်းဆီဆမ်းနဲ့ ပဲကြော်ပါသဟေ့။ အားလုံး သွက်သွက်စားပြီး ထင်းခုတ်ကြတော့ ဟိုကောင် ခင်အောင် ထနိုင်လား'

'ထနိုင်ပါတယ် ဘကြီးမိုးရဲ့ ထင်းတစ်လှည်းများ ပျင်းတောင်ပျင်းသေးတယ်'

'အေးပါ...ပြီးတာပါပဲ။ ကဲ... အားလုံး ကြည့်လဲ ခုတ်ကြဟေ့။ မွေမှားကင်းများ ရော၊ ဓားလှူထိမှာကိုရော သတိစိုက်ရှိကြဟေ့'

'စိတ်ချပါ ဘကြီးမိုးရဲ့ ဘကြီးမိုး နားနားနေနေ အိပ်တော့လေ'

'အေး...အေး'

ထုံးစံအရ ဘကြီးမိုး လှည်းအတွက် ဘကြီးမိုး ထင်းမခုတ်ရပါ။ အခြား လှည်းများ ကိုယ်စီ ထင်းပြည့်သည့် အချိန်တွင် ဘကြီးမိုး ထင်းလှည်း အတွက် ဝိုင်းကူ ထင်းခုတ်,ထင်းတင် ပြုကြမည်။

ရွာဓလေ့အရ ဘကြီးမိုးလှည်း မဟုတ်။ ဘကြီးမိုးကဲ့သို့ တစ်ညလုံး မအိပ်ဘဲ လှည်းအားလုံးကို စောင့် ရှောက်ပေးသူ၏ လှည်းအတွက် လိုပဲ ဝိုင်းဝန်း ထင်းခုတ်,ထင်း

www.burmeseclassic.com

www.burmeseclassic.com

သည့်မှာ ရွာဓလေ့တစ်ခုပင်။

ကိုခင်အောင်နှင့် ကျော်ဝင်းတို့ပါ အားလုံး တက်ညီလက်ညီ ထင်းခုတ်ကြရာ နေမွန်းမတည့်မီပင် ထင်းလှည်းများ ကိုယ်စီပြည့်နှက်နေကြပြီဖြစ်သည်။ နေ့လည်စာ စားပြီးချိန် ကျန်သည့် ဘကြီးမိုးလှည်းအတွက် ထင်းပိုင်းဝန်းခုတ်တင်ကြမည်။

'ကဲ...ကဲ နေ့စာ စားကြရအောင် ပြင်ဆင်ကြဟေ့'

'ဟင်... ဘကြီးမိုး အိပ်ရာနိုးပြီလား။ အိပ်ရေးရောဝရဲ့လား ဘကြီးမိုးရဲ့'

'ဝ,ပါတယ်ကွာ လူကြီးဆိုတာ ဒီလိုပါပဲ။ ကြက်အိပ်ကြက်နိုးပေါ့။ ဟေ့... ခင်အောင် တောထဲတောင်ထဲမှာ ထမင်းကို အရမ်းမစားရဘူးကွ။ တောတောင်စောင့်နတ်တွေကို တင်သပြီးမှ စားရတယ်ကွ'

'ဘကြီးမိုးကလဲဗျာ ကျုပ်မှာ မတင်တတ်တာ'

'မင်းပြောလိုက်ရင် ဆင်ခြေချည်းပဲ။ အေးပါ... ငါပဲ အားလုံးအတွက် ပူဇော်ပသပေးပါ့မယ်။ ကဲ တောတောင်စောင့်နတ်များနှင့်တကွ ရုက္ခစိုး ဘုမ္မစိုး အားလုံးအပေါင်းတို့ခင်ဗျာ... စားဦးစားဖျားတို့ကို ပူဇော်ပါတယ်။ တင်မြှောက်ပါတယ်။ အမိုက်အမှားများရှိရင်လဲ ခွင့်လွှတ်တော်မူကြပါ၊ စောင့်ရှောက်တော်မူကြပါ။ ပူဇော်ပါတယ်၊ ပသပါတယ်။ ကဲ... အားလုံး စားကြတော့'

ဘကြီးမိုးပါ နေ့လယ်စာ စားလိုက်သည်။ နေ့လယ်စာ စားပြီးချိန်တွင် ဘကြီးမိုးလှည်းအတွက် ထင်းခုတ်ထင်းတင်ပြုကြသည်။

'ကဲ အားလုံး ထင်းပြည့်ပြီဆိုတော့ ကိုယ့်နွားကို ကိုယ့်လှည်းနား အရိပ်ကပ်ထားကြဟေ့။ ဒီကနေ့ စောစောထွက်



မယ်။ ရွာကို စောစောရောက်တာပေါ့'

ဘကြီးမိုး အားလုံးကို သတိပေးရင်း သူ့နွားချည်ထားသည့် စားကျက်သို့ ထွက်ခဲ့သည်။ ထိုစဉ် ဘကြီးမိုး ချည်ထားသည့် နွားစားကျက်တွင် နွားနှစ်ကောင်စလုံး မရှိတော့ပါ။ နွားချေးပုံလေး,ငါးပုံမှလွဲ၍ မရှိတော့ပါ။ ဘကြီးမိုး အနီးအနား လိုက်ရှာသေးသည်။ မတွေ့တော့ပေ။

'ဟေ့ ခင်အောင်တို့... ကျော်ဝင်းတို့ ငါ့နွားနှစ်ကောင် မတွေ့တော့ဘူးကွ။ လာကူရှာကြပါဦး'

'ဟင် ဟုတ်လား ဘကြီးမိုး...ဘကြီးမိုးကိုယ်တိုင် လံထားတာ မဟုတ်လား'

'ဟုတ်တယ်ကွ ဒီစားကျက်ချည်ထားတာပဲ နှစ်ကောင်စလုံး လွတ်သွားတယ် ထင်ပါရဲ့ကွ'

'ကဲ...ကဲ ဘကြီးမိုးနွား ရှာရအောင်ဟေ့။ ဘကြီးမိုး ဒီမှာသာနေခဲ့။ ကျုပ်တို့အားလုံး ရှာလာခဲ့မယ်'

သတိဝီရိယ အလွန်ရှိသည့် ဘကြီးမိုး၏ နွားနှစ်ကောင်ကိုမှ ပျောက်နေလေသည်။ ဘကြီးမိုး ဒေါသတစ်ဝက် စိတ်ပူတစ်ဝက်ဖြစ်ရသည်။ အခြားလှည်းသမားများကိုလည်း အားနာရသည်။

ရွာစောစောပြန်မည်ဆိုမှ နေဝင်ခါနီးသည်အထိ နွားရှာသူများ ပြန်ရောက်မလာသေး။ မတွေ့သေး၍ ဖြစ်မည်။

သူငယ်အိပ်ဆိတ် ကြက်တွန်သံပင် ကြားရပြီ၊ နွားရှာသူများ ပြန်ရောက်လာကြပြီ။

သို့သော် ဘကြီးမိုးနွားကိုတော့ မတွေ့ခဲ့ကြ။ အားလုံး ညစာအတွက် မပါခဲ့၍ ဆာကလည်း ဆာနေကြပေပြီ။ သောက်ရေတောင် နည်းနည်းကျန်ကာ မျှသောက်နေကြရသည်။ ဘကြီးမိုး စိတ်မကောင်းဖြစ်ရသည်။

စိတ်တိုဒေါသအဖြစ်ဆုံးလူက ကိုခင်အောင် အရက်သမားဆိုတော့။ အချိန်ကျပြီဖြစ်သော်လည်း အရက်မပြောနှင့် ရေတောင်မှ အနိုင်နိုင်ဆိုတော့ ကိုခင်အောင် စိတ်တိုလေပြီ။

'ဘကြီးမိုး သေချာချည်ထားတာတော့ ဟုတ်ပါတယ်နော်'

'ဟုတ်ပါတယ် ခင်အောင်ရာ... ငါကိုယ်တိုင်ချည်၊ ငါကိုယ်တိုင် နေ့ရောညရော ကြည့်နေတဲ့ဥစ္စာ။ မနက်က မအိပ်ခင်မှာတောင် ချည်တိုင်မြဲမမြဲ ကြည့်သေးတယ်။ ပြီးမှ ငါအိပ်တာကွ။ ဘယ်လိုက ဘယ်လို လွတ်သွားတယ် မသိပါဘူးကွာ'

'ဒါဖြင့်... ဒီ...ငါ...မ နွားနှစ်ကောင် ဘယ်အလေလိုက်နေကြတုံး'

'မဆဲပါနဲ့ ခင်အောင်ရာ တောကြီးတောင်ကြီးထဲ မင်းကတမှောင့် ဒီဖျောက်ဆိပ်ပင်ကြီးကလဲ ကြီးကကြီးသနဲ့'

'ဆဲရမယ်ဗျာ... ဒီအပင်ကြီးတော့ရော ဘာအသုံးကျ၊ ဘာအကာအကွယ်ရလဲ။ ဘကြီးမိုး စားဦးစားဖျားတင်၊ ပဌာန်းတွေရွတ် ဘာအကာအကွယ်ရလဲ။ ဘကြီးမိုးနွားတောင် ပျောက်နေပြီ မဟုတ်လား။ ငါ...မသား အလကားဟာတွေ'

'တော်... တော်ပါတော့ ခင်အောင်ရာ အိပ်ပါတော့။ မိုးလဲ လင်းတော့မှာ



www.burmeseclassic.com

www.burmeseclassic.com

ပါ၊ မိုးလင်းမှ ရှာကြတာပေါ့။ အိပ်တော့ နော် အိပ်တော့'

'ကျုပ်ကတော့ မအိပ်ဘူးဗျာ၊ ထိုင်ကို ဆဲနေဦးမှာ။ ဒီလောက်ရှိတဲ့ဟာတွေ'

'အင်း...ခက်တော့တာပဲ ခင်အောင်ရာ'

ကိုခင်အောင်တစ်ယောက် အဆဲမျိုးစုံဖြင့် သူ့လှည်းပေါ်မှထိုင်၍ နားခိုသည့် ဖျောက်ဆိပ်ပင်ကြီးကို ထိုင်ဆဲနေလေသည်။ အခြားသူများမှာတော့ အိပ်သူကအိပ်၊ ထိုင်သူကထိုင် ဘကြီးမိုးတစ်ယောက်တည်း ထိုင်ရမလို ထရမလိုဖြင့် ခင်အောင် ဆဲနေသည်ကိုလဲ မတားနိုင်ပေ။

'ဟေ့... ခင်အောင်တဲ့ကွ၊ မနက်မိုးလင်းလို့ ဘကြီးမိုး နွားနှစ်ကောင်တွေ့ရင်တွေ့၊ မတွေ့ရင်တော့ ဟောဒီဖျောက်ဆိပ်ပင်ကစပြီး မီးတိုက်ပစ်မယ်မှတ်၊ ငါကွ ခင်အောင်'

ကိုခင်အောင်တစ်ယောက် အော်ကြီးဟစ်ကျယ်နှင့် ကြိမ်းဝါးနေသည်။

မိုးလည်း စင်စင်လင်းပြီ။ ထိုအခိုက် နွားနှစ်ကောင်တွန်သံ စူးစူးဝါးဝါး ကြားလိုက်ရသည်။

'ဟေ့ ခင်အောင် ဒီနွားနှစ်ကောင်တွန်သံက ငါ့နွားနှစ်ကောင် တွန်သံပဲကွ။ ငါချည်ခဲ့တဲ့ စားကျက်က ဖြစ်မယ်ထင်တယ်'

နွားနှစ်ကောင်တွန်သံ ထပ်မံ၍ ကြားရပြန်သည်။ လှည်းသမားအားလုံး ဘကြီးမိုး နွားများချည်ခဲ့သည့် နွားစားကျက်ကို တစ်ပြိုင်တည်းလိုလို ရောက်ကြသည်။ နွားနှစ်ကောင် စားကျက်တွင် မြက်စားနေသည်ကို အံ့သြစွာ တွေ့ကြရသည်။

'အေး... ဒီနွားနှစ်ကောင် ပြန်တွေ့တာ ခင်အောင်ကို ကျေးဇူးတင်ရမယ်ကွ။ ခင်အောင်ဆဲလို့ ပြန်တွေ့တာပေါ့'

'ဘယ်လို ဘကြီးမိုးရဲ့... ဦးလေး ခင်အောင်ဆဲလို့ နွားတွေ ပြန်တွေ့တာ ဟုတ်လား'

'ဟုတ်တယ်ကွ၊ ဒီတောထဲမှာ ဘုရားစ၊ တရားစ ရွတ်တာ၊ ပူဇော်ပသတာ မကြိုက်တဲ့ သစ်ပင်ကြီးတစ်ပင် ရှိတယ်။ အဲဒီအပင် အောက်ရောက်ရင် ဆဲဆိုပြောရတယ်လို့ ငါတို့အဖေ မသေခင်က ပြောဖူးတယ်။ ဒီ သစ်ပင်ကြီးဖြစ်နေတာဆိုတာကိုတော့ ငါ အခုမှ တွေးမိတာ။

ဒီအပင်နားမှာ ဘုရားစာ၊ တရားစာ ရွတ်တာတို့ ပူဇော်ပသတာတို့ လုပ်မိရင် တစ်ခုခု နှောင့်ယှက်တတ်တယ်လို့ ကြားဖူးတယ်ကွ။ ငါက ဘုရားစာရွတ်တာတို့ ပူဇော်တာတို့ လုပ်တော့ ငါ့နွားကို ဖုက်တော့တာပေါ့ကွာ။ ဟား...ဟား ခင်အောင်ဆဲလို့ ပြန်တွေ့တာပေါ့၊ ခင်အောင်ကို ကျေးဇူးတင်ကြ'

အားလုံး ဘကြီးမိုး ရှင်းပြသည်ကို အံ့သြစွာ နားထောင်ရင်း ကိုယ့်လှည်းရှိရာသို့ အသီးသီး ပြန်လာခဲ့ကြသည်။ ရွာသူရွာသားများလည်း ဘကြီးမိုးတို့ အချိန်တန်လို့ ပြန်မရောက်လို့ စိတ်ပူနေကြတော့မည်။

ဘကြီးမိုးတို့ လှည်းတန်းလည်း ထမင်းဆာဆာ၊ ရေဆာဆာနှင့် ရွာဆီသို့ တရွေ့ရွေ့ မောင်းခဲ့ကြသည်။

ဘကြီးမိုး စိတ်ထဲတွင်မတော့ **"တောတို့၏မာယာကား ဆန်းကြယ်လှပေစွ"**ဟု တွေးတောရင်း...။

**လှည်းသမားကျော်ဝင်း (သို့မဟုတ်) ကျွန်တော်ကိုယ်တွေ့အားရေးဖွဲ့ပါသည်။**

***သတ္တဝါအားလုံး ကျန်းမာချမ်းသာကြပါစေ။***

**သထင်းဝင်း**
**(ကြေး/မြေ)ဝက်လက်**

**စာရှုသူ၊ သုတေသီနှင့်**

**စာရေးသူ**

**ဆောင်းပါးရှင်များသို့ . . .**

နကၡတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတွင် ရွေးချယ်ဖော်ပြပါရှိသော ရောင်ခြည်ကဏ္ဍအသီးသီးရှိ ဆောင်းပါးများမှ သင့်လျော်သည်များကို ရွေးချယ်၍ **ဆောင်းပါးပေါင်းချုပ်များ** ထုတ်ဝေနေပါသည်။

သို့ဖြစ်၍ စာရေးသူဆောင်းပါးရှင်များမှ နကၡတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတွင် ရွေးချယ်ဖော်ပြခံရပါက **ဆောင်းပါးပေါင်းချုပ်များတွင် ထည့်သွင်းမည်ကို သဘောတူညီပြီးဖြစ်သည်ဟု** နကၡတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတိုက်မှ မှတ်ယူပါသည်။

အကယ်၍ ဆောင်းပါးပေါင်းချုပ်များတွင် **ပါဝင်လိုခြင်းမရှိသူ စာရေးသူဆောင်းပါးရှင်များအနေနှင့် နကၡတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းသို့ ဆောင်းပါးများကို မူလကပင် ပေးပို့ခြင်း မပြုကြပါရန်** မေတ္တာရပ်ခံအပ်ပါသည်။

အကယ်၍ ပေးပို့ပါက ဆောင်းပါးပေါင်းချုပ်များတွင် ထည့်သွင်းမှုကိုပါ သဘောတူညီပြီးဖြစ်သည်ဟု နကၡတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတိုက်မှ မှတ်ယူပါမည်။

**ထပ်မံပြီး ရွေးချယ်ဖော်ပြခံရပါက သင့်လျော်သောစာမူခနှင့် စာအုပ်လက်ဆောင်ပါ ပေးပို့ပေးပါမည်။**

*လေးစားစွာဖြင့်...*

ဦးကျော်မိုးသိန်း

စာတည်းချုပ်

**နကၡတ္တရောင်ခြည်မဂ္ဂဇင်း**

**ပါရမီမဂ္ဂဇင်း**

အမှတ် ၂၃၃၊ (၂၉)လမ်း

ပန်းဘဲတန်းစာတိုက်၊ ရန်ကုန်မြို့



www.burmeseclassic.com

www.burmeseclassic.com



ရွှေဈော်မြေ မောင်ကြည်ဘိန်း

# နဂါးနဲ့ ရင်ဆိုင်တွေ့သူများ

နဂါးနှင့်ပတ်သက်၍ ''နဂါးလှည့်သင့်,မသင့်၊ နတ်နဲ့နဂါး မလှည့်စားနဲ့ နဂါးတို့မျက်စောင်း အကြောင်းသုံးပါး မရွေးဘူး''စသည်ဖြင့် ပြောဆို ရေးသားနေကြပါသည်။

ဒါဆို ''နဂါး''ဆိုတာ တကယ်ရှိလို့ ဖြစ်မှာပေါ့။ နဂါးဆိုတာ တကယ်ရှိတာပါ။ နဂါးနှင့်ပတ်သက်၍ စာရေးသူ ဖြစ်ရပ်မှန် တင်ပြပါမည်။

မဟာသက္ကရာဇ် ၁၂၃ ခုနှစ် ဂါထိဖွဲ့မြ ယခု(လယ်ကိုင်း)သို့ မဟာပုဏ္ဏ၊ စူဠပုဏ္ဏ ကုန်သည်ညီနောင်တို့ ပင့်ဖိတ်ချက်အရ စန္ဒကူးနံ့သာကျောင်းတိုက်ကို အလှူခံယူတော်မူရန်အတွက် ဗုဒ္ဓဘုရားရှင်နှင့် ရဟန္တာ(၅၀၀) ကြွရောက်တော်မူခဲ့သည်။

ထိုခရီးစဉ်တွင် နမ္မဒါမြစ်အနီး ဗုဒ္ဓဘုရားရှင်သည် ရေသနိ့တော်မူနေခိုက် ''နမ္မဒါ''နဂါးမင်း လာရောက်ပြီး ထာဝရကိုးကွယ်ဆည်းကပ်ရန် အမွေအနှစ် တောင်းတော်မူရာ နောင်သာသနာတော်အဓွန့်ရှည်မှုကို ကြည့်၍ ခြေတော်ရာတစ်ဆူ ချထား ပေးသနားတော်မူခဲ့ရာ နောင်သောအခါတွင် ''အောက်စက်တော်ရာ''အဖြစ် ထင်ရှားစွာ ရှိနေခဲ့ပါသည်။

တစ်ဖန် နဂါးဆိုသည်မှာ ဖန်ဆင်းမှုအမျိုးမျိုး၊ အန္တရာယ်ပြုမှုအမျိုးမျိုး အပါအဝင် ''ကမ္ဗဗိဇ္ဇိတန်ခိုး''ရှိသည်။ မြွေကဲ့သို့သော သတ္တဝါအဖြစ် ဖော်ညွှန်းပြဆိုထားပါသည်။

တစ်ဖန် မဟာရာဇဝင်ကြီးထဲတွင် ကာလနဂါးမင်း၏သား၊ နဂါးကြောင်၏သမီး မိဖုံသီအမည်ရှိ နဂါးမလေးနှင့် နေနတ်သားတို့ စုံမက်ရာမှ ရလာသော ဥ,ကို ပျူအဘိုးအိုလင်မယား ကောက်ယူမွေးစားရာမှ ပျူစောထီးမင်းလောင်းလျာကို မွေးဖွားလာသည်ဟု ဖော်ပြထားပါသည်။

အလျဉ်းသင့်၍ ပျူစောထီးမင်း အမြဲရွတ်ဆိုသော အစွမ်းထက် ဂါထာတစ်ပုဒ်ကို ဖော်ပြအပ်ပါသည်။ မည်မျှမည်မျှ စွမ်းသည်ကို ကိုယ်တိုင် ရွတ်



www.burmeseclassic.com

www.burmeseclassic.com

ပွားမှသာ သိသာပေလိမ့်မည်။

လိုချင်တပ်မက်စိတ် တစ်ခုတည်းနှင့်တော့ ဘာမှ ဖြစ်လာမှာ မဟုတ်ပါ။ နှစ်ရှည်လများ ရွတ်ပွားပြီး စရဏအားကောင်းမှသာ သိသာမြန်ဆန် အကျိုးပေးသန်ပေမည်။ ရွတ်ပွားကြပါကုန်လော။

### ပျူမင်းထီးဂါထာတော်

အတေ၊ အာတေ၊ ဥတေ၊ ဦတေ၊ ဣလုတေ၊ ဣလူတေ၊ ဣလန္တေ၊ ဣလာတေ၊ ခတေ၊ စတေ၊ စာတေ၊ တဝတေ၊ တဝါတေ၊ တံသုခတေ၊ မတေ၊ သမတိတေ၊ သံတေ။

အနက်

**အတေ၊** အဆိပ်ပျောက်အံ့၊ **အာတေ၊** အဆိပ်မတက်အံ့၊ **ဥတေ၊** အလိုခပ်သိမ်းပြည့်စုံအံ့။ **ဦတေ၊** ကြံတိုင်းအောင်အံ့။ **ဣလုတေ၊** သူတကာဟူသမျှ ချစ်အံ့။ **ဣလူတေ၊** သူတကာမြင်သမျှ ချစ်မြတ်နိုးအံ့။ **ဣလန္တေ၊** ရန်ပျောက်အံ့။ **ဣလာတေ၊** မကောင်းသောရန် ပျောက်အံ့။ **ခတေ၊** သူခပ်သိမ်းကြံ၍ မဖြစ်။ **စတေ၊** ရန်ဟူသမျှ ပျောက်အံ့၊ **စာတေ၊** အသက်ရှည်အံ့။ **တဝတေ၊** ကိုယ်အနာဟူသမျှ ပျောက်အံ့၊ **တဝါတေ၊** မကောင်းသော အနာခပ်သိမ်း ကင်းငြိမ်းပျောက်အံ့၊ **တံသုခတေ၊** ဝမ်းကြီးအနာဟူသမျှ ပျောက်အံ့၊ **မတေ၊** ရွှေငွေဥစ္စာရအံ့၊ (နှလုံးချမ်းသာအံ့လည်းဟူ၏)။ **သမတိတေ၊** မင်းဘေးမင်းဒဏ် ကင်းငြိမ်းအံ့။ **သံတေ၊** နှလုံးကောင်းမြတ်အံ့။

ဤဂါထာတော်ကို သက်စေ့ရွတ်ပွားပါက အကျိုးအနန္တ ပေးမည်ဟု ဖော်ပြထားပါသည်။ ရေးသူတော်များ လျှို့ဝှက် ကျင့်ကြံရွတ်ဆိုသော ဂါထာတော်မြတ်ကြီးဖြစ်၍ လေးစားစွာ ရွတ်ပွားတော်မူကြပါကုန်လော့။

ထို့ပြင် စာရေးသူတို့ နေထိုင်ရာ



ရွှေတောင်မြို့မှ (၉)မိုင်အကွာရှိ ပြည်မြို့ ဟိုးရှေးယခင် သရေခေတ္တရာပြည်ကို တည်ထောင်သော ဒွတ္တပေါင်မင်း လက်ထက်၌ တန်ခိုးကျော်ဇွပါဒ် ကြီးမားသော **ဗိဿနိုးရသေ့၊** ဝေဒကျမ်းအရာ၌ ကုံလုံပေါက်မြောက်သော **ဂဝံပတေ့ ရသေ့၊** နတ်တို့သနင်း သိကြားမင်းနှင့် **ကတကာရကမ္ဘနဂါးမင်း**တို့ ပါဝင်ခဲ့ပါသည်။

ကတကာရကမ္ဘနဂါးမင်းသည် မြို့တည်ရာမှာ မြို့နန်းသမုတ်သည့် အခါ၌ တံမျဉ်းကြိုးပမာ ပါဝင် အသုံးတော်ခံခဲ့သည်ဟု မှတ်သားရပါသည်။

နဂါးကြီး တွန့်သောအခါ၌ ပန်းရန်ဆရာတို့ကလည်း လိုက်လံ၍ မြို့ရိုးကို တွန့်ခဲ့သောကြောင့် "**နဂါးတွန့်**"ဟူ၍ ယနေ့တိုင် တွေ့နိုင်ပါသေးသည်။

မြို့ရိုးကြီးသည် **တွန့်လိမ်ကောက်ကွေး**စွာ တည်ရှိနေသည်ကို စာရေးသူ လေ့လာခဲ့ရပါသည်။ ပြည်မြို့အထက်ပေါင်းတလည်–ပေါက်ခေါင်း သွားရာလမ်းဘေး ရထားလမ်း၊ ကားလမ်းဆုံရာ နံဘေး၌ ယနေ့တိုင် တွေ့နိုင်ပါသည်။

စာရေးသူ ယခုလို တင်ပြရခြင်းမှာ နဂါးဆိုတာ တကယ်ရှိပါလားဆိုသည့် သက်သေ သာဓကပြချက် အချို့သာ ဖြစ်ပါသည်။

ယခု စာရေးသူ တင်ပြမည့် နဂါးဆိုသည်ကို အရှင်လတ်လတ် ကိုယ်တွေ့ကြုံသည့် စာရေးသူ၏အဖေ ဦးထွန်းကြိုင်အပြင် သူငယ်ချင်း ဦးမှတ်ကြီး၊ ဦးစံကြီး၊ ယခုအခါ ကွယ်လွန်ခဲ့သည်မှာ ရာစုနှစ် (၂)ခု ကျော်လာခဲ့သော်လည်း မမေ့သော သတိရသောအားဖြင့် တင်ပြအပ်ပါသည်။

ခုနှစ်အားဖြင့် ၁၉၆၂ ခုနှစ် တော်လှန်ရေးအစိုးရ တက်ပြီးခါစအချိန် ဧရာဝတီမြစ်ကမ်းနံဘေးမှ တရုတ်မှော် အမည်တွင်သည့် ရွာလေးတစ်ရွာမှာ ဖြစ်ပျက်ခဲ့သည့် ဖြစ်ရပ်မှန်တစ်ခုပါ။

အဖေ မသေမီက ပြောပြခဲ့သည်မှာ...

'လူလေး ကိုယ့်ရွာကိုယ့်အသကို ဘာလို့ တရုတ်မှော်လို့ ခေါ်ရတယ်။ ရွာမှာ ဘုရားကျောင်းကန် ဘယ်နှခုရှိတယ် စတာတွေကို လေ့လာထားရတယ် သား၊'

'ဟုတ်ကဲ့ပြောပါ အဖေ'

'တို့ရွာကြီးက ဟိုးရှေးရှေးတုန်းက နရသီဟပတေ့ဆိုတဲ့ တရုတ်ပြေးမင်း ပုဂံကနေ "တာတာ"လို့ခေါ်တဲ့ တရုတ် စစ်သည်တွေတိုက်လို့ စစ်ရှုံးပြီး သားတော် ပုသိမ်မြို့စား ဥဇနာဆီ အပြေး အဖေတို့ ရွာရောက်တော့ တရုတ် တပ်ကြီး လိုက်လာမလားဆိုပြီး မျှော်ကြည့်ရလို့ ဒီအရပ်ကို တရုတ်မှော်လို့ အမည်သညာ ပေးခဲ့သတဲ့။ ကာလ ရွေ့လျောပြီး တရုတ်မှော်ရယ်လို့ ဖြစ် လာခဲ့တယ်သား'

'ဟုတ်ကဲ့ ပြောပါအဖေ။ ဒါနဲ့ အဖေ ပြောမယ့် နဂါးဆိုတာကရော'

'အေး အဲဒါပြောမလို့ဘဲကွ'

'ဒီလိုသားရေ...

တန်ခူးလ အခါသမယမို့ ရွာ ပိတောက်ပင်အိုပင်ပျိုအားလုံး ပွင့်နေ လိုက်ကြတာ တစ်ရွာလုံး။ သူ့ခေါင်းမှာ လဲ ပိတောက်၊ ငါ့ခေါင်းမှာလဲ ပိတော နဲ့ ရေတွေကလဲ ပက်သလား မေးနဲ့ ဒီတုန်းက အဖေရယ်၊ ကြီးရယ်





www.burmeseclassic.com

www.burmeseclassic.com

စံကြီးရယ် သုံးယောက်လုံးက လူပျိုတွေလို ဘုရားသွား ကျောင်းတက် အတူတူ မခွဲဘဲ တတွဲတွဲ နေကြတာကွ'

* * *

'ဟေ့ မောင်ထွန်းကြိုင်... ဒီနေ့ ဥပုသ်စောင့်သွားကြမယ်ကွ။ အရိုးလေး ဒေါ်နှင်းရွက်က အုန်းနို့ခေါက်ဆွဲ ကျွေးမယ်တဲ့ကွ'

'မင်းတို့ကလဲ စားဖို့နေရာသာ ရှာနေတာပဲ။ ဥပုသ်တော့ ရအောင် မယူဘူး'

'ဟကောင်ရ ဘုရားလဲဖူး။ သိပ်ဥလဲ တူးပေါ့ကွာ ဟား ဟား'

'အဲဒါဆို သွားမယ်လေကွာ'

ကျောင်းရောက်ပြီး ဥပုသ်သီလယူ၊ အုန်းနို့ခေါက်ဆွဲ တဝတပြ စားကြပြီး...

'ဟေ့ မောင်ထွန်းကြိုင် ဟိုး သခွတ်ပင်ကြီးအောက်မှာ အလမ္မာယ်ပြနေပါလားကွ။ လာ သွားကြည့်ကြမယ်'

'အေး ကောင်းတယ်'

သူတို့တစ်တွေ သခွတ်ပင်ကြီး အောက်ရောက်တော့ လူတွေတောင် တော်တော်များနေပြီ။ တိုးဝှေ့ပြီး ရှေ့တွင် နေရာယူတော့ အလမ္မာယ်ဆရာက...

'ခုလို ကြွရောက်အားပေး ကြည့်ရှုကြတဲ့ မိဘပြည်သူများ သိပ်ပြီး ရှေ့မတိုးကြပါနဲ့။ ကျွန်တော်တို့ ဝိုင်းထားတဲ့ စည်းဝိုင်းအတွင်း တစ်ဦးတစ်ယောက်မှ မဝင်ကြပါနဲ့လို့ မေတ္တာရပ်ခံပါတယ်။ ဘာလို့လဲဆိုရင် အင်မတန်မှ အန္တရာယ်များလို့ပါ။ မကြာခင်မှာ အဆိပ်အင်မတန်ပြင်းတဲ့ မြွေမျိုးစုံ ခေါ်ပါတော့မယ်။ စည်းဝိုင်းဘေး ဝေးဝေးက ကြည့်ကြပါ ခင်ဗျာ'

အလမ္မာယ်ဆရာလေးက ငယ်ငယ်၊ လူပုံချောချော၊ အသားဖြူဖြူ၊ ဥပဓိရုပ်



ခပ်ကောင်းကောင်းနဲ့ အဖွဲ့သားက ဘင်တီးသူတစ်ဦး၊ လင်းကွင်းတီးသူတစ်ဦး ဒါပဲ ဖြစ်ပါတယ်။

မြွေတွေ မခေါ်မီ ဆရာဖြစ်သူက ဟိုး ကောင်းကင်ကြီးကြည့်ပြီး ပါးစပ်မှ ရွတ်ဖတ်နေဟန်ကို မောင်ထွန်းကြိုင် အပါအဝင် လူအားလုံး ကြည့်နေကြတယ်။ အဲဒီအချိန်မှာ...

'ဟာ ရေမမြွေဟောက်ကြီး တစ်ကောင် ပါးပျဉ်းထောင်ပြီး စည်းဝိုင်းထဲ ဝင်လာပါပြီ'

'ဖေ့သားကြီး ရောက်လာပြီကိုး။ အားလုံး မတို့မထိကြပါနဲ့။ အင်မတန်မှ အဆိပ်ပြင်းတဲ့ **တောကြီးမြွေဟောက်ကြီး**ပါခင်ဗျား'

မှန်းခြေ သုံးတောင်ခန့်လောက် ရှိမယ်လို့ထင်ရတယ်။ အလမ္မာယ်ဆရာ ခြေဖမိုးကို တို့ထိပြီး လာလမ်းကို ပြန်သွားတယ်။ မကြာခင် မြွေပွေးများ၊ လင်းမြွေများ၊ စပါးအုံးမြွေများ၊ ငန်းစောင်း၊ ပတတ်လည်နီ အဆုံး မြွေမျိုးစုံစွာ ရောက်လာပြီး မြွေဆရာခြေထောက်ကို တို့ထိပြီး လာရာလမ်း ပြန်သွားကြတယ်။ တစ်ကောင်နဲ့တစ်ကောင် ရန်မူခြင်း အလျှင်း မရှိပါဘူး။

'ဖြောင်း ဖြောင်း ဒွီး ဒွီး'

လက်ခုပ်သြဘာသံများ ပွက်လောညံပြီး...

'တယ်တော်တဲ့ မြွေအလမ္မာယ်ဆရာလေးပါလား... ဘာဆေးစွမ်းကောင်းများရှိလဲ မသိဘူး။ မြွေဆေးပါရင် ရောင်းခဲ့ပါဗျာ'

'ဟုတ်ကဲ့ခင်ဗျာ မြွေကာကွယ်ဆေး အနည်းငယ် ရောင်းပေးခဲ့ပါမယ်။ ကျွန်တော်က မြွေဆို ဘာမြွေမှ မကြောက်ဘူး။ ခေါ်လို့ရတယ် ကိုင်ရဲတယ်၊ အကိုက်ခံရဲတယ်'

'ဟာ တယ်ဟုတ်ပါလား အံ့ပါရောကွယ်'

အမယ်အိုတစ်ဦးက ကောင်းချီးသြဘာ ထောပနာပြုနေပါတယ်။ အဲဒီအချိန် ခပ်လှမ်းလှမ်းကနေ ဦးပဉ္စင်းတစ်ပါး ကြွလာပြီး စည်းဝိုင်းထဲ ဝင်သွားပါတော့တယ်။

'အရှင်ဘုရား ဘဇာကြောင့် တပည့်တော် စည်းဝိုင်းထဲ ဝင်လာရတာလဲ ဘုရား။ အန္တရာယ် အလွန်ကြီးလှပါတယ်'

'ဒကာကြီးက မြွေပေါင်းစုံ ခေါ်နိုင်၊ ကိုင်နိုင်၊ အကိုက်ခံနိုင်တယ်ဆို'

'မှန်ပါဘုရား တပည့်တော် ဘယ်မြွေမဆို ခေါ်လို့ကိုင်လို့ ရပါတယ်'

'ကဲ ဒါဖြင့် ကိုယ်တော်ခေါ်မယ့်မြွေ ဒကာကြီး ကိုင်ဝံ့ပါ့မလား'

'ခေါ်သာပေးပါ ဘုရား။ တပည့်တော် ကိုင်ပါ့မယ်'

ပရိသတ်ကလဲ ဘာဖြစ်မလဲဆိုပြီး ရင်တထိတ်ထိတ်နဲ့ အသံတိတ် ကြည့်နေပါတော့တယ်။ ရဟန်းလေးလဲ မိုးကောင်းကင်မော့ပြီး ရွတ်ဖတ်လိုက်တဲ့အချိန် ကြည်လင်ဝင်းပနေတဲ့ သခွတ်ပင်ဝန်းကျင်မှာ တစ်မုဟုတ်ချင်း ညို့မှိုင်းပြီး တစ်တောလုံး၊ တစ်တောင်လုံး ပွဲတင်သံပေးပြီး လေတွေ တိုက်ခတ်လာပြီး...

"ဝုန်း ဂျုံး ဝူးဝူး ဝေါဝေါ" အသံကြီး



www.burmeseclassic.com

www.burmeseclassic.com

မြည်ဟည်းပြီး သစ်ရွက်၊ သစ်ကိုင်းများ လေမလာဘဲ ''တရုံးရုံး တရှဲရှဲ''မြည်ပြီး ကျိုးများလဲ ပြိုဆင်းပြီး...

'အာ ဟားဟားဟား'

'ဟာ ဟင်'

'ဘာပါလိမ့်'

တရှိုးရှိုးမြည်ပြီး လက်မောင်းလုံး ခန့်နီရဲပြီး အကြေးခွံများပါပြီး ဦးခေါင်း ထက် အမောက်တစ်ခု ပါလာပါတယ်။ ရဟန်းလေးရှေ့မှောက် ရောက်လာပြီး ဦးခိုက်နေတာကို မြွေဆရာ ကြက်သေ သေကာ ကြည့်နေမိတော့တယ်။

လူအားလုံးလဲ အသက်တောင် မရှူ ရဲအောင် မမိုတ်မသုန် ဝိုင်းအုံကြည့်နေ နေချိန်မှာပဲ ရဟန်းလေးက...

'ကဲ ဒကာကြီး ကိုင်ကြည့်စမ်းပါဦး'

မြွေဆရာလဲ မြွေကိုကြည့်ပြီး အသားတွေ တဆတ်ဆတ် တုန်နေ ပြီး...

'မ...မ...မကိုင်ရဲပါဘူး အရှင် ဘုရား'

'ဒကာတော် ဒါ မြွေနဂါးလို့ ခေါ် တယ်။ ငါ အရှင်ပင်လျှင် မကိုင်ဝံ့ပြီ ဒကာတော်။ ကဲ... ဒီက ဒကာကြီး သစ်စိမ်းတစ်ကိုင်းလောက် ရှာပေးစမ်း ပါ'

ဒီအခါမှာ သွက်လက်စွာ သစ်ကိုင်း ချိုးယူပေးသူက စာရေးသူအဖေ **(မောင်ထွန်းကြိုင်)**ပဲ။

'ဒီမှာပါ ဘုရား ဒီမှာပါ'

အသံတွေတုန်၊ လက်တွေ့ခြေတွေ တုန်လို့ ဘာဖြစ်ဦးမလဲဆိုပြီး တထိတ် ထိတ်ကြည့်နေတုန်းမှာပဲ ရဟန်းပျိုလဲ သစ်စိမ်းကိုင်းကို မြွေနဂါးရှေ့ ပစ်ပေး ရာ...

'ဟာ မြွေနဂါးပေါက်ပြီဟေ့ ဘေး ဖယ်ကြ ဘေးဖယ်ကြ'

သစ်စိမ်းကိုင်းဟာ တစ်မုဟုတ်ချင်း ခြောက်သွေ့သွားပါတော့တယ်။

'ဒကာကြီး ငါအရှင်သူမြတ်တောင် ဤ မြွေနဂါးကို မကိုင်ဝံ့ပြီ ဒကာတော် အင်မတန် မှ တန်ခိုးသိဒ္ဓိကြီးတဲ့ မြွေနဂါးဆိုတာ ဒါပါပဲ ဒကာတော် သင်လဲ ဒီမြွေအလုပ်နဲ့ အသက် မမွေးဘဲ အခြား ကောင်းရာ အသက်မွေးဝမ်း ကျောင်းအလုပ် လုပ်ပေတော့။ တစ်ချိန် သောအခါမှာ ဒီမြွေက သင့်ကို ဒုက္ခပေးလိမ့် မယ်'

'တပည့်တော် ပညာများ အရှင် ဘုရားကို လှူဒါန်းလိုက်ပါပြီဘုရား။ တပည့်တော် ပြောမှားဆိုမှား ရှိက ခွင့်လွှတ်ပေးသနားတော်မူပါ အရှင် ဘုရား'

'သာဓုသာဓု သာဓု'

မြွေနဂါးလဲ လာလမ်းအတိုင်း ပြန် သွားခဲ့ပါပြီ။ ညိုမှိုင်းနေတဲ့ မိုးကောင်းကင် လဲ ကြည်လင်ဝင်းပနေပါပြီ။ ရဟန်းပျို လဲ လူအုပ်ကြီးနဲ့ ဝေးရာကို ပြန်လည် မြန်းကြွသွားချေပြီ။

ဘယ်ကလာလို့ ဘယ်ကိုသွားမယ်၊ အမည်နာမ ဘယ်လိုခေါ်တယ်ကို ယနေ့တိုင် မည်သူမျှ အတပ်မပြော သာပြီ။

ထိုစဉ် လေအဝှေ့ဝယ် ပိတောက် ပန်းရနံ့များက သင်းပျံ့မွှေးထုံနေပြီ ကော။ ပင်အိုထက်မှ ငှက်ဥဩလေးက လဲ ဥဩ...ဩဥ...ဩဥတဲ့လားကွယ်။

ကွယ်လွန်ပြီဖြစ်တဲ့ အဖေဦးထွန်း ကြိုင်၊ ဦးမှတ်ကြီးနဲ့ ဦးစံကြီးတို့ ကောင်းရာဘုံဘဝမှာ ဆုံကြပါစေ ရယ်လို့...

ဖြစ်ရပ်မှန်ကို တင်ပြလိုက်ရပါတယ်။

***စာဖတ်သူအပေါင်း ကျန်းမာ ချမ်းသာ ကြပါစေ။***

ရွှေမှော်မြေ မောင်ကြည်သိန်း

စာမူရှင်များသို့...

ပေးပို့သော

စာမူများကို

မူပွား

ထားကြပါရန်နှင့်

မရွေးချယ်ပါက

ပြန်လည်ပေးပို့မည်

မဟုတ်ပါကြောင်း

အသိ

ပေးအပ်ပါသည်။

လေးစားစွာဖြင့်...

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com



ချစ်ဆိုင်

# လူခြောက်တစေလေးများ

## ကလဲ့စားချေတတ်သလား

ကျွန်ုပ်သည် လူခြောက်တဝမှ လူဝင်စား ဖြစ်လာသူတစ်ယောက်၏ ဖြစ်ရပ်ဆန်းများအကြောင်းကို **၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလထုတ် နက္ခတ္တရောင်ခြည် မဂ္ဂဇင်းတွင်** ရေးသားတင်ပြခဲ့ပြီး ဖြစ်ပါသည်။

ထိုဆောင်းပါးတွင် လူခြောက်တို့သည် မိခင်၏ဝမ်းထဲကနေ မမွေးဖွားမီ ကတည်းကစ,ပြီး သူတို့၏ လျှို့ဝှက်ဆန်းပြားနိုင်မှုများအပြင်၊ မွေးဖွားခဲ့ပြီးသည့် နောက်ပိုင်းတွင်လည်း ကျွန်ုပ်တို့၏ဉာဏ်နှင့် မမီနိုင်သော ဂမ္ဘီရဆန်ပြီး လျှို့ဝှက်ဆန်းကြယ်နိုင်လှသော ဖြစ်ရပ်ဆန်းများကို ကျွန်ုပ် သိခဲ့သမျှ၊ ကြားခဲ့ဖူးသမျှများကို အကျယ်တဝင့် ရေးသားတင်ပြခဲ့ပြီး ဖြစ်ပါသည်။

ယခု ဆောင်းပါးတွင်မူ လူခြောက်တို့၏ လျှို့ဝှက်ဆန်းကြယ်နိုင်မှုများကို အကျယ်တဝင့်ဖြင့် မရေးပြတော့ပါ။ သို့သော်...

* * *

ယခုနှစ် နွေရာသီတွင် ရာသီဥတု၏ ပူပြင်းမှုဒဏ်ကို အတော်ကလေးပင် ခံစားရပါသည်။ အထူးသဖြင့် နေ့လယ်နေ့ခင်းဘက်တွင် နေအိမ်ထဲမှာ ဘယ်လိုမှ နေ၍ မရနိုင်လောက်အောင်ပင် ပူပြင်းလှပါသည်။

လေပန်ကာ ဖွင့်ထားသော်လည်း နေ၍ သိပ်မရချင်။ သို့ဖြစ်၍ နေအိမ်ရှေ့ ဝရန်တာတစ်လျှောက်တွင် ရေဖျန်းပြီး ထွက်နေရသည်။

ထိုကဲ့သို့ လင်မယားနှစ်ယောက် အပြင်ကိုထွက်ပြီး စကားတပြောပြောနှင့် ရှိနေစဉ် ကျွန်ုပ်၏ ဝန်ထမ်းအိမ်ရာ နေအိမ်သို့ အလည်လာကြသော ရွာသားအချို့က(သူတို့က ကျွန်ုပ်ကို



www.burmeseclassic.com

www.burmeseclassic.com



လာလည်ကြခြင်းမဟုတ်ပါ။ ကျွန်ုပ်၏ သမက်က အိမ်နောက်ဘက်မှာ ဈေးဆိုင်တည်ပြီး ရောင်းနေ၏။ သူ့ဆီကို လာလည်ကြခြင်းပါ။) စာတိုပေစ ရေးနေသော ကျွန်ုပ်ဆီကိုလာပြီး သူတို့၏ လျှို့ဝှက်ဆန်းကြယ်နိုင်လှသော အဖြစ်အပျက် အတွေ့အကြုံများကို တစ်ယောက်ပြီးတစ်ယောက် လာ၍ ပြောပြတတ်ကြသည်။

ကျွန်ုပ်ကလည်း လိုက်လှဲဝမ်းသာစွာနှင့် သူတို့ ပြောသမျှကို ရေးမှတ်ထားသည်။ နောင်သောအခါမှ စာချောအဖြစ် ပြန်ရေးပြီး မဂ္ဂဇင်းတိုက်များကို ပို့ရန် သိမ်းဆည်းထားရပါသည်။

သူတို့ ပြောပြီးသည်နှင့် အိမ်နောက်ဖေးဘက်က ဈေးဆိုင်ရှိရာဆီသို့ ပြန်ဝင်သွားကြသည်။ ထိုနေ့က တစ်ယောက်ပြီးတစ်ယောက် လာပြောလိုက်၊ ပြန်ဝင်သွားလိုက်နှင့် ဖြစ်နေသည်။ ကျွန်ုပ်သည်ပင် စာမူကုန်ကြမ်း တော်တော်ကလေး ရလိုက်သည်။

သူတို့အဖွဲ့တွေ တစ်ယောက်ပြီး တစ်ယောက် လာပြော၍ ပြီးသွားသောအခါ ကျွန်ုပ်၏သမက် မောင်ဇော်မင်းထိုက်က ထွက်လာပြီး...

'သူများတွေလဲ အဖေ့ဆီလာပြီး သူတို့ရဲ့ လျှို့ဝှက်ဆန်းကြယ်နိုင်လှတဲ့ အတွေ့အကြုံတွေကို တစ်ယောက်တစ်မျိုးဆီ လာပြောပြတော့ သားလဲ သားရဲ့ကိုယ်တွေ့ အတွေ့အကြုံကလေး တစ်ခုကို ပြောပြချင်တယ်'

ဟု လာပြီး ပြောလေတော့သည်။ ထိုအခါ ကျွန်ုပ်က...

'ကဲ ပြောစမ်းပါဦးသားရဲ့၊ စိတ်ဝင်စားစရာကောင်းမယ်ဆိုရင် အဖေ စာရေးမယ်၊ စာရေးပြီး မဂ္ဂဇင်းတိုက်ကို ပို့မယ်'

ဟု ပြောလိုက်သောအခါ ကျွန်ုပ်၏ သမက် မောင်ဇော်မင်းထိုက်က အောက်ပါအတိုင်း ပြောပြလေတော့သည်။

* * *

'သား ပြောပြချင်တဲ့ အကြောင်းအရာကတော့ လူခြောက်တွေရဲ့ ကလဲ့စားချေတတ်မှုများပါပဲ။ ဒီအကြောင်းကို မရောက်ခင် အဲဒီလူခြောက်ကလေးကို မွေးခဲ့သူက တခြားသူမဟုတ်ဘဲ သားရဲ့ အမေရင်း ကိုယ်တိုင်ပါပဲ။

သားတို့မှာ ညီအစ်ကိုမောင်နှမ လေးယောက်ရှိတယ်လို့ ပြောရင် ရတယ်။ ဒီအထဲမှာ သားက အကြီးဆုံးပါပဲ။ အဲ လေးယောက်မြောက် မွေးဖွားလာတဲ့ အငယ်ဆုံး အထွေးဆုံးလေးက အခု ပြောပြတော့မယ့် လူခြောက်ကလေး လာဖြစ်နေတယ်။

သားရဲ့ အမေဟာ အဲဒီ လူခြောက်ကလေး ကိုယ်ဝန်ဆောင်ခါနီးမှာ အိပ်မက် မက်တယ်လို့ ဆိုတယ်။ အိပ်မက်ထဲမှာ အမေက အိပ်ရာထဲမှာ ပက်လက်လှန်ပြီး အိပ်နေသတဲ့။

အဲဒီအချိန်မှာ အခုခေတ် ဇာတ်ပွဲတွေမှာ မြင်တွေ့ရတဲ့ နှစ်ပါးသွားအကကတဲ့ ဇာတ်မင်းသားဝတ်စုံနဲ့ မင်းသားတစ်ပါးက ရောက်လာပြီး အမေ့နားကို လာထိုင်သတဲ့။

ပြီးတော့ ဘာမှမပြောဘဲနဲ့ အမေ့ရဲ့ ဗိုက်ကိုပဲ စိုက်ကြည့်နေသတဲ့။ အမေကလဲ သူ့ကို ဘာမှ ပြန်မပြောနိုင်ခင်မှာဘဲ အိပ်မက်က လန့်နိုးလာခဲ့တယ်လို့ ဆိုတယ်။

အဲဒီနောက်ပိုင်း မကြာခင်မှာဘဲ အမေဟာ ကိုယ်ဝန် ဆောင်ခဲ့ရပါတော့တယ်။ ကိုယ်ဝန် ဆောင်ခဲ့ရပြန်တော့လဲ ကိုယ်ဝန်က တော်ကြာ ပိန်သွားလိုက်၊ နောက် မကြာခင် ပြန်ဖောင်းလာလိုက်နဲ့ အဲဒီလို မကြာခဏ ဖြစ်နေတယ်။

အဲဒါကို တချို့လူတွေက ကိုယ်ဝန်ဆောင်ထားတာမှ ဟုတ်ရဲ့လား။ ရောဂါတစ်ခုခု စွဲကပ်နေသလား မဆိုနိုင်ဘူးလို့ ဝေဖန်ပြောဆိုကြတာတောင် ခံခဲ့ရသေးတယ်။

ဒီအခါ အမေက သားတို့အရပ်မှာ အလွန်အားကိုးရတဲ့ အရပ်လက်သည်နဲ့ စမ်းသပ်နိုင်းပြန်တော့လဲ ကိုယ်ဝန်ဆောင်ထားတယ်လို့ ဆိုပြန်တယ်။

သားတို့ဆီမှာက ဟိုး...ဘိုးဘွားဘီဘင် လက်ထက်ကစပြီး အဲဒီ အခုချိန်ထိ အရပ်လက်သည်အားကိုးနဲ့ပဲ ကလေးတွေကို မွေးဖွားခဲ့ကြတာပါ။ ဒီခေတ်မှာလိုတော့ မြို့ပေါ်တက်ပြီး အာထရာဆောင်းတွေဘာတွေနဲ့ ရိုက်ပြီး စစ်ဆေးမနေကြပါဘူး။

ဘာပဲဖြစ်ဖြစ် အမေ ကိုယ်ဝန်ဆောင်ပြီး ကိုးလလောက် ကြာလာတော့ မွေးဖွားဖို့က ဖြစ်လာပြီဆိုပါတော့။ ဒီအခါမှာ ခုနက အရပ်လက်သည် အဒေါ်ကိုပဲ သွားပြီးငှားရတာပေါ့။ ကလေးမွေးဖွားခ ငွေနှစ်ထောင် ပေးရတယ်။

ကလေးက မွေးဖွားပြီး အပြင်ကိုလဲ ရောက်ရော အဲဒီမှာ သူက သူတို့လို သာမန်လူတစ်ယောက် မဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com

လူခြောက်ဖြစ်နေတာကို တွေ့ရတော့တယ်။ အရပ်အရှည်က ခြောက်လက်မလောက်ရှိမယ်။ အသားအရောင်ကတော့ နီတာရဲကလေးနဲ့ပါ။ မျက်စိ၊ နား၊ နှာခေါင်း၊ နားရွက်၊ ပါးစပ် အားလုံးပါတယ်။



လူတစ်ယောက်မှာ ရှိရမယ့် ကိုယ်အင်္ဂါ အစိတ်အပိုင်းတွေ အားလုံးပါတယ်။ သိပ်ပြီးတော့ မပီပြင်ပါဘူး။ မပီပြင်ဘူး ဆိုပေမယ့် ဒါဟာ မျက်စိပါ၊ နှာခေါင်းပါဆိုပြီး ပြောနိုင်ပါတယ်။

လူခြောက်ကိုမွေးလို့ ပြီးပြီးချင်း အဲဒီအရပ်လက်သည်က **"ဒီလူခြောက်ကို မြေသွားမြှုပ်လိုက်ကြပါ။ သူ့မှာ အသက်မရှိတော့ဘူး"**လို့ သားတို့မိသားစုကို မှာခဲ့ပြီး ပြန်သွားတယ်။

အိမ်ကို ရောက်လာကြတဲ့ သူတွေကတော့ မြေသွားမမြှုပ်နဲ့၊ သူ့ကို ထည့်စရာကလေးတစ်ခုနဲ့ သေသေချာချာ သိမ်းထားပါလို့ ပြောကြတယ်။

လူခြောက်ကလေးကို ကိုင်ပြီး ခြေတွေလက်တွေကို ဟိုဆွဲဒီမြှောက်နဲ့ လုပ်ကြတော့ အခြား ခြေတွေလက်တွေကတော့ မထူးခြားဘူး။ ဒါပေမယ့် ညာဘက်လက်ကတော့ တွဲလောင်းကြီး ဖြစ်နေတယ်။ သူ့ရဲ့ ပခုံးအဆစ်ကြီးက လုံးဝ ပြုတ်ထွက်နေသလိုမျိုး ဖြစ်နေကယ်။

နောက်မှ ပြန်သိရတာက အဲဒီလူခြောက်ကို လာမွေးပေးတဲ့ အရပ်လက်သည် အဒေါ်ကြီးက လိမ်ချိုးပြီး ညှစ်သတ်ခဲ့ကြောင်း သိခဲ့ရတယ်။ ဘယ်လိုရည်ရွယ်ချက်နဲ့ လိမ်ချိုးပြီး ညှစ်သတ်ခဲ့သလဲ ဆိုတာတော့ မသိပါဘူး။

အဲဒီ လက်သည်အဒေါ်ကြီးက ပါးစပ် အငြိမ်မနေပါဘူး။ ကိုယ်လုပ်ခဲ့တဲ့ အရာတွေကို လူတကာရှေ့ရောက်ပြီဆိုတာနဲ့ ကိုယ့်အထုပ်ကိုယ် ဖြေပြတော့တာပဲ။ အဲဒါကြောင့် တစ်ဆင့်စကား တစ်ဆင့်ကြားပြီး ပြန်သိခဲ့ရတာပါ။

အဲဒါနဲ့ အဲဒီလူခြောက်ကလေးကို ဆက်ပြီး သိမ်းထားခဲ့ကြတာပေါ့။ (၉,၁၀)ရက်လောက် ဆက်ပြီး ထားခဲ့လဲ ဘာတစ်ခုမှ ထူးထူးခြားခြား ဖြစ်မလာပါဘူး။ ဒီအခါ လက်သည်အဒေါ်ကြီး ပြောခဲ့တာ ဖြစ်နိုင်တယ်။ ပြီးတော့ သူကိုယ်တိုင် ညှစ်သတ်ခဲ့ပြီးပြီလေ။

သူ သေလောက်ပါပြီဆိုပြီး သားနဲ့ သားရဲ့အဖေ နှစ်ယောက်ပေါင်းပြီး သားတို့ အိမ်နောက်ဖေးဘက်က သရက်ပင်ခြေရင်းမှာ တစ်ပေ ပတ်လည်လောက် ကျင်းကလေးတူးပြီး မြေမြှုပ်လိုက်ကြပါတယ်။

အဲဒီ မြေမြှုပ်လိုက်တဲ့ညမှာပဲ သားရဲ့အမေကိုလာပြီး အိပ်မက်ပေးပြန်သတဲ့။ အိပ်မက်လာပေးတဲ့သူက သားရဲ့အမေကိုယ်ဝန်ဆောင်ခါနီးလေးမှာ လာပြီး အိပ်မက်ပေးခဲ့တဲ့ မင်းသားဝတ်စုံနဲ့ မင်းသားလေးပါပဲ။ အဲဒီမင်းသားလေးက အမေ့ကို...

"အမေ သားက သေမှ မသေသေးတာ၊ ဘာဖြစ်လို့ မြေမြှုပ်ပစ်ရတာလဲ"

ဆိုပြီး လာပြောသတဲ့။ ဒါနဲ့ပဲ မိုးလင်းလာတော့ သားတို့ကို ပြန်ပြောတော့တာပေါ့။ သားတို့သားအဖကလဲ အမေပြောလို့ သိသိချင်း သွားပြန်ဖော်ကြရတာပေါ့။

သွားပြန်ဖော်ပြီး ပြန်ရလာတဲ့ အခါကျတော့ သူ့ရဲ့ အသားအရေတွေဟာ အရင်ကလို နီတာရဲလေး မဟုတ်တော့ဘူး။ ညိုညစ်ညစ်အရောင်ကလေး ဖြစ်နေတာကို တွေ့ရတယ်။ အရောင်ပြောင်းသွားပြီပေါ့။

ဒီလိုနဲ့ အိမ်ပေါ်ကို ပြန်ယူလာပြီး သေသေချာချာ ဆက်ပြီးထားပြန်တယ်။ ဒါပေမယ့်ဗျာ တစ်ရက်ပြီးတစ်ရက် ဆိုသလို အသားအရေတွေကလဲ ညိုပုပ်ပုပ်ကြီးတွေ ဖြစ်တော့တယ်။ ရုပ်ပျက်ဆင်းပျက် ဖြစ်လာတယ်ဆိုပါတော့။ ပြီးတော့ ပုပ်လာသလိုလိုပဲ။

ဒီလိုနဲ့ နောက်ဆုံးမှာတော့ မထူးတော့ပါဘူးဆိုပြီး အရင် မြေမြှုပ်ခဲ့တဲ့ နေရာကိုသွားပြီး မြေမြှုပ်လိုက်ကြတယ်။ အဲဒီမြေသွားမြှုပ်တဲ့ ညမှာပဲ သားရဲ့ အမေက အိပ်မက် မက်ပါတယ်။

အိပ်မက်က ဘယ်လို မက်သလဲဆိုတော့ အဲဒီလူခြောက်ကလေး မြေမြှုပ်ထားတဲ့ သရက်ပင်ခြေရင်းကို အမေက သွားကြည့်သတဲ့။ အဲဒီအခါမှာ လူခြောက်ကလေး မြေမြှုပ်ထားတဲ့ အပေါ်မှာ အိပ်မက် လာပေးတတ်တဲ့ မင်းသားလေးက အမေ့ကို ကျောခိုင်းပြီး ထိုင်နေသတဲ့။

အမေက တဖြည်းဖြည်းချင်း ကပ်သွားတဲ့အခါမှာ အမေ့ရဲ့ ခြေသံကိုလဲ ကြားရရော အဲဒီ ငုတ်တုတ်ထိုင်နေတဲ့ မင်းသားလေးက အမေ့ကိုတောင် ပြန်မကြည့်တော့ဘဲ ဒီအတိုင်းထပြီး ထွက်ခွာသွားပါသတဲ့။

တစ်ဦးတစ်ယောက်ကို စိတ်နာပြီး ထွက်ခွာသွားတာလား၊ ဒါမှမဟုတ် အမှန်တကယ် သေဆုံးသွားပြီး အခြား



www.burmeseclassic.com

www.burmeseclassic.com

ဘဝတစ်ခုကို ကူးပြောင်းဖို့ ထွက်ခွာသွားတာလား ဆိုတာကိုတော့ဖြင့် ကာယကံရှင်ကပဲ သိနိုင်မှာပါ။

အဲဒီနောက်ပိုင်းမှာ မင်းသားလေးနဲ့ ပတ်သက်ပြီး အမေက ဘာအိပ်မက်မှ မမက်ခဲ့တော့တာ အခုချိန်ထိပါပဲ'

ဟု ပြောပြီး သူ၏စကားကို အဆုံးသတ်လိုက်ပါတော့သည်။

ကျွန်ုပ်က ရေနွေးကြမ်းတစ်ခွက်ကို မော့သောက်လိုက်ပြီး...

'ကောင်းပြီ အဲဒီမင်းသားလေး အိပ်မက်ပေးလို့ ထွက်ခွာသွားပြီးတဲ့နောက်ပိုင်းမှာ ဘာတွေများ ဆက်ပြီး ထူးထူးခြားခြား တွေ့ကြုံရသေးလဲ၊ အထူးသဖြင့် ကျန်ခဲ့တဲ့ သားတို့မိသားစုရဲ့ အခြေအနေပါ။ ကျန်းမာရေး လူမှုရေး စီးပွားရေးတွေ အစပေါ့ကွာ'

ဟု မေးလိုက်လျှင် မောင်ဇော်မင်းထိုက်က...

'သားတို့ မိသားစုတွေအနေနဲ့ကတော့ ဘာမှ ထူးထူးခြားခြား မတွေ့ရ မကြုံရပါဘူး။ ဒါပေမယ့် သူ့ကို မွေးဖွားပေးခဲ့တဲ့ အရပ်လက်သည် အဒေါ်ကြီးကတော့ (၂)လတောင် မကြာလိုက်ပါဘူး လူကြီးရောဂါနဲ့ သေသွားတယ်။

ရွာသားတွေ တော်တော်များများကတော့ အဲဒီအဒေါ်ကြီး သေဆုံးရတာနဲ့ ပတ်သက်ပြီး သူက လူခြောက်ကို မသေ့သေအောင် လုပ်ခဲ့လို့ အခု လူခြောက်က သူ့ကို ကလဲ့စား ပြန်ချေလိုက်တာဆိုပြီး ဝေဖန်နေကြတယ် အဖေရဲ့၊ အဖေကကော ဘယ်လိုထင်မိသလဲ'

ဟု မေးရာ ကျွန်ုပ်က...

'အဖေ့ရဲ့ ထင်မြင်ချက်ကို အခုမပြောသေးပါဘူး။ ဒီအကြောင်းကို စာရေးပြီး မဂ္ဂဇင်းတိုက်ကိုပို့မယ်။ ပါ



လာတဲ့အခါ အဖေ့ရဲ့ ထင်မြင်ယူဆချက်တွေ ပါလာမယ်။ အဲဒီအခါမှ သိချင်ရင် ဖတ်ကြည့်ပေါ့'

ဟု ပြောလိုက်ရပါတော့သည်။

* * *

ကျွန်ုပ်သည် အထက်ပါ ဖြစ်စဉ်ကြီးကို နားထောင်ပြီးသောအခါ လူခြောက်တို့သည် ပေါင်းတတ်လျှင် ကောင်း၏။ မပေါင်းတတ်လျှင်တော့ ဒုက္ခပေးနိုင်၏။ ကလဲ့စားချေခြင်းမျိုးလည်း လုပ်တတ်သည်ဟု ထင်မြင်သုံးသပ်မိပါသည်။

ဆိုပါစို့... သူက ပစ္စည်းတစ်ခုခုကို လိုချင်နေသည် ဝယ်ပေးပါဟု အိပ်မက်ပေးပြီး ပူဆာသည်။ ထိုအခါ မိဘများက ဝယ်ပေးစရာ ငွေမရှိပါဟု ပြောလိုက်ရုံနှင့် မကြာမီ ငွေများ အစုလိုက်၊ အပြုံလိုက် ရောက်လာတတ်သည်။ သို့မဟုတ် အလုပ်အကိုင်များ ခါတိုင်းထက် အဆင်ပြေပြီး ငွေများ ရလာတတ်သည်ဟု သိရပါသည်။

ထိုကဲ့သို့ ငွေတွေရပြီး သူ တောင်းဆိုသော ပစ္စည်းများကို ဝယ်မပေးပြန်လျှင်ကား သူ ရှာပေးသော ငွေများ အပြင် ယခင်ရှိခဲ့သော ရွှေငွေရတနာ ပစ္စည်းများကိုပါ ပြုတ်ပြုတ်ပြုန်းအောင် ပြန်လည်၍ ပြုလုပ်တတ်သေးကြောင်း ကြားဖူးနားဝအရ သိရပါသည်။

ယခု သေဆုံးသွားရသည့် အရပ်လက်သည်က အဆိုပါ လူခြောက်ကလေးအား မည်ကဲ့သို့ ဆက်ဆံခဲ့ပါသနည်း။ စာရှုသူများ သိရှိခဲ့ကြပြီး ဖြစ်ပါသည်။

မသေသည်ကို သေအောင် လုပ်ခဲ့သည်။ သေအောင်လုပ်၍ မသေသေးသည်ကို သေပြီပြော၍ မြေမြှုပ်နိုင်းခဲ့သည်။ ဒီလိုနှင့် နောက်ဆုံး မသေသင့်ဘဲ သေသွားခဲ့ရသည်ဟု ကျွန်ုပ်က ထင်မြင်မိပါသည်။

အဆိုပါ လူခြောက် သေဆုံးသွားခဲ့ရပြီးနောက် ထိုအရပ်လက်သည်မှာလည်း သေဆုံးသွားခဲ့ရတော့သည်။ သူ့ကို ဒုက္ခမပေးခဲ့သော အိမ်သူအိမ်သားများကတော့ ဘာမှမဖြစ်ကြပါ။

သို့ဖြစ်၍ ထိုအရပ်လက်သည်ကြီး သေဆုံးသွားရမှုနှင့် ပတ်သက်ပြီး အချို့သော သူများက သွေးရိုးသားရိုးဖြင့် သေဆုံးသွားသည်ဟု ထင်မြင်ကောင်း ထင်မြင်ကြပါမည်။ ကျွန်ုပ်အနေဖြင့်ကတော့မူ လူခြောက်၏ ကလဲ့စားချေမှုကို ခံလိုက်ရသည်ဟူ၍ သာ...

**[ဖြစ်ရပ်မှန်ဇာတ်လမ်း ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးအရ အမည်နာမ၊ နေရာဒေသများကို ချန်လှပ်ပြီး ရေးသား တင်ပြထားရခြင်းအပေါ် နားလည် ခွင့်လွှတ်ပေးကြစေလိုပါကြောင်း...]**

**ရွှင်လန်းချမ်းမြေ့ပါစေ။**

**ချစ်ဆိုင်**

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ရွာမှာ သရက်ပင်ကြီးတစ်ပင်ရှိတယ်။ သရက်ပင်မျိုးကတော့ မနော်မျိုးပါပဲ။ ပင်စည်ကြီးက လူနှစ် ဖက်စာလောက်ရှိတယ်။ ဒီသရက်ပင်ကြီးကို ဝဲဒေါင့်ရွာတစ်ရွာလုံး သိကြတယ်။

အဲဒီသရက်ပင်ကြီးကို ပိုင်တာက (၄)ဦးဗျ။ **ဦးကြာနိုင်၊ ဦးဖိုးလွင်၊ ဦးဘဒင်နဲ့ ဒေါ်ရင်ဆိုတဲ့** မောင်နှမ လေးယောက် ပိုင်ကြပါတယ်။ အစ်ကိုအကြီးဆုံး ဦးကြာနိုင်က သရက်ပင်ကြီးကို ထိန်းသိမ်းစောင့်ရှောက်ထားတယ်။ ပြီးတော့ သရက်ပင်ကြီးက ဦးကြာနိုင်တို့နေတဲ့ အိမ်နဲ့ သိပ်မဝေးဘူး။ စာရေးသူက ဦးကြာနိုင်ရဲ့မြေးဖြစ်တယ်။

ဦးဖိုးလွင်၊ ဦးဘဒင်တို့က ဦးကြာနိုင်ရဲ့ညီတွေပေါ့။ ဒေါ်ရင်ကတော့ ညီမအငယ်ဆုံးပါ။ အားလုံး အိမ်ခွဲတွေဖြစ်တယ်။ ဦးဖိုးလွင်နဲ့ ဦးဘဒင်ကတော့ ဝဲဒေါင့်ရွာမှာ နေပြီး ဒေါ်ရင်ကတော့ လယ်ကိုင်းမြို့မှာ နေပါတယ်။

လယ်ကိုင်းမြို့သားနဲ့ အိမ်ထောင်ကျလို့ အဲဒီမြို့မှာ အခြေချ နေထိုင်တာပါ။ သရက်သီးတွေ မှည့်လာရင် ဆွတ်ပြီး ညီတူညီမျှ ခွဲဝေယူကြရတယ်။ အပင်စောင့်တဲ့သူက ဝေစုတစ်စုရတယ်။ အဲဒါကြောင့် သီးသမျှ သရက်သီးတွေကို (၅)ပုံ,ပုံပြီး ခွဲကြရတယ်။

သရက်သီးက (၂)ခါ ခွဲဆွတ်ရတာဗျ။ ပထမဆွတ်တာက ခေါင်သီးလို့ ခေါ်ကြတယ်။ အဲဒါက အရင်ဆွတ်ရတာ။ ခပ်ညံ့ညံ့အသီးတွေက ဒုတိယ ဆွတ်ရတယ်။ အဲဒါတွေက လုံးသေးလုံးသွယ်တွေပေါ့ဗျာ။





လက်ပို

# အမွေရတာ မကြိုက်ဘူး

သရက်ပင်ကြီး

အဲဒီလုံးသေးလုံးသွယ်တွေက ကျေးစားငှက်စားပေါ့။ နွားကျောင်းသားတွေလဲ ပစ်ပြီးစားကြတယ်၊ သရက်သီးမှည့်ချိန်မှာ စားဖို့တောင်းရင် ပေးရတယ်။ ဝယ်သူရှိလဲ ရောင်းပေါ့ဗျာ။


ခေါင်သီးတွေ ဆွတ်ကြရင် ဘုန်းကြီးကျောင်းတွေကို ဦးစွာလှူတယ်ဗျာ။ နောက်ပြီး အိမ်နီးနားချင်းတွေ ပေးပေါ့။ ပြီးတော့ လုပ်အားလာပေးတဲ့သူတွေလဲ ပေးသေးတယ်။ ကျန်တဲ့အသီးတွေကို ခွဲယူကြပါတယ်။

ခေါင်သီးတွေချည်း တစ်ဦးကို အလုံး (၃၀၀)စီလောက်ရတယ်။ လုံးသေးတွေကို တစ်ခါတည်း မဆွတ်သေးဘူး။ (၁၀)ရက်လောက် ခွာပြီးမှ ဆွတ်တယ်။

လုံးသေးကတော့ ကျေးစားငှက်စား ဆိုသလိုပဲ လာပြီး ဝယ်ရင်လဲ ရောင်းတော့ တစ်ဦးကို အလုံးရေ ၁၀၀ (သို့မဟုတ်) ၂၀၀ ခန့်စီ ရကြတယ်။ ရောင်းတာများရင် ဝေစုနည်းသွားတယ်။ ရောင်းရတဲ့ငွေကိုတော့ အပင်စောင့်က ယူတယ်။ ဝေစုထဲ ထည့်

 (စာမျက်နှာ (၂၈၃) သို့)

www.burmeseclassic.com



ကျော်စင်မြ

# ထူးအင်းကြီးမှ

ဖြစ်ရိုးဆန်းကြယ်

ထူးအင်းကြီးဆိုသည်မှာ မြန်အောင်မြို့နယ်၊ တောင်ဘက်ပိုင်း၊ ရောဝတီမြစ်၏အနောက်ဘက်တွင် တည်ရှိပါသည်။

ထူးအင်းကြီးကို အကြောင်းပြု၍ပင် ကျေးရွာသိမ်ငယ်များကို "**ထူးရွာ**" ကျေးရွာအုပ်စုဝင်များဟု ခေါ်ကြသည်။

တစ်ချိန်က ဒဏ္ဍာရီဆန်ဆန် ပုံပြင်ဆန်ဆန်ဖြစ်ခဲ့သော အကြောင်းအရာများအနက် အဘိုးပြောပြခဲ့သည့် ထူးအင်းမရာဇဝင်က ဒီလို...

မြန်အောင်မြို့နယ်၊ တောင်ဘက် ရောဝတီမြစ်ကြီး၏ အနောက်ဘက် (၇) မိုင်အကွာတွင်ရှိသော ထူးအင်းမကြီးသည်...

လွန်ခဲ့သောနှစ်ပေါင်း(၉၀၀)ကျော်ခန့်က သဥ္ဇလီမြစ်မှကျန်ခဲ့သော အစိတ်အပိုင်းတစ်ပိုင်းဖြစ်သည့် ရေပြင်ကျယ်သည် ယခုအခေါ် **ထူးအင်းမဖြစ်၏**။

သဥ္ဇလီမြစ်ဆိုသည် ပုဂံရာဇဝင်တွင် ပါရှိခဲ့သော "**ကြေးလောင်ချောင်း**" ဟုလည်း ယူဆကြလေသည်။

ထူးဘုရားဟုခေါ်သော ထူးစေတီတော်သည် သက္ကရာဇ် (၄၇၄)ခုနှစ်တွင် ထီးနန်းစိုးစံခဲ့သော အလောင်းစည်သူမင်းကြီးသည် သက္ကရာဇ် (၄၈၅)ခုနှစ်တွင် နန်းစံသက် (၁၁)နှစ်သို့ ရောက်သောအခါ တိုင်းခန်းလှည့်လည်ရင်း တည်ထားခဲ့သော ဖောင်တော်ဦး စေတီတော် ဖြစ်သည်။

ထိုစေတီတော် ပျက်စီးယိုယွင်းနေစဉ် အထူးအာဏာရသူကြီး ဦးဝဏ္ဏလက်ထက်တွင် နေရာရွှေ့ပြောင်းတည်ခဲ့သော စေတီတော် ဖြစ်လေသည်။

သဥ္ဇလီမြစ်ဆိုသည်မှာ သရေခေတ္တရာခေတ်နှင့် ပုဂံခေတ်တို့တွင် ယခု ပုသိမ်ဘက်သို့ စီးဆင်းသွားသော ပင်လယ်ပိုင်းဒေသ ထွက်ပေါက်၏ အနီးဆုံးမြစ်ဟု ဆိုကြသည်။

မြောက်ဘက်အစကား ယခု မြစ်ကျိုးရွာနှင့် မာလကာကုန်းရွာကြား ဖြစ်ပြီး ကြေးတောကြီးခေါ်သော အရပ်တစ်ဝိုက်၌ ရောဝတီမြစ်မကြီးမှ တောင်ဘက်သို့ ခွဲထွက်စီးဆင်းသွားပါသည်။

သဥ္ဇလီမြစ်သည် တောင်ဘက်၌ ယခုအခါ မြို့ကွင်းဒေသတွင် အနောက်ချောင်းဟုခေါ်သော ဝေနုမြစ်နှင့် ပေါင်းဆုံသွားခဲ့ပြီး တောင်ဘက်သို့ စီးဝင်လေသည်။

ထူးသမိုင်း သို့မဟုတ် သဥ္ဇလီမြစ်သမိုင်းတွင် ထူးခြားချက်မှာ...

**ဘုရား (၉)ဆူ၊ ရွာ(၉)ရွာ၊ ကုန်း(၉)ကုန်း။ ကျွန်း(၉)ကျွန်း။ အင်း(၉)အင်း။ ကန်(၉)ကန်၊ ချောင်း(၉)ချောင်း။ ကွင်း(၉)ကွင်း** ရှိသည့် အမှတ်အသားများနှင့် ဖွဲ့စည်းထားသည်ကို တွေ့ရှိနိုင်သည်။

ဥပမာ...

ထူးအုပ်စုအတွင်းရှိ ဂျမ်းကုန်းရွာ၊ မကျီးကုန်းရွာ၊ ကွမ်းခြံကုန်းရွာ... ကုန်း(၉)ကုန်းဝင်ရွာတို့ ...ကြီး ဇီးကုန်းရွာနှင့် ရေကျော်ကုန်းရွာတို့သည်





www.burmeseclassic.com

www.burmeseclassic.com

ကုန်း(၉)ကုန်း၏ အဆက်ဖြစ်လေသည်။

ထူအင်းမကြီး၏ ရာဇဝင်ထဲတွင် ထူးခြားသော ကျောက်ဆစ်ကြီးနှင့် ကျောက်ကွဲဘုရားတို့သည် မပါမပြီးသည့် အခန်းကဏ္ဍတွင် ပါဝင်နေကြပါသည်။

ထူအင်းမကြီးသည် မြန်အောင်မြို့နယ် အင်ပင်အနောက်ဘက်တွင် ရှိပါသည်။ ထူအင်းမကြီးထဲတွင် **ဆင်မယဉ်သာကျွန်း၊ ရေလယ်ကျွန်း၊ ကျွန်း(၉)ကျွန်း**စသည်ဖြင့် ဖွဲ့စည်းထားပါသည်။

**(ထူအင်းမကြီး အနီးဝန်းကျင်တွင် ချင်း၊ ကရင်၊ ဗမာတိုင်းရင်းသား တချို့တို့ နေထိုင်ကြပါသည်။)**

တစ်နေ့သော် ထူအင်းမကြီးသို့ ဆေးဗိန္ဒောဆရာနှင့် တပည့်တချို့ ရောက်ရှိလာပြီး ကျောက်ဆင်ရုပ်ကြီးတစ်ရုပ်ကို ထူအင်းသားတချို့ အကူအညီဖြင့် ရှာဖွေကြရာ ချင်းတိုင်းရင်းသားတစ်ဦးက...

'ကျောက်ဆင်တော့မရှိဘူး၊ ဒါပေမယ့်ဗေ့ ငါတို့ ထူအင်းကြီးထဲက ကွန့်ပစ်ပြီးရတဲ့ ငါးခြင်းတောင်းတွေတင်ထားတဲ့ ကျောက်တုံးကြီးကတော့ ဆင်ရုပ်လိုလိုပဲ၊ သူ့ပဲ တင်ထားရင် အရောင်းအဝယ်ကောင်းတယ် ပြောတာပဲဗေ့၊ ငါတို့ကတော့ ချင်းဆိုတော့ ဘာမှအယူမရှိဘူး'

အိမ့် တစ်ခုတော့ရှိတယ် တစ်ခါမှတော့ ငါးဈေးမရလို့ အိမ်ပြန်သယ်သွားရတယ်မရှိဘူး၊ အင်းထဲက ကောင်တွေကတော့ အမွှေးတိုင်တွေ ဘာတွေတော့ အထွန်းသားပဲဗေ့'

တဲ့။

ထိုအခါ ဓာတ်ဗိန္ဒောဆရာမှ ထိုငါးခြင်းတွေတင်တဲ့ ကျောက်တုံးကြီးကို လိုက်ပြနိုင်းပါသည်။

သူတို့အဖွဲ့သည် ထူအင်းမထဲမှ ဆင်မသာဉ်သာကျွန်းဆီသို့ ရောက်ရှိလာပြီး ကျောက်တုံးကြီးကြီးကို ပြပါသည်။



ဓာတ်ဗိန္ဒောဆရာနှင့် အဖွဲ့သားများသည် ရေညှိတက်နေသော ကျောက်တုံးကြီးကို သေချာစွာ ရေနှူးတိုက်ချွတ်ဆေးလိုက်သောအခါ ရေညှိများပြောင်သွားပြီး ကျောက်ဆစ်ရုပ်သဏ္ဌာန် မျက်လုံးမျက်ဖန်၊ နားရွက် အစွယ်နှင့် ဆင်ဦးခေါင်းပုံ ပေါ်လာပါသည်။

'ဟာ ဟုတ်ပြီ ဒါ ကျောက်ဆင်ပဲ၊ ညကျရင် လယွက်တာနဲ့ ခင်ဗျားတို့ခြင်းတွေ ထည့်စရာခွက်တွေ ယူလာကြ၊ မင်းတို့ကို ပေးရမယ်၊ ကျောက်ဆင်ပြပေးလို့ ကျေးဇူးဆပ်ရမယ်ဗေ့'

ဤသို့ဖြင့် ညဘက်သို့ရောက်ရှိလာသောအခါ ချင်း၊ ကရင်တိုင်းရင်းသားတချို့တို့ ထည့်စရာများနှင့် ရောက်ရှိလာပါသည်။

ဓာတ်ဗိန္ဒောဆရာကြီးက ပတ်ပတ်လည်တွင် ဆီမီးအလင်းတိုင်၊ ကန်တော့ပွဲများထွန်းပြီး ချည်မန်းကွင်းများ ကျောက်ဆစ်ရုပ်ကြီးကို စွပ်ပြီးနောက်...

'ကဲ ထူအင်းသားတွေ ထည့်စရာတွေ ယူလာခဲ့ကြ'

ဟု ပြောပြီး ကျောက်ဆင်ကြီးကို ဆေးကြိမ်လုံးဖြင့် ပါးစပ်ပေါက်၊ ဦးခေါင်း၊ ဒွါရအပေါက်ရှိသမျှကို ရိုက်သောအခါ ဒင်္ဂါးများ ထွက်အန်ကျလာပြီး ကောက်၍မနိုင်ဖြစ်ပြီး ရပ်လိုက်ကာ စီရင်ထားသော ငွေရောင် တူ၊ ရဲဒင်းဖြင့် ဆင်ဦးကင်းရှိ မျက်လုံးထဲသို့ကော်၍ ပတ္တမြားမျက်ရှင်ကိုယူပြီး အိတ်ထဲသို့ တရိုတသေ ထည့်လိုက်၏။

'ကဲ ထူအင်းသားတွေ စားလဲစား၊ လှူလဲလှူ၊ မင်းတို့ တစ်သက် မဆင်းရဲတော့ဘူး၊ တံငါအလုပ်လဲ စွန့်ကြ'

ဟုပြောပြီး အမှောင်ထုတွင်း ဝင်ရောက် ပျောက်ကွယ်သွား၏။

ဆလိုင်းချင်းနှင့် ကရင်တိုင်းရင်းသား ဗမာအင်းသားများတို့သည် ရွှေဒင်္ဂါးမျိုးစုံရသွားသဖြင့် မူလနေထိုင်ရာ ချင်းရွာ၊ ကရင်ရွာ၊ တောင်ရိုးထဲတွင် မနေကြတော့ဘဲ ယခု **"အိမ်ကြီးကုန်း"** ဖြစ်လာမည့်နေရာသို့ ပြောင်းရွှေ့နေလာကြတော့သည်။

အိမ်ကြီး အိမ်ကောင်းများ ဆောက်လုပ်လျက် အလှူများပေးပြီး တစ်ရွာထူထောင်လိုက်ကြသဖြင့် အိမ်ကြီးကုန်းရွာ တွင်ခဲ့ကြ၏။

ဤသည်မှာ အဘိုးပြောပြသည့် ဂမ္ဘီရကျောက်ဆင်နှင့် အင်းမကြီးမှ ထူးဆန်းသော ပုံပြင်ဆန်ဆန်ဖြစ်ရပ်များ ဖြစ်၏။

ဆက်လက်၍ ကျောက်ကွဲဘုရားဖြစ်စဉ်မှာ ထူအင်းမကြီးအနီး ဘုရားကုန်းတွင် ရှေးဟောင်းစေတီတော်သဏ္ဌာန် ဘုရားပြိုကုန်းမို့မို့အား ပြုဖျက်ရှင်းလင်းကြရာတွင် ဌာပနာထားသော ရှေးဟောင်းဆင်းတုတော်၊ ဓာတ်တော်များနှင့် ထူးဆန်းသော ကျောက်တုံး တစ်တုံးကို တွေ့ရှိကြ၏။

ထူးခြားမှုမှာ ထိုကျောက်တုံးသည် ညဘက်ရောက်လျှင် အရောင်တလက်လက်ထွက်သဖြင့် ရိုးသားသော ထူအင်းသားများက စုန်းတောက်စားသောကြောင့် အရောင်တလက်လက်ထွက်သည်ဟု လည်းကောင်း၊ တချို့ငါး



www.burmeseclassic.com

www.burmeseclassic.com

ကျောက်တုံးထဲတွင် ထူးခြားသည့် အစွမ်းသတ္တိရှိသည့် အရာဝတ္ထုရှိမည်ဟု ယုံကြည်ပြီး ထူအင်းသားများနှင့် ဘုရားကြီးကုန်းရွာသားများ အငြင်းပွားကြသည်။

ခွဲမယ်မခွဲဘူးဟု သဘောထားချင်း ညီမရဖြစ်နေကြစဉ် ထိုအရောင်ထွက်နေသောကျောက်တုံးကြီးကို လပြည့်နေ့တွင် ခွဲကြရန် ကြံစည်နေကြသူက ကြံစည်နေကြသည်။ လပြည့်နေ့မတိုင်မီ ကျောက်တုံးကြီးကို ထားရှိသောကျောက်ဆောင်ထဲတွင် ထူးကဲသော အရောင်များ ထွက်ပေါ်လာ၏။

အဖြူ၊ အနီ၊ အဝါ ရောင်စုံများနှင့် ထူးကဲစွာတောက်ပမှုကြောင့် ထူအင်းသားများ လာရောက်ကြည့်ရှုကြသောအခါ...

'ဝုန်း...ဘုန်း...'

'အုန်း...ဝုန်း...'

ဟူသော အသံနက်ကြီးနှင့် ပေါက်ကွဲသံကြီး ထွက်ပေါ်လာပြီး၊ ကျောက်တုံးကြီး ကွဲအက်သွားပြီး ကျောက်တုံးထဲမှ အနီရောင်၊ အစိမ်းရောင်သန်းသော အရာဝတ္ထုတစ်ခု ကောင်းကင်တွင် ပျံဝဲပျောက်ကွယ်သွားသည်ကို တွေ့ရှိလိုက်ကြရသည်။

ရွာသူရွာသားများ ကျောက်တုံးကြီးဆီ ရောက်လာကြသောအခါ ကျောက်တုံးမှ နှစ်ခြမ်း တိတိရိရိကွဲနေပြီး ကွဲနေသောကျောက်တုံးနှစ်ခုကို ဆက်စပ်လိုက်သောအခါ လက်သီးဆုပ်ခန့်ရှိ ချိုင့်ခွက်ရာနှစ်ခြမ်းကို တွေ့ရ၏။ အရာဝတ္ထုတစ်ခုခု ရှိလေဟန်ဖြစ်ပြီး ထိုအရာဝတ္ထုသည် အရောင်များထွက်လျက် ထူးဆန်းစွာ ပျောက်ကွယ်သွားပုံရသည်။

ရှေးမီနောက်မီ လူကြီးများက...

'ပေးကားပေး၏ မရဆိုတာ ဒါမျိုးပေါ့။ ဂမ္ဘီရကျောက်ပုံအမြုတေ နေမှာပေါ့'

တဲ့။

ထိုအခါမှ ထူအင်းသားတွေမှာ မိမိတို့ အသိဉာဏ်တိမ်၍ အလိုရမ္မက်ကြီး၍ လိုတရ ဂမ္ဘီရကျောက်ပုံနှင့် လွဲခဲ့ရခြင်းဟု နှမြောတသ ဝမ်းနည်းမှု ဖြစ်လေတော့သည်။

ထိုဂမ္ဘီရဆန်သော ကျောက်တုံး... ပဲ့စဉ်ထွက်ကျကျန်ခဲ့သော ကျောက်... အပိုင်းအစများကို ထူအင်းသားများ... ကောက်ယူ၍ အန္တရာယ်ကင်းအဆောင်... အဖြစ် သိမ်းဆည်းထားကြပြီး ကျောက်... ကွဲနှစ်ခြမ်းကိုလည်း ဘုရားတစ်ဆူ... တည်ပြီးနောက် ထိုဘုရားတွင် ယနေ့... တိုင် ပြသထားလျက် ဘုရားဘွဲ့တော်... ကိုလည်း **ကျောက်ကွဲဘုရား**ဟု ယနေ့... တိုင် ခေါ်ဆိုသမုတ်ထားခဲ့ကြလေ... တော့သည်။

ဤသည်မှာ ထူအင်းမကြီးမှ ထူးခြား... ဆန်းကြယ် ဖြစ်ရပ်ဆန်းများအဖြစ် ... သား တင်ပြလိုက်ရပါတော့သည်။

**မှတ်ချက်**

မြန်အောင်တစ်ခေါက် ခရီး... အမှတ်တရ။

**ကျော်ဇင်ဖြူ**

စာမျက်နှာ (၂၈၁)မှ အဆက်

တော့ဘူး။ မုန့်ဖိုးပေါ့ဗျာ။

ကြာလာတော့ အမွေဆိုင်တွေက သည်းမခံတော့ဘူး။ သရက်ပင်ကြီးကို အမွေခွဲချင်လာတယ်။ ခက်တာကသရက်ပင်... ဆိုတာက လယ်မြေယာမြေတွေလို ခွဲစိတ်ယူလို့ မရဘူးလေ။

အဲဒါကြောင့် အလှည့်ကျယူမယ်၊ မဲနှိုက်မယ်လို့ ပြောကြတယ်။ အစဆုံး မဲပေါက်သူက အဲဒီနှစ် အသီးမှန်သမျှ... အကုန်ယူမယ်တဲ့။ ကျန်တဲ့သုံးဦးကိုလဲ မဲနှိုက်သွားမယ်ပေါ့ဗျာ။ အဲဒီလို သဘောတူကြတယ်။

အဲ... အဲဒီမဲနှိုက်တဲ့ နှစ်မှာပင် သရက် ပင်ကြီး သရက်ဖူးချိန်မှာ မဖူးမပွင့်ဘဲ နေတာတွေ့ရတယ်။ ဒါ ထူးဆန်း... ပဲ။ မဖူးမပွင့်တော့ အသီးမသီးတော့ဘူးပေါ့။

ဒါနဲ့ နားလည်တဲ့သူတွေက ပြောကြတာက သစ်ပင်တွေက အမွေလုရင် မပွင့်မသီးဘူးတဲ့။ ယခု သရက်ပင်ကြီးကတော့... မပွင့်မသီးဘဲ တွေ့ရတယ်။ ဒီလိုနဲ့ အဲဒီနှစ်ကုန်သွားတယ်။

နောက်နှစ်ကျတော့ အမွေဆိုင်တွေ တိုင်တိုင်ပင်ပင် ညီညီညွတ်ညွတ်နဲ့ ယခင်လိုပဲ ခွဲယူစနစ် ကျင့်သုံးလာတယ်... ကျွန်တော်လဲ သရက်ပင်စောင့် ပါမစ်ပြန်ရတယ်ဗျ။ ဒါပေမယ့် အရင်ကလို လက်မဖွာရဲတော့ဘူး။ တောင်းတိုင်း... မပေးရဲဘူး။ ရောင်းရငွေကိုလဲ ညီညီမျှမျှ ဝေပေးရတယ်။

ယခုထက်တိုင် သရက်ပင်ကြီးလဲ သီးပွင့်နေဆဲမြဲပဲဗျ။ အမွေခွဲကြလို့ အဲဒီလိုသရက်ပင်ကြီး မပွင့်မသီးနေတာကို... စာရေးသူ ကြုံဖူးခဲ့တယ်ဗျ။

**လက်ပံနီ**



www.burmeseclassic.com

www.burmeseclassic.com



ရွှေဥ (တမူး)

# ဝိညာဉ်စောင့်ရှောက်သော ကလေးများ

**၁၉၉၄ ခုနှစ်၊ မတ်လ။**

တောင်ယာ မီးရှို့ပြီး စိုက်ကွင်းပြင်နေသောအချိန်။

တောင်ခိုးတွေ ဝေနေသော နွေဦးကာလ၏ တစ်နေ့သော ညနေခင်းအချိန် ဖြစ်ပါသည်။

နေရာကား **မဏိပူရပြည်နယ်၊ အင်ဖာမြို့နယ် ဒိန်ပီးတောင်တန်းပေါ်ရှိ ရွာကလေး။**

ညနေစောင်းချိန်ဖြစ်၍ တောင်ယာမှ ပြန်လာသူများ ဟိုတစ်စု ဒီတစ်စု တွေ့နေရသည်။ ရွာလယ်မှ မူလတန်းကျောင်း အားကစားကွင်းတွင် ဘောလုံးကစားနေသူ ကလေးငယ်များ၏ အသံချို့ ကြားနေ၏။

မကြာမီ အမှောင်ထုက လွှမ်းခြုံပေတော့မည်။ တောင်ယာမှ ပြန်လာသူများက အိမ်အရောက် ညစာအတွက် ချက်ပြုတ်နေသဖြင့် မီးခိုးများကလည်း ကောင်းကင်ယံသို့ ပျံ့လွင့်နေချေပြီ။ တောင်ပေါ်ဒေသဖြစ်၍လည်း အအေးဓာတ်များက လွှမ်းခြုံစ ပြုလာပေပြီ။

ထိုစဉ်၌ပင်...

မမျှော်လင့်ဘဲ ပြောက်ကျားဝတ်စုံဝတ် လူအင်အား(၂၀)ခန့်သည် လက်နက်ကိုယ်စီကိုင်လျက် ရွာလယ်လမ်းမှ လျှောက်လာကြသည်။

သူတို့သည် ရွာသူကြီးအိမ်သို့ မေး၍ ဝင်ရောက်လာကြရာ ရွာတွင်းမှ ခွေးများ၏ ထိုးဟောင်သံများ ဆူညံစွာ ကြားနေရသည်။

သူတို့လူစုသည် သူကြီးအိမ်ကို တွေ့၍ ဝင်ရောက်သွားသောအခါ ခွေးဟောင်သံ တစ်ချက် တစ်ချက်သာ ကြားရပြီး တစ်ရွာလုံး ငြိမ်သက်သွားတော့၏။

ထိုလူစုမှာ အစိုးရတပ်မှပင်လော၊ အကြမ်းဖက် သောင်းကျန်းသူများလော ဝေခွဲမရကြသဖြင့် ရွာသားများ တစ်ဦးတစ်ယောက်မျှ ထွက်မကြည့်ရဲ



www.burmeseclassic.com

www.burmeseclassic.com

ကြပေ။

* * *

ထို ပန်းနီဖောင်းဝတ်လူစုသည် သူကြီးအိမ်သို့ ရောက်သောအခါ သူတို့၌ ပါလာသော ရိက္ခာများကို စားသောက်ရန်အတွက် ချက်ပြုတ်နေကြပေ၏။

သူတို့အထဲမှ ခေါင်းဆောင်ဖြစ်ဟန်တူသူက ခါးတွင် ပစ္စတိုသေနတ်ကို ချိတ်လျက် သူကြီးကိုခေါ်ကာ...

'ကဲ သူကြီး ခင်ဗျားရွာမှာ အိမ်ခြေ ဘယ်လောက်ရှိသလဲ'

'(၂၆)အိမ် ရှိပါတယ်ခင်ဗျာ'

'လူဦးရေကော ဘယ်လောက် ရှိသလဲ'

သူကြီး ခေတ္တ စဉ်းစားလျက်...

'(၆၀)ကျော် ရှိပါတယ်'

'ဟုတ်ပြီ၊ အခု ရွာသူရွာသား အားလုံး ကျား,မ၊ ကလေးပါမကျန် ခေါ်ပြီး လူစုပါ။ ကျုပ် စကားပြောစရာ ရှိတယ်'

'ဟုတ်ကဲ့'

သူကြီးသည် ခေါင်းဆောင်ဖြစ်သူနှင့် စကားပြောပြီးသည်နှင့် ရွာခေါင်းကြီး ဘက်သို့ လှည့်ကြည့်၍...

'ကဲ ရွာခေါင်းကြီး ကြားတဲ့အတိုင်းပဲ ရွာသား အားလုံးကို အမြန်စုပြီး ဒီကိုလာခဲ့ဖို့ ခေါ်ပြ ပေတော့'

ရွာခေါင်းလည်း ရွာသားများကို ခေါ်ဖြရန် ထွက်ခွာသွားလေသည်။

လက်နက်ကိုင်သူ လူစုသည် သူတို့ ချက်ပြုတ်နေသည်များ စားသောက်ရန် အသင့်ဖြစ်ချိန်တွင် ခေါင်းဆောင်ဖြစ်သူ အား ထမင်းစားရန် လာရောက်ပြောဆို လေ၏။

ခေါင်းဆောင်ဖြစ်သူက သူကြီးကိုပါ အတူ ထမင်းစားပါရန် ဖိတ်ခေါ်သော် လည်း သူကြီး၏ ရင်ထဲ၌ကား သူတို့



လူစုသည် အကြမ်းဖက် သောင်းကျန်း သူများ ဖြစ်သည်ကို ပီပီပြင်ပြင် သိရှိ၍ သူတို့ ဘာဆက်လုပ်ကြမည်ကို ရင်ထိတ်နေသဖြင့် စားချင်စိတ်မရှိ ဖြစ်ရ လေတော့သည်။

* * *

**ဆရာလွန်ထန်**သည် ရွာခေါင်း၏ ခေါ်ဖြသံကို ကြားမိသည်နှင့် ရင်ထဲ၌ လေးလံသွားလေသည်။ ယခု လာသော အဖွဲ့သည် အစိုးရအဖွဲ့ မဟုတ်ဘဲ အကြမ်းဖက်သူများဖြစ်ကြောင်း သူ တွေးဆမိသည်။

ဤနေရာတွင် ဆရာလွန်ထန် အကြောင်း အနည်းငယ်မျှ ပြောပြရန် လိုပါသည်။

**ဆရာလွန်ထန်သည် ရှိသားသော ယောက်ျားတစ်ယောက်ဖြစ်ပြီး အသောက် အစားကင်းကာ အကျင့် စာရိတ္တကောင်း သူတစ်ဦးဖြစ်၏။ သူသည် ငယ်စဉ်က မိခင်နှင့် အစ်ကိုဖြစ်သူတို့နှင့်အတူ နေထိုင်ခဲ့၏။ မိခင်၏ ထောက်ပံ့မှုဖြင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်ခဲ့ လေသည်။**

တက္ကသိုလ်ဝင်တန်း အောင်သော အခါ တက္ကသိုလ်သို့ ဆက်မတက်နိုင်ဘဲ ရွာ၌ ဆွဲခန့်ဆရာအဖြစ် စတင်လုပ်ရ လေ၏။ *(ထိုစဉ်က တောလက်ကျေးရွာများ၌ ကျောင်းများ မပြည့်စုံသေး၍ အရပ်ထဲရှိ ခေတ်ပညာတတ် လူငယ်များအား ကျေးရွာလူကြီးများက ရွာမှ ကလေးငယ်များကို ပညာသင်ပေးစေသူကို ဆွဲခန့် ဆရာဟု ခေါ်ကြပါသည်။)*

နောင် သုံးနှစ်ခန့်ကြာသောအခါ အစိုးရခန့် တရားဝင်ဆရာ ဖြစ်လာခဲ့၏။

ဆရာလွန်ထန်သည် ဘာသာရေး ကို အထူးလေးစားသူဖြစ်ရကား သူတို့ ရွာတွင် ကျေးရွာဂေါပကလူကြီး ဖြစ် လာခဲ့ပေ၏။ ဤသို့ဖြင့် တစ်ရွာတည်းသူ မတင်ကင်းနှင့် အိမ်ထောင်ကျခဲ့ ၏။

သားကလေးနှစ်ယောက် မွေးဖွားပြီး ချိန်၌ ဇနီးမှာ ငှက်ဖျားရောဂါဖြင့် ကွယ်လွန်ခဲ့သည်။ ဇနီး၏ အိမ်ထောင် ထိန်းသိမ်းမှု ကောင်းမှုကြောင့်ပင် ကလေးများ လိမ္မာရေးခြားရှိကာ ဖခင် နှင့် ချမ်းမြေ့စွာ နေထိုင်၍ ပညာသင် ကြားနေလေ၏။

ရွာခေါင်း၏ စကားသံကြားသည်နှင့် ဆရာလွန်ထန် ရင်၌ လေးလံမိ၏။ သူကြီး ဖိတ်ခေါ်ရာသို့ မသွားချင်ပေ။

သို့သော် မိမိသည် ရွာမှ အားကိုးရ သူ တစ်ဦးဖြစ်သဖြင့် ယခုလို အခက် အခဲကြုံနေစဉ်၌ ရွာသားများ၏ ရှေ့၌ မားမားမတ်မတ်ရှိရန် လိုအပ်ကြောင်း စဉ်းစားမိသဖြင့် သားငယ်နှစ်ယောက် ကို ခေါ်ကာ...

'ဖေဖေ ရွာသူကြီးအိမ် အစည်းအဝေး သွားမယ်။ သားတို့ ဖေဖေ ရောက်မလာမချင်း ဘယ်မှမသွားကြနဲ့။ အိမ်မှာပဲနေ'

ဟု မှာထားခဲ့သည်။ ကလေးနှစ် ယောက်နှင့်အတူ သူတို့ မွေးထားသော **လက်ဖြူ**ဟု ခေါ်သည့် ခွေးကလေးပါ အိမ်တွင် ရှိနေခဲ့လေ၏။

* * *

သူကြီးအိမ်သို့ ဆရာလွန်ထန်



www.burmeseclassic.com

www.burmeseclassic.com

ရောက်ချိန်၌ လူစုံနေပေပြီ။ လူများအားလုံးကို သူကြီးအိမ်ရှေ့ မြေကွက်လပ်တွင် စု၍ ရပ်နေစေ၏။ ဆရာလွန်ထန်စိတ်၌ စနောင့်စနင်း ဖြစ်မိ၏။

ယခင်က အကြောင်းရှိလျှင် သူကြီးအိမ်ပေါ်၌သာ စည်းဝေးနေမြဲ။ ယခုဘာကြောင့် အိမ်ရှေ့မြေကွက်လပ်တွင် စုရုံးစေသနည်း။

လက်နက်ကိုင်လူစုထဲမှ ခေါင်းဆောင်ဖြစ်သူက ရွာသားများရှေ့တွင် မတ်တတ်ရပ်လျက်...

'ဗိုဗိုတို့သည် (...)အဖွဲ့မှ ဖြစ်ကြောင်း။ ယခုဒီရွာကို ရောက်လာရခြင်းမှာ ဒီရွာဟာ ဗိုဗိုတို့ကို ဆက်ကြေးမပေးခြင်း။ အစိုးရသို့ သပင်းပေးခြင်း။ ဗိုဗိုတို့နယ်မြေတွင် ကျူးကျော်နေထိုင်ခြင်း'

စသည့် အချက်များကြောင့် လာရောက်ရခြင်းဖြစ်ကြောင်း ပြောကြားပါတော့၏။

ဆရာလွန်ထန် စိတ်တွင်း၌...

'သူတို့တစ်တွေကို ငါတို့ တစ်ခါမှ မတွေ့ဘူးပါ။ သူတို့လဲ တစ်ခါမှ ဒီကို မလာဘူးပါပဲ လျက် စွပ်စွဲချက်တွေနဲ့ အပြစ်ရှာနေကြတယ်။ ငါ ရဲရဲဝံ့ဝံ့ ပြန်ဖြေရှင်းပြတော့မယ်'

ဟု စဉ်းစားနေခိုက်မှာပင် ခေါင်းဆောင်ဖြစ်သူက တစ်စုံတစ်ရာ အမိန့်ပေးလိုက်သံနှင့်အတူ သေနတ်သံများ ဆူညံစွာ ပြိုင်တူ ထွက်ပေါ်လာခဲ့သည်။

မိနစ်ပိုင်းအတွင်းမှာပင် ရွာသားအားလုံး သွေးအိုင်ထဲ၌ ငြိမ်သက်သွားကြတော့၏ မသေမရှင် ကျန်ရစ်၍ ညည်းညူသူများကိုပင် ထပ်မံ ပစ်ခတ်ကြသေး၏။

အကြမ်းဖက်သူများက အားလုံးသေ, မသေ စစ်ဆေးပြီးမှ အိမ်လေး,ငါးလုံးကို မီးရှို့ကာ ရွာမှ ပြန်ထွက်သွားကြတော့သည်။

* * *

သေနတ်သံများ၊ အော်သံငိုသံများ ဆူညံစွာ ကြားရသောအခါ ဆရာလွန်ထန်၏ သားလေးနှစ်ယောက်သည် ကြောက်လန့်သဖြင့် အိပ်ရာခုတင်အောက်တွင် ခွေးလေး လက်ဖြူနှင့်အတူ ဝင်ပုန်းနေလေ၏။

သေနတ်သံများ လူအများ အော်ဟစ်သံများ ကြား၍ ငြိမ်သက်သွားပြီးနောက် မကြာမီ အချိန်တွင် ဆရာလွန်ထန် အိမ်သို့ ပြန်ရောက်လာ၏။

'ရန်သူတွေ လာနေပြီ ပုန်းကြရအောင်'

ဟု ဆိုကာ ကလေးငယ်နှစ်ယောက်နှင့်အတူ ခွေးကလေးပါခေါ်၍ ရွာပြင် ကျောက်ဂူဘက်သို့ ပြေးထွက်ခဲ့လေ၏။ ကျောက်ဂူ၌ ပုန်း၍ နေကြတော့၏။

**ထို ကျောက်ဂူ၌ ပုန်းအောင်းနေကြစဉ် ဆရာလွန်ထန်သည် ကလေးများ ထံသို့ ညမိုးချုပ်ချိန်၌ ရောက်ရှိလာပြီး အစားအစာများ ကျွေးမွေးပါသည်။ နံနက်လင်းသောအခါ တောင်ယာသို့ သွားမည်ဟုပြောကာ နေ့စဉ် ထွက်သွားလေ့ရှိ၏။**

ထိုသို့ ကျောက်ဂူတွင် တစ်လခန့် ပုန်းခိုနေကြပြီးသောအခါ ဆရာလွန်ထန်က သားနှစ်ယောက်နှင့် ခွေးလေးအား မိမိရွာရှိ အိမ်သို့ ပြန်ခေါ်ခဲ့လေသည်။ ကလေးနှစ်ယောက်အားလည်း ဘကြီးဖြစ်သူ ဦးမန်ထောင်း လာလျှင် မြို့သို့လိုက်သွားရန် မှာခဲ့လေ၏။

ဆရာလွန်ထန်၏ အစ်ကိုဖြစ်သူ ဦးမန်ထောင်းသည် ဟိုင်ပီးရွာအား အကြမ်းဖက် သောင်းကျန်းသူများ ဝင်ရောက်သည့် သတင်းကို ကြားမိသည်တွင် ညီနှင့် ကလေးငယ်နှစ်ဦးတို့ အားလုံး သေကုန်ပြီထင်၍ စိတ်ပူပန်သောကဖြစ်မိသည်။ သို့သော် မိမိ တစ်ယောက်တည်းလည်း ထိုရွာသို့ မသွားဝံ့။

သက်ဆိုင်ရာ တာဝန်ရှိသူတို့က အခင်းဖြစ်ရွာသို့ ကြည့်ရှုရန် သွားမည့်သတင်း ကြားသောအခါ ဦးမန်ထောင်းလည်း ထိုအဖွဲ့နှင့်အတူ ဟိုင်ပီးရွာသို့ လိုက်ပါခဲ့၏။

**ဦးမန်ထောင်း ရွာသို့ရောက်၍ ဆရာလွန်ထန်၏ နေအိမ်သို့ အရောက်တွင် အိမ်အတွင်း၌ ကလေးငယ်နှစ်ဦးအား တစ်ယောက်နှင့် တစ်ယောက် ဖက်လျက် အိပ်ပျော်နေကြသည်ကို တွေ့ရ၏။ အနီး၌လည်း ခွေးကလေး လက်ဖြူပါ ရှိနေသည်ကို တွေ့ရသည်။**

ကလေးငယ်နှစ်ဦး သေဆုံးနေသည်ဟု ထင်မိ၍ သွားရောက်ကိုင်တွယ်ကြည့်ရာ ကလေးများ နိုးလာသည်ကို တွေ့သောအခါ ဦးမန်ထောင်းမှာ ဝမ်းသာလွန်း၍ ကလေးများအား ဖက်လျက် ငိုမိတော့၏။

ကလေးများအား မည်သူနှင့်နေသလဲ မေးသောအခါ သူတို့ဖခင် ဆရာလွန်ထန်နှင့် ညအခါ အတူတူနေရကြောင်း၊ နေ့အခါ ကျောက်ဂူတွင်း၌ ပုန်းနေကြကြောင်း ပြောပြတော့သည်။

ဦးမန်ထောင်းသည် ကလေးနှစ်ယောက်နှင့် ခွေးကလေးကို မြို့သို့ ခေါ်ခဲ့၏။ ကလေးငယ်နှစ်ဦးအား သူတို့ဖခင် ဆရာလွန်ထန်၏ အုတ်ဂူကိုတော့ မပြခဲ့ပေ။

ကလေးနှစ်ဦးမှာကား သူတို့ဖခင် အသက်ရှင်နေသေးသည်။ သူတို့နှင့်အတူ ရှိနေသေးသည်ဟု ယုံကြည်နေကြဆဲပင် ဖြစ်ပေတော့သည်။

မှတ်ချက်

*(တရားဟော ဆရာတစ်ဦး၏ ကိုယ်တွေ့ ဝိညာဉ်စောင့်ရှောက်ခြင်း သက်သေခံ ဟောပြောချက်ကို ပြန်လည် တင်ပြခြင်း ဖြစ်ပါသည်။)*

ဦးဒို(တမူး)

www.burmeseclassic.com

## ခြေ၏ သဘော

# လက္ခဏာ

တစ်လောဆီက ဂျာနယ်တစ်ခုမှာ **လယ်တီဆရာတော်ကြီးရဲ့ အန္တရာယ်ကင်း တံဆိပ်တော်**ကို ဖော်ပြပြီး အကျိုးအကြောင်း ရေးထားတယ်။ စာရေးသူက ဒီတံဆိပ်နဲ့ပတ်သက်ပြီး ရှင်းရှင်းလင်းလင်းဖြစ်အောင် ဖော်ထုတ်ဖို့လဲ တိုက်တွန်းထားတယ်။

ဒါနဲ့ ကိုယ်ကလဲ စိတ်ဝင်စားမိတဲ့ အကြောင်းပဲလေ၊ သိသမျှတော့ ရေးဦးမှ ဆိုပြီး ရေးချလိုက်မိတယ်။ ရေးရင်း ရေးရင်းကနေ သိတာနဲ့ မေးတာ တိုးနေတဲ့ ကျောင်းသား စာဖြေသလို ဖြစ်သွားတယ်။

ဒါဟာ စမ,ပုံဖြစ်တဲ့အကြောင်း၊ ရေးထားတဲ့ စာတွေက ဘာတွေ၊ စမ,ပုံက ဘာကိုရေးထားတာ၊ ဒါကို ပိုင်နိုင်ချင်ရင် ကျင့်ရမယ့်နည်းရှိကြောင်း၊ သွားရောက်လေ့လာသင့်တဲ့ နေရာ၊ ဖတ်ရှုသင့်တဲ့ ကျမ်း စသဖြင့်ပေါ့လေ။ အသေးစိတ် ရေးသားလိုက်မိတယ်။

ရေးပြီး ညစာလဲ စားရော အကြောင်းက ပြလာရော။ သိပ်အလေးအနက် မထားမိသေးဘူး။ နောက် ညအိပ်တော့ လျှာတွေဝါး၊ စကားတွေ ဗလုံးဗထွေးပြောနဲ့ အိပ်မရတော့ပါဘူး။

ဒီကြားထဲ ဘုရားစင်အောက်က ရေချမ်းအိုးကို ဘယ်သူကလဲ မဆိုနိုင်ဘူး။ ခေါက်လိုက်တာ ဒေါင်ဒေါင်ကို မြည်လို့။ ဒါနဲ့ တတ်သမျှ မှတ်သမျှ စိတ်ထဲက ရွတ်ဖတ်ပေါ့လေ။ နောက်မှ ကိုယ်ရေးတာ ကိုယ်စဉ်းစားမိပြီး ထ, ဖျက်ပစ်လိုက်ရတယ်။ ဒီခါမှပဲ လူလဲ အိပ်ရတော့တယ်။ ပြောလိုတာက **စမ,ရဲ့ အကြောင်းသတ္တိ**ကိုပါ။

ဒီလိုနဲ့ နေပြန်ရော၊ နောက်တစ်ပတ်လောက်ရှိတော့ နယ်စပ်မှာ တာဝန်ကျတဲ့ သူငယ်ချင်း ဆရာဝန်ကြီးတစ်ယောက် အိမ်လာလည်တယ်။ အဲဒီမှာ စကားစပ်ပြောရင်းနဲ့ သာမညတောင်ဆရာတော်ကြီးရဲ့ ခြေဖဝါးမှာ ဝ,ပေါ်တယ်ဆိုတဲ့စကား ပါလာပြန်တယ်။

ဝ,နဲ့ပတ်သက်ရင်တော့ ဘိုးဘိုးအောင်ကို အသိများကြမယ် ထင်ပါတယ်။ ဘိုးဘိုးအောင်ရေးတဲ့ ဝ,တစ်လုံး၊ ဖျက်ရင် နှစ်လုံးဖြစ်တယ်ဆိုတာ အပြောများကြတဲ့အကြောင်းတစ်ခုပါ။ တစ်ဆက်တည်းမှာပဲ...

"ဝ,ဗျည်းနက်ကျယ်၊ သုညငယ်၊ အလွယ်မှတ်နဲ့၊ ဝ,ဗျည်းတစ်လုံး၊ နည်းထုံးကျကျရေးတတ်က၊ အဖိုးအနဂ္ဂ၊ ဝ,မရှိဘဲ ဝိ,မလုပ်နဲ့"

ဆိုတာတွေက ဆက်နေတဲ့ အကြောင်းအရာတွေပေါ့။

အတိအကျဆိုရင်တော့ ဝ,ပေါ့လေ။ ခြုံပြီးပြောရရင် ဒါဟာ စမ,ပဲ။ မြန်မာစာမှာ နှစ်လုံးဆင့်ရေးရင် အောက်ကထားလို့ ရတာကို စာမ,လို့တော့ ဖတ်ဖူးတယ်။

ကျွန်တော် သိတာကတော့ ဂုဏ်တော်ကို စွဲစွဲမြဲမြဲပွားရင် ခြေ လက်၊ မျက်နှာတွေမှာ အရစ်တွေ၊ အကွင်းတွေ ပေါ်လာတာပဲ။ တချို့ မှိန်မှိန်၊ တချို့ ထင်းထင်းနဲ့။ ဒါကို စမ,တွေ ပေါ်တယ်လို့ ပြောကြတယ်။

စမ,ဆိုတာက (၄)မျိုး ရှိတယ်။ **ဝင်စမ၊ ထွက်စမ၊ ထိန်းစမ၊ သိမ်းစမ** လို့ ခေါ်ကြတယ်။နေရာအထားအသိုလိုက်လို့ သတ္တိတွေ ပြောင်းသွားတဲ့ သဘောပါပဲ။ ပြောင်းပုံပြောင်းနည်းကိုတော့ ရေးကြည့်မှ၊ ရေးကျင့်မှ ရတာမို့လို့ အရေးပါမှ အရာရောက်တယ်လို့ သုံးနှုန်းကျပြန်ရော။ ရေးပြန်ပြီဆိုတော့ ဘယ်က စတာတို့၊ ညာက စတာတို့ ပါလာပြီ။ နောက် အသက်အောင့်ထားဖို့ လို,မလိုဆိုတဲ့ အပိုင်းလဲရှိသေးတယ်။

**စ,ရေးတဲ့အခါ ရွတ်ဆိုမှု စပြီး ရွတ်ဆိုမှု အဆုံးမှာ ရေးတာလဲ အပြီးနဲ့ ကိုက်ရတယ်။ဒါကို "ပါဒ်"တာလို့ ခေါ်တယ်။ အဲဒီအပါဒ်ကိုတော့ ဆရာက ပေးတာမြစ်လို့ Keyလို့ခေါ်ရမလားပဲ။ ဆရာဆိုတာက မမြင်အပ်တဲ့ ပုဂ္ဂိုလ်လဲ ပါတယ်။**

အကျိုးအကြောင်း ရေးတာနဲ့ ခန္ဓာကိုယ်မှာ စမ,ပေါ်တဲ့ကိစ္စ ဝေ့သွားပြီ။ ခန္ဓာကိုယ်မှာ စမ,ပေါ်တာက ဘယ်မှာပေါ်ပေါ် ကောင်းတာပဲ။ လက်မှရယ်၊ ခြေမှရယ် မဟုတ်ဘူး။ အခု ကြားတာက စမ,ဆိုတာ ကောင်းတဲ့အရာမို့လို့ **ခြေမှာ ပေါ်ကောင်းလား ဆိုတဲ့ စကား**။ ဒီနေရာမှာ **ရေတံခွန်တောင် ဆရာတော်ကြီးရဲ့ မိန့်ကြားချက်ကို ထည့်ပြောမှရမယ်** ထင်တယ်။

လက်ဖဝါးဆိုတာက မှောက်လို့လဲ ရတယ် လှန်လို့လဲ ရတယ်။ အပြောင်းအလဲ ရှိတဲ့ သဘောပေါ့။ ခြေဖဝါးဆိုတာက တစ်ပြ… တည်း တစ်သမတ်တည်း ထားတဲ့ အ… ဆိုတော့ မပြောင်းလဲဘူး။ ခိုင်မြဲတဲ့သဘော မြဲမြံတဲ့သဘောရှိလို့ ခြေဖဝါးမှာ ပေါ်… ပိုကောင်းတယ်ဆိုတဲ့ အကြောင်းပါပဲ။

နောက် တစ်ဆက်တည်းပဲ တွေ့… နေတဲ့ အကြောင်းအရာအချို့ကို တင်… ပါရစေ။ ဒီ စမ,တွေကို နိုင်ငံခြားကုမ္ပ… တွေမှာ ကုန်အမှတ်တံဆိပ် (Tra… Mark)အဖြစ် အသုံးပြုနေတာကို တွေ့… ရခြင်းပါပဲ။ ကြော်ငြာတွေမှာ ပါတာ… တွေ့ရတတ်ပါတယ်။

နောက် တရုတ်သိုင်းကားတွေမှာ… **သိုင်းကျင့်တဲ့အခန်းတွေမှာ လက်… ထားပုံတွေက စမ,လို ပုံဖမ်းထား… ဟန်တွေ ဖြစ်နေတာ တွေ့ရလို့ ဒါတွေ… ကို သူတို့ဆီမှာ ဘယ်လိုအယူအဆ… တွေနဲ့ ဘယ်သူတွေက သင်ပြပေးနေ… ရေးနေတာလဲ ဆိုတာကို ကျွန်တော်… ဖြင့် အသိချင်ဆုံး။ စိတ်အဝင်စားဆုံး… ဖြစ်နေကြောင်းပါ ခင်ဗျား။**

အဲ...တတ်လို့ ရေးနေတာ… မဟုတ်ပါဘူး။ မှတ်လို့ ရေးနိုင်တ… တာလေးကိုလဲ ထည့်လိုက်ပါ…

ဝမ်း(စက်မှုတက္ကသိုလ်)




www.burmeseclassic.com

www.burmeseclassic.com

# ဝိဇ္ဇာရှင်းတမ်း (၁)

စရက ဦးသောင်



• သူတော်စင်ဝိဇ္ဇာ အဂုဏာဝေးပုံတော်များ(၁၉၅၂)

[ က ]

"ဝိဇ္ဇာရှင်းတမ်း"ဟု ခေါင်းစဉ်တပ်ရခြင်းမှာ သူတော်စင်ဝိဇ္ဇာအကြောင်း၊ ဝိဇ္ဇာအကြောင်း။ နတ်ဝိဇ္ဇာ အကြောင်းများကို ရှင်းလင်းတင်ပြမှာဖြစ်၍ **"ဝိဇ္ဇာရှင်းတမ်း"**ဟု ခေါင်းစဉ်တပ်လိုက်ခြင်း ဖြစ်သည်။

ယင်း ဝိဇ္ဇာအကြောင်းကို မတင်ပြမီ ကျွန်ုပ်၏ ဆရာသခင် ကျေးဇူးရှင်ဆရာတော်၏ အမိန့်ရှိခဲ့ဖူးသည့် ဩဝါဒစကားကို ဦးစွာ တင်ပြလိုပေသည်။ ကျွန်ုပ်၏ ဆရာသခင် ကျေးဇူးရှင်က...



www.burmeseclassic.com

www.burmeseclassic.com

'လူတွေက ဝိဇ္ဇာလို့ အသိများ အခေါ်များ ကြတော့ ဝိဇ္ဇာလို့ပဲ ခေါ်ကြ ရေးကြတာပေါ့ကွယ်။ အမှန်မှာ သူတော်စင်ဝိဇ္ဇာဆိုတာက လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနတွေ ကင်းတဲ့ ဝိဇ္ဇာတွေကွယ့်။ ဝိဇ္ဇာ၊ နတ်ဝိဇ္ဇာတွေနဲ့ မသျှကြဘူးကွယ့်။ အဆင့်ချင်း မတူဘူးလို့ ပြောတာ။

သူတော်စင်ဝိဇ္ဇာဆိုတာက သမထ အဆုံး အစွန်းရောက်ပြီး လောကီအဘိညာဉ်ငါးပါးကို ရရှိရပ်တည်နေတဲ့ ပုဂ္ဂိုလ်တွေကို သူတော်စင် ဝိဇ္ဇာလို့ ခေါ်တယ်'

ဆရာတော်က ပြောပြီး ရပ်နေသည်။ အဘိညာဉ်ငါးပါးဟုသာ ကျွန်ုပ် ကြားဖူးသည်။ အပြည့်အစုံ ဂဃနဏ ကျွန်ုပ်မသိ။ အဘိညာဉ်ငါးပါးဆိုတာ ဘယ်လိုဟာမျိုးလဲဟု မေးစမ်းချင်သည်။ မမေးဝံ့။ မေးလျှင် ဆူမှာ ကြောက်သည်။ ထိုစဉ် ဆရာတော်က...

**'အဘိညာဉ်ငါးပါးဆိုတာ...**

(၁) ဣဒ္ဓိဝိဓအဘိညာဉ် – တန်ခိုးဖြင့် မိမိအလိုရှိရာ အမျိုးမျိုး ဖန်ဆင်း နိုင်ခြင်း။

(၂) ဒိဗ္ဗသောတအဘိညာဉ် – နတ်နား ကဲ့သို့ ကြားနိုင်ခြင်း။

(၃) ပရစိတ္တဝိဇာနနအဘိညာဉ် – သူ တစ်ပါး၏ စိတ်အကြံကို သိနိုင် ခြင်း။

(၄) ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ် – ရှေး၌ ဖြစ်ခဲ့သော ဘဝအစဉ်ကို သိမြင်နိုင်ခြင်း။

(၅) ဒိဗ္ဗစက္ခုအဘိညာဉ် – နတ်မျက်စိ ကဲ့သို့ မြင်နိုင်ခြင်းဆိုတဲ့ လောကီ အဘိညာဉ်ငါးပါး ဖြစ်တယ်။

**ဝိဇ္ဇာဆိုတာက အတတ်ပညာ တစ်ခုခုကို ဥပမာ အင်းအတတ်၊ ဓာတ်လုံးအတတ်၊ ဆေးအတတ်၊ ပြဒါးအတတ်၊ မန္တန်အတတ် စတဲ့ အတတ်ပညာတစ်ခုခုကို အဆုံး အစွန်းထိအောင် တတ်မြောက်တဲ့ ပုဂ္ဂိုလ်တွေကို ဝိဇ္ဇာလို့ခေါ်တယ်။**

ငါ့တပည့်တို့ လူ့လောကမှာပဲ ကြည့်လေ။ တက္ကသိုလ် စာပေပညာကို ဝိဇ္ဇာတန်းမှာ နောက်ဆုံးပြီးဆုံး၍ အောင်မြင်သွားရင် ဝိဇ္ဇာ လို့ အမည်တပ်ကြတယ် မဟုတ်လား။ ဂုဏ်ထူးနဲ့အောင်ရင် ဝိဇ္ဇာဂုဏ်ထူးလို့တောင် သတ်မှတ်ခေါ်ဝေါ်ကြတယ် မဟုတ်လား။

အေး အချို့ဝိဇ္ဇာတွေက အင်း,ဓာတ်လုံး စတဲ့ အတတ်ပညာနဲ့ တစ်ဖက်စွန်းရောက် အောင် တတ်၍သာ ဝိဇ္ဇာဖြစ်နေတာ။ လောဘ၊ ဒေါသ၊ မာန်မာန၊ တပ်မက်မှုတဏှာ မကင်းကြဘူး။

ဥပမာ တာနေ့ာယက္ခဘီလူးရဲ့ အာခေါင် တွင်းမှာ ကြက်လေးနဲ့တည့်ပြီး ငုံထားတဲ့ အမျိုးသမီးကိုတောင် သူ့ရဲ့ ဝိဇ္ဇာအတတ် ပညာနဲ့ ဖောက်ပြားသေးတာ ငါ့တပည့် သိဖူး, ကြားဖူးမှာပေါ့'

'မှန်ပါ့ဘုရား။ **တာနေ့ာယက္ခဘီလူး** အကြောင်းကို ကြားသိဖူးပါတယ် ဘုရား'

**'ဝိဇ္ဇာဖြစ်ပြီးမှ သူတော်ကောင်း၊ သူတော်စင်အကျင့်ကို ကျင့်ကြံ အား ထုတ်ပြီး အဘိညာဉ်ငါးပါးရတဲ့ ဝိဇ္ဇာတွေ လဲ ရှိတယ်၊ အဲဒီဝိဇ္ဇာတွေက သူတော်စင် ဝိဇ္ဇာတွေပေါ့ကွယ်။**

**နတ်ဝိဇ္ဇာဆိုတာက** လူ့လောကမှာ နေစဉ်က ဝိဇ္ဇာလမ်းစဉ်ကို လိုက်ပြီး ဝိဇ္ဇာအလုပ်လုပ်ရင်း **မိမိ၏လုပ်ငန်း မပြီးဆုံးမီ ကွယ်လွန် သေဆုံးသွား သူတွေဟာ ပရလောကတစ်ခုခုမှာ အစွမ်းထက်မြက်တဲ့ဝိဇ္ဇာ ဖြစ်နေ တယ်။ လူစင်စစ်မှာ မဟုတ်ဘဲ ပရ လောကမှာ နတ်ဖြစ်နေတဲ့အတွက် နတ်ဝိဇ္ဇာလို့ ခေါ်တယ်'**

ကျွန်ုပ်၏ စိတ်ထဲတွင် ဤပုဂ္ဂိုလ် သုံးမျိုး သုံးစားဟာ ဘယ်သူက အဆင့် မြင့်လဲ ဆိုတာကို သိချင်နေပြန်သည်။ မေးလည်း မေးချင်ပါသည်။ သို့သော် မမေးဝံ့၍ တောင်တွေးမြောက်တွေး တွေးနေစဉ်မှာပင်...

'ဒီမှာ ငါ့တပည့် သမထအဆုံးအစွန်း ရောက်သွားတဲ့ သူတော်စင်ဝိဇ္ဇာဆိုတဲ့ ပုဂ္ဂိုလ် တွေဟာ ဆုကြီးပန်တွေကွယ့်။ နောင် ပွင့် လာမယ့် အရိမေတ္တေယျဘုရား ပွင့်တော်မူ တဲ့ အခါမှာ ပေါ်ထွန်းလာမယ့် ဆုကြီးပန် ပုဂ္ဂိုလ်တွေ။

အတတ်ပညာ တစ်ခုခုကို အဆုံး အစွန်းတတ်မြောက်ပြီး ထွက်ရပ်စခန်း သို့ ကြွမြန်းသွားတဲ့ ဝိဇ္ဇာတွေကတော့ ယခု ငါတို့ ဂေါတမမြတ်စွာဘုရားရဲ့ ဓာတ်တော်၊ မွေတော်တွေ ပေါင်းစုပြီး နိမ္မိတဘုရား ရုပ်ပွားတော် ပွင့်တဲ့အခါ ကျွတ်တမ်းဝင်နိုင်အောင် မိမိတို့ရဲ့ အတတ်ပညာနဲ့ အာယုသက်တမ်း မြှင့် ပြီး နိမ္မိတဘုရား ပွင့်မယ့်အချိန်ကို စောင့်နေကြတာ။ **နတ်ဝိဇ္ဇာတွေကသဲ ထိုနည်းတူစွာပါပဲလေ'**

ကျွန်ုပ်သည် [illegible] နက်နဲသည့် အကြောင်းကို တွေးနေမိ သည်။ ထိုစဉ် ဆရာတော်က

'ဓာတ်တော်ပေါင်းစု၍ နိမ္မိတဘုရား ရုပ်ပွား တော် ဓာတုပရိနိဗ္ဗာန် စံဝင်ရာ မဟာဗောဓိ မဏ္ဍိုင်ကို လူတွေ မရောက်နိုင်ဘူး။ ဂန္ဓာရအ တောပ်မှာနေပြီး နိမ္မိတဘုရား ဟောကြားမယ့် တရားကို လူတွေ မနာကြားနိုင်ဘူး။ သူ့က ဝိဇ္ဇာတွေနဲ့တကွ ဗြဟ္မာ နတ်ဗြဟ္မာတွေသာ ကြားနိုင်နာနိုင်ကြပြီး ကျွတ်တမ်းဝင်ကြလိမ့်မယ်'

* * *


**[ ၂ ]**

**သူတော်စင်ဝိဇ္ဇာ**

**အစုအဝေးအကြောင်း**

အထက်ပါ ထူးဆန်းသည့် [illegible] တော်များ ရရှိပုံမှာ **၁၉၅၈ ခုနှစ်က စာပေဗျာနကြီးတစ်ခုတွင်** အလုပ်

www.burmeseclassic.com



**လုပ်သော ပုံနှိပ်အရာရှိ ဦးသန်း မောင်အား တပည့်ဖြစ်သူ ဦးမြအောင်** က ထုတ်ဆောင်းသည့် ဓာတ်ပုံဖလင်တစ်ခု ကို ပေးသည်။

ပုံနှိပ်အရာရှိ ဦးသန်းမောင်က ဌာန တွင်ရှိသော ကွန်ပျူတာစက်ဖြင့် ပုံကြီး ချဲ့ကြည့်ရာ ပူးတွဲပါ သူတော်စင်ဝိဇ္ဇာ ရုပ်ပုံတော်ကို မြင်တွေ့ရသည်။

ဤပုံတော်ကို မည်သို့မည်ပုံ ရရှိ သလဲဟု ပုံနှိပ်အရာရှိက ဦးမြအောင် အားမေးရာ ဦးမြအောင်က **သူ၏ မိတ်ဆွေသည် ရွှေတိဂုံစေတီတော် အထက်ပစ္စယံတွင် ဆုန်းငှက်ပျော ကန်တော့ပွဲ(၁၀၀)ကျော် ကပ်လှူထား သည်ကို မှတ်တမ်းအဖြစ် ဓာတ်ပုံ ရိုက်ယူရာတွင် ဖလင်တစ်ကွက်၌ သူတော်စင်ဝိဇ္ဇာ ရုပ်ပုံတော်များ ပေါ်လာကြောင်း ပြောပြသည်။**

***(၁၉၇၉ ခုနှစ်ဝန်းကျင် ကာလက ရွှေတိဂုံစေတီတော်၌ တန်ဆောင်မုန်းလ များတွင် ကန်တော့ပွဲ ရာကျော် လှူလေ့ ရှိသည်။)***

ထိုအခါ သူတော်စင်ဝိဇ္ဇာကို ကြည်ညိုရင်းစွဲရှိသော ပုံနှိပ်အရာရှိ ဦးသန်းမောင်က ပုံကြီးချဲ့၊ ဖလက်တွဲ၊ ပလိတ်ကူးစေပြီး အော့ဖ်ဆက်ဖြင့် ရိုက်နှိပ်စေသည်။ အော့ဖ်ဆက်ရိုက် သော စက်ဆရာ ဦးမောင်မောင်အေး က ကျွန်ုပ်အား သူတော်စင်ဝိဇ္ဇာ ရုပ်ပုံ တော် (၅)ရွက်လာပေးသည်။ ဒီတော့မှ ကျွန်ုပ် သူတော်စင်ဝိဇ္ဇာရုပ်ပုံတော်ကို မြင်ဖူး သည်။

အော့ဖ်ဆက်ရိုက်စက်ဆရာဦးမောင် မောင်အေးသည် ကျွန်ုပ်၏သားကြီး ဖြစ်သည်။ ပထမအကြိမ် အတ်ပေပါ စက္ကူဖြင့် ရွက်ရေ (၅၀၀)ရိုက်သည်ဟု ဆိုသည်။ ပုံတော် (၅၀၀)သည် သူယူ၊ ငါယူ၊ သူတောင်း၊ ငါတောင်းဖြင့် တစ်ရက်၊နှစ်ရက်အတွင်း ကုန်သွား လေသည်။

နောက်ထပ် အတ်ပေပါစက္ကူ(၁) ထုပ် စုဝယ်ပြီး ထက်ပိုင်းဖြတ်၍ (၁၀၀၀)ရွက် ရိုက်ပြန်သည်။ ဝူဖရီး စက္ကူဖြင့်လည်း ရိုက်သည်။ ယင်းသို့ အကြိမ်ကြိမ် ရိုက်နှိပ်ရာ ရွက်ရေ (၅၀၀၀) ကျော်သွားသည်ဟု သားကြီး က ပြောသည်။

အကြိမ်ကြိမ် ရိုက်နှိပ်တိုင်း သားကြီး က ကျွန်ုပ်အား ယူခဲ့ပေးသည်။ ကျွန်ုပ် စုစုပေါင်း ရွက်ရေ (၅၀)ကျော်ခန့် ရရှိ သည်။ ယခု ဆောင်းပါးနှင့်အတူ ပေးပို့ သည့် သူတော်စင်ဝိဇ္ဇာရုပ်ပုံတော်သည် ယခု တစ်ရွက်သာကျန်၍ သိမ်းဆည်း ထားသည်။

သူတော်စင် ဝိဇ္ဇာအကြောင်းကို ရှင်းလင်းတင်ပြလိုသဖြင့် ဆောင်းပါးနှင့် အတူ ပေးပို့လိုက်ခြင်း ဖြစ်သည်။ ဤ ရုပ်ပုံတော်သည် ရှားပါးပုံတော်ဖြစ်၍ မဂ္ဂဇင်းတွင် ပုံကြီးဖြင့် ရိုက်နှိပ်ဖော်ပြ လျှင် သိပ်ကောင်းမှာပဲဟု ဆန္ဒဖြစ်ပေါ် လျက် ရှိသည်။

ကျွန်ုပ်သည် ဝိဇ္ဇာလမ်းစဉ် လိုက်စား သူဖြစ်သဖြင့် သူတော်စင်ဝိဇ္ဇာပုံတော် ကို မှန်ပေါင်သွင်း၍ ကျွန်ုပ်၏ အိမ် ဓာတ်ခန်းတွင် ပူဇော်ထားသည်။ ကျွန်ုပ် သည် သူတော်စင်ဝိဇ္ဇာရုပ်ပုံတော်ကို ပူဇော်ချင်သူများအား မေတ္တာ လက်ဆောင်အဖြစ် ပေးအပ်သည်။

ထိုနည်းတူစွာ သူတော်စင်ဝိဇ္ဇာ ရုပ်ပုံတော် ရရှိသူတိုင်းကလည်း ပူဇော် လိုသူများအား မေတ္တာဖြင့် ဝေငှကြ သည်။ ယင်းရုပ်ပုံတော်များသည် ရန်ကုန်၊ မန္တလေး၊ ပဲခူး၊ ပြည်၊ နေပြည်တော် ပျဉ်းမနား၊ မော်လမြိုင် စသည် မြို့နယ်ဒေသအနှံ့ ပျံ့နှံ့သွား လေသည်။

ယင်း စာပေဌာနကြီးတွင် အလုပ် လုပ်သော ရန်ကုန် ပုဇွန်တောင်မှ ဦးစိန်သန်းသည် သူတို့ ပုဇွန်တောင်၌ အကြားအမြင် ရသည်ဆိုသော ပုဂ္ဂိုလ် အား သူတော်စင်ဝိဇ္ဇာ ရုပ်ပုံတော်ကို ပြပြီး ရုပ်ပုံတစ်ဦးစီ၏ ဘွဲ့အမည်ကို ဖော်ထုတ်ခိုင်းသည်။

အကြားအမြင် ဆရာကြီးက အတန်း (၄)တန်းမှ ရုပ်ပုံထင်ရှားသည့် သူတော်စင်ဝိဇ္ဇာ ပုဂ္ဂိုလ်တို့၏ ဘွဲ့ အမည်ကို ရေးပေးသည်။

ကျွန်ုပ်တို့ကလည်း ပုံတော်နှင့် ဘွဲ့ အမည်ကို အားလုံး မသိသော်လည်း အချို့ သိသော ပုံတော်နှင့် ဘွဲ့အမည် ကို တိုက်ဆိုင်ကြည့်ရာ ကျွန်ုပ်တို့ မြင်တွေ့သိရှိခဲ့ဖူးသော ပုဂ္ဂိုလ်တို့နှင့် အမည် ကိုက်ညီနေသဖြင့် ကျွန်ုပ်တို့ အတည်ပြုပြီး အချို့ရုပ်ပုံတော် စာရွက် တွင် ပုံနှိပ်စာလုံးဖြင့် ရိုက်နှိပ်၍ ကပ်ထား သည်။



www.burmeseclassic.com

www.burmeseclassic.com

### သူတော်စင်ဝိဇ္ဇာကြီး၏ အမည်များ

**ပထမတန်း(ဝိဇ္ဇာ)**

(၁) အောင်တော်မူ ဆရာထယ်၊
(၂) ဆရာဝင်းကြီး။
(၃) ဆရာငြိမ်း။
(၄) ဘိုးတော်အေး။
(၅) ဘိုးတော်ပွင့်၊
(၆) ဘိုးမင်းခေါင်၊
(၇) ဗောဓိဆရာဆိုင် (ခေါ်) အဘိုးငယ်၊
(၈) ဘိုးဒေဝိန္ဒ။

**ဒုတိယတန်း(ဝိဇ္ဇာ)**

(၁) ဆရာကြီး ဦးဒေါင်း။
(၂) ဆရာ ဦးမုတ်ဆိတ်၊
(၃) ဆရာကြီး ဦးရဲသူ(ပညာတုရင်)၊
(၄) ဆရာတော် ဦးကောဝိဒ၊
(၅) ဆရာတော် ဦးအဂ္ဂဝံသ၊
(၆) ဆရာတော် ဦးဝိလာသ၊
(၇) ဆရာတော် ဦးပဏ္ဍိတ၊

**တတိယတန်း(ဝိဇ္ဇာ)**

(၁) ပထမ ငှက်တွင်းဆရာတော် ဦးအာသဖ၊
(၂) တောင်လေးလုံး လေးထပ်ကျောင်း ဆရာတော် ဦးစန္ဒောဘာသ၊
(၃) ဦးကုန္ဒြိယ၊
(၄) ပုပ္ပားဆရာတော် ဒေဝံတေမိစ၊
(၅) ဆရာတော် ဘိုးပေါက်ဆိန်၊
(၆) ရက်ကန်းစင်တောင် ဆရာတော် ဦးဩဘာသ၊
(၇) ရာကျော်ဆရာတော် (ခေါ်) ဦးသတ္တမ ဒေဝကိတ္တိ၊
(၈) ပညာစက္ကုဆရာတော်။

**စတုတ္ထတန်း(ဝိဇ္ဇာ)**

(၁) မေဃိယဆရာတော်(ဝိဇ္ဇာရေစုန္ဒ)
(၂) ဟားတမော့ဆရာတော်၊
(၃) ဟားမြိုက်ဆရာတော်၊
(၄) ဟားကာရာဆရာတော်၊
(၅) ဟားခနီဆရာတော်၊
(၆) ဟားမုံ့ဆရာတော်။

***(အမည်လွဲနေလျှင် ပြုပြင်ကြပါ။ စာရေးသူ)***

* * *

[ ၉ ]

ယင်း သူတော်စင်ဝိဇ္ဇာ ရုပ်ပုံတော်များ ရိုက်နှိပ်ဖြန့်ဝေပြီး၍ (၃,၄)လ အကြာတွင် စီးပွားရေးသမားများက ဓာတ်ပုံရိုက်၍ ပုံကြီးပုံသေး အရွယ် အမျိုးမျိုးကူးပြီး ဘုရားဈေးတွင် ရောင်းချကြသည်မှာ အများအပြားပင် မြင်တွေ့ရသည်။

မူလပုံတော်၏ အနောက်ဘက်၌ မထင်မရှား ဖြစ်နေသည့် နေရာကို ဉာဏ်ကြီးရှင်အချို့က နောက်ခံလိုဏ် ကြီးသဖွယ် ဖန်တီးရေးဆွဲပြီး ဓာတ်ပုံ ထပ်ရိုက်၍ ရောင်းချကြသည်ကိုလည်း မြင်တွေ့ရသည်။

အမှန်က **အကြားအမြင်ဆရာက ပြောသည်မှာ ရုပ်ပုံတော် အနောက်ဘက်နှင့် နံဘေးတို့၌ မထင်မရှား အပြောက်အကျား ဖြစ်နေသော အရာများသည် သူတော်စင်ဝိဇ္ဇာများ နေရာအနေအထား မကျမီ ဓာတ်ပုံဆရာက ဖျတ်ခနဲ ရိုက်လိုက်သဖြင့် ရုပ်ပုံတော်များ မထင်မရှား ဖြစ်သွားသည်ဟု ပြောပြသည်။**

**ထို့ပြင် အခြားတစ်ဖက်၌ ပထမ ဘိုးဘိုးအောင်နှင့် ဝိဇ္ဇာအရာအသား ရှိသေးသည်ဟုလည်း ဆိုပါသည်။**

ဤကား သူတော်စင်ဝိဇ္ဇာရုပ်ပုံတော် ဖြစ်ပေါ်လာပုံအကြောင်း ဝိဇ္ဇာရှင်းတမ်းပင် ဖြစ်ပါသတည်း။

***တွေးခေါ် ဆင်ခြင်နိုင်ကြပါစေကုန်။***

**စရဏ ဦးအောင်**

စာမူရှင်များသို့...

ပေးပို့သော
စာမူများကို
မူပွား
ထားကြပါရန်နှင့်
မရွေးချယ်ပါက
ပြန်လည်ပေးပို့ခြင်း
မပြုတတ်ပါကြောင်း
အသိ
ပေးအပ်ပါသည်။

လေးစားစွာဖြင့်...
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com




# ပရလောကမှ

မိတ်ဆွေများ

လွန်ခဲ့သော နှစ်(၆၀)ခန့် ဗဟိုသားဖွားဆေးရုံကြီးတွင် ဆရာမသင်တန်း တက်ရောက်ခဲ့စဉ်က အဖြစ်အပျက်လေးဖြစ်သည်။ နံနက်ပိုင်း သင်ခန်းစာများ သင်ယူပြီး နေ့လယ်ပိုင်းတွင် အဆောင်များတွင် လက်တွေ့လုပ်ကိုင်ကြရသည်။ သားဖွားဆောင်၊ ကလေးဆောင်း၊ ဖျားနာဆောင်များတွင် ဝင်ရောက်ကြရသည်။

နန်းရွှေရည်သည် ရှမ်းတိုင်းရင်းသူတစ်ဦးဖြစ်သည့် အားလျော်စွာ သန့်ပြန့်သော ရုပ်ရည်၊ ဖြူဝင်သော အသားအရေ တောင့်တင်းသော ကိုယ်နေဟန်ထားတို့ကြောင့် အထူးပုဂ္ဂိုလ်များ ထားသော သီးသန့်ခန်းတွင် တာဝန်ယူရသည်က များသည်။ အထူးခန်းတွင် လူတိုင်း သွားချင်တိုင်း သွား၍မရ။ ဆရာမကြီးများ ရွေးချယ်သူများသာ သွားရောက် ဆောင်ရွက်ပေးကြရသည်။

အထူးခန်းတွင် လူနာများပြီး ဆရာမနည်းသဖြင့် လက်မလည်အောင် ဆောင်ရွက်ပေးရသည်။ လူနာကို ပြုစုသော အလုပ်ဖြစ်သဖြင့် ဆီး,ဝမ်းက အစ အောက်ခြေသိမ်း လုပ်ကိုင်ပေးရသည်။ ရွံတတ်သူများ လုပ်၍ မရသော အလုပ်မျိုးဖြစ်သည်။

ညပိုင်း ရောက်သောအခါတွင်လည်း နိုက်ဂျူတီ ဝင်ကြရပြန်ပါသည်။ တစ်နေ့လယ်လုံး ပင်ပန်းထားသဖြင့်

www.burmeseclassic.com

လူတိုင်း အိပ်ပိုက်ကြသည်။ လူနာများ အိပ်ပျော်နေချိန်တွင် နန်းရွှေရည်တို့လည်း ခိုးမှေးရသည်။ ဆရာမကြီးများ လှည့်ပတ်စစ်ဆေးသည့်အခါ တွေ့သွားလျှင် အဆူခံထိတော့သည်။

သားဖွားဆောင်တွင် သားဖွားရင်း သေဆုံးသွားသူများ၊ သားဖွားပြီးနောက် သေဆုံးသွားသူများ ရှိခဲ့သည်။ နန်းရွှေရည်သည် မကြောက်တတ်။ သရဲခြောက်သည်ဟုပြောသော အခန်းသို့ သွား၍ စောင့်ကြည့်သည်။ သရဲမတွေ့ခဲ့ရ၊ သို့သော် သရဲစီးခြင်း ခံခဲ့ရဖူးသည်။ အခန်းတစ်ခန်းတွင် ဆရာမများ မေးအိပ်၍မရ၊ မေးအိပ်သည်နှင့် တစ်ပြိုင်နက် အမျိုးမျိုး ဖြစ်တော့သည်။

တစ်နေ့ ထိုအခန်းသို့ နန်းရွှေရည်နှင့် ဆရာမတစ်ဦး တာဝန်ကျသည်။ **နန်းရွှေရည် ထိုင်ခုံတွင် မှေးခနဲဖြစ်သွားခိုက် ဦးခေါင်းပေါ်သို့ တစ်ခုခုနှင့် ဖိထားသလို ခံစားလိုက်ရသည်။ ဦးခေါင်းအောက်သို့ ငိုက်ကျသွားသည်။ လှုပ်၍မရတော့။ အနားတွင် ရှိနေသော သူငယ်ချင်းကို အားကိုးတကြီးဖြင့် လှမ်းကြည့်လိုက်ကာမှ ပိုဆိုးသွားသည်။ ဇက်ကျိုးနေသော နန်းရွှေရည်ကိုကြည့်ပြီး ကြောက်ကြောက်ရွံ့ရွံ့နှင့် နောက်ဆုတ်နောက်ဆုတ် ဖြစ်နေသည်။**

နန်းရွှေရည် ဒေါကန်သွားသည်။ မိမိကိုယ်ခန္ဓာအား ကိုင်လှုပ်လိုက်လျှင် ဖိစီးထားခြင်းမှ လွတ်သွားမည်ကို သိနေသော်လည်း ဘယ်လိုမှ ပြောမရ၊ မိမိက ပြူးပြလေ သူက နောက်ဆုတ်လေ ဖြစ်နေသည်။ နောက်ဆုံး ဒေါကန်ကန်နှင့် အတင်းရုန်းကန်လိုက်တော့မှ လှုပ်၍ရသွားတော့သည်။ နန်းရွှေရည် လှုပ်၍ ရသည်နှင့်...

'ဗိဆွေ နင်ဘာဖြစ်လို့ ငါ့ကို ကိုင်မလှုပ်ပေး



တာလဲ၊ ငါ ဒီလောက် မျက်လုံးပြူးပြနေတာ နင် မတွေ့ဘူးလား'

'တွေ့ပါတယ် အစ်မရဲ့၊ အစ်မ ဘာဖြစ်နေမှန်း မသိတာနဲ့ ကျွန်မလဲ ကြောက်လန့်ပြီး ဘာလုပ်ရမှန်းမသိ ဖြစ်နေတာ'

'အေး နောက်တစ်ခါ ဒီလို ဖြစ်နေတာမျိုးတွေ့ရင် ကိုင်လှုပ်ပေးလိုက်၊ ချက်ချင်း ပျောက်သွားမယ်'

'ဟုတ်ကဲ့ပါ အစ်မ'

နန်းရွှေရည် တစ်စုံတစ်ခုကို သတိထားခဲ့မိလေသည်။ ပစ္စည်းများထားသော အခန်းဘက်မှ **ဖြူဖြူအရိပ်သဏ္ဌာန်တစ်ခု တွေ့လိုက်ရလျှင် မကြာမီ တစ်ဦးသေဆုံးကြောင်း ကြားရတော့သည်။**

တိုက်ဆိုင်မှုဟု ယူဆခဲ့သော်လည်း တစ်ခါ,နှစ်ခါမဟုတ် သုံး,လေးခါဆိုတော့ အတိတ်နိမိတ် ပြနေခြင်းကို လက်ခံလိုက်ရတော့သည်။ ကြာသောအခါ မမြင်ရသော ဝိညာဉ်များကို အဖော်ပြုတတ်လာသည်။

ဂျူတီကျသော တစ်ညတွင် အရမ်းအိပ်ငိုက်လာသဖြင့်...

'ငါ ခဏအိပ်လိုက်ဦးမယ်၊ ဆရာမကြီး လှည့်လာရင် ငါ့ကို နှိုးနော်'

ဟု စိတ်ထဲမှ မှာကြားလိုက်ပြီး စိတ်ချလက်ချ စားပွဲပေါ် ခေါင်းတင်၍ မှေးအိပ်လိုက်သည်။ မည်မျှ ကြာသွားသည်မသိ...

'ဆရာမ ဆရာမ ဆရာမကြီး လာနေတယ်'

ဟူသော အသံနှင့်အတူ မိမိအား လူတစ်ဦးတစ်ယောက်မှ ကိုင်လှုပ်နေသလို ခံစားလိုက်ရသဖြင့် လန့်နိုးသွားသည်။ **အနားတွင် တစ်ယောက်မျှမရှိ။** သို့သော် မကြာမီ တာဝန်ကျသော ဆရာမကြီး ရောက်လာလေတော့သည်။

ဝိညာဉ်များသည် တစ်ခါတစ်ရံ အယောင်ဆောင် တတ်ကြပြန်သည်။ တစ်ခါကလည်း ညဘက် ဂျူတီကျစဉ် မှေးခနဲ အိပ်ပျော်သွားစဉ် ရုတ်တရက် လန့်နိုးလာ၍ ကြည့်လိုက်ရာ မိမိကို ခါးထောက်ကြည့်နေသော စစ်စတာ ဒေါ်တင်တင်စိန်ကို တွေ့လိုက်ရသဖြင့် ကမန်းကတန်းထပြီး အိမ်သာဘက်သို့ ပြေးခဲ့မိလေသည်။ နံနက်ရောက်သော အခါ...

'လုလုရေ ညက ငါ အိပ်နေတာ စစ်စတာ ဒေါ်တင်တင်စိန် တွေ့သွားတယ်၊ ငါတော့ အဆူခံထိတော့မှာပဲ'

**'မနေ့ကလဲ ညက ဂျူတီလှည့်လာတာ စစ်စတာ ဒေါ်တင်တင်စိန် မဟုတ်ဘဲ ပါဘူး ဆုံးနေပြီ မမရဲ့'**

'ဟင်'

မိမိ သိလိုက်ပါပြီ။ သူတို့လက်ချက်ကိုး။

ဩော် အသက်ခန္ဓာ ချုပ်ငြိမ်းပြီး ဝိညာဉ်ဘဝသို့ ရောက်သွားကြသော်လည်း အမြဲတစေ မြင်တွေ့နေရသော မိမိတို့ကို ခင်မင်ရင်းနှီးနေသည့် ပရလောကမှ မိတ်ဆွေများပါကလား။

**ဇေယျကျော်(မြောက်ဒဂုံ)**



www.burmeseclassic.com

www.burmeseclassic.com



[ ၁ ]

**ခရစ်နှစ် ၂၀၀၀ပြည့်နှစ်တွင် ကသာမြို့အထက(၁)ကျောင်းသားဟောင်းများမှ ဆရာ၊ ဆရာမများကို ပူဇော်ကန်တော့ကြရာ** မြန်မာပြည် အရပ်ရပ်မှ ပင်စင်စားဆရာကြီး၊ ဆရာမကြီးများအား ပင့်ဖိတ်၍ အာစရိယ ပူဇော်ပွဲကြီး ကျင်းပ ပြုလုပ်ခဲ့ပါသည်။

ထိုအခါတွင် **ရန်ကုန်မြို့မှ ရောက် ရှိလာသော ပင်စင်စား ဆရာကြီး တစ်ဦးမှ** စာရေးသူအား လွန်စွာ စိတ်ဝင်စား ဖွယ်ကောင်းလှသည့်သူကိုယ်တိုင် ကြုံတွေ့ခဲ့ရသော ပရလောကသား တစ်ဦး၏ အကြောင်းကို ပြောပြခဲ့ပါသည်။

ထိုပင်စင်စား ဆရာကြီး

ကိုကိုခန့်မြှော(ကသာမြေ)

# ကျွန်ုပ်နှင့်မယ်တစ်တောင်

ပြောပြသွားသော အကြောင်းအရာများကို စာရေးသူအနေနှင့် တစ်ဆင့် ပြန်လည် ဖောက်သည်ချရသည့်ထက် မူရင်းအတိုင်းက ပိုမို သင့်မြတ်လိမ့်မည်ဟု ထင်မြင်ယူဆမိပါသောကြောင့် ပင်စင်စား ဆရာကြီး၏လေသံဖြင့်ပင် အောက်ပါအတိုင်း ရေးသား တင်ပြလိုက်ရပေသတည်း။

[ ၂ ]

ကျွန်ုပ်၏ **အမည်မှာ ဦးဖေခင်ဟူ၍** ဖြစ်ပြီး အထက်တန်းပြကျောင်းဆရာ တစ်ဦး ဖြစ်သောကြောင့် လူအများက ကျွန်ုပ်အား ဆရာဦးဖေခင်ဟု ခေါ်ဝေါ်ကြပါသည်။

ကျွန်ုပ်သည် **ကသာမြို့ပေါ်ရှိ** အထက်တန်းကျောင်းကြီးတစ်ကျောင်းသို့ တာဝန်အရ ပြောင်းရွှေ့လာခဲ့ရသည် ဖြစ်ရာ ကျွန်ုပ်၏ မိသားစုမှာမူ ကျွန်ုပ်နှင့်အတူ လိုက်ပါလာခြင်း မရှိဘဲ ကျွန်ုပ်တစ်ဦးတည်းသာလျှင် တာဝန်ကျသော အထက်တန်းကျောင်းဝင်း အတွင်းရှိ တန်းလျားလေး၌ လွတ်လပ်စွာ နေထိုင်ခဲ့ပါသည်။

တန်းလျား၌ အခန်းသုံးခန်းရှိပြီး ညာဘက်အစွန်ခန်းတွင် ကျောင်းစောင့်ကြီး ဦးအောင်ချွန် (ယခု ကွယ်လွန်) နေထိုင်၍ အလယ်ခန်းတွင် ကျွန်ုပ်နေထိုင်ပြီး ဘယ်ဘက်အစွန်ခန်းတွင် ကျောင်းစာရေး ဦးဗိုမြင့်တို့လင်မယား နေထိုင်ကြပါသည်။

ကျွန်ုပ် ရောက်ခါစတွင် ကျောင်းစောင့်ကြီး ဦးအောင်ချွန်မှ...

'ဆရာ ကြောက်တတ်သလား'

**'မကြောက်တတ်ပါဘူး၊ ဘာဖြစ်လို့လဲ'**

'ဆရာနေတဲ့ အလယ်ခန်းမှာ မယ်တစ်တောင်ရှိတယ် ဆရာရဲ့'

'ဘာလဲဗျ မယ်တစ်တောင်ဆိုတာ'

'မယ်တစ်တောင် ဆိုတာ အရပ်က တစ်တောင် လောက်ပဲရှိတဲ့ ပိန်းကလေးပေါ့ဆရာ၊ ဆံပင်လေးကလဲ ရွှေရောင်ဆံပင်လေးနဲ့ အသားလေးကလဲ ဝါဝင်းလို့၊ မိန်းနဲ့လေးကို



www.burmeseclassic.com

www.burmeseclassic.com

ဝတ်ထားပြန်တော့ ကလေးတွေဆော့တဲ့ အရုပ်ကလေး အတိုင်းပဲပေါ့ဗျာ'

'သူက ဘာလဲ'

'နာနာဘာဝ ဖြစ်မှာပေါ့ ဆရာရယ်'

'ခင်ဗျားကိုယ်တိုင် မြင်ဖူးတာလား။ ဒါမှမဟုတ် သူများပြောတာကြားဖူးတာလား'

'**ကိုယ်တိုင် မြင်ဖူးတာပါ။** ဒါပေမယ့် တစ်ခါတည်းပဲမြင်ဖူးတယ်။ဆရာတော်ကြီးတစ်ပါးက ခင်ဗျားရဲ့ ကံဇာတာ ဒီနှစ်ထဲမှာ အတော်ကို ညံ့နေတယ်လို့ ဟောထားတဲ့နှစ်မှာ မြင်လိုက်ရတာပါပဲ'

ကျွန်ုပ်သည် နာနာဘာဝ၊ ပရလောကတို့ ဆိုသည်ကို ယုံသည်လည်း မဟုတ်၊ မယုံသည်လည်း မဟုတ်သော ကြားနေဝါဒသမားတစ်ဦး ဖြစ်ပါသည်။ သို့သော် ကျွန်ုပ်သည် ယနေ့အချိန်ထိ ဝိညာဉ်လောကသားများနှင့် တစ်ကြိမ်တစ်ခါမျှ ကြုံတွေ့ဖူးခြင်း မရှိသေးပါ။

ဤသို့ဖြင့်ပင် ကျောင်းစောင့်ကြီး ဦးအောင်ချွန် ပြောပြသော မယ်တစ်တောင်ကို ကျွန်ုပ်သည် စိတ်ထဲမှာ အမှတ်မထားဘဲ နေထိုင်လာခဲ့သည်မှာ လေးနှစ်ကျော်၍ ငါးနှစ်အတွင်းသို့ပင် ချင်းနင်းဝင်ရောက်ခဲ့ပြီ ဖြစ်ပါသည်။

ကျွန်ုပ်သည် အရက်ကို အစွဲကြီး မဟုတ်သော်ငြားလည်း ရံဖန်ရံခါ၌ အပျင်းပြေသဘောမျိုးသောက်သုံးတတ်ပါသည်။ ထိုနေ့က **[ကျွန်ုပ်၏ဒိုင်ယာရီထဲတွင် မှတ်သားထားသော နေ့စွဲမှာ (၁၃၈၅၁၉၈၇၂)]** ဖြစ်ပါသည်။

ကျွန်ုပ်သည် ကျောင်းဆင်းပြီးသည်နှင့် အရက်သောက်လိုသည့်စိတ်များ ပေါ်ပေါက်လာသောကြောင့် ရောဝတီမြစ်ကမ်းနံဘေးတွင် ဖွင့်လှစ်ထားသော အရက်ဆိုင်ကြီးတစ်ဆိုင်တွင် အရက်ဖြူတစ်ပိုင်းမှာပြီး အမဲခြောက်ဖုတ်ကို အမြည်းလုပ်ကာ တစိမ့်စိမ့် သောက်နေမိပါသည်။

မှောင်စပျိုးသော အချိန်ရောက်မှပင် အရက်သောက်ခြင်းကို လက်စသတ်ပြီး ကျွန်ုပ် နေထိုင်ရာ တန်းလျားသို့ ပြန်ခဲ့လေသည်။

ကျွန်ုပ် ပြန်လာချိန်၌ ကျောင်းစာရေး ဦးမိုးမြိုင်တို့ လင်မယား အခန်းမှာ သော့ခတ်ထားသည်ကို တွေ့ရ၏။



ကျောင်းစောင့်ကြီး ဦးအောင်ချွန်မှာမူ ကျွန်ုပ် ကျောင်းဝင်းထဲသို့ ဝင်လာကတည်းက ကျောင်းကြီးအပေါ် ထပ်ဝရန်တာတွင် လမ်းလျှောက်၍နေလေသည်။

ဦးအောင်ချွန်၏ဇနီး ဒေါ်ရန်မှာ နောက်တစ်နေ့ ကျောင်းဈေးရောင်းရန်အတွက် ကျွန်ုပ်၏ အခန်းကို ကျောပေးပြီး နေကြာစေ့ လှော်နေ၏။

ကျွန်ုပ်လည်း...

အရက်ဖြူတစ်ပိုင်း၏ အာနိသင်ကြောင့်ခေါင်းထဲတွင် ရီဝေဝေဖြစ်လျက်ရှိနေသည်။ ကျွန်ုပ်၏ အခန်းရှေ့သို့ အရောက်တွင် အခန်းကို သော့ဖွင့်ရန်အတွက် အိတ်ထောင်ထဲမှ သော့ကို နှိုက်ပြီး လှေကားထစ်ကို တက်မည်အပြုတွင် ဒုတိယလှေကားထစ်အလယ်တည့်တည့်၌ ကျောင်းစောင့်ကြီး ဦးအောင်ချွန် ပြောပြခဲ့ဖူးသော မယ်တစ်တောင်လေး ကျကျနနထိုင်၍ နေသည်ကို မြင်တွေ့လိုက်ရပါတော့သည်။ **(ကျွန်ုပ်တို့ တန်းလျားမှ အခန်းများမှာ လှေကား သုံးတစ်စီသာ ရှိပါသည်။)**

ဦးအောင်ချွန် ပြောပြခဲ့သည့်အတိုင်း...

**ရွှေရောင်ထုံးပင်နှင့် အသားအရေ ကဝင်းဝင်းပြည့်ပြီး ဂါဝန် အစွတ်အစွတ် ဖြူလေးကို ဝတ်ဆင်ထားလေသည်။**

**မျက်နှာမှာမူ လက်သီးဆုပ်ခန့်သာ ရှိသည်။**

ကျွန်ုပ်လည်း ကြက်သေသေပြီး မယ်တစ်တောင်လေးကို ပြူးကြောင်ကြောင်နှင့် ကြည့်နေမိရာ... 'ဘာကြည့်နေတာလဲ ကျော်ပြီး တက်သွားပါတော့လား' ဟူသော လွန်စွာမှ ကြောင်စီစီနိုင်လှသည့် အသံလေးကိုပါ ကြားလိုက်ရလေသည်။**(မယ်တစ်တောင်၏ ကြောင်စီစီ အသံလေးမှာ ကက်ဆက် တိပ်ခွေများ အသံသွင်းသည့်အခါ၌ ထွက်ပေါ်တတ်သည့် အသံမျိုးနှင့် အနီးစပ်ဆုံး ဆင်တူပါသည်။)**

ကျွန်ုပ်လည်း ထိုအခါကျမှပင် ပထမလှေကားထစ်ပေါ်သို့လှမ်း၍တက်လိုက်လေသည်။ ပထမ လှေကားထစ်ပေါ်သို့ ကျွန်ုပ် ခြေချလိုက်သည်နှင့် တစ်ပြိုင်နက် ကျကျနနထိုင်နေသော မယ်တစ်တောင်လေးမှာ ရုတ်ခြည်းပျောက်ကွယ်သွားပါတော့သည်။

ကျွန်ုပ် ကြုံတွေ့နေရသည့် အဖြစ်အပျက်ကို ကျောပေး၍ နေကြာစေ့လှော်နေသော ဒေါ်ရန်တစ်ယောက် လုံးဝ မသိရှိလိုက်ရဟု နောင်အခါတွင် သိရပါသည်။

ကျွန်ုပ်အနေဖြင့်...

ပရလောကသားဟူ၍ ဤတစ်ကြိမ်သာ တွေ့ခဲ့ဖူးပါသည်။

ကျောင်းစောင့်ကြီး ဦးအောင်ချွန်မှာ မယ်တစ်တောင်ကို မြင်ရုံမျှသာ မြင်ဖူးလိုက်သည်။ ကျွန်ုပ်မှာမူကား မြင်ရုံမျှသာမကဘဲ အသံကိုပါ ကြားဖူးလိုက်သည်။ ထို့ကြောင့် ထိုနေ့ကို ကျွန်ုပ်၏ ဒိုင်ယာရီ စာအုပ်ထဲတွင် အသေအချာ မှတ်သား ထားလိုက်ပါတော့သတည်း။

ကိုကိုခန့်ချော

*(ကသာမြေ)*



www.burmeseclassic.com

www.burmeseclassic.com

မောင်ငြိမ်းဩ
(စီးပွားရေး)

# သူကကလေးလား ရိုးတာပါ



ဤအဖြစ်အပျက် ဖြစ်ပျက်ခဲ့သည်မှာ အချိန်ကာလအားဖြင့် နှစ် (၅၀)နီးပါး ရှိပြီ။ ဖြစ်ရာဒေသကား ရန်ကုန်မြို့။ ထိုစဉ်က ရန်ကုန်မြို့တွင် Taxiအငှား သုံးဘီးကားငယ်လေးများ ပြေးဆွဲနေချိန် ဖြစ်သည်။

ဟမ်ဘီး (HUMBEE)ခေါ် သုံးဘီး ကားလေးများတွင် ဒရိုင်ဘာက ရှေ့ ထိုင်ခုံတွင် ထိုင်၍ မောင်းရပြီး ငှားရမ်းသူများက ဒရိုင်ဘာနောက်ကျောရှိ နောက်တွဲတွင် ဘေးနှစ်တန်း၌ မျက်နှာချင်းဆိုင် ထိုင်ရသည်။ ယနေ့ ခေတ်နယ်များတွင် ခေတ်စားနေသော ထော်လာဂျီနှင့် ဆင်ဆင်တူသည်။

ထိုစဉ်က သုံးဘီးကားများတွင် မီတာ များ တပ်ဆင်ထားသည်။ ကားစ,ထွက် သည်နှင့် မီတာမှ ဒလက်လေးကို ဘယ်ဘက်သို့ ချိုးလိုက်ရသည်။ ထိုအခါ မီတာဒိုင်ခွက်တွင် ပြား(၅၀) စတင်ပေါ် ပါသည်။ ထို့နောက် ခရီးမိုင် အကွာ အဝေးအလိုက် မီတာက(၆၀၊ ၇၀၊ ၈၀) စသဖြင့် (၁၀)ပြားစီ တက်သွားသည်။ မိမိသွားလိုသည့် ခရီးသို့ရောက် လျှင် မီတာတွင်ပေါ်နေသည့် ကျသင့် ငွေကို ပေးချေလိုက်ရုံသာ ဖြစ်သည်။

ယနေ့ခေတ်ကဲ့သို့ ဘယ်သွားမည်၊ ဘယ်လောက်ထားပါ စသဖြင့် အငှား ယာဉ်မောင်းနှင့် ဈေးညှိနေစရာမလို။

ထို့ကြောင့်Taxi ကား ငှားစီးရသည် မှာ အလွန်သက်သာလွယ်ကူသည်။ ဈေးပိုယူ၍လည်းမရ။ မီတာက ပြနေ ပြီးသား။



www.burmeseclassic.com

www.burmeseclassic.com

ဩော်...ထိုစဉ်က မုန့်ဟင်းခါးတစ်ပွဲမှ(၁၅)ပြား အကြော်တစ်ခုနှင့် စားလျှင် (၂၅)ပြား လက်ဖက်ရည်တစ်ခွက်မှ တစ်မတ် လူတစ်ယောက် ထမင်းလပေး စားလျှင် (၃၅)ကျပ်၊ (၄၀)ကျပ်။

(ဤကားစကားချပ်)

ကိုအောင်ဝင်းတစ်ယောက် သုံးဘီးအငှားကားမောင်းနေသည်မှာ (၂)နှစ်ကျော် (၃)နှစ်နီးပါးရှိပြီ။ ယခုလည်း ကားပြန်မသိမ်းမီ တစ်ခေါက်တော့ ဆွဲလိုက်ဦးမည်ဟူသော အတွေးဖြင့် သမ္မတရုပ်ရှင်ရုံတွင် ပြသနေသော ည (၉း၃၀)နာရီပွဲ ရုပ်ရှင်ကားအပြီးကို လာစောင့်နေခဲ့သည်။

သမ္မတရုံတွင် ထိုစဉ်က နာမည်ကြီး အင်္ဂလိပ်ကားများကိုသာ ရုံတင်ပြသနေချိန်ဖြစ်သည်။ ရုပ်ရှင်များမှာလည်း ပေအတော်ရှည်သည်။ ပေ (၁၁၀၀၀, ၁၂၀၀၀)ရှိသည်။

တစ်ခါတစ်ရံ နာမည်ကြီးရုပ်ရှင်ကားကြီးများဆိုလျှင် ပေ(၁၃၅၀၀)ကျော်အထိရှိရာ ခါးညောင်းအောင် ကြည့်ကြရသည်။ ရုပ်ရှင်မပြမီ အစမ်းကားများကိုလည်း ပြသလေ့ရှိရာ ရုပ်ရှင်ပြချိန်သည် (၂)နာရီကျော် (၃)နာရီမျှ ကြာလေ့ရှိသည်။

ထိုစဉ်က ရန်ကုန်မြို့ထဲမှ ရုပ်ရှင်ကို အေးအေးလူလူ ကြည့်လိုသူများက ည(၉း၃၀)နာရီပွဲကို အကြည့်များကြသည်။ လူချောင်သောကြောင့် ဖြစ်သည်။ အကြောင်းမှာ ရန်ကုန်အစပ်ရှိ သာကေတ၊ မြောက်ဥက္ကလာ၊ တောင်ဥက္ကလာ၊ စမ်းချောင်း။ ကြည့်မြင်တိုင်လိုနေရာက လူများပင် ည (၉း၃၀)ပွဲကို ကြည့်လေ့ကြည့်ထမရှိလှ။ အကြောင်းမှာ ရုပ်ရှင်ပြီးချိန် ည (၁၁း၃၀)ကျော်လျှင် ဘတ်(စ်)ကားများ ကျဲသွားပြီး ကားရှားသဖြင့် အပြန်ခရီးခက်သည်။



(၉း၃၀)ပွဲ ဇာတ်ကားကို ကြည့်လျှင် တက္ကစီငှားပြန်မှသာ အဆင်ပြေသည်။

ထို့ကြောင့် ကိုအောင်ဝင်းက သမ္မတရုံ၏ (၉း၃၀)နာရီပွဲ ဇာတ်ကားအပြီးကို ဂိတ်ထိုး၍ စောင့်နေခဲ့ခြင်း ဖြစ်သည်။ ကျိန်းသေပေါက် အငှားလိုက်ရမည် မဟုတ်ပါလား။ အခန့်သင့်လျှင် သူ့အိမ်ရှိရာ ခြောက်ထပ်ကြီးဘုရားဘက်သို့ ခရီးသည်ရတတ်၏။

BURMESE CLASSIC .com

ယခုပြနေသော ဇာတ်ကားကလည်း နာမည်ကြီးကားဖြစ်သည့် "55Days at Peking" ဖြစ်သည်။ မင်းသားကလည်း ထိုစဉ်က နာမည်ကြီးလှသည့် Peter O'Tool ဖြစ်သည်။

ကိုအောင်ဝင်းက လက်ဖက်ရည် လက်ကျန်ကို မော့သောက်လိုက်ပြီး၊ လက်ပတ်နာရီကို ကြည့်လိုက်သည်။ ည (၁၁း၃၀)နာရီရှိပြီ။ မကြာမီ ရုပ်ရှင်လွှတ်တော့မည်။

လက်ဖက်ရည်ဆိုင်မှ ထွက်ကာ သူမောင်းသည့် သုံးဘီးကားလေးဆီသို့ လျှောက်သွားသည်။ ကားအမိုးကိုမိုကာ ခရီးသည်အလာကို စောင့်ရင်း၊ ရုပ်ရှင်ရုံဝသို့ မျှော်ကြည့်နေမိသည်။

ဟော...ရုပ်ရှင်ပြီးကြောင်း ဘဲလ်မြည်သံကလင်ကလင်ကိုကြားရသည်။

ရုပ်ရှင်ရုံအတွင်းမှ လူတွေ စုပြုံ... ထွက်လာကြသည်။ ကိုအောင်... လည်း သူ့ကားငှားမည့်သူကို ... တောင်းမျှော် လိုက်ကြည့်နေသ... သူ့ တစ်ဖက်သို့ ဟိုဟိုဒီဒီ ကြည့်နေ... သူ့ကားပေါ်မှ အသံ ထွက်လာသ...

'ကားဆရာ သွားမယ်'

'ဩော်...ဟုတ်ကဲ့'

ဟုဆိုကာ ကိုအောင်ဝင်း... ဒရိုင်ဘာထိုင်ခုံတွင် ဝင်ထိုင်လို... သည်။ ကားစက်နှိုးကာ မီတာဒလ... ကို ချိုးလိုက်သည့် နောက်သို့ ငုံ့စော... ၍ ကြည့်လိုက်သောအခါ အမျိုးသ... ငယ်နှစ်ဦး မျက်နှာချင်းဆိုင်ထိုင်နေ... သည်ကို သတိပြုမိသည်။

အသက်(၂၀)ကျော်ဝန်းကျင် ရှိမည် ဟု ခန့်မှန်းမိသည်။ ဝတ်ကောင်းစားလှ... နှင့် ဖြစ်သည်။ ကားအမိုးအောက် မှောင်ရိပ်ကျနေသဖြင့် မျက်နှာများကို မမြင်နိုင်။

ကားကို လမ်းမပေါ်သို့ မောင်းနေ... ရင်းမှ အသံမတိုးမကျယ်ဖြင့် တလေးတစား လှမ်းမေးလိုက်သည်။

'အမလေးတို့ ဘယ်သွားကြမှာလဲ'

'ဩော် ကန်တော်ကြီးစောင်း ဗဟန်း(၃)လမ်းနားကို မောင်းပေးပါ'

မိန်းကလေးတစ်ဦး ပြန်ဖြေလိုက်သံမှာ ချိုချိုလွင်လွင်ရှိလှ၏။ ကိုအောင်ဝင်းက သူ့သုံးဘီးကားလေးကို ဘုရားလမ်းဘက်သို့ ဦးတည်လိုက်သည်။ ညာကွေ့ တိရစ္ဆာန်ရုံဝင်ပေါက်နား ရောက်တော့ ဘယ်ပြန်ချိုးဖြင့် မှန်မှန် မောင်းလာသည်။

ညဘက်ဖြစ်၍ ကားအသွားအလာ ရှင်းသည်။ လမ်းမီးရောင် မှိန်ပျပျ... သည်။ ညဘက် လေနုအေး... က တသုန်သုန် သွေးနေသည်။ ကိုအောင်ဝင်းက အမှတ်မထင် လေလေးချွန်





www.burmeseclassic.com

www.burmeseclassic.com



ရင်း မောင်းလာနေ၏။

သို့သော် စိတ်ထဲကမူ ခရီးဘာမျှ မဝေးတော့ တွက်ခြေမကိုက် စောင့်ရ ကျိုးမနပ်ဟု တွေးတောနေမိသည်။ ဒါပေမယ့် ကော်ပါသေးရဲ့ အိမ်အပြန် လမ်းပေါ်မှာပင် ဖြစ်နေလို့ ခါတ်ဆီဖိုး မကုန်။

နောက်ဘက်မှ မိန်းကလေး နှစ်ယောက်ကလည်း နှုတ်ဆိတ်လှ သည်။ မိန်းကလေးတို့သဘာဝ အိမ် အကြောင်း၊ ယောက်ျားလေးတွေ အကြောင်း သောင်းပြောင်းထွေလာ ပြောခြင်း မရှိ။ ကြည့်ခဲ့သော ရုပ်ရှင် အကြောင်းကိုပင် စားမြုံ့ပြန်ခြင်းမရှိ။ တိတ်ဆိတ်လွန်းလှသည်။ အိပ်ငိုက်နေ ကြပြီလားမသိ။

မကြာမီ ဦးထောင်ဘိုကုန်းအဆင်း မှ အပိုင်းကို ပတ်လိုက်သည်။ ဗဟန်း(၃) လမ်းထိပ်ကို အနည်းငယ်ကျော်လာ သည်။

'ရှေ့နားက သစ်ပင်အောက်မှာ ရပ်ပေးပါ'

နောက်မှ ပြောသံကြားရသဖြင့် ကိုအောင်ဝင်းက သူ့ကားလေးကို ကုက္ကိုပင်ကြီး တစ်ပင်အောက်တွင် ရပ်ပေးလိုက်သည်။ ကုက္ကိုပင်ကြီးများ တန်းစီပေါက်နေသဖြင့် ကားလမ်း ဘေးတစ်လျှောက် မှောင်ရိပ်တော့ လွှမ်းနေသည်။ ကားလေးရပ်သွား သည်နှင့် မိန်းကလေးတစ်ဦးက...

'ရော့...ကားခ ပြန်မအမ်းနဲ့တော့'

ကိုအောင်ဝင်းက လှမ်းပေးသည့် ငွေကို နောက်လှည့်မကြည့်ဘဲ လက်ပြန် လှမ်းယူလိုက်တော့သည်။ ကိုအောင်ဝင်း စိတ်ပျက်နေသည်။ တစ်ကျပ်ထက် ပိုရဖွယ်မရှိ။

မိန်းကလေးနှစ်ဦး ကားနောက်မြီး မှ ဆင်းသွားသဖြင့် ကားလေးငြိမ့်က နည်းဖြစ်သွားသည်နှင့် သူ့ကားလေး ကို မောင်းထွက်ခဲ့သည်။ သူ့အိမ်ရှိရာ (၆)ထပ်ကြီးဘုရား အလွန်သို့...

အိမ်ဝင်းထဲသို့ ကားထိုး၊ စက်ရပ်ပြီး မှ အမှတ်မထင်လက်ထဲတွင် ကိုင်ထား ခဲ့သော ကားခပေးငွေကို ကြည့်လိုက် မိသည်။

'အားပါး... တစ်ဆယ်တန်ကြီးများ ပါလား'

ကိုအောင်ဝင်း ပျော်သွားသည်။ မပျော်ခံနိုင်ရိုးလား, တစ်ကျပ်တန်ခရီး အတွက် မရစဘူး အရထူးကာ ဆယ်ဆ ရခဲ့ပြီကိုး။ ပြီးတော့ အသစ်ကျပ် ချွတ်ကလေး။

'အင်း စုဘူးထဲထည့်ပြီး စုထား လိုက်ဦးမယ်လေ။ မိန်းမ မီးဖွားစရိတ် ပေါ့'

'သူတော်ကောင်းမလေးတွေ ကျန်းမာ ကြပါစေ၊ ချမ်းသာကြပါစေ'

ကိုအောင်ဝင်း နှုတ်မှထွက်၍ပင် ဆုတောင်းပေးမိသည်။

* * *

ဒီနေ့ သမ္မတရုံတွင် ရုပ်ရှင်ကားသစ် လဲသည်။ နာမည်ကြီး မင်းသားချော Tony Curtis ပါဝင်သည့် ကမ္ဘာကျော် ရုပ်ရှင်ကား Tony Curtis ရုပ်ရှင်ကား သစ်လဲချိန်ဆိုလျှင် ပရိသတ်များနေကျ (၄)ပွဲလုံး ရုံပြည့်ဖြစ်သည်။ တနင်္ဂနွေ နေ့ဆိုလျှင် နံနက်ပွဲ အပါအဝင် (၅)ပွဲ ပြရသည်။ မှောင်ခို လက်မှတ်ပင် ရှိတတ်သေးသည်။

ကိုအောင်ဝင်း သူ့ကားလေးကို မောင်း၍ သမ္မတရုံတွင် ဂိတ်ထိုးသည်။ သူ့ကားအမိုးကို မှီရပ်၍ လူရှာနေစဥ် မှာပင်။

'ကားဆရာ...သွားမယ်'

ဘယ်အချိန် ကားပေါ်ရောက် နေသည်မသိ။ ဒရိုင်ဘာထိုင်ခုံတွင် ဝင်ထိုင်လိုက်စဥ် တစ်ချက်ငဲ့စောင်း၍ ကြည့်လိုက်ရာ မိန်းကလေးနှစ်ဦးကို တွေ့ရသည်။ ကားနောက်ခန်းတွင် မျက်နှာချင်းဆိုင် ထိုင်နေသည်။ လှမ်း မေးလိုက်၏။

'ဘယ်မောင်းပေးရမလဲ...ညီမတို့'

'ဗဟန်း(၃)လမ်းထိပ်ကိုပါ'

ကိုအောင်ဝင်း မောင်းထွက်ခဲ့သည်။ နောက်ဘက်မှ စကားပြောသံ လုံးဝ မကြားရ။ (၃)လမ်းထိပ်ရောက်တော့ မှပင်။

'ရှေ့က သစ်ပင်အောက်မှာ ရပ်ပေး ပါ'

ကိုအောင်ဝင်း ကားကိုရပ်ပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com

သည်။

'ရော့…ပြန်မအမ်းနဲ့တော့'

ကိုအောင်ဝင်းက လှည့်မကြည့်ဘဲ လက်နောက်ပြန်လှမ်း၍ ကားခကိုယူလိုက်သည်။ မိန်းကလေးများ ကားပေါ်မှ ဆင်းသွားသည်။ အိမ်ရောက်၍ အင်္ကျီအိတ်ထဲမှ ပိုက်ဆံများကို ရေတွက်သောအခါ တစ်ဆယ်တန် အသစ်ကျပ်ချွတ်တစ်ရွက်ကို သတိပြုမိသည်။ နှုတ်မှ ရေရွတ်လိုက်သည်။

'ဪ…ဒါ အရင်တစ်ခါ ငါ့ကားကို ငှားစီးတဲ့ မိန်းကလေးတွေပဲ ဖြစ်မယ် ထင်ပါရဲ့'

ဘယ်လိုပင်ဖြစ်စေ ကိုအောင်ဝင်း ပျော်ရသည်။ ''ကျန်းမာ၊ ချမ်းသာပါစေ''ဟု ဆုတောင်းပေးလိုက်သည်။

ဤသို့ဖြင့် နှစ်ပတ်တစ်ကြိမ် ဆယ်ရက်တစ်ကြိမ် ဆိုသကဲ့သို့ ကိုအောင်ဝင်း သမ္မတရုံတွင် ဂိတ်ထိုးသည့်အခါတိုင်း မိန်းကလေးနှစ်ယောက်က သူ့ကားကို ငှားစီးနေကျ။

ပြီးလျှင် ဗဟန်း(၃)လမ်းသို့ မောင်းနိုင်းပြီး ကားခအဖြစ် တစ်ဆယ်တန် တစ်ရွက်ပေးနေကျ။ (၄/၅)ကြိမ်မျှဖြစ်လာခဲ့သည်။

ဤသောကြာနေ့တွင်လည်းသမ္မတရုံတွင် ကားသစ်လဲသည်။ ဆုတွေအများကြီးရထားသော Cleopatra ဇာတ်ကား။ မင်းသားကြီး Richard Burton နှင့် ကမ္ဘာကျော်မင်းသမီး Sophia Lawrenceတို့ ပါဝင် သရုပ်ဆောင်ထားသည်။

ကိုအောင်ဝင်း သူ့သုံးဘီးကားလေးကို သမ္မတရုံတွင် ဂိတ်ထိုးပြီး၊ ည (၉း၃၀)ပွဲအပြီးကို စောင့်နေသည်။ ရုပ်ရှင်က ပေ အတော်ရှည်သည်။ (၁၃၅၀၀)ကျော်၏။ (၁၂း၃၀)မှ ပြီး၏။ ထုံးစံအတိုင်းပင် မိန်းကလေးနှစ်



ယောက်က သူ မမြင်လိုက်ရဘဲ ကားပေါ်ရောက်နေသည်။ ဗဟန်း(၃)လမ်းသို့ မောင်းခိုင်းသည်။

ကိုအောင်ဝင်းက သူ့ကားကို ငှားစီးနေကျ မိန်းကလေးနှစ်ယောက်ပင် ဖြစ်မည်ဟု အတပ်သိလိုက်သည်။ ဒီလောက်ရက်ရောသည့် မိန်းကလေးနှစ်ယောက်ကိုတစ်ခါမျှမမြင်ဘူးသေး။ သူ့စိတ်ထဲတွင် မြင်ချင်စိတ် ဖြစ်လာသည်။

ရက်ရောသလောက် လှကြလိမ့်မည်ထင်သည်။ ကားရပ်ရင်တော့ မှတ်မိအောင် သတိထားကြည့်လိုက်မည်ဟု တွေးနေသည်။ မည်မျှအတွေး လွန်သွားသည်မသိ။ ကားလေးက ဗဟန်း(၃)လမ်းကိုပင် အတော်ကြီး ကျော်လာသည်။

'ဟိုးဆရာ…ကားရပ်ပေးပါ'

ဟု နောက်မှ ပြောသံကြားရတော့မှ ကားကို ဘရိတ်ဖမ်းပြီး လမ်းဘေးသို့ ထိုးရပ်လိုက်သည်။

'ရော့…ကားခ ပြန်မအမ်းနဲ့တော့'

ဟူသော အသံကို ကြားရ၏။ ကိုအောင်ဝင်းသည် ကားနောက်ခန်းမီးကို ဖျတ်ခနဲ ဖွင့်လိုက်သည်နှင့် တစ်ပြိုင်နက် ကိုယ်ကိုလှည့်၍ နောက်ဘက်သို့ ဖျတ်ခနဲ ကြည့်လိုက်သည်။

ကိုအောင်ဝင်း ကြက်သေ သေသွားသည်။ ကြက်သီးတွေ ဖြန်းခနဲ ထသလိုခေါင်းနားပန်းကြီးသွားခဲ့သည်။ ဆံပင်တွေ ထောင်ထလာသည်။ နှလုံးခုန်သံ တဒိုင်းဒိုင်း မြည်ဟည်းလာသည်။

သူ မြင်လိုက်ရသည့်ကား မျက်နှာသဲသဲကွဲကွဲမရှိသော မိန်းကလေးနှစ်ဦး။ သူ ငေးမောမှင်တက်မိနေဆဲမှာပင် ကားပေါ်မှဆင်းပြီး အမှောင်ရိပ်ထဲ တိုးဝင် ပျောက်ကွယ်သွားသည်။

အတန်ကြာမှပင် ကိုအောင်ဝင်း သတိပြန်ဝင်လာသည်။ ကြောက်လိုက်သည့်ဖြစ်ခြင်း။ သုံးဘီးကားလေးကို ဘယ်လိုမောင်းထွက်မိပြီး အိမ်ကို ဘယ်ပုံပြန်ရောက်လာမှန်းပင် မသိတော့။

ကိုအောင်ဝင်း ထမင်းပင်မစားနိုင်၊ သူ့ပြောပြတော့ ဇနီးသည်ကပင် တအံ့တသြ ဖြစ်နေသည်။ ကိုအောင်ဝင်း မျက်စိထဲတွင်မူ မျက်နှာသဲသဲကွဲကွဲမရှိသော မိန်းကလေးနှစ်ယောက်ကိုသာ တဝဲလည်လည် မြင်ယောင်နေဆဲ။

ထိုညတွင် ကိုအောင်ဝင်း အိပ်မက်မက်သည်။ အိပ်မက်ထဲတွင် မိန်းကလေးနှစ်ဦး ပေါ်လာပြီး…

'ငါတို့က နင့်ကိုချစ်လို့၊ ချမ်းသာစေချင်လို့ ပိုက်ဆံတွေပေးနေတာ နင်က မိန်းမကို လဲပြော၊ ငါတို့ကိုလဲ လှည့်ကြည့်ခဲ့တာကိုး'


နောက်နေ့နံနက်တွင် ဂလက်ဖိုက်ဘာဖြင့် ပြုလုပ်ထားသော စဘူးကို ဖောက်ကြည့်လိုက်သောအခါ စုထားသည့် တစ်ဆယ်တန်အသစ် ငွေစက္ကူများ တစ်ပြားတစ်ချပ်မျှပင် မရှိတော့ကြောင်း တွေ့ရှိခဲ့ရပါတော့သတည်း။

**(ကိုယ်တွေ့ကြုံခဲ့သူ မိတ်ဆွေကြီး ဦးဆန်းညွန့်အား ကျေးဇူးတင်လျက်…)**

**မောင်အေးကြူ (စီးပွားရေ**

www.burmeseclassic.com

www.burmeseclassic.com



# နတ်နှင့်နဂါး မလှည့်စားနှင့်

ခင်–စာသင်
(ဖရာမြေ)

အမှန်ဖြစ်ရပ်များကို ရေးသားတင်ပြရာမှာ ဆီလျော်အောင်၊ စိတ်ဝင်စားဖွယ်ဖြစ်အောင် စီစဉ်ခြင်းမှာ စာရေးသူရဲ့ ဥာဉ်ဖြစ်ပါတယ်။ အမှန်ဖြစ်ရပ်များမှာ စာရေးသူရဲ့ ကိုယ်တွေ့များပါရှိသလို မိဘ၊ မိတ်ဆွေများရဲ့ ကိုယ်တွေ့များလဲ ပါရှိနေပါတယ်။

အချို့ဖြစ်ရပ်များမှာ ထူးခြားဆန်းကြယ်လွန်းပြီး မယုံနိုင်ဖွယ်ရာများလဲ ရှိနေပါတယ်။ ဥပမာလေးတစ်ခု ပြောပါရစေ။

စာရေးသူတို့ရဲ့ ပတ်ဝန်းကျင်မှာ လေရှိကြောင်း အားလုံး သိကြပါတယ်။ ဒါပေမယ့် လေကို **"ဒါကတော့ လေပဲ"**လို့ ဘယ်သူကမှ ယူပြီး ပြသလို့ မရနိုင်ပါဘူး။

သစ်ရွက်တွေ လှုပ်တာ၊ အရာဝတ္ထုတွေ လှုပ်ရှားတာကို ကြည့်ပြီး လေရှိကြောင်း လက်ခံကြရပါတယ်။

အဲဒီ ဥပမာလိုပါပဲ၊ ဆန်းကြယ်တဲ့ ဖြစ်ရပ်မှန်များကို စာရေးသူတို့က ကြုံခဲ့ဖူးတဲ့ဖြစ်ရပ် အတွေ့အကြုံများနဲ့ ချိန်ထိုးပြီး မိမိရဲ့ကိုယ်ပိုင် အသိဉာဏ်ပညာကို အသုံးပြုပြီး လက်ခံရပါတယ်။

အခုတင်ပြမယ့် နတ်နဲ့နဂါး မလှည့်စားနဲ့ဆိုတဲ့ ဖြစ်ရပ်ကလဲ အံ့သြဖွယ်ရာ ဆန်းကြယ်ဖြစ်ရပ်မှန်တစ်ခု ဖြစ်ပါတယ်။

[ ၁ ]

**လွန်ခဲ့တဲ့ နှစ်ပေါင်း(၅၀)ခန့်က ဖြစ်ပါတယ်။** စာရေးသူရဲ့ ဖခင်ဟာ မြို့ပြအင်ဂျင်နီယာတစ်ဦးလဲ ဖြစ်ပါတယ်။ တစ်နေ့ တာဝန်အရ ရန်ကုန်မြို့ (...)မြို့နယ်မှာ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးခဲ့ရပါတယ်။

ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပြီးစီးတဲ့အခါ ရေကန်တစ်ခု တူးဖော်ပေးဖို့ ဖခင်ရဲ့ အထက်အရာရှိက တာဝန်ပေးခဲ့ပါတယ်။

ဒါကြောင့် ဖခင်က အရာရှိကြီးနဲ့ အတူ နေရာရှာဖွေခဲ့ကြပါတယ်။ အလိုအလျောက် စမ်းရေထွက်နေတဲ့ နေရာကို တွေ့တော့ အရာရှိကြီးက ဖခင်ကို ပြောပါတယ်။

'ဒီနေရာလေးက စိမ့်ရေ စမ်းရေရှိနေတော့ ရေရလွယ်လိမ့်မယ် ထင်တယ်။ ဒီနေရာမှာပဲ တူးကြတာပေါ့'

အထက်အရာရှိရဲ့ အမိန့်အရ စာရေးသူရဲ့ဖခင်က ရေကန်တစ်ခုကို စတင်တူးဖော်ခဲ့ပါတယ်။

[ ၂ ]

ရေကန်တူးမယ်ဆိုတော့ **မတူးမီ ထုံးတမ်း အစဉ်အလာအတိုင်း ဆောင်ရွက်ဖို့ ခွင့်တောင်းပါတယ်။** အထက်အရာရှိက အယုံအကြည် မရှိလို့ ခွင့်မပြုခဲ့ပါ။ ဒါနဲ့ပဲ ရေကန်ကြီးကို

 စာမျက်နှာ (၁၅[illegible]) သို့

www.burmeseclassic.com

www.burmeseclassic.com

# ဒူးယားအောင်နှင့်

တစ်ပွဲစား ဖိုးစံခွဲ

ရဲရဲလွန်း
(တသ်ာတ)



ဟာသ်ာတမြို့နယ်
အတွင်းရှိ ဒူးယား
အင်းကြီးသည် တော်လှန်ရေး
ကောင်စီ အစိုးရတက်ပြီး တောင်သူ
လယ်သမား နှီးနှောဖလှယ်ပွဲနှင့်
ဒူးယားစီးကရက်ကြောင့် နာမည်ကြီး
ခဲ့သည်။

ထိုဒူးယားအင်း၏သမိုင်း အစသည်
ယခင်က ရောဝတီမြစ်နှင့် တစ်ဆက်
တည်းဖြစ်ပြီး ယခုအခါ မြစ်ကျိုးအင်း
အဖြစ် တည်ရှိနေသည်။ မြစ်ကျိုးအင်း
မဖြစ်မီက ရောဝတီမြစ်အတွင်း ခုတ်
မောင်းနေသော အိန္ဒိယသင်္ဘောတစ်စီး
နစ်မြုပ်ခဲ့ဖူးသည်ဟုဆို၏။

လွန်ခဲ့သော (၆၀)နှစ်ခန့်က ဒူးယား
အင်း ရေကျချိန်တွင် ထိုသင်္ဘောခေါင်း
တိုင်ကို မြင်တွေ့ရသည်ဟု ရှေးလူများ
ပြောစမှတ်ရှိခဲ့သည်။

ရောဝတီမြစ်သည် ယခုအခါ
အနောက်ဘက်ခြမ်း ကမ်းပါးပြိုရာတွင်
တောင်လုံးစု၊ စင်ကုန်း၊ တောင်ပို့တစ်
ရာရွာများ အကြိမ်ကြိမ် ပြောင်းခဲ့ရပြီး
ပန်းတာများဖို့၍ ရေကာတာများ
တည်ဆောက်ခဲ့ရသည်။

၁၉၉၄ ခုနှစ်အတွင်း သရွတ်ဝ
ဝါသလ ဖို့ခဲ့သော ပန်းတာသည်
နောက်ဆုံးဖို့ခဲ့သော ပန်းတာဖြစ်သည်
ရွှေ့ဆက်၍ ကမ်းပြိုလာပါက ဒူးယား
အင်းကြီးကို ကျွေ့ပတ်၍ ပန်းတာဖို့မှ



www.burmeseclassic.com

www.burmeseclassic.com



ရမည်ဖြစ်ကြောင်း ဆည်မြောင်းပညာရှင်များက တွက်ချက်ပြသည်။

ထိုအချိန် ဧရာဝတီမြစ်နှင့် ဒူးယားအင်းကြီး ဆက်သွားပါက ဒူးယားအင်းထဲတွင် နစ်မြုပ်နေသော အိန္ဒိယသင်္ဘောမှာလည်း ဉဩဆွဲ၍ ဧရာဝတီမြစ်ထဲသို့ ထွက်မည်ဖြစ်ကြောင်း ရှေးစကားကို ဒေသခံများက ယုံကြည်မှုရှိကြသည်။

တစ်ချိန်က ဒူးယားအင်းအတွင်း စက်လှေမမောင်းရ ဘောင်းဘီရှည်အနက် မဝတ်ရ စသည့် တားမြစ်ချက်များကို ဒေသခံတို့ နှစ်ပေါင်းများစွာလိုက်နာခဲ့ကြသည်။

မိုးဦးကျပြီ ဆိုသည်နှင့် ဒူးယားအင်းရေ မျက်နှာပြင် မြင့်တက်လာသည်။ ထိုအချိန် အင်းအော်သံကို ကြားရသည်။ ထိုအင်းအော်သံကြားပါက တစ်နှစ် တစ်ယောက် လူစား(ရေနစ်) လေ့ရှိသည့် အစဉ်အလာ ရှိခဲ့ဖူးသည်။

ထိုဒူးယားအင်းကြီး ပတ်လည်တွင် ဒေသခံရွာများ ပတ်လည်ဝိုင်းနေသည်။ ထိုရွာမှ ရွာသူရွာသားတို့သည် ဒူးယားအင်းကြီးကို အမှီသဟဲပြု၍ တံငါလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။

BURMESE CLASSIC .com

ဒူးယားအင်းမှ ထွက်သော **ငါးဖယ်အောင်းနှင့်** လသာရက်မှ ဖမ်းရသော **ငါးသွားကြားထိုးတို့မှာ** နာမည်ကြီးသည်။

လွန်ခဲ့သော နှစ်မှစ၍ ယခုအခါ ဒူးယားအင်းကြီးကို ပြည်သူများ ပြန်လည်လုပ်ကိုင်ခွင့် ရရှိပြီဖြစ်သည့်အတွက် ဒူးယားအင်း ငါးကုန်ထုတ်သမဝါယမအသင်းကြီးကို ဖွဲ့စည်းထူထောင်နိုင်ခဲ့ပြီဖြစ်သည်။

ဒူးယားအင်းအကြောင်း ပြောရလျှင် အင်းစောင်းရှိ ကညင်ပင် မောင်နှမနတ်ကွန်းအကြောင်းကိုလည်း ထည့်ပြောမှ ပြည့်စုံမည်ထင်သည်။ ကညင်ပင်များ ပေါက်ရောက်နေသော အင်းစောင်းပေါ်တွင် နတ်ကွန်းဆောက်၍ ဒေသခံများက ယုံကြည်ပသ ပူဇော်ဖြစ်၏။ နှစ်စဉ်နှစ်တိုင်း နတ်ပွဲပေးရသည်။

လွန်ခဲ့သော ဆယ်နှစ်ကျော်ခန့်က ထိုကညင်ပင်ကွင်းတွင် ကျေးရွာအုပ်စုလိုက် ဘောလုံးပွဲ ကျင်းပ၏။ နိုင်သောအသင်းသည် ပျော်ရွှင်စွာဖြင့် လူငယ်အချို့ မဖွယ်မရာအမူ ပြုကြသည်ဟုဆို၏။ (အပေါ့ မတ်တတ်သွားခြင်း၊ ဆဲဆိုခြင်း)

ထိုဘောလုံးအသင်း လှေအထွက်တွင် လှေမှောက်၍ သေဆုံးကြရသည်။ ထိုဖြစ်စဉ်နှင့် တစ်ချိန်တည်း ဒူးယားရှိ အမျိုးသမီးတစ်ဦးကို ကညင်ပင်မောင်နှမအနက် နှမဖြစ်သူက ဝင်ပူးပြီး မခန့်လေးစားလုပ်သည့်အတွက် လှေမှောက်ပစ်လိုက်သည်ဟု ဝင်စီး၍ ပြောခဲ့သည်။

ထိုပြောခဲ့သည့်အတိုင်း အမှန်ဖြစ်သည့်အတွက် တစ်နယ်လုံး တုန်လှုပ်ချောက်ချားခဲ့ရသည်။

ဒူးယားအင်းနှင့် ပတ်သက်၍ အရပ်စကား ဆန်းဆန်းပြားပြားများ ရှိသော်လည်း ယခုဖော်ပြမည့် ဖြစ်စဉ်မှာ အဓိကကျ၍ တစ်နယ်လုံး ပြောစမှတ်ပြုကြရသည်။ ဒူးယားအင်းကြီးကို တစ်ချိန်က အင်းသူကြီး ဖိုးစံမွဲဆိုသူက အင်္ဂလိပ်အစိုးရထံ အင်းခွန်ဆောင်၍ လုပ်ကိုင်ခဲ့သည်။

ထိုအင်းသူကြီးမှာ ငါးနှင့် ပတ်သက်၍ ဆရာကြီးဖြစ်ပြီး ငါးမှော်အောင်နေသူဟု ဆိုကြသည်။ အင်းစောင်းရှိ သူ့အိမ် ဆင်ဝင်အပေါ်ထပ်မှ အင်းထဲသို့ လှမ်းကြည့်လိုက်ရုံဖြင့် ဘယ်ငါးအုပ်က ဘယ်ရွာဘက် ရောက်သွားသည်။

မည်သည့် ငါးအမျိုးအစားက ဘယ်အရွယ်ရောက်နေသည်။ ငါးဘယ်လောက် များနေသည် စသဖြင့် အတပ်ပြောနိုင်သည်။ သူ ပြောသ...ည့်အတိုင်း သွားရောက်ဖမ်းဆီးပါက အတိအကျ မှန်ကန်နေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။

အင်းသူကြီး ဖိုးစံမွဲသည် ငယ်စဉ်က အင်းလုပ်ငန်း လုပ်ရာတွင် အင်းတိုင်များ ပိုင်စိုက်ပြီး အောက်ခြေ ယင်းများကာ၍ ချည်နှောင်ရသည်။ ဖိုးစံမွဲသည် နှီးတစ်စီးကို ခါးပုံစတွင် ချည်၍ရေထဲသို့ ငုပ်ပြီး အင်းတိုင်များကို ချည်တုပ်ရာတွင် တစ်ရာပါနှီးတစ်စီး ကုန်မှ ရေပေါ်ကို ပြန်တက်သည်ဟု ပြောစမှတ်ရှိခဲ့



www.burmeseclassic.com

www.burmeseclassic.com

သည်။

ထိုသို့ ငါးလုပ်ငန်း အကျိုးပေးသဖြင့် ကျိုကျိုတက်ချမ်းသာလာသည်။ အချိန်ကာလတို့နှင့်အတူ ဖိုးစံမွဲ့ အရွယ်ရ၍ အိုမင်းလာခဲ့သည်။

ထိုအချိန် သတိသံဝေဂ တရားကို ဆင်ခြင်မိလာသဖြင့် မိသားစုနှင့်အတူ ရွှေတိဂုံဘုရားများကို ဖူးမြော်၍ ရွှေသင်္ကန်းကပ်လှူ ကောင်းမှုပြုရန် ဆုံးဖြတ်ခဲ့သည်။

သို့ဖြစ်၍ တစ်နေ့တစ်ရက်တွင် ရန်ကုန်သို့ သွားရောက်၍ ရွှေတိဂုံကုန်းမြေပေါ်သို့ တက်ခဲ့ကြသည်။ ရွှေရောင် တဝင်းဝင်းဖြင့် သပ္ပါယ်လှသော လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးကို ပါလာသူများက ဝမ်းမြောက်စွာ ဖူးမြော် မြင်တွေ့ရသော်လည်း ဖိုးစံမွဲ့မှာ သူ ပြုခဲ့ဖူးသည့် အကုသိုလ် အထုံ ကြီးမားခဲ့သဖြင့် ဘုရားကွယ်ခဲ့လေသည်။

ရွှေတိဂုံ စေတီတော်မြတ်ကြီးကို ဘယ်လောက်ပင် ဖူးမြော်လိုသော စိတ်ဆန္ဒရှိစေကာမူ ဘယ်လိုပင် လှည့်ပတ်ကြည့်ကြည့် ရွှေတိဂုံကို မမြင်မတွေ့ရသည့် ဘဝကို စိတ်နာနာနှင့် ဒူးယားသို့ ပြန်လာခဲ့ရသည်။

'တောက် ဒီလောက်တောင် ဖြစ်လှတယ်ကွာ'

အကုသိုလ်နောက် ဒေါသက ထပ်ဆင့်လာသည်။ အမှန်က နောင်တ တရားနှင့် သံဝေဂတို့ ပွားများအားထုတ်ပြီး နောက်တစ်ကြိမ် ရွှေတိဂုံစေတီတော်ကြီးကို ဖူးမြော်ခွင့်ရရန် ဆုတောင်းရမှာဖြစ်သည်။

သို့သော် သူ၏ ဒေါသတို့ ပေါက်ကွဲမှုနှင့်အတူ ရွှေသင်္ကန်းကပ်လှူရန် စုဆောင်းထားသော ရွှေဆိုင်းများကို အင်းတိုင်များတွင် ရွှေချလိုက်တော့သည်။

အင်းသူကြီး ဖိုးစံမွဲ့ သေလွန်သော အခါ ထိုဒေသခံ ယုံကြည်သူများက နတ်ကနားပေးရာတွင် ဖိုးစံမွဲ့အတွက် ပွဲတစ်ပွဲထည့်ပေးရာမှ **တစ်ပွဲစား ဖိုးစံမွဲ့**ဟု အမည်ထင်ရှားခဲ့သည်။

ဒူးယားအင်း နတ်ကနားပေးပွဲတစ်ခု တွင် ဖြစ်သည်။ ဟသ်ာတမှ နတ်ထိန်း တစ်ဦးက ဖိုးစံမွဲ့ နတ်ဝင်ပြီး အင်းထဲ သို့ ခုန်ချလိုက်သည်။

ထိုသူ ပြန်တက်လာသောအခါ လက်နှစ်ဖက်တွင် ငါးတစ်ကောင်စီ ဆုပ်ကိုင်ပါလာသည်။ သို့သော် ထိုနတ်ကတော်(နတ်ထိန်း)မှာ လုံးဝ ရေမကူးတတ်သူ တစ်ဦးဖြစ်ကြောင်း သိရသည်။

ရဲရဲထွန်း(ဟသ်ာတ)

မှီငြမ်း

**ဘကြီးပြောပြသမျှနှင့် ဒေသခံတို့၏ စကားသံများ။**

စာမျက်နှာ (၃၀၁)မှ အဆက်

မြေတူးစက်ကြီးများနဲ့ တူးဖော်ခဲ့ကြပါတယ်။ တူးဖော်ပြီး တူးဖော်ဆဲဖြစ်တဲ့ (၇)ရက်မြောက်တဲ့နေ့မှာ ဖြစ်ပါတယ်။

'ဆရာ ဘူဒိုဇာကြီး ကန်လယ်မှာ မြေတူးဖော်ရင်း နစ်သွားတယ်။ ဝေါ်ပြားကိုလဲ ပြန်မ,လို့ မရတော့ဘူး လာကြည့်ပါဦး'

ဒါနဲ့ သွားကြည့်တော့ ဘူဒိုဇာရဲ့ သံမဏိဝေါ်ပြားကြီးဟာ မြေကြီးထဲကို တစ်ဝက်နီးပါး ဝင်နေပါတယ်။ စက်ကုန်ဖွင့်ပြီး မောင်းတင်ပေမယ့် မရပါဘူး။ မကြာမီ စက်ပါ ရပ်သွားတော့တယ်။

ဒါနဲ့ပဲ အယုံအကြည်ရှိသူများရဲ့ ပြောကြဆိုကြသံများကြောင့် အထက်အရာရှိကို တင်ပြကြပါတယ်။ ပထမတော့ ခွင့်မပြုပါ။ နောက်တော့ အဆင်ပြေအောင် ဆောင်ရွက်ဖို့ ခွင့်ပြုခဲ့ပါတယ်။

[ ၄ ]

ဒါနဲ့ပဲ ရှေးရိုးစဉ်လာမပျက် ဆောင်ရွက်ခဲ့ကြပါတယ်။ **ကန်တော်မောင်နှမကို တင်မြှောက်ကြကြောင်း သိရပါတယ်။** ဘယ်လို တင်မြှောက်ကြတယ် ဆိုတာကိုတော့ စာရေးသူ မသိပါ။

အဲဒီလို ဆောင်ရွက်ပြီးစီးတဲ့အခါမှာ စက်က ပုံမှန်နိုးလာပြီး ဘူဒိုဇာဝေါ်ပြားကြီးကို အလွယ်တကူ မ,ယူလို့ ရသွားပါတယ်။ ဒါပေမယ့် ဝေါ်ပြားကြီးကတော့ ကောက်ကွေးသွားလို့ သုံးမရတော့ပါဘူး။

**ထွက်စ ရေများလဲ ပျောက်သွားပါတယ်။ နောက်ဆုံးတော့ ကောသွားတဲ့ ကန်ကြီးသဖွယ် ဖြစ်သွားခဲ့ပါတယ်။** နတ်နဲ့နဂါး မလှည့်စားနဲ့ဆိုတဲ့ စကား မှန်နေရော့သလားလို့ တွေးရင်းဖြင့်...။

ခင်-စာသင်(ရောမြေ)



www.burmeseclassic.com